http://www.dhammadownload.com

## နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## တတိယတွဲ

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၇ ကောဇာ-၁၃၆၅ ၂၀၀၃

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## တတိယတွဲ

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၆ ကောဇာ-၁၃၆၄ ၂၀၀၃

http://www.dhammadownload.com

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## တတိယတွဲ

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၆ ကောဇာ-၁၃၆၅ ၂၀၀၃

http://www.dhammadownload.com

# မဟာဗုဒ္ဓဝင် – တတိယတွဲ

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမ | ၂၀၀၀ | ၁၉၆၈ |
| ဒုတိယ | ၅၀၀၀ | ၁၉၇၀ |
| တတိယ | ၅၀၀၀ | ၁၉၇၇ |
| စတုတ္ထ | ၅၀၀၀ | ၁၉၈၂ |
| ပဉ္စမ | ၅၀၀၀ | ၁၉၈၆ |
| ဆဋ္ဌမ | ၅၀၀၀ | ၁၉၉၃ |
| သတ္တမ | ၅၀၀၀ | ၁၉၉၇ |
| အဋ္ဌမ | ၃၀၀၀ | ၂၀၀၃ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးညွှန့်မောင်
(မှတ်ပုံတင်အမှတ်–၅၂၄/၀၂၄၀၅) က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# ဗုဒ္ဓသာသနာ-မဟာဗုဒ္ဓဝင်

## ဒုတိယတွဲ

## မာတိကာ

စာမျက်နှာ

### အခန်း-၁၆


ဥပတိဿနှင့် ကောလိတ (အဂ္ဂသာဝကအလောင်း)
ပရိဗိုဇ်နှစ်ဦးတို့ ဘုရားထံသို့ ရောက်ရှိကြခြင်း .... ၅
ကောလိတပရိဗိုဇ် သောတာပန်တည်ခြင်း .... ၈
တပည့်ပရိဗိုဇ်များနှင့် သိဉ္စည်းဆရာကြီးတို့ထံ သွားရောက်
ကြခြင်း .... .... ၉
ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်ကြခြင်း .... .... ၁၁
တပည့်ရဟန်း ၂၅၀-တို့ ရဟန္တာဖြစ်ကြခြင်း .... ၁၂
အရှင်မဟာမောဂ္ဂလာန် ရဟန္တာဖြစ်ခြင်း .... .... ၁၃
အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ခြင်း .... .... ၁၃
အဂ္ဂသာဝကနှစ်ပါးတို့၏ ပဋိပဒါအထူး .... .... ၁၇
အင်္ဂါလေးပါးရှိသော သာဝကသန္နိပါတကြီး တကြိမ်
ဖြစ်ခြင်း အကြောင်း .... .... ၁၇
တရားပွဲကြီး သုံးကြိမ် .... .... ၁၈
သာဝက သန္နိပါတ တကြိမ် .... .... ၁၉
ပါတိမောက် နှစ်ပါး အကြောင်း .... .... ၁၉
မြတ်စွာဘုရားကို နေပြည်တော်သို့ ကြွရောက်ရန် သုဒ္ဓေါ-
ဒနမင်းကြီး အမတ်များကိုစေလွှတ်ပင့်ဆောင်ခြင်း .... ၂၅
ဖွားဖက်တော်ကာဠုဒါယီအမတ်ကို စေလွှတ်ခြင်း .... ၂၈
ကာဠုဒါယီ မထေရ်မြတ် ဂါထာခြောက်ဆယ်တို့ဖြင့် မြတ်
စွာဘုရားကို ကပိလဝတ် နေပြည်တော်သို့ ကြွရောက်
ရန် ပင့်လျှောက်ခြင်း .... .... ၂၉

http://www.dhammadownload.com



မာတိကာ စာမျက်နှာ

**အခန်း-၁၇**

မြတ်စွာဘုရားသခင် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူခြင်း.... ၇၅
လမ်းခရီးတလျှောက်၌ မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရှေ့နန်းတော်မှ ဆက်ကပ်သော ဆွမ်းဖြင့် မျှတတော်မူခြင်း .... .... ၇၅
မြတ်စွာဘုရားသည် ရေမိုးအစုံအစုံ တန်ခိုးပြာဋိဟာဖြင့် ဆွေတော်မျိုးတော်တို့၏ ဇာတိမာန်ကို နှိမ်နင်းတော်မူခြင်း .... .... ၇၀
ခမည်းတော် သုဒ္ဓေါဒနမင်းကြီး တတိယ အကြိမ်မြောက် ရှိခိုးဦးညွှတ်ခြင်း .... .... ၈၁
ရတနာစင်္ကြံ ဖန်ဆင်း၍ တရားဟောတော်မူခြင်း .... ၈၂
အရှင်သာရိပုတ္တရာနှင့် ရဟန္တာငါးရာတို့ ကြွရောက်လာကြခြင်း .... .... ၈၅
မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ဂုဏ်ကျေးဇူးများကို ဟောကြားတော်မူခြင်း .... .... ၈၇
ဗုဒ္ဓဝင်ကို ဟောကြားတော်မူပါရန် အရှင်သာရိပုတ္တရာ မထေရ် တောင်းပန်လျှောက်ထားခြင်း .... ၉၃

**(အခန်း-၁၇) နောက်ဆက်တွဲ**

ဂေါတမဗုဒ္ဓဝင်နှင့်စပ်၍ မှာတမ်းချက် .... .... ၁၀၀
ပဌမ အကြိမ်တရားပွဲကြီး .... .... ၁၀၁
ဒုတိယအကြိမ် တရားပွဲကြီး .... .... ၁၀၂
တတိယအကြိမ် တရားပွဲကြီး .... .... ၁၀၂
သာဝက သန္နိပါတ တကြိမ် .... .... ၁၀၃
ကိုယ်တော်မြတ်၏ သတ္တပ္ပကာရ .... .... ၁၀၃
ဖွားရာမြို့တော် စသည် .... .... ၁၀၆
သံဝေဂ ၂-ဂါထာ .... .... ၁၁၀

http://www.dhammadownload.com



မာတိကာ စာမျက်နှာ

**အခန်း-၁၈**

ဆွေတော် မျိုးတော်တို့ အစုံအညီ အစည်းအဝေး၌ ပေါက္ခရဝဿမိုး (=ကြာဖက်မိုး) ရွာသွန်းခြင်း .... ၁၁၂
မြတ်စွာဘုရားသခင် ရဟန္တာနှစ်သောင်း ခြံရံလျက် ကပိလဝတ် နေပြည်တော်အတွင်း ဆွမ်းခံကြွတော်မူခြင်း .... ၁၁၃
နရသီဟ ၁၀-ဂါထာ ပါဠိနိဿယ (ရူပကာယ အသရေတော်ဖွဲ့) .... .... ၁၁၆
ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သောတာပန်တည်ခြင်း.... ၁၂၃
ခမည်းတော်မင်းကြီး သကဒါဂါမ်တည်၍ မိထွေးတော် မဟာပဇာပတိဂေါတမီ သောတာပန်တည်ခြင်း .... ၁၂၅
စန္ဒကိန္နရီဇာတ်ကို ဟောတော်မူခြင်း .... .... ၁၂၆
ညီတော်နန္ဒမင်းသားကို ရဟန်းပြုစေတော်မူခြင်း .... ၁၂၉
သားတော် ရာဟုလာမင်းသားကို ရှင်သာမဏေပြုစေတော်မူခြင်း .... .... ၁၃၂
ခမည်းတော် သုဒ္ဓေါဒနမင်းကြီး တောင်းပန်သဖြင့် သိက္ခာပုဒ်ပညတ်တော်မူခြင်း .... .... ၁၃၅
ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မဟာဓမ္မပါလဇာတ်ကို ကြားနာရ၍ အနာဂါမိဖိုလ်၌ တည်ခြင်း .... ၁၃၈
မိထွေးတော်မဟာပဇာပတိ ဂေါတမီကိုယ်တိုင်ပင် သက်န်းရက်လုပ်၍ မြတ်စွာဘုရားအား သင်္ကန်းအစုံ ကပ်လှူခြင်း .... .... ၁၄၀

**အခန်း-၁၉**

သာကီဝင်မင်းသားတထောင်တို့ မြတ်စွာဘုရားထံတော်၌ ရဟန်းပြုကြခြင်း .... .... ၁၄၄
သာကီဝင်မင်းသားခြောက်ဦးနှင့် ဥပါလိဆေတ္တာသည်တို့ ရှင်ရဟန်းပြုကြခြင်း .... .... ၁၄၅
အနုရုဒ္ဓါမင်းသား"မရှိ"ဟူသောစကားကိုနားမလည်ပုံ .... ၁၄၆

http://www.dhammadownload.com




| မာတိကာ | စာမျက်နှာ |
|---|---|
| အနုရုဒ္ဓါ မင်းသားတို့ ထမင်း ဘယ်မှ ဖြစ်သည်ကို မသိနားမလည်ကြပုံ .... .... | ၁၅၀ |
| အနုရုဒ္ဓါမင်းသား လူ့ဘောင်၌ငြီးငွေ့ခြင်း .... | ၁၅၁ |
| သာကီဝင်မင်းသား ခြောက်ဦးတို့ ဥပါလိဆေတ္တာသည်နှင့် တကွ တောထွက်ရဟန်းပြုကြခြင်း .... | ၁၅၇ |
| မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ဒုတိယဝါကပ်ရန် ကြွတော်မူခြင်း .... .... | ၁၆၀ |
| မြတ်စွာဘုရားရှင်၏ ဝါဆိုစဉ် ဝါဆိုရာ ဌာနများ အကြောင်း .... .... | ၁၆၀ |
| ဝါဆိုစဉ်လက်ာ .... .... | ၁၆၃ |


**အခန်း-၂၀**


| | |
|---|---|
| မင်းသား ရဟန်း ခြောက်ဦးတို့ အသီးသီး တရားထူး ရရှိကြခြင်းအကြောင်း .... .... | ၁၆၅ |
| အရှင်အာနန္ဒာ .... .... | ၁၆၇ |
| ဘဂုမထေရ်နှင့် ကိမိလမထေရ် .... .... | ၁၆၈ |
| ရှင်ဒေဝဒတ် .... .... | ၁၆၈ |
| အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန်ကိုဟောတော်မူခြင်း.... | ၁၆၈ |
| အနာထပိဏ်သူဌေးအကြောင်း .... .... | ၁၈၀ |
| ရာဇဂြိုဟ်သူဌေးကြီး,ကုန်သည်ကြီးအသင်းတို့နှင့် မိတ္တသာရမင်းတရားတို့က ကူညီရန် ဖိတ်မန္တကပြုကြခြင်း .... | ၁၉၄ |
| ရာဇဂြိုဟ်နှင့်သာဝတ္ထိအကြား တယူဇနာ တယူဇနာလျှင် စံကျောင်းတော် တဆောင် တဆောင် ဆောက်လုပ်စေခြင်း .... .... | ၁၉၅ |
| အနာထပိဏ်သူဌေးကြီး ဇေတဝန် ကျောင်းတိုက်နေရာကို ရှာဖွေဝယ်ယူခြင်းအကြောင်း .... .... | ၁၉၇ |
| ဇေတမင်းသား ကျောင်းတိုက်မုခ်ဦးပြာသာဒ်ကို လှူဒါန်းခြင်း .... .... | ၁၉၉ |

http://www.dhammadownload.com



မာတိကာ စာမျက်နှာ

အနာထပိဏ်သူဌေး ဇေတဝန် ကျောင်းတိုက်ကြီး တည်ဆောက်ခြင်း .... .... ၂၀၀
ဇေတဝန်ကျောင်းတော်နေရာ .... .... ၂၀၁
သံဝေဂယူဖွယ် .... .... ၂၀၃
မြတ်စွာဘုရားသခင် သာဝတ္ထိပြည်သို့ ဒေသစာရီကြွချီတော်မူခြင်း .... .... ၂၀၃
ရှိမခိုးအပ်သော ပုဂ္ဂိုလ်ဆယ်မျိုး .... .... ၂၀၉
သံဃာအား လှူဒါန်းပြီး မဟုတ်စေကာမူ သံဃာကိုရည်ညွှန်း၍ပြုအပ်သော မဏ္ဍပ်ကနား စသည်၌ မထေရ်ကြီး (=ဝါကြီးသောရဟန်း) တို့ကို နေရာဖြင့် မတားမြစ်ရန် တဖန်ပညတ်တော်မူခြင်း .... .... ၂၁၁
လူတို့၏ဥစ္စာကို ခွင့်ပြုတော်မူခြင်း .... .... ၂၁၂
အနာထပိဏ် သူဌေးကြီးသည် မြတ်စွာဘုရား သခင်ကို ကြီးစွာသော အခမ်းအနားဖြင့် ဇေတဝန်ကျောင်းတိုက်သို့ ပင့်ဆောင်ခြင်း .... .... ၂၁၃
သုမနာမင်းသမီး .... .... ၂၁၄
အနာထပိဏ်သူဌေးကြီး၏အဆောင်အယောင် .... ၂၁၆
ဇေတဝန် ကျောင်းတိုက်တော်ကို စတုဒိသာ သံဃိက ရေစက်ချ၍ လှူဒါန်းခြင်း .... .... ၂၁၈
ကျောင်းအနုမောဒနာ ၅-ဂါထာ .... .... ၂၁၉
ကိုးလကြာသည့် ကျောင်းရေစက်ချအောင်ပွဲကြီး .... ၂၂၂
ညီတော်နန္ဒရဟန်းကို နတ်သမီး အာရုံဖြင့် ဖလှယ်၍ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူခြင်း .... ၂၂၃
အရှင်နန္ဒမထေရ် ဘုရားထံမှောက် လာရောက် လျှောက်ထားခြင်း .... .... ၂၃၀
ကပ္ပဋ္ဌဇာတ်ကို ဟောကြားတော်မူခြင်း .... .... ၂၃၄
အမှာစကားရပ် .... .... ၂၄၁

http://www.dhammadownload.com




| မာတိကာ | စာမျက်နှာ |
|---|---|
| **အခန်း-၂၁** | |
| ရာဇဂြိုဟ်ပြည် သုမနပန်းသည် အကြောင်း .... | ၂၄၃ |
| မြတ်စွာဘုရား ဗျာဒိတ်စကား မိန့်ကြားတော်မူခြင်း .... | ၂၅၁ |
| ကောသလမင်းကြီး၏ ပုရောဟိတ်ဟောင်း အဂ္ဂိဒတ္တရသေ့စသော ရသေ့တထောင်တို့အား ဆုံးမ ချေချွတ်တော်မူခြင်းအကြောင်း .... .... | ၂၅၄ |
| ဇမ္ဗုကရဟန်းအကြောင်း .... .... | ၂၆၇ |
| ဇမ္ဗုက၏ ရှေးမကောင်းမှု .... .... | ၂၆၇ |
| ဇမ္ဗုက၏ ပစ္စုပ္ပန် ဝဋ္ဋဒုက္ခ .... .... | ၂၇၁ |
| မိဖတို့က တက္ကတွန်းကျောင်းသို့ ပို့ကြခြင်း.... .... | ၂၇၂ |
| တက္ကတွန်းကျောင်းမှ နှင်ထုတ်လိုက်ကြခြင်း .... | ၂၇၄ |
| ဝါကြွားမြဲ ဝါကြွားကာ ဝဋ္ဋဒုက္ခကို ၅၅-နှစ်ကြာ ခံစားရခြင်း .... .... | ၂၇၅ |
| ဇမ္ဗုကတက္ကတွန်း ကျွတ်တမ်းဝင်ခြင်း .... .... | ၂၇၆ |
| တရားဂါထာ .... .... | ၂၈၇ |
| **အခန်း-၂၂** | |
| ဝေသာလီပြည် တည်ခြင်းအကြောင်း .... .... | ၂၈၉ |
| ဝေသာလီပြည်၌ ဘေးကြီးသုံးပါး ဖြစ်ပွါးသည်ကို မြတ်စွာဘုရားရှင် ရတနသုတ် တရားတော်ဖြင့် ငြိမ်းအေးစေတော်မူခြင်း .... .... | ၂၉၅ |
| ဗိမ္ဗိသာရမင်းတရား အခမ်းအနားစီမံခြင်း.... .... | ၂၉၉ |
| လိစ္ဆဝီမင်းတို့ နှစ်ဆတက် ပူဇော်ကြခြင်း .... .... | ၃၀၂ |
| ပေါက္ခရဝဿမိုး ရွာသွန်းခြင်း .... .... | ၃၀၂ |
| အရှင်အာနန္ဒာမထေရ် ပရိတ် အရံအတား ပြုတော်မူခြင်း | ၃၀၃ |
| မြို့လယ်ခန်းမဆောင်၌ မြတ်စွာဘုရားရှင် ရတနသုတ်ကို ဟောတော်မူခြင်း .... | ၃၀၄ |

http://www.dhammadownload.com




| မာတိကာ | စာမျက်နှာ |
|---|---|
| မြတ်စွာဘုရားရှင်သည် ခုနစ်ရက်တိုင်တိုင် ရတနသုတ်တရားကို ဟောကြားတော်မူခြင်း .... .... | ၃၀၆ |
| ပရိတ်ရွတ်ခြင်း အစီအရင်အကြောင်း .... .... | ၃၀၇ |
| (က) ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါများ .... | ၃၀၈ |
| ပရိတ်ရွတ်သော ပုဂ္ဂိုလ်၏ ဝိပတ္တိ,သမ္ပတ္တိတို့ကို ပြဆိုခြင်း.... | ၃၁၀ |
| (ခ) ပရိတ်နာယူသော ပုဂ္ဂိုလ်၏ အင်္ဂါများ .... | ၃၁၂ |
| ပရိတ်နာယူသော ပုဂ္ဂိုလ်၏ ဝိပတ္တိ,သမ္ပတ္တိတို့ကို ပြဆိုခြင်း | ၃၁၄ |
| အာဋာနာတန်ခိုး ထူးခြားထက်မြက်သော ပရိတ်တော်များ | ၃၁၅ |
| အလောင်းတော် သခ်ပုဏ္ဏားဝတ္ထုကို ဟောတော်မူခြင်း | ၃၂၁ |
| သူဌေးသား ၅၅မ်းသမား ဥဂ္ဂသေနအကြောင်း .... | ၃၃၂ |
| ဥဂ္ဂသေနသူဌေးသား .... .... | ၃၃၃ |
| ဥဂ္ဂသေနသူဌေးသား ကခြေသည်မ နောက်သို့ လိုက်ပါသွားခြင်း .... .... | ၃၃၄ |
| ဥဂ္ဂသေနသူဌေးသား ၅၅မ်းသမားကခြေသည်ဖြစ်ခြင်း .... | ၃၃၅ |
| မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ရက်၌ ဥဂ္ဂသေန သူဌေးသား ၅၅မ်းသမားထင်လာခြင်း .... .... | ၃၃၆ |
| မြတ်စွာဘုရား တရားဟောတော်မူခြင်း .... .... | ၃၃၉ |
| ရဟန်းများက ကြောက်,မကြောက် မေးမြန်းကြခြင်း .... | ၃၄၁ |
| ဥဂ္ဂသေန၏ ရှေးအတိတ်ကံအကြောင်း .... .... | ၃၄၂ |
| ကခြေသည်မကလေးလည်း ရဟန္တာထေရီမ ဖြစ်ခြင်း .... | ၃၄၅ |
| ကပိလဝတ် သာကီဝင်မင်းတို့နှင့် ကောလိယ သာကီဝင်မင်းတို့ ရောဟိဏီမြစ်ကို အမှီပြု၍ ရန်စစ်ဖြစ်ကြခြင်းအကြောင်း .... .... | ၃၄၅ |
| နှစ်ပြည်ထောင်မင်းတို့ လက်နက်များကို စွန့်ပစ်ကြခြင်း .... | ၃၄၉ |
| ရန်ငြိမ်းကြောင်း တရားဒေသနာ .... .... | ၃၄၉ |
| ဖန္ဒနဇာတ်ကို ဟောတော်မူခြင်း .... .... | ၃၅၁ |
| ဒုဗ္ဘိယမက္ကဋဇာတ်ကို ဟောတော်မူခြင်း .... .... | ၃၆၀ |
| လဋုကိကဇာတ်ကို ဟောတော်မူခြင်း .... .... | ၃၆၁ |
| ရုက္ခဓမ္မဇာတ်ကို ဟောတော်မူခြင်း .... .... | ၃၆၈ |

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| ဝဋ္ဋကဇာတ်(= သမ္မောဒမာနဇာတ်)ကို ဟောတော်မူခြင်း | ၃၇၂ |
| အတ္တဒဏ္ဍသုတ်ကို ဟောတော်မူခြင်း .... .... | ၃၇၇ |
| နှစ်ပြည်တောင် မင်းတို့ မြတ်စွာဘုရားအား မင်းသား ၂၅၀-စီ လှူဒါန်း၍ ရဟန်းပြုစေကြခြင်း .... | ၃၇၀ |
| ရဟန်းငါးရာတို့ သာသနာတော်၌ မမွေ့လျော်ကြခြင်း .... | ၃၇၉ |
| မြတ်စွာဘုရားသည် ရဟန်းငါးရာတို့အား ကုဏာလဇာတ်ကို ဟော၍ သောတာပန် ဖြစ်စေတော်မူခြင်း .... | ၃၇၉ |
| ရဟန်များ သောတာပန် ဖြစ်ကြခြင်း .... .... | ၃၈၃ |
| ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြ၍ (မဟာသမယ) .... ကြီးစွာသော အစည်းအဝေးကြီး ဖြစ်ခြင်း .... | ၃၈၄ |
| ရဟန္တာပုဂ္ဂိုလ်တို့၏ အခြင်းအရာနှစ်ပါး .... .... | ၃၈၈ |
| မဟာသမယသုတ်များကို ဟောကြားတော်မူခြင်း .... | ၃၈၈ |
| နတ်ဗြဟ္မာများ စည်းဝေးကြခြင်း .... .... | ၃၈၉ |
| သုဒ္ဓါဝါသ ဗြဟ္မာကြီး လေးယောက် နောက်ကျမှ ရောက်လာကြခြင်း .... .... | ၃၉၀ |
| နတ်ဗြဟ္မာများနှင့် မြတ်စွာဘုရားရှင်၏ အကြံဖြစ်ပုံများ .... | ၃၉၇ |
| နိမ္မိတရုပ်ပွါးတော်ကို ဖန်ဆင်းတော်မူခြင်း .... | ၄၀၁ |
| နတ်ဗြဟ္မာတို့ အထူးထူး အကြံဖြစ်ကြခြင်း .... .... | ၄၀၂ |
| များစွာသော နတ်ဗြဟ္မာတို့ ကျွတ်ကြခြင်း .... .... | ၄၀၅ |
| ဆရာတော် ဦးဗုမ်၏ ရှင်းလင်းချက် .... .... | ၄၀၅ |
| မဟာသမယသုတ်ကို နတ်တို့ကြည်ညိုလေးမြတ်ကြခြင်း .... | ၄၀၆ |
| စရိုက်အားလျော်စွာ တရားကို ဟောကြားတော်မူခြင်း .... | ၄၁၂ |

## အခန်း-၂၃

| | |
|---|---|
| ဝေသာလီပြည်၌ ပဉ္စမဝါကပ်တော်မူခြင်း .... .... | ၄၁၄ |
| မဟာဝုန်တောနှစ်မျိုး .... .... | ၄၁၄ |
| ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ထိုဝါတွင်းမှာပင် ကပိလဝတ် ရွှေနန်းတော် ထီးဖြူတော်အောက်၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံခြင်း .... | ၄၁၄ |

http://www.dhammadownload.com




| မာတိကာ | စာမျက်နှာ |
|---|---|
| မိထွေးတော် မဟာပဇာပတိဂေါတမီ တောင်းပန်၍ ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူခြင်း .... | ၄၁၅ |
| သစ္စကပရိဗိုဇ်ကို ဆုံးမနှိမ်နင်းတော်မူခြင်း.... .... | ၄၂၇ |
| အရှင်သာရိပုတ္တရာ၏ စွမ်းရည်တော် .... .... | ၄၃၀ |
| သစ္စကပရိဗိုဇ် အကြောင်း .... .... | ၄၃၄ |
| ဒုမ္မုခလိစ္ဆဝီမင်းသား ပြောပုံ .... .... | ၄၆၁ |
| မြတ်စွာဘုရားကို ဆွမ်းစားပင့်ခြင်း .... .... | ၄၆၉ |
| မဟာသစ္စကသုတ္တန်ကို ဟောကြားတော်မူခြင်း .... | ၄၇၃ |
| သစ္စက၏ ဝါသနာဘာဂိယအကျိုး .... .... | ၄၇၃ |
| တိဿမင်းကြီး တရားနာယူခြင်း အကြောင်း .... | ၄၇၆ |
| ဘုရားရှင်၏ ဂုဏ်တော်များ အသင်္ချေယျဖြစ်ကြောင်း .... | ၄၇၇ |


**အခန်း-၂၄**


| | |
|---|---|
| မြတ်စွာဘုရားရှင် ခြောက်ခုမြောက်ဝါကို မကုဋ္ဌတောင်၌ ဝါဆိုတော်မူခြင်း .... .... | ၄၈၁ |
| ဒေသစာရီ နှစ်မျိုး .... .... | ၄၈၁ |
| ခရီးအဝန်း သုံးမျိုး .... .... | ၄၈၂ |
| ရာဇဂြိုဟ် သူဌေး၏ စန္ဒကူးသပိတ်အကြောင်း .... | ၄၈၇ |
| တိတ္ထိဆရာကြီး ခြောက်ဦး .... .... | ၄၈၉ |
| အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလ .... .... | ၄၉၆ |
| အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် တန်ခိုးဖြင့် စန္ဒကူး သပိတ်ကို ယူဆောင်တော်မူခြင်း .... .... | ၄၉၇ |
| လူအများ စုရုံးလိုက်ပါလာကြခြင်း .... .... | ၄၉၀ |
| တန်ခိုးပြာဋိဟာ မပြရန် သိက္ခာပုဒ်ပညတ်တော်မူခြင်း .... | ၄၉၉ |
| တိတ္ထိတို့ထောင်ထား ထကြွစကား ပြောကြခြင်း .... | ၅၀၀ |
| တန်ခိုးပြာဋိဟာပြရန် ဘုရားရှင် မိန့်ကြားတော်မူခြင်း .... | ၅၀၀ |
| တိတ္ထိတို့၏ ဟန်ဆောင်မှု ပြုမူချက်များ .... .... | ၅၀၃ |
| မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိသို့ ကြွတော်.... မူခြင်း .... | ၅၀၃ |

http://www.dhammadownload.com



မာတိကာ  စာမျက်နှာ


သာဝတ္ထိပြည်၌ နှစ်ဖက်မှ အစီအမံများ .... .... ၅၀၄

ကဏ္ဍမ္ဗသရက်ဖြူပင် အကြောင်း .... .... ၅၀၅

ခဏအတွင်း သရက်ပင်ကြီး ပေါက်လာခြင်း ..... ၅၀၇

တိတ္ထိတို့၏ မဏ္ဍပ်ကို လေနတ်သား တိုက်ခတ်ဖျက်ဆီး၍ တိတ္ထိတို့ ရှုံးနိမ့်ပျက်စီးကြခြင်း .... .... ၅၀၈

ပူရဏကဿပဆရာကြီး လည်ပင်း ကြိုးကွင်းတစ်လျှက် ရေ၌ ဆင်း၍သေခြင်း .... .... ၅၀၉

ပြာဋိဟာပွဲ၌ မြတ်စွာဘုရားရှင်ကို တပည့်များ လျှောက် ထားကြပုံ .... .... ၅၁၀

ဃရဏီ အမျိုးသမီးလျှောက်ထားပုံ .... .... ၅၁၁

စူဠအနာထပိဏ် လျှောက်ထားပုံ .... .... ၅၁၃

ခုနစ်နှစ်အရွယ် "စိရာ" သာမဏေရီမလေး လျှောက် ထားပုံ .... .... ၅၁၅

ခုနစ်နှစ် အရွယ် "စုန္ဒ" မည်သော ရဟန္တာသာမဏေငယ် လေး လျှောက်ထားပုံ .... .... ၅၁၆

ဥပ္ပလဝဏ်ထေရီမ လျှောက်ထားပုံ .... .... ၅၁၇

အရှင်မဟာမောဂ္ဂလာန်မထေရ်သူမြတ် လျှောက်ထားပုံ.... ၅၁၇

ရတနာစင်္ကြံ ဖန်ဆင်းတော်မူခြင်း .... .... ၅၁၉

လောကဝိဝရဏ တန်ခိုးပြခြင်း .... .... ၅၂၃

ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးခြင်း .... .... ၅၂၅

စင်္ကြံတော်ကြွရင်းက တရားဟောတော်မူခြင်း .... ၅၂၈

ကိုယ်တော်ပွါး နိမ္မိတဘုရားတို့ကို ဖန်ဆင်းတော်မူခြင်း.... ၅၂၉

ဗြဟ္မာနတ်လူ ကုဋေနှစ်ဆယ် ကျွတ်တမ်းဝင်ကြခြင်း . .... ၅၃၀

ယမကပါဋိဟာရိယဝဏ္ဏနာ ဘုရားရှိခိုးဂါထာ ပါဠိ အနက် .... .... ၅၃၁

တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်း .... .... ၅၃၄

သိကြားမင်း အကြံမှားခြင်း .... .... ၅၃၅

လူအများ ဘုရားရှင်ကို မမြင်ကြရ၍ ငိုကြွေး မြည်တမ်း ကြခြင်းစသည် .. ၅၃၆

http://www.dhammadownload.com




မာတိကာ စာမျက်နှာ

စကြဝဠာတိုက်တသောင်းမှနတ်ဗြဟ္မာအပေါင်းတို့ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ရောက်ရှိကြခြင်း .... ၅၄၀
အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏အကြောင်း .... ၅၄၀
အင်္ကုရနတ်သားအကြောင်း အကျဉ်းချုပ် .... .... ၅၄၁
ဣန္ဒကနတ်သားအကြောင်းအကျဉ်းချုပ် .... .... ၅၄၃

**အခန်း-၂၅**

တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ အဘိဓမ္မာတရား ဟောကြားတော်မူခြင်း .... .... ၅၅၃
အဘိဓမ္မာ ဟောကြားတော်မူသောအခါ ကိုယ်တော်ကို မျှတစေတော်မူပုံ .... .... ၅၅၄
အရှင်သာရိပုတ္တရာမထေရ်သည် လင်းနို့သားဖြစ်ဘူးသော ရဟန်း ငါးရာတို့အား တဖန်ပြန်၍ အဘိဓမ္မာတရား ဟောကြားတော်မူခြင်း .... .... ၅၅၆
သာဝတ္ထိပြည်မှလူပရိသတ်များ သင်္ကဿမြို့သို့ ပြောင်းရွှေ့စုဝေးကြခြင်း .... .... ၅၅၈
စောင်းတန်းသုံးသွယ်ဖြင့် သင်္ကဿမြို့တံခါးသို့ သက်ဆင်းတော်မူခြင်း .... .... ၅၆၀
အဝိဇဟိတဌာနလေးပါး .... .... ၅၆၃
မြတ်စွာဘုရားရှင်တို့အား နတ်လူတို့ ချစ်ခင်နှစ်သက်ကြကြောင်း .... .... ၅၆၅
မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးကို ထင်ရှားစေတော်မူခြင်း .... .... ၅၆၆
ပရောသဟဿဇာတ်ကို ဟောကြားတော်မူခြင်း .... ၅၆၇
သာရိပုတ္တသုတ္တန်ကို ဟောကြားတော်မူခြင်း .... ၅၇၀
သာရိပုတ္တသုတ္တန်အကျဉ်းချုပ် .... .... ၅၇၁
ငိုကြွေးကြောင်းတရားလေးပါး .... .... ၅၇၅
အထူးမှာထားချက် .... .... ၅၇၉

http://www.dhammadownload.com




| မာတိကာ | စာမျက်နှာ |
|---|---|
| မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ် စိဉ္စမာဏဝိကာ စွပ်စွဲ လာခြင်း အကြောင်း .... .... | ၅၀၀ |
| စိဉ္စမာန်၏နည်းပရိယာယ် .... .... | ၅၀၃ |
| ပရိသတ်လေးပါးအလယ်၌အကြီးအကျယ်စွပ်စွဲလာခြင်း.... | ၅၀၅ |
| သိကြားဆင်း၍ ပြဿနာကို ဖြေရှင်းပေးခြင်း .... | ၅၀၆ |
| စိဉ္စမာန်ကို မြေမျိုခြင်း .... .... | ၅၀၇ |
| မဟာပဒုမဇာတ်ကို ဟောတော်မူခြင်း .... .... | ၅၀၇ |
| ဒွါဒသနိပါတ် မဟာပဒုမဇာတ်တော် .... .... | ၅၀၈ |
| မင်းကြီး အမျက်မာန်ရှ၍ မဟာပဒုမမင်းသားကို သတ်ဖို့ရန် အမိန့်ပေးခြင်း .... .... | ၅၉၂ |
| အလောင်းတော်၏ မေတ္တာတန်ခိုး .... .... | ၆၀၀ |
| မင်းကြီးပြည်တော်ပြန်၍ မိဖုရားအား အပြစ်ပေးခြင်း .... | ၆၀၆ |
| စိဉ္စမာဏဝိကာ မိန်းမယုတ်က ဤကဲ့သို့ မဟုတ်မတရား အစွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်း .... .... | ၆၀၉ |
| သုန္ဒရီပရိဗိုဇ်မဖြင့် စွပ်စွဲလာခြင်းအကြောင်း .... | ၆၁၀ |
| လူအများ အသိမှန် ရရှိကြခြင်း .... .... | ၆၂၁ |
| တိတ္ထိတို့၏ လူသတ်မှုကြီး အပြည့်အစုံ ပေါ်လွင်လာခြင်း .... .... | ၆၂၃ |
| မြတ်စွာဘုရားရှင် ဥဒါန်းကျူးရင့်တော်မူခြင်း .... | ၆၂၄ |
| သုန္ဒရီပရိဗိုဇ်မဖြင့် စွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်း .... | ၆၂၆ |


## အခန်း-၂၆


| | |
|---|---|
| အင်္ဂမဝါကို သုသုမာရဂိရမြို့၌ ကပ်ဆိုတော်မူခြင်း .... | ၆၂၉ |
| နကုလပိတု သူကြွယ်ဇနီးမောင်နှံတို့ သောတာပန် တည်ကြခြင်းအကြောင်း .... .... | ၆၃၀ |
| ဗောဓိမင်းသားအကြောင်း .... .... | ၆၃၁ |
| ဗောဓိမင်းသား ကောကနုဒ ပြာသာဒ်ကို ဆောက်လုပ်စေခြင်းအကြောင်း .... .... | ၆၃၄ |

http://www.dhammadownload.com




| မာတိကာ | စာမျက်နှာ |
|---|---|
| ဗောဓိမင်းသား ပြာသာဒ်တက် မင်္ဂလာပွဲ၌ ဘုရားအမွှန်း ရှိသော သံဃာတော်ကို ပင့်ဖိတ်ခြင်း .... .... | ၆၃၇ |
| ဗောဓိမင်းသား သရဏဂုံ ခံယူခြင်းအကြောင်း .... | ၆၄၁ |
| ပဓာနိယင်္ဂတရား = ကမ္မဋ္ဌာန်း အလုပ် အားထုတ်သူ၏ အင်္ဂါတရားငါးပါး .... .... | ၆၄၄ |
| ဗောဓိမင်းသား သောတာပန်တည်ခြင်း .... .... | ၆၅၁ |
| အရှင်မဟာမောဂ္ဂလာန်၏ ဝမ်း၌ မာရ်နတ် ဝင်ခြင်း အကြောင်း .... .... | ၆၅၆ |
| အရှင်မဟာမောဂ္ဂလာန်၏ ရှေးမကောင်းမှု .... | ၆၅၉ |
| ဝိဓုရ မည်ခြင်းအကြောင်း .... .... | ၆၆၁ |
| သဉ္ဇီဝမထေရ် မည်ခြင်းအကြောင်း .... .... | ၆၆၁ |
| ဒူသီမာရ်နတ်၏ ယုတ်ညံ့သော အကြံအစည်နှင့် လုပ်ကိုင် ဆောင်ရွက်ချက်များ .... .... | ၆၆၃ |
| ပဉ္စဂ္ဂဒါယကာပုဏ္ဏားအကြောင်း .... .... | ၆၇၀ |
| မြတ်စွာဘုရား သီဟိုဠ်ကျွန်းသို့ သုံးကြိမ်တိုင်တိုင် ကြွတော် မူခြင်းအကြောင်း .... .... | ၆၀၄ |
| မဟာသုမနနတ်မင်း တောင်းပန်၍ ဆံတော်ခေတ်ကို ပေးအပ်တော်မူခြင်း .... .... | ၆၀၆ |
| နာဂဒီပကျွန်းသို့ ကြွရောက်တော်မူခြင်း .... .... | ၆၀၇ |
| မဏိအက္ခိက နဂါးမင်း တောင်းပန်ခြင်း .... .... | ၆၀၉ |
| တတိယအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ ထိုထိုအရပ် တို့၌ သမာပတ် ဝင်စားတော်မူခြင်းအကြောင်း .... | ၆၉၁ |


## အခန်း—၂၇


| | |
|---|---|
| ကောသမ္ဗီပြည် ဃောသကသူဌေးကြီးအကြောင်း .... | ၆၉၃ |
| ကောသမ္ဗီသူဌေးကြီး၏အကြံ .... .... | ၆၉၉ |
| ကောသမ္ဗီသူဌေးကြီး၏ ရက်စက်ကြမ်းကြုတ်မှုများ .... | ၆၉၉ |
| **သူတပါးကို မနာလိုက ကိုယ်သာဒုက္ခ ဆင်းရဲရ၏** .... | ၇၀၃ |
| အိမ်တွင်းလူများကို သိမ်းသွင်းခြင်း .... .... | ၇၁၁ |

http://www.dhammadownload.com



| မာတိကာ | စာမျက်နှာ |
|---|---|
| သူဌေးကြီးရာထူးကို ရရှိခြင်း .... | ၇၁၁ |
| နွေစဉ် တထောင်ကုန် အလှူဝတ် တည်ထားခြင်း | ၇၁၁ |
| ကောသမ္ဗီပြည်၌ နဝမဝါ ကပ်တော်မူခြင်း.... | ၇၁၂ |
| သူဌေးသုံးဦး သောတာပန်တည်ကြခြင်း .... | ၇၁၆ |
| လမ်းခရီးအကြား မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ကို ချေချွတ်တော်မူခြင်း .... | ၇၁၀ |
| မာဂဏ္ဍီသူငယ်မ ရန်ငြိုးဖွဲ့ခြင်း .... | ၇၂၃ |
| မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အနာဂါမ်တည်ပြီး နောက် ရဟန္တာဖြစ်ကြခြင်း .... | ၇၂၃ |
| ကောသမ္ဗီပြည် ကျောင်းတိုက်ကြီးသုံးတိုက်ကို အလှူခံတော်မူခြင်း .... | ၇၂၄ |
| မာဂဏ္ဍီမိဖုရား၏ မကောင်းမှု .... | ၇၂၅ |
| သူဌေးသုံးဦးတို့၏ ထူးချွန်သော စေတနာ.... | ၇၂၆ |
| သံဃဝိဝါဒါဓိကရုဏ်း ကြီးစွာဖြစ်ခြင်း .... | ၇၂၇ |
| မြတ်စွာဘုရားရှင် နှစ်ဖက်သို့ပင် ကြွရောက်၍ တရားဟောတော်မူခြင်း .... | ၇၃၀ |
| နာနာသံဝါသ ၂-မျိုးနှင့် သမာနသံဝါသ ၂-မျိုးတို့ကို ဟောကြားတော်မူခြင်း .... | ၇၃၆ |
| နာနာသံဝါသကတရား ၂-မျိုး .... | ၇၃၇ |
| သမာနသံဝါသကတရား ၂-မျိုး .... | ၇၃၀ |
| သံဃာချင်း စိတ်ဝမ်းကွဲပြားရာ၌ နေထိုင်ပုံကို ဟောတော်မူခြင်း .... | ၇၃၉ |
| ဒီဃာဝုဝတ္ထုကို ဟောတော်မူခြင်း .... | ၇၄၀ |
| ကောသလမင်း၏ ရန်ငြိမ်းကြောင်း ဩဝါဒစကား .... | ၇၄၆ |
| ဗုဒ္ဓ၏ ဩဝါဒတော် .... | ၇၅၉ |
| ဂါထာ ဒသက ဩဝါဒဒေသနာ .... | ၇၆၀ |

မဟာဗုဒ္ဓဝင် တတိယတွဲ မာတိကာ ပြီး၏။

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## တတိယတွဲ

## ဂေါတမဗုဒ္ဓဝင်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-

## ဗုဒ္ဓရတနာ

## အခန်း-၁၆

### ဥပတိဿနှင့် ကောလိတ(အဂ္ဂသာဝကအလောင်း) ပရိဗိုဇ်နှစ်ဦးတို့ ဘုရားထံသို့ ရောက်ရှိကြခြင်း

(မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလျှင်ပင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သတင်းစကားကြားသိရ၍ အမတ်တို့ကို မင်းချင်းယောကျ်ား တထောင်စီတို့နှင့် မြတ်စွာဘုရားကို နေပြည်တော်သို့အပင့်လွှတ်သောကိစ္စကား ပြောသိုလပြည့်ကျော်လောက်ကပင် စ၍ ဖြစ်ခဲ့၏။ ထိုအကြောင်းအရာကို ယခုရေးသားခဲ့လျှင် အဂ္ဂသာဝက နှစ်ပါးတို့အကြောင်းကို ကြားဖြတ်၍ ထည့်သွင်းရန် မလွယ်ကူသဖြင့် ယခုကပင် ထိုအဂ္ဂသာ-

http://www.dhammadownload.com



ဝကနှစ်ပါးတို့နှင့် စပ်ဆိုင်သော အကြောင်းအရာ အကျဉ်းချုပ်ကို ရေးသားပြဆိုပေဦးအံ့····)။

အချိန်ကား မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီး လဝက်ခန့်အကြာ တပို့တွဲလဆန်း ၁-ရက်နေ့လောက် အချိန်ဖြစ်သည်၊ ထိုအခါ၌ သိဉ္စည်းပရိဗိုဇ်ဆရာကြီးသည် ပရိဗိုဇ်တပည့်အခြံအရံ ( ၂၅၀ )နှစ်ရာ့ငါးဆယ်တို့နှင့် အတူတကွ ရာဇဂြိုဟ်ပြည်၌ နေထိုင်ဆဲ ရှိလေသည်၊ ထိုအချိန်၌ အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿပရိဗိုဇ်နှင့် အရှင်မဟာမောဂ္ဂလာန် အလောင်း ကောလိတပရိဗိုဇ်တို့သည် သိဉ္စည်းပရိဗိုဇ်ဆရာကြီးထံ၌ တပည့်ခံ၍ ပရိဗိုဇ်တို့၏ အကျင့်ကို ကျင့်ကြံနေဆဲ ဖြစ်၏*။

ဥပတိဿပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ် သူငယ်ချင်းနှစ်ဦးတို့သည် သိဉ္စည်းဆရာကြီးထံသို့ ရောက်ရှိပြီး နှစ်ရက်သုံးရက်အတွင်းမှာပင် ထိုဆရာကြီး၏ အယူဝါဒအကျင့်လမ်းစဉ် အဆုံးရောက် သင်ကြားတတ်မြောက်ပြီးကြရာ ထိုသိဉ္စည်းဆရာကြီး၏ အယူဝါဒအကျင့်လမ်းစဉ်၌ အမြိုက်နိဗ္ဗာန်တရားကို မတွေ့မမြင်ကြကုန်သည် ဖြစ်၍ "ငါ့ရှင်···· ဤသိဉ္စည်းဆရာကြီး၏ အကျင့်ဝါဒလမ်းစဉ်သည် အချည်းနှီးသာ ဖြစ်၏၊ အနှစ်သာရမရှိ။ ယခုကစ၍ ငါတို့နှစ်ဦးတွင် အမြိုက်နိဗ္ဗာန်ကို အလျင်လက်ဦး ရရှိသိမြင်သောသူက မရရှိ မသိမြင်ရသေးသော သူအား ပြောကြားကြစတမ်း" ဟူ၍ ကတိကဝတ် ထားရှိခဲ့ကြပြီး ဖြစ်ကုန်၏။

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီး လဝက်ခန့်အကြာ တပို့တွဲလဆန်း ၁-ရက်နေ့လောက် ရောက်လတ်သော အခါ ပဉ္စဝဂ္ဂီမထေရ်ငါးပါး အဝင်အပါ အရှင်အဿဇိမထေရ်သည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်ဝတ်ရုံတော်မူကာ ကြည်ညိုဖွယ်ရှိသော ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း,လက်ကို

---

* အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ အကြောင်းဝတ္ထု အကျယ်ကို သံဃရတနာအခန်းသို့ ရောက်မှ ရေးသားပါမည်။

http://www.dhammadownload.com



ကွေးခြင်း, ဆန့်ခြင်းတို့ဖြင့် လေးတောင်ခန့်မျှ ကြည့်သဖြင့် ချအပ်သော မျက်လွှာရှိလျက် ကြည်ညိုဖွယ်သော ဣရိယာပုထ်ဖြင့် ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာ၏။

အရှင်သာရိပုတ္တရာအလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် ရာဇဂြိုဟ်ပြည် အတွင်းသို့ ကြည်ညိုဖွယ်သော ဣရိယာပုထ်ဖြင့် ဆွမ်းခံကြွဝင်တော်မူလာသော အရှင်အဿဇိမထေရ်ကို မြင်လေလျှင် ဥပတိဿပရိဗိုဇ်၏ စိတ်သန္တာန်၌—

"ဤရဟန်းသည် လောက၌ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ရှိပြီးကြသော ပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ကေန်ဖြစ်ပေလိမ့်မည်၊ ငါသည် ဤရဟန်းထံသို့ ချဉ်းကပ်၍ 'ငါ့ရှင် ···သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း၊ သင်၏ ဆရာသည် အဘယ်သူပါနည်း၊ သင်သည် အဘယ်ဆရာ၏ တရားကို နှစ်သက်ပါသနည်း'ဟု မေးရမူ ကောင်းလေစွ"—

ဟု အကြံဖြစ်လေ၏။ ထိုနောက် တဖန်ဆက်၍ ဥပတိဿပရိဗိုဇ်သည်—

"ဤရဟန်းကို မေးမြန်းဖို့ရန် အချိန်အခါမဟုတ်သေး၊ မြို့တွင်းသို့ ဝင်ကာ ဆွမ်းခံနေဆဲ ဖြစ်၏၊ မသေရာမှန် နိဗ္ဗာန်တရားကို လိုလားကြသည့် ငါတို့သူငယ်ချင်းနှစ်ဦးသား 'သေခြင်းတရားရှိလျှင် မသေရာနိဗ္ဗာန်တရားလည်း ရှိရမည်'ဟု အနုမာနဉာဏ်ဖြင့် မှန်းဆအပ်သော နိဗ္ဗာန်တရားကို မျက်မှောက်ထင်ထင် တွေ့ရှိသိမြင်ရန် ရှာကြံနေသော ငါသည် ဤရဟန်းနောက်သို့ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ရပါမူ ကောင်းလေစွ"—

ဟု ကြံစည်ကာ အရှင်အဿဇိ၏ နောက်သို့ ချက်ခြေမပျောက် လိုက်ပါခဲ့လေသည်။

ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိ မထေရ်သည်မြတ် ဆွမ်းခံပြီးလျှင် နေရာအရပ်တခု၌ ယိုင်နေတော်မူလိုသော အရိပ်အကဲကို

http://www.dhammadownload.com



သိရှိကာ မိမိ၌ ပါလာသော ပရိဗိုဇ်တို့၏ အသုံးအဆောင် အင်းပျဉ်ငယ်(=လေးထောင့်ခုံငယ်) ကလေးကို ခင်း၍ပေးပြီး လျှင် မထေရ်မြတ်ဆွမ်းစားပြီးသောအခါ၌လည်း မိမိ၏ရေကရား ဖြင့် ရေကပ်လှူပြန်လေသည်။ ဤသို့ ဆရာ့အပေါ်၌ ပြုရန်ဝတ်တရား ကို ပြုပြီးမှ ဆွမ်းစားပြီးသောမထေရ်မြတ်နှင့် ချိုမြိန်သော အစွေ့ အစပ်စကား ပြောကြားပြီးလျှင်—

"ငါ့ရှင်···· သင်၏ မျက်စိ နား နှာ စသော ဣန္ဒြေ တို့ သည် ကြည်လင်လှကုန်၏၊ အရေအဆင်းသည် သန့်ရှင်း ကြည်လင် အပြစ် ကင်းစင်လှပေ၏၊ ငါ့ရှင်···· သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်း ပြုခဲ့ပါသနည်း၊ သင်၏ ဆရာသည် အဘယ်သူပါနည်း၊ သင်သည် အဘယ်ဆရာ၏ တရားကို နှစ်သက်ပါသနည်း"—

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ အရှင် အဿဇိ မထေရ် သူမြတ်က "ငါ့ရှင်····ငါသည် အသင်္ချေ့ သက္ကျနွယ်ရိုး သာကီဝင် မင်းမျိုးမှ တောထွက်ကာ ရဟန်းပြုသော မြတ်စွာဘုရားကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသည်၊ ထိုမြတ်စွာဘုရားသည် ငါ၏ ဆရာ ဖြစ်ပါသည်၊ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို နှစ်သက် သူဖြစ်ပေ၏" ဟု မိန့်ဆိုတော်မူလေသော် ဥပတိဿပရိဗိုဇ်သည် "အရှင်၏ ဆရာ ဘုရားသည် အဘယ် အယူဝါဒ ရှိပါသနည်း၊ အဘယ်တရားကို ဟောကြားလေ့ ရှိပါသနည်း"ဟု တဖန် ထပ် လျှောက် မေးလျှောက်ပြန်လေ၏။ ထိုအခါ အရှင်အဿဇိမထေရ် သူမြတ်သည် "ဤပရိဗိုဇ်တို့သည်ကား သာသနာတော်၏ ဆန့် ကျင်ဘက် အယူဝါဒ ရှိကြသူများ ဖြစ်ကုန်၏၊ ဤ ဥပတိဿ ပရိဗိုဇ်အား ငါသည် သာသနာတော်၏ နက်နဲသိမ်မွေ့သော အဖြစ်ကို ထင်စွာပြပေအံ့"ဟု ကြံစည်ပြီးလျှင် မိမိကိုယ်တိုင်က သီတင်းငယ်ဖြစ်နေသည့်အတွက် ကျယ်ကျယ် ဝန်းဝန်း မညွှန်းပြ နိုင်သေးကြောင်းကို ထင်စွာ ဖော်ပြ လိုသည်ဖြစ်၍ "ငါ့ရှင်···· ငါသည် သီတင်းငယ်မျှသာ ဖြစ်ပါသေး၏၊ ရဟန်းဖြစ်ခဲ့သည့်မှာ မကြာသေးပါ၊ ဤသာသနာတော်သို့ ယခုမှ ရောက်သစ်စ ဖြစ်ပါ

http://www.dhammadownload.com



သေးသည်၊ (သို့ဖြစ်၍) ငါသည် သင့်အား အကျယ်အားဖြင့်တော့ တရားကို ဟောခြင်းငှါမစွမ်းနိုင်ပေ၊ သို့သော် ငါသည် သင့်အား အနက်အဓိပ္ပါယ်လိုရင်းကိုကား အကျဉ်းအားဖြင့် ဟောပြနိုင်ပါလိမ့်မည်"ဟု မိန့်ဆိုတော်မူလေ၏။

ထိုအခါ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က "အကျွန်ုပ်သည် ဥပတိဿအမည်ရှိသော ပရိဗိုဇ် ပညာရှင် တဦး ဖြစ်ပါသည်၊ အရှင်သည် အစွမ်းသတ္တိ ရှိသလောက်သာ အနည်းငယ်ကိုဖြစ်စေ များစွာကိုဖြစ်စေ ဟောတော်မူပါ၊ ထို အရှင်မြတ် ဟောအပ်သော တရားကို နည်းပေါင်း အရာ အထောင်ဖြင့် ချဲ့ထွင်၍ သိမြင်ရန်မှာ အကျွန်ုပ်၏ တာဝန်သာ ဖြစ်ပါသည်"ဟု ကြီးစည်ပြီးလျှင် အရှင်အဿဇိမထေရ်ကို—

"ရှိပါစေ ငါ့ရှင်…၊ အနည်းငယ်ကိုဖြစ်စေ များစွာကို ဖြစ်စေ ဟောတော်မူပါ၊ (ထိုသို့ ဟောရာ မှာလည်း) အနက်အဓိပ္ပါယ်လိုရင်းကိုသာ အကျွန်ုပ်အား ဟောကြားတော်မူပါ၊ အကျွန်ုပ်သည် အနက်အဓိပ္ပါယ်လိုရင်းကိုသာ နာယူလိုပါသည်၊ များပြားလှစွာသော ပုဒ်ပါဌ် အက္ခရာ သဒ္ဒါတွေကို ဟောနေသဖြင့် အကျွန်ုပ်အဖို့ရာ အဘယ်မှုစ အံ့နည်း"—

ဟူ၍ ပြောဆို လျှောက်ထားလေသော် အရှင်အဿဇိ မထေရ် သူမြတ်သည် ဥပတိဿပရိဗိုဇ်ကို—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

(အာဝုသော = ငါ့ရှင်…။) ယေ ဓမ္မာ = ခန္ဓာငါးပါး အကြင် ဒုက္ခသစ္စာတရားတို့သည်။ ဟေတုပ္ပဘဝါ = သမုဒယသစ္စာ တဏှာလောဘလျှင် အမွန်ပဘာဝ အခြေခံ အကြောင်းရင်းရှိကြကုန်၏။ (တေ စ = ထို ခန္ဓာငါးပါး

http://www.dhammadownload.com



ဒုက္ခသစ္စာတရားတို့ကိုငင်း။) တေသံ = ထို ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏။ ဟေတုံ စ = အကြောင်း သမုဒယ သစ္စာ တဏှာလောဘကိုငင်း။ တေသံ = ထိုဒုက္ခနှင့် သမုဒယ ဝဋ္ဋသစ္စာ နှစ်ပါးတို့၏။ ယော နိရောဓော = အကြင် ချုပ်ရာ ချုပ်ကြောင်းဖြစ်သော နိရောဓသစ္စာ မဂ္ဂသစ္စာ နှစ်ပါးသည်။ (အတ္ထိ = ရှိ၏။ တဉ္စ = ထိုနိရောဓသစ္စာ မဂ္ဂသစ္စာ နှစ်ပါးကိုငင်း)။ တထာဂတော = ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ = စိတ်ဖြာခွဲခြား ဟောကြား တော်မူပေ၏။ မဟာသမဏော = သုံးလူ့ဥက္ကဋ္ဌ ရဟန်း မြတ်ဖြစ်တော်မူပါသော ငါတို့ဆရာ မြတ်စွာဘုရားသည်။ ဧဝံဝါဒီ = ဤသို့ သစ္စာလေးပါး အမှန်တရားကို ခွဲခြား ဖော်ပြ ဝိဘဇ္ဇဟု ဝါဒစင်ဖြူ အယူရှိတော်မူပေ၏။—

ဟူ၍ သစ္စာလေးပါး တရားအချက် အနက်အဓိပ္ပါယ် ပြည့်ဝသည့် ဓမ္မဒေသနာကို ဟောကြားတော်မူလေ၏။

ဥပတိဿပရိဗိုဇ်သည် ဖော်ပြရာပါ တရားဒေသနာ ဂါထာ ရှေ့ထက်ဝက်ကို ကြားနာရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည် လေ၏၊ ဂါထာ နောက်ထက်ဝက်ကိုကား သောတာပန် ဖြစ်ပြီး သောအခါ နာယူမှုပြီးဆုံးလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿပရိဗိုဇ်သည်—

ဧသေဝ ဓမ္မော ယဒိ တာဝဒေဝ၊
ပစ္စဗျထ ပဒမသောကံ။
အဒိဋ္ဌံ အဗ္ဘတီတံ၊
ဗဟုကေဟိ ကပ္ပနဟုတေဟိ။

(ဘန္တေ = အရှင်ဘုရား····။)တာဝဒေဝ = ထိုအဘိဒိ ပဌမ သောတာပတ္တိဖိုလ်မျှသို့သာလျှင်။ ပစ္စဗ္ဗံ = ကိုယ် တိုင် မျက်မှောက် ဉာဏ်ဖြင့် ဆိုက် ရောက်အပ်သည်။ ယဒိ ဟောတိ = အကယ်၍ဖြစ်စေကာမူ။ ဓမ္မော = အကျွန်ုပ်တို့ သူငယ်ချင်းနှစ်ဦးသားဖွေရှာ၍နေသောတရားသည်ကား။

http://www.dhammadownload.com



> ဧသေ၀ = ဤတရားပင်လျှင်တည်း။ ( တုမှေ = အရှင်ဘုရားတို့သည်။) အသောကံ = စိုးရိမ်ခြင်း ကင်းရာဖြစ်သော။ ပဒံ = နိဗ္ဗာန်တရားကို။ ပစ္စဗျထ = မျက်မှောက် ထင်ထင် သိမြင်ကြကုန်၏။ အမှေဟိ = အကျွန်ုပ်တို့သည်။ ဣဒံ ပဒံ = ဤ နိဗ္ဗာန်တရားကို။ အဒိဋ္ဌံ = မျက်မှောက် ထင်ထင် မသိမြင်အပ်သည်ဖြစ်၍။ ဗဟုကေဟိ ကပ္ပနဟုတေဟိ = နဟုတသင်္ချာ ကမ္ဘာပေါင်းများစွာတို့ ပတ်လုံး။ အဗ္ဘတီတံ = အချိန်တွေဟုန်လွန်ပျက်ပြုန်း အရှုံးကြီး ရှုံးခဲ့ရလေပြီ။—

ဟူ၍ ဤဂါထာကို ရွတ်ဆိုကာ မိမိ၏ အချိန်ကြာမြင့်စွာ ဆုံးရှုံးနစ်နာခဲ့ရပုံကို လျှောက်ထားပြောဆိုပြီးလျှင် ဥပတိဿ ပရိဗိုဇ်သည် အထက်မဂ်ဖိုလ်သို့ မရောက်သေးမီပင် "ဤလောကုတ္တရာတရားအရာ၌ အကြောင်းထူး ရှိရဦးမည်"ဟု ကြံစည်စဉ်းစားပြီးလျှင် အရှင်အဿဇိမထေရ်ကို "အရှင်ဘုရား…. ဤမျှသာ ရှိပါစေဦး၊ အထက်သို့ ဆက်၍ တရားဒေသနာကို မဟောကြားပါနှင့်ဦး၊ အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံး နေထိုင်တော်မူပါသနည်း" ဟု လျှောက်ထားမေးမြန်းလေသော် အရှင်အဿဇိမထေရ်သူမြတ်က "ဝေဠုဝန် ကျောင်းတော်၌ မြတ်စွာဘုရားသည် သီတင်းသုံး နေထိုင်တော်မူပါသည် ငါ့ရှင်…."ဟု ဖြေကြားတော်မူသည့်တွင် "အရှင်ဘုရား…. သို့ဖြစ်ခဲ့လျှင် အရှင်ဘုရားတို့သည် ရှေ့ကအလျှင် ကြွသွားတော်မူနှင့်ပါကုန်၊ တပည့်တော်၏ သူငယ်ချင်း တယောက် ကျန်ရှိနေပါသေးသည်၊ အကျွန်ုပ်တို့သည်လည်း 'အမြိုက် နိဗ္ဗာန်ကို အလျှင်လက်ဦး သိသူက ကျန်တဦးအား ပြောကြစတမ်း'ဟု အချင်းချင်း ကတိကဝတ်ပြုအပ်ပြီး ဖြစ်ပါသည်။ (သို့ဖြစ်၍) အကျွန်ုပ်သည် ထိုကတိကဝတ် ဝန်ခံချက်ကို ပြေလည်အောင်ပြုလုပ်ပြီးမှ အကျွန်ုပ်၏သူငယ်ချင်းကို ခေါ်ဆောင်ခဲ့၍ အရှင်ဘုရားတို့ ကြွသွားသောလမ်းအတိုင်း မြတ်စွာဘုရားအထံတော်သို့ လိုက်ပါလာခဲ့ပါမည်" ဟု လျှောက်ဆိုကာ

http://www.dhammadownload.com



ထိခြင်းငါးမျိုးဖြင့် မထေရ်၏ ခြေတော်ရင်း၌ ဝပ်စင်းရှိကျိုး ရှိခိုးပြီးလျှင် လက်ျာရစ်သုံးပတ် လှည့်လည်၍ အရှင်အဿဇိမထေရ်ကို အလျှင်လက်ဦး လွှတ်လိုက်ပြီးနောက် ပရိဗိုဇ်ကျောင်း အရံသို့ ရှေးရှုသွားလေ၏။

**ကောလိတပရိဗိုဇ် သောတာပန် တည်ခြင်း**

ထိုအခါ ကောလိတ ပရိဗိုဇ်သည် ဥပတိဿ ပရိဗိုဇ် လာနေသည်ကို အဝေးကပင်မြင်လတ်၍ "ယနေ့ ငါ့သူငယ်ချင်း၏မျက်နှာအဆင်းသည် အခြားနေ့များနှင့် လားလားမျှမတူ၊ ကေန်ပင် ငါ့သူငယ်ချင်းသည် မသေရာမှန် နိဗ္ဗာန်တရားကို ရရှိသိမြင်ခဲ့လိမ့်မည်"ဟု ကြံစည်ထင်မြင်ကာ ဥပတိဿပရိဗိုဇ်ကို "ငါ့ရှင်.... သင်၏ မျက်စိ နား နှာစသော ဣန္ဒြေတို့သည် ကြည်လင်လှကုန်၏၊ အရေအဆင်းသည် သန့်ရှင်းကြည်လင် အပြစ်ကင်းစင်လှပေ၏၊ ငါ့ရှင်....အသို့နည်း၊ သင်သည် မသေရာမှန် နိဗ္ဗာန်တရားကိုရအပ်ခဲ့ပါပြီလော"ဟု မေးမြန်း၍ ဥပတိဿပရိဗိုဇ်က "အိမ်းငါ့ရှင်.... ငါကား မသေရာမှန် နိဗ္ဗာန်တရားကို ရအပ်ခဲ့လေပြီ"ဟု ဖြေကြားလတ်သော် တဖန်ထပ်၍ ကောလိတပရိဗိုဇ်က "ငါ့ရှင်....သင်သည် အဘယ်သို့သော အခြင်းအရာဖြင့် မသေရာမှန် နိဗ္ဗာန်တရားကို ရရှိခဲ့ပါသနည်း"ဟု မေးပြန်လေ၏။ ထိုအခါ ဥပတိဿပရိဗိုဇ်သည် မိမိ အရှင်အဿဇိမထေရ်သူမြတ်နှင့် တွေ့ရှိခဲ့ရသည့် အကြောင်းအရာကို အကျယ်တဝင့် ပြန်ကြား ပြောဆိုပြီးလျှင် ယေ ဓမ္မာ ဟေတုပ္ပဘဝါ-အစရှိသော ဂါထာကိုပင် ကောလိတ ပရိဗိုဇ်အား ဟောကြားလေ၏၊ ဂါထာဆုံးသောအခါ ကောလိတ ပရိဗိုဇ်သည် သောတာပတ္တိဖိုလ်၌ တည်ပြီး၍ ဥပတိဿပရိဗိုဇ်ကို "အဆွေတော် ဥပတိဿ....ငါတို့ဆရာ မြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံး နေထိုင်တော်မူသတဲ့နည်း" ဟု မေး၍ ဥပတိဿပရိဗိုဇ်က "အဆွေတော်ကောလိတ....ငါတို့ဆရာ မြတ်စွာဘုရားသည် ယခုအခါ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူလျက်ရှိကြောင်း ငါတို့ဆရာ အဿဇိမထေရ်သူမြတ် မိန့်ကြားတော်မူအပ်ခဲ့ပါသည်"ဟု ပြန်ကြားပြောဆိုလတ်

http://www.dhammadownload.com



သော် ကောလိတပရိဗိုဇ်သည် (စိတ်ဆတ်သူ စိတ်မြန်သူဖြစ်၍) "ငါ့ရှင်.... ထိုသို့ဖြစ်ခဲ့လျှင် မြတ်စွာဘုရားထံတော်သို့ သွားကြစို့၊ ထိုမြတ်စွာဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည် ငါတို့၏ ဆရာသခင် ကျေးဇူးရှင်ကြီး ဖြစ်ပေသည်"ဟု ပြောဆိုလေ၏။

## တပည့်ပရိဗိုဇ်များနှင့် သိဥ္စည်းဆရာကြီးတို့ထံ သွားရောက်ကြခြင်း

ထိုအခါ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်သည် အောက်လူများကို ထောက်ထား ငဲ့ညှာတတ်သူဖြစ်၍ "ငါ့ရှင်.... ဤပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ်တို့သည် ငါတို့ကိုအမှီပြုကြကာ ငါတို့၏ အကဲကိုသာ အမြဲကြည့်ရှုကြကာ ဤပရိဗိုဇ် အရံတို့၌ နေကြသူများ ဖြစ်ကုန်သည်၊ ထိုပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ် တို့ကိုလည်း ပန်ကြားကြဦးစို့၊ (ထိုသို့ပန်ကြားပြောဆိုမှသာ) သူတို့ သဘောကျသည့်အတိုင်း ပြုလုပ်နိုင်ကြပေလိမ့်မည်"ဟု စိတ်ရှည် လက်ရှည် အရှည်ထောက်ထား ပြောကြားသည့်ပြင် အခါခပ်သိမ်း ဆရာသမားကို လေးစားကော်ရော် ပူဇော်သူ ဖြစ်သည့်အား လျော်စွာ "အဆွေတော်ကောလိတ....ငါတို့ ရအပ်သိအပ်ပြီးသော မသေရာမှန် အမြိုက်နိဗ္ဗာန်တရားကို ငါတို့၏ဆရာကြီး သိဥ္စည်း ပရိဗိုဇ်အားလည်း ပြောကြားကြဦးစို့၊ ဉာဏ်ရှိသူဖြစ်လျှင် ထိုဆရာ ကြီးသည်လည်း ငါတို့ကို ယုံကြည်၍ မြတ်စွာဘုရား ထံတော်သို့ လိုက်ပါလာလိမ့်မည်၊ မြတ်စွာဘုရားရှင်တို့၏ တရားဒေသနာကို ကြားနာရလျှင် မဂ်ဖိုလ်ကို ထိုးထွင်း သိမြင်ပေလိမ့်မည်" ဟူ၍ ပြောဆိုပြီးလျှင် သူငယ်ချင်းနှစ်ဦးသားတို့သည် တပည့်ပရိဗိုဇ်များ ထံသို့ ရှေးဦးစွာသွားကြ၍ ထိုတပည့်ပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါး ဆယ်တို့ကို"ငါ့ရှင်တို့····ငါတို့သည် မြတ်စွာဘုရား အထံတော်သို့ သွားကြကုန်အံ့၊ ထိုမြတ်စွာဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ် သည် ငါတို့၏ဆရာသခင် ကျေးဇူးရှင်ကြီး ဖြစ်တော်မူပေသည်" ဟူ၍ ပြောဆိုကြကုန်၏။

တပည့်ပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ်တို့သည်လည်း "အရှင် တို့....အကျွန်ုပ်တို့သည် အရှင်တို့ကိုအမှီပြုကြကာ အရှင်တို့၏ အကဲ

http://www.dhammadownload.com



ကိုသာ အမြဲကြည့်ရှုကြကာ ဤပရိဗိုဇ်အရံ၌ နေကြသူများ ဖြစ်ပါကုန်သည်၊ အရှင်တို့နှစ်ပါး မြတ်စွာဘုရားအထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးတော်မူကြပါလျှင် အကျွန်ုပ်တို့ အားလုံးလည်း မြတ်စွာဘုရားအထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးကြပါကုန်အံ့" ဟူ၍ ပြန်ကြား လျှောက်ထားကြလေသည်၊ ထိုအခါ သူငယ်ချင်း နှစ်ဦးသားတို့သည် သိဉ္စည်း ဆရာကြီးထံသို့ သွားရောက်ကြ၍ သိဉ္စည်းဆရာကြီးကို မြတ်စွာဘုရားထံသို့ အတူတကွ သွားရောက်ကြရန် သုံးကြိမ်တိုင်တိုင် ခေါ်ငင်ပါသော်လည်း မရရှိပဲ နောက်ဆုံးတွင် သိဉ္စည်းဆရာကြီးက "အမောင်တို့....ဤလောကဉ့်.ပညာမဲ့သူက များသလော၊ ပညာရှိသူက များသလော"ဟူ၍ မေးမြန်းသဖြင့် "ဆရာကြီး....ဤလောက၌ ပညာမဲ့သူကသာများ၍ ပညာရှိသူကား နည်းပါးလှပါသည်" ဟု ဖြေဆိုကြလေသော် သိဉ္စည်းဆရာကြီးက "အမောင်တို့.... ထိုသို့ဖြစ်ခဲ့လျှင် ပညာရှိသူများသည် ပညာရှိသည့် ရဟန်းဂေါတမ၏အထံသို့ သွားကြလိမ့်မည်၊ ပညာမဲ့သောသူများသည် ပညာမဲ့သော ငါ၏အထံသို့ လာကြလိမ့်မည်၊ အမောင်တို့သာ သွားကြလော့၊ ငါကား ဘယ်နည်းနှင့်မှ မလိုက်နိုင်"ဟု အဆုံးသတ်စကားပြတ် ပြောဆိုသဖြင့် သူငယ်ချင်းနှစ်ဦးတို့သည် မိမိတို့၏ တပည့်ပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ်တို့ကို ခေါ်ဆောင်ကြ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတိုက်သို့ သွားကြလေကုန်၏။

ဥပတိဿပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ် သူငယ်ချင်းနှစ်ဦးတို့ ခေါင်းဆောင်ရှေ့သွားပြု၍ တပည့် ပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ်တို့နှင့်တကွ ဝေဠုဝန်ကျောင်းတိုက်သို့ သွားကြလေသော် သိဉ္စည်း ဆရာကြီး၏ ပရိသတ်ကား ကွဲပြားခဲ့လေပြီ၊ ပရိဗိုဇ်အရံကြီးတခုလုံး ဆိတ်သုဉ်းလေပြီ၊ သိဉ္စည်း ဆရာကြီးမှာ ဆိတ်သုဉ်းသော မိမိ၏ ပရိဗိုဇ်အရံ ကျောင်းတိုက်ကို ကြည့်၍ သောကအပူမီး တောက်လောင်ကာ ကျိုက်ကျိုက်ဆူသော သွေး ခံတွင်းမှ တပွက်ပွက် အန်ထွက်လေတော့၏။

http://www.dhammadownload.com



ထိုအချိန်၌ မြတ်စွာဘုရားသည် ပရိသတ်တို့၏အလယ်၌ တင့်တယ်စွာ ထိုင်နေတော်မူ၍ တရားဟောနေခိုက်ဖြစ်ရကား ဥပတိဿ ပရိဗိုဇ်နှင့် ကောလိတ ပရိဗိုဇ် သူငယ်ချင်း နှစ်ဦးသားတို့ တပည့်ပရိဗိုဇ် (၂၅၀)နှစ်ရာ့ငါးဆယ်တို့နှင့် အတူတကွ ဝေဠုဝန်ကျောင်းတိုက်သို့ ရှေးရှုလာနေကြသည်ကို အဝေးမှပင် မြင်တော်မူလတ်၍ ကိုယ်တော်ထံပါး၌ တရားနာနေဆဲရှိကြသော ရဟန်းများကို—

> "ရဟန်းတို့.... (ဟောဟိုမှာ) ကောလိတနှင့် ဥပတိဿ သူငယ်ချင်း နှစ်ဦးသားတို့ ငါဘုရားထံသို့ လာနေကြသည်၊ ထိုသူနှစ်ဦးသည် ငါဘုရား၏ လက်ဝဲရံ လက်ျာရံ အဂ္ဂသာဝက အစုံဖြစ်ကြလိမ့်မည်"—

ဟူ၍ မိန့်ကြားတော်မူလေ၏၊ ထိုအခါ သူငယ်ချင်း နှစ်ဦးသားတို့သည် တပည့်ပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ်တို့နှင့်တကွ မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ချဉ်းကပ်ကြ၍ မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဝပ်လျှိုး ရှိခိုးဦးညွှတ်ကြကုန်၏။

### ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်ကြခြင်း

ထိုသို့ မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးကြပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်ကို ရကြပါရစေ၊ ရဟန်းအဖြစ်ကို ရကြပါရစေ" ဟု ရှင်ရဟန်းအဖြစ်ကို တောင်းပန်ကြလေသော် မြတ်စွာဘုရားသည် ရှေးနည်းအတူပင် "ဧထ ဘိက္ခဝေါ အစရှိသည်ဖြင့် = ရဟန်းတို့.... လာကြလော့၊ သင်ချစ်သားတို့ တောင်းပန်အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့သည် ဝဋ်ဆင်းရဲ၏အဆုံးကိုပြုခြင်းငှါ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြကုန်းကုပ် အားထုတ်

http://www.dhammadownload.com



ကြလော့” ဟု ရွှေလက်တော်ကိုဆန့်တန်း၍ ဧဟိဘိက္ခု ခေါ်တော်မူလိုက်သည်နှင့်တပြိုင်နက် ထိုသူငယ်ချင်းနှစ်ဦးနှင့်တကွ တပည့်ပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ်တို့သည် ဣဒ္ဓိမယ ပရိက္ခရာတို့သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသားဖြစ်ကြလျက် အဝါ ၆၀-ရသော မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်၊ အံ့ဩဖွယ်ရာ လူ့အသွင်ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးရောက်သွားကြလေတော့သည်။ (ထေ ဘိက္ခဝေါ-ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းသည်ပင် ထိုသူငယ်ချင်း နှစ်ဦးတို့နှင့်တကွ တပည့် ပရိဗိုဇ် (၂၅၀) နှစ်ရာ့ငါးဆယ်တို့ အဖို့ရာ ဧဟိဘိက္ခု ရဟန်းခံခြင်းပင် ဖြစ်လေသည်၊ သိမ်ဝင်ဖွယ်ရာ ကိစ္စ လုံးဝမရှိတော့ပြီ။)

### တပည့်ရဟန်း ၂၅၀-တို့ ရဟန္တာဖြစ်ကြခြင်း

ထိုသို့ ဧဟိဘိက္ခု ရဟန်းပြုကြပြီးသောအခါ မြတ်စွာဘုရားသည် ထိုသူငယ်ချင်း နှစ်ဦးသားတို့၏ ပရိသတ်ဖြစ်ကြသော ရဟန်း (၂၅၀) နှစ်ရာ့ငါးဆယ်တို့၏စရိုက်ကို ကြည့်ရှုတော်မူကာ ထိုသူတို့နှင့် သင့်လျော်လျောက်ပတ်သော တရားကို ဇိုးရွဲ့ ဟောကြားတော်မူလေ၏။ (အဂ္ဂသာဝက နှစ်ပါးကို ချန်ထား၍) ကြွင်းသော တပည့်ရဟန်း (၂၅၀) နှစ်ရာ့ငါးဆယ်တို့သည် အရဟတ္တဖိုလ်သို့ ထိုတထိုင်တည်းမှာပင် ဆိုက်ရောက်ကြလေကုန်၏။

အဂ္ဂသာဝက နှစ်ပါးတို့အတွက်ကား အထက်မဂ်သုံးပါးကိစ္စသည် မပြီးဆုံးသေးပဲရှိ၏၊ အကြောင်းကား သာဝကပါရမီဉာဏ်သည် (၁) အဂ္ဂသာဝက ပါရမီဉာဏ်၊ (၂) မဟာသာဝက ပါရမီဉာဏ်၊ (၃) ပကတိသာဝက ပါရမီဉာဏ် ဟူ၍ သုံးပါး ရှိသည့်အနက် ထိုအရှင်မြတ်နှစ်ပါးတို့၏ အဂ္ဂသာဝက ပါရမီဉာဏ်က ကြီးမားပြန့်ကျယ်လှသောကြောင့်တည်း။

http://www.dhammadownload.com



### အရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာဖြစ်ခြင်း

ထို့နောက် အရှင်မဟာမောဂ္ဂလ္လာန်သည် ရဟန်းဖြစ်သည့် နေ့မှ ခုနစ်ရက်မြောက်သောနေ့၌ မဂဓတိုင်း ကလ္လဝါလပုတ္တ ရွာငယ်ကို ဂေါစရဂါမ်ပြု၍ တောအုပ်တခု၌ ရဟန်းတရား ပွါးများ ကြိုးကုတ် အားထုတ်တော်မူလတ်သည်ရှိသော် ခုနစ်ရက်ပတ်လုံး စင်္ကြံကြွကာ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်တော် မူသဖြင့် ကိုယ်တော်ပင်ပန်း နွမ်းနယ်လှသည်ဖြစ်၍ စင်္ကြံစွန်းဝယ် ထိုင်လျက်သား ငိုက်မျဉ်း၍နေတော်မူ၏၊ ထိုသို့ ငိုက်မျဉ်း၍ နေစဉ် မြတ်စွာဘုရားက တရားပြ ထိတ်လန့်စေရကား ထိနမိဒ္ဓကို ပယ်ဖျောက်၍ မြတ်စွာဘုရား နည်းပေးအပ်သည့် ဓာတ်ကမ္မဋ္ဌာန်း ကို နာကြားရလျှင် အထက်မဂ်သုံးပါးကိစ္စကို ပြီးစေ၍ သာဝက ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူလေသည် *။

### အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ခြင်း

အရှင်သာရိပုတ္တရာ မထေရ်သည်လည်း ရဟန်းဖြစ်သောနေ့မှ လခွဲ (၁၅-ရက်) လွန်သောနေ့ (= တပို့တွဲလပြည့်နေ့) ၌ မြတ်စွာ ဘုရားနှင့် အတူတကွ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် သူကရခတ လိုဏ် (= ဝက်တူးလိုဏ်) ၌ နေတော်မူစဉ် မိမိ၏တူဖြစ်သော ဒီဃနခ ပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟသုတ္တန်ခေါ်သည့် (မဇ္ဈိမ- နိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ ၃-ပရိဗ္ဗာဇကဝဂ်လာ) ၄-ဒီဃနခသုတ် ကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်ရှိသော် သုတ္တန်ကို အစဉ်လျှောက်သဖြင့် မိမိဉာဏ်ကို စေလွှတ်ကာ ဝေဒနာကမ္မ- ဋ္ဌာန်း စီးဖြန်းနှလုံးသွင်းတော်မူ၍ သူတပါးအတွက် ခူးထားသော ထမင်းပွဲကို သုံးဆောင်စားသောက်သောသူကဲ့သို့ သာဝကပါရ- မီဉာဏ် အထွတ်အထိပ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော် မူလေသည်၊ ကဆယ့်ခြောက်ပါးသော ဉာဏ်ပညာတို့ကိုလည်း

---

* ဤအကြောင်းအကျယ်ကို အင်္ဂုတ္တရနိကာယ၊ သတ္တကနိပါတ၊ ၆-အဗျာ- ကတဝဂ်၊ ၈-ပစလာယမာနသုတ် ပိဋကတ် မြန်မာပြန်နှင့် ၎င်းအဋ္ဌကထာတို့ကို ကြည့်ရှုရာ၏။

http://www.dhammadownload.com



ထိုးထွင်းရမိ သိရှိလေသည်။ (တူဖြစ်သော ဒိဿနခပရိဗိုဇ်ကား သောတာပတ္တိဖိုလ်သို့ရောက်၍ သရဏဂုံတည်သူ ဖြစ်လေသည်။)

[ဤ၌။ ။အရှင်သာရိပုတ္တရာသည် ပညာကြီးသူ ဖြစ်တော်မူပါလျက် အဘယ့်ကြောင့် အရှင်မဟာမောဂ္ဂလာန်၏ နောက်ကျမှ ရဟန္တာဖြစ်ရသနည်းဟု မေးဖွယ်ရှိ၏။ အကျဉ်းချုပ်အဖြေကား—အရှင်သာရိပုတ္တရာ၏ ဝိပဿနာပရိကံက အရှင်မဟာမောဂ္ဂလာန်၏ ဝိပဿနာပရိကံထက် ကြီးကျယ် များပြားလှသောကြောင့် နောက်ကျမှ ရဟန္တာဖြစ်ရသည်၊ ဤကား အကျဉ်းအဖြေတည်း။ ထင်ရှားစေဦးအံ့—ဆင်းရဲသားများ အရပ်တပါးသို့ ခရီးသွားလိုကြသော် အဆောင်အယောင် အခမ်းအနား မကြီးကျယ် နည်းပါးသဖြင့် လျင်မြန်စွာ ထွက်နိုင်ကြ၏။ ပြည့်ရှင်မင်းများ ခရီးထွက်လိုကြသော်ကား ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ် အစရှိသော အဆောင်အယောင် အခမ်းအနားများ ကြီးကျယ်လွန်းလှသဖြင့်(ရှင်ဘုရင်တခါထွက် ပဲကြီးတလှေချက်ဟူသော စကားပုံအတိုင်း) လျင်မြန်စွာ မထွက်နိုင်တည့်ကြပဲ အလွန်ကြာမြင့်မှ ထွက်နိုင်ကြသကဲ့သို့ ဤအရာ၌ ဤဥပမာအတိုင်းပင် မှတ်ယူရာ၏။

သိသာအောင် ထပ်မံချဲ့ထွင်ဦးအံ့—ဤအရာ၌ ဘုရားအလောင်းတော်များ, ပစ္စေကဗုဒ္ဓါ အလောင်းအလျာများ, သာဝကဗောဓိ အလောင်းအလျာများ၏ ဝိပဿနာရှုရာ ရုပ်နာမ်ဓမ္မသင်္ခါရတရားအစုကို သမ္မသနစာရ ဟူ၍လည်း ခေါ်၏=အနိစ္စ ဒုက္ခ အနတ္တ ဟု ဆင်ခြင်သုံးသပ်သော ဉာဏ်၏ ကျက်စားရာ တရားအစုဟု ဆိုလိုသည်။ ဝိပဿနာဘူမိဟူ၍လည်း ခေါ်၏ =ဝိပဿနာဉာဏ်၏ ဖြစ်ရာတရားအစုဟု ဆိုလိုသည်။

ထိုအလောင်းအလျာသုံးမျိုးတို့အနက်—

**(၁) သမ္မာသမ္ဗောဓိ အလောင်းအလျာ** (=ဘုရားအလောင်းတော်) တို့သည် စကြာဝဠာတိုက်ပေါင်း ကုဋေတသိန်း အတွင်း၌ရှိကြသော သတ္တဝါတို့သန္တာန်၌ တည်ရှိသည့် ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့ကိုရင်း,အနိန္ဒြိယဗဒ္ဓမျိုးဖြစ်သည့် ဗဟိဒ္ဓသင်္ခါရ တရားတို့ကိုရင်း အနိစ္စ ဒုက္ခ အနတ္တ ဟု လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်သုံးသပ်တော်မူကြကုန်၏။

**(၂) ပစ္စေကဗောဓိ အလောင်းအလျာ** (=ပစ္စေကဗုဒ္ဓါအလောင်းတော်) တို့သည် မိမိသန္တာန်၌ဖြစ်သော သင်္ခါရတရားများ ဇမ္ဗူဒိပ်

http://www.dhammadownload.com



ကျွန်းသား (တနည်း မဗ္ဗိမတိုက်သား) သတ္တဝါတို့ သန္တာန်၌ဖြစ်သော သင်္ခါရတရားများနှင့် အနိန္ဒြိယဗဒ္ဓမျိုးဖြစ်သည့် ဗဟိဒ္ဓသင်္ခါရ တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်သုံးသပ်တော်မူကြကုန်၏။

(၃) သာဝကဗောဓိ အလောင်းအလျာ (=အဂ္ဂသာဝက အလောင်း, မဟာသာဝကအလောင်း, ပကတိသာဝက အလောင်းတော်) တို့သည်ကား မိမိသန္တာန်၌ဖြစ်သော သင်္ခါရတရားတို့ကိုရင်း, သူတပါးသန္တာန်၌ဖြစ်သော သင်္ခါရတရားတို့ကိုလည်း ပုဂ္ဂိုလ်သန္တာန် ခွဲဝေမှုမပြုပဲ ဗဟိဒ္ဓ၏ အဖြစ်ဖြင့် တူသောကြောင့် တပေါင်းတည်းပြု၍ရင်း အနိစ္စ ဒုက္ခ အနတ္တ ဟု လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်သုံးသပ်တော်မူကြကုန်၏။

အရှင်မဟာမောဂ္ဂလာန် မထေရ်သည် မိမိသန္တာန်၌ဖြစ်သော သင်္ခါရတရား, သူတပါး သန္တာန်၌ဖြစ်သော သင်္ခါရတရားတို့ကို တရားလုံးစေ့ မဟုတ်ပဲ အချို့ အချို့သော သင်္ခါရတရားတို့ကိုသာ လိုရင်းထုတ်၍ ထုတ်၍ အနိစ္စ ဒုက္ခ အနတ္တ ဟု လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်သုံးသပ်တော်မူသည်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်ကား ရှေးဖော်ပြရပါ သာဝကဗောဓိ အလောင်းအလျာတို့၏ ဝိပဿနာဉာဏ်ဖြစ်ပွါးရာ သင်္ခါရတရားတို့ကိုပင် လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်သုံးသပ်တော်မူရာဝယ် အရှင်မဟာမောဂ္ဂလာန်ထက် သာလွန်၍ တရားအလုံးစုံကို တရားလုံး တခုစီတခုစီ ထုတ်၍ထုတ်၍ ဝိပဿနာရှု ဆင်ခြင်တော်မူလေသည်။

သို့ရကား အရှင်မဟာမောဂ္ဂလာန် မထေရ်သည် သာဝကတို့၏ သမ္မသနစာရခေါ်သော သင်္ခါရတရားအစုကို တောင်ဝှေးစွန်း (=တောင်ဝှေးထိပ်)ဖြင့် မြေ၌ ထောက်၍ ထောက်၍ သွားသောသူသည် မြေကြီး တစိတ်တဒေသကိုသာ ထောက်မိသကဲ့သို့ (မထောက်မိသော မြေကြီးကသာ များသကဲ့သို့) တစိတ်တဒေသဖြစ်သော သင်္ခါရတရားအစုကို သုံးသပ်ဆင်ခြင်တော်မူလျက် ခုနစ်ရက်မျှ ကာလပတ်လုံးအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်ကား ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်းတို့၏ သမ္မသနစာရ တရားအစုကိုထား၍ သာဝကတို့ဆိုင်ရာ သမ္မသနစာရခေါ်သော သင်္ခါရတရားအစုကို အကြွင်းအကျန်မရှိ သုံးသပ် ဆင်ခြင်တော်မူလျက် တဆယ့်ငါးရက်ကြာ ကာလပတ်လုံး

http://www.dhammadownload.com



အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးလျှင်ပင် "ဘုရားမြတ်စွာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ထား၍ ငါပညာဖြင့် ဆိုက်ရောက်အပ်သော တရားကို ငါနှင့်ရည်တူ ဆိုက်ရောက်ခြင်းငှါ စွမ်းနိုင်သည့် အခြားသာဝကတပါး မရှိ" ဟူ၍ ရဲရဲတောက် သိမြင်တော်မူလေသည်။

ဥပမာအားဖြင့် —— ဝါးတောင်ဝှေး ခုတ်ယူ လိုသော ပဌမယောကျ်ားသည် ရှုပ်ထွေးယှက်ရှုံနေသော ဝါးချုံကြီးကို တွေ့မြင်လတ်သော် "အရှုပ်အထွေးတို့ကို ဖြတ်တောက်ခုတ်ရှင်း၍ အတွင်းမှ အကောင်းကိုသာ ရွေးထုတ်ခုတ်ယူနေလျှင် အချိန်ကြာမြင့်နေလိမ့်မည်" ဟု အောက်မေ့ကာ ဝါးချုံအတွင်း လက်ကို သွင်းပြီးလျှင် လက်လှမ်းမှီသော တောင်ဝှေးကိုသာ အရင်းအဖျား ဖြတ်၍ ယူဆောင်ကာ သွားလေရာ၏။ ထိုယောကျ်ားသည် ရှေးဦးစွာ တောင်ဝှေးကို ရယူ၍ သွားသော်လည်း တောင်ဝှေး ကောင်းကောင်းခိုင်ခိုင် ဖြောင့်ဖြောင့်ကိုမူ မရနိုင်။ အခြားဒုတိယမြောက် တောင်ဝှေးခုတ်ယူလိုသော ယောကျ်ားသည်ကား ရှုပ်ထွေး ယှက်ရှုံနေသော ဝါးချုံကြီးကိုပင် တွေ့မြင်လတ်သော် "အကယ်၍ လက်လှမ်းမှီသော တောင်ဝှေးကိုသာ အရင်းအဖျား ဖြတ်၍ ယူဆောင်သွားလျှင် တောင်ဝှေး ကောင်းကောင်း ခိုင်ခိုင် ဖြောင့်ဖြောင့်ကို ရလိမ့်မည်မဟုတ်" ဟု အောက်မေ့ကာ အောက်ပိုး (=ခါးတောင်း) ကျိုက်ပြီးလျှင် ထက်လှစွာသော ဓားဖြင့် ဝါးရှုံ အရှုပ်အထွေးကို ဖြတ်၍ တောင်ဝှေး ကောင်းကောင်း ခိုင်ခိုင် ဖြောင့်ဖြောင့်ကိုသာ ရွေးနုတ်ခုတ်ယူကာ သွားလေရာ၏။ ဤဒုတိယ ယောကျ်ားသည် နောက်မှ တောင်ဝှေးကို ရယူ၍ သွားသော်လည်း တောင်ဝှေး ကောင်းကောင်းခိုင်ခိုင် ဖြောင့်ဖြောင့်ကိုသာ ရယူသကဲ့သို့ ဤဥပမာအတိုင်းပင် ဤအဂ္ဂသာဝက မထေရ်မြတ်နှစ်ပါးတို့၏ အရဟတ္တမဂ်ဖိုလ်ကို ရခြင်းကို မှတ်ယူရာ၏။ ပဌမယောကျ်ား၏ တောင်ဝှေးကို ခုတ်ယူခြင်း အလျင်လက်ဦး တောင်ဝှေးကို ရယူခြင်းနှင့် အရှင်မဟာမောဂ္ဂလာန်၏ ပဓာနအလုပ် အားထုတ်ခြင်း အရဟတ္တမဂ်ဖိုလ်ကို ရယူခြင်းတို့ တူ၏။ ဒုတိယယောကျ်ား၏ စိတ်ရှည်လက်ရှည် ဆေးလေးစွာ တောင်ဝှေးကို ခုတ်ယူခြင်း နောက်မှ တောင်ဝှေး ကောင်းကောင်းခိုင်ခိုင် ဖြောင့်ဖြောင့်ကို ရယူခြင်းနှင့် အရှင်သာရိပုတ္တရာ၏ ဆေးလေးစွာ တဆယ့်ငါးရက်ကြာ ပဓာနအလုပ် အားထုတ်ခြင်း သာဝကပါရမီဉာဏ် အထွတ်အထိပ်ရောက် အရဟတ္တမဂ်ကို ရယူခြင်းတို့ တူ၏။

http://www.dhammadownload.com



### အဂ္ဂသာဝကနှစ်ပါးတို့၏ ပဋိပဒါအထူး

အရှင်မဟာမောဂ္ဂလာန်၏ အောက်မဂ်သုံးပါးတို့သည် သုခပဋိပဒါ ဒန္ဓာဘိညာ (=နိဝရဏတို့ကို လျင်မြန်လွယ်ကူစွာ ပယ်နိုင်၍ ထို၏အထက် မဂ်သို့ရောက်ဆိုက်ရန် ဝိပဿနာ အသိဉာဏ်တို့ကား နှေးကန်ဆေးလေးသော ဝိပဿနာဉာဏ်ရှိကြသည့်) အောက်မဂ်တို့ ဖြစ်ကုန်၏။ အရဟတ္တမဂ်သည် ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ (=နိဝရဏတို့ကို ခဲယဉ်းငြိုငြင်စွာ ပယ်ရ၍ ထို၏ အထက် အရဟတ္တမဂ်သို့ ရောက်ဆိုက်ရန် ဝိပဿနာ အသိဉာဏ်တို့ကား လျင်မြန်ထက်မြက်သော ဝိပဿနာဉာဏ်ရှိသည့်) အရဟတ္တမဂ် ဖြစ်လေသည်။

တရားစစ်မှူးဖြစ်သော အရှင်သာရိပုတ္တရာ၏ အောက်မဂ်သုံးပါးတို့သည် (အရှင်မောဂ္ဂလာန်နှင့် အလားတူပင်) သုခပဋိပဒါဒန္ဓာဘိညာ အောက်မဂ်တို့ဖြစ်ကုန်၏။ အရဟတ္တမဂ်သည်ကား သုခပဋိပဒါခိပ္ပါဘိညာ (=နိဝရဏတို့ကိုလည်း လွယ်ကူစွာပယ်နိုင်၍ ထို၏အထက် အရဟတ္တမဂ်သို့ ရောက်ဆိုက်ရန် ဝိပဿနာ အသိဉာဏ်တို့သည်လည်း လျင်မြန်ထက်မြက်သော ဝိပဿနာဉာဏ်တို့ရှိသည့်) အရဟတ္တမဂ် ဖြစ်လေသည်။

ဤကား မထေရ် မြတ်ကြီးနှစ်ပါးတို့၏ ပဋိပဒါ အထူးတည်း။ [အံ ဋ္ဌ ၂၊ မျက်နှာ ၃၄၅၊ ပဋိပဒါဝဂ် ၇-၈-သုတ်အဖွင့်မှ]။

### အင်္ဂါလေးပါးရှိသော သာဝက သန္နိပါတ်ကြီး တကြိမ်ဖြစ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဤ"ဝေဒနာပရိဂ္ဂဟသုတ္တန်" ခေါ်သည့် ဒီဃနခသုတ္တန် (မ-၂၊၁၆၅)ကို နေမဝင်မီပင် ပြီးဆုံးအောင် ဟောတော်မူ၍ ဂိဇ္ဈကုဋ်တောင်မှ သက်ဆင်းတော်မူခဲ့၍ ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်ပြီးလျှင်—

(၁) တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊

(၂) မည်သူတဦး တယောက်မျှ ပင့်ဖိတ်အပ်သည်မဟုတ်ပဲ မိမိတို့ ဓမ္မတာ အတိုင်း ရဟန်းပေါင်း (၁၂၅၀) တထောင်နှစ်ရာ ငါးကျိပ် (ဥရုဝေလကဿပညီနောင် ရဟန်းတထောင်နှင့် အဂ္ဂသာဝကကြီးနှစ်ပါးတို့အဖွဲ့မှ နှစ်ရာ့ငါးကျိပ်)တို့ စည်းဝေးမိခြင်း၊

http://www.dhammadownload.com



(၃) ထို (၁၂၅၀) တထောင်နှစ်ရာငါးကျိပ်သော ရဟန်းအားလုံးပင် ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ခြင်း၊

(၄) ထို ရဟန်းအားလုံးပင် ဆဠဘိညာ (＝အဘိညာဏ်ခြောက်ပါး ရရှိကြသည့်) ရဟန္တာချည်းဖြစ်ခြင်း၊

ဤ အင်္ဂါလေးပါးနှင့် ပြည့်စုံသော သာဝကသန္နိပါတ (＝သာဝက အစည်းအဝေးကြီး) ကို ပြုတော်မူပြီးလျှင် အရှင်သာရိပုတ္တရာ မထေရ်နှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးနှစ်ပါးတို့အား အဂ္ဂသာဝကရာထူးကို အပ်နှင်းပေးသနားတော်မူ၍ ထိုနေ့မှာပင် ဘုရားတကာ မစွန့်ရာသော ဩဝါဒပါတိမောက်ကို ပြတော်မူလေသည်။

### တရားပွဲကြီး သုံးကြိမ်

ရှေး (ပဌမတွဲလာ) နှစ်ကျိပ်လေးဆူ ဗုဒ္ဓဝင်အခဏ်း၌ ဘုရားရှင်တို့၏ ဓမ္မာဘိသမယ ခေါ်သော တရားပွဲကြီးများ သုံးကြိမ်ဖြစ်သကဲ့သို့ ဤ အကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွတ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားမှာလည်း အထူး မှတ်တမ်းတင်ယူအပ်သည့် ဓမ္မာဘိသမယခေါ်သော တရားပွဲကြီးများ သုံးကြိမ်ပင် ဖြစ်ခဲ့လေသည်၊ သုံးကြိမ်ဟူသော်ကား—

(၁) ရှေး၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ဘုရားဖြစ်ပြီးနောက် မိဂဒါဝုန်တောသို့ ကြွရောက်၍ ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောကြားတော်မူသောအခါ အရှင်ကောဏ္ဍည မထေရ်သည် မြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဤကား ရှေးဦးစွာ လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟုဆိုအပ်သော ပဌမ ဓမ္မာဘိသမယ ＝ပဌမ တရားပွဲကြီး တည်း။)

(၂) နောက်အခါ မဟာမင်္ဂလာ အခါတော်နေ့၌ စကြဝဠာပေါင်း တိုက်တသောင်းမှ ခညောင်းရောက်ဆိုက်လာကြသော

http://www.dhammadownload.com



နတ်လူအပေါင်းတို့၏အလယ်၌ မင်္ဂလသုတ္တန်ကို ဟောကြားပြီးဆုံးသောအခါ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြကုန်လတ္တံ့။

(ဤကား နှစ်ကြိမ်မြောက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟုဆိုအပ်သော ဒုတိယ ဓမ္မာဘိသမယ =နှစ်ကြိမ်မြောက် တရားပွဲကြီး တည်း။)

(၃) တဖန် နောက်အခါ အရှင်ရာဟုလာကို စူဠရာဟုလောဝါဒသုတ္တန် (မ-၃၊၃၂၄။ သံ-၂၊၃၂၄)ကို ဟောတော်မူသောအခါ အရှင်ရာဟုလာနှင့်တကွ ထောင်ပေါင်းများစွာ နတ်ဗြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြကုန်လတ္တံ့။

(ဤကား သုံးကြိမ်မြောက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟုဆိုအပ်သော တတိယ ဓမ္မာဘိသမယ =သုံးကြိမ်မြောက် တရားပွဲကြီး တည်း။)

### သာဝကသန္နိပါတ တကြိမ်

အကျွန်ုပ်တို့၏ သုံးလောကထွတ်ထား သဗ္ဗညူမြတ်စွာဘုရားမှာ ရှေး (စာမျက်နှာ-၁၈) ၌ ဖော်ပြအပ်ပြီးသည့်အတိုင်း အင်္ဂါ လေးပါးရှိသော သာဝက အစည်းအဝေးကြီး တကြိမ်သာ ဖြစ်လေသည်။

ထိုအစည်းအဝေး၌ပင် မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပဌမဆုံးအကြိမ် ပြတော်မူသည်။

### ပါတိမောက်နှစ်ပါး အကြောင်း

ထိန်းသိမ်းစောင့်ရှောက် လိုက်နာသူကို အပါယ်ဒုဂ္ဂတိဘေးစသည်မှ လွတ်မြောက်စေတတ်သောကြောင့် မြတ်စွာဘုရားတို့၏ အကျဉ်းချုပ် အဆုံးအမ ဩဝါဒနှင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို **ပါတိမောက်** ဟူ၍ ခေါ်၏။ ထိုပါတိမောက်

http://www.dhammadownload.com



သည် (၁) ဩဝါဒပါတိမောက်၊ (၂) အာဏာပါတိမောက် ဟူ၍ နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် (၁) ဩဝါဒပါတိမောက်ကို မြတ်စွာဘုရား တို့သာလျှင် ပြတော်မူ ဟောတော်မူကြကုန်၏၊ ထိုမြတ်စွာဘုရား များသာ ပြတော်မူကြ ဟောတော်မူကြသည့် ဩဝါဒပါတိမောက် ဒေသနာမှာ "ခန္တီ ပရမံ တပေါ တိတိက္ခာ" အစရှိသော သုံးဂါထာတို့ပင် ဖြစ်ကုန်၏။ ဘုရားရှင်တိုင်းပင် ဤဩဝါဒ သုံးဂါထာဖြင့် ပါတိမောက်ကို ပြတော်မူကုန်၏၊ တရားဒေသနာ ဂါထာ အထူးအပြားကား မရှိ၊ ပြတော်မူသည့် ကာလ အထူး အပြားသာရှိသည်။ ရှိပုံမှာ—

ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တကြိမ် ခုနစ်နှစ်တကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူ၏၊ တကြိမ် ပေးလိုက်သော ဩဝါဒသည် ခုနစ်နှစ်စာ ဆိုးမပြီးသား ဖြစ်လေ၏။ သိခီမြတ်စွာ ဘုရား, ဝေဿဘူ မြတ်စွာဘုရားတို့သည် ခြောက်နှစ် တကြိမ် ခြောက်နှစ် တကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူကုန်၏။ ကကုသန်မြတ်စွာဘုရား,ကောဏာဂုံမြတ်စွာဘုရားတို့သည် တနှစ် တကြိမ် တနှစ်တကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူကုန်၏။ ကဿပမြတ်စွာဘုရားသည် ခြောက်လတကြိမ် ခြောက်လတကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။ ထိုကဿပမြတ်စွာဘုရား၏ တကြိမ်ပေးလိုက်သော ဩဝါဒသည် ခြောက်လစာဆိုးမပြီးသား လုံလောက်ပြီးသားဖြစ်လေ၏ ။*

ဤဩဝါဒပါတိမောက်နှင့်စပ်၍ ဝိနည်းအဋ္ဌကထာ ပဌမအုပ်၊ ဝေရဉ္စကဏ္ဍအဖွင့် စာမျက်နှာ ၁၅၃-၄- တို့၌ ဖွင့်ပြချက်ကို ထုတ်ဖော်ပြဆိုဦးအံ့၊ ရှေးဘုရားရှင်တို့သည် ဩဝါဒပါတိမောက် ကိုသာ ပြတော်မူကုန်၏၊ (ထိုဩဝါဒပါတိမောက်ကိုလည်း လခွဲ တကြိမ် ပြသည်မဟုတ်)။ ချဲဦးအံ့.... ဝိပဿီမြတ်စွာဘုရားသည်

---

*ဤစကား ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် အာနန္ဒတ္ထေရပဉှဝတ္ထု၊ အဖွင့်၌လာသော စကားရပ်တည်း။

http://www.dhammadownload.com



ခြောက်နှစ် ခြောက်နှစ် ပြည့်သောနေ့၌ တကြိမ် တကြိမ် ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏၊ ထိုဩဝါဒပါတိမောက်ကိုလည်း ကိုယ်တော်တိုင်သာ ပြတော်မူ၏၊ သာဝက ရဟန်းတော်များ သည်ကား မိမိတို့နေထိုင်ရာ ကျောင်းတိုက်အရံ၌ မပြကြကုန်၊ ဇမ္ဗူဒိပ်တကျွန်းလုံးတွင် ဗန္ဓုမတီပြည်အနီး သားကောင်တို့အား ဘေးမဲ့ပေးရာ ခေမ မည်သော ဥယျာဉ်ကြီးအတွင်း ဝိပဿီ မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရာ ကျောင်းတိုက်ကြီး အတွင်း၌သာလျှင် ရှိသမျှ ရဟန်းသံဃာအားလုံး တစုတည်း သံဃဥပုသ်ကို ပြုတော်မူကြ၏။

ထိုဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါ၌ ဇမ္ဗူဒိပ်ကျွန်း အပြင်မှာ ကျောင်းဘိုက်ပေါင်း (၈၄၀၀၀) ရှစ်သောင်းလေး ထောင်ရှိ၏၊ ကျောင်းတိုက် တတိုက်တတိုက်၌ ဝိသဘာဂပုဂ္ဂိုလ် တို့နှင့် မရောမပြွမ်း စင်ကြယ်စွာသော ရဟန်းပေါင်း တသောင်း နှစ်သောင်းတို့ နေထိုင်ကြကုန်၏၊ ထို့ထက်အလွန်လည်း နေထိုင် ကြကုန်၏။ ဥပုသ်ပြောကြားကြသည့် နတ်များတို့သည် ရဟန်း တော်တို့ သီတင်းသုံးနေထိုင်ရာ ထိုထိုကျောင်းကိုက်သို့ သွား ရောက်ကြ၍ (တနှစ် တနှစ်လွန်လျှင် တကြိမ် တကြိမ်) "ဆင်းရဲ ကင်းဟောာ်မူကြသော အရှင်မြတ်တို့.... တနှစ် လွန်ခဲ့ပါပြီ၊ နှစ်နှစ်- သုံးနှစ်-လေးနှစ်-ငါးနှစ် လွန်ခဲ့ပါပြီ၊ ဤယခုနှစ်ကား ခြောက်နှစ် မြောက်နှစ် ဖြစ်ပါသည်၊ လာလတ္တံ့သော လပြည့်နေ့၌ မြတ်စွာ ဘုရားကို ရှိသေလေးမြတ် ဆည်းကပ်ဖူးမြင်ခြင်းငှါလည်း, ဥပုသ် ပြုခြင်းငှါလည်း သွားရောက်ကြရပါမည်၊ အရှင်တို့၏ စည်းဝေး ရမည့်အချိန်ကာလ ဆိုက်ရောက်ခဲ့ပါပြီ"ဟု လျှောက်ထားပြောဆို ကြကုန်၏။

ထိုအခါ တန်ခိုးအာနုဘော်ရှိသော ရဟန်းတို့သည် မိမိ မိမိ တို့၏ တန်ခိုးအာနုဘော်ဖြင့် ဝိပဿီမြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူရာ ခေမမိဂဒါဝုန် ကျောင်းတိုက်သို့ ကြွသွားကြ ကုန်၏။ တန်ခိုးအာနုဘော်မရှိသော ရဟန်းတို့ကား နတ်တို့၏ အာနုဘော်ဖြင့် ကြွသွားကြကုန်၏၊ ကြွသွားကြပုံမှာ—ထိုတန်ခိုး

http://www.dhammadownload.com



အာနုဘော် မရှိသော ရဟန်းတို့သည် မိမိတို့၏ နေထိုင်ရင်း ဖြစ်သည့် အရှေ့သမုဒြာအနီး ကျောင်းတိုက်, အနောက်သမုဒြာ အနီး ကျောင်းတိုက်, မြောက်သမုဒြာ အနီး ကျောင်းတိုက်, တောင်သမုဒြာအနီးကျောင်းတိုက် အသီးသီးတို့၌ နေထိုင်ကြကုန်ရင်း ခရီးသွား ရဟန်းတို့ ပြုလုပ်ရမည့် ကျောင်းအိပ်ရာ နေရာကို သုတ်သင်ခြင်းအစရှိသောဝတ်များကို ပြည့်စုံအောင် ပြုလုပ်ကြပြီးလျှင် သပိတ်သင်္ကန်းများကို ယူဆောင်၍"သွားကြတော့အံ့"ဟူ၍ စိတ်အကြံဖြစ်သည်နှင့်တပြိုင်နက် (နတ်တို့၏အာနုဘော်ကြောင့်) ဥပုသ်အိမ်သို့ ရောက်ရှိပြီးသားဖြစ်ကြကာ ဝိပဿီမြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးထိုင်နေကြကုန်၏။

ဝိပဿီမြတ်စွာဘုရားသည်လည်း ရဟန်းပရိသတ် အစုံအညီ အစည်းအဝေးတွင် ဤဆိုလတ္တံ့သော ဩဝါဒ ပါတိမောက်ကို ပြတော်မူ ဟောတော်မူ၏။

(၁) ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

တိတိက္ခာ = တိတိက္ခာဟု ဆိုအပ်သော။ ခန္တီ = အဓိဝါသန ခန္တီတရားသည် (သူတပါးတို့စွပ်စွဲခြင်း ပြစ်မှားခြင်း အချမ်းအပူ အစရှိသည်ကို မျက်နှာမန္ဒမ်း ခံနိုင်စွမ်းရှိမှု တည်းဟူသော ဝီရိယ (တနည်း-ဝီရိယခေါင်းဆောင်သော စိတ္တုပ္ပါဒ်) ကို အဓိဝါသန ခန္တီဟူ၍ ခေါ်သည်)။ ပရမံ = မြတ်သော။ တပေါ = အကျင့် တည်း။ နိဗ္ဗာနံ = တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်တရားကို။ ပရမံ = မြတ်၏ ဟူ၍။ ဗုဒ္ဓါ = ဘုရားရှင်တို့သည်။ ဝဒန္တိ = ဟောတော်မူကုန်၏။ ပရူပဃာတီ = သူတပါးကို သတ်ဖြတ်လေ့ ရှိသောသူသည်။ ပဗ္ဗဇိတော = ရဟန်းသူမြတ်သည်။ န ဟောတိ = မဖြစ်။ ပရံ = သူတပါးကို။ ဝိဟေဌယန္တော = ညှဉ်းပန်း နှိပ်စက်သော သူသည်။ သမဏော = ကိလေသာခပ်သိမ်းကို ငြိမ်းအေးစေတတ် ရဟန်းမြတ်သည်။ န ဟောတိ = မဖြစ်။

http://www.dhammadownload.com



(၂) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ = အပြစ်ရှိငြား ခပ်သိမ်းသော အကုသိုလ်တရားကို။ အကရဏံ = မပြုလုပ်ခြင်း (ဝါ) မဖြစ်စေခြင်းငှင်း။ ကုသလဿ = အပြစ်မဲ့ငြား စတုဘူမိက ကုသိုလ်တရားကို။ ဥပသမ္ပဒါ = ပြည့်စုံစေခြင်းငှင်း။ သစိတ္တပရိယောဒပနံ = နီဝရဏငါးပါး ညစ်ညူးကြောင်းတရားတို့ကို ပယ်ရှားသုတ်သင် မိမိစိတ်ကို ဖြူစင်စေခြင်းငှင်း။ ဧတံ = ဤတရား သုံးပါးသည်။ ဗုဒ္ဓါနံ = အဆူဆူသောဘုရားရှင်တို့၏။ သာသနံ = အဆုံး အမ ဩဝါဒ အနုသာသနီပေတည်း။ (သီလသံဝရဖြင့် ခပ်သိမ်းသော အကုသိုလ်တရားကို ပယ်ရှား၍ လောကီလောကုတ္တရာ သမထဝိပဿနာဘာဝနာဖြင့် စတုဘူမိကကုသိုလ်တရားကို ပြည့်စုံစေပြီးလျှင် အရဟတ္တဖိုလ်ဖြင့် မိမိစိတ်ကို အပြီးတိုင် ဖြူစင်စေရမည်၊ ဤကား ဘုရားရှင်တိုင်း၏ အဆုံးအမဩဝါဒ အနုသာသနီ ဖြစ်ပေသည်ဟု ဆိုလိုသည်)။

(၃) အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

အနူပဝါဒေါ = သူတပါးကို ကိုယ်တိုင်လည်း မစွပ်စွဲခြင်း, သူ့ကိုလည်း မစွပ်စွဲစေခြင်းငှင်း (ဝါစသိကသီလကို ဟောတော်မူသည်)။ အနူပဃာတော = သူတပါးကို ကိုယ်တိုင်လည်း မညှဉ်းပန်း မနှိပ်စက် မသတ်ဖြတ်ခြင်း,သူ့ကိုလည်း မညှဉ်းပန်းစေ မနှိပ်စက်စေ မသတ်ဖြတ်စေခြင်းငှင်း (ကာယိကသီလကို ဟောတော်မူသည်)။ ပါတိမောက္ခေ = အကြီးအကဲပါမောက္ခ မြတ်သော သီလ၌။ သံဝရော စ = အပြစ်မလိမ်းအောင် ထိန်းသိမ်းစောင့်

http://www.dhammadownload.com



စည်းခြင်းငှာ (ပါတိမောက္ခသံဝရသီလနှင့် ဣန္ဒြိယသံဝရသီလ နှစ်ပါးကို ဟောတော်မူသည်)။ ဘတ္တသ္မိံ = ဆွမ်းပစ္စည်း၌။ မတ္တညုတာ စ = ခံယူသုံးဆောင်မှုဝယ် အတိုင်းအရှည်ကို သိခြင်းငှာ (အာဇီဝပါရိသုဒ္ဓိသီလနှင့် ပစ္စယသန္နိဿိတ သီလနှစ်ပါးကို ဟောတော်မူသည်)။ ပန္တဉ္စ သယနာသနံ = လူနှင့်ဝေးကွာ ဆိတ်ငြိမ်ရာတောကျောင်း၌ ကိန်းအောင်းမွေ့လျော် နေစံပျော်ခြင်းငှာ (သပ္ပါယသေနာသနကို ဟောတော်မူသည်)။ အဓိစိတ္တေ = ဝိပဿနာဉာဏ်၏ အခြေခံပါဒက ရှစ်ဝသောသမာပတ် အဓိစိတ္တသိက္ခာမြတ်၌။ အာယောဂေါ = မပြတ်ကြိုးကုတ်အားထုတ်ခြင်းငှာ။ ဧတံ = ဤသည့်ခြောက်ပါး တရားအစုသည်။ ဗုဒ္ဓါနံ = အဆူဆူသော ဘုရားရှင်တို့၏။ သာသနံ = အဆုံး အမဩဝါဒအနုသာသနီပေတည်း။ (ဤဂါထာဖြင့် သိက္ခာသုံးပါးကို အကျဉ်းချုပ်ဟောကြားတော်မူသည်)။

ဤနည်းအတိုင်းပင် သိခီဘုရားရှင် အစရှိသော အခြားသော ဘုရားရှင်တို့သည်လည်း ဩဝါဒပါတိမောက်ကို ပြတော်မူ ဟောတော်မူကြကုန်၏။ တရားဒေသနာ ဂါထာအထူးအပြား မရှိ၊ ပြတော်မူရာကာလ အထူးအပြားသာ ရှိကြောင်း ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ဓမ္မပဒအဋ္ဌကထာ၌ ဖွင့်ပြသည်။

ဤသုံးဂါထာတို့သည်သာလျှင် ခပ်သိမ်းသော ဘုရားရှင်တို့၏ ဩဝါဒပါတိမောက်ဂါထာတို့ ဖြစ်ကုန်၏။ ထိုဩဝါဒပါတိမောက် သုံးဂါထာတို့ကို သက်တော်ရှည် မြတ်စွာဘုရားတို့သည် သာသနာအဆုံးတိုင် ပြတော်မူကုန်၏။ အသက်တမ်း တိုတောင်းတော်မူကြသည့် ဘုရားရှင်တို့သည်ကား ပဌမဗောဓိခေါ်သော ရှေ့ပိုင်းနှစ်ပရိစ္ဆေဒကာလအတွင်း၌သာ ပြတော်မူကုန်၏။ ထိုသက်တမ်း တိုတောင်းတော်မူကြသည့် မြတ်စွာဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်သောအခါမှစ၍ ဩဝါဒပါတိမောက်ကို ပြတော်မမူကြကုန်။ တပည့်ရဟန်းတို့သည်သာလျှင် (၂) အာဏာပါတိမောက် ခေါ်သော ဝိနည်းသိက္ခာပုဒ်များကို ၁၅-ရက် တပက္ခတကြိမ် ပြတော်မူကြကုန်၏၊ (ဤအာဏာပါတိမောက်ကို မြတ်စွာဘုရား

http://www.dhammadownload.com



များ ပြတော်မမူကြကုန်)။ ထို့ကြောင့် အကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားသည်လည်း ပဌမဗောဓိ ခေါ်သော ရှေ့ပိုင်း ဝါနှစ်ဆယ်အတွင်း၌သာလျှင် ဩဝါဒပါတိမောက်ကို ပြတော်မူသည်၊ (ဝိနည်း အဋ္ဌကထာ ပဌမအုပ်စသည်မှ)။

## မြတ်စွာဘုရားကို နေပြည်တော်သို့ ကြွရောက်ရန် သုဒ္ဓေါဒနမင်းကြီး အမတ်များကို စေလွှတ်ပင့်ဆောင်ခြင်း

အချိန်အားဖြင့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ပြာသိုလပြည့်ကျော် အချိန်ကာလ၌ ဖြစ်လေသည်။ မြတ်စွာဘုရားသည် (ရှေးအခဏ်း ၁၅-၌ ပြဆိုအပ်ပြီးအတိုင်း) ကိုယ်တော်ထံမှောက်သို့ လာရောက်ချဥ်းကပ်ကြသော လူနတ်မြဟ္မာသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး နေထိုင်တော်မူကာ အချို့သော ဝေနေယျသတ္တဝါတို့ကို သရဏဂုံသီလ၌ တည်စေ၍၎င်း,အချို့သော ဝေနေယျသတ္တဝါတို့ကို အဘိနီဟာရ အလျောက် ထိုထိုမဂ်ဖိုလ်တို့၌ တည်စေ၍၎င်း, အချို့သော အင်္ဂတိုင်းသား မဂဓတိုင်းသား အမျိုးကောင်းသားတို့ကို ရဟန်းအဖြစ်ရောက် မဂ်ပေါက် ဖိုလ်တည် ချီးမြှောက်တော်မူ၍၎င်း ကျွတ်ပွဲကြီးသဘင် နေ့စဥ်နေ့စဥ်ဆင်ယင်ကျင်းပရှိနေတော်မူစဥ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် “ငါ၏ သားတော်သည် ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်ပြီးနောက် မြတ်သောဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားဦး ဟောကြားတော်မူပြီးလျှင် ကောင်းကင်အလယ်၌ ကြယ်နက္ခတ်အပေါင်းတို့ဖြင့် ဝန်းဝိုင်းခြံရံကာ တင့်တယ်စွာ တည်နေသော လမင်းကြီးကဲ့သို့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်ဝယ် ရဟန်းအပေါင်းတို့ဖြင့် ဝန်းဝိုင်းခြံရံပြီးလျှင် အလွန်ကြီးမားမြင့်မြတ်သည့် ဘုရားတို့ အသရေဖြင့် ဝေနေယျတို့ကို ချေချွတ်လျက် နေထိုင်တော်မူ၏”ဟူသော သတင်းစကားကို ကြားသိရ၍ အမတ်တဦးကို ရှေတော်မှောက် အရောက်ခေါ်ယူပြီးလျှင်——

http://www.dhammadownload.com



"အမောင် အမတ် ···· သွားပါတည့်ချေ၊ သင်သည် နောက်လိုက် နောက်ပါ မင်းချင်းယောကျ်ားပေါင်း တထောင်ခြံရံကာ ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပြီးလျှင် ငါ မင်းတရား မှာလိုက်သော စကားဖြင့် 'ဘုန်းတော်ကြီး သော မြတ်စွာဘုရား····အရှင်ဘုရားတို့၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အရှင်ဘုရားတို့ကို ဖူးမြော်လိုပါ သည်'ဟု လျှောက်ထား၍ ငါ့သားတော်ဘုရားကို ပင့် ဆောင်လာခဲ့ပါလော့"—

ဟု အမိန့်တော်မြွက် မှတ်လေသော် ထို အမတ်သည်လည်း "ကောင်းပါပြီ အရှင်မင်းကြီး····"ဟု ခမည်းတော် သုဒ္ဓေါဒန မင်းတရား မိန့်ကြားသည့်စကားကို ဦးခေါင်းဖြင့် ခံယူ၍ မင်းချင်း ယောကျ်ားပေါင်းတထောင်ခြံရံလျက် အလျှင်အမြန်ပင် ယူဇနာ ခြောက်ဆယ်ဝေးကွာသောခရီးကို သွားရောက်၍ (ကပိလဝတ် ပြည်နှင့် ရာဇဂြိုဟ်ပြည်ကား ခရီးယူဇနာ ခြောက်ဆယ် ဝေးကွာ သည်)ပရိသတ်အလယ်၌ မြတ်စွာဘုရား တရားဟောတော်မူချိန် တွင် ဝေဠုဝန်ကျောင်းတိုက် အတွင်းသို့ ဝင်ရောက်မိလေသည်။

ထိုအမတ်သည် "ငါတို့အား မင်းကြီး မှာကြားလိုက်သော သတင်းစကားကို ခေတ္တထား၍ တရားနာဦးမည်"ဟု ကြံစည် နှလုံးပိုက်၍ ပရိသတ်အစွန်အဖျား၌ ရပ်တည်ကာ မြတ်စွာဘုရား ဟောကြားအပ်သော တရားဒေသနာတော်ကို နာယူရ၍ ရပ် တည်လျက်ပင် အခြံအရံ မင်းချင်းယောကျ်ား တထောင်တို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိ၍"ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား ···· တပည့်တော်တို့သည် ရှင်တော်ဘုရား အထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရကြပါရစေ"ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည်လည်း"ဧထ ဘိက္ခဝေါ = ရဟန်းတို့ ···· လာ ကြလော့" အစရှိသည်ဖြင့် (ရှေး၌ဆိုအပ်ပြီးသည့် နည်းအတိုင်း) ရွှေလက်တော်ဆန့်တန်း၍ ဧဟိ ဘိက္ခုခေါ်တော်မူလေလျှင် ထို ခဏမှာပင် အမတ်နှင့်တကွ မင်းချင်းယောကျ်ား တထောင်လုံး ဇုဒ္ဓိမယ သပိတ်သင်္ကန်း ပရိက္ခရာတို့ သူ့နေရာနှင့်သူ အရံသင့်

http://www.dhammadownload.com



အဆင်သင့် ဝတ်ဆင်ပြီးဖြစ်ကြကာ အ၀ါ (၆၀) ခြောက်ဆယ် သက်တော်ရှစ်ဆယ်ရှိပြီးသောမထေရ်ကြီးများပမာ မြတ်စွာဘုရား ကို ရိုသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့ သည်၊ အံ့ဩဖွယ်ရာ အမတ်အသွင် မင်းချင်းယောကျ်ားအသွင် ကွယ်ပျောက်၍ ရဟန်း အသွင်သို့ ကူးရောက် သွားကြလေတော့ သည်။

(အထူးမှတ်ရန်မှာ—အရဟတ္တဖိုလ်သို့ ရောက်ပြီးသော အခါမှစ၍ အရိယာပုဂ္ဂိုလ်တို့မည်သည် လောကီရေးရာတို့၌ လျစ်လျူရှုကြမြဲ ဓမ္မတာဖြစ်သောကြောင့် ထို အမတ်သည် မင်းကြီးစေလွှတ်အပ်သော သတင်းစကားကို မြတ်စွာဘုရားအား မလျှောက်ထားပဲ အရဟတ္တဖိုလ် တရားဖြင့်သာ မွေ့လျော်နေလေတော့၏)။

သုဒ္ဓေါဒနမင်းကြီးသည်လည်း "စေလွှတ်လိုက်သော အမတ် သည်လည်း ပြန်လာချိန် သင့်လျက်နှင့် ပြန်မလာ၊ သတင်းစကား ကိုမျှလည်း မကြားရ၊ အကြောင်း အသို့နည်း"ဟု ကြံစည်ပြီး၍ အခြားအမတ်တဦးကို ခေါ်ပြီးလျှင် ရှေးနည်းအတူပင် မိန့်ကြား မှာထားပြီးသော် သားတော်ဘုရားကို ပင့်ဆောင် လာခဲ့ရန် ထပ်မံ၍ စေလွှတ်လိုက်ပြန်လေ၏။ထိုအမတ်သည်လည်း ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်၍ ရှေးနည်း အတူ ပင်လျှင် နောက်ပါ မင်းချင်းယောကျ်ားပေါင်း တထောင်တို့နှင့် အတူတကွ တရားနာယူကာ ရဟန္တာဖြစ်ပြီးနောက် ဧဟိ ဘိက္ခု ရဟန်းအဖြစ်သို့ရောက်လျက် မင်းကြီးစေလွှတ်အပ်သော သတင်း စကားကို မြတ်စွာဘုရားအား မလျှောက်ထားပဲ အရဟတ္တဖိုလ် ချမ်းသာဖြင့်သာ မွေ့လျော်နေလေတော့၏။

သုဒ္ဓေါဒနမင်းကြီးသည် ဤနည်းအတိုင်း မင်းချင်းယောကျ်ား ပေါင်း တထောင်စီ တထောင်စီ အခြံအရံရှိသော အမတ် ကိုးဦး တို့ကို ကိုးကြိမ်တိုင်တိုင် စေလွှတ်ပါသော်လည်း ကိုးဦးလုံးတို့ပင် နောက်ပါမင်းချင်း ယောကျ်ားပေါင်း တထောင်စီ တထောင်စီ တို့နှင့်တကွ တရားတော်ကို နာကြားကြ၍ ရဟန္တာလည်းဖြစ် ဧဟိ ဘိက္ခုရဟန်းချည်းလည်း ဖြစ်ကြပြီးလျှင် မင်းကြီး စေလွှတ်

http://www.dhammadownload.com



အဝ်သောသတင်းစကားကို မြတ်စွာဘုရားအားလည်း မလျှောက်ထား မင်းကြီးထံသို့လည်း သတင်းစကား မပြန်ကြားကြပဲ အရဟတ္တဖိုလ် ချမ်းသာဖြင့်သာ မွေ့လျော်နေထိုင်တော်မူကြလေကုန်၏။

### ဖွားဖက်တော် ကာဠုဒါယီအမတ်ကို စေလွှတ်ခြင်း

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သတင်း စကားကိုမျှ ယူဆောင်ကာ မိမိထံမှောက်သို့ လာရောက်ပြောကြားသူကို မရရှိ၍ "ဤမျှလောက်(၉၀၀၉) ကိုးထောင် ကိုးယောက်သော သူတို့သည် ငါ့အပေါ်၌ အကျွမ်းတဝင် ချစ်ခင်ခြင်း အလျှင်းမရှိကြသောကြောင့် ငါ့အထံမှောက်သို့ လာရောက်၍ သတင်းစကားမျှကိုပင် မပို့လာကြကုန်၊ အဘယ်သူကား စင်စစ်အားဖြင့် ငါ၏စကားကို မိန့်ကြားလိုက်သည့်အတိုင်း မဆိုင်းလျင်စွာ လိုက်နာပြုလုပ် ဆောင်ရွက်ပါမည်နည်း" ဟု ကြံစည် ဆင်ခြင်တော်မူ၍ မိမိ၏ မှူးမတ်ဗိုလ်ထု ရဲမက်စုအပေါင်းကို ကောင်းစွာစေ့ငုကြည့်ရှုရှာဖွေတော်မူလတ်သော် ကာဠုဒါယီအမတ်ကို မြင်တော်မူလေ၏။ ထို ကာဠုဒါယီအမတ်ကား သုဒ္ဓေါဒနမင်းကြီး၏ မင်းမှုကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ရသည့် အထွေထွေ အမှုဆောင်အမတ်လည်းဖြစ်၏၊ ထီးနန်းကိစ္စအဝဝ၌ စိတ်ချယုံကြည်ရသော အတွင်းလူယုံတော်လည်းဖြစ်၏၊ အလွန်အမင်း မင်းကျွမ်းဝင်သူလည်းဖြစ်၏၊ ဘုရားအလောင်းနှင့် တနေ့တည်း ဖွားမြင်သည့် ဖွားဘက်တော်လည်းဖြစ်၏၊ အလောင်းမင်းသားနှင့် မြေမှုန့်ကစားဖက်ဖြစ်၍ ချစ်ခင်နှီးရင်း သူငယ်ချင်းလည်းဖြစ်၏။

သို့ရကား သုဒ္ဓေါဒနမင်းကြီးသည် ကာဠုဒါယီအမတ်ကို "ချစ်သား ကာဠုဒါယီ....ငါသည် သားတော်ဘုရားကို ဖူးမြင်လိုသည်ဖြစ်၍ နောက်ပါ မင်းချင်းယောကျ်ားပေါင်း တထောင်စီ တထောင်စီတို့နှင့် အမတ် ကိုးဦးတို့ကို သားတော် ဘုရားကို လျှောက်ထား ပင့်ဆောင်ခဲ့ရန် စေလွှတ်လိုက်ပါသော်လည်း တဦးတယောက်မျှ သတင်းစကားပြန်ကြားသူဟူ၍ မရှိခဲ့ချေ၊ အသက်၏အန္တရာယ်မည်သည်ကို အကယ်မလွဲ သိနိုင်ခဲ၏၊ ငါသည် အသက်

http://www.dhammadownload.com



ရှင်စဉ်ပင် သားတော်ဘုရားကိုဖူးမြင်လို၏၊ချစ်သားကာဠုဒါယီ.... သင်သည် ငါ့အား သားတော်ဘုရားကို ဖူးမြင်ရအောင် ရွက်ဆောင်ကြိုးကုတ် အားထုတ်နိုင်ပါမည်လော”ဟု မေးမြန်းတော်မူလေသော် ကာဠုဒါယီအမတ်သည် “အရှင်မင်းမြတ် .... အကျွန်ုပ်သည် ရဟန်းပြုခွင့် ရပါမူကား အရှင်မင်းကြီးအား သားတော်ဘုရားကို ဖူးမြင်ရအောင် ရွက်ဆောင်ကြိုးကုတ် အားထုတ်နိုင်ပါလိမ့်မည်”ဟု ပြန်ကြားလျှောက်တင်လေ၏။

ထိုအခါ မင်းကြီးက “ချစ်သား ကာဠုဒါယီ.... သင်သည် ရဟန်းပြု၍ပင်ဖြစ်စေ ရဟန်းမပြုမူ၍ဖြစ်စေ ငါ့အား သားတော်ဘုရားကို ဖူးမြင်ရအောင်သာ ရွက်ဆောင်ကြိုးကုတ် အားထုတ်ပါလေ”ဟု မိန့်ကြားတော်မူလေလျှင် ကာဠုဒါယီ အမတ်သည်လည်း “ကောင်းပါပြီ အရှင်မင်းကြီး....”ဟု ဝန်ခံကာ ခမည်းတော်သုဒ္ဓေါဒနမင်းတရား မှာကြားလိုက်သည့် သတင်းစကားကို ယူဆောင်ကာ ရာဇဂြိုဟ်ပြည်အရပ်သို့ မင်းချင်းယောကျာ်းပေါင်း တထောင်အခြံအရံနှင့်တကွ သွားရောက်၍ မြတ်စွာဘုရား တရားဟောတော်မူနေချိန်၌ပင် ပရိသတ်အစွန်အဖျား၌ ရပ်တည်ကာ တရားကိုနာရ၍ အခြံအရံ မင်းချင်းယောကျာ်းပေါင်း တထောင်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ပြီးလျှင် (ရှေးနည်းအတူပင်) ဧဟိဘိက္ခုရဟန်းအဖြစ်၌ တည်လေတော့၏။

### ကာဠုဒါယီမထေရ်မြတ် ဂါထာခြောက်ဆယ်တို့ဖြင့် မြတ်စွာဘုရားကို ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ရန်ပင့်လျှောက်ခြင်း

(မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ ပဌမဝါကို ဣသိပတနမိဂဒါဝုန်တော၌ နေတော်မူပြီးနောက် ပဝါရဏာပြုပြီးလျှင် ဥရုဝေလတောအုပ်သို့ကြွ၍ ထိုဥရုဝေလ တောအုပ်၌ သုံးလပတ်လုံး သီတင်းသုံး နေထိုင်တော်မူလျက် ရသေ့ညီနောင် ရှင်တထောင်တို့ကို အရဟတ္တဖိုလ်ပေါက် ချေချွတ်ဆုံးမတော်မူ၍ ထိုရသေ့ဖြစ်ဟောင်း ရဟန္တာ ရဟန်းပေါင်း တထောင်ခြံရံလျက် ပြာသိုလပြည့်နေ့၌ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလေသည်။ ထိုရာဇဂြိုဟ်ပြည်၌ နှစ်လပတ်လုံး သီတင်းသုံး နေထိုင်တော်မူကာ တရားဟော ချေချွတ်သဖြင့် အင်္ဂတိုင်းသား မဂဓတိုင်းသား

http://www.dhammadownload.com



အမျိုးကောင်းသား တသောင်းကျော် ရဟန္တာအဖြစ်သို့ ရောက်ရှိ၍ ရဟန်းအဖြစ်ကိုရရှိကြလေသည်။ ဤမျှဖြင့် ဗာရာဏသီမှထွက်ကြွတော်မူခဲ့သော မြတ်စွာဘုရားမှာ (၅) ငါးလတို့ရှိခဲ့လေပြီ၊ ဟေမန္တ ဆောင်းဥတု လွန်မြောက်၍ ဝသန္တ နွေဥတုအပြောင်း တပေါင်းလပြည့်နေ့သို့ ရောက်ခဲ့လေပြီ၊ထိုတပေါင်းလပြည့်နေ့ကား ကာဠုဒါယီမထေရ်ရောက်၍ ခုနစ်ရက် ရှစ်ရက် လွန်မြောက်သောနေ့ ဖြစ်လေသည်)။

ထိုအခါ ကာဠုဒါယီ မထေရ်သည် တပေါင်းလပြည့်နေ့၌ "ဟေမန္တဆောင်းဥတုကား လွန်မြောက်ခဲ့လေပြီ၊ ဝသန္တ နွေဦးပေါက် အချိန်သို့ ရောက်ခဲ့လေပြီ၊ တောင်သူလယ်သမားတို့သည် ကောက်ပဲသီးနှံတို့ကို မိမိတို့လယ်ယာမှ ထုတ်နုတ် သိမ်းဆည်းပြီး ကြပြီဖြစ်၍ ခရီးသွားများလွယ်ကူစွာ သွားနိုင်ကြရန် ခရီးဦးတည့်ရာအရပ်တို့မှ ခရီးလမ်းကို ဖွင့်၍ပေးကြလေပြီ၊ မဟာပထဝီ ဤမြေကြီးသည်လည်း စိုပြေစိမ်းလန်းသော မြက်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိသည့်ပြင် ပတ်ဝန်းကျင် တောအုပ်အပေါင်းတို့လည်း ရွက်ဟောင်းကို စွန့်ပစ်၍ အရွက်သစ် လဲလှယ်ကာ တင့်တယ်စွာ သီးကြပွင့်ကြလေပြီ၊ မပူလွန်း မအေးလွန်း လမ်းတိုင်း လမ်းတိုင်း သွား၍ ကောင်းသောအချိန် ဖြစ်ခဲ့ပြီ၊ မြတ်စွာဘုရား ဆွေတော်မျိုးတော်များအား ချီးမြှောက်ကြွရောက်ရန် အချိန်တန်ခဲ့လေပြီ"ဟု ကြံစည်ဆင်ခြင်ပြီးလျှင် မြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ဤဖော်ပြလတ္တံ့သော ဂါထာခြောက်ဆယ်ကျော်တို့ဖြင့် မြတ်စွာဘုရားအား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူရန် ချီးမွမ်းလျှောက်ထားလေ၏။

(၁) အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေ အစ္စိမန္တောဝ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားရှင်ပင်မြတ်ဘုရား····။ ဒါနိ—ဣဒါနိ = ဆောင်းကို လွန်မြောက် နွေဦးပေါက်သို့ ရောက်လတ်တုံလာ ယခုအခါ၌။ ဒုမာ =

http://www.dhammadownload.com



တခေတ်ကူးပြောင်း သစ်ပင်အပေါင်းတို့သည်။ ဆဒနံ = ရှည်ကြာမြင့်ညောင်း အရွက်ဟောင်းကို။ ဝိပ္ပဟာယ = စွန့်ပယ်သောထွေ ကြွေကျကုန်၍။ ဖလေသိနော = အသစ်ဖြစ်သောအသီးကို ရှာမှီးကြကုန်သကဲ့သို့ဖြစ်၍။ အင်္ဂါရိနော = မီးကျီးအသွေး နီတွေးသောရွက်နု အပွင့် အဖူးတို့နှင့် ပြည့်စုံကြကုန်၏။ တေ = ထိုသစ်ပင်အပေါင်းတို့သည်။ အစ္စိမန္တော၀ = ဥတုလျှံ့ဆောင် အရောင်ရှိကုန်သည်ဖြစ်၍သာလျှင်။ ပဘာသယန္တိ = ပြောင်တဝင်းဝင်း ထွန်းလင်း တောက်ပကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သောအချိန်ပါ ဘုရား။

(၂) ဒုမာ ဝိစိတ္တာ သုဝိရာဇမာနာ၊
ရတ္တင်္ကုရေဟေဝ စ ပလ္လဝေဟိ။
ရတနုဇ္ဇလမဏ္ဍပသန္နိဘာသာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဒုမာ = သစ်ပင်အပေါင်းတို့သည်။ ရတ္တင်္ကုရေဟေဝ စ = သန္တာအသွေး နီတွေးသော အညွန့်တို့ဖြင့်၎င်း။ ပလ္လဝေဟိ စ = မြစိမ်းရောင်ဉ အရွက်နုတို့ဖြင့်၎င်း။ ဝိစိတ္တာ = အံ့သြစဖွယ် ဆန်းကြယ်လှပေကုန်၏။ သုဝိရာဇမာနာ = နှလုံးမွေ့လျော်ဖွယ် လွန်စွာတင့်တယ်ပေကုန်၏။ ရတနုဇ္ဇလမဏ္ဍပသန္နိဘာသာ = ရတနာရောင် ပြောင်ပြောင်ထိန်လျှပ် မဏ္ဍပ်နှင့်လည်း တူကြပေကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်

http://www.dhammadownload.com



မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၃) သုပုပ္ဖိတဂ္ဂါ ကုသုမေဟိ ဘူသိတာ၊
မနုညဘူတာ သုစိသာခုဂန္ဓာ။
ရုက္ခာ ဝိရောစန္တိ ဥဘောသု ပဿေသု၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဥဘောသု ပဿေသု = ဝဲယာ စုံယှက် လမ်းခရီးနှစ်ဖက်တို့၌။ ရုက္ခာ = ဥတုအလျောက် ဖြစ်ပေါက်ကုန်သော သစ်ပင်တို့သည်။ သုပုပ္ဖိဘဂ္ဂါ = ကောင်းစွာ ပွင့်သော အဖျားရှိကုန်သည်ဖြစ်၍။ ကုသုမေဟိ = ကားကား စွင့်စွင့် ပွင့်သော ပန်းအမျိုးမျိုးတို့ဖြင့်။ ဘူသိတာ = တန်းဆာ ဆင်အပ်ကုန်သည်ဖြစ်၍၎င်း။ မနုညဘူတာ = ပင်တိုင်းတင့်တယ် နှစ်သက်ဖွယ်ရှိကြကုန်သည်ဖြစ်၍၎င်း။သုစိသာခုဂန္ဓာ = စင်ကြယ် သန့်ရှင်း သင်းတကြိုင်ကြိုင် ရနံ့ကောင်းလှိုင်ကြကုန်သည်ဖြစ်၍၎င်း။ ဝိရောစန္တိ = ရှုတိုင်းအံ့ဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄) ဖလေဟိခနကေဟိ သမိဒ္ဓိဘူတာ၊
ဝိစိတ္တရုက္ခာ ဥဘတောဝနာသေ။
ခုဒ္ဒီ ပိပါသမ္ပိ ဝိနောဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ဥဘတောဝနာသေ = လမ်းခရီး

http://www.dhammadownload.com



ဝဲယာ နှစ်ဖြာသောအရပ်၌။ဝိစိတ္တရုက္ခာ = ဆန်းကြယ်ဘိတောင်း သစ်ပင်အပေါင်းတို့သည်။ အနေကေဟိ = အမျိုးအစား များလှစွာကုန်သော။ ဖလေဟိ = အသီးတို့နှင့်။ သမိဒ္ဓိဘူတာ = ပြည့်စုံကြကုန်သည်ဖြစ်၍။ ခုဒ္ဒံ = ခရီးသွားသူ ရှင်လူခပင်း ဆာလောင်ခြင်းကိုငင်း။ ပိပါသမ္ပိ = ခရီးသွားသူ ရှင်လူခပင်း ရေသိပ်ခြင်းကိုငင်း။ ဝိနောဒယန္တိ = ပယ်ဖျောက်နိုင်ကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅) ဝိစိတ္တမာလာ သုစိပလ္လဝေဟိ၊
သုသဇ္ဇိတာ မောရကလာပသန္နိဘာ။
ရုက္ခာ ဝိရောစန္တိ ဥဘောသု ပဿေသု၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါး ပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဥဘောသု ပဿေသု = ဝဲယာ စုံယှက် လမ်းခရီး နှစ်ဖက်တို့၌။ ရုက္ခာ = ဥတုအလျောက် ဖြစ်ပေါက်ကုန်သော သစ်ပင်တို့သည်။ ဝိစိတ္တမာလာ = အဆန်းတကြယ် ရှုချင်ဖွယ်သော ပန်းနွယ် ပန်းညွန့် ရှိကြကုန်သည် ဖြစ်၍ငင်း။ သုစိပလ္လဝေဟိ = ညစ်ကြေးမတွယ် စင်ကြယ်သော ရွက်ညွန့်တို့ဖြင့်။ သုသဇ္ဇိတာ = ကောင်းစွာစီရင် တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍။မောရကလာပသန္နိဘာ = ဥဒေါင်းမြီးစည်း ပုံမှီး စံယူ တူကုန်သည်ဖြစ်၍ငင်း။ ဝိရောစန္တိ = ရှုတိုင်းအံ့ဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယရှိတော်မူသော မြတ်စွာဘုရား ....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ဇာတိသို့ နှစ်

http://www.dhammadownload.com



လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၆) ဝိရောစမာနာ ဖလပလ္လဝေဟိ၊
သုသဏ္ဌိတာ ဝါသနိဝါသဘူတာ။
တောသေန္တိ အဒ္ဓါနကိလန္တသတ္တေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ (ရုက္ခာ = ဥတုအလျောက် ဖြစ်ပေါက်ကြကုန်သော သစ်ပင်တို့သည်)။ ဝိရောစမာနာ = ရှုတိုင်းအံ့ဖွယ် တင့်တယ်ကြကုန်သည် ဖြစ်၍ငင်း။ ဖလပလ္လဝေဟိ = သီးကင်းရွက်နု အစုစုတို့ဖြင့်။ သုသဏ္ဌိတာ = ကောင်းစွာစီရင် တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍ငင်း။ အဒ္ဓါနကိလန္တသတ္တေ = ခရီးပန်းသူရှင်ရှင်လူတို့ကို။ ဝါသနိဝါသဘူတာ = ကျောင်း အိမ်အလားနားနေတည်းခိုရာ ဖြစ်ကြကုန်၍ငင်း။ တောသေန္တိ = နှစ်သက်ရွှင်လန်းဝမ်းမြောက်စေကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၇) သုဖုလ္လိတဂ္ဂါ ဝနဂုမ္ဗနိဿိတာ၊
လတာ အနေကာ သုဝိရာဇမာနာ။
တောသေန္တိ သတ္တေ မဏိမဏ္ဍပါဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ အနေကာ = အမျိုးအစား များလှစွာကုန်သော။ လတာ = နွယ်ပင်တို့သည်။ ဝနဂုမ္ဗနိဿိတာ = တောချုံတို့ဝယ် မှီတွယ်ရုံနွယ်ကြကုန်လျက်။ သုဖုလ္လိတဂ္ဂါ = ကားကား

http://www.dhammadownload.com



စွင့်စွင့် ပွင့်သော အညွန့်အဖျားး ရှိကြကုန်သည်ဖြစ်၍။ သုဝိ-ရာဇမာနာ = ကြည့်ရှုချင်ဖွယ် လွန်စွာ တင့်တယ်ကြကုန်လျက်။ သတ္တေ = ခရီးသွားသူ ရှင်ရှင်လူတို့ကို။ မဏိမဏ္ဍပါဝ = ရောင်စုံခြယ်သတ် ကျောက်မျက်ရတနာ မဏ္ဍပ်ကဲ့သို့။ တောသေန္တိ = နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသောမြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ပတ် ခကောင်းမြတ်သော အချိန်ပါဘုရား။

(၇) လတာ အနေကာ ဒုမနိဿိတာဝ၊
ပိယေဟိ သဒ္ဓိံ သဟိတာ ဝဓူဝ။
ပလောဘယန္တိ ဟိ သုဂန္ဓဂန္ဓာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ပိယေဟိ = မေတ္တာသက်ဝင် ချစ်လင်တို့နှင့်။ သဒ္ဓိံ = အတူတကွ။ သဟိတာ = ကိုယ်ချင်းယှဉ်လျက်တွဲဖက်နေကုန်သော။ ဝဓူဝ = အမျိုးကောင်းသမီး ချွေးမတို့ကဲ့ သို့။ အနေကာ = အမျိုးအစား များလှစွာကုန်သော။ လတာ = နွယ်ပင်တို့သည်။ဒုမနိဿိတာဝ = ချစ်လင်သဖွယ် သစ်ပင်၌ မှီတွယ်ကြကုန်လျက်သာလျှင်။သုဂန္ဓဂန္ဓာ = ကောင်းသောရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်ကုန်သည်ဖြစ်၍။ သတ္တေ = ခရီးသွားသူ ရှင်ရှင်လူတို့ကို။ ပလောဘယန္တိ = မွေ့လျော်ပျော်ပိုက်အောင် သွေးဆောင်ဖြားယောင်းသည့်နှယ် တင့်တယ်ကြကုန်၏။ မဟာ-ဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ-ယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်

http://www.dhammadownload.com



လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၉) ဝိစိတ္တနီလာဒိမနုညဝဏ္ဏာ၊
ဒိဇာ သမန္တာ အဘိကူဇမာနာ။
တောသေန္တိ မဥ္ဇုဿရတာရတီဟိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ=ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားရှင်ပင်မြတ်ဘုရား····။ သမန္တာ = ဝန်းကျင်ပတ်ချာ ရစ်မျက်နှာမှ။ ဒိဇာ = နှစ်ကြိမ်ပေါက်ဖွား ငှက်အများတို့သည်။ ဝိစိတ္တနီလာဒိမနုညဝဏ္ဏာ = ဆန်းကြယ် ရွှန်းစို အညိုစသော နှစ်သက်ဖွယ်အဆင်းရှိကြကုန်သည်ဖြစ်၍။ အဘိကူဇမာနာ = နှစ်သက်ရွှင်မြူးရင့်ကျူးတွန်မြည်ကြကုန်လျက်။ မဥ္ဇုဿရတာရတီဟိ = မြူးကွန်ကျူးညံ့ သာယာသောအသံနှင့် မောင်နှံယှက်တွဲ ပျော်ပွဲဆင်ကြခြင်းတို့ဖြင့်။ ပထိကေ = ခရီးသွားသူ ရှင်ရှင်လူတို့ကို။ တောသေန္တိ = နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၁၀) မိဂါ စ နာနာ သုဝိရာဇမာနာ၊
ဥတ္တုင်္ဂကဏ္ဏာ စ မနုညနေတ္တာ။
ဒိသာ သမန္တာ မဘိဓာဝယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူး ငါးပုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား····။ နာနာ = အမျိုးဇာတ်အားအထူးထူး အပြားပြားကုန်သော။ မိဂါစ = သားအပေါင်းတို့

http://www.dhammadownload.com



သည်လည်း။ သုဝိရာဇမာနာ စ = မြူးကွန့်စံပယ် တင့်တယ်ကြကုန်သည်ဖြစ်၍ငင်း။ ဥတ္တုင်္ဂကဏ္ဏာ စ = ကိုယ့်အဖော်နှင့် ပျော်သဖြင့်လျှင် စွင့်စွင့်စိုက်ဆောင် ထောင်သောနားရွက်ရှိကုန်သည်ဖြစ်၍ငင်း။ မနုညနေတ္တာ စ = နှစ်သက်စဖွယ် ပြုံးကျယ်သောမျက်စိရှိကုန်သည်ဖြစ်၍ငင်း။ သမန္တာဒိသာ = ဝန်းကျင်ပတ်ချာအရပ်ရှစ်မျက်နှာတို့သို့။ အဘိဓာဝယန္တိ = ခုန်ပေါက် ပြေးလွှား ကစားမြူးထူးကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြုံးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လိုစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန်လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၁) မနုညဘူတာ စ မဟီ သမန္တာ၊
ဝိရာဇမာနာ ဟရိတာဝ သဒ္ဒလာ။
သုပုပ္ဖိရုက္ခာ မောဠိနိဝလင်္ကတာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား ....။ မဟီ = မြေအပြင်သည်။ သမန္တာ = ထက်ဝန်းကျင်မှ။ မနုညဘူတာ စ = စိတ်နှလုံးဝယ် နှစ်သက်ဖွယ်လည်း ရှိပေ၏။ သဒ္ဒလာ = နေဇာမြက်တို့သည်။ ဟရိတာ = စိမ်းလန်းစိုပြေကုန်သည်ဖြစ်၍။ ဝိရာဇမာနာ = ရှုချင်စဖွယ် တင့်တယ်လှကုန်၏။ သုပုပ္ဖိရုက္ခာ = ကောင်းစွာပွင့်သောသစ်ပင်တို့သည်။ မောဠိနိဝ = အပျို နုနယ် ဆံထုံးသွယ်ကဲ့သို့။ အလင်္ကတာ = တန်းဆာဆင်ကြကုန်၏။ (ဤကား ရှေးနိဿျအဆို)။ မဟီ = မြေအပြင်သည်။ သမန္တာ = ထက်ဝန်းကျင်မှ။ ဝိရာဇမာနာ = ရှုချင်စဖွယ် တင့်တယ်သည်ဖြစ်၍။ မနုညဘူတာ စ = စိတ်နှလုံးဝယ် နှစ်သက်ဖွယ်လည်းရှိပေ၏။ ဟရိတာဝ = စိမ်းသောအရောင် ရှိသည်ဖြစ်၍သာလျှင်။ သဒ္ဒလာ စ = နေဇာမြက်တို့ဖြင့်လည်း ဖုံးလျှက်အုပ်လျှက်ရှိပေ၏။ အလင်္ကတာ = လှပစွာ-

http://www.dhammadownload.com



ပြုပြင် တန်းဆာဆင်အပ်သော။ မောဠိနိဝ = ဆံထုံး တင့်တယ် သတို့သမီးငယ်ကဲ့သို့။ သုပုပ္ဖိရုက္ခာ = ကားကား စွင့်စွင့် ကောင်း စွာပွင့်သော သစ်ပင်ရှိပေ၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော် မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၂) သုသဇ္ဇိတာ မုတ္တမယာဝ ဝါလုကာ၊
သုသဏ္ဌိတာ စာရုသုဖဿဒါဘာ။
ဝိရောစယန္တေဝ ဒိသာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဝါလုကာ = သဲနုတို့သည်။ သုသဇ္ဇိတာ = ပန်းထိမ်ဉာဏ်ကြွယ် ကောင်းစွာ စီခြယ်အပ်ကုန် သော။ မုတ္တမယာဝ = ဖြူဆွရိုးရဲ ရတနာပုလဲလုံးတို့ကဲ့သို့။ သုသဏ္ဌိတာ = ကောင်းစွာ စီရီ ညီညွတ်စွာ တည်ကုန် လျက်။ စာရုသုဖဿဒါတာ = တင့်တယ် လျောက်ပတ် ကောင်းမြတ် သော အတွေ့ကို ပေးကုန်သည်ဖြစ်၍။ သမန္တာဒိသာ = ဝန်းကျင်ပတ်ချာ အရပ်မျက်နှာတို့ကို။ ဝိရောစယန္တေဝ = ရှုချင် စဖွယ် တင့်တယ်စေသကဲ့သို့ ဖြစ်ကုန်၏။ မဟာဝီရ = ကြီးမြတ် သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

http://www.dhammadownload.com



(၁၃) သမံ သုဖဿံ သုစိဘူမိဘာဂံ၊
မနုညပုပ္ဖေါဒယဂန္ဓဝါသိတံ။
ဝိရာဇမာနံ သုစိမဏ္ဍ သောဘံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ သုစိဘူမိဘာဂံ = ညစ်ကြေးသန့်စင် မြေအပြင်သည်။ သမံ = ကုန်း, ကျင်း မရှိ ပကတိညီညွတ်စွာ၏။ သုဖဿံ = ချောပြေနူးညံ့ ကောင်းသောအတွေ့ရှိ၏။ မနုညပုပ္ဖေါဒယဂန္ဓဝါသိတံ = နှစ်သက်ဖွယ်သော ပန်းပွင့်တို့၏ ပွါးဆင့်တိုးတက်သော ရနံ့ဖြင့် ပျံ့တကြိုင်ကြိုင် လှိုင်၍နေပေ၏။ ဝိရာဇမာနံ = ရှုချင်စဖွယ် တင့်တယ်သည်ဖြစ်၍။ သုစိမဏ္ဍ = သာယာသန့်ရှင်း စင်ကြယ်ခြင်းလည်း ရှိပါပေ၏။ သောဘဏ္ဍ = သွားရန်လျှောက်ပတ် ကောင်းလည်း ကောင်းမြတ်လှပါပေ၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန် လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၁၄) သုသဇ္ဇိတံ နန္ဒနကာနနံဝ၊
ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတံ။
သုဂန္ဓဘူတံ ပဝနံ သုရမ္မံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဝိစိတ္တနာနာ ဒုမသဏ္ဍမဏ္ဍိတံ = ဆန်းကြယ်ထူးထွေသော သစ်ပင်အပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော။ သုဂန္ဓဘူတံ = ကောင်းစွာသင်းပျံ့ ပန်းရနံ့ထူးရှိသည် ဖြစ်၍ဖြစ်သော။ ပဝနံ = ရာဇဂြိုဟ်, ကပိလ နှစ်ဌာနကြားလမ်း

http://www.dhammadownload.com



တောစခန်းသည်။ သုသဏ္ဌိတံ = နတ်သဘင်ပွဲ ခြိမ့်ခြိမ့်သဲအောင် ယင်နွဲ့အံ့ငှါ နတ်ဒေဝါတို့ ကောင်းစွာပြုပြင် တန်းဆာဆင်အပ်သော။ နန္ဒနကာနနံဝ = နန္ဒဝန်ခေါ်တွင် နတ်ဥယျာဉ်ကြီးကဲ့သို့။ သုရမ္မံ = လွန်စွာတင့်တယ် နှလုံးမွေ့လျော်ဖွယ် ရှိပါပေ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၅) သရာ ဝိစိတ္တာ ဝိဝိဓာ မနောရမာ၊
သုသဏ္ဌိတာ ပက်ဇပုဏ္ဍရိကာ။
ပသန္နသီတောဒကစာရုပုဏ္ဏာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား····။ သရာ = လမ်းခရီးအကြား ရေအိုင်များတို့သည်။ ပသန္နသီတောဒကစာရုပုဏ္ဏာ = ညစ်ကြေးသန့်စင် ကြည်လင်အေးမြသောရေတို့ဖြင့် တင့်တယ်စွာ ပြည့်ကုန်သည်ဖြစ်၍။ ပက်ဇပုဏ္ဍရိကာ = ညွန့်ဦးကြီးပွါး ကြာငါးပါးနှင့် ပြည့်စုံကုန်သည် ဖြစ်၍။ သုသဏ္ဌိတာ = ကောင်းမြတ် တင့်တယ် ခြယ်လယ်အပ်ကုန်သကဲ့သို့ဖြစ်၍။ ဝိစိတ္တာ = ရှုချင်စဖွယ် ဆန်းကြယ်လှကုန်၏။ ဝိဝိဓာ = အထူးထူး အပြားပြားအားဖြင့်။ မနောရမာ = စိတ်နှလုံး၏ ရွှင်ပြုံးမွေ့လျော်ဖွယ်ရာ ဖြစ်ကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

http://www.dhammadownload.com



(၁၆) သုဖုလ္လနာနာဝိပေက်ဇေဟိ၊
ဝိရာဇမာနာ သုစိဂန္ဓဂန္ဓာ။
ပမောဒယန္တေဝ နရာမရာနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ သုဖုလ္လနာနာဝိပေက်ဇေဟိ = ကောင်းစွာပွင့်ဖူး အထူးထူးသော ကြာမျိုးတို့ဖြင့်။ ဝိရာဇ-မာနာ = ရှုချင်စဖွယ် တင့်တယ်ကုန်သော။ (သရာ = ရေအိုင်တို့သည်။) သုစိဂန္ဓဂန္ဓာ = သန့်ရှင်းမွှေးကြိုင် ပန်းရနံ့တို့ဖြင့် လှိုင်ကုန်သည်ဖြစ်၍။ နရာမရာနံ = အနီးရောက်လတ် လူနှင့်နတ်တို့ကို။ပမောဒယန္တေဝ = နှစ်လိုအားရမ်း ဝမ်းမြောက်စေသကဲ့သို့ ဖြစ်ကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုး ပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန် လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၇) သုဖုလ္လပင်္ကေရုဟသန္ထိသိန္ဓာ၊
ဒိဇာ သမန္တာ မဘိနာဒယန္တာ။
မောဒန္တိ ဘရိယာဟိ သမင်္ဂိနော တေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ သုဖုလ္လပင်္ကေရုဟသန္ထိသိန္ဓာ = ကောင်းစွာစွင့်စွင့် ပွင့်သောကြာပင်ဖျားဌ် နားနေကြကုန်သော။ ဒိဇာ = ထူးထွေများတောင်း ငှက်အပေါင်းတို့သည်။သမန္တာ = ထက်ဝန်းကျင်မှ။အဘိနာဒယန္တာ = ဝတ်ရည်ရစ်မူး တွန်ကျူးကြကုန်လျက်။ တေ = ထိုငှက်အပေါင်းတို့သည်။ ဘရိယာဟိ = ကြင်ဖော်မှန်လှ ချစ်ငှက်မတို့နှင့်။ သမင်္ဂိနော = တကွယှဉ်နွဲ့ မောင်နှံတွဲကြကုန်လျက်။ မောဒန္တိ = ဝမ်းမြောက်ရွှင်ပျော် မွေ့

http://www.dhammadownload.com



လျှော်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၈) သုဖုလ္လပုပ္ဖေဟိ ရဇံ ဂဟေတွာ၊
အလီ ဝိဓာဝန္တိ ဝိကူဇမာနာ။
မဓုမှိ ဂန္ဓော ဝိဒိသံ ပဝါယတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ အလီ = ပျားပိတုန်းတို့သည်။ ဝိကူ-ဇမာနာ = တရုန်းရုန်း တဒီဒီ တွန်မြည်ကုန်သည်ဖြစ်၍။ သုဖုလ္လ-ပုပ္ဖေဟိ = ကားကားစွင့်စွင့် ကောင်းစွာ ပွင့်သော ပန်းတို့မှ။ ရဇံ = ချိုမြိန်ရွှန်းစည် ပန်းဝတ်ရည်ကို။ ဂဟေတွာ = စုတ်ယူကြ၍။ ဝိဓာဝန္တိ = မြည်သံမစဲ ပျံ့ဝဲပြေးသွားကြကုန်၏။ မဓုမှိ = ပျားကြီး ပျားငယ် အသွယ်သွယ်၌။ ဂန္ဓော = သင်းကြူမွှေးပျံ့ ဝတ်ရည်နံ့သည်။ ဝိဒိသံ = အထူးထူးသော အရပ်မျက်နှာသို့။ ပဝါယတိ = ကြိုင်လှိုင်၍ နေ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၉) အဘိန္နနာဒါ မဒဝါရဏာ စ၊
ဂိရီဟိ ဓာဝန္တိ စ ဝါရိဓာရာ။
သဝန္တိ နဇ္ဇော သုဝိရာဇိတာဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com



ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ မဒဝါရဏာ = အမှန်ယစ်သောဆင်ပြောင်ကြီးတို့သည်။ အဘိန္နနာဒါစ = မကွဲမနာ ကြိုးကြာသံကဲ့သို့လည်း မြည်ဟည်းကြကုန်၏။ဂိရိဟိ = တောင်တို့မှ။ဝါရိဓာရာစ = ရေအယဉ်တို့သည်လည်း။ ဓာဝန္တိ = အဟုန် ထန်ပြင်းစီးဆင်းပြေးသွားကြကုန်၏။ နဇ္ဇော = မြစ်တို့သည်။ သုပိရာဇိ-တာဝ = ရှုချင်စဖွယ် လွန်စွာတင့်တယ်ကုန်သည် ဖြစ်၍သာလျှင်။ သဝန္တိ = အဟုန်ထန်သည်း စီးသွားကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရ-သာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ-ယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၀) ဂိရီ သမန္တာဝ ပဒိဿမာနာ၊
မယူရဂီဝါ ဣဝ နီလဝဏ္ဏာ။
ဒိသာရဇိန္ဒာဝ ဝိရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ဂိရီ = တောင်တို့သည်။သမန္တာဝ = ရှစ်မျက်နှာခွင် ထက်ဝန်းကျင်မှသာလျှင်။ ပဒိဿမာနာ = ကြည့်လိုက်တိုင်းမြင် အလွန်ပင်ထင်ရှားကုန်လျက်။ မယူရဂီဝါ ဣဝ = ဥဒေါင်းမင်းလည်ရေးကဲ့သို့။ နီလဝဏ္ဏာ = စိမ်းတစိုစို ညိုသောအဆင်းရှိကုန်သည်ဖြစ်၍။ ဒိသာရဇိန္ဒာဝ = ရောဝတ စသည် ရှစ်သင်း ဒိသာဂဇဆင်မင်းတို့ကဲ့သို့။ (ဒိသာဂဇဆင် ရှစ်မျိုးကို မဂဓအဘိဓာန်ဂါထာ အမှတ် ၃၀-၌ ကြည့်ရှု မှတ်ယူရာ၏)။ ဝိရောစယန္တိ = ရှုချင်စဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရ-သာနံ = ကိုယ်တော် မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်

ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိလ်သို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၁) မယူရသံဃာ ဂိရိမုဒ္ဓနသ္မိံ၊
နစ္စန္တိ နာရီဟိ သမင်္ဂိဘူတာ။
ကူဇန္တိ နာနာမဓုရဿရေဟိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဂိရိမုဒ္ဓနသ္မိံ = ကြွသွားရာလမ်းတခွင် ဝဲယာဖြစ်သောတောင်ထိပ်အပြင်၌။မယူရသံဃာ = ဥဒေါင်းငှက်အပေါင်းတို့သည်။နာရီဟိ = ကြင်ဖော်မှန်လှ ချစ်ဒေါင်းမတို့နှင့်။ သမင်္ဂိဘူတာ = တကွယှဉ်နွဲ့ မောင်နှံ့တွဲကြကုန်သည် ဖြစ်၍။ နစ္စန္တိ = အမြီးကိုထောင် အတောင်ကိုကော့ ခေါင်းကို မော့၍ ကျော့ကျော့ရှင်ဖြိုး တင့်စနိုးလျှင် ရွှေတိုးနောက်ငင် လူ့အသွင်သို့ မြူးရှင်ကခုန်ကြကုန်၏။ နာနာမဓုရဿရေဟိ = အထူးထူးအထွေထွေ "အိုးဝေ....အိုးဝေ" ဟူသော သာယာသော အသံတို့ဖြင့်။ ကူဇန္တိ = ဘာသာမဂဓ တွန်မြူး ကျူးရင့်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိလ်သို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၂) သုဝါဒိကာနေကဒိဇာ မနုညာ၊
ဝိစိတ္တပတ္တေဟိ ဝိရာဇမာနာ။
ဂိရိမှိ ဌတွာ အဘိနာဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com



ဘဒန္တေ=ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ သုဝါဒိကာ = ကျေးငှက်အစရှိကုန်သော။ အနေကဒိဇာ = တပါးမက များလှစွာသော ငှက်အပေါင်းတို့သည်။မနုညာ = ရှုတိုင်းတင့်တယ် နှစ်သက်ဖွယ်ရှိကုန်သည်ဖြစ်၍။ ဝိစိတ္တပတ္တေဟိ = ကံပန်းချီဆေး ဇာတိသွေးတို့ စီရေးခြယ်လယ် ဆန်းကြယ်သောအတောင်တို့ဖြင့်။ ဝိရာဇမာနာ = ရှုချင်စဖွယ် တင့်တယ်ကုန်သည်ဖြစ်၍။ ဂိရိမှိ = လမ်းခရီးဝဲယာ သေလာဂိရိပ်ထိုထို တောင်ထိပ်၌။ ဌတွာ = နားနေကြကုန်၍။ အဘိနာဒယန္တိ = သာယာရင့်ကျူး တွန်မြူးကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၃) သုဖုလ္လပုပ္ဖါ'ကရမာဘိကိဏ္ဏာ၊
သုဂန္ဓနာနာဒလလက်တာ စ။
ဂိရီ ဝိရောစန္တိ ဒိသာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ =ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ သမန္တာဒိသာ = ခရီးဝဲယာ ထက်ဝန်းကျင် အရပ်မျက်နှာတို့၌။ ဂိရီ = တောင်တို့သည်။ သုဖုလ္လပုပ္ဖါ'ကရမာဘိကိဏ္ဏာ = ကောင်းစွာပွင့်လန်း ပန်းတို့၏ တည်ရာများစွာတင့်ဆန်း သစ်ပင်တို့ဖြင့် ပြွမ်းကုန်လျက်ငင်း။သုဂန္ဓနာနာဒလလက်တာစ = ကောင်းသော ရနံ့တို့ဖြင့် သင်းပျံ့လှိုင်ဝေ ထူးထွေများတောင်း ပွင့်ချပ်အပေါင်းတို့ဖြင့် တန်းဆာဆင်အပ်ကုန်လျက်ငင်း။ ဝိရောစန္တိ = ရှုမငြီးဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက်

http://www.dhammadownload.com



တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၄) ဇလာသယာနေကသုဂန္ဓဂန္ဓာ၊
သုရိန္ဒဥယျာနဇလာသယာဝ။
သဝန္တိ နဇ္ဇော သုဝိရာဇမာနာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား····။ ဇလာသယာ = ရေအိုင်တို့သည်။ သုရိန္ဒဥယျာနဇလာသယာဝ = သိကြားနတ်မင်း ဥယျာဉ်အတွင်းဝယ် သန့်ရှင်းလှစွာ ကန်အိုင်သာတို့ကဲ့သို့။ အနေကသုဂန္ဓဂန္ဓာ = ထူးဆွေများတောင်း ကောင်းသော ရနံ့တို့ဖြင့် ပျံ့တကြိုင်ကြိုင်လှိုင်၍ နေကုန်၏။ နဇ္ဇော = မြစ်တို့သည်။ သုဝိရာဇမာနာ = ရှုချင်စဖွယ် လွန်စွာတင့်တယ်ကုန်သည်ဖြစ်၍။ သဝန္တိ = အဟုန်ထန်သည်း တဒီးဒီးလျှင် စီး၍နေကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၅) ဝိစိတ္တတိတ္ထေဟိ အလင်္ကတာ စ၊
မနုညနာနာမိဂပက္ခိပါသာ။
နဇ္ဇော ဝိရောစန္တိ သုသန္တမာနာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား····။ နဇ္ဇော = မြစ်တို့သည်။ ဝိစိတ္တ-

http://www.dhammadownload.com



တိတ္ထေဟိ = သွယ်သွယ်တင့်ဆန်း ဆိပ်ကမ်းတို့ဖြင့်။ အဿက်တာ စ = တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍၎င်း။မနုညနာနာမိဂပက္ခိ- ပါသာ = စိတ်၏ နှစ်သက်ဖွယ် အသွယ်သွယ်သော သားငှက် ခပင်းတို့၏ ကျော့ကွင်းသဖွယ် ဖြစ်ကုန်၍၎င်း။ သုသန္ဓမာနာ = အဟုန်ထန်လျှင် တသွင်သွင်စီးဆင်းကြကုန်လျက်။ ဝိရောစန္တိ = ရှုချင်စဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ် တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၆) ဥဘောသု ပဿေသု ဇလာသယေသု၊
သုပုပ္ဖိတာ စာရုသုဂန္ဓရုက္ခာ။
ဝိဘူသိတဂ္ဂါ သုရသုန္ဒရီဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ဥဘောသု ပဿေသု = လမ်းခရီး ဝဲယာ နှစ်ဖြာသော နံပါးတို့၌။ ဇလာသယေသု = ရေအိုင်တို့၌။ စာရုသုဂန္ဓရုက္ခာ = တင့်တယ် မွှေးကြိုင် ရနံ့လှိုင်သော သစ်ပင် တို့သည်။ သုပုပ္ဖိတာ = ကားကားစွင့်စွင့် ကောင်းစွာပွင့်ကြကုန် လျက်။ ဝိဘူသိတဂ္ဂါ = တန်းဆာ ဆင်ယင် အပ်သော အဖျား အညွန့်ရှိကုန်သည်ဖြစ်၍။ သုရသုန္ဒရီဝ = နတ်မိန်းမပျိုနှယ် တင့် တယ်လှပေကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော် မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော် မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ် သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော် ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

http://www.dhammadownload.com



(၂၇) သုဂန္ဓနာနာဒုမဇာလကိဏ္ဏံ၊
ဝနံ ဝိစိတ္တံ သုရနန္ဒနံဝ။
မနောဘိရာမံ သတတံ ဂတီနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ သုဂန္ဓနာနာဒုမဇာလကိဏ္ဏံ = သင်းပျံ့ မွှေးကြိုင် ရနံ့ လှိုင်သော သစ်ပင် အပေါင်း တို့ဖြင့် ပြွမ်းသော။ ဝနံ = ခရီးလမ်းအပြင် တောတခွင်သည်။ သုရနန္ဒနံဝ = နတ်တို့ပျော်ရွှင် နန္ဒဝန် ဥယျာဉ်ကဲ့သို့။ ဝိစိတ္တံ = ဆန်းကြယ်လှသည်ဖြစ်၍။ ဂတီနံ = ခရီးသွားသူ ရှင်ရှင်လူတို့၏။ (ပထိနံရှိလျှင်ယုတ္တတရ)။ သတတံ မနောဘိရာမံ = အမြဲတစေ စိတ်နှလုံး မွေ့လျော်ဖွယ်ရာ ဖြစ်ပေ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၈) သမ္ဗုန္ဓနာနာသုစိအန္နပါနာ၊
သဗျဥ္ဇနာ သာဒုရသေန ယုတ္တာ။
ပထေသု ဂါမေ သုလဘာ မနုညာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ပထေသု = ရာဇဂြိုဟ်,ကပိလ နှစ်ဌာနစခန်း ခရီးလမ်းတို့၌။ ဂါမေ = ရောက်ရာ ရောက်ရာ ထိုထို ရွာ၌။ သဗျဥ္ဇနာ = စားမဲဟင်းလျာနှင့်တကွ ကုန်သော။ သာဒုရသေန = ချိုမြိန်ကောင်းမြတ် ရသာခတ်နှင့်။ ယုတ္တာ = ယှဉ်ကုန်သော။ မနုညာ = နှစ်သက်ဖွယ်ရှိကုန်သော။ သမ္ဗုန္ဓနာနာသုစိအန္နပါနာ = ချိုမြိန်လှစွာ ထွေလာများဖြင် ရှင်းသန့်စင်

http://www.dhammadownload.com



သည့် ဘောဇဥ်ခဲဖွယ် စားသောက်ဖွယ်တို့ကို။ သုလဘာ = ကောက်ဂဲသိမ်းစ ခါသမယဝယ် ရလွယ်ပါကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရား တို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၉) ဝိရာဇိတာ အာသိ မဟီ သမန္တာ၊
ဝိစိတ္တဝဏ္ဏာ ကုသုမာသနဿ။
ရတ္တိန္ဒဂေါပေဟိ အလင်္ကတာဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ကုသုမာသနဿ = တောရပ်မြိုင်သာ ပန်းနေရာ၏။ သမန္တာ = ထက်ဝန်းကျင်မှ။ မဟီ = မြေပြင်သည်။ ဝိရာဇိတာ = ရှုချင်စဖွယ် တင့်တယ်သည်ဖြစ်၍။ ရတ္တိ = အကာလတာ ညဥ့်အခါ၌။ ဣန္ဒဂေါပကေဟိ = သိကြား စောင့်ရှောက် ကွမ်းသွေးပေါက်ဟန် ပိုးပရံတို့ဖြင့်။ အလင်္ကတာဝ = ပွေးတွေးနီတျာ တန်းဆာဆင်အပ်သကဲ့သို့။ ဝိစိတ္တဝဏ္ဏာ = ဆန်းကြယ်သော အဆင်းရှိသည်။ အာသိ = တင့်တယ် ကောင်းမြတ် ဖြစ်တုံလတ်ပြီ။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

http://www.dhammadownload.com



(၃၀) ဝိသုဒ္ဓသဒ္ဒါဒိဂုဏောဟိ ယုတ္တာ၊
သမ္ဗုဒ္ဓရာဇံ အဘိပတ္တုယန္တာ။
ဗဟူ ဟိ တတ္ထေဝ ဇနာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ တတ္ထေဝ = ထိုရာဇဗြိုဟ်, ကပိလ နှစ်ဌာနအကြားစခန်း ခရီးလမ်း၌ပင်လျှင်။ သမန္တာ = ဝန်းကျင်ပတ်ချာ ရပ်မျက်နှာမှ။ ဗဟူ = များစွာကုန်သော။ ဇနာ = လူအပေါင်းတို့သည်။ ဝိသုဒ္ဓသဒ္ဒါဒိဂုဏေဟိ = စင်ကြယ်သန့်ရှင်း သဒ္ဓါစသော ဂုဏ်ကျေးဇူး ခပင်းတို့နှင့်။ ယုတ္တာ = ယှဉ်ကုန်လျက်။သမ္ဗုဒ္ဓရာဇံ = သုံးလူ့သနင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ အဘိပတ္တုယန္တာ = ငါတို့ဌာန ဤလမ်းမှပင် ကြွလာလိမ့်မည် မြော်ရည်တောင့်တကြကုန်လျက်။ ဝသန္တိ = နေကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၃၁) ဝိစိတြအာရာမသုပေါက္ခရညော၊
ဝိစိတြနာနာပဒုမေဟိ ဆန္နာ။
ဘိသေဟိ ခီရံဝ ရသံ ပဝါယတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဝိစိတြအာရာမသုပေါက္ခရညော = ဆန်းကြယ်သော အရံဥယျာဉ်အတွင်း သန့်ရှင်းစင်ကြယ်သော ရေကန်တို့သည်။ ဝိစိတြနာနာပဒုမေဟိ = ထူးဖွေ ဆန်းပြား ကြာမျိုးငါးပါးတို့ဖြင့်။ ဆန္နာ = အပြည့်တင်းကြမ်း ဖုံးလွှမ်းအပ်ကုန်၏။ ဘိသေဟိ = ကြာစွယ်ကြာရင်းတို့မှ။ ရသံ = ချိုမြိန်ကောင်းစည်

http://www.dhammadownload.com



ရသာရည်သည်။ ဒီရံဝ = နို့ရည်ကဲ့သို့။ ပဝါယတိ = ရနံ့သင်းကြိုင် လှိုင်၍နေပါ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၃၂) ဝိစိတြနီလစ္ဆဒနေနလက်တာ၊
မနုညရုက္ခာ ဥဘတောဝကာသေ။
သမုဂ္ဂတာ သတ္တသမူဟဘူတာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဥဘတောဝကာသေ = လမ်းခရီး ဝဲယာ နှစ်ဖြာသော အရပ်၌။ မနုညရုက္ခာ = နှစ်သက်ဖွယ်တောင်း သစ်ပင် အပေါင်းတို့သည်။ ဝိစိတြနီလစ္ဆဒနေန = ဆန်းကြယ်ရွှန်းစို စိမ်းညိုသော သစ်ရွက်အပေါင်းဖြင့်။ အလက်တာ = ပိတ်ဖုံးမိုးကာ တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍။ သမုဂ္ဂတာ = နဘန်မိုးမြင့် စွင့်စွင့်တက်ကြကုန်လျက်။ သတ္တသမူဟဘူတာ = များစွာလူထု ပေါင်းစုသကဲ့သို့ဖြစ်၍ဖြစ်ကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီပြည်ကပ္ပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၃) ဝိစိတြနီလဗ္ဘမိဝါယတံ ဝနံ၊
သုရိန္ဒလောကေ ဣဝ နန္ဒနံ ဝနံ။
သဗ္ဗောတုကံ, သာဓုသုဂန္ဓပုပ္ဖံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com



ဘဒန္တေ = ကျေးဇူး ငါးပုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဝိစိတြနိလဗ္ဘမိဝ = ဆန်းကြယ် ညိုမှောင် တိမ်ရောင်တိမ်တန်းကဲ့သို့။ အာယတံ = မြဲစောင်းတန်း နှယ် ရှည်သွယ်စိမ်းလန်းသော။ ဝနံ = ရာဇဂြိုဟ်, ကပိလ နှစ်ဌာန သွားရာလမ်း တောတန်းသည်။ သုရိန္ဒလောကေ = သိကြားမင်း စံရာ တာဝတိံသာနတ်ပြည်၌။ နန္ဒနံ ဝနံ ဣဝ = နန္ဒဝန်ခေါ်တွင် နတ်ဥယျာဉ်ကဲ့သို့။ သဗ္ဗောတုကံ = ဆောင်း, နွေ, မိုးဟု သုံးဥတု အား လျော်ပတ်သည်ဖြစ်၍။ သာဓုသုဂန္ဓပုပ္ဖံ = ကောင်းမြတ် မွှေးကြိုင် ရနံ့ကောင်းလှိုင်သော ပန်းအမျိုးမျိုးရှိပေ၏။ မဟာ-ဝိရ = ကြီးမြတ်သော ဝိရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ-ယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ဂုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ် သော အချိန်ပါဘုရား။

(၃၄) သုဘဥ္စသံ ယောဇနယောဇနေသု၊
သုဘိက္ခဂါမာ သုလဘာ မနုညာ။
ဇနာဘိကိဏ္ဏာ သုလဘန္နပါနာ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူး ငါးပုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ယောဇန ယောဇနေသု = ယူဇနာတိုင်း ယူဇနာတိုင်း တို့၌။ အဥ္စသံ = ခရီးလမ်းသည်။ သုဘံ = တင့်တယ်ကောင်းမွန်လှပါ၏။ မနုညာ = စိတ်နှစ်သက် ဖွယ်ဖြစ်ကုန်သော။ သုဘိက္ခဂါမာ = ဝပြောသာယာ ဆွမ်းခံရွာ တို့ကို။ သုလဘာ = ရလွယ်ပါကုန်၏။ တေ = ထိုတယူဇနာ တယူဇနာ၌ ဆွမ်းခံရွာတို့သည်။ ဇနာဘိကိဏ္ဏာ = ရွာ၌နေသူ လူတို့ဖြင့်ပြွမ်းကုန်သည်ဖြစ်၍။ သုလဘန္နပါနာ = မငြိုမငြင် မပင် မပန်း ရလွယ်သော ဆွမ်းအဖျော်ယမကာ ရှိပါကုန်၏။ မဟာ-ဝိရ = ကြီးမြတ်သော ဝိရိယ ရှိတော်မူသော မြတ်စွာဘုရား....။

http://www.dhammadownload.com



အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၅) ပဟူတဆာယူဒကရမ္မဘူတာ၊
နိဝါသိနံ သဗ္ဗသုခပ္ပဒါတာ။
ဝိသာလသာလာ စ သဘာ စ ဗဟူ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား····။ ဗဟူ = လမ်းခရီးအကြား များစွာကုန်သော။ ဝိသာလသာလာ စ = ကျယ်ပြန့်သော စရပ်တို့သည်၎င်း။ သဘာ စ = လူတို့ပေါင်းဆုံ အစည်းအဝေးရုံတို့သည်၎င်း။ ပဟူတဆာယူဒကရမ္မဘူတာ = ပေါများပြည့်လျှမ်း အရိပ်ရေချမ်းတို့ဖြင့် ရွှင်လန်းမွေ့လျော်ဖွယ် ရှိကုန်သည်ဖြစ်၍။ နိဝါသိနံ = တည်းခိုနေသူ ရှင် ရှင်လူတို့အား။ သဗ္ဗသုခပ္ပဒါတာ = ကာယစိတ္တ သုခနှစ်ဖြာ အလုံးစုံသော ချမ်းသာကို ပေးတတ်စွာကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၃၆) ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတာ၊
မနုညဥယျာနသုပေါက္ခရညော။
သုမာပိတာ သာဓုသုဂန္ဓဂန္ဓာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

'http://www.dhammadownload.com



ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ပထေ = ရာဇဂြိုဟ်, ကပိလနှစ်ဌာနစခန်း ခရီးလမ်း၌။ သုမာပိတာ = နတ်လမ်းသုတ်သင်သူတော်စင်တို့ တီထွင်တူးဖော်အပ်ကုန်သော။ မနုညဥယျာနသုပေါက္ခရညော = စိတ်နှစ်သက်ဖွယ် အသွယ်သွယ်သော ဥယျာဉ်ရေကန်တို့သည်။ ဝိဝိတ္တနာနာဒုမသဏ္ဍမဏ္ဍိတာ = ဆန်းကြယ်ထူးထွေသော သစ်ပင်အပေါင်းတို့ဖြင့် တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍။ သာဓုသုဂန္ဓဂန္ဓာ = ကောင်းမြတ်မွှေးကြိုင် ရနံ့တို့ဖြင့်လှိုင်ကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန်ပျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၃၇) ဝါတော မုဒုသီတလသာဓုရူပေါ၊
နဘာ စ အဗ္ဘာ ဝိဂတာ သမန္တာ။
ဒိသာ စ သဗ္ဗာဝ ဝိရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဝါတော = ညှင်းညှင်းသာသာ တိုက်ခတ်လာသော လေသည်။ မုဒုသီဟလသာဓုရူပေါ = နူးညံ့အေးမြ ကောင်းမွန်လှသော သဘောရှိပါ၏။ နဘာ စ = အဇဋာပြင် မိုးကောင်းကင်သည်လည်း။ သမန္တာ = ထက်ဝန်းကျင်မှ။ အဗ္ဘာ = မည်းညစ်ညိုမှောင် မိုးတိမ်တောင်မှ။ ဝိဂတာ = ကင်းရှင်း စင်ကြယ်လှပါ၏။ သဗ္ဗာဝ = အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဒိသာ စ = အရပ်မျက်နှာတို့သည်လည်း။ ဝိရောစယန္တိ = ရှုချင်စဖွယ် တင့်တယ်တောက်ပကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်

http://www.dhammadownload.com



ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၃၈) ပထေ ရဇောနုဂ္ဂမနတ္တမေဝ၊
ရတ္တိံ ပဝဿန္တိ စ မန္ဒဝုဋ္ဌိ။
နဘော စ သူရော မုဒုကောဝ တာပေါ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ပထေ = ရာဇဂြိုဟ်, ကပိလ နှစ်ဌာနစခန်း ခရီးလမ်း၌။ ရဇောနုဂ္ဂမနတ္တမေဝ = မြူမှုန်မထ မကြွစေခြင်းငှါသာလျှင် (ဝါ၊ မြူမှုန်မထမကြွရုံသာ)။ ရတ္တိံ = ညဉ့်အခါ၌။ မန္ဒဝုဋ္ဌိစ = လေပြည်ဆော်သွေး မိုးသေး မိုးဖွဲတို့ သည်လည်း။ ပဝဿန္တိ = မယုတ်မလွန် ရွာသွန်ကြကုန်၏။ နဘော = အဇဋာပြင် မိုးကောင်းကင်၌။ သူရောစ = နေမင်း သည်လည်း။ မုဒုကောဝ တာပေါ = နူးညံ့လှစွာ ခံသာရုံသာ ထွန်းလင်းတောက်ပ၏။မဟာဝီရ = ကြီးမြတ်သောဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၃၉) မဒပ္ပဗာဟာ မဒဟတ္ထိသံဃာ၊
ကရေဏုသံဃေဟိ သုကီဠယန္တိ။
ဒိသာ ဝိဓာဝန္တိ စ ဂဇ္ဇယန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ မဒပ္ပဗာဟာ = လွန်စွာထန်ပြင်း မာန်ယစ်ခြင်း ရှိကုန်သော။ မဒဟတ္ထိသံဃာ = အမုန်ယိုစီး

http://www.dhammadownload.com



ဆင်ပြောင်ကြီးအပေါင်းတို့သည်။ ကရေဏုသံဃေဟိ = ကြင်ဖော် မှန်လှ ဆင်မအပေါင်းတို့ဖြင့်။ သုကိဋ္ဌယန္တိ = မြူးတူးပျော်ပါး ကစားကြကုန်၏။ ဂဇ္ဇယန္တာ = ကြိုးကြာသံကဲ့သို့ ကြည်းညည်း ဟစ်အော်ကုန်လျက်။ ဒိသာစ = အရပ်မျက်နှာ ဦးတည်ရာတို့သို့ လည်း။ ဝိစာဝန္တိ = ထိုမှဤမှ ပြေးသွားကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရ-သာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ-ယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ် သော အချိန်ပါဘုရား။

(၄၀) ဝနံ သုနီလံ အဘိဒဿနီယံ၊
နီလဗ္ဘကူဋံ ဇုဝ ရမ္မဘူတံ။
ဝိလောကိတာနံ အတိဝိမှနီယံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင် ရှား ရှင်ပင်မြတ်ဘုရား....။ ဝနံ = ရာဇဂြိုဟ်, ကပိလ နှစ်ဌာန ခရီးလမ်း တောစခန်းသည်။ သုနီလံ = စိမ်းတစိုစို ညိုသော အဆင်းရှိသည်ဖြစ်၍။ အဘိဒဿနီယံ = ရှုချင်စဖွယ် အလွန်ပင် တင့်တယ်လှပေ၏။ နီလဗ္ဘကူဋံ ဇုဝ = မည်းနက်ညိုမှောင် မိုးတိမ် တောင်ကဲ့သို့။ ရမ္မဘူတံ = နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ဖြစ်၍ လည်းဖြစ်ပါ၏။ ဝိလောကိတာနံ = ကြည့်ရှုကုန်သူ ရှင်ရှင်လူတို့ ၏။ အတိဝိမှနီယံ = ထူးထွေဆန်းကြယ် အလွန်အံ့ဩဖွယ်လည်း ဖြစ်ပါ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့်ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီ စက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

http://www.dhammadownload.com



(၄၁) ဝိသုဒ္ဓမဇ္ဈံ ဂဂနံ သုရမ္မံ၊
မဏိမယေဟိ သမလင်္ကတာ၀။
ဒိသာ စ သဗ္ဗာ အတိရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဂဂနံ = အဇဋ္ဌာပြင် မိုးကောင်းကင်သည်။ ဝိသုဒ္ဓမဇ္ဈံ = စင်ကြယ်သော တိမ်ကိုက်ရှိသည်လည်း ဖြစ်၍။ သုရမ္မံ = နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်လည်း ဖြစ်ပေ၏။ မဏိမယေဟိ = မြကျောက်စီခြယ် ဆင်ယင်ဖွယ်တန်းဆာတို့ဖြင့်။ သမလင်္ကတာ၀ = ကောင်းစွာပြုပြင် တန်းဆာဆင်အပ်ကုန်သကဲ့သို့။ သဗ္ဗာ ဒိသာ စ = အလုံးစုံသော အရပ်မျက်နှာတို့သည်လည်း။ အတိရောစယန္တိ = ရှုချင်စဖွယ် လွန်စွာတင့်တယ်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်တလက်လက်ဖြင့်ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၂) ဂန္ဓဗ္ဗဝိဇ္ဇာဓရကိန္နရာ စ၊
သုဂီတိယန္တာ မဓုရဿရေန။
စရန္တိ တသ္မိံ ပဝနေ သုရမ္မေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုရမ္မေ = နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ဖြစ်သော။ တသ္မိံ ပဝနေ = ထိုရာဇဗြိုဟ်, ကပိလ နှစ်ဌာန ခရီးလမ်း တောစခန်း၌။ ဂန္ဓဗ္ဗဝိဇ္ဇာဓရကိန္နရာ စ = ဂန္ဓဗ္ဗနတ်, ဝိဇ္ဇာမိုရ်, ကိန္နရာတို့ သည်လည်း။ မဓုရဿရေန = ချိုမြိန်လှစွာ သာယာသော အသံဖြင့်။ သုဂီတိယန္တာ = လေးတွဲ့သံချို ကောင်းစွာသီဆိုကုန်လျက်။ စရန္တိ = လူးလာကျက်စား သွားလာကြကုန်၏။

http://www.dhammadownload.com



မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား….။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၃) ကိလေသသံဃသ ဘိတာသကေဟိ၊
တပဿိသံဃေဟိ နိသေဝိတံ ဝနံ။
ဝိဟာရအာရာမသမိဒ္ဓိဘူတံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား….။ ကိလေသသံဃသ = နှိပ်စက်တတ်စွာ ကိလေသာအပေါင်းကို။ အဘိတာသကေဟိ = အလွန်ထိတ်လန့် ကြောက်ရွံ့ကြကုန်သော။ တပဿိသံဃေဟိ = ရသေ့ရဟန်းအပေါင်းတို့သည်။ နိသေဝိတံ = အမြဲမပြတ် ကိန်းပျော်မှီဝဲအပ်သော။ ဝနံ = ရာဇဗြိုဟ်, ကပိလ နှစ်ဌာနခရီးလမ်းတောစခန်းသည်။ ဝိဟာရအာရာမသမိဒ္ဓိဘူတံ = နေထိုင်ဖို့ရန် ကျောင်းအရာမ်တို့ဖြင့် ပြည့်စုံသည်ဖြစ်၍ ဖြစ်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား….။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၄) သမိဒ္ဓိနာနာဖလိနော ဝနန္တာ၊
အနာကုလာ နိစ္စမနောဘိရမ္မာ။
သမာဝိဝိတ္တံ အဘိဝဍ္ဎယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com



ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား….။ သမိဒ္ဓိနာနာဖလိနော = ပြည့်ဝခိုင်ဖြိုး အထူးထူးသော အသီးရှိကုန်သော။ ဝနန္တာ = တောအုပ်တို့သည်။ အနာကုလာ = နှောက်ယှက်ခြင်း ကင်းကုန်သည်ဖြစ်၍။ နိစ္စမနောဘိရမ္မာ = အမြဲတစေ နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်၏။ ပထိကာနံ = ခရီးသွားသူ ရှင်ရှင်လူတို့၏။ သမာဓိပီတိံ = စိတ်တည်ကြည်ခြင်း နှစ်သက်ခြင်းကို။ အဘိဝဍ္ဎယန္တိ = အာရုံငါးသင်း ဆိတ်ငြိမ်ခြင်းကြောင့် လွန်မင်းစွာ တိုးပွါးစေနိုင်ကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား….။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၅) နိသေဝိတံ နေကဒိဇေဟိ နိစ္စံ၊
ဂါမေန ဂါမံ သတတံ ဝသန္တာ။
ပုရေ ပုရေ ဂါမဝရာ စ သန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား….။ ဝနန္တံ = ရာဇဂြိုဟ်, ကပိလ နှစ်ဌာန ခရီးလမ်း တောစခန်းကို။ အနေကဒိဇေဟိ = အမျိုးဇာတ်အားများစွာသော ငှက်အပေါင်းတို့သည်။ နိစ္စံ = အမြဲ။ နိသေဝိတံ = ပျော်ရွှင်မှီဝဲ သုံးစွဲအပ်ပေ၏။ ဂါမေန–ဂါမံ = တစ်ရွာမှ တစ်ရွာသို့။ သတတံ = အမြဲမပြတ်။ ဝသန္တာ = သဘောတူရာပြောင်း၍ စုပေါင်းတည်နေကြကုန်သော။ ဂါမဝရာ စ = စားကျေးရွာတို့သည်လည်း။ ပုရေ ပုရေ = မြို့တိုင်း မြို့တိုင်း၌။ သန္တိ = ရှိကြကုန်၏။ မဟာဝီရ = ကြီးမြတ်သောဝီရိယရှိတော်မူသော မြတ်စွာဘုရား….။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာ

http://www.dhammadownload.com



ဘုရား၊တို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီ စက်ပန်း ကိုယ်တော်ယှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၆) ဝတ္ထန္နပါနံ သယနာသနဉ္စ၊
ဂန္ဓဉ္စ မာလဉ္စ ဝိလေပနဉ္စ။
တဟိံ သမိဒ္ဓါ ဇနတာ ဗဟူ စ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ တဟိံ = ထိုလမ်းခရီးအကြား များပြားလှစွာ စားကျေးရွာတို့၌။ ဝတ္ထန္နပါနဉ္စ = ဝတ်ဖွယ်,စားဖွယ်, သောက်ဖွယ် အသွယ်သွယ်သည်ငင်း။ သယနာသနဉ္စ = အိပ်ရာ နေရာသည်ငင်း။ ဂန္ဓဉ္စ = အထုံအခိုး နံ့သာမျိုးသည်ငင်း။ မာလဉ္စ = ပန်းအမျိုးမျိုးသည်ငင်း။ဝိလေပနဉ္စ=ရနံ့ကြိုင်လှောင်း နံ့သာပျောင်း (နံ့သာပျော့) အမျိုးမျိုးသည်ငင်း။ သမိဒ္ဓါ = စီးပွါးဥစ္စာ ကြွယ်ဝစွာကုန်သော။ ဗဟူ ဇနတာ စ = သင်္ချာများ တောင်း လူအပေါင်းတို့သည်ငင်း။ သန္တိ = ရှိပါကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၄၇) ပုညိဒ္ဓိယာ သမ္ဘယသဂ္ဂပတ္တာ၊
ဇနာ စ တသ္မိံ သုမိတာ သမိဒ္ဓါ။
ပဟူတဘောဂါ ဝိဝိဓာ ဝသန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ တသ္မိံ = ထိုလမ်းခရီးအကြား

http://www.dhammadownload.com



များပြားလှစွာ စားကျေးရှာအပေါင်းၶွ။ ပုညိဒ္ဓိယာ = ကောင်းမှုပြည့်ဖြိုး ဘုန်းတန်ခိုးဖြင့်။ (ဝါ) ဘုန်းတန်ခိုးကြောင့်။ သဗ္ဗယ-သဂ္ဂပတ္တာ = လုံးစုံမကြွင်း အခြံအရံများခြင်း ကျော်စောခြင်း အထွတ်အထိပ်သို့ ရောက်ကုန်သော။ ဇနာ စ = ကုသိုလ်ကြီးမားလူအများတို့သည်လည်း။ သုခိတာ = ကာယစိတ္တ သုခနှစ်ပါးနှင့်ပြည့်စုံကုန်လျက်။ သမိဒ္ဓါ = စည်းစိမ်လောကင ကုံတံကြွယ်ဝကုန် လျက်။ ပ ဟူ တ ဘော ဂါ = သ ချာ မြား မြောင် အ သုံးအဆောင် ရှိကြကုန်လျက်။ ဝိဝိဓာ = အထူးထူး အပြားပြား။ ဝသန္တိ = နေထိုင်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန်လျှော်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၄၇) နဘော စ အဗ္ဘာ သုဝိသုဒ္ဓဝဏ္ဏာ၊
ဒိသာ စ စန္ဒော သုဝိရာဇိတော၀။
ရတ္တိန္ဓ ဝါတော မုဒုသီတလော စ၊
သမ္ပယော မဟာဝီရ အင်္ဂီရသာနံ။

ဘ ဒ န္တေ = ကျေး ဇူး ငါး ပုံ ကောင်း ခြင်း ဂုဏ် နှင့် ပြည့် စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ နဘော = အဇဋာပြင် မိုးကောင်းကင်၌။ အဗ္ဘာ စ = တိမ်တိုက်တို့သည်လည်း။ သုဝိသုဒ္ဓဝဏ္ဏာ = စင်ကြယ်သန့်ရှင်းသော အဆင်းရှိကုန်၏။ စန္ဒော စ = လမင်းသည်လည်း။ ဒိသာ = ဝန်းကျင်ပတ်ချာ အရပ်မျက်နှာတို့ကို။ သုဝိရာဇိတော၀ = တင့်တယ်စွာလှတွန်းတောက်ပ၏။ ရတ္တိန္ဓ = အကာလတာ ညဉ့်အခါ၌လည်း။ ပါတော = ညှင်းညှင်းသာသာတိုက်ခတ်လာသောလေသည်။ မုဒုသီတလော စ = ဆောင်းရာသီ၌ကဲ့သို့ မကြမ်းလှ, နူးညံ့စွာ အေးမြပေ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီ-ရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်

http://www.dhammadownload.com



ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိုစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၄၉) စန္ဒုဂ္ဂမေ သဗ္ဗဇနာ ပဟဋ္ဌာ၊
သကင်္ဂဏော စိတြကထာ ဝဒန္တာ။
ပိယေဟိ သဒ္ဓိံ အဘိမောဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား….။ စန္ဒုဂ္ဂမေ = စန်းငွေယုန်စက်ထွက်လတ်သောအခါ၌။ ပဟဋ္ဌာ = နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကုန်သော။ သဗ္ဗဇနာ = မြေဉ္စနေသူ လူခပ်သိမ်းတို့သည်။ သကင်္ဂဏော = လသာဆောင်တခွင် မိမိ မိမိတို့၏ အိမ်ကြမ်းပြင်၌။ စိတြကထာ = ဆန်းကြယ်သော စကားတို့ကို။ ဝဒန္တာ = ပြောဆိုကုန်လျက်။ ပိယေဟိ = ချစ်အပ်သော သူတို့နှင့်။ သဒ္ဓိံ = အတူတကွ။ အဘိမောဒယန္တိ = နှစ်လိုအားရမ်း ဝမ်းမြောက်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝိရိယ ရှိတော်မူသော မြတ်စွာဘုရား….။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိုစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၅၀) စန္ဒဿ ရံသီဟိ နဘံ ဝိရောစိ၊
မဟီ စ သံသုဒ္ဓမနုညဝဏ္ဏာ။
ဒိသာ စ သဗ္ဗာ ပရိသုဒ္ဓရူပါ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား….။ စန္ဒဿ = လမင်း၏။ ရံသီဟိ =

http://www.dhammadownload.com



အေးမြချမ်းကြည် စမ်းရောင်ခြည်တို့ဖြင့်။ နဘံ = အဇဋာပြင် မိုး ကောင်းကင်သည်။ ဝိရောစိ = ရှုချင်စဖွယ် တင့်တယ် တောက်ပ ပါ၏။ မဟီ စ = မြေအပြင်သည်လည်း။ သံသုဒ္ဓမနုညဝဏ္ဏာ = စင်ကြယ်သန့်ရှင်း နှစ်သက်ဖွယ်အဆင်း ရှိပါ၏။ သဗ္ဗာ ဒိသာ စ = ဝန်းကျင်ပတ်ချာ အလုံးစုံသော အရပ်မျက်နှာတို့သည် လည်း။ ပရိသုဒ္ဓရူပါ = စင်ကြယ်သန့်ရှင်းသော သဘောရှိကုန် ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာ ဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာ ဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လီ စက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၅၁) ဒူရေ စ ဒိသွာ ဝရစန္ဒရံသိံ၊
ပုပ္ဖိံသု ပုပ္ဖါနိ မဟီတလသ္မိံ။
သမန္တတော ဂန္ဓဂုဏာတ္ထိကာနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပံ့ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဂန္ဓဂုဏာတ္ထိကာနံ = ရနံ့စုကို အလို ရှိသူတို့ အကျိုးငှါ။ သမန္တတော = ထက်ဝန်းကျင်မှ။ မဟီတ- လေ = မြေအပြင်၌။ ပုပ္ဖါနိ = ပန်းအမျိုးမျိုးတို့သည်။ ဒူရေ စ = ခရီးယူဇနာ ဝေးကွာသောအရပ်၌သာလျှင်။ (ဋီတံ = တည် သော၊ ထည့်)။ ဝရစန္ဒရံသိံ = ကောင်းမြတ်ထွန်းပြောင် စန်းလ ရောင်ကို။ ဒိသွာ = ပဏာပေါင်းဆုံ ကြိုက်ကြုံရသောကြောင့်။ ပုပ္ဖိံသု = ကားကားစွင့်စွင့် ပွင့်ကြလေကုန်ပြီ။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရ- သာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက် သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ- ယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လီစက်ပန်း ကိုယ်တော်

http://www.dhammadownload.com



လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၅၂) စန္ဒသ ရံသိဟိ ဝိလိမ္ပိတာဝ၊
မဟီ သမန္တာ ဂုသုမေန’လက်တာ။
ဝိရောစိ သဗ္ဗင်္သုမာလိနီဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ မဟီ = မြေအပြင်သည်။ စန္ဒသ = လမင်း၏။ ရံသိဟိ = အေးမြချမ်းကြည် စန်းရောင်ခြည်တို့ဖြင့်။ ဝိလိမ္ပိတာဝ = တင့်တယ်စေရန် လိမ်းကျံအပ်သကဲ့သို့။ သမန္တာ = ထက်ဝန်းကျင်မှ။ ကုသုမေန = ညွှန့်ဖွံ့ပွင့်ဆန်း ပန်းအမျိုးမျိုးဖြင့်။ အလက်တာ = အလှပြုပြင် တန်းဆာဆင်အပ်သည်ဖြစ်၍။ သဗ္ဗင်္သုမာလိနီဝ = အင်္ဂါကြီးငယ် အသွယ်သွယ်၌ တင့်တယ်စေကြောင်း ပန်းပေါင်းစုံလင် ပန်ဆင်အပ်သော အမျိုးသမီးကဲ့သို့။ ဝိရောစိ = ရှုချင်စဖွယ် တင့်တယ်လှပါ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လိစက်ပန်း ကိုယ်ကော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၅၃) ကုစန္တိ ဟတ္ထိပိ မဒေန မတ္တာ၊
ဝိစိတ္တပိဥ္ဆာ စ ဒိဇာ သမန္တာ။
ကရောန္တိ နာဒံ ပဝနေ သုရမ္မေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ သုရမ္မေ = နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော။ ပဝနေ = ရာဇဂြိုဟ်, ကပိလ နှစ်ဌာန ခရီးလမ်း

http://www.dhammadownload.com



တောစခန်းဌ်။ ဟတ္တိပိ = ဆင်တို့သည်လည်း။ မဒေန = အမုန်ဖြင့်။ မတ္တာ = ယစ်ကုန်သည်ဖြစ်၍။ ကုစန္တိ = ကြိုးကြာသံကဲ့သို့ အသံမှုကုန်၏။ ပိစိတ္တပိဥ္ဆာ = အံ့ဖွယ်ဘနန်း ဆန်းကြယ်သော အတောင်ရှိကုန်သော။ ဒိဇာ စ = နှစ်ကြိမ်ဖွားတောင်း ငှက်အပေါင်းတို့သည်လည်း။ သာမန္တာ = ဝန်းကျင်ပတ်ချာ ရစ်မျက်နှာမှ။ နာဒံ = ဝမ်းသာရွှင်မြူး တွန်ကျူးသော အသံကို။ ကရောန္တိ = ပြုကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် ပျော်ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၄) ပထဋ္ဌ သဗ္ဗံ ပဋိပဇ္ဇနက္ခမံ၊
ဇုန္ဒိ စ ရဋ္ဌံ သဓနံ သဘောဂံ။
သဗ္ဗတ္ထုတံ သဗ္ဗသုခပ္ပဒါနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား....။ သဗ္ဗံ = အလုံးစုံသော။ ပထဋ္ဌ = သွားရန်စခန်း ခရီးလမ်းသည်လည်း။ ပဋိပဇ္ဇနက္ခမံ = ဆောင်းကို လွန်မြောက် နွေဦးပေါက်၍ သွားရောက်ခြင်းငှါ ခံ့လှစွာ၏။ ရဋ္ဌံ စ = တိုင်းပြည်ခရိုင် နိုင်ငံများသည်လည်း။ ဇုန္ဒိ = ပြည့်စုံ၏။ သဓနံ = ဥစ္စာစီးပွါး ပေါများလှ၏။ သဘောဂံ = သုံးဖွယ်ကိုလို ပြည့်စုံလှပါ၏။ သဗ္ဗတ္ထုတံ = အင်္ဂါခုနစ်ပုံ လုံးစုံပြည့်လတ် ချီးမွမ်းအပ်ပါ၏။ သဗ္ဗသုခပ္ပဒါနံ = ကာယ, စိတ္တ သုခနှစ်ပုံ အလုံးစုံသော ချမ်းသာကို ပေးတတ်စွာ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ

http://www.dhammadownload.com



ပြည်ကဗွိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၅) ဝနဥ္စ သဗ္ဗံ သုပိဗ္ဗိတဂ္ဂရူပံ၊
သုမာပိတံ နန္ဒနကာနနံ ဝ။
ယတီန ပီတိံ သတတံ ဇနေတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ သဗ္ဗံ = အလုံးစုံသော။ ဝနဉ္စ = သွားရမည့်လမ်း တောစခန်းသည်လည်း။ သုမာပိတံ = နတ်တို့၏ကာံ စီမံဖန်ဆင်းအပ်သော။ နန္ဒနကာနနံဝ = နန္ဒဝန်ခေါ်တွင် နတ်ဥယျာဉ်ကဲ့သို့။ သုပိဗ္ဗိတဂ္ဂရူပံ = ရှုချင်စဖွယ် လွန်စွာဆန်းကြယ်သော သဘောရှိပါ၏။ ယတီနံ = တောရပ်စခန်း ခရီးသွားရဟန်းတို့၏။ ပီတိံ = အာရုံငါးပါးမဖက် တောနှင့်စပ်သော နှစ်သက်ခြင်းကို။ သတတံ ဇနေတိ = အမြဲမပြတ် ဖြစ်စေတတ်ပါ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကဗွိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၆) အလင်္ကတံ ဒေဝပုရံဝ ရမ္မံ၊
ကပိလဝတ္ထုံ ဇုတိ နာမမေယ္ယံ.
ကုလနဂရံ ဇုဓ သဿိရိကံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား....။ ဇုဓ = ဤလောကဌ်။ သဿိရိကံ = အသရေရှိသော။ ကပိလဝတ္ထုံ ဇုတိ နာမမေယ္ယံ = ကပိလရသေ့ ပျော်စံမွေ့သည့် မြေ-သီခရာ သခ်မ်းရာဝယ် မြို့ရွာ

http://www.dhammadownload.com



တည်လတ် ယင်းဗျူပွတ်ကြောင့် အနွတ္တဘွဲ့ချည် ကပိလဝတ် ဟူသော အမည်ရှိသော။ ကုလနဂရံ = ခမည်းနတ်ကျော် မြတ် မယ်တော်နှင့် ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ ကိန်း အောင်းစံပျော် နေပြည်တော်သည်။ အလက်တံ = အလှပြုပြင် တန်းဆာဆင်အပ်သော။ ဒေဝပုရံ၀ = နတ်တို့စံရာ တာဝတိံ သာ ကဲ့သို့။ ရမ္မံ = နှလုံးရွှင်ပျော် မွေ့လျော်ဖွယ်ရှိပါပေ၏။ မဟာ- ဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ- ယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လီစက်ပန်း ကိုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျှောက်ပတ် ကောင်းမြတ် သော အချိန်ပါ ဘုရား။ (ဤဂါထာမှစ၍ ကပိလဝတ်နေပြည် တော်ကို ဖွဲ့ဆိုချီးလျှောက်သည်။)

(၅၇) မနုညအဋ္ဋာလဝိစိတ္တရူပံ၊
သုဖုလ္လပင်္ကေရုဟသဏ္ဍမဏ္ဍိတံ။
ဝိစိတ္တပရိခါပိဟိ ပုရံ သုရမ္မံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား ရှင်ပင်မြတ်ဘုရား····။ ပုရံ = ကပိလဝတ်တွင်ခေါ် နေပြည်တော်သည်။မနုညအဋ္ဋာလဝိစိတ္တ ရူပံ = စိတ်နှစ်သက်ဖွယ် ရှိသော ပြအိုးတန်ဆောင်းတို့ဖြင့် ဆန်းကြယ်သောသဘော ရှိပါ ၏။ သုဖုလ္လပင်္ကေရုဟသဏ္ဍမဏ္ဍိတံ = ငွါးငွါးစွင့်စွင့် ကားကား ပွင့်သော ကြာတောတို့ဖြင့် သာမောတင့်လွှင် တန်းဆာဆင်အပ် ပါ၏။ ဝိစိတ္တပရိခါပိဟိ = ဆန်းကြယ်ဘိတောင်း ကျုံးမြောင်းတို့ ဖြင့်။သုရမ္မံ = လွန်စွာမွေ့လျော် ပျော်ဖွယ်ရာရှိပါ၏။မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီ- ရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ- ယော = ဖွားရပ်ဌာနီ ပြည်ကပိုသို့ နှစ်လီစက်ပန်း ကိုယ်တော်

http://www.dhammadownload.com



လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။

(၅၈) ဝိစိတ္တပါဂါဘရဇ္ဇ တောရဏာဍ္ဍ၊
သုဘဂ်ဏံ ဒေဝနိဝါသဘူတံ။
မနုညဝီထိ သုရလောကသန္နိဘံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား….။ ပုရံ = ကပိလဝတ်တွင်ခေါ် နေပြည်တော်သည်။ ဝိစိတ္တပါကာရဇ္ဇ = ရှုချင်စဖွယ် ဆန်းကြယ်သော မြို့တံတိုင်းလည်း ရှိပါ၏။ တောရဏာဍ္ဍ = ကြံ့ကြံ့တည်ခိုင် တုရိုဏ်တိုင်လည်း ရှိပါ၏။ သုဘဂ်ဏံ = စည်မျက်နှာအသွင် တင့်တယ်သော မြေအပြင် ရှိသည်ဖြစ်၍။ ဒေဝနိဝါသဘူတံ = သမ္မုတိနတ် ဥက္ကင့်နွယ်ရင်း လူမင်းတို့၏ စံနေရာ ဖြစ်၍လည်း ဖြစ်၏။ မနုညဝီထိစ = စိတ်နှစ်သက်ဖွယ် ပြန့်ကျယ်သန့်ရှင်းသော လမ်းခရီးလည်းရှိ၏။ သုရလောကသန္နိဘံ = နတ်တို့စံရာ တာဝတိံသာ နတ်ပြည်နှင့်လည်း တူ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား….။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၉) အလင်္ကတာ သာကိယရာဇပုတ္တာ၊
ဝိရာဇမာနာ ဝရဘူသနေဟိ။
သုရိန္ဒလောကေ ဣဝ ဒေဝပုတ္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ = ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား….။ ပုရေ = ကပိလဝတ်တွင်ခေါ် နေပြည်တော်၌။ သာကိယ ရာဇပုတ္တာ = မဟာနွယ်ဖွား သာကီ

http://www.dhammadownload.com



ဝင် မင်းသားတို့သည်။ ဝရဘူသနေဟိ = မြတ်သော အဆင် တန်းဆာတို့ဖြင့်။ အလင်္ကတာ = အလှပြုပြင် တန်းဆာဆင်အပ် ကုန်သည်ဖြစ်၍။ သုရိန္ဒလောကေ = နတ်တို့သနင်း သိကြား မင်းစံရာ တာဝတိံသာနတ်ပြည်၌။ ဒေဝပုတ္တာ ဣဝ = နတ်ဝတ် တန်းဆာ ကောင်းစွာဆင်ထား နတ်သားတို့ကဲ့သို့။ ဝိရာဇ-မာနာ = ရှုချင်စဖွယ် အလွန်တင့်တယ်ကြကုန်၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီ-ရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ-ယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိလ်သို့ နှစ်လိုစက်ပန်း ကိုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ် သော အချိန်ပါဘုရား။

(၆၀) သုဒ္ဓေါဒနော မုနိဝရံ အဘိဒဿနာယ၊
အမစ္စပုတ္တေ ဒသဓာ အပေသယိ။
ဗလေန သဒ္ဓိံ မဟတာ မုနိန္ဒ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မုနိန္ဒ = မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရသခင် မြတ်ရှင်ပင် ဘုရား····။ သုဒ္ဓေါဒနော = မွေးဖနတ်ကျော် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်။ မုနိဝရံ = မုနိဥက္ကဋ္ဌ ရဟန်းမြတ် ဖြစ် တော်မူသော အရှင်ဘုရားကို။ အဘိဒဿနာယ = ကွဲကွာသည် လည်း ကြာမြင့်, အသက်အရွယ်ကလည်း ကြီးရင့်၍ ရှင်ပင့်မျက်နှာ စန်းသော်မာကို သဒ္ဓါကော်ရော် ဖူးမြော်ခြင်းငှါ။ အမစ္စပုတ္တေ = အမတ်သားတို့ကို။ ဒသဓာ = ဆယ်ကြိမ်ဆယ်စု ဆယ်ဖို့ပြု၍။ မဟတာ = တထောင် တထောင် မြားမြောင်လှစွာသော။ ဗလေန = ဗိုလ်ပါအပေါင်းနှင့်။ သဒ္ဓိံ = တကွ။ အပေသယိ = ရှင်တော်ထံမှောက် ပင့်လျှောက်စေလွှတ်ခဲ့လေပြီ။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား····။ အင်္ဂီ-ရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမ-

http://www.dhammadownload.com



ယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လိုစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၆၁) နေဝါဂတံ ပဿတိ နေဝ ပါစိံ၊
သောကာဘိဘူတံ နရဝီရသေဋ္ဌ။
တောသေတုမိစ္ဆာမိ နရာဓိပတ္တံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မုနိန္ဒ = မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရသခင် မြတ်ရှင်ပင်ဘုရား....။ သုဒ္ဓေါဒနော = မွေးဖနတ်ကျော် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်။ အာဂတံ = ရှင်စောမြတ်စွာ ကြွလာတော်မူသည်ကို။ နေဝ ပဿတိ = မဖူးမြင်ရရှာပါ။ ပါစိံ = ကြွလာလိမ့်မည် မလာမည်ဟု နှစ်လိုကွဲပြား သတင်းစကားကို မျှလည်း။ နေဝ သုဏာတိ = မကြားရရှာပါ။ သောကာဘိဘူတံ = သောက လောင် မီး ဖိ စီး နှိပ် စက် အပ် သော။ နရဝီရ-သေဋ္ဌ = ရဲရင့်သသူ ထိုထိုလူတို့ထက်မြတ်သော။ နရာဓိပတ္တံ = လူတို့သနင်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို။ တောသေ-တုံ = ရှင်တော်မျက်နှာ ဖူးရပါ၍ အာသာပြည့်ဝ အားရနှစ်သိမ့်စေခြင်းငှါ။ (အဟံ = အကျွန်ုပ် ကာဠုဒါယီသည်။) ဣစ္ဆာမိ = တောင့်တလင့်ဆို အလိုရှိပါ၏။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပိလ်သို့ နှစ်လိုစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၆၂) တံဒဿနေန ဇ္ဇုတပီတိရာသိ၊
ဥဒိက္ခမာနံ ဒွိပဒါနမိန္ဒ။
တောသေဟိ တံ မုနိန္ဒ ဂုဏသေဋ္ဌ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com



မုနိန္ဒ = မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရသခင် မြတ်ရှင်ပင် ဘုရား….။(ပိတုနော = မွေးဖနတ်ကျော် ခမည်းတော်သုဒ္ဓေါဒန မင်းကြီးအား၊ ထည့်)။ တံ ဒဿနေန = အရှင်ဘုရားကို မျက်ဝါး ထင်ထင် ဖူးမြင်ရခြင်းဖြင့်၊ (ဝါ) ဖူးမြင်ရခြင်းကြောင့်။ အဗ္ဘုတ-ပီတိရာသိ = မဖြစ်စဖူး ထူးကဲသော နှစ်သက်ခြင်း အစုသည်။ (ဘဝေယျ = ကေန်စင်စစ် ဖြစ်လေရာပါ၏၊ ထည့်)။ ဥဒိက္ခမာ-နံ = ရှင်တော်ဘုန်းပွင့် ကြွလာခွင့်ကို မြော်လင့်ကာနေသော။ ဒွိပဒါနမိန္ဒံ = အခြေနှစ်ချောင်းရှိသူ လူတို့ကို အစိုးရသော။ ဂဏ-သေဋ္ဌံ = ကျွဲးမွေးခဲ့ဘူး ဂဏ်ကျေးဇူးဖြင့် အထူးမြင့်မြတ် ချီးမွမ်း အပ်သော။ တံ = ထိုမွေးဖနတ်ကျော် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို။ (တွံ = အရှင်ဘုရားသည်၊ ထည့်)။ တောသေဟိ = ရှင်တော့်မျက်နှာ ဖူးရပါ၍ အာသာပြည့်ဝ အားရနှစ်သိမ့် စေတော်မူပါလော့။ မဟာဝီရ = ကြီးမြတ်သော ဝီရိယ ရှိတော် မူသော မြတ်စွာဘုရား….။ အင်္ဂီရသာနံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော် မူသော မြတ်စွာဘုရားတို့၏။ သမယော = ဖွားရပ်ဌာနီ ပြည်ကပ္ပိ သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော် ကန်လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၆၃) အာသာယ ကသတေ ခေတ္တံ၊
ဗီဇံ အာသာယ ဝပ္ပတိ။
အာသာယ ဝါဏိဇာ ယန္တိ၊
သမုဒ္ဒံ ဓနဟာရကာ။
ယာယ အာသာယ တိဋ္ဌာမိ၊
သာ မေ အာသာ သမိဇ္ဈတု။

မုနိန္ဒ = မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရသခင် မြတ်ရှင်ပင် ဘုရား….။ ကဿကော = တောင်သူယောက်ျား လယ်သမားသည်။ အာသာယ = ကောက်ပဲသီးနှံ ရရန်စိတ်ထား လိုလား တောင့်တခြင်းကြောင့်။ ခေတ္တံ = လယ်ယာကို။ ကသတေ = ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်ထွန်ယက်၏။ (ကသိတွာ =

http://www.dhammadownload.com



ခြေါက်တို့ ခေါက်ပြန် အဖန်ဖန်ထွန်ယက်ပြီး၍၊ ထည့်)။ အာသာ-ယ = ကောက်ပဲသီးနှံ ရရန်စိတ်ထား လိုလားတောင့်တခြင်းကြောင့်။ ဗီဇံ = မျိုးစေ့ကို။ ဝပ္ပတိ = ထကြွလုံ့လ ဝီရိယဖြင့် ကြိုးချ စိုက် ပျိုး ၏။ ဓနဟာရကာ = ဥစ္စာ ကိုဆောင် ကုန် သော။ ဝါဏိဇာ = ကုန်သည်တို့သည်။ အာသာယ = မြတ်စွန်းလိုငြား တောင့်တချက်တရားကြောင့်။ သာမုဒ္ဒံ = ငါး လိပ် မကာရ်း ဘေး တျမ်းတို့ ရောပြွမ်းထူစွာ သမုဒ္ဒရာကို။ ယန္တိ = လှေသင်္ဘောကြီး အသီးသီးဖြင့် ခရီးဖြန့်မြန်း သက်စွန့်ကြိုးပမ်း ကူးသန်းသွားလာကြကုန်၏။ (တထေဝ = ထို့အတူပင်လျှင်။ အဟမ္ပိ = ဖွားဘက်တော်သမုတ် အကျွန်ုပ် ကာဠုဒါယီသည်လည်း၊ ထည့်)။ ယာယ အာသာယ = နေပြည်တော်ဟောင်း ကြွစေကြောင်းဟု ကောင်းသော ဆန္ဒ အကြင်သို့သော တောင့်တခြင်းဖြင့်။ (ဣဓ = ဤ ဝေဠုဝန်ခေါ် မင်းကျောင်းတော်၌၊ထည့်)။တိဋ္ဌာမိ = ရှင်တော့် ထံ့မှောက် ဆိုက်ရောက်ရပ်တည်လာပါ၏။ မေ = ဖွားဘက်တော် သမုတ် အကျွန်ုပ် ကာဠုဒါယီ၏။ သာ အာသာ = ဆွေထံ မျိုးထံ ကိုယ်တော်ပြန်၍ အဖူးမြော်ခံစေလိုသော သမ္မာဆန္ဒ ထိုတောင့် တချက်သည်။ သမိဇ္ဈတု = တောင့်တသည့်အတိုင်း မဆိုင်းကုံလုံ ပြည့်စုံပါစေသတည်း။

(၆၄) နာတိသီတံ နာတိဥဏှံ၊
နာတိဒုဗ္ဘိက္ခဆာတကံ။
သဒ္ဒလာ ဟရိတာ ဘူမိ၊
ဧသ ကာလော မဟာမုနိ။

မဟာမုနိ = မုနိဥက္ကဋ္ဌ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား…။ ဧသံ = ဆောင်းနှောင်းနွေဦး ဤအခါထူးသည်။ နာတိသီတံ = အေးလည်းမအေးလွန်းလှပါဘုရား။နာတိဥဏှံ = ပူလည်းမပူလွန်းလှပါဘုရား။နာတိဒုဗ္ဘိက္ခဆာတကံ = ကောက်ပဲ သိမ်းစ ဥတုမျှ၍ အာဟာရမွတ်ရှား ခေါင်းပါးခြင်း ဆာလောင် ခြင်းမှလည်း ကင်းရှင်းပါ၏ဘုရား။ ဘူမိ = မြေအပြင်သည်။ သဒ္ဒလာ = နေဇာမြက်ညွန့်ရှိသည်ဖြစ်၍။ ဟရိတာ = မြအရောင်

http://www.dhammadownload.com



သန်း စိမ်းလန်းစိုပြေလှပါ၏ဘုရား။ သေ-သော = ဆောင်းနှောင်းနွေဦး ဤအခါထူးသည်။ ကာလော = ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

ဤသို့လျှင် ကာဠုဒါယီ မထေရ်သည် ထူးထွေဆန်းကြယ် ဂါထာခြောက်ဆယ်တို့ဖြင့် မြတ်စွာဘုရားသခင် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူရန် ချီးမွမ်းစကား လျှောက်ထားလေ၏။

(ဤ၌။ ။အရှင်ကာဠုဒါယီ လျှောက်ဆိုသော ဂါထာတို့မှာ(၆၄) ခြောက်ဆယ့်လေး ဂါထာပင် ဖြစ်သော်လည်း အဋ္ဌသာလိနီမူလဋီကာ၌ ကိလေသာကို ရေတွက်သောအရာ၌ကဲ့သို့ အနည်းငယ် (၄) ဂါထာမျှ ပိုလွန်စေကာမူ "အပ္ပကံ ဟိ ဦနံ အဓိကံ ဝါ ဂဏနူပဂံ န ဟောတိ= အနည်းငယ်မျှ လိုသောအရာ ပိုသောအရာသည် မရေတွက်လောက်" ဟူသော ကျမ်းလာစကားအတိုင်း ဂါထာခြောက်ဆယ်ဟူ၍သာလျှင် အဋ္ဌကထာ ဋီကာတို့၌ ခေါ်ဆိုသုံးစွဲလေသည်ကို အထူး မှတ်ယူရာ၏။)

ထိုသို့ ကာဠုဒါယီမထေရ်မြတ် လျှောက်ဆိုလတ်သောအခါ မြတ်စွာဘုရားသည် ကာဠုဒါယီမထေရ်ကို "ချစ်သား ကာဠု-ဒါယီ.... သင် ချစ်သားသည် အဘယ်အကြောင်းကြောင့် ချိုမြိန်သာယာသော အသံဖြင့် ကပိလဝတ်ပြည်သို့ သွားရောက်ရန် ချီးမွမ်းစကား လျှောက်ထားပြောဆိုသနည်း" ဟု မေးမြန်းတော်မူလေသော် အရှင်ကာဠုဒါယီမထေရ်သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အရှင်ဘုရားတို့ကို ခမည်းတော် သုဒ္ဓေါ-ဒန မင်းတရားကြီးသည် ဖူးမြော်လိုလှပါပြီ၊ ဆွေတော် မျိုးတော်တို့အား သင်္ဂြိုဟ်ချီးမြှောက်မှု ပြုတော်မူပါကုန်ဘုရား" ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက အရှင် ကာဠု-ဒါယီမထေရ်ကို "ကောင်းပြီ ချစ်သား ကာဠုဒါယီ.... ငါဘုရားသည် ဆွေတော် မျိုးတော်တို့အား သင်္ဂြိုဟ်ချီးမြှောက်မှု ပြုပေအံ့၊ ရဟန်းသံဃာအပေါင်းအား ထိုအကြောင်းကို လျှောက်ကြား

http://www.dhammadownload.com



လော့၊ ရဟန်းများသည် ခရီးသွားရဟန်းတို့ ပြုကျင့်ရမည့် ဝတ်တရားစုကို ပြုကြပေလိမ့်မည်”ဟူ၍ မိန့်ကြားတော်မူလေသော် “ကောင်းပါပြီ ရှင်တော်ဘုရား”ဟု ဝန်ခံပြီးလျှင် ကာဠုဒါယိ မထေရ်သည် ရဟန္တာပေါင်း ထေရ်နှစ်သောင်းတို့အား ထို အကြောင်းကို လျှောက်ထားလေ၏။

ကာဠုဒါယိ မထေရ်မြတ်၊ ဂါထာခြောက်ဆယ်တို့ဖြင့်
မြတ်စွာဘုရားကိုကပိလဝတ် နေပြည်တော်သို့ ကြွရောက်ရန်
ပင့်လျှောက်ခန်း ပြီး၏။

ဤတွင် အခန်း ၁၆-ပြီး၏။

http://www.dhammadownload.com



## အခန်း-၁၇

### မြတ်စွာဘုရားသခင် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူခြင်း

မြတ်စွာဘုရားသည် အင်္ဂတိုင်း မဂဓတိုင်းသား အမျိုးကောင်းသား ရဟန္တာပေါင်း တသောင်း, ကပိလဝတ်ပြည်သား အမျိုးကောင်းသား ရဟန္တာပေါင်း တသောင်း ဤရဟန္တာ ရဟန်းပေါင်း နှစ်သောင်းတို့ခြံရံလျက် (မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁-ရက်နေ့တွင်) ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှ ထွက်ခွါတော်မူ၍ တနေ့တနေ့လျှင် တယူဇနာ တယူဇနာ ခရီးကြွသွားတော်မူ၏၊ တနေ့လျှင် တယူဇနာ ကြွသွားလျှင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ခြောက်ဆယ် ဝေးကွာသော ကပိလဝတ် နေပြည်တော်သို့ နှစ်လဖြင့် ရောက်ဆိုက်လိမ့်မည်ဟု ရည်မှန်းတော်မူကာ အတုရိတာ ဒေသစာရီခေါ်သည့် မလျင်မြန်လွန်းသော ဒေသစာရီ ကြွချီတော်မူခြင်းဖြင့် ကြွသွားတော်မူလေ၏။

### လမ်းခရီးတလျှောက်၌ မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရွှေနန်းတော်မှ ဆက်ကပ်သော ဆွမ်းဖြင့် မျှတတော်မူခြင်း

မြတ်စွာဘုရားသခင် ကပိလဝတ် နေပြည်တော်သို့ အတုရိတ ဒေသစာရီ ကြွချီတော်မူလတ်သော် အရှင် ကာဠုဒါယီ မထေရ်သည်လည်း "မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်မှထွက်၍ ကပိလဝတ်နေပြည်တော်သို့ ကြွလာတော်မူကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ငါသွား၍ ပြောကြားပေအံ့" ဟု ကြံစည်ပြီးလျှင် ဣဒ္ဓိဝိဓ အဘိညာဏ်ဖြင့် ကောင်းကင်သို့ပျံတက်၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကာ သုဒ္ဓေါဒန မင်းကြီး၏ ရွှေနန်းတော်၌ သက်ဆင်းတော်မူလေ၏၊ သုဒ္ဓေါဒနမင်းကြီးသည် အရှင်ကာဠုဒါယီမထေရ်ကို မြင်ရလျှင် အလွန်ပင် ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ "ကြွတော်မူပါ ချစ်သား ကာဠုဒါယီ... ဤနေရာ၌ ထိုင်နေတော်မူပါ" ဟု ရှိသေစွာ လျှောက်ထား၍ပင့်ဖိတ်

http://www.dhammadownload.com



ကာ သူမြတ်တို့နှင့်သာ ထိုက်တန်သော ရာဇပလ္လင်၌ (နေရာပေးကာ) ထိုင်နေစေလျက် မိမိအတွက် စီရင်အပ်သော ထူးထွေကောင်းမြတ်သည့် အရသာရှိသော ဆွမ်းအပြည့် သပိတ်၌ ထည့်ပြီးလျှင် ကာဠုဒါယီမထေရ်မြတ်အား ဆက်ကပ်လှူဒါန်းလေ၏။

ကာဠုဒါယီမထေရ်သည် ထ၍ ကြွသွားအံ့သော အခြင်းအရာ (=အမူအရာ) ကို ပြတော်မူလေလျှင် သုဒ္ဓေါဒနမင်းကြီးက "ဤရာဇပလ္လင်ပေါ်၌ပင်ထိုင်၍ ဘုဉ်းပေးပါချစ်သား"ဟု လျှောက်ထားသည်တွင် "မြတ်သောမင်းကြီး···· မြတ်စွာဘုရားထံတော်သို့ ရောက်မှ စားတော့မည်" ဟု အရှင်ကာဠုဒါယီမထေရ်က ပြန်ကြား ပြောဆိုလေသည်၊ ထိုအခါ သုဒ္ဓေါဒနမင်းကြီးက "ချစ်သား····မြတ်စွာဘုရား အဘယ်မှာ ရှိသနည်း" ဟု မေးလျှောက်သဖြင့် အရှင်ကာဠုဒါယီမထေရ်သည် "မြတ်သောမင်းကြီး····မြတ်စွာဘုရားသည် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် သင်မင်းကြီးတို့ကို တွေ့မြင်ရန် ခရီးဒေသစာရီ ထွက်ကြွတော်မူလာပြီ" ဟူ၍ ပြန်ကြားတော်မူလေသော် သုဒ္ဓေါဒနမင်းကြီးသည် အလွန်ဝမ်းမြောက်သော စိတ်ရှိလျက် "ချစ်သားကာဠုဒါယီ···· သင်ချစ်သားတို့သည် ယခုလှူကပ်အပ်သောဆွမ်းကို ဤရွှေနန်းတော်၌ပင် ဘုဉ်းပေးတော်မူ၍ သားတော်ဘုရား ဤကပိလဝတ်နေပြည်တော်သို့ ရောက်ဆိုက်တော်မူသည်တိုင်အောင် သားတော်ဘုရားအတွက် ဤရွှေနန်းတော်မှပင် ဆွမ်းဘောဇဉ်ကို ယူဆောင်ဆက်ကပ်တော်မူပါကုန်" ဟူ၍ လျှောက်ထားပြန်လေ၏၊ အရှင် ကာဠုဒါယီ မထေရ်သည်လည်း မင်းကြီးလျှောက်ထားချက်ကို လက်ခံသဘောတူ ဆိတ်ဆိတ်သာ နေတော်မူ၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကာဠုဒါယီမထေရ်ကို ရွှေနန်းတော်၌ပင် မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်ကျွေးမွေးပြီးလျှင် အရှင်ကာဠုဒါယီ၏သပိတ်ကို နံ့သာမှုန့်ဖြင့် ပွတ်တိုက်ဆေးကြော၍ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်အပြည့် သပိတ်၌ထည့်လျက် "မြတ်စွာဘုရားအား

http://www.dhammadownload.com



လှူဒါန်း ဆက်ကပ်တော်မူပါကုန် ဘုရား” ဟု လျှောက်ထားကာ အရှင်ကာဠုဒါယီမထေရ်လက်သို့ သပိတ်ကို ဆက်ကပ်လေသည်၊ ကာဠုဒါယီမထေရ်သည် နန်းတွင်းသူ နန်းတွင်းသား အများတို့ ကြည့်ရှုနေကြစဉ်ပင် သပိတ်ကို ကောင်းကင်သို့ ပစ်လွှတ်လိုက်၍ ကိုယ်တိုင်လည်း ကောင်းကင်သို့ပျံတက်ကာ ဆွမ်းကို ဆောင်ယူခဲ့ ပြီးလျှင် မြတ်စွာဘုရား၏ လက်တော်သို့ ဆက်ကပ်လေ၏၊ မြတ်စွာဘုရားသည် ကာဠုဒါယီမထေရ်မြတ် ဆောင်ယူအပ်ခဲ့ သည့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လှူဒါန်းလိုက်သည့်ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူလေ၏၊ ဤနည်းနှင်နှင် ကာဠုဒါယီ မထေရ်သည် နေ့စဉ် နေ့စဉ် မြတ်စွာဘုရားအတွက် ကပိလဝတ် ရွှေနန်းတော်မှ ဆွမ်းကိုဆောင်ယူလေသည်၊ မြတ်စွာဘုရားသည် လည်း လမ်းခရီးအကြား၌ ခမည်းတော်မင်းကြီး လှူဒါန်းအပ် သော ဆွမ်းကိုပင် ဘုဉ်းပေးသုံးဆောင်တော်မူ၏။

အထူးအားဖြင့် အရှင်ကာဠုဒါယီမထေရ်သည် ကပိလဝတ် ရွှေနန်းတော်၌ မိမိဆွမ်းဘုဉ်းပေးပြီးလျှင် နေ့တိုင်း နေ့တိုင်းပင် “ယနေ့ မြတ်စွာဘုရားသခင် ဤမျှသောခရီးသို့ ရောက်တော်မူ လာပြီ၊ ယနေ့ ဤမျှသောခရီးသို့ ရောက်တော်မူလာပြီ” ဟု စကားချီကာ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်နှင့်စပ်သော တရားစကားဖြင့် သာကီဝင်မင်းမျိုး တမျိုးလုံးကို ဘုရားမဖူးရမီ ကပင် ဘုရားရှင်၌ ကြည်ညိုသော သဒ္ဓါတရား ဖြစ်ပွါးနှင့်အောင် ပြုတော်မူလေ၏။

(ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် နောက်တချိန်၌ သာဝက များအား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်ပေးသောပွဲ၌ ကာဠုဒါယီမထေရ် သူမြတ်ကို “ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကုလပ္ပသာ-ဒကာနံ ယဒိဒံ ကာဠုဒါယီ=ရဟန်းတို့.... ဆွေတော် မျိုးတော်တို့အား ငါဘုရား၌ သက်ဝင်ကြည်ညိုခြင်းကို ဖြစ်စေကြသော ငါဘုရား၏ တပည့် သာဝက ရဟန်းတို့အနက် ကာဠုဒါယီ ရဟန်းသည် အသာဆုံး အမြတ် ဆုံးပေတည်း” ဟု မိန့်ကြားတော်မူကာ ကုလပ္ပသာဒ=ဆွေတော် မျိုးတော်တို့အား သဒ္ဓါတရားကို ဖြစ်ပွါးစေသောအရာ၌ အသာဆုံး

http://www.dhammadownload.com



အမြတ်ဆုံး ပုဂ္ဂိုလ်အဖြစ် ချီးမြှင့်မြှောက်စား တော်ဒဂ် ထားတော်မူလေသည်။)

ဤသို့လျှင် မြတ်စွာဘုရားသည် နောက်ပါ ရဟန္တာပေါင်း နှစ်သောင်းတို့ခြံရံလျက် တနေ့လျှင် တယူဇနာကျ အတုရိတ ဒေသစာရီ ကြွချီတော်မူခဲ့ရာ ရက်ပေါင်းခြောက်ဆယ် (= နှစ်လတိတိ) ဖြင့် (မဟာသက္ကရာဇ် ၁၀၄-ခုနှစ် ကဆုန်လပြည့်ကျော် ၁-ရက်နေ့၌) ယူဇနာခြောက်ဆယ် ဝေးကွာသော ကပိလဝတ်နေပြည်တော်သို့ ကောင်းစွာ ဆိုက်ရောက်တော်မူလေသည်။

### မြတ်စွာဘုရားသည် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာဖြင့် ဆွေတော်မျိုးတော်တို့၏ ဇာတိမာန်ကို နှိမ်နင်းတော်မူခြင်း

ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီး အမှူးပြုသော သာကီဝင်မင်းအပေါင်းတို့သည် မြတ်စွာဘုရားသခင် ကပိလဝတ်နေပြည်တော်သို့ ဆိုက်ရောက်တော်မူလာလျှင် "ငါတို့၏ ဆွေမျိုးမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြော်ကြရကုန်တော့မည်"ဟု စည်းဝေးပွဲကျင်းပ၍ ရှေးဦးစွာ (အစီအစဉ် ၁-အနေဖြင့်) မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရန် နေရာဌာနကို တိုင်ပင်ဆွေးနွေးကြကုန်သည်ရှိသော် "နိဂြောဓ သာကီဝင်မင်း၏ အရံဥယျာဉ်သည် မွေ့လျော်ဖွယ်ရှိ၏၊ အရိပ် ရေစမ်းနှင့်လည်း ပြည့်စုံ၏၊ မြို့နှင့် မဝေးလွန်းခြင်း, မနီးလွန်းခြင်း, သွားလမ်းလာလမ်းနှင့် ပြည့်စုံခြင်း, အလိုရှိတိုင်းသောသူတို့ သွားရောက်ဖို့ရန် လွယ်ကူခြင်း, ဆိတ်ငြိမ်ခြင်း တည်းဟူသော ဘုရားရှင်တို့ နှစ်သက်အပ်သည့် အင်္ဂါရပ်နှင့်လည်း ပြည့်စုံ၏၊ ထို့ကြောင့် ထိုနိဂြောဓ သာကီဝင်မင်း၏ အရံဥယျာဉ်သည် မြတ်စွာဘုရား နေထိုင်သီတင်းသုံးတော်မူရန် လျော်ကန်မလျောက်ပတ် ကောင်းမြတ်သော နေရာဖြစ်၏"ဟု တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်သတ်မှတ် အတည်ပြုကြပြီးလျှင် ထိုဥယျာဉ်၌ ပြုပြင်ဖွယ်ကိစ္စအဝဝကို ပြုပြင်စေကြပြီးနောက် ကိုယ်စီကိုယ်ငှ နံ့သာပန်းတို့ကို

http://www.dhammadownload.com



လက်စွဲကြကုန်လျက် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုမှု ပြုလုပ်ကြကာ—

(က) အဆင်တန်းဆာ အပြည့်အစုံ ဆင်ယင်ကြပြီးသော အသက်ငယ်ရွယ်သူ (မြို့နေလူထု၏ သမီး သား) သူငယ်များ သူငယ်မများကို ရှေ့တန်းမှ စေလွှတ် နေရာချထားကြလေသည်။

(ခ) ထို့နောင်မှ အဆင်တန်းဆာ အပြည့်အစုံ ဆင်ယင်ကြပြီးသော မင်းသား မင်းသမီးတို့ကို လိုက်ပါစေကြသည်။

(ဂ) ထိုမင်းသား မင်းသမီးတို့၏ နောက်မှ အခြားမရှိ မိမိတို့ကိုယ်တိုင် နံ့သာပန်း နံ့သာမှုန့် စသည်တို့ဖြင့် ပူဇော်ကုန်လျက် မြတ်စွာဘုရားကိုပင့်ဆောင်၍ နိဂြောဓာရုံ ဥယျာဉ်သို့ သွားကြလေကုန်သည်။

နိဂြောဓာရုံဥယျာဉ်သို့ ရောက်လတ်သောအခါ မြတ်စွာဘုရားသည် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် သာကီဝင်မင်းတို့ ကြိုတင်စီစဉ် ခင်းထားအပ်သည့် မြတ်သော ဘုရားနေရာ ဗုဒ္ဓါသနမွေ့ပလ္လင်၌ သီတင်းသုံး ထိုင်နေတော်မူလေ၏။

ထိုအခါ သာကီဝင်မင်းတို့သည် ဇာတိမာန် ခက်ထန် ထောင်လွှားကြသူများဖြစ်ရကား "သိဒ္ဓတ္ထမင်းသားသည် ငါတို့အောက် အသက်အရွယ် အလွန်ငယ်သူဖြစ်ပေ၏၊ ငါတို့၏ ညီငယ်၊ တူငယ်၊ သားငယ်၊ မြေးငယ် ဖြစ်ပေသည်"ဟု ကြံစည်ကြ၍ ငယ်ကုန် ငယ်ကုန်သော မင်းသားတို့ကို "အမောင်တို့ ရှိခိုးကြကုန်လော့၊ ငါတို့ကား အမောင်တို့၏နောက်မှ ထိုင်နေကြကုန်အံ့"ဟူ၍ ပြောဆိုကြလေကုန်၏၊ ဤသို့ ဆွေတော် မျိုးတော် ဖြစ်ကြသည့် သာကီဝင်မင်းတို့ မြတ်စွာဘုရားကို ရှိမခိုးပဲ မင်းသားငယ်တို့၏ နောက်ကွယ်မှ ထိုင်နေကုန်လတ်သော် မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတို့၏ ဇာတိမာန်ပြင်းပြ အတွင်းစိတ်ဆန္ဒကို သိမြင်တော်မူပြီးကာ "ဤ ငါ၏ဆွေမျိုး မာနအိုးတို့သည် ကိုယ်ကျိုးမပြီး

http://www.dhammadownload.com



အချည်းနှီး အိုမင်းကြသဖြင့် ငါကို ရှိမခိုးကြကုန်၊ ဤ ငါ၏ဆွေမျိုး မာနအိုးတို့သည် 'ဘုရားမည်သည် အဘယ်သို့သဘောရှိသော သူနည်း၊ဘုရားရှင်တို့၏ အားအစွမ်းမည်သည် အဘယ်သို့သဘော ရှိသနည်း' ဟူ၍၎င်း, 'ဘုရားမည်သည် ဤသို့ သဘောရှိသော သူပါတကား၊ ဘုရားရှင်တို့၏ အားအစွမ်းမည်သည် ဤသို့ သဘော ရှိစွာ့တကား' ဟူ၍၎င်း လားလားမျှ မသိကြကုန်၊ ကိုင်း.... ယခုအခါ ငါဘုရားသည် ဘုရားတို့ခွန်အား စွမ်း ပကားကို ထင်ရှားဖော်ပြကာ ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာ ကိုလည်း ပြုပေအံ့၊ အဇ္ဈာပြင် မိုးကောင်းကင်၌ စင်္ကြံဝဋ္ဌာပေါင်း တိုက်တသောင်း ကျယ်ပြန့်သော ရတနာစင်္ကြံတော်ကြီး ဖန်ဆင်း ပြီးလျှင် ထိုရတနာစင်္ကြံထက်၌ စုန်ဆန်တုံ့ခေါက် စင်္ကြံလျှောက်၍ ရောက်ဆိုက်လာသမျှ ဝေနေယျအား အဇ္ဈာသယကိုကြည့်ကာ ဓမ္မဒေသနာမိုး ရွာဖြိုးရွာသွန်းပေအံ့" ဟု ကြံစည်ဆုံးဖြတ်တော်မူ လျှင်ပင် စင်္ကြံဝဋ္ဌာတိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းချီးကြွေးကြော် သာခုခေါ်ကြလေကုန်၏။

မြတ်စွာဘုရားသည် ကြံစည်ဆုံးဖြတ်တော်မူပြီးသည့် အခြားမဲ့ မှာပင် ဩဒါတကသိဏ်းလျှင် အာရုံရှိသော စတုတ္ထ ဈာန်သမာ ပတ်ကို ဝင်စား၍ ထိုသမာပတ်မှ ထတော်မူပြီးကာ "စင်္ကြံဝဋ္ဌာ ပေါင်း တိုက်တသောင်းအနှံ့ အလင်းရောင်ပြန့်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူလေသည်၊ အဓိဋ္ဌာန်တော်မူသည်နှင့် တပြိုင်နက် အဓိဋ္ဌာန်ချက်အတိုင်း စင်္ကြံဝဋ္ဌာတိုက်တသောင်း အလင်းရောင် လွှမ်းမွမ်းညှောင်း၍ လူပေါင်းများစွာ နတ်ဗြဟ္မာတို့ ကြည်သာ ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ရှိနေကြကုန်စဉ် အဘိညာဉ် စတုတ္ထ ဈာန်ဖြင့် ကောင်းကင်မိုးယံသို့ ပျံတက်၍—

(၁) အထက်နှင့်အောက်၊ (၂) ရှေ့နောက် ရှုပကာ၊ (၃) ဝဲယာ နှစ်ဖော် မျက်စိတော်၊ (၄) နားတော်၊ (၅) နှာတော်၊ (၆) ပခုံးတော်၊ (၇) လက်တော်၊ (၈) နံပါးတော်၊ (၉) ခြေတော်၊ (၁၀) လက်ချောင်း ခြေချောင်းတော်နှင့် အကြားအကြား၊ (၁၁) တဆူ တဆူ

http://www.dhammadownload.com



သော မွေးညှင်းတော်၊ (၁၂) တခု တခုသော မွေးညှင်းတွင်းတော်—

၍ (၁၂) ဆယ့်နှစ်ဖော်သော ဌာနအစုတို့၌ ခု-မီးအလျှံ ခု-ရေအယဉ်၊ ခု-ရေအယဉ် ခု-မီးအလျှံ အပြန်ပြန်ပြောင်းလွဲ ဖူးတိုင်းဖူးတိုင်း အဆင်ကွဲစေလျက် အံ့ဩချီးပ၍ မဝမဆိတ် သာကီဝင်မင်းအပေါင်းတို့၏ဦးထိပ်၌ တရိပ်ရိပ် တဖုံဖုံ ကိုယ်တော်မြတ်၏ခြေတော်မှုန်ကို တသုန်သုန် တဖွဲဖွဲ ကြဲချသည့်ပမာ များစွာလူနတ်ပရိသတ်တို့၏ အလယ်၌ ရေမီး အစုံ အစုံ တန်ခိုးပြာဋိဟာကို ကောင်းစွာလှလှ ပြသတော်မူလေ၏။

### ခမည်းတော် သုဒ္ဓေါဒနမင်းကြီး တတိယအကြိမ်မြောက် ရှိခိုးဦးညွှတ်ခြင်း

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ထိုအံ့ဖွယ်သရဲထူးကဲသော ယမိုက်ပြာဋိဟာ (=ရေမီးအစုံအစုံ တန်ခိုး ပြာဋိဟာ) ကို ဖူးမြော်ရလေလျှင် "ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား.... အရှင်ဘုရားတို့ကို ဖွားမြင်သန္ဓစင်သောနေ့ကကာလဒေဝိလရှင်ရသေ့အား ရှိခိုးရန် လက်နှစ်ဖက်ကို ရှင်ရသေ့ရှိရာဘက်သို့ ယှက်၍ဆောင်အပ်စဉ် အရှင်ဘုရားတို့၏ ခြေတော်အစုံတို့ ကောင်းကင်သို့ပျံတက်ကာ ရှင်ရသေ့၏ ဦးခေါင်းထက်၌ရပ်တည်နေသည်တို့ကို ဖူးတွေ့ရသဖြင့် အကျွန်ုပ်သည် အရှင်ဘုရားတို့ကို ရှိခိုးခဲ့ပါပြီ၊ ယင်း ရှိခိုးခြင်းသည် အကျွန်ုပ် = ခမည်းတော်မင်းတရားကြီး၏ ပဌမအကြိမ် ရှိခိုးခြင်းဖြစ်ပါသည်။ ထို့နောက် လယ်ထွန်မင်္ဂလာသဘင် ဆင်ယင်သောနေ့၌ အရှင်ဘုရားတို့ကိုသပြေပင်ရိပ်ဝယ် မြတ်သောနေရာ၌ သိပ်၍ထားရာ (အခြားသောသစ်ပင်ရိပ်တို့ နေအလိုက် ပြောင်းရွှေ့ကြသော်လည်း) အရှင်ဘုရားတို့၏နေရာ သပြေပင်အရိပ် မပြောင်းမရွှေ့ပဲ ဖုံးအုပ်နေမြဲနေသည်ကို မြင်ရသဖြင့် အရှင်ဘုရားတို့၏ ခြေတော်အစုံတို့ကို ရှိခိုးခဲ့ပါပြီ၊ ယင်း ရှိခိုးခြင်းသည် အကျွန်ုပ် = ခမည်းတော် မင်းတရားကြီး၏ နှစ်ကြိမ်မြောက် ရှိခိုးခြင်းဖြစ်ပါသည်။ ယခုအခါ ရှေးကမမြင်စဖူး ထူးကဲလှစွာသော ၍ ယမိုက်ပြာဋိဟာကို ဖူးမြင်

http://www.dhammadownload.com



ရသဖြင့် အကျွန်ုပ်သည် အရှင်ဘုရားတို့၏ ခြေတော်အစုံတို့ကို ရှိသေမြတ်နိုး ရှိခိုးပါ၏၊ ဤယခု ရှိခိုးခြင်းသည် အကျွန်ုပ် = ခမည်းတော် မင်းတရားကြီး၏ သုံးကြိမ်မြောက် ရှိခိုးခြင်း ဖြစ်သည်”ဟု မလျှောက်ထားကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွတ်လေ၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရှိခိုးလတ်သည်ရှိသော် သာကီဝင်မင်း တဦးတယောက်မျှ မြတ်စွာဘုရားကို ရှိမခိုးပဲ ရပ်တည်နေနိုင်သော သူမည်သည် မရှိတော့ချေ၊ အလုံးစုံကုန်သော သာကီဝင်မင်းအပေါင်းတို့သည် မြတ်စွာဘုရားကို ရှိခိုးကြလေကုန်၏။

### ရတနာစင်္ကြံ ဖန်ဆင်း၍ တရားဟောတော်မူခြင်း

ဤသို့ မြတ်စွာဘုရားသည် ကောင်းကင်၌ ယမိုက်ပြာဋိဟာကို ပြတော်မူ၍ ဆွေတော်မျိုးတော်တို့၏ မာန်မာနကို နှိမ်ချိုးတော်မူပြီးနောက် လူများအပေါင်း၏ စိတ်ဖြစ်ပုံကို ကြည့်ရှုဆင်ခြင်တော်မူပြီးလျှင် ထိုလူများအပေါင်းအား အလိုဆန္ဒအား သင့်လျော်လျောက်ပတ်သော တရားစကားကို စင်္ကြံကြွသွားတော်မူရင်းကပင် ဟောကြားတော်မူလိုရကား အရှေ့အနောက် စကြဝဠာတိုက်တသောင်း လွှမ်းမြောက်အောင် အလုံးစုံ ရတနာဖြင့်ပြီးသော ရတနာစင်္ကြံတော်ကြီး ဖန်ဆင်းတော်မူလေသည်၊ ထိုရတနာစင်္ကြံတော်၏ ပုံပန်းသဏ္ဌာန်ကို အကျဉ်းမျှ ပြဆိုပေအံ့—

ဤစကြဝဠာကို ဗဟိုထား၍ အရှေ့အနောက်အားဖြင့် စကြဝဠာပေါင်း တိုက်တသောင်းတို့၌ တည်ရှိသည့် မြင်းမိုရ်တောင်ပေါင်း တသောင်းကို ရတနာစင်္ကြံတော်၏ အောက်ခြေ အမာခံအဖြစ် စိုက်ထူအပ်သော စင်္ကြံတိုင်တန်းကြီးသဖွယ် ထား၍ ထိုမြင်းမိုရ်တောင် (ရတနာစင်္ကြံတိုင်) တန်းကြီးကို ရွှေရောင်အဆင်း ဝါဝင်းတောက်ပစေလျက် ရွှေတိုင်ကြီးများပမာ ပြုပြီးလျှင် ထို၏အထက်၌ ကျယ်ပြန့်သန့်ရှင်းစွာသော ရတနာစင်္ကြံမြေကို ဖန်ဆင်းတော်မူလေသည်၊ ထိုသို့ ဖန်ဆင်းတော်မူရာ၌

http://www.dhammadownload.com



ဖော်ပြရာပါ စင်္ကြဝဋ္ဋာတိုက်ပေါင်း တသောင်းတို့တွင် အရှေ့ဆုံး ဖြစ်သော စင်္ကြဝဋ္ဋာတိုက်၏ အရှေ့ဖက်နခမ်း အနားရေးကို စင်္ကြံ တော်၏ အရှေ့ဆုံး အစွန်အဖြစ်ဒုင်း, အနောက်ဆုံးဖြစ်သော စင်္ကြဝဋ္ဋာတိုက်၏ အနောက်ဖက်နခမ်း အနားရေးကို စင်္ကြံတော် ၏ အနောက်ဆုံး အစွန်အဖြစ်ဒုင်း ပြု၍ ဖန်ဆင်းတော်မူလေသည်။

ထို ရတနာစင်္ကြံတော်မြေ၏ ဝဲဖက် ယာဖက် အနားရေးတို့မှာ ရွှေရောင်အဆင်းရှိ၍ အလယ်ဗဟို ရတနာ စင်္ကြံတော်မြေမှာ ပတ္တမြားမြေ ဖြစ်လေသည်၊ ထို ရတနာ စင်္ကြံတော်၏ ထုပ်, လျောက်, ဒိုင်း, မြွားတို့မှာ ရတနာအမျိုးမျိုးတို့ဖြင့် ပြိုးပြိုး ပြက်ပြက် ပြီးကုန်လျက် ထို၏အထက်မှ ရွှေပျဉ်ချပ်တို့ဖြင့် ဖုံးအပ် မိုးအပ်လေသည်၊ စင်္ကြံတော်၏ ဝဲယာ အရံအကာ ဖြစ်သော ပွတ်တိုင်တို့ကား ရွှေအတိပြီးကုန်၏၊ ရတနာစင်္ကြံတော်မြေအပြင်၌ ပတ္တမြားနှင့် ပုလဲရတနာတို့ကို သဲပွင့်များပမာ ဖြန့်ခင်းအပ်ကုန် ၏၊ ဤဖော်ပြရာပါ အခြင်းအရာပုံပန်းဖြင့် ဖန်ဆင်းအပ်သော ရတနာစင်္ကြံတော်သည် တက်သစ်စ နေလုလင်ကဲ့သို့ အရပ် ဆယ်မျက်နှာတခွင်ကို ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပ စေလေသည်။

မြတ်စွာဘုရားသည် ထိုသို့ ဖန်ဆင်းအပ်ပြီးသော ရတနာစင်္ကြံ တော်ကြီး၌ အတုမရှိသော ဘုရား၏အသရေဖြင့် လူးလာ တုံ့ခေါက် စင်္ကြံကြွရောက်တော်မူလေသည်၊ ထိုအခါ စင်္ကြဝဋ္ဋာ တိုက်တသောင်းမှ များစွာသော နတ်ဗြဟ္မာအပေါင်းတို့သည် စည်းဝေးညီမူ လာရောက်ကြကာ နတ်၌ဖြစ်သော မန္ဒာရဝ နတ်ပန်း, ပဒုမာကြာပန်း, ပင်လယ်ကသစ်ပန်းများကို ရတနာ စင်္ကြံတော်၌ ကြဲဖျန်းကော်ရော် ပူဇော်ကြလေကုန်၏။

(ဤ၌။ ။ပင်လယ်ကသစ်ပန်းနှင့်စပ်၍ အထူးမှတ်ရန်မှာ.... မဃ လုလင်အမှူးပြုသော ကောင်းမှုရှင် (၃၃) သုံးကျိပ်သုံးဦးတို့ လူ့ပြည်၌ ဖြစ်စဉ် ကုသိုလ်မှု အားထုတ်ကြစဉ်က လူအများချမ်းသာစွာ နားနေ သုံးစွဲရန် ပင်လယ်ကသစ်ပင်ကြီး စိုက်ပျိုးခဲ့လေသည်၊ ထိုကောင်းမှု

http://www.dhammadownload.com



အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်၌ ယုဇနာတရာ အမြင့် အပြန့်ကျယ်သော ပင်လယ်ကသစ်ပင်ကြီး ဖြစ်ပေါ်ခဲ့လေသည်၊ ယင်း ပင်လယ်ကသစ်ပင်ကြီး ပွင့်သောအခါ တာဝတိံသာနတ်ပြည်တခွင် ယူဇနာတသောင်းအပြင်၌ မွှေးကြိုင်သောရနံ့ သင်းပျံ့၍နေပေ၏။)

မြတ်စွာဘုရားသခင် ရတနာစင်္ကြံတော်၌ စင်္ကြံကြွတော်မူသော အခါ စကြဝဠာတိုက်တသောင်း၌ရှိကြသော နတ်မြဟ္မာအပေါင်း တို့သည် အချို့ကလည်း မိမိတို့ဘုံဗိမာန်၌ နေရင်းကပင် ဖူးမြင်ကြ ကုန်၏၊ အချို့ကလည်း အလွန်နှစ်သက် ဝမ်းမြောက်ကြကာ ထိုထို အရပ်၌ စည်းဝေးကြလေကုန်သည်၊ လူ့ပြည် နတ်ပြည်၌ရှိကြသော လူနတ်တို့နှင့်တကွ နဂါး ဂဠုန် ကိန္နရာတို့ပါ ကောင်းကင်၌ ပေါ်ထွန်းသည့် လပြည့်ဝန်းကြီးအတူ ရတနာစင်္ကြံ၌ စင်္ကြံကြွတော် မူသော မြတ်စွာဘုရားကို အားရဝမ်းသာစွာ ဖူးမြော်ကြလေကုန် သည်၊ (အသညသတ် မြဟ္မာကြီးများနှင့် အရူပမြဟ္မာကြီးများကို ထား၍) ကျန် (၁၅) တဆယ့်ငါးဘုံ၌ရှိကြသော ရူပါဝစရမြဟ္မာ တို့သည်လည်း အလွန်စင်ကြယ်ဖြူဆွတ်သော အဝတ်အရုံတို့ကို ဝတ်ရုံကြကုန်လျက် လက်အုပ်ချီမိုး ရှိခိုးကြ၍ "ဩ.... ငါးမာရ် အောင်မြင် ဘုရားရှင်သည် လောက၏ (အကျိုးဖြစ်ကြောင်း) အစီးအပွါးကောင်းကို ဆောင်တော်မူပါပေစွ၊ ဩ.... လောက ၏ အစီးအပွါးဖြစ်အောင် စောင့်ရှောက်တော်မူပါပေစွ၊ ဩ.... မဟာကရုဏာရှင် ဖြစ်တော်မူပါပေစွ" ဤသို့ အစရှိသော ချီးမွမ်းထောမနာစကား မြွက်ကြားကျူးရင့်ကြကာ အညို့, အဝါ, အနီ, အဖြူ, အမောင်း အားဖြင့် အဆင်းငါးပါးရှိသော ပန်းတို့ကို စန္ဒကူးနံ့သာမှုန့်ဖြင့် ရောပြွမ်းကာ ကြဲဖျန်းပူဇော်ကြလေ ကုန်၏၊ ကောင်းကင်၌ တံခွန်လွှင့်သည့်ပမာ မြဟ္မာတဘက်တို့ကို လည်း တသွက်သွက် ဝှေ့ရမ်း ပူဇော်ကြလေသည်။

(ဤ၌။ ။မြဟ္မာတို့ ချီးမွမ်းပုံအကျယ် ဂါထာ (၂၀) နှစ်ဆယ်တို့ကို ပါဠိတော်၌ "တုဝံ သတ္ထာ စ ကေတူ စ၊ ဓဇော ယူပေါ စ ပါဏိနံ" အစရှိသည်ဖြင့် ဟောကြားအပ်လေသည်၊ ဗုဒ္ဓဝင်ပါဠိ ပိဋကတ် မြန်မာ ပြန်မှ ကြည့်ရှုမှတ်ယူကြကုန်ရာ၏။)

http://www.dhammadownload.com



**အရှင်သာရိပုတ္တရာနှင့် ရဟန္တာငါးရာတို့ ကြွရောက်လာကြခြင်း**

ထိုသို့ မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာကို ပြတော်မူပြီး၍ ရတနာစင်္ကြံတော်ကြီး ဖန်ဆင်း၍ ထိုရတနာစင်္ကြံတော်၌ နတ်ဗြဟ္မာတို့ အကော်ရော် အပူဇော်ကိုခံယူကာ လူးလာတုံ့ခေါက်စင်္ကြံကြွရောက်တော်မူသည်ရှိသော် ထိုအချိန်၌ အဂ္ဂသာဝက လက်ျာရံဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အခြံအရံ တပည့်ရဟန်းပေါင်း ငါးရာတို့နှင့်အတူတကွ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ယံ၌ သီတင်းသုံး နေထိုင်ဆဲဖြစ်လေသည်၊ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရှုလေလျှင် ကပိလဝတ်နေပြည်တော် အထက်ကောင်းကင်ယံ ရတနာစင်္ကြံ၌ စင်္ကြံကြွနေတော်မူသည်ကို မြင်လတ်၍ "ဘုရားထံမြတ် ယခုပင် ငါဆည်းကပ်၍ အရပ်ရပ်စုံအလင် အလောင်းတော်တို့၏လုပ်ငန်းစဉ် ဗုဒ္ဓဝင် ဒေသနာတရား ဟောကြားတော်မူရန် တောင်းပန်လျှောက်ထားဟော့မည်" ဟု ကြံစည်ပြီးလျှင် မိမိနှင့်အတူနေ ငါးရာသော ရဟန္တာမထေရ်တို့ကို ခဏချင်း စည်းဝေးစေ၍ "ငါ့ရှင်တို့.... မြတ်စွာဘုရားသည် တလောကလုံး ညွတ်ရှိုးကြည်ညိုစေနိုင်သော ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာနှင့်တကွ လောကဝိဝရဏ အဘိညာဉ် တန်ခိုးကို ပြသတော်မူနေပြီ၊ ငါတို့သည်လည်း ထိုပြာဋိဟာပွဲသို့ သွားရောက်ကြကာ မြတ်စွာဘုရားကို ဖူးမြော်ကြကုန်စို့၊ ငါ့ရှင်တို့....လာကြ၊ ငါတို့အလုံးစုံ သွားကြကုန်စို့၊ ဘုရားထံမှောက် သွားရောက်ဖူးမြော်ကြပြီးလျှင် ဗုဒ္ဓဝင်စံရှေး အတိတ်ကကျင့်စဉ် အရေးကို မေးမြန်းလျှောက်ထားကာ ယုံမှားသံသယကို (*) ပယ်ဖျောက်ကြကုန်စို့" ဟူ၍ တိုင်ပင်စကား ပြောကြားတော်မူလေသည်။

(ဤ၌။ ။ကင်္ခံ ဝိနောဒယိဿာမ=ယုံမှားသံသယကို ပယ်ဖျောက်ကြကုန်စို့-ဟူ၍ အရှင်သာရိပုတ္တရာမထေရ်မြတ် မိန့်ဆိုအပ်သောစကားရပ်၌ အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်များမှာ ကင်္ခါ(=ယုံမှား) တစုံတခုသောတရားမျှ မရှိပါပဲလျက် အဘယ့်ကြောင့် မထေရ်မြတ်သည် ဤသို့ မိန့်ဆိုတော်မူအပ်သနည်းဟူ၍ မေးမြန်းဖွယ်ရှိ၏။ အဖြေကား—

http://www.dhammadownload.com



ကခ်ေါ(=ယုံမှား) ဆယ့်ခြောက်ပါးတည်းဟူသော ဝိစိကိစ္ဆာ တရားကို သောတာပတ္တိမဂ်ဖြင့်ပင် အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်များမှာ ဝိစိကိစ္ဆာတည်းဟူသော ယုံမှားမှု တစိုးတစိမျှ မရှိသည်ကား အမှန်ပင်ဖြစ်၏၊ ယခု အရှင်သာရိပုတ္တရာ မထေရ်မြတ် မိန့်ကြားအပ်သော ကခ်ေါ(=ယုံမှား)ဟူသည်မှာ ဝိစိကိစ္ဆာ စေတသိက်တည်းဟူသော ယုံမှားမှုကို မဆိုလို၊ စင်စစ်သော်ကား ဤအရာ၌ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ပွင့်တော်မူကြသော မြတ်စွာဘုရားတို့၏ ဖြစ်ပွင့်တော်မူရာ ကပ်ကမ္ဘာ+အမည်+အနွယ်+အမျိုးစသည် အပိုင်းအခြားအားဖြင့် အစဉ်အဆက်ကို ဖော်ပြသည့် အကျယ်ဝိတ္ထာရစကားရပ်တည်းဟူသော (ဗုဒ္ဓဝံသ)ပညတ်၌ မသိခြင်း မည်သည်ကို ဆိုတော်မူလိုရင်းဖြစ်သည်၊ (ယင်းသည့် ဗုဒ္ဓဝံသပညတ်၌ ယုံမှားမှုကို ဆိုလိုသည်)။ ဆက်ဦးအံ့....အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကို ဗုဒ္ဓဝင်ကို မေးမြန်း လျှောက်ထားတော်မူလို၏၊ ယင်း ဗုဒ္ဓဝင်သည်ကား ဘုရားရှင်တို့သာ အကျယ်ဟောပြနိုင်သောကြောင့် ဘုရားတို့၏ အရာသာ ဖြစ်၏၊ ပစ္စေကဗုဒ္ဓါ သာဝကတို့၏ အရာမဟုတ်ချေ၊ သို့ရကား မထေရ်မြတ်သည် မိမိ၏အရာမဟုတ်သောကြောင့် ဤကဲ့သို့ "မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားကာ ယုံမှားသံသယကို ပယ်ဖျောက်ကြကုန်စို့" ဟူ၍ မိန့်ဆိုတော်မူခြင်း ဖြစ်လေသည်။ ။ဗုဒ္ဓဝံသအဋ္ဌကထာ၊စာမျက်နှာ-၆၅-မှ)။

ထိုသို့ အရှင်သာရိပုတ္တရာ မထေရ်မြတ် တိုင်ပင်စကားပြောကြားလတ်သောအခါ ထိုအတူနေ ငါးရာသော ရဟန္တာမထေရ်တို့သည် အရှင်သာရိပုတ္တရာ မထေရ်၏စကားကို ကြားကြလျှင် မိမိ မိမိတို့၏ သပိတ် သင်္ကန်းများကို အသင့်ယူဆောင်လာကြ၍ လျင်မြန်စွာသာလျှင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံသို့ ချဉ်းကပ်စည်းဝေးတော်မူကြလေကုန်သည်။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ထိုရဟန္တာမထေရ်ငါးရာတို့နှင့်တကွ ဣဒ္ဓိဝိဓအဘိညာဉ် ဈာန်ယာဉ်ကိုစီး၍ ကောင်းကင်ခရီးဖြင့် သွားရောက်ပြီးလျှင် ကပိလဝတ် နေပြည်တော်၏ အထက်ကောင်းကင်ယံ ရတနာစင်္ကြံ၌ စင်္ကြံကြွနေတော်မူဆဲဖြစ်သော မြတ်စွာဘုရားကို ထိုအထက် ကောင်းကင်ယံ၌ပင် ဖူးမြင်ဆည်းကပ်လေသည်၊ အရှင်သာရိပုတ္တရာနှင့် အတူပါသော

http://www.dhammadownload.com



ရဟန္တာငါးရာတို့သည်လည်း ချောင်းဟန့်ခြင်း, ချေဆတ်ခြင်းကိုမျှ မပြုကြပဲ အလွန်ရိုသေစွာ မြတ်စွာဘုရားကို ချဉ်းကပ်ရှိခိုးကြလေသည်၊ ထိုအချိန်၌ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာကဿပ-အစရှိသော မထေရ်မြတ်ကြီးတို့သည်လည်း ကောင်းကင်၌ပင် တည်နေကြကာ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးလျက် ရှိကြကုန်၏။

### မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးများကို ဟောကြားတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာထေရ်အမှူးပြုသော ရဟန္တာငါးရာတို့၏ သဒ္ဓါကြည်ညိုစိတ် တဖိတ်ဖိတ်ဖြစ်ပွါးနေပုံကို ပိုင်းခြားသိမြင်တော်မူကာ ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးတို့ကို အကျယ်ဟောကြားတော်မူရန်—

စတ္တာရော တေ အသင်္ချေယျာ၊
ကောဋိ ယေသံ န နာယတိ။—

အစရှိသည်ဖြင့် တရားဦးစ-ချီကာ ဟောကြားတော်မူသည်မှာ—

ချစ်သား သာရိပုတ္တရာ…ရေတွက်ခြင်းငှါ မစွမ်းနိုင်သော အသင်္ချေယျတရားလေးပါးတို့ ရှိလေသည်၊ ယင်းအသင်္ချေယျတရားလေးပါးတို့၏ အစအစွန်း အဆုံးအစွန်းကား မသိနိုင်အောင်ပင် ရှိလေသည်၊ လေးပါးတို့ဟူသည်မှာ (၁) သတ္တဝါအပေါင်းသည်လည်း အဆုံးအပိုင်းအခြားမရှိ၊ (၂) ကောင်းကင်သည်လည်း အဆုံးအပိုင်းအခြားမရှိ၊ (၃) စကြဝဠာတိုက်တို့သည်လည်း အဆုံးအပိုင်းအခြားမရှိကုန်၊ (၄) ဘုရားဉာဏ်ခေါ်သော သဗ္ဗညုတရွှေဉာဏ်တော်သည်လည်း အဆုံးအပိုင်းအခြားမရှိ။

(ထိုအခိုက်၌ နတ်လူတို့၏သန္တာန်ဝယ် မြတ်စွာဘုရား၏ တန်ခိုးဖန်ဆင်းခြင်း၌ အလွန်အံ့သြသောစိတ်များ တဖွားဖွားဖြစ်လျက် ရှိလေသည်၊ ထိုနတ်တို့အား "ယခုတန်ခိုးဖန်ဆင်းခြင်းထက် အလွန်အမင်းအံ့သြဖွယ်ကောင်းသော အကြောင်းများလည်း ရှိကြသေး၏၊ ငါဘုရား

http://www.dhammadownload.com



**၏ ထိုအလွန်အမင်း အံ့ဩဖွယ်ကောင်းသော အကြောင်းများကိုလည်း နာယူကြဦးလော့”ဟု တိုက်တွန်းတော်မူသကဲ့သို့ တရားဒေသနာကို ဤသို့ဆက်ကာ တိုးချဲ့၍ ဟောတော်မူပြန်လေသည်)။**

ချစ်သား သာရိပုတ္တရာ····ငါဘုရား၏ အံ့ဩဖွယ်ကောင်းသော အကြောင်းများကား ဤယခု တန်ခိုးဖန်ဆင်းခြင်းမျှသာ မကသေး၊ မဖြစ်စဘူး ထူးကဲလွန်မင်း ကြက်သီးမွေးညှင်း ထလောက်သည့် အခြားတပါး အံ့ဩဖွယ်တို့ကား များစွာ ရှိကုန်သေး၏၊ (ထိုအံ့ဩဖွယ်အချက်တို့ကို အမြွက်မျှ ဟောပြရမူ) —

ငါဘုရားသည် ဝေဿန္တရာမင်းအဖြစ်မှ စုတေ၍ (ပါရမီ, စာဂ, စရိယ တို့ ပြည့်ဝနေပြီဖြစ်ရကား ဘုရားဖြစ်ရန်အချိန်ကို ငံ့လင့်ကာ) တုသိတာနတ်ပြည်၌ သန္တုသိတမည်သော နတ်မင်းဖြစ်၍ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း (၅၇၆၀၀၀၀၀၀) ငါးဆယ့်ခုနစ်ကုဋေနှင့် အနှစ်ခြောက်သန်း ကာလကြာအောင် နတ်စည်းစိမ်ကို ခံစားတည်ရှိနေစဉ် စကြဝဠာ ပေါင်း တိုက်တသောင်း၌ နေကြသော နတ်ဗြဟ္မာအပေါင်းတို့ ငါ၏ထံမှောက် လာရောက်စည်းဝေးကြကာ—

“အို ဆင်းရဲကင်းရှင်း လောင်းနတ်မင်း···· သင် အလောင်းနတ်မင်းသည် ပါရမီဆယ်ပါး အကျယ်ပွါးက အပြားသုံးဆယ်, သုံးသွယ်စရိယ, ငါးဝသော စွန့်ခြင်းကြီး တို့ကို ဆည်းပူး ဖြည့်ကျင့်တော်မူခဲ့သည်မှာ စကြာမင်း စည်းစိမ်, သိကြားမင်းစည်းစိမ်, မာရ်နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်များကို လိုလားတောင့်တကာ ဖြည့်ကျင့်ခဲ့သည် မဟုတ်ပါ၊ စင်စစ်ကား သတ္တလောကကို ကယ်တင်ရန် ဘုရားအဖြစ်ကိုသာ တောင့်တ၍ ဖြည့်ကျင့်ခဲ့ပါသည်၊ အို ဆင်းရဲကင်းရှင်း လောင်းနတ်မင်း···· သင် အလောင်းနတ်မင်း တောင့်တ လိုလားအပ်သည့် ဘုရားဖြစ်ရန် အချိန်အခါတော် တန်ခဲ့ပါပြီ။

လုံ့လထန်ပြင်း လောင်းနတ်မင်း···· သင် အလောင်း နတ်မင်း၏အတွက်တာ ဘုရားဖြစ်ရန် အချိန်တန်ပါပြီ၊

http://www.dhammadownload.com



မယ်တော်ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေဖြစ်ပွါး တော်မူပါလော့၊ နတ်နှင့်တကွသော သတ္တလောကကို သံသရာတည်းဟူသော ရေအယဉ်မှ ထုတ်ဆယ် ကယ်တင် တော်မူလျက် အမြိုက်နိဗ္ဗာန်ကို သိမြင်တော်မူပါလော့"—

ဟူ၍ ငါ့ကို ဘုရားဖြစ်ရန် တောင်းပန်လာကြကုန်၏။

ထိုအခါ ငါဘုရားအလောင်းတော်သည် နတ်ဗြဟ္မာတို့က တောင်းပန်အပ်သော်လည်း ထိုနတ်ဗြဟ္မာတို့အား အလွယ်တကူ ပဋိညာဉ်ဝန်ခံမှု မပြုသေး မပေးသေးပဲ (၁) ဘုရားဖြစ်ပွင့်ရမည့် အချိန်အခါ၊ (၂) ဖြစ်ပွင့်ရမည့်ကျွန်း၊ (၃) ဖြစ်ပွင့်ရမည့် အရပ်ဒေသ၊ (၄) ဖြစ်ရမည့်အမျိုး၊ (၅) မယ်တော်၏ အသက်အပိုင်းအခြား ဤသို့အားဖြင့် ငါးပါးသော ကြည့်ခြင်းကြီးများကို ကြည့်တော်မူပြီးမှ (ဤအချက်ကြီးငါးပါးတို့ ပြည့်စုံသည်ကို သိရှိတော်မူကာ) "အဆွေတော် နတ်ဗြဟ္မာအပေါင်းတို့····ငါ့အတွက်တာ (သင်တို့ပြောသည့်အတိုင်း) ဘုရားဖြစ်ရန် အချိန်တန်ပေပြီ" ဟု နတ်ဗြဟ္မာတို့အား ပဋိညာဉ်ဝန်ခံချက်ပေးပြီးလျှင် ထို တုသိတာ နတ်ပြည်၌ အသက်တမ်းပြည့်တည်နေ၍ ထိုမှ စုတေခဲ့ပြီးနောက် အသမ္ဘိန္နသကျသာကီဝင်မင်းမျိုးဝယ် မယ်တော် မဟာမာယာ၏ ကြာတိုက်ဝမ်း၌ ကိန်းမြန်းသန္ဓေ တည်စံနေခဲ့လေသည်။

ထိုသို့ သတိသမ္ပဇဉ်တရား လက်မလွှတ်ပဲ မယ်တော် ဝမ်းတိုက်၌ ပဋိသန္ဓေ တည်နေသောအခါ စကြဝဠာတိုက်တသောင်း ရှိက်ညောင်း တုန်လှုပ်လေသည်။

ငါဘုရားအလောင်းတော်သည် သတိသမ္ပဇဉ်တရား လက်မလွှတ်ပဲ ဓမ္မာသနပလ္လင်မှ ဆင်းသက်သော ဓမ္မကထိက ရဟန်းကဲ့သို့ရင်း, စောင်းတန်းလှေကားမှ မားမားမတ်မတ် ဆင်းသက်လာသော ယောကျ်ားကဲ့သို့ရင်း လက် ခြေတို့ကို ဆန့်တန်းကာ ရပ်လျက်သာလျှင် တစုံတရာ အညစ်အကြေး မလိမ်းထေးပဲ (မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့် သောကြာနေ့၌) မယ်တော်ဝမ်းမှ မီးရှူးသန့်စင် ဖွားမြင်ခဲ့လေပြီ၊ ထိုအခါမှာလည်း

http://www.dhammadownload.com



ကောင်းချီးပေးသည့်ပမာ စကြဝဠာတိုက်တသောင်း ရိုက် ညှောင်း တုန်လှုပ်ခဲ့လေပြီ။

ချစ်သား သာရိပုတ္တရာ…… ပဋိသန္ဓေတည်နေခြင်း၌ ငါဘုရား အလောင်းနှင့်တူသောသူမည်သည် မရှိ၊ မယ်တော်ဝမ်းတိုက်မှ မီးရှူးသန့်စင် ဖွားမြင်ရာ၌လည်း ငါဘုရားအလောင်းနှင့်တူသော သူမည်သည် မရှိ၊ (ဘုရားအလောင်းတော်မှာ အမိဝမ်းသို့ သက် ဝင်သောအခါ, အမိဝမ်း၌ ၁၀-လကြာ တည်နေသောအခါ, အမိ ဝမ်းမှ ဖွားမြင်သောအခါ ဤအခါသုံးမျိုး၌ပင် သတိသမ္ပဇည တရား လက်မလွှတ်သောကြောင့် ဤသို့ မိန့်တော်မူခြင်း ဖြစ်သည်)၊ (အရဟတ္တမဂ်ဉာဏ်အရာ၌လည်း အချို့ သာဝက များ၏ အရဟတ္တမဂ်ဉာဏ်သည် အရဟတ္တဖိုလ် အကျိုးကိုသာ ပေး၏၊ အချို့ သာဝကများ၏ အရဟတ္တမဂ်သည် ဝိဇ္ဇာသုံးပါး အကျိုးပေး၍ အချို့ သာဝကများ၏ အရဟတ္တမဂ်သည် အဘိ- ညာဉ် ခြောက်ပါးတို့ကိုသာ အကျိုးပေး၏၊ အချို့ သာဝကများ၏ အရဟတ္တမဂ်မှာ ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့ကိုသာ အကျိုး ပေး၏၊ အချို့ သာဝကများ၏ အရဟတ္တမဂ်သည် သာဝကပါရမီ ဉာဏ်ကိုသာ အကျိုးပေး၏၊ ပစ္စေကဗုဒ္ဓါများ၏ အရဟတ္တမဂ် ဉာဏ်သည် ပစ္စေကဗောဓိဉာဏ်ကိုသာ အကျိုးပေး၏၊ မြတ်စွာ ဘုရားတို့၏ အရဟတ္တမဂ်ဉာဏ်သည် အလုံးစုံသော ဘုရားဂုဏ် ကျေးဇူးများနှင့် ပြည့်စုံခြင်းတည်းဟူသော အကျိုးကို ပေး၏၊ အရဟတ္တမဂ်ကို ရသည်နှင့်တပြိုင်နက် အလုံးစုံသော ဘုရားဂုဏ် ကျေးဇူးများ အပြည့်အစုံရရှိပြီး ဖြစ်လေ၏၊ ထို့ကြောင့်) အရ- ဟတ္တမဂ်ဉာဏ်အရာ၌လည်း ငါဘုရားသည် အမြတ်ဆုံးဖြစ်၏၊ ဒေသနာဉာဏ်ကို ဖြစ်စေရာ၌လည်း ငါဘုရားသည် အမြတ်ဆုံး ဖြစ်၏၊ ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ကိုယ်တော် မြတ်၏ ဂုဏ်ကျေးဇူးများကို အကျယ်တဝင့် ဟောကြားတော် မူလေသည်။

ထိုအချိန်၌ မဟာပထဝီမြေကြီးသည် ဘုရားအလောင်း တော် ပဋိသန္ဓေတည်နေသောအခါ စသည်၌ကဲ့သို့ (၁)

http://www.dhammadownload.com



အရှေ့မှမြင့်၍ အနောက်မှနိမ့်ခြင်း၊ (၂) အနောက်မှမြင့်၍ အရှေ့မှနိမ့်ခြင်း၊ (၃) မြောက်မှမြင့်၍ တောင်မှနိမ့်ခြင်း၊ (၄) တောင်မှမြင့်၍ မြောက်မှနိမ့်ခြင်း၊ (၅) အလယ်မှ မြင့်၍ အစွန်အဖျားပတ်လည်မှနိမ့်ခြင်း၊ (၆) အစွန်အဖျား ပတ်လည်မှ မြင့်၍ အလယ်မှ နိမ့်ခြင်း၊ ဤခြောက်ပါးသော အခြင်းအရာဖြင့် စကြဝဠာ လောကဓာတ်ပေါင်း တိုက် တသောင်း ရိုက်ညှောင်းတုန်လှုပ်လေသည်၊ နတ်ဗြဟ္မာ တို့၏ အာနုဘော်ကို လွှမ်းမြောက်၍ အလွန့်ပြန့်ပြော ကြီးကျယ်သော အရောင် အလင်းသည် ထွန်းလင်း တောက်ပလျက်ရှိလေသည်။ နတ်ဗြဟ္မာတို့သည် ဖော်ပြ ရာပါ အံ့ဖွယ်သရဲကို မြင်ရသဖြင့်၎င်း, မြတ်စွာဘုရား ဟောကြားအပ်သည့် အလောင်းတော်မြတ် ပဋိသန္ဓေ တည်နေတော်မူသော အခါမှာသာလျှင် မြေတုန်လှုပ်ခြင်း အစရှိသော အကြောင်းထူးကို ကြားသိရသဖြင့်၎င်း—

အဟော အစ္ဆရိယံ လောကေ၊
ဗုဒ္ဓါနံ ဂုဏမဟန္တတာ။
ဒသသဟဿီ လောကဓာတု၊
ဆပ္ပကာရံ ပကမ္ပထ။
ဩဘာသော စ မဟာ အာသိ၊
အစ္ဆေရံ လောမဟံသနံ။

မာရိသာ = အချင်းများစွာ နတ်ဗြဟ္မာတို့ ····။ဗုဒ္ဓါနံ= သဗ္ဗညုထွတ်ထား မြတ်စွာဘုရားတို့၏။ ဂုဏတေဇေန = ကျေးဇူးတော်ဂုဏ် အစွမ်းဟုန်ကြောင့်။ ဒသသဟဿီ လောကဓာတု = စကြဝဠာပေါင်း တိုက်တသောင်းသည်။ ဆပ္ပကာရံ = အရှေ့+အနောက်+ တောင်+မြောက် လေး သွယ် အလယ်နှင့်+အစွန်အဖျား = ဤခြောက်ပါးတို့ တပါး နိမ့်လျက် တပါးတက်သား ခြောက်ချက်ထူးပြား အခြင်းအရာအားဖြင့်။ ပကမ္ပထ = တငြိမ့်ငြိမ့် တုန်လှုပ် ခဲ့လေပြီ။မဟာ = ကြီးကျယ် ပြန့်ပြောသော။ဩဘာသော

http://www.dhammadownload.com



စ = အလင်းရောင်သည်လည်း။ အာသိ = နတ် မြဟ္မာတို့ တန်ခိုးကို လွှမ်းမိုး၍ ဖြစ်ခဲ့လေပြီ။ အစ္ဆေရံ = လက်ဖျစ်တီး၍ အံ့ချီးဖွယ်သည်လည်းကောင်း။ လောမဟံသနံ = မွေးညှင်း ရှင်ပျ ကြက်သီးထခြင်းသည်လည်းကောင်း။ အဟောသိ = ဖြစ်ခဲ့လေပြီ။ ဗုဒ္ဓါနံ = မြတ်စွာဘုရားတို့၏။ ဂုဏာမဟန္တတာ = ဂုဏ်ကျေးဇူးတော်အရပ်ရပ် ကြီးမြတ်သည်၏အဖြစ်သည်။ လောကေ = လောက၌။ အဟော အစ္ဆရိယံ = ဩ…လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား—

ဟူ၍ ချီးမွမ်းဂါထာ ရွတ်ဆိုကြလေသည်။

ထိုအချိန်၌ မြတ်စွာဘုရားသည် နတ်လူတို့ကို တန်ခိုးပြာဋိဟာပြတော်မူလျက် တန်ခိုးတော်ဖြင့် ရတနာစင်္ကြံတော်၌ လူးလာတုံ့ခေါက် စင်္ကြံလျှောက်တော်မူလျက်ရှိ၏၊ ယင်းသည့် စင်္ကြဝဠာပေါင်း တိုက်တသောင်းကို အုပ်မိုးလျက် တည်သော ရတနာစင်္ကြံတော်၌ လူးလာတုံ့ခေါက် စင်္ကြံတော်လျှောက်ရင်းပင် မြတ်စွာဘုရားသည် ဆေးဒန်းမြင်းသီလာ ကျောက်အပြင်၌ ခြင်္သေ့မင်း၏ ဟိန်းဟောက်ကျူးရင့်သံကို ကျူးရင့်သော ခြင်္သေ့မင်းကဲ့သို့၎င်း, ထစ်ချုန်းသော မိုးကြီးကဲ့သို့၎င်း, ကောင်းကင်မြစ်ကြီးကို တဖွားဖွားကူးသွားသော ယောက်ျားကဲ့သို့၎င်း အင်္ဂါရှစ်ဖော်အသံတော်ဖြင့် အထူးထူး အခဏ်းခဏ်း နည်းမျိုးစုံတို့ဖြင့် ဆန်းကြယ်သော အမှန်လေးပါး သစ္စာတရားနှင့် စပ်ယှဉ်သော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ်သုံးချက်သို့ ဆိုက်ရောက်သော ချိုမြိန်စွာသော တရားစကားကို ဟောကြားတော်မူလေသည်။

ထိုမျှ (စကြဝဠာပေါင်း တိုက်တသောင်း) အလျားရှည်သော ရတနာ စင်္ကြံတော်ကြီးပင် ဖြစ်စေကာမူ မြတ်စွာဘုရားသည် လေးတောင်ခန့်မျှသာ အလျားရှိသော စင်္ကြံ၌ စင်္ကြံသွားသော သူသည် အစွန်းနှစ်ဖက်သို့ လျင်မြန်စွာရောက်၍ ဆုတ်နစ် (ပြန်လှည့်) သကဲ့သို့ ထို့အတူ ထိုရတနာစင်္ကြံဟော်၏ အရှေ့ အစွန်း အနောက်အစွန်း နှစ်ဖက်တို့သို့ လျင်မြန်စွာရောက်ပြီးမှသာလျှင်

http://www.dhammadownload.com



ဆုတ်နစ် (ပြန်လှည့်) တော်မူလေသည်၊ အစွန်းနှစ်ဖက်သို့မရောက်ပဲ အကြား၌ ဆုတ်နစ် (ပြန်လှည့်) မှု ပြုတော်မမူ။

[ဤ၌။ ။မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ဤမျှရှည်လျားသော ရတနာစင်္ကြံကြီးကို တိုအောင်ပင် ဖန်ဆင်းတော်မူသလော၊ သို့မဟုတ် ကိုယ်တော်ကိုပင် ထိုစင်္ကြံကြီးလောက် ကြီးမားအောင် တန်ခိုးဖြင့် ဖန်ဆင်းတော်မူသလောဟူ၍ မေးမြန်းဖွယ်ရှိ၏၊ (ဋီကာ္ဒိဝိသယ= တန်ခိုးတော်၏ အရာလောဟု မေးမြန်းလိုသည်)၊ အဖြေကား – ဤကဲ့သို့ တန်ခိုးတော်ဖြင့် ဖန်ဆင်းမှုကို ပြုတော်မမူပေ၊ မြတ်စွာဘုရားတို့၏ ဘုရားအာနုဘော်ကား သာမန်လူတို့ ကြံစည်၍ မရနိုင်အောင်ပင် ကြီးမားလှပေ၏၊ (ဗုဒ္ဓဝိသယ အစိန္တေယျဖြစ်၍ ဤမျှရှည်လျားသော စင်္ကြံတော်၌လည်း လေးတောင်ခန့်သာရှည်လျားသော စင်္ကြံတိုကလေး၌ကဲ့သို့ပင် လျင်မြန်စွာ အစွန်းနှစ်ဖက်သို့ရောက်အောင် စင်္ကြံ ကြွတော်မူနိုင်ခြင်းဖြစ်သည်ဟု ဆိုလို၏)။

ယင်းသို့ မကြံအပ် မကြံစည်နိုင်သော ဘုရားရှင်တို့၏ အာနုဘော်တော်ကြောင့်ပင် အကနိဋ္ဌဗြဟ္မာပြည်မှ အဝီစိငရဲတိုင်အောင် အပိတ်အပင် အကာအကွယ်မရှိ၊ ဟင်းလင်း အပြင်ကြီးဖြစ်၍ နေလေသည်၊ ဖီလာအားဖြင့်လည်း စကြဝဠာတိုက်ပေါင်း တသောင်းတို့သည် အပိတ်အပင် အကာအကွယ်မရှိ၊ ဟင်းလင်းအပြင်ကြီးဖြစ်၍ နေကုန်၏၊ နတ် ဗြဟ္မာတို့ကလည်း လူတို့ကို မြင်ကြရကုန်၏၊ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မြင်ကြရကုန်၏၊ ငပ်သိမ်းသော လူနတ်ဗြဟ္မာတို့သည် ထိုမျှ အလျားရှည်လှသော ရတနာစင်္ကြံတော်၌ စင်္ကြံကြွတော်မူသော မြတ်စွာဘုရားကို ပကတိရိုးရိုးစင်္ကြံ၌ စင်္ကြံကြွတော်မူနေသကဲ့သို့ပင် ဖူးမြင်ကြရကုန်၏၊ မြတ်စွာဘုရားသည်ကား စင်္ကြံကြွတော်မူရင်းပင် တရားတော်ကိုဟောတော်မူ၏၊ ပရိသတ်က သာဓုခေါ်နေခိုက်အကြား အားလပ်သော အချိန်ကလေး၌ စိတ္တိဿရိယ ဘုန်းတော်ရှင် ဖြစ်တော်မူသောကြောင့် ဖလသမာပတ်ကိုလည်း အချိန်ရသမျှ ဝင်စားတော်မူလေသည်။]

### ဗုဒ္ဓဝင်ကို ဟောကြားတော်မူပါရန် အရှင်သာရိပုတ္တရာမထေရ် တောင်းပန်လျှောက်ထားခြင်း

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် အတုမရှိသော ဗုဒ္ဓအာသရေတော်ဖြင့် ရတနာစင်္ကြံတော်ဝယ် လူးလာတုံ့ခေါက် စင်္ကြံလျှောက်ကာ စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာ အ

http://www.dhammadownload.com



ပေါင်းတို့နှင့် စည်းဝေးညီမူကြသော လူပရိသတ်အပေါင်းတို့အား သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူသော မြတ်စွာဘုရားကို အားရကြည်ညိုစွာ ဖူးမြော်ပြီးလျှင် "ဤအစည်းအဝေးသည် စကြဝဠာပေါင်း တိုက်တသောင်း၌ နေကြသောနတ်မြဟ္မာတို့ ညီညာစွာ စုဝေးမိသော အစည်းအဝေးဖြစ်ပေသည်၊ ဤပရိသတ် အစည်းအဝေး၌ ကြီးစွာသော တရားဟောပွဲကြီး သဘင် ဖြစ်သင့်၏၊ အထူးအားဖြင့် ဗုဒ္ဓဝင် ဒေသနာတော်သည် အလွန်ကျေးဇူးများမည့် ဒေသနာတော်ဖြစ်ပေသည်၊ မြတ်စွာဘုရား၌ ကြည်ညိုခြင်း သဒ္ဓါတရား တိုးပွါးအောင် ရွက်ဆောင်နိုင်မည့် တရားဒေသနာဖြစ်ပေသည်၊ ငါသည် မြတ်စွာဘုရား၏ ဘုရားဆုပန်နိယတဗျာဒိတ်ခံတော်မူသည်မှစ၍ ဗုဒ္ဓဝင် ကျင့်စဉ်ကို မေးလျှောက်ရမူ ကောင်းလေစွ…" ဟု ကြံတော်မူ၍ လက်ဝဲ တဖက် ပခုံးထက်၌ လက်ကန်တော့ စံပယ်တင်ပြီးလျှင် မြတ်စွာဘုရားထံမှောက် အနီးသို့ကပ်ရောက်၍ ဦးခေါင်းထက်၌ လက်အုပ်ကိုမြှောက်ချီလျက် "ကီဒိသော တေ မဟာဝီရ၊ အဘိနီဟာရော နရုတ္တမ" အစရှိသော သုံးဂါထာတို့ဖြင့် မြတ်စွာဘုရား၏ ဗုဒ္ဓဝင်စံရှေး အတိတ်က ကျင့်စဉ်အရေးကို မေးမြန်း လျှောက်ထားလေသည်၊ (သဒ္ဓါကြည်ညိုမှု တိုးပွါးစေရန် ထိုသုံးဂါထာ ပါဠိအနက်ကို ထုတ်ဖော်ပြဆိုဦးအံ့)—

ကီဒိသော တေ မဟာဝီရ၊
အဘိနီဟာရော နရုတ္တမ။
ကမှိ ကာလေ တယာ ဓီရ၊
ပတ္ထိတာ ဗောဓိမုတ္တမာ။

မဟာဝီရ = သမ္မပ္ပဓာန ကိစ္စဆင့်ပွါး လေးထွေပြားသည့် ကြီးမားသောလုံ့လ ဝီရိယလည်း ရှိတော်မူပေထသော။ နရုတ္တမ = လူတို့ထက်မြတ် နတ်တို့ထက်သာ ဗြဟ္မာတို့ထက်ကဲလွန် အမွန်ခေါင်ဖူး သုံးလူ့မျူးဘုရား…။ တေ = အရှင်ဘုရား၏။ အဘိနီဟာရော = နရက်ဘဝင် သွက်သွက်လှိုက်ခုန် သောင်းတိုက်တုန်သား ဘုန်းဂုဏ်တော်အား လွန်ကြီးမားသည့် ဘုရားဖြစ်ရန် ဆုပန်

http://www.dhammadownload.com



တော်မူခဲ့ခြင်းကို။ ကီဒိသော = ဘယ်သို့ရှုအပ် မှတ်ရပါမည်နည်းဘုရား။ ဓီရ = သဗ္ဗညုတ ဉာဏသခင် သုံးလူ့ ရှင်ဘုရား....။ တယာ = အရှင်ဘုရားသည်။ ကမှိကာလေ = ဘယ်ကပ်ကမ္ဘာ ဘယ်ချိန်ခါ၌။ ဥတ္တမာ ဗောဓိ = ပစ္စေကဗောဓိ, သာဝကဗောဓိတို့ထက် အဓိပတိဥက္ကဋ္ဌ မြတ်ထွတ်လှစွာ သမ္မာသမ္ဗောဓိဆုကြီးကို။ ပတ္တိတာ = စိတ်တော်ညွတ်ကာ ရလိုပါဟု ပန်ထွာတောင့်တအပ်ခဲ့ပါသနည်းဘုရား။

ဒါနံ သီလဉ္စ နေက္ခမ္မံ၊
ပညာ ဝီရိယဉ္စ ကီဒိသံ။
ခန္တိ သစ္စမဓိဋ္ဌာနံ၊
မေတ္တုပေက္ခာ စ ကီဒိသာ။

ဓီရ = သဗ္ဗညုတ ဉာဏသခင် သုံးလူ့ရှင်ဘုရား....။တေ = အရှင်ဘုရား၏။ ဒါနဉ္စ = ဒါနပါရမီတော်ကိုရင်း။ သီလဉ္စ = သီလပါရမီတော်ကိုရင်း။နေက္ခမ္မဉ္စ = နေက္ခမ္မပါရမီတော်ကိုရင်း။ ပညာစ = ပညာပါရမီတော်ကိုရင်း။ ဝီရိယဉ္စ = ဝီရိယပါရမီတော်ကိုရင်း။ကီဒိသံ = ဘယ်သို့ရှုအပ် မှတ်ရပါမည်နည်းဘုရား။ ခန္တိစ = ခန္တိပါရမီတော်ကိုရင်း။ သစ္စဉ္စ = သစ္စာပါရမီတော်ကိုရင်း။ အဓိဋ္ဌာနဉ္စ = အဓိဋ္ဌာန ပါရမီတော်ကိုရင်း။ မေတ္တာ စ = မေတ္တာပါရမီတော်ကိုရင်း။ ဥပေက္ခာ စ = ဥပေက္ခာပါရမီတော်ကိုရင်း။ ကီဒိသာ = ဘယ်သို့ရှုအပ် မှတ်ရပါမည်နည်းဘုရား။

ဒသ ပါရမီ တယာ ဓီရ၊
ကီဒိသီ လောကနာယက။
ကထံ ဥပပါရမီ ပုဏ္ဏာ၊
ပရမတ္ထပါရမီ ကထံ။

ဓီရ = သဗ္ဗညုတ ဉာဏသခင်ဖြစ်တော်မူပါသော။ လောကနာယက = လောကသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော် မူသော မြတ်စွာဘုရား ...။ တယာ = အရှင်ဘုရားသည်။

http://www.dhammadownload.com



ဒသပါရမီ = ပါရမီတရားကျင့်ဆယ်ပါးတို့ကို။ ကီဒိသီ = ဘယ်သို့ ရှုအပ် မှတ်ရပါမည်ကိုပြု၍။ ပုဏ္ဏာ = ဘဆင့်ထက်တဆင့် ရင့်ထက်ရင့်အောင် ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပါသနည်းဘုရား။ ကထံ = ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ဥပပါရမီ = ဥပပါရမီတရား ကျင့်ဆယ်ပါးတို့ကိုရင်း။ ကထံ = ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ပရမတ္ထပါရမီ = ပရမတ္ထပါရမီတရား ကျင့်ဆယ်ပါးတို့ကိုရင်း။ ပုဏ္ဏာ = တဆင့်ထက်တဆင့် ရင့်ထက်ရင့်အောင် ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပါသနည်းဘုရား။

[ဤ၌။ ။ဒါနပါရမီအရာဝယ် အပြင်အပ ဉစ္စာဘဏ္ဍာများကို စွန့်လှူခြင်းသည် ဒါနပါရမီမည်၏၊ အင်္ဂါကြီးငယ်ကိုစွန့်လှူခြင်းသည် ဒါနဥပပါရမီမည်၏၊ မိမိအသက်ကို စွန့်လှူခြင်းသည် ဒါန ပရမတ္ထပါရမီမည်၏၊ ကြွင်းသော ပါရမီကိုးပါးတို့၌လည်း ဤနည်း အတူပင် အပြင်အပ ဉစ္စာဘဏ္ဍာများ ပျက်စီးဆုံးရှုံးမည်ကို မရေမတွက်ပဲ သီလကိုထိန်းစောင့်ခြင်း (ဝါ) ထိန်းစောင့်အပ်သော သီလမှုသည် သီလပါရမီမည်၏၊အင်္ဂါကြီးငယ်တို့ ပျက်စီးဆုံးရှုံးမည်ကိုမရေမတွက်ပဲ ထိန်းစောင့်အပ်သော သီလမှုသည် သီလဥပပါရမီမည်၏၊မိမိအသက် ပျက်စီးဆုံးရှုံးမည်ကို မရေမတွက်ပဲ ထိန်းစောင့်အပ်သော သီလမှုသည် သီလပရမတ္ထပါရမီမည်၏၊ ဤသို့အစရှိသည်ဖြင့် ခွဲခြားမှတ်ယူရာ၏။

မြတ်စွာဘုရားအလောင်းတော်၏ ဒါနအစရှိသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ရသော ဘဝတို့ကား မရေမတွက်နိုင်အောင်ပင် များလှစွာ၏၊ အထူးအားဖြင့်—

(၁) စတုက္ကနိပါတ် ၂-ပုစိမန္ဒဝဂ် ၇-သသပဏ္ဍိတ ဇာတ်၌ ယုန်ပညာရှိဖြစ်တော်မူသောအခါ ဆွမ်းခံကြွလာသော ပုဏ္ဏား အယောင်ဆောင် သိကြားမင်းကို တကယ်အလှူခံပုဏ္ဏားဟု မှတ်ယူတော်မူကာ မီးအပိုခိုင်းပြီးလျှင် ရဲရဲညီးညီး မီးပုံကြီးအတွင်းသို့ အသက်ကို မငဲ့ကွက်ပဲ ခုန်ဆင်း၍ ကိုယ်တော်ကို စွန့်လှူခဲ့သော အလောင်းတော်မြတ်၏ ဒါနမှုသည် ဒါနပရမတ္ထပါရမီမည်၏။

(၂) စတ္တာလီသနိပါတ် သင်္ခပါလဇာတ်၌ သင်္ခပါလနဂါးမင်း ဖြစ်တော်မူသောအခါ ရှစ်ဌာန၌ တံကျင်လျှို၍ ထိုထိုအရပ်၌ အားနည်းအောင် လှံမဖြင့် တအားကုန်ထိုးကြသော မုဆိုးတဆယ့်ခြောက်ယောက်တို့အား

http://www.dhammadownload.com



အမျက်တော်မထွက်ပဲ အသက်ကိုစွန့်လှူ၍ သီလကို ထိန်းစောင့်တော်မူသော အလောင်းတော်သူမြတ်၏ သီလမှုသည် သီလပရမတ္ထ ပါရမီ မည်၏။

(၃) စတ္တာလီသနိပါတ် စူဠသုတသောမဇာတ်၌ စူဠသုတသောမ မင်းဖြစ်တော်မူသောအခါ အသက်ဘေးရန် အန္တရာယ်ကို မငဲ့ကွက်ပဲ လက်တော်ရောက် ရရှိပြီးသော သုဒဿနနေပြည်တော်(ထိုစဉ်က ဗာရာဏသီပြည်သည် သုဒဿနမင်းနေပြည် အမည်ရှိခဲ့လေသည်၊) မင်းစည်းစိမ်ကို ရက်ရက်ကြီးစွန့်ပစ်ကာ တောထွက်တော်မူခဲ့သော အလောင်းတော်သူမြတ်၏ နေက္ခမ္မမှုသည် ပရမတ္ထနေက္ခမ္မ ပါရမီမည်၏။

(၄) သတ္တကနိပါတ် သတ္တုဘတ္တဇာတ်၌ သေနကသုခမိန် ပညာရှိ ဖြစ်တော်မူသောအခါ ရိက္ခာ သားရေအိတ်အတွင်း၌ ပါရှိသော မြွေ ဟောက် မြွေဆိုးကို မျက်စိဖြင့် ကြည့်၍ ဟောသည့်ပမာ အတပ် ဟော၍ ထိုရိက္ခာသားရေအိတ်ရှင် ပုဏ္ဏားအား အသက်ဘေးမှကင်းဝေး အောင် စောင့်ရှောက်တော်မူခဲ့သော အလောင်းတော်သူမြတ်၏ ပညာ တော်သည် ပရမတ္ထပညာ ပါရမီမည်၏။

(၅) မဟာနိပါတ် မဟာဇနကဇာတ်၌ ဇနကမင်းသား ဖြစ်တော် မူသောအခါ သမုဒ္ဒရာအတွင်း၌ အခြားသူများ သေကြေ ပျက်စီးကုန် ကြသော်လည်း စိတ်ပျက်ခြင်း ပြောင်းလဲခြင်းမရှိပဲ မဟာသမုဒ္ဒရာကို တအားစိုက်စူး အလျားလိုက်ကူးသော အလောင်းတော် သူမြတ်၏ ဝီရိယတော်သည် ပရမတ္ထဝီရိယ ပါရမီမည်၏။

(၆) စတုက္ကနိပါတ် ၂-ပုစိမန္ဒဝဂ် ၃-ခန္တိဝါဒီဇာတ်၌ ခန္တိဝါဒီ ရသေ့ ဖြစ်တော်မူသောအခါ ကာသိတိုင်းရှင် ဘုရင်ကလာဗုမင်းက ထက်လှ စွာသော ပုဆိန်ဖြင့် ခြေလက်အင်္ဂါတို့ကို ဖြတ်တောက်စေကာမူ စိတ် စေတနာ လုံးဝမရှိသော သစ်တုံးကြီးပမာ ကလာဗုမင်းအားလည်း အမျက်မထွက်ပဲ ကြီးစွာသော ဆင်းရဲဒုက္ခကို သည်းခံတော်မူသော အလောင်းတော်သူမြတ်၏ ခန္တီအမှုသည် ပရမတ္ထခန္တီပါရမီမည်၏။

(၇) အသီတိနိပါတ် မဟာသုတသောမ ဇာတ်၌ မဟာသုတ သောမ မင်းဖြစ်တော်မူသောအခါ ပေါရိသာဒ လူသားစား၏အထံ၌ "နောက်နေ့နံနက် ဆက်ဆက်ပြန်ခဲ့မည်"ဟု ပဋိညာဉ်ဝန်ခံချက်ပြုတော် မူခဲ့သည့် အတိုင်း ကိုယ်တော်၏ အသက်ကို ငဲ့ကွက်တော်မမူပဲ ဝန်ခံချက်အတိုင်း ပြန်လာတော်မူကာ တရားတပါးသော မင်းတို့ကို

http://www.dhammadownload.com



အသက်အေးမှ လွတ်မြောက်တော်မူစေခဲ့သော အလောင်းတော် သူမြတ်၏ ဝစီမင်္ဂလာ သစ္စာမှုသည် သစ္စာပရမတ္ထ ပါရမီမည်၏။

(၈) မဟာနိပါတ် မူဂပက္ခ (တေမိယ) ဇာတ်၌ အလောင်းတော် ဆွံ့အနားပင်းသော ဖြစ်တော်မူသောအခါ အသက်ကိုပင် စွန့်လွှတ်၍ ဆွံ့ယောင်, အ-ယောင်, နားပင်းယောင်ဆောင်မှု အကျင့်ကို မပျက်မကွက် တောထွက်ရသည်တိုင်အောင် ဆောက်တည်တော်မူခဲ့သော အလောင်းတော်သူမြတ်၏ အဓိဋ္ဌာန်မှုသည် ပရမတ္ထအဓိဋ္ဌာနပါရမီ မည်၏။

(၉) မဟာနိပါတ် သုဝဏ္ဏသာမဇာတ်၌ သုဝဏ္ဏသျှံ သူငယ်သား ရသေ့ ဖြစ်တော်မူသောအခါ မိမိအသက်ကိုပင် ငဲ့ကွက်တော်မမူပဲ မေတ္တာတရား ပွါးများတော်မူသော အလောင်းတော်သူမြတ်၏ မေတ္တာမှုသည် မေတ္တာပရမတ္ထ ပါရမီမည်၏။

(၁၀) ကေကနိပါတ် ၁၀-လိတ္တဝဂ် လောမဟံသဇာတ်၌ အာဇီဝက တက္ကတွန်း ရဟန်းဖြစ်တော်မူသောအခါ ရွာသူသားငယ်တို့ ပြုလုပ်အပ်သော ဖောက်ပြန်မှုအမျိုးမျိုး, ပညာရှိသူ လူအပေါင်းတို့ ပြုလုပ်အပ်သော ပူဇော်မှုအမျိုးမျိုးတို့ကြောင့် လောဘ ဒေါသ လုံးဝမဖြစ်စေပဲ လျစ်လျူရှုတော်မူသော အလောင်းတော်သူမြတ်၏ ဥပေက္ခာမှုသည် ဥပေက္ခာ ပရမတ္ထပါရမီမည်၏။

ဤပရမတ္ထပါရမီဆိုင်ရာ အကြောင်းဝတ္ထုအကျယ် စကားရပ်တို့ကို စရိယာပိဋကအဋ္ဌကထာနှင့် ဆိုင်ရာ ဇာတ်အဋ္ဌကထာတို့မှ ထုတ်နုတ်မှတ်ယူရာ၏။]

ဤသို့ အရှင်သာရိပုတ္တရာ မထေရ်မြတ် တောင်းပန် လျှောက်ထားအပ်သည်ရှိသော် မြတ်စွာဘုရားသည် ဝေနေယျတို့၏ စိတ်နှလုံးကို ငြိမ်းအေးစေလျက် အမြိုက်ရေချမ်းကို သွန်းဖျန်းသည့်ပမာ "ပီတိပါမောဇ္ဇဇနနံ၊ သောကသလ္လဝိနောဒနံ" အစရှိသော နှစ်ဂါထာတို့ဖြင့် တရားနာပရိသတ် နတ်လူအပေါင်းတို့အား "နှစ်သက်ဝမ်းမြောက်ခြင်းကိုလည်း ဖြစ်စေတတ်, သောက ငြောင့်တံသင်းကိုလည်း ပယ်ရှင်းတတ်, ခပ်သိမ်းသော သမ္ပတ္တိမျိုးကိုလည်း ရစေတတ်သည့် ဗုဒ္ဓဝင်ဒေသနာမြတ်ကို ရှိသေစွာ

http://www.dhammadownload.com



နာယူကြကုန်လော့"ဟု တိုက်တွန်းတော်မူ၍ရင်း၊ "မာန်မူခြင်း အမျိုးမျိုးကိုလည်း ပယ်ချိုးနှိမ်နင်းတတ်, စိတ်ပူပန်ခြင်း သောက အမျိုးမျိုးကိုလည်း ပယ်ဖျောက်တတ်, သံသရာဝဋ်မှလည်း ကျွတ်လွတ်စေတတ်, ဒုက္ခခပ်သိမ်း ကုန်ငြိမ်းခြင်းကိုလည်း ပြုတတ်သည့် ဘုရားဖြစ်ကြောင်း လမ်းကောင်းကျင့်စဉ် ဗုဒ္ဓဝင်ပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်လော့"ဟု ခပ်သိမ်းသော နတ်လူတို့အား သမ္မာသမ္ဗောဓိဆုကြီး ပန်ဘို့ရန် စိတ်အား ထက်သန်စေတော်မူ၍ရင်း—

ကပ္ပေ စ သတသဟဿေ၊
စတုရော စ ဣသင်္ခိယေ။
အမရံ နာမ နဂရံ၊
ဒဿနေယျံ မနောရမံ။

အစရှိသော ဂါထာပေါင်း (၉၅၁) ကိုးရာငါးဆယ့်တစ် ဂါထာတို့ဖြင့် တန်းဆာဆင်အပ်သော ဗုဒ္ဓဝင် ဒေသနာတော်မြတ်ကို လူနတ်နမော် သာဓုခေါ်စေလျက် ဟောကြားတော်မူအပ်ပေသည်၊ ဗုဒ္ဓဝင်ဒေသနာနိဂုံး ပြီးဆုံးလတ်သောအခါ နတ်ဗြဟ္မာပေါင်း ကုဋေတသိန်းတို့သည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြလေကုန်၏၊ အောက်မဂ် အောက်ဖိုလ်၌ တည်ကြသော သတ္တဝါတို့ကား မရေမတွက်နိုင်အောင် များလှစွာကုန်၏။

(ဤ၌။ ။ဗုဒ္ဓဝင်တရားသား ဂါထာတို့ကား(၉၅၁)ကိုးရာငါးဆယ့်တစ်ဂါထာတို့တည်း၊ နိဒါနကထာ၌ သင်္ဂီတိကာရက မထေရ်တို့၏စကား အရှင်သာရိပုတ္တရာ မထေရ်၏စကား မြတ်စွာဘုရား၏ စကားတော်တို့ ရောလျက် ဂါထာပေါင်း (၈၁) ရှစ်ဆယ့်တစ်ဂါထာတို့တည်း၊ ဗုဒ္ဓပကိဏ္ဏကခဏ်းနှင့် ဓာတုဘာဇနီယကထာတို့၌ သင်္ဂီတိကာရကမထေရ်တို့၏စကား ဂါထာပေါင်း (၃၈)သုံးဆယ့်ရှစ်ဂါထာတို့တည်း၊ အလုံးစုံကို ပေါင်းလုံချင် ဗုဒ္ဓဝင်တကျမ်းလုံးအတွက် ဂါထာပေါင်း(၁၀၇၀)တထောင်ခုနစ်ဆယ်ရှိသည်)။

ဤတွင် အခဏ်း ၁၇-ပြီး၏။

http://www.dhammadownload.com



## (အခန်း-၁၇) နောက်ဆက်တွဲ

### ဂေါတမဗုဒ္ဓဝင်နှင့်စပ်၍ မှာတမ်းချက်

အကျွန်ုပ်တို့သည် ဒီပင်္ကရာ မြတ်စွာဘုရားအစ ကဿပမြတ်စွာဘုရားတိုင်အောင်သော နှစ်ကျိပ်လေးဆူသော မြတ်စွာဘုရားတို့၏ အမည်, အမျိုး, အနွယ်-စသည်စီစဉ် ဗုဒ္ဓဝင်များကို ဗုဒ္ဓဝံသပါဠိတော်နှင့် အဋ္ဌကထာဖွင့်ပြချက်တို့ကို တွဲစပ်လျက် စကားတဆက်တည်းဖြစ်အောင် ရေးသားခဲ့ပေပြီ။

ယခုရောက်ဆဲဖြစ်သော ဂေါတမဗုဒ္ဓဝင်အတွက်လည်း ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူသည့် အခန်းတိုင်အောင် ဗုဒ္ဓဝံသပါဠိတော်နှင့် အဋ္ဌကထာတို့ကို မူရင်းထား၍ အခြားပါဠိတော်အဋ္ဌကထာတို့မှ သက်ဆိုင်ရာ အကြောင်းအချက်တို့ကိုလည်း ထုတ်ဆောင်၍ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် အားထုတ်ရေးသားခဲ့ပေပြီ။

ဤ (ဂေါတမဗုဒ္ဓဝင်) နှင့်စပ်၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူရင်းဖြစ်သော ဂေါတမဗုဒ္ဓဝံသ စကားရပ်ကိုလည်း စာဖတ်သူ ပညာရှင်တို့ သိမြင်လိုကြပေလိမ့်မည်၊ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူရင်းဖြစ်သည့် ဂေါတမဗုဒ္ဓဝံသ (၂၄) ဂါထာတို့ကို မြန်မာစကားပြေသက်သက် ရေးသားဖော်ပြပါဦးအံ့—

မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ခေတ်ပန် လျှောက်ထားအပ်သဖြင့် ကပိလဝတ်နေပြည်တော်၏ အထက်ကောင်းကင်ယံ ရတနာစင်္ကြံတော်၌ "ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ခိယေ" အစရှိသည်ဖြင့် ဒီပင်္ကရာဗုဒ္ဓဝင်အစ ကဿပဗုဒ္ဓဝင်တိုင်အောင် နှစ်ကျိပ်လေးဆူသော မြတ်စွာဘုရားတို့၏ အမည်, အမျိုး, အနွယ်-စသည်စီစဉ် ဗုဒ္ဓဝင်တို့ကို ကောင်းကင်မြစ်ကြီး ယုံစီးသည့်အလား ဟောကြားတော်မူပြီး၍ ကိုယ်တော်မြတ်နှင့် စပ်ဆိုင်ရာ ဂေါတမဗုဒ္ဓဝံသဒေသနာတော်ကို—

http://www.dhammadownload.com



အဟာမေတရဟိ သမ္ဗုဒ္ဓေါ၊
ဂေါတမော သကျဝဍ္ဎနော။
ပဓာနံ ပဒဟိတွာန၊
ပတ္တော သမ္ဗောဓိမုတ္တမံ—

အစရှိသဖြင့် ၂၄-ဂါထာ ဟောကြားတော်မူလေသည်၊ ထို ၂၄-ဂါထာတို့၏ မြန်မာစကားပြေကား....

**ပဌမအကြိမ် တရားပွဲကြီး**

(၁) အဟာမေတရဟိ သမ္ဗုဒ္ဓေါ၊
ဂေါတမော သကျဝဍ္ဎနော။
ပဓာနံ ပဒဟိတွာန၊
ပတ္တော သမ္ဗောဓိမုတ္တမံ။

ချစ်သားသာရိပုတ္တရာ.... ယခုအခါ၌ သာကီဝင်မင်းမျိုးကို ပွါးတိုး စည်ပင်စေတတ်သော ဂေါတမနွယ်ဖွား ငါဘုရားသည် ခြောက်နှစ်ရှည်ကြာ ပဓာနအလုပ်ကို အားထုတ်၍ မြတ်သော သဗ္ဗညုတဉာဏ်သို့ ရောက်ဆိုက်ခဲ့လေပြီ။

(၂) ဗြဟ္မုနာ ယာစိတော သန္တော၊
ဓမ္မစက္ကံ ပဝတ္တယိံ။
အဋ္ဌာရသန္နံ ကောဋီနံ၊
ပဌမာဘိသမယော အဟု။

ချစ်သားသာရိပုတ္တရာ....ငါဘုရားသည် ဘုရားဖြစ်ပြီးနောက် ရှစ်ခုမြောက် သတ္တာဟ၌ သဟမ္ပတိဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ ဓမ္မစကြာ ဒေသနာတရား ဟောခဲ့လေပြီ၊ (ထိုဓမ္မစကြာတရားပွဲ၌) ကောဏ္ဍညထေရ်အမှူးပြုသည့် ဗြဟ္မာပေါင်း (၁၈) တဆယ့်ရှစ်ကုဋေတို့ (ပဌမအကြိမ်) သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်ခဲ့လေပြီ။

http://www.dhammadownload.com



**ဒုတိယအကြိမ် တရားပွဲကြီး**

(၃) တတော ပရဉ္စ ဒေသေန္တေ၊
နရဒေဝသမာဂမေ။
ဂဏနာယ န ဝတ္တဗ္ဗော၊
ဒုတိယာဘိသမယော အဟု။

ချစ်သား သာရိပုတ္တရာ…. ထိုဓမ္မစကြာ ဒေသနာတရားကို ဟောကြားတော်မူပြီးသည်မှ နောက်အခါ မင်္ဂလာတရား အပြင်း ပွါးကြသော လူနတ်တို့၏ အစည်းအဝေး၌ ငါဘုရားသည် မင်္ဂလ သုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားလတ်သည်ရှိသော် အရေအတွက်အားဖြင့် ဤမျှ ဤမျှရှိ၏ဟု မပြောဆိုနိုင်လောက် အောင်(များစွာသော လူနတ်မြဟ္မာ သတ္တဝါတို့၏)ဒုတိယအကြိမ် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည် ဖြစ်လတ္တံ့။

(ဤဒုတိယအကြိမ် တရားပွဲမှာ ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောပြီး သည့်နောက်ကာလမှ ဖြစ်ပေါ်လတ္တံ့။ နောက်၌လည်း ၎င်းနည်းတူပင်။)

**တတိယအကြိမ် တရားပွဲကြီး**

(၄) ဣဓောဝါဟံ တေရဟိ၊
ဩဝဒိံ မမ အတြဇံ။
ဂဏနာယ န ဝတ္တဗ္ဗော၊
တတိယာဘိသမယော အဟု။

ချစ်သားသာရိပုတ္တရာ….ငါဘုရားသည်(ဘုရားဖြစ်ပြီးနောက် တဆယ့်သုံးနှစ် လွန်မြောက်သောအခါ သာဝတ္ထိပြည် အန္ဓဝန် တောအုပ်အတွင်း၌) ငါး၏သားတော်ဖြစ်သော ရာဟုလာရဟန်း ငယ်ကို စူဠရာဟုလောဝါဒသုတ္တန်ဒေသနာဖြင့် ဆုံးမချေချွတ် လတ္တံ့၊ (ထိုအခါ၌လည်း) အရေအတွက်အားဖြင့် ဤမျှ ဤမျှ ရှိ၏ဟု မပြောဆိုနိုင်လောက်အောင် (များစွာသော နတ်မြဟ္မာ တို့၏) သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည် ဖြစ်လတ္တံ့။

http://www.dhammadownload.com



### သာဝက သန္နိပါတတကြိမ်

(၅) ကောသိ သန္နိပါတော မေ၊
သာဝကာနံ မဟေသိနံ။
အနုတ္တရသသတာနံ၊
ဘိက္ခုနာသိ သမာဂမော။

ချစ်သားသာရိပုတ္တရာ····(လွန်ခဲ့သော တပို့တွဲလပြည့်နေ့၌) ငါဘုရား၏ သာဝကအစည်းအဝေးကြီးတကြိမ် ဖြစ်ခဲ့လေပြီ၊ ထို အစည်းအဝေး၌ (၁၂၅၀) တထောင်နှစ်ရာငါးဆယ်ကုန်သော အာသဝေါကုန်ခန်း ရဟန္တာ ရဟန်းတို့၏ စုဝေးမိခြင်းသည် ဖြစ်ခဲ့လေပြီ။

(လွန်ခဲ့သော တပို့တွဲလပြည့် အရှင်သာရိပုတ္တရာမထေရ် ရဟန္တာဖြစ်သောနေ့က အင်္ဂါလေးပါးရှိသော သာဝကသန္နိပါတဝယ် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည့် အစည်းအဝေးကြီး၌ ဟောတော်မူခြင်း ဖြစ်သည်)။

### ကိုယ်တော်မြတ်၏ သတ္တုပကာရ

(၆) ဝိရောစမာနော ဝိမလော၊
ဘိက္ခုသံဃဿ မဇ္ဈဂေါ။
ဒဒါမိ ပတ္ထိတံ သဗ္ဗံ၊
မဏိဝ သဗ္ဗကာမဒေါ။

ချစ်သား သာရိပုတ္တရာ···· (ငါဘုရားသည်လည်း ရှေးရှေးနောင်တော်, နောင်တော် ဘုရားရှင်တို့နည်းတူပင်) အဆုံးမရှိသော ဘုရားအသရေတော်ဖြင့် တင့်တယ်တော်မူကာ ကိလေသာ အညစ်အကြေး ကင်းဝေးတော်မူလျက် ရဟန်းသံဃာ၏အလယ်၌ တင့်တယ်စွာတည်နေကာ အလိုခပ်သိမ်းကို ပေးစွမ်းနိုင်သော စိန္တာမဏိ ပတ္တမြားရတနာကြီးကဲ့သို့ လူနတ်ဗြဟ္မာ သတ္တဝါတို့ ပန်ထွာတောင့်တအပ်သည့် ခပ်သိမ်းသော လောကီ လောကုတ္တရာ ချမ်းသာအထူးကို ပေးတော်မူ၏။

http://www.dhammadownload.com



(၇) ဖလမာကင်္ခမာနာနံ၊
ဘဝစ္ဆန္ဒ္ဓဇဟေသိနံ။
စတုသစ္စံ ပကာသေမိ၊
အနုကမ္ပာယ ပါဏိနံ။

ချစ်သား သာရိပုတ္တရာ···· ငါဘုရားသည် ဖိုလ်လေးပါးကို လိုလားတောင့်တကြ, ဘဝတဏှာကို ပယ်စွန့်လိုကြသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား မေတ္တာရှေ့ထား သနားစောင့်ရှောက်သဖြင့် (ဖိုလ်လေးပါးရဘို့ရန်, ဘဝတဏှာကို ပယ်စွန့်နိုင်ဘို့ရန်) အမှန်လေးပါး သစ္စာတရားကို ထင်ရှားသိစေ ဟောမြွက်ခဲ့လေပြီ။

(စတုသစ္စ ဒေသနာဖြင့် သတ္တဝါတို့အကျိုး သည်ပိုးရွက်ဆောင်တော်မူမှု သတ္တုပကာရကို ပြတော်မူသည်)။

(၈) ဒသဝီသသဟဿာနံ၊
ဓမ္မာဘိသမယော အဟု။
ဧကဒွိန္နံ အဘိသမယော၊
ဂဏနာတော အသင်္ခိယော။

ချစ်သား သာရိပုတ္တရာ···· (ငါဘုရား၏ စတုသစ္စ ဒေသနာဖြင့် သတ္တဝါတို့အကျိုးကို သည်ပိုးရွက်ဆောင်ရာ၌) အချို့သော တရားပွဲမှာ တသောင်းသော သတ္တဝါ, အချို့သောတရားပွဲမှာ နှစ်သောင်းသော သတ္တဝါ စသည်တို့၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်လေပြီ။ တယောက် နှစ်ယောက် စသည်တို့၏ သစ္စာလေးပါး တရားသိခြင်း ကျွတ်တမ်းဝင်ခြင်းကား ဂဏန်းအားဖြင့် မရေမတွက်နိုင်ချေ။

(၉) ဝိတ္ထာရိကံ ဗာဟုဇညံ၊
ဣဒ္ဓံ ဖီတံ သုဖုလ္လိတံ။
ဣဓ မယှံ သကျမုနိနော၊
သာသနံ သုဝိသောဓိတံ။

http://www.dhammadownload.com



ချစ်သား သာရိပုတ္တရာ···· ဤလောက၌ သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့သော ငါဘုရား၏ သာသနာသည် (ဗြဟ္မာ လူ နတ် ဘုံသုံးရပ်ဝယ်) ပြန့်ကျယ်လျက် သတ္တဝါအများတို့ ပိုင်းခြားသိမြင် အစ်ကာ လွန်စွာ ဝပြောစည်ပင် ပွင့်လင်းသန့်ရှင်းသည် ဖြစ်ပေ လတ္တံ့။

(၁၀) အနာသဝါ ဝီတရာဂါ၊
သန္တစိတ္တာ သမာဟိတာ။
ဘိက္ခူနေကသတာ သဗ္ဗေ၊
ပရိဝါရေဿန္တိ မံ သဒါ။

ချစ်သား သာရိပုတ္တရာ···· ငါဘုရားကို အာသဝေါကွာရှင်း ရာဂကင်းကုန်လျက် ငြိမ်းချမ်းသောစိတ်နှလုံး ရှိကြကုန်သော လေငြိမ်ရာ၌ ညှိသီးသည့် ဆီမီးပုံချိန် တည်ငြိမ်သောသမာဓိ ရှိကြ ကုန်သော အရာမက များလှစွာသော ရဟန်းအလုံးစုံတို့သည် အခါခပ်သိမ်း ဝန်းကျင်ပတ်ခြံ ရံကြကုန်၏။

(၁၁) ဣဒါနိ ယေ ဧတရဟိ၊
ဇဟန္တိ မာနုသံ ဘဝံ။
အပ္ပတ္တမာနသာ သေခါ၊
တေ ဘိက္ခူ ဝိညုဂရဟိတာ။

ချစ်သား သာရိပုတ္တရာ···· ယခု ငါဘုရား လက်ထက်တော် အခါ၌ အကြင်ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ မရောက်ကြကုန်ပဲ (သိက္ခာသုံးပါးကို ကျင့်ကြံကြဆဲ) သေက္ခပုဂ္ဂိုလ် ဖြစ်ကြကုန်လျက် လူ့ဘဝကို စွန့်ရကုန်၏။ ထိုရဟန်းတို့ကို ပညာရှင်တို့ ပြစ်တင် ကဲ့ရဲ့အပ်ကုန်၏။

(၁၂) အရိယဉ္စသံ ထောမယန္တာ၊
သဒါ ဓမ္မရတာ ဇနာ။
ဗုဇ္ဈိသန္တိ သတိမန္တော၊
သံသာရသရိတံ ဂတာ။

http://www.dhammadownload.com



ချစ်သား သာရိပုတ္တရာ···· အရိယာတို့လမ်းကြောင်း ကောင်းမြတ်သော အဋ္ဌင်္ဂိကမဂ်ကို နှစ်လိုအားရမ်း ချီးမွမ်းကြကုန်လျက် နေ့ညဉ့်ဆက်ကာ အခါခပ်သိမ်း တရား၌ မွေ့လျော်ကြသည့် သတိရှိသော ပုဂ္ဂိုလ်တို့သည် သံသရာတည်းဟူသော သမုဒ္ဒရာကို အနည်းငယ်မျှသော ဘဝဖြင့် ကူးသွားကြကာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြကုန်လတ္တံ့။

ဖွားရာမြို့တော် စသည်

(၁၃) နဂရံ ကပိလဝတ္ထု မေ၊
ရာဇာ သုဒ္ဓေါဒနော ပိတာ။
မယှံ ဇနေတ္တိကာ မာတာ၊
မာယာဒေဝီတိ ဝုစ္စတိ။

ချစ်သား သာရိပုတ္တရာ···· ငါဘုရား၏ ပြည်တော်သည် ကပိလဝတ္ထု အမည်ရှိ၏၊ ခမည်းတော်မင်းတရားသည် သုဒ္ဓေါဒန အမည်ရှိ၏၊ ငါဘုရား၏ မွေးမယ်တော်ကို မာယာဒေဝီ ဟူ၍ ခေါ်ဆိုအပ်၏။

(၁၄) ဧကူနတိံသဝဿာနိ၊
အဂါရံ အဇ္ဈဟံ ဝသိံ။
ရမ္မော သုရမ္မော သုဘကော၊
တယော ပါသာဒမုတ္တမာ။

ချစ်သား သာရိပုတ္တရာ···· ငါဘုရားသည် နှစ်ဆယ့်ကိုးနှစ်တို့ ပတ်လုံး ကပိလဝတ် ရွှေနန်းတော်ကို စိုးပိုင်အုပ်ချုပ်၍နေခဲ့လေပြီ၊ ငါ၏ စံနန်းတော်များကား ဘုံကိုးဆင့်ရှိသည့် ရမ္မ မည်သော ဆောင်းရာသီ စံနန်းတော်, ဘုံငါးဆင့်ရှိသည့် သုရမ္မ မည်သော နွေရာသီ စံနန်းတော်, ဘုံခုနစ်ဆင့်ရှိသည့် သုဘ မည်သော မိုးရာသီ စံနန်းတော် ဤစံနန်းသုံးဆောင်တို့ ဖြစ်ကုန်၏။

http://www.dhammadownload.com



(၁၅) စတ္တာရီသသဟဿာနိ၊
နာရိယော သမလင်္ကတာ။
ဘဒ္ဒကစ္စာနာ နာမ နာရီ၊
ရာဟုလော နာမ အတြဇော။

ချစ်သား သာရိပုတ္တရာ···· ထီးနန်းစိုးအုပ် မင်းပြုလုပ်စဉ် အလှပြုပြင် တန်းဆာဆင်အပ်ကြသည့် မောင်းမမိသံ ရံရွေတော် ပေါင်းတို့ကား လေးသောင်းတို့ဖြစ်ကုန်၏၊ ကြင်ယာတော် မိဖုရားကြီးကား ဘဒ္ဒကစ္စာနာ အမည်ရှိ၏၊ သားတော်ကား ရာဟုလာ အမည်ရှိ၏။

(၁၆) နိမိတ္တေ စတုရော ဒိသွာ၊
အဿယာနေန နိက္ခမိံ။
ဆဗ္ဗဿံ ပဓာနစာရံ၊
အစရိံ ဒုက္ကရံ အဟံ။

ချစ်သား သာရိပုတ္တရာ····ငါဘုရားသည် သူအို, သူနာ, သူသေ, ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ ကဏ္ဍကမြင်းယာဉ်ကိုစီးလျက် တောထွက်တော်မူခဲ့လေပြီ၊ (လူရှင်မနေ့သာ ဥရုဝေလတောဝယ်) ခြောက်နှစ်ပတ်လုံး လူသာမန်တို့ ပြုရန် ခဲယဉ်းသည့် ပဓာနအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့လေပြီ။

(၁၇) ဗာရာဏသိယံ ဣသိပတနေ၊
စက္ကံ ပဝတ္တိတံ မယာ။
အဟံ ဂေါတမသမ္ဗုဒ္ဓေါ၊
သရဏံ သဗ္ဗပါဏိနံ။

ချစ်သား သာရိပုတ္တရာ····ငါဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို ဟောအပ်ခဲ့လေပြီ၊ ငါဘုရားကား ခပ်သိမ်းသော သတ္တဝါတို့၏ ကိုးကွယ်ရာ နွယ်လာဝံသ ဘွဲ့နာမဖြင့် ဂေါတမ မြတ်စွာဘုရား မည်ပေ၏။

http://www.dhammadownload.com



(၁၈) ကောလိတော ဥပတိဿော စ၊
ဒွေ ဘိက္ခူ အဂ္ဂသာဝကာ။
အာနန္ဒော နာမုပဋ္ဌာကော၊
သန္တိကာဝစရော မမ။
ခေမာ ဥပ္ပလဝဏ္ဏာ စ၊
ဘိက္ခုနီ အဂ္ဂသာဝိကာ။

ချစ်သား သာရိပုတ္တရာ····ငါဘုရား၏ အဂ္ဂသာဝက အစုံတို့ကား ကောလိတရဟန်း (=အရှင်မောဂ္ဂလာန်) ဥပတိဿ ရဟန်း (=အရှင်သာရိပုတ္တရာ) ဤရဟန်းနှစ်ပါးတို့ ဖြစ်ကုန်၏၊ ငါဘုရား၏ အနီးအပါး (နှစ်ပေါင်း နှစ်ဆယ်ကျော်) အမြဲခစား လုပ်ကျွေးပြုစုသော ဥပဋ္ဌာကရဟန်းကား အာနန္ဒာ အမည်ရှိ၏၊ မြတ်သော တပည့်မ အဂ္ဂသာဝိကာ အစုံတို့ကား ခေမာထေရီ, ဥပ္ပလဝဏ်ထေရီ ဤဘိက္ခုနီမနှစ်ဦးတို့ ဖြစ်ကုန်၏။

(၁၉) စိတ္တော ဟတ္ထာဠဝကော စ၊
အဂ္ဂုပဋ္ဌာကုပါသကာ။
နန္ဒမာတာ စ ဥတ္တရာ၊
အဂ္ဂုပဋ္ဌာကုပါသိကာ။

ချစ်သား သာရိပုတ္တရာ····ငါဘုရား၏ မြတ်သော အလုပ်အကျွေး ဒါယကာ ဥပါသကာတို့ကား (ကောသလတိုင်း မစ္ဆိကာသဏ္ဍမြို့နေ) စိတ္တသူကြွယ်နှင့် (အာဠဝီပြည် အာဠဝီမင်းကြီး၏သား) ဟတ္ထာဠဝက သီတင်းသည်တို့ ဖြစ်ကြကုန်၏၊ မြတ်သော အလုပ်အကျွေး ဒါယိကာ ဥပါသိကာမတို့ကား (ရာဇဂြိုဟ်ပြည်နယ် ဒက္ခိဏာဂိရိဇနပုဒ် ဝေဠုကဏ္ဍကမြို့သူ အနာဂါမ်တည်) နန္ဒမာတာ ဥပါသိကာနှင့် (ကောသမ္ဗီပြည် ဃောသကသူဌေး၏ ကျွန်မ ဝမ်းဝယ် သန္ဓေတွယ်လျက် အရွယ်ရောက်က သာမာဝတီ မိဖုရားထံ အစေခံသည့် သောတာပန် အရိယာ ပိဋကသုံးပုံ ဆောင် တေဒဂ်ရ) ခုဇ္ဇုတ္တရာ ဥပါသိကာမတို့ ဖြစ်ကြကုန်၏။

http://www.dhammadownload.com



(၂၀) အဟံ အသယတ္ထမူလမှိ၊
ပတ္တော သမ္ဗောဓိမုတ္တမံ။
ဗျာမပ္ပဘာ သဒါ မယှံ၊
သောဠသဟတ္ထမုဂ္ဂတာ။

ချစ်သား သာရိပုတ္တရာ····ငါဘုရားသည် (တရာသံတောင် အမြင့်ဆောင်သည့်) ညောင်ဗုဒ္ဓဟေ ပင်ရင်းခြေ၌ မြတ်သောအရ- ဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ခဲ့လေပြီ၊ ငါဘုရား၏ ကိုယ်တော်ရောင်သည် (ထက် ဝန်း ကျင် အတောင်ရှစ်ဆယ် အရပ်၌) အခါခပ်သိမ်း ထွန်းလင်း တောက်ပ၍နေ၏၊ ငါ ဘုရားသည် တဆယ့်ခြောက်တောင်အရပ် မြင့်တော်မူ၏။

(၂၁) အပ္ပံ ဝဿသတံ အာယု၊
ဣဒါနေတရဟိ ဝိဇ္ဇတိ။
တာဝတာ တိဋ္ဌမာနောဟံ၊
တာရေမိ ဇနတံ ဗဟုံ။

ချစ်သား သာရိပုတ္တရာ····ယခုအခါ (လူတို့) အသက်တမ်း ကား အနည်းငယ်မျှ အနှစ်တရာသာရှိ၏၊ ငါဘုရားသည် အာယု ကပ်၏ ငါးပုံ့လေးပုံ = အနှစ်ရှစ်ဆယ် (= ဝါတော်လေးဆယ့် ငါးဝါ) ကာလပတ်လုံးတည်လျက် များစွာသော ဝေနေယျ အပေါင်းကို (သံသရာတည်းဟူသော သမုဒ္ဒရာမှ) နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်သို့ ကယ်တင်ပေလတ်အံ့။

(၂၂) ဌပယိတွာန မမ္ဗုက္ကံ၊
ပစ္ဆိမံ ဇနဗောဓနံ။
အဟမ္ပိ နစိရသောဝ၊
သဒ္ဓိံ သာဝကသံဃတော။
ဣဓေဝ ပရိနိဗ္ဗိဿံ၊
အဂ္ဂီဝါဟာရသင်္ခယာ။

ချစ်သား သာရိပုတ္တရာ···· ငါဘုရားသည်လည်း နောက် နှောင်းလူတို့ သစ္စာလေးပါးတရားကို သိမြင်နိုင်ရန် တရားတည်း

http://www.dhammadownload.com



ဟူသော မီးရှူးတန်ဆောင်ကို စိုက်ခဲထောင်ထားခဲ့ပြီ၊ မကြာမီပင် တပည့်ရဟန်း အပေါင်းနှင့်တကွ မီးစာကုန်ခြင်းကြောင့် မီးတောက်ကြီး ငြိမ်းသကဲ့သို့ ကုသိနာရုံ ၌လူ့ဘုံ၌ပင် ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းရပေလိမ့်မည်။

သံဝေဂ ၂-ဂါထာ

(၂၃) တာနိ စ အတုလတေဇာနိ၊ ' ဣမာနိ စ ဒသဗလာနိ။ အယဉ္စ ဂုဏဓာရဏော ဒေဟော၊ ဒွတ္တိံသလက္ခဏာဝိစိတ္တော။

(၂၄) ဒသ ဒိသာ ပဘာသေတွာ၊ သတရံသိဝ ဆပ္ပဘာ။ သဗ္ဗံ တမန္တရဟိဿန္တိ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ။

ချစ်သား သာရိပုတ္တရာ ··ငါဘုရား၏ ထိုအတု မရှိသော တန်ခိုးတော်တို့သည်၎င်း, ဤကိုယ်တော်အား ဆယ်ပါးတို့သည်၎င်း, သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် ရှုချင့်စဖွယ် ဆန်းကြယ်စွာသည့် အသာခံရဏာဉာဏ်တော် ခြောက်ပါး, ဒသဗလဉာဏ်တော်ဆယ်ပါး စသည့်ဂုဏ်ကျေးဇူးကို ဖြိုးဖြိုးမြင့်ခေါင် ဆောင်နိုင်သော ရွှေတောင်နှန်းလျော် ဤကိုယ်တော်သည်၎င်း, ရောင်ခြည်တော် ခြောက်ပါးတို့သည်၎င်း ရောင်ခြည်အထောင် ဆောင်သော နေမင်းပမာ အရပ်ဆယ်မျက်နှာတို့ကို ထွန်းလင်းတောက်ပစေ၍ ဆိုပြီးဥဿုံ ထိုအလုံးစုံတို့သည် ပျက်စီး ကွယ်ပျောက်ကြပေလိမ့်မည်၊ ချစ်သား သာရိပုတ္တရာ····သက်ရှိသက်မဲ့ဥဿုံ အလုံးစုံသော သင်္ခါရတရားတို့သည် နိစ္စအနှစ် သုခအနှစ် အတ္တအနှစ်မရှိး အချည်းနှီးတို့သာ မဟုတ်တုံလော၊ (သို့ရကား သင်္ခါရ တရားတို့၌ လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာတရား ပွါးများအားထုတ်ကြ၍ နိဗ္ဗာန်သို့ရောက်ဆိုက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြလော့၊

http://www.dhammadownload.com



ဤကား သင်ချစ်သားတို့အတွက် ငါဘုရားတို့၏ အဆုံးအမ ဩဝါဒ အနုသာသနီပေတည်း၊ ငါဘုရားတို့၏ ဤအဆုံးအမကို အပ္ပမာဒတရားဖြင့် ပြည့်စုံအောင် အားထုတ်ကြလော့)။

ဤမျှသောစကားအစဉ်ဖြင့် ဗုဒ္ဓဝံသပါဠိတော်နှင့် ဗုဒ္ဓဝံသ အဋ္ဌကထာတို့အလိုအားဖြင့် ဂေါတမဗုဒ္ဓဝင်ကား ပြီးဆုံးလတ်ပြီ၊ သို့သော် ဤမဟာဗုဒ္ဓဝင်ကျမ်းကို ဦးစီး၍ ရေးသားရန် နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု တောင်းပန်ခဲ့စဉ်က (နိဒါန်းစာမျက်နှာ ဥ၌ ပြန်၍ ကြည့်ပါ)—

**(၁) ဗုဒ္ဓဝင် ကျမ်းကြီးကို ဦးစီးရေးသားရန်၊ ထိုသို့ ရေးသားရာ၌ ဗုဒ္ဓ၏အကြောင်းအရာမှန်က အပ်ကျသည်မျှ မကျန်ရအောင် ရေးသား ရန်၊ စာတအုပ်နှင့် မပြီးလျှင် နှစ်အုပ်၊ နှစ်အုပ်နှင့် မပြီးလျှင် လေးအုပ် ရှစ်အုပ်စသည် ဖြစ်ပါစေ၊ အကြောင်းအရာ စုံလင်ရန်ကိုသာ အဓိက ထား၍ ရေးသားတော်မူပါ—**

ဟူ၍ တောင်းပန်ရင်းရှိသောကြောင့် ဤမဟာဗုဒ္ဓဝင်ကျမ်းကို ဤမျှဖြင့် နိဂုံးကမွတ် အဆုံးမသတ်သေးပဲ ဗုဒ္ဓဝင် ဒေသနာတော် မြွတ်ကို ဟောပြီးသည်မှ နောက်၌ ဗုဒ္ဓမြတ်စွာ၏ ဖြစ်ရပ် အကြောင်းအရာတို့ကိုလည်း "မဟာဗုဒ္ဓဝင်ကျမ်း ဂေါတမ ဗုဒ္ဓဝင်" ဟူသော အမည်ဖြင့်ပင် မိမိ တတ်စွမ်း သိမှီသမျှ အခဏ်းသစ် တိုး၍ကာ ဆက်လက် ရေးသားပါအံ့—

http://www.dhammadownload.com



## အခန်း-၁၈

### ဆွေတော် မျိုးတော်တို့ အစုံအညီ အစည်းအဝေး၌ ပေါက္ခရဝဿမိုး(=ကြာဖက်မိုး) ရွာသွန်းခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ကပိလဝတ်နေပြည်တော်၏ အနီး အထက်ကောင်းကင်ယံ ရတနာစင်္ကြံကြွသွားတော်မူရင်းပင် ဗုဒ္ဓဝင် ဒေသနာတော်ကို ဟောကြားတော်မူလျက် ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ကို ဦးခေါင်းဝပ်လျှိုးမာန်စွယ်ကျိုး၍ ရှိခိုးကြစေပြီးလျှင် ကောင်းကင်မှ သက်ဆင်းကာ ခင်းထားအပ်သည့် မြတ်သောဘုရားနေရာ ဗုဒ္ဓါသန ဓမ္မပလ္လင်တော်၌ သီတင်းသုံးနေထိုင်တော်မူလေ၏။

မြတ်စွာဘုရားသခင် ဗုဒ္ဓါသန ဓမ္မပလ္လင်တော်၌ ထိုင်နေတော်မူလျှင်ပင် ဆွေတော်မျိုးတော်တို့ အစုံအညီ စည်းဝေးမိကြလေသည်၊အလုံးစုံသောဆွေတော်မျိုးတော်တို့သည် တည်ကြည်သောစိတ်နှလုံးရှိကြ၍ ထိုင်နေမိကြသောအခါ ပေါက္ခရဝဿမိုး*ကြီး ရွာသွန်းချလေတော့သည်။

ထို ပေါက္ခရဝဿမိုးကြီး ရွာသွန်းသောအခါ နီမြန်းသော အဆင်းရှိသော မိုးရေအယဉ်သည် အောက်မြေအပြင်၌ တဝေါဝေါမြည်ကာ တသွင်သွင် စီးသွားလျက်ရှိချေသည်၊စိုစွတ်လိုသော သူများသာ စိုစွတ်၍ မစိုစွတ်လိုသောသူများ၏ ကိုယ်၌မူ မိုးရေ တပေါက်မျှ မကျမရောက်ချေ။

---

* ပေါက္ခရဝဿမိုးဟူသည်မှာ—ကြာရွက်အဆင်းရှိသော ရေဟူ၍ ဂဏ္ဌိပုဒ်၌ ဖွင့်ဆိုအပ်လေသည်၊ ကြာရွက်ခန့်ပမာဏရှိသော တိမ်တိုက်သည် ကောင်းကင်အလယ်၌ ရှေးဦးစွာ ထပေါ်ဖြစ်ပွါး၍ အစဉ်သဖြင့် မိုးသား အထပ်အလွှာ အထောင်ဖြစ်ပြီးလျှင် ရွာသွန်းချလိုက်သော မိုးကြီးဟူ၍ ဆရာမြတ်တို့ မိန့်ဆိုတော် မူကြကုန်၏။ ။(ဝိနည်းသာရတ္ထဒီပနီဋီကာ တတိယအုပ်၊ ၂၄၅-မျက်နှာမှ။)

http://www.dhammadownload.com



ထိုအံ့ဖွယ်သရဲကို မြင်ကြ၍ ခပ်သိမ်းသော ဆွေတော် မျိုးတော်တို့သည် အံ့ဩသောစိတ် ဖြစ်ရှိကြကာ "ဩ····လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ၊ ဩ····မဖြစ်စဖူး အထူးဖြစ်ပါပေစွ" ဟု ချီးမွမ်းအံ့ဩစကား ပြောကြားကြလေကုန်သည်၊ ထိုစကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် "ယခုအခါ၌သာ ငါ၏ ဆွေတော် မျိုးတော်တို့ အစုံအညီ အစည်းအဝေး၌ ပေါက္ခရဝဿမိုး ရွာသွန်းသည် မဟုတ်သေး၊ရှေးအခါကလည်း ရွာသွန်းဘူးပြီ" ဟု မိန့်ကြားတော်မူပြီးလျှင် ဤအကြောင်းရပ် အဋ္ဌုပ္ပတ်၌ ဂါထာ တထောင်တို့ဖြင့် တန်းဆာဆင်အပ်သော ဝေဿန္တရာဇာတ် တရားတော်မြတ်ကို ဟောကြားတော်မူအပ်လေသည်။

ဝေဿန္တရာဇာတ် တရားဒေသနာတော်မြတ်ကို ကြားနာကြပြီးလျှင် ခပ်သိမ်းသော ဆွေတော် မျိုးတော်တို့သည်ပင် နေရာမှ ထကာ ဖဲသွားကြလေသည်၊ တဦးတယောက်ကမျှ "နက်ဖြန်ခါ တပည့်တော်တို့ လှူဒါန်းမည့် ဆွမ်းကို အလှူခံတော်မူပါကုန် ဘုရား"ဟု လျှောက်ထားပင့်ဖိတ်သောသူ ဟူ၍ မရှိခဲ့ချေ။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်ကား "ငါ၏သားတော် ဘုရားသည် ငါ့နန်းတော်သို့ မကြွလာလျှင် အခြားသွားစရာဟူ၍ မရှိ၊ ကေန်ပင် ငါ့နန်းတော်သို့သာ ကြွလာမှာပဲ"ဟု အောက်မေ့ စိတ်ချယုံကြည်ကာ မြတ်စွာဘုရားကို အထူးမပင့်ဖိတ်ပဲ ပြန်သွားပြီးလျှင် ရွှေနန်းတော်၌ ဘုရားအမှူးရှိသော ရဟန္တာ နှစ်သောင်းတို့အတွက် ယာဂုဆွမ်းစသည်ကို အသင့်ပြင်ဆင် ချက်ပြုတ် စီရင်စေပြီးလျှင် နေရာများကိုလည်း အသင့်ခင်းထားစေလေသည်။

### မြတ်စွာဘုရားသခင် ရဟန္တာနှစ်သောင်း ခြံရံလျက် ကပိလဝတ်နေပြည်တော်အတွင်း ဆွမ်းခံကြွတော်မူခြင်း

မြတ်စွာဘုရားသည် နောက်တနေ့၌ ရဟန္တာပေါင်း နှစ်သောင်းတို့ခြံရံလျက် ကပိလဝတ်နေပြည်တော်သို့ ဆွမ်းခံ ကြွဝင်တော်မူလေသည်၊ ထိုသို့ ဆွမ်းခံကြွဝင်လာသော အခါမှာလည်း ဆွေတော် မျိုးတော် ဟဦးတယောက်ကမျှ သွားရောက်ဆီးကြို၍

http://www.dhammadownload.com



မပင့်ဖိတ်ချေ၊ သပိတ်ကို စောင့်ကြိုယူသူ ဆွေတော် မျိုးတော် တဦးတယောက်မျှလည်း မပေါ်ထွက်ခဲ့ချေ။

မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော် အဝင်ဝတံခါး ခုံ၌ ရပ်တည်တော်မူမိလျှင်ပင် "ရှေးရှေးသော နောင်တော့် နောင်တော် ဘုရားရှင်တို့သည် မိမိတို့ ခမည်းတော်စံရာ နေပြည် တော်၌ အဘယ်သို့လျှင် ဆွမ်းခံဝင်တော်မူကြကုန်သနည်း၊အိမ်စဉ် ကို ပယ်ဖျက်ကာ မျက်နှာကြီး လူကုံတံစိုးမင်းတို့၏ အိမ်သို့သာ ဆွမ်းခံကြွလေကုန်သလော၊ သို့မဟုတ် အိမ်စဉ်မပြတ် မျက်နှာကြီး ငယ်မရွေး ဆွမ်းရပ်လှည့်လည်ခြင်းကိုပင် လှည့်လည်တော်မူကြ ကုန်သလော"ဟု ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် ဆင်ခြင် ကြည့်ရှုတော်မူလေသော် တဆူသော ဘုရားရှင်မျှ အိမ်စဉ်ကို ပယ်ဖျက်ကာ မျက်နှာကြီး လူကုံတံစိုးမင်းတို့ အိမ်သို့သာ ဆွမ်းခံကြွတော်မူသည်ကို မမြင်ရပဲ ဘုရားရှင်တိုင်းပင် အိမ်စဉ် မပြတ် မျက်နှာကြီးငယ်မရွေး ဆွမ်းရပ်လှည့်လည်တော်မူကြသည် ကိုသာ မြင်တော်မူ၍ ယခုအခါ ငါဘုရားသည်လည်း အိမ်စဉ် မပြတ် ဆွမ်းရပ်ခြင်းတည်းဟူသော ရှေးရှေး နောင်တော့် နောင် တော်ဘုရားရှင်တို့၏ အကျင့်တော်စဉ် အနွယ်ဆက်ကို ချီးမြှောက် လိုက်နာမှ သင့်လျော်မည်၊ ယင်းသို့ အိမ်စဉ်မပြတ် ဆွမ်းရပ်ခြင်း ဖြင့် နောက်အခါကာလ၌လည်း ငါ၏တပည့်သားရဟန်းတို့သည် ငါဘုရားသို့သာ အတုလိုက်ကာ ကျင့်ကြံကြကုန်လျက် ဆွမ်းခံ လှည့်လည်မှုတည်းဟူသော ရဟန်းတို့၏ ကျင့်ဝတ်ကို ဖြည့်ကျင့် ကြပေလိမ့်မည်"ဟု ဆုံးဖြတ်တော်မူပြီးလျှင် မြို့တံခါး အဝင်ဝ အစွန်းအဖျားအကျဆုံးသော အိမ်မှစ၍ အိမ်စဉ်အတိုင်း ဆွမ်းခံ လှည့်လည်တော်မူလေ၏။

[ကြံ့အရာ၌။ ။မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ စာမျက်နှာ ၁၆-၁၇-တို့မှ မြတ်စွာဘုရားသခင် ရွှေပြည်တော်ဝင်ခဏ်း၌ တင့်တယ်တော်မူပုံ ဖွင့်ပြ ချက်ကိုအမြွက်မျှ ပြဆိုဦးအံ့....။

မြတ်စွာဘုရား ကြွသွားတော်မူသောအခါ မဟာပထဝီမြေကြီးသည် ညင်ညင်သာသာတုန်လှုပ်၏၊ မြတ်စွာဘုရားသည် ပရွက်ပိုးရှ စသော

http://www.dhammadownload.com



သတ္တဝါကလေးများကို မကြိတ်မနင်း မညှဉ်းဆဲပဲ ကြွသွားတော်မူ၏၊ လကျာ်ခြေတော်ကို ပဌမ ကြွချီတော်မူ၏၊ ကြွသွားတော်မူသော မြတ်စွာဘုရား၏ အလွန်နူးညံ့သော ဖဝါးတော် အပြင်သည် ရွှေခြေနင်းပမာ တပြင်တည်း ညီညွတ်သည့် သုပတိဋ္ဌိတလက္ခဏာတော်ရှိခြင်းကြောင့် အညီအညွတ်သာ မြေအပြင်၌ ထိတွေ့တော်မူ၏၊ဖဝါးတော်ကို မြူအညစ်အကြေးတို့ မငြိကပ်ပေ၊ မြတ်စွာဘုရား ခရီးကြွသွားသည် ရှိသော် မြေကြီးသည် စိတ်စေတနာ မရှိပဲလျက် နိမ့်ရှိုင်းရာ အရပ်ကလည်း အလိုလို မြင့်တက်၍ လာရ၏၊ မြင့်မောက်သော အရပ်ကလည်း ညီညွတ်ရ၏၊ ကျောက်ခဲကြီးများ ကျောက်စရစ်ခဲငယ်များ သစ်ငုတ်များ ဆူးငြောင့်များလည်း ကြွသွားရာခရီးမှ ရှောင်ရှားနှင့်ပြီးသား ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် မကျဲလွန်း မစိပ်လွန်းသော ခြေလှမ်းတော်ဖြင့် ကြွတော်မူ၏၊ ကြွတော်မူသောအခါ ဒူးဝန်းတော် နှစ်ဖက် ဖမျက်တော် နှစ်ဖက်တို့ကို မထိပါး မပွတ်တိုက်မိစေပဲ ကြွတော်မူ၏၊ မမြန်လွန်း မနှေးလွန်းပဲ ကြွတော်မူ၏၊ အလွန် သမာဓိ ကြီးမြတ်သူ ဖြစ်ရကား အထက်သို့လည်းမော်၍ ကြည့်တော်မမူ၊ အောက်သို့လည်း ငုံ၍ ကြည့်တော်မမူ၊ ရှေ့နောက်ဝဲယာသို့လည်း မျှော်၍ ကြည့်တော်မမူ၊ ရှေ့တူရူလေးတောင်ခန့်(ထမ်းပိုးတပြန်ခန့်)ကိုသာ ကြည့်တော်မူ၏၊ ကကြိုးစုံလင် တန်းဆာ ဆင်အပ်ပြီးသော ဆဒ္ဒန်ဆင်မင်းအတူ တင့်တယ်စွာ ကြွသွားတော်မူ၏]။

မြတ်စွာဘုရားသခင် ကပိလဝတ် နေပြည်တော်အတွင်း အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်တော်မူသောအခါ "ငါတို့ အရှင် သိဒ္ဓတ္ထမင်းသားသည် ဆွမ်းခံလှည့်လည်တော်မူလာသတဲ့"ဟု နှစ်ထပ်တိုက် သုံးထပ်တိုက် စသည်တို့၌ နေထိုင်ကြသော လူများ အပေါင်းသည် ခြင်္သေ့ရုပ်ခံသည့် လေသာနန်း ပြူတင်းများကို ဖွင့်လှစ်ကြကာ မြတ်စွာဘုရားကို သူ့ထက်ငါ အလု အယက် ဖူးမြော်ကြကုန်၏။

ရာဟုလာ့မယ်တော် ယသော်ဓရာမိဖုရားသည်လည်း "အရှင့်သားသည် ဤ ကပိလဝတ် နေပြည်တော်မှာပင် ရှေးအခါက ကြီးစွာသော မင်း၏စည်းစိမ်အာနုဘော်ဖြင့် ရွှေထမ်းစင် စသည်တို့ကို စီးနင်းတော်မူကာ လှည့်လည်တော်မူပြီးမှ ယခုအခါ ဆံမုတ်ဆိတ်ကို ပယ်ရိတ်ကာ ဖန်ရည်ဆိုးသော အဝတ်ကို

http://www.dhammadownload.com



ဝတ်လျက် ခွက်လက်စွဲ၍ ဆွမ်းခံလှည့်လည်တော်မူသတဲ့၊ တင့်တယ်မှ တင့်တယ်ပါ၏လော၊ မတင့်တယ်ပဲများ ရှိလေသလော” ဟု တွေးတောဆင်ခြင်ကာ ခြင်္သေ့ခံသော လေသာနန်း ပြူတင်းကို ဖွင့်၍ ကြည့်ရှုလတ်သည်ရှိသော် အထူးထူး အသွယ်သွယ်နှစ်သက်ဖွယ်ရာ လျှံဝါပြိုးပြက် တလက်လက် ကွန့်ထွက်သော ကိုယ်တော်ရောင်ဖြင့် မြို့တော်လမ်းကြီးလမ်းငယ်တို့ကို တောက်ပစေလျက် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သောလက္ခဏာတော်ငယ် ခြောက်သွယ်သော ရောင်ခြည်တော်အဝန်းတို့ဖြင့် ရွှန်းရွှန်းသပ္ပါယ် တင့်တယ်စွာ တန်းဆာဆင်အပ်သော အတုမရှိသော ဘုရား၏ အသရေတော်ဖြင့် တင့်တယ်စွာ ကြွတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ (သားတော် ရာဟုလာ မင်းသားအား ဘုရားရှင်ရှိရာသို့ ညွှန်ပြကာ) နရသီဟ ၁၀-ဂါထာတို့ဖြင့် နဖူးသင်းကျစ်တော်မှသည် အောက် ဖဝါးတော် အပြင်တိုင်အောင် မြတ်စွာဘုရား၏ ရူပကာယ ဂုဏ်ကျေးဇူးများကို မြွက်ဆိုချီးမွမ်းလေသည်။

**နရသီဟ ၁၀-ဂါထာပါဠိ နိဿယ**
**(ရူပကာယ အသရေတော်ဖွဲ့)**

(၁) သိနိဒ္ဓနီလမုဒုကုဉ္စိတကေသော၊
သူရိယနိမ္မလတလာဘိနလာဋော။
ယုတ္တတုင်္ဂမုဒုကာယတနာသော၊
ရံသိဇာလဝိတတော နရသီဟော။

သိနိဒ္ဓနီလမုဒုကုဉ္စိတကေသော = ပြေပြစ်တောက်ပြောင် ပိတုန်းကောင် ကဲ့သို့ ညိုမှောင်မည်းနက်ကာ နူးညံ့စွာလျက် လက်ျာခွေပတ် အဖျားညွတ်သော ဆံတော် ရှိတော်မူသော။ သူရိယနိမ္မလတလာဘိနလာဋော=ညစ်ကြေးကင်းစင် နေလုလင် ကဲ့သို့ ရောင်ရှင်ကွန့်မြူး နဖူးတော်အပြင်လည်း ရှိတော်မူထသော။ ယုတ္တတုင်္ဂမုဒုကာယတနာသော = ရွှေချွန်းပုံနှယ် တင့်တယ်ရုံ မြင့်မောက်လျက် နူးညံ့ရှည်သွယ်သည့် နှာတံတော်လည်းရှိတော် မူထသော။ ရံသိဇာလဝိတတော = ရောင်ခြည်တော် ကွန်ရက်ကို

http://www.dhammadownload.com



ဖြန့်ကြက် လင်းပြောင် ဆောင်သော ကိုယ်တော် ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးပါတကား။

(၂) စက္ကဝရင်္ကိတသုရတ္တပါဒေါ၊
လက္ခဏမဏ္ဍိတအာယတပဏှိ။
စာမရဆတ္တဝိဘူသိတပါဒေါ၊
သေ ဟိ တုယှ ပိတာ နရသီဟော။

တာတ = သားချစ်မျက်ရှု မောင်ရာဟု....။ စက္ကဝရင်္ကိတသုရတ္တပါဒေါ = အကန့်တထောင် အရောင်ဝေကြွေး စက်လက္ခဏာဖြင့် မှတ်သားအပ်သည့် ပတ္တမြားအသွေး နီတွေးသော ခြေဖဝါးတော် ရှိတော်မူထသော။ လက္ခဏမဏ္ဍိတအာယတပဏှိ = ကောင်းမြတ်သော လက္ခဏာတို့ဖြင့် တန်းဆာဆင် ခြယ်လှယ်ရှည်သွယ်သော ဖနောင့်တော်လည်း ရှိတော်မူထသော။ စာမရဆတ္တဝိဘူသိတပါဒေါ = စာမရီသားမြီးယပ် ထီးဖြူတော်အမြတ်ကို့ဖြင့် တန်းဆာဆင်အပ်သော ခြေတော်အစုံ ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူး ဖြစ်တော်မူထသော။ သေ—သော ဟိ = တာရာ နက္ခတ်ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြံရံ ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၃) သဏှကုမာရဝရော သုခုမာလော၊
လက္ခဏစိတ္တိကပုဏ္ဏသရီရော။
လောကဟိတာယ ဂတော နရဝီရော၊
သေ ဟိ တုယှ ပိတာ နရသီဟော။

တာတ = သားချစ်သက်ညှာ ရာဟုလာ....။ သဏှကုမာရဝရော သုခုမာလော = နူးညံ့မွေ့သိမ် အသင်္ချိန်တည့် သာကီန်

http://www.dhammadownload.com



နွယ်ဖွား မြတ်သောမင်းသားလည်း ဖြစ်ပေထသော။ လက္ခဏာ-စိတ္တိကပုဏ္ဏသရီရော = လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်တင့်နိုး ပြည့်ဖြိုးသော ရူပကာယကိုယ်တော် ရှိတော်မူထသော။ လောကဟိတာယ = လောကသုံးပါး အစီးအပွါး အလို့ငှါ။ ဂတော = လူတွင်ထင်ရှား ဖြစ်ပွါးပေါ်ပေါက်တော်မူထသော။ နရဝီရော = လူတကာတို့ထက် ဆတက်လွန်ကျူး လုံ့လထူးလည်း ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မျှား ပုဂ္ဂိုလ်ထူးဖြစ်တော်မူထသော။ သေ—သော ဟိ = တာရာနက္ခတ် ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြံရံ ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၄) အာယတယုတ္တသုသဏ္ဍိတသောတော၊
ဂေါပခုမော အဘိနီလသုနေတ္တော။
ဣန္ဒဓနုအဘိနီလဘမူကော၊
ဧသ ဟိ တုယှ ပိတာ နရသီဟော။

တာတ = သားချစ်သက်ညာ ရာဟုလာ····။ အာယတယုတ္တ-သုသဏ္ဍိတသောတော = ကြည်ညိုစဖွယ် သင့်လျော်ရုံရှည်သွယ်၍ တင့်တယ်ပုံဟန် အသွင်သဏ္ဌာန်နှင့် ပြည့်စုံသည့် နားတော်လည်း ရှိတော်မူထသော။ ဂေါပခုမော = ဖွားသစ်စ နွားငယ် ပမာ နူးညံ့စွာသည့် မျက်တောင်မွေးလည်း ရှိတော်မူထသော။ အဘိနီလသုနေတ္တော = မဟူရာအရောင် ညိုမှောင်သော မျက်နက်တော် ရှိတော်မူထသော။ ဣန္ဒဓနု အဘိနီလဘမူကော = သိကြားလင်းလေး သက်တင်ရေးသို့ ညွတ်ကွေးစိမ်းစို ညိုသော မျက်ခုံးတော် ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မျှား ပုဂ္ဂိုလ်ထူး ဖြစ်တော်မူထသော။ ဧသ—သောဟိ = တာရာနက္ခတ် ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြံရံ

http://www.dhammadownload.com



ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၅) ပုဏ္ဏသသင်္ကနိဘော မုခဝဏ္ဏော၊
ဒေဝနရာန ပိယော နရနာဂေါ။
မတ္တဂဇိန္ဒဝိလာသိတဂါမိ၊
ဧသ ဟိ တုယှ ပိတာ နရသီဟော။

ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ....။ ယဿ = အကြင် ရဟန်းမြတ်ကြီး၏။ မုခဝဏ္ဏော = တင့်တယ် သန့်ရှင်း မျက်နှာတော် အဆင်းသည်။ ပုဏ္ဏသသင်္ကနိဘော = ပန္နရသီ ရက်တိထိဝယ် ဥဒည်တက်ထွန်း လပြည့်ဝန်းနှင့်တူပေ၏။ ဒေဝ-နရာနံ = မြဟ္မာ နတ်လူ သုံးဘုံသူတို့သည်။ ပိယော = ရတနာ မျက်နှစ် မေတ္တာစစ်ဖြင့် ချစ်ခင်လေးမြတ်အပ်ပေထသော။ နရ-နာဂေါ = လူတို့၏အရှင် ပြောင်မာတင်ကြီးသဖွယ်လည်း ဖြစ်တော်မူထသော။ မတ္တဂဇိန္ဒဝိလာသိတဂါမိ = အမုန်ယစ်သော ဆင်မင်းအတူ တင့်တယ်သောသွားခြင်းလည်း ရှိတော်မူထသော။ နရသီဟော ='လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူထသော။ ဧသ—သော ဟိ = တာရာ နက္ခတ် ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြံရံ ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၆) သိနိဒ္ဓဂမ္ဘီရမဉ္ဇုသဃောသော၊
ဟိင်္ဂုလဗန္ဓုကရတ္တသုဇိဝှော။
ဝီသတိ ဝီသတိ သေတသုဒန္တော၊
ဧသ ဟိ တုယှ ပိတာ နရသီဟော။

http://www.dhammadownload.com



ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ....။ သိနိဒ္ဓဂတ္တိရ-မဇ္ဈုသဃောသော = ပြေပြစ်နက်နဲ လွန်ကဲသာယာ ချိုမြိန်စွာသော အသံရှိတော်မူထသော။ ဟိင်္ဂုလဗန္ဓုကရတ္တသုဇိဝှါ = ဟင်္သပဒါး အလားတူစွာ လယ်ခေါင်ရန်းပမာကဲ့သို့ တျာတျာ နီမြန်း တင့်ဆန်းသောလျှာတော် ရှိတော်မူထသော။ ဝီသတိ ဝီသတိ သေတသုဒန္တော = အထက်နှစ်ဆယ် အောက်နှစ်ဆယ် လျှင် စင်ကြယ်ဖြူထွားသည့် သွားတော်လည်း ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူထသော။ သေ—ဧသော ဟိ = တာရာ နက္ခတ် ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြီရံ ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ်ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၇) ခတ္တိယသမ္ဘဝအဂ္ဂကုလီနော၊
ဒေဝမနုဿနမဿိတပါဒေါ။
သီလသမာဓိပတိဋ္ဌိတစိတ္တော၊
သေ ဟိ တုယှ ပိတာ နရသီဟော။

ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ....။ ခတ္တိယသမ္ဘဝ-အဂ္ဂကုလီနော = သမ္မတနွယ်ရိုး မင်းအမျိုးမှဖြစ်၍ စင်စစ်အမျိုးလည်း မြတ်တော်မူထသော။ ဒေဝမနုဿနမဿိတပါဒေါ = မြဟ္မာ နတ်လူ သုံးဘုံသူတို့ ကြည်ဖြူမြတ်နိုး တုံ့ဝပ်လျှိုး၍ ရှိခိုး ဦးညွှတ်ရာ လက္ခဏာဝန်းရံ ခြေတော်အစုံလည်း ရှိတော်မူပေထသော။ သီလသမာဓိပတိဋ္ဌိတစိတ္တော = သီလဂုဏ် သမာဓိဂုဏ်တို့ဖြင့် မတုန်မြူခန့် ကြံ့ကြံ့ခိုင်ကျည် တည်သော စိတ်နှလုံးလည်း ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူထသော။ သေ—ဧသော ဟိ = တာရာ နက္ခတ် ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြီရံ ဆွမ်းခံ

http://www.dhammadownload.com



ကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီ နန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၈) ဝဋ္ဋသုဝဋ္ဋသုသဏ္ဌိတဂီဝေါ၊
သီဟဟနု မိဂရာဇသရီရော။
ကဉ္စနသုစ္ဆဝိ ဥတ္တမဝဏ္ဏော၊
သေ ဟိ တုယှ ပိတာ နရသီဟော။

ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ····။ ဝဋ္ဋသုဝဋ္ဋသု-သဏ္ဌိတဂီဝေါ = လုံးဝန်းပြည့်ဖြိုး ရွှေမုရိုးစည်ဟန် သဏ္ဌာန်ကောင်းမွန်သည့် လည်ပင်းတော်လည်း ရှိတော်မူထသော။ သီ ဟ ဟ နု = ခြင်္သေ့မင်း၏ မေးလို ရွှန်းစိုပုံ့ပုံ့ ဖြိုးစုံ့စုံ့ လျှင်ပြိုးတော့မည့်ပုံ ဆန်းတုံဆယ့်နှစ်ရက် စန်းယုန်စက်ကဲ့သို့ ရောင်ယှက်ထွန်းပေါ် မြတ်မေးတော်လည်း ရှိတော်မူထသော။ မိဂ-ရာဇသရီရော = သားတို့သနင်း ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ပေါက်ကဲ့သို့ မိုမောက်ပြည့်ဖြိုးသောကိုယ်တော်လည်း ရှိတော်မူထသော။ ကဉ္စနသုစ္ဆဝိ = လှော်ရွှေဦးသစ် ဇမ္ဗူရစ်ပုံသွင် ရောင်ရှင်ဝိုးဝင်း သိမ်မွေ့သော အရေတော်အဆင်းလည်း ရှိတော်မူထသော။ ဥတ္တမဝဏ္ဏော = တုဖက်မဲ့လျှင်း မြတ်သော အဆင်းလည်း ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မျှး ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူထသော။ သေ—သော ဟိ = တာရာနက္ခတ် ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြံရံ ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၉) အဉ္ဇနဝဏ္ဏသုနီလသုကေသော၊
ကဉ္စနပဋ္ဋဝိသုဒ္ဓနလာဋော။
ဩသဓိပဏ္ဍုရသုဒ္ဓသုဥဏ္ဏော၊
သေ ဟိ တုယှ ပိတာ နရသီဟော။

http://www.dhammadownload.com



ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ....။ အဥ္ဇနဝဏ္ဏသုနီလသုကေသော=မျက်စဉ်းညိုအရောင် မည်းမှောင်စိမ်းလွှသည့် ဆံတော်လည်း ရှိတော်မူထသော။ ကဉ္စနပဋ္ဋ ဝိသုဒ္ဓနလာဋော = ရွှေပြားအပြင်ကဲ့သို့ စင်ကြယ်ပြန့်ဖြူးသော နဖူးတော်အပြင်လည်း ရှိတော်မူထသော။ ဩသဓိပဏ္ဍရ သုဒ္ဓသုဥဏ္ဏော = သောက်ရူးကြယ်အတူ ဖွေးဖြူစင်ကြယ်သော ဥဏ္ဏာလုံမွေးရှင်တော်လည်း ရှိတော်မူထသော။ နရသီဟော = လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူပေထသော။ သေ—သော ဟိ = တာရာနက္ခတ် ကြယ်ပြာသာဒ်တို့ ဝန်းပတ်လျှံရှိန် လင်းလင်းထိန်သည့် ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ ရဟန္တာပေါင်း နှစ်သောင်းခြံရံ ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ = သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလဝယ် မွေးဖနှတ်ကျော် ခမည်းတော်ဘုရားပေတည်း။

(၁၀) ဂစ္ဆတိ’နီလပထေ ဝိယ စန္ဒော၊
တာရဂဏာ ပရိဝေဌိတရူပေါ၊
သာဝကမဇ္ဈဂတော သမဏိန္ဒော၊
သေ ဟိ တုယှ ပိတာ နရသီဟော။

ရာဟုလ = ချစ်သားသည်းချာ ရာဟုလာ....။ တာရဂဏာ ပရိဝေဌိတရူပေါ = နက္ခတ်တာရာ ကြယ်တကာတို့ ဝန်းကာပတ် ခြံရံအပ်သော သဘောရှိသော။ စန္ဒော = ပြာသာဒ်ယာဉ်သာ လစကြာသည်။ အနီလပထေ = လေလမ်းတခွင် ကောင်းကင်အပြင်၌။ ဂစ္ဆတိ ဝိယ = ဝိထိသုံးသွယ် တင့်တယ်စွာ သွားသကဲ့သို့။ တထာ = ထို့အတူ။ သာဝက မဇ္ဈဂတော = သာဝကများကြွယ် ရဟန္တာတို့အလယ်၌ တင့်တယ်စွာ ကြွသွားတော်မူသော။ သမဏိန္ဒော = ရဟန်းတို့သနင်း တရားမင်းဖြစ်တော်မူသော။နရသီဟော = လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူထသော။ သေ—သော ဟိ = ရဟန္တာပေါင်း နှစ်သောင်းခြံရံ ဆွမ်းခံကြွတော်မူသော ထိုအရှင်မြတ်သည်ကား။ တုယှံ =

http://www.dhammadownload.com



သာကီနန်းဖွား သင်ချစ်သား၏။ ပိတာ = လူဖြစ်စဉ် ရှေးကာလ ဝယ် မွေးဖနတ်ကျော် ခမည်းတော်ဘုရားပေတည်း။

ရာဟုလာ့မယ်တော် ယသော်ဓရာမိဖုရားသည် ဖော်ပြရာပါ နရသီဟ (ရူပကာယ အသရေတော်ဖွဲ့) ဆယ်ဂါထာတို့ဖြင့် မြွက်ဆိုချီးမွမ်းပြီးလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံမှောက် သို့ သွားရောက်ချဉ်းကပ်လျက် "ခမည်းတော် မင်းကြီး....အရှင် မင်းကြီးတို့၏သားတော် မြတ်ဘုရားသည် ယခုအခါ ရဟန္တာ ပေါင်း နှစ်သောင်းခြံရံလျက် ဆွမ်းခံ လှည့်လည်တော်မူသတဲ့" ဟု မင်းကြီးအား လျှောက်ထား ပြောကြားလေ၏။

### ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သောတာပန်တည်ခြင်း

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ယသော်ဓရာမိဖုရား လျှောက်ထားသောစကားကို ကြားသိရလေလျှင် တုန်လှုပ် ထိတ် လန့်သော စိတ်နှလုံးရှိသည်ဖြစ်၍ လက်ဖြင့် ဝတ်လဲတော် (ပုဆိုး) ကို ကိုင်မလျက် အဆောတလျင်ပင် ရွှေနန်းတော်မှထွက်ခဲ့၍ လျင်မြန်စွာ သွားရောက်ကာ မြတ်စွာဘုရား၏ ရှေ့မှောက်၌ ရပ်တည်လျက် "အရှင်မြတ်ဘုရား....တပည့်တော်တို့ကို အဘယ့် ကြောင့် အရှက်ခွဲရသနည်း၊ အဘယ်အတွက်ကြောင့် ယခုလို ဆွမ်းခံလှည့်လည်ကြရသနည်း၊ ဤမျှလောက် များပြားသော ရဟန်းတော်နှစ်သောင်းတို့အတွက် ခမည်းတော်၏အထံ၌ ဆွမ်း ပြည့်စုံစွာ ရနိုင်လိမ့်မည်မဟုတ်ဟူ၍ အောက်မေ့မှတ်ထင်တော်မူ ပါသလော" ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည်လည်း "ခမည်းတော်မင်းကြီး....' ဤအိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည် ခြင်း ( = သပဒါနစာရိက) ကျင့်ဝတ်သည် ငါဘုရားတို့၏ အနွယ် စဉ်ဆက် ဆင်းသက်လာသော အကျင့်ဖြစ်ပေသည်" ဟု မိန့်ကြား တော်မူလေသော် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "သား တော် အရှင်မြတ်ဘုရား....အကျွန်ုပ်တို့၏ အမျိုးအနွယ်သည်ကား ကပ်ဦးအစ သမ္မတမင်းမှ အနွယ်မပျက် ဆင်းသက်လာသော မဟာသမ္မတ ခတ္တိယအနွယ် မဟုတ်ပါလော၊ ထိုမဟာသမ္မတ

http://www.dhammadownload.com



ခတ္တိယအနွယ်အစဉ်၌ တဦးသောမင်းမျှလည်း ဆွမ်းခံလှည့်လည် သောမည်သည် မရှိခဲ့ပါ" ဟူ၍ လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားက "ခမည်းတော်မင်းကြီး....ဤမဟာသမ္မတ ခတ္တိယအနွယ်သည် သင်မင်းကြီး၏ အနွယ်ဖြစ်၏၊ ငါတို့၏ အနွယ်သည်ကား ဒီပင်္ကရာ မြတ်စွာဘုရား, ကောဏ္ဍည မြတ်စွာဘုရား, မင်္ဂလမြတ်စွာဘုရား။ ပ ။ ကဿပမြတ်စွာဘုရား ဤဘုရားရှင်တို့ ဆက်နွယ်စီစဉ် ဗုဒ္ဓဝင်ဖြစ်ချေ၏၊ ဒီပင်္ကရာ မြတ်စွာဘုရား အစ ကဿပ မြတ်စွာဘုရား အဆုံးရှိသည့် ဤနှစ်ကျိပ်လေးဆူသော နှောင်တော်နှောင်တော် မြတ်စွာဘုရားတို့သည်၎င်း, ထိုမှတပါး ထောင်ပေါင်းများစွာ ဂင်္ဂါဝါလု နှိုင်းတုပုံယူ ပွင့်တော်မူကြသော မြတ်စွာဘုရားတို့သည်၎င်း အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည် တော်မူကြမြဲ ဖြစ်ကုန်၏၊ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်း အကျင့်ဖြင့်ပင်လျှင် အသက်မွေးမှုကို ပြုတော်မူကြကုန်၏" ဟု မိန့်ကြားပြီးလျှင် ခရီးလမ်းအကြား၌ ရပ်တော်မူရင်းပင်—

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊
ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊
အသ္မိံ လောကေ ပရမှိ စ။

ခမည်းတော်မင်းကြီး.... ရဟန်းဖြစ်သောသူသည် ဒကာ ဒကာမတို့၏ အိမ်တံခါးဝဝယ် သပ္ပါယ်စွာရပ်၍ ရအပ်သောဆွမ်း၌ မမေ့မလျော့ရာ၊ အနေသန (= မအပ်သော ရှာမှီးမှု) နှင့် မဖက်စပ် ကောင်းစွာကျင့်အပ်သော ဆွမ်းခံ လှည့်လည်ခြင်း အကျင့်ကို ကျင့်ရာ၏။ ယင်းသို့ ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌၎င်း, တမလွန်ဘဝ၌၎င်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေထိုင်ရလေ၏—

ဟူသော ဤဂါထာကို ဟောကြားတော်မူလေလျှင် ဂါထာ၏ အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

http://www.dhammadownload.com



## ခမည်းတော်မင်းကြီး သကဒါဂါမ်တည်၍ မိထွေးတော် မဟာပဇာပတိဂေါတမီ သောတာပန်တည်ခြင်း

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သောတာပန် တည်ပြီးလျှင် မြတ်စွာဘုရားရှင်၏ လက်တော်မှ သပိတ်ကို ကိုယ်တိုင် လှမ်းယူပွေ့ဆောင်ကာ နောက်ပါရဟန္တာ အရှင်မြတ်ပေါင်း နှစ်သောင်းနှင့်တကွ မြတ်စွာဘုရားကို ရွှေနန်းတော်သို့ ပင့်ဆောင်လျက် အသင့်ခင်းထားအပ်သည့် မြတ်သောနေရာတို့၌ နေထိုင် သီတင်းသုံးစေတော်မူ၏၊ ရွှေနန်းတော်သို့ရောက်လျှင် မြတ်စွာဘုရားသည်—

ဓမ္မံ စရေ သုစရိတံ၊
န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊
အသ္မိံ လောကေ ပရမှိ စ။

ခမည်းတော်မင်းကြီး.... အနေသနနှင့် မဖက်စပ် ကောင်းစွာကျင့်အပ်သော ဆွမ်းခံအကျင့်ကိုကျင့်ရာ၏၊ ထို ဆွမ်းခံအကျင့်ကို (ပျို့,ပဏ်,သူရာ,ပြည့်တန်းဆာ,လင်ကွာ, ရဟန်းမ = အပျိုကြီး, ပဏ္ဍုက်, သေတင်းကုပ်, ပြည့်တန်း ဆာမ, လင်ကွာမုဆိုးမ, ရဟန်းမ ဤခြောက်ပါးသော) အဂေါစရ၆ပါးနှင့် လှည့်လည်သောအားဖြင့် မကောင်း သဖြင့် မကျင့်ရာ။ ယင်းသို့ အနေသနနှင့် မဖက်စပ် ဖြူ စင်သော ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌ပင်း, တမလွန်ဘဝ၌ဝင်း ချမ်း သာစွာ နေထိုင်ရလေ၏—

ဟူသော ဤဒုတိယ ဂါထာကို ဟောကြားတော်မူလေ၏၊ ဤဒုတိယဂါထာ၏အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိဖိုလ်၌တည်၍ မိထွေးတော်မဟာပဇာပတိ ဂေါတမီ မိဖုရားကြီးသည်ကား သောတာပတ္တိဖိုလ်၌ တည်လေ၏။

http://www.dhammadownload.com



ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရား အမှူးရှိသော ရဟန္တာပေါင်း ထေရ်နှစ်သောင်းတို့ကို စောစီး ကပင် ကြိုတင်ချက်ပြုတ် စီမံပြီးရှိသည့် မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်အမျိုးမျိုးတို့ဖြင့် ဆက်ကပ်လုပ်ကျွေးလေ၏။

### စန္ဒကိန္နရီဇာတ်ကို ဟောတော်မူခြင်း

ဘုရားအမှူးရှိသော သံဃာတော်တို့ ဆွမ်းကိစ္စပြီးဆုံးလတ် သောအခါ (ရာဟုလာ့မယ်တော် ယသော်ဓရာ မိဖုရားကို ထား၍)အလုံးစုံသော နန်းတွင်းသူ မင်းမောင်းမ အပေါင်းသည် မြတ်စွာဘုရားထံတော်မှောက်သို့ လာရောက် ချဉ်းကပ်လျက် မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်ကြလေ၏။

ရာဟုလာ့ မယ်တော် ယသော်ဓရာ မိဖုရားသည်ကား အခြွေ အရံများက "အရှင်မ .... အဆောင်တော်မှ ထွက်ကြွပြီးလျှင် အရှင့်သားကို ရှိခိုးပါလော့" ဟူ၍ တင်လျှောက်ပြောဆို အပ်ပါသော်လည်း "ရှင်မတို့....ငါ၏ ကျေးဇူးအထူးရှိခဲ့ပါမူ အရှင့်သားသည် ကိုယ်တိုင်ပင် ငါ့အထံသို့ ကြွလာတော်မူပါ လိမ့်မည်၊ ကြွလာတော်မူမှသာ ငါသည် အရှင့်သားကို ရှိခိုး ပေအံ့" ဟု ပြန်ကြားပြောဆိုကာ မသွားပဲ မိမိ၏ တိုက်ခန်း မှာပင် ဇွန္နေမပျက် နေထိုင်လျက်ရှိပေ၏။

မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို သပိတ်တော်ကို ယူဆောင်စေပြီးလျှင် အဂ္ဂသာဝကမထေရ်မြတ် နှစ်ပါး ကိုနှင့် အတူတကွ ယသော်ဓရာ မိဖုရား၏ အဆောင်တော် ကြက်သရေတိုက်ခန်းသို့ ကြွမြန်းတော်မူလေသည်။ (ထိုအချိန်၌ ယသော်ဓရာမိဖုရား၏ အထံ၌ ကခြေသည် မောင်းမပေါင်း လေးသောင်းတို့ ခစားနေထိုင်ဆဲ ရှိကြကုန်၏၊ ထိုကခြေသည် မောင်းမပေါင်း လေးသောင်းတို့အနက် မင်းသမီးကညာ ပေါင်းပင် တထောင်ကိုးဆယ်တို့ ပါဝင်ကြလေသည်။ ယသော် ဓရာ မိဖုရားသည် မြတ်စွာဘုရား ကိုယ်တော်မြတ် မိမိ၏ အဆောင်တော် ကြက်သရေတိုက်ခန်းသို့ ကြွမြန်းတော်မူလာ

http://www.dhammadownload.com



သည့်ကို သတင်းစကား ကြားသိလေလျှင် "ကခြေသည့် မောင်းမ ပေါင်းလေးသောင်းလုံးတို့ပင် ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်ကြရမည်" ဟု မောင်းမပေါင်း လေးသောင်းတို့အား ညွှန်ကြားချက်စကား ပြောကြားစေလေသည်၊ ထိုမောင်းမလေး သောင်းတို့သည် ယသော်ဓရာ မိဖုရား ညွှန်ကြားချက် အတိုင်း ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ကြလေသည်။ ။(စန္ဒကိန္နရီ ဇာတ်အဋ္ဌကထာမှ)။

မြတ်စွာဘုရားသည် ယသော်ဓရာမိဖုရား၏ အဆောင်တော် ကြက်သရေတိုက်ခန်းသို့ ရောက်လတ်သော် "ငါဘုရားအား ယသော်ဓရာမင်းသမီး အလိုရှိတိုင်း ရှိခိုးလာသည်ကို တစုံတခု အဟန့်အတားစကား မပြောကြားရ" ဟု မိန့်ကြားပြီးလျှင် အသင့်ခင်းထားပြီးရှိသော နေရာ၌ ထိုင်နေတော်မူလေ၏။

ယသော်ဓရာ မိဖုရားသည် မြတ်စွာဘုရားထံမှောက်သို့ လျင် မြန်စွာ လာရောက်၍ မြတ်စွာဘုရား၏ ဖမျက်တော်နှစ်ဖက်တို့ကို မိမိလက်နှစ်ဖက်ဖြင့် တအားကုန်တင်းကြပ်စွာ ဆွဲကိုင်ပိုက်ဖက်၍ ဖမိုးတော်ထက်၌ မိမိ၏ ဦးခေါင်း (နဖူးပြင်)ကို တင်ထားကာ ဗယ်ညာပြောင်းလှန် အတန်တန် ဦးခိုက်၍ အလိုရှိတိုင်း အားပါး တရ ရှိခိုးလေ၏။ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သည်—

"ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား.... အကျွန်ုပ်၏ သမီးသည် အရှင်ဘုရားတို့ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံတော်မူပြီဟူသော သတင်းကို ကြား သည့်အချိန်ကစ၍ပင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ခဲ့ ပါပြီ။ အရှင်ဘုရားတို့ ဆွမ်းတထပ်သာ စားကြောင်း သတင်းကောင်းကြားသိရလျှင်ပင် ထမင်း (ပွဲတော်စာ) တထပ်ကိုသာ စားခဲ့ပါပြီ။ အရှင်ဘုရားတို့ မြတ်သော အိပ်ရာနေရာကို စွန့်ပစ်ကြောင်း သတင်းစကား ကြားသိ ရလျှင်ပင် အကျွန်ုပ်၏ သမီးတော်သည် ကြိုးပြားဖြင့် ရက်အပ်သော ညောင်စောင်း၌သာ အိပ်ခဲ့ရှာပါပြီ။

http://www.dhammadownload.com



အရှင်ဘုရားတို့ ပန်းနံ့သာစသည်တို့မှ ရှောင်ကြဉ်ကြောင်း သတင်းစကား ကြားသိရလျှင်ပင် အကျွန်ုပ်၏ သမီးတော်သည် ပန်းပန်ခြင်း နံ့သာလိမ်းခြင်း အမှုတို့မှ ရှောင်ကြဉ်ခဲ့ ရှာပါပြီ။

အရှင်ဘုရားတို့ တောထွက်၍ သွားသောအခါ ဆွေတော်မျိုးတော်ဖြစ်သော မင်းညီမင်းသား သူတပါးတို့က မြောက်စားမြတ်လေး ကောင်းမွန်စွာ မွေးမြူလိုကြပါသည်ဟု သဝဏ်လွှာပါး သတင်းစကား ကြားလာပါသော်လည်း အကျွန်ုပ်၏သမီးတော်သည် တဦးတယောက်ကိုမျှ ဂေဟဿိတ ပေမတဏှာဖြင့် ပြန်လှန်စောင်းငဲ့၍မျှ မကြည့်ခဲ့ရှာပါပေ။ ဤသို့လျှင် အကျွန်ုပ်၏သမီးတော်သည် အံ့ဩချီးမွမ်းလောက်သော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသူ ဖြစ်ပါပေသည်”—

ဟူ၍ မြတ်စွာဘုရား၌သာ ချစ်ခင်မြတ်နိုးမှု စသည်တို့နှင့် ပြည့်စုံကြောင်း ဂုဏ်ကျေးဇူးစကားကို လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက—

“ခမည်းတော်မင်းကြီး····ယခုအခါ၌ ခမည်းတော်မင်းကြီးက ထိန်းသိမ်း စောင့်ရှောက်လျက် ရှိသည့်ပြင် ဉာဏ်ပညာကလည်း ရင့်ကျက်သဖြင့် ရာဟုလာ့မယ်တော် ယသော်ဓရာမင်းသမီး မိမိကိုယ်ကို မိမိထိန်းသိမ်းစောင့်ရှောက်ခြင်းမှာ အံ့ဩဖွယ်ရာ မဟုတ်ပါသေး၊ ဤရာဟုလာ့မယ်တော် ယသော်ဓရာမင်းသမီးသည် ရှေးအတိတ်အခါက (အသင်မင်းကြီးလို) စောင့်ရှောက် ထိန်းသိမ်းသူမရှိပါပဲလျက် စန္ဒတောင်ခြေရင်း၌ လှည့်ပတ်သွားလာကာ ပါရမီဉာဏ် မရင့်သန်သေးမီကပင် မိမိကိုယ်ကို မိမိထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီ”—

ဟု မိန့်ကြားတော်မူ၍ အတိတ်ဖြစ်ရပ် (ပကိဏ္ဏကနိပါတ်၊ ၂-ခု မြောက်) စန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူပြီးလျှင် နေရာမှ

http://www.dhammadownload.com



ထ၍ ရဟန္တာပေါင်း နှစ်သောင်းခြံရံကာ နိဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

### ညီတော်နန္ဒမင်းသားကို ရဟန်းပြုစေတော်မူခြင်း

(နန္ဒမင်းသားအကြောင်း အနည်းငယ် မှတ်ဖွယ်ကား....မယ်တော်မဟာမာယာဒေဝီမှ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီးနောက် နှစ်ရက်, သုံးရက်မြောက်တွင် မာယာဒေဝီ၏ညီမတော် ဘုရားအလောင်း၏မိထွေးတော် မဟာပဇာပတိဂေါတမီမှ နန္ဒမင်းသားကို ဖွားမြင်လေသည်၊ နန္ဒမင်းသားကို ဖွားမြင်ပြီးသော် မဟာပဇာပတိဂေါတမီသည် မိမိ၏သားရင်း နန္ဒမင်းသားကို အထိန်းတော်များအား ပေးအပ်ပြီးလျှင် မိမိကိုယ်တိုင်ကမူ ဘုရားအလောင်း (တူတော်)၏ အထိန်းအယကိစ္စ အဝဝကို ကိုယ်တိုင် ပြုလုပ်ကာ မိမိ၏ နို့ချိုအေးကို အလောင်းတော်အား တိုက်ကျွေးမွေးမြူခဲ့လေသည်၊ နန္ဒမင်းသားသည် အလောင်းတော်အောက် နှစ်ရက်သုံးရက်သာ ငယ်သူဖြစ်၏၊ အရုပ်အမောင်းအားဖြင့်လည်း နန္ဒမင်းသားသည် အလောင်းတော် အောက် လက်လေးသစ်သာ နိမ့်သူဖြစ်၏။)

မြတ်စွာဘုရားရှင် ကပိလဝတ် နေပြည်တော်သို့ ရောက်၍ သုံးရက်မြောက်သောနေ့၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်သားတော် နန္ဒမင်းသားအား—

(၁) **ကေသဝိဿဇ္ဇနမင်္ဂလာ**=အိမ်ရှေ့မင်းဥသျှောင်တော် ထုံးဖွဲ့ရန်အတွက် မင်းသားငယ်ကာလကထုံးဖွဲ့ရင်းရှိသော ဥသျှောင်ဆံထုံးကို ဖြည်ခြင်းမင်္ဂလာ၊

(၂) **ပဋ္ဋဗန္ဓမင်္ဂလာ** = အိမ်ရှေ့မင်း ဟူ၍ ကမ္ပည်းတံဆိပ် ခပ်နှိပ်ထားသည့် ရွှေပြားသင်းကျစ်တော်ကို နဖူး၌တပ်ဆင်ခြင်း မင်္ဂလာ၊

(၃) **ဃရပ္ပဝေသနမင်္ဂလာ** = အိမ်ရှေ့စံ နန်းတော်အပ်နှင်းပွဲ မင်္ဂလာ၊

(၄) **အာဝါဟမင်္ဂလာ** = နှမတော် ဇနပဒကလျာဏီနှင့် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာ၊

မဟာဗုဒ္ဓဝင် ၉-၉

http://www.dhammadownload.com



(၅) **ဆတ္တုဿာပနမင်္ဂလာ** = အိမ်ရှေ့ ထီးဖြူတော် စိုက်ဆောက်အပ်နှင်းခြင်း မင်္ဂလာ၊

ဤငါးပါးသော မင်္ဂလာတို့ကို ဆင်ယင်ကျင်းပမှု ပြုလုပ်စေလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရွှေနန်းတော်သို့ ကြွသွားတော်မူ၍ နန္ဒမင်းသားကို သပိတ်တော်ကို ပွေ့ယူစေပြီးလျှင် ရှင်ရဟန်းပြုစေတော်မူလိုသည်ဖြစ်၍ အနုမောဒနာမင်္ဂလာတရားစကား ဟောကြားတော်မူပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့လေသည်။

ရွှေနန်းတော် ခန်းမဆောင်၌ပင် မြတ်စွာဘုရားသည် ကိုယ်တော်၏သပိတ်ကို ကိုယ်တော်တိုင် ယူရန်ဖြစ်သော်လည်း နန္ဒမင်းသားကို ရှင်ရဟန်း ပြုပေးလိုသည့်အတွက် နန္ဒမင်းသား၏ လက်မှ သပိတ်ကို ယူတော်မမူခဲ့ချေ၊ နန္ဒမင်းသားသည်လည်း နောင်တော် မြတ်ဘုရား၌ အလွန့်အလွန် ရိုသေလှသဖြင့် "နောင်တော် မြတ်ဘုရား....အရှင်နောင်တော်မြတ်ဘုရားတို့၏ သပိတ်တော်ကို ယူတော်မူကြပါဘုရား"ဟူ၍ မလျှောက်ဝံ့ပဲရှိလေသည်၊ နန္ဒမင်းသားသည် စောင်းတန်း(=လှေကား)ဦးသို့ ရောက်လျှင် သပိတ်တော်ကို ယူတော်မူလိမ့်မည်ဟု ကြံစည်အောက်မေ့ကာ သပိတ်တော်ကို ပွေ့ချီလျက်သာ လိုက်ပါရလေ၏၊ စောင်းတန်း (= လှေကား) ဦးသို့ ရောက်သောအခါလည်း မြတ်စွာဘုရားသည် သပိတ်တော်ကို ယူတော်မမူချေ။

နန္ဒမင်းသားသည်"စောင်းတန်း(= လှေကား)ရင်း အောက်ခြေသို့ရောက်လျှင် သပိတ်တော်ကို ယူတော်မူလိမ့်မည်" ဟု ကြံစည် အောက်မေ့ကာ သပိတ်တော်ကို ပွေ့ချီလျက်သာ လိုက်ပါရလေ၏၊ စောင်းတန်း (= လှေကား) ရင်း အောက်ခြေသို့ ရောက်သောအခါလည်း မြတ်စွာဘုရားသည် သပိတ်တော်ကို ယူတော်မမူချေ၊ နန္ဒမင်းသားသည် "မင်းယင်ပြင် = နန်းတော်၏ အပြင်အပ မြေကွက်လပ်သို့ရောက်လျှင် သပိတ်တော်ကို ယူတော်မူလိမ့်မည်"ဟု ကြံစည် အောက်မေ့ကာ သပိတ်တော်ကို

http://www.dhammadownload.com



ပိုက်လျက် လိုက်ပါရလေ၏၊ မင်းယင်ပြင်သို့ ရောက်သောအခါ လည်း မြတ်စွာဘုရားသည် သပိတ်တော်ကို ယူတော်မမူပဲ ကြွသွားမြဲသာ ကြွသွားတော်မူလေ၏၊ နန္ဒမင်းသားသည် အလို မရှိပဲ လိုက်ပါရသည်ဖြစ်၍ ပြန်လည် ဆုတ်နစ်လိုပါသော်လည်း နောင်တော်ဘုရား၌ အလွန့်အလွန်ရိုသေလေးစားသဖြင့်"သပိတ် တော်ကို ယူတော်မူပါကုန်ဘုရား" ဟူ၍ မလျှောက်ထားဝံ့ပဲ "ဤအရပ်သို့ရောက်လျှင် ယူတော်မူလိမ့်မည်၊ ထိုအရပ်သို့ ရောက် လျှင် ယူတော်မူလိမ့်မည်"ဟု ယူလိမ့်နိုးနိုး မျှော်ကိုးလျက်သာ လိုက်ပါသွားရရှာလေ၏။

ထိုအခါ ဇနပဒကလျာဏီ၏ ရံရွေတော် မောင်းမတို့သည် ထိုအခြင်းအရာကို မြင်ကြ၍ ဇနပဒကလျာဏီထံသို့ သွားရောက် ပြီးလျှင် "အရှင်မ····မြတ်စွာဘုရားသည် နန္ဒမင်းသားကို အရှင်မ တို့နှင့်ကင်းကွာအောင် ပြုလုပ်ရန် ခေါ်ဆောင်၍ ကြွသွားတော် မူလေပြီ" ဟု လျှောက်တင်ကြလေကုန်၏၊ (ထိုအချိန်၌ ဇနပဒ ကလျာဏီသည် ခေါင်းလျှော်နေဆဲဖြစ်၍) ယိုစီးသော ခေါင်း လျှော်ရေပေါက်တို့ရှိကာ ဆံပင်တဝက်တပျက်ကိုသာ ဖြီးလိမ်းပြီး ဖြစ်ကာ လျှင်မြန်စွာလာလတ်၍ လေသာနန်းတံခါး၌ရပ်ပြီးလျှင် "အိုအရှင့်သား····လျှင်မြန်စွာ ပြန်လာတော်မူခဲ့ပါ" ဟု မှာကြား ပြောဆိုလေသည်။ ဇနပဒကလျာဏီ မှာကြားလိုက်သော စကား သည် နန္ဒမင်းသား၏ နှလုံး၌ ဖီလာကန့်လန့်ကျဘိသကဲ့သို့ တည် လေ၏။

မြတ်စွာဘုရားသည်လည်း နန္ဒမင်းသား၏ လက်မှ သပိတ်ကို ယူတော်မမူပဲသာလျှင် နန္ဒမင်းသားကိုကျောင်းတော်သို့အရောက် ခေါ်ဆောင်ခဲ့၍ကျောင်းတော်သို့ရောက်လျှင်"ရဟန်းပြုမည်လော နန္ဒ····"ဟု မေးမြန်းလေသည်။ နန္ဒမင်းသားသည် နောင်တော် မြတ်ဘုရား၌ အလွန်ရိုသေလေးစားသဖြင့် "ရဟန်းမပြုနိုင်ပါ"ဟု မလျှောက်ထားဝံ့ပဲ စိတ်ကပင် ရဟန်းပြုရန် အလိုမရှိသော် လည်း"ကောင်းပါပြီ နောင်တော်မြတ်ဘုရား····ရဟန်းပြုပါမည်" ဟူ၍ လျှောက်ဆိုဝန်ခံရှာလေတော့သည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် "ထိုသို့ဖြစ်ခဲ့လျှင် ရဟန်းတို့.... သင်တို့သည် ငါဘုရား၏ ညီတော်နန္ဒကို ရဟန်းပြုကြကုန်လော့" ဟူ၍ မိန့်ကြားတော်မူလေသော် ရဟန်းတို့သည် မြတ်စွာဘုရား မိန့်ကြားတော်မူချက်အတိုင်း နန္ဒမင်းသားကို ရဟန်းပြုလုပ်၍ ပေးကြလေကုန်၏*။

## သားတော်ရာဟုလာမင်းသားကို ရှင်သာမဏေပြုစေတော်မူခြင်း

ထို့နောက် ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားသည် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် ခမည်းတော် မင်းကြီး၏ စံနန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာတော်မူသည် ရှိသော် ရာဟုလာ့ မယ်တော် ယသော်ဓရာ မိဖုရားသည် သားတော်က လေးရာဟုလာမင်းသား(ခုနစ်နှစ်အရွယ်) ကို လှပတင့်တယ်စွာ တန်းဆာဆင်၍ "ချစ်သား .... ရဟန်းတော် အရှင်မြတ်ပေါင်း နှစ်သောင်းခြံရံလျက် ရွှေအဆင်းကဲ့သို့သော အဆင်းရှိသည်ဖြစ်၍ ဗြဟ္မာမင်းအတူ ဖြောင့်စင်းသော ကိုယ်ရှိတော်မူသော ထိုရဟန်းမြတ်ကြီးကို သင်ချစ်သား ရှုစမ်းပါလော့၊ ဤအရှင်မြတ်သည်ကား သင်ချစ်သား၏ ခမည်းတော်ကြီးဖြစ်ပေ၏၊ ဤသားမောင့် ဖခင် အရှင်မြတ် ဘုရားကြီးအား တောထွက်၍ ရှင်ရဟန်း မပြုမီက သင်္ခ, လေ, ဥပ္ပလ, ပုဏ္ဍရီက အသီးသီးအမည်ရှိကြသည့် ရွှေအိုးကြီးလေးလုံးတို့ရှိကြလေသည်၊ ထိုရွှေအိုးကြီး လေးလုံးတို့ကို သားမောင့်ဖခင် အရှင်မြတ်ဘုရား တောထွက်၍ ရဟန်းပြုသွားသောအခါမှစ၍ ယခုတိုင်ပင် မွေးမိခင်တို့ မတွေ့မမြင်ရတော့ကုန်၊ ချစ်သား .... သားမောင့်ဖခင် အရှင် မြတ်ဘုရားထံတော်ပါးသို့ သွားရောက် ချဉ်းကပ်ပြီးလျှင် 'ခမည်းတော်ဘုရား.... အကျွန်ုပ်ကား ပျိုမျစ်နုနယ် ငယ်ရွယ်သူ မင်းသားဖြစ်ပါသည်၊ သားတော်သည် မုဒ္ဓါဘိသိက်သွန်း၍ လေးကျွန်းသနင်း စကြာမင်း ဖြစ်ရပါလိမ့်မည်၊ သားတော်သည် မင်းတို့ဖွယ်ရာ ဥစ္စာရတနာကို အလိုရှိပါ၏၊ အကျွန်ုပ်အား ခမည်းတော်၏ ဥစ္စာဖြစ်သော

---

*အရှင်နန္ဒ ရဟန္တာဖြစ်သည်တိုင်အောင်သော အကြောင်းအရာ အကျယ်ကို သံဃရတနာအခန်းသို့ ရောက်မှ ဖော်ပြပါမည်။

http://www.dhammadownload.com



ရွှေအိုးကြီးလေးလုံးကို ပေးတော်မူပါလော့၊ မှန်ပါသည် သားဖြစ်သူသည် ဖခင်၏ အမွေကို ပိုင်ဆိုင်ခံယူရမြဲဓမ္မတာဖြစ်ပါသည်' ဟု လျှောက်ထားပြောဆိုကာ အမွေဥစ္စာကို တောင်းခံပါချေလော့"ဟူ၍ သင်ကြားပြီးလျှင် သားတော် ရာဟုလာကို မြတ်စွာဘုရားအထံတော်သို့ စေလွှတ်လိုက်လေ၏။

ရာဟုလာမင်းသားသည် မြတ်စွာဘုရား၏အထံတော် (အနီးအရပ်) သို့ ရောက်ရှိလျှင်ပင် ဖခင်ဟူသော ချစ်ခြင်းကို ရရှိကာ လွန်စွာ ရွှင်လန်း ဝမ်းမြောက်သော စိတ်ရှိလျက် "ဖခမည်းနတ် ရဟန်းမြတ်ဘုရား.... အရှင်ဘုရား၏အရိပ်သည် လွန်စွာ အေးမြချမ်းသာလှပါပေ၏"ဟု လျှောက်ထား၍ ထိုမှတပါး မိမိနှင့် လျော်ပတ်သည့် တီတီတာတာ များစွာသောစကားကို ပြောကြားလျက် မြတ်စွာဘုရား၏အနီး၌ တည်နေလေ၏။ မြတ်စွာဘုရားသည်လည်း ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးလတ်သော် ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပြီးလျှင် နေရာမှထ၍ ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ရွှေနန်းတော်မှထွက်ကာ နိဂြောဓာရုံကျောင်းတော်သို့ ကြွသွားတော်မူလေ၏။

ရာဟုလာမင်းသားသည်လည်း "ဖခမည်းနတ် ရဟန်းမြတ်ဘုရား.... အကျွန်ုပ်အား အမွေဥစ္စာကို ပေးတော်မူပါဘုရား၊ ဖခမည်းနတ် ရဟန်းမြတ်ဘုရား.... အကျွန်ုပ်အား အမွေဥစ္စာကို ပေးတော်မူပါဘုရား"ဟု လျှောက်ထားပြောဆို အမွေတောင်းခံရင်းပင် မြတ်စွာဘုရားနောက်သို့ ကောက်ကောက် လိုက်ပါခဲ့လေသည်၊ မြတ်စွာဘုရားကလည်း သားတော်ရာဟုလာကို "ချစ်သား....ပြန်လော့"ဟူ၍လည်း မိန့်ကြားတော်မမူချေ၊ မင်းချင်းများကလည်း မြတ်စွာဘုရားနှင့် အတူတကွ လိုက်ပါသွားသော ရာဟုလာမင်းသားကို (အဖ၏နောက်သို့ သားလိုက်သွားခြင်းဖြစ်၍) မဟန့်တားဝံ့ကြချေ၊ ဤနည်းဖြင့်ပင် ရာဟုလာမင်းသားသည် မြတ်စွာဘုရားနှင့် အတူတကွ ကျောင်းတိုက်တော်သို့သာ အမွေဟောင်းခံရင်း ရောက်ခဲ့လေသည်။

http://www.dhammadownload.com



ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် "ဤ ရာဟုလာမင်းသားကား အဖ၏ဥစ္စာဖြစ်သော အမွေအနှစ်ကို ရယူလို၏၊ ဤလောကီဥစ္စာ အမွေအနှစ်ဟူသည်မှာ ဝဋ္ဋဆင်းရဲနှင့်သာ စာရင်းအဝင်အပါဖြစ်၍ လွန်စွာ ဆင်းရဲဘို့သာ ဖြစ်ချေ၏၊ ကိုင်း.... ငါဘုရားသည် သားတော်ရာဟုလာအား မဟာဗောဓိမဏ္ဍိုင်အပြင်ဝယ် ငါးအင်သောမာရ် တွင်းပရန်ကို တွန်းလှန်ပြိုင်ဆိုင် အနိုင်တိုက်ကာ ရယူခဲ့သည့် သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ,စာဂ,ပညာ ဟူသော အရိယာတို့ ဥစ္စာ ရတနာ ခုနစ်ပါးကို ပေးတော္အံ့၊ သားတော် ရာဟုလာကို လောကုတ္တရာ အမွေအနှစ်၏ ပိုင်ရှင်ဖြစ်အောင် ပြုပေတော္အံ့" ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်ကို ခေါ်တော်မူ၍ "ချစ်သား သာရိပုတ္တရာ.... ရာဟုလာမင်းသား ငါဘုရားထံ အမွေတောင်းခံလာရကား သင်ချစ်သားသည် ရာဟုလာမင်းသားကို ရှင်သာမဏေ ပြုပေးပေလော့" ဟူ၍ မိန့်တော်မူလေ၏။

(ဤ၌။ ။အရိယာဥစ္စာ=သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါးကို အံ ၂-၃၉၈ ၌—

သဒ္ဓါဓနံ သီလဓနံ၊ ဟိရိဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။—

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူလေသည်။ လောကီဥစ္စာ ရတနာခုနစ်ပါးနှင့် သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါးတို့ကို တွဲဖပ်၍ ကိုးခဏ်းပျို့၌လည်း—

"ဟိရီ=ကျောက်ငွေ၊ ဩတ္တပ်=ရွှေနှင့်၊ နှံ့ မွေကြားပုံ၊ ခက်ရုံ=သန္တာ၊ သဒ္ဓါ=မျက်မြ၊ သီလ=ပုလဲ၊ စွန့်ကြဲဒါန၊ စာဂ=မဏိ၊ ဗုဒ္ဓိ=ဝရဇိန်၊ တောက်ထိန်ခုနစ်ပါး၊ ဥစ္စာများကို"—

ဟူ၍ အရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့လေသည်ကို အထူး မှတ်ယူရာ၏)။

http://www.dhammadownload.com



ထိုသို့ မြတ်စွာဘုရား မိန့်ကြားစေနိုင်းတော်မူသောအခါ ရာဟုလာမင်းသားကို အရှင်သာရိပုတ္တရာမထေရ်က **ဥပဇ္ဈာယ်ဆရာ** ပြု၍၎င်း၊ အရှင်မဟာမောဂ္ဂလာန်မထေရ်က ဆံရိတ်မှု, သင်္ကန်းပေးမှု, သရဏဂုံပေးမှု **ပဗ္ဗဇ္ဇာစရိယ** ပြု၍၎င်း၊ အရှင်မဟာကဿပမထေရ်က အဆုံးအမ ဩဝါဒပေးမှု **ဩဝါဒါစရိယ** ပြု၍၎င်း ရှင်သာမဏေပြုပေးတော်မူကြလေကုန်သည်၊ ထိုသို့ မထေရ်မြတ်ကြီးသုံးပါး အသီးအသီး တာဝန်ယူ၍ ရှင်ပြုပေးကြခြင်း ဖြစ်သော်လည်း "ရှင်ပြုမှုကိစ္စ အဝဝ၌ ဥပဇ္ဈာယ်ဆရာသာလျှင် အစိုးရလေသည်၊ ပဗ္ဗဇ္ဇာစရိယ, ဩဝါဒါစရိယတို့ကား အစိုးမရကြကုန်၊ ထိုပဗ္ဗဇ္ဇာစရိယ, ဩဝါဒါစရိယတို့ ပြုအပ်သမျှသည်လည်း ဥပဇ္ဈာယ်ဆရာ၏ အလုပ်ကိစ္စများသာ ဖြစ်တော့သည်၊ ထို့ကြောင့် ပါဠိတော်၌ "အထ ခေါ အာယသ္မာ သာရိပုတ္တော ရာဟုလံ ကုမာရံ ပဗ္ဗာဇေသိ = ထိုသို့ မြတ်စွာဘုရား စေနိုင်းတော်မူသောအခါ အရှင်သာရိပုတ္တရာသည် ရာဟုလာမင်းသားကို ရှင်ပြုပေးလေ၏"ဟူ၍ ရှင်ပြုမှုကိစ္စအဝဝကို အရှင်သာရိပုတ္တရာ ပြုလုပ်ပေးသောအနေဖြင့် ဟောကြားတော်မူအပ်လေသည်။

### ခမည်းတော် သုဒ္ဓေါဒနမင်းကြီး တောင်းပန်သဖြင့် သိက္ခာပုဒ် ပညတ်တော်မူခြင်း

"ရာဟုလာမင်းသားကို ရှင်ပြုပေးအပ်ပြီ"ဟူသော သတင်းစကားကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားလတ်သောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား လွန်စွာ စိတ်နှလုံး မသက်သာပဲ ပင်ပန်းဆင်းရဲခြင်း ပြင်းထန်စွာ ဖြစ်လေသည်၊ အနည်းငယ်မျှ ဖွင့်ပြဦးအံ့....၊ မြတ်စွာဘုရား အလောင်းတော်ကို ဖွားမြင်ပြီးနောက် နိမိတ်ဖတ်ဆရာများသည် "ဤမင်းသားကား စကြ- ဝတေးမင်း ဖြစ်လိမ့်မည်"ဟု ဟောဆိုသကဲ့သို့ပင် ဤအတူ နန္ဒမင်းသားကို၎င်း, ရာဟုလာမင်းသားကို၎င်း ဖွားမြင်ပြီးနောက် မင်္ဂလာပွဲ ကျင်းပသောနေ့၌ နိမိတ်ဖတ်ဆရာများသည် "ဤမင်းသားကား စကြဝတေးမင်း ဖြစ်လိမ့်မည်"ဟူ၍ပင် ဟောဆိုခဲ့ကြလေသည်။

http://www.dhammadownload.com



ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "သားတော် သိဒ္ဓတ္ထမင်းသား၏ စကြဲာမင်းအသရေကို ငါမြင်ရတော့မည်" ဟု အလွန်အားတက်နေစဉ် သားတော် သိဒ္ဓတ္ထမင်းသား ဘုရားအလောင်း တောထွက် ရဟန်းပြုတော်မူခဲ့သဖြင့် အလိုဆန္ဒမပြည့်ဝရကား လွန်စွာ စိတ်နှလုံး ပင်ပန်းနွမ်းနယ် ဆင်းရဲခြင်းသို့ ရောက်ခဲ့ရလေသည်။

ထိုနောက်တဖန် "သားတော်အငယ် နန္ဒမင်း၏ စကြဲာမင်းအသရေကိုကျမှ ငါမြင်ရတော့မည်" ဟု အားတင်းတော်မူခဲ့ရာ နန္ဒမင်းသားကိုလည်း မြတ်စွာဘုရားက ရဟန်းပြုပေးပြန်သဖြင့် ဒုတိယအကြိမ် လွန်စွာ စိတ်နှလုံး ပင်ပန်းနွမ်းနယ် ဆင်းရဲခြင်းသို့ ရောက်ခဲ့ရပြန်လေသည်။

ဤသို့လျှင် နှစ်ကြိမ်တိုင်တိုင် ခံစားခဲ့ရသော စိတ်ဆင်းရဲမှုကို သည်းခံပြီးလျှင် "ယခုအခါ နောက်ဆုံး မျှော်လင့်ချက်အနေဖြင့် မြေးတော် ရာဟုလာ၏ စကြဲာမင်း အသရေကိုကျမှ ဝဝကြီး ငါရှုမြင်ရပေတော့မည်"ဟု ကြံစည်စိတ်စွဲ အားခဲနေစဉ် ရာဟုလာ မင်းသားကိုလည်း မြတ်စွာဘုရားက ရှင်သာမဏေ ပြုလုပ်ပေးတော်မူပြန်သဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ စိတ်သန္တာန်ဝယ် "ယခုအခါ၌ သာကီယမင်းမျိုး အနွယ်အဆက်ပင် ပြတ်ခဲ့လေပြီ၊စကြဲာမင်း အသရေကား အဘယ်မှာလျှင် ရှိနိုင်တော့အံ့နည်း"ဟု အကြံအစည်ဖြစ်ရှိကာ ရှေးကထက် ဆထက်လွန်ကဲ စိတ်ဆင်းရဲခြင်း ဖြစ်လေသည်။ (ဤအချိန်၌ သုဒ္ဓေါဒနမင်းကြီးမှာ သကဒါဂါမိ အရိယာသာဖြစ်သေး၍ ဒေါသကိလေသာကို အမြစ်ပြတ် မပယ်သတ်ရသေးသဖြင့် စိတ်နှလုံး ဆင်းရဲခြင်း ပြင်းထန်စွာ ဖြစ်ရှိလေသည်)။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ထိုစိတ်နှလုံး မချမ်းသာမှုကို အောင့်အည်းသည်းခံခြင်းငှါ မတတ်နိုင်ရကား မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်လျက် ရှိသေ မြတ်နိုး ရှိခိုးပြီးသော် အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်နေပြီးလျှင် "ဘုန်းတော်ကြီးသော သားတော်ဘုရား.... အကျွန်ုပ်

http://www.dhammadownload.com



သည် သားတော်ဘုရားကို ဆုတခု တောင်းလိုပါသည်ဘုရား" ဟု စကားဦးစ၍ လျှောက်ထားလေသည်၊ ထိုအခါ မြတ်စွာဘုရားသည် "ဂေါတမနွယ်မှီး ခမည်းတော်မင်းကြီး···· မြတ်စွာဘုရားတို့သည် လွန်မြောက်ပြီးသော ဆုရှိတော်မူကြကုန်၏" ဟူ၍ မိန့်ကြားတော်မူလေသည်။

(ဤ၌။ ။ဆုပေးခြင်း ဆုချခြင်းဟူသော အလုပ်သည် အလှူခံစား ရဟန်းများ၏ အလုပ်မဟုတ်ချေ၊ မိမိကိုယ်၌က အလှူခံစား ရဟန်း တပါးဖြစ်ပါလျက် အခြား တဦး တယောက်က "ဆုတခု တောင်းခံပါသည်" ဟု ဆိုလာခဲ့သော် အလွယ်တကူနှင့် "အလိုရှိရာဆုကို တောင်းခံလော့" ဟူ၍ ပြောဆိုခြင်းသည် မသင့်လျော်ချေ၊ ဘုရားရှင်တို့၏ အလေ့အကျက်လည်း မဟုတ်ချေ၊ ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် "ဂေါတမနွယ်မှီး ခမည်းတော်မင်းကြီး....မြတ်စွာဘုရားတို့သည် လွန်မြောက်ပြီးသော ဆုရှိတော်မူကြကုန်၏" ဟူ၍ ပြန်ကြား မိန့်ဆိုတော်မူအပ်လေသည်)။

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက "သားတော်မြတ်ဘုရား···· အပ်လည်း အပ်စပ်၍ အပြစ်လည်း မရှိသောဆုကို တောင်းခံမည်ဖြစ်ပါသည်ဘုရား" ဟူ၍ လျှောက်ထားလေသည်၊ ထိုအခါကျမှ မြတ်စွာဘုရားက "ဂေါတမနွယ်မှီး ခမည်းတော် မင်းကြီး····သင်မင်းကြီး တောင်းခံလိုသောဆုကို ဆိုလော့" ဟူ၍ ခွင့်ပြုစကား မိန့်ကြားတော်မူလတ်သော် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည်—

"ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား···· ရှင်တော်ဘုရား တောထွက်၍ ရဟန်း ပြုသွားသောအခါ အကျွန်ုပ်မှာ အနပ္ပကမ်း ဂဏန်းမပြနိုင်အောင် များလှစွာသော ဆင်းရဲမှုဒုက္ခ ဖြစ်ခဲ့ရပါသည်၊ သားတော်နန္ဒမင်းသားကို ရဟန်းပြုသောအခါမှာလည်း ထိုအတူပင် ဆင်းရဲဒုက္ခ ဂဏန်းမပြနိုင်အောင် များစွာပင် ဖြစ်ခဲ့ရပါသည်၊ ရာဟုလာ (မြေးတော်)ကို ရှင်ပြုသော အခါ၌ကား အတိုင်းထက်အလွန် ဆင်းရဲဒုက္ခ ဖြစ်ခဲ့ရပါသည်။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား…. မိဖ ဖိုးဖွားတို့၏ သားသမီး မြေးတို့အပေါ်၌ ဖြစ်ပွါးသော မေတ္တာပေမဓာတ်သည် အပေါ်ယံ အရေပါးကိုဂုင်း, ထို၏ အတွင်း အရေထူကိုဂုင်း, အသားကိုဂုင်း, အကြောကိုဂုင်း, အရိုးကိုဂုင်း အစဉ်သဖြင့် ဖြတ်ပြီးလျှင် ရိုးတွင်းချဉ်ဆီသို့ ခိုက်လျက် တည်ရှိပါ၏။

ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား….ခမည်း တော် လျှောက်ထား တောင်းပန်ပါရစေ၊ အရှင်မြတ်တို့ သည် အမိအဖတို့ အခွင့် မပြုသော သားမြေးကို ရှင် ရဟန်းပြု၍ ပေးတော်မမူကြပါကုန်လင့်”—

ဟု ဆုတောင်းစကား လျှောက်ထားလေသည်၊ ထိုအခါ မြတ်စွာ ဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို တရားစကား ဟောကြား၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပြန်သွားလတ် သော် ရဟန်းများ၏ အစည်းအဝေး၌ တရားစကား ဟောကြား တော်မူပြီးလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး တောင်းပန် လျှောက်ထားခြင်းကို အကြောင်းပြု၍—

“န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ= ရဟန်းတို့…. မိဖနှစ်ပါး ခွင့်မပြုအပ်သော သားကို ရှင် ရဟန်းပြု၍ မပေးရ၊ အကြင်ရဟန်းသည် ရှင်ရဟန်းပြုပေး ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ”—

ဟူသော သိက္ခာပုဒ်ကို ပညတ်ဟောကြားတော်မူလေသည်။

**ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မဟာဓမ္မပါလဇာတ်ကို ကြားနာရ၍ အနာဂါမိဖိုလ်၌ တည်ခြင်း**

ထို့နောက် တနေ့သ၌ မြတ်စွာဘုရားသည် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်း တော်သို့ ဆွမ်းဘုဉ်းပေး ကြွရောက်တော်မူလေရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် (ရွှေပိုင်း ကပ်လျှပ်ဖွယ်အနေဖြင့်) ယာဂု

http://www.dhammadownload.com



ဆွမ်း ခဲဖွယ်ဆွမ်းများကို လှူဒါန်း ဆက်ကပ်ပြီးလျှင် ဆွမ်းမကပ်သေးမီ အကြားကာလ၌ ဝမ်းမြောက် ဝမ်းသာစကား ပြောကြားလတ်သည် ရှိသော် "ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား.... အရှင်ဘုရားတို့ ပဓာနအလုပ်ကို အားထုတ်တော်မူနေစဉ်အခါ နတ်များ လာရောက်၍ ကောင်းကင်၌ ရပ်တည်ပြီးလျှင် 'အရှင်မင်းကြီး၏ သားတော် သိဒ္ဓတ္ထမင်းသားသည် အစာ အာဟာရ စားသောက်မှု နည်းပါးလှသောကြောင့် သေလွန်ခဲ့လေပြီ' ဟူ၍ အကျွန်ုပ်အား ပြောကြားလာကြပါကုန်သည်" ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားက "ခမည်းတော်မင်းကြီး.... ထိုသို့နတ်များ ပြောကြားလာကြသောအခါ သင်ခမည်းတော်မင်းကြီးသည် ယုံကြည်ပါသလော" ဟု မေးတော်မူလတ်သည်တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား....မယုံကြည်ခဲ့ပါ၊ ကောင်းကင်၌ ရပ်တည်၍ကာ ပြောကြားလာကြသော နတ်များကို 'ငါ၏ သားတော်အဖို့မှာ မဟာဗောဓိမဏ္ဍိုင် ကုန်းတော်အပြင်၌ ဘုရားအဖြစ်သို့ မရောက်ပဲ ပရိနိဗ္ဗာန်စံခြင်းသည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်' ဟု ပြောဆိုကာ ထိုနတ်တို့၏ စကားကို ပယ်ရှားခဲ့ပါပြီဘုရား" ဟူ၍ ပြန်ကြားလျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် "ခမည်းတော်မင်းကြီး.... သင်မင်းကြီးသည် (ယခုဘဝကို မဆိုထားဘိ) ရှေးအခါ မဟာဓမ္မပါလရွာအုပ်မင်းဖြစ်စဉ်ကလည်း 'သင့်သား ဓမ္မပါလလုလင်ကားသေခဲ့လေပြီ၊ ဤအရိုးများသည် သင့်သားဓမ္မပါလလုလင်၏ အရိုးများပေတည်း' ဟု ဆိတ်ရိုးတို့ကို သက်သေအဖြစ် ပြသကာ ပြောဆိုလာသော ဒိသာပါမောက္ခဆရာကြီး၏ စကားကိုပင် 'အကျွန်ုပ်တို့၏ ဓမ္မပါလအမျိုး၌ အသက်အရွယ် ငယ်စဉ်အခါ၌ သေခြင်းမည်သည် အလျှင်းမရှိ' ဟု ပြန်လှန်ချေပပြောဆိုကာ မယုံကြည်ခဲ့ပေ၊ ယခုပစ္ဆိမ နောက်ဆုံးဘဝ၌ကား သင်ခမည်းတော်မင်းကြီးသည် အဘယ့်ကြောင့် ယုံကြည်လိမ့်မည်နည်း၊ မယုံကြည်လိမ့်မည် ဧကန်စင်စစ်တည်း" ဟု မိန့်တော်မူကာ ခမည်းတော်မင်း

http://www.dhammadownload.com



ကြီး တောင်းပန်လျှောက်ထားအပ်ရကား (ဒသကနိပါတ်၊၉-ခု မြောက်) မဟာဓမ္မပါလဇာတ်* ကို အကျယ်တဝင့် ဟောကြား တော်မူလေသည်။

မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား ဓမ္မပါလဇာတ်ကို ဟောကြားတော်မူပြီးလျှင် သစ္စာလေးပါး တရားအချက်ကို ဆက်လက်ဟောပြတော်မူလတ်သော် စတုသစ္စ ဓမ္မကထာ ဒေသနာနိဂုံး ဆုံးသောအခါ၌ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏။

**မိထွေးတော် မဟာပဇာပတိဂေါတမီကိုယ်တိုင်ပင် သက်န်းရက်လုပ်၍ မြတ်စွာဘုရားအား သင်္ကန်းအစုံကပ်လှူခြင်း**

မြတ်စွာဘုရားသခင် ကပိလဝတ် နေပြည်တော်သို့ ရောက်၍ နောက်တနေ့ နေပြည်တော်အတွင်း ဆွမ်းခံ လှည့်လည်တော် မူသောအခါ သုဒ္ဓေါဒနမင်းကြီးသည် ရှေး၌ ဆိုအပ်ခဲ့ပြီးသော အတိုင်း အကြောင်းကြောင်းလျှောက်ထား မခံနိုင်စကား ပြော ကြား၍ မြတ်စွာဘုရားအမှူးရှိသော ရဟန္တာပေါင်း နှစ်သောင်း တို့ကို ရွှေနန်းတော်သို့ ပင့်ဆောင်ခဲ့လေသည်။

ရွှေနန်းတော်သို့ ရောက်ရှိသောအခါ မိထွေးတော် မဟာ ပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား၏ အလွန်တင့်တယ် သော ရူပကာယ အသရေတော်ကို ဖူးမြော်ရလေသော် "ငါ့သား တော်၏ ရူပကာယ ကိုယ်တော်သည် အလွန် တင့်တယ်လှပါ ပေတကား" ဟု ကြံစည် စဉ်းစားလေသည်၊ ထိုအခါ မိထွေး တော်၏ စိတ်သန္တာန်ဝယ် အလွန်အားကြီးသော ဝမ်းမြောက် ခြင်း(=ဗလဝသောမနဿ) ဝေဒနာတရား တဖွားဖွား ဖြစ်ပေါ် လာလေ၏၊ ထို့နောက် တဖန်ဆက်၍—

"လူဖြစ်စဉ် ကာလဝယ် အသက် နှစ်ဆယ့် ကိုးနှစ် အရွယ်တိုင်ရောက်အောင် ငါ့သားတော်၏ စားရေး

---

* မဟာဓမ္မပါလဇာတ်အကျယ်ကို ဒသကနိပါတ် ဇာတ်တော်ကြီး ဝတ္ထု၌ ကြည့်ရှုမှတ်သားရာ၏။

http://www.dhammadownload.com



ဝတ်ရေး နေထိုင်ရေး ကိစ္စ အဝဝတို့ကို ငါကိုယ်တိုင် ကြပ်မတ်စီမံခဲ့လေသည်၊ အယုတ်သဖြင့် ငှက်ပျောသီးကလေး မျှကိုပင် ငါကိုယ်တိုင်ပေး၍ ကျွေးမွေးခဲ့လေသည်၊ ယခု ဘုရားဖြစ်သောအခါ၌လည်း ငါ့သားတော်အား ငါကိုယ် တိုင် ကြပ်မ ရက်လုပ်၍ သင်္ကန်းလျာများကို လှူဒါန်း ပေတော့အံ့"—

ဟု ကြံစည် စဉ်းစားမိလေသည်။

ထို့နောက် ရွှေနန်းတော် အတွင်းမှာပင် ယက်ကန်းရုံကို ဆောက်လုပ်စေပြီးလျှင် ဈေးမှ ဝါဂွမ်းကို ဆောင်ယူစေ၍ ကိုယ် တိုင်ပင် ဝါကိုကြိတ်ဖတ် မိုင်းငင်ခြင်းအစရှိသောအမှုကို ပြုလုပ်၍ ယက်ကန်းသည် ပညာကျော်များကို ရွှေနန်းတော်သို့ခေါ်ယူကာ မိမိစားသုံးသော ခဲဘွယ် ဘောဇဉ်ကောင်းတို့ဖြင့် ကျွေးမွေး ညွှေ့ခံလျက် လက္ခဏံကျွေး ဆုလာဘ်ပေး၍ သင်္ကန်းတော်အလျာ ပိတ်ကို ရက်စေလေသည်၊ အခါအခွင့် ရရှိတိုင်းပင် အထိန်း တော်များ ခြံရံကာ ယက်ကန်းရုံသို့ သွားရောက်လျက် ကိုယ်တိုင် ပါဝင်ရက်လုပ်လေသည်။

သင်္ကန်းတော်အလျာ ပိတ်ချောကို ရက်လုပ် ပြီးသောအခါ ယက်ကန်းသည် ပညာကျော်တို့အား ကြီးစွာသော ဆုလာဘ် ပူဇော်သက္ကာရမှုပြုပြီးလျှင် ရက်ပြီးသော ထိုသင်္ကန်းတော် အလျာ ပိတ်ချောအစုံကို နံ့သာကြုတ်၌ ထည့်၍ အမွှေး အကြိုင် အထုံ အခိုး ကိုယူစေပြီးလျှင် "အရှင်မင်းကြီး.... အကျွန်ုပ်သည် သားတော် ဘုရားအတွက် သင်္ကန်းလျာ ပိတ်ချောအစုံကို ကိုယ်တိုင် ယူဆောင် ကာ ကျောင်းတော်သို့ သွားရောက် လှူဒါန်းလိုပါသည်" ဟု သုဒ္ဓေါဒနမင်းကြီးအား တင်လျှောက် ပြောကြားလေ၏။

သုဒ္ဓေါဒနမင်းကြီးသည် ရွှေနန်းတော်မှသည် ကျောင်းတော် သို့အရောက် လမ်းခရီးတလျှောက်ကို သုတ်သင်ရှင်းလင်း ပြင်ဆင် စေတော်မူလေသည်၊ လမ်းတိုင်း လမ်းတိုင်း တံမြက်လှည်း၍ ရေပြည့်အိုးများကို ထည့်ထားလျက် တံခွန်ကုက္ကား မုလေးပွါးကို

http://www.dhammadownload.com



စိုက်ထားစေပြီးလျှင် ရွှေနန်းတော် တံခါးဝမှသည် နိဂြောဓာရုံကျောင်းတော်အရောက် လမ်းတလျှောက်ကို ပန်းမွှေးရာခင်းကျင်းစေလေသည်။

မိထွေးတော် မဟာပဇာပတိ ဂေါတမီသည်လည်း အဆင်တန်းဆာ အပြည့် အစုံ ဝတ်ရုံ ဆင်ပြင်ပြီးလျှင် အထိန်းတော် အပေါင်းခြံရံလျက် သက်နန်းလျာပိတ်ချောအစုံထည့်၍ ထားသောနံ့သာကြုတ်ကို ကိုယ်တိုင်ပင် ဦးခေါင်းဖြင့်ရွက်၍ ကြီးစွာသော အခမ်းအနားဖြင့် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင်—

"ဘုန်းတော် ကြီးသော သားတော် မြတ်ဘုရား.... အကျွန်ုပ်(မိထွေးတော်)သည် သားတော်ဘုရားကို ရည်စူး၍ ဤအသစ်ဖြစ်သော သင်္ကန်းတော်အလျာ ပိတ်ချောအစုံကို ကိုယ်တိုင်ပင် မိုင်းငင်ဝါဖတ် ရက်လုပ်အပ်ခဲ့ပါပြီ၊ ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား....အရှင်မြတ်ဘုရားသည် အကျွန်ုပ်ကို ငဲ့ညှာ ထောက်ထား သနားသမှု အကြောင်းပြု၍ အကျွန်ုပ်ရက်လုပ် လှူဒါန်းအပ်သည့် ထိုသင်္ကန်းတော်လျာ ပိတ်ချော အစုံကို ခံ ယူ တော် မူ ပါဘုရား"—

ဟူ၍ လျှောက်ထားဆက်ကပ်လေ၏။

(ဤဌ။ ။မိထွေးကော် ကိုယ်တိုင် သင်္ကန်းရက်လုပ်၍ ကပ်လှူသော အကြောင်းအရာ အကျယ်ဝတ္ထုကို ဥပရိပဏ္ဏာသ ပါဠိတော်၊ ၄-ဝိဘင်္ဂဝဂ်၊ ၁၂-ဒက္ခိဏာဝိဘင်္ဂသုတ် ပိဋကတ် မြန်မာပြန်မှ ကြည့်ရှုမှတ်သားရာ၏။

အထူးမှတ်ဖွယ်ကား....ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ "မြတ်စွာဘုရားသခင် ကပိလဝတ် နေပြည်တော်သို့ ပဌမအကြိမ် ကြွရောက်တော်မူသော အခါမှာပင် မိထွေးတော်အား သင်္ကန်းတော် ကပ်လှူရန် အကြံ ဖြစ်ကြောင်း စသည်" ဖွင့်ပြထားသည်၊ ကိုပါဠိတော်၌ မြတ်စွာဘုရားက မိထွေးတော်အား ကုသိုလ်တရား အတိုင်းထက် အလွန်ပွါးများစိမ့်သောငှါ ထိုသင်္ကန်းလျာအစုံကို သံဃာတော်အား လှူဒါန်း

http://www.dhammadownload.com



ရန် တိုက်တွန်းမိန့်ကြားတော်မူသောအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားနှင့် မိထွေးတော်တို့ အပြန်အလှန် ကျေးဇူးများခဲ့ကြပုံများကို လျှောက်ထား၍ ထိုသင်္ကန်းလျာ ပိတ်ချောအစုံကို ခံယူတော်မူရန် မြတ်စွာဘုရားအား တောင်းပန် လျှောက်ထားကြောင်း စသည် လာရှိလေသည်။

ဤတွင် စဉ်းစားဖွယ် ရှိလာပြန်သည်မှာ.... အရှင်အာနန္ဒာကား မြတ်စွာဘုရားသခင် ကပိလဝတ် နေပြည်တော်သို့ ပဌမအကြိမ် ကြွရောက်တော်မူလာသောအချိန်၌ ရဟန်းမဖြစ်သေးချေ၊ မြတ်စွာဘုရားသခင် ကပိလဝတ်နေပြည်တော်မှ ပြန်ကြွ၍ မလ္လတိုင်း အနုပိယသရက်တောသို့ ရောက်မှ ရဟန်းပြုတော်မူသည်၊ ဇာတ် အဋ္ဌကထာ စသည်တို့၌လည်း မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အောက်ဖိုလ် သုံးပါး၌ တည်စေပြီးလျှင် ရာဇဂြိုဟ်သို့ ကြွတော်မူကြောင်းသာ ဖွင့်ဆိုလေသည်။

ထို့ကြောင့် "မြတ်စွာဘုရားသခင် ပဌမအကြိမ် ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူလာသောအခါ၌ မိထွေးတော် မဟာပဇာပတိ ဂေါတမီအား ကိုယ်တိုင်အုပ်ချုပ် သင်္ကန်းရက်လုပ် လှူဒါန်းရန် အကြံဖြစ်ပေါ်ကာ စီမံရက်လုပ်၍ နောက်တကြိမ် မြတ်စွာဘုရား ကပိလဝတ် နေပြည်တော်သို့ ကြွတော်မူလာသော အခါမှ သင်္ကန်းတော်လျာ ပိတ်ချောအစုံကို ကြီးစွာသော အခမ်းအနားဖြင့် လှူဒါန်းသည်"ဟု ယူလျှင် အလွန်ပင် သင့်မြတ်ပေမည်)။

ဤတွင် အခဏ်း ၁၈-ပြီး၏။

http://www.dhammadownload.com



## အခန်း-၁၉

### သာကီဝင်မင်းသားတထောင်တို့ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုကြခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို အောက်ဖိုလ်သုံးပါး (သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်)၌ တည်စေပြီးနောက် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် ကပိလဝတ် နေပြည်တော်မှ ထွက်ကြွ၍ ရာဇဂြိုဟ်ပြည်ဘက်သို့ ခရီးဒေသစာရီ ကြွချီတော်မူလာခဲ့ရာ လမ်းခရီးအကြား၌ မလ္လတိုင်း အနုပိယအမည်ရှိသော သရက်ပင်စဉ် ဥယျာဉ်တောသို့ ဆိုက်ရောက်တော်မူကာ ထိုဥယျာဉ်မှာပင် သီတင်းသုံးတော်မူလေ၏။

ထိုအခါ ကပိလဝတ်နေပြည်တော်၌ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သာကီဝင်မင်းအပေါင်းတို့ကို အညီအညွတ် အစည်းအဝေးခေါ်ယူ၍ ထိုအစည်းအဝေးကြီး၌—

"အို-သာကီဝင်မင်း အပေါင်းတို့....ငါ၏သားတော် မြတ်ဘုရားသည် အကယ်၍ ထီးနန်းအုပ်ချုပ် မင်းပြုလုပ်မြဲ ပြုလုပ်၍နေပါလျှင် ရတနာ့ခုနစ်ပါး ဆိုက်ရောက်ကာ လေးကျွန်းသနင်း စကြာမင်းဖြစ်မည် ဧကန်ပင်၊ ငါ၏ မြေးတော် ရာဟုလာ မင်းသားမှာလည်း သားကြီး ပရိဏာယက ရတနာပီသစွာ မြေအပြင်တွင်ရှိကြသည့် ခတ္တိယနွယ်ကောင်း မင်းအပေါင်းတို့နှင့် အတူတကွ ထို ငါ၏သား စက္ကဝတ်မင်းတရားကို ဝန်းဝိုင်းခြံရံကာ စကြာလှည့်ရာ အုပ်ချုပ်လိုက်ပါလေရာ၏။ အသင်သာကီဝင်မင်း အပေါင်းတို့သည်လည်း ဤအကြောင်းကို ကောင်းစွာ သိကြပြီးဖြစ်သည်။

ယခုအခါ၌ကား ငါ၏သားတော်မြတ်သည် သုံးလောကသင်းကျစ် ဘုရားဖြစ်တော်မူခဲ့လေ၏၊ ထိုငါ၏ သားတော်အတွက် (မင်းမျိုးမှ ဘုရားဖြစ်သည်အား

http://www.dhammadownload.com



လျော်စွာ၁) မင်းသားများသာလျှင် အခြံအရံဖြစ်ကြပါကုန်စေ၊ အသင်သာကီဝင် မင်းအပေါင်းတို့သည် တအိမ်ထောင် တအိမ်ထောင်လျှင် မင်းသား တယောက်ကျ တယောက်ကျ ငါ့အား ပေးဆက်ကြကုန်လော့၊ (ထိုမင်းသားများကို ငါ၏ သားတော် မြတ်ဘုရားအထံ၌ ရှင်ရဟန်းပြုလုပ်စေကြကုန်အံ့)"—

ဟု မိန့်ကြားပြောဆိုလေ၏။

ဤသို့ သုဒ္ဓေါဒနမင်းကြီး မိန့်ခွန်းစကား ပြောကြားအပ်သည်ရှိသော် "ကောင်းပါပြီ အရှင်မင်းကြီး...."ဟု ဝန်ခံစကား ပြောကြားကြပြီးလျှင် တပြိုင်နက်တည်းပင် သာကီဝင်မင်းသား (၁၀၀၀)တထောင်တို့သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အနုပိယ သရက်ပင်စဉ် ဥယျာဉ်သို့ လိုက်ပါသွားရောက်ကြ၍ မြတ်စွာဘုရား၏အထံတော်၌ ရှင်ရဟန်းပြုကြလေကုန်၏။

### သာကီဝင်မင်းသားခြောက်ဦးနှင့် ဥပါလိဆတ္တာသည်တို့ ရှင်ရဟန်းပြုကြခြင်း

မြတ်စွာဘုရားအလောင်းတော်ကို ဖွားမြင်ပြီးနောက် လက္ခဏာတော်ကို ဖတ်သော မင်္ဂလာပွဲနေ့၌ ဆွေတော်ရှစ်သောင်း အိမ်ထောင်စုံအပေါင်းမှ "စကြာမင်းဖြစ်လျှင်လည်း ဖြစ်ပါစေ၊ ဘုရားဖြစ်လျှင်လည်း ဖြစ်ပါစေ၊ မင်းသားအပေါင်း ခြံရံလျက်သာလျှင် လှည့်လည်ကျက်စား သွားရပါစေမည်"ဟူ၍ သာကီဝင်မင်းသားပေါင်း ရှစ်သောင်းတို့သည် ဝန်ခံအပ်ခဲ့ကြပြီး ဖြစ်ကြလေကုန်သည်၊ ထိုသာကီဝင် မင်းသားတို့အနက်မှ များစွာသော သာကီဝင်မင်းသားတို့ ရဟန်းပြုကြကုန်လတ်သည်ရှိသော်—

(၁) ဘဒ္ဒိယမင်းသား(ထိုအချိန်၌ အလှည့်ကျမင်းဖြစ်နေသူ)၊

(၂) အနုရုဒ္ဓမင်းသား၊

(၃) အာနန္ဒမင်းသား၊

(၄) ဘဂုမင်းသား၊

. မဟာဝဂ္ဂဋ္ဌကထာ ၃-၁၀

http://www.dhammadownload.com



(၅) ကိမိလမင်းသား၊

(၆) ဒေဝဒတ္တမင်းသား—

ဤမင်းသားခြောက်ဦးတို့ ရဟန်းမပြုကြပဲ နေသည်တို့ကို မြင်ကြ၍ သာကီဝင်မင်းမျိုးအပေါင်းတို့သည် "ငါတို့သည် မိမိတို့သားများကို ရှင်ရဟန်းပြုစေခဲ့ကြကုန်၏၊ ဤသာကီဝင် မင်းသားခြောက်ဦးတို့ကား ဆွေမျိုးမဟုတ်ကြလေယောင်တကား၊ အဘယ့်ကြောင့် ရဟန်းမပြုပဲ နေရဲကြကုန်ဘိသနည်း"ဟု ကွဲရွဲစကား (=မေးငေါ့စကား)ပြောကြားကြကုန်၏။

ထိုအခါ မဟာနာမ သာကီဝင်မင်းသားသည် (မိမိ၏ ညီဖြစ်သူ) အနုရုဒ္ဓ မင်းသားထံသို့ သွားရောက်ပြီး "ညီချစ် အနုရုဒ္ဓ····ငါတို့၏ အမျိုးထဲမှ ရဟန်းပြုသောသူဟူ၍ မရှိသေးချေ၊ အသင်ချစ်ညီသော်မူလည်း ရဟန်းပြုစေချင်၏၊ သို့မဟုတ် ချစ်ညီ ရဟန်း မပြုလိုလျှင် ငါသော်မူလည်း ရဟန်းပြုပေအံ့" ဟူ၍ တိုင်ပင်စကား ပြောကြားလေ၏၊ အထူးအားဖြင့် အနုရုဒ္ဓမင်းသားသည် အလွန်သိမ်မွေ့သူ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသူ ဖြစ်၏၊ ထိုအနုရုဒ္ဓမင်းသားသည် "မရှိ"ဟူသောစကားကိုပင် မကြားဘူးသူ နားမလည်သူ ဖြစ်ပေ၏။

### အနုရုဒ္ဓမင်းသား "မရှိ" ဟူသော စကားကို နားမလည်ပုံ

ထိုအကြောင်းကို ရှုကြ၍ပြဦးအံ့····၊တနေ့သ၌ ထိုသာကီဝင်မင်းသား ခြောက်ဦးတို့သည် "ရှုံးသူက မုံ့ကျွေးစတမ်း" ဟု ကတိကစကားထား၍ ဂုံညင်းကစားကြသည်ရှိသော် အနုရုဒ္ဓမင်းသားသည် ဂုံညင်းရှုံးသဖြင့် မူလကတိကစကားအတိုင်း မုံ့ယူရန်မိခင်ထံသို့ မင်းစေတယောက်ကို လွှတ်လိုက်လေ၏၊ ထိုအခါ မိခင်သည် မုံ့များကိုစီမံ၍ သားတော် အနုရုဒ္ဓမင်းသားထံ ပို့စေလေ၏။

ထိုမင်းသား ခြောက်ဦးတို့သည် တပျော်တပါး မုံ့ကိုစား၍ တဖန် ဂုံညင်းကစားကြပြန်ကုန်၏၊ ကစားတိုင်း ကစားတိုင်းပင် အနုရုဒ္ဓမင်းသားချည်း ရှုံးလေသည်၊ အနုရုဒ္ဓမင်းသား ဂုံညင်းရှုံး၍ မိခင်ထံသို့ မုံ့ယူရန် မင်းစေကို စေလွှတ်တိုင်း စေလွှတ်တိုင်းပင်

http://www.dhammadownload.com



မိခင်သည်လည်း သုံးကြိမ်တိုင်တိုင် မုန့်များကို အပို့လွှတ်၍ စတုတ္ထအကြိမ်မြောက် ရောက်လတ်သောအခါ၌ မိခင်သည် "ပူဝ နတ္ထိ = မုန့်များ မရှိ" ဟု ပြန်ကြားလိုက်လေသည်။

အနုရုဒ္ဓမင်းသားသည် "မရှိ" ဟူသောစကားကို မကြားဘူးသူ နားမလည်သူ ဖြစ်သောကြောင့် "ဤ 'မရှိ' ဟူသည် မုန့်ထူး မုန့်ဆန်း တခုခု၏ အမည်သာ ဖြစ်လိမ့်မည်" ဟု အောက်မေ့မှတ်ထင်ကာ "ငါ့အတွက် မရှိမုန့်ကိုပင် ဆောင်ခဲ့ကြကုန်" ဟူ၍ ပြောဆိုပြီးလျှင် မင်းစေ ယောကျ်ားကို တဖန် မိခင်ထံ စေလွှတ်လိုက်ပြန်လေ၏၊ မင်းစေယောကျ်ားက အနုရုဒ္ဓမင်းသား၏ မိခင်ကို "အိုမိခင်ကြီး.... မိခင်ကြီး၏ သားတော်က မရှိမုန့်ကိုပင် ပေးလိုက်ကြပါတဲ့" ဟူ၍ ပြန်ကြားပြောဆိုလတ်သည်ရှိသော် အနုရုဒ္ဓမင်းသား၏ မိခင်သည် "ငါ၏သားကား 'မရှိ' ဟူသော စကားကို ကြားလည်း မကြားဘူး၊ နားလည်း မလည်သူဖြစ်သည်၊ဤဥပါယ်နည်းလမ်းဖြင့် ငါ၏သားကို ထို 'မရှိ' ဟူသော စကား၏ အနက်အဓိပ္ပါယ်ကို နားလည်သိရှိစေရတော့မည်" ဟု ကြံစည်ပြီးလျှင် အချည်းနှီးသော (= မုန့်မပါသော) ရွှေခွက်တခုကို အခြားရွှေခွက်တခုဖြင့် ဖုံးအုပ်၍ သားအထံသို့ ပို့စေလေ၏။

ထိုအခါ မြို့စောင့်နတ်တို့သည် "ဤအနုရုဒ္ဓ သာကီဝင်မင်းသားကား အန္နဘာရ မည်သော ဆင်းရဲသားဖြစ်ခဲ့စဉ်ကာလက မိမိ၏ ဝေစုဖြစ်သော ထမင်းကို ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆက်ကပ်လှူဒါန်း၍ 'အကျွန်ုပ်သည် မရှိဟူသောစကားကိုမျှ မကြားရသည့်ကိုယ် ဖြစ်ပါလို၏၊ ထမင်းဖြစ်ရာ အကြောင်းရင်းကိုမျှ မသိရသည့်ကိုယ် ဖြစ်ပါလို၏' ဟု ဆုတောင်းမှုကိုပြုခဲ့လေပြီ၊ အကယ်၍များ ဤအနုရုဒ္ဓမင်းသားသည် မုန့်မပါသောခွက်ကို မြင်သွားခဲ့သည်ရှိသော် ငါတို့သည် နတ်သဘင် အစည်းအဝေးကို ဝင်ခွင့်ရကြတော့မည် မဟုတ်ချေ၊ ငါတို့၏ ဦးခေါင်းလည်း ခုနစ်စိတ်ကွဲလေရာ၏" ဟူ၍ ကြံစည်ကြပြီးလျှင် ထိုမုန့်မပါသော ရွှေခွက်ကို နတ်၌ဖြစ်သော မုန့်တို့ဖြင့် ပြည့်အောင် ဖန်ဆင်းကြလေကုန်၏။

http://www.dhammadownload.com



ဂုံညင်းကစားဝိုင်း၌ ထိုနတ်မုံ့အပြည့်ပါသော ရွှေခွက်ကိုချထား၍ ဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း နတ်မုံ့တို့၏ မွှေးကြိုင်သော ရနံ့သည် တမြို့လုံး လွှမ်းဖုံး၍သွားလေတော့၏၊ မုံ့ပိုင်းကလေး တခုကို ခံတွင်း၌ တင်ထားကာမျှ၌ပင် အနုရုဒ္ဓမင်းသား၏ အရသာကြောပေါင်း ခုနစ်ထောင်အနှံ့ ဩဇာပြန့်၍ သွားလေ၏။

ထိုအခါ အနုရုဒ္ဓမင်းသားသည် "ငါ၏မယ်တော်သည် ဤမျှကာလကြာမြင့်အောင် ဤ 'မရှိ' မုံ့ကို ငါ့အား ကျော်ချက်၍မပေးခဲ့ချေ၊ ငါ့ကို မယ်တော်သည် ချစ်ဟန်မတူချေ။ ငါသည် ယနေ့မှစ၍ အခြားမုံ့များကို မစားတော့၊ 'မရှိ' မုံ့ကိုသာလျှင် စားတော့မည်"ဟူ၍ ကြံစည်ပြီးလျှင် နန်းအိမ်သို့ ရောက်လျှင်ပင် မယ်တော်ကို "အို မယ်တော်....မယ်တော်တို့သည် ကျွန်ုပ် သားတော်ကို ချစ်ကြပါ၏လော၊ မချစ်ကြပါသလော"ဟု ပြောဆိုမေးမြန်းလေ၏၊ ထိုအခါ မယ်တော်က "ချစ်သား အနုရုဒ္ဓ....မျက်စိ တလုံးသာ ရှိသောသူသည် ထို မျက်စိတလုံးကို အစွမ်းကုန် ချစ်ခင် မြတ်နိုးသကဲ့သို့ငင်း, နှလုံးသားကိုကဲ့သို့ငင်း သင်ချစ်သားကို မယ်တော်သည် အတိုင်းထက်အလွန် ချစ်အပ်ပေ၏"ဟု ဖြေကြားလတ်သော် အနုရုဒ္ဓမင်းသားက "အိုမယ်တော်....ဤမျှ သားတော်ကို ချစ်ခင်မြတ်နိုးပါလျက် အဘယ့်ကြောင့် ဤမျှ ကာလကြာမြင့်အောင် သားတော်၏အတွက် ဤ 'မရှိ' မုံ့ကို ကျော်ချက်၍ မပေးခဲ့ပါသနည်း" ဟူ၍ မေးမြန်းပြန်လေသည်။

အနုရုဒ္ဓမင်းသား၏ ထူးဆန်းသော အမေးစကားကို ကြားရလေသော် မယ်တော်မိဖုရားသည် မင်းစေလုလင်ငယ်ကို ခေါ်၍ "အမောင်....ရွှေခွက်ထည်းမှာ တခုခုများ ပါရှိလေသလား"ဟူ၍ မေးလေ၏၊ မင်းစေ လုလင်ငယ်က "အို မိခင်ကြီး....ရွှေခွက်ကြီး တခုလုံး မုံ့တို့ဖြင့်ပြည့်၍နေပါသည်၊ အကျွန်ုပ်သည် ဤသို့သဘောရှိသော မုံ့များကို ရှေးကမမြင်အပ်စဘူးပါ"ဟူ၍ ပြန်ကြား ပြောဆိုလေသည်၊ ထိုအခါ မယ်တော် မိဖုရားသည် "ငါ၏ သားကား ဘုန်းရှိသူ ကုသိုလ်ထူးကို ပြုခဲ့ဘူးသူဖြစ်ပေလိမ့်မည်၊ နတ်များက

http://www.dhammadownload.com



ရွှေခွက်အပြည့် မုန့်တို့ကိုထည့်၍ ပို့စေအပ်ကုန်သည် ဖြစ်ပေလိမ့်မည်”ဟု အမှန်အတိုင်း ကြံစည်စဉ်းစားမိလေသည်။

ထိုအခါ မယ်တော် မိဖုရားကြီးကို သားတော် ဖြစ်သော အနုရုဒ္ဓ မင်းသားသည် “အိုမိခင်….ကျွန်ုပ်သည် ဤ အချိန်မှစ၍ တခြားမုန့်များကို မစားတော့ပြီ၊ ကျွန်ုပ်အတွက်ဆိုလျှင် ‘မရှိ’ မုန့်ကိုပင် ကျော်ချက်၍ ပေးပါလော့”ဟူ၍ ပြောဆိုလေ၏၊ မယ်တော် မိဖုရားကြီးသည်လည်း ထိုအချိန်မှ အစပြု၍ အနုရုဒ္ဓ မင်းသား အတွက် “မုန့်စားလိုပါသည်”ဟု မှာကြားပြောဆိုခဲ့သော် မုန့်မပါသော ရွှေခွက်ကိုပင် အခြား ရွှေခွက်တလုံးဖြင့် ဖုံးအုပ်၍ အနုရုဒ္ဓ မင်းသားထံသို့ ပို့စေလေသည်၊ အနုရုဒ္ဓ မင်းသား ရဟန်း မပြုသေးပဲ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသမျှကာလပတ်လုံး အနုရုဒ္ဓမင်းသားအတွက် နတ်များကသာ မုန့်များကို ပို့စေလေသည်၊ ‘မရှိ’ ဟူသော စကားကိုမျှ နားမလည်သော ထိုအနုရုဒ္ဓ မင်းသားသည် ရှင်ရဟန်းအဖြစ်မည်သည်ကိုကား အဘယ်မှာလျှင် နားလည်သိရှိနိုင်တော့အံ့နည်း။

သို့ရကား အနုရုဒ္ဓမင်းသားသည် နောင်တော်မဟာနာမ မင်းသားကို “အို နောင်တော်….ယခု နောင်တော်ပြောမည့် ရှင်ရဟန်းပြုမှု ဟူသည် အဘယ်အရာပါနည်း = ဘယ်လို ဟာမျိုးပါနည်း”ဟူ၍ မေးမြန်းလေသည်၊ မဟာနာမ မင်းသားက “ညီချစ် အနုရုဒ္ဓ…. ရှင်ရဟန်း ပြုသော သူသည် ဆံမုတ်ဆိတ်များကို ပယ်ရိတ်ပြီးလျှင် ဖန်ရည်တပ်စွန်းသော အဝတ်တို့ကို ဝတ်ရုံလျက် သစ်သား ကြမ်းအခင်း (= သစ်သားကွပ်ပျစ်)၌ သော်၎င်း, ကြိမ်ခက်သော ညောင်စောင်း ဝါးနီးတို့ဖြင့် ရက်အပ်သော ညောင်စောင်း၌သော်၎င်း အိပ်ပြီးလျှင် ဆွမ်းခံ လှည့်လည်၍ နေရ၏၊ ဤသည်ပင် ရှင်ရဟန်းပြုမှုပေတည်း” ဟူ၍ ဖြေကြား ပြောဆိုလတ်သည်တွင် အနုရုဒ္ဓ မင်းသားက တဖန် ဆက်၍ “အို နောင်တော်…. ကျွန်ုပ်ကား သိမ်မွေ့နူးညံ့သော သူတယောက်ဖြစ်ပါသည်၊ ကျွန်ုပ်သည် ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ”ဟူ၍ ပြောဆိုလေ၏။

http://www.dhammadownload.com



ထိုအခါ နောင်တော် မဟာနာမ မင်းသားက "ညီချစ် အနု-ရုဒ္ဓ···· ထိုသို့ဖြစ်လျှင် သင်ချစ်ညီသည် လူမှုအလုပ် ကိစ္စများကို နားလည်စေအောင် သင်ယူပြီးလျှင် အိမ်ထောင်ကို စိုးမိုးအုပ်ချုပ်၍ နေပါလော့၊ ငါတို့ နောင်ညီ နှစ်ဦးသားတွင် တဦးဦးတော့ ရှင်ရဟန်းမပြုပဲ နေခြင်းငှါ မဖြစ်နိုင်တော့ပြီ" ဟု ပြောကြားလေလျှင် အနုရုဒ္ဓမင်းသားသည် နောင်တော် မဟာနာမ မင်းသားကို "အို နောင်တော်····ဤလူမှုအလုပ် ကိစ္စဟူသည် အဘယ်ပါနည်း" ဟူ၍ မေးမြန်းလေ၏၊ ထမင်းဖြစ်ရာ မူလ အကြောင်းရင်း ဌာနကိုမျှ နားမလည်သော အမျိုးကောင်းသား အနုရုဒ္ဓ မင်းသားသည် လူမှုကိစ္စများကိုမူ အဘယ်မှာလျှင် နားလည် သိရှိနိုင်အံ့နည်း။

**အနုရုဒ္ဓမင်းသားတို့ ထမင်းအဘယ်မှဖြစ်သည်ကို မသိနားမလည်ကြပုံ**

ထိုစကားကို ထင်ရှားစေအံ့····၊ တနေ့သ၌ ကိမိလမင်းသား, ဘဒ္ဒိယမင်းသား, အနုရုဒ္ဓမင်းသား ဤမင်းသားသုံးယောက်တို့၏ စကားဝိုင်း၌ "ထမင်း မည်သည် အဘယ်၌ ဖြစ်သနည်း" ဟူ၍ ဆွေးနွေးစကား ဖြစ်ပွါးခဲ့လေသည်။

ထိုစကား ဆွေးနွေးပွဲ၌ ကိမိလမင်းသားက "ထမင်း မည်သည် ကျီ၌ ဖြစ်၏" ဟူ၍ တင်ပြပြောဆိုလေ၏ *။

ထိုအခါ ဘဒ္ဒိယမင်းသားက "သင်သည် ထမင်း၏ ဖြစ်ပေါ်ရာ မူလဌာနကို အတိအကျ မသိပေ" ဟု ကိမိလ မင်းသား၏ ပင်ပြပြောဆိုချက်ကို ပယ်ဖျက်ပြီးလျှင် "ထမင်း မည်သည် ထမင်းအိုး၌ ဖြစ်၏" ဟူ၍ တင်ပြပြောဆိုလေ၏ †။

---

* ထိုမင်းသားကား ထမင်းနှင့် ပတ်သက်၍ ဘုရင့်ကျီတော်မှ ဆန်စပါးများ ထုတ်ယူကြသည်လောက်ကိုသာ မြင်ဘူးသည်ဖြစ်၍ လယ်ခင်းများကို လုံးဝ မမြင်ဘူးဖြစ်သဖြင့် ထိုသို့ တင်ပြပြောဆိုခြင်းဖြစ်သည်။

† ထိုမင်းသားကား ထမင်းနှင့်ပတ်သက်၍ ထမင်းအိုး၌ ထမင်းချက်ကြသည် လောက်ကိုသာ မြင်ဘူးသူဖြစ်၍ လယ်ခင်းများ ကျီကြမှ ဆန်စပါး ထုတ်ယူကြသည်များကိုပင် လုံးဝမမြင်ဘူးသူ ဖြစ်ရကား ထိုသို့ တင်ပြ ပြောဆိုခြင်း ဖြစ်လေသည်။

http://www.dhammadownload.com



ထိုအခါ အနုရုဒ္ဓမင်းသားက "အသင်တို့နှစ်ဦးသားလုံးပင် ထမင်း၏ ဖြစ်ပေါ်ရာ မူလဌာနကို အတိအကျသိကြသူများမဟုတ်ပေ"ဟု ထိုမင်းသားနှစ်ဦး၏ တင်ပြပြောဆိုချက်ကို ပယ်ဖျက်ပြီးလျှင် "ထမင်းမည်သည် ရတနာ၁ခုနစ်ပါး အဖူးအညွှန့် တပ်ထားသည့် စားတော်ရွှေခွက်၌ ဖြစ်၏"ဟူ၍ တင်ပြပြောဆိုလေသည်*။

ဤသို့လျှင် ထိုမင်းသားသုံးဦးလုံးပင် ထမင်းဖြစ်ပေါ်ရာ မူလအကြောင်းဌာနကို မသိရှာကြကုန်၊ ထို့ကြောင့် အနုရုဒ္ဓမင်းသားသည် "အိုနောင်တော်....ဤလူမှုအလုပ်ကိစ္စများဟူသည် အဘယ်အရာများပါနည်း"ဟူ၍ (တကယ်ပင် နားမလည်သဖြင့်) နောင်တော်မဟာနာမ မင်းသားကို ရိုးသားစွာပင် မေးမြန်းလေသည်။

### အနုရုဒ္ဓမင်းသား လူ့ဘောင်၌ ငြီးငွေ့ခြင်း

ထိုအခါ နောင်တော် မဟာနာမ မင်းသားက "ညီချစ် အနုရုဒ္ဓ....လာလော့၊ လူမှုကိစ္စအလုပ်များကို သင်ချစ်ညီအား သင်ကြားပြောဆိုပေအံ့—

(၁) မိုးဦးကျလျှင် ရှေးဦးစွာ လယ်ကို ထွန်ယက်စေရမည်။

(၂) ထွန်ယက်စေပြီးလျှင် ပျိုးကြဲစေရမည်။

(၃) ပျိုးကြဲစေပြီးလျှင် (အချိန်ကိုကြည့်၍) ရေသွင်းစေရမည်။

(၄) ရေသွင်းပြီးနောက် အချိန်ကိုကြည့်၍ ရေထုတ်စေရမည်။

---

* ဤအနုရုဒ္ဓမင်းသားကား ကျီကြမှ စပါးများကို ထုတ်ယူ၍ ဆန်ကြိတ်ကြသည်ကိုလည်း မမြင်ဘူး၊ ထမင်းချက်ကြ ခူးကြသည်ကိုလည်း မမြင်ဘူး၊ သူမြင်ဘူးသည်ကား ခူးပြီးသား ထမင်းကို ရွှေခွက်၌ထည့်ကာ မိမိ ရှေ့မှောက်၌ ချထားသည်ကိုသာ မြင်ဘူးသူဖြစ်ရကား "ထမင်းစားလိုသောအခါ၌ ထမင်းသည် ရွှေခွက်ထဲ၌ အလိုလို ဖြစ်ပေါ်လာသည်" ဟူ၍ အမှတ်ထားကာ ထိုသို့ တင်ပြပြောဆိုခြင်း ဖြစ်လေသည်။

http://www.dhammadownload.com



(၅) ရေထုတ်ပြီးနောက် ပေါင်းမြက်များကို သုတ်သင်စေရမည်။

(၆) ပေါင်းမြက်များကို အကြိမ်ကြိမ် သုတ်သင်ပြီးနောက် ကောက်စပါးတို့ မှည့်ရင့်သောအခါ ရိတ်သိမ်းစေရမည်။

(၇) ရိတ်သိမ်းစေပြီးနောက်ထိုရိတ်ပြီးသောကောက်ပင်များကို လှည်းဖြင့် တိုက်ထုတ်စေရမည်။

(၈) လှည်းဖြင့် တိုက်ထုတ်ပြီးနောက် တလင်းသို့ရောက်သော အခါ ကောက်ပြန့်ကောက်ပုံကို ပြုလုပ်စေရမည်။

(၉) ကောက်ပြန့်ပြုလုပ်စေပြီးနောက် နယ်စေရမည်။

(၁၀) နယ်စေပြီးနောက် ကောက်ရိုးများကို ထုတ်ယူစေရမည်။ (=ကောက်လှိုင်းခါစေရမည်)။

(၁၁) ကောက်လှိုင်းခါစေပြီးနောက် စပါးဖျင်းများကို ထုတ်စေရမည်။

(၁၂) စပါးဖျင်းများကို ထုတ်စေပြီးနောက် စပါးလှေ့စေရမည်။

(၁၃) စပါးလှေ့စေပြီးနောက် ကျီကြသို့ တိုက်သွင်းစေရမည်။

(၁၄) ကျီကြသို့ တိုက်သွင်းစေပြီး နောက်တနှစ်၌လည်း ဤနည်းအတူပင် ပြုလုပ်ရမည်၊ နောက်နှစ်နောက်နှစ်များ၌လည်း ဤနည်းအတူပင် ပြုလုပ်ရမည်"—

ဟူ၍ ပြောဆိုသင်ကြားပေးလေသော် အနုရုဒ္ဓမင်းသားသည် "အို နောင်တော်.... ယင်းသို့ဖြစ်လျှင် လူမှုကိစ္စအလုပ်များကား မကုန်နိုင်ပါကုန်တကား၊ လူမှုကိစ္စအလုပ်များ၏အဆုံးကား မထင်

http://www.dhammadownload.com



ပါတကား၊ အဘယ်အခါ၌ လူမှုကိစ္စအလုပ်များသည် ကုန်နိုင်ပါ အံ့နည်း၊ အဘယ်အခါ၌ လူမှုကိစ္စအလုပ်များ၏ အဆုံးသည် ထင်နိုင်ပါအံ့နည်း၊ အကျွန်ုပ်တို့သည် အဘယ်အခါ၌ လူမှုကိစ္စ အဝဝဝယ် ကြောင့်ကြစိုက်ထုတ်ခြင်း မရှိကြပဲ အာရုံငါးပါး ကာမ ဂုဏ်တရားတို့ဖြင့် ပြည့်စုံလုံလောက်ကြကာ တင့်တယ်စမွယ် ပျော် ရွှင်ကာ နေနိုင်ကြပါကုန်အံ့နည်း” ဟူ၍ ငြီးငွေ့စကား ပြောကြား လေ၏။

ထိုအခါ နောင်တော် မဟာနာမမင်းသားသည် “မှန်ပေသည် ညီချစ် အနုရုဒ္ဓ···· လူမှုကိစ္စအလုပ်များကား မကုန်နိုင်ကုန်၊ လူမှု ကိစ္စအလုပ်များ၏ အဆုံးကား မထင်နိုင်၊ လူမှုကိစ္စအလုပ်များ မကုန်မီ မဆုံးမီပင် ငါတို့၏ မိဖ အဖိုးအဖွားတို့သည် ကွယ်လွန်ခဲ့ ရှာကြပြီ” ဟူ၍ ပြောဆိုလေသော် အနုရုဒ္ဓမင်းသားက “အို နောင်တော်···· ထိုသို့ဖြစ်ခဲ့လျှင် နောင်တော်သည်ပင် လူမှုကိစ္စ အလုပ်များကို သိရှိနားလည်ကာ စီမံ၍ နေရစ်ပါလော့၊ အကျွန်ုပ် သည် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်ပါတော့အံ့” ဟု ရဟန်းပြုရန် ဝန်ခံ စကား ပြောကြားလေတော့၏။

ထို့နောက် အနုရုဒ္ဓမင်းသားသည် မယ်တော် မိဖုရားကြီး ထံသို့ သွားရောက်ပြီးလျှင် မယ်တော်မိဖုရားကြီးကို “အို မွေး မယ်တော်···· သားတော်သည် ရှင်ရဟန်းပြုလိုပါ၏၊ သားတော် ကို ရှင်ရဟန်းပြုရန် အခွင့်ပြုတော်မူပါ” ဟူ၍ ခွင့်ပန်စကား ပြော ကြားလတ်သည်ရှိသော် မယ်တော်မိဖုရားကြီးက သားတော် အနုရုဒ္ဓမင်းသားကို “ချစ်သား အနုရုဒ္ဓ ···· ငါမယ်တော်သည် မောင်တို့ ညီနောင်သားနှစ်ယောက်တို့ကို အလွန်ပင် ချစ်မြတ်နိုး အပ်ကုန်၏၊ သေမင်းခွဲ၍သော်မှလည်း အလိုမတူပဲ ကွဲရမည် ဖြစ်ချေသည်၊ ငါမယ်တော်သည် အဘယ်မှာလျှင် သင်ချစ်သား နှစ်ယောက်တို့ကို အသက်ရှိနေစဉ် ရှင်ရဟန်းပြုလုပ်ရန် အခွင့်ပြု နိုင်အံ့နည်း၊ (မပြုနိုင်သည်သာတည်း)” ဟူ၍ ပြောဆိုလေသည်။ ဒုတိယအကြိမ်လည်း အနုရုဒ္ဓမင်းသားသည် ရှေးနည်းအတူ

http://www.dhammadownload.com



မယ်တော်မိဖုရားထံ ခွင့်ပန်စကား ပြောကြားပြန်ရာ မယ်တော်မိဖုရားကြီး ကလည်း ရှေးနည်းအတူပင် ခွင့်မပြုနိုင်ကြောင်း ပြန်ကြားပြောဆိုလေသည်။ တဖန် သုံးကြိမ်မြောက်လည်း အနုရုဒ္ဓမင်းသားသည် မယ်တော်မိဖုရားကြီးကို "အို မွေးမယ်တော်…. သားတော်သည် ရဟန်းပြုလိုပါ၏၊ သားတော်ကို ရှင်ရဟန်းပြုရန် အခွင့်ပြုတော်မူပါ" ဟူ၍ ခွင့်ပန်စကား ပြောကြားပြန်လေသည်။

ထိုအချိန်၌ ဘဒ္ဒိယ မည်သော သာကီဝင်မင်းသားသည် သာကီဝင်မင်းတို့၏အပေါ်၌ စိုးမံအုပ်ချုပ် မင်းပြုလုပ်နေဆဲဖြစ်၏၊ (ထိုအချိန်မှာကား သုဒ္ဓေါဒနမင်းကြီးမှာ အသက်အရွယ် အနှစ် ၉၀ - ခန့်ရှိပြီဖြစ်၍ နည်းညွှန်လမ်းပြလောက်သာ သာကီဝင်တို့အပေါ်၌ စိုးမံနိုင်သည့်အခြေမှာ ရှိလေသည်)။ ထိုဘဒ္ဒိယ သာကီဝင်မင်းသည် အနုရုဒ္ဓ သာကီဝင်မင်းသား၏ အလွန်နှီးရင်းသော သူငယ်ချင်းဖြစ်လေသည်၊ ထိုအခါ အနုရုဒ္ဓ သာကီဝင်မင်းသား၏ မယ်တော်မိဖုရားကြီးသည် "ယခုအခါ ငါ့သား အနုရုဒ္ဓ သာကီဝင်၏ သူငယ်ချင်းဖြစ်သူ ဘဒ္ဒိယ သာကီဝင်မင်းသည် သာကီဝင်မင်းတို့၏အပေါ်၌ စိုးမံအုပ်ချုပ် မင်းပြုလုပ်နေဆဲဖြစ်၏၊ ထိုဘဒ္ဒိယ သာကီဝင်မင်းသည် ဘယ်နည်းနှင့်မှ ရှင်ရဟန်းပြုနိုင်လိမ့်မည် မဟုတ်" ဟု ကြံစည်စဉ်းစားပြီးလျှင် သားတော် အနုရုဒ္ဓမင်းသားကို "ချစ်သား အနုရုဒ္ဓ…. အကယ်၍ သားတော်၏သူငယ်ချင်း ဘဒ္ဒိယ သာကီဝင်မင်းသည် ရှင်ရဟန်းပြုခဲ့ပါလျှင် အမောင်သားတော်လည်း ရှင်ရဟန်းပြုပါလေ့" ဟူ၍ ပြန်ကြားပြောဆိုလေသည်။

ထိုအခါ အနုရုဒ္ဓ သာကီဝင်မင်းသားသည် ဘဒ္ဒိယ သာကီဝင်မင်း သူငယ်ချင်းထံသို့ သွားရောက်ချဉ်းကပ်ပြီးလျှင် ဘဒ္ဒိယသာကီဝင်မင်းကို "အို အဆွေတော် ဘဒ္ဒိယ….အကျွန်ုပ်၏ ရဟန်းအဖြစ်သည် အဆွေတော်နှင့် ဆက်စပ်၍နေပါသည်" ဟု ပြောကြားလေသော် ဘဒ္ဒိယ သာကီဝင်မင်းက အနုရုဒ္ဓမင်းသားကို "အို အဆွေတော် အနုရုဒ္ဓ…. အဆွေတော်၏ ရဟန်းအဖြစ်သည် ငါနှင့် အကယ်၍ ဆက်စပ်နေပါလျှင် ထိုရဟန်းအဖြစ်သည်

http://www.dhammadownload.com



အဆက်အစပ်မရှိသည် ဖြစ်ပါစေ။ ငါသည် သင်နှင့် (အတူတကွ ရဟန်းပြုပါမည် ဟူ၍ သူငယ်ချင်း၌ ချစ်ခြင်းဖြင့် အဆောတလျင် ပြောဆိုလိုပါလျက် မင်းစည်းစိမ်၌ တပ်မက်သော လောဘက စိတ်ကို ဆွဲငင်ထားရကား အပြည့်အစုံ မပြောနိုင်ပဲ "ငါသည် သင်နှင့်" ဤမျှသာ စကားကို တပိုင်းတစ ပြောပြီးလျှင်) သင်သည် အလိုရှိတိုင်း ချမ်းသာစွာ ရဟန်းပြုပါလော့" ဟူ၍ ပြောဆိုလေ၏၊ အနုရုဒ္ဓမင်းသားက တဖန်ထပ်၍ "အိုအဆွေတော်ဘဒ္ဒိယ.... လာပါလော့၊ ငါတို့ နှစ်ယောက်လုံးပင် ရဟန်းပြုကြပါကုန်စို့" ဟူ၍ပြောပြန်လေသော် ဘဒ္ဒိယသာကီဝင်မင်းက "အိုအဆွေတော် အနုရုဒ္ဓ.... ငါသည် ရှင်ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ၊ ရဟန်း ပြုလုပ်ခြင်းမှ တပါး အခြား ငါပြုလုပ်နိုင်မည့် သူငယ်ချင်း၏ မည်သည့်ကိစ္စကိုမဆို ငါပြုလုပ်ပေးပါမည်၊ (ရဟန်းပြုလုပ်ခြင်း ကိစ္စအတွက်က-တော့) သင်သာရဟန်းပြုပါလော့" ဟူ၍ ပွင့် လင်းစွာ ပြန်ကြား ပြောဆိုလေသည်။

ထိုအခါ အနုရုဒ္ဓမင်းသားက ဘဒ္ဒိယသာကီဝင်မင်းကို "အို အဆွေတော်.... ငါ့ကို မယ်တော်က 'ချစ်သား အနုရုဒ္ဓ.... အကယ်၍ မောင့်သူငယ်ချင်း ဘဒ္ဒိယသာကီဝင်မင်းသည် ရှင် ရဟန်းပြုခဲ့ပါလျှင် အမောင်သားတော်လည်း ရှင်ရဟန်းပြုပါ လော့' ဟူ၍ ပြောလိုက်ပါသည်၊ အိုအဆွေတော်ဘဒ္ဒိယ.... အဆွေတော်သည် 'အိုအဆွေတော် အနုရုဒ္ဓ.... အဆွေတော်၏ ရဟန်းအဖြစ်သည် ငါနှင့်အကယ်၍ ဆက်စပ်နေပါလျှင် ထိုရဟန်း အဖြစ်သည် အဆက်အစပ်မရှိသည် ဖြစ်ပါစေ၊ ငါသည် သင် နှင့်....၊သင်သည် အလိုရှိတိုင်း ချမ်းသာစွာ ရဟန်းပြုပါလော့' ဟူ၍ (ငါ့အလိုသို့ လိုက်မည်ပြုပြီးမှ) လျှောချသော စကားကို သင်ပြောကြားခဲ့ပါပြီ၊ အို အဆွေတော်ဘဒ္ဒိယ.... လာ သွားကြ ပါစို့....၊ ငါတို့နှစ်ယောက်လုံးပင် ရဟန်းပြုကြပါကုန်စို့" ဟူ၍ အတင်းအကြပ် မငြင်းမဆန်သာအောင် ခေါ်ဝေါ်ပြောဆိုလေ၏။

(ထိုအချိန်၌ လူများသည် မှန်ကန်သောစကားရှိကြ ကုန်၏၊ မှန်ကန်သောဝန်ခံခြင်းရှိကြကုန်၏၊ အမှန်အတိုင်း

http://www.dhammadownload.com



ပြောကြား၍ အမှန်အတိုင်း ဝန်ခံကြသောအခါ ဖြစ်လေသည်၊ မိမိပြောကြား ဝန်ခံမိသည့် စကားကို ဘယ်နည်းနှင့်မျှ မဖျက်ဆီးကြချေ၊ သို့ရကား)—

ဘဒ္ဒိယသာကီဝင်မင်းသည် အနုရုဒ္ဓ သာကီဝင်မင်းသားကို "အိုအဆွေတော်အနုရုဒ္ဓ····ခုနစ်နှစ်မျှဆိုင်းငံ့ပါဦးလော့၊ ခုနစ်နှစ်လွန်မြောက်သောအခါ ငါတို့သူငယ်ချင်းနှစ်ဦးလုံးပင် ရှင်ရဟန်းပြုကြကုန်အံ့" ဟု ပြောဆိုလေ၏၊ ထိုအခါ အနုရုဒ္ဓမင်းသားက "အိုအဆွေတော်ဘဒ္ဒိယ····ခုနစ်နှစ်တို့မှာ အလွန်ကြာမြင့်လှပါသည်၊ ငါသည် ခုနစ်နှစ်ကြာအောင် ဆိုင်းငံ့၍ မနေနိုင်ပါ" ဟူ၍ ပြောဆိုလေသော် ဘဒ္ဒိယသာကီဝင်မင်းသည် "အိုအဆွေတော် အနုရုဒ္ဓ···· ခြောက်နှစ်မျှဆိုင်းငံ့ပါဦးလော့၊ (ပေယျာလ) ငါးနှစ်မျှ၊ လေးနှစ်မျှ၊ သုံးနှစ်မျှ၊ နှစ်နှစ်မျှ၊ တနှစ်မျှ ဆိုင်းငံ့ပါဦးလော့၊ တနှစ်လွန်မြောက်သောအခါ ငါတို့သူငယ်ချင်းနှစ်ဦးလုံးပင် ရှင်ရဟန်းပြုကြကုန်အံ့" ဟူ၍ အစဉ်သဖြင့် လျှော့ကာ လျှော့ကာ ပြောဆိုလေ၏၊ အနုရုဒ္ဓမင်းသားကလည်း "အိုအဆွေတော် ဘဒ္ဒိယ···· တနှစ်ဆိုသည်မှာ အလွန်ကြာမြင့်လှပါသည်၊ ငါသည် တနှစ်ကြာအောင် ဆိုင်းငံ့၍ မနေနိုင်ပါ" ဟူ၍ အတင်းအကြပ်ပင် ပြောဆိုပြန်၏။

ထိုအခါ ဘဒ္ဒိယသာကီဝင်မင်းသည် အနုရုဒ္ဓသာကီဝင်မင်းသားကို "အိုအဆွေတော် အနုရုဒ္ဓ····ခုနစ်လတို့မျှ ဆိုင်းငံ့ပါဦးလော့၊ ခုနစ်လလွန်မြောက်သောအခါ ငါတို့သူငယ်ချင်းနှစ်ဦးလုံးပင် ရှင်ရဟန်းပြုကြကုန်အံ့"ဟု လျှော့၍ ပြောဆိုပြန်လေသော် အနုရုဒ္ဓမင်းသားက "အိုအဆွေတော်ဘဒ္ဒိယ····ခုနစ်လတို့ဆိုသည်မှာ အလွန်ကြာမြင့်လှပါသည်၊ ခုနစ်လကြာအောင်ဆိုင်းငံ့၍ မနေနိုင်ပါ" ဟု တဖန်ထပ်၍ အကြပ်ကိုင်ပြန်လေရာ ဘဒ္ဒိယသာကီဝင်မင်းသည် "အိုအဆွေတော် အနုရုဒ္ဓ····ခြောက်လမျှဆိုင်းငံ့ပါဦးလော့၊ (ပေယျာလ) ငါးလမျှ၊ လေးလမျှ၊ သုံးလမျှ နှစ်လမျှ၊ တလမျှ၊ ဆယ့်ငါးရက်မျှ ဆိုင်းငံ့ပါဦးလော့၊ တဆယ့်ငါးရက်လွန်မြောက်သောအခါ ငါတို့ သူငယ်ချင်း နှစ်ဦးလုံးပင်

http://www.dhammadownload.com



ရှင်ရဟန်းပြုကြကုန်အံ့” ဟူ၍ အစဉ်သဖြင့် လျှော့ကာ လျှော့ကာ ပြောဆိုလေသော် အနုရုဒ္ဓမင်းသားကလည်း (အလျှော့မပေးပဲ) တဖန်ထပ်၍ “အဆွေတော်ဘဒ္ဒိယ···· တဆယ့်ငါးရက် ဆိုသည့်မှာလည်း အလွန်ကြာမြင့်လှပါသေးသည်၊ ငါသည် တဆယ့်ငါးရက် ကြာအောင် ဆိုင်းငံ့၍ မနေနိုင်ပါ” ဟူ၍ ပြောဆိုပြန်လေသည်။

ထိုအခါ ဘဒ္ဒိယသာကီဝင်မင်းသည် (နောက်ဆုံးတင်ပြခြင်းမျိုးအနေဖြင့်) “အိုအဆွေတော်အနုရုဒ္ဓ····ငါသည် သားတော်၊ ညီတော်၊ နောင်တော်များသို့ ပြည်ရေးကိစ္စ အဝဝကို အပ်နှင်းပါရစေဦး၊ ခုနစ်ရက်မျှလောက်တော့ ဆိုင်းငံ့ပါဦးလော့” ဟု ပြောဆိုလေသော် အနုရုဒ္ဓမင်းသားကလည်း “အိုအဆွေတော်ဘဒ္ဒိယ···· ခုနစ်ရက်ဆိုသည်မှာ မကြာမြင့်လှပါ၊ ကျွန်ုပ်ဆိုင်းငံ့ပါမည်” ဟူ၍ သဘောတူလက်ခံ ကျေနပ်စကား ပြောကြားလေသည်။

### သာကီဝင်မင်းသားခြောက်ဦးတို့ ဥပါလိ (ဆတ္တာသည်) နှင့်တကွ တောထွက် ရဟန်းပြုကြခြင်း

ထို့နောက် (၁) ဘဒ္ဒိယသာကီဝင်မင်း (၂) အနုရုဒ္ဓမင်းသား (၃) အာနန္ဒာမင်းသား (၄) ဘဂုမင်းသား (၅) ကိမိလမင်းသား (၆) ဒေဝဒတ္တမင်းသား ( = ယောက်ဖတော်ဒေဝဒတ် ) ဤမင်းသား ခြောက်ဦးတို့သည် ဥပါလိ ဆတ္တာသည်နှင့်တကွ ခုနစ်ဦးသားဖြစ်ကြ၍ နတ်၏စည်းစိမ်ကို ခံစားကြသည့် နတ်သားများပမာ ခုနစ်ရက်ကြာအောင် လူ၏စည်းစိမ်ကို ဝလင်မြိန်ရှက်စွာ ခံစားကြပြီးလျှင် အပျော်အပါး ဥယျာဉ်ကစား ထွက်ကြသည့် အသွင်ဖြင့် ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ် တည်းဟူသော အင်္ဂါလေးပါးရှိသည့် စစ်တပ်ကြီးဖြင့် နေပြည်တော်မှ ထွက်ခဲ့ကြ၍ တိုင်းတပါး( = နယ်စပ်သို့) ရောက်လတ်သောအခါ မင်းမိန့်အာဏာဖြင့် စစ်တပ်ကြီးကို ပြန်လွှတ်လိုက်ကြပြီးနောက် တိုင်းတပါး (= မလ္လတိုင်း) အတွင်းသို့ ဆိုက်ရောက်ကြလေကုန်၏။

http://www.dhammadownload.com



ထိုမလ္လတိုင်းအတွင်း၌ သာကီဝင်မင်းသား ခြောက်ဦးတို့သည် မိမိတို့၏ အဆင်တန်းဆာများကို ချွတ်ကြ၍ အပေါ်ရုံအဝတ်ဖြင့် အထုပ်ထုပ်ပြီးလျှင် ဥပါလိဆေတ္တာသည်ကို "ကိုင်း....အချင်း ဥပါလိ....သင်ပြန်တော့၊ သင့်အတွက်တာဆိုလျှင် ဤမျှသော ဥစ္စာသည် အသက်ရှည်စွာ သုံးဆောင်ခြင်းငှါ စွမ်းနိုင်လောက်ပြီ" ဟူ၍ ပြောဆိုကြကာ အဆင်တန်းဆာထုပ်များကို ဥပါလိ ဆေတ္တာသည်အား ဆုလာဘ်အဖြစ် ပေးသနားကြလေသည်။

ဥပါလိဆေတ္တာသည်သည် မင်းသားခြောက်ဦးတို့၏ ခြေရင်း၌ လူးလိမ့်ငိုကြွေးပြီးလျှင် မင်းသားတို့၏ အာဏာကို မလွန်ဆန်ဝံ့ သဖြင့် လူးလိမ့်ငိုကြွေးရာမှ ထပြီးလျှင် ထိုအဆင်တန်းဆာထုပ် များကို ယူဆောင်ကာ မင်းသားတို့နှင့် ခွဲခွါပြန်လည်လာခဲ့လေ သည်၊ ထိုသာကီဝင်မင်းသား သခင်များနှင့် ဥပါလိဆေတ္တာသည် ကျွန်ယောက်ျားတို့ ခွဲခွါ၍လာသောအခါ (=ကွဲကွာသွားကြ သောအခါ) တောအုပ်ကြီးသည် ငိုကြွေးမြည်တမ်းသကဲ့သို့ရင်း, မဟာပထဝီမြေကြီးသည် ငလျင်တုန်လှုပ်ဘိသကဲ့သို့ရင်း သည်း ထန်စွာ ကြောက်မက်ဖွယ်ရာအသံကို မြည်ဟီးလေတော့သည်။

ဥပါလိဆေတ္တာသည်သည်လည်း အနည်းငယ်မျှ ခွဲခွါသွား ပြီးလျှင် ရပ်တန့်၍ "သာကီဝင်မင်းတို့ကား ရက်စက်ကြမ်းကြုတ် ကုန်၏၊ ဤဥပါလိဆေတ္တာသည်သည် မင်းသားခြောက်ယောက် တို့ကို ဖျောက်ဖျက်အစ်ကုန်ပြီ"ဟု အထင်မှား အမှတ်မှားကြကာ ငါ့ကို သတ်သော်မှလည်း သတ်စေကုန်လိမ့်မည်၊ "ဤသာကီဝင် မင်းသားခြောက်ဦးတို့သော်မှ ဤမျှခမ်းနား ကြီးကျယ်စွာသော မင်းစည်းစိမ်ကို ပယ်ကြလျက် အဖိုးအနဂ္ဃထိုက်တန်လှသော ဤ အဆင်တန်းဆာများကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်ကြကာ ရှင် ရဟန်း ပြုနိုင်ကြတုံသေး၏။ ငါလို အောက်တန်းစားလူကမူကား အဘယ့်ကြောင့် ရှင်ရဟန်းမပြုနိုင်ပဲရှိအံ့နည်း၊ (ပြုနိုင်သည်သာ)" ဟူ၍ ကြံစည်စဉ်းစား အသိဉာဏ်ပွါးကာ မိမိယူဆောင်လာသော မင်းသားတို့၏ အဆင်တန်းဆာထုပ်ကို ဖြည်၍ ထိုအဆင် တန်းဆာများကို သစ်ပင်၌ ချိတ်ဆွဲပြီးလျှင် "ငါသည် ဤပစ္စည်း

http://www.dhammadownload.com



များကို စွန့်အပ်ပြီး ပေးလှူအပ်ပြီးသာ ဖြစ်လေသည်၊ ထိုပစ္စည်းများကို တွေ့မြင်သောသူသည် အလိုရှိတိုင်း ယူစေသတည်း”ဟု နှုတ်မြွက်ပြောဆို စွန့်ထားခဲ့ပြီးလျှင် မင်းသားခြောက်ယောက်တို့ထံ တဖန်ပြန်၍ သွားလေ၏။

မင်းသားခြောက်ယောက်တို့သည် ဥပါလိဆေတ္တာသည်ကို အဝေးမှပင် မြင်လျှင်မြင်ချင်း “အချင်း ဥပါလိ····သင်သည် အဘယ့်ကြောင့် ပြန်လာသနည်း”ဟူ၍ မေးမြန်းကြကုန်၏။ ထိုအခါ ဥပါလိဆေတ္တာသည်သည် မိမိအကြံအစည်ဖြစ်ပုံ ပြုလုပ်ခဲ့ပုံများကို အပြည့်အစုံ ပြန်ကြားပြောဆိုလေသည်။ ထိုအခါ မင်းသားခြောက်ဦးတို့သည် ဥပါလိဆေတ္တာသည်ကို “အချင်း ဥပါလိ····တိုင်းတော်ပြည်တော်သို့ ပြန်မသွားခြင်းသည် (သီဟိုဠ်မှုအလိုအားဖြင့် ငါတို့ထံ ယခုကဲ့သို့ ပြန်လာခြင်းသည်) ကောင်းလှစွာ၏၊ (သင်ကြံစည်မိသည့်အတိုင်း) သာကီဝင် မင်းတို့ကား ရက်စက်ကြမ်းကြုတ်ကုန်၏၊ (အကယ်၍များ သင်ပြန်သွားလျှင်) ‘ဤဆေတ္တာသည်သည် မင်းသားခြောက်ယောက်တို့ကို ဖျောက်ဖျက်အပ်ခဲ့ကုန်ပြီ’ဟု အထင်မှား အမှတ်မှားကြကာ သင့်ကို သတ်သော်မှုလည်း သတ်စေကုန်လိမ့်မည်” ဟူ၍ ပြောဆိုကြကုန်၏။

ထိုနောက် သာကီဝင် မင်းသားခြောက်ဦးတို့သည် ဥပါလိဆေတ္တာသည်ကို အတူတကွ ခေါ်ဆောင်ခဲ့ကြ၍ မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရာ အနုပိယမည်သော သရက်ပင်စဉ် ဥယျာဉ်တော်သို့ သွားရောက်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိသေ မြတ်နိုး ရှိခိုးကြ၍ အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်နေကြပြီးသော် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အကျွန်ုပ်တို့ သာကီဝင်များသည် ဇာတိမာန်ဖြင့် ခက်ထန်တင်းမာကြပါကုန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဤဥပါလိဆေတ္တာသည်သည် ရှည်မြင့်စွာသောကာလကပင် အကျွန်ုပ်တို့၏ ကျေးကျွန်ဖြစ်ခဲ့ပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤဥပါလိဆေတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူစေချင်ပါသည်၊

http://www.dhammadownload.com



(ယင်းသို့ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူသည်ရှိသော်) အကျွန်ုပ်တို့သည် ဤဥပါလိရဟန်းကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းအမှုများကို ပြုလုပ်ကြရပါလိမ့်မည်၊ ဤသို့ပြုလုပ်ကြရသည်ရှိသော် တပည့်တော်တို့ သာကီဝင်မင်းသား ရဟန်းများ၏ ကြီးမားခက်ထန် သာကီယဇာတိမာန်သည် ကျိုးနှိမ့်ခြင်းသို့ ရောက်ပါလိမ့်မည်”ဟူ၍ လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် (မင်းသားတို့ လျှောက်ထားတောင်းပန်သည့်အတိုင်း)ဥပါလိဆေတ္တာသည်ကို ရှေးဦးစွာ ရှင်ရဟန်း ပြုစေပြီးနောက်မှ သာကီဝင်မင်းသား ခြောက်ဦးတို့ကို ရှင်ရဟန်း ပြုစေတော်မူလေ၏*။

### မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ဒုတိယဝါကပ်ရန် ကြွတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် နောက်ပါ ရဟန်းပေါင်း နှစ်သောင်းကျော်တို့ ခြံရံလျက် မလ္လတိုင်း အနုပိယနိဂုံးအနီး အနုပိယအမည်ရှိသော သရက်ပင်စဉ် ဥယျာဉ်တောမှ ထွက်တော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ကြွသွားတော်မူပြီးလျှင် ထိုဝေဠုဝန်ကျောင်းတိုက်၌ နောက်ပါ ရဟန်းတို့နှင့် အတူတကွ ဒုတိယဝါ ကပ်တော်မူလေ၏။

### မြတ်စွာဘုရားရှင်၏ ဝါဆိုစဉ် ဝါဆိုရာဌာနများအကြောင်း

မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် ပဌမဗောဓိ (ဘုရားဖြစ်ပြီးနောက် ပဌမအချိန်ပိုင်း) အတွင်း၌ ဝါတော် (၂၀) နှစ်ဆယ်မျှ ကာလပတ်လုံး ဝါဆိုဝါကပ်ရာ အမြဲနေရာဌာန ဟူ၍ မရှိသေးပဲ ကျွတ်ထိုက်သော

---

* ထို အရှင်ဥပါလိရဟန်းအကြောင်းနှင့် သာကီဝင်မင်းသား ရဟန်းခြောက်ပါးတို့၏ အကြောင်းအရာအကျယ်ကို အထက်ဖြစ်သော သံဃရတနာ အခန်းသို့ရောက်မှ ရေးသားဖော်ပြပေအံ့။

http://www.dhammadownload.com



သတ္တဝါတို့ရှိရာ ထိုထိုအရပ်သို့ ကြွရောက်၍ ဝါကပ်တော်မူခဲ့လေသည်၊ အနည်းငယ် ချဲ့၍ ဖော်ပြဦးအံ့....။

(၁) မြတ်စွာဘုရားသည် ဗာရာဏသီပြည်အနီး ဣသိပတနမိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောကြားတော်မူ၍ ပဉ္စဝဂ္ဂီအဝင်အပါ အရှင်ကောဏ္ဍည မထေရ် အမှူးပြုသော ဗြဟ္မာပေါင်း (၁၈) ကုဋေ့တို့ကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် ဗာရာဏသီပြည်ကို အမှီဂေါစရဂံပြုကာ ထို **မိဂဒါဝုန်တော**၌ ပဌမဝါ ကပ်ဆိုတော်မူ၏။

(၂) ထို့နောင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ကို အမှီဂေါစရဂံပြု၍ **ဝေဠုဝန်ကျောင်းတိုက်**တော်၌ ဒုတိယဝါ ကပ်ဆိုတော်မူ၏။

(၃-၄) တတိယဝါ, စတုတ္ထဝါတို့ကိုလည်း ထို **ဝေဠုဝန်ကျောင်းတိုက်**တော်မှာပင် ကပ်ဆိုတော်မူလေသည်။

(၅) ထို့နောင် ဝေသာလီပြည်ကို အမှီ ဂေါစရဂံပြု၍ **မဟာဝုန်တောအုပ်** အတွင်းဝယ် စုလစ် မွန်ချွန် အထွတ်တပ်သော ကျောင်းတော်၌ ပဉ္စမဝါ ကပ်ဆိုတော်မူ၏။

(၆) ထို့နောင် မကုဋ္ဌတောင်**ချယားတောကျောင်းတိုက်**၌ ဆဋ္ဌဝါ ကပ်ဆိုတော်မူ၏။

(၇) ထို့နောင် **တာဝတိံသာနတ်ပြည်**ဝယ် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ အဘိဓမ္မာတရား ဟောကြားတော်မူကာ သတ္တမဝါကပ်ဆိုတော်မူ၏။

(၈) ထို့နောင် ဘဂ္ဂတိုင်း သုသုမာရဂိရ ပြည်ကို အမှီ ဂေါစရဂံ ပြု၍ သားတို့ကို ဘေးမဲ့ ပေးရာ **ဝဲစင်းခုံတော** (တနည်း = ဘေသကဠာမည်သော နတ်ဘီလူးမ စိုးအုပ်သည့် တောအုပ်)၌ အဋ္ဌမဝါ ကပ်ဆိုတော်မူ၏။

မဟာဗုဒ္ဓဝင် ၃-၁၁

http://www.dhammadownload.com



(၉) ထို့နောင် ကောသမ္ဗီပြည်ကို အမှီ ဂေါစရဂံ ပြု၍ **ဃောသိတာရုံကျောင်းတိုက်၌** နဝမဝါ ကပ်ဆိုတော်မူ၏။

(၁၀) ထို့နောင် **ပါလိလေယျကတောအုပ်** (ပလလဲ တောအုပ်)ဝယ် ပလလဲဆင်မင်း ပြုစုလုပ်ကျွေးခြင်းကို ခံယူတော်မူကာ ဒသမဝါ ကပ်ဆိုတော်မူ၏။

(၁၁) ထို့နောင် နာဠအမည်ရှိသော ပုဏ္ဏားရွာကို အမှီ ဂေါစရဂံပြု၍ **နာဠိကာရုံကျောင်းတိုက်၌** ဧကာဒသမဝါ ကပ်ဆိုတော်မူ၏။

(၁၂) ထို့နောင် ဝေရဉ္စာပြည်ကို အမှီ ဂေါစရဂံပြု၍ နဠေရု ဘီလူး စိုးအုပ်အပ်သော **တမာပင်အနီး၌** ဒွါဒသမဝါ ကပ်ဆိုတော်မူ၏။

(၁၃) ထို့နောင် စာလိယပြည် ဇန္တုရွာကို အမှီ ဂေါစရဂံ ပြု၍ **စာလိယတောင်ကျောင်း၌** တေရသမဝါ ကပ်ဆိုတော်မူ၏။

(၁၄) ထို့နောင် ကောသလတိုင်း သာဝတ္ထိပြည်ကို အမှီ ဂေါစရဂံပြု၍ **ဇေတဝန်ကျောင်းတိုက်**တော်၌ စုဒ္ဒသမဝါ ကပ်ဆိုတော်မူ၏။

(၁၅) ထို့နောင် သက္ကတိုင်း ကပိလဝတ်ပြည်ကို အမှီဂေါစရဂံ ပြု၍ **နိဂြောဓာရုံကျောင်းတိုက်**တော်၌ ပန္နရသမဝါ ကပ်ဆို တော်မူ၏။

(၁၆) ထို့နောင် အာဠဝီပြည်ကို အမှီ ဂေါစရဂံပြု၍ **အဂ္ဂါ-ဠဝ နတ်ကွန်းကျောင်းတိုက်၌** သောဠသမဝါ ကပ်ဆိုတော်မူ၏။

(၁၇) ထို့နောင် မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကို အမှီ ဂေါစရဂံ ပြု၍ **ဝေဠုဝန်ကျောင်းတိုက်**တော်၌ သတ္တရသမဝါ ကပ်ဆို တော်မူ၏။

(၁၈-၁၉) ထို့နောင် စာလိယပြည် ဇန္တုရွာကို အမှီဂေါစရဂံ ပြု၍ **စာလိယတောင်ကျောင်း၌**ပင် အဋ္ဌာရသမဝါ, ဧကူနဝီသ-တိမဝါ နှစ်ဝါဆက်၍ ကပ်ဆိုတော်မူ၏။

http://www.dhammadownload.com



(၂၀) ထို့နောင် မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကို အမှီ ဂေါစ-ရဂံပြု၍ **ဝေဠုဝန်ကျောင်းတိုက်**တော်၌ ဝီသတိမဝါ ကပ်ဆိုတော်မူ၏။

(ဤကား ပဌမဗောဓိအတွင်း အနိဗဒ္ဓဝါဆိုတော်မူရာ ဌာနများ ဖြစ်လေသည်။)

(၂၁-၄၄) ထို့နောင် ဧကဝီသတိမ ဝါ (=၂၁-ဝါ)မှ စ၍ **စတုစတ္တာလီသမ** ဝါ(=၄၄-ဝါ) တိုင်အောင် ကောသလတိုင်း သာဝတ္ထိ ပြည်ကို အမှီ ဂေါစရဂံ ပြု၍ **ဇေတဝန် ကျောင်းတိုက်**တော်နှင့်**ပုဗ္ဗာရုံကျောင်းတိုက်**တော်တို့၌ အမြဲသုံးဆောင်တော်မူသောအားဖြင့် ဝါကပ်ဆိုတော်မူ၏။

(ဗုဒ္ဓဝံသ အဋ္ဌကထာ၊ စာမျက်နှာ ၄-စသည်မှ။)

(၄၅) ထို့နောင် ပရိနိဗ္ဗာန် စံတော်မူခါနီး၌ ဝေသာလီပြည် **ဝေဠုဝရွာ**ငယ်၌ နောက်ဆုံး ပဉ္စစတ္တာလီသမ ဝါ (=၄၅-ဝါမြောက်) ဝါကပ်ဆိုတော်မူ၏။

## ဝါဆိုစဉ် လင်္ကာ

ဤမြတ်စွာဘုရားရှင်၏ ဝါဆိုတော်မူရာ ဌာနများအကြောင်းနှင့်စပ်၍ သမန္တစက္ခုဒီပနီကျမ်း (ဒုတိယတွဲ) စာမျက်နှာ ၃၇၄-၌ မုံရွေး ဇေတဝန် ဆရာတော်ဘုရား ဤသို့လင်္ကာ့သောအတိုင်း လင်္ကာစပ်ဆိုထားခဲ့လေသည်—

တက်ထွန်းကြွက်သရေ၊ ။သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိ-သမီပ၊ ရပ်ဌာနဥ္၊ နှစ်လ မှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပါယ်မျှတ၊ နေပြီးမှလျှင်....။ (၁) ပဌမဝါ၊ ဗာရာဏသီ၊ မြိုင်တောမှီ၏။ ။ (၂+၃+၄) နောက်ချီဒုတိယ၊ တတိယနှင့်၊ စတုတ္ထဝါ၊ ပြည်ရာဇဂြိုဟ်၊ ဝါးညိုကျောင်းလှ၊ ဝါကပ်မျှ၏။ ။(၅) ပဉ္စမဝါ၊ ပြည်ဝေသာလီ၊ သိဋ္ဌိမင်းပေါင်း၊ ဆောက်တုံရှောင်းသည်၊ ကျောင်းမဟာဝန်။ ။ (၆) တတန်ဆင့်၊ မကုဠတောင်မှာ။ ။(၇) ခုနစ်ဝါသော်၊ တာဝ-တိံသာရောက်။ ။(၈) မြောက်တုံရှစ်ဝါ၊ ဘဂ္ဂါယနု။ ။(၉) ကိုးဝါကျသော်၊ ဌာနပူရီ၊ ကောသမ္ဗီ၌၊ ဃောသိတာရုံ၊ ရွှေဘုံမှီကပ်။ ။

http://www.dhammadownload.com



(၁၀) ဆယ်ဝါရပ်ကား၊ မလျှပ်သိပ်သည်း၊ ပလလည်းသာမော၊ ဆင်မင်းတောဝယ်၊ ရှုစ်ဓောမှီကာ။ ။(၁၁) ဆဲ့တစ်ဝါကား၊ နာဠာထင်ရှား၊ ပုဏ္ဏားနေထ၊ ရပ်ဂါမတည့်။ ။(၁၂) ဗုဒ္ဓါဒသယှဉ်၊ ဝေရဥ္စခေါ်။ ။(၁၃) ဆဲ့သုံးသော်ကား၊ တောင်ကျော်သာလှ၊ စာလိယဠ်၊ ကပ်ထပြီးခါ။ ။(၁၄) ဆဲ့လေးဝါတွင်၊ သာဝတ္ထိတောင်စွန်၊ ဇေတဝန်ထင်ရှား၊ ရှင်ပျော်ပါး၏။ ။(၁၅) ဆဲ့ငါးဝါမှ၊ ကပိလတွင်၊ စိမ်းမြရိပ်သာ၊ နိဂြောဓာဟု၊ ကျောင်းသာစံမြော်က်။ ။(၁၆) ဆဲ့ခြောက်ဝါဆီ၊ အာဠဝီဟု၊ ပူရိဖက်မဲ့၊ ပျော်စံခဲ့၍။ ။(၁၇)ဆဲ့ခုနစ်ဝါ၊ ထိုသောခါလျှင်၊ ရာဇဂြိုဟ်ဌာန၊ သာလှဗိမာန်၊ နတ်ဌာန်တူလျော၊ ဝါးတောညိုလဲ့၊ အောင်ပွဲဖွဲ၏။ ။(၁၈+၁၉) တဆဲ့ရှစ်ဝါ၊ ဆဲ့ကိုးဝါဠ်၊ စာလိယရောက်၊ ဝါဆိုမြောက်၏။ ။(၂၀) ပယ်ဖျောက်ရန်ကွာ၊ နှစ်ဆယ်ဝါကား၊ ရာဇဂြိုဟ်ငှင်း၊ ရောက်ပြန်ရှောင်း၏။ ။နှစ်ပေါင်းဝီသ၊ ပဌမဗောဓိ၊ မုနိမြတ်စွာ၊ ဝါဆိုပါလည်း၊ မြဲစွာမရှိ။ ။နောက်ဗောဓိကား (၂၁+၄၄) သာဝတ္ထိမှာ၊ ပုဗ္ဗာရုံမွန်၊ ဇေတဝန်ဟု၊ နှစ်တန်ကျောင်းမှာ၊ လူးလာမဝေး၊ နှစ်ဆဲ့လေးဝါ၊ နေပြီးခါမှ။ ။(၄၅)နိဗ္ဗာနသို့၊ ကြွအံ့လှလှ၊ ဝါတခုကား၊ ဝေဠုဝရွာ၊ ကပ်မှီလာ၏၊ သစ်ျာမှတ်သား၊ ဆဲ့ငါးဌာန၊ ပဥ္စတ္တာ၊ ဝါလေးဆဲ့ငါး၊ သက်ကားရှစ်ဆယ်၊ တိုင်ခါဝယ်ဠ်၊ ဘုန်းကြွယ်ထွတ်ခေါင်၊ ခေမာသောင်သို့၊ ရွှေဖောင်တော်ယွန်း၊ စံသိမ်းမြန်းသည်၊ ၊သုံးခန်းလူတို့ မှန်ကူတည်း။

ထိုမှတပါးလည်း ဤဝါဆိုစဉ်နှင့်စပ်၍ ဆရာဟော်ဦးဗုဓ်သည်လည်း ဝါဆိုစဉ် ဘုရားရှိခိုး ၅-ဂါထာကိုငင်း, ပင်းယမြို့ စတုရင်္ဂဗလအမတ်သည်လည်း ဝါဆိုစဉ် ဘုရားရှိခိုး ၇-ဂါထာကိုငင်း, တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားသည်လည်း ဂုဠတ္ထဝိနိစ္ဆယကျမ်း၌ ဝါဆိုစဉ် ဘုရားရှိခိုး လင်္ကာကိုငင်း အသီးအသီး ရေးသားတော်မူခဲ့ကြသည့်ပြင် ဇိနတ္ထပကာသနီကျမ်း၌လည်း ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည် ဝါဆိုစဉ် ဘုရားရှိခိုးလင်္ကာကို ရေးသားတော်မူခဲ့ကြပါသည်။ အလိုရှိသူ ပညာရှင်တို့ ထိုထိုဆိုင်ရာကျမ်းတို့မှ ထုတ်နုတ်မှတ်ယူကြကုန်ရာသည်။

ဤတွင် အခဏ်း-၁၉ ပြီး၏။

http://www.dhammadownload.com



## အခန်း-၂၀

### မင်းသား ရဟန်းခြောက်ဦးတို့ အသီးသီး တရားထူး ရရှိကြခြင်းအကြောင်း

မြတ်စွာဘုရားသခင်သည် (ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း) ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ ဒုတိယဝါကို ကပ်ဆိုတော်မူသည်။ ထိုဒုတိယဝါတွင်း၌ အရှင်ဘဒ္ဒိယမထေရ် * သည် ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော (ပု၊ ဒိ၊ အာ) ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော်မူသည့် တေဝိဇ္ဇ ရဟန္တာသခင် ဖြစ်တော်မူလေသည်။

အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန်းပြုပြီးနောက် ပဌမဝါတွင်း၌ပင် လောကီသမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူပြီးလျှင် လောကဓာတ်စကြဝဠာတိုက်ပေါင်း (၁၀၀၀) တထောင်ကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ်ကို လေ့လာဖြစ်ပွါးစေတော်မူလေသည်။ ထိုအရှင်အနုရုဒ္ဓါမထေရ်သည် တနေ့သ၌ အရှင်သာရိပုတ္တရာထံသို့ သွားရောက်ပြီးလျှင် (အင်္ဂုတ္တရနိကာယ၊ တိကနိပါတ၊ တတိယပဏ္ဏာသက၊ ၃-ကုသိနာရဝဂ်၊ ဂ-ဒုတိယအနုရုဒ္ဓသုတ်၊ စာမျက်နှာ ၂ဂ၅-၌ လာသောအတိုင်း)—

(၁) ငါ့ရှင် သာရိပုတ္တရာ…. ငါသည် ဤဘုရားသာသနာတော်၌ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် လောကဓာတ်စကြဝဠာတိုက်ပေါင်း (၁၀၀၀) တထောင်ကို ကြည့်မြင်နိုင်ပါ၏။

(၂) ငါ၏ ဝီရိယကား အားသစ်လှ၏၊ ဆုတ်နစ်ခြင်း အလျှင်းမရှိ။ သတိလည်း ထင်လင်းစွဲမြဲလှ၏၊ မေ့ပျောက်ခြင်း အလျှင်းမရှိ။ ကိုယ်ကာယလည်း ငြိမ်းချမ်းလှ၏၊ ပူပန်ခြင်း အလျှင်းမရှိ။ စိတ်သည်လည်း တည်ကြည်ပါ၏၊ အာရုံတခုတည်း၌ စွဲမြဲလျက်ရှိပါ၏။

---

* ထိုမထေရ်၏ အကြောင်းအရာအကျယ်ကို ထေရာဝင် သံဃရတနာ အခန်းသို့ရောက်မှ ဖော်ပြပေအံ့။

http://www.dhammadownload.com



(၃) ထိုသို့ဖြစ်ပါလျက် ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲယူပဲ အာသဝတရားတို့မှ မလွတ်မြောက်ချေ (= ရဟန္တာ မဖြစ်ချေ)—

ဟူ၍ ပြောဆိုလေသော် အရှင်သာရိပုတ္တရာမထေရ်မြတ်က "ငါ့ရှင် အနုရုဒ္ဓါ.... သင်၏စိတ်သန္တာန်ဝယ် (၁) အမှတ်ပါ အကြံဖြစ်နေခြင်းကား မာနတရား ဝင်ရောက်နေခြင်းဖြစ်သည်၊ (၂) အမှတ်ပါ အကြံဖြစ်နေခြင်းကား စိတ်နေလွင့်ပါး ဥဒ္ဓစ္စတရား ဝင်ရောက်နေခြင်းဖြစ်သည်၊ (၃) အမှတ်ပါ အကြံဖြစ်နေခြင်းကား သို့လော သို့လော တွေးတောစိတ်များ ပူပန်ခြင်း ကုက္ကုစ္စတရားဝင်ရောက်နေခြင်းဖြစ်သည်။ ငါ တိုက်တွန်းတောင်းပန်လိုသည်မှာ အရှင်မြတ် အနုရုဒ္ဓါသည် ဤမာန, ဥဒ္ဓစ္စ, ကုက္ကုစ္စတရား သုံးပါးတို့ကို ပယ်ရှား နှလုံးမထားပဲ အမြိုက်ဓာတ် နိဗ္ဗာန်တရားမြတ်အလို့ငှါသာ စိတ်ကို ထားစေချင် ဆောင်စေချင်ပါသည်" ဟူ၍ မိန့်ဆိုတော်မူကာ အရှင်အနုရုဒ္ဓါကို ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူလေသည်။

အရှင်အနုရုဒ္ဓါသည် အရှင်သာရိပုတ္တရာအထံမှ ကမ္မဋ္ဌာန်းတရားကိုယူပြီးလျှင် မြတ်စွာဘုရားထံ ခွင့်ပန်စကား လျှောက်ထားပြီးသော် စေတိတိုင်းသို့ကြွသွားကာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာအရပ်မှ အရှေ့အရပ်၌တည်သော ဝါးတော၌ ရဟန်းတရားအားထုတ်လတ်သော် (၁၅)တဆယ့်ငါးရက်(= လဝက်) တိုင်တိုင် (မအိပ်မလျောင်းပဲ) စင်္ကြံသွားခြင်းဖြင့် အချိန်ကို ကုန်လွန်စေတော်မူပြီးနောက် ပဓာနအလုပ် အားထုတ်မှုဒဏ် ပြင်းထန်လှ၍ ကိုယ်ပင်ပန်း နွမ်းနယ်တော်မူရကား ဝါးရုံတခု အောက်၌ ထိုင်နေတော်မူကာ (အင်္ဂုတ္တရနိကာယ၊ အဋ္ဌကနိပါတ၊ ၃-ဂဟပတိဝဂ်၊ ၁၀-အနုရုဒ္ဓ မဟာဝိတက္ကသုတ်၊ စာမျက်နှာ ၆၂-၌ လာရှိသည့်အတိုင်း) မဟာပုရိသ ဝိတက်ကြီး (= ယောက်ျားမြတ်တို့၏အကြံကြီး) ရှစ်ပါးကို ကြံစည်စဉ်းစား ဆင်ခြင်တော်မူသည်တွင် ရှစ်ခုမြောက်သော မဟာပုရိသဝိတက်၌ ပင်ပန်းလတ်သည်ကို မြတ်စွာဘုရား သိမြင်တော်မူ၍ ထိုဝါးတောသို့

http://www.dhammadownload.com



ကိုယ်တော်တိုင် ကြွတော်မူပြီးလျှင် ရှစ်ခုမြောက်သော မဟာပုရိသဝိတက်ကို ဖြည့်စွက်ကာ အရိယဝံသတရား လေးပါးတို့နှင့်တကွ မဟာပုရိသဝိတက္ကသုတ္တန်ကို ဟောကြားတော်မူပြီးလျှင် ထိုဝါးတောအရပ်သည်ပင် အရှင်အနုရုဒ္ဓါအား အရဟတ္တဖိုလ် ရောက်အောင် အထောက်အပံ့ ဥပနိဿယ ပစ္စည်းဖြစ်မည်ကို သိတော်မူ၍ "ချစ်သား အနုရုဒ္ဓါ.... သင်ချစ်သားသည် လာမည့်ဝါကိုလည်း ဤဝါးတောအရပ်၌ပင် ကပ်ဆိုလေလော့" ဟု မိန့်ကြားတော်မူခဲ့၍ ကိုယ်တော်တိုင်ကား ဈာန်ဝိဇ္ဇာဘိညာဏ်ဖြင့် ကောင်းကင်ခရီးဖြင့် တခဏချင်း ကြွသွားတော်မူကာ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာ တောအုပ်သို့ ရောက်တော်မူလျှင် ထိုတောအုပ်အတွင်း နေထိုင်ကြသော ရဟန်းတို့အား တဖန် မဟာပုရိသဝိတက်ကြီး ရှစ်ပါးကို ဟောကြားတော်မူပြန်လေသည်။

အရှင်အနုရုဒ္ဓါမထေရ်သည် နောက်နှစ်ဝါကိုလည်း ထိုစေတီတိုင်း အရှေ့ဝါးတော၌ပင် မြတ်စွာဘုရား မိန့်မှာတော်မူခဲ့သည့်အတိုင်း ဝါကပ်ဆိုတော်မူကာ ရဟန်းတရား ပွါးများအားထုတ်လတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

### အရှင်အာနန္ဒာ

အရှင် အာနန္ဒာ မထေရ်မြတ်သည် မန္တာနီ ပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏမထေရ်အထံမှ ကြည်လင်လှသော ကြေးမုံအပြင် ရေခွက်တို့ကို အစွဲပြုကာ မျက်နှာရိပ်ထင်လာသည်ကို ဥပမာပြု၍ ခန္ဓာငါးပါးကို အစွဲပြုကာ ငါဟူသော မာန်မာနတရားဖြစ်ကြောင်းနှင့်တကွ ထိုခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာနှင့်စပ်သော တေပရိဝဋ္ဋ ဓမ္မဒေသနာကို ကြားနာ နှလုံးသွင်းသဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်တော်မူကာ သောတာပန် ဖြစ်တော်မူလေသည်။ (သံ၊ ၂၊ ၇၆+၇၇)။

http://www.dhammadownload.com



### ဘဂုမထေရ်နှင့် ကိမိလမထေရ်

ဘဂုမထေရ်နှင့် ကိမိလမထေရ်တို့ကား ထိုမထေရ်တို့၏ နောက်အဖို့၌ ဝိပဿနာတရား ပွါးများအားထုတ်တော်မူကြသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြကာ ရဟန္တာဖြစ်တော်မူကြကုန်သည်။

### ရှင်ဒေဝဒတ်

ရှင်ဒေဝဒတ်ကား လောကီသမာပတ် ရှစ်ပါးတို့ကိုဖြစ်စေကာ (အရိယာ မဖြစ်ရှာပဲ) ပုထုဇဉ်တို့၏ တန်ခိုးဣဒ္ဓိပါဒ်သို့သာ ရောက်လေသည်။ (တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ပုထုဇဉ်ရဟန်းသာဖြစ်လေသည်ဟု ဆိုလိုသည်)။

### အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ရှင်ရာဟုလာအား များစွာသော တရားဒေသနာကို ဟောကြားတော်မူခဲ့လေသည်။ (၁) သာမဏေရပဉှာ၊ (၂) ရာဟုလသံယုတ်၊ (၃) အဘိဏှ ရာဟုလောဝါဒသုတ္တန်၊ (၄) မဟာရာဟုလောဝါဒသုတ္တန်၊ (၅) စူဠရာဟုလောဝါဒသုတ္တန်၊ (၆) ဤယခု အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန်များကို ရှင်ရာဟုလာအား ဟောကြားတော်မူအပ်လေသည်။

ချွဲဦးအံ့....မြတ်စွာဘုရားသည် သားတော်ရာဟုလာကို ရှင်ပြုပေးပြီးနောက် " အသက်အရွယ် နုနယ်သော သူငယ်တို့မည်သည် ယုတ္တိရှိရှိ မရှိရှိ သင့်,မသင့်သော စကားများကို ပြောကြားတတ်ကုန်၏၊ ( သို့ရကား ) အသက် အရွယ် နုနယ်လှသေးသော ရာဟုလာအား ဩဝါဒ ပေးမှတော်မည် " ဟု ကြံစည်ဆင်ခြင်တော်မူကာ ရှင်ရာဟုလာကို ခေါ်ယူ၍ "ချစ်သားရာဟုလာ.... ရှင်သာမဏေမည်သည် မဂ်ဖိုလ်၏ ဗီလာကန့်လန့် ဖြစ်သော (= မဂ်ဖိုလ်အား ကျေးဇူးမပြုနိုင်သော) စကားမျိုးကို မပြောဆိုသင့်၊ သင်ချစ်သားသည် စကားပြောဆိုလျှင် ဤသို့သဘောရှိသည့် တရားနှင့်စပ်သော စကားကိုသာ ပြောဆိုလေလော့" ဟု

http://www.dhammadownload.com



မိန့်တော်မူပြီးလျှင် ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်အပ်သော (တရားတပါးမှသည် တရားဆယ်ပါးတိုင်အောင် အစဉ်သဖြင့် မေးရာ ဖြေရာဖြစ်သော) "သာမဏေရပဉှာ" မည်သောတရား ဒေသနာကို ဟောကြားတော်မူလေသည်။ (ခု၊ ၁၊ ၃)။

တဖန် "အသက်အရွယ် နုနယ်သော သူငယ်တို့မည်သည် မမှန်စကား မုသားစကား ပြောကြားရခြင်းကို နှစ်သက်တတ်ကုန်၏၊ မိမိမမြင်ပဲလျက် ငါတို့မြင်၏ ဟူ၍ငင်း, မြင်ပါလျက်လည်း ငါတို့ မမြင်ဟူ၍ငြင်း ပြောဆိုတတ်ကြကုန်၏၊ (သို့ရကား) အသက် အရွယ် နုနယ်လှသေးသော ရာဟုလာအား မုသားစကား မပြော ကြားရန် ဩဝါဒပေးမှတော်မည်"ဟု ကြံစည်ဆင်ခြင်တော်မူပြီး လျှင် မျက်စိဖြင့် ကြည့်၍လည်း သိနိုင်လောက်သော ရေခွက် ဥပမာလေးပါး, စစ်ဆင်ကြီး ဥပမာနှစ်ပါး, ကြေးမုံ မှန်အပြင် ဥပမာတပါး ဤဥပမာများကို ဖော်ပြ၍ ယခုအမ္ဗလဋ္ဌိကရာဟု-လောဝါဒသုတ္တန်ကို ဟောကြားတော်မူလေသည်။ (မ၊၂၊၇၇)။

ပစ္စည်းလေးပါးတို့၌ တဏှာကို နစ်စေပုံကိုငင်း, ကာမဂုဏ် ငါးပါးတို့၌ ဆန္ဒရာဂကို ပယ်ခြင်းကိုငင်း, ကလျာဏမိတ်ကောင်း ပေါင်းသင်းမိခြင်း၏ ဥပကာရကျေးဇူး အထူးကြီးမားပုံကိုငင်း ဖော်ပြတော်မူ၍ "အဘိဏှရာဟုလောဝါဒသုတ္တန်ကို ဟောကြား တော်မူလေသည်။ (ခု၊ ၁၊ ၃၂၀)။

ရောက်လေရာရာ ဌာန၌ ဘဝသုံးပါးဝယ် တွယ်တာတပ် မက်မှု ဆန္ဒရာဂကို မဖြစ်စေရဟူ၍ ပြဆိုတော်မူရန် "ရာဟုလ သံယုတ်" မည်သော တရားဒေသနာအစုကို ဟောကြားတော် မူလေသည်။ (သံ၊ ၁၊ ၄၃၉)။

"ငါသည် တင့်တယ်လှ၏၊ ငါ၏ အဆင်းကား သန့်ရှင်း ကြည်လင်လှပေ၏" ဤသို့အစရှိသည်ဖြင့် ခန္ဓာကိုယ်အတ္တဘောကို အမှီပြုကာ "ဂေဟဿိတ ဆန္ဒရာဂ(= အာရုံငါးပါး၌ မှီသော တဏှာလောဘ)ကို မပြုရ"ဟူ၍ ပြဆိုတော်မူရန် "မဟာရာဟု-လောဝါဒ"သုတ္တန်ကို ဟောကြားတော်မူလေသည်။(မ၊ ၃၊ ၇၃)။

http://www.dhammadownload.com



ရှင်ရာဟုလာ ရဟန်းဖြစ်ပြီးစ ဝါမရမီအချိန်တွင် အရဟတ္တဖိုလ်ပေါက် ချေချွတ်ဆုံးမတော်မူရန် "စူဠရာဟုလောဝါဒ" သုတ္တန်ကို ဟောကြားတော်မူသည်။ (မ၊၃၊၃၂၄)(သံ၊၂၊၃၂၄)။

ထိုသုတ္တန် တရားအပေါင်းတို့တွင် "အဘိဏှရာဟုလောဝါဒ" သုတ်ကို ဤမည်သောအခါ၌ ဟောကြားတော်မူအပ်၏ ဟူ၍ အခါအတိအကျ သတ်မှတ်ပြောဆို၍ မရချေ။ မှန်၏ – ထိုသုတ္တန်ကို မပြတ် မပြတ် ဆိုဆုံးမသောအနေဖြင့် ဟောကြားတော်မူအပ်လေသည်၊ သို့ရကား မြတ်စွာဘုရား ရောက်လေရာရာ ထိုထိုအရပ်ဒေသ၌ အခါအခွင့်ရတိုင်းပင် ထိုသုတ္တန်ကို ရှင်ရာဟုလာအား မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်ဟူ၍ မှတ်ယူရာ၏။

ရာဟုလသံယုတ်ကို ရှင်ရာဟုလာ (၇) ခုနစ်နှစ်အရွယ်မှစ၍ ရဟန်းဖြစ်စ ဝါမရမီ ကာလတိုင်အောင် ဤအတွင်းဝယ် ဟောကြားတော်မူအပ်၏။

မဟာရာဟုလောဝါဒသုတ်ကို ရှင်ရာဟုလာ (၁၈) တဆယ့်ရှစ်နှစ် သာမဏေအရွယ်တွင် ဟောကြားတော်မူအပ်၏။

စူဠရာဟုလောဝါဒသုတ်ကို ရှင်ရာဟုလာ ရဟန်းဖြစ်စ ဝါမရမီအချိန်၌ ဟောကြားတော်မူအပ်၏။

သာမဏေရပဉှာ (နှင့်) ဤအမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်တို့ကို ရှင်ရာဟုလာ (၇) ခုနစ်နှစ် အရွယ် သာမဏေငယ်အချိန်၌ ဟောကြားတော်မူအပ်၏။

ထို တရားအပေါင်းတို့တွင် အဘိဏှရာဟုလောဝါဒသုတ်ကို အမြဲမပြတ် ဆုံးမတော်မူခြင်းငှါ ဟောကြားတော်မူအပ်၏။ ရာဟုလသံသုတ်ကို ရှင်ရာဟုလာမထေရ်၏ ဝိပဿနာဉာဏ်ပညာ တည်းဟူသော ကိုယ်ဝန်သားကို ယူခြင်းငှါ ဟောကြားတော်မူအပ်၏၊ မဟာရာဟုလောဝါဒသုတ်ကို ဂေဟာသိတဆန္ဒရာဂကို ပယ်ရှားခြင်းငှါ ဟောကြားတော်မူအပ်၏၊ စူဠရာဟုလောဝါဒသုတ်ကို ရှင်ရာဟုလာ မထေရ်၏ ရဟန်းဖြစ်ပြီးစ ဝါမရသေးမီ ဝိမုတ္တိပရိပါစနိယတရား တဆယ့် ငါးပါးတို့ ရင့်ကျက်သော

http://www.dhammadownload.com



အခါ၌ အရဟတ္တဖိုလ်ကို ရယူစေခြင်းငှါ ဟောကြားတော်မူအပ်၏၊သာမဏေရပဉ္စာကို မသင့်လျော်သောစကား(=မဂ်ဖိုလ်အား ကျေးဇူးမပြုမည့်စကား)ကိုပယ်ရှားဖို့ရန် ဟောကြားတော်မူအပ်၏။ ဤယခုဖော်ပြမည့် အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်ကို သိလျက် မုသားစကားပြောကြားခြင်း အမှုကို မပြုရန် ဟောကြားတော်မူအပ်၏။(မ ဋ္ဌ၊ ၃၊ ၈၈,၈၉-မှထုတ်နုတ်ချက်များဖြစ်သည်)။

အချိန်အားဖြင့် မြတ်စွာဘုရားသခင် ဒုတိယဝါဆို၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတိုင်တော် မူသောအခါ ဖြစ်သည်။ ထိုအခါ အရှင်ရာဟုလာ (=သာမဏေငယ်) သည် ဝေဠုဝန်ကျောင်းတိုက်၏ အစွန်အဖျား သရက်ပင်ပျို၏ အနီးဝယ် ဆောက်လုပ်အပ်သောကြောင့် "အမ္ဗလဋ္ဌိကာ" ဟူ၍ အမည်တွင်သော ကမ္မဋ္ဌာန်းကျောင်း ပြာသာဒ်၌ ဝိဝေကတရားကို ပွါးများအားထုတ်လျက် နေထိုင်တော်မူဆဲဖြစ်လေသည်။

(ဆူးသည် မည်သူတဦးတယောက်ကမျှ တမင်သက်သက် ထက်အောင် မပြုအပ်ပါပဲ ပေါက်သစ်စအချိန်ကပင်စ၍ သဘာဝအားဖြင့် ထက်မြက်၍လာသကဲ့သို့၊ ဤအတူပင် ဤအရှင်ရာဟုလာသည်လည်း (၇) ခုနစ်နှစ်အရွယ် သာမဏေငယ်အခါ၌ပင်လျှင် မည်သူ တဦးတယောက်ကမျှ တိုက်တွန်းနှိုးဆော်ရခြင်းမရှိပဲ ကာယဝိဝေက, စိတ္တဝိဝေကတရား နှစ်ပါးကို ပွါးများအားထုတ်လျက် နေတော်မူသည်)။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်၌ ဖလသမာပတ်မှထတော်မူ၍ အမ္ဗလဋ္ဌိက ကမ္မဋ္ဌာန်းကျောင်း ရှင်ရာဟုလာရှိရာ ဒရပ်သို့ ကြွတော်မူလေ၏၊ ရှင်ရာဟုလာသည် မြတ်စွာဘုရားသခင် ကြွလာတော်မူသည်ကို အဝေးမှပင် မြင်လတ်၍ (မြတ်စွာဘုရားအတွက်) နဂိုရ်ပကတိ ခင်းထားရင်းရှိသော နေရာတော်ကို ခါ၍ တဖန်ပြုပြင် ခင်းထားပြီးလျှင် ခြေဆေးရေကိုလည်း တည်ထားလေ၏၊ မြတ်စွာဘုရားသည် ရှင်ရာဟုလာ တဖန်ပြင်၍ ခင်းထားအပ်သော နေရာတော်၌ ထိုင်နေတော်မူပြီးလျှင် ခြေတော်တို့ကို ဆေးကြောတော်မူလေ၏၊ (ဤ၌ မြတ်စွာဘုရား၏ ခြေတော်ဝယ် မြူမှုန်ငြိကပ်သောကြောင့် ဆေးကြောခြင်းမဟုတ်၊

http://www.dhammadownload.com



စင်စစ်သော်ကား ဝတ်ပြုသော တပည့်သာဝက၏ ဝတ်ပြုမှုကို ခံယူတော်မူရန်အတွက်သာ ခြေတော်ကို ဆေးကြောခြင်းဖြစ်သည်)။ ရှင်ရာဟုလာသည်လည်း မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်နေလေ၏။

(၁) ထိုအခါ မြတ်စွာဘုရားသည် ခြေဆေးရေခွက်ငယ်၌ ရေအနည်းငယ်မျှကို ချန်ထားပြီးလျှင် ရှင်ရာဟုလာကို "ချစ်သား ရာဟုလာ····သင်ချစ်သားသည် ခြေဆေးရေခွက်ငယ်၌ ငါဘုရား ချန်ထားအပ်သည့် ရေအနည်းငယ်ကို မြင်၏ မဟုတ်လော" ဟု မေးတော်မူလျှင် ရှင်ရာဟုလာသည် "မြင်ပါသည် မြတ်စွာဘုရား····"ဟူ၍ ပြန်ကြားလျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားရာဟုလာ····သိလျက် မုသားစကား ပြောကြားမှုဝယ် အရှက်မရှိသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဤရေခွက်ငယ်၌ အနည်းငယ်သော ရေအတူပင် ကိလေသာငြိမ်းကြောင်းကောင်းမြတ်သော ရဟန်းတရား အလွန့်အလွန် နည်းပါးလှပေ၏"ဟူ၍ အဆုံးအမစကား မိန့်ကြားတော်မူလေ၏။

(၂) ထို့နောက် မြတ်စွာဘုရားသည် ထိုချန်ထားသည့် ရေအနည်းငယ်ကို စွန့်သွန်လိုက်ပြီးလျှင်"ချစ်သား ရာဟုလာ····သင်ချစ်သားသည် အနည်းငယ်မျှသော ရေကို ငါဘုရား စွန့်သွန်အပ်သည်ကို မြင်၏ မဟုတ်လော" ဟု မေးတော်မူလျှင် ရှင်ရာဟုလာသည် "မြင်ပါသည် မြတ်စွာဘုရား····" ဟူ၍ ပြန်ကြားလျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် "ချစ်သား ရာဟုလာ····သိလျက် မုသားစကား ပြောကြားမှုဝယ် အရှက်မရှိသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဤအနည်းငယ်မျှသော ရေကို ငါဘုရား စွန့်သွန်အပ်သည့်နည်းတူ ကိလေသာငြိမ်းကြောင်းကောင်းမြတ်သော ရဟန်းတရားကို စွန့်သွန်အပ်ပြီးသားဖြစ်လေတော့၏"ဟူ၍ ဒုတိယ အဆုံးအမစကား မိန့်ကြားတော်မူလေ၏။

(၃) ထို့နောက် တဖန် မြတ်စွာဘုရားသည် ထို ရေခွက်ငယ်ကို မှောက်ထားလိုက်ပြီးလျှင် ရှင်ရာဟုလာကို "ချစ်သား ရာဟုလာ ···· သင်ချစ်သားသည် ရေခွက် ငယ်ကို ငါဘုရား

http://www.dhammadownload.com



မှောက်၍ ထားအပ်သည်ကို မြင်၏မဟုတ်လော”ဟု မေးတော်မူလျှင် ရှင်ရာဟုလာသည် “မြင်ပါသည် မြတ်စွာဘုရား....”ဟူ၍ ပြန်ကြား လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် “ချစ်သား ရာဟုလာ....သိလျက် မုသားစကား ပြောကြားမှုဝယ် အရှက်မရှိသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဤ ရေခွက်ငယ်ကို မှောက်ထားအပ်သည့် နည်းတူ ကိလေသာငြိမ်းကြောင်း ကောင်းမြတ်သော ရဟန်းတရားကို မှောက်ထားအပ်ပြီးသား ဖြစ်လေတော့၏”ဟူ၍ တတိယ အဆုံးအမစကား မိန့်ကြားတော်မူလေ၏။

(၄) ထို့နောက်တဖန် မြတ်စွာဘုရားသည် ထိုမှောက်ထားသော ရေခွက်ငယ် (=ရေဖလားငယ်) ကို လှန်လိုက်ပြီးလျှင် (ထိုအချိန်၌ ရေခွက်ငယ်တွင် ရေတစက်မျှ မရှိသည်ကို သတိပြုပါ) ရှင်ရာဟုလာကို“ချစ်သား ရာဟုလာ....သင်ချစ်သားသည် ရေတစက်မျှမရှိ၊အချည်းနှီးဖြစ်နေသော ဤရေခွက်ငယ်ကို မြင်၏မဟုတ်လော” ဟု မေးတော်မူလေလျှင် ရှင် ရာဟုလာသည် “မြင်ပါသည် မြတ်စွာဘုရား....” ဟူ၍ ပြန်ကြား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် “ချစ်သား ရာဟုလာ.... သိလျက် မုသားစကား ပြောကြားမှုဝယ် အရှက်မရှိသောပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဤရေတစက်မျှမရှိ၊ အချည်းနှီး ဖြစ်နေသော ရေခွက်ငယ်အတူ ကိလေသာငြိမ်းကြောင်း ကောင်းမြတ်သော ရဟန်းတရား တစက်မျှမရှိ၊ အချည်းနှီးသာဖြစ်၍ နေဘိ၏”ဟူ၍ စတုတ္ထ အဆုံးအမစကား မိန့်ကြားတော်မူလေ၏။

(၅-၆) ထို့နောက်ဆက်၍ မြတ်စွာဘုရားသည် ရှင်ရာဟုလာအား ဤဆိုလတ္တံ့သော ဩဝါဒကို ပေးတော်မူပြန်လေသည်— “ချစ်သား ရာဟုလာ....လောက ဥပမာအားဖြင့် ပြည့်ရှင်မင်း၏ စစ်ဆင်ကြီးသည် စစ်မြေပြင်စစ်ပွဲဝယ် ရှေ့ခြေနှစ်ချောင်း (=ရှေ့လက်နှစ်ချောင်း) တို့ဖြင့်လည်း အလုပ်လုပ်၏၊ နောက်ခြေနှစ်ချောင်း တို့ဖြင့် လည်း အလုပ်လုပ်၏၊ (မိမိ၏ နယ်အတွင်း ရောက်လာ ရောက်လာ တိုင်းသော ရန်သူတို့ကို ရှေ့လက် နှစ်

http://www.dhammadownload.com



ချောင်းတို့ဖြင့် ခုတ်၍ရင်း, နောက်ခြေနှစ်ချောင်းတို့ဖြင့်ကန်၍ရင်း ချေမှုန်းသတ်ဖြတ်၏ဟုဆိုလိုသည်)။ ရှေ့ပိုင်းကိုယ်ဖြင့်ရင်း,နောက်ပိုင်းကိုယ်ဖြင့်ရင်း အလုပ်လုပ်၏(ရှေ့ပိုင်းကိုယ်ဖြင့်ရင်း,နောက်ပိုင်းကိုယ်ဖြင့်ရင်း အခွင့်သင့်သလို ရန်သူစစ်တပ်၏ မိမိတို့ ကာကွယ်ရေးအတွက် ဆောက်လုပ်ထားအပ်သည့် ပျဉ်ချပ်ရံ အထွတ်မပါ အမိုးသာ မိုးအပ်သည့် တံတိုင်းအရံအတား စသည်များကို ဖြိုဖျက်မှုကို ဆိုလိုသည်)။ ဦးကင်းဖြင့်လည်း အလုပ်ကို လုပ်၏၊ (ဦးကင်းဖြင့် အလုပ်လုပ်မှုဟူသည်မှာ ···· ချိန်ရွယ်မှန်းထား၍ "ဤအရပ်ကို ငါနင်းနှိပ် ကြိတ်ချေအံ့"ဟု ကြံစည်ကာ နောက်ဆုတ်အားယူ၍ စူးစူးစိုက်စိုက် ကြည့်ခြင်းတည်း။ ဤသို့ စစ်ဆင်ကြီး၏ စူးစူးစိုက်စိုက် ကြည့်ခြင်းကို မြင်လျှင်ပင် တဖက်စစ်သား အရာအထောင်တို့သည် ကြောက်စိတ်ဝင်ကာ နှစ်စုကွဲ၍ ရှုံးကြရလေတော့သည်)။ နားရွက် နှစ်ဖက်တို့ဖြင့်လည်း အလုပ်ကို လုပ်၏၊ (ရန်သူတဖက်မှ ပစ်လိုက်သော မြားတို့ကို နားရွက်ဖြင့် ပုတ်ခတ်၍ မြေသို့ကျစေ၏ဟု ဆိုလိုသည်)။ အစွယ်နှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကို လုပ်၏၊ (ရန်သူစစ်တပ်ဖက်မှ ဆင်, မြင်း, ဆင်စီးသူရဲ, မြင်းစီးသူရဲတို့၏ ခြေစသည်ကို အစွယ်ဖြင့် တအားထိုးခြင်းကို ဆိုလိုသည်)။ အမြီးဖြင့်လည်း အလုပ်ကို လုပ်၏၊ (အမြီးစ၌ ဖွဲ့ချည်အပ်သော နွယ်ရှည် တပ်သည့်ဓားငယ်, သံတင်းပုတ်စသည်ဖြင့် ရန်သူစစ်တပ်ကို ခုတ်ဖြတ်ဖျက်ဆီးမှုကို ဆိုလိုသည်)။ နှာမောင်းကိုကား ခံတွင်း (=ပစပ်တွင်း)သို့ သွင်းကာ စောင့်ရှောက်သေး၏။

ထိုသို့ စစ်ဆင်ကြီးပြုမူရာ၌ ဆင်စီးသူရဲ၏ စိတ်သန္တာန်ဝယ် "ပြည့်ရှင်မင်း၏ ဤစစ်ဆင်ကြီးသည် စစ်မြေပြင် စစ်ပွဲဝယ် ရှေ့လက်နှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကို လုပ်၏၊ နောက်ခြေနှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကိုလုပ်၏၊ ရှေ့ပိုင်းကိုဖြင့်လည်း အလုပ်ကို လုပ်၏၊ နောက်ပိုင်းကိုယ်ဖြင့်လည်း အလုပ်ကို လုပ်၏၊ ဦးကင်းဖြင့်လည်း အလုပ်ကို လုပ်၏၊ နားရွက် နှစ်ဖက်တို့ဖြင့်လည်း အလုပ်ကို လုပ်၏၊ အစွယ်နှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကို

http://www.dhammadownload.com



လုပ်၏၊ အမြီးဖြင့်လည်း အလုပ်ကို လုပ်၏၊ နှာမောင်းကိုကား ခံတွင်းသို့သွင်းကာ စောင့်ရှောက်ထားလေ၏၊ ပြည့်ရှင်မင်း၏ ဤစစ်ဆင်ကြီးသည် အသက်ကို မစွန့်အပ်သေး” ဟူ၍ အကြံ အစည် ဖြစ်လေသည်။

ချစ်သား ရာဟုလာ ···· အကြင်အခါ၌ ပြည့်ရှင်မင်း၏ စစ်ဆင်ကြီးသည် စစ်မြေပြင်စစ်ပွဲဝယ် (ရှေးဆိုအပ်ပြီးသည့်အတိုင်း) ရှေ့လက်နှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကို လုပ်၏၊ နောက်ခြေ နှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကို လုပ်၏၊ (ပေယျာလ) အမြီး ဖြင့်လည်း အလုပ်ကို လုပ်၏၊ နှာမောင်းဖြင့်လည်း (သံတင်း ပုတ်ကိုဖြစ်စေ, ရှားနှစ်တင်းပုတ်ကိုဖြစ်စေ ပွေ့ချီကာ ထက်ဝန်း ကျင် တဆယ့်ရှစ်တောင်ရှိသော အရပ်ဌာနကို ထုရိုက် ချေမှုန်း ခြင်း)အလုပ်ကို လုပ်၏၊ ထိုသို့ စစ်ဆင်ကြီး ပြုမူရာ၌ ဆင်စီးသူရဲ၏ စိတ်သန္တာန်ဝယ် “ပြည့်ရှင်မင်း၏ ဤ စစ်ဆင်ကြီးသည် စစ်မြေ ပြင်စစ်ပွဲဝယ် ရှေ့လက်နှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကို လုပ်၏၊ နောက်ခြေနှစ်ချောင်းတို့ဖြင့်လည်း အလုပ်ကိုလုပ်၏၊(ပေယျာလ) အမြီးဖြင့်လည်း အလုပ်ကို လုပ်၏၊နှာမောင်းဖြင့်လည်း အလုပ်ကို လုပ်၏၊ ပြည့်ရှင်မင်း၏ ဤ စစ်ဆင်ကြီးသည် မိမိအသက်ကို စွန့်အပ်လေပြီ၊ ယခုအခါ ပြည့်ရှင်မင်း၏ စစ်ဆင်ကြီးသည် တစုံ တခုမပြုလုပ်အပ်သော အရာဟူ၍ မရှိတော့ပြီ”ဟူ၍ အကြံအစည် ဖြစ်လေသကဲ့သို့ ချစ်သား ရာဟုလာ ···· ဤနည်း အတူပင် သိလျက်မုသားစကား ပြောကြားမှုဝယ် အရှက်မရှိသော ပုဂ္ဂိုလ် အား တစုံတခု ချင်း(=သူ) မပြုဝံ့သော မကောင်းမှုဟူ၍ မရှိဟူ၍ ငါဘုရား ဟောကြား၏။

ထို့ကြောင့် ချစ်သား ရာဟုလာ ···· သင် ချစ်သားသည် “ငါကား ရယ်ရွှင်မြူးထူးမှု ပြုလိုသဖြင့်သော်လည်း မုသားစကား ကို မပြောဆိုအံ့”ဟူ၍ နှလုံးပိုက်ကာ သိက္ခာသုံးပါး ကျင့်တရား ကို ပွါးများကြိုးကုတ် အားထုတ်ရမည်”ဟူ၍ အလွန် လေးနက် သော ဩဝါဒစကားကို မိန့်ကြားတော်မူလေ၏။

http://www.dhammadownload.com



(၇) တဖန်ဆက်၍ မြတ်စွာဘုရားသည် ရှင်ရာဟုလာကို ချစ်သား ရာဟုလာ····ယခု ငါဘုရား မေးမည့်စကားကို သင် ချစ်သား မည်သို့မှတ်ထင်သဟောကျသနည်း (သဘောကျသည့် အတိုင်း ပြောဆိုနိုင်ခွင့်ရှိသည်)၊ ကြေးမုံမှန်သည် အဘယ် အကျိုးရှိသနည်း"ဟူ၍ မေးမြန်းတော်မူပြန်လေလျှင် ရှင်ရာဟု- လာက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ကြေးမုံမှန်သည် လူ့မျက်နှာဝယ် ထင်ရှားရှိသည့် မွဲမည်း ဝက်ခြံ အစရှိသော အပြစ်ကို ကြည့်ရှုဆင်ခြင် ပြင်ဆင်ရခြင်း အကျိုးရှိပါ၏" ဟူ၍ လျှောက်ထား ဖြေကြားလေသည်၊ ထိုအခါ မြတ်စွာဘုရားက "ချစ်သား ရာဟုလာ····၍အတူပင်လျှင် ဉာဏ် ပညာမျက်စိဖြင့် ကြည့်ရှုဆင်ခြင် ဆင်ခြင်ပြီးမှ ကာယကံမှုကို ပြုရမည်၊ ဉာဏ်ပညာ မျက်စိဖြင့် ကြည့်ရှုဆင်ခြင် ဆင်ခြင်ပြီးမှ ဝစီကံမှုကိုပြောဆိုရမည်၊ ဉာဏ်ပညာမျက်စိဖြင့် ကြည့်ရှုဆင်ခြင် ဆင်ခြင်ပြီးမှ မနောကံမှုကို ကြံစည်ရမည်" ဟူ၍ မာတိကာစကား အကျဉ်းထားပြီးလျှင် ဉာဏ်ပညာမျက်စိဖြင့် ကြည့်ရှုဆင်ခြင် ဆင်ခြင်ပြီးမှ ကာယကံမှု ပြုပုံ, ဝစီကံမှုပြောဆိုပုံ, မနောကံမှု ကြံစည်ပုံတို့ကို သုံးချက်စီ ဝေဘန်၍ အကျယ် ဟောကြားတော်မူလေသည် *။

**အချုပ်အားဖြင့်ကား**····"ကာယကံမှု ပြုမည်ကြံလျှင် ဝစီကံမှု ပြောမည်ဆိုလျှင် မနောကံမှု ကြံစည်မည်ဆိုလျှင် မပြုမီ မပြောမီ မကြံစည်မီ ကြိုတင်၍ 'ယခု ငါပြုမည့် ပြောမည့် ကြံစည်မည့် ကာယကံမှု ဝစီကံမှု မနောကံမှု များသည် မိမိ သူတပါး နှစ်ဦးသားတို့ ဆင်းရဲဖို့များ ဖြစ်မည်လော၊ ဒုက္ခတရားကို တိုးပွါးရင့်ကျက်စေမည့် အကုသိုလ်မှုများ ဖြစ်လေမည်လော' ဟူ၍ ဆင်ခြင် ကြည့်ရှုရမည်၊ ယင်းသို့ ဆင်ခြင်ကြည့်ရှု၍ မိမိ သူတပါး နှစ်ဦးသား ဆင်းရဲမည့် ကာယကံမှု ဝစီကံမှု မနောကံမှု မျိုးဖြစ်ခဲ့လျှင် ဒုက္ခတရားကို တိုးပွါးရင့်ကျက်စေမည့်

---

* ထိုအကျယ် ဟောကြားတော်မူပုံကို ပိဋကတ်တော် မြန်မာပြန်မှ ကြည့်ရှု မှတ်သားရာ၏။

http://www.dhammadownload.com



အကုသိုလ်မှုမျိုး ဖြစ်ခဲ့လျှင် ထိုသို့ သဘောရှိသော ကာယကံမှု ဝစီကံမှု မနောကံမှုများကို မပြုမိအောင် မပြောမိအောင် မကြံစည်မိအောင် ကြိုးစား၍ ရှောင်ကြဉ်ရမည်၊ ယင်းသို့ ဆင်ခြင်ကြည့်ရှု၍ မိမိ သူတပါး နှစ်ဦးသားတို့ မဆင်းရဲမည့် ကာယကံမှု ဝစီကံမှု မနောကံမှုမျိုး ဖြစ်ခဲ့လျှင် သုခတရားကို တိုးပွါးရင့်ကျက်စေမည့် ကုသိုလ်မှုမျိုး ဖြစ်ခဲ့လျှင် ထိုသို့ သဘောရှိသော ကာယကံမှု ဝစီကံမှု မနောကံမှုများကို ပြုလုပ် ပြောဆို ကြံစည်ရမည်။

ကာယကံမှု ပြုလုပ်ဆဲ ဝစီကံမှုပြောဆိုဆဲ မနောကံမှု ကြံစည်ဆဲမှာလည်း(ထိုနည်းအတူပင်)'ငါ ယခုပြုဆဲ ပြောဆိုဆဲ ကြံစည်ဆဲဖြစ်သော ကာယကံမှု ဝစီကံမှု မနောကံမှုများသည် မိမိ သူတပါး နှစ်ဦးသားတို့ ဆင်းရဲပင်ပန်းဖို့ ဖြစ်သလော၊ ဒုက္ခတရားကို တိုးပွါးရင့်ကျက်စေသည့် အကုသိုလ်မှုများ ဖြစ်သလော' ဟူ၍ ဆင်ခြင်ကြည့်ရှုရမည်၊ ယင်းသို့ ဆင်ခြင်ကြည့်ရှု၍ မိမိ သူတပါး နှစ်ဦးသားတို့ ဆင်းရဲပင်ပန်းစေသည့် ကာယကံမှု ဝစီကံမှု မနောကံမှုမျိုး ဖြစ်နေလျှင် ဒုက္ခတရားကို တိုးပွါးရင့်ကျက်စေသည့် အကုသိုလ်မှုမျိုးဖြစ်လျှင် ထိုသို့သဘောရှိသော ကာယကံမှု ဝစီကံမှု မနောကံမှုများကို (ရှေ့သို့ဆက်၍ မပြုပဲ မပြောပဲ မကြံစည်ပဲ) ဆုတ်နစ်ရပ်တန့်ရမည်၊ ယင်းသို့ ဆင်ခြင်ကြည့်ရှု၍ မိမိ သူတပါး နှစ်ဦးသားတို့ မဆင်းရဲ မပင်ပန်းသည့် ကာယကံမှု ဝစီကံမှု မနောကံမှုမျိုး ဖြစ်ခဲ့လျှင် သုခတရားကို တိုးပွါး ရင့်ကျက်စေသည့် ကုသိုလ်မှုမျိုး ဖြစ်ခဲ့လျှင် ထိုသို့ သဘောရှိသော ကာယကံမှု ဝစီကံမှု မနောကံမှုများကို အားအဆင့်ပေးကာ အဖန်ဖန် ပြုလုပ်ရမည် ပြောဆိုရမည် ကြံစည်ရမည်။

ကာယကံမှုပြုလုပ်ပြီး ဝစီကံမှုပြောဆိုပြီး မနောကံမှု ကြံစည်ပြီးသော အခါမှာလည်း (ရှေးနည်းအတူပင်) ငါ

http://www.dhammadownload.com



ပြုပြီး ကြံစည်ပြီးသော ကာယကံမှု ဝစီကံမှု မနောကံမှု များသည် မိမိ သူတပါး နှစ်ဦးသားတို့ ဆင်းရဲပင်ပန်း ဖို့ရန် ဖြစ်လေပြီလော၊ ဒုက္ခတရားကို တိုးပွါးရင့်ကျက် စေသည့် အကုသိုလ်မှုများ ဖြစ်လေပြီလော”ဟူ၍ ဆင်ခြင် ကြည့်ရှုရမည်၊ ယင်းသို့ ဆင်ခြင်ကြည့်ရှု၍ မိမိ သူတပါး နှစ်ဦးသားတို့ကို ဆင်းရဲပင်ပန်းစေသည့် ကာယကံမှု ဝစီကံမှု မနောကံမှုမျိုး ဖြစ်နေပြီဆိုလျှင်, ဒုက္ခတရားကို တိုးပွါး ရင့်ကျက် စေသည့် အကုသိုလ်မှုမျိုး ဖြစ်နေပြီ ဆိုလျှင် ထိုသို့ သဘောရှိသော ကာယကံမှုမျိုး ဝစီကံမှု မျိုးတို့ကို မြတ်စွာဘုရားထံတော်၌ဖြစ်စေ, သိကြားလိမ္မာ သော သီတင်းသုံးဖော်တို့ အထံ၌ဖြစ်စေ ဤသို့သော ကာယကံမှုမှား ဝစီကံမှုမှားများကို ပြုမှားခဲ့မိကြောင်း ပြောမှားခဲ့မိကြောင်း ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား မကွယ်မဝှက် ပြောကြားရမည်၊ ထိုသို့ ပြောကြားပြီးလျှင် နောက်အခါ၌လည်း ထိုအမှုမှားများကို မပြုမှား မပြော မှားမိအောင် စောင့်စည်းထိန်းသိမ်းရမည်။ အကုသိုလ် မနောကံမှုမျိုး ဖြစ်နေပြီဆိုလျှင် ယိုသို့သော မနောကံမှု မျိုးကို ငြီးငွေ့ရမည်၊ ရှက်နိုးရမည်၊ စက်ဆုပ်ရမည်၊ ငြီးငွေ့ ရှက်နိုး စက်ဆုပ်ပြီးလျှင် နောက်အခါ၌လည်း ထိုမနောကံ မှုမှားကို မကြံစည်မိအောင် စောင့်စည်းထိန်းသိမ်းရမည်။ ယင်းသို့ ဆင်ခြင်ကြည့်ရှု၍ မိမိ သူတပါး နှစ်ဦးသားတို့ မဆင်းရဲ မပင်ပန်းစေသည့် ကာယကံမှု ဝစီကံမှု မနောကံ မှုမျိုး ဖြစ်နေပြီဆိုလျှင်, သုခတရားကို တိုးပွါးရင့်ကျက်စေ သည့် ကုသိုလ်မှုမျိုး ဖြစ်နေပြီ ဆိုလျှင် နေ့ နေ့ ညဉ့် ညဉ့် ထိုကုသိုလ်နှင့်ယှဉ်သော ပီတိပါမောဇ္ဇ = နှစ်သက်ခြင်း ပမ်းမြောက်ခြင်းဖြင့်ပင် သိက္ခာသုံးပါး ကုသိုလ်တရား တို့ကို ပွါးများကြိုးကုတ် အားထုတ်နေထိုင်ရမည်။

အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးတန်၌ ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲ ဖြစ်ကြသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ

http://www.dhammadownload.com



သာဝကတို့သည် ဤနည်းနှင်နှင် ဆင်ခြင်ကြည့်ရှု ကြည့်ရှု ပြီးလျှင် ကာယကံမှု ဝစီကံမှု မနောကံမှုများကို စင်ကြယ် စေကြပြီး, စင်ကြယ်စေကြလတ္တံ့, စင်ကြယ်စေကြဆဲ ဖြစ် ကုန်သည်။

သို့ရကား "ချစ်သား ရာဟုလာ···· သင်ချစ်သားသည် 'ငါကား ပစ္စဝေက္ခဏာတင် ဆင်ခြင်ကြည့်ရှု ကြည့်ရှုပြီး လျှင် ကာယကံမှုကို စင်ကြယ်စေမည်၊ ဝစီကံမှုကို စင်ကြယ် စေမည်၊ မနောကံမှုကို စင်ကြယ်စေမည်' ဟူ၍ နှလုံးပိုက် ကာ သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည်" ဟူ၍ အဆုံးအမ ဩဝါဒစကား နိဂုံး ချုပ် မိန့်ကြားတော်မူလေသည်။

[ဤ၌။ ။"အဘယ်မျှလောက်သော ဌာနၵ္ဒဖြစ်သည့် ကာယကံ ဝစီကံတို့ကို စင်ကြယ်စေအပ် သုတ်သင်အပ်ကုန်သနည်း၊ အဘယ်မျှ လောက်သော ဌာနၵ္ဒဖြစ်သည့် မနောကံကို စင်ကြယ်စေအပ် သုတ်သင် အပ်သနည်း" ဟူ၍ မေးမြန်း စိစစ်ဖွယ်ရှိ၏။

အဖြေကား.... နံနက်ခင်းအချိန်၌ဖြစ်သော ကာယကံ ဝစီကံတို့ကို (အချိန်ဆွဲ၍ မထားပဲ) ဆွမ်းကိစ္စပြီး၍ နေ့သန့်ရာအရပ်၌ ထိုင်နေ လျှင်ပင် စင်ကြယ်စေအပ် သုတ်သင်အပ်ကုန်၏၊ ချဲ့ဦးအံ့.... ဆွမ်းကိစ္စ ပြီး၍ နေ့သန့်ရာအရပ်၌ ထိုင်နေသော ရဟန်းသည် "အရုဏ်တက်သည်မှ စ၍ ဤ ယခုနေရာ၌ ထိုင်နေသည်တိုင်အောင် ဤအချိန်အတွင်း၌ သူတပါးတို့ မနှစ်မြို့နိုင်လောက်အောင် ငါ ပြုမှား ပြောမှားမိခဲ့သော ကာယကံမှုများ, ဝစီကံမှုများ ရှိလေသလော" ဟု ဆင်ခြင်ကြည့်ရှုရာ၏၊ အကယ်၍ ပြုမှား ပြောမှားမိခဲ့သော ကာယကံမှုများ, ဝစီကံမှုများ ရှိ၏ဟု ဆင်ခြင်စဉ်းစားမိလျှင် ဒေသနာကြားသင့်သော ကာယကံမှု, ဝစီကံမှုများကို ဒေသနာကြားရာ၏၊ ထင်စွာပြုသင့်သော ကာယကံမှု, ဝစီကံမှုများကို သီတင်းသုံးဖော်တို့ထံ၌ ထင်စွာပြုရာ၏၊ အကယ်၍ ပြုမှား ပြောမှားမိခဲ့သော ကာယကံမှုများ, ဝစီကံမှုများ မရှိခဲ့လျှင် (မိမိကိုယ်ရေးအတွက် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပေလိမ့်မည်)၊ ထို နှစ်သက်ဝမ်းမြောက်ခြင်းဖြင့်ပင် နေထိုင်ရာ၏။

မနောကံကိုကား ထိုဆွမ်းရှာမှီးရာဌာန၌ စင်ကြယ်စေအပ် သုတ်သင်အပ်၏၊ စင်ကြယ်စေပုံမှာ.... "ယနေ့ ငါ့မှာ ဆွမ်းရှာမှီးရာ

http://www.dhammadownload.com



အရပ်ဌာနဉ္စ ရှုပါရုံအစရှိသော အာရုံများဝယ် အားနည်းသော လောဘ, အားကြီးသော လောဘ, ပြစ်မှားသော ဒေါသ, တွေဝေသော မောဟ များ ဖြစ်ပွါးခဲ့လေသလော" ဟူ၍ ဆင်ခြင်ကြည့်ရှုရာ၏၊ အကယ်၍ ဖြစ်ပွါးခဲ့၏ဟု ဆင်ခြင်စဉ်းစားမိခဲ့လျှင် "ငါသည် နောက်ထပ်တဖန် ဤသို့သော လောဘမှု, ဒေါသမှု, မောဟမှုများကို မပြုမှားစေတော့အံ့" ဟူ၍ စိတ်ဖြင့်ပင် ဆောက်တည်ရာ၏၊ အကယ်၍ မဖြစ်ပွါးခဲ့လျှင် (ယင်းသို့ မဖြစ်ပွါးသည်ကို အာရုံပြု၍ ကိုယ်ရေးအတွက် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပေလိမ့်မည်)၊ ထို နှစ်သက်ဝမ်းမြောက်ခြင်းဖြင့်ပင် နေထိုင်ရာ၏၊ ဤကား အဖြေပင်တည်း]။

အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်ကို
ဟောကြားတော်မူကြောင်း ပြီး၏။

---

**အနာထပိဏ်သူဌေး အကြောင်း**

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် အရပ်၌ ဒုတိယဝါ ကပ်တော်မူသောနှစ်မှာပင် ရဟန်းတော်များမှတဆင့် ရာဇဂြိုဟ် သူဌေး တောင်းပန်လျှောက်ထားသော အကြောင်း ဝတ္ထု၌ ကျောင်းပစ္စည်းကို ရဟန်းတော်များအား မြတ်စွာဘုရား ခွင့်ပြုတော်မူလေသည်*။

ထိုရာဇဂြိုဟ်သူဌေးနှင့် သာဝတ္ထိပြည် အနာထပိဏ်သူဌေးတို့ကား အချင်းချင်း နှမ၏လင် ဖြစ်ကြကုန်၏ (=မောင်လယ် နှမလယ် တော်စပ်ကြကုန်၏)။ (သို့ရကား) ရာဇဂြိုဟ်ပြည်၌ ဖြစ်ပေါ်သော ကုန်ပစ္စည်းများ ရာဇဂြိုဟ်ပြည်၌ အဖိုးနည်း၍ သာဝတ္ထိပြည်၌ အဖိုးများစွာ ထိုက်တန်သောအခါ ရာဇဂြိုဟ် သူဌေးသည် ထိုကုန်ပစ္စည်းများကိုဝယ်ယူကာ သာဝတ္ထိပြည်သို့ လှည်းငါးရာတို့ဖြင့် တင်ဆောင်သွားပြီးလျှင် သာဝတ္ထိပြည်သို့ မရောက်မီ တယူဇနာခရီးကပင် ကြိုတင်၍ မိမိလာရောက် ကြောင်းကို အနာထပိဏ်သူဌေးထံသို့ သတင်းစကား ပို့ရောက်စေလေသည်၊ အနာထပိဏ်သူဌေးသည် ခရီးဦးကြိုဆိုကာ ကြီးစွာ

---

* အကြောင်းအရာအကျယ်ကို ဝိနည်း စူဠဝဂ္ဂ မြန်မာပြန် သေနာသနက္ခန္ဓက ၌ ကြည့်ရှုရာ၏။

http://www.dhammadownload.com



သော ဈေးခံကျွေးမွေးမှု ပြုလုပ်ပြီးလျှင် ယာဉ်တစီးတည်းသို့ တင်ဆောင်၍ (နှစ်ဦးသား ယာဉ်တစီးတည်းစီးကာ) သာဝတ္ထိပြည်သို့ ဝင်လေ၏၊ ရာဇဂြိုဟ်သူဌေးသည် မိမိယူဆောင်လာသော ကုန်ပစ္စည်းများကို လျင်မြန်စွာ ရောင်းရလျှင်လည်း ရောင်းချ၏၊ လျင်မြန်စွာ မရောင်းရလျှင်လည်း မိမိနှမ၏အိမ်မှာ ထားခဲ့၍ ပြန်သွားလေ့ရှိ၏၊ အနာထပိဏ်သူဌေးသည်လည်း ထိုနည်းအတူပင် ပြု၏။

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါ ကပ်ဆိုပြီးသော ထိုနှစ်မှာ အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည်၌ ဖြစ်ပေါ်သော ကုန်ပစ္စည်းများကို လှည်းအစီးငါးရာတို့ဖြင့် ဝယ်ယူတင်ဆောင်ကာ ရာဇဂြိုဟ်ပြည်သို့ ခရီးထွက်ခဲ့လေသော် ရာဇဂြိုဟ်ပြည်သို့ မရောက်မီ တယူဇနာကပင် ကြိုတင်၍ မိမိ လာရောက်ကြောင်းကို ရာဇဂြိုဟ်သူဌေးထံသို့ (ရှေးရှေးက လာရောက်သည့် အခေါက်များနည်းတူ) သတင်းစကား သဝဏ်လွှာ ပို့ရောက်စေလေသည်။

ရာဇဂြိုဟ်သူဌေးသည် ထိုသတင်းစကား သဝဏ်လွှာကို နားမထောင်နိုင်ပဲ တရားနာရန် မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် (သီတဝန) မည်သော တောရကျောင်းသို့ သွားရောက်ကာ တရားနာပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာကို နက်ဖြန်ခါအတွက် ဆွမ်းဘုဉ်းပေးကြွရောက်ရန် တောင်းပန်ပင့်ဖိတ်ခဲ့၍ မိမိ၏အိမ်၌ ခံလောက်များကို တူးစေခြင်း, ထင်းခွဲစေခြင်းစသော ဝေယျာဝစ္စအမှုများကို စီမံခန့်ခွဲလျက်သာ နေလေသည်။

အနာထပိဏ်သူဌေးသည်လည်း ယခုပင်လျှင် ငါ့အား ခရီးဦးကြိုဆိုမှု ပြုပေလိမ့်မည်၊ ယခုပင် ပြုပေလိမ့်မည်ဟု ကြံစည်အောက်မေ့ကာ အစဉ်သဖြင့် ခရီးဆက်ခဲ့ရာ ရာဇဂြိုဟ်သူဌေးအိမ်တံခါးဝသို့ရောက်သော်မှ အကြိုကိုမတွေ့ရပဲ အိမ်တွင်းသို့ ဝင်မိသော အခါသော်မှလည်း နှုတ်ခွန်းဆက်စကား များများမရရှိပဲ "သူဌေးကြီး.... ကလေးများ ကျန်းမာကြပါ၏လား၊ လမ်းခရီးမှာ

http://www.dhammadownload.com



မပင်ပန်းပဲ ချမ်းသာခဲ့ပါ၏လော"ဟု ဤမျှသာ ရာဇဗြိုဟ်သူဌေး ထံမှ နှုတ်ခွန်းဆက်စကားကို ရရှိလေသည်။

ရာဇဗြိုဟ်သူဌေးကြီးကား ဖော်ပြရာပါအတိုင်း အနာထပိဏ် သူဌေးကြီးကို နှုတ်ခွန်းဆက်စကား နှစ်ခွန်းမျှသာ ပြောကြားပြီးလျှင် မိမိ၏ ကျွန်များ အလုပ်သမားများကို "အချင်းတို့.... နက်ဖြန်နံနက် စောစောထပြီးလျှင် ယာဂုများကို ကျိုကြ, ထမင်းများကို ချက်ကြ, ဟင်းလျာများကို ပြည့်စုံအောင် စီမံကြ, လက်သုတ်ဟင်းလျာများကို ပြည့်စုံအောင် စီမံကြ" ဤသို့ စသည်ဖြင့် နက်ဖြန် ဆွမ်းကပ်ရန် ဝေယျာဝစ္စအမှုများကိုသာ ဦးစားပေး၍ စီမံနေလေသည်။

ထိုအခါ အနာထပိဏ်သူဌေး၏ စိတ်သန္တာန်ဝယ် "ဤသူဌေးသည် ရှေးအခါက ငါလာလျှင် အလုံးစုံသော ကိစ္စများကို ပယ်ရှားပြီးလျှင် ငါနှင့်အတူတကွသာ ဝမ်းမြောက်ဝမ်းသာစကား ပြောကြားပေ၏၊ ယခုအခါ၌ကား ဗျာပါရများကာ ကျွန်များ အလုပ်သမားများကို 'အချင်းတို့.... နက်ဖြန်နံနက် စောစော ထပြီးလျှင် ယာဂုများကို ကျိုကြ, ထမင်းများကို ချက်ကြ, ဟင်းလျာများကို ပြည့်စုံအောင် စီမံကြ, လက်သုတ်ဟင်းလျာများကို ပြည့်စုံအောင် စီမံကြ' ဤသို့ စသည်ဖြင့် နက်ဖြန် ဆွမ်းကပ်ရန် ဝေယျာဝစ္စ အမှုများကိုသာ ဦးစားပေး၍ စီမံနေလေသည်၊ ဤသူဌေးမှာ သူ့သမီးကို (မိမိသားအတွက်) ဆောင်ယူခြင်း (=အာဝါဟ) မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ မိမိသမီးကို (သူ့သားအတွက်) သူ့အိမ်သို့ ပို့သခြင်း(=ဝိဝါဟ) မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ အလှူကြီးကိုပင် စီရင်အပ်လေသလော၊ မိဂ္ဓိသာရမင်းကြီးကိုပင် စစ်သည်ဗိုလ်ပါနှင့်တကွ နက်ဖြန်ခါ ထမင်းစားရန် ဖိတ်မန္တကမှု ပြုအပ်လေသလော" ဟူ၍ အကြံအစည် ဖြစ်လေ၏။

ရာဇဗြိုဟ်သူဌေးကြီးသည် ကျေးကျွန် အလုပ်သမားများကို အစစ စီမံပြီးသော် အနာထပိဏ်သူဌေးထံမှောက်သို့ လာရောက်၍ ဝမ်းမြောက်ဝမ်းသာ စကားနီးနှော ပြောဆိုလေသည်၊ ထိုအခါ အနာထပိဏ်သူဌေးက—

http://www.dhammadownload.com



"သူဌေးကြီး····သင်သည် ရှေးအခါက ငါလာလျှင် အလုံးစုံသော ကိစ္စများကို ပယ်ရှားပြီး ငါနှင့်အတူ တကွသာ ဝမ်းမြောက်ဝမ်းသာစကား ပြောကြားပေ၏၊ ယခုအခါ၌ကား သင်သည် မျာပါရ ကြောင့်ကြများကာ ကျွန်များ အလုပ်သမားများကို 'အချင်းတို့···· နက်ဖြန် နံနက် စောစောထပြီးလျှင် ယာဂုများကို ကျိုကြ, ထမင်းများကိုချက်ကြ, ဟင်းလျာများကို ပြည့်စုံအောင် စီမံကြ, လက်သုတ်ဟင်းလျာများကို ပြည့်စုံအောင်စီမံကြ' ဤသို့ စသည်ဖြင့် နက်ဖြန် ဆွမ်းကပ်ရန် ဝေယျာဝစ္စအမှုများကိုသာ ဦးစားပေး၍ စီမံနေလေသည်၊ သင်သူဌေးမှာ သူ့သမီးကို (မိမိသားအတွက်) ဆောင်ယူခြင်း (=အာဝါဟ) မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ မိမိသမီးကို(သူ့သားအတွက်)သူ့အိမ်သို့ ပို့သခြင်း (=ဝိဝါဟ) မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ အလှူကြီးကိုပင် စီရင်အပ်လေသလော၊ဗိမ္ဗိသာရမင်းကြီးကိုပင် စစ်သည်ဗိုလ်ပါနှင့်တကွ နက်ဖြန်ခါ ထမင်းစားရန် ဖိတ်မန္တကမှု ပြုအပ်လေသလော"—

ဟူ၍ မေးမြန်းလေ၏၊ ထိုအခါ ရာဇဂြိုဟ်သူဌေးက—

"သူဌေးကြီး···· ကျွန်ုပ်မှာ အာဝါဟ မင်္ဂလာပွဲလည်း ဖြစ်လိမ့်မည်မဟုတ်ပါ၊ ဝိဝါဟ မင်္ဂလာပွဲလည်း ဖြစ်လိမ့်မည် မဟုတ်ပါ၊ ဗိမ္ဗိသာရမင်းကြီးကိုလည်း စစ်သည်ဗိုလ်ပါနှင့် တကွ နက်ဖြန်ခါ ထမင်းစားရန် ဖိတ်မန္တကမှု ပြုအပ်သည်မဟုတ်ပါ၊ စင်စစ်သော်ကား ကျွန်ုပ်သည် အလှူကြီးကို စီရင်နေအပ်ပါသည်၊ နက်ဖြန် ကောင်းမှု ကုသိုလ်အတွက် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်ကို ပင့်ဖိတ်အပ်ပြီး ဖြစ်ပါသည်"—

ဟူ၍ ပြန်ကြားပြောဆိုလေသည်။

ရာဇဂြိုဟ် သူဌေးကြီး၏ နှုတ်မှ အားပါးတရ မြွက်ဆိုလိုက်သည့် "မြတ်စွာဘုရား" ဟူသော အသံကို ကြားရလေလျှင် အနာ-

http://www.dhammadownload.com



ထပိဏ်သူဌေးကြီးသည် ခုဒ္ဒိကာပီတိ, ခဏိကာ ပီတိ,ဩက္ကန္တိကာ-ပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ ဟူသော ပီတိငါးမျိုးကို ရရှိလေသည်၊ပီတိငါးမျိုးသည် အနာထပိဏ်သူဌေးကြီး၏ ဦးခေါင်းမှ အစဖြစ်၍ ခြေဖမိုးတိုင် လွှမ်းမိုးသွားလေသည်၊ ခြေဖမိုးမှ အစဖြစ်၍ ဦးခေါင်းတိုင် လွှမ်းမိုးသွားလေသည်၊ နံပါးနှစ်ဖက်မှ အစဖြစ်၍ အလယ်တကိုယ်လုံး ပြန့်နှံ့သွားလေသည်၊ အလယ်မှ အစဖြစ်၍ နံပါးနှစ်ဖက်အနှံ့ ပြန့်၍သွားလေသည်၊ အနာထပိဏ်သူဌေးကြီးသည် ပီတိငါးမျိုးဖြင့် အကြားမလပ် တွေ့ထိအပ်သော ကိုယ်ရှိသည်ဖြစ်ရကား ရာဇဂြိုဟ်သူဌေးကြီးကို "သူဌေးကြီး····သင်သည် 'မြတ်စွာဘုရား' ဟူ၍ ပြောဆိုလိုက်သလား" ဟု မေးမြန်းလေသည်၊ရာဇဂြိုဟ် သူဌေးကလည်း "သူဌေးကြီး····ကျွန်ုပ်သည် 'မြတ်စွာဘုရား' ဟူ၍ပြောဆိုလိုက်ပါသည်" ဟု ဖြေကြားလေသည်။

ဤနည်းအတူ သုံးကြိမ်တိုင်တိုင် မေးဖြေပြီးလျှင် အနာထပိဏ်သူဌေးကြီးသည်—

> "သူဌေးကြီး····လောကမှာ 'မြတ်စွာဘုရား····မြတ်စွာဘုရား' ဟူသော အသံကိုသော်သည်း ကြားရခဲ နာရခဲဘိ၏၊ သူဌေးကြီး····ဤယခုအခါ၌ အရဟံဂုဏ်ရှင် သမ္မာ-သမ္ဗုဒ္ဓဂုဏ်ရှင် ထိုမြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်ခြင်းငှါ တတ်နိုင်ပါသေး၏လော (=သွား၍ဖြစ်နိုင်ပါသေး၏ လော)"—

ဟူ၍ ရာဇဂြိုဟ် သူဌေးကြီးကို မေးမြန်းလေ၏၊ ထိုအခါ ရာဇဂြိုဟ်သူဌေးကြီးသည် "ဘုရားရှင်တို့မည်သည် အဆိပ်ထန်ပြင်း မြွေမင်းကြီးများပမာ ချဉ်းကပ်နိုင်ခဲစွာကုန်၏၊ မြတ်စွာဘုရားသည်လည်း သုသာန်သင်းချိုင်း၏အနီး (သီတဝနတောရကျောင်း)၌ သီတင်းသုံးနေထိုင်တော်မူဆဲဖြစ်၏၊ ဤ (နေဝင်ခါနီး) အချိန်မှာ ဤအနာထပိဏ် သူဌေးကြီးသည် ထိုတောရကျောင်းသို့ သွားရောက်ခြင်းငှါ စွမ်းနိုင်မည် မဟုတ်ချေ "ဟု အောက်မေ့ဆင်ခြင်ကာ—

http://www.dhammadownload.com



"သူဌေးကြီး····ဤယခုအချိန်၌ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ထိုမြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်ခြင်းငှါ အခါမဟုတ်တော့ပါ (= အချိန်မရှိတော့ပါ)၊ အသင်သူဌေးမင်းသည် ယခုတော့ နက်ဖြန်နံနက်စောစောအခါ၌သာ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ထိုမြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်နိုင်ပါတော့မည်"—

ဟူ၍ ဖြေကြား ပြောဆိုလေသည်၊ ထိုအခါ အနာထပိဏ် သူဌေးကြီးသည် "ငါကား ယခုတော့ နက်ဖြန်နံနက်စောစော အခါကျမှသာ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ထိုမြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်နိုင်တော့မည်" ဟု ကြံစည်အောက်မေ့ကာ (အာရုံတပါး မစဉ်းစားတော့ပဲ) မြတ်စွာဘုရားလျှင် အာရုံရှိသော သတိဖြင့် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ ထင်ရှားစေဦးအံ့···· "မြတ်စွာဘုရား" ဟူသော ကြားရခဲလှသော အသံကိုကြားရသဖြင့် ထိုနေ့အဖို့ရာ အနာထပိဏ်သူဌေးကြီးသည် မိမိယူဆောင်လာသည့် ဘဏ္ဍာလှည်းတို့၌ငှင်း, မိမိ၏ အလုပ်အကျွေးလူများ၌ငှင်း စိတ်မဝင်စားတော့ပဲ ညစာကိုလည်း မစားတော့ပဲ ဘုံခုနစ်ဆင့် (= ခုနစ်ထပ်) ရှိသော ပြာသာဒ်ထက်သို့ တက်၍ ကောင်းစွာခင်းထားအပ်သည့် တန်းဆာဆင်အပ်သော အိပ်ရာနေရာမြတ်၌ လျောင်းလျက် နှုတ်မှလည်း "မြတ်စွာဘုရား····မြတ်စွာဘုရား"ဟူ၍ သရဇ္ဈာယ်ရွတ်ဆိုပွါးများရင်းပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

အနာထပိဏ် သူဌေးကြီးသည် ညဦးယံ လွန်လတ်သော် လျောင်းစက်ရာမှထ၍ မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်တလဲလဲ ဆင်ခြင် အောက်မေ့လေသည်၊ ထိုအခါ အနာထပိဏ်သူဌေးကြီးအား မြတ်စွာဘုရား၌ အလွန်အားကြီးသော ကြည်ညိုခြင်း (= ဗလဝသဒ္ဓါ)တရားများ တဖွားဖွား ဖြစ်ပွါးလေသည်၊ ပီတိကြောင့် ဖြစ်သော အလင်းရောင်များ ပေါ်ထွက်လာကာ အမှောင်ခတ်များ ကင်းကွာသွားလေသည်၊ ဆီမီးအထောင် ညှိထွန်း

http://www.dhammadownload.com



သကဲ့သို့၎င်း၊ လဝန်းနေဝန်းကြီးများ ပေါ်ထွန်းထွက်ပြူလာသကဲ့သို့၎င်း ဖြစ်ရှိလေ၏။ အနာထပိဏ်သူဌေးကြီးသည် "ဩ…ငါသည် မှေးလျော့ခြင်းသို့ ရောက်နေစွာ့တကား၊ နေဝန်းကြီးပင် ပေါ်ထွန်းထွက်ပြူလာလေပြီ" ဟု ညည်းတွားပြောဆိုကာ နေရာမှထ၍ ကောင်းကင်သို့ လဝန်းဆွန်းပနေသည်ကို ကြည့်ရှု၍ "ညဉ့်ဦးယံသာ လွန်ပါသေးတကား၊ သန်းခေါင်ယံနှင့် မိုးသောက်ယံနှစ်ပါးတို့ အချိန်ကျန်ရှိပါသေးတကား" ဟု စဉ်းစားဆင်ခြင်မိကာ တဖန် အိပ်ရာတိုက်ခန်းသို့ ဝင်၍ လျောင်းစက်ပြန်လေသည်။

ထိုနည်းဖြင့်ပင် သန်းခေါင်ယံအဆုံး၌၎င်း မိုးသောက်ယံအဆုံး၌၎င်း ဤသို့လျှင် သုံးကြိမ်တိုင်တိုင် အိပ်ရာမှ ထခဲ့လေသည်၊ ပစ္ဆိမယံ၏ အဆုံး၌ကား မိုးသောက်အားကြီး လင်းခါနီး၌ပင် ထ၍ လသာဆောင် (=လက်ရန်း) အပြင်အတိုင်း လာလတ်သော် အဝင်တံခါးမကြီး အနီးသို့ ရောက်လေ၏၊ ဘုံခုနစ်ဆင့် (=ခုနစ်ထပ်)တို့၌ရှိသော အဝင်တံခါးမများသည် အလိုလိုသာ ပွင့်ပြီးဖြစ်ရှိနေလေသည်။ အနာထပိဏ်သူဌေးကြီးသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်မှ ဆင်းခဲ့၍ မြို့တွင်းလမ်းမအတိုင်း လျှောက်၍လာခဲ့လေ၏။

အနာထပိဏ် သူဌေးကြီး သိဝကမည်သော တံခါးအနီးသို့ ရောက်ရှိလေလျှင် မြို့စောင့် (အရိယာ) နတ်တို့သည် "ဤအနာထပိဏ်သူဌေးကြီးကား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးဆည်းကပ်ရန် သွားမည်ဟူသောအကြံဖြင့် ထွက်ခဲ့လေပြီ၊ ဤသူဌေးကြီးသည် မြတ်စွာဘုရားရှင်ကို ပဌမအကြိမ် ဖူးမြော်ရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်၍ ရတနာသုံးပါးတို့အား အသာဆုံး အမြတ်ဆုံး အလုပ်အကျွေး ဒါယကာ တဦးဖြစ်ကာ အတုမရှိသော သံဃာအရာမ် (=ကျောင်းတိုက်) ကြီးကို ဆောက်လုပ်ပြီးလျှင် အရပ်လေးမျက်နှာမှ လာလာသမျှသောအရိယာသံဃာအပေါင်း အတွက် မပိတ်ဆို့အပ်သော တံခါးရှိသူ (=ဟံခါးဟင်းလင်း ဖွင့်၍ထားသူ) ဖြစ်ပေလိမ့်မည်၊ ဤသူဌေးကြီးအား တံခါးကို

http://www.dhammadownload.com



ဖိတ်ထားခြင်းငှါ မသင့်လျော်" ဟု ကြံစည် အောက်မေ့ကြပြီးလျှင် ကြိုတင်၍ မြို့တံခါးကို ဖွင့်ထားနှင့်ကြလေကုန်၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးအား မြို့မှ ထွက်မိလတ်သော် အလင်းရောင်များ ကွယ်ပျောက်၍ အမှောင်များ ရောက်လာလေသည်၊ ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း မွေးညှင်းရွှင်ပျ(=ကြက်သီးထ)ခြင်းများ ဖြစ်လာလေသည်၊ သို့ရကား အနာထပိဏ် သူဌေးကြီးသည် ထိုအရပ်မှပင်(ရှေ့သို့ဆက်၍ မသွားပဲ) ပြန်လည်ဆုတ်နစ်ခြင်းငှါ အလိုရှိလေသည်။ (ရာဇဂြိုဟ်ပြည်ကား လူမျိုးပေါင်းများစွာ ရောပြွမ်းစည်ပင်လှ၏၊ မြို့တွင်း၌ ကိုးကုဋေ မြို့ပြင်၌ ကိုးကုဋေအားဖြင့် လူဦးရေ တဆယ့်ရှစ်ကုဋေတို့သည် ရာဇဂြိုဟ်ပြည်ကို မှီ၍ နေကြကုန်၏၊ အချိန်မတော် ညဉ့်အခါ၌ သေလွန်ကုန်သော လူများကို မြို့တံခါးမကြီး ပိတ်ထားသဖြင့် မြို့ပြင်သို့ ထုတ်ဆောင်သဂြိုဟ်ခြင်းငှါ မစွမ်းနိုင်ကုန်ရကား မြို့ရိုးပေါ်ရှိ ပြအိုး၌ရစ်တည်ကြကာ မြို့တော်တံခါးမ အပြင်ဘက်သို့ ပစ်ချကြရကုန်၏။ (သို့ရကား) အနာထပိဏ် သူဌေးကြီးသည် မြို့မှ အပြင်သို့ ထွက်လျှင်ပင် လောလောလတ်လတ် စွန့်ပစ်ပြီးစ ဖြစ်သော သူကောင်တခုကို နင်းမိလေတော့သည်၊ အခြားသူကောင်တခုကိုလည်း ခြေဖမိုးဖြင့် တိုက်မိလေတော့သည်၊ ထိုအခါ ယင်ကောင်များ ဝေါကနဲ ပျံသန်းရစ်ဝဲကြလေ၏၊ သူကောင်မှ အပုပ်နံ့သည် သူဌေးကြီး၏ နှာခေါင်းတွင်းသို့ ထိုးဝင်လာလေတောသည်၊ ထို့ကြောင့် သူဌေးကြီး၏ သန္တာန်၌ ဖြစ်ပွါးနေသော ဘုရားသခင်၌ ကြည်ညိုမှု ပသာဒသဒ္ဓါတရားသည် ပါး၍သွားလေတော့သည်၊ သို့ရကား သူဌေးကြီး၏ ကိုယ်မှ ထွက်နေသည့် ပီတိကြောင့် ဖြစ်သော အရောင်များ ကွယ်ပျောက်၍ အမိုက်မှောင်များ ရောက်လာလေသည်၊ ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း မွေးညှင်းရွှင်ပျ (=ကြက်သီးထ)ခြင်းများ ဖြစ်၍လာလေသည်။ သို့ရကား သူဌေးကြီးသည် ထိုအရပ်မှပင် ပြန်လည်ဆုတ်နစ်ခြင်းငှါ အလိုရှိလေသည်)။

http://www.dhammadownload.com



ထိုအခါ သိဂကနတ်ဘီလူးသည် ကိုယ်ထင်မပြပဲ "ငါသည် သူဌေးကြီးအား ရှေ့သို့ဆက်သွားရန် လုံ့လကို ဖြစ်စေအံ့" ဟူ၍ ကြိုးစည်ကာ ရွှေဆည်းလည်း (ဆွဲလဲ) ကို လှုပ်သည့်ပမာ သာယာ ချိုမြိန်စွာသော အသံဖြင့်—

"သတံ ဟတ္ထိ သတံ အဿာ၊
သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊
အာမုက္ကမဏိကုဏ္ဍလာ။
ကေဿ ပဒဝီတိဟာရဿ၊
ကလံ နာဂ္ဃန္တိ သောဠသိံ။

(မဟာသေဋ္ဌိ = အနာထပိဏ် ဂုဏ်သိရ်လျှံညီး အို သူဌေးကြီး....)။ သတံ ဟတ္ထိ သဟဿာနိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချၤာတွက်ကိန်း ဆင်တသိန်းတို့သည်ငှင်း။ သတံ အဿာ သဟဿာ နိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချၤာ တွက်ကိန်း မြင်းတသိန်းတို့သည်ငှင်း။ သတံ အဿတရီရထာ သဟဿာနိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုး တန် ရတနာ သချၤာ တွက် ကိန်း အဿ တိုရ် မြင်း က သည့် ရ ထား တ သိန်း တို့ သည် ငှင်း။ အာ မု က္က မ ဏိ- ကုဏ္ဍလာ = ပတ္တမြား နားဒေါင်း သွယ်ပျောင်းစုံလင် တန်း ဆာ ဆင် အပ် ကုန် ပြီး သော။ သတံ ကညာသဟ- ဿာနိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန် ရတနာ သချၤာတွက်ကိန်း သတို့သမီးကညာ တသိန်းတို့ သည်ငှင်း၊၊ ကေဿ ပဒဝီတိဟာရဿ = "မြတ်စွာဘုရား ကို ဖူးမြော်မည်, တရားတော်ကို နာယူမည်, သံဃာတော် တို့ကို ပြုစုလုပ်ကျွေးမည်" ဟု ရွယ်ရည်မှန်းထား ကျောင်း တော်သို့ အရောက်သွားသည့် ယောကျ်ားလူ့စွမ်း ခြေ တလှမ်း၏။ (ဝါ)ခြေတလှမ်း၌ ဖြစ်ပွါးသော စေတနာ၏။ သော ဠ သိံ က လံ = တ ဆယ့် ခြောက် စိတ် ဆယ့် ခြောက်

http://www.dhammadownload.com



ပြန်စိတ်၍ တစိတ်လောက်ကမျှ။ (ဝါ) နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်။ နာဂ္ဃန္တိ = အဖိုးမထိုက်တန်ကြကုန်။

အို အနာထပိဏ်သူဌေးကြီး .... ရှေ့သို့တက် ဆက်၍သာ သွားပါလော့၊ အို အနာထပိဏ်သူဌေးကြီး....ရှေ့သို့တက် ဆက်၍သာ သွားပါလော့၊ သင်သူဌေးကြီးအဖို့ရာ ရှေ့သို့တက် ဆက်၍ သွားခြင်းကသာ ချီးမွမ်းအပ် မြတ်လှပါသည်၊ နောက်သို့ ပြန်လည်ဆုတ်နစ်ခြင်းသည် မချီးမွမ်းအပ် မမြတ်ပါ"—

ဟူ၍ ပြောကြားလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် "ငါကား တယောက်တည်းဟူ၍ မှတ်ထင်၏၊ ငါ၏ နောက်လိုက် အဖော်သဟဲများလည်း ရှိကြ၏၊ အဘယ်ကြောင့် ကြောက်ရမည်နည်း" ဟု ကြံစည်ဆင်ခြင်မိကာ ရဲရင့်၍လာပြန်၏၊ ထိုအခါ သူဌေးကြီးသန္တာန်၌ အားကြီးသော (မြတ်စွာဘုရား၌ ကြည်ညိုသည့်) သဒ္ဓါတရားဖြစ်ပွါးလာပြန်၏၊ ထို့ကြောင့် အမှောင်ပျောက်၍ အလင်းရောင်ရောက်ပြီးလျှင် ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းတို့လည်း ငြိမ်းအေးသွားကုန်၏။

ထို့နောက် အနာထပိဏ်သူဌေးကြီးသည် ရှေ့သို့တက်၍ ခရီးဆက်ခဲ့ပြန်ရာ ကြောက်ဖွယ်ကောင်းသော သုသာန်လမ်းခရီးတလျှောက်၌ အသုဘသူကောင် အမျိုးမျိုးတို့ကို မြင်ရပြန်၏၊ ကြောက်ဖွယ်ကောင်းသည့် အိမ်ခွေး တောခွေး စသည်တို့၏ အသံကို ကြားရပြန်၏၊ ထို့ကြောင့် ကြောက်စိတ်များ ဝင်ရောက်ကာ ဒုတိယအကြိမ် ၎င်းရှေးနည်းအတိုင်း အလင်းရောင်ပျောက်၍ အမှောင်ရောက်ခြင်း စသည် ဖြစ်သောအခါ ရှေးနည်းအတူပင် သိဝကနတ်ဘီလူး အားပေးစကား ပြောကြားသဖြင့် အမှောင်ပျောက်၍ အလင်းရောင်ရောက်ခြင်း စသည်တို့ ရှေးနည်းအတူဖြစ်၍ ခရီးဆက်ပြန်သောအခါလည်း တတိယအကြိမ်မြောက်

http://www.dhammadownload.com



ရှေးနည်းအတူ အလင်းရောင်ပျောက်ခြင်း စသည် တွေ့ကြုံသမျှ ဘေးရန်အလုံးစုံကို အဖန်ဖန် မြတ်စွာဘုရား၌ ကြည်ညိုခြင်း ပသာဒတရားကို ပွါးများစေကာ ကျော်နင်း လွန်မြောက်လျက် သာ သွားလေ၏။

ထိုသို့ သွားသဖြင့် အနာထပိဏ်သူဌေးကြီးသည် အစဉ်သဖြင့် သီတဝနတောအုပ်သို့ ရောက်ဆိုက်လေ၏၊ ထိုအချိန်၌ မြတ်စွာဘုရားသည် မိုးသောက်အားကြီး လင်းလုနီးကာလ ဝယ် ဟင်းလင်းအပြင် လွင်တီးခေါင်၌ လူးလာတုံ့ခေါက် စင်္ကြံတော် လျှောက်၍ နေတော်မူဆဲဖြစ်လေသည်။

အနာထပိဏ်သူဌေးကြီးသည် သွားရင်းပင် "ဤလောက၌ ပူရဏကဿပ စသော တိတ္ထိဆရာကြီးတို့သည် 'ငါတို့ကား ဘုရားများ ဖြစ်ကြ၏၊ ငါတို့ကား ဘုရားများ ဖြစ်ကြ၏' ဟု ပြောဆိုကြကုန်၏၊ ငါသည် ဘယ်ပုံဘယ်နည်းဖြင့် မြတ်စွာဘုရား၏ ကေန်စင်စစ် ဘုရားဖြစ်ကြောင်းကို ကောင်းစွာ သိရပါမည်နည်း" ဟူ၍ ကြံစည်မိလေသည်၊ ထိုအခါ အနာထပိဏ်သူဌေးကြီး၏ စိတ်သန္တာန်ဝယ် တဖန်ထပ်ဆင့်၍ "ကိုးကွယ်ရာ မဲ့သူတို့အား အစာထမင်း ပေးကမ်းခြင်း တည်းဟူသော ဂုဏ်ကျေးဇူးကြောင့် ဖြစ်ပေါ်လာသည့် အနာထပိဏ်သူဌေးဟူသော ငါ၏အမည်ကို လူအများပင်သိကြ၏၊ ငါ၏မိဖတို့ မှည့်ခေါ်ပေးအပ်သည့် (သုဒတ္တဟူသော) အမည်ကိုကား ငါ့အပြင် အခြားသူ တဦးတယောက်မျှ မသိချေ၊ အကယ်၍ ဘုရားစင်စစ် ဖြစ်တော်မူလျှင် မြတ်စွာဘုရားသည် ငါ့ကို မိဖတို့ မှည့်ခေါ်ပေးအပ်သည့် (သုဒတ္တ ဟူသော) အမည်ဖြင့် ခေါ်တော်မူလိမ့်မည်" ဟု အကြံဖြစ်လေ၏။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီး လာလတ်သည်ကို အဝေးမှပင် မြင်တော်မူ၍ စင်္ကြံတော်မှ ဆင်းသက်ပြီးလျှင် ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူပြီးကာ အနီးသို့ ရောက်ရှိလာသော အနာထပိဏ်သူဌေးကို (၎င်း၏အကြံကို ကြိုတင်သိရှိတော်မူပြီး ဖြစ်သည့်အတိုင်း) "ဟေ သုဒတ္တ =

http://www.dhammadownload.com



လာလေ့ ချစ်သား သုဒတ္တ····”ဟူ၍ ခေါ်ဝေါ်တော်မူလေသည်၊ ထိုအခါ အနာထပိဏ်သူဌေးကြီးသည် “ငါ့ကို မြတ်စွာဘုရားသည် မိဖတို့ မှည့်ခေါ်အပ်သော အမည်ရင်းဖြင့် ခေါ်တော်မူပေ၏” ဟု အောက်မေ့ကာ ဝမ်းမြောက်တက်ကြွသော စိတ်နှလုံးရှိပြီးလျှင် မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဝပ်လျှိုး ရှိခိုးဦးညွှတ်ပြီးသော် မြတ်စွာဘုရားကို “ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ဘုန်းတော်သခင် ရှင်ပင်ဘုရားသည် ချမ်းသာစွာ ကျိန်းစက်တော်မူရပါ၏လော” ဟူ၍ လျှောက်ထားမေးမြန်းလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ် သူဌေးကြီးကို—

သဗ္ဗဒါ ဝေ သုခံ သေတိ၊
ဗြာဟ္မဏော ပရိနိဗ္ဗုတော။
ယော န လိမ္ပတိ ကာမေသု၊
သီတိဘူတော နိရူပဓိ။

(ဂဟပတိ = ဒါယကာ အနာထပိဏ်သူဌေး····)။ ယော = အကြင်ရဟန္တာသခင် အရှင်မြတ်သည်။ ကာမေသု = ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ န လိမ္ပတိ = ကိလေသာညွန်တို့ဖြင့် လိမ်းကျံတော်မမူ။ သီတိဘူတော = ကိလေသာဟူ အပူကင်းဝေး ငြိမ်းအေးတော်မူသည် ဖြစ်၍။ နိရူပဓိ = ကိလေသာ, အဘိသင်္ခါရ, ကာမဂုဏ်အား သုံးထွေပြားသော ဥပဓိတရားတို့မှ ကင်းရှင်းတော်မူပြီး ဖြစ်ပေ၏။ ဗြာဟ္မဏော = မကောင်းမှုကို အပပြုပြီးသော။ ပရိနိဗ္ဗုတော = ကိလေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း အပူဓာတ် သိမ်းတော်မူပြီးသော။ သော = ထိုရဟန္တာသခင် အရှင်မြတ်သည်။ သဗ္ဗဒါ = နေ့ညဥ့်ဆက်ကာ ခပ်သိမ်းသောအခါ၌။ ဝေ—ကေန္တေန = စင်စစ်ကေန် အမှန်အားဖြင့်။ သုခံ = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ = အိပ်ရ နေရ၏။

http://www.dhammadownload.com



သဗ္ဗာ အာသတ္တိယော ဆေတွာ၊
ဝိနေယျ ဟဒယေ ဒရံ။
ဥပသန္တော သုခံ သေတိ၊
သန္တိံ ပပ္ပုယျ စေတသာ။

(ဂဟပတိ = ဒါယကာ အနာထပိဏ် သူဌေး····)။ သော = ထိုရဟန္တာသခင် အရှင်မြတ်သည်။ သဗ္ဗာ = အလုံးစုံကုန်သော။ အာသတ္တိယော = အာရုံငါးသွယ် ငြိတွယ်လိုက်စား တဏှာတရားတို့ကို။ ဆေတွာ = မဂ်ဉာဏ်လေးရပ်ဖြင့် အကြွင်းမဲ့ဖြတ်ပြီး၍။ ဟဒယေ = နှလုံး၌။ ဒရံ = ကိလေသာဟူ အပူခပ်သိမ်းကို။ ဝိနေယျ = ပယ်ဖျောက်ပြီး၍။ သန္တိံ = ကိလေသာ ခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်သို့။ စေတသာ = အရဟတ္တ ဖလသမာပတ် စိတ်တော်မြတ်ဖြင့်။ ပပ္ပုယျ = ကြိမ်ကြိမ်ဖန်ဖန် ပြန်ပြန် ထောက်ထောက် ဆိုက်ရောက်တော်မူ၍။ ဥပသန္တော = ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းတော်မူပြီးဖြစ်၍။ သုခံ = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ = အိပ်ရ နေရ၏။

ဤကဲ့သို့ ကိုယ်တော်မြတ်မှာ ဇာရိယာ ပုထ်လေးပါး၌ပင် ချမ်းသာစွာ နေထိုင်ရကြောင်း မိန့်ကြားတော်မူပြီးလျှင် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးအား (ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း) မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ၊ (၂) သီလကထာ၊ (၃) သဂ္ဂကထာ၊ (၄) မဂ္ဂကထာ, ကာမာနံအာဒီနဝ, နေက္ခမ္မေ အာနိသံသကထာ ဒေသနာအစဉ်အတိုင်း ဟောကြားတော်မူ၍ ထိုအနာထပိဏ်သူဌေးကြီး၏ ခံ့သောစိတ်ရှိ, နူးညံ့သောစိတ်ရှိ, ပိတ်ပင်ခြင်း နီဝရဏကင်းသောစိတ်ရှိ,တက်ကြွဝမ်းမြောက်သော စိတ်ရှိ, ကြည်လင်သော စိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးအား သစ္စာလေးဝ

http://www.dhammadownload.com



သာမုက္ကံသိက ဓမ္မဒေသနာကို ဟောကြားတော်မူလေလျှင် အနာ-ထပိဏ်သူဌေးကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... လောကဥပမာအားဖြင့် မှောက်၍ထားသောဝတ္ထုကို လှန်လိုက်ဘိသကဲ့သို့ငှင်း, ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်ဘိသကဲ့သို့ငှင်း, မျက်စိလည် လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်ဘိသကဲ့သို့ငှင်း, 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားဘိသကဲ့သို့ငှင်း ထို့အတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်အား များစွာသော အကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာ ဟောပြတော်မူအပ်ပါပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကိုငှင်း, တရားတော်ကိုငှင်း, ရဟန်းသံဃာကိုငှင်း ကိုးကွယ်လည်းလျောင်းပုန်းအောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ရှည်သမျှကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာ ဟူ၍ မှတ်ယူတော်မူပါလော့" ဟူ၍ မြတ်စွာဘုရားအား လျှောက်ထားကာ လော-ကုတ္တရာ သရဏဂုံ ခံယူပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ ရဟန်းသံဃာတော်များနှင့်တကွ တပည့်တော်၏ဆွမ်းကို သည်းခံသာယာတော်မူပါဘုရား" ဟူ၍ လျှောက်ထားကာ ဆွမ်းအလှူခံရန် ပင့်ဖိတ်လေ၏။

မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်နေသဖြင့် အနာထပိဏ်သူဌေးကြီး၏ ဆွမ်းစားပင့်လျှောက်ချက်ကို လက်ခံသာယာတော်မူလေ၏၊ ထိုအခါ အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားသည်းခံသာယာတော်မူသည်ကို သိရှိကာ နေရာမှထ၍ မြတ်စွာ

မဟာဗုဒ္ဓဝင် ၃-၁၃-ပ မ-ဗ သ စ

http://www.dhammadownload.com



ဘုရားကို ရှိသေစွာရှိခိုးပြီးလျှင် လက်ျာရစ်လှည့်၍ မိမိ၏တည်းခိုရာ ရာဇဂြိုဟ်သူဌေးကြီးအိမ်သို့ ပြန်လေ၏။

### ရာဇဂြိုဟ်သူဌေးကြီး, ကုန်သည်ကြီးအသင်းတို့နှင့် မိမ္ဗိသာရမင်းတရားတို့က ကူညီရန် ဖိတ်မန္တကပြုကြခြင်း

အနာထပိဏ်သူဌေးကြီးက ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းစားပင့်လျှင်ပင် ထိုသတင်းစကား တမုဟုတ်ချင်း ပြန့်နှံ့ကာ ရာဇဂြိုဟ်သူဌေးကြီးသည် "မြတ်စွာဘုရား အမှူးရှိသော သံဃာတော်ကို အနာထပိဏ်သူဌေးကြီးက နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ ဆွမ်းစားပင့်အပ်ပြီတဲ့" ဟူသော သတင်းစကားကို ကြားသိလေလျှင် အနာထပိဏ်သူဌေးကြီးကို "အို အနာ-ထပိဏ်သူဌေးကြီး···· သင် သူဌေးကြီးသည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်ကို နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ ဆွမ်းစားပင့်အပ်ပြီ ဟူသော သတင်းစကားကို ကြားသိရပါသည်၊ သင်သူဌေးကြီးမှာလည်း (ဤအရပ်မှာ) အာဂန္တု ဧည့်သည် ဖြစ်နေပါသည်၊ သင်သူဌေးကြီးအား လက်ခံကျွေး အကူအညီ ပေးပါရစေ၊ ကျွန်ုပ်ပေးသော ယင်းလက်ခံကျွေးဖြင့် သင် သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းပြုစုပါလော့" ဟူ၍ ဖိတ်မန်စကား ပြောကြားလေ၏၊ ထိုအခါ အနာထပိဏ်သူဌေးကြီးက "အိုသူဌေးကြီး···· တော်ပါပြီ၊ ကျွန်ုပ် မှာ လက်ခံကျွေး ပေးစရာရှိပါ၏၊ ကျွန်ုပ်မှာရှိသော ယင်း လက်ခံကျွေးဖြင့် မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အား ဆွမ်းပြုစုပါမည်" ဟူ၍ ပြန်ကြား ပြောဆိုလေသည်။

ရာဇဂြိုဟ်ပြည်၌ နေသော ကုန်သည်ကြီး အသင်းဝင် သူကြွယ် အပေါင်းသည်လည်း ရာဇဂြိုဟ် သူဌေးကြီးနည်းတူပင် သတင်း စကား ကြားသိကြ၍ လက်ခံကျွေး အကူအညီပေးလိုကြောင်း ဖိတ်မန်စကား ပြောကြားလေ၏၊ ထိုအခါမှာလည်း ရှေးနည်း အတူပင် ပြန်ကြားပြောဆိုလေသည်။

http://www.dhammadownload.com



ဗိမ္ဗိသာရမင်းတရားကြီးသည့်လည်း ရာဇဂြိုဟ်သူဌေးကြီးနည်းတူပင် သတင်းစကား ကြားသိရ၍ လက်ခကံကျွေး အကူအညီပေးလိုကြောင်း ဗိတ်မန်စကား ပြောကြားလာ၏၊ ထိုအခါမှာလည်း အနာထပိဏ်သူဌေးကြီးသည် "အရှင်မင်းမြတ်…. တော်ပါပြီ၊ အကျွန်ုပ်မှာ လက်ခကံကျွေး ပေးစရာရှိပါ၏၊ အကျွန်ုပ်မှာရှိသော ယင်းလက်ခကံကျွေးဖြင့် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းပြုစုလုပ်ကျွေးပါမည်" ဟူ၍ ပြန်ကြားပြောဆိုလေသည်။

နောက်တနေ့နံနက် ရောက်သောအခါ အနာထပိဏ်သူဌေးကြီးသည် ယောက်ဖတော် ရာဇဂြိုဟ်သူဌေး၏အိမ်၌ ဘုရားအမှူးရှိသော သံဃာတော်ကို မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်ဖြင့် ဆက်ကပ်လုပ်ကျွေးပြီးလျှင် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေကာ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. ရှင်ပင်ဘုရားသည် ရဟန်းတော်အပေါင်းနှင့်တကွ တပည့်တော်များ၏ သာဝတ္ထိပြည်အရပ်၌ ဝါဆိုသီတင်းသုံးရန် သည်းခံ သာယာတော်မူပါဘုရား" ဟူ၍ လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးကို "ဒါယကာ အနာထပိဏ်သူဌေး…. မြတ်စွာဘုရားများသည် ဆိတ်ငြိမ်ရာအရပ်၌ ပျော်ပိုက်တော်မူကြကုန်၏" ဟူ၍ မိန့်ကြားလေသော် အနာထပိဏ်သူဌေးကြီးသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. (တပည့်တော်) သိပါပြီ၊ ကောင်းသောစကား မိန့်ကြားတော်မူသော မြတ်စွာဘုရား…. (တပည့်တော်) သိပါပြီ" ဟူ၍ ပြန်ကြားလျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးကို တရားစကား ဟောကြားတော်မူပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

### ရာဇဂြိုဟ်နှင့်သာဝတ္ထိအကြား တယူဇနာ တယူဇနာလျှင် စံကျောင်းတော် တဆောင်တဆောင် ဆောက်လုပ်စေခြင်း

ထိုခေတ် ထိုအချိန်မှာ အနာထပိဏ်သူဌေးကြီးကား မိတ်ဆွေ သူငယ်ချင်း အလွန်ပေါများသူဖြစ်၍ အနာထပိဏ်သူဌေးကြီး

http://www.dhammadownload.com



ပြောကြားသည့်စကားကို လူအများ ရှိသေစွာ နာယူသောအခါ ဖြစ်လေသည်၊ (သို့ရကား) အနာထပိဏ် သူဌေးကြီးသည် ရာဇဂြိုဟ်ပြည်၌ မိမိပြုလုပ်ဖွယ် ကုန်ရောင်းဝယ်မှုကိစ္စကို အလျင်အမြန် ပြီးဆုံးစေပြီးလျှင် သာဝတ္ထိပြည်သို့ ပြန်ခဲ့လေသည်။

ထိုအခါ အနာထပိဏ် သူဌေးကြီးသည် လမ်းခရီးအကြား၌ နေထိုင်ကြသော လူအများကို—

> အမောင်တို့.... တည်းခိုနားနေရန် အရာမ်ဥယျာဉ်များ ပြုလုပ်ကြကုန်၊ ကျောင်းများ တည်ဆောက်ကြကုန်၊ အလှူ ဝတ်များ တည်ထားကြကုန်၊ လောကကြီး၌ မြတ်စွာဘုရား သခင် ပွင့်ထွန်းဖြစ်ပေါ်တော်မူလာပြီ၊ ထိုမြတ်စွာဘုရား သည် ငါပင့်ဖိတ်ချက်အရ (အမောင်တို့နေရာ) ဤလမ်း အတိုင်း ကြွလာတော်မူပေလိမ့်မည်—

ဟု တိုက်တွန်း နှိုးဆော်စကား ပြောကြားလေသည်၊ ထိုအခါ လမ်းခရီးအကြားရှိ အနာထပိဏ်သူဌေးကြီး၏ မိတ်ဆွေသူငယ် ချင်း ဖြစ်ကြသော ထိုလူများသည် မိမိကိုယ်တိုင်က ငွေကြေးတတ် နိုင်သူများဖြစ်လျှင် သူဌေးကြီး၏ အကူအညီကို မယူကြပဲ မိမိငွေ ကြေးဖြင့်ပင် အရာမ်ဥယျာဉ်ကျောင်းများ ပြုလုပ်တည်ဆောက်၍ အလှူဝတ်များ တည်ထားကြလေသည်၊ ငွေကြေးနည်းပါးသော သူ, ငွေကြေးလုံးဝမတတ်နိုင်သူတို့အားကား အနာထပိဏ်သူဌေး ကြီးကပင် အကူအညီငွေကြေးပေးလေသည်၊ထိုလူများသည်လည်း ထိုငွေကြေးဖြင့် အရာမ်ဥယျာဉ်ကျောင်းများ ပြုလုပ်တည်ဆောက် ကြ၍ အလှူဝတ်များ တည်ထားကြလေသည်။

ဤသို့လျှင် အနာထပိဏ်သူဌေးကြီးသည် ငွေအသပြာတသိန်း နှင့် တသိန်းတန်သော သစ်ဝါး အဆောက်အဦ ဘဏ္ဍာများကို အကူအညီပေးပြီးလျှင် (ရာဇဂြိုဟ်နှင့် သာဝတ္ထိပြည်အကြား) လေးဆယ့်ငါးယူဇနာ ဝေးကွာသော ခရီးဝယ် တယူဇနာ တယူ ဇနာလျှင် စံကျောင်းတော် တဆောင် တဆောင် တည်ဆောက် ပြီးလျှင် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လေတော့သည်။

http://www.dhammadownload.com



## အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းတိုက်နေရာကို ရှာဖွေဝယ်ယူခြင်းအကြောင်း

ထိုအခါ အနာထပိဏ် သူဌေးကြီးသည် သာဝတ္ထိပြည်သို့ ရောက်၍ သာဝတ္ထိပြည်ထက်ဝန်းကျင်၌ "မြို့ရွာနှင့်မဝေးလွန်းခြင်း, မြို့ရွာနှင့် မနီးကပ်လွန်းခြင်း, သွားလမ်း လာလမ်းနှင့်ပြည့်စုံခြင်း, လူတိုင်း လူတိုင်း အလိုရှိသောအခါ သွားလာဖို့ရန် လွယ်ကူခြင်း, အာရုံငါးတန် မြို့သံ ရွာသံ လူသံတို့မှ ဆိတ်ခြင်း— ဖော်ပြရာပါ အင်္ဂါငါးချက်နှင့် ပြည့်စုံသည့် အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံး စံနေတော်မူပါမည်နည်း"ဟု ဆင်ခြင်ကြည့်ရှုဖွေရှာ လတ်သည်တွင် ဖော်ပြရာပါ အင်္ဂါငါးချက်နှင့် ပြည့်စုံသည့် ဇေတမင်းသား၏ ဥယျာဉ်ကို တွေ့မြင်လေသော် ဇေတမင်းသားထံသို့ သွားရောက်၍ "အရှင့်သား.... ကျောင်းတိုက် အရာမ်ဆောက် လုပ်ရန် အရှင့်သား၏ ဥယျာဉ်ကို အကျွန်ုပ်အား (အဖိုးပြတ်၍) ပေးစေချင်ပါသည်" ဟု အဝယ်စကားပြောကြားလေ၏၊ ထိုအခါ ဇေတမင်းသားသည် "သူဌေးကြီး.... ကျွန်ုပ်၏ဥယျာဉ်ကို **အသပြာချင်း အစွန်းထိအောင် ခင်းသဖြင့်လည်း** မပေးနိုင်ပါ" ဟူ၍ ပြန်ကြားပြောဆိုလေသည်။

> (ဤ၌။ ။ဇေတမင်းသားသည် "ကျွန်ုပ်၏ ဥယျာဉ်ကို မပေး နိုင်ပါ" ဟူ၍ ပြောဆိုလျှင် ဥယျာဉ်၏ တန်ဖိုးဖြတ်သည့်စကား ပြော ကြားသည် မမည်ချေ၊ ယခုမူ "ကျွန်ုပ်၏ ဥယျာဉ်ကို အသပြာချင်း အစွန်းထိအောင် ခင်းသဖြင့်လည်း မပေးနိုင်ပါ" ဟူ၍ ပြောဆိုလိုက် သည့်အတွက် မိမိဥယျာဉ်၏ တန်ဖိုးကို ဖြတ်လိုက်သည် မည်ရုံမက တန်ဖိုးထက် ပို၍ပင် ပြောကြားလိုက်သည် မည်နေပုံကို သတိပြုရာ၏)။

ထိုအခါ အနာထပိဏ် သူဌေးကြီးသည် ဇေတမင်းသား၏ စကားကျ အဓိပ္ပါယ်ကို ကောက်ယူပြီးလျှင် "အရှင့်သား.... အရှင့်သားသည် ဇေတဥယျာဉ်ကို (ရောင်းဝယ်ရန်စကားကမ်း လှမ်း) ပြောကြားချုပ်ဆိုမိလေပြီ" ဟူ၍ အရေးဆိုလိုက်လေသည်၊ ဇေတမင်းသားကလည်း "သူဌေးကြီး....ငါသည် ငါ့ဥယျာဉ်ကို (ရောင်းဝယ်ရန် ကမ်းလှမ်းသည့်စကား) လားလားမျှ မပြော အပ်ပါတကား" ဟူ၍ ငြင်းဆိုလိုက်လေသည်။

http://www.dhammadownload.com



ဤနည်းဖြင့် အနာထပိဏ် သူဌေးကြီးကလည်း "အရှင့်သားသည် မိမိပိုင် ဥယျာဉ်ကို (ရောင်းဝယ်ရန် ကမ်းလှမ်းသည့်စကား) ပြောကြားချုပ်ဆိုမိလေပြီ" ဟူ၍ရင်း, ဇေတမင်းသားကလည်း "ငါသည် ငါပိုင်ဥယျာဉ်ကို (ရောင်းဝယ်ရန် ကမ်းလှမ်းသည့်စကား) လားလားမျှ မပြောအပ်" ဟူ၍ရင်း တဖက်နှင့်တဖက် အငြင်းပွါးကာ တရားလွှတ်ရုံးသို့တက်၍တရားသူကြီးအမတ်တို့ထံ အဆုံးအဖြတ်ခံကြသည်ရှိသော် တရားသူကြီးဖြစ်သူ အမတ်များကလည်း "အရှင့်သား····အရှင့်သားသည် **အသပြာ ချင်း အစွန်း ထိစအောင်ခင်းသဖြင့်လည်း** ဟူ၍ (မတန်သည့်)အဖိုးပြတ်စကား ပြောကြားမိရကား အရှင့်သား ပိုင်ဆိုင်သည့် ဥယျာဉ်ကို (ရောင်း ဝယ်ရန် ကမ်းလှမ်းသည့်စကား) ပြောကြားချုပ်ဆိုမိလေပြီ"ဟူ၍ ဆုံးဖြတ်ချက် ချမှတ်ကြလေကုန်၏၊(အလွန်သိမ်မွေ့သော လောကီစကားဖြစ်သည်၊ဉာဏ်ပညာကြီးစွာဖြင့် စဉ်းစားဆင်ခြင်နိုင်မှ နားလည်ကျေနပ်ကြပေမည်)။

ထိုသို့ တရားလွှတ်ရုံးမှ အနိုင်ရလာသောအခါ အနာထပိဏ် သူဌေးကြီးသည် ရွှေဒင်္ဂါး (=ဒေါ်လာ) များကို လှည်းများဖြင့် တိုက်ထုတ်စေပြီးလျှင် ဇေတမင်းသား၏ ဥယျာဉ် မြေအပြင်ကို အသပြာချင်း (=ရွှေဒင်္ဂါး ဒေါ်လာချင်း) အစွန်းထိစပ်အောင် ခင်းစေလေတော့၏။ ထိုဥယျာဉ် အတွင်း၌ရှိသော ခင်း၍မဖြစ် နိုင်သည့် ရေကန်နေရာ သစ်ပင်နေရာတို့အတွက်လည်း ထိုရေကန် သစ်ပင်တို့၏ အဝန်း အဝိုင်းပမာဏကို တိုင်းယူပြီးလျှင် အခြား တနေရာ၌ ထိုပမာဏနှင့်အညီ အသပြာ ရွှေဒင်္ဂါး (=ဒေါ်လာ) ချင်း အစွန်းထိစပ်အောင်ခင်း၍ ပေးလေသည်၊ ဤသို့လျှင် အနာ-ထပိဏ်သူဌေးကြီး၏ အရေးရှိလျှင် သုံးစွဲရန် သိုမှီးသိမ်းဆည်း၍ ထားသော ရွှေဒင်္ဂါး ဒေါ်လာပေါင်း(၁၈၀၀၀၀၀၀၀)ဆယ့်ရှစ်ကုဋေ (=သန်းပေါင်းတရာ့ရှစ်ဆယ်)သော ဥစ္စာများ ကျောင်း တိုက်နေရာ ဝယ်ယူရေးကိစ္စမှာပင် ကုန်ကျလေသည်။

အနာထပိဏ် သူဌေးကြီးသည် ထိုပဌမအကြိမ်လှည်းများဖြင့် တိုက်ထုတ်လာခဲ့သော အသပြာ (=ရွှေဒင်္ဂါး ဒေါ်လာ) တို့ဖြင့်

http://www.dhammadownload.com



ဇေတဝန်ကျောင်းတိုက် နေရာကို အသပြာချင်း အစွန်းထိအောင် ခင်းစေရာ များစွာသောကျောင်းတိုက်နေရာ မြေအပြင်ကို ခင်းမိ၍ တံခါးမုခ်နေရာ အနည်းငယ်မြေကွက်အတွက်သာ အသပြာ (= ရွှေဒင်္ဂါး ဒေါ်လာ) များ လိုနေလေသည်၊ ထိုအခါ သူဌေးကြီး သည် မိမိ၏ လူများကို "အမောင်တို့…. သွားကြကုန်၊ ရွှေဒင်္ဂါး ဒေါ်လာများကို တိုက်ထုတ်ယူဆောင်ခဲ့ကြကုန်၊ ဤကျောင်းတိုက် မုခ်နေရာ မြေအပြင်ကို ခင်းကြကုန်အံ့" ဟူ၍ အမိန့်ပေးစကား ပြောကြားလေသည်။

### ဇေတမင်းသား ကျောင်းတိုက်မုခ်ဦးပြာသာဒ်ကို လှူဒါန်းခြင်း

ထိုမျှ များပြားစွာသော ဥစ္စာကို စွန့်လွှတ်လှူဒါန်းသော အနာထပိဏ် သူဌေးကြီး၏ မျက်နှာမှာ တိုး၍ တိုး၍သာလျှင် ကြည်လင်လျက်ရှိချေ၏၊ထိုအခြင်းအရာကိုမြင်၍ ဇေတမင်းသား၏ စိတ်သန္တာန်ဝယ်"ဤအနာထပိဏ်သူဌေးကြီး ထိုမျှ များပြားသော ရွှေဒင်္ဂါး ဒေါ်လာများကို မျက်နှာအဆင်းတိုး၍ တိုး၍ ကြည်လင် ကာ လှူဒါန်းစွန့်လွှတ်မှု ပြုလုပ်ခြင်းသည် ကေနပင် မယုတ်ညံ့ သော ကောင်းမှု ဖြစ်ပေလိမ့်မည်" ဟု ကြံစည် စဉ်းစားမိကာ ဇေတမင်းသားသည် အနာထပိဏ် သူဌေးကြီးကို "တော်ပါတော့ တန်ပါတော့ သူဌေးကြီး…. ထိုနေရာကို မခင်းပါစေနှင့်တော့၊ ဤနေရာကလေးကို ကျွန်ုပ်အား ပေးပါလော့၊ ဤနေရာကလေး သည် ကျွန်ုပ်၏ အလှူဒါန ဖြစ်ပါလိမ့်မည်" ဟူ၍ တောင်းပန် စကား ပြောကြားလေသည်၊ထိုအခါအနာထပိဏ်သူဌေးကြီးသည် "ဤဇေတမင်းသားကား ထင်ရှား ကျော်စောသူ လူသိများ သူတယောက်ဖြစ်လေသည်၊ ဤဇေတမင်းသားတို့ကဲ့သို့ ကျော် စောထင်ရှား လူသိများသူတို့ တရားသဖြင့်ဆုံးမရာ ဤဘုရား သာသနာ၌ သဒ္ဓါကြည်ညိုခြင်းသည် အကျိုးကြီးလှပေ၏" ဟု ကြံစည်ပြီးလျှင် ထိုအရပ်ကို ဇေကမင်းသားအား ပေးလေ၏။

http://www.dhammadownload.com



ထိုအခါ ဇေတမင်းသားသည် ထိုမြေနေရာအရပ်၌ ဘုံခုနစ်ဆင့်ရှိသော ကျောင်းတိုက်မုခ်ဦး ပြာသာဒ်ကြီးကို တည်ဆောက်လှူဒါန်းလေ၏။

### အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတိုက်ကြီး တည်ဆောက်ခြင်း

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် အခြားအသပြာ(=ရွှေဒင်္ဂါး ဒေါ်လာ) သန်းပေါင်း (၁၈၀၀၀၀၀၀၀) တရှဲ့ရှစ်ဆယ် (=ဆယ့်ရှစ်ကုဋေ) အကုန်အကျခံ၍ ဇေတမင်းသား၏ ဥယျာဉ်အရာမ်၌ ပယ်သင့်သော သစ်ပင်များကို ပယ်၍ဎင်း, ချန်သင့်သောသစ်ပင်များကို ကျောင်းတိုက်ကြီး၌ တင့်တယ်အေးမြရန် ချန်၍ဎင်း, မြတ်စွာဘုရား သီတင်းသုံးတော်မူရန် ကျောင်းတော်(ဂန္ဓကုဋီ)နှင့်တကွ အရံကျောင်းတော်ကြီးများကိုဎင်း,ခမ်းနားလှစွာသော ကျောင်းဦးမုခ် ပြာသာဒ်ကြီးများကိုဎင်း, သံဃာတော်များ ညီမူစည်းဝေးတော်မူကြရန် တန်ဆောင်းဝန်းကြီးများကိုဎင်း,မီးတင်းကုပ်များကိုဎင်း,ကပ္ပိယ ကုဋီကျောင်းများကိုဎင်း, ဝစ္စကုဋီများကိုဎင်း, မြေစင်္ကြံများကိုဎင်း, ထိုမြေစင်္ကြံများ၏ အမိုးတန်းလျားများ အဆောက်အဦများကိုဎင်း, ရေတွင်းများကိုဎင်း, ထိုရေတွင်းများ အပေါ်မှ အမိုး အဆောက်အဦများကိုဎင်း, ရေချိုးဇရုံး(=ရေချိုးအုံ)များ, ချွေးဇရုံး(=ချွေးထုတ်အုံ)များ, ထိုဇရုံးအိမ်များ၏ အမိုးအကာ အဆောက်အဦများကိုဎင်း, လေးထောင့် ရေကန်များကိုဎင်း, မဏ္ဍပ်များကိုဎင်း, လိုလေသေးမရှိအောင် သူ့နေရာနှင့်သူ နေ့သန့်ရာ ညဥ့်သန့်ရာ အဆောက်အဦများပါ အပြည့်အစုံ ကျောင်းတိုက်ကြီး ဖန်တီးတည်ဆောက်လေသည်၊ ထိုဇေတဝန်ကျောင်းတိုက် မြေနေရာ၏ အကျယ်အဝန်းကား ရှစ်မင်းပယ်ခန့် ပမာဏရှိလေသည်။

လက်မနှစ်ဆယ့်လေး၊ ခေါ် ရေးသံတောင်။ ထိုနောင်လက်မ၊ နှစ်ဆယ်ကသော်၊ ရှစ်ခုကျော်မူ၊ ခေါ်ကြမှန်အောင်၊ ဆင်တိုင်းတောင်တည့်။ ထိုနောင်အဆုံး၊ သုံးဆယ်နှစ်လက်မ၊ ရှိပြန်ကမူ၊ ဌာနလူ့တောင်၊ လယ်ဖွဲ့တောင်တည့်။ ခုနစ်ဇောင်မှ၊ တတာရ၏။ မှန်လှနည်းသွယ်၊

http://www.dhammadownload.com



**တာနှစ်ဆယ်ကို၊တကြိုးဆိုလေ၊ ထိုကြိုးထေးခန်း၊ စတုရန်းမူ၊ တာဝန်း ရှစ်ဆယ်၊ လယ်တပယ်တည်။ ။(အလိုရှိက မှတ်ယူရန် ပယ်ဖွဲ့ပေါရာဏ လင်္ကာဖြစ်သည်။)**

**ဇေတဝန်ကျောင်းတော်နေရာ**

ဤဇေတဝန် ကျောင်းတော်နေရာကား ဤဘုရား လက်ထက်၌သာ ကျောင်းတော်နေရာ ဖြစ်သည်မဟုတ်၊ ကဿပမြတ်စွာဘုရား အစရှိသော ရှေးနောင်တော် နောင်တော်ဘုရားရှင်တို့၏ ကျောင်းတော်နေရာလည်း ဖြစ်ခဲ့ပေ၏၊ ထင်ရှားစေဦးအံ့—

(၁) ဝိပဿီမြတ်စွာဘုရား လက်ထက်တော်ကလည်း (ထို ဇေတဝန်ကျောင်းတော် နေရာမှာပင်)ပုနဗ္ဗသုမိတ္တ မည်သော သူဌေးကြီးသည် ရွှေအုတ်ချပ် အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် တယူဇနာ ကျယ်ဝန်း သော သံဃအရာမ်( = ကျောင်းတိုက်)ကြီး ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

(၂) သိခီ မြတ်စွာဘုရား လက်ထက်တော် အခါ၌ သီရိဝဍ္ဍအမည်ရှိသော သူဌေးကြီးသည်(ဇာတ်အဋ္ဌကထာ အလို) ရွှေထွန်သွားတုံး (ဝိနည်းအဋ္ဌကထာအလို) ရွှေ တောင်ဝှေး = ရွှေချောင်း အစွန်းချင်း ထိစပ်အောင် ခင်း၍ ဝယ်ယူပြီးလျှင် ထိုနေရာမှာပင် သုံးဂါဝုတ် ကျယ်ဝန်းသော သံဃအရာမ် ( = ကျောင်းတိုက်) ကြီး ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

(၃) ဝေဿဘူ မြတ်စွာဘုရား လက်ထက်တော် အခါ၌ သောတ္ထိဇအမည်ရှိသော သူဌေးကြီးသည် ဆင် ခြေသည္ဌာန် သွန်းလုပ်ထားသော ရွှေတုံးကြီးများ (ဤ ကား ဇာတ်အဋ္ဌကထာအလို) ရွှေထွန်သွားတုံး (ဤကား ဝိနည်း အဋ္ဌကထာ အလို) အစွန်းချင်း ထိစပ်အောင် ခင်း၍ ဝယ်ယူပြီးလျှင် ထိုနေရာမှာပင် ယူဇနာဝက်

http://www.dhammadownload.com



(=နှစ်ဂါဝုတ်) ကျယ်ဝန်းသော သံဃာအရာမ် (=ကျောင်းတိုက်)ကြီး ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၄) ကကုသန် မြတ်စွာဘုရား လက်ထက်တော် အခါ၌ အစ္စုတ အမည်ရှိသော သူဌေးကြီးသည် (ဇာတ်အဋ္ဌကထာအလို) ရွှေအုတ်ချပ်(ဝိနည်း အဋ္ဌကထာအလို) ဆင်ခြေသဏ္ဍာန် သွန်းလုပ်ထားသော ရွှေတုံးကြီးများ အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် ထိုနေရာမှာပင် တဂါဝုတ်မျှ ကျယ်ဝန်းသော သံဃာအရာမ် (=ကျောင်းတိုက်)ကြီး ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

(၅) ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော် အခါ၌ ဥဂ္ဂ အမည်ရှိသော သူဌေးကြီးသည် (ဇာတ်အဋ္ဌကထာအလို) ရွှေလိပ်ရုပ် (ဝိနည်းအဋ္ဌကထာအလို) ရွှေအုတ်ချပ် အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် ထိုနေရာမှာပင် ဂါဝုတ်ဝက်ခန့် ကျယ်ဝန်းသော သံဃာအရာမ်(=ကျောင်းတိုက်)ကြီး ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

(၆) ကဿပ မြတ်စွာဘုရား လက်ထက်တော်အခါ၌ သုမင်္ဂလ အမည်ရှိသော သူဌေးကြီးသည် (ဇာတ်အဋ္ဌကထာအလို)ရွှေတုံး (=ရွှေကပ်ပွဲ) (ဝိနည်းအဋ္ဌကထာအလို) ရွှေလိပ်ရုပ် အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် ထိုနေရာမှာပင် (ဇာတ်အဋ္ဌကထာအလို) တဆယ့်ခြောက်ပယ် (ဝိနည်းအဋ္ဌကထာအလို) ဥသဘ နှစ်ဆယ် ကျယ်ဝန်းသော သံဃာအရာမ် (=ကျောင်းတိုက်)ကြီး ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

(၇) အကျွန်ုပ်တို့၏ ဂေါတမမြတ်စွာလက်ထက်တော် အခါ၌ကား သုဒတ္တ အမည်ရင်းရှိသော အနာထပိဏ် သူဌေးကြီးသည် အသပြာ (=ရွှေဒင်္ဂါး ဒေါ်လာပြား) အစွန်းချင်းထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် ထိုနေရာ

http://www.dhammadownload.com



မှာပင် ရှစ်ပယ်ခန့် အကျယ် အဝန်း ရှိသော သံဃာအရာမ် (=ဇေတဝန် ကျောင်းတိုက်)ကြီး ဆောက်လုပ် လှူဒါန်း လေသည်။

**သံဝေဂ ယူဖွယ်**

ဤခုနစ်ဆူသော ဘုရားရှင်တို့၏ ကျောင်းတော်နေရာ အကျယ်အဝန်း ကျောင်းတိုက်နေရာ ဝယ်ယူသော အဖိုး အခများကို လေးနက်စွာ စဉ်းစား၍ "ဤသို့လျှင် သမ္မတ္တိ စည်းစိမ်တို့ကား အစဉ်သဖြင့် လျော့ပါး ဆုတ်ယုတ် ကုန်စွာတကား" ဟူ၍ သမ္မတ္တိအမျိုးမျိုး(လောကီစည်းစိမ်) တို့၌ ငြီးငွေ့အားသန် တပ်ခြင်းကင်းရန် လွတ်မြောက် အောင် ကြိုးကုတ်အားထုတ်ရန် သင့်လျော်လျောက်ပတ် လှလေပြီ။

**မြတ်စွာဘုရားသခင် သာဝတ္ထိပြည်သို့**
**ဒေသစာရီ ကြွချီတော်မူခြင်း**

ဤသို့လျှင် အနာထပိဏ် သူဌေးကြီးသည် တဆယ့် ရှစ်ကုဋေ သော ရွှေဒင်္ဂါး ဒေါ်လာ အသပြာများကို စွန့်လွှတ်သဖြင့် နှလုံး မွေ့လျော်ဖွယ်ရှိသော ဥယျာဉ်တော်ရာ မြေအရပ်၌ နှလုံးမွေ့ လျော်ဖွယ်ရှိသော ဇေတဝန် ကျောင်းတိုက်ကြီးကို တဆယ့် ရှစ် ကုဋေပင် အကုန်အကျခံကာ စိမ်ံဖန်တီး ဆောက်လုပ်စေပြီး လျှင် မြတ်စွာဘုရားသခင် ကြွလာတော်မူပါရန် မြတ်စွာဘုရား အထံတော်သို့ တမန်တဦးကို ပင့်လျှောက်ရန် စေလွှတ်လိုက် လေ၏၊ မြတ်စွာဘုရားသခင်သည် တမန်ဖြစ်သောသူ၏ ပင့် လျှောက်စကား ကြားသိတော်မူလေလျှင် (သာဝတ္ထိပြည်တွင် အရှည်သဖြင့် သီတင်းသုံးနေတော်မူရအံ့သည်လည်း တကြောင်း, မြားမြောင်လှစွာသော လူ နတ် ဗြဟ္မာ သတ္တဝါတို့ အကျွတ်တရား ရရှိရာ သာသနာ့အောင်မြေ ဖြစ်ပေလိမ့်မည်လည်း တကြောင်း ဤအကြောင်းများကို ယောက်ထားဆင်ခြင် ကြည့်ရှုသိမြင်တော် မူကာ)နောက်ပါရဟန်းတော်မြတ်အပေါင်း ခြံရံလျက် ရာဇဂြိုဟ်

http://www.dhammadownload.com



ပြည် ဝေဠုဝန်ကျောင်းတော်မှ ထွက်ခွါ၍ ခရီးလမ်းအကြား တယူဇနာ တယူဇနာဝယ် အနာထပိဏ်သူဌေးကြီး ကြိုတင်စီမံဆောက်လုပ်အပ်ပြီးသော စံကျောင်းတော်များ၌ တညဥ့်စီတညဥ့်စီ တည်းခိုစံနေတော်မူကာ သာဝတ္ထိပြည်ဖက်သို့ အစဥ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူလေ၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွ၍ ဝေသာလီပြည်သို့ ရောက်တော်မူကာ မဟာဝုန်တော စုလစ်မွန်ချွန်အထွတ်တပ်သော ပြာသာဒ်၌ သီတင်းသုံး စံနေတော်မူသောအခါ ဒါယကာတို့ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအတွက် နဝကမ္မ အဝဝကို စီမံခန့်ခွဲ စောင့်ရှောက်နိုင်သည့် ရဟန်းတပါးပါးအား ဥတ်ကမ္မဝါစာဖြင့် နဝကမ္မ ပေးအပ်ရန် သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့လေသည်*။

တဖန် မြတ်စွာဘုရားသည် ဝေသာလီပြည်မှထွက်ကြွ၍ သာဝတ္ထိပြည်ဖက်သို့ ခရီးဒေသစာရီ ကြွချီတော်မူလာခဲ့ရာ လမ်းခရီးအကြား၌ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်များသည် ဘုရားအမှူးရှိသော သံဃာတော်၏ အလျင်ရှေးဦး သွားနှင့်ကြ၍"ဤကျောင်းအိပ်ရာနေရာများသည် ငါတို့၏ ဥပဇ္ဈာယ်ဆရာများအတွက် နေထိုင်ရန် ဖြစ်လိမ့်မည်၊ ဤကျောင်းအိပ်ရာ နေရာများသည် ငါတို့၏ နိသျည်းဆရာများအတွက် နေထိုင်ရန် ဖြစ်လိမ့်မည်"ဟု ပြောဆိုကာ ကျောင်းကောင်း အိပ်ရာနေရာကောင်းများကို ယူထားနှင့်ကြကုန်၏။

မြတ်စွာဘုရားသခင် တပည့်သံဃာတော်များနှင့် ခရီးဒေသစာရီ ကြွချီတော်မူသောအခါများ၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်"ငါကား လက်ျာရံ အဂ္ဂသာဝကကြီး ဖြစ်သည်"ဟု ကိုယ်လွတ်ရုန်းကာ တကိုယ်ကောင်းစိတ်ထားဖြင့် ဘုရား၏အနီးမှ လိုက်ပါနိုင်ခွင့် ရှိသော်လည်း ထိုသို့ ပြုလုပ်တော်မူလေ့ မရှိပဲ

---

*အကြောင်းအရာ အကျယ်ကို ဝိနည်းစူဠဝါ သေနာသနက္ခန္ဓကပိဋကတ်မြန်မာပြန်၌ ကြည့်ရှု မှတ်ယူရာ၏။

http://www.dhammadownload.com



မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာ နောက်မှလိုက်ပါကြသော မမာမကျန်းသည့် (=ဂိလာန) ရဟန်း, သက်ကြီးရွယ်အိုရဟန်းတို့၏ ချမ်းချမ်း သာသာ လိုက်ပါနိုင်ရေးအတွက် မိမိကိုယ်တိုင်ပင် စီမံစောင့်ရှောက် ချီးမြှောက်ကူညီ၍ လိုက်ပါတော်မူလေ့ရှိပေ၏၊ သို့ရကား အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် ဂိလာနရဟန်း, သက်ကြီးရွယ်အိုရဟန်းတို့ကို စောင့်ရှောက်ချီးမြှောက်ကူညီကာ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များ၏ နောက်ဆုံးမှ လိုက်ပါခဲ့ရ၍ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်ရဟန်းများ ကျောင်းအိပ်ရာ နေရာတို့ကို သိမ်းယူထားပြီးမှ နောက်ကျ၍ တည်းခိုရာဌာနသို့ ရောက်ရှိရကား မထေရ်မြတ်အတွက် အိပ်ရာနေရာကို မရရှိသဖြင့် တည်ဥလုံးပင် သစ်ပင်ရင်း၌ နေထိုင်ရသောအကြောင်းဝတ္ထုဝယ် မြတ်စွာဘုရားသည် "ယခု ငါဘုရား အသက်ထင်ရှား ရှိနေစဉ်ပင် ရဟန်းများသည် အချင်းချင်း ရိုသေကျိုးနွံခြင်းမရှိကြပဲ နေထိုင်ကြလျှင် ငါဘုရား ပရိနိဗ္ဗာန်စံလတ်သော်ကား အဘယ်သို့ ပြုကုန်လိမ့်မည်နည်း" ဟု ဆင်ခြင်တော်မူကာ ဓမ္မသံဝေဂ ကြီးစွာရတော်မူ၍ နံနက်မိုးသောက် ရောက်လတ်သော အခါ ရဟန်းများကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို "ချစ်သားရဟန်းတို့.... ဆဗ္ဗဂ္ဂီဂိုဏ်းသား ရဟန်းများသည် အလျင်ရှေးဦးသွားနှင့်ကြ၍ နေရာကောင်းများကို မှတ်ယူကြပြီးလျှင် မထေရ်ကြီးရဟန်းတို့၏ အိပ်ရာနေရာများကို (မရအောင်)တားမြစ်ကြကုန်၏ ဟူသည် မှန်၏လော" ဟူ၍ မေးမြန်းတော်မူသဖြင့် ရဟန်းများက မှန်ကန်ကြောင်း ပြန်ကြား လျှောက်ထားကြလေသော် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချ၍ တရားဓမ္မဟောပြပြီးလျှင် ရဟန်းများကို "ရဟန်းတို့....အဘယ်ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်သနည်း" ဟု မေးမြန်းတော်မူလေ၏။

အချို့ရဟန်းများက "မင်းမျိုးမှ ရဟန်းပြုသော ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါသည်"ဟု လျှောက်ထားကြကုန်၏၊ အချို့ရဟန်းများက "ပုဏ္ဏားမျိုးမှ ရဟန်းပြုသော ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါသည်" ဟု

http://www.dhammadownload.com



လျှောက်ထားကြကုန်၏၊ အချို့ရဟန်းများက“သူဌေးမျိုး သူကြွယ် မျိုးမှ ရဟန်းပြုသော ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါသည်” ဟု လျှောက်ထားကြကုန်၏၊ အချို့ရဟန်း များက “ဝိနည်းမိုရ်ရဟန်းသည်, အချို့က ဓမ္မကထိကရဟန်း သည်, အချို့က ပဌမဈာန်ရသောရဟန်းသည်, (ပ) ဒုတိယဈာန် ရသော ရဟန်း, တတိယဈာန်ရသောရဟန်း, စတုတ္ထဈာန်ရသော ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါသည်”ဟု လျှောက်ထားကြကုန်၏၊ အချို့က “သောတာပန် ရဟန်းသည်, (ပ) သကဒါဂါမိရဟန်းသည်, အနာဂါမိရဟန်းသည်, သုက္ခ- ဝိပဿက ရဟန္တာသည်,တေဝိဇ္ဇရဟန္တာသည်,ဆဠဘိညရဟန္တာ သည် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါသည်”ဟု ရဟန်း များက မိမိ မိမိတို့ သဘောကျအတိုင်း နေရာဦးစသည်ထိုက်သော ရဟန်းတို့ကို ဖြေကြား လျှောက်ထားသောအခါ မြတ်စွာဘုရား သည်—

“ချစ်သား ရဟန်းတို့····ငါဘုရား၏ သာသနာတော်၌ နေရာဦး စသည်တို့သို့ ရောက်လတ်သော် မင်းမျိုးရဟန်း သည်လည်း ပမာဏမဟုတ်၊ ပုဏ္ဏားမျိုးရဟန်း, သူဌေးမျိုး သူကြွယ်မျိုးရဟန်း, ဝိနည်းမိုရ်ရဟန်း, သုတ္တန်ဆောင် ရဟန်း, အဘိဓမ္မာဆောင်ရဟန်း, ပဌမဈာန် စသည် ရသော ရဟန်းများ, သောတာပန် ရဟန်းစသည်များ သည်လည်း ပမာဏမဟုတ်၊ ချစ်သားတို့····အမှန်စင်စစ် သော်ကား ဤငါဘုရား၏ သာသနာတော်၌ ထေရ်စဉ် ဝါလိုက် ရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း အမှုများကို ပြုရမည်၊ ထေရ်စဉ်ဝါလိုက် အတိုင်းသာ နေရာဦး ရေဦး ဆွမ်းဦးကို ရခွင့်ရှိသည် ဤနေရာဦး စသည်၌ အသက်သိက္ခာ ဝါကြီးခြင်းသည် ပမာဏဖြစ်ချေသည်၊ ထို့ကြောင့် သီတင်းကြီးဖြစ်သော ရဟန်းသည် ထိုနေရာဦး ရေဦး ဆွမ်းဦးတို့အား လျော်ကန် ထိုက်တန်သူဖြစ်သည်၊ ချစ်သားရဟန်းတို့···· ယခုအခါ၌

http://www.dhammadownload.com



ကား သာရိပုတ္တရာသည် ငါဘုရား၏ လက်ျာရံ အဂ္ဂ-သာဝကဖြစ်၏၊ ငါဘုရားဟောကြားသည့် ဓမ္မစက်ကို လည်စေနိုင်သည့် သားကြီး ဩရသဖြစ်၏၊ ငါဘုရား၏ အခြားမဲ့၌ နေရာကို ရခြင်းငှါ ထိုက်တန်သူဖြစ်၏၊ ထို သာရိပုတ္တရာသည် ဤ (လွန်ခဲ့သည့်) တညဉ့်ပတ်လုံး နေရာကို မရရှိပဲ သစ်ပင်ရင်း၌သာ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့ရလေပြီ၊ ချစ်သားတို့သည် ယခု ငါဘုရား အသက်ထင်ရှားရှိစဉ်ပင် ဤသို့မရိုသေကြ မကျိုးနွံကြလျှင် ရောက်လာ ရောက်လာမည့် နောက် အခါကာလ (ငါဘုရား ပရိနိဗ္ဗာန် ဝင်စံသော အခါ သမယ)၌ ဘယ်သို့ပြု၍ နေကြကုန်မည်နည်း” ဟူ၍ မိန့်ဆို တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့အား အဆုံး အမ ပေးတော်မူရန် “ရဟန်းတို့…. ရှေးအခါ၌ တိရစ္ဆာန်များပင်သော်လည်း ‘ငါတို့သည် အချင်းချင်း မရိုသေကြ မကျိုးနွံကြပဲ နေသဖြင့် မသင့်လျော်၊ ငါတို့ အနက် အသက်ကြီးသူကို သိအောင် စုံစမ်းလေ့လာ စိစစ်ပြီးလျှင် ထိုအသက်အကြီးဆုံးသူအား ရိုသေ မြတ်နိုး ရှိခိုးခြင်း စသည်ကို ပြုကြကုန်အံ့’ဟု တိုင်ပင်ကြကာ လေးလေးနက်နက် အသက်ကြီးသူကို စုံစမ်းစိစစ်ကြပြီးလျှင် ‘ဤသူသည် ငါတို့အနက် အသက်အကြီးဆုံးသူတည်း’ ဟု သိရှိကြ၍ ထိုအသက် အကြီးဆုံးသူအား ရိုသေမြတ်နိုး ရှိခိုးခြင်းစသည်ကို ပြုလုပ်ကြ၍ နတ်ပြည်လမ်းကြောင်း ကောင်းမြတ်သော ဝုဍ္ဍာပစာယန (= အသက်ကြီးသူကို ရိုသေခြင်း) အကျင့်ကို ဖြည့်ကျင့်ကြလျက် နတ်ပြည် လောကသို့ သွားရောက်ကြလေပြီ” ဟု မိန့်ကြားတော်မူ ကာ (ကေကနိပါတ်၊၄-ကုလာဝကဝဂ်၊ ၇-တိတ္တိရဇာတ်) အတိတ်ကဖြစ်ရပ်ကို ထုတ်ဆောင် ဟောကြားတော်မူလေ သည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည်—

ယေ ဝုဍ္ဎမပစာယန္တိ၊
နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေ စ ပါသံသာ၊
သမ္ပရာယေ စ သုဂ္ဂတိ။

ဓမ္မဿ = ဝုဍ္ဎာပစာယန နာမထင်ရှား ကြီးသူကို ရိုသေခြင်းတရား၌။ ကောဝိဒါ = ရေးခြားသိမြင် ကျွမ်းကျင် လိမ္မာကြကုန်သော။ယေ နရာ = အကြင်သူတို့သည်။ ဝုဍ္ဎံ = ဇာတ်, ဂုဏ်, အရွယ် ကြီးမြတ်ခြင်းသုံးသွယ်တွင် အရွယ်နှင့်ဂုဏ် နှစ်ပါးစုံကြီးမြတ်သောသူကို။ အပစာ-ယန္တိ = လေးမြတ်ကော်ရော် ပူဇော် ကြကုန်၏။ တေ = ထိုသူတို့သည်။ ဒိဋ္ဌေ ဓမ္မေ စ = မျက်မှောက် ဘဝ ပစ္စက္ခ၌ လည်း။ ပါသံသာ = ချီး မွမ်း ထိုက် ကုန် ၏ ။ (တေသံ = ထိုသူတို့အား၊ ထည့်)။ သမ္ပရာယေ စ = တမလွန်လောက ဟိုဘဝ၌လည်း။ သုဂ္ဂတိ = လူ့ရပ် နတ်ရွာ ကောင်းရာသုဂတိသည်။ ဟောတိ = ဖြစ်၏။—

ဟူ၍ ဤတိတ္တိရဇာတ် တရားဒေသနာတော် မြတ်ကိုဟော ကြားတော်မူပြီးလျှင်—

"ရဟန်းတို့···· ထိုမျောက်, ဆင်, ခါ သုံးဦးသော တိရစ္ဆာန်သတ္တဝါတို့သော်မှ အချင်းချင်း ရိုသေကျိုးနွံခြင်း ရှိကြကာ တူသောအသက်မွေးခြင်း ရှိကြလျက် နေကြကုန် သေး၏၊ သင်ချစ်သားတို့သည် တရားသဖြင့် ဆုံးမရာ ဤ ငါဘုရား သာသနာ၌ သဒ္ဓါပဗ္ဗဇိတ ရဟန်းများဖြစ်ကြ လျက် အချင်းချင်း မရိုသေကြပဲ မကျိုးနွံကြပဲ တူသော အသက်မွေးမှုမရှိကြပဲ နေထိုင်ကြလျှင် ထိုသို့နေထိုင်ခြင်း သည် တင့်တယ်နိုင်ပါမည်လော (= မတင့်တယ်နိုင် သည်သာ)။ ရဟန်းတို့···· ဤသို့ မရိုမသေ မကျိုးမနွံ နေထိုင်ကြခြင်းသည် (ဤသာသနာ၌) မကြည်ညိုသေး သောသူတို့၏ ကြည်ညိုရန်လည်း မဖြစ်နိုင်၊(ပ)"—

http://www.dhammadownload.com



ဤသို့ အစရှိသည်ဖြင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချ စကား မိန့်ကြားတော်မူ၍ အချင်းချင်း ရှိသေကျိုးနွံခြင်း၏ အကျိုးနှင့်စပ်သော တရားစကားကို အကျယ်တဝင့် ဟော ကြားတော်မူပြီးလျှင်—

"ရဟန်းတို့.... ဝါစဉ်အတိုင်း ရှိခိုးခြင်းကိုငင်း (= ရှိခိုးရန်) ခရီးဦးကြိုဆိုခြင်းကိုငင်း (= ခရီးဦးကြိုဆိုရန်) လက်အုပ်ချီခြင်းကိုငင်း(= လက်အုပ်ချီရန်)အရိုအသေပြု ခြင်းကိုငင်း (= အရိုအသေပြုရန်) နေရာဦး နေရာမြတ် ကိုငင်း(= နေရာဦး နေရာမြတ်ကိုပေးဖို့ရန်) ရေဦးကိုငင်း (= ရေဦးပေးရန်) ဆွမ်းဦးကိုငင်း (= ဆွမ်းဦးပေးရန်) ငါဘုရားခွင့်ပြုတော်မူ၏။ ရဟန်းတို့.... သံဃိကကျောင်း အိပ်ရာနေရာ၌ ဝါစဉ်အလိုက် နေထိုင်ခြင်းကို မတားမြစ်ရ၊ တားမြစ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"— ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

## ရှိမခိုးအပ်သော ပုဂ္ဂိုလ်ဆယ်မျိုး

မြတ်စွာဘုရားသည် ဖော်ပြရာပါခွင့်ပြုသည့်(= အနု- ညာတ)သိက္ခာပုဒ်,ပယ်မြစ်သည့်(= ပဋိက္ခိတ္တ)သိက္ခာပုဒ် နှစ်ပါးတို့ကို ပညတ် ဟောကြားတော်မူပြီးလျှင် တဖန် ဆက်၍—

"ဒသယိမေ ဘိက္ခဝေ အဝန္ဒိယာ-အစရှိသည်ဖြင့် = ရဟန်းတို့.... ဤဆိုလတ္တံ့သော ပုဂ္ဂိုလ် ဆယ်မျိုးတို့ကို ရှိမခိုးအပ်ကုန်—

(၁) အလျှင်ရှေးဦး ရဟန်းဖြစ်သောသူက နောက်မှ ရဟန်းဖြစ်သောသူကို ရှိမခိုးအပ်၊

(၂) ရဟန်းသည် ရဟန်းမဟုတ်သူကို ရှိမခိုးအပ်၊

(၃) ရဟန်းသည် ကံကြီး ကံငယ်ဟူသော=သံဃာဝါသ ကွဲပြားသည့် အဓမ္မဝါဒီရဟန်းကို ဝါကြီးသူပင် ဖြစ်လင့် ကစား ရှိမခိုးအပ်၊

မဟာဗုဒ္ဓဝင် ၃–၁၄

http://www.dhammadownload.com



(၄) ရဟန်းသည် မာတုဂါမကို ရှိမခိုးအပ်၊

(၅) ရဟန်းသည် ပဏ္ဍုက်ဖြစ်သောသူကို ရှိမခိုးအပ်၊

(၆) ပကတတ်ရဟန်းသည် ပရိဝါသ်ကျင့်သုံးနေဆဲဖြစ်သည့် ဒဏ်သား ရဟန်းကို ရှိမခိုးအပ်၊

(၇) ပကတတ် ရဟန်းသည် မူလာယ ပဋိကဿနာရဟ ဒဏ်သား ရဟန်း (=ပရိဝါသ်နေစဉ်, ပရိဝါသ်နေပြီး၍ မာနတ်ကျင့်ရန်ထိုက်သော ပုဂ္ဂိုလ်ဖြစ်စဉ်,မာနတ်ကျင့်စဉ်, မာနတ်ကျင့်ပြီး၍ အဗ္ဘာန်သွင်းခြင်းငှါ ထိုက်တန်သော ရဟန်းဖြစ်နေစဉ် ဖုံးလွှမ်းအပ်သည့် အခြားသံဃာဒိသိသ် အာပတ်တမျိုးမျိုး သင့်ရောက်ပြန်သဖြင့် အရင်းမူလ ပရိဝါသ်သို့ တဖန်ပြန်၍ ငင်ထိုက်သော ဒဏ်သား ရဟန်း)ကို ရှိမခိုးအပ်၊

(၈) ပကတတ် ရဟန်းသည် မာနတ္တာရဟ ရဟန်း (=ပရိဝါသ်နေပြီး၍ မာနတ်ပေးထိုက်သော ဒဏ်သား ရဟန်း)ကို ရှိမခိုးအပ်၊

(၉) ပကတတ် ရဟန်းသည် မာနတ်ကျင့်နေဆဲသော ဒဏ်သား ရဟန်းကို ရှိမခိုးအပ်၊

(၁၀) ပကတတ် ရဟန်းသည် မာနတ်ကျင့်ပြီး၍ အဗ္ဘာန်သွင်းခြင်းငှါ ထိုက်သော ဒဏ်သားရဟန်းကို ရှိမခိုးအပ်"—

ဤကဲ့သို့ ရဟန်းတော်များ ရှိမခိုးအပ် ရှိမခိုးကောင်းသည့် ပုဂ္ဂိုလ်ဆယ်ပါးကို ဟောကြားတော်မူပြီးလျှင် တဖန်ဆက်၍—

**ရှိခိုးအပ်သော ပုဂ္ဂိုလ်သုံးမျိုး**

ရဟန်းတို့···· ဤဆိုလတ္တံ့သော ပုဂ္ဂိုလ်သုံးမျိုးတို့ကို ရဟန်းသည် ရှိခိုးအပ်ကုန်၏—

http://www.dhammadownload.com



(၁) နောက်မှ ရဟန်းဖြစ်သော ရဟန်းသည် မိမိအလျှင် ရှေးဦးက ရဟန်းဖြစ်နှင့်ပြီးသော ရဟန်းကို ရှိခိုးအပ်၏၊

(၂) ရဟန်းသည် ကံကြီး ကံငယ်ဟူသော=သံဝါသကွဲပြားသည့် ဝါကြီးသော ရဟန်းကို ဓမ္မဝါဒီ ရဟန်းကြီး ဖြစ်လျှင် ရှိခိုးအပ်၏၊

(၃) ရဟန်းတို့….နတ် မြဟ္မာနှင့် တကွသော သတ္တလောက၌ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးအပ်၏၊ ရဟန်းတို့…. ဤဆိုအပ်ပြီးသော ပုဂ္ဂိုလ်သုံးမျိုးတို့ကို ရှိခိုးအပ်ကုန်၏။

ဤကဲ့သို့ ရဟန်းတော်များ ရှိခိုးအပ် ရှိခိုးကောင်းသည့် ပုဂ္ဂိုလ်သုံးမျိုးကိုလည်း ဟောကြားတော်မူ၏။

**သံဃာအား လှူဒါန်းအပ်ပြီးမဟုတ်စေကာမူ**
**သံဃာကို ရည်ညွှန်း၍ ပြုအပ်သောမဏ္ဍပ် ကနားစသည်၌**
**မထေရ်ကြီး(=ဝါ ကြီးသောရဟန်း)တို့ကို**
**နေရာဖြင့် မတားမြစ်ရန် တဖန် ပညတ်တော်မူခြင်း**

ထိုသို့ မြတ်စွာဘုရားသခင် များစွာသော ရဟန်းတို့ခြံရံလျက် သာဝတ္ထိပြည်သို့ ခရီးဒေသစာရီ အစဉ်အတိုင်း ကြွချီတော်မူသောအခါ လမ်းခရီးအကြား၌ နေထိုင်ကြသော လူများသည် သံဃာတော်ကို ရည်ညွှန်း၍ မဏ္ဍပ်ကနားများ, အခင်းများ, သံဃာတော်တို့ ညိမူစုဝေးရာ အရပ်များကို ကြိုဘင် စီမံထားရှိနှင့်ကြလေသည်။ ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ တပည့်ရဟန်း များသည် ရှေးနည်းအတူ နေရာကို ဦးယူနှင့်ကြသဖြင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ရှေးနည်းအတူ နောက်ကျ၍ နေရာကို မရရှိပဲ သစ်ပင်ရင်း၌သာ တညဉ့်လုံး အချိန်ကိုကုန်စေရသောအကြောင်းဝတ္ထု၌ မြတ်စွာဘုရားသည် ဖြစ်ရပ်အမှန်ကို စစ်ဆေးမေးမြန်း၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင်——

http://www.dhammadownload.com



"န ဘိက္ခဝေ ဥဒ္ဒိဿကတမ္ပိ ယထာဝုဍ္ဍံ ပဋိဗာဟိတဗ္ဗံ၊ ယော ပဋိဗာဟေယျ၊ အာပတ္တိ ဒုက္ကဋဿ = ရဟန်းတို့…. (သံဃာအား လှူဒါန်းအပ်ပြီး မဟုတ်သေးစေကာမူ) သံဃာကို ရည်ညွှန်း၍ ပြုလုပ်စီရင်အပ်သော မဏ္ဍပ်ကနား စသည်၌ ဝါစဉ်အတိုင်း နေထိုင်ခြင်းကို မတားမြစ်အပ်၊ တားမြစ်သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ"—

ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူလေသည်။

(ဤ၌။ ။ဆဗ္ဗဂ္ဂီ ရဟန်းများ၏ အကြောင်းဝတ္ထုနှင့်စပ်၍ ဝိနည်း ဝဇိရဗုဒ္ဓိဋီကာ၌ "ဆဗ္ဗဂ္ဂီရဟန်းတို့ကား မြတ်စွာဘုရားသခင် ဝါတော် နှစ်ဆယ်လွန်မှ ဖြစ်ပေါ်ကြကြောင်းနှင့် (မ၊ ၁၊ ၁၇၅) "အာရာဓယိံသု မေ ဘိက္ခူ စိတ္တံ-စသည်ဖြင့် ပဌမဗောဓိခေါ် ဝါတော် နှစ်ဆယ်အတွင်း ၌ ရဟန်းများသည် မြတ်စွာဘုရား၏ စိတ်နှလုံးကို အားရမ်းနှစ်သက် စေကာ ကောင်းစွာ နေထိုင်ခဲ့ကြကြောင်း ဟောကြားချက် ရှိသော ကြောင့် ယခုအခါမှ တပါးသော အခါ၌ သာဝတ္ထိပြည်သို့ သွားသော အခါ ဖြစ်ပေါ်သည့် ဝတ္ထုကို ဤအရာ၌ အာပတ်ကိုပြဆိုရန် ယူဆောင်၍ ဆိုအပ်၏" ဟူ၍ ယူမှ သင့်လျော်မည်ကဲ့သို့ ရှိကြောင်း စိစစ် စဉ်းစား၍ မှတ်ယူသင့်ကြောင်း အထူးဖွင့်ပြထားလေသည်)။

### လူတို့၏ဥစ္စာကို ခွင့်ပြုတော်မူခြင်း

ထိုအခါ လူတို့သည် ရွာတွင်း ဆွမ်းစားကျောင်း၌ မြင့်လွန်းသော နေရာ, ပလ္လင်, မွေးရှည်ကော်ဇောကြီး, ဆန်းကြယ်သော သားမွေးအခင်း, ဖြူသော သားမွေးအခင်း, ပန်းပြောက်ချယ် သားမွေးအခင်း, လဲသွတ်သောအခင်း,ရုပ်ပုံချယ်သားမွေးအခင်း, နှစ်ဖက်အမွေးရှိသောအခင်း, တဖက်အမွေးရှိသောအခင်း, ရွှေချည်ထိုးအခင်း, ပိုးချည်အခင်း, သားမွေး ခင်းကြီး, ဆင်ကုန်းနှီး, မြင်းကုန်းနှီး, ရထားခင်းနှီး,သစ်နက်ရေအခင်း, ဝံပိုင့်ရေအခင်း, မြတ်သော နီသော မျက်နှာကြက်နှင့်အုံးနီ(ခြေရင်း ခေါင်းရင်း) နှစ်ဖက်ရှိနေရာ ဤဖော်ပြရာပါ (ဥစ္စာသယန, မဟာသယန) မြင့်သောနေရာ, မြတ်သောနေရာတို့ကို ခင်းကြကုန်၏။ ရဟန်းတို့သည် မအပ်ဟူ၍ သံသယရှိကြသဖြင့် မထိုင်ဝံ့ကြပဲရှိကြကုန်၏။

http://www.dhammadownload.com



ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသော အခါ မြတ်စွာဘုရားသည်—

"အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ တီဏိ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ-အစရှိသည်ဖြင့် ရဟန်းတို့....မြင့်လွန်းသော အခြေရှိသော ညောင်စောင်း အင်းပျဉ် တည်းဟူသော မြင့်လွန်းသော နေရာ, ပလ္လင်, လဲသွတ်သောအခင်း, ဤသုံးမျိုးကိုချန်လှပ်၍ လူတို့ဥစ္စာဖြစ်သော ဥစ္စာသယန, မဟာသယန အခင်းများကို ထိုင်ရန်ခွင့်ပြု၏။ အိပ်ရန်သော်ကား ခွင့်မပြု"—

ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူလေသည်။

ထိုရွာတွင်း ဆွမ်းစားကျောင်း၌ပင် လူဒါယကာများ လဲဖြင့် မွေးယှက် ထက်အောက်ကြက်သည့် ညောင်စောင်းအင်းပျဉ်ကို ခင်း၍ ပေးကြသဖြင့် ရဟန်းများ သံသယဖြစ်ကာ မထိုင်ဝံ့ကြသောအကြောင်းဝတ္ထု၌—

"အနုဇာနာမိ ဘိက္ခဝေ ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ န တွေဝ အဘိနိပဇ္ဇိတုံ = ရဟန်းတို့ .... လူတို့၏ ဥစ္စာဖြစ်သည့် လဲဖြင့် မွေးယှက် ထက်အောက် ကြက်သည့်ညောင်စောင်း အင်းပျဉ်ကို ထိုင်ရန်ခွင့်ပြု၏၊ အိပ်ရန်သော်ကား ခွင့်မပြု"—

ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူလေသည်။

**အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားသခင်ကို ကြိုးစွာသောအခမ်းအနားဖြင့် ဇေတဝန် ကျောင်းတိုက်သို့ ပင့်ဆောင်ခြင်း**

ရှေး၌ ဆိုအပ်ပြီးသောအတိုင်း မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ များစွာသောရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်ဖက်သို့ ခရီးဒေသစာရီ ကြွချီတော်မူခဲ့ရာ အစဉ်သဖြင့် သာဝတ္ထိပြည်နယ်အတွင်းသို့ ဆိုက်ရောက်လာတော်မူလေ၏။ အနာထပိဏ်

http://www.dhammadownload.com



သူဌေးကြီးသည်လည်း ကျောင်းလွှတ် ရေစက်ချ ပူဇော်ပွဲကြီး ခမ်းနားကြီးကျယ်စွာ စီရင်ပြီးလျှင် မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတိုက်သို့ ပင့်ဆောင်ရန် အခမ်းအနားများကို စီမံလေတော့သည်။ ထိုအခမ်းအနားများမှာ—

**သုမနာမင်းသမီး**

ပသေနဒီကောသလမင်းကြီးမှာ သုမနာမည်သော သမီးတော်တဦး ရှိလေသည်။ ထိုသုမနာ မင်းသမီးကား လွန်ခဲ့သော (၉၁) ကိုးဆယ့်တကမ္ဘာထက်ကပင် ဝိပဿီမြတ်စွာဘုရားကို တိုင်းသားပြည်သူတို့ ပူဇော်လုပ်ကျွေးပြုစုခွင့် ရသောအခါ ဉာဏ်ပညာထက်မြက်သူ သူဌေးသမီး (သဒ္ဓါသုမန) ဖြစ်၍ အများပြည်သူတို့၏ အလျင်လက်ဦး မြတ်စွာဘုရား အမှူးပြုသော သံဃာတော်ကို ရေမရောသော နွားနို့ဃနာဆွမ်းကို ဆက်ကပ်လှူဒါန်းပြီးလျှင် "မြတ်စွာဘုရား .... ဘဝသံသရာ ဖြစ်လေရာဝယ် တပည့်တော်မအား တောင့်တောင့်တတ ပင်ပန်း ဆင်းရဲစွာ အသက်မွေးရမှု မည်သည် မဖြစ်ပါစေသား၊ တပည့်တော်မ ယခုလှူဒါန်းသော မုလေးပန်းကိုးကဲ့သို့ ဖြစ်လေရာရာ သံသရာဘဝ၌ လူအများ ချစ်နှစ်သက်အပ်သော အမျိုးသမီးသာ ဖြစ်ရပါလို၏၊ အမည့်အားဖြင့်လည်း သုမနာဟူ၍ အမည်ရှိသူသာ ဖြစ်ရပါလို၏" ဟူ၍ ဆုတောင်းခဲ့သဖြင့် ထိုဆုတောင်း ပြည့်ဝကာ ကိုးဆယ့်တကမ္ဘာပတ်လုံး အပါယ်သို့ မလားရောက်ရပဲ လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်၍ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝမှာပင် ဖွားမြင်သော အခါတိုင်း ပုဆစ်ဒူးဝန်း နစ်လုမျှသော မုလေးပန်းမိုး ဖြိုးဖြိုးရွာသွန်းသဖြင့် "သုမနာ....သုမနာ...." ဟူ၍သာ အမည်တွင်ခဲ့လေသည်။ (ဝတ္ထုအကျယ်ကို အံ၄၊၃၊ ၈ာမျက်နှာ ၁၃-မှစ၍ ကြည့်ရှုရာ၏)။

ထိုသုမနာသည် ယခုအခါ၌ ပသေနဒီကောသလ မင်းကြီး၏ အဂ္ဂဒေဝီ မဟေသီမိဖုရားကြီးမှ ဖွားမြင်သော သမီးတော် ဖြစ်လာကာ ဖွားသစ်စအခါကပင် ပုဆစ်ဒူးဝန်း နစ်လုမျှသော

http://www.dhammadownload.com



မုလေးပန်းမိုး ဖြိုးဖြိုးရွာသွန်းသဖြင့် မင်းကြီးက **သုမနာ** ဟူသော အမည်ကို မှည့်ဆိုခေါ်တွင်စေလေသည်။ ထိုသုမနာ မင်းသမီး နှင့်အတူ ဖွားဖက်အမျိုးသမီး ငါးရာရှိလေသည်။ ပသေနဒီ ကောသလမင်းကြီးသည် ဖွားဖက်အမျိုးသမီး ငါးရာနှင့်တကွ သမီးတော် သုမနာမင်းသမီးကို ချမ်းသာစွာ ကြီးပြင်းစေပြီး သမီးတော် သုမနာမင်းသမီး၏ အဆောင်အယောင် အခမ်း အနားအဖြစ်ဖြင့် ရထားငါးရာ စီမံပေးအပ်၍ သုမနာ မင်းသမီး ခရီးထွက်လျှင် ဖွားဖက် အမျိုးသမီးပေါင်း ငါးရာတို့လည်း ရထားကိုယ်စီဖြင့် လိုက်ပါကြရလေသည်။

ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဖခမည်းတော်တို့အထံမှ ရထားငါးရာ ကိုယ်စီ စီးသည့် သတို့သမီး ငါးရာ အခြွေအရံ အဆောင် အယောင် အခမ်းအနားကို ရရှိသော အမျိုးသမီးတို့ကား (၁) ဗိမ္ဗိသာရမင်းကြီး၏ သမီးတော် စုန္ဒီမင်းသမီး၊ (၂) နေဥယသူဌေး ၏သမီး ဝိသာခါ (=နောက်အချိန်၌ ပုဗ္ဗာရုံ ကျောင်းအမကြီး) (၃) ယခုဖော်ပြရာပါ ပသေနဒီကောသလမင်းကြီး၏ သမီးတော် သုမနာမင်းသမီး ဤသုံးယောက်တို့ ဖြစ်လေသည်။

သုမနာမင်းသမီး အသက်ခုနစ်နှစ်အရွယ်တွင် မြတ်စွာဘုရား သည် ဇေတဝန်ကျောင်းတိုက်ကို အလှူခံရန် သာဝတ္ထိပြည်သို့ ယခု ရောက်ဆိုက်တော်မူလာခြင်းဖြစ်သည်။ အနာထပိဏ်သူဌေး ကြီးသည် ပသေနဒီကောသလ မင်းကြီးထံသို့ သွားရောက်၍ "မြတ်သောမင်းကြီး....မြတ်စွာဘုရားသခင် ဤအကျွန်ုပ်တို့ နေရာ သာဝတ္ထိပြည်သို့ ကြွတော်မူလာခြင်းသည် အကျွန်ုပ်တို့၏အတွက် လည်း မင်္ဂလာကြီးတခု ဖြစ်ပါသည်၊ အရှင်မင်းကြီးတို့ အတွက် လည်း မင်္ဂလာကြီး တခုပင် ဖြစ်ပါသည်၊ ထို့ကြောင့် အရှင် မင်းကြီး၏သမီးတော် သုမနာမင်းသမီးကို သတို့သမီး ငါးရာ တို့နှင့်တကွ မရပြည့်အိုး နံ့သာပန်းမာလ် စသည်များကို စွဲကိုင် စေကာ မြတ်စွာဘုရားအား ကြိုဆိုပင့်ဆောင်ဖို့ရန် လွှတ်တော် မူကြစေချင်ပါသည်" ဟူ၍ လျှောက်ထားလေ၏။ ပသေနဒီကော- သလမင်းကြီးသည် "ကောင်းပြီသူဌေးကြီး...." ဟူ၍ ဝန်ခံစကား

http://www.dhammadownload.com



ပြောကြားပြီးလျှင် အနာထပိဏ်သူဌေးကြီး လျှောက်ထားသည့် အတိုင်း ပြုလုပ်စီမံတော်မူလေ၏။

သုမနာမင်းသမီးသည်လည်း ခမည်းတော်မင်းကြီး မိန့်ဆိုတော်မူသည့် နည်းအတိုင်း မြတ်စွာဘုရား ထံတော်မှောက်သို့ အဆောင်အယောင် အခမ်းအနားဖြင့် သွားရောက် ကြိုဆိုပြီးလျှင် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုး၍ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ပြီးသော် သင့်လျော် လျောက်ပတ်ရာအရပ်၌ ရပ်တည်လေ၏။ မြတ်စွာဘုရားသည် သုမနာမင်းသမီးအား တရားဟောတော်မူလေ၏။ သုမနာမင်းသမီးသည် အခြံအရံသတို့သမီး ငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုမှတပါး အခြားသတို့သမီး ငါးရာတို့သည်၎င်း, မာတုဂါမ အမျိုးသမီး မိန်းမကြီး ငါးရာတို့သည်၎င်း, ဥပါသကာဒါယကာ ငါးရာတို့သည်၎င်း (ထိုသို့ သုမနာ မင်းသမီးအား တရားဟောသော အခါ၌ပင်) သောတာပတ္တိဖိုလ်သို့ ရောက်ကြလေကုန်သည်။

ဤသို့လျှင် မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းတိုက်တော်သို့ ရောက်ဆိုက်တော်မူမည့်နေ့မှာ လမ်းခရီး အကြား၌ပင် သောတာပန် အရိယာပေါင်း (၂၀၀၀) နှစ်ထောင် ဖြစ်ကြလေသည်။ (အံ၄၊ ၃၊ ၁၃+၁၄+၁၅-မှ)။

### အနာထပိဏ်သူဌေးကြီး၏ အဆောင်အယောင်

အနာထပိဏ်သူဌေးကြီးသည် သုမနာမင်းသမီးကိုသာ ကောသလမင်းကြီးထံမှ တောင်းပန်၍ မြတ်စွာဘုရားကို ကြိုဆိုပင့်ဆောင်စေသည် မဟုတ်သေး၊ မိမိ၏ သားကိုလည်း အဆင်တန်းဆာ အပြည့် အစုံ ဆင်ယင်စေပြီးသော် ဝတ်စားစုံလင် တန်းဆာဆင်ပြီးသော သတို့သား (= သူဌေးသား) ငါးရာတို့နှင့် တကွ မြတ်စွာဘုရားကို ကြိုဆို ပင့်ဆောင်ရန် စေလွှတ်လေသည်။ အနာထပိဏ် သူဌေးကြီး၏ သားသည်လည်း ဖခင်သူဌေးကြီး၏ အစီအမံအတိုင်း မိမိ၏ အခြံအရံဖြစ်သော သူဌေးသား ငါးရာတို့နှင့်တကွ အဆင်း ငါးမျိုးရှိသော အဝတ်

http://www.dhammadownload.com



တို့ဖြင့် ဟပြောင်ပြောင် တောက်ပသည့် တံခွန် ငါးရာတို့ကို ကိုယ်စီ ကိုယ်င ကိုင်ဆောင်ကြလျက် မြတ်စွာဘုရား၏ ရှေ့မှ နေရာယူ၍ လိုက်ပါပင့်ဆောင်လေသည်။

ထိုသူဌေးသားတို့၏ နောက်မှ အနာထပိဏ် သူဌေးကြီး၏ သမီးများဖြစ်ကြသည့် စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့သည် အခြံအရံ သူဌေးသမီးပေါင်း ငါးရာတို့နှင့်တကွ ရေပြည့်အိုးများကို ရွက်ဆောင်သယ်ယူကာ လိုက်ပါပင့်ဆောင်ကြလေသည်။

ထိုသူဌေးသမီးတို့၏ နောက်မှ အနာထပိဏ် သူဌေးကတော်ကြီး (**ပုညလက္ခဏာဒေဝီ**) သည် အဆင်တန်ဆာ အပြည့်အစုံ တန်းဆာဆင်လျက် သူဌေးကတော် ငါးရာတို့နှင့်တကွ နံ့သာရေ စသည်တို့ဖြင့် ပြည့်သော ရွှေခွက် ငွေခွက်များကို လက်စွဲကြကာ လိုက်ပါပင့်ဆောင်ကြလေသည်။

အားလုံးတို့၏ နောက်မှ အနာထပိဏ်သူဌေးကြီးသည် ကိုယ်တိုင်က အသစ်စက်စက် သူဌေးအဝတ်တို့ကို ဝတ်ဆင်ကာ အသစ်စက်စက်ဖြစ်သည့် သူဌေးဝတ်စုံကို ဝတ်ဆင်ကြသော သူဌေးပေါင်း ငါးရာတို့နှင့်တကွ မြတ်စွာဘုရားကို ခရီးဦးကြိုဆို ပင့်ဆောင်လေသည်။

မြတ်စွာဘုရားသည် ဤဖော်ပြရာပါ ဥပါသကာ ပရိသတ်ကို ရှေ့ကထား၍ များစွာသော ရဟန်းအပေါင်းခြံရံလျက် ကိုယ်တော်မြတ်၏ ကိုယ်တော်ရောင်ဖြင့် တောအထူးတို့ကို ရွှေရည်ဖြင့် သွန်းလောင်းအပ်သော ဆေးဒန်းရွှေဝါအရောင်ကဲ့သို့ ရွှေရောင်အဆင်း ဝါဝင်းတောက်ပြောင်စေလျက် အဆုံးအပိုင်းအခြားမရှိသော ဘုရား၏ တင့်တယ်ခြင်းဖြင့်၎င်း, အတုမရှိသော မြတ်စွာဘုရား၏ အသရေတော်ဖြင့်၎င်း ဇေတဝန်ကျောင်းတိုက်တော်သို့ ဝင်ကြွတော်မူလေ၏။

http://www.dhammadownload.com



## ဇေတဝန်ကျောင်းတိုက်တော်ကို စတုဒ္ဒိသာသံဃိက ရေစက်ချ၍ လှူခြင်း

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်ကို နောက်တနေ့နံနက် ဆွမ်းဘုဉ်းပေးရန် ရှိသေစွာ ပင့်လျှောက်ပြီးလျှင် နောက်တနေ့နံနက် ရောက်သောအခါ မိမိ အိမ်၌ မွန်မြတ်သောခဲဖွယ်ဆွမ်း ဘောဇဉ်ဆွမ်းများကို စီမံစေပြီး လျှင် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍ ပြီးပါပြီ" ဟု အခါကာလကို ကြားလျှောက်စေလေသည်။ ထိုအခါ မြတ်စွာဘုရားသည် နံနက် အခါ၌ ရဟန်းအပေါင်း ခြံရံလျက် အနာထပိဏ်သူဌေးအိမ်သို့ ကြွရောက်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် ဘုရားအမှူးရှိသော ရဟန်း သံဃာတော်ကို မွန်မြတ်သော ခဲဖွယ်ဆွမ်း ဘောဇဉ်ဆွမ်းများ ဖြင့် ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကမြောက် လက်ရောက်ကြည်ဖြူ ကပ်လှူလုပ်ကျွေးပြီးသော် သင့်လျော်လျောက်ပတ်ရာ အရပ်၌ ထိုင်နေ၍ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား···· အကျွန်ုပ်သည် ဤဇေတဝန်ကျောင်းတိုက်တော်ကို အဘယ်သို့ စီမံလှူဒါန်းရပါမည်နည်း" (= အဘယ်သို့ ရေစက် ချ၍ လှူဒါန်းရပါမည်နည်း) ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးကို "သို့တပြီးကား အနာထပိဏ်သူဌေး···· သင်သည် ဤဇေတဝန် ကျောင်းတိုက်ကို ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့သော အရပ် လေးမျက်နှာ၌ ရှိနေသော ရဟန်းသံဃာအား တည်ထား (=ပူဇော်) လေလော့" ဟူ၍ မိန့်ဆိုတော်မူသောအခါ အနာ ထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား မိန့်ကြားတော်မူချက် အတိုင်း ဇေတဝန်ကျောင်းတိုက်တော်ကို အာဂတာနာဂတ စတုဒ္ဒိသာသံဃိကရေစက်ချ၍ လှူဒါန်းလေသည်။

http://www.dhammadownload.com



## ကျောင်းအနုမောဒနာ ၅-ဂါထာ

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်ကို အလှူခံတော်မူပြီးလျှင် ကျောင်းအနုမောဒနာတရား ဟောကြားတော်မူလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ၅-ဂါထာတို့ကို ဟောကြားတော်မူလေသည်—

(၁) သီတံ ဥဏှံ ပဋိဟန္တိ၊
တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊
သိသိရေ စာပိ ဝုဋ္ဌိယော။

(ဝိဟာရော = ငါတို့လှူဒါန်းေ ကျောင်းသင်္ခမ်းသည်၊ ထည့်)။ သီတဉ္စ = အဇ္ဈတ္တခေတ် ချောက်ချား ဗဟိဒ္ဓဥတု ဖောက်ပြား၍ ဖြစ်ပွါးလာသော အအေးဒဏ်ကိုလည်း။ ပဋိဟန္တိ = ဥပနိဿယ-ယည်း ပစ္စည်းပွံ့ထောက် ပယ်ဖျောက်နိုင်ပေ၏။ ဥဏှဉ္စ = တော မီးလောင်ခြင်း စသည်ကြောင့် ဖြစ်ပေါ်သည့် မီးပူဒဏ်ကိုလည်း။ ပဋိဟန္တိ = ဥပနိဿယယည်း ပစ္စည်းပွံ့ထောက် ပယ်ဖျောက်နိုင်ပေ၏။ တတော = ထိုမှတပါး။ ဝါဠမိဂါနိ စ = ခြင်္သေ့ သစ်ကျား စသည်ပြားသော သားရဲဘေးရန်တို့ကိုလည်း။ ပဋိဟန္တိ = ဥပနိဿယယည်း ပစ္စည်းပွံ့ထောက် ပယ်ဖျောက်နိုင်ပေ၏။ သရီ-သပေ စ = တရွေ့ရွေ့ရှားရှား သွားလာတတ်သော မြွေ, ကင်း, သန်းတို့ကိုလည်း။ ပဋိဟန္တိ = ဥပနိဿယယည်း ပစ္စည်းပွံ့ထောက် ပယ်ဖျောက်နိုင်ပေ၏။ မကသေ စ = သမာဓိပျက်အောင် နှိပ်စက်ကိုက်ခဲ မှက်, ခြင်, ယင်ရဲတို့ကိုလည်း။ ပဋိဟန္တိ = ဥပနိဿယယည်း ပစ္စည်းပွံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏။ သိသိရေ စာပိ = သိသိရရတုအခါ (ပြာသိုလပြည့်ကျော် ၁-ရက်မှ တပေါင်းလပြည့်အထိ ၂-လကို သိသိရရတုခေါ်၏), ခုနစ်ရက်မိုးစွေသောအခါ စသည်တို့၌ ဖြစ်လာတုံလေ့ အလွန်အေးမြသော အအေးတို့ကိုလည်း။ ပဋိဟန္တိ = ဥပနိဿယယည်း ပစ္စည်းပွံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏။ ဝုဋ္ဌိယော စာပိ = ဟုတ်ဟုတ်ညားညား အခါများ၌ ဖြစ်ပွါးဝှန်ဖြိုး ရွာသွန်းသော

http://www.dhammadownload.com



မိုးတို့ကိုလည်း။ ပဋိဟန္တိ = ဥပနိသာယည်း ပစ္စည်းပွံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏။

(၂) တတော ဝါတာတပေ ဃောရေ၊
သဥ္ဇာတေ ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊
ဈာယိတုဉ္စ ဝိပဿိတုံ။
ဝိဟာရဒါနံ သံဃဿ၊
အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

တတော ထိုမှတပါး။ (ဝိဟာရေန = ငါတို့လှူဒါန်း ကျောင်းသင်္ခမ်းသည်၊ ထည့်)။ သဥ္ဇာတေ = ဥတုအလျောက် ပေါ်ပေါက်ဖြစ်ပွါး၍လာသော။ ဃောရေ = အဟုန်ပြင်းထန် ကြောက်ရွံဘနန်း ကြမ်းတမ်းစွာသော။ ဝါတာတပေ = လေ ပြင်းဒဏ် နေပြင်းဒဏ် အတန်တန်ကို။ ပဋိဟညတိ = ဥပနိသာ- ယည်း ပစ္စည်းပွံ့ထောက် မလာရောက်အောင် ပယ်ဖျောက်အပ် ပေ၏၊ (ဤစကားရပ်တို့ဖြင့် မိမိလှူဒါန်းသည့် ကျောင်းသင်္ခမ်း၏ ရဟန်းတော်တို့အား ကျေးဇူးများပုံကို စဉ်းစားဆင်ခြင်ရန် ဖော်ပြသည်)။ လေဏတ္ထဉ္စ = အာရုံထွေပြား စိတ်မသွားပဲ တပါးတည်းကိန်းပျော် မွေ့လျော်ခြင်းငှါလည်း။ သုခတ္ထဉ္စ = ဘေးကင်းရန်ကွာ ချမ်းသာစွာ နေခြင်းငှါလည်း။ ဈာယိတုဉ္စ = အာရမ္မဏူပနိဇ္ဈာနဈာန်ကို အဖန်ဖန်ဝင်စား ရှုပွါးခြင်းငှါလည်း။ ဝိပဿိတုဉ္စ = ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါလည်း၊ (ဤလေး ပုဒ်တို့ဖြင့်လည်း ကျောင်းလှူသူဒါယကာတို့ နှလုံးသွင်းရမည့် ကျောင်း၏ အာနိသင်ကို ညွှန်ပြသည်)။သံဃဿ = သံဃာတော် အား။ ဝိဟာရဒါနံ = ကျောင်းအလှူဒါနကို။အဂ္ဂံ = မြတ်၏ ဟူ၍။ ဗုဒ္ဓေန = အဆူဆူထွတ်ထား မြတ်ဘုရားသည်။ ဝဏ္ဏိတံ = ချီးမွမ်းတော်မူအပ်ပေ၏။

http://www.dhammadownload.com



(၃) တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္ထမတ္တနော။
ဝိဟာရေ ကာရယေ ရမ္မေ၊
ဝါသယေတ္ထ ဗဟုဿုတေ။

တသ္မာ ဟိ = ထို့ကြောင့်သာလျှင်။ အတ္တနော = မိမိ၏။ အတ္ထံ = လူနတ်နိဗ္ဗာန် သုံးတန်ဖွံ့ဖြိုး များမြတ်သော အကျိုးကို။ သမ္ပဿံ — သမ္ပဿန္တော = ကောင်းစွာဆင်ခြင် မြော်သိမြင်သော။ ပဏ္ဍိတော ပေါသော = အမျိုးကောင်းသား ပညာရှိမင်းယောကျ်ားသည်။ ရမ္မေ = နေထိုင်ရန်ချမ်းသာ စိတ်မှာမွေ့လျော် ပျော်ဖွယ်ကောင်းကုန်သော။ ဝိဟာရေ = မိမာန်သာဆန်း ကျောင်းသင်္ခမ်းတို့ကို။ ကာရယေ — ကာရေယျ = ဆောက်လုပ်စေရာ၏။ ဧတ္ထ = ၎မိမိတို့ ဆောက်လုပ်ပြီးသော ကျောင်းသင်္ခမ်းတို့၌။ ဗဟုဿုတေ = အကြားအမြင် များဖြင့်ကြွယ်ဝ သီလဝန္တခေါ် ဆို ကျောင်းထိုင်ပုဂ္ဂိုလ်တို့ကို။ ဝါသယေ — ဝါသေယျ = စိုးမိုးအုပ်ကာ နေထိုင်စေရာ၏။ (မိမိဆောက်လှူအပ်ပြီးသောကျောင်း၌ **"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာစ်ရှုဒ်မိုင်မိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ"**ဟူသော ပရိသုပဋ္ဌာက = ကျောင်းထိုင်ဘုန်းကြီး၏အင်္ဂါ ဗဟုသုတငါးဖြာနှင့် ပြည့်စုံသည့် မထေရ်ကို ကျောင်းထိုင်ပုဂ္ဂိုလ် ခန့်အပ်တင်မြှောက်ရမည် ဟု ဆိုလိုသည်)။

(၄) တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

ဥဇုဘူတေသု—ဥဇုဘူတာနံ = အာသယဓာတ် ဖြောင့်မတ်ဖြူစင်ကုန်သော။ တေသံ = ထိုဗဟုသုတ ပြည့်ဝစုံလင် ကျောင်းနေအရှင်တို့အား။ အန္နဉ္စ = ဆွမ်းကိုငင်း။ ပါနဉ္စ = အဖျော်ယမကာကိုငင်း။ ဝတ္ထသေနာသနာနိ စ = အဝတ်သင်္ကန်း အိပ်ရာနေရာတို့ကိုငင်း။ ဝိပ္ပသန္နေန စေတသာ = ရတနာသုံးပါး၏ ဂုဏ်, ကံနှင့်ကံ၏အကျိုးကို ကြည်ယုံသောစိတ်ဖြင့်။ ဒဒေယျ = သဒ္ဓါ

http://www.dhammadownload.com



ဖွေးဖြူ ပေးလှူရာ၏။ (ဤဂါထာဖြင့် ဒါယကာတို့ဖက်မှ ပစ္စယာ-နုဂ္ဂဟာဖြင့် ချီးမြှောက်ရန် ညွှန်ပြတော်မူသည်)။

(၅) တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိနာသဝေါ။

တေ = ထိုဗဟုသုတ ပြည့်ဝစုံလင် ကျောင်းနေအရှင်တို့သည်။ တဿ = ထို၊ စွည်းလေးရပ်ဖြင့် ဆည်းကပ်ပြုစုသူ ကျောင်းလှူသော ဒါယကာအား။ သဗ္ဗဒုက္ခာပနူဒနံ = အလုံးစုံသော ဝဋ်ဆင်းရဲကို ပယ်ဖျောက်ကြောင်းဖြစ်သော။ ဓမ္မံ = သူတော်ကောင်း တရားကို။ ဒေသေန္တိ = ကရုဏာနှင့် မေတ္တာတရား ရှေးရှုထား၍ ဟောကြားကြကုန်၏၊ (ဤစကားရပ်ဖြင့် ကျောင်းနေအရှင်တို့ ဖက်မှ ဓမ္မာနုဂ္ဂဟာဖြင့် ကျေးဇူးတုံ့ပြန် ချီးမြှောက်ရန်ကို ညွှန်ပြတော်မူသည်)။ သော = ထိုသဒ္ဓါကြည်ဖြူ ကျောင်းလှူသော ဒါယကာသည်။ ဣဓ = ဤအံ့ဖွယ်ရှစ်ဖြာ ငါဘုရား၏ သာသနာ၌။ ယံ ဓမ္မံ = ကျောင်းနေအရှင်တို့ဟောကြား ယင်းသူတော်ကောင်းတရားကို။ အညာယ = လိုက်နာ ကျင့်ကြံသောအားဖြင့် ခြားကာ သိ၍။ အနာသဝေါ = လေးဖြာ အာသဝေါကွာလျှောကုန်ခန်း ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာတိ = ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းရ၏။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးကို ဤဝိဟာရာ နိသံသဂါထာတို့ဖြင့် အနုမောဒနာတရား ဟောကြားတော်မူပြီးလျှင် ဇေတဝန်ကျောင်းတိုက်သို့ ပြန်ကြွသီတင်းသုံးတော်မူ၏။

### ကိုးလကြာသည့် ကျောင်းရေစက်ချ အောင်ပွဲကြီး

အနာထပိဏ်သူဌေးကြီးသည် ဒုတိယနေ့မှစ၍ ကျောင်းတိုက် ရေစက်ချ အောင်ပွဲကြီးကို စတင်ကျင်းပလေသည်။ ဝိသာခါ သူဌေးကတော်ကြီး၏ ပုဗ္ဗာရုံကျောင်းတိုက် ရေစက်ချ အောင်ပွဲကြီးသည် လေးလကြာမှ ပြီးစီးလေသည်။ အနာထပိဏ်သူဌေးကြီး၏ ဇေတဝန်ကျောင်းတိုက်တော် ရေစက်ချ အောင်ပွဲကြီးသည်ကား ကိုးလကြာမှ ပြီးစီးလေသည်။ ကျောင်းရေစက်ချ အောင်ပွဲ

http://www.dhammadownload.com



ကြီးသဘင် ယင်ရာ၌လည်း ရွှေဒင်္ဂါးဒေါ်လာ တဆယ့်ရှစ်ကုဋေ (=သန်းပေါင်း တရာ့ရှစ်ဆယ်)ကို အကုန်အကျခံ၍ စွန့်ကြဲလှူဒါန်း ပေးကမ်းခဲ့လေသည်။

ဤသို့လျှင် ဇေတဝန်ကျောင်းတိုက်တော် တခုအတွက်ပင်လျှင် ကျောင်းတိုက်မြေရာအဖိုး တဆယ့်ရှစ်ကုဋေ, ကျောင်းတိုက်တည်ဆောက်ရာ၌ တဆယ့်ရှစ်ကုဋေ, ကျောင်းတိုက်ရေစက်ချအောင်ပွဲသဘင် ယင်ရာ၌ တဆယ့်ရှစ်ကုဋေအားဖြင့် = ရွှေဒင်္ဂါးဒေါ်လာပေါင်း ငါးဆယ့်လေးကုဋေ (=သန်းပေါင်း ငါးရာ့လေးဆယ်) အကုန်အကျခံ၍ သာသနာတော်၌ စွန့်ကြဲလှူဒါန်းခဲ့လေသည်။

**အနာထပိဏ်သူဌေးအကြောင်း ပြီး၏။**

---

### ညီတော်နန္ဒရဟန်းကို နတ်သမီးအာရုံဖြင့် ဖလှယ်၍ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းတိုက်တော်ကို အလှူခံပြီးလျှင် ထိုဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် (ညီတော်) အရှင်နန္ဒရဟန်းသည် သာသနာတော်၌ မပျော်ပိုက်၍ အဖော်ရဟန်းတို့အား "ငါ့ရှင်တို့....ငါသည် သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ပဲ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံ၍ နေရပါ၏၊ ယင်းမြတ်သောအကျင့်ကို ဆက်လက်ထမ်းဆောင်ကျင့်ကြံခြင်းငှါ မစွမ်းနိုင်တော့ပါ၊ ရဟန်းသိက္ခာကို စွန့်ပစ်၍(=သိက္ခာချ၍) လူ့ဘောင်သို့ ပြန်လည်လျှောကျပေတော့အံ့"(=လူထွက်တော့အံ့) ဟူ၍ မိမိ သာသနာ၌ မပျော်ပိုက်ကြောင်း လူထွက်တော့မည်ဖြစ်ကြောင်း ပြောကြားလေ၏။

မြတ်စွာဘုရားသည် ထိုသတင်းကို ကြား၍ အရှင်နန္ဒကို ရွှေတော်မှောက်သို့ ခေါ်စေပြီးလျှင် "ငါ့ရှင်တို့....ငါသည် သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ပဲ သုံးပါးသိက္ခာ သာသနာ

http://www.dhammadownload.com



တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံ၍ နေရပါ၏၊ ယင်း မြတ်သောအကျင့်ကို ဆက်လက်ထမ်းဆောင်ကျင့်ကြံခြင်းငှါ မစွမ်းနိုင်တော့ပါ၊ ရဟန်းသိက္ခာကို စွန့်ပစ်၍ လူ့ဘောင်သို့ ပြန်လည်လျောကျပေတော့အံ့-ဟု များစွာသော အဖော်ရဟန်းတို့အား ပြောကြား၏ ဟူသည် မှန်သလော" ဟူ၍ မေးတော်မူလေသော် အရှင်နန္ဒသည် "မှန်ပါသည် နောင်တော်ဘုရား....."ဟူ၍ ဝန်ခံစကား မကွယ်မထောင့် လျှောက်ထားပြန်ကြားလေ၏။

တဖန်ထပ်၍ မြတ်စွာဘုရားက "ချစ်ညီနန္ဒ.... သင်သည် အဘယ့်ကြောင့် သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ပဲ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သော အကျင့်ကို ကျင့်ကြံနေရသနည်း၊ အဘယ့်ကြောင့် ယင်း မြတ်သောအကျင့်ကို ဆက်လက် ထမ်းဆောင် ကျင့်ကြံခြင်းငှါ မစွမ်းနိုင်ရသနည်း၊ အဘယ့်ကြောင့် ရဟန်းသိက္ခာကို စွန့်ပစ်၍ လူ့ဘောင်သို့ ပြန်လည် လျောကျလိုရသနည်း" ဟူ၍ မေးမြန်းတော်မူပြန်လျှင် အရှင်နန္ဒသည်—

> "ဘုန်းတော်ကြီးသော နောင်တော်မြတ်ဘုရား .... ညီတော်သည် နောင်တော်ဘုရား၏ သပိတ်ကိုထမ်း၍ ရွှေနန်းတော်မှ ထွက်ခဲ့စဉ် ဇနပဒကလျာဏီ နှမတော် သာကီဝင်မင်းသမီးက ဆံပင်များ တဝက်တပြက်သာ ဖြီးရှင်းဖြီးလျက် အဆောင်တော်လေသာပြူတင်းမှ လှမ်းမြော်၍ ညီတော်ကို 'အိုအရှင့်သား....မြန်မြန်ကြီး ပြန်လာခဲ့ပါ' ဟု မှာကြားလိုက်ပါသည်။ နောင်တော်မြတ်ဘုရား....ညီတော်သည် ထိုနှမတော် (ကြင်ယာလောင်း) ဇနပဒကလျာဏီ သာကီဝင်မင်းသမီး မှာကြားလိုက်သော စကားကို အဖန်ဖန်အောက်မေ့နေသည်ဖြစ်၍ သာသနာတော်ဝယ် မမွေ့လျော်မပျော်ပိုက်ပဲ သုံးပါးသိက္ခာ သာ-သနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံနေရပါသည်၊ ယင်း မြတ်သောအကျင့်ကို ဆက်လက်ထမ်းဆောင်ကျင့်ကြံခြင်းငှါ မစွမ်းနိုင်တော့ပါ၊ ရဟန်းသိက္ခာကို

http://www.dhammadownload.com



စွန့်ပစ်၍ လူ့ဘောင်သို့ပြန်လည်လျှောကျပါတော့မည် = လူထွက်ပါတော့မည်ဘုရား”—

ဟူ၍ ရိုးသားဖြောင့်မတ်စွာ လျှောက်ထားလေတော့၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်နန္ဒကို လက်ရုံး၌ ဆွဲကိုင်ကာ တာဝတိံသာသို့ ပို့လိုက်သကဲ့သို့ ကိုယ်တော်မြတ်၏ တန်ခိုးအစွမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်တော်မူလတ်သည်တွင် လမ်းခရီးအကြားဝယ် မီးလောင်ထားသော လယ်ကွက် တခုအတွင်း မီးသင့် ထားသော သစ်ငုတ်ပေါ်၌ နားရွက် နှာခေါင်း အမြီးများ အစုတ်စုတ် အပြတ်ပြတ် ဖြစ်ကာ ထိုင်နေသော အင်္ဂါကြီးငယ် အသွယ်သွယ်တို့ မီးလောင်ထားသည့် မျောက်အိုမကြီး တကောင်ကို ပြတော်မူပြီးနောက် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်တော်မူလေ၏။ တာဝတိံသာနတ်ပြည်သို့ ရောက်ရှိသောအခါ သိကြားမင်းထံ ခစားပြုစုရန် လာရောက်ကြသည့် ခိုခြေအသွေး နီတွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ ကိုယ်တော်မြတ်ကို ရှိခိုး၍ ရပ်တည်နေကြသည်တို့ကို အရှင်နန္ဒအား ညွှန်ပြတော်မူ၍—

ချစ်ညီနန္ဒ….သင်သည် ယခု ငါဘုရား မေးမည့်စကားကို မည်ကဲ့သို့မှတ်ထင်(=သဘောကျ) သနည်း၊ သင်၏ နှမ (=ကြင်ယာလောင်း) ဇနပဒကလျာဏီ သာကီဝင်မင်းသမီးနှင့် ဤခိုခြေအသွေး နီတွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ ရှိကြရာဝယ် အဘယ်သူက သာလွန်၍ ရုပ်အဆင်းတင့်တယ် ရှုချင်ဖွယ် ကြည်ညိုဖွယ် ရှိသနည်း—

ဟူ၍ မေးတော်မူလေ၏။ ။(ဤ၌။ ။ထိုနတ်သမီး ငါးရာတို့သည် ကဿပမြတ်စွာဘုရား၏ တပည့်သံဃာတော်အား ခြေနယ်ဆီကို လှူခဲ့ဘူးသော ကောင်းမှုကြောင့် ခိုခြေအသွေး နီတွေးနူးညံ့သော ခြေရှိကြကုန်သည်)။

မဟာဗုဒ္ဓဝင် ၃—၁၅—ပ-မ-ဗ-သ-စ

http://www.dhammadownload.com



(ဤဥ္ပမာ၌ ။ ။မြတ်စွာဘုရားသည် ရာဂကိလေသာမိုးဖြင့် စိုစွတ်သော စိတ်ရှိနေသည့် အရှင်နန္ဒကို အဘယ့်ကြောင့် ကိလေသာတရား တိုးပွါးသည်ထက် တိုးပွါးလာအောင် နတ်သမီးများကို ပြတော်မူရ (ကြည့်ရှုစေတော်မူရ)သနည်းဟူ၍ မေးဖွယ်ရှိ၏။ အဖြေကား .... အရှင် နန္ဒ၏ ကိလေသာတို့ကို အလွယ်ဖြင့်ပင် ပယ်ရှားနိုင်ဘို့ရန် ပြတော်မူ (ကြည့်ရှုစေတော်မူ)သည်။ ထင်ရှားစေဦးအံ့ ....လိမ္မာလှစွာသော ဆေးဆရာသည် သလိပ်, သည်းခြေ, လေ ဒေါသများ တိုးပွါး နှိပ်စက် ခံနေရသည့် သူနာကို ဆေးကုလိုသည်ရှိသော် ဆီဆေးကို တိုက်ကျွေးခြင်းစသည်ဖြင့် ရှေးဦးစွာ ဒေါသများကို တိုးပွါးနူးနပ်စေပြီး နောက်မှ အန်ဆေး ဝမ်းလားဆေးတို့ဖြင့် ထိုဒေါသများကို အလွယ်တကူ ပယ်ရှားသကဲ့သို့ ဤအတူ ဝေနေယျတို့ကို ဆုံးမခြင်း၌ အတုမရှိ လိမ္မာတော်မူသော မြတ်စွာဘုရား ဆေးသမားကြီးသည် ရာဂကိလေသာ အပြစ်ဒေါသ တိုးပွါး နှိပ်စက်ခံနေရသည့် ရှင်နန္ဒတည်းဟူသော သူနာကို နတ်သမီးများကိုပြတော်မူ၍ ရာဂကိလေသာ အပြစ်ဒေါသကို ရှေးကထက် တိုးပွါး နူးနပ်စေတော်မူ၏၊ ထိုသို့ ပြုခြင်းမှာလည်း အရိယမဂ်တည်းဟူသော ကိလေသာအန်ဆေး, ကိလေသာဝမ်းလားဆေးတို့ဖြင့် အကြွင်းအကျန် မရှိအောင် ကိလေသာ အပြစ်ဒေါသ များကို ပယ်ရှားနှင်ထုတ်ရန် ပြုလုပ်တော်မူခြင်းဖြစ်သည်)။

ထိုသို့ မြတ်စွာဘုရား မေးမြန်းတော်မူသောအခါ အရှင်နန္ဒ လျှောက်ထားသည်—

ဘုန်းတော် ကြီးသော နောင်တော် မြတ်ဘုရား .... (လမ်းခရီးအကြားဝယ် နောင်တော်ဘုရား ပြသခဲ့သည့်) နားရွက် နှာခေါင်း အမြီး အပြတ်ပြတ် အစုတ်စုတ် ဖြစ်ကာ အင်္ဂါကြီးငယ် အသွယ်သွယ်ကို မီး လောင် ထား သည့် မျောက်အိုမကြီးသည် အလှစာရင်း မသွင်းသင့်သကဲ့သို့ ဤအတူပင် နှမတော် (ကြင်ယာ လောင်း) ဇနပဒကလျာဏီ သာကီဝင်မင်းသမီးသည် ဤ နတ်သမီးငါးရာတို့ကို ထောက်ဆလျှင် အလှစာရင်း မသွင်းသင့်တော့ပါ ဘုရား၊ စင်စစ်သော်ကား ဤနတ်သမီးငါးရာတို့ကသာလျှင် သာလွန်၍ ရုပ်အဆင်းတင့်တယ် ရှုချင်ဖွယ် ကြည်ညိုဖွယ် ရှိကြပါကုန်သည်ဘုရား—

http://www.dhammadownload.com



ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသခင်က—

ချစ်ညီ နန္ဒ···· သင်သည် သုံးပါးသိက္ခာ သာသနာ တည်းဟူသော မြတ်သောအကျင့်၌သာ မွေ့လျော်ပါလော့၊ ချစ်ညီ နန္ဒ···· သင်သည် သုံးပါးသိက္ခာ သာသနာတည်း ဟူသော မြတ်သောအကျင့်၌သာ မွေ့လျော်ပါလော့၊ (ယင်းသို့ မြတ်သောအကျင့်၌ မွေ့လျော်လျှင်) သင့် အတွက်တာ ငါဘုရားသည် ခိုခြေအသွေး နီတွေးသော ခြေရောင် အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို ရဖို့ရန် အာမခံပေ၏—

ဟူ၍ အာမခံစကား မိန့်ကြားတော်မူသောအခါ အရှင်နန္ဒ သည်—

ဘုန်းတော်ကြီးသော နောင်တော်မြတ်ဘုရား···· ညီတော့်အတွက်တာ နောင်တော်ဘုရားက ခိုခြေအသွေး နီတွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာ တို့ကို ရဖို့ရန် အကယ်၍ အာမခံတော်မူပါလျှင် ညီတော် သည် နောင်တော်ဘုရား အထံတော်ဝယ် သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးမှု၌ မွေ့လျော်နှစ်မြိုက် ပျော်ပိုက်ပါတော့မည်ဘုရား—

ဟူ၍ ဝမ်းမြောက်စွာပြန်ကြား လျှောက်ထားဝန်ခံလေသည်။

(ဤ၌။ ။မြတ်စွာဘုရားသည် ညီတော် အရှင်နန္ဒရဟန်းအတွက် သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံး စေရန် အလိုတော်ရှိပါလျက် အဘယ့်ကြောင့် နတ်သမီးငါးရာတို့ကို ရရှိ သုံးဆောင်ခံစားမှု တည်းဟူသော အဖြူဟ္မစရိယဝါသအတွက် အာမခံ တော်မူရပါသနည်းဟူ၍ မေးမြန်းဖွယ်ရှိ၏။ အဖြေကား.... အရှင်နန္ဒ၏ ရာဂကား ဇနပဒကလျာဏီ သာကီဝင်မင်းသမီးအပေါ်၌ ပြင်းထန်စွာ ကျရောက်လျက်ရှိချေသည်၊ ထိုသို့ ဇနပဒကလျာဏီ သာကီဝင်မင်းသမီး အာရုံ၌ ပြင်းထန်စွာ ကျရောက်လျက်ရှိသော အရှင်နန္ဒ၏ရာဂကို အာဂန္တုကဖြစ်သော နတ်သမီးငါးရာ အာရုံ၌ ပြောင်းရွှေ့ပြီးမှ ပယ်စွန့် စေဖို့ရန် အလွယ်တကူနှင့် စွမ်းနိုင်မည်ဖြစ်သောကြောင့် မြတ်စွာဘုရား

http://www.dhammadownload.com



သည် အပြဟ္မစရိယဝါသအတွက် အာမခံချက် ပေးတော်မူခြင်းဖြစ်သည် ဟူပေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်နန္ဒကို ခေါ်ဆောင်ခဲ့၍ တာဝတိံသာနတ်ပြည်၌ ကိုယ်တော်ကို ကွယ်ခဲ့ပြီးလျှင် ဇေတဝန် ကျောင်းတော်၌သာ ထင်ရှားဖြစ်ပေါ်ခဲ့လေသည်။ ဇေတဝန် ကျောင်းတော်သို့ ရောက်လတ်သောအခါ အရှင်နန္ဒသည် မြတ်စွာ ဘုရား၌ ဝတ်ပြု၍ မိမိ၏ နေ့သန့်ရာအရပ်သို့ သွားလတ်သည် ရှိသော် မြတ်စွာဘုရားသည် ကိုယ်တော်ထံမှောက်သို့ ဆည်းကပ် ခစား တရားနာရန် လာရောက်ကြကုန်သော ရဟန်းတို့အား ထိုအကြောင်းကို ပြန်ပြောင်းမိန့်ကြားတော်မူပြီးလျှင် (လောက ဉပမာအားဖြင့် လိမ္မာသောယောက်ျားသည် သစ်သားပျဉ်ချပ် တိုင်စသည်၌ ဝင်ရောက်ကာ အလွယ်နှင့်မထွက်နိုင်သော မယ်န (=အသားပုရစ်) ကို အခြားမယ်န (ပုရစ်) ငယ်တခုဖြင့် ထုနှက် ထုတ်ပြီးမှ ထိုမယ်န(=ပုရစ်) အသစ်ကို လက်စသည်ဖြင့် နှဲ့ကာ ဖယ်ရှား၍ ပစ်သကဲ့သို့ ထို့အတူပင် အလေ့အကျက်များသော ဇနပဒကလျာဏီ သာကီဝင်မင်းသမီးအာရုံ၌ စူးဝင်၍နေသော အရှင်နန္ဒ၏ ရာဂတည်းဟူသော မယ်န(=ပုရစ်)ကို အာဂန္တုက အာရုံဖြစ်သည့် နတ်သမီးငါးရာတည်း ဟူသော အခြား မယ်န (=ပုရစ်) ငယ်တခုဖြင့် ထုနှက်ထုတ်ပြီးမှ တဖန် ထိုနတ်သမီး အာရုံကိုလည်း မြတ်သောအကျင့်၏လမ်းကြောင်း အကြောင်း ဖြစ်အောင် ပြုလုပ်ပြီးလျှင် ပယ်ရှားစွန့်ပစ်တော်မူလိုရကား ရဟန်း တော်များကို—

> ချစ်သားတို့.... သွားကြကုန်၊ သင်ချစ်သားတို့သည် နန္ဒရဟန်းကို "သူခစား" ဟူသော ပြောဆိုခြင်း, "အဝယ် တော်ကြီး" ဟူသော ပြောဆိုခြင်းဖြင့် ကဲ့ရဲ့စကား ပြော ကြားကြကုန်လော့—

ဟူ၍ စေခိုင်းတော်မူလေ၏။ ယင်းသို့ မြတ်စွာဘုရား မိန့်ကြား စေခိုင်းတော်မူချက်အရ များစွာသော ရဟန်းတို့သည် "မြတ်စွာ ဘုရား၏ မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏သား

http://www.dhammadownload.com



(ဘုရား၏) ညီတော်နန္ဒရဟန်းသည် နတ်သမီးငါးရာတို့ကို ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်၍ နေသတဲ့၊ မြတ်စွာဘုရားသည် အရှင်နန္ဒ၏အတွက် ခိုခြေအသွေး နီတွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို ရဖို့ရန် အာမခံတော်မူသတဲ့ ဟူသော သတင်းစကားကို အနှံ့အပြား ကြားသိကြလေကုန်၏။ ထိုအခါ အရှင်နန္ဒ၏ သူငယ်ချင်းရဟန်းတို့သည် အရှင်နန္ဒထံသို့ သွားရောက်ကြပြီးလျှင် အရှင်နန္ဒကို—

> အရှင်နန္ဒသည် "သူခစားကြီး"ဆိုပါကလား၊ အရှင်နန္ဒသည် "အဝယ်တော်ကြီး" ဆိုပါကလား၊ နတ်သမီးငါးရာတို့ကို ရလိုသောကြောင့် မြတ်သော အကျင့်ကို ကျင့်သုံးနေသည်ဆိုပါကလား၊ မြတ်စွာဘုရားသည် အရှင်နန္ဒ၏အတွက် ခိုခြေအသွေး နီတွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို ရဖို့ရန် အာမခံတော်မူသည်ဆိုပါကလား—

ဟူ၍ "သူခစားကြီး" ဟူသော ပြောဆိုခြင်း, "အဝယ်တော်ကြီး" ဟူသော ပြောဆိုခြင်းဖြင့် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြလေကုန်၏။

ထိုအခါ အရှင်နန္ဒသည် သူငယ်ချင်းရဟန်းတို့၏ "သူခစားကြီး"ဟူသော ပြောဆိုချက်, "အဝယ်တော်ကြီး" ဟူသော ပြောဆိုချက်ဖြင့် အခံရခက် ရှက်နိုး စက်ဆုပ်ဖွယ်ရကား တပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ မပေါ့သောလုံ့လ ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကာ ရဟန်းတရားပွါးများကြိုးကုတ် အားထုတ်တော်မူလေလျှင် မကြာမြင့်မီပင် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ဆိုက်ရောက်တော်မူလေ၏။ ယင်းသို့ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူရကား အသီတိမဟာသာဝကကြီး ရှစ်ကျိပ်တွင် တပါးအပါအဝင် ဖြစ်တော်မူလေ၏။

http://www.dhammadownload.com



ထိုအခါ အာသဝေါကုန်ခန်း ရဟန္တာမြဟ္မာကြီး တယောက်သည် သန်းကောင်ယံအခါ၌ မြတ်စွာဘုရားထံတော်မှောက်သို့ လာရောက်ချဉ်းကပ် သင့်လျော်ရာက ရပ်ပြီးလျှင် အရှင်နန္ဒမထေရ် ရဟန္တာဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ လျှောက်ထားပြောကြားလေသည်။ ယင်းသို့ မြဟ္မာကြီး လျှောက်ထားသည့်စကား၏ အခြားမဲ့၌ပင် "အဘယ်သို့နည်း" ဟု ဆင်ခြင် စဉ်းစားတော်မူသော မြတ်စွာဘုရား၏ သန္တာန်တော်၌လည်း "နန္ဒရဟန်းသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်လေပြီ" ဟူ၍ သိသော သဗ္ဗညုတရွှေဉာဏ်တော် ဖြစ်ပွါးလေသည်။

### အရှင်နန္ဒမထေရ် ဘုရားထံမှောက် လာရောက် လျှောက်ထားခြင်း

ရှေး၌ ပြဆိုအပ်ပြီးသောအတိုင်း အရှင်နန္ဒမထေရ်သည် သူငယ်ချင်းရဟန်းတို့က ပြက်ရယ်ပြောင်လှောင်မှု ပြုအပ်ရကား "ငါသည် ဤသို့ ကောင်းစွာ ဟောကြားအပ်သော ဓမ္မဝိနယ သာသနာ၌ ရဟန်းပြုပြီးလျှင် နတ်သမီးတို့ကို ရရှိဖို့ရန် မြတ်စွာဘုရားကို အာမခံသူဖြစ်အောင် ပြုခဲ့မိလေပြီ၊ (သို့ရကား) ငါသည် ဝန်လေးသော အမှုကို ပြုအပ်ခဲ့လေပြီ" ဟူ၍ သံဝေဂဖြစ်ရှိကာ ဟိရိဩတ္တပ္ပတရားကို ဖြစ်ပွါးစေလျက် မနေမနား အားထုတ်လတ်သော် အရဟတ္တဖိုလ်သို့ ရောက်၍ "ငါသည် မြတ်စွာဘုရားကို ထိုအာမခံဝန်ခံချက်မှ လွတ်စေရပါမူ ကောင်းလေစွ" ဟုကြံစည်ဆင်ခြင်တော်မူပြီးလျှင် ထိုညဉ့်လွန်မြောက် မိုးသောက်လတ်သောအခါ မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်၍ မြတ်စွာဘုရားကို—

ဘုန်းတော်ကြီးသော နောင်တော်မြတ်ဘုရား .... နောင်တော်ဘုရားသည် ညီတော်အတွက် ခိုခြေအသွေးနီတွေးသောခြေရောင်အဆင်းရှိကြသည့် နတ်သမီး ငါးရာတို့ကို ရရှိဖို့ရန် အာမခံတော်မူခဲ့လေပြီ။ ဘုန်းတော်ကြီးသော နောင်တော်မြတ်ဘုရား .... နောင်တော် ဘုရားကို

http://www.dhammadownload.com



အကျွန်ုပ်(ညီတော်)သည် ထို ဝန်ခံချက် အာမခံချက်မှ လွတ်ပါ၏—

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည်လည်း ညီတော်အရှင်နန္ဒမထေရ်ကို—

ချစ်ညီနန္ဒ····ငါဘုရားသည်လည်း မိမိစိတ်ဖြင့် သင်၏ စိတ်ကိုပိုင်းခြားဝေဘန်ကာ"နန္ဒရဟန်းသည်အရဟတ္တဖိုလ်သို့ ရောက်ခဲ့လေပြီ"ဟူ၍ သိမြင်ခဲ့လေပြီ၊ ရဟန္တာ မြဟ္မာကြီးကလည်း ငါဘုရားအား သင်ချစ်ညီ ရဟန္တာ ဖြစ်ကြောင်း လာရောက် လျှောက်ထားခဲ့လေပြီ၊ ချစ်ညီနန္ဒ···· အကြင်အခါ (အကြင်စိတ္တက္ခဏ) ၌ သင်၏ စိတ်သည် အာသဝေါတရားတို့မှ လွတ်လေပြီ၊ ထိုအခါ (ထိုစိတ္တက္ခဏ)၏အခြားမဲ့ မှာပင် ငါဘုရားသည် ထိုအာမခံ ဝန်ခံချက်မှ လွတ်ခဲ့လေပြီ—

ဟူ၍ မိန့်ဆိုတော်မူပြီးလျှင် အလွန်နှစ်သက်အားရမ်း ဝမ်းမြောက်သော စိတ်ရှိတော်မူရကား—

ယဿ နိတ္တိဏ္ဏော ပင်္ကော၊
မဒ္ဒိတော ကာမကဏ္ဍကော။
မောဟက္ခယံ အနုပ္ပတ္တော၊
သုခဒုက္ခေသု န ဝေဓတိ သ ဘိက္ခု။

ယဿ = အကြင် အရိယာပုဂ္ဂိုလ်သည်။ ပင်္ကော = မိစ္ဆာအယူတည်းဟူသော ညွှန်ပျောင်းကို။ (ဝါ) သံသရာတည်းဟူသော ညွှန်ပျောင်းကို။ နိတ္တိဏ္ဏော = အရိယမဂ်တည်း ဟူသော တံတားနင်းကြမ်း ဖြင့် နိဗ္ဗာန် တည်းဟူသော တဖက်ကမ်းရောက်အောင် ကူးမြောက်တော်မူအပ်လေပြီ။ ကာမကဏ္ဍကော = သတ္တဝါများဖြင် လူပုံယင်ကို စူး ဝင် မှောင့် ရှောင့် ကိလေသာ ကာမ တည်းဟူသော ဆူးငြောင့်ကို။ မဒ္ဒိတော=ပညာဉာဏ်စက် တုတ်လက်နက်ဖြင့် မှုန့်မှုန့်ညက်ပျက်စီးအောင် ဖျက်ဆီးချေမှုန်း

http://www.dhammadownload.com



အဝ်လေပြီ။ ယော = အကြင်အရိယာသခင် အရှင်သူမြတ်သည်။ မောဟကဒ္ဒမံ = မောဟ၏ကုန်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်သို့။ အနုပ္ပတ္တော = မဂ်ဉာဏ်လေးထောက် အစဉ်လျှောက်၍ ရောက်တော်မူလေပြီ။ သ—သော ဘိက္ခု = ကိလေသာမိုက်မဲ မှောင်ထုခဲကို ဖြိုခွဲဖျက်ဆီးတော်မူပြီးသော ထိုရဟန္တာသခင် အရှင်သူမြတ်သည်။ သုခဒုက္ခေသု = ချမ်းသာ ဆင်းရဲ ဤနှစ်တွဲတို့ကြောင့်။ (ဝါ) ဣဋ္ဌာနိဋ္ဌ လောကဓံရှစ်ရပ်တို့ကြောင့်။ န ဝေဓတိ = ဖောက်ပြန်တုန်လှုပ်တော်မမူ။—

ဟူသော ဤဥဒါန်းဂါထာကို မြွက်ဆိုကျူးရင့်တော်မူလေ၏။

တနေ့သ၌ ရဟန်းတော်များသည် အရှင်နန္ဒမထေရ်ကို "ငါ့ရှင်နန္ဒ.... သင်သည် ရှေးရှေးရက်များက သာသနာတော်ဝယ် မပျော်ပိုက်ဟူ၍ ပြောဆိုခဲ့လေပြီ၊ ယခုအခါ၌ သင်၏စိတ်သည် အဘယ်သို့ ဖြစ်လေသနည်း" ဟူ၍ မေးမြန်းကြသည်ရှိသော် အရှင်နန္ဒမထေရ်က "ငါ့ရှင်တို့.... ယခုအခါ ငါ့မှာ လူ့ဘောင်သို့ လျှောကျလိုသောစိတ် ပိတ်မရှိတော့ပြီ" ဟူ၍ ဖြေကြားပြောဆိုလေသည်။

အရှင်နန္ဒ ဖြေကြားသည့် ထိုစကားကို ကြားကြရလျှင် ရဟန်းတော်တို့သည် "အရှင်နန္ဒသည် မဟုတ်မမှန်သောစကားကို ပြောကြားဘိ၏၊ အရဟတ္တဖိုလ်ကို ဖြေကြားဘိ၏၊ လွန်ခဲ့သောနေ့တို့က 'သာသနာတော်ဝယ် မပျော်ပိုက်' ဟူ၍ ပြောဆိုပြီးလျှင် ယခုအခါကျမှ 'ငါ့မှာ လူ့ဘောင်သို့ လျှောကျလိုသော အလိုဆန္ဒ လုံးဝမရှိတော့ပြီ' ဟု ပြောဆိုဘိ၏" ဟူ၍ ရှုတ်ချစကား ပြောကြားကြပြီးလျှင် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ကြ၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့.... လွန်ခဲ့သောနေ့တို့က နန္ဒရဟန်း၏ ကိုယ်ခန္ဓာသည် မကောင်းသဖြင့် မိုးအဝ်

http://www.dhammadownload.com



သော အိမ်နှင့်တူ၏၊ ယခုအခါ၌မူ ကောင်းစွာမိုးအပ်သော အိမ်နှင့်တူ၏။မှန်၏— ဤ နန္ဒရဟန်းသည် နတ်သမီးတို့ကို မြင်ပြီး သောအခါမှစ၍ ရဟန်းကိစ္စ အထွတ်အထိပ်ရောက်အောင် ကျင့် ဆောင်ကြိုးကုတ် ရဟန်းတရားကို အားထုတ်လတ်ရကား ယခု အခါ ရဟန်းကိစ္စ အထွတ်အထိပ် (= အရဟတ္တဖိုလ်) သို့ ရောက် လေပြီ" ဟူ၍ မိန့်တော်မူပြီးလျှင်—

(၁) ယထာ အဂါရံ ဒုစ္ဆန္နံ၊
ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊
ရာဂေါ သမတိဝိဇ္ဈတိ။

ဘိက္ခဝေ = ရဟန်းတို့....။ ဒုစ္ဆန္နံ = မကောင်းသဖြင့် မိုးအပ်သော။ အဂါရံ = အိမ်ကို။ ဝုဋ္ဌိ = မိုးရေသည်။ သမတိဝိဇ္ဈတိ ယထာ = ထိုးဖောက်လှစ်ထွင်း အတွင်းသို့ လွှမ်းမိုးဝင်သကဲ့သို့။ ဧဝံ = ဤအတူ။ အဘာဝိတံ = သမထ, ဝိပဿနာ ဘာဝနာနှစ်ပါးတို့ဖြင့် မပွါးများအပ် သော။ စိတ္တံ = စိတ်ကို။ ရာဂေါ = ရာဂကိလေသာသည်။ (ဝါ) ရာဂ, ဒေါသ, မောဟ, မာနမှ စ၍များထွေ ကိလေသာ တည်းဟူသော မိုးရေသည်။ သမတိဝိဇ္ဈတိ = ထိုးဖောက် လှစ်ထွင်း အတွင်းသို့ လွှမ်းမိုးဝင်လေတော့၏။

(၂) ယထာ အဂါရံ သုစ္ဆန္နံ၊
ဝုဋ္ဌိ န သမတိဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊
ရာဂေါ န သမတိဝိဇ္ဈတိ။

ဘိက္ခဝေ = ရဟန်းတို့....။ သုစ္ဆန္နံ = ကောင်းစွာ မိုးအပ်သော။ အဂါရံ = အိမ်ကို။ ဝုဋ္ဌိ = မိုးရေသည်။ န သမတိဝိဇ္ဈတိ ယထာ = ထိုးဖောက်လှစ်ထွင်း အတွင်းသို့ လွှမ်းမိုး၍ မဝင်နိုင်သကဲ့သို့။ ဧဝံ = ဤအတူ။ သုဘာ- ဝိတံ = သမထ,ဝိပဿနာ ဘာဝနာ နှစ်ပါးတို့ဖြင့်

http://www.dhammadownload.com



ကောင်းစွာပွါးများအပ်သော။စိတ္တံ = စိတ်ကို။ရာဂေါ = ရာဂကိလေသာသည်။ (ဝါ) ရာဂ, ဒေါသ, မောဟ, မာနမှ စ၍များစွာ ကိလေသာတည်းဟူသော မိုးရေသည်။ န သမတိဝိဇ္ဈတိ = ထိုးဖောက်လှစ်ထွင်း အတွင်းသို့လွှမ်းမိုး ဝင်ခြင်းငှါ အလျှင်းပင် မတတ်နိုင်တော့ချေ။—

ဟူသော ဤတရား ၂-ဂါထာတို့ကို ဟောကြားတော်မူလေ၏။ ဂါထာအဆုံး၌ များစွာသောရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ဆိုက်ကြလေကုန်၏။ (သို့ရကား) ဤတရား ဒေသနာသည် များစွာသော လူအပေါင်းအား အကျိုးကျေးဇူး များစွာရှိသော တရားဒေသနာ ဖြစ်လေသတည်း။

### ကပ္ပဠုဇာတ်ကို ဟောကြားတော်မူခြင်း

ထိုမှ နောက်အခါ၌ ရဟန်းတို့သည် တရားစကား ဟောကြား ဆွေးနွေးရာ ဓမ္မာရုံကျောင်းဆောင်၌ "ငါ့ရှင်တို့.... ဘုရားတို့ မည်သည် အလွန်ဘရာ လက်ဖျစ်တီး၍ အံ့ချီးထိုက်တော်မူပါ ကုန်၏၊ ဇနပဒကလျာဏီ သာကီဝင်မင်းသမီးကို အမှီပြု၍ သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်သော အရှင်နန္ဒကို စဥ်လျက် မြတ်စွာဘုရားသည် နတ်သမီးများကို ငါးစာသဖွယ် ပြုလုပ်၍ ဆုံးမတော်မူအပ်လေပြီ" ဟူ၍ မြတ်စွာဘုရား၏ အံ့ဩ ဖွယ် ကျေးဇူးဂုဏ်နှင့်စပ်သော စကားကို ပြောကြားနေဆဲရှိကြ ကုန်၏။ မြတ်စွာဘုရားသည် ထိုဓမ္မာရုံကျောင်းဆောင်သို့ ကြွ ရောက်တော်မူလာ၍ "ရဟန်းတို့....ယခုငါဘုရား ကြွရောက်လာ သောအခါ၌ သင်တို့သည် အဘယ်မည်သောစကားဖြင့် ညီမူ စည်းဝေး၍ နေကြကုန်သနည်း" ဟူ၍ မေးမြန်းတော်မူလေသော် ရဟန်းတို့သည် "ဤမည်သော (= အရှင်နန္ဒကို ရှင်တော်ဘုရား ယဥ်ကျေးအောင်ဆုံးမပုံနှင့်စပ်သော)စကားဖြင့် ညီမူစည်းဝေး၍ နေကြပါကြောင်း" ပြန်ကြားလျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့.... ယခုအခါ၌သာ မဟုတ်သေး၊ ရှေးအခါကလည်း ငါဘုရားသည် ဤနန္ဒရဟန်းကို

http://www.dhammadownload.com



မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမအပ်ဘူးသည်သာတည်း”ဟု မိန့်တော်မူ၍ ထိုရဟန်းတို့ တောင်းပန်အပ်ရကား အတိတ်ဖြစ်ရပ် ကပ္ပဋ္ဌဇာတ်ကို ဟောကြားထုတ်ဆောင်တော်မူသည်မှာ—

ရဟန်းတို့ ···· ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည် အရပ်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ထို ဗာရာဏသီပြည်၌ နေလေ့ရှိသော ကပ္ပဋ္ဌ-အမည်ရှိသော ကုန်သည်တဦး ရှိလေသည်။ ထို ကပ္ပဋ္ဌကုန်သည်မှာ တကုမ္ဘအချိန်စီးသည့် ဝန်ကို ထမ်းဆောင်နိုင်သော မြည်း (＝လား)တကောင်ရှိလေသည်၊ ထိုမြည်းသည် တနေ့ချင်းဖြင့်ပင် ခုနစ်ယူဇနာတို့တိုင်တိုင် သွားရောက်နိုင်၏။

အခါတပါး၌ ကပ္ပဋ္ဌကုန်သည်သည် မြည်းဝန်တင် (＝လားဝန်တင်) ကုန်သည်တို့နှင့် အတူတကွ တက္ကသိုလ်ပြည်သို့ သွားရောက်၍ မိမိ၌ ပါလာသော ကုန်များကို စွံအောင် မရောင်းရသေးမီ မိမိ၏မြည်းကို လွှတ်လပ်စွာ အစာရှာ ကျက်စားရန် လွှတ်၍ ထားလေသည်။ ထိုအခါ ကပ္ပဋ္ဌကုန်သည်၏ ထိုမြည်း (＝လား) သည် ကျုံးဘေး မြေနုအပြင်၌ လှည့်လည်ကျက်စားလေသော် မြည်းမတကောင်ကို တွေ့မြင်၍ အနီးသို့ ချဉ်းကပ်လေ၏။ ထိုအခါ မြည်းမနှင့် မြည်းဖိုတို့ အတုံ့အလှယ် မေတ္တာစကား နှီးနှော ပြောကြားကြသည်မှာ—

**မြည်းမ။** ။ရှင်····ဘယ်အရပ်မှ လာခဲ့ရသနည်း။

**မြည်းဖို။** ။ဗာရာဏသီပြည်မှ လာခဲ့ပါသည်။

**မြည်းမ။** ။အဘာယ်အလုပ်ဖြင့် လာခဲ့ပါသနည်း။

**မြည်းဖို။** ။ကုန်သွယ်ခြင်းအလုပ်ဖြင့် လာခဲ့ပါသည်။

**မြည်းမ။** ။ရှင် ···· အဘာယ်မျှ လေးလံသော ဝန်ကို ထမ်းဆောင်ရပါသနည်း။

**မြည်းဖို။** ။တကုမ္ဘ အချိန် စီးသော ဝန်ကို ထမ်းဆောင်ရပါသည်။

http://www.dhammadownload.com



မြည်းမ။ ။ရှင် …. ဤမျှ လေးလံသော ဝန်ကြီးကို ထမ်းဆောင်ကာ ခရီးယူဇနာ၃ အဘယ်မျှလောက် သွားရပါသနည်း။

မြည်းဖို။ ။တနေ့လျှင် ခုနစ်ယူဇနာရောက်အောင် သွားရပါသည်။

မြည်းမ။ ။ရှင့်မှာ ရောက်လေရာရာ အရပ်ဌာနၶ ခြေဆုပ်လက်နယ်မှု ယုယပြုစုမည့် အလုပ်အကျွေး တဦးတယောက်များ ရှိပါသလား။

မြည်းဖို။ ။မရှိပါ။

မြည်းမ။ ။ယင်းသို့ဖြစ်လျှင် (=ဒီလိုဆိုလျှင်) ရှင်သည် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားနေရမှာပေါ့၊ (ရိသ့်သ့် ပြောဆိုလေသည်)။

(တိရစ္ဆာန်တို့မှာ ခြေဆုပ်လက်နယ်မှု ပြုစုသောသူမည်သည် မရှိသော်လည်း ကာမ အနှောင်အဖွဲ့ဖြင့် ဖွဲ့စပ်မိရန် ထိုသို့သော စကားကို ပြောကြားခြင်းဖြစ်သည်)။

မြည်းဖိုသည် မြည်းမ၏ ယင်းသို့ (ရိသ့်သ့် ကန့်ကရ) ပြောကြားသောစကားကြောင့် အလုပ်၌ မပျော်ပိုက်နိုင် တမှိုင်တွေတွေ ဖြစ်၍ နေလေပြီ။ ကပ္ပဋ ကုန်သည်လည်း မိမိ ပါလာသော ကုန်များကို စွံအောင် ရောင်းချပြီးလတ်သော် ထိုမြည်း အနီးသို့ လာရောက်၍ "ချစ်သား…လာလေ့၊သွားကြကုန်စို့" ဟူ၍ ပြောကြားလေ၏။ "သင်တို့သာ သွားကြလေ့၊ ငါကား မလိုက်ပါနိုင်" ဟူ၍ မြည်းက ပြန်ကြားငြင်းဆန်လေသည်။

ထိုအခါ ကပ္ပဋ ကုန်သည်သည် အဖန်ဖန် လိုက်ပါရန်အကြောင်း တောင်းပန် ပြော ဆို သော် လည်း မ လိုက် ပါ လို သော ထို မြည်း (=လား) ကို "ခြိမ်းချောက်ပြီးမှ ထိုမြည်းကို ဆောင်ယူရတော့မည်" ဟု ကြံစည်စဉ်းစားပြီးလျှင်—

http://www.dhammadownload.com



(၁) ပတောဒံ တေ ကရိဿာမိ၊
သောဠသင်္ဂုလိကဏ္ဍကံ။
သဉ္ဆိန္ဒိဿာမိ တေ ကာယံ၊
ဧဝံ ဇာနာဟိ ဂဒြဘ။

ဂဒြဘ = စိတ်ထားသေးနုပ် ဟယ်မြည်းယုတ်….။ တေ = သင်မြည်းယုတ်အား။ အဟံ = ငါသည်။ သောဠသင်္ဂုလိကဏ္ဍကံ—သောဠသင်္ဂုလိကဏ္ဍကေန = ဆယ့်ခြောက်လက်မ ပမာဏရှည်ဖြူး သံဆူးတပ်သည့် ကြိမ်လုံးဖြင့်။ ပတောဒံ = ထိုးဆွရိုက်နှက်ခြင်းကို။ ကရိဿာမိ = ပြုရပေလတ်အံ့။ တေ = သင်မြည်းယုတ်၏။ ကာယံ = ကိုယ်ကို။ သဉ္ဆိန္ဒိဿာမိ = ပေါက်ပြတ်စုတ်ကွဲအောင် ဖြတ်ခွဲရပေတော့အံ့။ ဧဝံ = ဤသို့။ (တွံ = သင်မြည်းယုတ်သည်)။ ဇာနာဟိ = သိမှတ်လေလော့။—

ဟူသော ဤဂါထာကို ရွတ်ဆိုပြောကြားလေသည်။

ထိုစကားကိုကြား၍ မြည်းသည် "ယင်းသို့ဖြစ်လျှင် ငါကလည်း သင့်အပေါ်မှာ ပြုလုပ်ရမည့်အလုပ်ကို သိရမှာပေါ့" ဟူ၍ ပြောကြားပြီးလျှင်—

(၂) ပတောဒံ မေ ကရိဿသိ၊
သောဠသင်္ဂုလိကဏ္ဍကံ။
ပုရတော ပတိဋ္ဌဟိတွာန၊
ဥဒ္ဓရိတွာန ပစ္ဆတော။
ဒန္တံ တေ ပါတယိဿာမိ၊
ဧဝံ ဇာနာဟိ ကပ္ပိဋ္ဌ။

ကပ္ပိဋ္ဌ = ကပ္ပိဋ္ဌ တွင်မည် အိုကုန်သည်။ (တွံ = သင်သည်)။ မေ = ငါ့အား။ သောဠသင်္ဂုလိကဏ္ဍကံ—သောဠသင်္ဂုလိကဏ္ဍကေန=ဆယ့်ခြောက်လက်မ ပမာဏ ရှည်ဖြူး သံဆူးတပ်သည့်ကြိမ်လုံးဖြင့်။ ပတောဒံ = ထိုးဆွရိုက်နှက်ခြင်းကို။ ကရိဿသိ = အကယ်၍များ ပြုလုပ်

http://www.dhammadownload.com



ငြားအံ့။ (ဧဝံ = ဤသို့ ပြုလုပ်သည်ရှိသော်)။ အဟံ = ငါသည်။ ပုရတော = ရှေ့လက်နှစ်ဖက်ဖြင့်။ ပတိဋ္ဌဟိတွာန = မြေ၌ခိုင်ကျည် ကြံ့ကြံ့တည်၍။ ပစ္ဆတော = နောက်ခြေနှစ်ဖက်ဖြင့်။ ဥဒ္ဒရိတွာန = တအားသွန် ခုန်မြှောက်ကန်ကျောက်၍။ တေ = သင်၏။ ဒန္တံ = သွားအပေါင်းကို။ ပါတယိဿာမိ = မြေသို့ကျကြွေ ကျိုးအောင်ချိုးရပေလတ်အံ့။ ဧဝံ = ဤသို့။ (တွံ = သင်ကပ္ပူရ ကုန်သည်သည်)။ ဇာနာဟိ = သိမှတ်လေလော့။—

ဟူသော ဤ (ရန်တို့မူမည့်) ဂါထာကို ရွတ်ဆို ပြန်ကြားလေ၏။

ထိုမြည်း၏ ရဲရဲဝံ့ဝံ့ ရန်တို့မူမည့်စကား ပြောကြားလတ်သည်ကို ကြားသိရ၍ ကပ္ပူရ ကုန်သည်သည် "အဘယ်အကြောင်းကြောင့် ဤမြည်းသည် ဤသို့ပြောဆိုသနည်း"ဟု ကြံစည်ဆင်ခြင်စဉ်းစား၍ ဤမှ ထိုမှ ကြည့်ရှုလတ်သည်ရှိသော် ထိုမြည်းမပျိုကို မြင်ရ၍ "ဤမြည်းမပျိုသည် ဤမြည်းဖိုကို ဤသို့ပြောကြားအောင် သင်ကြားပေးအပ်သည် ဖြစ်ပေလိမ့်မည်၊ (သို့ရကား) 'ချစ်သား···· သင့်အတွက်တာ ဤသို့သဘောရှိသည့် မြည်းမပျိုကို ငါဆောင်ပေးမည်' ဟု မာတုဂါမဖြင့် ထိုမြည်းဖိုကို ဖြားယောင်း၍ ငါ ခေါ်ဆောင်မှ သင့်လျော်တော့မည်' ဟု ကြံစည်ပြီးလျှင်—

(၃) စတုပ္ပဒိံ သင်္ခမုခိံ၊
နာရိံ သဗ္ဗင်္ဂသောဘိဏိံ။
ဘရိယံ တေ အာနယိဿာမိ၊
ဧဝံ ဇာနာဟိ ဂဒြဘ။

ဂဒြဘ = ငါ၏သားကြီး အမောင်မြည်း····။တေ = သင့်အား။ (ဝါ) သင်၏အတွက်တာ။ စတုပ္ပဒိံ = အခြေလေးချောင်း ရှိသော။ သင်္ခမုခိံ = ခရုသင်းအတူ စင်ဖြူသောမျက်နှာရှိသော။သဗ္ဗင်္ဂသောဘိဏိံ = ခပ်သိမ်းသော ကိုယ်အင်္ဂါဖြင့် တင့်တယ်လှပသော။ နာရိံ ဘရိယံ = မြည်းမပျိုငယ် ဇနီးသယ်ကို။ အာနယိဿာမိ =

http://www.dhammadownload.com



ဗာရာဏသီပြည်မှောက် ရောက်လျှင်မနေ့း ငါ့ရှာဖွေယူဆောင်၍ပေးပေလတ်အံ့။ ဧဝံ = ဤသို့။ (တွံ = ငါ၏သားကြီး အမဓောင်မြည်းသည်)။ ဇာနာဟိ = ပုံသေဆတ်ဆတ် သိမှတ်ပါလေလော့။ —

ဟူသော ဤ (မြားယောင်းသည့်) ဂါထာကို ရွတ်ဆိုလေ၏။ ထိုစကားကို ကြားရ၍ မြည်းဖိုသည် အလွန်နှစ်သက် ဝမ်းမြောက်သော စိတ်ရှိရကား—

(၄) စတုပ္ပဒိံ သင်္ခမုခိံ၊
နာရိံ သဗ္ဗင်္ဂသောဘိဏိံ။
ဘရိယံ မေ အာနယိဿသိ၊
ဧဝံ ဇာနာဟိ ကပ္ပဋ္ဌ။
ကပ္ပဋ္ဌ ဘိယျော ဂမိဿာမိ၊
ယောဇနာနိ စတုဒ္ဒသ။

ကပ္ပဋ္ဌ = ငါ့ကျေးဇူးရှင် သခင်ကပ္ပဋ္ဌ….။ မေ = ငါ့အား။ (ဝါ) ငါ၏ အတွက်တာ။ စတုပ္ပဒိံ = ဇာတ်တူမှန်ဘိ အခြေလေးချောင်းရှိသော။ သင်္ခမုခိံ = ခရုသင်းအတူ စင်ဖြူသော မျက်နှာရှိသော။ သဗ္ဗင်္ဂသောဘိဏိံ = ခပ်သိမ်းသော ကိုယ်အင်္ဂါဖြင့် တင့်တယ် လှပစွာသော။ နာရိံ ဘရိယံ = မြည်းမပျိုငယ် ဇနီးသယ်ကို။ အာနယိဿသိ = ဗာရာဏသီပြည်မှောက် ရောက်လျှင်မနေ့း သင်ရှာဖွေယူဆောင်၍ပေးငြားအံ့။ ဧဝံ = ဤသို့ ဧကန် မှန်လတ်သည်ရှိသော်။ ကပ္ပဋ္ဌ = ငါ့ကျေးဇူးရှင် သခင်ကပ္ပဋ္ဌ….။ အဟံ = သင့်သားတော်ကြီး ငါမြည်းလိမ္မာသည်။ ဘိယျော = ရှေးကထက်တိုး သထမ်းပိုးလျှင်။ စတုဒ္ဒသ ယောဇနာနိ = ခရီးရှည်ဝေး ဘဆယ့်လေးယူဇနာတို့တိုင်တိုင်။ ဂမိဿာမိ = တနေ့ချင်းပေါက် ငါရောက်အောင်သွားပေအံ့။ ဧဝံ = ဤသို့။ (တွံ = သင်ငါ့ကျေးဇူးရှင် သခင်ကပ္ပဋ္ဌသည်)။ ဇာနာဟိ = ပုံသေဆတ်ဆတ် သိမှတ်တော်မူပါလော့။—

http://www.dhammadownload.com



ဟူသော ဤ (အားတက်သည့် အကြောင်းကို ဖော်ပြသော) ဂါထာကို ရွတ်ဆိုလေ၏။

ထိုအခါ ကပ္ပဋကုန်သည်သည် ထိုမြည်းဖိုကို "ချစ်သား…. ထိုသို့ဖြစ်ခဲ့လျှင် လာလော့" ဟု ခေါ်ဆောင်ကာ မိမိ၏နေရာ ဗာရာဏသီပြည်သို့ အရောက်သွားလေ၏။ နှစ်ရက်သုံးရက်လွန်သောအခါ ထိုမြည်းသည် ကပ္ပဋကုန်သည်ကို "ငါ့ကျေးဇူးရှင် သခင်ကပ္ပဋ…. သခင်တို့သည် 'သင့်အတွက်တာ မြည်းမပျိုငယ် ဇနီးသယ်ကို ငါဆောင်ယူ၍ပေးမည်' ဟု အကျွန်ုပ်ကို ပြောခဲ့ကြပြီ မဟုတ်လော" ဟူ၍ အရေးဆိုသောစကားကို ပြောကြားလေသည်။ ထိုအခါ ကပ္ပဋကုန်သည်သည်—

အိမ်း ငါပြောခဲ့သည် မှန်ပေ၏၊ ငါသည် ငါ့စကားကို မဖျက်ပါ၊ သင့်အတွက်တာ မြည်းမပျိုငယ် ဇနီးသယ်ကို ငါရှာဖွေယူဆောင်၍ ပေးပါမည်။သို့သော်လည်း စားနပ်ရိက္ခာကိုကား သင်တကောင် အတွက်သာလျှင် ငါပေးနိုင်မည်၊ (သင့်ဇနီးသယ် မြည်းမငယ်အတွက်ကိုကား ငါ မပေးနိုင်)။ သင့်အတွက်တာ ငါပေးအပ်သော စားနပ်ရိက္ခာသည် သင်၏ဇနီးသယ် အတွက်ပါလောက်သည် မူလည်း ဖြစ်စေ၊ မလောက်သည် မူလည်းရှိစေ သင်သည်ပင် စဉ်းစားဆင်ခြင် အသိဉာဏ် ဝင်လေလော့၊ အထူး ငါပြောလိုသည်မှာ …. သင်တို့နှစ်ဦး ပျော်မြူးဆက်ဆံမှုကို အကြောင်းပြု၍ သားသမီးများ မွေးဖွားလာကြပေဦးမည်၊ ထိုများစွာသော သားသမီးတို့နှင့် တကွ သင့်အတွက်တာ ငါပေးအပ်သော စားနပ်ရိက္ခာသည် လောက်ငသည်မူလည်းဖြစ်စေ၊ မလောက်ငသည်မူလည်း ဖြစ်စေ (ငါ့တာဝန်မဟုတ်ပေ။) သင်သည်ပင် ထို စားနပ်ရိက္ခာ အရေးကို တွေးတောဆင်ခြင် အသိဉာဏ်ဝင်လေလော့ ချစ်သား"—

ဟူ၍ အဆုံးအမ ဩဝါဒစကား ပြောကြားလေ၏၊ မြည်းသည် ထိုကပ္ပဋကုန်သည် ဩဝါဒစကား မိန့်ကြား ပြောဆိုစဉ်ပင်

http://www.dhammadownload.com



မြည်းမပျိုအပေါ်မှာ တွယ်တာငဲ့ကွက်ခြင်း ကင်းပြတ်၍ သွားလေတော့၏။

မြတ်စွာဘုရားသည် ဤကပ္ပဋဇာတ် တရားဒေသနာမြတ်ကို ဆောင်တော်မူ၍ "ရဟန်းတို့ ···· ယခုအခါ ဇနပဒကလျာဏီ သာကီဝင်မင်းသမီးသည် ထိုစဉ်အခါ မြည်းမပျို ဖြစ်ခဲ့လေပြီ၊ ယခုအခါ နန္ဒရဟန်းသည် ထိုစဉ်အခါ မြည်းဖိုဖြစ်ခဲ့လေပြီ၊ ယခုအခါ ငါဘုရားသည်ပင် ထိုစဉ်အခါ ကပ္ပဋကုန်သည် ဖြစ်ခဲ့လေပြီ၊ ဤသို့လျှင် ရှေးအခါကလည်း ထိုနန္ဒရဟန်းကို ငါဘုရားသည် မာတုဂါမဖြင့် ဖြားယောင်း၍ လိမ္မာအောင် ဆုံးမအပ်ခဲ့လေပြီ" ဟူ၍ မိန့်ဆိုတော်မူကာ ဇာတ်တော်ကို အပြီးအဆုံး နိဂုံးသတ်တော်မူလေ၏။

ကပ္ပဋဇာတ် ပြီး၏။

---

**အမှာစကားရပ်။**　။မြတ်စွာဘုရား သခင် ရာဇဂြိုဟ်ပြည် အရပ်ဝယ် ဒုတိယဝါ တတိယဝါ စတုတ္ထဝါ ကပ်တော်မူသောအခါနှင့်စပ်၍"ရှေးဝါဆိုစဉ်ဝတ္ထုကျမ်း"၌—

(၁) ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၄၂၂-၌လာရှိသော သာရိပုတ္တတ္ထေရဿ သဟာယကဗြာဟ္မဏဝတ္ထု (= အရှင်သာရိပုတ္တရာ မထေရ်၏ သူငယ်ချင်းပုဏ္ဏား ဝတ္ထု)၊

(၂) ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၀၀-၌လာသော စုန္ဒသူကရိကဝတ္ထု (=စုန္ဒမည်သော ဝက်ထိုးသမားဝတ္ထု)၊

(၃) ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၃၇၃-၌လာသော မဟာကဿပတ္ထေရဝတ္ထု—

ဤသုံးဝတ္ထုတို့ကို ထုတ်ဖော်ရေးသားပြီးလျှင်"ဤကဲ့သို့ ဒုတိယဝါကစ၍ စတုတ္ထဝါတိုင်အောင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း

http://www.dhammadownload.com



တော်၌ မိန္ဒိသာရမင်းအား ပေးသောပဋိညာဉ်ကို အကြောင်းပြု၍ ဤသို့ အစရှိသော ဒေသနာကို များစွာသော နတ်လူတို့အား ဟောကြားတော်မူ၍ များစွာသော နတ်လူတို့အား မဂ်ဖိုလ်နိဗ္ဗာန်တရားကို ပေးတော်မူ၏" ဟူ၍ ရေးသားပြီးလျှင် ဒုတိယ တတိယ စတုတ္ထဝါဆိုစဉ်အခဏ်းကို သိမ်းလေသည်။

ထို "ရှေးဝါဆိုစဉ်ဝတ္ထုကျမ်း" လာ သုံးဝတ္ထုတို့ကို ဓမ္မပဒ-အဋ္ဌကထာ မြန်မာပြန်ကျမ်း၌ ကြည့်ရှုမှတ်သားကြကုန်ရာ၏။

ဤမဟာဗုဒ္ဓဝင်ကျမ်းကို ပဌမစီစဉ်သော ဆရာကြီး ဆရာလင်းကမူ ဤရာဇဂြိုဟ်ပြည်ဝယ် ဝါကပ်သောအခဏ်း၌—

(၁) (က) ဇောတိကသူဌေးကြီးအကြောင်း၊
(ခ) ဇဋိလသူဌေးကြီးအကြောင်း၊
(ဂ) မေဏ္ဍကသူဌေးကြီးအကြောင်း၊
(ဃ) ကာကဝလိယသူဌေးကြီးအကြောင်း၊
(င) ပုဏ္ဏသူဌေးကြီးအကြောင်း၊ ဤသူဌေးကြီး ငါးဦးအကြောင်းနှင့်—

(၂) သုမနပန်းသည်အကြောင်း၊
(၃) အဂ္ဂိဒတ္တရသေ့စသော ရသေ့တထောင်အကြောင်း၊
(၄) အရှင်ဇမ္ဗုကမထေရ်အကြောင်း—

တို့ကို ရေးသားရန် မာတိကာထားခဲ့ပါသည်။ ထိုတွင် (၁) မှတ်ပါ သူဌေးကြီး ငါးဦးတို့အကြောင်းကို သံဃရတနာအခဏ်းသို့ ရောက်မှ ရေးသားဖော်ပြပေအံ့။ ဤ၌ကား (၂) (၃) (၄) အကြောင်းအရာတို့ကိုသာ အစဉ်အတိုင်း (၂၁-ခုမြောက်အခဏ်းအနေဖြင့်) ရေးသားပေအံ့။

ဤတွင် အခဏ်း ၂၀-ပြီး၏။

http://www.dhammadownload.com



## အခန်း-၂၀

## ရာဇဂြိုဟ်ပြည် သုမနပန်းသည် အကြောင်း

(တဒ္ဓ ကမ္မံ ကတံ သာဓု) အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် သုမန-အမည်ရှိသော ပန်းသည်ကို အကြောင်းပြု၍ ဟောကြားတော်မူလေသည်။

ထိုရာဇဂြိုဟ်ပြည်သား သုမန-မည်သော ပန်းသည်ကား နေ့စဉ်နေ့တိုင်း ဗိမ္ဗိသာရမင်းကြီးထံ နံနက်စောစော မုလေးပန်း ရှစ်ကွမ်းစား (ရှစ်စလယ်) တို့ကို ဆက်သခစားသည်ဖြစ်၍ နေ့စဉ်နေ့စဉ် အသပြာငွေ ရှစ်ကျပ် ရှစ်ကျပ် ရရှိလေသည်။

တနေ့သ၌ သုမနပန်းသည်သည် မုလေးပန်းတို့ကို ယူဆောင်ကာ မြို့သို့ ဝင်လတ်သည်ရှိသော် မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်၍ ကြီးမြတ်သော ဘုရား၏ အာနုဘော်တော်, ကြီးမြတ်သော ဘုရား၏ တင့်တယ်စံပယ်တော်မူခြင်းဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင် ကြွတော်မူလာလေ၏။

(အထူးမှတ်ရန်မှာ.... မြတ်စွာဘုရားသည် တရံတခါ ရောင်ခြည်တော်ခြောက်သွယ်တို့ကို သင်္ကန်းဖြင့်ဖုံးအုပ်၍ အညတရ=မထင်မရှား ဆွမ်းခံကြွသော ကိုယ်တော်တပါးကဲ့သို့ ကြွသွားတော်မူ၏၊ (ဥပမာ) ယူဇနာသုံးဆယ် ဝေးကွာသော ခရီးသို့ အင်္ဂုလိမာလခိုးသားအား ခရီးဦးကြိုဆိုရန် ကိုယ်တော်တပါးတည်း မထင်မရှား ကြွသွားတော်မူသကဲ့သို့တည်း။ တရံတခါ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်၍ ကြွသွားတော်မူ၏၊ (ဥပမာ) ကပိလဝတ်နေပြည်တော်အတွင်း ဆွမ်းခံကြွဝင်တော်မူသကဲ့သို့တည်း။ ယခု သုမနပန်းသည်နှင့် တွေ့ရမည့်နေ့၌လည်း ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်လျက် ကြီးမြတ်သော ဘုရား၏ အာနုဘော်တော်, ကြီးမြတ်သော ဘုရား၏ တင့်တယ်စံပယ်တော်မူခြင်းဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာလေသည်)။

http://www.dhammadownload.com



သုမနပန်းသည်သည် မြတ်စွာဘုရား၏ ရတနာတုရိုဏ်တိုင်နှင့် တူသော ကိုယ်တော်ကို ဖူးတွေ့ရ၍ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ရှစ်ဆယ်သော လက္ခဏာတော်ငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်ခြင်း အသရေအစုကို ကြည့်ရှု၍ သဒ္ဓါ ရွှန်းစိုကြည်ညိုသောစိတ် တဖိတ်ဖိတ်ဖြစ်ရှိရကား "ငါသည် မြတ်စွာ ဘုရားအား အဘယ်မည်သော ဇာဓိကာရ (=အထိကရ) ကောင်းမှုကို ပြုရပါမည်နည်း" ဟု ကြံစည်စဉ်းစားလတ်သည်တွင် အခြားတပါး ပူဇော်ဖွယ်ဝတ္ထုကို မမြင်ရကား "ဤငါ့လက်ဝယ် ရှိသော မုလေးပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်တော့မည်"ဟု ကြံစည်စဉ်းစားမိ၍ တဖန်ဆက်ပြီးလျှင် "ဤမုလေးပန်းတို့သည် မင်းကြီးအား အမြဲ ဆက်သရသော ပန်းများဖြစ်လေသည်၊ မင်း ကြီးသည် ဆက်သနေကျဖြစ်သည့် ဤမုလေးပန်းတို့ကို မရရှိသော် ငါ့ကို ထိတ်,ထောင်,နှောင်ကြိုး တမျိုးမျိုးဖြင့် နှောင်ဖွဲ့သော်မူ နှောင်ဖွဲ့စေပေလိမ့်မည်၊ သို့မဟုတ် သတ်သော်မူလည်း သတ်စေ ပေလိမ့်မည်၊ သို့မဟုတ် တိုင်းပြည်မှသော်လည်း နှင်ထုတ်စေပေ လိမ့်မည်၊ အဘယ်သို့ ပြုရပါမည်နည်း"ဟု ကြံစည် စဉ်းစား ပြန်လေသည်။ ထို့နောက် သုမနပန်းသည်၏ စိတ်အစဉ် သန္တာန် ဝယ်—

> "မင်းကြီးသည် ငါ့ကို သတ်လိုမူလည်း သတ်စေ၊ နှောင်ဖွဲ့လိုမူလည်း နှောင်ဖွဲ့စေ၊ တိုင်းပြည်မှ နှင်ထုတ်လိုမူ လည်း နှင်ထုတ်စေ၊ မှန်ပေ၏—မင်းကြီးသည် ငါ့အား ဆုလာဘ် ပေးသနားလျှင်လည်း ဤကိုယ်အဖြစ်၌ အသက် မွေးနိုင်လောက်ရုံမျှသော ဥစ္စာကိုသာ ပေးသနား လေရာ၏၊ မြတ်စွာဘုရားအား ပူဇော်ခြင်းသည်ကား ငါ့အတွက် တာ များလှစွာသော ကမ္ဘာအကုဋေတို့၌ အစီးအပွါး ချမ်းသာအလို့ငှါ ကျေနပ်စွမ်းနိုင်လေရာ၏"—

ဟူ၍ ရဲရဲတောက် အကြံအစည်ဖြစ်ပြီးလျှင် မိမိအသက်ကို မြတ်စွာ ဘုရားအား စွန့်လှူရန် ဆုံးဖြတ်ချက်ချမှတ်လေတော့သည်။

http://www.dhammadownload.com



သုမနပန်းသည်သည် "ငါ၏ သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် မဆုတ်နစ်မီပင် ထိုမုလေးပန်းများကို ပူဇော်မှုပြုပေအံ့"ဟုအလွန် ဝမ်းမြောက်ကာ အလွန်စိတ်တက်ကြွကာ မြတ်စွာဘုရားကို မိမိ ယူဆောင်လာသော မုလေးပန်းတို့ဖြင့် ပူဇော်လေတော့၏။ပူဇော် ပုံမှာ—

(၁) ရှေးဦးစွာ မုလေးပန်းနှစ်ဆုပ်တို့ကို မြတ်စွာဘုရား၏ အထက်သို့ ပစ်မြှောက် ပူဇော်လိုက်လေသည်၊ ထိုမုလေးပန်းတို့ သည် မြတ်စွာဘုရား၏ ဦးခေါင်းတော်အထက်၌ မိတာန်မျက်နှာ ကြက်သဖွယ်ဖြစ်၍ တည်ကြလေကုန်၏။

(၂) နောက်ထပ် မုလေးပန်းနှစ်ဆုပ်တို့ကို ပစ်မြှောက် လိုက် သောအခါ ထိုမုလေးပန်းတို့သည် မြတ်စွာဘုရား၏ လက်ျာဖက် လက်တော်နံပါးဝယ် ပန်းကန့်လန့်ကာ( =ပန်းဝတ်ထည်လွှာ) အသွင်ဖြင့် သက်ဆင်းကျရောက်ကာ တည်ကြလေကုန်၏။

(၃) နောက်ထပ် မုလေးပန်း နှစ်ဆုပ်တို့ကို ပစ်မြှောက်လိုက် သောအခါ ထိုမုလေးပန်းတို့သည် မြတ်စွာဘုရား၏ ကျောတော် ဖက်မှ သက်ဆင်း ကျရောက်ကာ ပန်းကန့်လန့်ကာ( =ပန်းဝတ် ထည်လွှာ)အသွင်ဖြင့် တည်ကြလေကုန်၏။

(၄) နောက်ထပ် မုလေးပန်းနှစ်ဆုပ်တို့ကို ပစ်မြှောက်လိုက် သောအခါ ထိုမုလေးပန်းတို့သည် မြတ်စွာဘုရား၏ လက်ဝဲဖက် လက်တော်နံပါးဝယ် ပန်းကန့်လန့်ကာ ( =ပန်းဝတ်ထည်လွှာ) အသွင်ဖြင့် သက်ဆင်းကျရောက်ကာ တည်ကြလေကုန်၏။

ဤသို့လျှင် မုလေးပန်း ရှစ်ကွမ်းစားတို့သည် ရှစ်ဆုပ်ဖြစ်ကြ ကာ မြတ်စွာဘုရား၏ ဝဲဖက်, ယာဖက်, ကျောဖက်, အထက် ဟူသော လေးဌာနတို့၌ မြတ်စွာဘုရားကို ဖန်းမျက်နှာကြက် သဏ္ဍာန် ပန်းကန့်လန့်ကာသဏ္ဍာန် ဝန်းရံတည်ကြလေကုန်၏၊ ရှေ့တော်၌ကား ကြွသွားဝင်စံနိုင်လောက်ရုံ တံခါးပေါက်ဝမျှ ဟင်းလင်းအာကာသ ကျန်ရှိလေသည်၊ မုလေးပန်းတို့၏ အညှာ တံတို့သည်ကား အတွင်းသို့ ချည်းသာ ရှေးရှုစီရီ ညီညွတ်စွာ

http://www.dhammadownload.com



တည်ကြလေကုန်လျက် ပွင့်ချပ်ပွင့်လွှာတို့ကား၊ အပြင်သို့ချည်းသာ မျက်နှာစိုက်ရှိ တည်ကြလေကုန်၏။

သို့ရကား မြတ်စွာဘုရားသည် ငွေထည်ဝတ်လွှာဖြင့် ဝန်းရံ အပ်သကဲ့သို့ဖြစ်လျက် ကြွသွားတော်မူလေ၏။ မုလေးပန်းတို့သည် ပကတိအားဖြင့် စိတ်မရှိကြသော်လည်း စိတ်ရှိတော်မူသည့် မြတ်စွာဘုရားကို အမှီပြု၍ စိတ်ရှိသော ဖန္ဒည်း ဝတ္ထုကဲ့သို့ မကွေမကွဲ အောက်သို့လည်း မပျော့ကျကြပဲ မြတ်စွာဘုရား ရှင်နှင့် အတူတကွသာလျှင် လိုက်ပါသွားကြမလေ၏။ မြတ်စွာ ဘုရားရပ်တော်မူတိုင်းသော အရပ်၌ မုလေးပန်းတို့သည်လည်း ရပ်ကြကုန်၏။ မြတ်စွာဘုရား၏ ကိုယ်တော်မှလည်း အသိန်း မကသော လျှပ်နွယ်လျှပ်စီးတို့ မြက်သန်းသည့်ပမာ ရောင်ခြည် တော်တို့ ကွန့်မြူးထွက်ကြလေကုန်သည်။ မြတ်စွာဘုရား၏ ရှေ့, နောက်, ဝဲ, ယာ, ဦးခေါင်းတော်အထက်ဟုဆိုအပ်သော ငါးဌာန တို့မှ အကြားမလပ် ထွက်ကွန့်သော ရောင်ခြည်တော်တို့တွင် တပါး သော ရောင်ခြည်မျှလည်း ရှေးရှုဦးတည်ရာ ဦးတည်ရာဌာနဖြင့် မပြေးသွားပဲ အလုံးစုံသော ရောင်ခြည်တော်တို့သည်ပင် မြတ်စွာ ဘုရားကို လက်ျာရစ်သုံးပတ်လည်ပြီးမှ ထန်းပင်ပျိုလုံးခန့် ပမာဏ ဖြစ်ကြ၍ (ဆတ်ချ လိုက် မီး လုံး ကြီး ကို ထိုး ထား သည့် အ လား) မြတ်စွာဘုရား၏ရှေ့မှပင် ပြေးသွားကြလေသည်။ သို့ရကား ရာဇ- ဂြိုဟ်ပြည်အလုံးသည် အုန်းအုန်းကြွက်မျှ ချောက်ချားလျက်ရှိပေ၏၊ မြို့တွင်း ၉-ကုဋေ, မြို့ပ ၉-ကုဋေအားဖြင့် လူဦးရေ (၁၈) တဆယ့်ရှစ်ကုဋေတို့အနက် မိန်းမယောက်ျား တဦးတယောက်မျှ ဆွမ်းကိုကိုင်ဆောင်လျက် ဆွမ်းလောင်းရန်အတွက် မထွက်သော သူမည်သည် မရှိ။

လူများအပေါင်းသည် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောကြုံးဝါး သံကို ကြုံးဝါးလျက် ပုဆိုးဦးရစ်ပေါင်းအထောင် ပစ်မြှောက်ကြ ကာ မြတ်စွာဘုရား၏ ရှေ့မှသာလျှင် တစုတရုံးတည်း သွားကြ လေသည်။ မြတ်စွာဘုရားသည်လည်း သုမနပန်းသည်၏ ဂုဏ် ကျေးဇူးကို ထင်ရှားအောင် ပြုတော်မူခြင်းငှါ သုံးဂါဝုတ်မျှ

http://www.dhammadownload.com



ပမာဏကျယ်ဝန်းသော ရာဇဂြိုဟ်ပြည်အတွင်းဝယ် စည်လည်ရာ လမ်းခရီးမ-ဖြင့်ပင် ကြွချီတော်မူလေ၏။ (ထို့ကြောင့်) သုမန ပန်းသည်၏ ကိုယ်အလုံးသည် ပီတိငါးမျိုးဖြင့် ပြည့်ဖြိုးလျက် ရှိပေ၏။

သုမနပန်းသည်သည် အနည်းငယ်သာလျှင် မြတ်စွာဘုရားနှင့် အတူတကွ လိုက်ပါလှည့်လည်၍ ဆေးဒန်းမြင်းသီလာ ရေအယဉ်၌ ငုပ်လျှိုးသောသူကဲ့သို့ မြတ်စွာဘုရား ရောင်ခြည်တော်တို့၏ အတွင်းသို့ ဝင်ပြီးလျှင် မြတ်စွာဘုရားကို ချီးမွမ်းထောမနာမှု ရှိသေစွာ ရှိခိုးမှုကိုပြု၍ ပန်းတပွင့်မျှမပါ (အချည်းနှီး) သော ခြင်းတောင်းကိုစွဲကိုင်ကာ မိမိအိမ်သို့ ပြန်သွားလေ၏။

အိမ်သို့ရောက်သောအခါ အိမ့်ရှင်မက သုမနပန်းသည်ကို "ပန်းတွေ ဘယ်မှာနည်း" ဟု မေးလတ်သော် "ရှင်မ.... ငါသည် ပန်းများဖြင့် မြတ်စွာဘုရားကို ပူဇော်အပ်ခဲ့လေပြီ" ဟူ၍ သုမန ပန်းသည်က ဖြေကြားလေသည်။ တဖန် အိမ့်ရှင်မက "အရှင်.... ထိုသို့ဖြစ်လျှင် မင်းကြီးအား ဆက်သရန် ပန်းများအတွက် ယခု အဘယ်သို့ပြုမည်နည်း = ဘယ်လိုလုပ်မည်နည်း" ဟူ၍ မေးပြန် သည်တွင် သုမနပန်းသည်က "မင်းကြီးသည် ငါ့ကို သတ်လိုမူ လည်း သတ်စေ၊ တိုင်းပြည်မှ နှင်ထုတ်လိုမူလည်း နှင်ထုတ်စေ၊ ငါကား မိမိအသက်ကို စွန့်လွှတ်၍ မြတ်စွာဘုရားကို ပန်းများဖြင့် ပူဇော်ခဲ့လေပြီ၊ ငါယူဆောင်ခဲ့သည့် ရှစ်ကွမ်းစားခန့် ပမာဏ ရှိသော မလေးပန်း အလုံးစုံတို့သည် ရှစ်ဆုပ်မျှသာ ပမာဏရှိသည် ဖြစ်ကြကုန်၏၊ ဤသို့ဤပုံ အံ့ဖွယ်စုံသည့် ပူဇော်မှုကား ဖြစ်ခဲ့လေပြီ၊ (မိမိတွေ့မြင်ခဲ့သမျှကို အကျယ်ပြောပြလေသည်)။ တိုင်းသား ပြည်သူ လူဦးရေ (၁၈) တဆယ့်ရှစ်ကုဋေသည် သာဓုဟစ်အော် ကြွေးကြော်ခြင်း အထောင်တို့ကိုပြုလျက် မြတ်စွာဘုရားနှင့် တပါ တည်း လိုက်ပါလှည့်လည်ကြလေသည်၊ ဤယခုကြားရသည့် လူ အများ သာဓုဟစ်အော် ကြွေးကြော်သောအသံသည်ကား ငါ ပန်းပူဇော်ခဲ့သည့် မြတ်စွာဘုရားသခင် ကြွတော်မူရာအရပ်၌

http://www.dhammadownload.com



ဖြစ်သော အသံဗာည်း” ဟူ၍ မိမိအိမ်ရှင်မကို အားရနှစ်သက်စဖွယ် ပြန်ကြားပြောဆိုလေသည်။

ထိုအခါ သုမနပန်းသည်၏ ဇနီးအိမ်ရှင်မသည် အလွန်မိုက်မဲ သူဖြစ်ရကား ဤသို့သဘောရှိသော အံ့ဖွယ်သရဲ ထူးကဲလှသည့် တန်ခိုးပြာဋိဟာဉ် သဒ္ဓါရွှန်းစို ကြည်ညိုခြင်းကို မဖြစ်စေနိုင်ပဲ မိမိ၏ အရှင်ဖြစ်သော သုမနပန်းသည်ကို ဆဲဆိုရေရွတ်ပြီးလျှင် “မင်းတို့မည်သည် ကြမ်းတမ်းလှကုန်၏၊ တကြိမ်မျှ အမျက်တော်ရှကြလျှင်ပင် လက်ခြေစသည်ကို ဖြတ်ခြင်းဖြင့် များစွာသောအကျိုးမဲ့ကို ပြုလုပ်တတ်ကြကုန်၏။ သင်ပြုအပ်သော အလုပ်ဖြင့် ငါ့အားလည်း အကျိုးမဲ့ ဖြစ်နိုင်ရာ၏” ဟူ၍ တတွတ်တွတ်ပြောဆိုကာ သားသမီးများကို ခေါ်ဆောင်၍ မင်းကြီး၏ နန်းတော်သို့ သွားရောက်၍ မင်းကြီးက ရှေ့တော်သို့ ခေါ်ယူပြီးလျှင် “အဘယ်သို့ ဖြစ်လာသနည်း” ဟု မေးမြန်းအပ်သည်ရှိသော် ပန်းသည်မသည် “အရှင်မင်းကြီး.... ကျွန်တော်မ၏ ခင်ပွန်းသည် ယောကျာ်း (သုမန)သည် အရှင်မင်းကြီးတို့အား ဆက်သရမည့်ပန်းတို့ဖြင့် မြတ်စွာဘုရားကို လှူဒါန်းပူဇော်၍ လက်အချည်းနှီး အိမ်သို့ ပြန်လာလတ်သဖြင့် ‘ပန်းတွေ ဘယ်မှာလဲ’ ဟု ကျွန်တော်မက မေးမြန်းသည်တွင် ဤမည်သောဖြစ်ရပ်စကားကို ပြန်ကြားပြောဆိုပါသည်။ ကျွန်တော်မသည် သူ့ကို အမျိုးမျိုးဆဲဆိုရေရွတ်ပြီးလျှင် ‘မင်းတို့ မည်သည် ကြမ်းတမ်းလှကုန်၏၊ တကြိမ်မျှအမျက်တော်ရှကြလျှင်ပင် လက်ခြေစသည်ကို ဖြတ်ခြင်းဖြင့် များစွာသော အကျိုးမဲ့ကိုလည်း ပြုလုပ်တတ်ကြကုန်၏၊ သင်ပြုအပ်သော အလုပ်ဖြင့် ငါ့အားလည်း အကျိုးမဲ့ ဖြစ်နိုင်ရာ၏’ ဟု ပြောဆိုဆူပူကာ သူ့ကို စွန့်လွှတ်၍ ဤရွှေနန်းတော်သို့ လာရောက်ခဲ့ပါသည်။ သူပြုသော အမှုသည် ကောင်းသောအမှုပင်ဖြစ်ဖြစ်၊ မကောင်းသော အမှုပင်ဖြစ်ဖြစ်၊ ထို အမှုသည် သူ၏အမှုသာ ဖြစ်ပါသည်။ မြတ်သောမင်းကြီး.... အကျွန်ုပ်သည် ထိုလင်ယောကျာ်းအား စွန့်ပစ်အပ်ပြီး (=ကွာ ရှင်းအပ်ပြီး) ဖြစ်သည်ကို အရှင်မင်းကြီးသည် ကြိုတင်သိရှိထားတော်မူပါဘုရား” ဟူ၍ လျှောက်ထား ပြောဆိုလေသည်။

http://www.dhammadownload.com



ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကို ရာဇဂြိုဟ်ပြည်အနီးထန်းပင်ပျို ဥယျာဉ်၌ ရှေးဦးစွာ ဖူးမြင်ရကတည်းကပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လျက် ရတနာသုံးပါး၌ မတုန်မလှုပ်သက်ဝင်ကြည်ညိုခြင်း သဒ္ဓါတရားရှိသူ အရိယာသာဝက ဖြစ်ရကား "ဩ....ဤမိန်းမသည် အလွန်အကဲ မိုက်မဲလှဘိ၏၊ ဤသို့သဘောရှိသည့် အံ့ဖွယ်သရဲ ထူးကဲမြင့်မြတ်စွာသော ဂုဏ်ကျေးဇူးတော်မြတ်၌ ကြည်ညိုခြင်း (= သဒ္ဓါ) တရားကို မဖြစ်ပွါးစေနိုင်ပေ" ဟူ၍ ကြံစည်တော်မူပြီးလျှင် အမျက်မထွက်သော်လည်းအမျက်ထွက်သည့်အယောင် ဟန်ဆောင်လျက်"အမိ....သင်သည်'ငါ့အား ဆက်သရမည့် ပန်းများဖြင့် သင့်ယောကျ်ား သုမနသည်မြတ်စွာဘုရားရှင်ကို ပူဇော်အပ်၏' ဟူ၍ လျှောက်ထားလိုက်သလော" ဟု မေးမြန်းလေသော် ပန်းသည်မသည် "မှန်ပါသည်အရှင်မင်းကြီး...." ဟူ၍ ပြန်ကြားလျှောက်ထားလေသည်။

မင်းကြီးသည် "အမိ....ထိုသုမနပန်းသည် လင်ယောကျ်ားကိုစွန့်ပစ်(= ကွာရှင်း)လိုက်သော အမိသည် ကောင်းသောအမှုကိုပြုအပ်ပေ၏။ ငါ့အား ဆက်သရမည့် ပန်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်မှုကို ပြုသော မောင်သုမန အပေါ်၌ ပြုလုပ်သင့်သောမင်းပြစ်စိုးဒဏ်ကို ငါဆင်ခြင်စဉ်းစားရပေတော့အံ့"ဟု ပရိယာယ်စကား ပြောကြားကာ ထိုပန်းသည်မကို ပြန်လွှတ်လိုက်ပြီးလျှင်မြတ်စွာဘုရား အထံတော်သို့ လျင်မြန်စွာ သွားရောက်ရှိခိုး၍မြတ်စွာဘုရားနှင့် အတူတကွသာလျှင် နောက်တော်မှ လှည့်လည်လိုက်ပါလေ၏။

မြတ်စွာဘုရားရှင်သည် ဗိမ္ဗိသာရ မင်းကြီး၏ စိတ်တော်ရွှန်းစိုကြည်ညိုလှခြင်းကို သိတော်မူ၍ စည်လည်သော လမ်းမအတိုင်းမြို့ကို လှည့်လည် ကြွတော်မူပြီးလျှင် မင်းကြီး၏ နန်းတော်တံခါးသို့ ကြွသွားဆိုက်ရောက်တော်မူလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားရှင်၏ လက်တော်မှ သပိတ်ကို ယူဆောင်၍မြတ်စွာဘုရားကို ရွှေနန်းတော်သို့ ကြွဝင်စေလိုသော အလိုဆန္ဒရှိ၏။ သို့သော်လည်း မြတ်စွာဘုရားသည် မင်းယင်ပြင် (= နန်း

http://www.dhammadownload.com



တောမြေကြက်လေပ်)၌ပင် ခုနစ်ထိုင်သီတင်းသုံးတော်မူမည့် အခြင်းအရာကို ပြတော်မူ၏။ မင်းကြီးသည် ထိုအခြင်းအရာကို သိရှိ၍ "အရှင်းတို့....မဏ္ဍပ်ကို လျင်မြန်စွာ ဆောက်လုပ်ကြလော့"ဟု ပြောဆိုနှိုးဆော်လျက် ထိုခဏမှာပင် ရတနာမဏ္ဍပ်ကို ဆောက်လုပ်ပြီးစီးစေလေ၏။

မြတ်စွာဘုရားသည် နောက်ပါရဟန်းတော်အပေါင်းနှင့်တကွ ရတနာမဏ္ဍပ်အတွင်း ခင်းထားအပ်သော နေရာ၌ နေထိုင်တော်မူလေ၏။

(ဤ၌။ ။မြတ်စွာဘုရားသည် အဘယ့်ကြောင့် ရွှေနန်းတော်အတွင်းသို့ ကြွဝင်တော်မမူပါသနည်း ဟူ၍ မေးဖွယ်ရှိ၏။အဖြေကား.... မြတ်စွာဘုရား၏ စိတ်သန္တာန်ဝယ် "ငါဘုရား နန်းတော်တွင်းသို့ ဝင်၍ ထိုင်နေလျှင် (၈၇) တဆယ့်ရှစ်ကုဋေ ဗိုလ်ခြေလူထုတို့ ငါဘုရားကို ဖူးမြော်ခွင့် ရကြတော့မည် မဟုတ်ချေ၊သုမနပန်းသည်၏ ဂုဏ်ကျေးဇူးသည်လည်း ထင်ရှားတော့မည် မဟုတ်ချေ၊ မင်းယင်ပြင်၌ ထိုင်နေလတ်သော်ကား ငါဘုရားကို လူအများ ဖူးမြော်ခွင့် ရကြပေလိမ့်မည်၊ သုမနပန်းသည်၏ ဂုဏ်ကျေးဇူးသည်လည်း ပေါ်လွင်ထင်ရှားပေလိမ့်မည်" ဟူ၍ အကြံတော်ဖြစ်ရှိလေသည်။ (ထို့ကြောင့် ရွှေနန်းတော်အတွင်းသို့ ကြွဝင်တော်မမူ ဟု ဆိုလိုသည်)။ ။မှန်၏—ဂုဏ်ရှိသော သူတို့၏ ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားတို့သာ ထင်ရှားအောင် ပြုတော်မူနိုင်ကုန်၏၊ ကျန်လူများကား ဂုဏ်ရှိသောသူတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုသည်ရှိသော် ဝန်တိုတတ်၏)။

မြတ်စွာဘုရားသခင် ရတနာမဏ္ဍပ်အတွင်းခင်းထားအပ်သော နေရာ၌ နေထိုင်တော်မူမိလျှင်ပင် ပန်းဝတ်လွှာကြီး လေးချပ်တို့သည် အသက်ရှိသည့် ဝတ္ထုအလား ပရိသတ်၏ အစွန်အဖျား အရပ်လေးမျက်နှာ၌ သွားရောက်တည်နေကြလေ၏။ လူများအပေါင်းသည် မြတ်စွာဘုရားကို ထက်ဝန်းကျင်မှ ဝန်းဝိုင်းခြံရံကာ ကောင်းစွာတည်ကြလေသည်။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းတော်အပေါင်းကို မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေးလေ၏။မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးလတ်သော် အနုမောဒနာ တရား

ဟောကြားတော်မူပြီးလျှင် ရှေးနည်း အတူပင် ပန်းဝတ်ရွှာ လေးချပ်တို့ ဝဲ ယာ နောက်ထက် လေးမျက်နှာ ခြံရံအပ်လျက် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော ကြုံးဝါးသံကို ကြုံးဝါးသည့်လူများ အပေါင်း ခြံရံလျက် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားသခင်ကို လိုက်ပါပို့ခဲ့၍ ပြန်နစ်ပြီးသော် သုမနပန်းသည်ကို ခေါ်စေ၍ "ငါ့အတွက် ယူဆောင်လာသော ပန်းတို့ဖြင့် အဘယ်သို့ ပြု၍(=ဘယ်လို လုပ်၍) မြတ်စွာဘုရားကို ပူဇော်သနည်း" ဟူ၍ မေးလတ်သော် သုမနပန်းသည်သည် "အရှင်မင်းကြီး .... ငါ့ကို မင်းကြီးသည် သတ်လိုမူလည်း သတ်စေ၊ တိုင်းပြည်မှ နှင်ထုတ် လိုမူလည်း နှင်ထုတ်စေဟု အောက်မေ့ကာ အသက်ကိုစွန့်၍ အကျွန်ုပ် ပူဇော်ခဲ့ပါပြီ" ဟူ၍ ပြန်ကြားလျှောက်ထားလေသည်။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် "သင်ကား ယောကျ်ားမြတ် ပီသ ပါပေသည်"ဟု ဝမ်းမြောက်ဝမ်းသာစကား မိန့်ကြားတော်မူပြီး လျှင် ဆင်တော်ရှစ်စီး, မြင်းတော်ရှစ်စီး, ကျွန်ယောကျ်ား ရှစ်ယောက်, ကျွန်မိန်းမရှစ်ယောက်, အဆင်တန်ဆာကြီးရှစ်စုံ, အသပြာရှစ်ထောင်တို့ကို ရွှေနန်းတော်မှ ထုတ်ဆောင်စေပြီးလျှင် ဝတ်စားစုံလင် တန်ဆာဆင်ပြီးသော အမျိုးသမီးရှစ်ယောက်, ရွာဆုကြီးရှစ်ဆု ဤသို့စသည်ဖြင့် အလုံးစုံ ရှစ်မျိုး ရှစ်မျိုးစီရှိသော (=သဗ္ဗဋ္ဌက) ဆုပေးမှုကို ပြုတော်မူလေသည်။

### မြတ်စွာဘုရား ဗျာဒိတ်စကား မိန့်ကြားတော်မူခြင်း

ထိုအခါ အရှင်အာနန္ဒာမထေရ်မြတ်သည် "ယနေ့ နံနက် စောစောမှစ၍ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော ကြုံးဝါးသံပေါင်း အထောင်တို့သည်၎င်း, ပုဆိုး ဦးရစ် ခေါင်းပေါင်း ပစ်မြှောက် ကြဖြန့်ခြင်း အထောင်တို့သည်၎င်း အံ့ဖွယ်သရဲ ထူးကဲစွာ ဖြစ်ကုန်၏၊ သုမနပန်းသည်၏ ခံစံရမည့်အကျိုးကား အဘယ်သို့ များ ဖြစ်မည်နည်း"ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရားကို ထို

http://www.dhammadownload.com



အကြောင်းကို မေးမြန်းလျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို—

"ချစ်သား အာနန္ဒာ···· ဤ သုမနပန်းသည်သည် အနည်းငယ်မျှသော ကောင်းမှုကံကို ပြုအပ်ပြီဟူ၍ မမှတ်လင့်။ မှန်ပေ၏– ဤသုမနပန်းသည်သည် မိမိအသက်ကို ရက်ရက်ကြည်ဖြူ စွန့်လွှတ်၍ ငါဘုရားအား ပန်းပူဇော်မှုကို ပြုပေ၏။ ထိုသုမနပန်းသည်သည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေ၍—

ကပ္ပါနံ သတသဟဿံ၊
ဒုဂ္ဂတိံ န ဂမိဿတိ။
ဌတွာ ဒေဝမနုဿေသု၊
ဖလံ တေဿ ကမ္မုနော။
ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊
သုမနော နာမ ဘဝိဿတိ။

ကမ္ဘာတသိန်းပတ်လုံး အပါယ်ဘုမ္မိ ဒုဂ္ဂတိသို့ မလားရောက်ရပဲ နတ်ပြည် လူ့ပြည်တို့၌သာ အဖန်ဖန် ကျင်လည်တည်နေကာ ထိုမုလေးပန်းအလှူ ကောင်းမှုကုသိုလ်ကံ၏ အကျိုးကို (ခံစံပြီးလျှင်) နောက်အခါ၌ သုမနအမည်ရှိသော ပစ္စေကဗုဒ္ဓါသခင် ဖြစ်ပေလိမ့်မည်"—

ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

(အထူးမှတ်သားရန်ကား...... မြတ်စွာဘုရားကိုယ်တော်မြတ် ဝေဠုဝန်ကျောင်းတိုက်တော်သို့ရောက်၍ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်တော်မူသောအခါ၌ ထိုမုလေးပန်းတို့သည် တံခါးမုခ်၌ အစုအပုံလိုက် ကျလျက်ကျန်ရစ်ခဲ့လေကုန်၏)။

ထိုနေ့ညနေချမ်းအခါ၌ ရဟန်းတို့သည် ဓမ္မသဘာ(=တရားဆွေးနွေးရာ ဓမ္မာရုံကျောင်းဆောင်)၌ ညီမူစည်းဝေးကြပြီးလျှင် "ငါ့ရှင်တို့···· သုမန ပန်းသည်၏ ကောင်းမှုကုသိုလ်ကံကား ဩ····လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ၊ သက်တော်ထင်ရှား

http://www.dhammadownload.com



မြတ်စွာဘုရားအား မိမိအသက်ကို စွန့်လျှ၍ မုလေးပန်းတို့ဖြင့် ပူဇော်မှု ပြုသောကြောင့် ထိုခဏမှာပင် ဒိဋ္ဌဓမ္မအကျိုးရကာ သမ္ဗဋ္ဋကအမည်ရှိသော သက်ရှိသက်မဲ့ ဆုလာဘ်ပစ္စည်း တမျိုး တမျိုးလျှင် ရှစ်ခုစီ ရှစ်ခုစီ အရေအတွက်ရှိသော ဆုလာဘ်ကို မင်းကြီးထံမှ ရပေ၏" ဟူ၍ ချီးမွမ်းစကား ပြောကြားဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်မှ ထွက်ခဲ့၍ ဓမ္မသဘာသို့ ကြွတော်မူကာ ဗုဒ္ဓါသန ဓမ္မပလ္လင်၌ သီတင်းသုံး ထိုင်နေတော်မူပြီးလျှင် "ရဟန်းတို့ သင်တို့သည် ယခုငါဘုရား ကြွလာသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးညီမူ၍ နေကြကုန်သနည်း" ဟု မေးတော်မူ၍ "ဤမည်သောစကားဖြင့် စည်းဝေးညီမူ၍ နေကြပါကြောင်း" ရဟန်းအပေါင်းတို့က ပြန်ကြား လျှောက်ထားအပ်သည်ရှိသော် မြတ်စွာဘုရားရှင်သည် "မှန်ပေသည် ရဟန်းတို့.... အကြင်အမှုကို ပြုလုပ်အပ်သည်၏ အဖြစ်ကြောင့် နောင်တတဖန် ပူပန်ရခြင်း မဖြစ်နိုင်၊ အောက်မေ့တိုင်း အောက်မေ့တိုင်းသောခဏ၌ ဝမ်းမြောက်ရခြင်းသာလျှင် ဖြစ်၏။ ဤသို့သဘောရှိသောအမှုကို ပြုသင့်လှသည်သာ" ဟူ၍ မိန့်တော်မူကာ ရှေးနောက်စကား အနုသန္ဓေကို ဆက်စပ်၍ တရားဟောတော်မူလိုရကား—

တဉ္စ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊
ဝိပါကံ ပဋိသေဝတိ။

အကြင်အမှုကို ပြုလုပ်ပြီးသော် နောင်တတဖန် မပူပန်ရ၊ အကြင်အမှု၏ အကျိုး ဝိပါက်ကို နှစ်သက်ဝမ်းမြောက်ခြင်း ရှိလျက် (ထိုအမှုရှင်သည်) ခံစားမှီဝဲသုံးစွဲရ၏။ ပြုအပ်သော ထိုအမှုကား အပြစ်မရှိ ကောင်းမြတ်လှပေ၏—

ဟူသော ဤတရားဂါထာကို ဟောကြားတော်မူ၏။

http://www.dhammadownload.com



ဒေသနာနိဂုံး ဆုံးလတ်သောအခါ သတ္တဝါပေါင်း ရှစ်သောင်း လေးထောင်တို့ တရားသိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်ရှိလေသည်။

သုမနပန်းသည် အကြောင်း ပြီး၏။

---

### ကောသလမင်းကြီး၏ ပုရောဟိတ်ဟောင်း အဂ္ဂိဒတ္တရသေ့စသော ရသေ့တထောင်တို့အား ဆုံးမချေချွတ်တော်မူခြင်း အကြောင်း

ဗဟုံ ဝေ သရဏံ ယန္တိ- အစရှိသော ဤ တရားဒေသနာ တော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ကိန်း အောင်းမွေ့လျော် နေတော်မူစဉ် သဲပုံ၏အနီး၌ နေထိုင်သော (ကောသလမင်းကြီး၏ ပုရောဟိတ်ဟောင်း) အဂ္ဂိဒတ္တမည်သော ရသေ့ကို အကြောင်းပြု၍ ဟောတော်မူ၏။

(ဤ၌။ ။အဂ္ဂိဒတ္တရသေ့၏ နေရာကား အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်း ဤတိုင်းသုံးခုတို့၏ အကြား၌ ဖြစ်သောကြောင့် ရာဇဂြိုဟ် ပြည်နှင့် နီးစပ်သဖြင့် ရာဇဂြိုဟ်ပြည်ဝယ် မြတ်စွာဘုရား ဝါကပ်သော အခါ၌ ဤအဂ္ဂိဒတ္တဝတ္ထုကို ထုတ်ဆောင်ရန် ဆရာကြီး ဦးလင်း မာတိကာထားခဲ့သည်ဟု ယူဆရန်ရှိသည်)။

အဂ္ဂိဒတ္တပုဏ္ဏားကား ပသေနဒီကောသလမင်းကြီး၏ ခမည်း တော် မဟာကောသလမင်းကြီး၏ ပုရောဟိတ် ဖြစ်၏။ ခမည်း တော် မဟာကောသလမင်းကြီး နတ်ရွာစံလတ်သော် သားတော် ပသေနဒီကောသလမင်းသည် အဂ္ဂိဒတ္တ ပုရောဟိတ် ဆရာကြီးကို "ဤဆရာကြီးကား ငါ့ခမည်းတော်၏ ဆရာ ပုရောဟိတ် ဖြစ်ပေ သည်"ဟု ရိုသေလေးစားသောအားဖြင့် ပုရောဟိတ် ရာထူး၌ပင် ထား၍ ထိုအဂ္ဂိဒတ္တ ပုရောဟိတ် ဆရာကြီး မိမိထံသို့ ခစားဆည်း ကပ်ရန် လာလတ်သောအခါ တရိုတသေ ခရီးဦးကြိုဆိုမှု ပြုပေ၏၊ "ဆရာကြီး.... ဤနေရာ၌ ထိုင်နေတော်မူပါ"ဟု ပြောဆိုကာ နေရာတူကို ပေး၏။

တနေ့သ၌ အဂ္ဂိဒတ္တ ဆရာကြီးသည် "ဤပသေနဒီကောသလ မင်းသည် ငါ့အပေါ်၌ အလွန်ပင် ရိုသေမှုကို ပြုပေ၏၊ သို့သော်

http://www.dhammadownload.com



လည်း ပြည့်ရှင်မင်းတို့၏ စိတ်ကို အမြဲတစေ မိမိ အလိုပါအောင် ဆွဲဆောင်ယူငင်ခြင်းငှါ မစွမ်းနိုင်၊ မှန်၏–အရွယ်တူသူ ပုရောဟိတ်နှင့်တကွသာလျှင် မင်းချမ်းသာမည်သည် ချမ်းသာခြင်းဖြစ်နိုင်၏၊ ငါတမူကား အရွယ်ကြီးရင့်ခဲ့လေပြီ၊ ငါ့အတွက်တာ ရသေ့ရဟန်းပြုမှသာ သင့်လျော်လျောက်ပတ်မည်”ဟု ကြံစည်ပြီးလျှင် မင်းကြီးကို မိမိရဟန်းပြုရန် ခွင့်ပြုစေ၍ (ခွင့်ပန်၍) သာဝတ္ထိပြည်အတွင်း စည်လည်စေပြီး၍ ခုနစ်ရက်အတွင်းမှာပင် အလုံးစုံသော မိမိ၏ ဥစ္စာကို စွန့်လှူပြီးနောက် သာသနာပြင်ပ ရသေ့ ရဟန်း ပြုလုပ်လေသည်။

ထိုအင်္ဂဒတ္တဆရာကြီးကို အမှီပြု၍ နောက်လိုက် ယောကျ်ား ပေါင်း တသောင်းတို့သည်လည်း ရသေ့ ရဟန်း ပြုကြကုန်၏။ အင်္ဂဒတ္တရသေ့ ဆရာကြီးသည် ထို တပည့်နောက်လိုက် ရသေ့ ပေါင်းတသောင်းတို့နှင့် အတူတကွ အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်း ဤတိုင်းသုံးခုတို့၏ အကြား၌ နေထိုင်၍ ‘‘တပည့်တို့…. ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသာဝိတက်တို့တွင် တပါးပါး ကို ကြံစည်မိသော ရသေ့သည် မြစ်အတွင်းမှ သဲတထုပ် တထုပ် ထမ်းဆောင်ပြီးလျှင် ဤနေရာ၌ ပုံရမည်’’ဟူ၍ ဤ အဆုံးအမကို ပေး၏။ ထိုတပည့်ရသေ့ တသောင်းတို့သည်လည်း ကောင်းပါပြီ ဟု ဝန်ခံ၍ မိမိတို့သန္တာန်ဝယ် ကာမဝိတက်စသည်တို့ ဖြစ်ပွါးသောအခါ ဆရာကြီး၏ ဩဝါဒအတိုင်း သဲတထုပ်တထုပ် ထမ်းဆောင်၍ ထိုဆရာကြီး ညွှန်ပြသောနေရာ၌ စုပုံထားခြင်း တည်းဟူသော ဒဏ်ထမ်းမှုကို ပြုကြကုန်၏။ ထိုသို့ ပြုဖန်များလတ်ရကား နောက်တချိန်၌ သဲပုံကြီးဖြစ်၍ လာလေ၏။

ထိုသဲပုံကြီးကို အဟိဆတ္တမည်သော နဂါးမင်းသည် လွှမ်းမိုးစိုးအုပ်၍နေ၏။ အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်း ဤတိုင်းကြီး သုံးခု၌ နေထိုင်ကြသော လူအပေါင်းတို့သည် လစဉ် လစဉ် ထိုရသေ့တို့အား များစွာသော ပူဇော်ဖွယ်ဝတ္ထုကို ဆောင်ယူခဲ့ကြ၍ အလှူဒါန ပေးလှူကြကုန်၏။ ထိုအခါ ထိုလူအပေါင်းအား အင်္ဂဒတ္တရသေ့ဆရာကြီးသည် “တပည့်တို့…ဒကာ်ကို ကိုးကွယ်

http://www.dhammadownload.com



ရာဟူ၍ ဆည်းကပ်ကြကုန်လော့၊ တောကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့၊ အရာမ်ဥယျာဉ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့၊ သစ်ပင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့။ ဤသို့ တောင်, တော, ဥယျာဉ်, သစ်ပင်များကို ကိုးကွယ်ဆည်းကပ်ကြကုန်သည်ရှိသော် တပည့်တို့သည် ခပ်သိမ်းသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြပေလိမ့်မည်" ဟူ၍ ဤအဆုံးအမ ဩဝါဒကို ပေး၏။ မိမိ၏ တပည့်ရသေ့တသောင်းတို့ကိုလည်း ဤအဆုံးအမဖြင့်ပင် ဆုံးမလေသည်။

မြတ်စွာဘုရားအလောင်းတော်(သိဒ္ဓတ္ထမင်းသား)သည်လည်း တောထွက်၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူကာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ထို(အဂ္ဂိဒတ္တရသေ့ဆရာကြီး မိမိ၏တပည့်များကို အလွဲလွဲအမှားမှား အဆုံးအမ ဩဝါဒ ပေးကာ ခေတ်စားနေသော) အခါ၌ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် မိုးသောက်အားကြီး လင်းခါနီး၌ ကျွတ်ထိုက်သသူ နတ်လူမြဟ္မာ သတ္တဝါတို့ကို ကြည့်ရှုတော်မူလတ်သော် ကိုယ်တော်မြတ်၏ ရွှေဉာဏ်တော်ကွန်ရက်အတွင်းသို့ တပည့်ရသေ့ပေါင်း တသောင်းတို့နှင့်တကွ အဂ္ဂိဒတ္တရသေ့ဆရာကြီး ဝင်ရောက်သည်ကို မြင်တော်မူလတ်၍ "ဤရသေ့အားလုံးတို့သည်ပင် အရဟတ္တဖိုလ်ကိုရကြောင်း ရှေးကောင်းမှု ဥပနိဿယနှင့် ပြည့်စုံကြသူများ ဖြစ်ကုန်သည်"ဟု ဆင်ခြင်သိမြင်တော်မူကာ ညနေချမ်းအချိန်၌ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို "ချစ်သား မောဂ္ဂလ္လာန်.... လူများအပေါင်းကို နိဗ္ဗာန်ဆိပ်ကမ်းမဟုတ်သော အကျင့်လမ်း၌ ပြေးဆင်းသက်ဝင်စေနေသည့် အဂ္ဂိဒတ္တရသေ့ကို သင်ချစ်သား အဘယ့်ကြောင့် လျစ်လျူပြု ကြည့်ရှုနေဘိသနည်း၊ ချစ်သား.... သွားပါချေ၊ ထိုရသေ့တို့အား အဆုံးအမ ဩဝါဒကို ပေးပါလေလော့" ဟူ၍ မိန့်ဆိုတော်မူလေ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ထိုရသေ့တို့ကား အရေအတွက်

http://www.dhammadownload.com



အားဖြင့် များလှပါကုန်သည်၊ အကျွန်ုပ်တဦးဘည်း၏ ဩဝါဒကို ခံယူကြလိမ့်မည် မဟုတ်ပါကုန်၊ ရှင်တော်ဘုရားတို့လည်း ကြွလာတော်မူပါကုန်မူ ဩဝါဒကို ခံယူကြလိမ့်မည် ဖြစ်ပါကုန်သည်”ဟူ၍ ပြန်ကြားလျှောက်ထားလေသော် မြတ်စွာဘုရားသည် “ချစ်သား မောဂ္ဂလာန်.... ငါဘုရားလည်း လာခဲ့မည်၊ သင်ချစ်သားသည် အလျင်ရှေးဦး သွားရောက်ဆုံးမနှင့်ချေလော့”ဟူ၍ မိန့်ဆိုတော်မူ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မြတ်စွာဘုရား၏ အမိန့်တော်အတိုင်း အလျင်ရှေးဦး သွားရောက်ဒတော်မူစဉ်ပင် “ဤရသေ့တို့ကား များလည်းများ အားလည်းကြီးမားကြကုန်၏၊ အကယ်၍ ထိုရသေ့အားလုံး စုရုံးစည်းဝေးနေရာ၌ဒ ဘန်၌ တစုံတခု ဩဝါဒစကားကို မိန့်ကြားမည်ဆိုလျှင် ထိုရသေ့အားလုံးတို့သည် အစုလိုက် အပြုံလိုက် ထကြွသောင်းကျန်းကြပေလိမ့်မည်”ဟု ကြံစည်တော်မူပြီးလျှင် ကိုယ်တော်မြတ်၏ အာနုဘော်ဖြင့် ရေလုံးရေပေါက် ကြီးစွာသောမိုးကြီးကို ရွာသွန်းစေတော်မူလေ၏။ ထိုရသေ့တို့သည် မိုးပေါက်ကြီးများ ကျရောက်လတ်ကုန်သည်ရှိသော် အစီအရီ ထကာ ထကာ မိမိ မိမိ၏ သင်္ခမ်းကျောင်းသို့ ဝင်ကြလေကုန်၏။

အရှင် မဟာ မောဂ္ဂလာန် မထေရ် မြတ်သည် အဂ္ဂိဒတ္တ ရသေ့ဆရာကြီး၏ သင်္ခမ်းကျောင်းတံခါးဝ၌ ရပ်တည်တော်မူ၍ “အို အဂ္ဂိဒတ္တ....”ဟူ၍ ခေါ်လိုက်လေသည်။ အဂ္ဂိဒတ္တရသေ့ ဆရာကြီးသည် အရှင်မောဂ္ဂလာန် မထေရ်၏ အသံကို ကြားလိုက်လျှင်ပင် “ဤလောက၌ ငါ့ကို (အဂ္ဂိဒတ္တ-ဟူသော) အမည်ဖြင့် ခေါ်စွမ်းနိုင်သောသူမည်သည် မရှိချေ၊ ဘယ်သူကများ ငါ့ကို (အဂ္ဂိဒတ္တ-ဟူသော) အမည်ဖြင့် ခေါ်ဘိသနည်း”ဟု မာန်မာန ခက်ထန်လှရကား “ငါ့ကို အမည်ထုတ်ဖော် ဤယခုခေါ်လိုက်သောသူကား အဘယ်သူနည်း” ဟူ၍ ပြန်လည် မေးမြန်းလိုက်လေသည်။ “ငါပါ အဂ္ဂိဒတ္တပုဏ္ဏား....” ဟူ၍ အရှင်မဟာမောဂ္ဂလာန်မထေရ်က မိန့်ကြားတော်မူလေသော် “အဘယ်ကို ပြောလိုသနည်း = ဘာ

ဟာဒမှတ်စဝ် ၃-၁၇

http://www.dhammadownload.com



ပြောချင်၍နည်း" ဟူ၍ အဂ္ဂိဒတ္တရသေ့ဆရာကြီးက မေးပြန်လေသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်က "အဂ္ဂိဒတ္တ ပုဏ္ဏား.... ယနေ့တညဉ့်တာမျှ ဤအရပ်ဝယ် ငါ့အတွက်တာ နေရာအရပ်ကို ပြောကြားစေချင်ပါသည်" ဟူ၍ သာယာသွင်း ဖျောင်းစကား ပြောကြားလတ်သည်တွင် အဂ္ဂိဒတ္တပုဏ္ဏားသည် "ဤအရပ်၌ သင်နေဖွယ်ရာ အရပ်ဌာန (အအား အလပ်ဟူ၍) မရှိ၊ ရသေ့ တဦးတဦးလျှင် သခ်မ်းကျောင်း တကျောင်းစီ တကျောင်းစီသာ ရှိသည်" ဟူ၍ ပြတ်ပြတ် တောင်းတောင်း ပြောကြားလိုက်လေသည်။

ထိုအခါအရှင်မဟာမောဂ္ဂလာန်မထေရ်သည်"အိုအဂ္ဂိဒတ္တ.... လူတို့၏ထံသို့ လူများ လာကြမြဲဓမ္မတာ ဖြစ်ပါသည်၊ နွားတို့၏ ထံသို့ နွားများ လာကြမြဲဓမ္မတာ ဖြစ်ပါသည်၊ ရဟန်းတို့၏ထံသို့ ရဟန်းများ လာကြမြဲဓမ္မတာ ဖြစ်ပါသည်၊ ဤသို့ မပြုပါလင့်၊ (=ဒီလို မလုပ်နှင့်)၊ ငါ့အတွက်တာ ယနေ့တညဉ့်တာမျှ နေရာ တခုတော့ ပေးပါလော့" ဟူ၍ ပြောဆိုလေသော် အဂ္ဂိဒတ္တ ရသေ့ဆရာကြီးသည် "သင်သည် ရဟန်းလော" ဟူ၍ မေးလေသည်။ "အိမ်း....ငါရဟန်းဖြစ်သည်" ဟူ၍ အရှင်မောဂ္ဂလာန်က မြေကြားတော်မူလတ်သော် အဂ္ဂိဒတ္တရသေ့ ဆရာကြီးသည် "သင်သည် အကယ်၍ ရဟန်းဖြစ်ငြားအံ့၊ သင်၏ ရသေ့ပရိက္ခရာဘဏ္ဍာ များကား အဘယ်မှာနည်း၊ သင်၏ ရဟန်း အသုံး အဆောင် ပရိက္ခရာသည် အဘယ်နည်း" ဟူ၍ ထပ်ဆင့်မေးပြန်လေသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် "အိုပုဏ္ဏား.... ငါ့မှာရဟန်းအသုံးအဆောင် ပရိက္ခရာများရှိပါ၏၊သို့သော်လည်း 'ထိုရဟန်း အသုံးအဆောင်များကို သီးခြားယူဆောင်ကာ လှည့် လည်သွားလာရန် ဆင်းရဲလှ၏' ဟု ကြံစည်ဆင်ခြင်မိကာ ကိုယ် တွင်းဖြင့်သာလျှင် ထိုရဟန်း အသုံးအဆောင်ကို ယူဆောင်လှည့် လည်ပေ၏" ဟူ၍ လေးနက်စွာ မြေကြားတော်မူလေသော် အဂ္ဂိဒတ္တ ရသေ့ကြီးသည် "ရဟန်းအသုံးအဆောင်ကို ယူဆောင်ကာ

http://www.dhammadownload.com



မလှည့်လည်ကောင်းရလား” ဟု အောက်မေ့ကာ အရှင်မောဂ္ဂလာန်မထေရ်မြတ်အား အမျက်ထွက် (= စိတ်ဆိုး)လေ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် (ရသေ့၏စိတ်အကြံကို သိရှိတော်မူကာ) “အိုအဂ္ဂဒတ္တ····ငါတို့ကို စိတ်မဆိုးပါလင့်၊ ငါ၏တွက်တာ နေရာဌာနကိုသာ သင်ညွှန်ကြား ပြောဆိုစေချင်ပါသည်” ဟူ၍ မိန့်ကြားတော်မူလေလျှင် “ဤအရပ်၌ သင့်အတွက်တာ နေရာဌာနမရှိ” ဟူ၍ အဂ္ဂဒတ္တ ရသေ့သည် တိုတိုတောင်းတောင်း ပြောဆိုလေသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က သဲပုံကြီးကို ညွှန်ပြကာ “ထိုသဲပုံကြီး၌ကား အဘယ်သူ နေသနည်း”ဟူ၍ စိတ်ရှည်စွာထား၍ မေးတော်မူလေသော် အဂ္ဂဒတ္တရသေ့က “နဂါးမင်းတကောင် နေသည်” ဟူ၍ တိုတောင်းစွာပင် ပြောဆိုလေသည်။ တဖန် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က “ထိုသဲပုံနေရာကို ငါ့အား ပေးပါလော့” ဟူ၍ မိန့်ဆိုတော်မူလေသော် အဂ္ဂဒတ္တရသေ့သည် “ငါပေးခြင်းငှါ မစွမ်းနိုင် = နေပါဟူ၍ ငါမပေးဝံ့၊ ထိုနဂါးမင်း၏ အမူကား ပြင်းထန်ကြောက်ရွံ့ဖွယ် ကောင်းလှ၏” ဟူ၍ မိမိအပေါ် တာဝန်မရှိရန် ပြောဆိုလေ၏။ “ရှိပါစေ၊ သင်ကသာ ငါ့အား ထိုနေရာကို ပေးပါလော့” ဟူ၍ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က မိန့်ဆိုတော်မူလတ်သော် အဂ္ဂဒတ္တရသေ့သည် “ထိုသို့တပြီးကား သင်သည်ပင်လျှင် နေသင့် မနေသင့်ကို စဉ်းစားသိရှိပါလော့” ဟူ၍ ပြောဆိုလေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် သဲပုံကြီးသို့ ရှေးရှု ကြွတော်မူလေသော် အဟိဆတ္တ နဂါးမင်းသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် ကြွလာသည်ကို မြင်လတ်၍ “ဤရဟန်းကား ဤငါ၏နေရာသဲပုံသို့ ရှေးရှုလာလတ်၏၊ ဤသဲပုံ၌ ငါရှိနေသည်ကို သိပုံမရချေ၊ ထိုရဟန်းကို ငါကား အခိုးလွှတ်၍ သတ်ပေအံ့”ဟု ကြံစည်ကာ အခိုးတထောင်းထောင်း လွှတ်လေတော့၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် “ဤနဂါးမင်းကား ငါသာလျှင် အခိုးလွှတ်နိုင်၏၊ တပါးသူတို့သည်

http://www.dhammadownload.com



အခိုးမလွှတ်နိုင်ဟူ၍ အောက်မေ့မှတ်ထင်ပုံရသည်''ဟု ကြံစည် ဆင်ခြင်တော်မူကာ ကိုယ်တိုင်ကလည်း အခိုးတလူလူ လွှတ်တော် မူလေ၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်နှင့် အဟိဆတ္တ နဂါးမင်း နှစ်ဦးတို့၏ ကိုယ်မှ တလူလူထွက်သော အခိုးတို့သည် ဗြဟ္မာ့ပြည်တိုင်အောင် တခဲနက်ပြန့်နှံ့၍တက်ကြလေကုန်၏။ အခိုး နှစ်မျိုးလုံးပင် အရှင်မဟာမောဂ္ဂလာန် မထေရ်ကို မနှိပ်စက်နိုင်ပဲ အဟိဆတ္တ နဂါးမင်းကိုသာ နှိပ်စက်ကြကုန်၏။

အဟိဆတ္တ နဂါးမင်းသည် အခိုးအဟုန်ကို မခံနိုင်ရကား ဒေါသအမျက် ပြင်းစွာထွက်ကာ အလျှံတပြောင်ပြောင် လွှတ်လေ တော့၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည်လည်း တေ- ဇောကသိဏချာန် (=တေဇောကသိုဏ်းလျှင် အာရုံရှိသော ရူပါဝစရကြိယာစတုတ္ထဈာန်)ကို ဝင်စားတော်မူ၍ ထိုနဂါးမင်း နှင့်ပြိုင်လျက်သာလျှင် မီးအလျှံတပြောင်ပြောင် လွှတ်တော်မူလေ ၏။ မီးအလျှံတို့သည်ကား ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်နှံ့၍ တက် ကုန်၏။မီးအလျှံနှစ်မျိုးလုံးတို့ပင် အရှင်မဟာမောဂ္ဂလာန်မထေရ် ကို မနှိပ်စက်နိုင်ပဲ အဟိဆတ္တနဂါးမင်းကိုသာ နှိပ်စက်ကြကုန်၏။ ထိုအခါ အဟိဆတ္တနဂါးမင်း၏ ကိုယ်အလုံးသည် မီးဟုန်းဟုန်း တောက်သကဲ့သို့ ရှိလေ၏။ အဂ္ဂိဒတ္တ ရသေ့ဆရာကြီးနှင့် တကွ တပည့် ရသေ့ အပေါင်းသည် မီးဟုန်းဟုန်း တောက်လောင် နေသည်ကိုသာ မြင်ကြ၍"နဂါးမင်းသည် ရဟန်းကို မီးဟုန်းဟုန်း တောက်စေလေပြီ၊ ရဟန်းသည် ငါတို့စကားကို နားမထောင် သည့်အတွက် ပျက်စီးခြင်းမလှ ပျက်စီးရလေပြီ၊ ကောင်းလေစွ" ဟူ၍ အလွဲလွဲ အမှားမှား ကြံစည်ကြလေကုန်သည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် အဟိဆတ္တနဂါးမင်းကို ဆုံးမ၍ မာန်မာန ကင်းအောင် ပြုတော်မူပြီးသော် သဲပုံကြီး အပေါ်၌ ထိုင်နေတော်မူလေ၏။ အဟိဆတ္တနဂါးမင်းသည် သဲပုံ ကြီးကို မိမိအခွေတို့ဖြင့် ဝန်းရံပတ်ပြီးလျှင် စုလစ်မွန်ချွန် အထွတ် တပ်သည့် စရပ်တိုက်ခန်းအဝန်း ပမာဏရှိသည့် ပါးပျဉ်းကြီးကို

http://www.dhammadownload.com



ဖန် ဆင်း၍ အ ရှင် မ ဟာ မော ဂ္ဂ လာန် မ ထေရ်၏ ကိုယ်တော် အထက်၌ ဆောင်းမိုး၍ ထားလေ၏။

ရသေ့အပေါင်းတို့သည် စောစီးစွာပင်လျှင် "ရဟန်း၏ သေသောအဖြစ် မသေသောအဖြစ်ကို သိအောင်စုံစမ်းကုန်အံ့" ဟူ၍ ကြံစည်ကြကာ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အထံသို့ သွားကြကုန်သည်ရှိသော် သပုံကြီးထက်၌ တင့်တယ်စွာ ထိုင်နေတော်မူသော အရှင်မဟာမောဂ္ဂလာန်မထေရ်ကို မြင်ကြ၍ လက်အုပ်ကို ချီမြှောက်ကြကာ အထူးထူး အထွေထွေ ချီးမွမ်းကြကုန်လျက် "အို ရဟန်း····သင့်ကို နဂါးမင်းက မနှိပ်စက်အပ်ဘူးလော" ဟူ၍ မေးမြန်းကြကုန်၏။ "ငါ၏အပေါ်၌ ပါးပျဉ်းကို ထီးဖြူပမာ အုပ်မိုးကာ တည်နေသည်ကို သင်တို့ မမြင်ကြဘူးလော" ဟူ၍ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က ဖြေကြားတော်မူလတ်သော် ထိုရသေ့တို့သည် "အို အချင်းတို့···· လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ၊ ရဟန်းသည် ဤသို့စဉ် တန်ခိုးကြီးလှသော နဂါးမင်းကို နှိပ်နင်းဆုံးမအပ်လေပြီ" ဟု ပြောဆိုကြကာ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဝန်းရံ၍ တည်ကြလေကုန်၏။

ထိုခဏ၌ မြတ်စွာဘုရားသည် ကြွလာတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် မြတ်စွာဘုရားကိုမြင်၍ နေရာမှ ထပြီးလျှင် ရှိသေမြတ်နိုး ရှိခိုးလေ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို ရသေ့အပေါင်းတို့က "ဤရဟန်းကြီးက သင့်ထက်မြတ်သလော" ဟူ၍ မေးကြလေသော် မထေရ်မြတ်က "ဤရဟန်းမြတ်ကား ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ငါ၏ဆရာ ဖြစ်တော်မူလေသည်၊ ငါကား ဤမြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်သည်" ဟူ၍ ဖြေကြားတော်မူလေသည်။

မြတ်စွာဘုရားသည် သပုံကြီးအထက်၌ ထိုင်နေတော်မူ၏။ ရသေ့အပေါင်းသည် "ဤနဂါးမင်းကို နှိမ်နင်းဆုံးမခြင်းကား တပည့်သာဝက၏ တန်ခိုးအာနုဘော်သာ ဖြစ်သေးသည်၊ တန်ခိုး

http://www.dhammadownload.com



ကြီးမြတ်သော ရဟန်း၏ဆရာ ဤမြတ်စွာဘုရား၏ တန်ခိုးအာနု-ဘော်ကား ဘယ်လိုများ ဖြစ်လိမ့်မည်နည်း”ဟူ၍ လက်အုပ်ကိုယ်စီချီမြှောက်ကြကာ မြတ်စွာဘုရားကို ချီးမွမ်းစကား ပြောကြားကြလေ၏။ မြတ်စွာဘုရားသည် အဂ္ဂိဒတ္တရသေ့ဆရာကြီးကို တရားနာခံအဖြစ် ခေါ်တော်မူပြီးလျှင် “အဂ္ဂိဒတ္တ···· သင်သည် သင့်တပည့်များအားရင်း, အလုပ်အကျွေး ဒါယကာများအားရင်း အဆုံးအမ ဩဝါဒကို ပေးသည်ရှိသော် အဘယ်သို့ ပြောဆို၍ပေးသနည်း” ဟု မေးတော်မူလေ၏။

ထိုအခါ အဂ္ဂိဒတ္တရသေ့ဆရာကြီးက “မြတ်စွာဘုရား ···· အကျွန်ုပ်သည် ‘တပည့်တို့···· သင်တို့သည် ထိုတောင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့၊ ထိုတောကို, ထိုအရာမ်ဥယျာဉ်ကို, ထိုသစ်ပင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့၊ မှန်ပေ၏–ထိုတောင်,တော, အရာမ်ဥယျာဉ်, သစ်ပင်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သောသူသည် ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်၏’ ဟူ၍ ထိုတပည့်ရသေ့များ အလုပ်အကျွေး ဒါယကာများအား အဆုံးအမ ဩဝါဒကို ပေးပါသည်” ဟူ၍ အမှန်အတိုင်း ပြန်ကြားလျှောက်ထားလတ်သော် မြတ်စွာဘုရားသည်––

> “အဂ္ဂိဒတ္တ····ထို တောင်, တော, အရာမ်ဥယျာဉ်, သစ်ပင် တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သောသူသည် ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်သည်မဟုတ်၊ အမှန်စင်စစ်သော်ကား မြတ်စွာဘုရားကိုရင်း,တရားတော်ကိုရင်း, သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော်သာလျှင် ခပ်သိမ်းသော ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်၏––

ဟူ၍ မိန့်ဆိုတော်မူပြီးလျှင် ဤ ၅-ဂါထာတို့ကို ဟောကြားတော်မူလေသည်။

http://www.dhammadownload.com



(၁) ဗဟုံ ဝေ သရဏံ ယန္တိ၊
ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊
မနုဿာ ဘယတဇ္ဇိတာ။

(အင်္ဂီဒတ္တ = အင်္ဂီဒတ္တရသေ့····။) ဘယတဇ္ဇိတာ = ဇေပိုထိုဘေးဖြင့် ခြိမ်းချောက်အပ်ကုန်သော။ မနုဿာ = လူတို့သည်။ ဝေ = စင်စစ်။ ဗဟုံ = များစွာ။ ပဗ္ဗတာနိ စ = ဣသိဂိလိတောင်,ဝေပုလ္လတောင်,ဝေဘာရ-စသော တောင်တို့ကိုရှင်း။ ဝနာနိ စ = မဟာဝုန်တော, ဂေါသိင်္ဂ အင်ကြင်းတောစသည်တို့ကိုရှင်း။ အာရာမ ရုက္ခစေတျာနိ စ = ဝေဠုဝန်ဥယျာဉ်, ဇီဝကသရက်ဥယျာဉ် အစရှိသော အရာမ် ဥယျာဉ်များ, ဥဒေန နတ်ကွန်းသစ်ပင်, ဂေါတမ နတ်ကွန်းသစ်ပင် စသော သစ်ပင်များကိုရှင်း။ သရဏံ = ကိုးကွယ်ရာဟူ၍။ ယန္တိ = ဆည်းကပ်ကြကုန်၏။

(၂) နေတံ ခေါ သရဏံ ခေမံ၊
နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။

(အင်္ဂီဒတ္တ = အင်္ဂီဒတ္တရသေ့····။) ဧတံ = ဤတောင် တောဥယျာဉ် သစ်ပင်တို့ကို ကိုးကွယ်ခြင်းသည်။ ခေမံ = ဘေးကင်းသော။ သရဏံ = ကိုးကွယ်ခြင်းသည်။ န = မဟုတ်။ ဧတံ = ဤတောင်တောဥယျာဉ် သစ်ပင်တို့ကို ကိုးကွယ်ခြင်းသည်။ ဥတ္တမံ = မြတ်သော။ သရဏံ = ကိုးကွယ်ခြင်းသည်။ န = မဟုတ်။ ဧတံ သရဏံ = ဤ တောင်တောဥယျာဉ် သစ်ပင်တို့ကို ကိုးကွယ်ခြင်းကို။ အာဂမ္မ = အစွဲပြု၍။ သဗ္ဗဒုက္ခာ = ခပ်သိမ်းသော ဆင်းရဲ ဒုက္ခမှ။ န မုစ္စတိ = မလွတ်မြောက်နိုင်။

http://www.dhammadownload.com



(၃) ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊
သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊
သမ္မပ္ပညာယ ပဿတိ။

(၄) ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊
ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊
ဒုက္ခူပသမဂါမိနံ။

(အဂ္ဂိဒတ္တ = အဂ္ဂိဒတ္တရသေ့....။) ယော စ = အရိယာဂိုဏ်းဝင် အကြင်လူရှင် ရဟန်းသည်ကား။ ဗုဒ္ဓဉ္စ = မြတ်စွာဘုရားကိုငင်း။ ဓမ္မဉ္စ = တရားတော်ကိုငင်း။ သံဃဉ္စ = သံဃာတော်ကိုငင်း။ သရဏ = ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ဂတော = လောကုတ္တရာ သရဏဂုံ စိတ္တုပ္ပါဒ်ဖြင့် ဆည်းကပ်ကိုးကွယ်၏။ ဒုက္ခံ = တေဘူမကဝဋ်တည်းဟူသော ဒုက္ခသစ္စာငင်း။ ဒုက္ခသမုပ္ပါဒံ = ဒုက္ခဖြစ်ကြောင်း မကောင်းသောတဏှာ သမုဒယသစ္စာငင်း။ ဒုက္ခဿ အတိက္ကမံ စ = ဒုက္ခကို လွန်မြောက်ရာ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာငင်း။ ဒုက္ခူပသမဂါမိနံ = ဒုက္ခငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော။ အရိယံ = ဖြူစင်သော။ အဋ္ဌင်္ဂိကံ မဂ္ဂံ စ = သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ စသည်ရှစ်ဖြာ အင်္ဂါရှိကမဂ် တည်းဟူသော မဂ္ဂသစ္စာငင်း။ (ဣတိ = ဤသို့။)စတ္တာရိ = လေးပါးကုန်သော။အရိယသစ္စာနိ = အရိယာဖြစ်အောင် ပြုဆောင်တတ်ငြား သစ္စာတရားတို့ကို။ သမ္မာ = မဖောက်မပြန်။ ပညာယ = လောကုတ္တရာ မဂ်ပညာဖြင့်။ ပဿတိ = မျက်မှောက်ထင်ထင် သိမြင်၏။

(၅) ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

http://www.dhammadownload.com



(အင်္ဂဒတ္တ = အင်္ဂဒတ္တရသေ့....။) ခေါ = စင်စစ်။ တံ = အရိယာနွယ်ဇာတ် ပုဂ္ဂိုလ်မြတ်၏ သုံးရပ်သချာ ရတနာကို သဒ္ဓါဖြိုးကြွယ် ဤသို့ ဆည်းကပ်ကိုးကွယ်ခြင်း သည်။ ခေမံ = ဘေးကင်းသော။ သရဏံ = ကိုးကွယ် ဆည်းကပ်ခြင်း မည်ပေ၏။ တံ = အရိယာနွယ်ဇာတ် ပုဂ္ဂိုလ်မြတ်၏ သုံးရပ်သချာ ရတနာကို သဒ္ဓါဖြိုးကြွယ် ဤသို့ ဆည်းကပ်ကိုးကွယ်ခြင်းသည်။ ဥတ္တမံ = မြတ်သော။ သရဏံ = ကိုးကွယ် ဆည်းကပ်ခြင်းမည်ပေ၏။ တံ သရဏံ = အရိယာနွယ်ဇာတ် ပုဂ္ဂိုလ်မြတ်၏ သုံးရပ်သချာ ရတနာကို သဒ္ဓါဖြိုးကြွယ် ဤသို့ဆည်းကပ်ကိုးကွယ်ခြင်းကို။ အာဂမ္မ = အစွဲပြု၍။ သဗ္ဗဒုက္ခာ = ခပ်သိမ်းသောဝဋ် ဆင်းရဲမှ။ ပမုစ္စတိ = လွတ်မြောက်နိုင်ပေ၏။

ဒေသနာခိုဂုံး ဆုံးလတ်သောအခါ ထိုအလုံးစုံသော ရသေ့ တို့သည် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရှင်ရဟန်းအဖြစ်ကို တောင်းခံကြကုန်၏။ မြတ်စွာဘုရားရှင်သည်လည်း သင်္ကန်းဇတော် တွင်းမှ ရွှေလက်တော်ကို ဆန့်တန်း၍ "ထေ ဘိက္ခဝေါ = ရဟန်း တို့....လာကြလော့၊ စရထ ဗြဟ္မစရိယံ = သုံးပါးသိက္ခာ သာ- သနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့" ဟူ၍ ဟေဘိက္ခု ခေါ်တော်မူလေ၏။

ထိုအလုံးစုံသော ဆရာနှင့်တပည့် ရသေ့ အပေါင်းတို့သည် ထိုခဏမှာပင် ပရိက္ခရာရှစ်ပါးကို အရံသင့် ဆင်မြန်းဝတ်ရုံပြီး ဖြစ်ကြကာ အဝါခြောက်ဆယ် (= သက်တော်ရှစ်ဆယ်)ရှိသော မထေရ်ကြီးများပမာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက်သာ ရပ်တည်ကြလေကုန်၏။

ထိုရသေ့အပေါင်းတို့ ရဟန္တာဖြစ်ကြကာ ဟေဘိက္ခု ရဟန်း ဖြစ်ကြသောနေ့ကား အလုံးစုံသော အင်္ဂတိုင်းသူတိုင်းသား, မဂဓ တိုင်းသူတိုင်းသား, ကုရုတိုင်းသူတိုင်းသား လူအများတို့ ပူဇော်

http://www.dhammadownload.com



ဖွယ် ဝတ္ထုများကို ယူဆောင်ကြကာ ရသေ့တို့နေရာ အရာမ်သို့ တပေါင်းတည်း လာရောက်ကြသော နေ့ဖြစ်ပေ၏။ ထိုလူများ အပေါင်းတို့သည် ပူဇော်ဖွယ်ဝတ္ထုတို့ကို ယူဆောင်ကြကာ လာလတ်ကုန်သည်ရှိသော် ထိုရသေ့အပေါင်းတို့ ရဟန်းပြုကြသည် တို့ကို မြင်ကြရ၍ "အသို့နည်း (= ဘယ့်နှယ်လဲ) ငါတို့၏ဆရာ အဂ္ဂိဒတ္တရသေ့ကြီးကပင် မြတ်လေသလော၊ သို့မဟုတ် ရဟန်းကြီး ဂေါတမကပင် မြတ်လေသလော" ဟု ကြံစည်ကြသည်တွင် တဖန် ဆက်၍ "ရဟန်းကြီး ဂေါတမက ငါတို့ဆရာ အဂ္ဂိဒတ္တရသေ့ကြီး ရှိရာသို့ လာရောက်ရကား ငါတို့ဆရာ အဂ္ဂိဒတ္တရသေ့ကြီးကသာ မြတ်ပေ၏" ဟု ထင်မှတ်ကြလေကုန်သည်။

မြတ်စွာဘုရားသည် ထိုလူများအပေါင်း၏ အလိုအဇ္ဈာသယကို ကြည့်ရှုသိမြင်တော်မူ၍ "ချစ်သား အဂ္ဂိဒတ္တ.... သင့်ပရိသတ်၏ ယုံမှားခြင်းကို သင်ချစ်သားပင် ဖြတ်တောက်လော့" ဟူ၍ မိန့်ဆို တော်မူလေ၏။ အဂ္ဂိဒတ္တရဟန်းကလည်း "ဘုန်းတော်ကြီးမြတ် သော မြတ်စွာဘုရား.... တပည့်တော်သည်လည်း ပရိသတ်၏ ယုံမှားကို ပယ်ဖျောက်ရန်ပင် လိုလားတောင့်တလျက်ရှိပါ၏ ဘုရား" ဟူ၍ လျှောက်ထားပြီးလျှင် တန်ခိုးအစွမ်းဖြင့် ခုနစ်ကြိမ် တိုင်တိုင် ကောင်းကင်သို့ ပျံတက်၍ အဖန်ဖန် သက်ဆင်းကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ = ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား.... မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာသခင် ဖြစ်တော်မူပါ၏၊ အကျွန်ုပ်ကား ရှင်တော်ဘုရား၏ တပည့်သာဝက ဖြစ်ပါသည် ဘုရား" ဟူ၍ လျှောက်ဆိုကာ မိမိက မြတ်စွာဘုရား၏ တပည့် သာဝကဖြစ်ကြောင်းကို ထင်ရှားပြလေတော့သတည်း *။

အဂ္ဂိဒတ္တရသေ့အကြောင်း ပြီး၏။

* ဤဝတ္ထုကား ဓမ္မပဒ အဋ္ဌကထာ၊ ဒုတိယအုပ်၊ ၁၄-ဗုဒ္ဓဝဂ်၊ စာမျက်နှာ ၁၅၆-မှစ၍ လာရှိ၏။

http://www.dhammadownload.com



### ဇမ္ဗုကရဟန်း အကြောင်း

(မာသေ မာသေ ကုသဂ္ဂေန) အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် ဇမ္ဗုက အမည်ရှိသော တက္ကတွန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဇမ္ဗုကာ၏ ရှေးမကောင်းမှု

လွန်လေပြီးသော အခါ ကဿပမြတ်စွာ လက်ထက်တော် အခါ၌ တောရွာနေ သူကြွယ်တယောက်သည် မထေရ်တပါး အတွက် ကျောင်းဆောက်လုပ်ပြီးလျှင် ထိုမိမိဆောက်လုပ်သည့် ကျောင်း၌ နေထိုင်သော ကျောင်းနေအာဝါသိက မထေရ်ကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် အမြဲမပြတ် ဆက်ကပ်ပြုစု လုပ်ကျွေးလျက်ရှိပေ၏။ ကျောင်းနေအာဝါသိက မထေရ်သည် ထိုသူကြွယ်၏ အိမ်၌ အမြဲနေ့စဉ် ဆွမ်းဘုဉ်းပေး ကြွရ၏။

ထို့နောက် တနေ့သ၌ ရဟန္တာမထေရ်မြတ်ကြီးတပါးသည် ဆွမ်းခံ လှည့်လည်တော်မူလာသည်ရှိသော် ထိုသူကြွယ်၏ အိမ် တံခါးဝသို့ ဆိုက်ရောက်တော်မူလာလေသည်။ သူကြွယ်သည် ရဟန္တာမထေရ်မြတ်ကို ဖူးမြော်ရ၍ ထိုရဟန္တာ မထေရ်မြတ်၏ ဣရိယာပုထ်၌ အလွန်ကြည်ညိုလှရကား အိမ်တွင်းသို့ပင့်ဆောင် ပြီးလျှင် မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်ဖြင့် ရှိသေစွာ ဆက်ကပ်လုပ်ကျွေး၍ "အရှင်ဘုရား···· ဤသင်္ကန်းလျှော် ပုဆိုးကို ချုပ်ဆိုးမှုပြု၍ ဝတ်ရုံသုံးဆောင်တော်မူပါဘုရား" ဟူ၍ လျှောက်ထားကာ အလွန်ကောင်းမြတ်သော သင်္ကန်းလျှော် ပုဆိုးကို လှူဒါန်း ပြီးလျှင် "အရှင်ဘုရား····အရှင်မြတ်တို့၏ ဆံမျှားကား ရှည်လျား လှပါကုန်ပြီ၊ အရှင်မြတ်တို့၏ ဆံရိတ်ရန်အလို့ငှါ အကျွန်ုပ်သည် ဆတ္တာသည်ကို ခေါ်ဆောင်ခဲ့ပါမည်။ အရှင်မြတ်တို့ လျောင်း စက်ရန် အလို့ငှါ ညောင်စောင်း ( ခုတင် )ကို ယူဆောင်စေ၍ အကျွန်ုပ် လာခဲ့ပါမည်" ဟူ၍ လျှောက်ထားလေ၏။

http://www.dhammadownload.com



သူကြွယ်အိမ်၌ အမြဲဆွမ်းဘုဉ်းပေးကြွသော ကုလူပက အာဝါ-သိက ရဟန်းသည် မိမိကျောင်းဒါယကာ သူကြွယ်၏ ရဟန္တာ အရှင်မြတ်အပေါ်၌ ထိုသို့ မြတ်နိုးကော်ရော် ပူဇော်လှူဒါန်းမှုကို မြင်ရလေလျှင် လာဘမစ္ဆရိယ, ကုလမစ္ဆရိယ အကုသိုလ်တရား များ ဝင်ရောက်လာကာ စိတ်မကြည်မသာ ဖြစ်၍နေလေ၏၊ "ဤ သူကြွယ်သည် ယခုမှ တွေ့မြင်ရသော ဤရဟန်းအား ဤသို့သော ပူဇော်သက္ကာရမှုကို ပြုဘိ၏၊ အိမ်မှာ အမြဲဆွမ်းဘုဉ်းပေးနေသော ငါ့အားမူ ဤသို့ ပူဇော်သက္ကာရမှုကို မပြုပေ" ဟု ကြံစည် စိတ် ဆိုးကာ ကျောင်းသို့ ပြန်သွားလေ၏။

အာဂန္တု ရဟန္တာ မထေရ်မြတ်ကြီးသည်လည်း ထိုအာဝါ-သိက ကျောင်းထိုင်ရဟန်းနှင့် အတူတကွပင် ကျောင်းသို့ သွား ရောက်ကာ ကျောင်းဒါယကာ သူကြွယ်လှူလိုက်သော သင်္ကန်း လျာပုဆိုးကို ချုပ်ဆိုးဝတ်ရုံတော်မူလေသည်။ ကျောင်းဒါယကာ သူကြွယ်သည်လည်း ဆေတ္တာသည်ကို ခေါ်ဆောင်၍ ကျောင်းသို့ သွားပြီးလျှင် ရဟန္တာမထေရ်မြတ်၏ ဆံတို့ကို ရိတ်ချစေပြီး နောက် အသင့်ယူဆောင်ခဲ့သော ညောင်စောင်း (ခင္တင်)ကို သန့်ပြန့်စွာ ခင်းစေပြီးလျှင် "အရှင်ဘုရား.... ဤညောင်စောင်း၌ပင် ကျိန်းစက်တော်မူပါကုန်ဘုရား"ဟု လျှောက်ထား၍ မထေရ် နှစ်ပါးလုံးကိုပင် နက်ဖြန်ခါ ဆွမ်းစားကြွရန် ပင့်လျှောက်ခဲ့၍ အိမ်သို့ ပြန်သွားလေ၏။

ကျောင်းထိုင် အာဝါသိကရဟန်းသည် ထိုကျောင်းဒါယကာ သူကြွယ်က အာဂန္တုရဟန္တာ မထေရ်မြတ်အပေါ်၌ ထိုသို့ ပူဇော် သက္ကာရမှု ပြုအပ်သည်ကို သည်းမခံနိုင် မအောင့်အည်းနိုင်ရကား ကုလမစ္ဆရိယ, လာဘမစ္ဆရိယ အကုသိုလ်များ လွှမ်းမိုး နှိပ်စက်လွန်းအားကြီးသဖြင့် ညချမ်းအခါ ရဟန္တာမထေရ်မြတ် ကျိန်းစက်ရာအရပ်သို့ သွားရောက်ပြီးလျှင် ရဟန္တာမထေရ် မြတ်ကို—

http://www.dhammadownload.com



(၁) ငါ့ရှင်အာဂန္တုက.... သင့်အတွက်ကား ငါ့ကျောင်းဒကာ သူကြွယ်၏အိမ်၌ ဆွမ်းကို ဘုဉ်းပေးရခြင်းထက် မစင်ကိုစားရခြင်းက မြတ်တုံသေး၏၊

(၂) ငါ့ကျောင်းဒကာသူကြွယ် ခေါ်ဆောင်ခဲ့သော ဆေတ္တာသည်ဖြင့် သင့်ဆံများကို ရိတ်ရခြင်းထက် ထန်းစေ့မှုတ်ဖြင့် ဆံပင်တို့ကို နုတ်စေရခြင်းက မြတ်တုံသေး၏၊

(၃) ငါ့ကျောင်းဒကာသူကြွယ် လှူသောသင်္ကန်းကို ဝတ်ရခြင်းထက် အဝတ်မလွှမ်း (မိမွေးတိုင်း ဖမွေးတိုင်း) အချည်းစည်း လှည့်လည်သွားလာရခြင်းက မြတ်တုံသေး၏၊

(၄) ငါ့ကျောင်းဒကာသူကြွယ်ယူဆောင်လာသော ညောင်စောင်း၌ လျောင်းစက်ရခြင်းထက် မြေကြီးပေါ်၌ အိပ်ရခြင်းက မြတ်တုံသေး၏—

ဟူ၍ လေးမျိုးသော အခြင်းအရာဖြင့် ဆဲရေးစကား ပြောကြားလေ၏။

ရဟန္တာမထေရ်မြတ်ကြီးသည်လည်း "ဤသူမိုက်သည် ငါ့ကို အမှီပြု၍ မပျက်စီးပါစေလင့်" ဟု အောက်မေ့ဆင်ခြင်တော်မူကာ ကျောင်းဒါယကာသူကြွယ် ဖိတ်ကြားထားသည့်ဆွမ်းကို မခံယူတော့ပဲ စောစောပင်ထ၍ အလိုရှိရာ ချမ်းသာရာအရပ်သို့ ကြွသွားတော်မူလေ၏။

ကျောင်းထိုင်ရဟန်းသည်လည်း စောစောပင်လျှင် ကျောင်းတိုက်အတွင်း၌ ပြုရန်ရှိသော ဝတ်ကြီးဝတ်ငယ်များကို ပြုလုပ်ပြီးလျှင် ဆွမ်းခံချိန်ရောက်လတ်သောအခါ "ယခုအခါ၌သော်မှလည်း အာဂန္တုရဟန်းပျင်းသည် အိပ်တုန်းရှိသေး၏၊ ခေါင်းလောင်းသံဖြင့် နိုးလေရာ၏ (=ခေါင်းလောင်းကို ကျယ်ကျယ်တီးလျှင် နိုးနေလိမ့်မည်)" ဟု အောက်မေ့ကာ မိမိ၏လက်သည်းခွံဖြင့်သာ ခေါင်းလောင်းကို အသာအယာတို့ပြီးလျှင် ရွာတွင်းသို့

http://www.dhammadownload.com



ဆွမ်းအလှူခံ ဝင်လေတော့၏။ ကျောင်းဒါယကာ သူကြွယ်သည်လည်း ပူဇော်လှူဒါန်းဖွယ်များကို ခမ်းနားစွာစီမံပြီးလျှင် မထေရ်နှစ်ပါး ကြွလာမည့်လမ်းခရီးကို လှမ်းမျှော်ကြည့်ရှုလတ်သော် ကျောင်းထိုင်ရဟန်း တပါးတည်းသာ ကြွလာသည်ကို တွေ့မြင်ရ၍ "အရှင်ဘုရား.... အာဂန္တုမထေရ်မြတ်ကြီး အဘယ်မှာနည်း" ဟူ၍ မေးလေ၏။ ထိုအခါ ကျောင်းထိုင် အာဝါသိက မစ္ဆရိယ ရဟန်းသည် ကျောင်းဒါယကာ သူကြွယ်ကို "ဒါယကာ.... သင်ဘာကိုမှ မပြောလင့်၊ သင့်ဆရာမထေရ်သည် ယမန်နေ့ သင်ထွက်သွားသည့်အချိန်ကပင် အခန်းတွင်းသို့ဝင်၍ အိပ်နေလိုက်သည်မှာ ငါ စောစောထ၍ ကျောင်း၌ တံမြက်လှည်းသည့်အသံကိုဂ္ဂင်း, ဖုံသောက်ရေအိုး သုံးရေအိုးတို့၌ သောက်ရေ သုံးရေလောင်းသံကိုဂ္ဂင်း, ဆွမ်းခံချိန်ကျ၍ ငါတီးခတ်သော ခေါင်းလောင်းသံကိုဂ္ဂင်း မသိပေ၊ (သို့လောက်စဉ် အအိပ်ကြီးဘိ၏)" ဟူ၍ ပြန်ကြားပြောဆိုလေ၏။

ထိုအခါ ကျောင်းဒါယကာ သူကြွယ်သည် "ထိုမျှလောက်ကြည်ညိုဖွယ်ကို ဆောင်သော ဣရိယာပုထ်နှင့် ပြည့်စုံတော်မူသော ငါ့အရှင်မြတ်မှာ ဤအချိန်တိုင်အောင် အိပ်စက်ခြင်း မည်သည် ဘယ်နည်းနှင့်မျှ မရှိနိုင်၊ ထိုအရှင်သူမြတ်၏ အပေါ်၌ ပူဇော်သက္ကာရမှု ငါပြုသည်ကို မြင်ရ၍ ဤကျောင်းထိုင်အရှင်သည် (မခံမရပ်နိုင်ဖြစ်ကာ) ကေန္တပင် တစုံတခု အပြစ်တင်စကား ပြောကြားအပ်သည် ဖြစ်ပေလိမ့်မည်" ဟု အမှန်အတိုင်း ကြံစည်စဉ်းစားမိပြီးလျှင် ကျောင်းဒါယကာသူကြွယ်သည် ကိုယ်တိုင်က ပညာရှိသူဖြစ်ရကား (ပညာရှိအမူက် အပြင်သို့မထွက်စေပဲ) ထိုကျောင်းထိုင် ရဟန်းကို ရှိသေစွာ ဆွမ်းကပ်ပြီးလျှင် ထိုကျောင်းထိုင် ရဟန်း၏ သပိတ်ကို တရိုတသေ ဆေးကြော၍ သပိတ်အဲပြည့်မွန်မြတ်သော ဆွမ်းများကို ထည့်ပြီး လျှင် "အရှင် ဘုရား.... အကယ်၍ တပည့်တော်၏ အရှင်မြတ်ကို တွေ့မြင်တော်မူကြပါလျှင် ဤဆွမ်းကို ထိုအရှင်မြတ်အား လှူဒါန်းတော်မူလိုက်ကြပါ ဘုရား" ဟူ၍ လျှောက်ထားကာ သပိတ်ကို ကပ်လိုက်လေသည်။

http://www.dhammadownload.com



ကျောင်းထိုင် အာဝါသိက မဏ္ဍရိယ ရဟန်းသည် ထိုဆွမ်း အပြည့် ထည့်ထားသည့်သပိတ်ကို ယူဆောင်သွားရင်းပင် "ထို အာဂန္တုရဟန်းပျင်းသည် အကယ်၍ ဤမျှကောင်းမွန်သောဆွမ်း ကို စားသုံးနေရလျှင် ဤကျောင်းတိုက်နေရာ၌ပင် တွယ်တာငြိ တပ် ကပ်၍နေလိမ့်မည်" ဟု ကြံစည်မှားကာ ထိုဒါယကာ လှူ လိုက်သောဆွမ်းကို လမ်းခရီး အကြားမှာပင် စွန့်သွန်ပစ်ခဲ့၍ ရဟန္တာမထေရ်မြတ် သီတင်းသုံးရာ ကျောင်းအရပ်သို့ သွား ရောက်၍ ထိုအရပ်၌ ရဟန္တာမထေရ်မြတ်ကို ကြည့်ရှုရှာကြံလတ် သော် မတွေ့မမြင်ရတော့ချေ။

ထိုအခါ ထိုကျောင်းထိုင်အာဝါသိက မဏ္ဍရိယရဟန်းကို ဤမျှ ကြီးကျယ်လှသော (ရဟန္တာအား လှူဒါန်းလိုက်သည့်လာဘ်ကို ဖျက်ဆီးခြင်း) မကောင်းမှု အကုသိုလ်ကံကို ပြုမှားသည့်အတွက် အနှစ်နှစ်သောင်းတို့ပတ်လုံး ကျင့်သုံးအပ်သော ရဟန်းတရား သည်လည်း ( အကုသိုလ်အင်အား အလွန်ကြီးမားလှသဖြင့် ) စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်တော့ချေ။ သို့ရကား အသက် တမ်းစေ့သောအခါ စုတေ့ကွယ်လွန်၍ မဟာအဝီစိငရဲကြီး၌ ကျရောက်ဖြစ်ပွါးပြီးလျှင် ကဿပ မြတ်စွာဘုရား နှင့် ဂေါတမ မြတ်စွာဘုရား တို့၏အကြား ရှည်လျားလှစွာသော ဗုဒ္ဓန္တရ အသင်္ချေ နှစ်ပရိစ္ဆေဒကာလပတ်လုံး ကြီးစွာသော ငရဲဒုက္ခကို ခံစားပြီးနောက် ဤငါတို့မြတ်စွာဘုရား ထင်ရှားဖြစ်ပွင့်တော် မူသောအခါ၌ ရာဇဂြိုဟ်ပြည်ဝယ် စားဖွယ်သောက်ဖွယ်ပေါများ လှသည့် တခုသောအိမ်၌ ဘဝပဋိသန္ဓေ ကပ်ရောက်ဖြစ်ပွါးလာ လေ၏။

### ဇမ္ဗုကာ၏ ပစ္စုပ္ပန္န ဝတ္ထု

ထိုသူငယ်ကို အမိအဖတို့က "ဇမ္ဗုကာ"ဟူ၍ အမည်မှည့်ခေါ်မှု ပြုကြလေကုန်၏။ ထိုဇမ္ဗုကာသည် ခြေဖြင့် သွားနိုင်သောအခါမှ စ၍ အိပ်ရာ၌ အိပ်ခြင်းငှါ အလိုမရှိ၊ အစာထမင်းကို စားခြင်းငှါ အလိုမရှိပဲ မိမိ၏ ကိုယ်၏ အညစ်အကြေး မစင် (= ချေး)ကိုသာ စားလေတော့၏။ မိဖဆွေမျိုးများသည် "ငယ်သေးသောကြောင့်

http://www.dhammadownload.com



မသိရှာ၍သာ ဤသို့ ပြုရှာ၏” ဟု အောက်မေ့ကြကာ ထိုဇမ္ဗုကသူငယ်ကို ကျွေးမွေးသုတ်သင် ပြုပြင်၍ ပေးကြလေသည်။ ထိုဇမ္ဗုကသူငယ်သည် အသက်အရွယ် ကြီးပြင်းလာသောအခါ၌လည်း အဝတ်ကို မဝတ်လို၍ အဝတ်မစည်း အချည်းနှီးသာ လှည့်လည်ကျက်စား သွားလာ၏၊ မြေ၌သာ အိပ်၏၊ မိမိ၏ အညစ်အကြေး(=ချေး)ကိုသာ စား၏။

### မိဖတို့က တက္ကတွန်းကျောင်းသို့ ပို့ကြခြင်း

ထိုအခါ ဇမ္ဗုက၏ မိခင်ဖခင်တို့သည် “ဤသူကား ငါတို့ကဲ့သို့သော အမျိုးကောင်းအိမ်နှင့်မ လျော်၊ ဤသူကား သက်သက်အရှက်မဲ့သောသူသာ ဖြစ်၍ တက္ကတွန်း တိတ္ထိတို့အားသာ သင့်လျော်လျောက်ပတ်၏”ဟု ကြံစည်စဉ်းစားကြကာ ထိုဇမ္ဗုကကို တက္ကတွန်းတို့ထံသို့ ခေါ်ဆောင်သွားကြပြီးလျှင် “ဤသူငယ်ကို ရှင်ပြုပေးကြပါ”ဟု ပြောဆို ပေးအပ်ကြလေကုန်၏။ ထိုအခါ ဇမ္ဗုကကို တက္ကတွန်းတို့သည် ရှင်ပြုပေးကြကုန်၏။ ရှင်ပြုပေးကြပုံမှာ—

လည်ပင်းပမာဏ နက်သော မြေတွင်း၌ ဇမ္ဗုကကို ချထားကြ၍ ပခုံးစွန်းနှစ်ဖက်အပေါ်၌(မရုန်းကန်နိုင် မထွက်နိုင်အောင်) ပျဉ်ချပ်များကို ခင်းကြပြီးလျှင် ထို ပျဉ်ချပ်များအပေါ်က ထိုင်နေကြ၍ ထန်းစေ့ မှုတ်ပိုင်းဖြင့် ဆံများကို နုတ်ကြလေကုန်၏။ (ဤကား တက္ကတွန်းတို့၏ ရှင်ပြုပေးပုံတည်း)။ ထိုသို့ရှင်ပြုပေးပြီးနောက် ဇမ္ဗုက၏ မိဖတို့သည် ထိုတက္ကတွန်းတို့ကို နက်ဖြန်ဆွမ်းစားရန်အတွက် ပင့်ဖိတ်၍ ပြန်သွားကြကုန်၏။

နောက်တနေ့၌ တက္ကတွန်းတို့သည် ဇမ္ဗုကကို “လာလော့၊ ရွာတွင်းသို့ ဝင်ကြကုန်စို့”ဟူ၍ ခေါ်ဆိုကြလေသော် ဇမ္ဗုက-က “သင်တို့သာ သွားကြကုန်လော့၊ ငါကား ဤတက္ကတွန်း ကျောင်းတိုက်၌သာ နေရစ်မည်”ဟု ပြောဆိုငြင်းဆန်လေသည်။ ထိုအခါ ဇမ္ဗုကကို တက္ကတွန်းတို့သည် အဖန်ဖန် ခေါ်ပါသော်လည်း မလိုက်ပါလို ငြင်းဆိုနေသည့်အတွက် စွန့်ပစ်ထားခဲ့၍ မြို့တွင်းသို့

http://www.dhammadownload.com



သွားကြလေ၏။ ဇမ္ဗုကသည်လည်း တက္ကတွန်းတို့ သွားကြကြောင်းကို သိရှိကာ ဝစ္စကုဋိ(=အိမ်သာ)၌ တွင်းဖုံးပျဉ်ချပ်ကို ဖွင့်လှပ်ပြီးလျှင် တွင်းထဲသို့ဆင်း၍ လက်နှစ်ဖက်တို့ဖြင့် အားပါးတရ အလုပ်အလုပ်ပြုကာ မစင်ကျင်ကြီးကို စားလေ၏။

(ထိုအကြောင်းကို မသိကြသည့်အတွက်)တက္ကတွန်း ဆရာကြီးတို့သည် ဇမ္ဗုကအထံသို့ မြို့တွင်းမှနေ၍ အစာထမင်းကို ပို့စေကြကုန်၏၊ ထိုဆရာကြီးတို့ ပို့လိုက်သည့် အစာထမင်းကိုလည်း ဇမ္ဗုကသည် အလိုမရှိ။ တက္ကတွန်းတို့က စားဖို့ရန် အဖန်ဖန်တိုက်တွန်းစကား ပြောကြားအပ်သော်လည်း "ငါသည် ဤဆွမ်းများကို အလိုမရှိပါ၊ ငါ့အတွက်တာ အစာအာဟာရကို ရအပ်ပြီးပါပြီ"ဟူ၍သာ ပြောဆိုလေ၏။ "ဘယ်ကရသနည်း"ဟု တက္ကတွန်းတို့ကမေးသောအခါ"ဤကျောင်းတိုက်ထဲမှာပင် ရအပ်ပါပြီ" ဟူ၍ ဖြေဆိုလေသည်။ ဤနည်းဖြင့် ဒုတိယနေ့၌ငင်း, တတိယနေ့၌ငင်း, စတုတ္ထနေ့၌ငင်း တက္ကတွန်းတို့က အမျိုးမျိုး မြို့တွင်းသို့ လိုက်ပါရန် ခေါ်ဆိုအပ်ပါသော်လည်း "ငါသည် ဤကျောင်းအရာမှာပင် နေရစ်မည်"ဟူ၍သာ ပြောဆိုကာ မြို့တွင်းရွာတွင်းသို့ မလိုက်ပါလိုပဲ ရှိလေ၏။

ထိုအခါ တက္ကတွန်းတို့သည် "ဤဇမ္ဗုကကား နေ့တိုင်းနေ့တိုင်း မြို့တွင်း ရွာတွင်းသို့လည်း မဝင်လို၊ ငါတို့ပို့လိုက်သော အစာထမင်းကိုလည်း မစားသုံးလို၊ 'ဤကျောင်းအရာမှ၌ပင် ငါ့အတွက်တာ အစာအာဟာရကို ရအပ်ပြီ' ဟူ၍ ပြောဆို၏၊ အဘယ်အမှုကို သင်း ပြုလေသနည်း၊ ထိုဇမ္ဗုကကို ငါတို့ စုံစမ်းကုန်အံ့" ဟူ၍ ကြံစည်ကြကာ မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံဝင်ကြကုန်သည်ရှိသော် တက္ကတွန်း တယောက် နှစ်ယောက်တို့ကို ဇမ္ဗုကအား စုံစမ်းရန် ချန်ထားခဲ့၍ သွားကြလေကုန်၏။ ထိုစုံစမ်းရန် တာဝန်ပေးခံရသော တက္ကတွန်းတို့သည် နောက်မှ သွားကြသည့်အယောင် ဟန်ဆောင်ပြုလုပ်ကြ၍ ချောင်းမြောင်း၍ နေကြလေကုန်သည်။ ဇမ္ဗုကသည်လည်း တက္ကတွန်းတို့ ဆွမ်းခံသွားကြပြီဟု မှတ်ထင်

http://www.dhammadownload.com



ကာ ရှေးအနေ့များနည်းတူပင်လျှင် ဝစ္စကုဋိ မစင်တွင်းသို့ သက်ဆင်းပြီးလျှင် မစင်ကို စားလေတော့၏။

**တက္ကတွန်း ကျောက်ဖျာမှ နှင်ထုတ်လိုက်ကြခြင်း**

ချောင်း၍နေကြသော တက္ကတွန်းတို့သည် ဇမ္ဗုကာ၏ အပြုအမူကို ပက်မြင်ပါ ၊ တွေ့မြင်ကြ၍ တက္ကတွန်းတို့အား ထိုအကြောင်းကို ပြောကြားကြလေ၏။ ထိုအကြောင်းကို ကြားသိရ၍ တက္ကတွန်းတို့သည် "ဩ ဇမ္ဗုကာ၏အလုပ်ကား ဝန်လေးလှဘိ၏၊ အကယ်၍များ ရဟန်းဂေါတမ၏ တပည့်များ ဤအကြောင်းကို သိရှိသွားကြလျှင် 'တက္ကတွန်းတို့သည် မစင်ကိုစားကြကာ လှည့်လည်နေထိုင်ကြကုန်၏' ဟူ၍ ငါတို့၏ အရှိန်အစော်မွဲကို ထင်ရှားပြောဆိုကြပေလိမ့်မည်။ ဤဇမ္ဗုကကား ငါတို့နှင့်မသင့်လျော်" ဟူ၍ တိုင်ပင်ညီညွတ်ကြကာ ဇမ္ဗုကကို မိမိတို့အထံမှ နှင်ထုတ်လိုက်ကြလေ၏။

တက္ကတွန်းတို့က နှင်ထုတ်လိုက်သောအခါ ရာဇဂြိုဟ် မြို့သူမြို့သားများ ကျင်ကြီးစွန့်ရာ အရပ်အနီး၌ ခင်းထားအပ်သော ကျောက်ဖျာကြီးတခု ရှိလေသည်၊ ထိုကျောက်ဖျာ၏အနီး၌ ကြီးစွာသော ရေသိုးထုတ်သည့် ကျောက်ပြွန်ကြီးတခု ရှိလေသည်၊ ကျောက်ဖျာအပြင်ကို အမှီပြု၍ မြို့သူမြို့သားများ ကျင်ကြီးစွန့်ရာ အရပ် ရှိလေသည် (= ကျောက်ဖျာကြီးကို အကာအကွယ်ပြုကာ မြို့သူမြို့သားများ ထို၏အနီး၌ ကျင်ကြီးစွန့်ကြလေသည်)။ ဇမ္ဗုကသည် ထိုကျောက်ဖျာကြီးရှိရာသို့ သွားရောက်ပြီးလျှင် ညဉ့်အခါ၌ လူတို့စွန့်သော မစင်ကို စား၍ နေ့အခါ လူတို့ မစင်စွန့်ရန် သာရောက်ကြသောအခါ လက်တဖက်ဖြင့် ကျောက်ဖျာကြီး၏ အစွန်းတခုကိုထောက်၍ ခြေတဖက်ကိုမြှောက်ကာ (ထိုမြှောက်အပ်သောခြေကို) ဒူးထက်၌ တင်ထားပြီးလျှင် အထက်လေသို့ ရှေးရှုလျက် ခံတွင်းကိုဖွင့်ဟကာ ရပ်တည်နေလေ၏။

ကျင်ကြီးအစွန့်လာကြသော လူအပေါင်းသည် ထိုဇမ္ဗုကကို တွေ့မြင်ကြ၍ အနီးသို့ချဉ်းကပ် ရှိခိုးကြပြီးလျှင် "အရှင်ဘုရား…. အရှင်မြတ်သည် အဘယ့်ကြောင့် ခံတွင်းကိုဖွင့်ဟ၍ ရပ်တည်ပါ

http://www.dhammadownload.com



သနည်း” ဟူ၍ မေးကြလေသော် ဇမ္ဗုကက “ငါကား လေကိုသာ စားသူဖြစ်၏၊ ငါ့မှာ လေမှတပါး အခြား အစာအာဟာရ မရှိ” ဟူ၍ ဝါကြွားပလွှား ပြောကြားလေသည်။ “အရှင်ဘုရား.... ထိုသို့ဖြစ်လျက် အရှင်မြတ်သည် အဘယ့်ကြောင့် ခြေတဖက်ကို မြှောက်ကာ ဒူးထက်၌ထား၍ ရပ်တည်နေပါသနည်း” ဟူ၍ လူတို့က မေးပြန်လေသော် “ငါကား ထက်မြက်ပြင်းထန်သော အကျင့်ရှိသူ ဖြစ်လေသည်၊ ငါသည် ခြေနှစ်ဖက်လုံးတို့ဖြင့် နင်းအပ်သည်ရှိသော် မြေကြီးသည် ငါ့ဂုဏ်ကို မခံနိုင်ပဲ ပြင်းစွာတုန်လှုပ်၏၊ ထို့ကြောင့် ငါသည် ခြေတဖက်ကိုမြှောက်၍ (ထိုခြေကို) ဒူးထက်၌ ထောက်ပြီးလျှင် ရပ်တည်၍နေပေ၏၊“မှန်ပေသည်—ငါသည်(ဆိုခဲ့သော မြေလှုပ်မှုအကြောင်းကြောင့်) ညဥ့်ရောနေ့ပါ ရပ်လျက်သာ အချိန်ကို ကုန်ရစေ၏၊ ထိုင်လည်း မထိုင်ပါ၊ အိပ်လည်း မအိပ်ပါ” ဟူ၍ တဖန် ဝါကြွားပလွှား ဖြေကြားပြန်လေသည်။

(လူတို့မည်သည်ကား များသောအားဖြင့် ပြောဆိုသည့် စကားမျှကိုသာ လေးစားယုံကြည်တတ်ကြကုန်၏၊ ဟုတ်လောက် မဟုတ်လောက် ဆင်ခြင်စဉ်းစားသူကား နည်းပါးလှကုန်၏)၊ ထို့ကြောင့် “ဩ..... အံ့ဖွယ်ရှိပေစွ၊ ဤမျှလောက် ထက်မြက်ပြင်းထန်သည့်အကျင့်ရှိသော ပုဂ္ဂိုလ်များသည် လောက၌ ရှိကြကုန်၏၊ ဤသို့သော အကျင့်ပြင်းထန်သည့် ပုဂ္ဂိုလ်များကို ငါတို့သည် ရှေးက မမြင်ဘူးကြကုန်” ဟူ၍ ချီးမွမ်းစကား ပြောဆိုကြကာ များသောအားဖြင့် အင်္ဂတိုင်းသူတိုင်းသား, မဂဓတိုင်းသူတိုင်းသား လူအများတို့သည် ချောက်ချားတုန်လှုပ် အုတ်အုတ်ကျက်ကျက်ဖြစ်ပြီးလျှင် ဇမ္ဗုကထံသို့ ဆည်းကပ်ကြ၍ လတိုင်း လတိုင်း ကြီးစွာသော ပူဇော်သက္ကာရမှုကို ပြုကြလေကုန်၏။

### ဝါကြွားမြဲဝါကြွားကာ ဝဋ်ဒုက္ခကို ၅၅-နှစ်ကြာ ခံစားရခြင်း

ဇမ္ဗုကသည် လူအများက ပူဇော်သက္ကာရမှု ပြုသောအခါ “ငါသည် လေကိုသာလျှင် စား၏၊ လေမှတပါးသော အစာကို ငါမစား၊မှန်၏—လေမှတပါးသော အစာကို စားမိသည်ရှိသော် ငါ၏ အကျင့်သည် ပျက်စီး၏”ဟု ပြောဆိုကာ ထိုလူများ ဆက်

http://www.dhammadownload.com



ကပ်လာသော အစာအာဟာရကောင်း တစုံတခုကိုမျှ အလိုမရှိပဲ ငြင်းဆန်၍သာ နေလေရာ လူအများက "အရှင်ဘုရား····တပည့်တော်တို့ကို မပျက်စီးမဆုံးရှုံးပါစေလင့်၊ အရှင်ဘုရားကဲ့သို့သော အကျင့်ပြင်းထန်သည့် ပုဂ္ဂိုလ်က သုံးဆောင်မှု ပြုအပ်သည်ရှိသော် တပည့်တော်တို့အတွက်တာ ကာလရှည်ကြာ စီးပွါးချမ်းသာ တိုးတက်ဖို့ရန် ဖြစ်နိုင်ပါသည်" ဟူ၍ အဖန်ဖန် တောင်းပန်ကြလေသည်။ ဇမ္ဗုကအတွက်မှာကား မစင်မှတပါး အခြားအစာကို မနှစ်သက်ပေ၊ သို့သော်လည်း လူများက အကျဉ်းအကြပ် (အတင်းအကြပ်) တောင်းပန်အပ်ရကား ထိုလူများ ယူဆောင်လာသော ထောပတ်, တင်လဲ စသည်တို့ကို သမန်းမြက်ဖျားဖြင့် ခပ်ယူကာ လျှာဖျား၌ ထားပြီးလျှင် "သွားကြလော့၊ သင်တို့အတွက်တာ ဤမျှလောက်ဆိုလျှင် စီးပွါးချမ်းသာ တိုးတက်ဖို့ရန် ဖြစ်လောက်ပြီ" ဟု ပြောဆို၍ လူများကို လွှတ်လိုက်လေ၏။

ဤသို့လျှင် ဇမ္ဗုကသည် (၅၅) ငါးဆယ့်ငါးနှစ်ကြာ ကာလပတ်လုံး (ရဟန္တာအား ဆဲရေးခဲ့သည့် အကုသိုလ်ဝဋ်ကြွေး လေးမျိုးတို့ လိုက်ပါကာ)—

(၁) အဝတ်ကိုလည်း မဝတ်နိုင်

(၂) မစင်ကိုသာ စားလျက်

(၃) ဆံပင်တို့ကိုလည်း ထန်းစေ့မှုတ်ပိုင်းဖြင့်သာ နုတ်ကာ

(၄) မြေပေါ်၌ အိပ်လျက်သာ—

အခါကို ကုန်လွန်စေရလေသည်။

(သတိ)။ ။နှုတ်မယဉ်ကျေး၊ ပြောဆိုရေး၊ ဝဋ်ကြွေးကြောက်ဖွယ်ပါတကား။

**ဇမ္ဗုကတက္ကတွန်း ကျွတ်တမ်းဝင်ခြင်း**

နေ့စဉ်နေ့စဉ် နံနက်မိုးသောက် အချိန်ရောက်တိုင်းရောက်တိုင်း ကျွတ်ထိုက်သော သတ္တဝါဝေနေယျကို ကြည့်ရှုဆင်ခြင်တော်မှု

http://www.dhammadownload.com



ခြင်းသည် မြတ်စွာဘုရားတို့ မစွန့်အပ်သော သဘော ဓမ္မတာ တခုဖြစ်ပေ၏။ ထို့ကြောင့် တနေ့သ၌ နံနက်မိုးသောက် အချိန် ရောက်သောအခါ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော် ဖြင့် ကျွတ်ထိုက်သော သတ္တဝါဝေနေယျကို ကြည့်ရှုဆင်ခြင်တော် မူလတ်သော် မြတ်စွာဘုရား၏ သဗ္ဗညုတရွှေဉာဏ်တော်ကွန်ရက် အတွင်း၌ ဇမ္ဗုကတက္ကတွန်းသည် ထင်၍လာလေ၏။ မြတ်စွာ ဘုရားသည် "မည်သို့ဖြစ်လိမ့်မည်နည်း"ဟု ဆက်၍ ဆင်ခြင်တော်မူ သည်ရှိသော် ဇမ္ဗုကတက္ကတွန်း၏ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့် တကွ အရဟတ္တဖိုလ်ကို ရနိုင်ကြောင်း ရှေးကောင်းမှုကို မြင်တော် မူလတ်၍ "ငါဘုရားသည် ဤဇမ္ဗုကတက္ကတွန်းကို အစအဦး အမှူး ပြု၍ တရားဂါထာတခုကို ဟောဆိုရလိမ့်မည်၊ ဂါထာ အဆုံး၌ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရား သိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်ပေလိမ့်မည်၊ ဤဇမ္ဗုကအမျိုးကောင်း သားကို အမှီပြု၍ လူများအပေါင်းသည် ချမ်းသာခြင်းသို့ ရောက် ကြပေလိမ့်မည်"ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူကာ နောက် တနေ့၌ ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းခံရာမှ ဖဲခဲ့လတ်၍ အရှင်အာနန္ဒာမထေရ်ကို "ချစ်သား အာနန္ဒာ....ငါဘုရားသည် ဇမ္ဗုကတက္ကတွန်းထံသို့ သွားပေအံ့" ဟူ၍ မိန့်တော်မူ၏။

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား .... အရှင်ဘုရားတို့ ချည်းသာ ကြွသွားတော်မူကြမည်လော"ဟူ၍ အရှင်အာနန္ဒာက မေးလျှောက်သောအခါ မြတ်စွာဘုရားက "အိမ်း ဟုတ်ပေသည် ချစ်သားအာနန္ဒာ .... ငါဘုရား တပါးတည်းသာ ကြွပေအံ့"ဟု မိန့်ဆို၍ မြတ်စွာဘုရားသည် ထိုနေ့ ညနေချမ်းအခါ၌ ဇမ္ဗုက အထံသို့ ကိုယ်တော်တပါးတည်း ကြွသွားတော်မူလေ၏။

ထိုအခါ သမ္မာဒေဝ နတ်အပေါင်းတို့သည် "မြတ်စွာဘုရား သခင်သည် ညနေချမ်းအခါ၌ ဇမ္ဗုကတက္ကတွန်းအထံသို့ ကြွတော် မူ၏၊ ထိုဇမ္ဗုက တက္ကတွန်းသည်ကား ကျင်ကြီး ကျင်ငယ် ဒန်ပူ ဟောင်းတို့ဖြင့် မြင်မကောင်း နံမကောင်း စက်ဆုပ်ဖွယ် ညစ်နွမ်း

http://www.dhammadownload.com



သော ကျောက်ဖျာအပြင်၌ နေသူဖြစ်၏၊ မိုးကို ရွာသွန်းချမှ သင့်လျော်တော့မည်" ဟု ကြံစည် စဉ်းစား ကြပြီး လျှင် မိမိတို့ အာနုဘော်ဖြင့် ထိုခဏမှာပင် မိုးကြီးသည်းစွာ ရွာသွန်းစေကုန်၏၊ ကျောက်ဖျာကြီးသည် စင်ကြယ်သန့်ရှင်း အညစ်အကြေး ကင်းလျက်ရှိချေပြီ။ ထို့နောင်မှ သမ္မာဒေဝနတ်အပေါင်းတို့သည် ထိုကျောက်ဖျာထက်၌ အဆင်းငါးမျိုးရှိသည့် ပန်းမိုးကို ရွာဖြိုးစေကြကုန်၏။

မြတ်စွာဘုရားသည် ညနေချမ်းအခါ၌ ဇမ္ဗုကတက္ကတွန်းအထံသို့ ရောက်တော်မူပြီးသော် "ဇမ္ဗုက …. " ဟူ၍ အသံပြုကာ ခေါ်တော်မူလိုက်လေသည်။ ဇမ္ဗုကတက္ကတွန်းသည် "ငါ့ကို ဇမ္ဗုက-ဟူ၍ အမည်ထုတ်ကာ ရင့်သီးစွာ ခေါ်ဆိုလိုက်သော ဤသူယုတ်ကား အဘယ်သူပေနည်း"ဟု ကြံစည်အမျက်ထွက်ကာ "ယခု ငါ့ကို ခေါ်လိုက်သည့် ဤသူကား အဘယ်သူနည်း" ဟု ပြန်၍ မေးလိုက်လေသည်။ "ငါကား ရဟန်းသူမြတ်တည်း" ဟူ၍ မြတ်စွာဘုရားက ဖြေကြားတော်မူလိုက်သောအခါ ဇမ္ဗုကတက္က-တွန်းသည် "အို ရဟန်းကြီး…. အဘယ်ကိစ္စ ရှိသနည်း" ဟူ၍ မေးမြန်းလေသည်။ "ယနေ့ တညဉ့်မျှတာ ဤအရပ်၌ ငါ့အား နေရာဌာနကို ပေးစေချင်ပါသည်"ဟု မြတ်စွာဘုရားက မိန့်ဆိုတော်မူသောအခါ "အို ရဟန်းကြီး…. ဤအရပ်၌ သင့်အား ပေးရန် နေရာဌာန မရှိ" ဟူ၍ ဇမ္ဗုကတက္ကတွန်းက ပစ်ပစ်ကာကာ ပြောကြားလိုက်လေသည်။ ထိုအခါ မြတ်စွာဘုရားက "ဇမ္ဗုက…. ဤသို့မပြုပါလင့် (= ဒီလိုမလုပ်ပါနှင့်)၊ တညဉ့်မျှတွက်တာ ငါ့အား နေရာဌာနကို ပေးစေချင်ပါသည်၊ ရဟန်းတို့မည်သည် ရဟန်းကို တောင့်တကြစမြဲ ဖြစ်ကုန်၏၊ လူတို့သည် လူကို တောင့်တကြစမြဲ ဖြစ်ကုန်၏၊ သားကောင်တို့သည် သားကောင်ကို တောင့်တကြစမြဲဖြစ်ကုန်၏"ဟူ၍ မိန့်ဆိုတော်မူလေသည်။ ဇမ္ဗုကတက္ကတွန်းက "အသို့နည်း သင်သည် ရဟန်းလော" ဟူ၍ တဖန် မေးပြန်သောအခါ မြတ်စွာဘုရားသည် "အိမ်း ငါကား ရဟန်းသူမြတ်တည်း" ဟူ၍ ဖြေကြားတော်မူလေ၏။

http://www.dhammadownload.com



ထိုအခါ ဇမ္ဗုကတက္ကတွန်းက "သင်သည် အကယ်၍ ရဟန်းသူမြတ်ဖြစ်ခဲ့လျှင် သင်၏မှုးကား အဘယ်မှာနည်း၊ မီးမွှေယောက်မကား အဘယ်မှာနည်း၊ ယဇ်ပူဇော်သောချည်ကား အဘယ်မှာနည်း" ဟူ၍ မေးပြန်လေသော် မြတ်စွာဘုရားသည် "ငါ့မှာ သင်မေးသော မှုး, မီးမွှေယောက်မ, ယဇ်ပူဇော်သောချည်များ ရှိပါ၏၊ ထိုဝတ္ထုများကို အသီးအသီး ယူဆောင်ကာ လှည့်လည်သွားလာရခြင်းသည် ဆင်းရဲလှ၏ဟု စဉ်းစားမိကာ ကိုယ်တွင်းဖြင့်သာလျှင် ယူဆောင်ကာ လှည့်လည်သွားလာပေ၏" ဟူ၍ မြွက်ကြားတော်မူလေ၏။ ထိုစကားကို ကြားသောအခါ ဇမ္ဗုကတက္ကတွန်းသည် "သင်ကား (ရဟန်းဖြစ်လျက်) ထိုရဟန်းအသုံးအဆောင် မှုးစသည်ကို မယူဆောင်ပဲ လှည့်လည်ကျက်စား သွားလာဘိ၏" ဟု ပြောဆိုကာ မြတ်စွာဘုရားအား ပြင်းစွာအမျက်ထွက်လေတော့၏။ ထိုအခါ ဇမ္ဗုကတက္ကတွန်းကို မြတ်စွာဘုရားသည် "ရှိပါစေ ဇမ္ဗုက.... ငါ့အား အမျက်မထွက်ပါလင့်၊ ငါ့အား နေရာဌာနကိုသာ ပြောကြားစေချင်ပါသည်" ဟူ၍ သာယာညင်းပျောင်း ပြောဆိုတော်မူပါသော်လည်း ဇမ္ဗုကတက္ကတွန်းသည် "အို ရဟန်းကြီး.... ဤအရပ်၌ သင်နေစရာ နေရာဌာန မရှိ" ဟူ၍သာ ပြတ်ပြတ်တောင်းတောင်း ပြောကြားလေသည်။

ဇမ္ဗုက၏ နေရာဌာနမှ မနီးမဝေး၌ တောင်ဂုမ်းတခု ရှိလေသည်။ မြတ်စွာဘုရားသည် ထိုတောင်ဂုမ်းကို ညွှန်ပြတော်မူလျက် "ဇမ္ဗုက.... ထိုတောင်ဂုမ်း၌ အဘယ်သူ နေသနည်း" ဟူ၍ မေးမြန်းတော်မူလေသော် ဇမ္ဗုကတက္ကတွန်းက "အို ရဟန်းကြီး.... ထိုတောင်ဂုမ်း၌ နေထိုင်သူ တဦးတယောက်မျှ မရှိ" ဟူ၍ ပြန်ကြားလေသည်။ တဖန် မြတ်စွာဘုရားက "ဇမ္ဗုက.... သို့တပြီးကား ထိုတောင်ဂုမ်းနေရာကို ငါ့အား ပေးစေချင်၏" ဟူ၍ မိန့်ဆိုတော်မူလေသော် ဇမ္ဗုကတက္ကတွန်းသည် "အို ရဟန်းကြီး.... သင်၏နေရာကို သင်သာလျှင် သိပါသော့ (= ထိုတောင်ဂုမ်း၌ နေသင့်

http://www.dhammadownload.com



မနေ့ညဉ့်ကို သင်သာလျှင် ဆင်ခြင်သိရှိပါလော့)" ဟူ၍ (တာဝန် ကိုအား မယူ) ခွင့်ပြုရုံသာ ခွင့်ပြုသောစကားကို ပြန်ကြားပြောဆို လေ၏။

မြတ်စွာဘုရားသည် ထောင်ဝှမ်း၌ နိသီဒိုင်အခင်းကို ခင်း၍ ထိုင်နေတော်မူလေသည်။ ညဉ့်ဦးယံအခါ စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့သည် အရပ်လေးမျက်နှာကို အရောင်အလင်း တစပ်တည်း ဖြစ်အောင် ပြုလုပ်ကြလျက် မြတ်စွာဘုရား၏ထံသို့ ဆည်းကပ်ရန် လာရောက်ကြကုန်၏။ ဇမ္ဗုကတက္ကတွန်းသည် ထိုအရောင် အလင်းကို မြင်၍ "ထိုအရောင်အလင်းကား အဘယ် မည်သော အရောင်အလင်းပေနည်း" ဟူ၍ ကြံစည်စဉ်းစား၍ နေလေ၏။ မဇ္ဈိမယံ၌ သိကြားနတ်မင်းဆည်းကပ်ရန် လာသော အခါမှာလည်း ဇမ္ဗုကတက္ကတွန်းသည် ရှေးနည်းအတူပင် ကြံစည် စဉ်းစား၍ နေလေ၏။ ပစ္ဆိမယံ၌ လက်တချောင်းဖြင့် စကြဝဠာ တတိုက်,လက်နှစ်ချောင်းဖြင့်စကြဝဠာနှစ်တိုက်,လက်ဆယ်ချောင်း တို့ဖြင့် စကြဝဠာဆယ်တိုက်တို့ကို ထွန်းလင်းတောက်ပစေခြင်းငှါ စွမ်းနိုင်သော မဟာဗြဟ္မာကြီးသည် တောအုပ်ကြီး တခုလုံးကို တစပ်တည်း ထွန်းလင်းအောင်ပြုလျက် ဆည်းကပ်ရန် လာရောက် လေ၏။ ဇမ္ဗုကတက္ကတွန်းသည် ထိုအရောင်အလင်းကိုလည်းမြင်၍ "ထိုအရောင်အလင်းကား အဘယ်မည်သော အရောင်အလင်း ပေနည်း" ဟု (ရှေးနည်းအတူပင်) ကြံစည်စဉ်းစား၍ နေလေ၏။

နံနက်စောစောအခါသို့ ရောက်လတ်သော် ဇမ္ဗုကတက္ကတွန်း သည် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ချဉ်းကပ်၍ အစေ့အစပ် စကား ပြောကြားပြီးလျှင် သင့်လျော်ပတ်ရာ အရပ်၌ ရပ်တည်လျက် မြတ်စွာဘုရားကို "အိုရဟန်းကြီး···· ညဉ့်ဦးယံအခါ အရပ်လေးမျက်နှာတို့ကို အသီးအသီး ထွန်းလင်း တောက်ပစေကုန်လျက် သင်တို့ထံမှောက် လာရောက်ကြသော သူတို့ကား အဘယ်သူတို့ပေနည်း" ဟူ၍ မေးလျှောက်လေသော် မြတ်စွာဘုရားသည် "ဇမ္ဗုက···· ထိုသူတို့ကား စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့ ဖြစ်ကြသည်" ဟူ၍ မိန့်ကြားဖြေဆိုတော်

http://www.dhammadownload.com



မူ၏။ "အဘယ့်ကြောင့် လာရောက်ကြသနည်း"ဟု ဇမ္ဗုကက တဖန် မေးမြန်းပြန်လေသော် "ငါဘုရားကို ဆည်းကပ်ခစား ပူဇော်လုပ်ကျွေးရန် လာရောက်ကြသည်" ဟူ၍ မြတ်စွာဘုရားက ပြန်ကြား ဖြေဆိုတော်မူလေသည်။ တဖန်ဆက်၍ ဇမ္ဗုကတက္ကတွန်းက "အို ရဟန်းကြီး....အသို့နည်း၊ သင်သည် စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့ထက် သာလွန်မြင့်မြတ်သလော" ဟူ၍ မေးမြန်းလေသော် မြတ်စွာဘုရားသည် "အိမ်း ဟုတ်ပေသည် ဇမ္ဗုက.... ငါဘုရားကား စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့ထက်လည်း သာလွန်မြင့်မြတ်သော တရားမင်းဖြစ်လေသည်" ဟူ၍ ပြန်ကြား ဖြေဆိုတော်မူလေ၏။

တဖန် ဇမ္ဗုကတက္ကတွန်းက "အိုရဟန်းကြီး.... မဇ္ဈိမယံ၌ လာရောက်သောသူကား အဘယ်သူနည်း" ဟု မေးပြန်လေလျှင် မြတ်စွာ ဘုရားသည်"သိကြားနတ်မင်း ဖြစ်ပေသည် ဇမ္ဗုက...."ဟု ဖြေကြားတော်မူ၏။ "အဘယ်အကြောင်းကြောင့် လာသနည်း"ဟူ၍ ဇမ္ဗုက-က မေးပြန်လတ်သော် "ငါဘုရားကို ဆည်းကပ်ခစား ပူဇော်လုပ်ကျွေးရန် လာရောက်လေသည်" ဟူ၍ မြတ်စွာဘုရားက ဖြေကြားတော်မူလေ၏။ တဖန်ဆက်၍ ဇမ္ဗုကတက္ကတွန်းက "အို ရဟန်းကြီး....အသို့နည်း၊ သင်သည် သိကြားနတ်မင်းထက်လည်း သာလွန်မြင့်မြတ်လေသလော" ဟူ၍ မေးပြန်လေသော် မြတ်စွာ ဘုရားသည် "အိမ်း ဟုတ်ပေသည် ဇမ္ဗုက.... ငါဘုရားသည် သိကြားမင်းထက်လည်း သာလွန်မြင့်မြတ်သူ ဖြစ်လေသည်။ ထို သိကြားမင်းကား ငါဘုရား၏ သူနာပြု (=ဂိလာနုပဋ္ဌာက) ပုဂ္ဂိုလ် ကပ္ပိယကာရကသာမဏေနှင့် တူသောပုဂ္ဂိုလ် ဖြစ်ပေ၏" ဟူ၍ ပြန်ကြားဖြေဆိုတော်မူလေ၏။

တဖန် ဇမ္ဗုကတက္ကတွန်းက "အိုရဟန်းကြီး .... ပစ္ဆိမယံ၌ တောအလုံးကို ကိုယ်ရောင် ကိုယ်ဝါဖြင့် တောက်ပစေလျက် လာရောက်သောသူကား အဘယ်သူနည်း"ဟု မေးပြန်လေလျှင် မြတ်စွာဘုရားသည် "ဇမ္ဗုက .... တိုနောက်ဆုံး ပစ္ဆိမယံ၌ လာရောက်သောသူကား လောက၌ ပုဏ္ဏားအစရှိသောသတ်

http://www.dhammadownload.com



ချေဆတ်သောအခါ ချွတ်ချော် တိမ်းလည်းသော အခါများ၌ "နမော မဟာဗြဟ္မုနော = မဟာဗြဟ္မာကြီးအား ရှိခိုးပါ၏" ဟူ၍ တမ်းတမြွက်ဆို ပြောကြားအပ်သည့် မဟာဗြဟ္မာကြီး ဖြစ်ပေသည်"ဟု ဖြေကြားတော်မူ၏။ ထိုအခါ ဇမ္ဗုကတက္ကတွန်းက "အိုရဟန်းကြီး....အသို့နည်း၊ သင်သည် မဟာဗြဟ္မာကြီးထက်လည်း သာလွန်မြင့်မြတ်လေသလော"ဟူ၍ မေးပြန်လေသော် မြတ်စွာဘုရားသည် "အိမ်း ဟုတ်ပေသည် ဇမ္ဗုက.... ငါဘုရားသည် ဗြဟ္မာကြီးထက်လည်း သာလွန်မြင့်မြတ်သော ဗြဟ္မာမင်း ဖြစ်လေသည်"ဟူ၍ ပြန်ကြားဖြေဆိုတော်မူလေ၏။

ထိုအခါ ဇမ္ဗုကတက္ကတွန်းသည်—

"အိုရဟန်းကြီး .... သင်ကား လက်ဖျစ်တီး၍ အံ့ချီး ထိုက်သူဖြစ်ပါပေ၏။ နှစ်ပေါင်း (၅၅) ငါးဆယ့် ငါးနှစ်ကြာ ဤအရပ်ဌာန၌ ကျင့်ကြံနေထိုင်သော ငါ့ထံသို့ကား ထိုသူများတွင် တဦးတယောက်မျှ ဆည်းကပ်ခစားရန် မလာဘူးချေ။မှန်ပေသည်–ငါကား ဤမျှ(၅၅) ငါးဆယ့် ငါးနှစ်ကြာ ကာလပတ်လုံး လေကိုသာ စားလျက် ရပ်တည်၍သာ အခါကို လွန်ခဲ့စေလေပြီ၊ ထိုမျှလောက် ကာလပတ်လုံး ထိုနတ်သိကြား ဗြဟ္မာများသည် ငါ့အား ဆည်းကပ် ခစားရန် မလာဘူးကြချေ"—

ဟူ၍ ဝါကြွား ပလွှား ပြောကြားမြဲ ပြောကြားလေသော် မြတ်စွာဘုရားသည် ဇမ္ဗုကတက္ကတွန်းကို—

"အို ဇမ္ဗုက....ဤလောက၌ ဉာဏ်ပညာ နည်းပါးသူ လူအပေါင်းကို လှည့်ဖြား၍နေသောသင်သည် ငါဘုရားကိုလည်း လှည့်ဖြားလိုဘိ၏တကား၊သင်ကား နှစ်ပေါင်း (၅၅) ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး မစင်ကိုသာ စားနေသည် မဟုတ်လော၊ မြေ၌သာလျှင် အိပ်နေသည် မဟုတ်လော၊ အဝတ်မစည်း အချည်းနှီးဖြစ်၍သာ လှည့်လည်နေသည်မဟုတ်လော၊ ထန်းစေ့မှုတ်ပိုင်းဖြင့် ဆံတို့ကို

http://www.dhammadownload.com



(ဆင်းရဲကြီးစွာ) နတ်နေသည်မဟုတ်လော၊ ထိုသို့ ဖြစ်ပါလျက် လူအပေါင်းကို လှည့်ဖြားကာ 'ငါကား လေကိုသာစားလျက် ခြေတဖက်ဖြင့်သာ ရပ်တည်၏၊ထိုင်လည်း မထိုင်၊ အိပ်လည်း မအိပ်' ဟူ၍ ပြောဆိုဘိ၏၊ ယခုလည်း ငါ့ဘုရားကိုပင် သင်ကား လှည့်ဖြားလိုဘိ၏။

အိုဇမ္ဗုက .... ရှေး အခါ၊ တုန်းကလည်း သင်သည် ယုတ်မာညစ်ညမ်းသော မိစ္ဆာအယူကို အမှီပြု၍ ဤမျှ လောက်ကာလကြာအောင် မစင်ကို စားခဲ့ရလေပြီ၊ မြေ၌သာ အိပ်ခဲ့ရလေပြီ၊ အဝတ်မစည်း အချည်းနှီးသာ လှည့်လည်ခဲ့ရလေပြီ၊ ထန်းစေ့မှုတ်ပိုင်းဖြင့် ဆံပင်တို့ကို နုတ်ရခြင်း(ဆင်းရဲဒုက္ခ)သို့ ရောက်ခဲ့ရလေပြီ။ သို့ပါလျက် ယခုအခါ၌လည်း ထိုယုတ်မာညစ်ညမ်းသောမိစ္ဆာအယူကိုသာ ယူ၍ နေဘိ၏"—

ဟူ၍ အတိအလင်း မိန့်ကြားတော်မူလေ၏။

ထိုအခါ ဇမ္ဗုကတက္ကတွန်းက မြတ်စွာဘုရားကို "အို ရဟန်းကြီး.... အကျွန်ုပ်သည် အဘယ်သို့သော မကောင်းမှုကို ပြုမှားခဲ့ပါသနည်း" ဟု မေးမြန်းလတ်သော် မြတ်စွာဘုရားသည် ဇမ္ဗုကတက္ကတွန်းအား ရှေးက ချင်းပြုမှားခဲ့သော မကောင်းမှုအကုသိုလ်ကံကို အကျယ်ဟောကြားတော်မူလေ၏။ ထိုသို့ မြတ်စွာဘုရားသခင် ဇမ္ဗုကတက္ကတွန်း၏ ရှေးအတိတ် အကုသိုလ်ကံအကြောင်းကို ဟောကြားတော်မူစဉ်ပင် ထိုဇမ္ဗုကတက္ကတွန်း၏ စိတ်သန္တာန်၌ ပြင်းထန်စွာထိတ်လန့်ခြင်း(=သံဝေဂ)ဖြစ်လေတော့၏၊ အရှက်အကြောက်(=ဟိရိဩတ္တပ္ပ)တရားနှစ်ပါးလည်း ဖြစ်ပွါး၍ လာလေတော့၏။ ထိုသို့ ရှက်ကြောက်ခြင်း ဟိရိဩတ္တပ္ပတရားနှစ်ပါး ဖြစ်ပွါးလာရကား ကိုယ်အင်္ဂါကို အတတ်နိုင်ဆုံး ဖုံးလွှမ်းကာ ဆောင့်ကြောင့်ထိုင်လိုက်လေတော့၏။

ထိုအခါ ဇမ္ဗုကအား မြတ်စွာဘုရားသည် ရေသနုပ်ကို ပစ်၍ ပေးလိုက်လေလျှင် ဇမ္ဗုကသည် မြတ်စွာဘုရား ပေးကမ်းလိုက်

http://www.dhammadownload.com



သည့် ထိုရေသနုပ်သက်န်းကိုဝတ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါးလွတ်ရာအရပ်၌ ထိုင်နေလေ၏။ မြတ်စွာဘုရား သည်လည်း ထိုဇမ္ဗုကတက္ကတွန်းအား ဒါနကထာ, သီလကထာ အစရှိသော ဟောကြားတော်မူမြဲ တရားအစဉ်ကို ဟောကြား တော်မူပြီးလျှင် သစ္စာလေးပါးတရားကို ဟောကြားတော် မူလေ၏။ ဇမ္ဗုကတက္ကတွန်းသည် ဒေသနာခိုက်ဆုံးလတ်သော အခါ ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် ထိုင်နေရာမှ ထ၍ ရှင်အဖြစ်ကိုငှင်း, ရဟန်းအဖြစ်ကိုငှင်း တောင်းခံလေ၏။

(ဤမျှဖြင့် ထိုဇမ္ဗုကတက္ကတွန်း၏ ရှေးအတိတ် အကုသိုလ်ကံသည် အကြွင်းမဲ့ ကုန်ခန်းခဲ့လေပြီ။ ချဉ်းအံ့.... ဤဇမ္ဗုကတက္ကတွန်းသည် ကဿပမြတ်စွာ သာသနာအတွင်းဝယ် ရဟန္တာမထေရ်မြတ်ကြီးကို (ရှေးဖော်ပြရာပါ) ဆဲရေးခြင်း လေးမျိုးတို့ဖြင့် ဆဲရေးခဲ့၍ ဤမဟာ ပထဝီမြေကြီး တယူဇနာနှင့် သုံးဂါဝုတ်အထက်သို့ မြင့်ထက်သည့် တိုင်အောင် အဝီစိငရဲကြီး၌ ကျက်ခဲ့လောင်ကျွမ်းခဲ့ရပြီးလျှင် ထိုအကုသိုလ်ကံ၏ အကျိုးဝိပါက်ကြွင်းအနေဖြင့် (၅၅) ငါးဆယ်ငါး နှစ်ကြာ ကာလတို့ပတ်လုံး ဤသို့သဘောရှိသည့် (မစင်ကိုစားခြင်း, မြေ၌သာအိပ်ခြင်း, အဝတ်မဝတ်ခြင်း, ထန်းစေ့မှုတ်ဖြင့် ဆင်းရဲကြီးစွာ ဆံပင်တို့ကို နုတ်ရခြင်း တည်းဟူသော) လူမဆန်သည့် ဖောက်ပြန် ပျက်စီးခြင်းသို့ ရောက်ခဲ့ရလေပြီ။ ထိုသို့မကောင်းကျိုးကို ကြီးကျယ်စွာ ပေးပြီးဖြစ်သောကြောင့် ဇမ္ဗုက၏ ထိုအကုသိုလ်ကံကား ကုန်ခန်းခဲ့ လေပြီ။

အနှစ် (၂၀၀၀၀) နှစ်သောင်းကြာ ကာလပတ်လုံး ဤဇမ္ဗုက အားထုတ်ဖြည့်ကျင့်ခဲ့သော ရဟန်းတရား၏ အကျိုးကိုကား ထိုအကု- သိုလ်ကံက ဖျက်ဆီးခြင်းငှါ မတတ်နိုင်ချေ၊ ထို့ကြောင့်ပင်)

ထိုသို့ ဇမ္ဗုကက ရှင်အဖြစ် ရဟန်းအဖြစ်ကို တောင်းခံသော အခါ မြတ်စွာဘုရားသည် လက်ျာလက်တော်ကို ဆန့်တန်း၍ "ဧဟိ ဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ=ရဟန်း.... လာလော့၊ (သင်အလိုရှိသည့် ရှင်ရဟန်းအဖြစ်ကို ခံယူလေ လော့)၊ အကြွင်းမဲ့ ဝဋ်ဒုက္ခ၏အဆုံးကို ပြုလုပ်နိုင်ရန် သုံးပါးသိက္ခာ

http://www.dhammadownload.com



သာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ်အားထုတ်လေလော့”ဟူ၍ ဟေ ဘိက္ခု ခေါ်တော်မူလေ၏။ ထိုသို့ မြတ်စွာဘုရားက ဟေ ဘိက္ခု ခေါ်တော်မူသော ခဏ၌ပင်လျှင် ထိုဇမ္ဗုကာ၏ လူ့အသွင်သည် ကွယ်ပျောက်လေ၏။ ပရိက္ခရာ ရှစ်သွယ် ဆင်ပြီး လွယ်ပြီး အဝါခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ ရဟန်းအသွင် ထင်ရှားဖြစ်ပေါ်လာလေ၏။

ထို (ဇမ္ဗုကတက္ကတွန်း ရဟန္တာဖြစ်၍ ဟေဘိက္ခုရဟန်းဖြစ်သော) နေ့သည်ကား အင်္ဂတိုင်းသူတိုင်းသား, မဂဓတိုင်းသူတိုင်းသား လူအများတို့ ဇမ္ဗုကအတွက် ပူဇော်ဖွယ်ဝတ္ထုများကို ယူဆောင်၍ ဇမ္ဗုကအား ပူဇော်ရန် လာရောက်သောနေ့ဖြစ်လေသည်။ ထို့ကြောင့် တိုင်းကြီးနှစ်တိုင်း၌ နေသောလူတို့သည် ပူဇော်ဖွယ်ဝတ္ထုများကို ယူဆောင်ကြကာ လာရောက်ကြကုန်သည်ရှိသော် မြတ်စွာဘုရားကို ဖူးတွေ့ကြရကုန်၍ “အသို့နည်း၊ ငါတို့၏ အရှင်မြတ် ဇမ္ဗုက-ကပင် မြင့်မြတ်လေသလော၊ သို့မဟုတ် ရဟန်းဂေါတမကပင် မြင့်မြတ်လေသလော” ဟု ကြံစည်ကြပြီးလျှင် တဖန်ဆက်၍ “အကယ်၍သာ ရဟန်းဂေါတမက မြင့်မြတ်သူဖြစ်ခဲ့လျှင် ဤဇမ္ဗုက တက္ကတွန်းသည် ရဟန်းဂေါတမထံ သွားလေရာ၏၊ ယခုမှာမူ ငါတို့အရှင် ဇမ္ဗုကတက္ကတွန်းက သာ၍လွန်မြင့်မြတ်လေသောကြောင့် ရဟန်းဂေါတမသည် ဤဇမ္ဗုက တက္ကတွန်းထံသို့ လာရောက်လေသည်” ဟူ၍ အကြံမှားကြလေကုန်၏။

မြတ်စွာဘုရားသည် လူများအပေါင်း၏ အကြံမှား အစည်မှားကို ပိုင်းခြားသိမြင်တော်မူ၍ “ချစ်သားဇမ္ဗုက....သင့်အလုပ်အကျွေး ဒါယကာများ၏ ယုံမှားချက်ကို သင်ချစ်သားပင် ဖြတ်တောက်လေလော့” ဟူ၍ မိန့်ဆိုတော်မူလေ၏။ အရှင်ဇမ္ဗုက ရဟန်းကလည်း “ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့်တော်သည်လည်း ပရိသတ်၏ ယုံမှားကို ပယ်ဖျောက်ရန်ပင် လိုလား တောင့်တလျက် ရှိပါ၏ဘုရား” ဟူ၍ လျှောက်ထားပြီးလျှင် စတုတ္ထဈာန်ကို ဝင်စား၍ နေရာမှ ထပြီးလျှင် ကောင်းကင်သို့ ထန်းတဆင့်ခန့် ပျံတက်ပြီးလျှင် “ဘုန်းတော်ကြီးသော မြတ်စွာ

http://www.dhammadownload.com



ဘုရား....မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာသခင် ဖြစ်တော်မူပါ၏၊ အကျွန်ုပ်ကား ရှင်တော်ဘုရား၏ တပည့်သာဝကဖြစ်ပါသည်ဘုရား" ဟူ၍ လျှောက်ဆိုကာ မြေသို့သက်၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် တဖန် ထန်းနှစ်ဆင့်ခန့်, ထန်းသုံးဆင့်ခန့်, ဤသို့သော နည်းဖြင့် ထန်းခုနစ်ဆင့်ခန့် ကောင်းကင်သို့ ပျံတက်၍ မြေသို့ သက်ပြီးလျှင် မိမိက မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်ကြောင်းကို လူအများအား ထင်ရှားသိစေလေ၏။

ထိုအခြင်းအရာကို မြင်ရ၍ လူများအပေါင်းသည် "ဩ.... မြတ်စွာဘုရားတို့မည်သည် လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေကုန်စွ၊ မနှိုင်းယှဉ်နိုင်သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူကြပါပေစွ" ဟူ၍ ကြီးစည်စဉ်းစား အံ့သြကြလေ၏။ မြတ်စွာဘုရားသည် ထိုလူများအပေါင်းနှင့် အတူတကွ တရားစကား နှီးနှော ပြောဆိုတော်မူလိုသည်ဖြစ်၍—

"ဒါယကာတို့....ဤဇမ္ဗုကသည် ဤမျှ(၅၅)ငါးဆယ့်ငါးနှစ်ကြာ ကာလပတ်လုံး သင်တို့ ယူဆောင်အပ်ခဲ့သော ပူဇော်ဖွယ် ဝတ္ထုများကို သမန်းမြက်ဖျားဖြင့် လျှာဖျား၌ ထားရှိကာ ခြိုးခြံသောအကျင့်ကို ငါကျင့်၏"ဟု ပြောဆိုငါကြွားကာ ဤအရပ်၌ နေထိုင်ခဲ့လေပြီ။ ဤဇမ္ဗုကသည် ထိုနည်းဖြင့် အနှစ်တရာ ကာလကြာအောင် အစာမစားပဲ ခြိုးခြံသောအကျင့်ကို အကယ်၍ဆက်ကာဖြည့်ကျင့်ငြားအံ့၊ ဤဇမ္ဗုကရဟန်း၏ ယခု အရိယာဖြစ်သော အခါဝယ် အချိန်ကိုဖြစ်စေ ဆွမ်းကိုဖြစ်စေ အပ်မှု မအပ်မှု အတွက် (အပ်လေသလော၊ မအပ်လေသလော ဟု)အလှိုလှို(= ကုက္ကုစ္စ)ဖြစ်၍ မစားပဲ နေသည့်အတွက် ဖြစ်ပေါ်သော ဆွမ်းကို ဖြတ်တောက်သည့် အပြစ်မရှိသော စေတနာသည် ရှိသည်ဆိုပါစို့၊ ထိုဖြစ်ပေါ်သော အပြစ်ကင်းသော စေတနာ၏ (၂၅၆) နှစ်ရာ ငါးဆယ့်ခြောက်စိတ်စိတ်၍ တစိတ်လောက်ကိုမျှ ထိုအနှစ်တရာ ခြိုးခြံသော အကျင့်သည် အဖိုးမထိုက်တန်ချေ"—

http://www.dhammadownload.com



ဟူ၍ မိန့်ဆိုတော်မူကာ စကားနှစ်ရပ် ဆက်စပ်၍ တရားကို ဟောတော်မူလိုသည် ဖြစ်ရကား ဤဖော်ပြလတ္တံ့သော ဂါထာကို ဟောကြားတော်မူလေ၏။

## တရားဂါထာ

မာသေ မာသေ ကုသဂ္ဂေန၊ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
န သော သင်္ခါတဓမ္မာနံ၊ ကလံ အဂ္ဃတိ သောဠသိံ။

ဗာလော = သစ္စာလေးပါး တရားကိုမသိ တိတ္ထိ-ရဟန်း လူ့သော့သွမ်းသည်။မာသေ မာသေ = လတိုင်း လတိုင်း၌။(ဝါ)တလတလမှ တကြိမ်တကြိမ်။ကုသဂ္ဂေန= ပါးလျှည့်ထွား သမန်းမြက်ဖျားဖြင့်။ ဘောဇနံ = အစာ ထမင်းကို။ဘုဉ္ဇေယျ = "မြိုးမြီသော အကျင့်ကို ငါကျင့်မည်"ဟု ကြံစည်ကာ အနှစ်တရာ ရှည်မြင့်စွာ စားသုံး စေကာမူ။ သော = ထိုသစ္စာလေးပါး တရားဟကိုမသိ တိတ္ထိ ရဟန်း လူ့သော့သွမ်းသည်။သင်္ခါတဓမ္မာနံ = သစ္စာလေး ပါး တရားသိမြင် အရိယာပုဂ္ဂိုလ်အရှင်တို့၏။ သောဠသိံ ကလံ = တဆယ့်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ်၍ ဟစိတ်လောက်မျှ။(ဝါ)နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ။န အဂ္ဃတိ = အဖိုးမထိုက်တန်ချေ။

(ဂါထာ၌ ပုဂ္ဂလာဓိဋ္ဌာနအားဖြင့် ဟောကြားထား အပ်သည်။ ဓမ္မာဓိဋ္ဌာန အနက်အဓိပ္ပါယ်ကား ···· (၁) တိတ္ထိရဟန်း လူ့သော့သွမ်း၏ ထိုနည်းဖြင့် မြိုးမြီသော အကျင့်ကို အနှစ်တရာ ရှည်မြင့်ကြာအောင် ကျင့်သည့် အတွက် ဖြစ်ပေါ်ရရှိသော အကြင်စေတနာသည် ရှိ၏။ (၂) သစ္စာလေးပါး တရားသိမြင် အရိယာ အရှင်တို့၏ အချိန်ကိုသော်ငှင်း, ဆွမ်းကိုသော်ငှင်း အပ်သလော မအပ် သလော ဟု ယုံမှားသံသယ အလိုလို (=ကုက္ကုစ္စ) ဖြစ်ရှိ၍ မစားကြသည့်အတွက် ဖြစ်ပေါ်သော အကြင် ဆွမ်းကို ဖြတ်တောက်သည့် ကုသိုလ်စေတနာ (=

http://www.dhammadownload.com



အပြစ်ကင်းသော စေတနာ) တခုသည်လည်း ရှိ၏။ ဤဖော်ပြရာပါ စေတနာ နှစ်မျိုးတို့တွင် (၁) တိတ္ထိရဟန်းလူ့သော့သွမ်း၏ ထိုအနှစ်တရာ ကြာမြင့်စွာ ဖြစ်ပေါ်သော ထိုစေတနာ့အများစုသည် (၂) အရိယာရဟန်း၏ ဆွမ်းနှင့် အချိန်ကို ယုံမှားသံသယ ကုက္ကုစ္စ ဖြစ်၍ မစားသည့်အတွက် ဖြစ်ပေါ်သော စေတနာတခု၏ နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ လိုက်၍မမှီနိုင်၊ တစိတ်ကသာ အဖိုးထိုက်တန်၏။

ထပ်၍ရှင်းလင်းဦးအံ့···· သစ္စာလေးပါး တရားသိမြင် အရိယာအရှင်မြတ်တို့ အချိန်နှင့်ဆွမ်းကို သံသယကုက္ကုစ္စ ရှိသည့်အတွက် မစားပဲနေသောအခါဖြစ်ပေါ်သည့် အပြစ်ကင်းသော စေတနာတခု၏ အကျိုးတရားကို တဆယ့်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ်၍ (၂၅၆) နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်သည်ရှိ၏။ ထိုတစိတ်သည်သာလျှင် ထိုတိတ္ထိရဟန်း လူ့သော့သွမ်း၏ အနှစ်တရာ ရှည်မြင့်ကြာအောင် (မှားယွင်းစွာ) မြိုးမြီသော အကျင့်ကို ကျင့်ခြင်းထက် အကျိုးကြီးမြတ်လှ၏ ဟူ၍ ဆိုလိုရင်းဖြစ်သည်။

ဒေသနာနိဂုံး ဆုံးသောအခါ၌ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည် *။

ဇမ္ဗုကရဟန်းအကြောင်း ပြီး၏။

ဤတွင် အခဏ်း ၂၁-ပြီး၏။

---

* ဤဝတ္ထုကား ဓမ္မပဒအဋ္ဌကထာ ပဌမအုပ်၊ ၅-ဗာလဝဂ်၊ စာမျက်နှာ ၃၁၃-၌ လာရှိသည်။

http://www.dhammadownload.com



## အခန်း-၂၂

### ဝေသာလီပြည် တည်ခြင်းအကြောင်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ အဂ္ဂမဟေသီ= မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေ တည်နေလေ၏၊ မိဖုရားကြီး သည် ထိုအကြောင်းကိုသိ၍ မင်းကြီးအား ကြားလျှောက်လေ၏၊ မင်းကြီးသည် သန္ဓေတော် အစောင့်အရှောက်များကို မိဖုရား ကြီးအား ပေးသနားလေ၏။ မိဖုရားကြီးသည် မင်းကြီးပေးသော အစောင့်အရှောက်ဖြင့် မပင်မပန်း ချမ်းချမ်းသာသာ သန္ဓေတော် ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့၍ သန္ဓေတော်ရင့်ကျက်သောအခါ၌ သားဖွားရာတိုက်ခန်းသို့ ဝင်လေ၏။

> ဘုန်းကံကြီးသော အမျိုးသမီး မင်းမိန်းမတို့သည် မိုး သောက်အားကြီး လင်းခါနီး၌ မီးရှူးသန့်စင် သားဖွား မြင်ကြမြဲ ဓမ္မတာ ဖြစ်လေသည်။

မိဖုရားကြီးသည်လည်း ဘုန်းကံကြီးသော အမျိုးသမီး မင်း မိန်းမတို့တွင် တယောက်အပါအဝင်ဖြစ်ရကား မိုးသောက်အား ကြီး လင်းခါနီးအချိန်၌ ချိပ်ခဲအဆင်း, လယ်ခေါင်ရန်းပန်းအဆင်း ကဲ့သို့ ခြင်းခြင်းနီမြန်းသော သားတစ်စိုင်ကို ဖွားမြင်လေ၏။ ထို အခါ၌ မိဖုရားကြီးသည်"တပါးသော မိဖုရားတို့ကား ရွှေစင်ရုပ်တု နှင့်တူသော သားတို့ကို ဖွားမြင်ကုန်၏၊ အဂ္ဂမဟေသီ = မိဖုရား ခေါင်ကြီးသည်ကား သားတစ်ကို ဖွားမြင်ဘိ၏" ဟူ၍ မင်းကြီး၏ ရှေ့မှောက်၌ ငါ၏ ဂုဏ်ကျေးဇူးမဲ့သည် ဖြစ်လေရာ၏" ဟု ကြံ စည်စဉ်းစားမိ၍ ထိုဂုဏ်ကျေးဇူးမဲ့ မကောင်းသတင်း ဖြစ်မည့် အခင်းမှ ကြောက်ရွံ့လှသဖြင့် ထိုသားတစ်စိုင်ကို ဖလားခွက်တခု၌ ထည့်၍ အခြားဖလားတခုဖြင့် ဖုံးအုပ်ပြီးလျှင် မင်းတံဆိပ် ခတ်နှိပ် ကာ ဂင်္ဂါမြစ်ရေအယဉ်၌ ပစ်ချမျှောလွှင့်စေလေ၏။

ထူးခြားချက်ကား လူတို့လက်မှ စွန့်ပစ်လိုက်လျှင်ပင် နတ်တို့ သည် အစောင့်အရှောက်ကို စီမံကြလေကုန်၏၊ ထို့ပြင်လည်း

http://www.dhammadownload.com



ရွှေပြား၌ ဟင်းသပြဒါးစစ်ဖြင့် "ဗာရာဏသီမင်းကြီး၏ အဂ္ဂ-မဟေသီ = မိဖုရားခေါင်ကြီးမှ ဖွားမြင်သော်သားတော်များ ဖြစ်သည်"ဟူ၍ ရေးသားပြီးလျှင် ထိုရွှေပြားကို ဖလားခွက်၌ ဖွဲ့ချည်လိုက်ကြကုန်၏။

ထိုသို့ နတ်တို့ စီမံစောင့်ရှောက်ချက်အရ ထိုဖလားခွက်သည် လှိုင်းတံပိုးဘေး-စသည်တို့ဖြင့် အန္တရာယ်အစက် မခံရပဲ ဂင်္ဂါမြစ် ရေကျော မျောလေ၏။

ထိုအခါ ရသေ့တဦးသည် နွားကျောင်းသားရွာတခုကို အမှီ ဂေါစရဂံပြု၍ ဂင်္ဂါမြစ်ကမ်းအနီး၌ နေထိုင်ဆဲရှိလေသည်။ ထိုရသေ့သည် နံနက်စောစော ဂင်္ဂါမြစ်သို့ သက်ဆင်းလတ်သော် ဖလားခွက် မျောလာသည်ကို တွေ့မြင်ရ၍ ပံသုကူအမှတ်ဖြင့် ဆယ်ယူလေ၏။ ထိုနောင်မှ ထိုဖလားခွက်၌ ဖွဲ့ချည်လိုက်သော ရွှေပြား (ရွှေပေလွှာ)နှင့် မင်းတံဆိပ်ကိုမြင်၍ အဖုံးကို ဖွင့်လှပ်လိုက်သော် ထိုသားတစ်ကို တွေ့မြင်ရလေ၏။ ထိုသို့ တွေ့မြင်ရလျှင်ပင် ရှင်ရသေ့၏စိတ်သန္တာန်၌ "ဤသားတစ်စိုင်ကား ကိုယ်ဝန်သားဖြစ်ပေလိမ့်မည်၊ ထိုသို့ ကိုယ်ဝန်သားဖြစ်သောကြောင့်သာ ဤသားတစ်စိုင်အား ရနံ့မကောင်းခြင်း, ပုပ်ခြင်း အလျှင်းမရှိချေ" ဟူ၍ ဆင်ခြင်စဉ်းစားပြီးလျှင် ထိုသားတစ်စိုင်ကို သခ်မ်းကျောင်းသို့ ယူဆောင်ပြီးလျှင် စင်ကြယ်သောအရပ်၌ ထားရှိလေ၏။

ထို့နောက် လဝက် (= ၁၅-ရက်) လွန်သောအခါ မူလသား တစ်စိုင်တခုတည်းမှ အံ့ဩဖွယ်ရာ သားတစ်စိုင်နှစ်ခုတို့ ဖြစ်၍ လာကုန်၏။ ရှင်ရသေ့သည် ထိုအံ့ဖွယ်ကို မြင်ရ၍ ရှေးကထက် ကောင်းမွန်စွာ ထားရှိလေ၏။ ထို့နောက်တဖန် လဝက် (= ၁၅ ရက်) လွန်ပြန်သောအခါ သားတစ်စိုင် တခုတခုမှ လက်နှစ်ဖက် ခြေနှစ်ဖက် ဦးခေါင်းတို့ဖြစ်ပေါ်ဖို့ရန် အဖုလေးငါးခုစီ (= ခက်မ ငါးဖြာ)တို့ အံ့ဩဖွယ်ရာ ဖြစ်ပေါ်လာကြပြန်လေသည်။ ရှင်ရသေ့သည် ထိုအံ့ဖွယ်ကို မြင်ရပြန်၍ တဖန် ရှေးကထက် ကောင်းမွန်စွာ ထားရှိလေ၏။ ထို့နောက် လဝက် (= ၁၅-ရက်) လွန်မြောက်သောအခါ တခုသော သားတစ်စိုင်သည် ရွှေစင်ရုပ်တုနှင့်

http://www.dhammadownload.com



တူသော သူငယ်ကလေး ဖြစ်၍လာလေ၏။ အခြား သားတစ်စိုင်တခုသည် ရွှေစင်ရုပ်တုနှင့်တူသော သူငယ်မကလေး ဖြစ်၍လာလေ၏။

ထိုသတို့သားငယ် သတို့သမီးငယ်တို့ အပေါ်၌ ရှင်ရသေ့၏ သားသမီးဟူသော ချစ်ခြင်းသည် ပြင်းထန်စွာ ဖြစ်၍လာလေ၏။ သို့ရကား ရှင်ရသေ့၏ လက်မနှစ်ဖက်တို့မှ နို့ရည်များ ဖြစ်ပွါးလာလေသည်။ ထိုအခါမှ အစပြု၍ (သူငယ် သူငယ်မတို့၏ ဘုန်းကံနှိုးပင့်ချက်အရ) နွားနို့နှင့် ရောသော ဆွမ်းကိုလည်း ဆွမ်းခံရွာ (＝နွားကျောင်းသားရွာ)မှ ရရှိလေ၏။ ရှင်ရသေ့သည် ဆွမ်းကို ကိုယ်တိုင်စားပြီးလျှင် နို့ရည်ကိုကား သူငယ်တို့၏ ခံတွင်း၌ သွန်းလောင်းထည့်ပေးလေ၏။ ထိုသူငယ်သူငယ်မတို့၏ ဝမ်းတွင်းသို့ ဝင်ဝင်သမျှသော အရာဝတ္ထုကို ဖလ်ပေါင်းချောင် အတွင်းသို့ ဝင်သော အရာဝတ္ထုကဲ့သို့ အပြင်မှ မြင်ရလေသည်။ ထိုသို့ နူးညံ့ပါးလျသော အရေရှိမှုကို အစွဲပြု၍ ထိုသူငယ်သူငယ်မတို့သည် လိစ္ဆဝီဟူသောအမည်ကို ရရှိကြလေကုန်သည်။

(နိ=ပါးလျနူးညံ့သော+ဆဝိ=အရေရှိသောသူများ =နိစ္ဆဝိ=ပါးလျနူးညံ့သော အရေရှိသောသူများဟု ဆိုလိုလျက်(န) အက္ခရာမှ(လ) အက္ခရာသို့ ပြောင်းလွဲကာ လိစ္ဆဝီဟူ၍ ခေါ်ဆိုလေသည်။ ။ဤကား လိစ္ဆဝီမည်ခြင်း အကြောင်းရင်းတည်း)။

ရှင်ရသေ့သည် ကလေးများကို မွေးကျွေး သုတ်သင်ပေးနေရသဖြင့် အလွန်နေမြင့်မှ ရွာတွင်းသို့ ဆွမ်းခံဝင်ရလေသည်။ အလွန်ကြီးနေမြင့်မှ ဆွမ်းခံရွာမှ အရေးတကြီး ပြန်လည်ဖဲခွါရလေသည်။ ရှင်ရသေ့၏ ထိုကြောင့်ကြဗျာပါရကို သိရှိကြ၍ နွားကျောင်းသားတို့သည် "အရှင်ဘုရား····သူငယ်ကလေးကို မွေးမြူနေရခြင်းသည် ရသေ့ရဟန်းတို့ အဖို့ရာ ရဟန်းတရား အားမထုတ်နိုင်အောင် နှောက်ယှက်တားမြစ်မှု ＝ ပလိဗောဓကြီးတခုပင် ဖြစ်ချေသည်၊ ထို့ကြောင့် ကလေးများကို တပည့်တော်တို့အား ပေးကြပါကုန်၊ တပည့်တော်တို့သည်ပင် ထိုကလေးများကို ကျွေးမွေး သုတ်သင်

http://www.dhammadownload.com



ကြပါမည်၊ အရှင်ဘုရားတို့သည် မိမိ၏ ရဟန်းအလုပ်ကိုသာ အားထုတ်ပြုကျင့်တော်မူကြပါကုန်" ဟူ၍ လျှောက်ထားကြလေသော် ရှင်ရသေ့သည် "ကောင်းပြီ ဒါယကာတို့...." ဟူ၍ သဘောတူ ဝန်ခံစကား မိန့်ကြားလေ၏။

နွားကျောင်းသားတို့သည် ဒုတိယနေ့ (=နောက်တနေ့) ၌ လမ်းခရီးကို ညီညွတ်စွာသုတ်သင်ပြီးလျှင် ပန်းများဖြင့် ကြဲဖြန့်၍ တံခွန်ကုက္ကားများကို စိုက်ထူကြပြီးနောက် တူရိယာမျိုးစုံတို့ကို တီးမှုတ်ကြကုန်လျက် ရှင်ရသေ့၏ သင်္ခမ်းကျောင်းသို့ လာရောက်စုဝေးကြလေကုန်၏။ ရှင်ရသေ့သည် "ဒါယကာတို့.... ကလေးများသည် ဘုန်းကံကြီးမားသောသူများ ဖြစ်ကြလေသည်၊ မမေ့မလျော့ မပေါ့မတန် အရွယ်ရောက်အောင် မွေးမြူကြကုန်လော့၊ မွေးမြူကြပြီးလျှင် အရွယ်သို့ရောက်က အချင်းချင်း လက်ထပ်ထိမ်းမြားမှုကို ပြုကြကုန်လော့။ နို့ရည်, နို့ခမ်း = နွားနို့ခဲ, ထောပတ်, ရက်တက်, ဆီဦး တည်းဟူသော ဂေါရသငါးမျိုးဖြင့် ဗာရာဏသီမင်းကို နှစ်သိမ့်စေကြပြီးလျှင် မြို့တည်ရန် မြေအဖို့ကို မင်းကြီးထံမှ တောင်းခံရယူကြ၍ မြို့သစ်တည်ကြကုန်လော့၊ ထိုမြို့သစ်၌ သတို့သားကို ရာဇအဘိသိက်သွန်းလောင်းကာ မင်းမြှောက်ကြကုန်လော့" ဟူ၍ စကားအပြည့်အစုံ မှာကြားပြောဆိုပြီးလျှင် ထိုကလေးနှစ်ယောက်တို့ကို နွားကျောင်းသားတို့အား ပေးအပ်လိုက်လေ၏။ နွားကျောင်းသားတို့သည် "ကောင်းပါပြီ ရှင်ရသေ့...." ဟူ၍ ဝန်ခံစကား ပြောကြားကြပြီးလျှင် ကလေးနှစ်ယောက်တို့ကို နွားကျောင်းသားရွာသို့ ယူဆောင်ခဲ့ကြ၍ ရှင်ရသေ့မှာလိုက်သည့်အတိုင်း မွေးမြူကြလေကုန်၏။

ကလေးနှစ်ယောက်တို့သည် ကြီးပြင်းခြင်းသို့ ရောက်ကြကုန်လတ်သော် အခြားကလေးများနှင့် အတူတကွ ကစားကြသည်တွင် ငြင်းခုံမှုဖြစ်ရာ၌ နတ်တို့၌ အခြားနွားကျောင်းသား ကလေးသူငယ်များကို လက်ခြေတို့ဖြင့် ပုတ်ခတ်ကန်ကျောက်ကြကုန်၏၊ ထိုအခြားနွားကျောင်းသား ကလေးသူငယ်များတို့ ငိုကြွေးကြသောအခါ အမိအဖတို့က "အဘယ့်ကြောင့် သင်တို့ ငိုကြွေးကြသနည်း" ဟု

http://www.dhammadownload.com



မေးမြန်းအပ်ကုန်သည်ရှိသော် "မိဖမဲ့ဖြစ်ကြသော ရသေ့မွေးသည့် ဤကလေးနှစ်ယောက်တို့သည် ငါတို့ကို အလွန်လျှင် လက်ခြေတို့ဖြင့် ပုတ်ခတ်ကန်ကျောက်ကြကုန်၏" ဟူ၍ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရသေ့မွေးသည့် ကလေးနှစ်ယောက်တို့ကို ကျွေးမွေးသုတ်သင်ကြသည့် မိခင် ဖခင်တို့ကသော်မှလည်း "ဤကလေးနှစ်ယောက်တို့သည် အခြားကလေးများကို ညှဉ်းပန်းနှိပ်စက်ကြကုန်၏၊ ဒုက္ခပေးကြကုန်၏၊ ဤမောင်နှမနှစ်ယောက်တို့ကို မချီးမြှောက်သင့်ကုန်၊ ဤမောင်နှမနှစ်ယောက်တို့ကို ရှောင်ကြဉ်သင့်ကုန်၏" ဟူ၍ ရေရွတ်စကား အပြစ်တင်စကား ပြောကြားကြကုန်၏။ ထိုအချိန်မှအစပြု၍ အတိုင်းအရှည်အားဖြင့် ယူဇနာသုံးရာမျှရှိသော ထိုအရပ်ကို "ဝဇ္ဇီ" အရပ်ဟူ၍ ခေါ်စမှတ်ပြုကြလေကုန်၏။

(အခြားကလေးများ၏ မိဖများနှင့်တကွ ထိုရသေ့မွေးသည့် ကလေးနှစ်ယောက်တို့ကို ကျွေးမွေးသုတ်သင်ပြုစုကြသည့် (=ပေါသာဝနိက) မိဖတို့က "ဝဇ္ဇေတဗ္ဗာ ဣမေ=ဤမောင်နှမနှစ်ယောက်တို့ကို ရှောင်ကြဉ်သင့်ကုန်၏" ဟူ၍ ရေရွတ်ပြောဆိုကြသောစကားကို အစွဲပြု၍ ထိုအရပ်ကား "ဝဇ္ဇီ" တိုင်းဟု တွင်လေသည်၊ အကျယ်အဝန်းအားဖြင့် ယူဇနာသုံးရာမျှ ကျယ်ဝန်းသည်ဟု ဆိုလိုသည်)။

ထိုနောက် ထိုမြေအရပ်ကို နွားကျောင်းသားတို့သည် ရှင်ရသေ့မှာတမ်းလိုက်သည့်အတိုင်း မင်းကြီးကို ဂေါရသငါးပါးဖြင့် နှစ်သိမ့်စေကြပြီးလျှင် တောင်းယူကြပြီးနောက် ထိုအရပ်၌ မြို့သစ်တည်ပြီးလျှင် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ပြီဖြစ်သော သတို့သားကို အဘိသိက်ရေချမ်း သွန်းဖျန်းကြ၍ မင်းမြှောက်ကြလေကုန်၏။ မင်းမြှောက်ကြပြီးနောက် ထိုသတို့သမီးနှင့်ပင် ထိမ်းမြားမင်္ဂလာမှု ပြုကြပြီးလျှင် "အပြင်အပ တိုင်းတပါးမှ သတို့သမီးများကို မိဖုရားမြှောက်ရန် မယူဆောင်အပ်ကုန်၊ ဤငါတို့ပြည်မှ သတို့သမီးကိုလည်း တိုင်းတပါးသားမည်သူအားမျှ မပေးအပ်=မပေးစတမ်း" ဟူ၍ ကတိကဝတ်ထားခြင်းအမှု ပြုကြလေကုန်၏။

http://www.dhammadownload.com



ထိုသို့ အဘိသိက်သွန်းဖျန်း ထိမ်းမြားလက်ထပ် မင်းအဖြစ်သို့ ဘင်မြှောက်အပ်သော မင်းမိဖုရားတို့၏ ဆက်ဆံပေါင်းသင်း ချစ်တင်းနှီးနှောခြင်းဖြင့် သမီးတော်တပါး သားတော်တပါး ပဌမ အကြိမ် ထွန်းကားခဲ့လေသည်။ ဤနည်းနှင်နှင် တဆယ့်ခြောက် ကြိမ်တိုင်တိုင် သားတော် သမီးတော်အစုံအစုံ ထွန်းကားခဲ့ လေသည်။ ထိုသားသမီးတို့ အရွယ်ရောက်ကြသောအခါ၌လည်း မိဖတို့နည်းတူ လက်ထပ်ထိမ်းမြားကြပြန်လျှင် ရှေးနည်းအတူပင် သမီးတော် သားတော် အစုံအစုံ တဆယ့်ခြောက်ကြိမ်စီ ဖွားမြင်ကြ သဖြင့် မင်းသမီးမင်းသားတို့ လွန်စွာတိုးပွါးစည်ကား ဖြစ်ဟွန်းကြ လေကုန်၏။

ထို့နောက် အစဉ်သဖြင့် ကြီးပွါးတိုးတက်စည်ကား၍လာကြ သော ထိုမင်းသမီး မင်းသားတို့အတွက် အရာမ်ဉယျာဉ် နေ ထိုင်ရန် နန်းအိမ် စည်းစိမ်အခြံအရံ မြေနေရာအရပ်ကို မြို့တွင်း၌ ယူဖို့ရန် မလောက်နိုင်ရကား မူလမြို့ဟောင်းရင်းကို ဗဟိုပြု၍ မူလ မြို့တော်၏ အရပ်လေးမျက်နှာ၀ယ် တဂါဝုတ်စီလှည့်ပတ်၍ မြို့ရိုး တထပ် တိုးချဲ့ကာ တည်ရပြန်လေ၏။

ထို့နောက်တဖန် မြင့်ရှည်ပြန်လျှင် ရှေးနည်းတူပင် သားသမီး အခြံအရံ အဆောင်အယောင် အခမ်းအနား မြို့မဆန့်အောင်ပင် တိုးပွါးစည်ပင်ပြန်သဖြင့် ဒုတိယအကြိမ် အရပ်လေးမျက်နှာ၀ယ် တဂါဝုတ်စီလှည့်ပတ်၍ မြို့ရိုးတထပ် တိုးချဲ့ကာ တည်ရပြန်လေ၏။

ထို့နောက်တဖန် မြင့်ရှည်ပြန်လျှင် ရှေးနည်းအတူပင် တိုးပွါး စည်ပင်ပြန်သဖြင့် တတိယအကြိမ် အရပ်လေးမျက်နှာ၀ယ် တဂါ ဝုတ်စီလှည့်ပတ်၍ မြို့ရိုးတာထပ် တိုးချဲ့ကာ တည်ရပြန်လေ၏။

ဤသို့လျှင် သားသမီး အခြံအရံ အဆောင်အယောင် အခမ်း အနား မြို့မဆန့်အောင်ပင် တိုးပွါးစည်ပင်သဖြင့် သုံးကြိမ်တိုင်တိုင် မူလမြို့တော်၏ အရပ်လေးမျက်နှာ၀ယ် တဂါဝုတ်ခြား တဂါဝုတ် ခြား လှည့်ပတ်၍ မြို့ရိုးအထပ်ထပ် တိုးပွါးစေခြင်းဖြင့် တစထက် တစ ကျယ်ပြန့်သည်ဖြစ်ရကား ထိုမြို့၏ အမည်မှာ "ဝေသာလီ" ပြည် ဟူ၍ ဇမ္ဗူဒိပ်အပြင်ဝယ် ထင်ရှားလေတော့သတည်း။

http://www.dhammadownload.com



ဤကား လိစ္ဆဝီမင်းများဟု မည်ခြင်းအကြောင်း, ဝဇ္ဇီတိုင်းဟု မည်ခြင်း အကြောင်း, ဝေသာလီပြည် မည်ခြင်းအကြောင်းတို့ကို ဖော်ပြချက်တည်း။ (ခုဒ္ဒကပါဌ အဋ္ဌကထာ မျက်နှာ-၁၃၃ (နှင့်) သာရတ္ထဒီပနီဋီကာ၊ ဒုတိယအုပ် မျက်နှာ ၁၆၉-မှ)

ဝေသာလီပြည် တည်ခြင်းအကြောင်း ပြီး၏။

---

### ဝေသာလီပြည်၌ ဘေးကြီးသုံးပါး ဖြစ်ပွါးသည်ကို မြတ်စွာဘုရားရှင် ရတနသုတ်တရားတော်ဖြင့် ငြိမ်းအေးစေတော်မူခြင်း

ဤဖော်ပြရာပါ ဝေသာလီပြည်သည်လည်း ရာဇဂြိုဟ်ပြည်, သာဝတ္ထိပြည်တို့နည်းတူပင် မြတ်စွာဘုရားသခင် ပွင့်ထွန်းဖြစ်ပေါ်တော်မူသောအခါ၌ လွန်စွာပြည့်စုံစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရှိလေသည်။ မှန်၏-ထိုဝေသာလီပြည်၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူသော အခါဝယ် ဘုရင်ထီးဆောင်း မင်းအပေါင်းတို့သည်ပင် (၇၇၀၇) ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက် ရှိကြလေသည်။ ထို့အတူ အိမ်ရှေ့မင်းသားပေါင်း,စစ်သေနာပတိပေါင်း, ဘဏ္ဍာစိုး အစရှိသော အရာရှိ မင်းအပေါင်းတို့သည်လည်း (၇၇၀၇) ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဦးစီပင် ရှိကြသဖြင့် ထိုမင်းတို့နေထိုင်သုံးစွဲရာ ပြာသာဒ်ရှည်ပေါင်း ခုနစ်ထောင် ခုနစ်ရာ ခုနစ်, ထိုမျှလောက်သော တရားလွှတ်ရုံး, ထိုမျှလောက်သော စုလစ်မွန်ချွန် အထွတ်တင်သည့် ခန်းမဆောင်များ, ထိုမျှလောက်သော အရာမ်ဥယျာဉ် ရေကန်များလည်း ထင်ရှားရှိကုန်၏။ လူနေစည်ကား အစာအာဟာရလည်း ပေါများဝပြောလှပေ၏။

ထို ဝေသာလီပြည်သည် နောက်တချိန်၌ အပရိဟာနိယတရား ပျက်ပြားသဖြင့် မိုးရေဆွတ်ရွာ ကောက်ပဲစပါးတို့လည်း သီးနှံမထွက် ရိုးတံချက်မျှသာဖြစ်လျက် အစာအာဟာရ ငတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်လေ၏။

(ဤကား ပဌမဘေးတည်း။)

http://www.dhammadownload.com



ယင်းသို့ ဒုဗ္ဘိက္ခဘေး ဆိုက်ရောက်လာသောအခါ ဆင်းရဲနွမ်းပါးသောသူတို့ ရှေးဦးစွာ အသေအပျောက် များကြလေသည်။ ထို သူသေကောင်တို့ကို မြို့၏ ပြင်ပ၌ ဖြစ်ကတတ်ဆန်းစွန့်ပစ်ကြရကုန်၏။ ထိုသူသေကောင်တို့၏ စက်ဆုပ်ဖွယ်သော အနံ့ကြောင့် ဘီလူးတို့သည် မြို့တွင်းသို့ ဝင်ရောက်ကြကာ လူတို့ကို ပူးဝင်နှိပ်စက်မှု ပြုကြပြန်လေသည်။

(ဤကား ဒုတိယဘေးတည်း။)

ယင်းသို့ ဒုဗ္ဘိက္ခဘေး, ဘီလူးဘေး ရောထွေး ဆိုက်ရောက်လာသောအခါ ရှေးကထက်တိုး၍ လူများ သေကြေပျက်စီးကြပြန်ကုန်၏။ ထိုဘေးနှစ်ပါးကြောင့် လူအများ တိုး၍ သေကြေပျက်စီးသောအခါ "မြွေပူရာ ကင်းမှောင့်သည်" ဟူသကဲ့သို့ နှလုံးထိတ်လန့် စိတ်မသန့်ကြရကား အဟိဝါတရောဂါ ခေါ်သော ကူးနာ (= ယဉ်းနာ) ရောဂါဆိုက်ရောက်၍ သတ္တဝါတို့ ရှေးကထက်တိုး၍ သေကြေပျက်စီးကြကုန်၏။

(ဤကား တတိယဘေးတည်း။)

ဤသို့လျှင် ဝေသာလီပြည်အရပ်၌ ငတ်မွတ် ခေါင်းပါးခြင်းဘေး, ဘီလူးဖမ်းစားနှိပ်စက်ခြင်းဘေး, အဟိဝါတ ရောဂါဘေးတည်းဟူသော ဘေးဆိုးကြီး သုံးပါးတို့ဖြင့် ဖိစီးနှိပ်စက်အပ်ကုန်သည်ဖြစ်ရကား ဝေသာလီပြည်သူပြည်သား လူအများတို့သည် ဘုရင်မင်းမြတ်ထံတော်မှောက်သို့ သွားရောက် ချဉ်းကပ်ကြကုန်၍ မင်းကြီးကို—

"မြတ်သောမင်းကြီး····ဤဝေသာလီပြည်အရပ်၌ ဘေးကြီးသုံးပါး ဖြစ်ပွါး၍နေပါသည်၊ ဤအခါမှ ရှေးအထက်မင်းခုနစ်ဆက်တိုင်အောင် ဤသို့ သဘော ရှိသော ဘေးဆိုးကြီးများ မဖြစ်ပွါးခဲ့စဘူးပါ၊ ယခုအခါ၌ အရှင်မင်းမြတ်တို့ တရား မစောင့်ရှောက်ခြင်းကြောင့် ထို ဘေးကြီးသုံးပါး ဖြစ်ပွါးလာသည်ဟု အောက်မေ့ကြပါကုန်သည် ဘုရား"—

http://www.dhammadownload.com



ဟူ၍ လျှောက်ထားကြလေကုန်၏။ မင်းကြီးသည် အလုံးစုံသော လူအပေါင်းတို့ကို တရားလွှတ်ရုံး၌ စုရုံးစည်းဝေးစေပြီးလျှင် "အို လူအပေါင်းတို့.... ငါ၏ တရားမစောင့်သောအချက်ကို စိစစ်ကြကုန်လော့"ဟူ၍ ပြောဆိုလေသော် လူများအပေါင်းသည် ပြည့်ရှင်မင်းကြီး၏ အလုံးစုံသော နေ့စဉ်လုပ်ငန်းရပ် အစဉ်အဆက်ကို စိစစ်ကြသည်တွင် အနည်းငယ် စိုးစဉ်းမျှပင် မင်းကြီး၏အပြစ်ကို မတွေ့မမြင်ကြရကုန်။ ထိုနောင် မင်းကြီး၏အပြစ်ကို မတွေ့ရ၍ "ငါတို့၏ပြည်ဝယ် ယခု ဖြစ်ပွါးဆိုက်ရောက်နေသော ဘေးကြီးသုံးပါးသည် အဘယ်နည်းဖြင့် ငြိမ်းအေးပါမည်နည်း" ဟူ၍ ကြံစည်တိုင်ပင်ကြကုန်၏။

ထိုလူများအပေါင်းတွင် အချို့သော (တိတ္ထိတပည့်)လူများက "တိတ္ထိဆရာကြီးခြောက်ဦးတို့ ငါတို့ဝေသာလီပြည်သို့ သက်ဝင်မိလျှင်ပင် ဘေးကြီးသုံးပါး ငြိမ်းအေးပေလိမ့်မည်" ဟူ၍ ညွှန်ကြားပြောဆိုကြလေကုန်၏။ အချို့သော (ရတနာသုံးပါးကို ကြည်ညိုကြသူ) လူအများကမူ—

"အို အချင်းတို့.... လောက၌ မြတ်စွာဘုရားသခင် ပွင့်ထွန်းတော်မူပြီတဲ့၊ ထိုမြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့ အစီးအပွါး ဖြစ်စိမ့်သောငှါ တရားဟောတော်မူသတဲ့၊ တန်ခိုးအာနုဘော် ကြီးမြတ်တော်မူလှသတဲ့။ ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ငါတို့နေရာ ဝေသာလီပြည်သို့ ကြွရောက် သက်ဝင်တော်မူမိလျှင်ပင် ဘေးခပ်သိမ်းတို့ ငြိမ်းအေးကုန်လေရာ၏"—

ဟူ၍ ပြောဆိုကြလေကုန်၏။ ထိုသို့ တင်ပြပြောဆိုချက်ဖြင့် လူများအပေါင်းသည် နှစ်ထောင်းအားရ သဘောတူညီကြကာ "ယခုအခါ ထိုမြတ်စွာဘုရားကိုယ်တော်မြတ်သည် အဘယ်အရပ်၌ သီတင်းသုံးနေတော်မူသနည်း၊ ငါတို့က ပင့်လျှောက်စေကာမူ မကြွရောက်ပဲများ ရှိတော်မူမည်လား" ဟူ၍ ယုံမှားသံသယရှိသောစကား တချို့က ပြောကြားကြလေသော် အမြော်အမြင်ပညာရှိသူ အချို့လူများက—

http://www.dhammadownload.com



"မြတ်စွာဘုရားရှင်တို့မည်သည် သတ္တလောကကို သနားစောင့်ရှောက်တော်မူကြကုန်၏၊ အဘယ့်ကြောင့် မကြွရောက်ပဲ ရှိပါကုန်အံ့နည်း၊ အထူးကား (=အထူး စဉ်းစားရန်က-တော့) ထိုမြတ်စွာဘုရားရှင်သည် ယခု အခါ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူဆဲရှိပေသည်၊ ထိုမြတ်စွာဘုရားကို ဗိမ္ဗိသာရ (သောတာပန်ကျောင်း ဒါယကာ) မင်းကြီးသည် ပစ္စည်းလေးပါးတို့ဖြင့် လိုလေ သေးမရှိရအောင် ပြုစုနေဆဲဖြစ်ပေသည်၊ ထိုဗိမ္ဗိသာရ မင်းကြီးကသာ မြတ်စွာဘုရားရှင် ကြွလာရန် အခွင့်ကို မပေးသော်မူ မပေးပဲ ရှိလေရာ၏"—

ဟူ၍ ရှင်းလင်းတင်ပြ ပြောဆိုကြလေကုန်၏။ ထိုတင်ပြပြောဆို ချက်ကို အားလုံးသဘောတူညီကြကာ "ထိုသို့ဖြစ်လျှင် ငါတို့သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းတရားကို အကြောင်းအကျိုး ခွင့်ပြုနိုင်လောက်အောင် ပြောဆိုပန်ကြား သိစေပြီးလျှင် မြတ်စွာ ဘုရားရှင်ကို ငါတို့နေရာ ဝေသာလီပြည်သို့ ပင့်ဆောင်ကြ ကုန်အံ့" ဟု တညီတညွတ်တည်း စည်းဝေးတိုင်ပင် ဆုံးဖြတ် ကြပြီးလျှင် "ဗိမ္ဗိသာရမင်းတရားကို ခွင့်ပြုနိုင်လောက်အောင် ပြောဆိုပန်ကြား အကြောင်းအကျိုးကို သိစေပြီးလျှင် မြတ်စွာ ဘုရားရှင်ကို ပင့်ဆောင်ခဲ့ကြကုန်လော့" ဟူ၍ အမှာစကား ပြော ကြားကြ၍ လိစ္ဆဝီမင်းနှစ်ဦးတို့ကို များစွာသော စစ်သည်ဗိုလ်ပါ နှင့်တကွ များစွာသော လက်ဆောင်ပဏ္ဏာများကို အပ်နှင်းပေး လိုက်၍ ဗိမ္ဗိသာရမင်းတရားထံသို့ စေလွှတ်လိုက်လေကုန်၏။

ထိုလိစ္ဆဝီမင်းနှစ်ဦးတို့သည် ရာဇဂြိုဟ်ပြည်သို့ သွားရောက် ကြ၍ ဗိမ္ဗိသာရ မင်းတရားအား လက်ဆောင်ပဏ္ဏာများကို ပေး အပ်ဆက်သကြပြီးလျှင် ထိုအကြောင်းဖြစ်ရပ်အလုံးစုံကို ဗိမ္ဗိသာရ မင်းကြီးအား ပြောကြားသိစေကြပြီးနောက် "မြတ်သော မင်း ကြီး....မြတ်စွာဘုရားရှင်ကို အကျွန်ုပ်တို့၏နေရာ ဝေသာလီပြည် သို့ ပင့်ဆောင်ပေးစေချင်ပါသည်" ဟူ၍ ပြောဆိုကြလေသော် ဗိမ္ဗိသာရမင်းကြီးသည် ထိုမင်းနှစ်ဦးတို့ ပြောဆိုချက်ကို လက်မခံ

http://www.dhammadownload.com



(တာဝန်မယူ)ပဲ "အမောင်တို့သည်ပင် မြတ်စွာဘုရားရှင် ကြွလို မကြွလိုသည်ကို သိအောင်စုံစမ်းကြစေချင်ပါသည်" ဟု ပြောဆိုလေ၏။

ထိုလိစ္ဆဝီမင်းနှစ်ဦးတို့သည် မြတ်စွာဘုရားရှင်ထံမှောက် သွားရောက်ဝပ်လျိုး ရှိခိုးကြပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့်တော်တို့၏ နေရာ ဝေသာလီပြည်အရပ်၌ ဘေးကြီးသုံးမျိုးတို့ လွှမ်းမိုးဖြစ်ပွါး ရှိနေကြပါကုန်သည်၊ အကယ်၍ မြတ်စွာဘုရား သနားသဖြင့် ကြွလာတော်မူပါလျှင် အကျွန်ုပ်တို့၏ ဝေသာလီပြည်သူပြည်သား လူများအဖို့ရာ ချမ်းသာသုခ ဖြစ်ပွါးပါလိမ့်မည်" ဟူ၍ လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် ဆင်ခြင်စဉ်းစားတော်မူလတ်သော် "ဝေသာလီပြည်၌ ငါဘုရား ရတနသုတ်ကို ဟောကြားအပ်သည်ရှိသော် ထိုအစောင့်အရှောက် အရံအတားသည် စကြဝဠာတိုက်ပေါင်း ကုဋေ တသိန်းတိုင်အောင် ပြန့်နှံ့ပေလိမ့်မည်၊ ရတနသုတ်တရား ဟောကြားပြီးဆုံးသောအခါ၌ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည် ဖြစ်ပေလိမ့်မည်" ဟု ပိုင်းခြားသိမြင်တော်မူရကား ထိုလိစ္ဆဝီမင်းနှစ်ဦးတို့ လျှောက်ထားပင့်ဖိတ်ချက်ကို လက်ခံသာယာတော်မူလိုက်လေ၏။

### ဗိမ္ဗိသာရမင်းတရား အခမ်းအနားစီမံခြင်း

ထိုအခါ ဗိမ္ဗိသာရမင်းတရားသည် မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ပင့်လျှောက်ချက်ကို လက်ခံတော်မူကြောင်း သတင်းစကားကို ကြားသိလေလျှင် "အိုလူအပေါင်းတို့....မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်သို့ ကြွရောက်ရန် လက်ခံတော်မူအပ်ပြီ" ဟု မြို့တော်အတွင်း၌ ကြွေးကြော်စည်လည်မှု ပြုစေတော်မူပြီးနောက် မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ သွားရောက်ဆည်းကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဝေသာလီပြည်သို့ ကြွရောက်တော်မူရန် လက်ခံတော်မူလိုက်ပါသလော" ဟု

http://www.dhammadownload.com



မေးလျှောက်လေ၏။ "အိမ်ရှင်…. လက်ခံလိုက်သည် မြတ်သော မင်းကြီး…." ဟူ၍ မြတ်စွာဘုရားက ပြန်ကြားမိန့်ဆိုတော်မူလေသော် ဗိမ္ဗိသာရမင်းတရားသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. ထိုသို့ဖြစ်လျှင် ကြွတော်မူရန် လမ်းခရီးကို စီမံပြုပြင်၍ မပြီးမီ စောင့်ဆိုင်းငံ့လင့်တော်မူပါဦးဘုရား" ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းတရားသည် ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်၏ အကြား ငါးယူဇနာ အလျားရှိသော မြေအရပ်ကို ညီညွတ်အောင် ပြုပြီးလျှင် တယူဇနာ တယူဇနာ၌ စံကျောင်းတော် တဆောင် တဆောင် ဆောက်လုပ်စေပြီးမှ မြတ်စွာဘုရားအား ကြွရောက်တော်မူရန် အခါကြား လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်ငါးရာ ခြံရံအပ်လျက် ခရီးထွက်ကြွတော်မူလေ၏။

ဗိမ္ဗိသာရမင်းတရားသည် ငါးယူဇနာရှည်သော လမ်းခရီးကို အဆင်းငါးမျိုးရှိသောပန်းတို့ဖြင့် ပုဆစ်ဒူးမြုပ်မျှ ကြဲဖြန့်စေ၍ တံခွန်, ကုက္ကား, ရေပြည့်အိုး, ငှက်ပျောပင်ရှင် စသည်တို့ကို စိုက်ထောင်တည်ထားစေလျက် မြတ်စွာဘုရားရှင်အတွက် ထီးဖြူတော် (၁-ယာ) နှစ်လက်တွဲကိုင်၍, ရဟန်းတော် တပါး တပါးအတွက် ထီးဖြူတော် တလက်စီ တလက်စီကိုင်၍ ဆောင်းမိုးစေ၍ မိမိ၏ မိုလ်ပါပရိသတ် အခြံအရံနှင့် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်မှုကိုပြုလျက် စံကျောင်းတော်တဆောင်တဆောင်၌ မြတ်စွာဘုရားရှင်ကို ခရီးပန်းဖြေ နားနေတော်မူစေ၍ အလှူကြီးများကို ပေးလှူ၍ ငါးရက်ခရီးဖြင့် သက်သက်သာသာ ဂင်္ဂါမြစ်ကမ်းသို့ ရောက်အောင် ပင့်ဆောင်လေ၏။

ဂင်္ဂါမြစ်ကမ်း၌ အလုံးစုံသော အဆင်တန်းဆာတို့ဖြင့် မင်္ဂလာလှေဖောင်တော်ကို တန်းဆာဆင်နေစဉ်ပင် ဝေသာလီမင်းများထံသို့ "မြတ်စွာဘုရားရှင် ကြွလာတော်မူပါပြီ၊ လမ်းခရီးကို ပြုပြင် တန်းဆာဆင်ကြပြီးလျှင် လိစ္ဆဝီမင်းအားလုံးတို့ပင် မြတ်စွာဘုရားရှင်အား ကြိုဆိုမှု ပြုလုပ်ကြစေချင်သည်" ဟူ၍ သတင်းစကား

http://www.dhammadownload.com



သဝဏ်လွှာပါးလိုက်လေ၏။ လိစ္ဆဝီမင်းတို့သည် ထိုသတင်းကို ကြားသိရ၍ "ငါတို့သည် ဗိမ္ဗိသာရမင်းတရားထက် နှစ်ဆတိုး ပူဇော်မှုကို ပြုကုန်အံ့" ဟု တိုင်ပင်ညီညွတ်ကြကာ ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်၏အကြား သုံးယူဇနာ အလျားရှိသော မြေအရပ်ကို ညီညွတ်အောင်ပြုကြပြီးလျှင် မြတ်စွာဘုရားရှင်အတွက် ထီးဖြူတော်လေးလက်, ရဟန်းတော် တပါးတပါးအတွက် ထီးဖြူတော် နှစ်လက်စီ နှစ်လက်စီတို့ကို စီမံကြ၍ ပူဇော်သဘင် ပွဲကြီးယင်လျက် ဂင်္ဂါမြစ်ကမ်းသို့ လာရောက်ကြကာ မြတ်စွာဘုရားရှင်ကို ကြိုဆိုစောင့်တည် နေကြလေကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းတရားသည် လှေကြီးနှစ်စင်းကို ပေါင်းစပ် (ပေါင်းကူး)၍ ထိုအထက်ဝယ် မဏ္ဍပ်ကို ဆောက်လုပ်ပြီးလျှင် ပန်းဆိုင်း နံ့သာဆိုင်း ကြာယပ် စသည်တို့ဖြင့် တန်းဆာဆင်ပြီးနောက် ထိုလှေဖောင်တော်၌ အလုံးစုံသော ရတနာ ခုနစ်ပါးဖြင့်ပြီးသော ဘုရားနေရာ ရတနာပလ္လင်တော်ကို ခင်းထား၏၊ မြတ်စွာဘုရားသည် ထိုရတနာပလ္လင်ထက်၌ ထိုင်နေတော်မူ၏။ ရဟန်းတော်ငါးရာတို့သည်လည်း လှေဖောင်တော်သို့ တက်ပြီးလျှင် သင့်လျော်ရာ မိမိတို့နေရာ၌ နေထိုင်ကြကုန်၏။

ဗိမ္ဗိသာရမင်းတရားသည် လှေဖောင်တော် ထွက်သောအခါ မြတ်စွာဘုရားရှင်ကို လိုက်ပါပို့ဆောင်လတ်သည်ရှိသော် လည်မျိုပမာဏ နက်ဝှမ်းသော ရေအရပ်သို့တိုင်အောင် သက်ဆင်းလိုက်ပါ၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....မြတ်စွာဘုရား ပြန်ကြွတော်မူလာသည် တိုင်အောင် တပည့်တော်သည် ဤဂင်္ဂါမြစ်ကမ်း၌ စောင့်မျှော်နေပါမည်ဘုရား" ဟူ၍ လျှောက်ထားပြီးမှ လှေဖောင်တော်ကို လွှတ်လိုက်၍ ကမ်းသို့ ပြန်နစ်လေသည်။

အထက်ကောင်းကင်၌ နတ်ဗြဟ္မာတို့သည် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ပူဇော်မှုပြုကြလေသည်၊ အောက်အရပ်၌ ဂင်္ဂါမြစ်ဝယ် နေကြသည့် ကမ္ဗလနဂါးမင်း, အဿတရနဂါးမင်း အစရှိကုန်သော နဂါးမင်းတို့သည် ပူဇော်မှု ပြုကြလေကုန်သည်။

http://www.dhammadownload.com



ဤသို့လျှင် ကြီးကျယ်ခမ်းနားလှစွာသော အပူဇော်ဖြင့် မြတ်စွာဘုရားရှင်သည် ဂင်္ဂါမြစ်အတွင်း တယူဇနာမျှသော ခရီးကို ကြွသွားတော်မူ၍ ဝေသာလီမင်းတို့၏ နယ်အတွင်းသို့ သက်ဝင်တော်မူမိလေ၏။

## လိစ္ဆဝီမင်းတို့ နှစ်ဆတက် ပူဇော်ကြခြင်း

ထိုအခါ၌ ဂင်္ဂါမြစ်ကမ်းဝယ် အသင့်စောင့်ကြိုလျက် ရှိနေကြသော လိစ္ဆဝီမင်းအပေါင်းတို့သည် ဗိမ္ဗိသာရမင်းတရား ပြုလုပ်အပ်သော ပူဇော်မှုထက် နှစ်ဆတိုး ပူဇော်မှုကို ပြုကြကုန်လျက် လည်မျိုပမာဏ နက်ဂမ်းလှသော ဂင်္ဂါမြစ်အတွင်း သက်ဆင်းကြကာ မြတ်စွာဘုရားကို ကြိုဆိုကြလေသည်။

## ပေါက္ခရဝဿမိုး ရွာသွန်းခြင်း

ထိုသို့ မြတ်စွာဘုရားရှင် စီးနင်းလိုက်ပါလာသော လှေဖောင်တော် ဝေသာလီပြည်ဖက် ဂင်္ဂါမြစ်ကမ်းသို့ ဆိုက်ရောက်သော ခဏမှာပင် အရပ်လေးမျက်နှာတို့၌ တဂျုန်းဂျုန်း ထစ်ချုန်းလျက် လျှပ်စစ် လျှပ်ပန်းများ ပြက်သန်းထွက်ပေါ်ကာ ကောင်းကင်အပြည့် အမိုက်မှောင် အတိဖြစ်အောင် မြွေးယှက်ညိုမှောင် မိုးတိမ်တောင်တိမ်လိပ်ကို တရိပ်ရိပ်ထလျက် ကြီးစွာသောမိုးကြီး တက်၍ လာလေ၏။ ထို့နောက် မြတ်စွာဘုရားရှင်၏ ပဌမလက်ျာခြေတော်ကို ဂင်္ဂါမြစ်ကမ်း၌ ချအပ်လျှင်ပင် ပေါက္ခရဝဿမိုးကြီး ရွာသွန်းလေသည်၊ မိုးရေစိုစွတ်လိုသောသူများသာလျှင် မိုးစွတ်ကြ၍ မစိုစွတ်လိုသောသူများ မိုးတပေါက်မျှ မစိုစွတ်ကြကုန်။ ဝေသာလီပြည်အလုံး၌ အချို့နေရာဝယ် ပုဆစ်ဒူးဝန်းနစ်လုမျှ,အချို့နေရာဝယ် ပေါင်လည်မျှ, အချို့နေရာဝယ် ခါးနစ်လုမျှ, အချို့နေရာဝယ် လည်မျိုနစ်မျှ မိုးရေအယဉ်ကြီး တသွင်သွင် စီးသွားလေ၏၊ ထိုမိုးရေအယဉ်သည် ပင်ကိုယ်ပကတိက မသိမ်းနိုင် မဆည်းနိုင်ပဲ ထိုထိုအရပ်ဝယ် စွန့်ပစ်အပ်သော သူသေကောင်ပုပ်များကို ဂင်္ဂါမြစ်ရေအယဉ် အတွင်းသို့ ပို့သွင်း တိုက်မျှောအပ်ကုန်၏။ သို့ရကား ဝေသာလီပြည် မြေတပြင်လုံး သန့်ရှင်းစင်ကြယ်၍ သွားလေသည်။

http://www.dhammadownload.com



လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားရှင်ကို ဂင်္ဂါမြစ်နှင့် ဝေသာလီပြည်အကြား သုံးယူဇနာဝေးကွာသော ခရီးဝယ် တယူဇနာ တယူဇနာ၌ အသင့်ဆောက်လုပ်ပြီးရှိနှင့်သော စံကျောင်းတော်များတွင် တည့်တည့်စီ ကိန်းစက်တော်မူစေပြီးလျှင် ကြီးစွာသော အလှူကြီးများကို ပေးလှူကြ၍ နှစ်ဆတက် ပူဇော်ကြကာ သုံးရက်ခရီးဖြင့် ဝေသာလီပြည်သို့အရောက် ပင့်ဆောင်ကြလေကုန်၏။

မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ရောက်တော်မူလျှင်ပင် သိကြားနတ်မင်းသည် နတ်အပေါင်းခြံရံအပ်လျက် မြတ်စွာဘုရားရှင်ရှိရာ ဝေသာလီပြည်သို့ သက်ဆင်း လာရောက်လေသည်။ သိကြားနတ်မင်းအမှူးပြုသော တန်ခိုးကြီးမြတ်သည့် နတ်အပေါင်းတို့ ဝေသာလီပြည်ဝယ် စည်းဝေးမိကြသဖြင့် (နဂိုရကဝေသာလီပြည်ဝယ် ဖမ်းစားနှောက်ယှက်နေကြသော) ဘီလူးတို့သည် များသောအားဖြင့် ထွက်ပြေးတိမ်းရှောင်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ဝေသာလီပြည် တံခါးဝ၌ ရပ်တည်တော်မူ၍ အရှင်အာနန္ဒာမထေရ်ကို—

> "ချစ်သားအာနန္ဒာ .... ဤရတနသုတ္တန်ကို သင်ချစ်သား သင်ကြားပြီးလျှင် ဗလိနတ်စာ ပူဇော်ဖွယ်ရာများကို အသီးသီး ယူဆောင်စေလျက် လိစ္ဆဝီ မင်းသား တို့နှင့် အတူတကွ ဝေသာလီပြည်၏ တံတိုင်းသုံးထပ်အကြား၌ လှည့်လည်၍ ပရိတ်အရံအတားကို ပြုလုပ်ရမည်"—

ဟူ၍ မိန့်ကြားတော်မူပြီးလျှင် ရတနသုတ္တန်ကို ဟောကြားတော်မူလေ၏။

### အရှင်အာနန္ဒာမထေရ် ပရိတ်အရံအတား ပြုတော်မူခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ဆိုက်ရောက်တော်မူသောနေ့၌ပင် ဝေသာလီပြည်တံခါးဝယ် ဘေးကြီးသုံးပါးတို့ကို ပယ်ရှားနိုင်ရန် ဟောကြားတော်မူအပ်သော ဤရတန

http://www.dhammadownload.com



သုတ်ကို သင်ကြားတော်မူပြီးလျှင် အရှင်အာနန္ဒာ မထေရ်သည် ပရိတ်အရံအတား အလို့ငှါ နှုတ်တော်ရွရွ ဒွာနကရိုဏ်းပီသစွာ ရွတ်ဆိုတော်မူလျက် မြတ်စွာဘုရား၏ သပိတ်တော်ဖြင့် ရေအပြည့် ထည့်ကာ ယူဆောင်တော်မူပြီးလျှင် ဝေသာလီပြည် အလုံးကို ရေစင်ရေပေါက်များ ကြဲဖျန်းတော်မူလျက် လှည့်လည်တော်မူလေ၏။

အရှင်အာနန္ဒာ မထေရ်သူမြတ်က "ယံကိဉ္စိ ဝိတ္တံ"ဟူ၍ ပဌမ ဂါထာပိုဒ်ကိုစ၍ ရွက်လိုက်လျှင်ပင် ရှေးက ထွက်ပြေးတိမ်းရှောင်မှု မပြုမိကြပဲ အမှိုက်ပုံ နံရံအရပ် စသည်တို့၌ မှီတွယ်ကပ်ယပ်နေကြသော ဘီလူး သဘက် ဘုတ် ပြိတ် တစ္ဆေတို့သည်လည်း မြို့တံခါးလေးပေါက်မှ ထွက်ပြေး တိမ်းရှောင်ကြလေကုန်၏။ တံခါးလေး ပေါက် မဆန့်သဖြင့် အချို့မှာ တံတိုင်းကိုချိုးဖောက်၍ ထွက်ပြေး တိမ်းရှောင်ကြကုန်၏။ ဘီလူး သဘက် ဘုတ် ပြိတ် တစ္ဆေတို့ ထွက်ပြေးတိမ်းရှောင်ကြလျှင်ပင် (နဂိုရ်က ရောဂါကပ်ငြိနေသော) လူတို့၏ကိုယ်၌ အနာရောဂါသည် ငြိမ်းအေးလေတော့၏။ ထိုလူအများသည် မိမိတို့အိမ်မှ ထွက်ကြ၍ အလုံးစုံသော ပန်းနံ့သာ စသည်တို့ဖြင့် အရှင်အာနန္ဒာမထေရ်ကို ပူဇော်ကြလေကုန်၏။

### မြို့လယ်ခန်းမဆောင်၌ မြတ်စွာဘုရားရှင် ရတနသုတ်ကို ဟောတော်မူခြင်း

မင်းနှင့်တကွသော ဝေသာလီ ပြည်သူပြည်သား လူအများ သည် မြို့တော်အလယ် လွှတ်ရုံးခန်းမဆောင်ကို နံ့သာမျိုးတို့ဖြင့် အထုံအခိုး မွှမ်းမံ လိမ်းကျံကြပြီး လျှင် ဗိတာန် မျက်နှာကြက် ကြက်ကြ၍ တန်းဆာမျိုးစုံ ဆင်ယင်ကြပြီးနောက် ထိုခန်းမဆောင်၌ ဘုရားနေရာ ဗုဒ္ဓါသန ဓမ္မပလ္လင်ကို ခင်းထားကြပြီးလျှင် မြတ်စွာ ဘုရားရှင်ကို ပင့်ဆောင်ခဲ့ကြလေသည်။ မြတ်စွာဘုရားရှင်သည် မြို့လယ်လွှတ်ရုံးခန်းမဆောင်သို့ ဝင်တော်မူ၍ ခင်းထားအပ်သော ဗုဒ္ဓါသန ဓမ္မပလ္လင်၌ ထိုင်နေတော်မူ၏၊ ရဟန်းသံဃာအပေါင်း သည်၎င်း, မင်းတို့သည်၎င်း, တိုင်းသားပြည်သူ လူအပေါင်းတို့ သည်၎င်း မိမိတို့နှင့် သင့်လျော်ရာ သင့်လျော်ရာ နေရာအသီးသီး၌

http://www.dhammadownload.com



ထိုင်နေကြလေကုန်၏။ သိကြားနတ်မင်းသည်လည်း စတုမဟာရာဇ်နှင့် တာဝတိံသာ နတ်နှစ်ရွာမှ နတ်ပရိသတ်အပေါင်းနှင့်တကွ ဆည်းကပ်လာလေ၏၊ အခြားသော နတ်ဗြဟ္မာတို့သည်လည်း ဆည်းကပ်လာကြကုန်၏။

အရှင်အာနန္ဒာမထေရ်သည်လည်း ဝေသာလီတပြည်လုံးကို လှည့်လည်တော်မူကာ ပရိတ်အရံအတားကို ပြုတော်မူပြီးလျှင် ဝေသာလီပြည်သူပြည်သား လူအများတို့နှင့်တကွ ကြွလာတော်မူ၍ သင့်လျော်ရာအရပ်၌ ထိုင်နေတော်မူလေ၏။

ထိုပရိသတ်အစည်းအဝေး၌ မြတ်စွာဘုရားရှင်သည် ခပ်သိမ်းသော လူနတ်တို့အား ထို (အရှင်အာနန္ဒာအား သင်ကြားဟောပြတော်မူအပ်သည့်) ရတနသုတ်တော် * မြတ်ကိုပင် ဟောကြားတော်မူလေ၏။

> ယန္ဒေ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ပရိတ်ကြီးပါဠိတော်၌ တွေ့မြင်နေရသော ရတနသုတ်ပါဠိတွင် "ပဏိဓာနတော ပဋ္ဌာယ"မှ စ၍ "ပရိတ္တံ တံ ဘဏာမ ဟေ" တိုင်အောင်သော စကားရပ်စုကား ရှေးဆရာတို့ ရေးသားတော်မူအပ်သော (အမွှန်း) စုဏ္ဏိယနှင့် နှစ်ဂါထာတို့ဖြစ်သည်။ "ယာနီဓ ဘူတာနိ သမာဂတာနိ" ဂါထာမှစ၍ "ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ" ဂါထာတိုင်အောင်သော ၁၅ - ဂါထာတို့သည် ဘုရားဟော ဂါထာတို့ဖြစ်သည်။ နောက်ဆုံး "ယာနီဓ ဘူတာနိ သမာဂတာနိ" စသော ၃-ဂါထာတို့ကား ထိုတရားပွဲ၌ သိကြားနတ်မင်း ရွတ်ဆိုသော ဂါထာတို့ဖြစ်ကုန်သည်။

ပဋ္ဌမန္ဒေ ရတနသုတ္တန် ဒေသနာတရား ဟောကြားပြီးဆုံးနိဂုံးသတ်သောအခါ ဝေသာလီပြည် လိစ္ဆဝီမင်း အပေါင်း၏ တိုင်းသားပြည်သူ ဗိုလ်လူတို့နှင့်တကွ ဆင်းရဲလွတ်ကင်း ချမ်းသာ

---

* ဤရတနသုတ်တော်အတွက် နာပျော်ကြည်ညိုဖွယ်ရှိသော ပါဠိအနက်ကို အထက် ဓမ္မရတနာအခဏ်း၌ ဖော်ပြထားပါသည်။

မဟာဗုဒ္ဓဝင် ၃-၂၀

http://www.dhammadownload.com



ခြင်းသည် ဖြစ်လေ၏၊ အလုံးစုံသော ဘေးရန် ဥပဒ်တို့သည်လည်း ငြိမ်းအေးကြလေကုန်၏၊ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်လည်း ဖြစ်လေ၏။

ထိုအခါ သိကြားနတ်မင်းသည် "မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို အမှီပြု၍ သစ္စာစကား ဟောကြားမိန့်ဆိုတော်မူသဖြင့် တိုင်းသားပြည်သူ ဗိုလ်လူအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာပြုတော်မူအပ်လေပြီ၊ ငါသည်လည်း တိုင်းသား ပြည်သူ ဗိုလ်လူအပေါင်း ချမ်းသာကြောင်းအနေဖြင့် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို အမှီပြု၍ တစုံတခု ရွတ်ဆိုမှုကို ပြုသင့်လှပေ၏" ဟု ကြံစည်၍ အဆုံး၌ (လာသည့်) "ယာနီဓ ဘူတာနိ" အစရှိသော ၃-ဂါထာကို ရွတ်ဆိုလေ၏။

## မြတ်စွာဘုရားရှင်သည် ခုနစ်ရက်တိုင်တိုင် ရတနသုတ်တရားကို ဟောကြားတော်မူခြင်း

ဆိုအပ်ခဲ့ပြီးသောအတိုင်း သိကြားမင်းသည် ဂါထာ ၃-ခုတို့ကို ရွတ်ဆိုပြီးသောအခါ မြတ်စွာဘုရားကို လက်ျာရစ်လှည့်လည်ရှိခိုး၍ နတ်ပရိသတ်နှင့်တကွ နတ်ပြည်သို့သာလျှင် ပြန်သွားလေ၏။

မြတ်စွာဘုရားရှင်သည်ကား ထိုရတနသုတ်ကိုပင် ဒုတိယနေ့၌လည်း ဟောကြားတော်မူ၏၊ ထိုအခါ တဖန် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည် ဖြစ်ပြန်၏။ ဤနည်းအတူ ခုနစ်ရက်မြောက်နေ့တိုင်အောင် ရတနသုတ်ကိုပင် ဟောတော်မူ၏၊ နေ့တိုင်းနေ့တိုင်းပင် ပဌမနေ့ ဒုတိယနေ့တို့အတူ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။

http://www.dhammadownload.com



(ဤနေရာ၌။ ။သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသော သတ္တဝါအပေါင်းသည် ရှစ်သောင်းလေးထောင် ခုနစ်လီဖြစ်၍ (၈၄၀၀၀×၇= ၅၈၈၀၀၀) ငါးသိန်းရှစ်သောင်း ရှစ်ထောင် အရေအတွက်ရှိ၏ ဟု အပေါင်းသချ်ာကို မှတ်ယူရာ၏)။

## ပရိတ်ရွတ်ခြင်း အစီအရင်အကြောင်း

**ပရိတ်**ဟူသည်ကား ···· ထက်ဝန်းကျင်မှ ဘေးရန်အန္တရာယ် အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်တတ်သော ဘုရားစကားတော်မြတ်များ ဖြစ်သည်။ ဖြစ်ဆဲဘေးရန် အန္တရာယ်, ဖြစ်ပေါ်လတ္တံ့သော ဘေးရန် အန္တရာယ်တို့ကို ငြိမ်းစဲပပျောက် မဖြစ်မရောက်အောင် စောင့်ရှောက်ကာကွယ်တတ်သော ဘုရားစကားသုတ္တန်များသည် "ပရိတ်" မည်၏ဟု ဆိုလိုသည်။

[ပရိ=သမန္တတော ဘယံ တာယတိ=ရက္ခတီတိ ပရိတ္တံ၊ပရိ=သမန္တတော=ထက်ဝန်းကျင်မှ။ ဘယံ = ဘေးအန္တရာယ် အသွယ်သွယ်ကို။ တာယတိ=ရက္ခတိ = ငြိမ်းစဲပပျောက် မဖြစ် မရောက်အောင် စောင့်ရှောက်ကာကွယ်တတ်၏။ ဣတိ=ထို့ကြောင့်။ ပရိတ္တံ=ပရိတ္တမည်၏။ (ပရိတ္တဟူသော ပါဠိမှ ပရိတ်ဟူသော မြန်မာစကား ဖြစ်ပွါးလာလေသည်)။]

မင်္ဂလသုတ်,ရတနသုတ် အစရှိသော ဘုရားဟော သုတ်တော်များသည် ထိုသုတ်တော်များကို ရွတ်ဖတ်သည်ရှိသော် ရွတ်ဖတ်သောသူ, ကြားနာသောသူ နှစ်ဦးလုံးအားပင် မဖြစ်သေးသော (ဖြစ်လတ္တံ့သော) ဘေးအန္တရာယ်တို့ကို မဖြစ်ပေါ်ရအောင် ကာကွယ် စောင့်ရှောက်ခြင်း, ဖြစ်ပေါ် ရောက်ရှိနေဆဲဖြစ်သော ဘေးအန္တရာယ်တို့ကို ငြိမ်းစဲပပျောက်အောင် စောင့်ရှောက် ကာကွယ်ခြင်း, ကောင်းကျိုးချမ်းသာ မင်္ဂလာကြက်သရေတို့ကို ဖြစ်ပွါးစေခြင်း စသော ဂုဏ်ကျေးဇူး အထူးရှိကြသောကြောင့် (ပရိတ္တ-ဟူ၍) "ပရိတ်"ဟူ၍ အမည်ထူးကို ရရှိလေသည်။

ထိုပရိတ်တော်များကို ရွတ်ဖတ်ရာ၌ ဖော်ပြရာပါ အကျိုးအာနိသင်တို့ကို ရရှိခြင်းမှာ (က) ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်

http://www.dhammadownload.com



၏အင်္ဂါ ၃-ပါး (သို့မဟုတ်) ၄-ပါး၊ (ခ) ပရိတ် နာယူသော ပုဂ္ဂိုလ်၏ အင်္ဂါ ၃-ပါး (သို့မဟုတ်) ၄-ပါး၊ ဤသို့ နှစ်ဖက် အင်္ဂါ ၃-ချက်စီ ၄-ချက်စီ ညီညွတ်မှ ပြည့်စုံရရှိနိုင်ရာသည်။

### (က) ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါများ

ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါတို့မှာ ၃-ပါး (တနည်း) ၄-ပါးတို့ရှိလေသည်၊ ထိုတွင်—

(၁) ပရိတ်ပါဠိတော်၏ ပုဒ်ပါဠိအက္ခရာကို ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း၊

(၂) ပရိတ်ပါဠိတော်၏အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ သိခြင်း၊

(၃) လာဘ်ပူဇော်သက္ကာရကို မငဲ့ကွက်ပဲ မေတ္တာကရုဏာ တရားကို ရှေ့သွားပြုကာ စင်ကြယ်စွာသော စိတ်ဖြင့် ပရိတ်တော်ကို ရွတ်ဖတ်ခြင်း—

ဤသည်တို့ကား ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၃-ပါး တို့တည်း။

တနည်းသော်ကား ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ တို့မှာ—

(၁) ပရိတ်ပါဠိတော်၏ ပုဒ်ပါဠိအက္ခရာကို ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း၊

(၂) ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို တိကျမှန်ကန် စွာ သိခြင်း၊

(၃) လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်သောစိတ် မရှိခြင်း၊

(၄) မေတ္တာကရုဏာတရားကို ရှေ့သွားပြုကာ စင်ကြယ်စွာ သောစိတ်ဖြင့် ပရိတ်တော်ကို ရွတ်ဖတ်ခြင်း—

ဤသို့အားဖြင့် ၄-ပါးရှိ၏ ဟူ၍လည်း ဆိုသင့်ပေ၏။

http://www.dhammadownload.com



**အကျဉ်းမှတ်ရန် လင်္ကာ—**

ကါ။ (၁) သဒ္ဒါလည်းစင်၊ (၂) အနက်ထင်၊ (၃) သက်ဝင်မေတ္တာထား။

ခါ။ ရွတ်ဖတ်သူမှာ၊ အင်သုံးဖြာ၊ မှတ်ပါ ကျမ်းစကား။

ဂါ။ (၄) လာဘ်မငဲ့ကွက်၊ ထည့်ကာစွက်၊ မှတ်ချက် အင်လေးပါး။

ဤသို့လျှင် ဖော်ပြရာပါ အင်္ဂါ ၃-ပါး, အင်္ဂါ ၄-ပါးတို့နှင့် ပြည့်စုံစွာ ရွတ်ဖတ်မှသာလျှင် ပရိတ်တော်၏ တန်ခိုးအာနုဘော်မှာ လွန်စွာကြီးမား၍ နာကြားသောသူတို့၏ မျက်မှောက်ပစ္စက္ခဝယ် ဘေးအန္တရာယ် ငြိမ်းပြယ်ကင်းပျောက်လျက် ချမ်းသာခြင်းသို့ ရောက်နိုင်၏၊ ထိုပြဆိုခဲ့ပြီးသော အင်္ဂါ ၃-ပါး, ၄-ပါးတို့နှင့် မပြည့်စုံလျှင် အလိုရှိအပ်သော အကျိုးများ မပြီးစီးနိုင်ဟူ၍ မှတ်ယူသင့်သည်။

[ဤဆိုအပ်ပြီးသော စကားရပ်များ၏ မှီရာကား.... သုဂ္ဂဟိတာတိ အတ္ထဉ္စ ဗျဉ္ဇနဉ္စ ပရိသောဓေတွာ သုဋ္ဌု ဥဂ္ဂဟိတာ။ သမတ္တာ ပရိယာပုတာတိ ပဒဗျဉ္ဇနာနိ အဟာပေတွာ ပရိပုဏ္ဏံ ဥဂ္ဂဟိတာ၊ အတ္ထမ္ပိ ပါဠိမ္ပိ ဝိသံဝါဒေတွာ သဇ္ဈာယေ ဝါ ပန အပ္ပဂုဏံ ကတွာ ဘဏန္တဿ ဟိ ပရိတ္တံ တေဇဝန္တံ န ဟောတိ၊ သဇ္ဈာယေ ပဂုဏံ ကတွာ ဘဏန္တဿေဝ တေဇဝန္တံ ဟောတိ။ လာဘဟေတု ဥဂ္ဂဟေတွာ ဘဏန္တဿာပိ အတ္ထံ န သာဓေတိ၊ နိဿရဏပက္ခေ ဌတွာ မေတ္တံ ပုရေစာရိကံ ကတွာ ဘဏန္တဿေဝ အတ္ထာယ ဟောတီတိ ဒဿေတိ။ ။(ဒီဋ္ဌ ၃၊ ၁၄၉, ၁၅၀-မှ)

သုဂ္ဂဟိတာ-ဟူသည်မှာ ပါဠိတော်၏အနက်ကိုရင်း, ပုဒ်ပါဠိအက္ခရာကိုရင်း အဖန်ဖန် သုတ်သင်ပြီးလျှင် ကောင်းစွာ သင်ယူအပ်ကုန်၏။ သမတ္တာ ပရိယာပုတာ-ဟူသည်မှာ ပုဒ်အက္ခရာတို့ကို မယုတ်စေမူ၍ ပြည့်စုံစွာ သင်ယူအပ်ကုန်၏၊ မှန်ပါသည်— အနက်ကိုရင်း, ပါဠိကိုရင်း ချွတ်ယွင်းစေ၍ဖြစ်စေ (သို့မဟုတ်) လုံးဝ မလေ့လာ မနိုင်နင်းမှုကို ပြု၍ဖြစ်စေ ရွတ်ဖတ်သောသူ၏ ပရိတ်သည် တန်ခိုးအာနုဘော်ရှိသည် မဖြစ်နိုင် (=တန်ခိုးမရှိနိုင်)၊ ခပ်သိမ်းသော အခြင်းအရာဖြင့် လေ့လာနိုင်နင်းအောင်ပြု၍ ရွတ်ဖတ်သောသူ၏ ပရိတ်သည်သာလျှင် တန်ခိုးအာနုဘော်ရှိသည် ဖြစ်နိုင်၏ (=တန်ခိုးရှိ၏)။ လာဘ်ဟူသော အကြောင်းကြောင့် သင်ယူ၍ ရွတ်ဖတ်သူ၏ ပရိတ်သည်လည်း အလိုရှိအပ်သောအကျိုးကို မပြီးစေနိုင်၊ သံသရာဝဋ်မှ ကျွတ်လွတ်ကြောင်း အဖို့၌တည်၍ မေတ္တာတရား ရှေ့သွားပြုကာ ရွတ်ဖတ်သူ၏ ပရိတ်သာ

http://www.dhammadownload.com



လျှင် အကျိုးရှိဖို့ရန် ဖြစ်၏၊ ဤအနက်ကို "သုဂ္ဂဟိတာ သမတ္တာ ပရိယာပုတာ" ပုဒ်တို့ဖြင့် ပြ၏။ ။(ဤကား အဋ္ဌကထာ၏ မြန်မာပြန် တည်း)။

မှတ်ချက်။ ။ပရိယတ်ရွှတ်ဖတ်သော ပုဂ္ဂိုလ်သည် ပရိယတ်ပါဠိတော်ကို အဖွင့်အဋ္ဌကထာနှင့်တကွ ဆရာ၏အထံ၌ ပုဒ်ပါဌ်အက္ခရာ ကျနမှန်ကန်အောင် ကောင်းစွာ သင်ယူလျက် ရွှတ်ပုံရွှတ်နည်းပါ လေ့လာပြီးလျှင် ပုဒ်ပါဌ်အက္ခရာ ဖောက်ပြန်ချွတ်ယွင်း ကျပျောက်ခြင်း အလျှင်းမရှိစေပဲ သဒ္ဒါ အနက် နှစ်ပါးကို ပိုင်းခြားသိမြင်ကာ ရွှတ်ဆိုမှသာ ပရိယတ်တော်၏ တန်ခိုးအာနုဘော်ရှိသည်ဖြစ်၍ အလိုရှိအပ်သော ဘေးအန္တရာယ် ကင်းငြိမ်းခြင်းစသော အကျိုးကို မချွတ်ပြီးစေနိုင်၏။

ရွှတ်ဆိုသောအခါ ပုဒ်ပါဌ်အက္ခရာ ချွတ်ယွင်းကျပျောက်ခြင်း, သဒ္ဒါ အနက်ကို မသိခြင်း, လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်ခြင်းများ ရှိခဲ့ပါမူ ပရိယတ်တော်၏ တန်ခိုးအာနုဘော် နည်းပါးသည်ဖြစ်၍ ဘေးအန္တရာယ် ကင်းငြိမ်းခြင်းစသော အလိုရှိအပ်သော အကျိုးကို ပြီးစေနိုင်မည် မဟုတ်။

စင်စစ်အားဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ရန် ရည်သန် တောင့်တလျက် မေတ္တာ ကရုဏာတရား ရှေ့သွားပြုသောစိတ်ကိုထား၍ လာဘ်ပူဇော်သက္ကာရကို မငဲ့ကွက်ပဲ ပရိယတ်တော်ကို ရွှတ်ဆိုမှသာ တန်ခိုး အာနုဘော် ကြီးမြတ်သည်ဖြစ်၍ ဘေးအန္တရာယ် ကင်းငြိမ်းခြင်းစသော အလိုရှိအပ်သော အကျိုးကို ပြီးစေနိုင်သည်ဟူ၍ မှတ်ယူသင့်သည်၊ ထို့ကြောင့် ပရိယတ်ရွှတ်ဆိုသောသူသည် လာဘ်ပူဇော်သက္ကာရကို မငဲ့ကွက်ပဲ သံသရာဝဋ်မှ ကျွတ်လွတ်ရန် ရည်သန်တောင့်တသော သဘော၌သာ တည်၍ မေတ္တာ ကရုဏာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ်ဖြင့် ပုဒ်ပါဌ် အက္ခရာ ကျနမှန်ကန်စွာနှင့် သဒ္ဒါအနက်ကိုလည်း ကောင်းစွာသိရှိကာ ရွှတ်ဆိုအပ်ပေ၏။]

**ပရိယတ်ရွှတ်သော ပုဂ္ဂိုလ်၏ ဝိပတ္တိ,သမ္ပတ္တိတို့ကို ပြဆိုခြင်း**

ပရိယတ်ရွှတ်သော ပုဂ္ဂိုလ်၏ပျက်စီးခြင်း (=ဝိပတ္တိ) သည်—

(၁) ပယောဂဝိပတ္တိ၊

(၂) အဇ္ဈာသယဝိပတ္တိ—

ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်—

http://www.dhammadownload.com



(၁) **ပယောဂဝိပတ္တိ**ဟူသည် လုံ့လအားထုတ်မှု၏ ပျက်စီးဖောက်ပြန်ခြင်းတည်း။ ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို မသိခြင်း, ပုဒ်ပါဠိအက္ခရာ ကျနမှန်ကန်စွာ မရွတ်ဆိုနိုင်ခြင်းများသည် လုံ့လအားထုတ်မှု၏ ပျက်စီးဖောက်ပြန်ခြင်း( = ပယောဂဝိပတ္တိ) မည်၏။

(၂) **အဇ္ဈာသယဝိပတ္တိ**ဟူသည် အလိုဆန္ဒ၏ ပျက်စီးဖောက်ပြန်မှုတည်း။ လာဘ်ပူဇော်သက္ကာရကို လိုလားတပ်မက် ငဲ့ကွက်လျက် ရွတ်ဆိုခြင်းသည် အလိုဆန္ဒ၏ ပျက်စီးဖောက်ပြန်မှု ( = အဇ္ဈာသယဝိပတ္တိ) မည်၏။

ပရိတ်ရွတ်သောပုဂ္ဂိုလ်၏ ပြည့်စုံခြင်း ( = သမ္ပတ္တိ) သည်—

(၁) ပယောဂသမ္ပတ္တိ၊

(၂) အဇ္ဈာသယသမ္ပတ္တိ—

ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင်—

(၁) **ပယောဂသမ္ပတ္တိ**ဟူသည် လုံ့လအားထုတ်မှု၏ ပြည့်စုံခြင်းတည်း။ ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို သိခြင်း, ပုဒ်ပါဠိအက္ခရာ ကျနမှန်ကန်စွာ ရွတ်နိုင်ခြင်းများသည် လုံ့လအားထုတ်မှု၏ ပြည့်စုံခြင်း ( = ပယောဂသမ္ပတ္တိ) မည်၏။

(၂) **အဇ္ဈာသယသမ္ပတ္တိ**ဟူသည် အလိုဆန္ဒ၏ပြည့်စုံမှုတည်း။ လာဘ် ပူဇော်သက္ကာရကို လိုလားတပ်မက် ငဲ့ကွက်ခြင်းမရှိပဲ သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ကြောင်း အဖို့၌ တည်၍ မေတ္တာကရုဏာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ်ဖြင့် ရွတ်ဆိုခြင်းသည် ( = အဇ္ဈာသယသမ္ပတ္တိ) မည်၏။

[ဤဝိပတ္တိ, သမ္ပတ္တိတို့ကို အာဋာနာဋိယသုတ်ဋီကာမှ ထုတ်နုတ်ဖော်ပြသည်။

**မှတ်ချက်။**　။ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်သည် ရှေးဖော်ပြရာပါ ဝိပတ္တိနှစ်ပါးကို ပယ်ရှားစွန့်ပစ်၍ သမ္ပတ္တိနှစ်ပါးနှင့် ပြည့်စုံညီညွတ်စွာ ပရိတ်တော်ကို ရွတ်ဆိုအပ်၏။ ထိုသို့ ရွတ်ဆိုမှသာလျှင် ပရိတ်တော်

http://www.dhammadownload.com



တန်ခိုး အကျိုးအာနိသင်ကို နာယူသောသူတို့ မချွတ်ရရှိနိုင်၏ဟု မှတ်ယူရာ၏။]

**အကျဉ်းမှတ်ရန် ထက်ာ—**

**(၁) သဒ္ဓါအနက်၊ ယိုယွင်းကွက်၊ ပျက်ဘိ ပယောဂ။**

**(၂) စိတ်နေယွင်းကွက်၊ ထာဘ်ကိုမက်၊ ပျက်ဘိ အာသယ။**

**(၃) သဒ္ဓါနက်ပုံ၊ နှုတ်အာဂုံ၊ ပြည့်စုံ ပယောဂ။**

**(၄) ထာဘ်မငဲ့တုံ၊ မေတ္တာထုံ၊ ပြည့်စုံ အာသယ။**

**(၅) ပရိတ်ရွတ်သူ၊ အင်္ဂါဟူ၊ မှတ်ယူ ပဏ္ဍိတာ။**

**ပရိတ်ရွတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ ပြီး၏။**

---

### (ခ) ပရိတ်နာယူသော ပုဂ္ဂိုလ်၏ အင်္ဂါများ

ပရိတ်နာယူသော ပုဂ္ဂိုလ်၏ အင်္ဂါတို့မှာ ၃-ပါး (တနည်း) ၄-ပါးတို့ ရှိလေသည်၊ ထိုတွင်—

(၁) ပဉ္စာနန္တရိယကံငါးပါးတည်းဟူသော ကမ္မန္တရာယ် မရှိခြင်း၊

(၂) နိယတမိစ္ဆာဒိဋ္ဌိ တည်းဟူသော ကိလေသန္တရာယ် မရှိခြင်း၊

(၃) ပရိတ်ပါဠိတော်၏ ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံ ခြင်း—

ဤသည်တို့ကား ပရိတ်နာယူသော ပုဂ္ဂိုလ်၏ အင်္ဂါ ၃-ပါး တို့တည်း။

တနည်းကား ပရိတ်နာယူသော ပုဂ္ဂိုလ်၏ အင်္ဂါတို့မှာ—

(၁) ပဉ္စာနန္တရိယကံငါးပါး တည်းဟူသော ကမ္မန္တ-ရာယ် မရှိခြင်း၊

http://www.dhammadownload.com



(၂) နိယတမိစ္ဆာဒိဋ္ဌိ တည်းဟူသော ကိလေသန္တရာယ် မရှိခြင်း၊

(၃) ပရိတ်ပါဠိတော်၏ ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊

(၄) ပရိတ်ပါဠိတော်ကို ရိုသေလေးစားစွာနာယူခြင်း—

ဤသို့အားဖြင့် ၄-ပါးရှိ၏ဟူ၍လည်း ဆိုသင့်ပေ၏။ ထို့ကြောင့် မိလိန္ဒပဉ္ဟပါဠိတော် (မေဏ္ဍကပဉ္ဟခဏ်း) စာမျက်နှာ ၁၅၅၊မစ္စုပါသမုတ္တိပဉ္ဟခဏ်း၌—

တီဟိ မဟာရာဇ ကာရဏေဟိ ပရိတ္တံ န ရက္ခတိ ကမ္မာဝရဏေန ကိလေသာဝရဏေန အသဒ္ဒဟနတာယ = မြတ်သောမင်းကြီး…. (၁) ပဉ္စာနန္တရိယကံတည်းဟူသော ကမ္မန္တရာယ်၏ တားမြစ်ခြင်းကြောင့်၎င်း၊ (၂) နိယတမိစ္ဆာ ဒိဋ္ဌိတည်းဟူသော ကိလေသန္တရာယ်၏ တားမြစ်ခြင်းကြောင့်၎င်း၊ (၃) ပရိတ်တရားတော်၌ မယုံကြည်ခြင်းကြောင့်၎င်း၊ ဤအကြောင်းသုံးပါးတို့ကြောင့် ရွတ်ဆိုအပ်သော ပရိတ်တော်သည် နာယူသူတို့အား ဘေးအန္တရာယ်ကင်းရှင်းရန် မစောင့်ရှောက်နိုင်ချေ—

ဟူ၍ အရှင်နာဂသေနမထေရ် ဟောကြားတော်မူအပ်လေသည်။ ဤပါဠိတော်ကို ထောက်၍ ထိုပါဠိတော်လာ အကြောင်းသုံးပါးမှ လွတ်ကင်းသောသူတို့အား ပရိတ်တော်သည် ဘေးအန္တရာယ် ကင်းရှင်းအောင် စောင့်ရှောက်နိုင်၏ ဟူ၍ မှတ်ယူရာ၏။

**အကျဉ်း မှတ်ရန် လင်္ကာ—**

**(၁) အာနန္တရိ၊ ကံပဋိ၊ မရှိ တအင်္ဂါ။**

**(၂) နိယတဒိဋ္ဌိ၊ ကိလေသိ၊ မရှိ တအင်္ဂါ။**

**(၃) သဒ္ဓါတရား၊ ပြည့်စုံငြား၊ မှတ်သား တအင်္ဂါ။**

**(၄) ရိုသေလေးစား၊ နာယူငြား၊ မှတ်သား တအင်္ဂါ။**

**(၅) ဤသည့်လေးပါး၊ ပြည့်စုံငြား၊ နာကြား ဘေးကင်းစွာ။**

http://www.dhammadownload.com



### ပရိတ်နာယူသော ပုဂ္ဂိုလ်၏ ဝိပတ္တိ၊ သမ္ပတ္တိတို့ကို ပြဆိုခြင်း

ပရိတ်နာယူသော ပုဂ္ဂိုလ်၏ ပျက်စီးခြင်း(=ဝိပတ္တိ)သည်—

(၁) ပယောဂဝိပတ္တိ၊

(၂) အဇ္ဈာသယဝိပတ္တိ—

ဟူ၍ နှစ်မျိုးရှိ၏၊ ထိုတွင်—

(၁) **ပယောဂဝိပတ္တိ** ဟူသည် လုံ့လအားထုတ်မှု၏ ပျက်စီးခြင်းပင်တည်း။ ပရိတ်ပါဠိတော်ကို ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုး ရှိခိုးမှုပြုကာ မနာယူခြင်း, ပရိတ်အာရုံမှတပါး အခြားအာရုံသို့ မိမိစိတ်ကို မသွားစေပဲ ကောင်းမွန် တည်ကြည် ငြိမ်သက်စွာ မနာယူခြင်းများသည် လုံ့လအားထုတ်မှု၏ ပျက်စီးခြင်း (=ပယောဂဝိပတ္တိ) မည်၏။

(၂) **အဇ္ဈာသယဝိပတ္တိ** ဟူသည် အလိုဆန္ဒ၏ ပျက်စီးဖောက်ပြန်မှုတည်း။ ပရိတ်တော်၏ ဂုဏ်ကျေးဇူး တန်ခိုးအာနုဘော်တို့ကို မယုံကြည်ခြင်း, ပရိတ်တရားတော်နာ ဖိတ်ကြားလာသူ၏ မျက်နှာကိုသာ ငဲ့ကွက်ထောက်ထားကာ နာယူခြင်းများသည် အလိုဆန္ဒ၏ ပျက်စီးဖောက်ပြန်မှု(=အဇ္ဈာသယဝိပတ္တိ) မည်၏။

ပရိတ်နာယူသော ပုဂ္ဂိုလ်၏ပြည့်စုံခြင်း(=သမ္ပတ္တိ)သည်—

(၁) ပယောဂသမ္ပတ္တိ၊

(၂) အဇ္ဈာသယသမ္ပတ္တိ—

ဟူ၍ နှစ်မျိုးရှိ၏၊ ထိုတွင်—

(၁) **ပယောဂသမ္ပတ္တိ** ဟူသည် လုံ့လအားထုတ်မှု၏ ပြည့်စုံခြင်းပင်တည်း။ ပရိတ်ပါဠိတော်ကို ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုး ရှိခိုးကာ နာယူခြင်း, ပရိတ်အာရုံမှတပါး အခြားအာရုံသို့ မိမိစိတ်ကို မသွားစေပဲ ကောင်းမွန်တည်ကြည် ငြိမ်သက်စွာ နာယူခြင်းများသည် လုံ့လအားထုတ်မှု၏ ပြည့်စုံခြင်း (=ပယောဂသမ္ပတ္တိ)မည်၏။

http://www.dhammadownload.com



(၂) **အဇ္ဈာသယသမ္ပတ္တိ** ဟူသည် အလိုဆန္ဒ၏ ပြည့်စုံမှု တည်း။ ပရိတ်တော်၏ဂုဏ်ကျေးဇူး တန်ခိုးအာနုဘော်တို့ကို ယုံကြည်ခြင်း, ပရိတ်တရားတော်နာ ဖိတ်ကြားလာသောသူ၏ မျက်နှာကို ငဲ့ကွက်ထောက်ထား၍ မဟုတ်ပဲ ကောင်းမွန်သော ကုသိုလ် သမ္မာဆန္ဒဖြင့် နာယူခြင်းများသည် အလိုဆန္ဒ၏ ပြည့်စုံမှု (= အဇ္ဈာသယသမ္ပတ္တိ) မည်၏။

ပရိတ်တရားတော်ကို နာယူသော ပုဂ္ဂိုလ်များသည် ရှေးဖော် ပြရာပါ ဝိပတ္တိ နှစ်ပါးကို ပယ်ရှားစွန့်ပစ်၍ သမ္ပတ္တိ နှစ်ပါးနှင့် ပြည့်စုံညီညွတ်စွာ နာယူအပ်၏၊ ထိုသို့ နာယူမှသာလျှင် ဘေး အန္တရာယ်ကင်းခြင်းအစရှိသော ပရိတ်တော်၏ အကျိုးအာနိသင် ကို မချွတ်ရရှိနိုင်ရာ၏ဟု မှတ်ယူရာ၏။

ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၌ ဝိပတ္တိနှစ်ပါးနှင့် သမ္ပတ္တိနှစ်ပါး ဖြစ်ခြင်းကို ရနိုင်ဘိသကဲ့သို့၊ ထိုအတူ ပရိတ်နာယူသော ပုဂ္ဂိုလ် ၌လည်း ဝိပတ္တိနှစ်ပါးနှင့် သမ္ပတ္တိနှစ်ပါးဖြစ်ခြင်းကို ရနိုင်၏။

**ပရိတ်ရွတ်ခြင်း အစီအရင်အကြောင်း ပြီး၏။**

---

### အာဏာတန်ခိုး ထူးခြားထက်မြက်သော ပရိတ်တော်များ

(၁) **ရတန**သုတ်ပရိတ်တော်သည် စကြဝဠာ ကုဋေတသိန်း တိုင်အောင် အာဏာစက်ပြန့်နှံ့လျက် တရားနာယူသူ နတ်လူ ဗြဟ္မာ ပရိသတ်ပေါင်း ငါးသိန်း ရှစ်သောင်း ရှစ်ထောင်တို့ကို မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရစေရောက်စေ၏၊ ထို့ကြောင့် ဤ ရတနသုတ်ပရိတ်တော်မှာ လွန်စွာ အာဏာတန်ခိုး ထက်မြက် ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။

(၂) **မင်္ဂလ**သုတ်ပရိတ်တော်သည် စကြဝဠာ ကုဋေတသိန်း တိုင်အောင် အာဏာစက် ပြန့်နှံ့လျက် မရေမတွက်နိုင်လောက် အောင် များပြားလှစွာသော တရားနာယူသူ နတ်လူဗြဟ္မာ အပေါင်းကို မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရစေရောက်စေ၏၊

http://www.dhammadownload.com



ထို့ကြောင့် ဤမင်္ဂလသုတ်ပရိတ်တော်မှာလည်း လွန်စွာ အာဏာ တန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။

(၃) မေတ္တသုတ်ပရိတ်တော်သည် စကြဝဠာ ကုဋေတသိန်း တိုင်အောင်ပင် အာဏာစက် ပြန့်နှံ့လျက် တောကျောင်းနေ ရဟန်းငါးရာတို့ကို အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရစေ ရောက်စေ၏။ မေတ္တသုတ်အတွင်း၌ ပါဝင်သည့် (၁၆) တဆယ့် ခြောက်ပါး ကျင့်ဝတ်များကို ပြည့်စုံအောင် ကျင့်ခဲ့ပါလျှင် မချွတ် ပင် မဂ်ဖိုလ်တရားထူးကို ရရှိနိုင်၏၊ ထို့ကြောင့် ဤမေတ္တသုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။

(၄) ခန္ဓသုတ်ပရိတ်တော်သည် စကြဝဠာ ကုဋေတသိန်း တိုင်အောင်ပင် အာဏာစက် ပြန့်နှံ့လျက် အလုံးစုံသော အဆိပ် အမျိုးမျိုးနှင့် ဘေးရန်ဥပဒ်အန္တရာယ်ကို အခါခပ်သိမ်း ပယ်ရှား တားမြစ်နိုင်၏။ ထိုခန္ဓသုတ်အတွင်း၌ ဘုရားဂုဏ်, တရားဂုဏ်, သံဃဂုဏ် မေတ္တာတရားများလည်းပါဝင်နေသဖြင့် ထူးကဲမြင့်မြတ် လှပေ၏၊ ထို့ကြောင့် ဤခန္ဓသုတ်ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော် ဖြစ်၏။

(၅) ဓဇဂ္ဂသုတ်ပရိတ်တော်သည် စကြဝဠာ ကုဋေတသိန်း တိုင်အောင်ပင် အာဏာစက် ပြန့်နှံ့လျက် ဘေးရန်အန္တရာယ်မှ လွတ်ကင်းစေနိုင်၏။ ဓဇဂ္ဂသုတ်အတွင်း၌ပါဝင်သော ဘုရားဂုဏ်, တရားဂုဏ်, သံဃဂုဏ်တော်များကို အာရုံပြု၍ အောက်မေ့ပွါးများ လျှင် စိတ်ဉာဏ်ကြီးထွားခြင်း, နတ်ပြည်မှာ ကမ္ဘာသုံးသောင်း ဖြစ်ရခြင်း, သိကြားနတ်မင်း အကြိမ်ပေါင်းရှစ်ဆယ် ဖြစ်ရခြင်း, စကြဝတေးမင်း အကြိမ်တထောင် ဖြစ်ရခြင်း, ပဒေသရာဇ်မင်း ကေရာဇ်မင်း အကြိမ်ပေါင်း မရေတွက်နိုင်အောင် ဖြစ်ရခြင်း, ဖြစ်လေရာဘဝတို့၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလျက် ရရှိပြီး ပစ္စည်းဥစ္စာများ မပျက်စီးနိုင်ခြင်း, ကမ္ဘာတသိန်းတိုင်တိုင် အပါယ်

http://www.dhammadownload.com



လေးပါးသို့ မလားမရောက်ရခြင်း, နောက်ဆုံး ပစ္ဆိမဘဝ၌ အရ-ဟတ္တဖိုလ်တိုင်မြောက်အောင် ရောက်ရခြင်း, ထိတ်လန့် ကြောက်ရွံ့မှု မဖြစ်ခြင်း, ကိုယ်တုန်လှုပ်မှု မဖြစ်ခြင်း, မွေးညှင်းရှင်ပျ ကြက်သီးထမှု မဖြစ်ခြင်း စသော အကျိုးများကို ပေးစွမ်းနိုင်၏၊ ထို့ကြောင့် ဤဓဇဂ္ဂသုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။

(၆) **မောရ္ဈင်**သုတ် ပရိတ်တော်သည် စကြဝဠာ ကုဋေတသိန်းတိုင်အောင်ပင် အာဏာစက် ပြန့်နှံ့လျက် ဘေးရန်အန္တရာယ်များကို ပျောက်ကင်းစေနိုင်၏။ မောရ္ဈင်သုတ်အတွင်း၌ ပါဝင်သော မောရ္ဈင် ခုနစ်ပါး တရားတို့ကို ပြည့်စုံအောင် ထူထောင်ပွါးများခဲ့လျှင် ယခုဘဝမှာပင် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရနိုင်ရောက်နိုင်၏၊ ထို့ကြောင့် ဤမောရ္ဈင်သုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော်ဖြစ်၏။

(၇) **အာဋာနာဋိယ**သုတ် ပရိတ်တော်မှာလည်း စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ကိုယ်တိုင် အာဋာနာဋ-မည်သော နတ်မြို့တော်၌ စည်းဝေးကြလျက် ခုနစ်ဆူသော ဘုရားရှင်တို့၏ ကျေးဇူးဂုဏ်ကို အာရုံပြု၍ ရှိခိုးပြီးမှ ဤအာဋာနာဋိယသုတ်ပရိတ်တော်ကို ဖွဲ့ဆိုကြပြီးလျှင် "မြတ်စွာဘုရား၏ ဓမ္မစက်, ငါတို့၏ အာဏာစက်ကို မနာယူကုန်သော နတ်ဆိုး နတ်ကြမ်းတို့အား ဤမည် ဤမည်သော နတ်တို့၏အပြစ်ဒဏ်ထားမှုကို ပြုကုန်အံ့" ဟူ၍ ရာဇအမိန့်တော် ထုတ်ပြန်ပြီးနောက် မြတ်စွာဘုရားထံတော်မှောက်သို့ ကြီးစွာသော အစောင့်အရှောက် နတ်စစ်သည်ဗိုလ်ပါတို့ဖြင့် လာရောက်ကြလျက် မြတ်စွာဘုရားအား လျှောက်ထားအပ်နှင်းအပ်သည့် နတ်မင်းကြီးလေးပါး၏ တရားမန္တာန်ဖြစ်သည့်အပြင် ဘုရားရှင်ကိုယ်တော်တိုင်လည်း ရဟန်းတို့အား တဖန်ပြန်ကြား ဟောဆိုအပ်သည့် ကြီးစွာသော အရံအတား ပရိတ်တော်မြတ်ဖြစ်လေသည်။ တန်ခိုး အာဏာလည်း ကြီးမားပြင်းထန်လှသည်၊ ထို့ကြောင့်ပင် အဋ္ဌကထာ၌ ဤဆိုလတ္တံ့သော အတိုင်း

http://www.dhammadownload.com



အာဋာနာဋိယသုတ်ကို ရွတ်ဆိုရမည့် အစီအရင်ကို ဖော်ပြထား လေသည်။ ၎င်းမှာ....

ဘုတ်ပြိတ်နတ်ကြမ်း ဖမ်းစားထားသူ လူနာအတွက် အစဦးစွာ အာဋာနာဋိယသုတ်ကို မရွတ်ဆိုရ၊ မေတ္တာသုတ်, ဓဇဂ္ဂသုတ်, ရတနသုတ် ဤသုတ်တို့ကို ခုနစ်ရက်တိုင်တိုင် ရွတ်ဆိုရမည်၊ ထိုသို့ ရွတ်ဆိုသဖြင့် အဖမ်းအစားမှုမှ လွတ်လျှင်လည်း အပြစ်မရှိ ကောင်းမြတ်လှ၏၊ အာဋာနာဋိယ သုတ်ကို ရွတ်ဖွယ်မလို။

မေတ္တာသုတ်, ဓဇဂ္ဂသုတ်, ရတနသုတ်တို့ကို ခုနစ်ရက် တိုင်တိုင်ရွတ်ဆို၍မှ မလွတ်သော်သာ အာဋာနာဋိယ သုတ်ကို ရွတ်ဆိုရမည်။ ထိုအာဋာနာဋိယသုတ်ကို ရွတ် ဆိုမည့် ရဟန်းသည် မှုံညက်ဖြင့် ပြုလုပ်အပ်သောမုံ့ ကိုဎင်း, သားငါးကိုဎင်း မစားရ၊ သုသာန်၌ မနေရ၊ အကြောင်းကား ထိုသို့ မှုံညက် မုံ့ကို စားလျှင်ဎင်း, သား ငါးကို စားလျှင်ဎင်း, သုသာန်၌ နေလျှင်ဎင်း ဘုတ် ပြိတ်နတ်ကြမ်းတို့ ထိုရဟန်းကိုပင် ပူးဝင်ခွင့်ရမည်ဖြစ်သော ကြောင့်တည်း။ ပရိတ်ရွတ်ရမည့်နေရာကို နန္ဒင်းဖြင့် လိမ်း ကျံပြီးလျှင် နေရာထိုင်ခင်း သန့်ပြန့်စွာ ခင်းထားရမည်။

ပရိတ်ရွတ်မည့်ရဟန်းကို ကျောင်းမှ အိမ်သို့ပင့်ဆောင် သောလူများသည် လေးမြား ကာ လက်နက် ဓားလှံတို့ ဖြင့် ဝန်းရံလျက် ပင့်ဆောင်ရမည်။ (အိမ်သို့ ရောက်သော အခါ ပရိတ်ရွတ်သော ရဟန်းသည်) ဟင်းလင်းအပြင် လွင်တီးခေါင်၌နေ၍ ပရိတ်မရွတ်ရ၊ ဝင်တံခါး လေသာ တံခါးများကို ပိတ်၍ ထိုင်နေလျက် လက်နက်စွဲကိုင်သော သူများဖြင့် ဝန်းရံအပ်လျက် မေတ္တာနှင့် ယှဉ်သော စိတ်ကို ရှေ့သွားပြုပြီးလျှင် ပရိတ်ကို ရွတ်ရမည်။အစီအစဉ်မှာ....

ရှေးဦးစွာ မကျန်းမာသူကို သိက္ခာပုဒ်များကို ဆောက် တည်စေ၍ သီလ၌ တည်ပြီးသော သူနာအား ပရိတ်အရံ

http://www.dhammadownload.com



အတားကို ပြုရမည်(＝ပရိတ်ရွတ်ပေးရမည်)။ ဤနည်းဖြင့်လည်း ဘုတ်ပြိတ်နတ်ကြမ်း ဖမ်းစားသူကို လွှတ်စေရန် မတတ်နိုင်က မကျန်းမာသူကို ကျောင်းတိုက်သို့ယူဆောင်သွားပြီး စေတီတော် ယင်ပြင်၌ လျှောင်းစေရမည်၊ စေတီတော်အား နေရာတော်ဖြင့် ပူဇော်ခြင်း, ဆီမီးညှိထွန်း ပူဇော်ခြင်း, စေတီတော်ယင်ပြင်ကို တံမြက် လှည်းခြင်း အမှုများ ပြုလုပ်ပြီးလျှင် ရှေးဦးစွာ "ဒိဝါ တပတိ အာဒိစ္စော" အစရှိသည့် သမ္ဗမင်္ဂလိက ဂါထာ-အစရှိသော မင်္ဂလာရှိသည့် တရားဂါထာ,စုဏ္ဏိယများကို ရွတ်ဆိုရမည်၊ သံဃာတော် အားလုံး စည်းဝေးညီမူမိကြောင်း ကြွေးကြော်ရမည်။

ကျောင်းတိုက်၏ အနီးရှိ တောအုပ်၌ အကြီးအကဲသစ်ပင် (＝တောစိုးသစ်ပင်) ရှိလိမ့်မည်၊ ထိုတောစိုးသစ်ပင်သို့ သွားရောက်၍ "ရဟန်းသံဃာတော်သည် သင်ရက္ခစိုးနတ်မင်းတို့၏ လာရောက်ခြင်းကို တောင့်တနေပေ၏"ဟူ၍ ပြောဆိုဖိတ်ခေါ်ရမည်၊ (ခပ်သိမ်းသော ရဟန်းတို့ စည်းဝေးရာအရပ်၌ မလာရောက်ပဲ မနေနိုင်)။

ထို့နောင်မှ ဘုတ်ပြိတ် ဖမ်းစားအပ်သော သူနာကို "သင်သည် အဘယ်အမည်ရှိသူနည်း" ဟူ၍ မေးရမည်၊ အမည်ကို ဖြေကြားပြောဆိုအပ်သည်ရှိသော် ချင်း ပြောသောအမည်ဖြင့်ပင် ခေါ်ဝေါ်ကာ(ဥပမာ ပူးဝင်သူ နတ်ကြမ်းသည် နရဒေဝ–အမည်ရှိသူ ဖြစ်ခဲ့လျှင်)—

"အချင်းနရဒေဝ····သင့်အား ပန်းနံ့သာ ပူဇော်ခြင်းစသော ကောင်းမှုကုသိုလ်အဖို့, နေရာတော်ပူဇော်ခြင်း ကောင်းမှုကုသိုလ်အဖို့, ဆွမ်းလှူခြင်း ကောင်းမှုကုသိုလ် အဖို့များကို ပေးအပ်၏၊ ရဟန်းသံဃာတော်များက သင့်အား တရားလက်ဆောင်အလှူငှါ မင်္ဂလာတရား စကားများ ဟောကြားရွတ်ဆိုအပ်လေပြီ၊ ရဟန်းသံဃာ

http://www.dhammadownload.com



တော်၌ ရှိသေလေးစားသောအားဖြင့် သင်သည် ဤသူနာကို လွှတ်လော့”—

ဟူ၍ မေတ္တာရပ်ခံကာ လွှတ်စေရမည်၊ ဤနည်းဖြင့်မှ မလွှတ်ခဲ့သော် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား “အသင် သမ္မာဒေဝနတ်မင်းများ အသီဖြစ်ကုန်၏၊ ဤနတ်ကြမ်းသည် ငါတို့၏ မေတ္တာစကား ပြောကြားသည်ကို မလိုက်နာ၊ သို့အတွက် ငါတို့သည် မြတ်စွာဘုရား၏ အာဏာတော်မြတ်ကို ပြုကြရတော့မည်”ဟု တိုင်ကြားပြောဆိုပြီးလျှင် အာဋ္ဌာနာဋိယသုတ် ပရိတ်တော်ကို ရွတ်ဆိုရမည်။

ဤဆိုအပ်ပြီးသည်ကား လူတို့အတွက် အစီအရင် ဖြစ်သည်။ ဘီလူးနတ်ကြမ်း အဖမ်းခံရသောသူသည် အကယ်၍ ရဟန်းဖြစ်ခဲ့လျှင် နေရာများကို ဆေးကြော သုတ်သင်စင်ကြယ်အောင် ပြုပြီးလျှင် ရဟန်းသံဃာတော်အားလုံး စည်းဝေးညီမူရန် ဖိတ်မန်ကြေးကြော်၍ နို့သာပန်း ပူဇော်ခြင်း အစရှိသော ကောင်းမှုကုသိုလ်အဖို့ကို အမျှပေးဝေပြီးလျှင် ရှေးနည်းအတူ အာဋ္ဌာနာဋိယ ပရိတ်တော်ကို ရွတ်ဆိုရမည်။ ဤကား ရဟန်းလူနာတို့အတွက် အစီအရင်တည်း။

ဤဆိုအပ်ပြီးသည့်အတိုင်း အာဋ္ဌာနာဋိယသုတ် အဋ္ဌကထာ၌ ပရိကံအစီအရင်ကို ခမ်းနားကျယ်ပြန့်စွာ ဖော်ပြထားလေသည်။ ထို့ကြောင့် ဤ အာဋ္ဌာနာဋိယသုတ် ပရိတ်တော်မှာလည်း လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားလှသော ပရိတ်တော် ဖြစ်၏။

ထိုအတူ ကြွင်းကျန်သော သုတ်ပရိတ်တော်များမှာလည်း အသီးအသီး လွန်စွာ အာဏာတန်ခိုး ထက်မြက်ထူးခြား ကြီးမားကြကုန်၏။ ဤအရာ၌ အချုပ်အားဖြင့် ရေးသားဖော်ပြရလျှင် မြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် နိကာယ်ငါး ရပ်ပိဋကတ်စကားတော်သည် စကြဝဠာ ကုဋေတသိန်းတိုင်အောင်

http://www.dhammadownload.com



အာဏာစက် ပြန့်နှံ့လျက် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ပွါးတိုးစည်ပင်စေနိုင်၏၊ ဘေးရန်အန္တရာယ်များကို ပယ်ရှားတားမြစ်နိုင်၏၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်အောင် ကျေးဇူးပြုနိုင်သဖြင့် စကားတကာတို့ထက် အမြတ်ဆုံးလည်း ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်စကားတော်မှာ လွန်စွာ အာဏာ တန်ခိုး ထက်မြက်ထူးခြား ကြီးမားတော်မူ၏ဟု မမှတ်မသုန် ယုံကြည်မှတ်သားရာ၏။

ယံ ဗုဒ္ဓေါ ဘာသတေ ဝါစံ၊
ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊
သာ ဝေ ဝါစာနမုတ္တမာ။

ဗုဒ္ဓေါ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားသည်။ နိဗ္ဗာနပတ္တိယာ = နိဗ္ဗာန် ထုတ်ချောက် ရောက်စိမ့်သောငှါ။ ဒုက္ခဿ = စက်သံသာရ ဝဋ်ဒုက္ခ၏။ အန္တကိရိယာယ = ကမ္ဘတ်ပိတ်ဖို့ အဆုံးကို ပြုခြင်းငှါ။ ခေမံ = ဘေးနှင့်မစပ် ဥပဒ်ကင်းစင်သော။ ယံ ဝါစံ = နိကာယ်ငါးရပ် ပိဋကတ်တွင်ခေါ် အကြင် စကားတော်ကို။ ဘာသတေ = ကရုဏာရှေ့ထား ဟောကြားတော်မူ၏။ သာ ဝါစာ = ပိဋကသုံးသွယ် နိကာယ်ငါးပါး ထိုဘုရားစကားတော်သည်။ ဝေ = စင်စစ်။ ဝါစာနံ = စကားတကာတို့ထက်။ ဉတ္တမာ = အပြစ်ကင်း လတ်ချီးမွမ်းအပ်၍ မြတ်ထွတ်လှပါပေ၏။ ။(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ မျက်နှာ ၁၉၁-မှ)။

အလောင်းတော် သခ်ပုဏ္ဏားဝတ္တုကို ဟောတော်မူခြင်း

မြတ်စွာဘုရားရှင်သည် လဝက် (= တဆယ့်ငါးရက်) ပတ်လုံး ဝေသာလီပြည်၌ သီတင်းသုံး နေထိုင်တော်မူပြီးနောက် လိစ္ဆဝီမင်းအပေါင်းတို့အား "ငါတို့ သွားတော့ကုန်အံ့" ဟူ၍

http://www.dhammadownload.com



ခွင့်ပန်စကား မိန့်ကြားသိစေတော်မူလေ၏။ ထိုအခါ လိစ္ဆဝီမင်း အပေါင်းတို့သည် မိမ္မိသာရမင်းတရားထက် နှစ်ဆတက်လွန်ကဲသော ပူဇော်သက္ကာရမှုဖြင့် တဖန် သုံးရက်ခရီးဖြင့်ပင် မြတ်စွာဘုရားကို ဂင်္ဂါမြစ်ဆိပ်သို့အရောက် ပင့်ဆောင်ကြလေကုန်၏။

ထိုအခါ ဂင်္ဂါမြစ်၌ ဖြစ်ပွါးနေထိုင်ကြကုန်သော နတ်နဂါးမင်းတို့သည် "လူတို့သည် မြတ်စွာဘုရားအား ကြီးစွာသော ပူဇော်သက္ကာရမှုကို ပြုကြကုန်၏၊ ငါတို့သည် အဘယ့်ကြောင့် မပြုလုပ်ပဲ ရှိကုန်အံ့နည်း၊ ပြုလုပ်ကြကုန်အံ့သည်သာ" ဟု ကြံစည် တိုင်ပင်ကြကုန်လျက် ရွှေလှေ ငွေလှေ ပတ္တမြားလှေတို့ကို ဖန်ဆင်းကြပြီးလျှင် ထိုလှေတို့၌ ရွှေပလ္လင် ငွေပလ္လင် ပတ္တမြားပလ္လင်တို့ကို ခင်းထားကြ၍ ဂင်္ဂါမြစ်ရေတပြင်လုံးကို အဆင်းငါးပါးရှိသော ကြာမျိုးတို့ဖြင့် ဖုံးလွှမ်းသည်ကို ပြုကြပြီးနောက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်တို့အား သနားချီးမြှောက်မှု ပြုတော်မူပါကုန်ဘုရား" ဟူ၍ မြတ်စွာဘုရားကို လျှောက်ထား တောင်းပန်ကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် နဂါးမင်းတို့ လျှောက်ထားတောင်းပန်ချက်ကို လက်ခံတော်မူပြီးလျှင် နဂါးမင်းတို့ ဖန်ဆင်းအပ်သော ရတနာလှေတော်ထက်သို့ တက်တော်မူလေ၏၊ ရဟန်းငါးရာတို့သည်လည်း ရတနာလှေငါးရာထက်သို့ အသီးအသီး တက်စီးတော်မူကြလေကုန်၏။ နဂါးမင်းတို့သည် မြတ်စွာဘုရားရှင်ကို ရဟန်းသံဃာနှင့်တကွ နဂါးပြည်သို့ ပင့်ဆောင်ကြလေကုန်၏။ ထိုနဂါးပြည် ဘုံဗိမာန်၌ မြတ်စွာဘုရားသည် ညဥ့်သုံးယံပတ်လုံး နဂါးပရိသတ်အား တရားဟောတော်မူ၏၊ နောက်တနေ့၌ နဂါးမင်းတို့သည် နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသောအလှူဒါနကို ပေးလှူကြကုန်၏။ မြတ်စွာဘုရားရှင်သည် အနုမောဒနာတရား ဟောကြားတော်မူပြီးလျှင် နဂါးပြည်မှ ထွက်ကြွတော်မူခဲ့လေ၏။

ဘုမ္မဇိုဝ်း နတ်တို့သည် "လူတို့သည်ဖင်း, နဂါး တို့ သည် ဖင်း မြတ်စွာဘုရားအား ကြီးစွာသောပူဇော်သက္ကာရမှုကို ပြုကြကုန်၏။

http://www.dhammadownload.com



ငါတို့သည် အဘယ့်ကြောင့် မပြုလုပ်ပဲ ရှိကုန်အံ့နည်း၊ ပြုလုပ်ကြကုန်အံ့သည်သာ” ဟု ကြံစည်တိုင်ပင်ကြကုန်လျက် တောအုပ်သစ်ပင် တောင်စသည်တို့၌ အလွန့်အလွန် ကောင်းမွန်သောထီးတို့ကို စိုက်ထောင်လွှင့်ထူကာ ပူဇော်ကြလေကုန်၏။ ဤနည်းဖြင့်ပင် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ကြီးစွာသော ပူဇော်သက္ကာရအထူးသည် ဖြစ်လေ၏။ ငမိ္ဗသာရမင်းတရားသည်လည်း လိစ္ဆဝီမင်းတို့က မြတ်စွာဘုရား ပြန်ကြွတော်မူသောအခါ ပြုလုပ်အပ်သော ပူဇော်သက္ကာရထက် နှစ်ဆတက် ပြုလုပ်ပူဇော်ကာ ရှေးဆိုအပ်ပြီးနည်းအတိုင်း ငါးရက်ခရီးဖြင့် မြတ်စွာဘုရားရှင်ကို ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်သို့ အရောက် ပင့်ဆောင်လေ၏။

(ဤ၌။　။ရာဇဂြိုဟ်မှ ဂင်္ဂါမြစ်သို့ အရောက် ၅-ယူဇနာ, ဂင်္ဂါမြစ်ရေပြင် ၁-ယူဇနာ, ဂင်္ဂါမြစ်မှ ဝေသာလီပြည်သို့အရောက် ၃-ယူဇနာ= ပေါင်းလျှင် ၉-ယူဇနာခရီးရှိသည်ကို သတိပြု မှတ်သားထားရာ၏)။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်တော်မူလတ်သည်ရှိသော် နေလွှဲအခါ၌ ညီမူရာ တန်ဆောင်းဝန်း( = ခန်းမဆောင်)၌ စည်းဝေးညီမူကြသော ရဟန်းတို့၏ ကမ္ဘောဌာန်းစကား အကြားအကြား၌—

“ငါ့ရှင်တို့…ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ အာနုဘော်တော်ကား အံ့ဖွယ်ရှိပါပေစွ၊ ယင်းသည့် မြတ်စွာဘုရားကို ရည်ညွှန်း၍ ဂင်္ဂါမြစ်၏ ဤမှာဖက်ကမ်း ငါးယူဇနာ, ထိုမှာဖက်ကမ်း သုံးယူဇနာ ဤသို့ ရှစ်ယူဇနာရှိသော မြေအဖို့ကို နိမ့်ရာအရပ်မြင့်ရာအရပ်နှစ်ရပ်လုံး ညီညွတ်အောင်ပြု၍ သဲဖြူခင်းထားပြီးလျှင် ပန်းများဖြင့် ဖုံးလွှမ်းအပ်ပေ၏၊ ဂင်္ဂါမြစ်အတွင်း၌လည်း တယူဇနာ ပမာဏ ရှိသော ရေအပြင်ကို အဆင်းငါးပါး ရှိသော ကြာပန်းတို့ဖြင့် ဖုံးလွှမ်းအပ်ပေ၏၊ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် အလွန့်အလွန် ကောင်းမွန်သော နတ်ထီးဖြူ ဗြဟ္မာ့ထီးဖြူတို့ကို စိုက်ထောင် လွှင့်ထူအပ်ပေကုန်၏”—

http://www.dhammadownload.com



ဟူ၍ မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကြီးမှုနှင့် စပ်သော ကျေးဇူးစကား ဖြစ်ပွါးခဲ့လေသည်။ (ကမ္ဗဋ္ဌာန်းစကား၏အကြား အကြား၌ ရဟန်းတော်များသည် ဆိုအပ်ပြီးသည့်အတိုင်း မြတ်စွာ ဘုရား၏ ဂုဏ်ကျေးဇူးစကားကို ပြောကြားနေကြသည်ဟု ဆိုလို သည်)။

မြတ်စွာဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူ၍ ဂန္ဓကုဋီ တိုက်တော်မှ ထွက်ကြွတော်မူကာ ထို ခဏအားလျော်စွာသော တန်ခိုးပြာဋိဟာဖြင့် ညီမူရာတန်ဆောင်းဝန်း ( = ခန်းမဆောင်) အတွင်း အသင့်ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်နေ တော်မူပြီးလျှင် "ချစ်သားရဟန်းတို့....သင်ချစ်သားတို့သည် ယခု ငါဘုရားကြွလာသောအခါ၌ အဘယ်မည်သောစကားဖြင့် စည်း ဝေးညီမူ၍နေကြကုန်သနည်း" ဟူ၍ မေးတော်မူလေ၏။ ရဟန်း များက အကြောင်း အလုံးစုံကို ပြန်ကြားလျှောက်ထားကြသော အခါ မြတ်စွာဘုရားရှင်သည်—

> "ချစ်သားရဟန်းတို့ ....၌ ပူဇော်သက္ကာရမှု အထူး သည် ငါဘုရား၏ ဗုဒ္ဓ အာနုဘော်ကြောင့် ဖြစ်သည် လည်း မဟုတ်၊နဂါး,နတ်,ဗြဟ္မာတို့၏ အာနုဘော်ကြောင့် လည်း ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား ရှေးအတိတ် အခါ၌ အနည်းငယ်မျှ စွန့်ကြဲလှူဒါန်းခဲ့သော ကောင်းမှု ကုသိုလ်၏အာနုဘော်ကြောင့် ဖြစ်ပေါ်လာပေ၏"—

ဟူ၍ အရိပ်အမြွက်စကား မိန့်ကြားတော်မူလေ၏။ ရဟန်းတော် များက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်တို့ သည် ထိုအနည်းငယ်မျှ စွန့်ကြဲလှူဒါန်းခဲ့သော ကောင်းမှု ကုသိုလ် ကို မသိကြပါကုန်၊ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့် တော်များ တောင်းပန်ပါကုန်၏၊ဘုန်းတော်သခင်ရှင်တော်ဘုရား သည် တပည့်တော်တို့အား ထို အကြောင်းကို ကွဲကွဲပြားပြား ပိုင်းခြားသိနိုင်အောင် ဟောကြားတော်မူပါလော့" ဟူ၍ တောင်း ပန်စကား လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် ဤဆိုလတ္တံ့ သောအတိုင်း အတိတ်ဝတ္ထုကို ဟောကြားတော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့.... ရှေး၌ဖြစ်ဘူး အကြောင်းထူးကား တက္ကသိုလ် ပြည်၌ သင်္ခအမည်ရှိသော ပုဏ္ဏားတဦးသည် ရှိ၏၊ထိုသင်္ခပုဏ္ဏား၏ အရွယ်အားဖြင့် တဆယ့်ခြောက်နှစ် အရွယ်ရှိသော သုသီမ မည်သော သားလုလင်တယောက်သည်ရှိ၏။ထိုသုသီမ မည်သော သားသည် တနေ့သ၌ ဖခင်ထံသို့ ကပ်ရောက်ပြီးလျှင် ရိုသေမြတ်နိုး ရှိခိုးရပ်တည်လေ၏။ ထိုသုသီမသားကို ဖခင် သင်္ခပုဏ္ဏားက "ချစ်သား သုသီမ....အကြောင်းထူး အသို့ရှိသနည်း" ဟု မေးမြန်း လတ်သော် သုသီမသားလုလင်သည် "အို ဖခင်.... အကျွန်ုပ်သည် ဗာရာဏသီပြည်သို့သွား၍ အတတ်ပညာများကို သင်ကြားလိုပါ သည်"ဟု ပြန်ကြားပြောဆိုလေ၏။ ထိုအခါ ဖခင် သင်္ခပုဏ္ဏားသည် "ချစ်သား သုသီမ.... ထိုသို့ဖြစ်ခဲ့လျှင် ဗာရာဏသီပြည်ဝယ် ဤ အမည်ရှိသော ပါမောက္ခ ပုဏ္ဏားဆရာကြီးသည် ငါ၏သူငယ်ချင်း ဖြစ်ပေသည်၊ ထိုပါမောက္ခ ပုဏ္ဏားဆရာကြီးထံသို့ သွားရောက်၍ အတတ်ပညာများကို သင်ကြားလော့" ဟု ပြောဆို၍ သုသီမသား လုလင်အား အသပြာတထောင်ကို ပေးအပ်လိုက်လေသည်။

သုသီမလုလင်သည် ထိုအသပြာတထောင်ကို ယူဆောင်ပြီး လျှင် မိဖနှစ်ပါးကို ရိုသေမြတ်နိုး ရှိခိုးခဲ့၍ အစဉ်သဖြင့် ခရီးထွက် ခဲ့ရာ ဗာရာဏသီပြည်သို့ ရောက်၍ ဆရာ့ထံပါး ခစားဆည်းကပ် သူတို့ လိုက်နာကျင့်သုံးရမည့် အစီအရင်အတိုင်း ပါမောက္ခ ပုဏ္ဏားဆရာကြီးထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေမြတ်နိုး ရှိခိုးပြီး နောက် မိမိကိုယ်ကို (တက္ကသိုလ်ပြည်မှ သင်္ခပုဏ္ဏား၏ သား ဖြစ်ကြောင်း) ပြောကြားအပ်နှင်းလေ၏။ ပါမောက္ခဆရာကြီး သည် "ငါ့သူငယ်ချင်း၏ သားပေတကား" ဟု သုသီမလုလင်ကို လက်ခံပြီးလျှင် အလုံးစုံသော ဧည့်သည်ဝတ်ကို ပြုလုပ်ဧည့်ခံ လေ၏။

သုသီမလုလင်သည် ခရီးပန်းခြင်းကို ပယ်ဖျောက်ပြီးလျှင် ပါလာသော ငွေအသပြာတထောင်ကို ပါမောက္ခဆရာကြီး၏ ခြေရင်း၌ ချထား၍ အတတ်ပညာများ သင်ကြားရန်အခွင့်ကို တောင်းခံလေ၏။ ဆရာကြီးသည် အခွင့်ပြုကာ အတတ်ပညာ

http://www.dhammadownload.com



များကို သင်ကြားစေ၏။ သုသီမလုလင်သည် ပါရမီရှင်ပီပီ လျင်မြန်စွာလည်း သင်ယူလျက်, များများလည်း သင်ယူလျက်, သင်ယူပြီးတိုင်းသော အတတ်ပညာများကိုလည်း ရွှေခွက်၌ထည့်အပ်သော ခြင်္သေ့ဆီပမာ မပျောက်မပျက်ရအောင် ဆောင်ယူလျက်(သူတပါးတို့) ဆယ့်နှစ်နှစ်ကြာအောင် သင်ယူရသော အတတ်ပညာများကို နှစ်လ သုံးလဖြင့်ပင် ပြီးဆုံးတတ်မြောက်အောင် သင်ကြားလေ၏။

သုသီမလုလင်သည် ဝေဒကျမ်းများကို ရွတ်အံသရဇ္ဈာယ်မှု ပြုလတ်သည်ရှိသော် အစနှင့်အလယ်ကိုသာ တွေ့မြင်ရ၍ အဆုံးကိုကား မတွေ့မြင်ရပဲ ရှိလေသည်။ ထိုအခါ ပါမောက္ခဆရာကြီးထံသို့ ချဉ်းကပ်ပြီးလျှင် "အို ဆရာကြီး···· ဤ ဝေဒကျမ်းလာ အတတ်ပညာ၏ အစနှင့်အလယ်ကိုသာ အကျွန်ုပ် တွေ့မြင်ရပါသည်၊ အဆုံးကို မတွေ့မြင်ရပါ"ဟူ၍ ပြောဆိုလေသော် ပါမောက္ခဆရာကြီးကလည်း "ချစ်သား···· ငါသည်လည်း သင်ကဲ့သို့ပင် အစနှင့်အလယ်ကိုသာ တွေ့မြင်ရ၍ အဆုံးကိုကား မတွေ့မြင်ရပါ" ဟူ၍ ပြန်ကြားပြောဆိုလေ၏။ "ဆရာကြီး···· ထိုသို့ဖြစ်ခဲ့လျှင် အဘယ်သူသည် ဤအတတ်ပညာ၏ အဆုံးကို သိမြင်ပါသနည်း" ဟူ၍ သုသီမလုလင်က တဖန် ပြန်၍ မေးလေသော် ပါမောက္ခဆရာကြီးသည်လည်း "ချစ်သား သုသီမ···· ဣသိပတနမိဂဒါဝုန်တော၌ ရှိနေကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဤအတတ်ပညာ၏ အဆုံးကို သိတော်မူကြကုန်လေရာ၏ = သိတော်မူကြလိမ့်မည် ထင်ပါ၏" ဟူ၍ ဖြေကြားပြောဆိုလေသည်။ သုသီမလုလင်က "ဆရာကြီး····ထိုသို့ဖြစ်လျှင် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ချဉ်းကပ်၍ အကျွန်ုပ် မေးလျှောက်ပါရစေ" ဟူ၍ ခွင့်ပန်စကား ပြောကြားလတ်သော် ပါမောက္ခဆရာကြီးသည်လည်း "ချစ်သားသုသီမ····အမောင် အလိုရှိတိုင်း ချမ်းသာသလို မေးလျှောက်ပါလေ" ဟူ၍ ခွင့်ပြုစကား ပြောကြားလေ၏။

သုသီမလုလင် ပါရမီရှင်သည် ဣသိပတန မိဂဒါဝုန်တောသို့ သွားရောက်ကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ထံ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရားတို့သည် အစ အလယ် အဆုံးကို သိတော်မူကြပါ

http://www.dhammadownload.com



ကုန်သလော” ဟု မေးလျှောက်လေသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် “အိမ်း….သိကြပါကုန်၏ ဒါယကာ သုသီမ….” ဟူ၍ မိန့်ကြားကုန်၏။ “အဆုံးကို သိနိုင်သည့် ထိုအတတ်ပညာကို တပည့်တော်ကိုလည်း သင်ကြား ပေးတော်မူကြပါကုန်” ဟူ၍ သုသီမလုလင်က လျှောက်ဆိုလတ်သည်တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် “ဒါယကာသုသီမ…. ထိုသို့ဖြစ်ခဲ့လျှင် သင်သည် ရဟန်းပြုလော့၊ ရဟန်းမဟုတ်သောသူသည် ထိုအတတ်ပညာကို မသင်ယူနိုင်ချေ” ဟူ၍ မိန့်ဆိုတော်မူကြလေကုန်၏။ “ကောင်းပါပြီ အရှင်ဘုရားတို့…. တပည့်တော်ကို ရဟန်းပြုလိုလျှင်လည်း ပြုပေးတော်မူကြပါကုန်၊ ရဟန်းပြုရုံတွင်မက အရှင်ဘုရားတို့ အလိုရှိရာကို ပြုတော်မူကြပြီးလျှင် အဆုံးကိုသာ သိအောင် သင်ကြား ပေးသနားတော်မူကြပါကုန်လော့” ဟူ၍ သုသီမလုလင် ပါရမီရှင်က လျှောက်ဆိုလတ်သော် ပစ္စေကဗုဒ္ဓါသခင် အရှင်မြတ်တို့သည် သုသီမလုလင်ကိုရဟန်းပြုပေးကြပြီးလျှင် ကမ္မဋ္ဌာန်းအမှု၌ ယှဉ်စေခြင်းငှါ မတတ်နိုင်ကုန်ရကား (= ပစ္စေကဗုဒ္ဓါများသည် သဗ္ဗညူ မြတ်စွာဘုရားများကဲ့သို့ သူတပါးတို့ကို ဝိပဿနာကမ္မဋ္ဌာန်း ဤသို့စီးဖြန်းရမည်ဟု ညွှန်ကြားဟောပြခြင်းငှါ မစွမ်းနိုင်ကြကုန်၊ သို့ရကား) “သင်သည် သင်းပိုင်ကို ဤသို့ အဝန်းညီစွာ ဝတ်ရမည်၊ သင်သည် အပေါ်ရုံကိုယ်ဝတ်သင်္ကန်းကို ဤသို့ အဝန်း ညီစွာ ရုံရမည်” ဤသို့အစရှိသည်ဖြင့် ဝတ်ကြီးဝတ်ငယ်တည်း ဟူသောအာဘိသမာစာရိကသီလကိုသာ သင်ကြား ညွှန်ပြကြလေကုန်သည်။

သုသီမလုလင် ရဟန်းသစ်သည် ပစ္စေကဗုဒ္ဓါအရှင်တို့ သင်ကြားညွှန်ပြအပ်သည့် အတိုင်း အာဘိသမာစာရိကသီလကို ကျနစွာ ဖြည့်ကျင့်လတ်သည်ရှိသော် ပစ္စေကဗောဓိဉာဏ်ကို ရင့်သန်စေကြောင်း ရှေးကောင်းမှု ဥပနိဿယသည်းနှင့် ပြည့်စုံသူဖြစ်သောကြောင့် မကြာမြင့်မီပင် ပစ္စေကဗောဓိခေါ်သည့် မဂ်ဉာဏ် လေးပါးသို့ ဆိုက်ရောက်တော်မူလေ၏ (= ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူလေ၏)။ ဗာရာဏသီတပြည်လုံး၌ သုသီမပစ္စေကဗုဒ္ဓါဟူ၍ ထင်

http://www.dhammadownload.com



ရှား ကျော်ကြားပြီးလျှင် အခြီအရံ တပည့်ပရိသတ်နှင့် ပြည့်စုံကာ လာဘ်ပူဇော်သက္ကာရကျော်စောခြင်း အထွတ်အထိပ်သို့ ရောက်ရှိလေ၏။ ထို သုသီမပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် အသက်တိုစေတတ်သည့် မကောင်းမှု အကုသိုလ်ကံကို ရှေးက ပြုအပ်ခဲ့လေသောကြောင့် မကြာမြင့်မီပင် ပရိနိဗ္ဗာန် စံတော်မူလေ၏။ ထိုသုသီမပစ္စေကဗုဒ္ဓါ၏ ဥတုဇရုပ်ကလာပ်ကို မြို့သူ မြို့သား တို့ နှင့် တကွ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဖုတ်ကျည်းသင်္ဂြိုဟ်မှု ပြုလုပ်ကြပြီးလျှင် ဓာတ်တော်များကို ကောက်ယူကြကာ ဗာရာဏသီမြို့တံခါးအနီး၌ ဓာတ်တော်များကို သွင်းထား ဌာပနာ၍ စေတီ တည်ထား ကိုးကွယ်ကြလေကုန်၏။

ထိုအခါ ဖခင်ဖြစ်သော သင်္ခပုဏ္ဏားကြီးသည် "ငါ့သားသုသီမသွားသည်မှာ ကြာလှပြီ၊ ထိုငါ့သား၏ သတင်းစကားကိုလည်း မကြားမသိရချေ"ဟူ၍ ကြံစည်စဉ်းစားကာ သားကို တွေ့မြင်လိုသည်ဖြစ်၍ တက္ကသိုလ်ပြည်မှ ထွက်ခဲ့ပြီးလျှင် အစဉ်သဖြင့် ဗာရာဏသီပြည်သို့ရောက်၍ (သုသီမပစ္စေကဗုဒ္ဓါ၏အရိုးအိုးစေတီတော်အနီး၌) လူအများ စုရုံးစည်းဝေးနေသည်ကို မြင်လတ်၍ "မချွတ်ပင် များစွာသောလူတို့အနက် တယောက်ယောက်သည် ငါ့သား၏ ဖြစ်ပုံအခြင်း သတင်းကို သိပေလိမ့်မည်"ဟု ကြံစည်စဉ်းစားကာ ထိုလူများစည်းဝေးရာအရပ်သို့ ချဉ်းကပ်သွားရောက်၍ "အရှင်တို့....ဤ ဗာရာဏသီပြည်အရပ်သို့ (ပညာသင်ကြားရန်) လာရောက်သည့် သုသီမအမည်ရှိသော လုလင်ငယ် တယောက်ရှိပါသည်၊ အရှင်တို့သည် ထိုသုသီမလုလင်ငယ်၏ ဖြစ်ပုံသတင်းကို သိကြပါသလော" ဟူ၍ မေးမြန်းလေသော် များစွာသော လူတို့က—

"အိမ်း....သိကြပါသည် ဆရာပုဏ္ဏားကြီး....၊(သုသီမလုလင်ငယ်သည်)ဤဗာရာဏသီပြည်၌ ပါမောက္ခပုဏ္ဏားဆရာကြီး၏အထံ၌ ဝေဒကျမ်းသုံးပုံတို့၏ အဆုံးရောက်တတ်မြောက်သူဖြစ်ပြီးလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ အထံ၌ ရဟန်းပြုပြီးနောက် ပစ္စေကဗောဓိဉာဏ် ပေါက်

http://www.dhammadownload.com



ရောက်ကာ ပစ္စေကဗုဒ္ဓါ(=ဘုရားငယ်တဆူ) ဖြစ်တော်မူပြီးလျှင် အနုပါဒိသေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းလေပြီ၊ (စေတီကို လက်ညှိုး ညွှန်ပြကုန်လျက်) ဤစေတီသည်ကား ထို သုသီမပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ ဓာတ်တော်များ သွင်းနံ့ရာ စေတီတော်ဖြစ်သည်"—

ဟူ၍ ပြောဆိုကြလေကုန်၏။

ဖခင်သံပုဏ္ဏားကြီးသည် ထိုစကားကို ကြားရလျှင် မြေကို လက်ဖြင့် ပုတ်ကာပုတ်ကာ သည်းစွာငိုကြွေး မြည်းတမ်းလေသည်၊ အားရအောင် ငိုကြွေးမြည်းတမ်းပြီးမှ ထိုစေတီတော် ယင်ပြင်သို့ သွားရောက်ပြီးလျှင် မြက်ပင်များကို ပယ်နုတ်၍ အပေါ်ရုံ စုလျားတဘက်ဖြင့် သဲဖြူများကို ဆောင်ယူခဲ့ပြီးလျှင် စေတီတော်ယင်ပြင်၌ ကြဲဖြန့်လေသည်၊ မြူမှုန်မထရန် ကရားမှ ရေဖြင့် ထက်ဝန်းကျင် မြေကို ဆွတ်ဖျန်းလေသည်၊ ထို့နောက် ရသမျှသော တောပန်းတို့ဖြင့် စေတီတော်အား တင်လှူပူဇော်ပြန်လေသည်၊ မိမိ၌ ပါလာသော အပေါ်ရုံ စုလျားတဘက်ဖြင့် တံခွန်ပြားပြုလုပ် လွှင့်ထူကာ စေတီတော်၏ အထက်၌ မိမိ၏ ထီးကို ဖွဲ့ချည်တင်လှူပြီးလျှင် ဖဲသွားလေ၏။

ဤသို့ မြတ်စွာဘုရားသည် အတိတ်အကြောင်းကို အကျယ် ဟောပြီးနောက် အတိတ်ဖြစ်ရပ် ထိုသည့်ဇာတ်ကို ပစ္စုပ္ပန်ဝတ္ထုနှင့် ဆက်စပ် ပြတော်မူလိုသည်ဖြစ်၍ ရဟန်းတော်တို့အား ဤဆိုလတ္တံ့သောအတိုင်း တရားစကား ဟောကြားတော်မူလေသည်—

"ရဟန်းတို့.... သင်တို့၏စိတ်သန္တာန်ဝယ် 'ထိုစဉ်အခါ အခြားတပါးသောသူသည် သံပုဏ္ဏားဖြစ်ခဲ့လေသလော' ဟူ၍ အကြံအစည် ဖြစ်လေရာ၏၊ ဤအကြောင်းကို ဤသို့ မမှတ်အပ်ချေ၊ ငါဘုရားသည်ပင် ထိုစဉ်အခါ သံပုဏ္ဏား ဖြစ်ခဲ့လေပြီ။ (၁)ငါဘုရားအလောင်းသည် သုသီမပစ္စေကဗုဒ္ဓါ၏ စေတီယင်ပြင်၌ မြက်များကို ပယ်ရှားနုတ်ထွင်

http://www.dhammadownload.com



သုတ်သင်အပ်ခဲ့လေပြီ။ ငါဘုရားအလောင်းတော်၏ ထိုသို့ စေတီယင်ပြင်ဝယ် မြက်သုတ်သင်ခဲ့ခြင်းဟူသော ကောင်းမှုကံ၏ အကျိုးဆက်အနေဖြင့် ယခုအခါ လူများအပေါင်းတို့သည် ဂင်္ဂါမြစ်၏ ဤမှာဖက်၌ ငါးယူဇနာ, ထိုမှာဖက်၌ သုံးယူဇနာ = ဤသို့ ရှစ်ယူဇနာရှိသော လမ်းခရီးကို သစ်ငုတ်ဆူးငြောင့်ကင်းရှင်းအောင် ပြုလုပ်ကြကာ ညီညွတ်သန့်စင်အောင် ပြုလုပ်ကြလေပြီ၊

(၂) ငါဘုရားအလောင်းသည် ထိုသုသီမပစ္စေကဗုဒ္ဓါ၏ စေတီယင်ပြင်၌ သဲဖြူအပြည့် ခင်းခဲ့လေပြီ၊ ထိုကောင်းမှုကံ၏ အကျိုးဆက်အားဖြင့် ဖော်ပြရာပါ ရှစ်ယူဇနာရှိသော လမ်းခရီး၌ လူများအပေါင်းတို့ သဲဖြူကို ခင်းကြလေပြီ၊

(၃) ငါဘုရားအလောင်းသည် ထိုသုသီမပစ္စေကဗုဒ္ဓါ၏ စေတီ၌ ရကတတ်ဆန်း တောပန်းများဖြင့် ပူဇော်မှုပြုအပ်ခဲ့လေပြီ၊ ငါ၏ ထိုကောင်းမှုကံ၏ အကျိုးဆက်အားဖြင့် ကိုးယူဇနာရှိသောခရီး၌ ကြည်းကုန်း၌ငှင်း, ရေ၌ငှင်း လူနတ်အပေါင်းတို့သည် ပန်းအမျိုးမျိုးတို့ဖြင့် ပန်းမွေ့ရာကြဲကြဲ ခင်းကြလေကုန်ပြီ၊

(၄) ငါဘုရားအလောင်းသည် ထိုသုသီမပစ္စေကဗုဒ္ဓါ၏ စေတီယင်ပြင်၌ (မြူမှုန်မထစေရန်) ကရားမှရေဖြင့် မြေအပြင်ကို သွန်းလောင်းပက်ဖျန်းအပ်ခဲ့လေပြီ၊ ထိုသို့ ငါပြုလုပ်ခဲ့သော ကောင်းမှု၏ အကျိုးဆက်အားဖြင့် ယခုအခါ ဝေသာလီပြည်အရပ်သို့ ငါဘုရား၏ ဖဝါးတော်ချလျှင်ချခြင်း ပေါက္ခရဝဿမိုး (= ကြာရွက်မျှသော တိမ်တိုက်မှ တခဏချင်းကြီးပွါးကာ ရွာသွန်းသည့်မိုး) ဖြိုးဖြိုးရွာသွန်းခဲ့လေပြီ၊

(၅) ငါဘုရားအလောင်းသည် ထိုသုသီမပစ္စေကဗုဒ္ဓါ၏ စေတီ၌ တံခွန်ပြားကို တင်လှူအပ်ခဲ့လေပြီ၊ ထီးကို

http://www.dhammadownload.com



လည်း ဖွဲ့ချည်အပ်ခဲ့လေပြီ၊ထိုသို့ငါပြုလုပ်ခဲ့သော ကောင်းမှု၏ အကျိုးဆက်အားဖြင့် ယခုအခါ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် တံခွန်တို့ကိုလည်း စိုက်ထောင်တင်လှူအပ်ကြလေပြီ၊ လူ့ထီးဖြူ နတ်ထီးဖြူ ဗြဟ္မာ့ထီးဖြူတို့ကိုလည်း လူ နတ်ဗြဟ္မာတို့ အဆင့်ဆင့် စိုက်ထူဆောင်းမိုးအပ်ကြလေကုန်ပြီ၊

ရဟန်းတို့.... ဤသို့လျှင် ဤပူဇော်သက္ကာရမှု အထူးသည် ငါဘုရား၏ ဗုဒ္ဓအာနုဘော်ကြောင့် ဖြစ်သည်လည်း မဟုတ်၊ နဂါး နတ် ဗြဟ္မာတို့၏ အာနုဘော်ကြောင့် ဖြစ်သည်လည်း မဟုတ်၊ စင်စစ်သော်ကား (ဆိုအပ်ပြီးသည့်အတိုင်း ငါဘုရားအလောင်းတော်သည် သခ်ပုဏ္ဏား ဖြစ်စဉ်အခါ၌) အနည်းငယ်မျှ စွန့်ကြဲလှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်၏ အာနုဘော်ကြောင့် ဖြစ်ပေါ်လာပေ၏"—

ဟူ၍ တရားစကား ဟောကြားတော်မူပြီးသည်၏ အဆုံး၌ ဤဂါထာကို ရွတ်ဆိုဟောကြားတော်မူပြန်၏—

မတ္တာသုခပရိစ္စာဂါ၊
ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာသုခံ ဓီရော၊
သမ္ပဿံ ဝိပုလံ သုခံ။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့ ....။ မတ္တာသုခပရိစ္စာဂါ = အနည်းငယ်မျှ ခံစံရမည့် သုခချမ်းသာ ဝေဒနာကို အာသာမကွက် ရက်ရက်ကြည်ဖြူ စွန့်လှူလိုက်ခြင်းကြောင့်။ ဝိပုလံ သုခံ = ပြန့်ပြောကြီးကျယ်လှစွာ နိဗ္ဗာန်ချမ်းသာကို။ စေ ပဿေ = ရလိမ့်ကေန် စင်စစ်မှန်ဟု ဉာဏ်ပညာမျက်စိဖြင့် တိတိထင်ထင် အကယ်၍ သိမြင်ငြားအံ့။ ဝိပုလံ သုခံ = ပြန့်ပြောကြီးကျယ်လှစွာ နိဗ္ဗာန်ချမ်းသာကို။ သမ္ပဿံ— သမ္ပဿန္တော = ကောင်းစွာ

http://www.dhammadownload.com



ထင်ထင် ဉာဏ်မျက်စိဖြင့် သိမြင်သော။ ဓီရော = ပညာရှိသည်။ မဏ္ဍာသုခံ = အနည်းငယ်မျှ ခံစံရမည့် သုခချမ်းသာ ဝေဒနာကို။ စဇေ–စဇေယျ = အာသာမကွက် ရက်ရက်ကြည်ဖြူ စွန့်လှူရာ၏။

ဒေသနာနိဂုံး ဆုံးလတ်သော အခါ များစွာသော သတ္တဝါတို့ သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။

**အလောင်းတော် သစ်ပုဏ္ဏားဝတ္ထုကို ဟောတော်မူခြင်းအကြောင်း ပြီး၏။**

---

**သူဌေးသား ဂျွမ်းသမား ဥဂ္ဂသေန အကြောင်း**

မြတ်စွာဘုရားရှင် လက်ထက်တော် အခါဝယ် ငါးရာသော ကခြေသည် ဇာတ်အဖွဲ့ကြီးသည် တနှစ်(သို့မဟုတ်) ခြောက်လ မြောက် ရောက်လတ်သောအခါ ရာဇဂြိုဟ်ပြည်သို့ သွားရောက်၍ မင်းကြီး၏ ရှေ့တော်မှောက်ဝယ် ခုနစ်ရက်တိုင်တိုင် ကပွဲသဘင် ကျင်းပ၍ များစွာသော ရွှေငွေ ဆုလာဘ်တို့ကို ရရှိလေသည်။ ကပွဲအခါ်းအခါ်းတို့၏ အကြားအကြား၌ ပွဲကြည့်သူ လူအများတို့က အားရနှစ်သက်လှသဖြင့် ပေးချအပ်သော ဆုလာဘ်တို့၏ အပိုင်းအခြားကား မရှိ၊အလွန်များလှ၏။ ထိုသို့ ပွဲကျင်းပသောအခါ မြို့သူမြို့သား လူအပေါင်းသည် ညောင်စောင်းခင်, မြင့်သော ညောင်စောင်းခင်, ထိုထက်မြင့်သော ညောင်စောင်းခင်(အစဉ်သဖြင့် မြင့်၍ မြင့်၍ သွားသော ညောင်စောင်းခင်) များ၌ ရပ်တည်ကြကာ ပွဲလမ်းသဘင်ကို ကြည့်ရှုကြကုန်၏။

ထိုအခါ ဘားဂျွမ်းဆရာကြီး၏သမီး ဘားဂျွမ်းကခြေသည်မ တဦးသည် ဝါးတန်း ဂျွမ်းစင်သို့ တက်၍ ထို ဝါးတန်း ဂျွမ်းစင် ပေါ်၌ ဂျွမ်းထိုးပြီးလျှင် ထိုဝါးတန်း ဂျွမ်းစင်၏ အစွန်းအဖျား ကောင်းကင်၌ပင် လူးလာတုံ့ခေါက် စကြီလျှောက်ကာ ယဉ်ကျေးသိမ်မွေ့စွာ က-လည်း က-ခုန်၏၊ သာယာစွာသော အသံဖြင့် သီလည်း သီဆို၏။

http://www.dhammadownload.com



## ဥဂ္ဂသေနသူဌေးသား

ထိုအခါ ဥဂ္ဂသေန-မည်သော သူဌေးသားသည် သူငယ်ချင်း တဦးနှင့်အတူ ပွဲကြည့်စင်၌ ရပ်တည်ကာ ထိုဘားဝ္မင်း ကခြေ သည်မကလေးကို စူးစူးစိုက်စိုက် တအံ့တဩ ကြည့်ရှု၍ သူမ၏ လက်ခြေချပုံ မြှောက်ပုံ ကွေးပုံ ဆန့်ပုံ အမူအရာတို့၌ အလွန် နှစ်သက် တပ်မက်ချစ်ခင်သောစိတ်ရှိလျက် အိမ်သို့ ပြန်ပြီးလျှင် "ထိုဘားဝ္မင်း ကခြေသည်မကလေးကို ငါရလျှင် အသက်ရှင်ပေ လိမ့်မည်၊ မရလျှင် ငါ့အား ဤညောင်စောင်း ခဌင်ပေါ်၌ပင် သေရလိမ့်မည်"ဟု ပြောဆိုကြိစည်ကာ အစာငတ်ခံ၍ ညောင် စောင်းခဌင်ပေါ်၌ လည်းလျောင်းလေ၏။

မိဖတို့က "ချစ်သား....သင့်မှာ ဘာရောဂါများ ဖြစ်သနည်း" ဟု မေးသောအခါမှာလည်း "အို-မိခင် ဖခင် ကျေးဇူးရှင်တို့.... ရွှေနန်းတော် ယင်ပြင် ကပွဲသဘင်မှာ ကျွန်ုပ်တွေ့မြင်ခဲ့ရသည့် ဘားဝ္မင်းကခြေသည်မကလေးကိုရလျှင် ကျွန်ုပ်၏အသက် ရှင်ပါ လိမ့်မည်၊ မရလျှင် ဤညောင်စောင်းခဌင်ပေါ်မှာပင် အကျွန်ုပ် သေရပါလိမ့်မည်"ဟု ပွင့်လင်းစွာ ပြောဆိုလေသည်၊မိဖတို့က"ချစ် သား....ဤကဲ့သို့ မပြုပါလင့်(=ဒီလိုမလုပ်ပါနှင့်)၊သင် ချစ်သား အတွက် (ထိုကခြေသည်မမှ) အခြားတပါး ငါတို့၏ အမျိုး အနွယ် စည်းစိမ်ဥစ္စာတို့နှင့် သင့်လျော်လျောက်ပတ်သည့် သတို့ သမီးကို ဆောင်ယူပေးစားပါကုန်အံ့"ဟု နားချ ပြောဆိုအပ် သော်လည်း ဥဂ္ဂသေနသူဌေးသားသည် စကားမပြောင်းပဲ ရှေး နည်းအတူပင် ပြောဆို၍ အိပ်ရာ ညောင်စောင်း၌ လျောင်းမြဲ လျောင်း၍သာ နေလေ၏။

ထိုအခါ ဥဂ္ဂသေန၏ ဖခင်ကြီးသည် သားကို တိုးတိုးတိတ်တိတ် ကြိတ်ကာ တောင်းပန်ဆုံးမစကားများစွာပင် ပြောဆိုအပ်သော် လည်း သားကိုနားချရန် မစွမ်းနိုင်ရကား ဥဂ္ဂသေန၏သူငယ်ချင်း ကို အခေါ်ခိုင်းပြီးလျှင် အသပြာကျပ်တထောင်ကို ပေးအပ်၍ "ဤ အသပြာ တထောင်တို့ကို လက်ခံပြီးလျှင် ဥမ္မင်းဆရာကြီး၏ သမီးကို ကျွန်ုပ်သား ဥဂ္ဂသေနအား ပေးစေချင်ပါသည်"ဟု

http://www.dhammadownload.com



မှာကြားပြောဆိုကာ ဘားဂျွမ်းဆရာကြီးထံသို့ စေလွှတ်လိုက်လေ၏။ ဘားဂျွမ်းဆရာကြီးသည် "ကျွန်ုပ်ကား အသပြာများကို လက်ခံယူကာ သမီးကို မပေးနိုင်ပါ၊ အကယ်၍ ဥဂ္ဂသေန သူဌေးသားသည် ကျွန်ုပ်၏သမီးကို မရလျှင် အသက်ရှည်ရန် မစွမ်းနိုင်ပါက ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့နှင့် အတူတကွသာလျှင် သွားလေရာရာ လိုက်ပါခဲ့ပါလော့၊ ယင်းသို့ ကျွန်ုပ်တို့နှင့် အတူတကွ လိုက်ပါနိုင်မှသာ ဥဂ္ဂသေန သူဌေးသားအား ကျွန်ုပ်သမီးကို ပေးစားနိုင်ပါမည်" ဟူ၍ ပြန်ကြားပြောဆိုလေ၏။

### ဥဂ္ဂသေနသူဌေးသား ကခြေသည်မနောက်သို့ လိုက်ပါသွားခြင်း

မိခင်ဖခင်တို့က သား ဥဂ္ဂသေနအား ထိုအကြောင်းကို ပြန်ကြားပြောဆိုကြလေသော် ဥဂ္ဂသေနသည် "အို မိခင်ဖခင်တို့.... ကျွန်ုပ်သည် ထိုကခြေသည်တို့နှင့် အတူပင် လိုက်ပါလှည့်လည်တော့မည်" ဟု ပြောဆို၍ မိဖဆွေမျိုးတို့က အကြိမ်ကြိမ် တောင်းပန်ကြသော်လည်း မနာယူပဲ အိမ်မှထွက်ကာ ဘားဂျွမ်းဆရာကြီးထံသို့ သွားလေတော့၏။ ဘားဂျွမ်းဆရာကြီးသည် ဥဂ္ဂသေန သူဌေးသားအား မိမိ၏ မူလစကားအတိုင်း သမီးကို ပေးစားပြီးလျှင် ဥဂ္ဂသေနသူဌေးသားနှင့် အတူတကွပင် ရွာနိဂုံး မင်းနေပြည်တို့၌ ဘားဂျွမ်းအတတ်ကို ပြသကာ လှည့်လည်သွားလာလေ၏။

ကခြေသည်မကလေးသည်လည်း ဥဂ္ဂသေနနှင့် ဆက်ဆံပေါင်းသင်းမှုကို အကြောင်းပြု၍ မကြာမြင့်မီပင် သားတယောက်ကို ဖွားမြောက်ရရှိလတ်၍ ထိုသားကို ကစားကျီစယ်လတ်သော်—

"လှည်းစောင့်ကြီးရဲ့သား.... (အိပ်ပါတော့သား)

ဆုလာဘ်ဘဏ္ဍာထမ်း လူသွမ်းကြီးရဲ့သား.... (အိပ်ပါတော့သား)

တစိုးတစိ အတတ်ပညာကို မသိသူရဲ့သား.... (အိပ်ပါတော့သား)"

ဟု ပြောင်လှောင်ကျီစယ် ပြက်ရယ်စကား ပြောကြားသီဆိုလေ၏။

http://www.dhammadownload.com



မှန်၏— ဥဂ္ဂသေနကား ကခြေသည်များ လှည်းဝိုင်းချကာ တန်နားသောအရပ်၌ နွားများအတွက် မြက်ကို ရှာကြံကျွေးမွေး၍ လှည်းဝန်းကို စောင့်ရှောက်ရလေသည်၊ ပွဲကသောအရပ်၌ ရသောဆုလာဘ်ဥစ္စာကို ထမ်းဆောင် သိမ်းဆည်းရလေသည်၊ ထိုအချက်များကို ရည်ရွယ်၍ပင် ကခြေသည်မသည် ကစားကျီစယ်လတ်သော် ဆိုအပ်ခဲ့ပြီးသောအတိုင်း ပြောင်လှောင်ကျီစယ် ပြက်ရယ်စကား ပြောကြားသီဆိုလေသည်။

ဥဂ္ဂသေနသည် မိမိကို စောင်းချိတ်၍ ကခြေသည်မ၏ ကျီစယ်သီဆိုသောအဖြစ်ကို သိရှိ၍ "ငါ့ကို ရည်ရွယ်၍ ဤနှယ် သီဆိုသလော"ဟု ကခြေသည်မကို တိုက်ရိုက် မေးမြန်းလေသော် "အိမ်း ဟုတ်ပါသည်၊ ရှင့်ကိုရည်ရွယ်၍ ဤနှယ် သီဆိုပါ၏"ဟု ကခြေသည်မက ဖြေကြားလေသည်။ "ဤသို့ဖြစ်လျှင် ငါသည် သင့်ကို စွန့်ပစ်၍ မိဖရပ်ထံ ပြန်လည်ပြေးသွားလိမ့်မည်"ဟု ဥဂ္ဂ-သေနက (မခံနိုင်သည့်စကား) ပြောကြားသောအခါ ကခြေသည်မသည် "ရှင် သွားသဖြင့်ဝင်း, လာသဖြင့်ဝင်း ကျွန်မအား အဘာယ်မှုစအွံ့နည်း (= ရှင် သွားသွား မသွားသွား၊ ကျွန်မ မဖြုံပါ)"ဟု ပြောဆိုလျက် (ဥဂ္ဂသေန မနှစ်သက်မှန်းသိ၍) ထို သီချင်းကိုပင် အဖန်ဖန် သီဆိုလေ၏။ (ထိုကခြေသည်မကလေး ကား မိမိ၏ ရုပ်ရည်အဆင်းပြည့်စုံမှုနှင့် ဥစ္စာရလွယ်မှုကို အမှီပြုကာ ဥဂ္ဂသေနကို အနည်းငယ်မျှပင် ပမာမထား ဤသို့ ပြောကြား လေသည်)။

ဥဂ္ဂသေန သူဌေးသား ဂျွမ်းသမားကခြေသည် ဖြစ်ခြင်း

ဥဂ္ဂသေနသည် "အဘာယ်ကို အမှီပြု၍ ဤကခြေသည်မ၏ တက်ကြွသော မာန်မာနသည် ဖြစ်လေသနည်း"ဟု ဆင်ခြင် ကြံစည်လတ်သော် "ဘားဌွမ်း အတတ်ကိုမှီ၍ ဤကခြေသည်မ၏ တက်ကြွသော မာန်မာနသည် ဖြစ်၏"ဟု ရိပ်မိသိရှိ၍ "ရှိစေဦး၊ ငါသည်လည်း ဘားဌွမ်းအတတ်ကို သင်ယူပေအံ့"ဟု ကြံစည်ကာ ယောက္ခမဖြစ်သူ ဘားဌွမ်းဆရာကြီးထံသို့ ချဉ်းကပ်၍ ထိုဆရာကြီး

http://www.dhammadownload.com



တတ်သိသော ဘားဂွမ်းအတတ်ကို တတ်မြောက်အောင် သင်ယူပြီးလျှင် ရှာနိဂုံးစသည် တို့၌ ဘားဂွမ်းအတတ်ကို ပြသကာ အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်သို့ တဖန်လာရောက်၍ "ယနေ့မှနောက် ခုနစ်ရက်မြောက်၌ ဥဂ္ဂသေန သူဌေးသားသည် မြို့သူ မြို့သားတို့အား ဘားဂွမ်းအတတ်ကို အဆန်းတကြယ် ပြသပေလိမ့်မည်"ဟု (မြို့တွင်းသို့လှည့်လည်ကာ) ကြွေးကြော်ကျေညာစေလေ၏။

မြို့နေလူအပေါင်းတို့သည် မြင့်သော ညောင်စောင်း, ထိုထက်မြင့်သော ညောင်စောင်းစသည်တို့ကို ဖွဲ့ချည် ခင်းထားစေ၍ ခုနစ်ရက်မြောက်သောနေ့၌ စည်းဝေးကြလေကုန်၏။ ဥဂ္ဂသေနသည်လည်း အတောင်ခြောက်ဆယ်အမြင့် (အဆင့်ဆင့်ဆက်၍) စိုက်ထူအပ်သော ဝါးပိုးလုံးသို့ တက်၍ ထိုဝါးပိုးလုံးထိပ်၌ (ဘားဂွမ်းအတတ်ကို) ပြသရန် ရပ်တည်နေလေ၏။

### မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ရက်၌ ဥဂ္ဂသေနသူဌေးသား ဂျွမ်းသမား ထင်လာခြင်း

ထိုဥဂ္ဂသေန ဘားဂွမ်းအတတ်ကိုပြသမည့်နေ့၌ မြတ်စွာဘုရားရှင်သည် မိုးသောက်အားကြီး လင်းခါနီးအချိန်ဝယ် သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ကိုယ်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော်ကွန်ရက်၌ ဥဂ္ဂသေနသူဌေးသား ငါးနှယ်ပိုသွင် ဝင်လာသည်ကို မြင်တော်မူ၍ "အဘယ်သို့ ဖြစ်လိမ့်မည်နည်း" ဟု ဆင်ခြင်တော်မူသောအခါ—

> "နက်ဖြန်နံနက်မိုးသောက် ရောက်သောအခါ ဥဂ္ဂသေန သူဌေးသားသည် ဘားဂွမ်းအတတ်ကို ပြအံ့ဟူ၍ အတောင်ခြောက်ဆယ်မြင့်သော ဝါးပိုးလုံးထိပ်၌ ရပ်တည်လိမ့်မည်။ ထိုဥဂ္ဂသေနသူဌေးသား ဂွမ်းသမားကခြေသည်ကို ကြည့်ရှုအံ့သောငှါ လူများအပေါင်းသည် စည်းဝေးလိမ့်မည်။ ထိုအစည်းအဝေး၌ ငါဘုရားသည် လေးပဒ (လေးပိုဒ်)ရှိသော တရားဂါထာကို ဟောရလိမ့်မည်။ ထိုတရားဂါထာကို ကြားနာရ၍ ရှစ်သောင်းလေးထောင်

http://www.dhammadownload.com



သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြလိမ့်မည်။ ဥဂ္ဂသေန သူဌေးသားသည်လည်း အရဟတ္တဖိုလ်၌ တည်ပေလိမ့်မည်"—

ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူလေ၏။

မြတ်စွာဘုရားရှင်သည် နောက်တနေ့(ဥဂ္ဂသေန ဗွမ်းအတတ်ပြမည့်နေ့) နံနက်ခင်းဝယ် ဆွမ်းခံဝင်ရန် သင့်လျော်သောအချိန်ကို မှတ်သားတော်မူ၍ ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလေ၏။ ဥဂ္ဂသေနသည်လည်း မြတ်စွာဘုရားရှင် မြို့တွင်းသို့ ဆွမ်းခံမဝင်မီပင် ပွဲတင်ထင်မျှ ချီးမွမ်းသောအသံကို ကြွေးကြော်ကြစေရန် ပွဲကြည့်သူ လူအပေါင်းအား လက်ညှိုးဖြင့် အချက်ပြပြီးလျှင် ဝါးပိုးလုံးထိပ်၌ ရပ်တည်၍ ကောင်းကင်၌ပင်လျှင် ခုနစ်ပတ်လည်အောင် ဗွမ်းပစ်လျက် ကောင်းကင်မှ သက်ခဲ့ကာ ဝါးပိုးလုံးထိပ်၌ပင် ရပ်တည်ကာ နေလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် မြို့တွင်းသို့ ဝင်ရောက်တော်မူလာကာ ပရိသတ်များ ဥဂ္ဂသေနကို မကြည့်အောင် တန်ခိုးအစီအရင်ကို ဖန်ဆင်းတော်မူ၍ ကိုယ်တော်မြတ်ကိုသာ တယောက်မကျန် ကြည့်ရှုစေလေ၏။ ဥဂ္ဂသေနသည် ဝါးလုံးထိပ်မှ ရပ်တည်ရင်း ပရိသတ်ကို အကဲခတ်ကြည့်ရှုလေရာ ပရိသတ်များ ဘုရားကိုသာ ဖူးမြော်ကြည့်ရှုနေကြသည်ကို မြင်၍ "ငါ့ကို ပရိသတ်က မကြည့်ပါတကား"ဟု နှလုံး မသာယာခြင်းသို့ ရောက်လျက် "ငါသည် တနှစ်မှ တကြိမ်သာ ဤ ဘားဗွမ်း အတတ်ပညာကို ပြသမှု ပြုရပေ၏၊ မြတ်စွာဘုရားရှင် မြို့တွင်းသို့ ဝင်တော်မူလတ်သော် ပွဲကြည့်ပရိသတ်သည် ငါ့ကို မကြည့်ရှုပဲ မြတ်စွာဘုရားရှင်ကိုသာ ကြည့်ရှုဖူးမြင်ကာ နေကြ၏၊ ငါ၏ တပင်တပန်း ဘားဗွမ်း အတတ်ပညာကို ပြသရခြင်းသည် သြ····အကျိုးမပြီး အချည်းနှီးသာ ဖြစ်ချေပေါ့တကား"ဟု ကြံစည်လေ၏။

မြတ်စွာဘုရားရှင်သည် ဥဂ္ဂသေန၏ စိတ်အကြံကို သိတော်မူ၍ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ခေါ်တော်မူပြီးလျှင် "သွား

http://www.dhammadownload.com



လော့ ချစ်သား မောဂ္ဂလာန် ···· 'ဘားဖွားမ်း အတတ်ပညာကို ဆက်၍ ပြစေချင်သတဲ့' ဟု သူဌေးသားကို ပြောကြားပါချေ"ဟု စေလွှတ်တော်မူလိုက်၏။ အရှင်မောဂ္ဂလာန်မထေရ်သည် သွား ရောက်၍ ဝါးပိုးလုံး၏ အောက်၌ ရပ်တည်တော်မူလျက် ဥဂ္ဂသေန သူဌေးသားကို ခေါ်ထော်မူ၍—

ဣင်္ဃ ပဿ နဋပုတ္တ၊
ဥဂ္ဂသေန မဟဗ္ဗလ။
ကရောဟိ ရင်္ဂံ ပရိသာယ၊
ဟာသယဿု မဟာဇနံ။

မဟဗ္ဗလ = လွန်စွာကြီးမား ခွန်အားရှိသော။ ဥဂ္ဂ-သေန နဋပုတ္တ = ဥဂ္ဂသေန-မည်ပြား အမောင် ဖွားမ်း သမား····၊ဣင်္ဃ = ငါတိုက်တွန်းပါ၏။ ပဿ = ရှုလော့။ ပရိသာယ = စည်းဝေးရောက် လတ် ပရိသတ်အား။ ရင်္ဂံ = အမောင်တတ်ကျွမ်းသည့် ဘားဖွားမ်းသဘင် ဆင်ယင်ကျင်းပမှုကို။ ကရောဟိ = စိတ်ချမ်းသာစွာ ပြုလုပ် ပါလော့။ မဟာဇနံ = လူများအပေါင်းကို။ ဟာသ-ယဿု = အံ့သြကြီးစွာ မထာမနာဥဒါန်း သံထင်လွှမ်း ဒအောင် ရွှင်လန်းဝမ်းမြောက်စေပါလော့"—

ဟူသော ဤ (အားပေး) ဂါထာကို ရွတ်ဆိုတော်မူလေ၏။

ဥဂ္ဂသေနသူဌေးသားသည် အရှင်မဟာမောဂ္ဂလာန်မထေရ် မြတ်၏ စကားကို ကြားရလေလျှင် အလွန်ပင် နှစ်သက်ရွှင်လန်း ဝမ်းမြောက်စိတ်ရှိလျက် "မြတ်စွာဘုရားရှင်သည် ငါ၏ ဘားဖွားမ်း အတတ်ပညာကို ကြည့်ရှုတော်မူလိုသည်ထင်ပါရဲ့" ဟု အောက်မေ့ ကြံစည်ကာ ဝါးလုံးထိပ်၌ ရပ်တည်ရင်းကပင်—

ဣင်္ဃ ပဿ မဟာပညာ၊
မောဂ္ဂလ္လာန မဟိဒ္ဓိက။
ကရောမိ ရင်္ဂံ ပရိသာယ၊
ဟာသယာမိ မဟာဇနံ။

http://www.dhammadownload.com



မဟာပညာ = ကြီးမြတ်လှစွာ ဉာဏ်ပညာ ရှိတော်မူသော။ မဟိဒ္ဓိက = အခေါင်လွန်မိုး တန်ခိုးရှင်ဖြစ်တော်မူသော။ မောဂ္ဂလ္လာန = မောဂ္ဂလာန်မည်တွင် အို အရှင်ဘုရား....။ ဥဿဇ် = တိုက်တွန်းစကား (တပည့်တော်) လျှောက်ထားပါ၏။ ပဿ = ရှုတော်မူပါလော့။ (အဟံ = ဥဂ္ဂသေနတွင်ခေါ် တပည့်တော်သည်။) ပရိ-ဿာယ = စည်းဝေးရောက်လတ် ပရိသတ်အား။ ရင်္ဂံ = ဘားဝွှမ်းသဘင် ဆင်ယင်ကျင်းပမှုကို။ ကရောမိ = စိတ်ချမ်းသာစွာ ပြုလုပ်ပါအံ့။ မဟာဇနံ = လူများအပေါင်းကို။ ဟာသယာမိ = အံ့သြကြီးစွာ ထောမနာဥဒါန်းသံ ထင် လွှမ်း အောင် ရွှင် လန်း ဝမ်း မြောက် စေ ပါအံ့ ဘုရား"—

ဟူသော ဤဂါထာကို ရွတ်ဆိုပြီးလျှင် ရပ်တည်နေရင်း ဝါးပိုးလုံးထိပ်မှ ကောင်းကင်သို့ ခုန်တက်ကာ ကောင်းကင်၌ပင် (၁၄) တဆယ့်လေးပတ်လည်အောင် ဝှမ်းပစ်လျက် ကောင်းကင်မှ သက်ခဲ့ကာ ဝါးပိုးလုံးထိပ်၌ပင် ရပ်တည်ကာ နေလေ၏။

## မြတ်စွာဘုရား တရားဟောတော်မူခြင်း

ထိုအခါ ဥဂ္ဂသေနသူဌေးသားကို မြတ်စွာဘုရားရှင်သည် "ချစ်သား ဥဂ္ဂသေန.... ပညာရှိသောသူမည်သည် ဖြစ်ပြီးသော ခန္ဓာငါးပါး, ဖြစ်လတ္တံ့သော ခန္ဓာငါးပါး, ဖြစ်ဆဲသော ခန္ဓာငါးပါးတို့၌ တွယ်တာငြိကပ် တပ်မက်မှုကို ပယ်စွန့်၍ ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ စသည်တို့မှ လွတ်မြောက်အောင် ကြိုးကုတ်အားထုတ်သင့်လှပေ၏" ဟု မိန့်ဆိုတော်မူပြီးလျှင်—

မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊
မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊
န ပုနံ ဇာတိဇရံ ဥပေဟိသိ။

http://www.dhammadownload.com



(ဥဂ္ဂသေန = ချစ်သား ဥဂ္ဂသေန····။) ပုရေ = ရှေးက ဖြစ်ပြီး ခန္ဓာငါးပါး ရုပ်နာမ်တရား၌။ (အာလယံ = တွယ်တာငြိကပ် တပ်မက်မှု=တဏှာလောဘကို။) မုဉ္စ = ပယ်ရှားဖျောက်ခွါစွန့်လွှတ်ပါလော့။ ပစ္ဆတော = နောင် အနာဂတ် ဖြစ်လတ္တံ့ ပြီး ခန္ဓာငါးပါး တို့၌ လည်း။ (အာလယံ = တွယ်တာငြိကပ် တပ်မက်မှု = တဏှာ လောဘကို။) မုဉ္စ = ပယ်ရှားဖျောက်ခွါစွန့်လွှတ်ပါလော့။ မဇ္ဈေ = အလယ်ခေါ်ပြီး ပစ္စုပ္ပန်ခန္ဓာငါးပါးတို့၌လည်း။ (အာလယံ = တွယ်တာငြိကပ် တပ်မက်မှု = တဏှာ လောဘကို။) မုဉ္စ = ပယ်ရှားဖျောက်ခွါစွန့်လွှတ်ပါလော့။ (ဧဝံသတိ = ဤသို့ ကာလသုံးပါးဝယ် ဖြစ်ပွါးသော ခန္ဓာ အစု၌ တွယ်တာမှု = လောဘတဏှာကို ပယ်ခွါစွန့်လွှတ်ရ သည်ရှိသော်။) ဘဝဿ = ကာမ, ရူပ, အရူပ ဟု ဘဝ သုံးပါး ဝဋ်ရထား၏။ ပါရဂူ = အဘိညာပါရဂူ, ပရိညာ ပါရဂူ, ပဟာနပါရဂူ, ဘာဝနာပါရဂူ, သစ္ဆိကိရိယာ ပါရဂူ=ဤပါရဂူငါးထောက် ကမ်းဆုံးရောက်သည်ဖြစ်၍။ သဗ္ဗတ္ထ = ခပ်သိမ်းဥဿုံ အလုံးစုံသော သင်္ခတတရားတို့၌။ ဝိမုတ္တမာနသော = ကျွတ်လွတ်သောစိတ်ရှိကာ နေထိုင်ရ သည်ဖြစ်၍။ ဇာတိဇရံ = ပဋိသန္ဓေတည်နေရခြင်း အိုခြင်း နာခြင်း သေခြင်း ဘေးဒုက္ခခပင်းသို့။ နပုနဥပေဟိသိ = တဖန် ထပ် လျောက် သင် ချစ် သား မ ကပ် ရောက် ရ လတ္တံ့။"—

ဟူသော ဤတရားဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာနိဂုံး ကမ္ပတ်ဖုံးသောအခါ ရှစ်သောင်းလေးထောင် သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင် ကြလေကုန်၏။ ဥဂ္ဂသေန သူဌေးသားသည်လည်း ဝါးလုံးထိပ်၌ ရပ်တည်ရင်းပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တ- ဖိုလ်သို့ ရောက်ရှိ၍ (= ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍) ဝါးလုံးမှ သက်ဆင်းကာ မြတ်စွာဘုရားရှင်အထံတော်သို့ လာရောက်ပြီး

http://www.dhammadownload.com



လျှင် တည်ခြင်းငါးပါးဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းအဖြစ်ကို တောင်းပန်လေ၏၊ ထိုအခါ ဥဂ္ဂသေနသူဌေးသားကို မြတ်စွာဘုရားရှင်သည် လက်ျာလက်တော်ကို ဆန့်ထုတ်တော်မူ၍ "ဧဟိ ဘိက္ခု" ဟူ၍ ခေါ်တော်မူလိုက်လေလျှင် ထိုခဏ၌ပင် ဥဂ္ဂသေနသူဌေးသားသည် ကခြေသည် ပွမ်းသမား၏ အသွင်ပျောက်ကာ ပရိက္ခရာရှစ်ပါး ဝတ်ရုံဆင်မြန်းပြီးဖြစ်ကာ ဝါတော်ခြောက်ဆယ်(=သက်တော်ရှစ်ဆယ်)ရှိပြီး မထေရ်ကြီးကဲ့သို့ အပြီးတိုင် ရဟန်းဖြစ်၍သွားလေတော့၏။

### ရဟန်းများက ကြောက်, မကြောက် မေးမြန်းကြခြင်း

ထိုအခါ ဥဂ္ဂသေန ရဟန်းကို အဖော်ရဟန်းတို့က "ငါ့ရှင်ဥဂ္ဂသေန···· အတောင်ခြောက်ဆယ် မြင့်မားသော ဝါးလုံးထိပ်မှ သက်ဆင်းလာသောအခါ သင့်မှာ ကြောက်ရွံ့ခြင်းမည်သည် မဖြစ်ဘူးလော"ဟု မေးမြန်းကြသည်တွင် "ငါ့ရှင်တို့····ငါ့မှာ ကြောက်ရွံ့ခြင်း စိုးစဉ်းမျှ မရှိချေ"ဟု ဥဂ္ဂသေနရဟန်းက ဖြေဆိုသော အခါ အဖော်ရဟန်းတို့သည် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ဥဂ္ဂသေန ရဟန်းသည် စိုးစဉ်းမျှ မကြောက်ဟူ၍ ပြောဆိုပါသည်၊ မဟုတ်မမှန် ပြောကြား၍ အရဟတ္တဖိုလ်ကို ရရှိကြောင်း ပြောဆိုဝန်ခံမှု ပြုပါသည်"ဟု လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် "ချစ်သားရဟန်းတို့···· ငါ၏ သားတော် ဥဂ္ဂသေန ရဟန်းနှင့်တူကုန်သော သံယောဇဉ်ဆယ်ပါးကို ပယ်ရှားဖြတ်တောက်ကြပြီးသော အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြသည့် ရဟန်းတို့သည် တစိုးတစိ ကြောက်ရွံ့ထိတ်လန့်ခြင်း အလျှင်းပင် မရှိကြကုန်"ဟူ၍ ထောက်ခံစကား မိန့်ကြားတော်မူပြီးလျှင် ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ် (ဂါ၊၁၇၀) ၌—

သဗ္ဗသံယောဇနံ ဆေတွာ၊ ယော ဝေ န ပရိတဿတိ။
သင်္ဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

http://www.dhammadownload.com



(ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့….။) ယော = အကြင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်သော ရဟန်းသည်။ ဝေ = စင်စစ်။ သဗ္ဗသံယောဇနံ = သံယောဇဉ် ဆယ်မျိုး လွန်ရှည်ကြိုးကို။ ဆေတွာ = အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက် လွှင့်ဖျောက် အကြွင်းမဲ့ဖြတ်တောက်၍။ န ပရိတဿတိ = လောဘ ဟိတ်ဖြင့် မကြောက် မထိတ်ချေ။ သင်္ဂါတိဂံ = ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ကိလေသ, ဒုစ္စရိတအား = ခုနစ်ပါးသောသင်္ဂတရားကို ကျော်လွှား လွန်မြောက်ပြီး သော။ ဝိသံယုတ္တံ = ယောဂလေးသင်း ယှဉ်စပ်ခြင်းတို့ အလျှင်းမရှိသော။ တံ = ထိုရဟန္တာပုဂ္ဂိုလ်ကို။ အဟံ = ငါဘုရားသည်။ ဗြာဟ္မဏံ = ထိုထိုပါပ မကောင်းမှုဟူသမျှ ကို အပပြုပြီး ပယ်စွန့်ပြီး၍ ဘုန်းမီးလျှံပ ဗြာဟ္မဏာခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍။ ဗြူမိ = ချီးမွမ်းနှုတ်ဖျား ဟောကြား ပေ၏။—

ဟူသော ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာနိဂုံး ကမ္ဘတ်ဖုံးသောအခါ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ ရောက်ကြလေကုန်၏။

### ဥဂ္ဂသေန၏ ရှေးအတိတ်က အကြောင်း

ထို့နောက်တဖန် တနေ့သ၌ ရဟန်းတော်အပေါင်းတို့သည် တရားဆွေးနွေးရာ ဓမ္မသဘင်(= ခန်းမဆောင်)၌ "ငါ့ရှင်တို့…. ဤသို့ အရဟတ္တဖိုလ်ရခြင်း၏အကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံ သော အရှင်ဥဂ္ဂသေနရဟန်း၏ ကခြေသည်မကို အမှီပြုကာ ကခြေသည်တို့နှင့် အတူတကွ လှည့်လည်ရခြင်း၏ အကြောင်းကား အဘယ်သို့လေနည်း၊ အရဟတ္တဖိုလ်၏ ဥပနိဿယည်း အားကြီး သောအကြောင်းကား အဘယ်သို့လေနည်း" ဟု ဆွေးနွေးစကား ဖြစ်ပွါးစေကြလေကုန်၏။ မြတ်စွာဘုရားရှင်သည် တရားသဘင်သို့ ကြွလာတော်မူ၍ "ရဟန်းတို့…. သင်တို့သည် ယခုအခါ အဘယ်

http://www.dhammadownload.com



စကားဖြင့် စည်းဝေးညီမူ၍ နေကြကုန်သနည်း" ဟု မေးတော်မူ၍ ရဟန်းများက ဤမည်သောစကားဖြင့် စည်းဝေးညီမူကြကြောင်း ပြန်ကြားလျှောက်ထားအပ်လေသော် "ရဟန်းတို့.... ကခြေသည်တို့နှင့် အတူတကွ လှည့်လည်ကပြရခြင်း၏အကြောင်း, အရဟတ္တဖိုလ်ကို ရခြင်း၏အကြောင်း နှစ်ပါးစုံကို ဤဥဂ္ဂသေနသည်ပင် ပြုအပ်ခဲ့လေပြီ" ဟု အကျဉ်းစကား မိန့်ကြားတော်မူ၍ ထို အကြောင်းကို အကျယ်ပြတော်မူအံ့သောငှါ အတိတ်ဖြစ်ရပ်ကို ဤ ဆိုလတ္တံ့သောအတိုင်း ထုတ်ဆောင် ဟောကြားတော်မူ လေ၏။

ရှေးလွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ ရွှေစေတီတော်မြတ် တည်ထားပြုလုပ်အပ်သည်ရှိသော် ဗာရာဏသီပြည်၌ နေထိုင်ကြသော အမျိုးသား အမျိုးသမီးတို့သည် များစွာသော ခဲဖွယ်ဘောဇဉ်ကို ကိုယ်စီကိုယ်ငှ လှည်းယာဉ်ငယ်များ၌ တင်ဆောင်ကြ၍ "လက်အမှုကို ငါတို့ပြုကြကုန်အံ့ = လုပ်အားဖြင့် ပူဇော်ကြကုန်အံ့" ဟု စေတီတော်တည်ရာအရပ်သို့ သွားကြကုန်သည်ရှိသော် လမ်းခရီးအကြား၌ ဆွမ်းခံဝင်သော မထေရ်တပါးကို ဖူးတွေ့ကြရလေကုန်၏။

ထိုအခါ အမျိုးသမီးတယောက်သည် ဆွမ်းခံဝင်သောမထေရ်ကို ဖူးမြင်ရလေသော် ကြည်ညိုသော စိတ်ရှိရကား "အရှင်.... မထေရ်မြတ်သည် ဆွမ်းခံဝင်တော်မူဆဲဖြစ်၏၊ ငါတို့၏လှည်းယာဉ်၌လည်း ခဲဖွယ်ဘောဇဉ်ကား များလှပါ၏၊ ထိုမထေရ်မြတ်၏ သပိတ်ကို သွားရောက်ယူဆောင်ပါလော့၊ ဆွမ်းလှူကြပါကုန်" ဟု၍ လင်ယောကျ်ားအား ပြောကြားလေ၏။ ထိုအမျိုးကောင်းသား လင်ယောကျ်ားသည် မထေရ်၏သပိတ်ကို သွားရောက်ယူဆောင်ခဲ့၍ ခဲဖွယ်ဘောဇဉ် အပြည့်ထည့်ပြီးလျှင် မထေရ်၏လက်၌ သပိတ်ကို ကပ်ပြီးနောက် ဇနီးမောင်နှံ နှစ်ယောက်လုံးပင် "အရှင်ဘုရား.... ဤကောင်းမှုကြောင့် အကျွန်ုပ်တို့ ဇနီးမောင်နှံ နှစ်ဦးသားတို့သည် အရှင်ဘုရားတို့ သိမြင်အပ်သော လောကုတ္တရာ

http://www.dhammadownload.com



တရားအဖို့ဝေစု ရသည့်ကိုယ် ဖြစ်ပါလိုကုန်၏" ဟူ၍ ဆုတောင်း ပန်ထွာမှု ပြုကြလေကုန်၏။

ဆွမ်း ခံ သော မ ထေရ် မြတ် ကား သာ မန် ရ ဟန်း မ ဟုတ်၊ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သည်၊ ထို့ကြောင့် ထိုသူတို့ ဆုတောင်း ပြည့်မည် မပြည့်မည်ကို အနာဂတံသဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူလေလျှင် ထိုသူနှစ်ဦးတို့၏ တောင့်တပန်ထွာမှု ဆုတောင်းချက်ပြည့်စုံမည်ကို သိရှိတော်မူ၍ ပြုံးရွှင်မှုကို ပြုတော်မူလေ၏။ ထိုသို့ ရဟန္တာမထေရ်မြတ် ပြုံးတော်မူသည်ကိုမြင်လတ်၍ ထိုအမျိုးသမီးသည် မိမိ၏လင်ယောကျ်ားကို "အို အရှင်…. အကျွန်ုပ်တို့၏ ဆွမ်းအလှူခံ အရှင်မြတ်သည် ပြုံးရွှင်မှုကို ပြုတော်မူ၏၊ ကခြေသည်တဦး ဖြစ်ပေလိမ့်မည်" ဟု ပြောဆိုလေသော် လင်ယောကျ်ားဖြစ်သူကလည်း "ရှင်မ…. အေး ဟုတ်ပေသည်၊ ရှင်မပြောသည့် အတိုင်း ကခြေသည်တဦး ဖြစ်ပေလိမ့်မည်" ဟု စိတ်သဘောတူစွာ ပြောကြား၍ ဖဲသွားလေ၏။ ဤသည်ကား ထို ဥဂ္ဂသေနတို့ ဇနီးမောင်နှံနှစ်ဦးသား၏ ရှေးအတိတ်ကံပေတည်း။

ထိုဇနီးမောင်နှံ နှစ်ဦးသားတို့သည် ထိုဘဝ၌ အသက်တမ်း အတိုင်း တည်နေကြပြီး ထိုဘဝမှစုတေ သေလွန်ကြလေသော် နတ်ပြည်၌ ဖြစ်ကြ၍ ထိုနတ်ပြည်မှ စုတေ နတ်သက်ကြွေခဲ့၍ ထို အိမ့်ရှင်မ အမျိုးသမီးသည် ယခုနောက်ဆုံး ပစ္ဆိမဘဝ၌ ဘားရှုမ်း ဆရာကြီး၏သမီး ဘားရှုမ်းကခြေသည်မကလေး ဖြစ်လာလေ သည်။ အိမ်ရှင် ယောကျ်ားဖြစ်သူသည် ယခုနောက်ဆုံး ပစ္ဆိမ ဘဝ၌ ရာဇဂြိုဟ်ပြည်ဝယ် သူဌေးသား ဥဂ္ဂသေန ဖြစ်လာလေ သည်။ ဥဂ္ဂသေနသည် ထိုစဉ်အခါ၌ "ရှင်မ….အေး ဟုတ်ပေသည်၊ ရှင်မပြောသည့်အတိုင်း ကခြေသည်တဦး ဖြစ်ပေလိမ့်မည်" ဟု အိမ်ရှင်မအား စိတ်သဘောတူအဖြေစကား ပေးမှားခဲ့လေသော ကြောင့် သူဌေးသားဖြစ်ပါလျက် ယခုဘဝဝယ် ကခြေသည်တို့နှင့် အတူ လှည့်လည်ကပြရလေသည်။ အာသဝေါကုန်ခန်း ရဟန္တာ အရှင်မြတ်အား သဒ္ဓါကြည်ဖြူ ဆွမ်းလှူခဲ့သောကောင်းမှုကို အမှီ ပြု၍ ရဟန္တာအဖြစ်သို့ ရောက်ရလေသည်။

http://www.dhammadownload.com



### ကခြေသည်မကလေးလည်း ရဟန္တာထေရီမဖြစ်ခြင်း

သူဌေးသား ဘားဂွမ်းသမား ဥဂ္ဂသေန ရဟန္တာဖြစ်၍ ဟော်ဘိက္ခု ရဟန်းပြုလေသော် ဥဂ္ဂသေန၏ ဇနီးဖြစ်သော ကခြေသည်မကလေးသည်လည်း "ငါ့အရှင် လင်ယောကျ်ား ဥဂ္ဂသေနသူဌေးသားဂွမ်းသမား၏ အကြင်ဉာဏ်အလားသည် ရှိ၏၊ ငါ၏ ဉာဏ်အလားသည်လည်း ငါ့အရှင်လင်ယောကျ်ား၏ ဉာဏ်အလားအတိုင်းပင် ဖြစ်ပေလိမ့်မည်" ဟု ရှေးကုသိုလ်နိုးဆော် အကြံကောင်းဖြစ်ပေါ်၍ ဘိက္ခုနီမတို့ထံ ရဟန်းမ ပြုလေ၏။ ထိုသို့ ရဟန်းမ ပြုပြီးနောက် ရဟန်းတရားပွါးများကြိုးကုတ် အားထုတ်သဖြင့် အာသဝေါကုန်ခန်း ရဟန္တာထေရီမ အဖြစ်သို့ ရောက်လေ၏။

ဥဂ္ဂသေန၏ ရှေးအတိတ်ကံ အကြောင်း
ပြီး၏။

---

### ကပိလဝတ်သာကီဝင်မင်းတို့နှင့် ကောလိယသာကီဝင်မင်းတို့ ရောဟိဏီမြစ်ကို အမှီပြု၍ ရန်စစ်ဖြစ်ကြခြင်းအကြောင်း

ကပိလဝတ်သာကီဝင်မင်းတို့နှင့် ကောလိယ သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည် နှစ်ပြည်ထောင်တို့အကြား ရောဟိဏီ မည်သောမြစ် (=ရောဟိဏီ မည်သောချောင်း)ကို ကန်ဘောင်ဆည်ရိုး တခုတည်းဖြင့် ဆို့ပိတ်ဆီးတားကြလျက် နှစ်ဦးနှစ်ဖက် သင့်တင့်ညီညွတ်စွာ သူတခါကိုယ်တလှည့် ရေကို ဆောင်သွင်း၍ လယ်လုပ်ခြင်းအမှုကို ပြုကြကုန်၏။

ထိုအခါ နယုန်လ၌ ရေအင်အား နည်းပါးသဖြင့် ကောက်စပါးပင်များ ညှိုးနွမ်းကုန်လတ်သော် နှစ်ပြည်ထောင်သား လယ်သမားတို့သည် အစည်းအဝေးပြုလုပ်ကြ၍ ထိုအစည်းအဝေး၌ ကောလိယပြည်သား လယ်သမားတို့က—

"အချင်းတို့…၌ဆည် (ဆယ်) အတွင်းရှိ အနည်းငယ်သော ရေကို နှစ်ဦးနှစ်ဖက် ခွဲဝေ ယူဆောင်ကြလျှင်

http://www.dhammadownload.com



သင်တို့အတွက်လည်း လုံလောက်လိမ့်မည်မဟုတ်၊ ငါတို့အတွက်လည်း လုံလောက် လိမ့်မည် မဟုတ်၊ ငါတို့၏ ကောက်ပင်များကား ရေတကြိမ်သွင်းသဖြင့်ပင် မှည့်ရင့်အောင်မြင်ပါလိမ့်မည်၊ ထို့ကြောင့် ဤအနည်းငယ်သော ရေကို ငါတို့အား ပေးကြပါကုန်"—

ဟူ၍ တင်ပြပြောဆိုကြလေသည်။ ကပိလဝတ်ပြည်သား လယ်သမားတို့ကလည်း—

"အချင်းတို့····သင်တို့သည် မိမိတို့၏ စပါးကျီကြတို့ကို စပါးအပြည့်ထည့်ကြကာ စိတ်အေး လက်အေး တည်နေကြသည့်အခါ ငါတို့သည် (မျက်နှာငယ်ဖြင့်) ရွှေ ငွေ အသပြာ ရတနာတို့ကို ယူဆောင်ကြကာ တင်းတောင်း အိတ်ခွံစသည်တို့ကို လက်စွဲကြကုန်လျက် သင်တို့၏ အိမ်ပေါက်ဝ၌ လှည့်လည်၍ မဝယ်နိုင်ကြပါ၊ ငါတို့၏ ကောက်ပင်များသည်လည်း ရေတကြိမ် သွင်းသဖြင့်ပင် မှည့်ရင့်အောင်မြင်ပါလိမ့်မည်၊ ထို့ကြောင့် ဤအနည်းငယ်သော ရေကို သင်တို့ ခယူကြပဲ ငါတို့အား ပေးကြပါကုန်"—

ဟူ၍ တင်ပြပြောဆိုကြလေသည်။ ထိုအခါ တဖက်နှင့်တဖက် အကြိတ်အနယ် ဖြစ်ကြကာ "ငါတို့က ဘယ်နည်းနှင့်မျှ ပေးမည်မဟုတ်၊ (အခြားတဖက်ကလည်း)ငါတို့ကလည်း ဘယ်နည်းနှင့်မျှ ပေးမည်မဟုတ်" ဟူ၍ အငြင်းပွားကြပြီးလျှင် လယ်သမားတယောက်က တဖက်မှ လယ်သမားတယောက်အား ရိုက်နှက်ပုတ်ခတ်လေ၏၊ အရိုက်ခံရသော လယ်သမားကလည်း အခြားတဖက် လယ်သမားအား ရိုက်နှက်ပြန်လေ၏၊ ဤနည်းဖြင့် လယ်သမား အချင်းချင်း အပြန်အလှန်ရိုက်နှက် ပုတ်ခတ်ရာမှ အစပြုကာ ( အမှိုက်က စ၍ ပြာသာဒ်ကို မီးလောင်သည့် အလား) မင်းတို့၏ အမျိုးဇာတ်ကို ထိခိုက်ပြောဆိုကြကာ ခိုက်ရန်ပွါးကြလေကုန်၏။ ပွါးကြပုံမှာ—

http://www.dhammadownload.com



"အမောင်တို့က ကပိလဝတ် သာကီဝင်မင်းတို့ကို အားကိုးတခုအမှီပြုယူကြကာ ကြုံးဝါးကြဘိ၏၊ မောင်တို့ အားကိုးသည့် ယင်းကပိလဝတ် သာကီဝင်မင်းတို့ကား အိမ်ခွေး တောခွေးများပမာ မိမိ၏ နှမရင်းများနှင့် အိမ်ထောင်ဖက် ပြုကြကုန်၏၊ ထို သာကီဝင်မင်းတို့၏ ဆင်များ, မြင်းများ, ကာလက်နက်များသည် ငါတို့ အဖို့ရာ ဘာများပြုလုပ်နိုင်စွမ်းမည်နည်း"—

ဟု ကောလိယမင်းတို့၏ လယ်သမားများက ထိပါးပြောဆိုကြလေသော် ကပိလဝတ် သာကီဝင်မင်းတို့၏ လယ်သမားများကလည်း—

"အမောင်တို့က ရောဂါကြီးစွဲသူ အနူကလေးတွေကို လက်ကိုင်ထားပြီး ငါတို့အား ယခု ကြုံးဝါးကြခြင်း ဖြစ်သည်၊ မောင်တို့အားကိုးသည့် ယင်းကောလိယမင်းတို့ကား ပြည်နှင်ဒဏ် ခံရသဖြင့် ကိုးကွယ်ရာမရှိကြပဲ တိရစ္ဆာန်တို့ကဲ့သို့ ကလောပင်ခေါင်း၌ ခိုအောင်းနေထိုင်ကြရသူများဖြစ်သည်၊ ထိုကောလိယမင်းတို့၏ ဆင်များ, မြင်းများ, ကာလက်နက်များသည် ငါတို့အဖို့ရာ ဘာများ ပြုလုပ်နိုင်စွမ်းမည်နည်း"—

ဟု အညှံ့မခံ ရန်တွေ့စကား ပြောကြားကြပြန်လေသည်။ ထို နှစ်ဖက်သော လယ်သမားတို့သည် မြို့သို့ အသီးအသီး ပြန်သွားကြပြီးလျှင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အမတ်ကြီးတို့အား တိုင်ကြားပြောဆိုကြသဖြင့် မင်းတို့၏နားအထိ ထိုသတင်း ပေါက်ရောက်လေသော် "နှမတို့နှင့်အတူ အိမ်ထောင်ဖက် ပြုကြသော ငါတို့၏ စွမ်းရည်နှင့်အင်အားကို ထင်ရှားပြကုန်အံ့" ဟု ကြုံးဝါးကာ သာကီဝင်မင်းတို့က စစ်ဆင်ကြလျက် ပြည်မှ ထွက်ခဲ့ကြကုန်၏။ ကောလိယမင်းတို့လည်း "ကလောပင်ခေါင်း အောင်းသော ငါတို့၏ စွမ်းရည်နှင့်အင်အားကို ထင်ရှားပြကြကုန်အံ့" ဟု ကြုံးဝါးကာ စစ်ကြီးဆင်လျက် ပြည်မှ ထွက်ခဲ့ကြကုန်၏။

http://www.dhammadownload.com



ထိုအချိန်၌ကား မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူဆဲဖြစ်သည်။ သာကီဝင်မင်း ကောလိယမင်း နှစ်ပြည်ထောင်မင်းတို့ ညနေချမ်းအချိန် စစ်ဆင်၍ထွက်ကြတော့မည့် ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်အားကြီး လင်းခါနီး၌ သတ္တလောကကို ကြည့်ရှုတော်မူလတ်သည်တွင် ဤနှစ်ပြည်ထောင်မင်းတို့ စစ်ကြီးခင်းလျက် ထွက်ကြမည့်အရေးကို မြင်တော်မူပြီးလျှင် "ငါဘုရား ကြွသွားသော် ဤခိုက်ရန်မှုသည် ငြိမ်းလိမ့်မည်လော, မငြိမ်းလိမ့်မည်လော" ဟု ဆင်ခြင်တော်မူသောအခါ "ငါဘုရားသည် နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းကြမည့်အရပ်သို့ သွားရောက်ပြီးလျှင် ခိုက်ရန်မှု ငြိမ်းစိမ့်သောငှါ ဖန္ဒနဇာတ်, ဒုဒ္ဒုဘဇာတ်, လဋုကိကဇာတ် = ဤဇာတ်သုံးဇာတ်တို့ကို ဟောဆိုရလိမ့်မည်၊ ထိုအခါ ခိုက်ရန်မှုသည် ငြိမ်းအေးပေလိမ့်မည်။ ထို့နောက် ညီညွတ်ခြင်း၏အကျိုးကို ပြဆိုရန် ရုက္ခဓမ္မဇာတ်, ဝဋ္ဋကဇာတ် = ဤနှစ်ဇာတ်တို့ကို ဟောပြီးလျှင် အတ္တဒဏ္ဍသုတ်ကို ဟောဆိုရလိမ့်မည်။ တရားဒေသနာကို ကြားနာကြပြီးလျှင် နှစ်ပြည်ထောင်မင်းတို့သည် တဖက် တဖက်လျှင် နှစ်ရာ့ငါးဆယ် နှစ်ရာ့ငါးဆယ်စီသော မင်းသားတို့ကို ငါဘုရားအား ရဟန်းပြုရန် ပေးကြလိမ့်မည်။ ငါဘုရားသည် ထိုမင်းသားငါးရာတို့ကို ရဟန်းပြုပေးရလိမ့်မည်၊ ထိုအခါ မဟာသမယ အစည်းအဝေးကြီး ဖြစ်လိမ့်မည်" ဟု ဆုံးဖြတ်ပိုင်းခြား ထင်ရှားစွာ သိတော်မူလေ၏။

ထိုသို့ ဆုံးဖြတ်တော်မူပြီးလျှင် စောစောပင် ကိုယ်လက်သုတ်သင်ခြင်းအမှု ပြုပြီးနောက် သာဝတ္ထိပြည်အတွင်း ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းခံရာမှ ပြန်ကြွတော်မူလာသောအခါ ညနေချမ်းအချိန်ဝယ် ဂန္ဓကုဋီတိုက်တော်မှ ထွက်ကြွတော်မူ၍ တဦးတယောက်အားမျှ ပန်ကြားပြောဆိုမှု ပြုတော်မမူပဲ ကိုယ်တော်တိုင်ပင် သပိတ်သင်္ကန်းကို ယူဆောင်ကာ ကြွတော်မူ၍ နှစ်ဖက်သောစစ်တပ်တို့၏အကြား အထက်ကောင်းကင်၌ ထက်ဝယ် (တင်ပလ္လင်) ဖွဲ့ခွေ နေတော်မူပြီးလျှင် ထိုနှစ်ပြည်

http://www.dhammadownload.com



ထောင်မင်းတို့အား သံဝေဂဖြစ်စေရန် နေ့ခင်းကြောင်တောင် အမှောင်ကြီး ကျရောက်စေရန် ဆံတော်မှ နီလရောင်ခြည်တော်များကို လွှတ်တော်မူလျက် ထိုင်နေတော်မူ၏။

ထိုအခါ နှစ်ပြည်ထောင်မင်းတို့ ထိတ်လန့်ကြစဉ်ပင် ကိုယ်တော်ကို ထင်စွာပြ၍ အဆင်းခြောက်ပါးရှိသော ဗုဒ္ဓရောင်ခြည်တော်တို့ကို လွှတ်တော်မူလေ၏။

### နှစ်ပြည်ထောင်မင်းတို့ လက်နက်များကို စွန့်ပစ်ကြခြင်း

ကပိလဝတ်သာကီဝင်မင်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရလျှင်ပင် "ငါတို့၏ ဆွေမျိုးမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကြွတော်မူလာပြီ၊ မြတ်စွာဘုရားသည် ငါတို့၏ ခိုက်ရန်မှုပြုကြကြောင်းကို ကောင်းစွာမြင်အပ်လေသလော"ဟု ကြံစည်ကြ၍ "ငါတို့သည် မြတ်စွာဘုရား ကြွလာတော်မူစဉ် ဘုရားမျက်မှောက်၌ သူတပါး၏ ကိုယ်ပေါ်၌ လက်နက်ကို ပစ်ချဖို့ရန် လုံးဝမလျော်ကန် မထိုက်တန်။ ကောလိယမင်းတို့သည် ငါတို့ကို သတ်လိုမူ သတ်ကြကုန်စေ၊ ဖမ်းလိုမူ ဖမ်းကြကုန်စေ" ဟု တိုင်ပင်ဆုံးဖြတ်ကြကာ လက်နက်များကို စွန့်ပစ်၍ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးနေထိုင်ကြလေကုန်၏။

ကောလိယမင်းတို့သည်လည်း ထိုနည်းအတူပင် ကြံစည်ကြ၍ လက်နက်များကို စွန့်ပစ်ကြကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးနေထိုင်ကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ကောင်းကင်မှ သက်ဆင်းတော်မူ၍ မွေ့လျော်ဖွယ်ကောင်းသော သဲသောင်ပြင်အရပ်ဝယ် ခင်းထားအပ်သော ဘုရားနေရာတော်၌ အတုမရှိသော ဘုရား အသရေတော်ဖြင့် တင့်တယ်တော်မူလျက် ထိုင်နေတော်မူလေ၏။

### ရန်ငြိမ်းကြောင်း တရားဒေသနာ

မြတ်စွာဘုရားသည် သိတော်မူလျက်ပင် "မြတ်သောမင်းအပေါင်းတို့.... သင်တို့သည် အဘယ့်ကြောင့် ဤအရပ်သို့ လာ

http://www.dhammadownload.com



ရောက်ကြသနည်း” ဟု မေးတော်မူလေလျှင် နှစ်ပြည်ထောင်မင်းတို့သည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· တပည့်တော်များသည် မြစ်ကို ကြည့်ရှုရန်လည်း လာကြသည်မဟုတ်ပါ၊ ရေကစားရန်လည်း လာကြသည်မဟုတ်ပါ၊ စင်စစ်သော်ကား ဤသဲသောင်ပြင်၌ စစ်ကြီးခင်းရန် လာကြပါကုန်သည်ဘုရား” ဟု ပြန်ကြားလျှောက်ထားကြလေကုန်၏။

တဖန် မြတ်စွာဘုရားက “မြတ်သော မင်းအပေါင်းတို့···· အဘယ်ဝတ္ထုကို အမှီအကြောင်းပြု၍ သင်မင်းတို့၏ ခိုက်ရန်မှုသည် ဖြစ်သနည်း”ဟု မေးတော်မူလေလျှင် နှစ်ပြည်ထောင် မင်းတို့သည်“ ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ရောဟိဏီဆည်ချောင်းရေကို အမှီအကြောင်းပြု၍ ခိုက်ရန်မှု ဖြစ်ပါသည်ဘုရား” ဟူ၍ ပြန်ကြားလျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားက “မြတ်သော မင်းအပေါင်းတို့···· ရောဟိဏီဆည်ချောင်းရေသည် အဘယ်မျှ အဖိုးထိုက်သနည်း” ဟု မေးတော်မူလေလျှင် နှစ်ပြည်ထောင်မင်းတို့က “ဘုန်းတော်ကြီးသော မြတ်စွာဘုရား ···· ရောဟိဏီ ဆည်ချောင်း ရေမှာ အနည်းငယ်မျှသာ အဖိုးထိုက်တန်ပါသည်”ဟု ပြန်ကြားလျှောက်ထားကြသဖြင့် တဆင့်တက်၍ မြတ်စွာဘုရားက “မြတ်သောမင်းအပေါင်းတို့····မြေကြီးသည် မည်မျှ အဖိုးထိုက်တန်သနည်း”ဟု မေးတော်မူလေသော် နှစ်ပြည်ထောင်မင်းတို့သည်“အဖိုးအတိုင်းမသိ ထိုက်တန်ပါသည် ဘုရား” ဟူ၍ ပြန်ကြား လျှောက်ထားကြလေသည်။

ထိုအခါ မြတ်စွာဘုရားက တိုက်ရိုက်အားဖြင့်“မြတ်သောမင်းအပေါင်းတို့···· ခတ္တိယနွယ်ရိုး မင်းအမျိုးတို့သည် အဖိုးမည်မျှ ထိုက်တန်ကုန်သနည်း”ဟု မေးတော်မူလေလျှင် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ခတ္တိယနွယ်ရိုး မင်းအမျိုးတို့သည် အဖိုးအတိုင်းမသိ ထိုက်တန်ပါကုန်သည်ဘုရား”ဟူ၍ နှစ်ပြည်ထောင်မင်းတို့က တညီတညွတ်တည်း ဖြေကြားလျှောက်ထားသောအခါ မြတ်စွာဘုရားသည်—

http://www.dhammadownload.com



"မြတ်သော မင်းအပေါင်းတို့….အဖိုး အနည်းငယ်မျှသာ ထိုက်တန်သော ရောဟိဏီဆည်ချောင်းရေကို အမှီပြု၍ အဘယ့်ကြောင့် အဖိုးအနန္တ ထိုက်တန်လှသည့် ခတ္တိယနွယ်ရိုး မင်းအမျိုးတို့ကို ဖျက်ဆီးလိုကြဘိသနည်း၊ မှန်၏—ခိုက်ရန်ငြင်းပွါး အချင်းများခြင်း၌ အစိုးတစိ သာယာဖွယ် မရှိချေ၊ မြတ်သော မင်းအပေါင်းတို့…. ခိုက်ရန်ငြင်းပွါး အချင်းများသောအားဖြင့် တဦးသော ရုက္ခစိုးနတ်၏ ဝက်ဝံတကောင်နှင့် ဖွဲ့အစ်သော ရန်ငြိုးသည် ဤဘဒ္ဒကပ်ကမ္ဘာတခုလုံး အစဉ်တစိုက် လိုက်ပါရောက်ရှိခဲ့ဘူးလေပြီ"—

ဟူ၍ မိန့်တော်မူပြီးလျှင် (တေရသကနိပါတ်လာ) ဖန္ဒနဇာတ်ကို ဟောတော်မူလေ၏။ ဖန္ဒနဇာတ် အကျဉ်းချုပ်ကား—

### ဖန္ဒနဇာတ်ကို ဟောတော်မူခြင်း

မြတ်သော မင်းအပေါင်းတို့ …. ရှေးလွန် လေပြီးသော အခါ ဗာရာဏသီပြည်အရပ်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် မြို့ပြင်ပ၌ လက်သမားရွာတခု ရှိလေသည်။ ထိုရွာ၌ ပုဏ္ဏားလက်သမား တယောက်သည် တောမှ သစ်ပျဉ်တို့ကို ယူဆောင်ပြီးလျှင် ရထားပြုလုပ်ရောင်းချကာ အသက်မွေးမှု ပြုလုပ်၏။

ထိုအခါ ဟိမဝန္တာအရပ်၌ ကြို့ပင်ကြီးတပင် ရှိလေသည်၊ ဝက်ဝံတကောင်သည် တောအရပ်ဝယ် အစာရှာမှီး စားသောက်ပြီးလျှင် လာလတ်၍ ထိုကြို့ပင်ကြီးအောက်၌ ချမ်းသာစွာ အိပ်နေလေ၏၊ တနေ့သ၌ လေပြင်း တိုက်လတ်သော် ကြို့ပင်ကိုင်းခြောက်တခုသည် ကျိုးပြတ်၍ ဝက်ဝံ၏ ကျောက်ကုန်းထက်၌ ဖိမိလေ၏။ ဝက်ဝံသည် ကျောက်ကုန်းအနည်းငယ် နာကျင်ကာ အလန့်တကြားထ၍ ပြေးသွားပြီးလျှင် တဖန်ပြန်လှည့်၍ လာလမ်းကို ကြည့်ရှုစုံစမ်းသည်ရှိသော် ရန်သူတစုံတရာကို မမြင်သဖြင့်—

"ငါ့ကို လိုက်ပါဖမ်းအုပ်သည့်ရန်သူ ခြင်္သေ့, သစ်, ကျား တဦးသားမျှ မရှိချေ၊ စင်စစ်သော်ကား ဤကြို့ပင်၌

http://www.dhammadownload.com



ဖြစ်ပွါးနေထိုင်သော ရုက္ခစိုးနတ်သည် ငါ ကြို့ပင်အောက်၌ အိပ်နေသည်ကို မနာလိုမနှစ်သက်လေယောင်တကား၊ ရှိစေဦးတော့၊ ငါကား စဉ်းစား၍ လက်စားချေအံ့”ဟု အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့ကာ ကြို့ပင်ကိုအစွယ်ဖြင့်ထိုး လက်သည်းဖြင့်ကုပ် ပုတ်ခတ်ပြီးလျှင် “ငါသည် သင့်သစ်ပင်၏ အရွက်ကိုလည်း မစား၊ အကိုင်းကိုလည်း ငါမချိုး၊ ဤကြို့ပင်အောက်၌ ငါမှတပါး နေကြသည့် သားကောင်များကို သင်တား နာလို၏၊ ငါ့ကိုကား သင်မနာလို၊ ငါ့မှာ ဘာအပြစ်ရှိသနည်း၊ နှစ်ရက် သုံးရက်မျှ ဆိုင်းတွင့်လင့်ဦး၊ (နှစ်ရက် သုံးရက်ကြာလျှင်) သင်ရုက္ခစိုး၏ ကြို့ပင်ကို အမြစ်ပါမကျန် နုတ်စေပြီးလျှင် အပိုင်းအပိုင်း ဖြတ်စေမည်”—

ဟု ရုက္ခစိုးနတ်ကို ခြိမ်းချောက်ကြိမ်းမောင်းပြီးလျှင် သစ်ပင်ကိုဖျက်ဆီးနိုင်မည့် ယောကျ်ားတယောက်ကို စုံစမ်းရှာဖွေ စောင့်မျှော်လျက် ကြို့ပင်၏ အနီးအပါးမှာပင် ကျက်စားနေလေ၏။

ထိုအခါ ပုဏ္ဏားလက်သမားသည် အဖော်လူနှစ်ယောက်သုံးယောက်တို့ကို ခေါ်ယူခဲ့ကာ ရထားပြုလုပ်ရန် သစ်သားရှာလိုသည့်အတွက် ယာဉ်ငယ်ဖြင့် ထိုတောအရပ်သို့ သွားရောက်၍တနေရာ၌ ယာဉ်ငယ်ကိုထားခဲ့ပြီး ပဲခွပ် (ဓားမ) ပုဆိန်တို့ကိုလက်စွဲကိုင်ဆောင်ကာ ရထားပြုလုပ်၍ကောင်းမည့် သစ်ပင်များကို စုံစမ်းရှာဖွေလျက် ကြို့ပင်၏ အနီးသို့ ရောက်ရှိလာလေ၏။

ဝက်ဝံသည် ထိုပုဏ္ဏားလက်သမားကို မြင်လေလျှင် “ယနေ့ငါသည် ရန်သူ့ကျောက်ကုန်းကို ရှုကြည့်မှ သင့်တော်တော့မည်”ဟု ကြံစည်လျက် သွားပြီးလျှင် ကြို့ပင်ရင်း၌ ရပ်တည်ကာနေလေ၏၊ လက်သမားသည်လည်း ထိုထို ဤဤကြည့်ရှုကာ ကြို့ပင်အနီးမှ သွားလေသော် ဝက်ဝံသည် “ပုဏ္ဏားလက်သမား ကျော်လွန်၍မသွားမီ ပြောကြားပေအံ့”ဟု ကြံစည်၍—

http://www.dhammadownload.com



(၁) ကုဌာရိဟတ္ထော ပုရိသော၊
ဝနမောဂယှ တိဋ္ဌသိ။
ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊
ကိံ ဒါရုံ ဆေတုမိစ္ဆသိ။

အမောင် ယောကျ်ား.... ဓားမလက်စွဲကာ အမောင် ယောကျ်ားသည် ဤတောအတွင်း သက်ဝင်ရပ်တည် နေ၏၊ အို အဆွေ.... ငါမေးအပ်သော သင်သည် ငါ့အား အမှန်အတိုင်း ဖြေကြားပါလော့၊ သင်သည် အဘယ်သစ်ကို ဖြတ်တောက်လိုပါသနည်း—

ဟူသော ဤပဌမ (အမေး) ဂါထာကို ရွတ်ဆိုလေ၏။

ပုဏ္ဏားလက်သမားသည် ဝက်ဝံ၏စကားကို ကြားလေလျှင် "အမောင်တို့....အံ့ဖွယ်ရှိစွ၊ ငါသည် ဤအခါမှ ရှေးအခါတုန်းက သားကောင်က လူ့စကားပြောကြားသည်ကို မမြင်ဘူး မကြားဘူးချေ၊ ထူးထူးခြားခြား လူ့စကားပြောသော ဤဝက်ဝံသည် ရထားပြုလုပ်ရန် ကောင်းမွန်သော သစ်သားကို သိပေလိမ့်မည်၊ ထိုဝက်ဝံကို ငါမေးဦးအံ့" ဟု ကြံစည်ပြီးလျှင်—

(၂) ဥဒ္ဓံ ယော ဝနာနိ စရသိ၊
သမာနိ ဝိသမာနိ စ။
ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊
ကိံ ဒါရုံ နေမိယာ ဒဠှံ။

အိုဝက်ဝံမင်း.... အသင်ဝက်ဝံမင်းသည် မြေညီမညီ တော ထို ဤသို့ လှည့် လည် ကျက် စား သူ ဖြစ် ပါသည်။ အဆွေတော်ဝက်ဝံမင်း.... ငါ မေး အပ် သော သင် သည် ငါ့အား အမှန်အတိုင်း ဖြေကြားပါလော့၊ အဘယ်သစ် သည် ရ ထား အ ကွပ် ပြု လုပ် ရန် အခိုင် ခံ့ ဆုံး ဖြစ် ပါသ နည်း—

ဟု ဤဒုတိယ (အမေး) ဂါထာကို ရွတ်ဆိုလေ၏။ ထိုစကားကို ကြား၍ ဝက်ဝံသည် "ယခု အခါ ငါ၏ စိတ်နှလုံးအလိုဆန္ဒကား

http://www.dhammadownload.com



အထွတ်အထိပ်ရောက် ပြီးမြောက် အောင်မြင်တော့မည်" ဟု ကြံ စည်၍—

(၃) နေဝ သာလော န ခဒိရော၊
နာဿကဏ္ဏော ကုတော ဓဝေါ။
ရုက္ခော စ ဖန္ဒနော နာမ၊
တံ ဒါရုံ နေမိယာ ဒဠံ။

အိုအဆွေတော်ပုဏ္ဏား····ပိတောက်သားသည်လည်း ရထားအကွပ်ပြုလုပ်ရန် မခိုင်မာ၊ရှားသားသည်လည်း ထိုနည်းဋင်းပင်၊ အင်ကြင်းသားသည်လည်း ထိုနည်းဋင်းပင်၊ မျောက်ငိုသားမှာ အဘယ်ဆိုဖွယ်ရှိအံ့နည်း (မခိုင်မာသည်သာ)။ စင်စစ်သော်ကား ကြို့ပင်ခေါ်သောသစ်ပင် တမျိုးရှိ၏၊ ထိုကြို့သားသည် ရထားအကွပ် ပြုလုပ်ရန် အခိုင်ခံ့ဆုံးဖြစ်ပါသည်—

ဟူသော သုံးခုမြောက်ဂါထာကို ရွတ်ဆိုလေ၏။ လက်သမားပုဏ္ဏားသည် ထိုစကားကို ကြားရ၍ အားရဝမ်းမြောက်ဖြစ်ရှိကာ "ငါကား ယနေ့ နေ့ကောင်းရက်သာဖြင့် တောသို့ ဝင်ခဲ့မိချေပြီတကား၊ တိရစ္ဆာန်ဖြစ်သော ဝက်ဝံကပင် ငါ့အား ရထားပြုလုပ်ရန် ကောင်းမွန်သော သစ်သားကို ပြောကြားပေ၏၊ ဩ····ကောင်းလေစွ" ဟု ကြံစည်ပြီးလျှင် ကြို့ပင်အကြောင်းကို မေးလိုရကား—

(၄) ကီဒိသာနိဿ ပတ္တာနိ၊
ခန္ဓော ဝါပန ကီဒိသော။
ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊
ယထာ ဇာနေမု ဖန္ဒနံ။

အဆွေတော်ဝက်ဝံ···· ကြို့ပင်၏ အခက်အရွက်များကား အဘယ်သို့ပါနည်း၊ ထိုပြင် ကြို့ပင်၏ ပင်စည်ကား အဘယ်သို့ပါနည်း၊ အဆွေတော်ဝက်ဝံ···· ငါမေးအပ်

http://www.dhammadownload.com



သော သင်သည် ကြို့ပင်အကြောင်း ကောင်းကောင်း သိနိုင်အောင် ငါ့အား ဖြေကြားစေချင်ပါသည်—

ဟူသော ဤစတုတ္ထဂါထာကို ရွတ်ဆိုမေးမြန်းလေ၏။ ထိုအခါ ဝက်ဝံသည် ပုဏ္ဏားအား ဖြေကြားလိုသည်ဖြစ်၍—

(၅) ယဿ သာခါ ပလမ္ဗန္တိ၊
နမန္တိ န စ ဘဉ္ဇရေ။
သော ရုက္ခော ဖန္ဒနော နာမ၊
ယဿ မူလေ အဟံ ဌိတော။

(၆) အရာနံ စက္ကနာဘီနံ၊
ဤသာနေမိရထဿ စ။
သဗ္ဗဿ တေ ကမ္မနိယော၊
အယံ ဟေဿတိ ဖန္ဒနော။

အဆွေတော် ပုဏ္ဏား···· အကြင်သစ်ပင်၏ အကိုင်း အခက်များသည် ညွတ်ကွေးလျက် တွဲလျား ကျကုန်၏၊ ကျိုးလည်းမကျိုးလွယ်ကုန်၊ (မျှင်း၍ ခံကုန်၏)၊ အကြင် သစ်ပင်၏ အရင်း၌ ငါသည် ရပ်တည်နေ၏၊ ထိုသစ်ပင် သည်ပင် ကြို့ပင်ဖြစ်ပါတော့၏။ ဤကြို့ပင်သည် သင့် အဖို့ရာ ထောက်အကန့်, ဘီး,ပုံတောင်း, ဝင်ရိုး, ရထား အကွပ်, (ထိုမှကြွင်းသည့်) အလုံးစုံသော ရထားအစိတ် အင်္ဂါပြုလုပ်ရန် အလွန်ကောင်းပါလိမ့်မည်—

ဟူသော နှစ်ဂါထာကို ရွတ်ဆိုပြောကြားပြီးလျှင် ဝက်ဝံသည် ဝမ်းမြောက် နှစ်သက်သော စိတ်ရှိကာ သင့်လျော်ပတ်သော အရပ်၌ ကျက်စားသွားလာလေ၏။

ပုဏ္ဏားလက်သမားသည်လည်း သစ်ပင်ကို ဖြတ်ဖို့ရန် စီမံအား ထုတ်လေ၏။ထိုအခါ ကြို့ပင်စောင့်နတ်သည် "ငါသည် ထိုဝက်ဝံ အပေါ်၌ တစုံတရာကိုမျှ မပစ်ချမိပါပဲလျက် ဤဝက်ဝံသည် အရာ မဟုတ်သည်၌ ရန်ငြိုးကို ဖွဲ့ပြီးလျှင် ငါ၏ ဗိမာန်ကို ပျက်စီးအောင်

http://www.dhammadownload.com



ကြီးဆောင်စိမ်လေပြီ၊ ငါ၏ ဗိမာန် ပျက်စီးလျှင် ငါလည်း ပျက်စီး ရချေတော့မည်၊ ဥပါယ်တမျဉ်ဖြင့် ဤဝက်ဝံကိုလည်း ပျက်စီးစေ တော့အံ့”ဟူ၍ ကြံစည်ပြီးလျှင် ကြို့ပင်စောင့်နတ်သည် အလုပ် သမား ယောကျ်ားအသွင် ဖန်ဆင်း၍ လက်သမား ပုဏ္ဏားအ၏ အနီးသို့ လာရောက်ကာ “အို ယောကျ်ား····သင်သည် နှစ်သက် ဖွယ်သော ကြို့ပင်ကြီးကို ရအပ်ခဲ့လေပြီ၊ ဤကြို့ပင်ကြီးကို ဖြတ် တောက်ပြီးလျှင် အဘယ်ဝတ္ထုကို အသင်ပြုမည်နည်း” ဟူ၍ မေး လေ၏။ “ရထားအကွပ်ကို ပြုလုပ်ပါအံ့”ဟု လက်သမား ပုဏ္ဏား သည် ဖြေကြားလေ၏။

“ဤ ကြို့သားဖြင့် ရထား ပြုလုပ်လျှင် ကောင်းသည် ဟူ၍ သင့်အား အဘယ်သူက ပြောကြားအပ်သနည်း”ဟု ကြို့ပင်စောင့် နတ်က မေးလတ်သည်တွင် လက်သမား ပုဏ္ဏားသည် “ဝက်ဝံ တကောင်က ပြောကြားအပ်ပါသည်”,ဟု ဆိုလေ၏။ ထိုအခါ ကြို့ပင်စောင့်နတ်သည် “အိုယောကျ်ား····ကောင်း၏၊ ထိုဝက်ဝံ သည် သင့်အား ကောင်းသည်ကို ညွှန်ကြား ပြောဆိုအပ်ပေပြီ၊ ဤကြို့သားဖြင့် သင်တည်ဆောက်မည့်ရထားသည် ထိုဝက်ဝံ ပြောသည့်အတိုင်း တင့်တယ် ကောင်းမြတ်ပါလိမ့်မည်။ ကျွန်ုပ် အကြံတခု ပေးလိုပါသည်မှာ····ဝက်ဝံ၏ လည်ပင်းရေကို ခွါ၍ လက်လေးသစ် (လေးလက်မ) ခန့်အရပ်၌ သံပြားဖြင့် ပတ်အပ် သကဲ့သို့ ရထားအကွပ်အဝန်းကို ရစ်ပတ်ခဲ့သော် ရထားအကွပ် လည်း ပို၍ခိုင်ပါလိမ့်မည်။ များစွာသော ဉစ္စာကိုလည်း ရပါလိမ့် မည်” ဟူ၍ အကြံပေးစကား ပြောကြားလေ၏။

“အိုအမောင်····ဝက်ဝံရေကို ဘယ်က ရနိုင်ပါမည်နည်း”ဟု လက်သမားပုဏ္ဏားက မေးလေသော် ကြို့ပင်စောင့်နတ်သည်—

“အိုယောကျ်ား ···· အမောင်သည် ကလေး သူငယ် ဖြစ်သလား၊သင့်အတွက်တာ ဤကြို့ပင်ကြီးကား အသက် မရှိသည့်အတွက် ဤ တောထဲမှာ တည်မြဲ တည်နေကာ အရပ်တပါး ထွက်ပြေးသွားလိမ့်မည်မဟုတ်ပါ၊ အမောင်

http://www.dhammadownload.com



သည် ကြို့ပင်အကြောင်း ပြောကြားသည့် ပက်ဝံ၏ အထံသို့ သွားပြီးလျှင် "အိုအရှင် ဝက်ဝံ.... အရှင် ညွှန်ပြအပ်သည့် ကြို့ပင်ကို အဘယ်နေရာက ဖြတ်ရပါမည်နည်း"ဟု လှည့်ဖြားခေါ်ဆောင်ခဲ့ပါလေ့။ ထိုအခါ ကြောက်လန့်ရှုံ့ရှာခြင်း အလျှင်းမရှိပဲ "ဤနေရာ ဤနေရာ၌ ဖြတ်လော့" ဟု နှုတ်သီးရှည်ကြီးကို ဆန့်တန်းကာ ညွှန်ကြားပြသမည့် ထိုဝက်ဝံကို ထက်လှစွာသော ပုဆိန်ဖြင့် ခုတ်သတ်လျက် အသက်ကုန်ခြင်းသို့ ရောက်စေ၍ အရေကို ခွါယူပြီးလျှင် ဆူဖြိုးသောအသားကို စားပြီးမှ ဤကြို့ပင်ကို ဖြတ်တောက်လော့"—

ဟု ရန်အမှုကို ဖြစ်စေလေတော့၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော သုံးဂါထာတို့ကို ဟောကြားတော်မူလေ၏။

(၇) ဣတိ ဖန္ဒနရုက္ခောပိ၊
တာဝဒေ အဇ္ဈဘာသထ။
မယှမ္ပိ ဝစနံ အတ္ထိ၊
ဘာရဒွါဇ သုဏောဟိ မေ။

(၈) ဣဿဿ ဥပက္ခန္ဓမှာ၊
ဥက္ကစ္စ စတုရင်္ဂုလံ။
တေန နေမိံ ပသာရေသိ၊
ဧဝံ ဒဠှတရံ သိယာ။

(၉) ဣတိ ဖန္ဒနရုက္ခောပိ၊
ဝေရံ အပ္ပေသိ တာဝဒေ။
ဇာတာနဉ္စ အဇာတာနံ၊
ဣဿာနံ ဒုက္ခမာဝဟိ။

(၇) မင်းအပေါင်းတို့.... ဤသို့လျှင် ကြို့ပင်စောင့်နတ်သည်လည်း ထိုခဏ၌ ဤသို့ပြောဆိုရ၏— (ပြောပုံမှာ) ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား.... ငါ့မှာလည်း (သင့်အား)

http://www.dhammadownload.com



အကြံပေးစကား ပြောကြားရန်ရှိပါ၏၊ ငါ၏စကားကို လည်း နာပါဦးလော့။

(၈) ဝက်ဝံ၏ ပခုံး (လည်ကုပ်) မှ လက်လေးသစ်ခန့် အရေကို ဖြတ်ယူပြီးလျှင် ထိုဝက်ဝံရေဖြင့် ရထားဘီး အကွပ်ကို ရစ်ပတ်ဝန်းရံပါလော့၊ ဤသို့ပြုသည်ရှိသော် ရထားဘီးအကွပ်သည် ပို၍ခိုင်မာပါလိမ့်မည်။

(၉) မင်းအပေါင်းတို့....ဤသို့လျှင် ကြို့ပင်စောင့်နတ် သည်လည်း ထိုခဏ၌ ရန်အမှုကို ဖြစ်စေလေပြီ။ ဖြစ်ပြီး ဖြစ်လတ္တံ့သော ဝက်ဝံအပေါင်းတို့၏ ဆင်းရဲဒုက္ခကို ဆောင်လေပြီ။ ။(ဤဂါထာတို့ကား အဘိသမ္ဗုဒ္ဓ ဂါထာ＝မြတ်စွာဘုရားရှင် ဟောတော်မူအပ်သော ဂါထာတို့တည်း)။

ပုဏ္ဏားလက်သမားသည် ကြို့ပင်စောင့်နတ်၏ အကြံပေး စကားကို ကြားရ၍ "သြ···· ယနေ့ကား ငါ့အတွက်တာ မင်္ဂလာ ရှိသော နေ့ပေတည်း" ဟု အံ့သြစကား ပြောကြားမြွက်ဆိုပြီးလျှင် ဝက်ဝံကိုလည်းသတ် ကြို့ပင်ကိုလည်း ခုတ်ဖြတ်၍ မိမိနေရပ်သို့ ပြန်လေ၏။ ထိုအကြောင်းကို ပြတော်မူကာ သြဝါဒစကား မိန့်ကြားတော်မူလို၍ ဤဆိုလတ္တံ့သော အဘိသမ္ဗုဒ္ဓဂါထာတို့ကို မြတ်စွာဘုရား ဟောကြားတော်မူ၏—

(၁၀) ဣစ္စေဝံ ဖန္ဒနော ဣသံ၊
ဣသော စ ပန ဖန္ဒနံ။
အညမညံ ဝိဝါဒေန၊
အညမညမဃာတယုံ။

မင်းအပေါင်းတို့···· ဤသို့လျှင် ကြို့ပင်စောင့်နတ်က လည်း ဝက်ဝံကို, ဝက်ဝံကလည်း ကြို့ပင်စောင့်နတ်ကို အချင်းချင်း အပြန်အလှန် ခိုက်ရန်မှုပြုကြသဖြင့် အချင်း ချင်း အပြန်အလှန် သတ်ဖြတ်ကြလေပြီ။

http://www.dhammadownload.com



(၁၁) ဝေဓမဝ မနုဿာနံ၊
ဝိဝါဒေါ ယတ္ထ ဇာယတိ။
မယူရနစ္စံ နစ္စန္တိ၊
ယထာ တေ ဗုဿဖန္ဒနာ။

မင်းအပေါင်းတို့.... ဤအတူပင်လျှင် အကြင်အရပ်၌ လူတို့၏ ခိုက်ရန်ငြင်းပွါး အချင်းများမှုသည် ဖြစ်၏၊ ထိုအရပ်၌ လူတို့သည် ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့ပမာ ဒေါင်း က-သကဲ့သို့ က-ကြကုန်၏။ (ဥဒေါင်းများ က-ကုန်သည်ရှိသော် လျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကို ထင်ရှားပြကုန်ဘိသို့ ဤအတူ လူများသည်လည်း ခိုက်ရန်မှု ဖြစ်ကုန်လတ်သော် အချင်းချင်း လျှို့ဝှက်ရမည့်အကြောင်း ကို ထင်ရှားဖော်ပြကြသဖြင့် ဥဒေါင်းက က-ကြသည် မည်ကုန်၏ဟု ဆိုလိုသည်)။

(၁၂) တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊
ယာဝန္တေတ္ထ သမာဂတာ။
သမ္မောဒထ မာ ဝိဝဒထ၊
မာ ဟောထ ဗုဿဖန္ဒနာ။

မင်းအပေါင်းတို့....သို့ရကား သင်မင်းအပေါင်းတို့ကို ငါဘုရား ဆုံးမစကား ဟောကြားလိုသည်မှာ သင်မင်း အပေါင်းတို့အဖို့ရာ ကောင်းခြင်း=မင်္ဂလာ ဖြစ်ပါစေသ တည်း၊ ဤရောဟိဏီမြစ် (ချောင်း) အတွင်း စည်းဝေး မိကြသော သင်မင်းအပေါင်းတို့သည် ဂင်္ဂါ, ယမုနာ မြစ် ရေနှစ်ဖြာကဲ့သို့ ကောင်းစွာ နှီးနှော မေတ္တာချင်းရောကြ ပါကုန်လော့၊ ခိုက်ရန်ငြင်းပွါး အချင်းမများကြပါကုန်လင့်၊ ဝက်ဝံနှင့်ကြို့ပင်စောင့်နတ်တို့နှင့် တူကြသောသူများ မဖြစ် ကြပါကုန်လင့်။

http://www.dhammadownload.com



(၁၃) ဂါမဂ္ဂိမေဝ သိက္ခေထ၊
ဗုဒ္ဓေ ဟောတံ ပသံသိတံ။
သာမဂ္ဂိရတော ဓမ္မဋ္ဌော၊
ယောဂက္ခေမာ န ဓံသတိ။

မင်းအပေါင်းတို့.... ညီညွတ်ရန်ကိုသာ ကျင့်ကြံအားထုတ်ကြကုန်လော့။ မှန်၏–ဤညီညွတ်ခြင်းကို အဆူဆူသော ဘုရားရှင်တို့သည် ချီးမွမ်းအပ်ပေ၏။ ညီညွတ်ခြင်း၌ မွေ့လျော်ပျော်ပိုက်ကာ သုစရိုက်ဆယ်ပါး တရား၌တည်သော သူသည် ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်ချမ်းသာမှ မလျှောကျ မဆုံးရှုံးချေ။

နှစ်ဖက်သော သာကီဝင်မင်းအပေါင်းတို့သည် မြတ်စွာဘုရားဟောကြားအပ်သည့် တရားစကားကို ကြားနာကြရ၍ အချင်းချင်းညီညွတ်ကြလေကုန်၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူပြီးလျှင် "ထိုစဉ်အခါ ထိုကြို့ပင်စောင့်နတ်နှင့် ဝက်ဝံတို့၏ ခိုက်ရန်မှုပြုကြခြင်း အကြောင်းကို ကိုယ်တိုင် တွေ့ရှိသိမြင်ကာ ထိုတောအုပ်၌ စိုးအုပ်နေထိုင်သော နတ်မင်းသည် ယခုအခါ ငါဘုရားဖြစ်လာပြီ" ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။

**ဖန္ဒနဇာတ် ပြီး၏။**

---

**ဒုဒ္ဒုဘဇာတ်ကို ဟောတော်မူခြင်း**

ထိုနောင်မှ မြတ်စွာဘုရားရှင်သည် "မြတ်သောမင်းအပေါင်းတို့....သူတပါးပြောသည့်စကားကို မစဉ်းမစားယုံကြည်သောသူ မဖြစ်သင့်ချေ။ မှန်၏–သူတပါးပြောသည့် စကားကို မစဉ်းမစားယုံကြည်ကြကုန်သောကြောင့် ယုန်ငါကောင်၏ (မြေပြိုပြီ မြေပြိုပြီဟူသော) စကားဖြင့် ယူဇနာသုံးထောင် အပြန့်ကျယ်သော ဟိမဝန္တာတော၌ အခြေလေးချောင်း သားကောင်အပေါင်းတို့သည် မဟာသမုဒ္ဒရာအတွင်းသို့ သက်ဆင်းကျရောက်ကြလုမတတ် ဆင်း

http://www.dhammadownload.com



ရဲဒုက္ခ ရောက်ခဲ့ကြရလေပြီ၊ ထို့ကြောင့် သူတပါးပြောသည့်စကား ကို မစဉ်းမစား ယုံကြည်သူ မဖြစ်သင့်" ဟု မိန့်တော်မူ၍ စတုက္က နိပါတ်လာ ဒုဒ္ဒုဘဇာတ်*ကို ဟောတော်မူ၏။

### လဋုကိကဇာတ်ကို ဟောတော်မူခြင်း

ထိုနောင်မှ မြတ်စွာဘုရားရှင်သည် "မြတ်သောမင်းအပေါင်း တို့····တရံတခါ၌ အားနည်းသောသူကပင်သော်လည်း အားကြီး သောသူ၏ ပျက်စီးရာပျက်စီးကြောင်း အခွင့်အပေါက်ကို တွေ့ မြင်နိုင်လေသည်။ တရံတခါ၌ အားကြီးသောသူကလည်း အား နည်းသောသူ၏ ပျက်စီးရာ ပျက်စီးကြောင်း အခွင့်အပေါက်ကို တွေ့မြင်လေသည်။မှန်၏—ဗီလုံးငှက်မကလေးကပင်သော်လည်း ဆင်ပြောင်ကြီးကို သတ်ဖြတ်ခဲ့ဘူးလေပြီ" ဟု မိန့်တော်မူ၍ ဤ ဆိုလတ္တံ့သောအတိုင်း (ပဉ္စကနိပါတ်လာ) လဋုကိကဇာတ်ကို ဟောတော်မူလေ၏။

မင်းအပေါင်းတို့····ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်အရပ်၌ မြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းတော်သည် ဆင်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကြည်ညိုဖွယ်ရှိ၏၊ ကြီးမားသော ကိုယ်ကာယလည်း ရှိ၏၊ ဆင်ပေါင်း ရှစ်သောင်း အခြံအရံရှိလျက် ဆင်အုပ်ကြီး၏ အရှင်သခင်ဖြစ်ကာ ဟိမဝန္တာ အရပ်၌ နေတော်မူ၏။

---

• ဒုဒ္ဒုဘဇာတ်ဟူသည်မှာ ဥသျှစ်ပင်အောက်၌ ထန်းလက်ခိုပ်ကိုခို၍ ယုန်ငယ်တကောင် ဝပ်၍နေရာ ဥသျှစ်သီး ထန်းလက်ပေါ်သို့ ကြွေကျ သဖြင့် "မြေပြိုပြီ မြေပြိုပြီ" ဟု ပြောဆိုမြည်တမ်းကာ အလန့်တကြား ပြေးသွားသော ယုန်ငယ်၏စကားကို မစဉ်းမစား ယုံကြည်ကြ၍ ဟိမဝန္တာ တောအတွင်းရှိ အခြေလေးချောင်း သားကောင်အပေါင်းတို့ သမုဒ္ဒရာသို့ ရှေးရှု စုပေါင်း ပြေးလွှားလာကြသည်တွင် အလောင်းတော် ခြင်္သေ့မင်း နှင့် တွေ့မှ အဖြစ်မှန်ကို အလောင်းတော် ကိုယ်တိုင် စုံစမ်း သိရှိရ၍ သားကောင်အပေါင်းတို့ သမုဒ္ဒရာအတွင်း သက်ဆင်း ကျရောက်ကြမည့် ဘေးမှ လွတ်မြောက်ကြကြောင်းကို ဟောပြသော ဇာတ်တော်ဖြစ်သည်။ ဝတ္ထုအကျယ်ကို ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၌ ကြည့်ရှုမှတ်ယူကုန်ရာ၏။

http://www.dhammadownload.com



ထိုအခါ ဗိုလ်းငှက်မငယ် တကောင်သည် ဆင်တို့ သွားရာ လမ်း၌ မိမိဥများကို ဥ၍ ထားလေ၏၊ ထိုဥတို့မှ ဗိုလ်းငှက်ငယ် များ မပေါက်သစ်စ အတောင် မရင့်သေး၍ မပျံနိုင်သေးသော အချိန်တွင် ဘုရားအလောင်းဆင်မင်းသည် ဆင်ရှစ်သောင်း ခြံရံ လျက် အစာရှာထွက်လတ်သော် ထိုအရပ်သို့ ရောက်လေ၏။

အလောင်းတော် ဆင်မင်းကို မြင်လေလျှင် ဗိုလ်းငှက်မငယ် သည်"ငါမတောင်းပန်က ဤ ဆင်မင်းသည် ငါ့သားငှက်ငယ်တို့ ကို ကြိတ်နင်း၍ သတ်ချေတော့မည်၊ ယခုပင် ငါသည် ထိုဆင်မင်း ကို သားငယ်တို့အတွက် စောင့်ရှောက်ကာကွယ်ရန် တရားသော အစောင့်အရှောက်ကို တောင်းပေအံ့"ဟု ကြံစည်ကာ အတောင် ကလေး နှစ်ဖက်ကို (လက်အုပ်ပမာ) ယှက်ပြီးလျှင် အလောင်း တော်ဆင်မင်း၏ ရှေ့တည့်တည့်မှ ရပ်တည်၍—

(၁) ဝန္ဒာမိ တံ ကုဉ္ဇရ သဋ္ဌိဟာယနံ၊
အာရညကံ ယူထပတိံ ယသဿိံ။
ပက္ခေဟိ တံ ပဉ္ဇလိကံ ကရောမိ၊
မာ မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။

အိုအရှင်ဆင်မင်း···· အနှစ်ခြောက်ဆယ်ရှိမှ အားအင် လျော့ပါးသော တော၌ပျော်ရွှင် ဆင်အုပ်၏အရှင်သခင် ဖြစ်၍ များစွာသော အခြံအရံရှိသော အရှင်ဆင်မင်းကို အကျွန်ုပ် ရှိခိုးပါ၏၊ အရှင်ဆင်မင်းကို အတောင်နှစ်ဖက် တို့ဖြင့် (ယှက်ကာ) လက်အုပ်ချီမှု အရိုအသေပြုပါ၏။ အားငယ်လျသူ ကျွန်တော်မ၏ သားငယ်များကို ကြိတ်ချေ နင်းဖြတ် သတ်တော်မမူပါလင့်—

ဟူသော ဤ တောင်းပန်တိုးလျှိုးသည့် ဂါထာကို ရွတ်ဆို တောင်းပန်လေ၏။ အလောင်းတော်သည် "ဗိုလ်းငှက်မလေး···· ထွေရာလေးပါး အကြံများ၍ စိတ်အားမငယ်လင့်၊ ငါသည် သင့် သားငယ်များကို ဘေးမရောက်ရအောင် စောင့်ရှောက်မည်"ဟု အားပေး စကား ပြောကြားပြီး လျှင် ငှက် ငယ် တို့ ၏ အပေါ် ၌

http://www.dhammadownload.com



ကိုယ်တော်ဖြင့် ဖုံးအုပ်ကာ ရပ်တည်တော်မူနေလေ၏။ ဆင်ရှစ်သောင်းတို့ အလောင်းတော်ကို တိမ်းရှောင်၍ သွားကြကုန်ပြီးမှ အလောင်းတော်ဆင်မင်းသည် ဗီလုံးငှက်မကလေးကိုခေါ်၍ “ဗီလုံးငှက်မလေး…. ငါတို့၏နောက်မှ အပေါင်းအသင်းမရှိ တကောင်တည်း ကျက်စားလေ့ရှိသော ဆင်ကြမ်းကြီးတကောင် လာလိမ့်မည်၊ ထိုဆင်ကြမ်းသည် ငါတို့စကားကို လိုက်နာလိမ့်မည် မဟုတ်၊ ထိုဆင်ကြီးလာလတ်သော် ထိုဆင်ကြီးကိုလည်း တောင်းပန်၍ သားငယ်တို့၏ အသက်ချမ်းသာရေး သင်ပြုရစ်လေလော့”ဟု မှာကြားပြီးလျှင် ဖဲသွားတော်မူလေ၏။

ဗီလုံးငှက်မငယ်ကလေးသည်လည်း ထိုဆင်ကြမ်းကြီးလာသောအခါ အလောင်းတော်ဆင်မင်း မှာတမ်းခဲ့သည့်အတိုင်း ခရီးဦးကြိုဆို၍ အတောင်နှစ်ဖက်တို့ဖြင့် လက်အုပ်ချီမှု ပြုပြီးလျှင်—

(၂) ဝန္ဒာမိ တံ ကုဉ္ဇရ ဧကစာရိံ၊
အာရညကံ ပဗ္ဗတသာနုဂေါစရံ။
ပက္ခေဟိ တံ ပဉ္ဇလိကံ ကရောမိ၊
မာ မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။

အို ဆင်မင်း….တကိုယ်တည်းလှည့်လည်လျက် တောအရပ်၌ မွေ့လျော်ကာ ကျောက်တောင် မြေတောင်လျှိုမြောင်တို့၌ ကျက်စားသော အရှင်ဆင်မင်းကို အကျွန်ုပ်ရှိခိုးပါ၏။ အရှင်ဆင်မင်းကို အတောင်နှစ်ဖက်တို့ဖြင့် (ယှက်ကာ) လက်အုပ်ချီမှု အရိုအသေပြုပါ၏။ အားငယ်လှသူ ကျွန်တော်မ၏ သားငယ်များကို ကြိတ်ချေနင်းဖြတ်သတ်တော်မမူပါလင့်—

ဟူသော ဤတောင်းပန်တိုးလျှိုးသည့်ဂါထာကို ရှေးနည်းအတူ ရွတ်ဆိုတောင်းပန်လေ၏။ ထိုဆင်ကြမ်းကြီးသည် ဗီလုံးငှက်မငယ်၏ တောင်းပန်သောစကားကို ကြားလေလျှင်—

http://www.dhammadownload.com



(၃) ဝမိယာမိ တေ လဋ္ဌကိကေ ပုတ္တကာနိ၊
ကိံ မေ တုဝံ ကာဟသိ ဒုဗ္ဗလာသိ။
သတံ သဟဿာနိပိ တာဒိသီနံ၊
ဝါမေန ပါဒေန ပပေါထယေယံ။

ဟယ် ဗီလုံးငှက်မ···· (နင်ဘာ့ကြောင့် ငါ့သွားလမ်း၌ သားတို့ကို ထားဘိသနည်း၊ စော်စော်ကားကား နင့်သား များကို ငါ့သွားလမ်းမှာ ထားဘိရကား) ငါသည် သင်၏ သားငယ်များကို ကြိတ်ချေနင်းဖြတ် သတ်ပေတော့အံ့။ သင်သည် ငါ၏အပေါ်ဝယ် မာန်ထော်ခုလု ဘယ်သို့သော ရန်တုံ့မှု ပြုနိုင်ချိမ့်မည်နည်း။ သင်ကား အားနဲ့သူဖြစ် ချေ၏။ သင်ကဲ့သို့သော ဗီလုံးငှက်မပေါင်း တသိန်းကို ပင်သော်လည်း ငါသည် လက်ဝဲဖက်ခြေတချောင်းဖြင့် ထောင်းထောင်းကြိတ်ချေ သတ်ဖြတ်နိုင်ပေ၏—

ဤကဲ့သို့ ပြောဆိုပြီးလျှင် ထိုဆင်ကြမ်းကြီးသည် ဗီလုံးငှက်မငယ်၏ သားငယ်ကလေးများကို ခြေဖြင့် မှုန့်မှုန့်ညက်ညက် နင်း ချေ ကာ မိမိ၏ကျင်ငယ်ရေကျော မျှောစေပြီးလျှင် ကြိုးကြားသံဟစ်လျက် ဖဲသွားလေ၏။

ဗီလုံးငှက်မငယ်သည် သစ်ကိုင်းထက်၌ နားနေပြီးလျှင်“ဟယ် ဆင်မိုက်····ယခုအခါ သင်က အရေးသာခိုက် ကြိုးကြာသံဟစ်၍ သွားဘိဦးလော့၊ နှစ်ရက်သုံးရက် အတွင်း မှာ ပင် ငါ့ အလုပ် ကို နင်မြင်ရချိမ့်မည်၊ ကိုယ်အားထက် ဉာဏ်အားက ကြီးမားသော အဖြစ်ကို နင်ကား မသိလေ၊ ရှိစေဦး၊ နင့်ကို နှစ်ရက်သုံးရက် အတွင်း သိစေမည်”ဟု ဆင်ကြမ်းကြီးကို ခြိမ်းချောက်လျက်ပင်—

(၄) န ဟေဝ သဗ္ဗတ္ထ ဗလေန ကိစ္စံ၊
ဗလံ ဟိ ဗာလဿ ဝဓာယ ဟောတိ။
ကရိဿာမိ တေ နာဂရာဇာ အနတ္ထံ၊
ယော မေ ဝဓီ ပုတ္တကေ ဒုဗ္ဗလာယ။

http://www.dhammadownload.com



အိုဆင်မင်း.... အရာခပ်သိမ်း၌ ပြုဖွယ်ကိစ္စ ဟူသမျှကို ကိုယ်အား တမျိုးတည်းဖြင့် ပြုအပ်သည်မဟုတ်။ မှန်ပေသည်—လူမိုက်၏ ခွန်အားသည် မိမိကိုယ်ကို အသတ်ခံဖို့ ရန်သာ ဖြစ်ချေ၏။ သင်ဆင်မင်းကား အားငယ်လှသော ငါ၏ သားငယ်များကို ကြိတ်ချေနင်းဖြတ် သတ်ခဲ့ချေပြီ၊ အိုဆင်မင်း....ငါသည် သင်၏ အကျိုးမဲ့ကို (နှစ်ရက်သုံးရက် အတွင်း) ပြု၍ပြပေအံ့—

ဤကဲ့သို့ ဗီလုံးငှက်မသည် ကြိမ်းဝါးပြောဆိုပြီးလျှင် နှစ်ရက် သုံးရက်ခန့် ကျီးတကောင်ကို ခစားလုပ်ကျွေး မိတ်ဖွဲ့၍ ထိုကျီးက သဘောကျနှစ်သက်သဖြင့် "အဆွေတော်ဗီလုံးမ....သင့်အတွက်တာ အဘယ်မည်သော အရေးကြီးသည့်ကိစ္စကို ငါဆောင်ရွက်ရမည်နည်း"ဟု မေးအပ်သဖြင့် ဗီလုံးငှက်မသည် "အိုအရှင်ကျီး.... ကျွန်တော်မအား အခြားပြုဖွယ်ကိစ္စ မရှိပါ၊ ကျွန်တော်မ အကူအညီ တောင်းလိုသည်မှာ တကောင် တည်း သွားလေ့ရှိသော ဆင်ကြမ်းကြီးတကောင်၏ မျက်လုံးနှစ်ဖက်တို့ကို အရှင်ကျီး တို့သည် နှုတ်သီးဖြင့် ထိုးဆိတ်ဖောက်ဖျက်အပ်သည်တို့ကို အကျွန်ုပ်လိုလား တောင့်တပါသည်" ဟု အကူအညီ တောင်း ခံ စ ကား ပြောကြားလေ၏။

ကျီးက "ကောင်းပါပြီ" ဟု ဝန်ခံလတ်သော် ဗီလုံးမငယ်သည် ယင်မမဲရိုင်းတကောင်ထံသို့ သွားရောက်၍ ရှေးနည်းအတူ ခစားလုပ်ကျွေး မိတ်ဖွဲ့ပြီးသော် ထိုယင်မမဲရိုင်းကလည်း "သင့်အတွက်တာ အဘယ်မည်သော အရေးကြီးသည့်ကိစ္စကို ငါဆောင်ရွက်ရမည်နည်း" ဟု မေးမြန်းအပ်လေသော် ဗီလုံးငှက်မငယ်သည် "ဤငါ့အဆွေတော်ကျီးက ကေစာရီဆင်ကြမ်းကြီး၏ မျက်စိများကို ဖောက်ဖျက်ပြီးသည်ရှိသော် အရှင်ယင်မမဲရိုင်းတို့သည် ထိုဆင်ကြမ်းကြီး၏ မျက်လုံးကာဏ်းထဲ၌ ယင်ဥ (တနည်း-ပိုးလောက်) များချထားခဲ့ရန်လိုလားတောင့်တပါ၏"ဟု အကူအညီတောင်းခံစကား ပြောကြားလေ၏။

http://www.dhammadownload.com



ယင်မမဲရိုင်းကလည်း "ကောင်းပါပြီ"ဟု ဝန်ခံစကား ပြောကြားအပ်လေသော် ဗိုလုံးငှက်မငယ်သည် ဖားတကောင်ထံသို့ သွားရောက်၍ ရှေးနည်းအတူ ခစားလုပ်ကျွေး မိတ်ဖွဲ့ပြီးသော် ထိုဖားက"သင့်အတွက်တာ အဘယ်မည်သော အရေးကြီးသည့် ကိစ္စကို ငါဆောင်ရွက်ရမည်နည်း" ဟု မေးမြန်းအပ်သည်တွင် ဗိုလုံးငှက်မငယ်သည်"ငါ၏ အဆွေတော် ကျီးနှင့် ယင်မမဲရိုင်းတို့၏ ကူညီချက်အရ ထိုကေစာရီ ဆင်ကြမ်းကြီးသည် မျက်စိနှစ်ဖက် စုံလုံးပျက်ကာ ရေသိပ်လှသဖြင့် သောက်ရေကို ရှာသောအခါ၌ အဆွေတော်ဖားသည် ရှေးဦးစွာ တောင်ထိပ်မှနေ၍ အသံပြုစေချင်ပါသည်၊ ထိုအသံကို ကြား၍ ထိုဆင်ကြမ်းကြီး တောင်ထိပ်သို့ တက်ရောက်မိသောအခါ အဆွေတော်ဖားသည် တောင်ထိပ်မှဆင်း၍ ချောက်ကမ်းပါးထဲမှနေ၍ အသံပြုစေချင်ပါသည်၊ အကျွန်ုပ်သည် အဆွေတော်ဖားတို့၏ အထံမှ ဤမျှလောက်သော အကူအညီကို ရယူလိုပါသည်"ဟူ၍ အကူအညီတောင်းခံစကား ပြောကြားလေ၏။ဖားသည်လည်း ဗိုလုံးငှက်မငယ်၏ အကူအညီ တောင်းခံစကားကို ကြား၍ "ကောင်းပါပြီ" ဟု ဝန်ခံလေ၏။

ထိုနောက် တနေ့သ၌ ကျီးငှက်သည် ကေစာရီ ဆင်ကြီး၏ မျက်စိနှစ်ဖက်တို့ကို (ဗိုလုံးငှက်မငယ်၏ တောင့်တချက်အတိုင်း) နှုတ်သီးဖြင့် ထိုးဆွဖောက်ဖျက်လေ၏။ထိုပျက်စီးကာ အနာဖြစ်၍ နေသော မျက်လုံးနှစ်ဖက်၌ ယင်မမဲရိုင်းသည် ယင်ဥ (တနည်း ပိုးလောက်အရှင်) များကို ချထားလေတော့၏။ ထိုကေစာရီ ဆင်ကြမ်းကြီးသည် ပိုးလောက်တို့က ကိုက်ခဲအပ်ရကား ဆင်းရဲဒုက္ခ ဝေဒနာသို့ ရောက်ရှိကာ ရေသိပ်ခြင်း အပြင်းနှိပ်စက်အပ်သည်ဖြစ်၍ သောက်ရေကို ရှာမှီးကာ ထိုထို၌ဤ တစမ်းစမ်းဖြင့် လှည့်လည်လေ၏။

ထိုအခါ ဖားသည် တောင်ထိပ်မှနေ၍ အသံပြုလေ၏။ ကေစာရီဆင်ကြမ်းကြီးသည် ဖားအော်သံကို ကြားရ၍"ဤဖားအော်ရာအရပ်၌ ရေရှိလိမ့်မည်"ဟု မှတ်ထင်အားကိုးကာ တောင်ထိပ်

http://www.dhammadownload.com



သို့ တက်လေ၏။ တောင်ထိပ်သို့ ဆင်ကြမ်းကြီး ရောက်သော အခါ ဖားသည် တောင်ထိပ်မှဆင်း၍ ချောက်ကမ်းပါးထဲမှနေပြီး လျှင် အသံကို ပြုပြန်၏။ စေစာရီဆင်ကြမ်းကြီးသည် "ဤဖား အော်ရာအရပ်၌ ရေရှိလိမ့်မည်"ဟု မှတ်ထင်အားကိုးကာ ချောက် ကမ်းပါးသို့ ရှေးရှုသွားလတ်သော် တောင်ပေါ်မှ လျှောကျကာ တောင်ခြေရင်းသို့ ဦးစိုက်လျှမ်းပြန်ကျရောက်လျက် အသက်ကုန် ခြင်းသို့ ရောက်လေ၏။

ဗီလုံးငှက်မငယ်သည် ထိုရန်သူဆင်ကြမ်းကြီး သေလွန်ကြောင်း ကို ကောင်းစွာသိရ၍"ငါသည် ရန်သူ၏ကျောက်ကုန်းကို မြင်အပ် လေပြီတကား"ဟု အားရဝမ်းမြောက်လျက် ကျောက်ကုန်းပေါ်၌ လူးလာတုံ့ခေါက် အားရအောင် စင်္ကြံလျှောက်ပြီးမှ မိမိလိုရာ အရပ်သို့ ဖဲသွားလေတော့၏။

မြတ်စွာဘုရားရှင်သည် နှစ်ပြည်ထောင်မင်းတို့ကို "အိုမင်း အပေါင်းတို့···· တစုံတယောက်သော သူနှင့်မျှ ရန်အမှုကို မပြု သင့်ချေ။ ဤဆိုအပ်ပြီးသည့်အတိုင်း အင်အား ကြီးမားလှသော ဆင်ပြောင်ကြီးကိုပင်သော်လည်း အင်အား နည်းပါးကြသည့် ကျီး,ယင်မမဲရိုင်း, ဖား,ဗီလုံးငှက်မအားဖြင့် လေးဦးသားတို့သည် တပေါင်းတည်း ညီညွတ်ကြကုန်လျက် ဆင်ပြောင်ကြီးအား အသက်ကုန်ခြင်းသို့ ရောက်စေခဲ့ကြလေကုန်ပြီ" ဟု မိန့်တော် မူပြီးလျှင် ဤဆိုလတ္တံ့သော အဘိသမ္ဗုဒ္ဓဂါထာကို ဟောကြား တော်မူ၏—

(၅) ကာကဉ္စ ပဿ လဋုကိကံ၊
မဏ္ဍူကံ နီလမက္ခိကံ။
ဧတေ နာဂံ အဃာတေသုံ၊
ပဿ ဝေရဿ ဝေရိနံ။
တသ္မာ ဟိ ဝေရံ န ကယိရာထ၊
အပ္ပိယေနပိ ကေနစိ။

http://www.dhammadownload.com



ရာဇာနော = သာကီနွယ် ကောင်း မင်း အ ပေါင်း တို့....။ ကာကဋ္ဌ = ကျီးငှက်ကိုဋင်း။ လဋုကိကဋ္ဌ = မီးလုံးငှက်မငယ်ကိုဋင်း။ မဏ္ဍူကဋ္ဌ = ဖားကိုဋင်း။ နီလ-မက္ခိကဋ္ဌ = ယင်မမဲရိုင်းကိုဋင်း။ပဿ—ပဿထ = ရှုကြကုန်လော့။တေ = ဤလေးဦးသားတို့သည်။ (ကေတော ဟု တွာ = တ ပေါင်း တ စု တည်း ညီ ညွတ် ကြ ကုန် သည် ဖြစ်၍။) နာဂံ = အားအင်ခိုင်မြဲး ဆင်ပြောင်ကြီးကို။ အဃာတေသုံ = မုံးမုံးယိုင်လဲ သေပွဲဝင်စေခဲ့ကြလေပြီ။ ဝေရိနံ = ရန်အမျက်ကို အလိုရှိသောသူတို့၏။ဝေရဿ = မျက်မာန်ခုလု ရန်အမှု၏။ ဂတိံ = ဖြစ်ပုံအလား အကျိုး သွားကို။ ပဿ—ပဿထ = ရှုကြကုန်လော့။ တသ္မာ ဟိ = ထို့ကြောင့်သာလျှင်။ ကေနစိ = တစုံတယောက် သော။ အပ္ပိယေနပိ = မချစ်မနှစ်သက်အပ်သောသူနှင့် လည်း။ ဝေရံ=မျက်မာန်ခုလု ရန်အမှုကို။ န ကယိရာထ = မပြုရာ။

မြတ်စွာဘုရားသည် ဤသို့ အဘိသမ္ဗုဒ္ဓဂါထာကို ဟောတော် မူပြီးလျှင် "ထိုစဉ်အခါ ကေစာရီ ဆင်ကြမ်းကြီးသည် ယခုအခါ ဒေဝဒတ် ဖြစ်လာပြီ၊ ထိုစဉ်အခါ ဆင်အုပ်၏အရှင် သူတော် ကောင်း ဆင်မင်းသည် ယခုအခါ ငါဘုရား ဖြစ်လာပြီ" ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။

လဋုကိကဇာတ် ပြီး၏။

---

**ရုက္ခဓမ္မဇာတ်ကို ဟောတော်မူခြင်း**

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်တို့၏ ငြင်းခုံခိုက်ရန်မှ ငြိမ်းအေးစေရန် ဖန္ဒနဇာတ်, ဒုဒ္ဒုဘဇာတ်, လဋုကိကဇာတ် = ဤသုံးဇာတ်ကို ဟောတော်မူပြီးလျှင် ညီညွတ် ခြင်း၏အကျိုးကို ပြတော်မူရန် ဇာတ်တော်နှစ်ရပ်ကို ဟောတော် မူပြန်လေသည်။ ဟောတော်မူပုံမှာ—

http://www.dhammadownload.com



မြတ်သော မင်းအပေါင်းတို့…. သင်တို့သည် ဆွေရင်းမျိုးချာ ဖြစ်ကြကုန်၏၊ ဆွေမျိုးတို့မည်သည် ညီညွတ်နှီးနှော မိကြမှသာ သင့်လျော်ပေသည်။ မှန်၏– ဆွေမျိုးတို့၏ ညီညွတ်မှုရှိခဲ့သော် ရန်သူတို့သည် အခွင့်အပေါက်ကို မရနိုင်ကြကုန်။စိတ်စေတနာရှိသူ လူတို့ကိုကား ထားဘိဦး၊ စိတ်စေတနာမရှိသော သစ်ပင်တို့ အဖို့ရာသော်မှလည်း ညီညွတ်မှုကိုရမှ သင့်လျော်၏။ ရှေးဦးအံ့…. ရှေးအခါ၌ ဟိမဝန္တာအရပ်ဝယ် အင်ကြင်းတောကြီး ကို လေပြင်း မုန်တိုင်းသည် တိုက်ခတ်ခဲ့ဘူးလေပြီ၊ သို့သော်လည်း ထို အင်ကြင်းတောကြီး၏ သစ်ပင်ကြီးငယ် ချုံနွယ် ပိပွေါင်း တို့ဖြင့် အချင်းချင်း ဖွဲ့စပ်၍ တည်နေသောကြောင့် သစ် တပင်ကိုမျှလည်း လေပြင်း မုန်တိုင်းသည် မတိုက်လှည်း နိုင်ပဲ သစ်ပင်အပေါင်းတို့၏ ထိပ်မှထိပ်မှသာလျှင် လျှံကာ လျှံကာ သွားလေ၏။လွင်ပြင်၌ တပင်တည်းပေါက်ရောက် နေသော သစ်ပင်ကြီးကိုကား အကိုင်းအခက် ပင်စည်အခွ တို့နှင့် ပြည့်စုံစေကာမူ အခြားသော သစ်ပင်ကြီးငယ် ချုံ နွယ်ပိပွေါင်းတို့ဖြင့် မြွေးယှက်ဖွဲ့စပ်ခြင်း အလျှင်းမရှိသော ကြောင့် အမြစ်ပါကျွတ်၍ ဦးစိုက်ပြောင်းပြန် ဖြစ်စေကာ မြေအပြင်၌ တိမ်းလည်းစေခဲ့ဘူးလေပြီ။ ဤအကြောင်း ကြောင့် သင်မင်းအပေါင်းတို့သည်လည်း ညီညွတ်နှီးနှောမှု ရှိကြမှသာ သင့်လျော်ပျောက်ပတ်ပေမည်—

ဟု မိန့်တော်မူပြီးလျှင် ထိုမင်းအပေါင်းတို့ တောင်းပန်အပ်ရကား အတိတ်ဇာတ် အကျယ်ကို ထုတ်ဆောင် ဟောပြကော်မူလေ၏။

အိုမင်းအပေါင်းတို့….ရှေးလွန်လေပြီးသောအခါ ဗာရာဏ- သီပြည်အရပ်၌ မြဟ္မဒတ်မင်း မင်းပြုစဉ် ရှေးဦးစွာ ဖြစ်သော ဝေဿဝဏ်နတ်မင်းသည် နတ်သက်ကြွေကာ စုတေလေ၏၊ သိကြားမင်းသည် အခြားနတ်တဦးကို ဝေဿဝဏ်နတ်မင်းရာထူး ကို ပေးအပ်ခန့်ထားလေ၏။ ဤ ဝေဿဝဏ်နတ်မင်း အပြောင်း အလဲတွင် နောက်မှဖြစ်သော ဝေဿဝဏ်နတ်မင်းသည် “သစ်ပင်

http://www.dhammadownload.com



ကြီးငယ် ချုံနွယ်ပိတ်ပေါင်းတို့ ရှိကြသည့်အနက် မိမိတို့နှစ်သက်ရာ ဌာနၶ ဘုံဗိမာန်ကို ယူကြကုန်လော့” ဟူ၍ အမိန့်သစ်တရပ်ကို ထုတ်ပြန်ကျေညာလေ၏။

ထိုစဉ်အခါဘုရားအလောင်းတော်သည် ဟိမဝန္တာအရပ်ဝယ် အင်ကြင်းတောတခုၶ ရုက္ခစိုးနတ်မင်း ဖြစ်၍နေတော်မူဆဲဖြစ်၏၊ ဘုရားအလောင်းတော် ရုက္ခစိုးနတ်မင်းသည် ဆွေမျိုးဖြစ်သော နတ်တို့ကို “အမောင်တို့သည် ဘုံဗိမာန်တို့ကိုယူကြကုန်လျှင် လွင်ပြင်ဝယ် တည်သောသစ်ပင်တို့ၶ မယူကြကုန်လင့်၊ စင်စစ်သော်ကား ဤအင်ကြင်းတောဝယ် ငါယူအပ်ပြီးသော ဗိမာန်ကို ဝန်းရံ၍တည်သော သစ်ပင်ဗိမာန်တို့ကို ယူကြကုန်လော့”ဟူ၍ နည်းညွှန်းစကား မိန့်ကြားတော်မူလေ၏။

ထို နတ်အပေါင်းတို့တွင် ဘုရားလောင်း၏ စကားကို လိုက်နာကြသော နတ်ပညာရှိတို့သည် ဘုရားအလောင်း၏ ဗိမာန်ကို ဝန်းရံ၍ တည်သောဗိမာန်တို့ကို ယူကြကုန်၏။ ပညာမဲ့သော နတ်တို့သည်ကား “လူသူမနီး တောကြီးခေါင်ခေါင်ဝယ် တည်ရှိသော ဗိမာန်တို့ဖြင့် ငါတို့အား အဘယ်အကျိုးရှိအံ့နည်း၊ ငါတို့သည် လူတို့လမ်းခရီးဝယ် ရွာနိဂုံးမင်းနေပြည်တံခါးအနီးၶ တည်သော ဗိမာန်တို့ကိုသာ ယူကြကုန်အံ့၊ မှန်၏—ရွာနိဂုံးမင်းနေပြည်တို့ကို မှီ၍ နေသောနတ်များသည် လာဘ်လာဘ အထွတ်အထိပ် ကျော်စောခြင်း အထွတ်အထိပ်သို့ ရောက်ကြကုန်၏”ဟု ကြံစည်တိုင်ပင်ကြကာ လူတို့လမ်းခရီးဝယ် လွင်ပြင်အရပ်ၶ ပေါက်ရောက်တည်ရှိသော သစ်ပင်တို့ၶ ဗိမာန်တို့ကို ယူကြလေကုန်၏။

ထို့နောက် တနေ့သၶ မိုးသက်လေပြင်း ကြီးမားစွာ တိုက်ခတ်ရွာသွန်းလေ၏၊ လေအဟုန် ပြင်းထန်လှသောကြောင့် လွင်ပြင်အရပ်ဝယ် ပေါက်ရောက်သော အမြစ်မြဲခိုင်လှသော တောစိုးသစ်ပင်ကြီးများသော်လည်း အကိုင်းအခက် ကျိုးပျက် ပြတ်ကျကုန်လျက် အမြစ်နှင့်တကွ (အမြစ်ပါကျွတ်၍) တိမ်းလည်းကြလေကုန်၏။ တပင်နှင့်တပင် ဆက်စပ်လျက် တည်ရှိသော (အလောင်းတော် စိုးအုပ်နေသည့်) အင်ကြင်းတောသို့ ရောက်

http://www.dhammadownload.com



လတ်သော်ကား ထိုလေပြင်းမုန်တိုင်းသည် ထိုမှဤမှ တိုက်ခတ်သော်လည်း သစ်ပင်တပင်ကိုမျှ တိမ်းလည်းစေခြင်းငှါ မတတ်နိုင်ချေ။

ဗိမာန်ပျက်စီးသော နတ်တို့သည် ကိုးကွယ်ရာမဲ့ ဖြစ်ကုန်လျက် သားငယ် သမီးငယ်တို့ကို လက်ဆွဲကြပြီးလျှင် ဟိမဝန္တာသို့ သွားရောက်ကြ၍ မိမိတို့၏ ကိုးကွယ်ရာမဲ့ဖြစ်ပုံကို အင်ကြင်းတောနေ မိတ်ဆွေနတ်တို့အား ပြောကြားကြလေကုန်၏။ အင်ကြင်းတောနေ မိတ်ဆွေနတ်တို့သည် ထိုဗိမာန်ပျက်စီးသော နတ်တို့၏ ဤသို့ဤပုံ ခိုကိုးရာမဲ့ဖြစ်ကြကာ လာရောက်ကြပုံကို ဘုရားအလောင်းတော် ရက္ခစိုးနတ်မင်းအား ပြောကြားကြလေကုန်၏။

ဘုရားအလောင်းတော်သည် "ပညာရှိတို့၏ စကားကို မနာယူပဲ ကျေးဇူး မပြုနိုင်ရာ အရပ်သို့ သွားရောက် နေထိုင်ကြသူတို့ မည်သည် ဤသို့ သဘောရှိကုန်သည်သာ(＝ဤသို့ ဆင်းရဲဒုက္ခရောက်ကြရမြဲ ဓမ္မတာ) ဖြစ်ကုန်၏" ဟူ၍ မိန့်တော်မူပြီးလျှင် တရားဟောတော်မူလိုရကား ဤဆိုလတ္တံ့သော ဂါထာကို မိန့်ဆိုတော်မူလေ၏—

သာဓု သမ္ဗဟုလာ ဉာတီ၊
အပိ ရုက္ခာ အရညဇာ။
ဝါတော ဝဟတိ ဧကဋ္ဌံ၊
ဗြဟန္တမ္ပိ ဝနပ္ပတိံ။

ဉာတယော ＝ ဆွေမျိုးအပေါင်း အို နတ်ကောင်းတို့….။ သမ္ဗဟုလာ＝ လေးယောက်ကစ တသိန်းကျအောင် များလှကုန်သော။ ဉာတီ＝အချင်းချင်း အမှီပြု၍ ပေါင်းစုနေထိုင်ကြသော ဆွေမျိုးတို့သည်။အရညဇာ＝ တောမြိုင်တလျောက် ပေါက်ရောက်ကုန်သော။ ရုက္ခာ အပိ ＝အချင်းချင်းထောက်ပံ့ကာ ကောင်းစွာ တည်နေကြသည့် သစ်ပင်တို့သော်မှလည်း။ သာဓု ＝ ရန်သူတို့ မနှိပ်စက်အပ်သဖြင့် ကောင်းမြတ် တင့်တယ်လှကုန်၏။

http://www.dhammadownload.com



ဝါတော = အဟုန်ပြင်းစွာ တိုက်ခတ်လာသော လေမုန်တိုင်းသည်။ ကေဠိ = လွင်တီးပြင်ဝယ် တပင်တည်း ပေါက်ရောက် တည်နေသော။ ဝနပ္ပတိံ = တောစိုးသစ်ပင်ကြီးကို။ မြဟန္တမ္ဘိ = အကိုင်းအခက် အရွက်စည်ကား လွန်စွာပင် ကြီးမားသော်လည်း။ ဝဟတိ = အမြစ်ပါမကျန် တွန်းလှန်တိုက်လှည်းလေတော့သတည်း။

အလောင်းတော်သည် ဤအကြောင်းကို ဟောကြားတော်မူပြီးနောက် အသက်တမ်းကုန်သောအခါ ကံအားလျော်စွာ ဘဝတပါး လားတော်မူလေ၏။

မြတ်စွာဘုရားရှင်သည်လည်း "အိုမင်းအပေါင်းတို့ .... ဤသို့လျှင် ဆွေမျိုးတို့သည် ညီညွတ်ခြင်းကို ရှေးဦးစွာ ရယူသင့်ကုန်၏၊ ညီညွတ်မှုကို ရရှိကြပြီးလျှင် ဝမ်းမြောက် ဝမ်းသာ အချင်းချင်း မေတ္တာစိတ် နှီးနှောကြ၍ ချစ်ကြည်သော နေခြင်းကိုသာ နေကြကုန်လော့" ဟု ဤတရားဒေသနာကို ထုတ်ဆောင်ဟောပြတော်မူပြီးလျှင် ရှေ့နောက်စကား အနုသန္ဓေ ဆက်စပ်တော်မူ၍ "ထိုစဉ်အခါ အင်ကြင်းတောနေ နတ်အပေါင်းတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များ ဖြစ်ကြလေကုန်ပြီ၊ ထိုစဉ်အခါ ပညာရှိ ရုက္ခစိုးနတ်မင်းသည်ကား ယခုအခါ လူသုံးပါးတို့၏ ဆရာ ငါဘုရားပင် ဖြစ်လာပြီ" ဟု ဇာတ်တော်ကို ပေါင်းတော်မူလေ၏။

**ရုက္ခဓမ္မဇာတ် ပြီး၏။**

---

**ဝဋ္ဋကဇာတ် (=သမ္မောဒမာနဇာတ်) ကို ဟောတော်မူခြင်း**

ထို့နောင်မှ မြတ်စွာဘုရားသည် "မင်းအပေါင်းတို့.... ဆွေမျိုးအချင်းချင်း ခိုက်ရန်ဖြစ်ခြင်းသည် အလျှင်းပင် မသင့်လျော်ချေ။ မှန်၏—လူတို့ကိုထား တိရစ္ဆာန်များပင်သော်လည်း ရှေးအခါ၌ဝယ် ညီညွတ်သောအချိန်၌ ရန်သူတို့ကို လွှမ်းမိုးအောင်နိုင်ကာ ချမ်းသာခြင်းသို့ ရောက်ရှိကြပြီးလျှင် ခိုက်ရန်ငြင်းခုံမှု ပြုသောအခါ၌ ကြီးစွာပျက်စီးခြင်းသို့ ရောက်ခဲ့ကြလေကုန်ပြီ" ဟု မိန့်ဆိုတော်မူပြီးလျှင်

http://www.dhammadownload.com



ဆွေတော်မျိုးတော် မင်းအပေါင်းတို့ တောင်းပန်အပ်ရကား အတိတ်ဖြစ်ရပ် ဝဋ္ဋကဇာတ် (=သမ္မောဒမာနဇာတ်) ကို ထုတ်ဆောင် ဟောပြတော်မူလေ၏။

မင်းအပေါင်းတို့···· ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်အရပ်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းတော်သည် ငုံးငှက်မျိုး၌ ဖြစ်လတ်၍ ထောင်ပေါင်းများစွာသော ငုံးငှက်အပေါင်း ခြံရံလျက် တောအရပ်၌ ကျက်စားနေထိုင်လေ၏။

ထိုအခါ ငှက်မုဆိုးတယောက်သည် ထိုငုံးငှက်အပေါင်းတို့၏ ကျက်စားသွားလာ နေထိုင်ရာအရပ်သို့ သွားရောက်၍ ငုံးငှက်အသံကဲ့သို့မြည်တွန်ကာ (ထိုအသံဖြင့်) ငုံးငှက်များ စုဝေးရောက်ရှိလာသောအခါ ထိုငုံးအုပ်ပေါ်၌ ပိုက်ကွန်ကို ပစ်ချပြီးလျှင် ပိုက်ကွန်အစွန်းအနားတို့၌ လှည့်ပတ်နင်းနယ် ခြောက်လှန့်ကာ ပိုက်ကွန်အလယ်၌ ငုံးငှက်များ စုပေါင်းမိသောအခါ ခြင်းတောင်း အပြည့် ငုံးငှက်တို့ကိုထည့်၍ အိမ်သို့ ယူဆောင်သွားရောက်ပြီးသော် ထိုငုံးငှက်များကို ရောင်းချကာ ထိုငှက်ရောင်း၍ရသော အဖိုးငွေဖြင့် အသက်မွေးမှုကို ပြုလုပ်နေထိုင်လေ၏။

တနေ့သ၌ ဘုရားအလောင်းသည် အုပ်စုဝင် ငုံးငှက်တို့ကို—

"အို ငုံးငှက်အပေါင်းတို့····ဤငှက်မုဆိုးသည် ငါတို့၏ ဆွေမျိုး ငုံးငှက်များကို ပျက်စီးပြုန်းတီးခြင်းသို့ အကြိမ်ကြိမ် ရောက်စေခဲ့လေပြီ၊ ငါသည် ဤငှက်မုဆိုးကြီး ငါတို့ကို မဖမ်းယူနိုင်မည့် ဥပါယ်နည်းလမ်းကောင်းတခုကို စဉ်းစားမိ၏။ ထိုဥပါယ်နည်းလမ်းကောင်းမှာ ယခုအချိန်ကစ၍ ထိုငှက်မုဆိုးက ငါတို့အပေါ်၌ ပိုက်ကွန်ကို ပစ်ချလျှင် ပစ်ချခြင်း ငုံးငှက်တကောင်တကောင်လျှင် ပိုက်ကွန်မျက်ကွင်း တပေါက်တပေါက်၌ ဦးခေါင်းကိုထားပြီးလျှင် တညီတညွတ်တည်း ပိုက်ကွန်ကို (မ) ချီပံ့တက်ကြလျက် အလိုရှိရာ အရပ်သို့ ဆောင်သွားကြပြီးလျှင် ဆူးချုံတခုပေါ်၌ ပစ်ချကြကုန်လော့၊ ထိုနောင်မှ ငါတို့သည်

http://www.dhammadownload.com



ပိုက်ကွန်၏အောက်မှ ထွက်ကြကာ ထိုထိုအရပ်သို့ ပြေးသွားကြကုန်အံ့"—

ဟူ၍ အကြံပေးစကား ပြောကြားတော်မူလေ၏။ အုပ်စုဝင် ငုံးငှက်အားလုံးတို့သည် "ကောင်းပါပြီ" ဟူ၍ အလောင်းတော်၏ အကြံပေးချက်ကို သဘောတူလက်ခံကြပြီးလျှင် ဒုတိယနေ့၌ ငုံးအုပ်၏ အပေါ်သို့ ပိုက်ကွန်ကို ပစ်ချပြီးလျှင် ပစ်ချပြီးခြင်း အုပ်စုဝင်ငုံးငှက်အားလုံးတို့သည် ဘုရားအလောင်း ပြောကြားအပ်သည့် နည်းအတိုင်း တညီတညွတ်တည်း ပိုက်ကွန်ကို (မ) ချီပံ့တက်ကြလျက် ဆူးချုံတခုပေါ်၌ ပစ်ချကြပြီးလျှင် မိမိတို့ကိုယ်တိုင်ကမူ ပိုက်ကွန်၏ အောက်မှ ထွက်ကြကာ ထိုထိုအရပ်သို့ ပျံလွှားပြေးသွားကြလေကုန်၏။

ငှက်မုဆိုးသည် ဆူးချုံမှ ပိုက်ကွန်ကို ဖြုတ်ယူစဉ်ပင် အချိန်ကုန်ခဲ့လေပြီ၊ သူသည် မပါငုံးငှက် လက်အချည်းနှီး အိမ်သို့ ပြန်သွားလေ၏။ နောက်တနေ့မှ စ၍လည်း ငုံးငှက်တို့သည် ထိုနည်းအတူပင် ပြုကြကုန်၏။ ငှက်မုဆိုးသည်လည်း နေဝင်သည့်တိုင်အောင် ပိုက်ကွန်ကို ဖြေဖြုတ်လျက် တစိုးတစိ မရရှိပဲ လက်အချည်းနှီးသာ အိမ်သို့ ပြန်ရလေ၏။ ထိုအခါ ငှက်မုဆိုး၏ အိမ်ရှင်မသည် အမျက်ထွက် (စိတ်ဆိုး)၍ "သင်သည် နေ့စဉ်နေ့တိုင်း လက်အချည်းနှီး ပြန်၍ပြန်၍လာ၏၊ သင့်မှာ ငါမှတပါး အပြင်အပ၌ ကျွေးမွေးအပ်သောဌာန ရှိလေယောင်တကား" ဟု စွပ်စွဲရှုတ်ချစကား ပြောကြားဆူပူလေ၏။

ငှက်မုဆိုးသည် "အိုရှင်မ····ငါ့မှာ ရှင်မမှတပါး ကျွေးမွေးအပ်သောဌာနဟူ၍ မရှိပါ၊ စင်စစ်သော်ကား ထိုငုံးငှက်အပေါင်းတို့သည် စည်းလုံးညီညွတ်ကြလျက် လှည့်လည်ကျက်စားကြကုန်ဆဲဖြစ်ပေ၏၊ ငါက ပိုက်ကွန်ကို ပစ်ချလိုက်လျှင် ပစ်ချလိုက်ခြင်း ငုံးငှက်တို့သည် ပိုက်ကွန်ကို တညီတညွတ်တည်း (မ) ချီပံ့တက်ကြကာ ဆူးချုံပေါ်၌ ပစ်ချ၍ လွတ်ရာတပါး သွားကြကုန်၏။ တကယ်ဆိုတော့ ထိုငုံးငှက်များသည် အခါခပ်သိမ်း ညီညွတ်လျက်သာ နေနိုင်ကြမည်မဟုတ်ကုန်၊ ရှင်မသည် ထွေရာလေးပါး

http://www.dhammadownload.com



အကြိမ်များပါလင့်၊ တနေ့နေ့တွင် ထိုငုံးငှက်များ ခိုက်ရန်ငြင်းခုံမှုသို့ ရောက်ကြပါလိမ့်မည်၊ ထိုအခါ ထိုငုံးငှက်အားလုံးကို ဖမ်းဆီးယူဆောင်ခဲ့ကာ ရှင်မ၏မျက်နှာကို ပြုံးရွှင်စေလျက် ငါပြန်ခဲ့ပါမည် ဟု ပြောဆိုနှစ်သိမ့်စေပြီးလျှင် အိမ့်ရှင်မအား—

သမ္မောဒမာနာ ဂစ္ဆန္တိ၊
ဇာလမာဒါယ ပက္ခိနော။
ယဒါ တေ ဝိဝဒိဿန္တိ၊
တဒါ ဧဟိန္တိ မေ ဝသံ။

ဘဒ္ဒေ = အိုရှင်မ····။ ပက္ခိနော = ငုံးငှက်အပေါင်းတို့သည်။ သမ္မောဒမာနာ = ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်လျက်။ (ဝါ) ညီညွတ်ကြသောကြောင့်။ ဇာလံ = ငါပစ်ချအပ်သောပိုက်ကွန်ကို။ အာဒါယ = သယ်ပိုးယူဆောင်ကုန်၍။ ဂစ္ဆန္တိ = ဆူးချုံ၌ပစ်ချကာ လွတ်ရာအရပ်သို့ သွားကြကုန်၏။ တေ = ထိုငုံးငှက်တို့သည်။ ယဒါ = အမှတ်မထင် အကြင်တနေ့နေ့၌။ ဝိဝဒိဿန္တိ = အယူဝါဒမတူမျှပဲ သူကတဖုံ ငါတဖုံဖြင့် ငြင်းခုံစကား ခိုက်ရန်ပွါးကြကုန်လတ္တံ့။ တဒါ = ဝါဒကွဲပြား အငြင်းပွါးသောထိုနေ့၌။ တေ = ထိုငုံးငှက် အပေါင်းတို့သည်။ မေ = ငါ၏။ ဝသံ = အလိုသို့။ ဧဟိန္တိ = လိုက်ပါကြရကုန်လတ္တံ့။—

ဟူသော ဤဂါထာကို ရွတ်ဆိုကာ အိမ့်ရှင်မကို သက်သာစေလေ၏။

### မညီညွတ်သည့်အတွက် ငုံးငှက်တို့ပျက်စီးကြခြင်း

ထို့နောက် နှစ်ရက်သုံးရက်လွန်သောအခါ (ငှက်မှုဆိုး တွက်ကိန်းချထားသည့်အတိုင်း) ငုံးတကောင်သည် စားကျက်မြေသို့ သက်ဆင်းလတ်သော် သတိမမူမိသည်ဖြစ်၍ အခြားငုံးတကောင်၏ ဦးခေါင်းကို မတော်တဆ နင်းမိလေ၏။ အနင်းခံရသော ငုံးငှက်သည် "ငါ့ကို ဦးခေါင်း၌ တက်နင်းသောသူကား

http://www.dhammadownload.com



အဘယ်သို့နည်း = ငါ့ကို ဘယ်အကောင်က ခေါင်းတက်နင်းသနည်း" ဟု ကြိမ်းမောင်းမပြောဆိုလျက် အမျက်ထွက်လေ၏။ နင်းသော ငုံးငှက်က "အဆွေ....ငါသည် သတိမမူမိ၍ သင်၏ဦးခေါင်းကို မတော်တဆ နင်းမိပါသည်၊ အမျက်မထွက်ပါလင့် (=စိတ်မဆိုးပါနှင့်)" ဟု တောင်းပန်စကား ပြောကြားအပ်သော်လည်း အနင်း ခံရသော ငုံးငှက်သည် အမျက် ထွက် မြဲ သာ လျှင် ထွက်၍နေ၏။ ထို ငုံး ငှက် နှစ် ကောင် တို့ သည် တ ကောင် နှင့် တကောင် အပြန်အလှန် အဖန်ဖန် ပြောဆိုကြသည်တွင် "မင်းကမင်းသာလျှင် ပိုက်ကွန်ကို (မ) ချီနိုင်သည်ဟု မှတ်ထင်သလား" ဤသို့စသည်အားဖြင့် တကောင်နှင့်တကောင် ခိုက် ရန် စ ကား အငြင်းပွါးကြလေကုန်၏။

ထိုငုံးငှက်များ တကောင်နှင့်တကောင် အငြင်းပွါးကြသောအခါ ဘုရားအလောင်းတော်ငုံးမင်းသည်—

"ငြင်းခုံမှု ပြုရာအရပ်၌ ချမ်းသာခြင်းမည်သည် မရှိနိုင်၊ ယခုပင်လျှင် ထိုငုံးငှက်တို့သည် ပိုက်ကွန်ကို အညီအညွတ်ချီသယ်ယူဆောင်မှု ပြုကြတော့မည်မဟုတ်ချေ၊ ထိုအခါကြီးစွာသော ပျက်စီးခြင်းသို့ ငုံးငှက်များ ရောက်ကြတော့မည်။ ငှက်မုဆိုးသည် အခွင့်ကောင်းကို ရချေတော့မည်၊ ငါသည် ဤအရပ်၌ နေ၍ဖြင့် မသင့်လျော်တော့ချေ"—

ဟု အမှန်အတိုင်း စဉ်းစားကြံစည်တော်မူပြီးလျှင် မိမိ၏ ပရိသတ်ဖြစ်သော ငုံးငှက် အပေါင်းကို ခေါ်ယူကာ အရပ်တပါးသို့ ဖဲသွားတော်မူလေ၏။ ထိုတော၌ကား ဒေဝဒတ်အလောင်း ငုံးမလိမ္မာအုပ်စိုးသည့် ငုံးအပေါင်းသာ ကျန်ရှိရစ်လေ၏။

ငှက်မုဆိုးသည်လည်း နှစ်ရက်သုံးရက်လွန်လျှင်ပင် ထိုတောသို့သွားရောက်၍ ငုံးမြည်သံကို မြည်လျက် (ထိုအသံဖြင့်) စုဝေးရောက်ရှိလာသော ဒေဝဒတ်အလောင်း ခေါင်းဆောင်သည့် ထိုငုံးငှက်တို့၏ အပေါ်၌ ပိုက်ကွန်ကို ပစ်ချလေ၏။ ထိုအခါ ငုံးတကောင်က အခြားငုံးတကောင်ကို "ပိုက်ကွန်ကို (မ) ချီကာစမှာပင် သင်၏

http://www.dhammadownload.com



ဦးခေါင်းမွေးများ ကျကုန်ပါပကော၊ (သတ္တိရှိလျှင်) ယခု (မ)ချီ ပါတော့လော" ဟူ၍ မခံသာအောင်စကား ပြောကြားလေ၏။ အပြောခံရသော ငုံးငှက်ကလည်း ပဌမပြောသော ငုံးငှက်ကို "ပိုက်ကွန်ကို (မ) ချီကာစမှာပင် သင်၏ အတောင်နှစ်ဖက်တို့၌ အမွေးများကား အမောဆို့ကာ ပျော့ကျကုန်လေပြီ၊ (သတ္တိ ရှိလျှင်) ယခုပင် အသင် ချီ(မ) ပါတော့လော" ဟူ၍ ရန်တုံ့ စကား ပြောကြားလေ၏။

ဤသို့လျှင် ထို ငုံးငှက်အပေါင်းတို့သည် "သတ္တိရှိလျှင် အသင် ချီ(မ) ပါတော့လော၊သတ္တိရှိလျှင် အသင် ချီ(မ) ပါတော့လော" ဟု ရန်တွေ့စကား ပြောကြားကြကုန်စဉ်ပင် ငှက်မုဆိုးသည် ပိုက်ကွန်ကို ချီ(မ)၍ ထိုငုံးငှက်အားလုံးတို့ကိုပင် စုရုံးကာ ခြင်း တောင်းအပြည့် ထည့်ပြီးလျှင် အိမ်ရှင်မကို ရွှင်လန်းဝမ်းမြောက် စေလျက် အိမ်သို့ ပြန်သွားလေ၏။

မြတ်စွာဘုရားရှင်သည် "မင်းအပေါင်းတို့ .... ဤ ဆိုအပ်ပြီး သော အတိုင်း ဆွေမျိုးတို့၏ ခိုက်ရန်ငြင်းခုံမှုမည်သည် အဘယ် နည်းဖြင့်မျှ မသင့်လျော်ချေ၊ ခိုက်ရန်ငြင်းခုံမှုသည် ပျက်စီးခြင်း၏ အကြောင်းရင်းကေန် မှန်လှပေ၏" ဟု ဤတရားဒေသနာကို ထုတ်ဆောင်ဟောပြတော်မူပြီးလျှင် ရှေးနောက်စကား အနုသန္ဓေ ဆက်စပ်၍ "ထိုအခါ ပညာမဲ့သော ခေါင်းဆောင် ငုံးငှက်သည် ယခုအခါ ဒေဝဒတ် ဖြစ်လာပြီ၊ ထိုအခါ ပညာရှိသော ခေါင်း ဆောင်ငုံးငှက်သည်ကား ယခုအခါ ငါဘုရားပင် ဖြစ်လာပြီ" ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။

ကေကနိပါတ်လာ

(သမ္မောဒမာနဇာတ်) ဟု ခေါ်သော ဝဋ္ဋကဇာတ် ပြီး၏။

---

**အတ္တဒဏ္ဍသုတ်ကို ဟောတော်မူခြင်း**

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် နှစ်ပြည်ထောင်မင်းတို့အား ဤဖော်ပြရာပါ (၅) ငါးဇာတ်တို့ကို ဟောတော်မူပြီးလျှင်

http://www.dhammadownload.com



နောက်ဆုံး၌ (သုတ္တနိပါတ်ပါဠိတော်လာ) အတ္တဒဏ္ဍသုတ်* ကို ဟောတော်မူ၏။

### နှစ်ပြည်ထောင်မင်းတို့ မြတ်စွာဘုရားအား မင်းသား ၂၅၀-စီ လှူဒါန်း၍ ရဟန်းပြုစေကြခြင်း

ထိုအခါ နှစ်ပြည်ထောင်မင်းတို့သည် အချင်းချင်း ညီညွတ်ကြကာ သဒ္ဓါကြည်ညိုသော စိတ်ရှိကြကုန်လျက် "မြတ်စွာဘုရားသာ အကယ်၍ ကြွလာတော်မမူလျှင် ငါတို့သည် အချင်းချင်းသတ်ဖြတ်၍ သွေးချောင်းစီးစေကြမည် အမှန်ပင်ဖြစ်ပေသည်။ မြတ်စွာဘုရားရှင်ကို အမှီပြု၍ ငါတို့သည် အသက်ရှင်ခြင်းကို ရအပ်ပေပြီ။ အထူးအားဖြင့် မြတ်စွာဘုရားသည် အကယ်၍ လူ့ဘောင်၌ နေတော်မူလျှင် ကျွန်းငယ်နှစ်ထောင်အရံရှိသော လေးကျွန်းသနင်း စကြာမင်းစည်းစိမ်သည် ရှေလက်တော်ရောက်ဖြစ်လေရာ၏၊နှလုံးရည် လက်ရုံးရည် စုံညီပြည့်ညောင်း သားတော်ပေါင်း အထောင်ထွန်းကားလျက် မင်းပရိသတ် ခြံရံကာ လှည့်လည်တော်မူလေရာ၏။ ဤငါတို့ဆွေမျိုးမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုစကြာမင်းစည်းစိမ်ကို စွန့်ပယ်လျက် တောထွက်၍ ရှင်ရဟန်းပြုပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေပြီ၊ ယခုဘုရားဖြစ်သောအခါမှာလည်း မင်းသားရဟန်းများ ခြံရံလျက် သာလျှင် လှည့်လည်ကျက်စား သွားလာနေထိုင်တော်မူပါစေသတည်း"ဟု တညီတညွတ်တည်း စည်းဝေးတိုင်ပင် ဆင်ခြင်ကြံစည်ကြပြီးလျှင် နှစ်ပြည်ထောင်မင်းတို့သည် နှစ်ရာ့ငါးဆယ်စီ နှစ်ရာ့ငါးဆယ်စီသော မင်းသားတို့ကို မြတ်စွာဘုရားအား လှူဒါန်းကြလေကုန်၏။

မြတ်စွာဘုရားသည် ထိုမင်းသားငါးရာတို့ကို ဧဟိဘိက္ခုရဟန်းပြုပေးပြီးလျှင် ကပိလဝတ်ပြည်၏အနီး မဟာဝုန်တောကြီးသို့ ထိုရဟန်းငါးရာတို့ကို ခေါ်ဆောင်ကာ ကြွတော်မူလေ၏။ နောက်

---

*ဤ အတ္တဒဏ္ဍသုတ်ကို အကျယ်သိလိုပါက သုတ္တနိပါတ် ပါဠိတော် ပိဋကတ် မြန်မာပြန်မှ ထုတ်ယူမှတ်သားကုန်ရာ၏။ ဤကျမ်း၌ကား ကျယ်အံ့စိုး၍ မရေးသားတော့ပြီ။

http://www.dhammadownload.com



တနေ့မှစ၍ မြတ်စွာဘုရားသည် ထိုမင်းသား ရဟန်းငါးရာ ခြံရံလျက် တရံတခါ ကပိလဝတ်ပြည်၌ တရံတခါ ကောလိယပြည်၌ ဆွမ်းခံလှည့်လည် ကြွချီတော်မူလေ၏။ နှစ်ပြည်ထောင်သား လူအများတို့သည် ကြီးစွာသော ပူဇော်သက္ကာရမှုကို ပြုကြလေကုန်၏။

### ရဟန်းငါးရာတို့ သာသနာတော်၌ မမွေ့လျော်ကြခြင်း

ထိုမင်းသားငါးရာတို့ကား မိမိတို့ အလိုဆန္ဒအတိုင်း ရဟန်းပြုလို၍ ပြုကြခြင်းမဟုတ်ပဲ မိဖဆွေမျိုးတို့၏စကားကို အလေးပြုမပယ်ရှားလို၍သာလျှင် ရဟန်းပြုကြခြင်းဖြစ်သည်၊ ထို့ကြောင့် ရက်များမကြာမီပင် ထိုမင်းသား ရဟန်းငါးရာတို့၏ သန္တာန်၌ သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ခြင်း ပျင်းရိခြင်း (= အနဘိရတိ) တရား ထင်ရှားဖြစ်ပေါ်လာလေတော့သည်။

“မီးလောင်ရာ လေပင့်”ဟူသကဲ့သို့ ထိုမင်းသား ရဟန်းငါးရာတို့၏ ကြင်ယာဟောင်းများကလည်း “အရှင့်သားတို့သည် သာသနာတော်၌ မပျော်ပိုက်ကြပါလင့်၊ အရှင့်သားတို့ သွားသည့်နေ့က အစပြုကာ အိမ်ရာစီးပွါးတို့သည် တနေ့တခြား ပျက်ပြားဆုတ်ယုတ်ကုန်ပါပြီ” ဤသို့ အစရှိသော စကားတို့ကို ရေးသား ပြောဆိုကြကာ သဝဏ်လွှာသတင်းစကား ပါးကြမ့်ကြလေကုန်သည်။ သို့ရကား ထိုမင်းသားရဟန်းငါးရာတို့သည် “မစွမ်းရင်း ကလဲ့ရှိ၊ ကဇွန်းခင်းကလဲငြိ” ဟူဘိသကဲ့သို့ ရှေးကထက်တိုး၍ သာသနာတော်၌ မမွေ့လျော် မပျော်ပိုက်ကြလေကုန်။

### မြတ်စွာဘုရားသည် ရဟန်းငါးရာတို့အား ကုဏာလဇာတ်ကိုဟော၍ သောတာပန် ဖြစ်စေတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ကိုယ်တော်၏ တပည့်ရဟန်းများကို ညဉ့်၌သုံးကြိမ် နေ့၌ သုံးကြိမ် အားဖြင့် တရက်အတွက် ခြောက်ကြိမ်တိတိ ကြည့်ရှုဆင်ခြင်တော်မူကာ ရစ်မသည် မိမိအဉကို စောင့်ရှောက်သကဲ့သို့၎င်း,စမရီသားကောင်သည် မိမိ၏မြီးဆံကို

http://www.dhammadownload.com



စောင့်ရှောက်သကဲ့သို့၎င်း, မိခင်သည် ချစ်လှစွာသော သားကို စောင့်ရှောက်သကဲ့သို့၎င်း, မျက်စိတဖက်သာရှိသော ယောကျ်ားသည် ထိုမျက်စိကို အမြဲတမ်း စောင့်ရှောက်သကဲ့သို့၎င်း အမြဲ စောင့်ရှောက်တော်မူ၏၊ (ဇာ ဋ္ဌ၊ ၃၊ မျက်နှာ ၃၅၄-မှ)။ သို့ရကား မြတ်စွာဘုရားသည် ထို ရဟန်းငါးရာတို့ သာသနာ၌ ပျော်ပိုက်သည် မပျော်ပိုက်သည်ကို ဆင်ခြင်တော်မူသည်ရှိသော် မပျော်ပိုက်ကြကြောင်းကို ကောင်းစွာထင်ထင် သိမြင်တော်မူ၍ "ဤရဟန်းတို့သည် ငါကဲ့သို့သော ဘုရားနှင့် အတူတကွ နေကြကုန်လျက် ပျင်းရိကုန်ဘိ၏၊ ထိုရဟန်းတို့အား အဘယ်သို့သော တရားစကားသည် သင့်လျော်လျောက်ပတ်ပါမည်နည်း" ဟု စုံစမ်းဆင်ခြင်တော်မူသည်တွင် ကုဏာလဇာတ် တရားဒေသနာတော်မြတ်ကို မြင်တော်မူလေ၏။ ထို့နောက်မှ မြတ်စွာဘုရား၏ စိတ်သန္တာန်ဝယ်—

"ငါသည် ဤရဟန်းတို့ကို ဟိမဝန္တာသို့ ခေါ်ဆောင်သွားပြီးလျှင် ကုဏာလဇာတ် တရားစကားဖြင့် ထိုရဟန်းတို့အား မာတုဂါမ၏ အပြစ်ကို ထင်ရှားဖော်ပြကာ သာသနာတော်၌ မမွေ့လျော်ခြင်းကို ပယ်ရှားပြီးလျှင် သောတာပတ္တိမဂ်ဉာဏ်အမြင်ကို ပေးတော့အံ့"—

ဟူ၍ အကြံဖြစ်လေသည်။ မြတ်စွာဘုရားသည် နံနက်အခါ ကပိလဝတ်ပြည်အတွင်း ဆွမ်းခံကြွတော်မူပြီးလျှင် နေလွဲအခါ ဆွမ်းခံရာမှ ဖဲကြွတော်မူခဲ့၍ ထိုရဟန်းငါးရာတို့ကို "ရဟန်းတို့....သင်တို့သည် မွေ့လျော်ဖွယ်ကောင်းသည့် ဟိမဝန္တာ တောအရပ်ကို ရှေးကမြင်ဘူးအပ်ကြသလော" ဟူ၍ မေးတော်မူ၏။ "မမြင်ဘူးကြပါ မြတ်စွာဘုရား...."ဟု ရဟန်းတို့က လျှောက်ထားကြလေသော် "သင်ချစ်သားတို့သည် ဟိမဝန္တာသို့ ခရီးယာယီလှည့်လည်သွားလိုကြသလော" ဟု မေးတော်မူပြန်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်များသည် တန်ခိုးဣဒ္ဓိ မရှိသူများ ဖြစ်ကြပါကုန်၏၊ တပည့်တော်တို့သည် အဘယ်နည်းဖြင့် သွားနိုင်ကုန်အံ့နည်း"ဟု ရဟန်းတို့က လျှောက်ထားကြလေလျှင်

http://www.dhammadownload.com



"သင်ချစ်သားတို့ကို တန်ခိုးဇုဒ္ဓိရှိသူ တဦးတယောက်က ခေါ် ဆောင်၍သွားလျှင် သင်ချစ်သားတို့သည် လိုက်ပါကြမည်လော" ဟူ၍ မေးတော်မူသဖြင့်"အာမ ဘန္တေ = လိုက်ကြပါမည်ဘုရား" ဟူ၍ ဝန်ခံစကား ရဟန်းတို့သည် လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုရဟန်းငါးရာလုံးတို့ကို ကိုယ်တော် မြတ်၏ တန်ခိုးဇုဒ္ဓိဖြင့် ခေါ်ဆောင်၍ ကောင်းကင်၌ ပျံတက်တော် မူကာ ဟိမဝန္တာသို့ ရှေးရှုကြွတော်မူပြီးလျှင် ကောင်းကင်၌ တည်လျက်ပင် မွေ့လျော်ဖွယ်ကောင်းသော ဟိမဝန္တာအရပ်၌ (ရှိသည့်) ရွှေတောင်, ငွေတောင်,ပတ္တမြားတောင်,ဟင်းသပြဒါး တောင်, မျက်စဉ်းတောင်, သာနုမည်သောတောင်, ဖလ်တောင် အစရှိသော တောင်အမျိုးမျိုးတို့ကိုငှင်း, မြစ်ကြီးငါးသွယ်တို့ကို ငှင်း, အိုင်ကြီး ခုနစ်အိုင်တို့ကိုငှင်း ပြတော်မူလေ၏။ ဟိမဝန္တာ တောင်မှာ ယူဇနာ ငါးရာ အမြင့်ရှိလျက် ယူဇနာ သုံးထောင် အကျယ် အပြန့်ရှိသဖြင့် လွန်စွာ ကြီး မား လှ ၏၊ ထို ဟိ မ ဝ န္တာ တောင်၏ မွေ့လျော်ဖွယ်ကို တစိတ်တဒေသမျှကိုသာ ကိုယ်တော် မြတ်၏ တန်ခိုးအာနုဘော်ဖြင့် ပြတော်မူခြင်း ဖြစ်လေသည်။ ထို ဟိမဝန္တာတောင်၌ နေထိုင်ကြသော ခြသေ့ ကျား ဆင်အစရှိသော အခြေလေးချောင်းရှိသည့် သားကောင်တို့ကိုလည်း တစိတ်တဒေ သအားဖြင့် ပြတော်မူ၏။ ထိုဟိမဝန္တာဝယ် မွေ့လျော်ဖွယ်သော အရာမ်ဥယျာဉ်စသည်တို့ကိုငှင်း, အပွင့်မျိုးသစ်ပင် အသီးမျိုးသစ် ပင်တို့ကိုငှင်း, ငှက်အမျိုးမျိုးတို့ကိုငှင်း, ရေပန်း ကြည်း( = ကုန်း) ပန်းအမျိုးမျိုးတို့ကိုငှင်း, ဟိမဝန္တာတောင်၏ အရှေ့ဖက်နံပါး ရွှေသားအပြင်ကိုငှင်း, အနောက်ဖက်နံပါး ဟင်းသပြဒါး အပြင် ကိုငှင်း ပြတော်မူ၏။

ဤမွေ့လျော်ဖွယ်များကို မြင်ရသည့်အချိန်မှစ၍ ထိုရဟန်း ငါး ရာတို့၏ ကြင်ယာဟောင်းတို့၌ တပ်စွန်းသော ဆန္ဒရာဂကို ပယ် အပ်ပြီးဖြစ်လေတော့သည်။ ထိုအခါ၌ မြတ်စွာဘုရားရှင်သည် ထို ရ ဟန်း ငါး ရာ တို့ကို ခေါ် ဆောင် တော် မူ ၍ ကောင်း ကင် မှ သက်ဆင်းတော်မူပြီးလျှင် ဟိမဝန္တာတောင်၏ အနောက်ဖက်

http://www.dhammadownload.com



နံပါးရှိ ယူဇနာခြောက်ဆယ် အပြန့်ကျယ်သော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ ခုနစ်ယူဇနာအမြင့် အကျယ်အဝန်းရှိသော (ကမ္ဘာပတ်လုံးတည်မည့်) အင်ကြင်းပင်ကြီး၏ အောက်ဝယ် သုံးယူဇနာ အကျယ်အဝန်းရှိသော ဆေးဒန်းမြင်းသီလာအပြင်ဝယ် ထိုရဟန်းငါးရာတို့ ခြံရံအပ်လျက် ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူကာ သမုဒ္ဒရာဝမ်း (ရေအပြင်)ကို ချောက်ချားစေလျက် အရောင်ပဝင်း ထွန်းလင်း တောက်ပကာ ထွက်ပေါ်လာသော နေမင်းကဲ့သို့ တင့်တယ်စွာ ထိုင်နေတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့···· ဤဟိမဝန္တာအရပ်၌ သင်တို့ မမြင်အပ်စဖူးသော အရာဝတ္ထုကို မေးမြန်းကြကုန်လော့" ဟူ၍ အခွင့်ပြုဖိတ်မန်စကား မိန့်ကြားတော်မူလေ၏။

ထိုခဏ၌ ဆန်းကြယ်သော အတောင်အမွေးရှိသည့် ဥဩငှက်ဖိုမနှစ်ကောင်တို့သည် ဒုတ်တချောင်း၏ အစွန်းတဖက်စီတို့၌ ကိုက်ချီပြီးလျှင် အလယ်၌ မိမိတို့၏ အရှင်သခင် ဥဩငှက်မင်းကို လိုက်ပါထိုင်နေစေ၍ ဝဲယာရှေ့နောက် အထက်အောက် ခြောက်ဌာနတို့၌ ရှစ်ကောင် ရှစ်ကောင်စီသော ဥဩငှက်ဖိုမတို့ ခြံရံလိုက်ပါကြလျက် ကောင်းကင်ထက်မှ ပျံလာကြလေကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မမြင်စဖူး ထူးဆန်းလှစွာသော ထိုငှက်အပေါင်းကို မြင်ကြရ၍ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ထိုငှက်တို့ကား အဘယ်အမည်ရှိပါကုန်သနည်း" ဟူ၍ မေးလျှောက်ကြလေသော် မြတ်စွာဘုရားသည်—

"ရဟန်းတို့···· ဤသကုဏာဝင် ငှက်မျိုးအစဉ်သည် ငါဘုရား၏ ရှေး၌ဖြစ်ဘူးသော အမျိုးအစဉ်ပင်ဖြစ်၏၊ ငါဘုရားထားခဲ့သော ပဝေဏီအစဉ်အဆက် ဖြစ်ပေသည်။ ရှေးအခါက အစပကတူး လက်ဦးအမွှန် ငါ့ကို ဤနည်းနှင်နှင် ပြုစုလုပ်ကျွေး မှုယုခဲ့ကြဘူးကုန်ပြီ၊ထိုစဉ်အခါ၌ကား ဤငှက်အပေါင်းသည် ယခုထက်ပင် များပြားလှ၏၊ သုံးထောင့်ငါးရာကုန်သော ငှက်ဖိုမတို့သည် ငါ့ကို ပြုစုလုပ်ကျွေး မှုယုခဲ့ကြကုန်ပြီ။ အစဉ်သဖြင့် ယုတ်လျော့၍ ယခု

http://www.dhammadownload.com



အခါ၌ အနွယ်မပျောက်ရုံ ဤမျှလောက်သာ ဖြစ်ရှိလေပြီ"—

ဟု မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့က "ဤသို့ သဘောရှိသော တောအုပ်ကြီး၌ ထိုသုံးထောင့်ငါးရာသော ငှက်ကညာမတို့သည် အရှင်ဘုရားတို့ကို ဘယ်ပုံဘယ်ပန်း ပြုစု မွေးယုခဲ့ကြပါကုန်သနည်း" ဟူ၍ လျှောက်ထားကြသောအခါ မြတ်စွာဘုရားသည် "ရဟန်းတို့....ထိုသို့ ဖြစ်လျှင် နားထောင်ကြကုန်"ဟု ရဟန်းတို့အား သတိတရား ဖြစ်ပွါးစေပြီးလျှင် ဂါထာသုံးရာတို့ဖြင့် တန်းဆာဆင်၍ အသီတိနိပါတ် ကုဏာလဇာတ် *ကို ဟောတော်မူ၏။

## ရဟန်းများ သောတာပန် ဖြစ်ကြခြင်း

ဒေသနာနိဂုံးဆုံးလတ်သောအခါ သာကီဝင်မင်းသား ရဟန်းငါးရာလုံးပင် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။ အထူးအားဖြင့် ထိုရဟန်းငါးရာတို့အား မဂ်ကို ရလိုက်သည်နှင့် တပြိုင်နက် မြေလျှိုးမိုးပျံ တန်ခိုးချာန်သည်လည်း ရပြီးရောက်ပြီး ဖြစ်လေတော့သည်။

[ဤအရာ၌။ ။ပုထုဇန် ပုဂ္ဂိုလ်တို့မှာ လောကီ ဈာန်သမာပတ် အဘိညာဏ်များကို ကသိုဏ်း အစရှိသော သမထကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှသာလျှင် ရရှိနိုင်ကြလေသည်။

အရိယာ ပုဂ္ဂိုလ်တို့မှာကား အချို့သော အရိယာ ပုဂ္ဂိုလ်တို့မှာ အရိယမဂ်ဖိုလ်ကို ရပြီးမှ သမထကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သဖြင့် လောကီဈာန်သမာပတ် အဘိညာဏ်တို့ကို ရကြသည်လည်း ရှိ၏။ ပုထုဇန်အခိုက်ကပင် လောကီဈာန်သမာပတ် အဘိညာဏ်တို့ကို ရခဲ့ပြီးဖြစ်၍ အရိယာဖြစ်ပြီးသောအခါ သမထကမ္မဋ္ဌာန်းကို အသစ်စီးဖြန်းမှု မပြုရတော့ပဲ ထိုပုထုဇန်အခိုက်က ရပြီးသော လောကီဈာန်သမာပတ်တို့ကို အလွယ်တကူပင် ဝင်စားနိုင်ကြသည်လည်းရှိ၏။

အချို့သော အရိယာပုဂ္ဂိုလ်တို့မှာ ပုထုဇန်အခိုက်ကလည်း လောကီဈာန်သမာပတ် အဘိညာဏ်တို့ကို မရရှိခဲ့ကြပဲ လောကုတ္တရာ အရိယာ

---

* ဤကုဏာလဇာတ်ကို ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုမှ အကျယ် ထုတ်ယူမှတ်သားကုန်ရာ၏။

http://www.dhammadownload.com



မဂ်ဖိုလ်သို့ ရောက်သည်နှင့်တပြိုင်နက် လောကီဈာန်သမာပတ် အဘိညာဏ်တို့ကို ရပြီးရောက်ပြီးသား ဖြစ်ကြကာ အလိုရှိသောအချိန်မှာပင် အလွယ်တကူ ဝင်စားသုံးဆောင်တော်မူနိုင်ကြလေသည်။ ထိုကဲ့သို့သော ဈာန်သမာပတ် အဘိညာဏ်မျိုးကို "မဂ္ဂသိဒ္ဓဈာန်, မဂ္ဂသိဒ္ဓအဘိညာဏ်" ဟူ၍ ခေါ်၏။

ယခု သာကီဝင်မင်းသား ရဟန်းငါးရာတို့မှာလည်း ရှေးကောင်းမှု ကုသိုလ်ထူး ရှိကြသူများ ဖြစ်သည်အားလျော်စွာ မဂ္ဂသိဒ္ဓဈာန်, မဂ္ဂသိဒ္ဓ အဘိညာဏ်တို့ကို ရရှိသူများ ဖြစ်ကြသဖြင့် လောကီဈာန် သမာပတ် အဘိညာဏ်တို့ကို ရဖို့ရန် သမထကမ္မဋ္ဌာန်းကို အထူးစီးဖြန်း အားထုတ်ရမှု မရှိတော့ပဲ အလိုရှိသောအချိန်မှာပင်လျှင် ထိုလောကီဈာန် သမာပတ်အဘိညာဏ်တို့ကို ဝင်စားသုံးဆောင်တော်မူနိုင်ကြလေသည်။ (မဂ္ဂသိဒ္ဓဈာန်=အရိယမဂ်ဖြင့် ပြီးမြောက်ရရှိလာသောဈာန်။ မဂ္ဂသိဒ္ဓ အဘိညာဏ်=အရိယမဂ်ဖြင့် ပြီးမြောက်ရရှိလာသောအဘိညာဏ်)။]

မြတ်စွာဘုရားသည် "ဤရဟန်းငါးရာတို့အတွက် ဤသောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်လောက်ပင် ရှိစေဦးတော့"ဟု ကြံစည်တော်မူပြီးလျှင် ကောင်းကင်ခရီးဖြင့် မဟာဝုန်တောသို့ ပြန်ကြွတော်မူခဲ့လေ၏။ ထိုရဟန်းငါးရာတို့သည်လည်း အသွားတုန်းက မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ဖြင့် သွားကြ၍ ပြန်လာသောအခါ မိမိ မိမိတို့၏ တန်ခိုးအာနုဘော်ဖြင့် မြတ်စွာဘုရားကို ခြံရံကြလျက် ကောင်းကင်ခရီးဖြင့်ပင် ပြန်ကြွတော်မူခဲ့ကြ၍ မဟာဝုန်တောအတွင်းသို့ သက်ဆင်းတော်မူကြလေကုန်၏။

## ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြ၍ (မဟာသမယ) ကြီးစွာသောအစည်းအဝေးကြီးဖြစ်ခြင်း

မြတ်စွာဘုရားရှင်သည် မဟာဝုန်တောအတွင်း ခင်ထားအပ်သော ဗုဒ္ဓါသန = ဘုရားနေရာတော်၌ ထိုင်နေတော်မူပြီးလျှင် ထိုရဟန်းငါးရာတို့ကို ခေါ်တော်မူ၍—

"ချစ်သားရဟန်းတို့....လာကြကုန်၊ ထိုင်ကြကုန်လော့၊ သင်ချစ်သားတို့အား ငါဘုရားသည် အထက်မဂ်သုံးပါးဖြင့်

http://www.dhammadownload.com



ပယ်ရှားသတ်ဖြတ်အပ်သော ကိလေသာတို့ကို ပယ်စွန့်နိုင်ရန် ကမ္မဋ္ဌာန်းတရား ဟောကြားမည်"—

ဟု မိန့်တော်မူပြီးလျှင် ထိုရဟန်းတို့အား အထက်မဂ်ဖိုလ်ကိုရရှိရန် ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူလေ၏။ ရဟန်းငါးရာတို့သည်—

"မြတ်စွာဘုရားရှင်သည် ငါတို့၏ သာသနာတော်၌ မမွေ့လျော်ကြောင်းကို ကောင်းကောင်းကြီး သိတော်မူကာ ငါတို့ကို ကုဏာလအိုင်သို့ ခေါ်ဆောင်ပြီးလျှင် မမွေ့လျော်ခြင်းကို အလျှင်း ပယ်ဖျောက်ပေးရှုံမျှမက ထိုအိုင်၌ သောတာပတ္တိဖိုလ်သို့ ရောက်ရှိခဲ့ကြပြီးသော ငါတို့အား ယခုအခါ ဤမဟာဝုန်တောအရပ်၌ အထက်မဂ်သုံးပါးတို့အတွက် ကမ္မဋ္ဌာန်းတရားကို ဟောကြားပေးသနားတော်မူ၏။ ငါတို့သည် 'တို့တတွေကား သောတာပန် အရိယာများတည်း' ဟု ပေါ့ပေါ့တန်တန် အချိန်ကို ကုန်လွန်စေရန် မသင့်လျော်ကြချေ။ ငါတို့သည် ငါတို့၏ ရှေ့သွား ယောကျ်ားအာဇာနည်ပုဂ္ဂိုလ်တို့နှင့် တူညီမှသာ သင့်လျော်လျောက်ပတ်ကြတော့မည်"—

ဟု ကြံစည်ဆင်ခြင်ကြပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်အစုံကြာပဒုံတို့ကို ကြည်ညိုမြတ်နိုး ရှိခိုးကြပြီးသော် နေရာမှ ထကြ၍ နိသီဒိုင် ထိုင်စရာအခင်းကလေးများကို ခါတွက်ကြကာ အသီးအသီး တောင်မြောင်ချောက်ကြား သစ်ပင်ရင်းများ၌ ရဟန်းတရား ပွါးများအားထုတ်ကာ ထိုင်နေကြလေကုန်၏။

ထိုရဟန်း ငါးရာတို့ သွားကြသောအခါ မြတ်စွာဘုရားသည်—

"ဤရဟန်းငါးရာတို့ကား ပကတိအားဖြင့်ပင် ကမ္မဋ္ဌာန်းတရားကို လက်မလွှတ်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်၊ (ဤရဟန်းငါးရာတို့သည် သောတာပန်အရိယာများ ဖြစ်ကြပြီးသဖြင့် မဂ်ဖိုလ်ရကြောင်း အကျင့်

http://www.dhammadownload.com



ပဋိပတ် တည်းဟူသော နည်းလမ်း ဥပါယ်ကောင်းကို ရရှိပြီးသူများသာ ဖြစ်ကြသည်)၊ မဂ်ဖိုလ် ရကြောင်း အကျင့်ပဋိပတ်နည်းလမ်း ဥပါယ်ကောင်းကို ရရှိပြီးသော ရဟန်းအဖို့ရာ အထက်မဂ်ဖိုလ်ကို ရရှိရန် ငြိုငြင်ပင်ပန်း ဖွယ်အကြောင်း လုံးဝမရှိချေ။ သွားတိုင်းသွားတိုင်းသော ထိုရဟန်းငါးရာတို့သည် ဝိပဿနာတရား ပွါးများကြ၍ အရဟတ္တဖိုလ်သို့ အသီးအသီးရောက်ရှိကြပြီးလျှင် မိမိ မိမိတို့ ရအပ်ပြီးသော အရဟတ္တဖိုလ် ဂုဏ်ကျေးဇူးကို ကြား လျှောက်ကြကုန်အံ့ဟု ကြံစည်ကြကာ ညနေချမ်းအခါ၌ ငါဘုရားထံမှောက်သို့ လာရောက်ကြလိမ့်မည်။ ထို ရဟန်းငါးရာတို့ လာရောက်ကြသည့်ရှိသော် စကြဝဠာ ပေါင်း တိုက်တသောင်း၌ နေကြသော နတ်မြဟ္မာတို့သည် ဤစကြဝဠာ တိုက်တခုတည်း၌ စည်းဝေး ကြလိမ့်မည်၊ (ထိုအခါ) ကြီးစွာသော အစည်းအဝေးကြီး (＝မဟာ သမယ)ဖြစ်လိမ့်မည်။ ငါဘုရားသည် စောစီးက ကြိုတင် ကာ ဆိတ်ငြိမ်ရာအရပ်၌ နေနှင့်မှ သင့်လျော်လျောက်ပတ် ပေမည်"—

ဟု ကြံစည်ဆင်ခြင်တော်မူကာ ထိုနေရာမှ ထတော်မူခဲ့၍ ဆိတ် ငြိမ်ရာအရပ်၌ ဘုရားနေရာကို ခင်းထားတော်မူ၍ ဖလသမာပတ် ကို ဝင်စားတော်မူကာ နေထိုင်တော်မူလေ၏။

## ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြလေပြီ

ထိုရဟန်းငါးရာတို့အနက် အလျင်လက်ဦး ကမ္မဋ္ဌာန်းကို ယူ၍ သွားသော မထေရ်သည် (ရဟန်းတရား ပွါးများအားထုတ်တော် မူသဖြင့်) ပဋိသမ္ဘိဒါ ဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ ထို့နောက် ဒုတိယမထေရ်သည် ထို့အတူ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ ထို့နောက် တတိယ မထေရ်သည် ထို့အတူ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ ဤသို့လျှင် ရဟန်းငါးရာလုံးပင် ပဒုမာကြာရုံ၌ ပဒုမာ ကြာပွင့်တို့

http://www.dhammadownload.com



ရွှေဆင့်နောက်ဆင့် ပွင့်ကြသကဲ့သို့ သစ္စာလေးဆင့် ကားကား စွင့်၍ ရွှေဆင့်နောက်ဆင့် အရဟတ္တဖိုလ်ရောက် ပွင့်တော်မူကြ လေကုန်ပြီ။

အလျှင်လက်ဦး အရဟတ္တဖိုလ်သို့ ရောက်ပြီးသော မထေရ်သည် "မြတ်စွာဘုရားအား ကြားလျှောက်တော့မည်" ဟု ကြံစည်၍ တင်ပလ္လင်ခွေကိုဖျက်ကာ နိသီဒိုင်ကို ပုတ်ခါ၍ ထိုင်နေရာမှထပြီး လျှင် မြတ်စွာဘုရားရှင်သို့ ရှေးရှု လာရောက်တော်မူလေ၏။ ဤ နည်းအတူ ဒုတိယမထေရ်သည်လည်း လာရောက်တော်မူလေ၏၊ တတိယမထေရ်သည်လည်း လာရောက်တော်မူလေ၏၊ ဤသို့လျှင် ရဟန္တာငါးရာတို့သည် ဆွမ်းစားကျောင်းသို့ ထေရ်စဉ်ဝါလိုက် ဝင်လာကြကုန်သကဲ့သို့ အစဉ်လိုက်အတန်းလိုက် မြတ်စွာဘုရား ထံတော်မှောက်သို့ လာရောက်ကြလေကုန်၏။

ရှေးဦးစွာ လာရောက်သော မထေရ်သည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နိသီဒိုင်အခင်းကို ခင်း၍ အပြစ်လွတ်ရာအရပ်၌ ထိုင်နေပြီးနောက် မိမိရအပ်သော အရဟတ္တဖိုလ်ကျေးဇူး တရား ထူးကို မြတ်စွာဘုရားအား လျှောက်ထားလိုသည်ဖြစ်၍ "ငါမှ တပါး အခြားရဟန်းတဦးဦး ရှိလေသလော၊ မရှိလေ သလော" ဟု ဦးခေါင်းကို ပြန်လှည့်၍ မိမိလာခဲ့သောလမ်းကို မျှော်မှန်းကြည့်ရှုလေသော် ဒုတိယမထေရ်ကိုလည်း မြင်လေပြီ၊ နောက်တပါးကိုလည်း မြင်လေပြီ၊ ဤနည်းဖြင့် ငါးရာသောရဟန်း တို့၏ အစဉ်အတန်းကို မြင်ရလေပြီ။

ဤသို့လျှင် ထိုရဟန်းငါးရာလုံး မြတ်စွာဘုရားထံတော်မှောက် သို့ လာရောက်ကြကာ အပြစ်လွတ်ရာအရပ်၌ နေထိုင်တော်မူကြ လျက် တပါးသည် တပါးကို အကဲခပ်ကြည့်ရှုကြသည်တွင် "ဤ ရဟန်းသည် ဤရဟန်းအား ရက်နိုးလှ၍ မလျှောက်ထားပဲရှိ၏၊ ဤရဟန်းသည် ဤရဟန်းအား ရက်နိုးလှ၍ မြတ်စွာဘုရားအား မလျှောက်ထားပဲရှိ၏" ဟူ၍ ရိပ်မိသိရှိကြလေကုန်သည်။

http://www.dhammadownload.com



### ရဟန္တာပုဂ္ဂိုလ်တို့၏ အခြင်းအရာနှစ်ပါး

(၁) ရဟန္တာသခင် အရှင်သူမြတ်များအား "ငါရရှိသောအရဟတ္တဖိုလ်ကျေးဇူး တရားထူးကို နှတ်မြွက်ဟွာနှင့် တကွသော လူအပေါင်းတို့သည်(=လူနှတ်မြွက်ဟွာ သတ္တဝါအပေါင်းတို့သည်) လျင်မြန်စွာ ထိုးထွင်း သိမြင်ရရှိကြပါမူကား ကောင်းလေစွ" ဟူ၍ သတ္တဝါတို့၏ အကျိုးကို လိုလားသောစိတ်အစဉ်သည် ဖြစ်မြဲတည်း။

(၂) မိမိအရဟတ္တဖိုလ် ရရှိကြောင်းကိုကား ရွှေအိုးရသောယောကျ်ားကဲ့သို့ သူတပါးအား (ပကာသန ပြုရာကျမည်ဖြစ်၍)မပြောကြားလို။

(ဤကား ရဟန္တာပုဂ္ဂိုလ်တို့၏ အခြင်းအရာနှစ်ပါးတည်း။)

### မဟာသမယသုတ်များကို ဟောကြားတော်မူခြင်း

ထိုသို့ ရဟန္တာငါးရာတို့ စည်းဝေးမိသောနေ့ကား နယုန်လပြည့်နေ့ဖြစ်သည်၊ အချိန်ကား ညနေချမ်းကာလဖြစ်သည်။ သို့ရကား ထိုရဟန္တာငါးရာတို့ စုဝေးညီမူ ထိုင်နေတော်မူမိကြလျှင်ပင် အရှေ့လောကဓာတ် ယုဂန္ဓိုရ်တောင်ထိပ်ထက်မှ ဆီးနှင်း, မြူ, တိမ်, အသူရိန်, မီးခိုး တည်းဟူသော အညစ်အကြေး ငါးမျိုးတို့မှ ကင်းလွတ်သော လပြည့်ဝန်းသည် မြတ်စွာဘုရားပွင့်ထွန်းတော်မူခြင်းဖြင့် တန်းဆာဆင်အပ်သော လောကကြီး၏ မွေ့လျော်ဖွယ်ရှိသောအဖြစ်ကို ထင်စွာပြခြင်းငှါ အရွှေအရပ်မျက်နှာ၌ မြှောက်ချီစိုက်ထောင်၍ ထားအပ်သော ငွေကြေးမုံ မှန် ပြင် ဝန်း ကြီး ကဲ့ သို့ အကွပ်အဝန်း၌ ဆွဲကိုင်ကာ လှည့်အပ်သော ငွေဘီး၏ အသရေကို ဆောင်လျက် ထွန်းပြောင်ထိန်လက် အရှေ့လောကဓာတ်အချက်မှ တက်လတ်သတည်း။ ဤသို့လျှင် ကြက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော အချိန်အခါ၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည်၏အနီး မဟာဝုန်တောကြီး၌ ရဟန္တာငါးရာ ခြံရံလျက် သီတင်းသုံးနေထိုင်တော်မူဆဲဖြစ်၏။

http://www.dhammadownload.com



### နတ်ဗြဟ္မာများ စည်းဝေးကြခြင်း

ထိုအချိန်၌ မဟာဝုန်တောပတ်ဝန်းကျင်၌ နေထိုင်ကြသော နတ်တို့သည် လှုပ်လှုပ်ရှားရှားဖြစ်ကြကာ "အချင်းတို့....လာ သွားကြစို့၊ ဘုရားဖူးရခြင်းမည်သည် ကျေးဇူးများလှပေ၏၊ တရားနာရခြင်းသည် ကျေးဇူးများလှ၏၊ရဟန်းသံဃာကိုဖူးမြော်ရခြင်းသည် ကျေးဇူးများလှ၏၊ လာ သွားကြစို့၊ လာ သွားကြစို့" ဟု ကျယ်စွာသောအသံကို ပြု ကြ ကုန် လျက် လာ ရောက် ကြ ပြီး လျှင် မြတ် စွာဘုရားကိုင်း, ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ ရောက်သစ်ပြီးစဖြစ်သော ရဟန္တာငါးရာတို့ကိုင်း ရှိခိုးကြ၍ အပြစ်လွတ်ရာအရပ်၌ ရပ်တည်ကြလေကုန်၏။

ထိုနည်းဖြင့်ပင် တိုထိုနတ်တို့၏ အုတ် အုတ် ကျက် ကျက် ကြွေးကြော် နှိုးဆော်ကြသော အသံကို ကြားကြရ၍ တခေါ်လောက်, ဂါဝုတ်ဝက်လောက်, တဂါဝုတ်လောက်, ယူဇနာဝက်လောက်, တယူဇနာလောက်အစရှိသည်ဖြင့် အစဉ်အတိုင်း ကျယ်ပြန့် ကျယ်ပြန့်ကာ ဤစကြဝဠာတိုက်ကို အလယ်ဗဟိုထား၍ ပတ်ဝန်းကျင် စကြဝဠာပေါင်း တိုက်တသောင်းတို့၌ နေကြသော နတ်ဗြဟ္မာအပေါင်းတို့သည် ဤစကြဝဠာတိုက်၌ လာ ရောက် စည်း ဝေး ကြကုန်၏။ အသညသတ်ဗြဟ္မာကြီးများ, အ ရူ ပ ဗြဟ္မာ ကြီး များ နှင့် သမာပတ်ဝင်စားနေဆဲဖြစ်သော ဗြဟ္မာကြီးများ ဤအနည်းအပါးသော ဗြဟ္မာကြီးများသာ မလာရောက်နိုင်ပဲ ရှိကြကုန်၏။

ထိုအချိန်၌ ဤစကြဝဠာတိုက်တခုလုံးသည် အပ်ကျည် (အပ်ဗူး)၏အတွင်း အကြားအလပ်မရှိ အပ်ချောင်းများကို ထည့်၍ထားအပ်သည့်ပမာ ဗြဟ္မာ့ပြည်တိုင်အောင်ပင် စည်းဝေးညီမူလာသော နတ်ဗြဟ္မာတို့ဖြင့် ပြည့်လျက်ရှိလေသည်။ သီဟိုဠ်ကျွန်း လောဟပါသာဒပြာသာဒ်၌ ဘုံခုနစ်ဆင့်ခန့်ပမာဏရှိသော ကျောက်တုံးကြီးကို ဗြဟ္မာ့ပြည်မှ အောက်သို့ပစ်ချလိုက်လျှင် လူတို့အရေအတွက်အားဖြင့် လေးလကြာမှ မြေအပြင်သို့ ရောက်နိုင်၏၊ ဤမျှလောက်ကြီးကျယ်မြင့်မားဝေးခြားလှသော (လူ့ပြည်မှ ဗြဟ္မာ့ပြည်တိုင်အောင်သော) အရပ်၌ အောက်မှရပ်ထည့်၍ အထက်သို့ ပစ်

http://www.dhammadownload.com



မြှောက်အစ်သော ပန်းပွင့်များ အခိုးအထုံများ အထက်သို့ တက်ရောက်နိုင်ခွင့် အကြားအပေါက်ကို မရနိုင်အောင်ငုင်း, အထက်မှ ရစ်တည်၍ အောက်သို့ ပစ်ချအစ်သော မုံညင်းစေ့များ အောက်သို့ သက်ဆင်းကျရောက်နိုင်ခွင့် အကြားအပေါက်ကို မရနိုင်လောက်အောင်ပင်ငုင်း အကြားမလစ် နတ်ဗြဟ္မာတို့ ပြည့်ကြပ်လျက်ရှိကုန်၏။

အထူးအားဖြင့် စကြဝတေးမင်းနှင့်တကွ မင်းအပေါင်းတို့ စည်းဝေးညီမူကြသောအခါ စကြဝတေးမင်း၏ နေထိုင်ရာအရပ်သည် မကျစ်တည်း မကျဉ်းမြောင်းသကဲ့သို့၊ လာတိုင်းလာတိုင်းသော တန်ခိုးကြီးသည့် မင်းအပေါင်းတို့သည် စကြာမင်း၏အနီး၌ နေထိုင်စရာကို ရကုန်၍ နောက်ကျ နောက်ကျသော အရပ်၌ကား အလွန်ကျစ်တည်း ကျဉ်းမြောင်းသကဲ့သို့၊ ထိုအတူ စကြာမင်းနှင့်တူသော မြတ်စွာဘုရား၏ နေထိုင်ရာအရပ်ကား မကျစ်တည်း မကျဉ်းမြောင်းချေ၊ လာတိုင်းလာတိုင်းသော တန်ခိုးကြီးမားကြသည့် မဟေသက္ခနတ်ဗြဟ္မာတို့သည် မြတ်စွာဘုရား၏အနီးအပါး၌ နေထိုင်စရာကို ရကြကုန်၏။ စင်စစ်သော်ကား မြတ်စွာဘုရား၏ အနီးအပါး အရပ်များ၌ သားမြီးဖျားတံထောက် ထိုးဆွလောက်ရုံသော အရပ်၌ တကျိပ်လောက် နှစ်ကျိပ်လောက် ထိုမှနောက်၌ သုံးကျိပ်လောက် လေးကျိပ်လောက် ငါးကျိပ်လောက် ခြောက်ကျိပ်လောက်သော နတ်ဗြဟ္မာတို့သည် သိမ်မွေ့ကုန် ထို့ထက်သိမ်မွေ့ကုန်သော အတ္တဘောတို့ကို ဖန်ဆင်း၍ ရစ်တည်ကြရကုန်၏။

### သုဒ္ဓါဝါသဗြဟ္မာကြီးလေးယောက် နောက်ကျမှ ရောက်လာကြခြင်း

မြတ်စွာဘုရားနှင့်တကွ ရဟန္တာငါးရာ စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ (ဆိုအစ်ခဲ့ပြီးသည့်အတိုင်း) စည်းဝေးမိကြသောအခါ သုဒ္ဓါဝါသဘုံသား (ရဟန္တာ) ဗြဟ္မာကြီးလေးဦးတို့သည် သမာပတ်ကို ဝင်စား၍ ပိုင်းခြားအစ်သော ကာလအတိုင်း ထိုသမာပတ်မှ ထကုန်ပြီးလျှင် ဗြဟ္မာ့ဘုံကို ကြည့်ရှုကုန်လတ်သော် (နေမွန်းလွဲသောအခါ လူမှဆိတ်သော ထမင်း

http://www.dhammadownload.com



ကျွေးရုံကဲ့သို့) ဗြဟ္မာ့ဘုံအလုံး ဗြဟ္မာတို့မှ ဆိတ်သုဉ်းနေသည်ကို မြင်ကြပြီးနောက် "ဗြဟ္မာတို့သည် အဘယ်အရပ်သို့ သွားရောက်ကြကုန်သနည်း" ဟု ဆင်ခြင်ကြသည်တွင် မဟာသမယအစည်းအဝေးကြီးကို တွေ့မြင်သိရှိကြ၍—

"ဤအစည်းအဝေးကား ကြီးမားလှ၏၊ ငါတို့ကား နောက်ကျန်လျက်ရှိကုန်ပြီ၊ နောက်ကျသော သူတို့အဖို့ရာ နေရာရဖို့ရန် ခဲယဉ်းလှ၏၊ ထို့ကြောင့် ငါတို့သွားကြသောအခါ လက်အချည်းစီး မသွားကြပဲ တယောက်လျှင် တဂါထာစီ ဖွဲ့သီစီရင်၍ သွားကြကုန်အံ့။ ထိုလက်ဆောင် ဂါထာဖြင့် မဟာသမယအစည်းအဝေးကြီး၌ မိမိ၏လာရောက်ကြောင်းကိုလည်း သိစေကုန်အံ့၊ မြတ်စွာဘုရား၏ ကျေးဇူးကိုလည်း ချီးကျူး ပြောဆိုကြကုန်အံ့"—

ဟူ၍ ကြံစည်တိုင်ပင်ကြပြီးလျှင် ထိုရဟန္တာဗြဟ္မာကြီး လေးဦးတို့သည် ဗြဟ္မာ့ပြည်၌ တည်နေကြစဉ်ပင် တဦးလျှင် တဂါထာစီ သီကုံးစီရင်ခဲ့ကြ၍—

(၁) တဦးသော ဗြဟ္မာကြီးသည် အရှေ့စကြဝဠာနံခမ်းရေး၌ သက်ဆင်းလေသည်။ (၂) အခြားတဦးကား တောင်စကြဝဠာနံခမ်းရေး၌၊ (၃) အခြားတဦးကား အနောက်စကြဝဠာ နံခမ်းရေး၌၊ (၄) အခြားတဦးကား မြောက်စကြဝဠာ နံခမ်းရေး၌ သက်ဆင်းလေသည်။

ထိုနောင်မှ (၁) အရှေ့စကြဝဠာနံခမ်းရေး၌ သက်ဆင်းသော ဗြဟ္မာကြီးသည် နီလကသိုဏ်းလျှင်အာရုံရှိသောဈာန်ကိုဝင်စား၍ စိမ်းညိုသော အရောင်တို့ကို တဖိတ်ဖိတ်ဖြန့်လွှတ်ကာ စကြဝဠာပေါင်း တိုက်တသောင်းမှ လာရောက်စည်းဝေးကြသော နတ်ဗြဟ္မာ အပေါင်းတို့အား မြလွှာဝတ်လုံကို ခြုံရုံ၍ ပေးသည့်အလား မိမိလာရောက်သော အဖြစ်ကို သိစေပြီးနောက် (မြတ်စွာဘုရားတို့၏ ရှေ့တော်မှောက်ဝယ် တဦးတယောက်မျှ ဗိတ်ဆို့နေထိုင်ခွင့်မရနိုင်သော ဗုဒ္ဓဝီထိခေါ် လမ်းခရီးရှိမြဲဖြစ်သည်၊ ယင်းခရီးဖြင့်

http://www.dhammadownload.com



လာတိုင်းလာတိုင်းသော နတ်လူတို့ မြတ်စွာဘုရားအနီးသို့ ချဉ်းကပ်ဖူးမြော်ကြရသည်)၊ ထိုဗုဒ္ဓဝီထိလမ်းခရီးဖြင့်ပင် ထိုပဋ္ဌမမြဟ္မာကြီးသည် လာရောက်ကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးရပ်တည်လျက်—

မဟာသမယော ပဝနသ္မိံ၊
ဒေဝကာယာ သမာဂတာ။
အာဂတမှာ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတသံဃံ။

(ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား····)။ ပဝနသ္မိံ = မဟာဝုန်သမုတ် ဤတောအုပ်၌။ (အဇ္ဇ = ယနေ့)။မဟာသမယော = နတ်မြဟ္မာတို့၏ ကြီးစွာသော အစည်းအဝေးသည်။ (အဟောသိ = ဖြစ်လေပြီ)။ ဒေဝ-ကာယာ = သောင်းစကြဝဠာ နတ်မြဟ္မာအပေါင်းတို့သည်။ အပရာဇိတသံဃံ = တစုံတယောက်သော ရန်သူသည် အောင်နိုင်အပ်သည်မဟုတ်ပဲ ယနေ့ပင်လျှင် မာရ်သုံးအင်ကို အောင်မြင်ပြီးတောင်း ရဟန္တာအပေါင်းကို။ဒက္ခိတာ-ယေ = သဒ္ဓါကြည်လင် ဖူးမြင်ခြင်းငှါ။ သမာဂတာ = အညီအညာ လာရောက်ကြပါကုန်ပြီ။(မယံပိ = အကျွန်ုပ်တို့သည်လည်း)။ အပရာဇိတသံဃံ = ရှုံးတော်မမူ အောင်ပွဲယူတောင်း ရဟန္တာအပေါင်းကို။ ဒက္ခိတာယေ = သဒ္ဓါကြည်လင် ဖူးမြင်ခြင်းငှါ။ ဣမံ ဓမ္မသမယံ = ဤတရားနာရာ နတ်မြဟ္မာအစည်းအဝေးသို့။ အာဂတာ = အများနည်းတူ ကြည်ဖြူဝမ်းမြောက် လာရောက်ကုန်သည်။ အမှ = ဖြစ်ပါကုန်၏ ဘုရား”—

ဟူ၍ မိမိစီရင်ခဲ့သော ဂါထာကို ရွတ်ဆိုလျှောက်ထား၍ (ဘုရားအနီး၌ နေရာမရရှိသောကြောင့်) ပြန်သွားပြီးလျှင် အရှေ့စကြ-ဝဠာနခမ်းရေး၌ ရပ်တည်နေလေ၏။

http://www.dhammadownload.com



ထိုနောက် (၂) တောင်စကြဝဠာနခမ်းရေး၌ သက်ဆင်းသော မြဟ္မာကြီးသည်လည်း ပီတကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ဝင်စား၍ ဝါဝင်းသော ရွှေရောင်တို့ကို တဖိတ်ဖိတ်ဖြန့်လွှတ်ကာ စကြဝဠာပေါင်း တိုက်တသောင်းမှ လာရောက်စည်းဝေးကြသော နတ်မြဟ္မာအပေါင်းတို့အား ရွှေလွှာဝတ်လုံကို ခြုံရုံ၍ ပေးသည့်အလား မိမိလာရောက်သောအဖြစ်ကို သိစေပြီးနောက် ထိုပဥ္စမ မြဟ္မာကြီးနည်းတူပင်—

> တတြ ဘိက္ခဝေါ သမာဒဟံသု၊
> စိတ္တမတ္တနော ဥဇုကမကံသု။
> သာရထီဝ နေတ္တာနိ ဂဟေတွာ၊
> ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ။

(ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား....)။ တတြ = ထိုနတ်မြဟ္မာတို့ စည်းဝေးရာအရပ်၌။ ဘိက္ခဝေါ = ရဟန်းတော်ငါးရာတို့သည်။ အတ္တနော = မိမိ မိမိ၏။ စိတ္တံ = စိတ်ကို။ သမာဒဟံသု = လောကုတ္တရာ အပ္ပနာသမာဓိဖြင့် ငြိမ်သက်တည်ကြည်စွာထားတော်မူနိုင်ကြကုန်ပြီ။အတ္တနော = မိမိ မိမိ၏။စိတ္တံ = စိတ်ကို။ ဥဇုကံ = န္ဟားကျင်ကောက်, လရေးကောက်, ထွန်တုံးကောက် တည်းဟူသော အကောက်သုံးပါးမှလွတ်ကင်း ဖြောင့်စင်းအောင်။ အကံသု = ပြုတော်မူနိုင်ပေကုန်၏။သာရထိ = သိန္ဓောမြင်းလိမ္မာတို့ ညီညာစွာ က–ယှဉ်အပ်သည့်ရထားကို မောင်းနှင်သောရထားထိန်းသည်။ နေတ္တာနိ = မြင်းဇက်ကြိုးတို့ကို။ ဂဟေတွာ = မဆွဲမနှင် ညင်သာစွာ ကိုင်၍။ တိဋ္ဌတိ ဣဝ = နှလုံးချမ်းကြည် တည်ရသကဲ့သို့။ တထာ = ထိုရထားထိန်းနှင့် အလား တူစွာ။ပဏ္ဍိတာ = မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံတော်မူကြသည့် ငါးရာသော ရဟန္တာ အရှင်မြတ်တို့သည်။ ဣန္ဒြိယာနိ = မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ပိတ်သင့်သော ဣန္ဒြေ ခြောက်ပါးတို့ကို။ ရက္ခန္တိ = သတိ တည်းဟူသော အစောင့်

http://www.dhammadownload.com



အရှောက်ဖြင့် ကိလေသာရန်သူမဝင်ရောက်အောင် စောင့်ရှောက်တော်မူနိုင်ကြပါကုန်၏။ (ဘဂဝါ = မြတ်စွာဘုရား….။ မယံ = တပည့်တော်တို့သည်။ တေ = ထိုရဟန္တာငါးရာတို့ကို။ ဒဋ္ဌုံ = ဖူးမြော်ခြင်းငှါ။ ဣဓ = ဤမဟာဝုန်တောသို့။ အာဂတာ = လာရောက်ကုန်သည်။ အမှ = ဖြစ်ပါကုန်၏)။—

ဟူ၍ မိမိစီရင်ခဲ့သောဂါထာကို ရွတ်ဆိုလျှောက်ထား၍ ရှေးနည်းအတူ တောင်စကြဝဠာနခမ်းရေး၌ ရပ်တည်နေလေ၏။

ထိုနောက် (၃) အနောက် စကြဝဠာနခမ်းရေး၌ သက်ဆင်းသော မြဟ္မာကြီးသည်လည်း လောဟိတကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ဝင်စား၍ နီမြန်းသော အရောင်တို့ကို တဖိတ်ဖိတ်ဖြန့်လွှတ်ကာ စကြဝဠာခပေါင်း တိုက်တသောင်းမှ လာရောက်စည်းဝေးကြသော နတ်မြဟ္မာအပေါင်းတို့အား ကမ္ဗလာနီဝတ်လုံကို ခြုံရုံပေးသည့်အလား မိမိလာရောက်သော အဖြစ်ကို သိစေပြီးနောက် ထိုရှေးမြဟ္မာတို့နည်းတူပင်—

ဆေတွာ ခီလံ ဆေတွာ ပလိဃံ၊
ဣန္ဒခီလံ ဦဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါ။

(ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား….)။ ယေ သုသုနာဂါ = အကြင်ရွှယ်တော်နပျို ရဟန္တာပုဂ္ဂိုလ်တို့သည်။ စက္ခုမတာ = ဗုဒ္ဓ, ဓမ္မ, သမန္တတည့်, မံသ, ဒိဗ္ဗာ ငါးဖြာသော မျက်စိနှင့် ပြည့်စုံတော်မူသော ရှင်ပင်မြတ်ဘုရားသည်။ (ဒမိတာ = ဆုံးမအပ်ကုန်သည်ဖြစ်၍)။ သုဒန္တာ = ဣန္ဒြေခြောက်ပါး မဖောက်ပြားပဲ တရားဖြင့်သိမ်းဆည်း လွန်စွာ ယဉ်ကျေးပြီး ဖြစ်တော်မူကုန်၏။တေ သုသုနာဂါ = ရွှယ်တော်နပျို ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ခီလံ = ရာဂဒေါသ မောဟခပင်း ငြောင့်တံသင်းကို။ ဆေတွာ = မဂ်ဉာဏ်လေးပါး သန်လျက်ဓားဖြင့် ပယ်ရှား

http://www.dhammadownload.com



ခုတ်ဖြတ်တော်မူကြပြီး၍။ ပလိဃံ = ရာဂဒေါသ မောဟ တည်းဟူသော တံခါးကျည်မင်းတုပ်ကို။ဆေတွာ = မဂ်ဉာဏ်လေးပါး သန်လျက်ဓားဖြင့် ပယ်ရှားခုတ်ဖြတ်တော် မူကြပြီး၍။ ဣန္ဒခီလံ = သက္ကာယ မြို့တံခါးဝယ် မားမား စိုက်ပြိုင် ရာဂဒေါသ မောဟ တည်းဟူသော တံခါးတိုင် ကို။ ဦဟစ္စ = အမြစ်မကျန် လေးမဂ်ဉာဏ်ဖြင့် ပယ်လှန် နုတ်ပယ်တော်မူကြကုန်ပြီး၍။ အနေဇာ = တုန်လှုပ် တတ်စွာ တဏှာလောဘ ရှိတော်မမူကြကုန်သည်ဖြစ်၍။ သုဒ္ဓါ = ကိလေသာ အန္တရာယ် စင်ကြယ်သန့်ရှင်းကုန် သည်ဖြစ်၍။ ဝိမလာ = ကိလေသာ အညစ်အကြေးမှ ကင်းဝေးတော်မူကြကုန်သည်ဖြစ်၍။ စရန္တိ = စတုဒိသာ လေးမျက်နှာ၌ ကိလေသာ အပိတ်အဆီးမရှိ လှည့်လည် ကျက်စား သွားလာတော်မူနိုင်ကုန်၏။ (တေသံ = ရှယ် တော်နုပျို ထိုရဟန္တာပုဂ္ဂိုလ်တို့ကို။ဒဿနာယ = ဖူးမြော် ခြင်းငှါ။ မယံ = တပည့်တော်တို့သည်။ အာဂတာ = လာရောက်ကုန်သည်။ အမှ = ဖြစ်ပါကုန်၏)။—

ဟူ၍ မိမိစီရင်ခဲ့သော ဂါထာကို ရွတ်ဆိုလျှောက်ထား၍ ရှေးနည်း အတူ အနောက် စကြဝဠာနခမ်းရေး၌ ရပ်တည်နေလေ၏။

ထို့နောက် (၄) မြောက်စကြဝဠာနခမ်းရေး၌ သက်ဆင်းသော မြဟ္မာကြီးသည် ဩဒါတကသိဏ်းလျှင် အာရုံရှိသော ဈာန်ကို ဝင်စား၍ ဖြူဖွေးသော အရောင်တို့ကို တဖိတ်ဖိတ်ဖြန့်လွှတ်ကာ စကြဝဠာပေါင်း တိုက်တသောင်းမှ လာရောက်စည်းဝေးကြသော နတ်မြဟ္မာအပေါင်းတို့အား မှလေးပန်းဝတ်လုံကို ခြုံရုံပေးသည့် အလား မိမိလာရောက်သောအဖြစ်ကို သိစေပြီးနောက် ထိုရှေး မြဟ္မာတို့နည်းတူပင်—

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊<br>
န တေ ဂမိဿန္တိ အပါယဘူမိံ။<br>
ပဟာယ မာနုသံ ဒေဟံ၊<br>
ဒေဝကာယံ ပရိပူရေဿန္တိ။

http://www.dhammadownload.com



(ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား····)။ ယေ ကေစိ = အမှတ်မထင် အကြင်လူတို့သည်။ ဗုဒ္ဓံ = မြတ်စွာဘုရားကို။ သရဏံ = ကိုးကွယ်ရာဟူ၍။ ဂတာ-သေ = လောကုတ္တရာသရဏဂုံဖြင့် ကြည်ညိုလေးမြတ်ဆည်းကပ်ကြကုန်၏။ တေ = ထိုလူတို့သည်။ အပါယ-ဘူမိံ = ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံသို့။ နဂမိဿန္တိ = ကေန်မုချ မလားမရောက်ကြရကုန်လတ္တံ့။ မာနုသံ ဒေဟံ = လူ့ဘဝခေါ်ဆို ဤခန္ဓာကိုယ် အတ္တဘောကို။ပဟာယ = ပယ်စွန့်ကြကုန်၍။ဒေဝ-ကာယံ = နတ်အပေါင်းကို (= နတ်ပြည်ကို)။ ပရိပူရေ-ဿန္တိ = မုချပုံသေ ပြည့်စေကြကုန်လတ္တံ့။ —

ဟူ၍ မိမိစီရင်ခဲ့သော ဂါထာကို ရွတ်ဆို လျှောက်ထားပြီးလျှင် ရှေးမြဟ္မာကြီးများနည်းတူ မြောက်စကြဝဠာနခမ်းရေး၌ ရပ်တည်နေလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဆင်ခြင် ကြည့်ရှုတော်မူလတ်သည်ရှိသော် မြေအပြင်မှ အပြန့်အားဖြင့် စကြဝဠာအနားရေးတိုင်အောင် အမြင့်အားဖြင့် အကနိဋ္ဌမြဟ္မာ့ပြည်တိုင်အောင် နတ်မြဟ္မာတို့ စည်းဝေးနေကြသည်ကို သိမြင်တော်မူ၍ "ဤနတ်မြဟ္မာအစည်းအဝေးကား ကြီးမားလှပေ၏၊ ရဟန်းငါးရာတို့သည်ကား ဤမျှလောက် ကြီးမားများပြားလှသော နတ်မြဟ္မာတို့၏ အစည်းအဝေးကြီး ဟူ၍ သိကြမည်မဟုတ်၊ ယခုပင် ထိုရဟန်းငါးရာတို့အား ပြောကြားပေအံ့" ဟူ၍ ကြံစည်ဆင်ခြင်တော်မူပြီးလျှင် "ယေဘုယျေန ဘိက္ခဝေ ဒသသု လောကဓာတူသု ဒေဝတာ သန္နိ-ပတိတာ ဟောန္တိ-အစရှိသည်ဖြင့် = ရဟန်းတို့···· ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူသော သဗ္ဗညု မြတ်စွာဘုရားနှင့်တကွ ရဟန်းအပေါင်းကို ဖူးမြော်ရန် သဟဿီလောကဓာတ်ဆယ်ခု (= စကြဝဠာတိုက်တသောင်း) တို့၌ နေထိုင်ကြသော နတ်မြဟ္မာတို့ စည်းဝေးရောက်လာကြကုန်ပြီ။

http://www.dhammadownload.com



ရဟန်းတို့····ယခုအခါ ငါဘုရား၏ နတ်မြဟ္မာအစည်းအဝေး ကြီးဖြစ်သကဲ့သို့ အတိတ်ကာလ ပွင့်တော်မူကြပြီးသော မြတ်စွာ ဘုရားတို့၏လည်း ဤမျှ အတိုင်းအရှည်ရှိကြသည့် နတ်မြဟ္မာများ စည်းဝေးခဲ့ကြကုန်လေပြီ။ (ဤထက် မပိုလွန်ချေ)။

ရဟန်းတို့ ···· ယခုအခါ ငါဘုရား၏ နတ်မြဟ္မာ အစည်း အဝေးကြီး ဖြစ်သကဲ့သို့၊ အနာဂတ်ကာလ ပွင့်တော်မူကြမည့် မြတ်စွာဘုရားတို့၏လည်း ဤမျှပင် အတိုင်းအရှည်ရှိကြသည့် နတ်မြဟ္မာများ စည်းဝေးကြကုန်လိမ့်မည် (ဤထက် မပိုမယုတ်ချေ) ဟူ၍ မိန့်ဆိုတော်မူလေသည်။

(ဤ၌။ ။ပစ္စုပ္ပန်ဆဲဆဲခဏဝယ် ကိုယ်တော်မြတ်မှတပါး အခြား မြတ်စွာဘုရားဟူ၍ ပွင့်ထွန်းနေဆဲ မရှိသောကြောင့် ပစ္စုပ္ပန္နဝါရကို မြတ်စွာဘုရား ဟောကြားတော်မမူပဲ ပစ္စုပ္ပန်အတွက် ကိုယ်တော်မြတ် ကိုသာ ဥပမာထား၍ အတိတ်ဘုရား, အနာဂတ်ဘုရားတို့နှင့် စပ်သော နှိုင်းယှဉ်ချက်ကိုသာ မြတ်စွာဘုရား ဟောကြားတော်မူ၏ဟု အထူး မှတ်ယူရာ၏။)

### နတ် မြဟ္မာများနှင့် မြတ်စွာဘုရားရှင်၏ အကြံဖြစ်ပုံများ

ထိုမဟာသမယ အစည်းအဝေး၌ နတ်မြဟ္မာတို့သည် "မြတ်စွာ ဘုရားသည် ဤမျှလောက် များပြားသော နတ်မြဟ္မာတို့၏ အစည်း အဝေးကြီး၌ တန်ခိုးကြီးမားသော နတ်မြဟ္မာတို့၏ အမည် အနွယ်တို့ကိုသာ ထုတ် ဖော် ဟော ကြား တော် မူ ပေ လိမ့် မည်၊ တန်ခိုးနည်းပါးသော နတ်မြဟ္မာတို့၏ အမည်အနွယ်တို့ကိုကား အဘယ်မှာလျှင် ထုတ်ဖော် ဟောကြားတော်မူလိမ့်မည်နည်း၊ (ဟောကြားတော်မူလိမ့်မည်မဟုတ်)" ဟူ၍ ကြံစည်ကြလေကုန် ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် "ဤနတ်မြဟ္မာတို့သည် အဘယ် အရာကို ကြံစည်စဉ်းစား၍ နေကြသနည်း" ဟု ဆင်ခြင်တော်မူ လတ်သော် ခံတွင်းမှ လက်ကိုသွင်းကာ နှလုံးသားကို ဆုပ်ကိုင် မိသောသူကဲ့သို့ရင်း, ခိုးထုပ်ခိုးထည်နှင့်တကွ ခိုးသူကို ဖမ်းယူမိ

http://www.dhammadownload.com



သောသူကဲ့သို့ရင်း ထို နတ်ဗြဟ္မာတို့၏ ထိုကဲ့သို့ စိတ်ဖြစ်ပုံကို သိရှိတော်မူပြီးလျှင်—

> စကြဝဠာပေါင်း တိုက်တသောင်းမှ ခညောင်း ရောက်ဆိုက်လာကြသော တန်ခိုးကြီးသူ မကြီးသူ ခဝ်သိမ်းသော နတ်ဗြဟ္မာတို့၏ အမည် အမျိုးအနွယ်ကို ပြည့်စုံစွာ ဟောကြားအံ့"—

ဟူ၍ ကြံစည်ဆုံးဖြတ်တော်မူလေသည်။

ဘုရားရှင်တို့မည်သည် အလွန် ကြီးမြတ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်တော်မူကြသည်။ နတ် နှင့် ဝါကျသော လူအပေါင်းတို့ မြင်အပ် ကြားအပ် နံအပ် လျက်အပ် ထိအပ် သိအပ်သော အာရုံခြောက်ပါးတို့ အနက် ဘုရားရှင်တို့၏ ဉာဏ်ဝဝယ် မထင်နိုင်သော အာရုံဟူ၍ တစိုးတစိ မရှိချေ။ ဤသို့လျှင် ခဝ်သိမ်းသော အာရုံ၌ အပိတ် အပင် အဆီး အတားမရှိ ထိုးထွင်း သိမြင်သည့် ဉာဏ်ပညာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုမျှ စကြဝဠာတိုက်အပြည့် စည်းဝေး ရောက်ရှိကြသော နတ် ဗြဟ္မာတို့ကို (၁) ကျွတ်ထိုက်သူ (၂) မကျွတ်ထိုက်သူ ဟူ၍ နှစ် ဖို့ နှစ်စု (ဉာဏ်တော်ဖြင့် ခွဲဝေစုပုံမှု) ပြုတော်မူပြီးလျှင် မကျွတ်ထိုက်သူတို့ကို ပယ်ရှား၍ ကျွတ်ထိုက်သူတို့ကိုသာ ဉာဏ်တော်ဖြင့် သိမ်းဆည်း ယူငင်တော်မူပြီးနောက် ဤ ကျွတ်ထိုက်သူ နတ် ဗြဟ္မာတို့တွင်လည်း ဤမျှသောနတ်ဗြဟ္မာတို့သည် ရာဂစရိုက် ပြောများသူတို့ ဖြစ်ကုန်၏၊ ဤမျှသော နတ်ဗြဟ္မာတို့သည် ဒေါသစရိုက် ပြောများသူတို့ ဖြစ်ကုန်၏၊ ဤမျှသော နတ်ဗြဟ္မာတို့သည် မောဟစရိုက် ပြောများသူတို့ ဖြစ်ကုန်၏၊ ဤမျှသော နတ်ဗြဟ္မာတို့သည် ဝိတက်စရိုက် ပြောများသူတို့ ဖြစ်ကုန်၏၊ ဤမျှသော နတ်ဗြဟ္မာတို့သည် သဒ္ဓါစရိုက် ပြောများသူတို့ ဖြစ်ကုန်၏၊ ဤမျှသော နတ်ဗြဟ္မာတို့သည် ပညာစရိုက် ပြောများသူတို့ ဖြစ်ကုန်၏ဟု စရိုက်သဘောတရားပေါင်း၍ ခြောက်ပုံ ခြောက်စု (ဉာဏ်တော်ဖြင့် ခွဲဝေမှု) ပြုတော်မူလေသည်။

http://www.dhammadownload.com



ထိုနောင်မှ ထိုခြောက်ပုံခြောက်စု ပြုပြီးသော နတ်မြဟ္မာတို့အား သင့်လျော် လျောက်ပတ်မည့် တရားဒေသနာကို စူးစမ်းဆင်ခြင်တော်မူလတ်သော်.... "ရာဂစရိုက် ပြောများသော နတ်မြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနီယ သုတ္တန်ကို ဟောရလိမ့်မည်၊ ဒေါသစရိုက်ပြောများသော နတ်မြဟ္မာတို့အား ကလဟဝိဝါဒ သုတ္တန်ကို ဟောရလိမ့်မည်၊ မောဟစရိုက်ပြောများသော နတ်မြဟ္မာတို့အား မဟာဗျူဟသုတ္တန်ကို ဟောရလိမ့်မည်၊ ဝိတက်စရိုက်ပြောများသော နတ်မြဟ္မာတို့အား စူဠဗျူဟသုတ္တန်ကို ဟောရလိမ့်မည်၊ သဒ္ဓါစရိုက်ပြောများသော နတ်မြဟ္မာတို့အား တုဝဋ္ဋကပဋိပဒါ (တုဝဋ္ဋကသုတ်)ကို ဟောရလိမ့်မည်၊ ပညာစရိုက်ပြောများသော နတ်မြဟ္မာတို့အား ပုရာဘေဒ သုတ်ကို ဟောရလိမ့်မည်"ဟု ကိုယ်တော်မြတ် ဟောကြားရမည့် ဒေသနာကို ဉာဏ်တော်ဖြင့် ပိုင်းခြားဆုံးဖြတ်တော်မူလေသည်။

တဖန် ထိုခြောက်ပုံခြောက်စု ပြုပြီးသော နတ်မြဟ္မာပရိသတ်ကို—

(၁) အတ္တဇ္ဈာသယသုတ္တနိက္ခေပ = ကိုယ်တော်မြတ်၏ အလိုတော်အတိုင်း တရားဟောခြင်း၊

(၂) ပရဇ္ဈာသယသုတ္တနိက္ခေပ = တရားနာမည့်သူ ပုဂ္ဂိုလ်၏ အလိုအတိုင်း တရားဟောခြင်း၊

(၃) အဋ္ဌုပ္ပတ္တိကသုတ္တနိက္ခေပ = ဖြစ်ပေါ်လာသည့် ဝတ္ထုကြောင်း တခုခုကိုစွဲ၍ တရားဟောခြင်း၊

(၄) ပုစ္ဆာဝသိကသုတ္တနိက္ခေပ = သူတပါး၏ အမေးပုစ္ဆာပြဿနာနှင့်စပ်၍ တရားဟောခြင်း—

ဟူ၍ သုတ္တနိက္ခေပ (= တရားဟောခြင်း) လေးမျိုးတို့ရှိသည့်အနက် ထိုနတ်မြဟ္မာ ပရိသတ်သည် (၁) အတ္တဇ္ဈာသယတရားဟောခြင်းဖြင့် ဟောကြားလျှင် သိမည်လော၊ သို့မဟုတ် (၂) ပရဇ္ဈာသယတရားဟောခြင်းဖြင့် ဟောကြားလျှင် သိမည်လော၊ သို့မဟုတ် (၃) အဋ္ဌုပ္ပတ္တိကတရားဟောခြင်းဖြင့် ဟောကြားလျှင်

http://www.dhammadownload.com



သိမည်လော၊ သို့မဟုတ် (၄) ပုစ္ဆာဝသိကတရားဟောခြင်းဖြင့် ဟောကြားလျှင် သိမည်လောဟူ၍ နှလုံးသွင်း ဆင်ခြင်တော် မူပြန်လေသည်။

ထိုအခါ "ဤ နတ်မြဟ္မာ ပရိသတ်သည် ပုစ္ဆာဝသိက တရား ဟောခြင်းဖြင့် ဟောကြားမှသာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်လိမ့်မည်"ဟု သိတော်မူ၍" နတ်မြဟ္မာတို့၏ အလို ဆန္ဒ အဇ္ဈာသယကို ရယူကာ စရိုက်နှင့် လိုက်လျောအောင် ပြဿနာကို မေးနိုင်သောသူ တဦးတယောက်များ ရှိလေ၏ လော"ဟု ဆင်ခြင်တော်မူလတ်သော် ထို ရဟန်းငါးရာတို့အနက် တပါးမျှလည်း မစွမ်းနိုင် ဟု သိမြင်တော်မူလေ၏။ ထို့နောင်မှ မဟာသာဝကကြီးရှစ်ဆယ်တို့ကိုငင်း, အဂ္ဂသာဝက နှစ်ပါးတို့ကို ငင်း "မေးနိုင်ကြလိမ့်မည်လော"ဟု နှလုံးသွင်း ဆင်ခြင်တော်မူ ပြန်သောအခါ "ထို မဟာ, အဂ္ဂသာဝကကြီးတို့လည်း မစွမ်းနိုင် ကြချေ"ဟု မြင်တော်မူ၍ "အကယ်၍ ပစ္စေကဗုဒ္ဓါတဆူဆူရှိခဲ့လျှင် ထိုပစ္စေကဗုဒ္ဓါအရှင်သည် မေးနိုင်လိမ့်မည်လော" ဟု ကြံစည် ဆင်ခြင်တော်မူပြန်လေ၏။

"ပစ္စေကဗုဒ္ဓါသည်လည်း မစွမ်းနိုင်"ဟု သိတော်မူ၍"သိကြား မင်း, သုယာမနတ်မင်း စသည်တို့တွင် တဦးဦးသည် မေးစွမ်းနိုင် မည်လော"ဟု နှလုံးသွင်းဆင်ခြင်တော်မူပြန်လေသည်။မှန်၏— ထိုသိကြားမင်း, သုယာမနတ်မင်း စသည်တို့တွင် တဦးဦးသည် အကယ်၍ မေးစွမ်းနိုင်ငြားအံ့၊ ထိုမေးစွမ်းနိုင်သူကို မေးစေပြီးမှ ဘုရားကိုယ်တော်မြတ်သည် ဖြေတော်မူလေရာ၏။ထိုသိကြားမင်း, သုယာမနတ်မင်းစသည်တို့တွင်လည်း တဦးမျှ မေးလျှောက်ခြင်း ငှါ မစွမ်းနိုင်ချေ။

ထိုအခါ မြတ်စွာဘုရားရှင်၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံ ဖြစ်ပြန်လေသည်—"ငါသို့သော ဘုရားရှင်သည်သာလျှင် ထိုနတ် မြဟ္မာတို့၏ အဇ္ဈာသယကို ရယူကာ စရိုက်နှင့်လိုက်လျောအောင် အမေး ပုစ္ဆာ ပြဿနာကို မေး မြန်း ခြင်း ငှါ စွမ်း နိုင် လေ ရာ၏။ တစုံတခုသော လောကဓာတ်၌ ငါဘုရားမှတပါး အခြားသော

http://www.dhammadownload.com



ဘုရားတဆူဆူသည် ရှိလေသလော"ဟု အနန္တလောကဓာတ်တို့၌ အနန္တရွှေဉာဏ်တော်ကို ဖြန့်၍ ကြည့်ရှုတော်မူလတ်သော် ကိုယ်တော်မြတ်မှ တပါး အခြားဘုရား တဆူကိုမျှ (မရှိသည့်အတွက်)မြင်တော်မမူချေ။

(ယခု ဘုရားဖြစ်တော်မူသောအခါ ကိုယ်တော်မြတ်နှင့်တူသူ အခြား တပါးသော ဘုရားတဆူဆူကိုမျှ (မရှိသည့်အတွက်) တွေ့မြင်တော်မမူ ရခြင်းကား အထူးတဆန်း မဟုတ်ပါပေ၊ မြတ်စွာဘုရားသည် ယခု နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝ ဖွားသစ်စအခါကပင် ကိုယ်တော်မြတ် နှင့်တူတန်သူ နတ်လူတဦးတယောက်ကိုမျှ မတွေ့မမြင်ခဲ့ချေ၊ ထို့ကြောင့် ပင် ဖွားသစ်စအခါက "အဂ္ဂေါဟမသ္မိ လောကဿ" အစ ရှိသော ရဲရဲ တောက် စကားတို့ကို ကြုံးဝါးတော်မူခဲ့လေသည်။ ဖွားသစ်စ အခါကပင် ကိုယ်တော်နှင့်တူတန်သူ တဦးတယောက်မျှ ရှိတော်မမူသော အလောင်း တော်သူမြတ်အဖို့မှာ ယခုဘုရားဖြစ်တော်မူသော အခါ၌ကား အဘယ် မှာလျှင် ကိုယ်တော်မြတ်နှင့် တူတန်သူ အခြားဘုရားတဆူဆူကို တွေ့မြင် နိုင်ချိမ့်မည်နည်း၊ မတွေ့နိုင်သည်သာလျှင်တည်း။)

## နိမ္မိတရုပ်ပွါးတော်ကို ဖန်ဆင်းတော်မူခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ်နှင့် တူသူ အခြားတပါးသောဘုရားတဆူဆူကိုမျှ(မရှိသည့်အတွက်)တွေ့မြင် တော်မမူ၍ "အကယ်၍ ငါဘုရားကိုယ်တိုင်ပင် မေးပြီး ငါဘုရား ကိုယ်တိုင်ပင် ဖြေခဲ့သော် ဤနတ်ပြဟ္မာ အပေါင်းသည် ထိုးထွင်း သိမြင်နိုင်ကြမည် မဟုတ်ချေ၊ စင်စစ်သော်ကား အခြားဘုရား တဆူက မေး၍ ငါဘုရားက ဖြေကြားမှသာလျှင် အံ့ဩဖွယ်လည်း ဖြစ်ချိမ့်မည်၊ နတ်ပြဟ္မာအပေါင်းတို့လည်း ထိုးထွင်းသိမြင်နိုင်ကြ ပေလိမ့်မည်။ သို့ရကား ငါဘုရားသည် နိမ္မိတရုပ်ပွါးဘုရားတဆူကို ဖန်ဆင်းပေအံ့"ဟု ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် အဘိညာဉ်၏ အခြေပါဒဖြစ်သော ရူပါဝစရ (ကြိယာ) စတုတ္ထဈာန်ကို ဝင်စား တော်မူ၍ ထိုဈာန်မှ ထပြီးသော် "သပိတ်သင်္ကန်းကိုကိုင်ယူပုံ,တူရူ ကြည့်ပုံ,စောင်းငဲ့၍ကြည့်ပုံ,ကွေးပုံ,ဆန့်ပုံ အလုံးစုံပင် ငါဘုရားနှင့် တသားတည်းတူညီသော နိမ္မိတရုပ်ပွါး အခြားဘုရားတဆူဖြစ်စေ သတည်း"ဟု မဟာကြိယာ ဉာဏသမ္ပယုတ် အဓိဋ္ဌာန်ဇောဝီထိ

မဟာဗုဒ္ဓဝင် ၃-၂၆

http://www.dhammadownload.com



စိတ်တို့ဖြင့် ပရိကံပြုပြီးလျှင် အရှေ့ယုဂန္ဓိုရ်၏ တောင်ထိပ်အပြင်မှ ထွန်းတက်ဥဒည်ဆဲဖြစ်သော လပြည့်ဝန်းကို ဖောက်ခွဲလျက် ထွက်ပေါ်လာသကဲ့သို့ ရူပါဝစရ (ကြိယာ) စတုတ္ထစျာန် အဘိညာဏ်စျာန်စိတ်တော်ဖြင့် နိမ္မိတရုပ်ပွါး အခြားဘုရားတဆူကို ဖန်ဆင်းတော်မူလေ၏။

## နတ်ဗြဟ္မာတို့ အထူးထူး အကြံဖြစ်ကြခြင်း

နတ်ဗြဟ္မာ အပေါင်းသည် ထိုနိမ္မိတရုပ်ပွါး ဘုရားကို မြင်ကြရလေလျှင် "အိုအချင်းတို့···· ပဋ္ဌမလမှတပါး အခြားလဝန်းကြီးတခု ထွက်ပေါ်ခဲ့ပြန်ပြီတကား" ဟူ၍ ပြောဆိုကြလေသည်။ ထိုနောင်မှ နိမ္မိတရုပ်ပွါး ဘုရားကိုယ်တော်မြတ်သည် လမိမာန်ကို စွန့်ထားခဲ့၍ တဖြည်းဖြည်း နီးကပ်လာလေသော် "အချင်းတို့···· လမိမာန်မဟုတ်၊ နေဝန်းကြီး တက်ထွန်းလာလေပြီ"ဟု ပြောဆိုကြပြန်သည်။ တဖန် ရှေးကထက် နီးလာပြန်သော် "အချင်းတို့···· နေဝန်းကြီးမဟုတ်၊ နတ်ဗိမာန်ကြီးတခု ဖြစ်သည်" ဟု ပြောဆိုကြပြန်၏။ တဖန် နီးသည်ထက် နီးလာပြန်လျှင် "အချင်းတို့···· နတ်ဗိမာန်ကြီးလည်း မဟုတ်ချေ၊ နတ်သားတယောက် ဖြစ်သည်"ဟု ပြောဆိုကြပြန်၏။ တဖန် ရှေးကထက် နီးလာပြန်လျှင်"အချင်းတို့.... နတ်သားတယောက်မဟုတ်၊ မဟာဗြဟ္မာကြီး တဦးဖြစ်သည်"ဟု ပြောဆိုကြပြန်၏။ တဖန် ရှေးကထက် နီးသည်ထက် နီးကပ်လာလေလျှင်"အိုအချင်းတို့····မဟာဗြဟ္မာကြီးလည်း မဟုတ်၊ အခြားတပါးသော ဘုရားတဆူ ကြွလာတော်မူပြီ"ဟု ပြောဆိုကြကုန်၏။

ထိုနတ်ဗြဟ္မာတို့အနက် ပုထုဇန်နတ်ဗြဟ္မာတို့သည် "အချင်းတို့···· ဘုရားတဆူအတွက် ဤမျှများပြားသော စကြဝဠာတိုက်အပြည့် နတ်ဗြဟ္မာတို့၏ အစည်းအဝေးဖြစ်၍နေလျှင် နှစ်ဆူသော ဘုရားရှင်တို့အတွက်ကား အဘယ်မျှ များပြားလိမ့်မည်ကို မခန့်မှန်းနိုင်အောင်ပင် ရှိချေတော့၏"ဟူ၍ ကြံစည်စဉ်းစားကြကုန်၏။ အရိယာဖြစ်ကြသော နတ်ဗြဟ္မာတို့ကား "လောကဓာတ်တခု၌ ဘုရားနှစ်ဆူ ပွင့်မြဲမဟုတ်ချေ၊ ဧကန်ပင် မြတ်စွာဘုရားရှင်သည်

http://www.dhammadownload.com



ကိုယ်တော်မြတ်နှင့်တူသော အခြားနိမ္မိတဘုရားတဆူကို ဖန်ဆင်းတော်မူအပ်လေပြီ" ဟူ၍ ကြံစည်ကြလေ၏။

ထိုနောက်မှ နိမ္မိတဘုရားရှင်သည် ထို နတ်မြဟ္မာအပေါင်းတို့ ကြည့်ရှုနေကြစဉ်ပင် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အနီးသို့ ကြွရောက်တော်မူလာလတ်၍ မြတ်စွာဘုရားကို ရှိမခိုးပဲ မျက်နှာ တူရှုမူရာ(မျက်နှာချင်းဆိုင်)အရပ်၌ အညီအမျှ ဖန်ဆင်းအပ်သော နေရာတော်ဝယ် ထိုင်နေတော်မူလေ၏။

မြတ်စွာဘုရားရှင်၏ ကိုယ်တော်၌လည်း မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါးတို့ ထင်ရှားပါရှိကုန်၏၊ နိမ္မိတဘုရားရှင်၏ ကိုယ်တော်၌လည်း မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါးတို့ ထင်ရှားပါရှိကုန်၏။ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှလည်း ရောင်ခြည်တော်ခြောက်ပါးတို့ ထွက်ပေါ်ကွန့်မြူးလျက် ရှိကုန်၏။ နိမ္မိတဘုရားရှင်၏ ကိုယ်တော်မှလည်း ရောင်ခြည်တော် ခြောက်ပါးတို့ ထွက်ပေါ်ကွန့်မြူးလျက်ရှိကုန်၏။ မြတ်စွာဘုရားရှင်၏ ကိုယ်တော်ရောင်တို့သည် နိမ္မိတဘုရားရှင်၏ ကိုယ်တော်၌ ခိုက်လျက်တည်ကုန်၏၊ နိမ္မိတဘုရားရှင်၏ ကိုယ်တော်ရောင် တို့သည်လည်း မြတ်စွာဘုရား၏ ကိုယ်တော်၌ ခိုက်လျက်တည်ကုန်၏၊ ထိုရောင်ခြည်တော် ခြောက်သွယ်တို့သည် ပကတိခဝတ်သား မြတ်စွာဘုရား, နိမ္မိတရုပ်ပွါး မြတ်စွာဘုရား = ဤနှစ်ဆူသော ဘုရားရှင်တို့၏ ကိုယ်တော်တို့မှ ကွန့်မြူးထွက်ကြွကြ၍ အကနိဋ္ဌမြဟ္မာ့ဘုံသို့ ခိုက်ပြီးလျှင် ထိုမှတဖန် ပြန်နစ်ခဲ့၍ နတ်မြဟ္မာတို့၏ဦးခေါင်းစွန်း၌ သက်ဆင်းကြပြီးလျှင် စကြဝဠာတိုက် အနားရေး၌ တည်ကြလေကုန်၏၊ သို့ရကား ဤ စကြဝဠာ တိုက်ကြီး တခုလုံးသည် ရွှေစင်အတိပြီးသော ကွေးညွတ်သည့် အချင်ယနယ်တို့ဖြင့် မြေးယုက်အပ်သော စေတီအိမ်ကဲ့သို့ တင့်တယ်လျက်ရှိပေ၏။

စကြဝဠာပေါင်း တိုက်တသောင်း၌ နေထိုင်ကြသော နတ်မြဟ္မာတို့သည် ဤစကြဝဠာ တတိုက်ထည်း၌ စုဝေးကြကုန်လျက်

http://www.dhammadownload.com



နှစ်ဆူသော ဘုရားရှင်တို့၏ ရောင်ခြည်တော် တိုက်ခန်းအတွင်းသို့ ဝင်ရောက်တည်နေကြရလေကုန်၏။

နိမ္မိတဘုရားရှင်သည် ထိုင်လျက်ပင်လျှင် မြတ်စွာဘုရားရှင်၏ မောဓိပလ္လင်ဝယ် ကိလေသာ ပယ်တော်မူခဲ့ပုံကို ချီးကျူး ထောမနာလျက်—

> ပုစ္ဆာမိ မုနိံ ပဟူတပညံ၊
> တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဌိတတ္တံ—

အစရှိသော ဂါထာကိုရွတ်ဆို၍ ပြဿနာမေးလျှောက်လေသည်။

ပကတိခေတ်သား မြတ်စွာဘုရားရှင်သည် "နိမ္မိတရုပ်ပွါး ဘုရားရှင်မေးအပ်သည့် ပြဿနာတို့ကို မဖြေကြားမီ (=သမ္မာပရိဗ္ဗာဇနီယသုတ္တန်စသည်တို့ကို မဟောကြားမီ) ရှေးဦးစွာ နတ်ဗြဟ္မာတို့၏ စိတ်နှလုံး ခံ့ကျန်းနူးညံ့ခြင်းစသည် ဖြစ်ရှိရန်အတွက် စည်းဝေးရောက်လာတိုင်းသော နတ်ဗြဟ္မာတို့၏ အမည်အမျိုး အနွယ်တို့ကို မျက်နှာကြီးငယ်မရွေး ဟောကြားပေအံ့"ဟု ကြံစည် ဆင်ခြင်တော်မူပြီးလျှင် "အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ"အစရှိသော ထိုမဟာသမယသုတ္တန်ကို ဟောကြားတော်မူ၏။

> (ဤမဟာသမယသုတ် ပါဠိအနက်အကျယ်ကို ထိုထိုပညာရှင်တို့ သုတ်မဟာဝါပါဠိတော်မှ ထုတ်နုတ်ရေးသားအပ်ပြီးဖြစ်သဖြင့် ဤကျမ်း၌ မထုတ်ဆောင်တော့ပြီ၊ အလိုရှိမူ ထိုထိုမဟာသမယသုတ် ပါဠိနိဿယများမှ ထုတ်ဆောင် မှတ်သားရာ၏။ ။အထူးအားဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မထေရ် ရေးသားစီရင်အပ်သော "မဟာသမယသုတ်များ ပါဠိတော် နိဿယနှင့် အဓိပ္ပါယ်ဖွင့်ကျမ်း" ၌ မဟာသမယသုတ်နှင့်တကွ ထိုသုတ်၏ နောက်ပိုင်း၌ စရိုက်ခြောက်ပါးအားလျော်စွာ ဟောကြားတော်မူအပ်သော သမ္မာပရိဗ္ဗာဇနီယသုတ် အစရှိသော (၆) ခြောက်သုတ်တို့၏ ပါဠိ နိဿယ အဓိပ္ပါယ်တို့ကို အကျယ်တဝင့် ဖွင့်ပြရေးသားပြီးဖြစ်၍ ထိုကျမ်းမှ ထုတ်ဆောင်မှတ်သားကုန်ရာ၏)။

http://www.dhammadownload.com



### များစွာသော နတ်ဗြဟ္မာတို့ ကျွတ်ကြခြင်း

မဟာသမယသုတ် ဒေသနာနိဂုံး ပြီးဆုံးလတ်သောအခါ နတ်ဗြဟ္မာပေါင်း ကုဋေတသိန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏၊ သောတာပန် အရိယာ စသည်တို့၏ အရေအတွက်ကား ပိုင်းခြား၍ မရနိုင်အောင် များလှပေ၏။ (ဤကား သုတ်မဟာဝါ အဋ္ဌကထာ၊ စာမျက်နှာ ၂၇၇၊ ၂၇၈-၌ ဖွင့်ပြချက်တည်း)။

### ဆရာတော်ဦးဖုမ်၏ ရှင်းလင်းချက်

ဤမဟာသမယသုတ် တသုတ်လုံးကိုခြုံ၍ ကြည့်ရှုဆင်ခြင်လျှင် နတ်ဗြဟ္မာတို့၏ အမည်အမျိုးအနွယ်ဟူသော နာမပညတ်ကိုသာ အဓိကအားဖြင့် ဟောကြားထားသည်ကို တွေ့ရှိနိုင်၏၊ ထို့ကြောင့်—

> "ပရမတ္ထတရားသားကို ဟောကြားချက် မရှိပါပဲလျက် နတ်ဗြဟ္မာများ၏ မျိုးမည်ထွေပြား ဟောကြားကာမျှဖြင့် ထိုနတ်ဗြဟ္မာတို့၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်မှု (=သောတာပန် အစရှိသော အရိယာဖြစ်မှု) အဘယ်သို့ ဖြစ်နိုင်မည်နည်း"—

ဟူ၍ မေးမြန်းဖွယ် စောဒကတက်ဖွယ်ရှိ၏။ အဖြေကား.... (၁) ထိုနတ်ဗြဟ္မာတို့၏ (မဟာသမယသုတ်ကို ကြားနာရသဖြင့်) ခံ့သောစိတ်, နူးညံ့သောစိတ်, နီဝရဏကင်းသောစိတ်, တက်ကြွသောစိတ်, ကြည်လင်သောစိတ် ရှိကြသည်ကို သိတော်မူ၍ မြတ်စွာဘုရားသည် သာမုက္ကံသိက ဓမ္မဒေသနာ သစ္စာလေးပါးတရားကို ဟောတော်မူသည်၊ ထိုစတုသစ္စ ဓမ္မဒေသနာကို ကြားနာရသောကြောင့် နတ်ဗြဟ္မာတို့ အရိယာဖြစ်ကြသည်။ (၂) တနည်း ထိုနတ်ဗြဟ္မာတို့၏ သန္တာန်၌ မဟာသမယသုတ်ကို ကြားနာရသဖြင့် ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, ဝိရာဂဉာဏ်, ဝိမုစ္စနဉာဏ် = မဂ်ဉာဏ်, ဝိမုတ္တဉာဏ် = ဖိုလ်ဉာဏ်, ဝိမုတ္တိဉာဏဒဿနခေါ်သော ပစ္စဝေက္ခဏာဉာဏ် ဤတရား

http://www.dhammadownload.com



အစဉ်များ အကြောင်းအကျိုး ဆက်ကာဖြစ်သောကြောင့် ထိုနတ်ဗြဟ္မာတို့ အရိယာဖြစ်ကြသည်။

ထို့ကြောင့် ဆရာတော် ဦးဗုဓ်သည် မိမိရေးသားသော မဟာသမယသုတ် နိဿယအဖွင့်၌—

နာမကျွာနေန ယဇ္ဇေဝံ၊
ဓမ္မာဘိသမယော ကထံ။
ကလ္လာဒိ သစ္စဒီပေန၊
နေသံ ပီတာဒိတောပိ ဝါ—

ဟူ၍ ရေးသားတော်မူအပ်လေသည်။ ထိုသို့ ရေးသားရှင်းလင်းဖော်ပြရခြင်းအတွက် မှီရာသာကေကိုလည်း—

"ကလ္လစိတ္တံ မုဒုစိတ္တံ ဝိနီဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ၊ အထ ယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ၊ တံ ပကာသေသိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ—ဟူသော ပါဠိတော်နည်းကို မှီ၍ (ဒေဝတာနံ စိတ္တကလ္လတာဇနနတ္ထံ) ဟူသော အဋ္ဌကထာ၌ စိတ္တကလ္လ၏ ဥပလက္ခဏာဖြစ်ရကား ကလ္လာဒိ သစ္စဒီပေန ဟူသည်တည်း"—

ဟူ၍ မှာထားပြဆိုခဲ့လေသည်။

### မဟာသမယသုတ်ကို
### နတ်တို့ကြည်ညိုလေးမြတ်ကြခြင်း

ဤမဟာသမယသုတ်ကို နတ်တို့သည် ကြည်ညို လေးမြတ်ကြကုန်၏၊ ထို့ကြောင့် လောကီလောကုတ္တရာ ချမ်းသာပွါးကြောင်းကောင်းမြတ်သော မင်္ဂလာနှင့် စပ်သော တရားစကားကို ဟောကြား ရွတ်ဆိုသော ပုဂ္ဂိုလ်သူမြတ်သည် အိမ်သစ်, ကျောင်းသစ်, ရွာသစ်-အစရှိသော နေရာ ဌာနတို့၌ ဤ မဟာသမယသုတ်ကို အဦးအမိကထား၍ ရွတ်ဆိုသင့်၏။ (အဋ္ဌကထာ)

(ဤ၌။ "နတ်များ (မဟာသမယသုတ်ကို) ကြည်ညို လေးမြတ်ကြခြင်း၏ အကြောင်းကို စဉ်းစားဆင်ခြင်သည်ရှိသော်.... ဤမဟာ-

http://www.dhammadownload.com



သမယအစည်းအဝေး၌ မြတ်စွာဘုရားရှင်သည် သဘာပတိ (အစည်းအဝေး၏ အကြီးအမှူး) ဖြစ်တော်မူ၏၊ ဤအစည်းအဝေး၌ တန်ခိုးအာနုဘော် သေးသိမ်လှသည့် ဘုမ္မစိုးနတ်တို့မှအစ တန်ခိုးအာနုဘော် အကြီးမားဆုံးဖြစ်သည့် ဟာရိတပြဟ္မာတိုင်အောင် နတ်ပြဟ္မာတို့ ပါရှိကြလေသည်။ ဤမဟာသမယသုတ်သည် သဘာပတိဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ အစည်းအဝေး စတင်ဖွင့်လှစ်သည့် နှုတ်ဆက်မိန့်ခွန်းတော်သဖွယ်ဖြစ်၏။

ဂုဏ်ကြီးသူ, ဂုဏ်အလယ်အလတ်ရှိသူ, ဂုဏ်သိမ်သေးငယ်သူ လူသုံးမျိုးပါဝင်သော အစည်းအဝေး၌ သဘာပတိဖြစ်သော ပုဂ္ဂိုလ်သည် လူသုံးမျိုးလုံး နှစ်သိမ့်ကျေနပ်အားရစေရန် အစည်းအဝေးဖွင့် နှုတ်ဆက်မိန့်ခွန်းစကား ပြောကြားလျှင် မျက်နှာဂုဏ်သိမ်သေးငယ်သူ လူအစုမှစ၍ အစဉ်သဖြင့် ပြောကြားမှသာ လူသုံးမျိုးလုံး နှစ်သိမ့်အားရကျေနပ်ကြပေမည်၊ မျက်နှာဂုဏ်သိမ် ကြီးမားသူမှစ၍ "ဤအမည်ရှိသော လူကြီးလူကောင်းတို့သည်လည်း ဤအစည်းအဝေးသို့ လာရောက်ကြပါသည်" အစရှိသည်ဖြင့် နှုတ်ဆက်မိန့်ခွန်းစကား ပြောကြားမိချေလျှင် ဂုဏ်သိမ်သေးငယ်သူတို့အဖို့ စောစီးကပင် စိတ်အားလျော့ခြင်း မနှစ်သိမ့်ခြင်း ဖြစ်နိုင်လေသည်။

ထို့အတူ တန်ခိုးကြီးသူ, တန်ခိုးအလယ်အလတ်ရှိသူ, တန်ခိုးသေးငယ်သူ နတ်ပြဟ္မာသုံးမျိုးတို့ စည်းဝေးမိသော ဤမဟာသမယအစည်းအဝေး၌ အစည်းအဝေး၏ သဘာပတိဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် နှုတ်ဆက် မိန့်ခွန်းစကား သဖွယ် ဖြစ်သော ဤ မဟာသမယသုတ်ကို တန်ခိုး အကြီးအမားဆုံး ဖြစ်သည့် ဟာရိတ ပြဟ္မာမှစ၍ "ဤမဟာသမယအစည်းအဝေးသို့ ဟာရိတပြဟ္မာကြီးသည်လည်း ပြဟ္မာအပေါင်း ခြံရံကာ လာရောက်လေပြီ" အစရှိသည်ဖြင့် တန်ခိုးဂုဏ်သိမ်ရ်မျက်နှာကြီးသည့် ပြဟ္မာများ နတ်များကိုသာ အစအဉီးထား၍ ဟောကြားတော်မူခဲ့သော် တန်ခိုးဂုဏ်သိမ်ရ် သေးငယ်ကြသည့် ဘုမ္မစိုးနတ်တို့အဖို့ရာ စောစီးကပင် စိတ်အားလျော့ခြင်း မနှစ်သက်ခြင်း ဖြစ်လေရာ၏။

ယခုမူ ထိုသို့မဟုတ်ပဲ တန်ခိုးဂုဏ်သိမ်ရ် သေးငယ်ကြသည့် ဘုမ္မစိုးနတ်ဘို့ကစ၍ နှုတ်ဆက်မိန့်ခွန်းတော်စကား ဟောကြားတော်မူသောကြောင့် နတ်ပြဟ္မာသုံးမျိုးလုံးတို့ နှစ်သိမ့်ကျေနပ်အားရမှုကို ရရှိကြလေသည်။ ဤ မဟာသမယသုတ်ဒေသနာဖြင့် မြတ်စွာဘုရားရှင်သည်

http://www.dhammadownload.com



ဆိုထိုအစည်းအဝေး သဘာပတိ ပြုလုပ်ရမည့် သူတို့အား "နွတ်ထက် မိန့်နှန်းစကား ပြောကြားသောအခါ မျက်နှာဂုဏ်သိက်ရှိသေးငယ်သူတို့မှ စ၍ အစဉ်သဖြင့် အထက်သို့ တက်ကာတက်ကာ မျက်နှာဂုဏ်သိက်ကြီး သူတို့ကို နောက်ဆုံး၌ထား၍ ပြောကြားမှသာ အစည်းအဝေးပါ လူအားလုံးတို့ နှစ်သိမ့်အားရ ကျေနပ်မှုကို ရရှိကြပေမည်" ဟူသော ဥပဒေသကိုလည်း ပေးတော်မူ၏ဟု မှတ်ယူသင့်သည်။

ဆိုအပ်ပြီးသော စဉ်းစားဆင်ခြင်ဝေဘန်ချက်အရ ဤမဟာသမယ သုတ်ကို တန်ခိုးကြီးကြသည့် မဟေသက္ခနတ်ပြဟ္မာတို့ကလည်း မိမိတို့ အဖို့ရာ ပဓာနဖြစ်သည့် နောက်ပိုင်း၌ ပါရှိကြသဖြင့် နှစ်သိမ့်အားရ ကျေနပ်ကြ ကြည်ညိုလေးမြတ်ကြလေသည်။ တန်ခိုးသေးငယ်သည့် အပ္ပေသက္ခနတ်တို့ကသည်း မိမိတို့အဖို့ရာ ပွဲဦးအထုတ်ခံရသဖြင့် နှစ်သိမ့် အားရကျေနပ်ကြ ကြည်ညိုလေးမြတ်ကြလေသည်။)

ဆိုအပ်ပြီးသော အကြောင်းအရာများအရ နတ်တို့သည် ဤ မဟာသမယသုတ်ကို ကြားနာကြကုန်အံ့ဟူ၍ နားစိုက် ထောင် ကြကာ အရပ်လေးမျက်နှာ လှည့်လည်ကျက်စား သွားလာ နေ ထိုင်လျက်ရှိကြလေသည်။ ဤမဟာသမယသုတ်ကို နတ်တို့ကြည်ညို လေးမြတ်ကြခြင်း၌ ဤဆိုလတ္တံ့ သည်ကား သက်သေ ဝတ္ထုဖြစ် သည်—

"ကောဋိပဗ္ဗတ"မည်သော တောင်စွန်းကျောင်းတိုက် ကြီး၌ "နာဂလေဏ"ခေါ်သော ကံ့ကော်ပင်လိုဏ်ဂူတခု ရှိလေသည်။ ထိုလိုဏ်ဂူတံခါးဝအနီး ပေါက်ရောက်သော ကံ့ကော်ပင်ကြီး၌ နတ်သမီးတယောက်သည် နေထိုင်လျက် ရှိလေသည်။ တနေ့သ၌ ရဟန်းငယ်တပါးသည် ထိုလိုဏ်ဂူ အတွင်း၌နေထိုင်လျက် ဤမဟာသမယသုတ်ကို ရွတ်အံ သရဇ္ဈာယ်လေ၏။ နတ်သမီးသည် ရှိသေစွာ နာကြား၍ သုတ္တန် ပြီးဆုံးသော အခါ၌ ကျယ်စွာသော အသံဖြင့် ကောင်းချီးပေး (သာဓုခေါ်) လေသည်။ ထိုအခါ ဤ ဆိုလတ္တံ့သော အတိုင်း ရဟန်းငယ်နှင့် နတ်သမီးတို့သည် အပြန်အလှန် မေးကြဖြေကြလေ၏။

http://www.dhammadownload.com



(မေး) ယခု သာခု ခေါ်သူကား အဘယ်သူနည်း။

(ဖြေ) အရှင်ဘုရား ···· တပည့်တော်မသည် နတ်သမီး ဖြစ်ပါသည်ဘုရား။

(မေး) အဘယ့်ကြောင့် သာခုခေါ်သနည်း။

(ဖြေ) အရှင်ဘုရား····မြတ်စွာဘုရားသည် မဟာဝုန်တော၌ ထိုင်နေတော်မူကာ ဤ မဟာသမယသုတ်ကို ဟောကြားတော်မူသောနေ့၌ တကြိမ်ကြားနာခဲ့ပြီးနောက် ယနေ့မှတဖန် ကြားနာရပြန်ပါသည်၊ အရှင်ဘုရားများသည် မြတ်စွာဘုရားဟောကြားတော်မူအပ်သည်မှ အက္ခရာတလုံးမျှကိုသော်လည်း မယုတ်လျော့ မယိုယွင်းစေဘဲ ဤတရားကို ကောင်းစွာ သင်ကြား အပ်ပါပေသည်။ (ထို့ကြောင့် သာခုခေါ်ပါသည်ဘုရား)။

(မေး) မြတ်စွာဘုရားရှင် ဟောကြားတော်မူစဉ်က သင်နတ်သမီးကိုယ်တိုင် ကြားနာခဲ့ရပါသလော။

(ဖြေ) ကိုယ်တိုင် ကြားနာခဲ့ရပါသည်ဘုရား။

(မေး) မဟာသမယသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူသောအခါက ကြီးစွာသော နတ် မြဟ္မာ အစည်းအဝေးကြီး ဖြစ်သည်တဲ့၊ သင် နတ် သမီး သည် အဘယ်အရပ်၌ တည်လျက် ကြားနာခဲ့ရသနည်း။

(ဖြေ) အရှင်ဘုရား ···· တပည့်တော်မသည် ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီး၌နေသော နတ်သမီး ဖြစ်ပါသည်၊ သို့သော်လည်း တန်ခိုးကြီးသော နတ်မြဟ္မာတို့ လာရောက်ကြသောအခါ ဇမ္ဗူဒိပ်၌ နေရာကို မရနိုင်ဘဲ ဤသီဟိုဠ်ကျွန်းသို့ လာခဲ့၍ ဇမ္ဗုကောလဆိပ်ကမ်း၌ ရပ်တည်လျက် တရားနာရန် အားထုတ်နေစဉ် ထို ဇမ္ဗုကောလဆိပ်ကမ်း၌လည်း တန်ခိုးကြီးသောနတ်တို့ လာရောက်ကြပြန်သော် အစဉ်သဖြင့် နောက်သို့ဆုတ်ကာ နေရာပေးခဲ့ရ၍ ရောဟဏဇနပုဒ် မဟာဂါမ၏ နောက်ဖက်မှာ

http://www.dhammadownload.com



ရှိသည့် သမုဒြာအတွင်း လည်ပင်း ပမာဏရှိသောရေသို့ သက်ဆင်းကာ ထိုအရပ်၌ တည်လျက် နာခဲ့ရပါသည် ဘုရား။

(မေး) အိုနတ်သမီး.... သင်နတ်သမီး ရပ်တည်သော နေရာမှ အလွန်ဝေးကွာသော (မဟာဝုန်တော) အရပ်၌ နေတော်မူသော မြတ်စွာဘုရားကို သင်မြင်ရပါ၏လော။

(ဖြေ) အရှင်ဘုရား .... အဘယ်သို့ ပြောဆိုလိုက်သနည်း (= အို မြင်ရတာပ အရှင်ဘုရား .... ဘယ့်နှယ် အမိန့် ရှိလိုက်သည်နည်း) မြတ်စွာဘုရားသည် မဟာဝုန်တော၌ တရားဟောတော်မူစဉ် တပည့်တော်မကို အမြဲမပြတ် ကြည့်တော်မူသည်ဟုပင် ထင်ရပါသည်၊ တပည့်တော်မမှာ ကြောက်လည်း ကြောက်,ရှက်လည်း ရှက်နိုးကာ လှိုင်းတံပိုးတို့အကြား၌ ပုန်း၍ နေရလုမတတ် ရှိပါသည်ဘုရား။

(မေး) အို နတ်သမီး.... ထို (မဟာသမယသုတ်ကို ဟောကြားတော်မူသော) နေ့၌ ကုဋေတသိန်းသော နတ်ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်တဲ့၊ သင်နတ်သမီးတို့သည်လည်း ထိုအခါက အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြပါသလော။

(ဖြေ) အရဟတ္တဖိုလ်သို့ ရောက်ခဲ့သည် မဟုတ်ပါ ဘုရား။

(မေး) သို့ဖြစ်လျှင် အနာဂါမိဖိုလ်သို့ ရောက်ခဲ့ကြသည် ထင်တယ်။

(ဖြေ) ရောက်ခဲ့သည် မဟုတ်ပါ ဘုရား။

(မေး) သို့ဖြစ်လျှင် သကဒါဂါမိဖိုလ်သို့ ရောက်ခဲ့ကြသည် ထင်တယ်။

(ဖြေ) ရောက်ခဲ့သည် မဟုတ်ပါ ဘုရား။

http://www.dhammadownload.com



(မေး) အိုနတ်သမီး.... (မဟာသမယသုတ်ကို နာကြားရသည့်အတွက်) အောက်မင်္ဂသုံးပါးသို့ ရောက်ကြသော နတ်ဗြဟ္မာတို့ကား အရေအတွက် သင်္ချာကို လွန်မြောက်ကုန်၏ (=မရေတွက်နိုင်ဘူး)တဲ့၊ သင်နတ်သမီးတို့သည် သောတာပန် ဖြစ်ခဲ့ကြသည့် ထင်တယ်။

(ဖြေ) (နတ်သမီးသည် ထိုနေ့က သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့သူဖြစ်သောကြောင့် ရှက်နိုးကာ) အရှင်ဘုရားသည် မမေးသင့်သည်ကို မေးတော်မူဘိ၏-ဟု (မတင်မကျ ပြန်ကြား လျှောက်ထားလေသည်)။

ထိုနောင်မှ ရဟန်းငယ်က နတ်သမီးကို "အိုနတ်သမီး.... သင်၏ကိုယ်ကို ငါတို့အား ပြနိုင်ပါမည်လော" ဟု ဆိုလေသော် နတ်သမီးသည် "အရှင်ဘုရား.... တကိုယ်လုံးကိုကား မပြနိုင်ပါ၊ လက်ချောင်းတဆစ်မျှကိုကား ပြပါမည်" ဟု ပြောဆိုကာ သံကောက်ပေါက် (သော့ပေါက်) ဖြင့် မိမိ၏လက်ချောင်းကို လိုဏ်အတွင်းသို့ ရှေးရှုသည်ကို ပြုလေ၏၊ ထိုအခါ လအထောင် နေအထောင်ထွက်သော အခါကဲ့သို့ လိုဏ်တခုလုံး လင်း၍နေလေ၏။ (ဤ၌ နတ်သမီးသည် တကိုယ်လုံးကို ပြနိုင်စွမ်းရှိသော်လည်း တကိုယ်လုံးကို ပြလိုက်က ရဟန်းငယ်အား သာသနအန္တရာယ် ဖြစ်ဖွယ်ရှိသဖြင့် ထိုအန္တရာယ်ကို ကာကွယ်ပယ်ရှားလိုသောကြောင့် "အရှင်ဘုရား.... တကိုယ်လုံးကိုကား မပြနိုင်ပါ" ဟူ၍ လိမ္မာစွာ လျှောက်ထားခြင်းဖြစ်သည်)။

ထိုနောင်မှ နတ်သမီးသည် "အရှင်ဘုရားတို့.... ရဟန်းတရားကို မမေ့မလျော့ အားထုတ်တော်မူရစ်ကြပါဘုရား" ဟု လျှောက်ထားပြီးလျှင် ရဟန်းငယ်ကို ရှိခိုး၍ ဗိုလ်ခွါ ကွယ်ပျောက်သွားလေ၏။

ဤသို့လျှင် ဤမဟာသမယသုတ်ကို နတ်ဗြဟ္မာတို့သည် လွန်စွာ ကြည်ညိုလေးမြတ်ကြကုန်၏။

http://www.dhammadownload.com



## စရိုက်အားလျော်စွာ တရားကို ဟောကြားတော်မူခြင်း

မြတ်စွာဘုရားရှင်သည် မဟာသမယသုတ်ကို ဟောကြားတော်မူပြီးနောက် ထိုအစည်းအဝေးမှာပင်—

(၁) **ရာဂစရိုက်** ပြောများသော နတ်မြဟ္မာတို့အတွက် သမ္မာပရိဗ္ဗာဇနီယသုတ်ကို (နိမ္မိတရုပ်ပွါး ဘုရားရှင်ကမေး၍ ပကတိခံတော်သား မြတ်စွာဘုရားက ဖြေကြားလျက်) ဟောကြားတော်မူသည်။ ထိုသမ္မာပရိဗ္ဗာဇနီယသုတ္တန် ဒေသနာအဆုံး၌ ကုဋေတသိန်းသော နတ်မြဟ္မာတို့ အရဟတ္တဖိုလ်သို့ ရောက်ကြသည်။ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်တို့သို့ ရောက်ကြသော နတ်မြဟ္မာတို့ကား မရေမတွက်နိုင်၊ များလှစွာ ကုန်၏။

(၂) **ဒေါသစရိုက်** ပြောများသော နတ်မြဟ္မာတို့အတွက် ကလဟဝိဝါဒသုတ်ကို ရှေးနည်းအတူ ဟောကြားတော်မူ၍ ရှေးနည်းအတူပင် နတ်မြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်။

(၃) **မောဟစရိုက်** ပြောများသော နတ်မြဟ္မာတို့အတွက် မဟာဗျူဟသုတ်ကို ရှေးနည်းအတူ ဟောကြားတော်မူ၍ ရှေးနည်းအတူပင် နတ်မြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်။

(၄) **ဝိတက်စရိုက်** ပြောများသော နတ်မြဟ္မာတို့အတွက် စူဠဗျူဟသုတ်ကို ရှေးနည်းအတူ ဟောကြားတော်မူ၍ ရှေးနည်းအတူပင် နတ်မြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်။

(၅) **သဒ္ဓါစရိုက်** ပြောများသော နတ်မြဟ္မာတို့အတွက် တုဝဋကပဋိပဒါကို ရှေးနည်းအတူ ဟောကြားတော်မူ၍ ရှေးနည်းအတူပင် နတ်မြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်။

(၆) **ဗုဒ္ဓိစရိုက်** (=ပညာစရိုက်) ပြောများသော နတ်မြဟ္မာတို့အတွက် ပုရာဘေဒသုတ်ကို ရှေးနည်းအတူ ဟောကြားတော်မူ၍ ရှေးနည်းအတူပင် နတ်မြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်။

http://www.dhammadownload.com



(ဤသုတ္တန်ခြောက်မျိုး၏ အနက်အဓိပ္ပါယ် အကျယ်ကို ပိဋကတ်တော် မြန်မာပြန် သုတ္တနိပါတ်ပါဠိတော်မှဖြစ်စေ, (အထူးအားဖြင့်) ပခုက္ကူဆရာတော် အရှင်နန္ဒိယမထေရ်မြတ် ရေးသားစီရင်တော်မူအပ်သော "မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့် အဓိပ္ပါယ်ဖွင့်ကျမ်း"မှဖြစ်စေ ထုတ်နုတ်မှတ်ယူရာ၏)။

ဤတွင် အခဏ်း ၂၂-ပြီး၏။

http://www.dhammadownload.com



## အခန်း-၂၃

### ဝေသာလီပြည်၌ ပဌမဝါကပ်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် သာကီဝင်မင်းသား ရဟန္တာငါးရာတို့၏ မဟာသမယအစည်းအဝေး၌ ရှေးဆိုအပ်ပြီးသောအတိုင်း မဟာသမယသုတ္တန်, သမ္မာပရိဗ္ဗာဇနီယသုတ္တန် စသည်တို့ကို ဟောကြားတော်မူလျက် ကုဋေခုနစ်သိန်းသော နတ်မြဟ္မာတို့ကို အရဟတ္တဖိုလ်၌ တည်စေခြင်း, မရေမတွက်နိုင်သော နတ်မြဟ္မာ အပေါင်းတို့ကို အောက်မဂ်အောက်ဖိုလ်တို့၌ တည်စေခြင်း-အစရှိသော ဗုဒ္ဓကိစ္စတို့ကို ပြုလုပ်ရွက်ဆောင်တော်မူ၍ ပဌမမြောက်ဖြစ်သောဝါကို ဝေသာလီပြည်၏ အနီး မဟာဝုန်တောကြီး အတွင်းဝယ် စုလစ်မွန်ချွန် အထွတ်တပ်သော (အပြောက်ချယ်သော) ကူဋာဂါရကျောင်းတိုက်၌ ဝါကပ်ဆိုတော်မူ၏။

#### မဟာဝုန်တောနှစ်မျိုး

(ဤ၌။ ။ကပိလဝတ်ပြည်၏အနီး မဟာဝုန်တော, ဝေသာလီပြည်၏အနီး မဟာဝုန်တောဟူ၍ မဟာဝုန်တော နှစ်မျိုးရှိရာ ကပိလဝတ်ပြည်၏အနီး (မဟာသမယသုတ်ကို ဟောရာဌာနဖြစ်သည့်) မဟာဝုန်တောကား ဟိမဝန္တာနှင့် တစပ်တည်း ဆက်စပ်လျက် အပိုင်းအခြားမရှိပဲ မဟာသမုဒ္ဒရာသို့ ခိုက်လျက်တည်၏။ ဝေသာလီပြည်၏အနီး မဟာဝုန်တောသည် ထိုကဲ့သို့မဟုတ် အပိုင်းအခြားရှိသည့် ကြီးစွာသော တောအုပ်ကြီး ဖြစ်သည်။)

#### ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ထိုဝါတွင်းမှာပင် ကပိလဝတ်ရွှေနန်းတော် ထီးဖြူတော်အောက်၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံခြင်း

ထိုသို့ မြတ်စွာဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော၌ ပဌမမြောက် ဝါကပ်တော်မူသောအခါ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးသည် ကပိလဝတ်ပြည် ရွှေနန်းတော်အတွင်း မဂ်လာ

http://www.dhammadownload.com



ထီးဖြူတော်အောက်၌ အရဟတ္တဖိုလ်သို့ ရောက်၍ ထိုနေ့မှာပင် ပရိနိဗ္ဗာန် ဝင်စံလေသည်*။

### မိထွေးတော် မဟာပဇာပတိ ဂေါတမီ တောင်းပန်၍ ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူခြင်း

(မြတ်စွာဘုရားရှင် ပဌမအကြိမ် ကပိလဝတ်ပြည်သို့ ကြွတော်မူလာသောအခါကပင် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် နိဂြောဓာရုံကျောင်းတော်သို့ သွားရောက်ကာ မာတုဂါမ အမျိုးသမီးများ ဘုရားသာသနာတွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းပြုခွင့်ရရှိဖို့ရန် တောင်းပန်ခဲ့လေသည်။ ထိုစဉ်က မြတ်စွာဘုရားရှင်သည် မိထွေးတော်၏တောင်းပန်ချက်ကို သုံးကြိမ်တိုင်တိုင် ဟန့်တား၍ ပယ်ရှားတော်မူခဲ့လေသည်။

ထိုသို့ ပယ်ရှားတော်မူခြင်းမှာလည်း "အပင်ပန်းခံ၍ အကြိမ်များစွာ တောင်းပန်မှ အမျိုးသမီးများ ရှင်ရဟန်းပြုရန် ခွင့်ပြုတော်မူမည်၊ ယင်းသို့ ခွင့်ပြုအပ်သော ရှင်ရဟန်းမ-အဖြစ်ကိုမှ "ဆင်းရဲငြိုငြင်ခံယဉ်းစွာ တောင်းပန်မှ ရအပ်သော ရှင်ရဟန်းမ အဖြစ်ပေတကား"ဟု အောက်မေ့ကြကာ မာတုဂါမများသည် ကောင်းမွန်ရှိသေစွာ စောင့်ထိန်းကြပေလိမ့်မည်" ဟု ဆင်ခြင်တော်မူ၍ အလေးပြုကာ ခွင့်ပြုတော်မူလိုသည့် အတွက် ပယ် ရှား မြစ် တား တော် မူ ခြင်း ဖြစ်သည်။

ထိုသို့ ပဌမအကြိမ် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ မဟာပဇာပတိဂေါတမီသည် သုံးကြိမ်တိုင်တိုင် တောင်းပန်ပါသော်လည်း အခွင့်မရပဲ ရွှေနန်းတော်သို့ (လက်လျှော့ကာ) ပြန်ခဲ့ ရလေသည်)။

ယခု မြတ်စွာဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော်၌ ပဉ္စမဝါ ကပ်တော်မူသောအခါ၌ကား ဒုတိယအကြိမ် တောင်းပန်ဖို့ရန် အကြောင်းဖန်ခဲ့ပြန်လေပြီ၊ ထိုအကြောင်းကား—

---

* ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်ခဏ်းကို တထာဂတဥဒါနဒီပနီကျမ်း၌ အကျယ်တဝင့် ဖွင့်ပြ ရေးသားထားလေသည်။ ဤကျမ်း၌ကား "တသ္မိံ သမယေ သုဒ္ဓေါဒနမဟာရာဇာ သေတစ္ဆတ္တဿ ဟေဋ္ဌာ အရဟတ္တံ သစ္ဆိကတွာ ပရိနိဗ္ဗာယိ"ဟူ၍ အံ့ဋ္ဌ၁၊ စာမျက်နှာ ၂၆၃-၌ အကျဉ်းမျှလာရှိသောကြောင့် အကျဉ်းမျှပင် ရေးသားအပ်ပါသည်။

http://www.dhammadownload.com



သာကီဝင်မင်းသား ရဟန်းငါးရာတို့ ရှေးဆိုအပ်ပြီးသော နည်းအတိုင်း ရဟန္တာဖြစ်ကြပြီးသောအခါ ထိုရဟန်းငါးရာတို့၏ လူဖြစ်စဉ်အခါ ကြင်ယာဇနီးဟောင်း ငါးရာတို့သည် ထို ရဟန်းတို့၏ စိတ်သဘောကို သိရှိရန် ရှေးနည်းအတူ လူထွက်ခဲ့ကြရန် သတင်းစကား သဝဏ်လွှာပါးကြပြန်လေသည်။ ထိုရဟန်း ငါးရာတို့သည် "ငါတို့သည် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရန် မဖြစ်နိုင်ကြတော့ပြီ၊ မထိုက်တန်ကြတော့ပြီ"ဟူ၍ သတင်း အတုံ့ကို ပြန်ကြားကြလေသည်။

ထိုကြင်ယာဇနီးဟောင်းငါးရာတို့သည် "ယခုအခါ ငါတို့မှာ သူတပါးအိမ်သို့ သွားဖို့ရန်(=အိမ်ထောင်သစ် ပြုဖို့ရန်) မသင့်လျော်တော့ချေ၊ မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီအထံ သို့ သွားရောက်ကြပြီးလျှင် မြတ်စွာဘုရားက မာတုဂါမများကို ရှင်ရဟန်းမ-ပြုလုပ်ရန် ခွင့်မပြုပြုအောင် တောင်းပန်စေ၍ ရှင် ရဟန်းမ ပြုလုပ်ကြကုန်အံ့"ဟု ကြံစည်ကြ၍ မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီထံသို့ သွားရောက်ကြလျက် "အိုမိထွေး တော်အရှင်မကြီးဘုရား....ကျွန်တော်မတို့ကို မြတ်စွာဘုရားရှင်က သာသနာတွင်းသို့ဝင်၍ ရှင်ရဟန်းမ-ပြုလုပ်ရန် အခွင့်မပြုပြုအောင် တောင်းပန်လျှောက်ထားပေးပါကုန်ဘုရား"ဟူ၍ တညီတညွတ် တည်း ပြောဆိုကြလေသည်။

မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီသည် (မြတ်စွာ ဘုရားရှင် နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေထိုင်တော်မူစဉ် က) ပဌမတကြိမ် မြတ်စွာဘုရားရှင်ကို မာတုဂါမ မင်းမိန်းမများ ဤဘုရားသာသနာတော်၌ ရှင်ရဟန်းမ-ပြုလုပ်ရန် ခွင့်တောင်း လျှောက်ထားပါသော်လည်း အခွင့်မရခဲ့သဖြင့် ယခု ဒုတိယ အကြိမ်၌ကား ဆေတ္တာသည်ကို ခေါ်စေ၍ (မိမိနှင့်တကွ သာကီ ဝင်မင်းသမီး ငါးရာတို့၏)ဆံများကို ပယ်ရှားရိတ်ဖြတ်စေပြီးလျှင် ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံကြကာ ရွှေနန်းတော် အတွင်းမှာပင် မြတ်စွာဘုရားရှင်ကို ရည်ညွှန်း၍ ရဟန်းမိန်းမ အသွင်ကို ကိုယ်တိုင်လည်းယူ သာကီဝင်မင်းသမီးငါးရာတို့ကို

http://www.dhammadownload.com



လည်း ယူစေပြီးလျှင် ထိုသာကီဝင်မင်းသမီး (ရဟာန်းမလောင်း) ငါးရာတို့နှင့် အတူတကွ ကပိလဝတ် ရွှေနန်းတော်မှသည် ဝေသာလီပြည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ မဟာဝုန်တောသို့ သွားရောက်ဖို့ရန် စီမံကြလေ၏။

ကပိလဝတ်ပြည်နှင့် ဝေသာလီပြည်ကား (၅၁) ငါးဆယ့်တယူဇနာ ခရီးအလွန်ဝေးကွာလှပါ၏။ သွားရောက်ဖို့ရန် စီမံကြသောအခါ၌ "ထိုမင်းသမီး မင်းမိန်းမတို့သည် အလွန်သိမ်မွေ့သူများ ဖြစ်ကြသဖြင့် ခြေလျင်သွားရန် စွမ်းနိုင်ကြမည် မဟုတ်ကုန်ချေ"ဟု တိုင်ပင်ကြံစည်ကြပြီးလျှင် သာကီဝင်မင်း,ကောလိယမင်းတို့သည် ထိုမင်းမိန်းမများ စီးနင်းလိုက်ပါကြရန် ရွှေထမ်းစင် ငါးရာကျော်တို့ကို စီမံကြလေသည်။

ထိုမင်းမိန်းမတို့သည်ကား "ငါတို့သည် ယာဉ်စီး၍ သွားကြကုန်လျှင် မြတ်စွာဘုရား၌ မရိုသေမှု ပြုအပ်သည်မည်၏"ဟု ဆင်ခြင်စဉ်းစားကြကာ (၅၁) ငါးဆယ့်တယူဇနာ ဝေးကွာသော ခရီးကို ခြေလျင်သာလျှင် သွားကြလေကုန်၏။ နှစ်ပြည်ထောင် မင်းတို့သည်လည်း ထိုမင်းမိန်းမတို့အတွက် ရွှေနောက် အစောင့်အရှောက်ကို လုံလောက်အောင်စီမံကြ၍ စားနပ်ရိက္ခာ အပြည့်တင်သော လှည်းများကို တပါတည်း ထည့်လိုက်ကြပြီးလျှင် "စခန်းတထောက်တထောက် ရောက်ရာရောက်ရာဌာန၌ မင်းမိန်းမများ စားသောက်ရန် အစာအာဟာရကို စီမံကြရမည်"ဟု အမိန့်ထုတ်ဆင့်ကြကာ မင်းချင်းယောကျ်ားများကို တပါတည်း စေလွှတ်လိုက်ကြကုန်၏။

ငါးဆယ့်တယူဇနာ ဝေးလှစွာသောခရီးကို ခြေလျင်လာခဲ့ကြရသဖြင့် အလွန်နူးညံ့သူများဖြစ်ရကား ထိုမင်းမိန်းမတို့၏ ခြေတို့၌ အဖုအလုံးကြီးများ တလုံးပေါက်လိုက် တလုံးကွဲလိုက်ဖြင့် ခြေနှစ်ဖက်လုံးပင် ခပေါင်းရေကြည်စေ့များဖြင့် ကြဖြန့်၍ ထားသည့်ပမာ ဖူးဖူးရောင်ကြွလျက် ရှိကုန်၏။ သို့ရကား မိထွေးတော် မဟာပဇာပတိဂေါတမီသည် သာကီဝင်မင်းသမီး ငါးရာတို့နှင့်တကွ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်း

http://www.dhammadownload.com



တိုက် တံခါးမုခ်သို့ ရောက်လတ်သောအခါ ဖူးဖူးရောင်သောခြေရှိလျက်, မြူလိမ်းကျံသော ကိုယ်ရှိလျက်, ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲလှစွာ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိလျက် ငိုကြွေး၍ သာလျှင် တံခါးမုခ်၏ အပြင်ဖက်၌ ရပ်တည်နေလေ၏၊ (ကျောင်းတိုက်အတွင်းသို့ ရှုတ်တရက် ဝင်၍ မသွားဝံ့ချေ)။

(ဤ၌။ ။မိထွေးတော် မဟာပဇာပတိဂေါတမီ၏ စိတ်သန္တာန်ဝယ် "ငါသည် မြတ်စွာဘုရားက ခွင့်မပြုအပ်ပါပဲလျက် မိမိဘာသာ ရဟန်းမအသွင်ကို ယူခဲ့မိလေပြီ။ ဤသို့ ငါ၏ ရဟန်းမိန်းမအသွင် ယူခဲ့သောအကြောင်းကား ဇမ္ဗူဒိပ်တကျွန်းလုံး ထင်ရှားကျော်ကြားခဲ့လေပြီ။ မြတ်စွာဘုရားက ရှင်ရဟန်းမအဖြစ်ကို ခွင့်ပြုတော်မူပါလျှင် တော်ပါသေး၏၊ အကယ်၍ ခွင့်ပြုတော်မမူခဲ့ပါလျှင် အကြီးအကျယ် အကဲ့ရဲ့ခံရချေတော့မည်" ဟု စဉ်းစားမိကာ ကျောင်းတိုက်အတွင်း မဝင်ဝံ့ပဲ တံခါးမုခ်၏ အပြင်ဖက်၌သာ ငိုကြွေးလျက် ရပ်တည်နေလေသည်)။

ထိုသို့ ဖူးဖူးရောင်သောခြေ, မြူလိမ်းကျံသောကိုယ်ရှိလျက် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲလှစွာ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိလျက် တံခါးမုခ်၏ အပြင်ဖက်၌ ငိုကြွေးလျက်သာ ရပ်တည်နေသော မိထွေးတော် မဟာပဇာပတိဂေါတမီကို အရှင်အာနန္ဒာမထေရ်သည် တွေ့မြင်တော်မူလေလျှင် "အိုမိထွေးတော်···· အသို့နည်း၊ သာကိယ, ကောလိယ မင်းမျိုးတို့၏ ပျက်စီးခြင်းပင် ဖြစ်ခဲ့လေသလော၊ အဘယ့်ကြောင့် မိထွေးတော်သည် ဤသို့ရုပ်ပျက်ဆင်းပျက် အဖြစ်သို့ ရောက်ရှိရသနည်း၊ အဘယ့်ကြောင့် မိထွေးတော်သည် ဖူးဖူးရောင်သောခြေ, မြူလိမ်းကျံသောကိုယ်ရှိလျက် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲလှစွာ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိလျက် တံခါးမုခ်၏ အပြင်ဖက်၌ ငိုကြွေးလျက်သာ ရပ်တည်နေရပါသနည်း" ဟူ၍ မေးမြန်းတော်မူလေ၏။

ထိုအခါ မိထွေးတော် မဟာပဇာပတိဂေါတမီက "အိုအရှင်ဘုရားအာနန္ဒာ····မြတ်စွာဘုရားရှင်က မာတုဂါမ မင်းမိန်းမများ ဤမွေဝိနယသာသနာတော်၌ ရှင်ရဟန်းမ-ပြုလုပ်ရန် ခွင့်ပြုတော်မမူသောကြောင့် ဤကဲ့သို့ ဆင်းရဲကြီးစွာ တံခါးမုခ်၏အပြင်ဖက်၌

http://www.dhammadownload.com



ငိုကြွေးလျက်သာ ရပ်တည်နေရပါသည်” ဟု ပြန်ကြားလျှောက်ထားလေသော် အရှင်အာနန္ဒာမထေရ်သည် “မိထွေးတော်…. ထိုသို့ဖြစ်ခဲ့လျှင် မြတ်စွာဘုရားကို မာတုဂါမ မင်းမိန်းမများ ဤဓမ္မ-ဝိနယသာသနာတော်၌ ရှင်ရဟန်းမ-ပြုလုပ်ခွင့်ရရန် တောင်းပန်လျှောက်ထား၍ မပြီးသေးမီ ဤနေရာ၌ပင် တခဏမျှ ဆိုင်းတွ ငံ့လင့်ပါဦး” ဟူ၍ အားပေးစကား ပြောကြားပြီးလျှင် အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ရှိခိုးကာ သင့်လျော်ပတ်ရာအရပ်၌ ထိုင်နေလျက် မြတ်စွာဘုရားရှင်ကို—

> ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. ရှင်တော်ဘုရားက မာတုဂါမ မင်းမိန်းမများအား ဤဓမ္မဝိနယသာသနာတော်၌ ရှင်ရဟန်းမ-ပြုလုပ်ရန် ခွင့်ပြုတော်မမူသည့်အတွက် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ဖူးဖူးရောင်သောခြေ, မှုံလိမ်းကျံသောကိုယ်ရှိလျက် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲလှစွာ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိလျက် တံခါးမုခ်၏အပြင်ဖက်၌ ငိုကြွေးလျက်သာ ရပ်တည်နေရှာပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. တောင်းပန်စကား လျှောက်ထားပါရစေ၊ မာတုဂါမ မင်းမိန်းမများသည် ဤဓမ္မဝိနယသာသနာတော်၌ ရှင်ရဟန်းမ-ပြုလုပ်ခွင့် ရကြပါစေ—

ဟူ၍ လျှောက်ထားတောင်းပန်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က “မသင့်လျော်ဘူး ချစ်သားအာနန္ဒာ….သင်ချစ်သားသည် မာတုဂါမ မင်းမိန်းမများ၏ ဤဓမ္မဝိနယသာသနာ၌ ရှင်ရဟန်းမ ပြုလုပ်ခြင်း (ပြုလုပ်ခွင့်ရခြင်း) ကို မနှစ်သက်ပါလင့်” ဟု မိန့်ကြားတော်မူလေလျှင် အရှင်အာနန္ဒာသည် စိတ်အားကို မလျှော့ပဲ ဒုတိယအကြိမ်လည်း ထိုနည်းတူပင် တောင်းပန်ပြန်သည်၊ မြတ်စွာဘုရားရှင်ကလည်း ရှေးနည်းအတူပင် မိန့်ကြားတော်မူပြန်လေသည်။ တတိယအကြိမ်လည်း အရှင်အာနန္ဒာသည် ရှေးနည်းအတူပင် တောင်းပန်ပြန်လေသည်၊

http://www.dhammadownload.com



မြတ်စွာဘုရားရှင်ကလည်း ထိုနည်းအတူပင် မိန့်ကြားတားမြစ်တော်မူပြန်လေသည်။

### တနည်းပြောင်း၍ တောင်းပန်ခြင်း

ထိုအခါ အရှင်အာနန္ဒာ၏ စိတ်သန္တာန်ဝယ် "မြတ်စွာဘုရားသည် မာတုဂါမ မင်းမိန်းမများ၏ ဤဓမ္မဝိနယသာသနာ၌ ရှင်ရဟန်းမ ပြုလုပ်ရန်အရေး ခွင့်ပေးတော်မမူချေ၊ ငါသည် အခြားအကြောင်း တနည်းပြောင်း၍ မြတ်စွာဘုရားကို မာတုဂါမ မင်းမိန်းမများ၏ ဤဓမ္မဝိနယသာသနာ၌ ရှင်ရဟန်းမ-ပြုလုပ်ခွင့် ရရန် တောင်းပန်လျှောက်ထားရမူ ကောင်းလေစွာ့" ဟု အကြံအစည်သစ် ဖြစ်ပြန်လေ၏။ ထို့ခနောက် အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... မာတုဂါမ မင်းမိန်းမများသည် ဤဓမ္မဝိနယသာသနာတော်၌ ရှင်ရဟန်းမ ပြုလုပ်ပြီးလျှင် သောတာပတ္တိဖိုလ်ကိုဖင်း, သကဒါဂါမိဖိုလ်ကိုဖင်း, အနာဂါမိဖိုလ်ကိုဖင်း, အရဟတ္တဖိုလ်ကိုဖင်း မျက်မှောက်ပြုရန် ထိုက်တန်ပါ၏လော (= ဖြစ်နိုင်ပါ၏လော)—

ဟူ၍ လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "ချစ်သားအာနန္ဒာ.... မာတုဂါမ မင်းမိန်းမများသည် ဤဓမ္မဝိနယသာသနာတော်၌ ရှင်ရဟန်းမ ပြုလုပ်ကြပြီးလျှင် သောတာပတ္တိဖိုလ်ကိုဖင်း, သကဒါဂါမိဖိုလ်ကိုဖင်း, အနာဂါမိဖိုလ်ကိုဖင်း, အရဟတ္တဖိုလ်ကိုဖင်း မျက်မှောက်ပြုရန် ထိုက်တန်ပေ၏ (= ဖြစ်နိုင်ပေ၏)" ဟု ပြန်ကြားမိန့်ဆိုတော်မူလေ၏။ ထိုအခါ အရှင်အာနန္ဒာသည်—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... မာတုဂါမ မင်းမိန်းမများသည် ဤဓမ္မဝိနယသာသနာတော်၌ ရှင်ရဟန်းမ ပြုလုပ်ကြပြီးလျှင် အရိယဖိုလ်လေးပါးတို့ကို မျက်မှောက်ပြုရန် အကယ်၍ ထိုက်တန်ငြားအံ့။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... မဟာပဇာပတိ ဂေါတမီသည် ရှင်တော်ဘုရား၏အပေါ်မှာ အလွန် ကျေးဇူးများသူဖြစ်ပါသည်၊ ရှင်တော်ဘုရား၏ မိထွေး တော် အရင်းလည်း ဖြစ်ပါသည်၊ အရှင်ဘုရားတို့ကို ဖဝါး လက်နှစ်လုံး ပခုံးလက်နှစ်သစ် ဖွားသစ်စအချိန်ကပင် အစ ပြုကာ ယုယပိုက်ထွေး ကျွေးမွေးခဲ့သူဖြစ်ပါသည်၊ တနေ့ နှစ်ကြိမ် သုံးကြိမ် နံ့သာရေမိုး ချိုးပေးပြီးလျှင် ကျွေးမွေး သုတ်သင်ခဲ့သူ ဖြစ်ပါသည်၊ အရှင်ဘုရား၏ မယ်တော် မဟာမာယာဒေဝီ နတ်ရွာစံသောအခါ အရှင်ဘုရားကို နို့ချိုအေးကို ကိုယ်တိုင်တိုက်ကျွေး မွေးမြူခဲ့သူ ဖြစ်ပါသည်၊ (ဘုရားအလောင်းတော်ကို မဟာမာယာဒေဝီက ဖွားမြင် ပြီးနောက် နှစ်ရက် သုံးရက်မြောက်၌ မိထွေးတော် မဟာ-ပဇာပတိဂေါတမီက နန္ဒမင်းသားကို ဖွားမြင်လေသည်၊ ထိုအခါ မိထွေးတော်သည် သားတော်အရင်းဖြစ်သော နန္ဒမင်းသားကို အထိန်းတော်များအား ပေးအပ်ပြီးလျှင် မိမိကိုယ်တိုင်ကမူ ဘုရားအလောင်းတော်၏ အထိန်း တော်ကြီး ပြုလုပ်ကာ မိမိ၏နို့ချိုအေးကို တိုက်ကျွေးလေ သည်၊ ထို့ကြောင့် ထိုကဲ့သို့ လျှောက်ထားခြင်းဖြစ်သည်)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· တောင်းပန် စကား လျှောက်ထားပါရစေ၊ မာတုဂါမ မင်းမိန်းမများ သည် ဤဓမ္မဝိနယ သာသနာတော်၌ ရှင်ရဟန်းမ-ပြုလုပ် ခွင့် ရကြပါစေ—

ဟူ၍ လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် ဤဆိုလတ္တံ့ သောအတိုင်း ဂရုဓံရှစ်ပါး တရားကိုဟော၍ ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူလေ၏—

ချစ်သား အာနန္ဒာ···· မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ဂရုဓံရှစ်ပါး လိုက်နာရမည့်တရားများကို အကယ်၍ ခံယူလိုက်နာခဲ့လျှင် ထိုဂရုဓံရှစ်ပါး လိုက်နာ

http://www.dhammadownload.com



ကျင့်သုံးရမည့် တရားများကို ခံယူ လိုက်နာခြင်းသည်ပင် မိထွေးတော်၏အဖို့ရာ ရှင်အဖြစ် ရဟန်းမအဖြစ် ဖြစ်စေရမည်၊ ဂရုဓမ်တရား ရှစ်ပါးတို့ဟူသည်မှာ—

(၁) အဝါ(၁၀၀) တရာရရှိပြီးသော ရဟန်းမ-သည် ယနေ့မှ ရဟန်းပြုသစ်စဖြစ်သော ရဟန်းငယ်အား ရှိခိုးခြင်း,ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း အမှုများကို ပြုရမည်၊ ဤကျင့်ဝတ်တရားကိုလည်း ရိုသေလေးမြတ်ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၂) ရဟန်းမ-သည် ရဟန်းယောက်ျားတို့နှင့် မနီးသော ကျောင်းတိုက်၌ ဝါမကပ်ရ၊ ဤကျင့်ဝတ်တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၃) ရဟန်းမ-သည် လခွဲတကြိမ် ရဟန်းသံဃာမှ (က) ဥပုသ်မေးခြင်း, (ခ) အဆုံးအမခံယူရန် ကပ်ရောက်ခြင်း ဤတရားနှစ်ပါးတို့ကို လိုချင်တောင့်တ လိုက်နာရမည်၊ ဤကျင့်ဝတ်တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၄) ဝါကျွတ်ပြီးသော ရဟန်းမ-သည် ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာနှစ်ဖက်၌ မြင်ခြင်း,ကြားခြင်း, ရှိရှာခြင်း ဤသုံးဋ္ဌာနတို့ဖြင့် (အပြစ်ရှိခဲ့သော် ပြောဆိုဆုံးမရန်) ဖိတ်ကြားမှု(=ပဝါရဏာ)ပြုရမည်၊ ဤကျင့်ဝတ် တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၅) သံဃာဒိသိသ် အာပတ်သို့ ရောက်သော ဘိက္ခုနီမ-သည် ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ဖက်၌ တဆယ့်ငါးရက်(=တပက္ခ) ကြာ မာနတ်အကျင့်ကို ကျင့်ရမည်၊ ဤကျင့်ဝတ်တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

http://www.dhammadownload.com



(၆) ရဟန်းမ-သည် (မိမိထံ၌) နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးတို့၌ မကျိုးမပေါက် မကျားမပြောက် ရအောင် ကျင့်သုံးပြီးသော သိက္ခာရှိသော သိက္ခမာန်အား ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ဖက်၌ ရဟန်းမ-ပြုပေးရန် ကြောင့်ကြစိုက်ကာ ရှာမှီးရမည်၊ ဤကျင့်ဝတ်တရားကို လည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၇) ရဟန်းမ-သည် ရဟန်းယောကျ်ားကို တစုံတခု သော အကြောင်းဖြင့်မျှ မဆဲရေးရ မရေရွတ်ရ၊ ဤကျင့်ဝတ် တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက် ထက်ဆုံး မလွန်ကျူးအပ်။

(၈) ယနေ့ကစ၍ ရဟန်းမများက ရဟန်းယောကျ်ား တို့အပေါ်၌ အဆုံးအမ ဩဝါဒစကား ပြောကြားမှုကို တားမြစ် ပိတ်ဆို့အပ်သည်၊ (မပြောကြားရ-ဟု ဆိုလို သည်)၊ ရဟန်းယောကျ်ားတို့က ရဟန်းမတို့ အပေါ်၌ အဆုံးအမ ဩဝါဒစကား ပြောကြားမှုကို မတားမြစ် မပိတ်ဆို့အပ်(ပြောကြားရမည်ဟု ဆိုလိုသည်)၊ ဤ ကျင့် ဝတ်တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်၊ (လိုက်နာရမည်)။

(ဤကား ဂရုဓံတရား ရှစ်ပါးတို့တည်း။)

ချစ်သား အာနန္ဒာ ····မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ဤဂရုဓံ ရှစ်ပါး ကျင့်ဝတ်တရားများကို အကယ်၍ ခံယူလိုက်နာခဲ့ပါလျှင် ထိုသို့ ဂရုဓံရှစ်ပါး ကျင့်ဝတ်တရားများကို ခံယူလိုက်နာခြင်းသည်ပင် မိထွေး တော်၏အဖို့ရာ ရှင်အဖြစ် ရဟန်းမ-အဖြစ် ဖြစ်စေရ မည်—

ဟူ၍ ဂရုဓံ ရှစ်ပါး ကျင့်ဝတ်တရားများကို ဟောကြားတော် မူကာ ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူလေ၏။

http://www.dhammadownload.com



ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ အထံတော်၌ ဤဂရုဓံရှစ်ပါး ကျင့်ဝတ်တရားများကို သင်ကြားတော်မူခဲ့ပြီးလျှင် မိထွေးတော် မဟာပဇာပတိဂေါတမီထံ တဖန် ပြန်ကြွခဲ့၍ မိထွေးတော် မဟာပဇာပတိဂေါတမီကို—

မိထွေးတော်ကြီး····အကယ်၍ မိထွေးကြီးသည် ဂရုဓံရှစ်ပါး ကျင့်ပတ်တရားများကို ခံယူလိုက်နာခဲ့ပါလျှင် ထိုသို့ ခံယူလိုက်နာခြင်းသည်ပင် မိထွေးတော်၏ အဖို့ရာ ရှင်အဖြစ် ရဟန်းမ-အဖြစ် ဖြစ်ပါလိမ့်မည်၊ (ဂရုဓံတရား ရှစ်ပါးတို့ဟူသည်မှာ)—

(၁) အဝါ(၁၀၀)တရာရရှိပြီးသော ရဟန်းမ-သည် ယနေ့မှ ရဟန်းပြုသစ်စဖြစ်သောရဟန်းငယ်အား ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း,လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း အမှုများကို ပြုရမည်၊ ဤ ကျင့်ဝတ်တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်၊ (လိုက်နာရမည်)။

(ပေယျာလ)

(၈) ယနေ့ကစ၍ ရဟန်းမများက ရဟန်းယောကျာ်းတို့အပေါ်၌ အဆုံးအမ ဩဝါဒစကား ပြောကြားမှုကို တားမြစ် ပိတ်ဆို့ အပ်သည်၊ (မပြောကြားရ)၊ ရဟန်းယောကျာ်းတို့က ရဟန်းမတို့ အပေါ်၌ အဆုံး အမ ဩဝါဒစကား ပြောကြားမှုကို မတားမြစ် မပိတ်ဆို့အပ်၊ (ပြောကြားရမည်)၊ ဤကျင့်ဝတ်တရားကိုလည်း ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်၊ (= လိုက်နာရမည်)။

မိထွေးတော်ကြီး····အကယ်၍ မိထွေးတော်ကြီးသည် ဤဂရုဓံရှစ်ပါး ကျင့်ဝတ်တရားများကို ခံယူလိုက်နာခဲ့ပါ

http://www.dhammadownload.com



လျှင် ထိုသို့ ခံယူလိုက်နာခြင်းသည်ပင် မိထွေးတော်၏
အဖို့ရာ ရှင်အဖြစ် ရဟန်းမ-အဖြစ် ဖြစ်ပါလိမ့်မည်—

ဟူ၍ ပြန်ကြားပြောဆိုလေသည်။

ထိုအခါ မိထွေးတော် မဟာပဇာပတိဂေါတမီသည် "အရှင်ဘုရားအာနန္ဒာ···· ငယ်ရွယ်နုပျိုလျက် တန်းဆာဆင်လေ့ရှိသော ဦးခေါင်း ဆေးလျှော်ပြီးသည့် မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း ကြာပန်းကိုဖြစ်စေ မုံးရွေပန်းကိုဖြစ်စေ စစ်သိမ်ပန်း (လန်ဘူးပန်း = လယ်တူပန်း) ကိုဖြစ်စေ ရသည်ရှိသော် (ဝမ်းမြောက်ဝမ်းသာ) လက်နှစ်ဖက်တို့ဖြင့် ခံယူလျက် ဦးခေါင်းတွင်မှတ် အင်္ဂါအမြတ်၌ (ရှိသေစွာ) ထားရာ ပန်ဆင်ရာသကဲ့သို့၊ ထို့အတူပင် အကျွန်ုပ်သည် ဤဂရုဓမ်ရှစ်ပါး ကျင့်ဝတ်တရားများကို အသက်ထက်ဆုံး မလွန်ကျူးအပ်သည့် (= လိုက်နာရမည့်) ကျင့်ဝတ်တရားတို့ဟူ၍ (ဝမ်းမြောက်ဝမ်းသာ ရှိသေစွာ) ခံယူလိုက်နာပါ အံ့" ဟူ၍ လျှောက်ဆိုလေသည်။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ထံသို့ သွားရောက်ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီသည် ဂရုဓမ်ရှစ်ပါး ကျင့်ဝတ်တရားတို့ကို အသက်ထက်ဆုံး မလွန်ကျူးအပ်သည့် (= လိုက်နာရမည့်) ကျင့်ဝတ်တရားတို့ဟူ၍ (ဝမ်းမြောက်ဝမ်းသာ ရှိသေစွာ) ခံယူအပ်ပါပြီဘုရား" ဟူ၍ လျှောက်ထားလေသည်။ ။(ဤ၌ "ဂရုဓမ်ရှစ်ပါး ကျင့်ဝတ်တရားများကို အသက်ထက်ဆုံး မလွန်ကျူးအပ်သည့် (= လိုက်နာရမည့်) ကျင့်ဝတ်တရားတို့ဟူ၍ ဝမ်းမြောက်ဝမ်းသာ ရှိသေစွာ ခံယူလိုက်ခြင်း" သည်ပင်လျှင် မိထွေးတော်၏အဖို့ရာ ရဟန်းခံခြင်း ဖြစ်လေသည်၊ သိမ်ဝင်၍ ကမ္မဝါဖတ်ရွတ်ရန် မလို၊ ခံယူလိုက်သည်နှင့် တပြိုင်နက်ပင်လျှင် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ဘိက္ခုနီမ ဖြစ်သွားလေတော့၏။ ဤပဉ္စင်းခံခြင်းမျိုးကို "အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏဥပသမ္ပဒါ" ဟူ၍ ခေါ်သည်)။

http://www.dhammadownload.com



## ဘိက္ခုနီမရဟန်းပြုခြင်းကို ခွင့်ပြုတော်မူခြင်း

**ထိုအခါ မိထွေးတော်** မဟာပဇာပတိဂေါတမီ ထေရီမသည် မြတ်စွာဘုရားရှင်ထံသို့ သွားရောက်ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုး ပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ရပ်တည်နေပြီးသော် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား···· အကျွန်ုပ်သည် ဤသာကီဝင်မင်းသမီး ငါးရာတို့နှင့်စပ်လျဉ်း၍ အဘယ်သို့ ပြုကျင့်စီမံရပါမည်နည်း" ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် မိထွေးတော် မဟာပဇာ-ပတိ ဂေါတမီကို တရားစကားကို ဟောကြားတော်မူလေသည်။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် တရားစကား နာကြား ပြီးသော် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် အရှိအသေ ပြုကာ ဖဲသွားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် မိထွေး တော် မဟာပဇာပတိ ဂေါတမီ တောင်းပန် လျှောက်ထားသော ထိုအကြောင်းဝတ္ထု၌ တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတော်တို့ကို—

> ရဟန်းတို့····ရဟန်းယောကျ်ားများသည် ရဟန်းမ တို့ကို ပဉ္စင်းခံပေးရန် (ငါဘုရား) ခွင့်ပြု၏—

ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူလေသည်။

ဤသိက္ခာပုဒ်တော်အရ ရဟန်းတော်များသည် သာကီဝင် မင်းသမီး ငါးရာတို့ကို မဟာပဇာပတိဂေါတမီ၏ သဒ္ဓိဝိဟာရိနီ (ဥပဇ္ဈာယ်ယူသည့်)တပည့်များ ပြုလုပ်ကြ၍ ပဉ္စင်းခံပေးကြလေ ကုန်သည်။ ,ဤသို့လျှင် ထိုသာကီဝင်မင်းသမီး ရဟန်းမငါးရာ တို့သည် (ထိုအချိန်မှာ ဘိက္ခုနီသံဃာ အပြည့်အဝမရှိသေးသည့် အတွက်) ဘိက္ခုသံဃာတဖက်ဖြင့်သာ ရဟန်းမ-အဖြစ်သို့ ရောက် ကြရသောကြောင့် "ဧကတောဥပသမ္ပန္န"ဘိက္ခုနီမတို့ မည်ကြလေ ကုန်သည်။

ထိုသို့ ရဟန်းမ ပြုလုပ်ပြီးကြသောအခါ မဟာပဇာပတိ ဂေါတမီထေရီမသည် (အံ၊ ၃၊ ၁၀၆-လာ) သံခိတ္တသုတ်

http://www.dhammadownload.com



ဒေသနာကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။ သာကီဝင်မင်းသမီး ရဟန်းမ ငါးရာတို့ကား နောက်အခါ၌ နန္ဒကောဝါဒသုတ္တန် (မ၊၃၊၃၁၄) ကို ကြားနာရသဖြင့် မိမိတို့ အလိုဆန္ဒအတိုင်း အချို့သောတာပန်, အချို့သကဒါဂါမ်, အချို့အနာဂါမ်, အချို့ရဟန္တာ ဖြစ်ကြလေကုန်၏။

(ဤ၌။ ။မဟာပဇာပတိဂေါတမီ ရဟန်းမ ပြုလုပ်ခြင်းနှင့်တဆက်တည်းပင် ယသောဓရာဒေဝီမိဖုရား, ဇနပဒကလျာဏီ မင်းသမီး, ခေမာမိဖုရား, ဓမ္မဒိန္နာသူဌေးကတော်, ဘဒ္ဒကာပိလာနီထေရီမ-တို့၏ ရဟန်းပြုကြခြင်းအကြောင်းစသည်ကို ရေးသားရန်ဖြစ်သော်လည်း ထိုထေရီမကြီးများ၏ အကြောင်းအရာကို သံဃရတနာအခန်းသို့ ရောက်မှ ရေးသားပြဆိုပေအံ့။)

**သစ္စကပရိဗိုဇ်ကို ဆုံးမနှိမ်နင်းတော်မူခြင်း**

မြတ်စွာဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်အရာမ်၌ သီတင်းသုံးနေတော်မူစဉ် သစ္စကပရိဗိုဇ်ကို ဆုံးမ နှိမ်နင်းတော်မူ၍ အောင်ပွဲသဘင် ခံယူတော်မူလေသည်။ ဤသစ္စကပရိဗိုဇ်၏ အဋ္ဌုပ္ပတ္တိ အကြောင်းအရာကို စတုက္ကနိပါတ် စူဠကာလိင်္ဂဇာတ်အဋ္ဌကထာ, မူလပဏ္ဏာသ စူဠသစ္စကသုတ်အဋ္ဌကထာတို့မှ ထုတ်နုတ်ဖော်ပြပေအံ့။

ရှေးအခါဝယ် ဝေသာလီပြည်၌ (၇၇၀၇)ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက်ကုန်သော လိစ္ဆဝီမင်းတို့သည် အလှည့်ကျ မင်းပြုလုပ်၍ နေထိုင်ကြကုန်၏။ ထိုလိစ္ဆဝီမင်း အားလုံးတို့သည်ပင် ဝါဒအထူးအဆန်းကို မေးမြန်း စိစစ်လိုစိတ်ပြင်းထန်သူတို့ ဖြစ်ကြလေသည်။ ထိုအခါ အယူဝါဒငါးရာတို့၌ လိမ္မာကျွမ်းကျင်သော ပရိဗိုဇ်တက္ကတွန်း တယောက်သည် ဝေသာလီပြည်သို့ ရောက်ရှိလာလေသည်၊ လိစ္ဆဝီမင်းတို့သည် ထိုပရိဗိုဇ်တက္ကတွန်းအား ချီးမြှောက်၍ထားကြလေသည်။ ထို့အတူပင် အယူဝါဒငါးရာတို့၌ လိမ္မာကျွမ်းကျင်သော ပရိဗိုဇ်မ-တက္ကတွန်းမ တယောက်သည်လည်း ဝေသာလီပြည်သို့ ရောက်ရှိလာလေသည်။

http://www.dhammadownload.com



လိစ္ဆဝီမင်းတို့သည် ထိုသူနှစ်ဦးတို့ကို ဝါဒ အချေအတင် ပြောဆိုပွဲ ကျင်းပ၍ပေးကြလေကုန်၏၊ နှစ်ဦးလုံးပင် ပညာစွမ်းချင်း တူမျှကြသဖြင့် မည်သူကမျှ မည်သူ့ကို မအောင်နိုင်ပဲ သရေပွဲ ဖြစ်၍ နေလေ၏။ ထိုအခါ လိစ္ဆဝီမင်းတို့၏ စိတ်သန္တာန်ဝယ် "ဤသူနှစ်ယောက်တို့ကို စုံ၍ ဖြစ်သောသားသည် ဝါဒအရာ၌ လိမ္မာကျွမ်းကျင်သူ ဖြစ်ပေလိမ့်မည်"ဟု အကြံဖြစ်လေသည်၊ ထို့နောင်မှ "သင်တို့နှစ်ဦးသားသည် ဝါဒအရာ ထပ်တူညီမျှ ဖြစ်ကြကုန်သည်၊ ထိုထို့ရွာ အရပ်ဌာနသို့ လှည့်လည်၍ အဘယ်မှုစကုန်အံ့နည်း၊ ဤငါတို့နေရာ ဝေသာလီပြည်၌ပင် နေထိုင်ကြကုန်လော့" ဟု ပြောဆိုကြပြီးလျှင် ထိုသူနှစ်ဦးတို့အား ထိမ်းမြားလက်ထပ်လျက် နေအိမ်ကိုပါ ပေး၍ ပူဇော်သက္ကာရမှုကို ပြုကြလေကုန်၏။

ထို့နောက် ထိုပရိဗိုဇ်နှင့် ပရိဗိုဇ်မ-တို့၏ အတူတကွ ပေါင်းသင်းဆက်ဆံမှုကို အစွဲပြု၍ အစဉ်သဖြင့် သမီးလေးယောက်နှင့် သားတယောက် ဖွားမြောက်လာလေသည်။ သမီးလေးယောက်တို့၏ အမည်ကို အစဉ်အတိုင်း (၁) သစ္စာ (၂) လောလာ (၃) အဝဓာရိကာ (၄) ပဋိစ္ဆာဒါ ဟူ၍ မှည့်ခေါ်ကြကုန်၏။ သားငယ်၏ အမည်ကိုကား သစ္စက-ဟူ၍ မှည့်ခေါ်ကြကုန်၏။ (စူဠ-သစ္စကသုတ်အဋ္ဌကထာ၌မူ ၁-သစ္စာ ၂-လောလာ ၃-ပဋာစာရာ ၄-အာစာရဝတီ ဟူ၍ သမီးလေးယောက်တို့၏ အမည်အစဉ်ကို ပြဆိုသည်)။

ထိုအစ်မနှင့်မောင် ငါးဦးသားတို့သည် သိကြားလိမ္မာသော အရွယ်သို့ ရောက်ကြသည်ရှိသော် အမိဖက်မှ ဝါဒငါးရာ, အဖဖက်မှ ဝါဒငါးရာ ဤသို့အားဖြင့်အယူဝါဒ(၁၀၀၀)တထောင်ကို သင်ကြား တတ်မြောက်ကြလေကုန်၏။ မိဖနှစ်ဦးတို့သည် သမီးလေးယောက်တို့အား—

ချစ်သမီးတို့····အကြင်လူဖြစ်သူ တဦးတယောက်သည် သင်ချစ်သမီးတို့၏ အယူဝါဒကို ပြေလည်အောင် ဖြေဆိုလျက် ချေဖျက်နိုင်ငြားအံ့၊ ထိုသူ၏အထံ၌ မိမိကိုယ်ကို ဆောင်နှင်းလျက် ခြေရင်းအလုပ်အကျွေး (မယား) ပြု၍

http://www.dhammadownload.com



> နေကြပါကုန်လော့။ ရဟန်းဖြစ်သူ အကြင်တဦးတယောက်သည် သင်ချစ်သမီးတို့၏ အယူဝါဒကို ပြေလည်အောင် ဖြေဆိုလျက် ချေဖျက်နိုင်ငြားအံ့၊ ထိုရဟန်း၏ အထံ၌ ရှင်ရဟန်းပြုကုန်လော့—

ဟူ၍ ဆုံးမစကား ပြောကြားကြလေကုန်၏။

နောက်တချိန်၌ မိဖနှစ်ပါးတို့ ကွယ်လွန်ကြသောအခါ မောင်ငယ်ဖြစ်သော သစ္စကပရိဗိုဇ်သည် အစ်မကြီး လေးယောက်တို့ထက် ဉာဏ်ပညာ သာလွန်သည်ဖြစ်ရကား မိဖတို့၏ အထံမှ အယူဝါဒ (၁၀၀၀)တထောင်ကိုရင်း, ထို့ထက် များစွာသော သာသနာပြင်ပ ဝါဒများကိုရင်း သင်ယူပြီးလျှင် အရပ်တပါးသို့ မသွားပဲ မင်းသားငယ်များကို အတတ်ကို သင်ပြလျက် ဝေသာလီ-ပြည်၌ပင် နေထိုင်လေ၏။ "ပညာဖြင့် (မဆံ့နိုင်လောက်အောင်ပင်) အလွန်ပြည့်နေသောကြောင့် ငါ့ဝမ်းဗိုက်သည် ကွဲပေါက်လေရာ၏"ဟု တွေးတောကြောက်ရွံ့ကာ သံပြားဖြင့် ဝမ်းဗိုက်ကို ရစ်ပတ်၍ လှည့်လည်နေထိုင်၏။

သစ္စကပရိဗိုဇ်၏ အစ်မကြီးဖြစ်ကြသောပရိဗိုဇ်မ လေးယောက်တို့သည် "ဤဇမ္ဗူဒိပ်ကျွန်းသည် ဇမ္ဗုသပြေပင်ဖြင့် ထင်ရှားသော ကျွန်းဖြစ်သည်"ဟု သပြေခက်ကို ကိုယ်စီကိုယ်င ကိုင်ယူကြကာ ဝါဒယှဉ်ပြိုင်ရန်အလို့ငှါ တမြို့မှတမြို့ တနယ်မှတနယ်သို့ လှည့်လည်ကြလျက် ရောက်လေရာရာ မြို့ရွာတံခါးဝ၌ သဲပုံ၌ဖြစ်စေ, မြေပုံ၌ဖြစ်စေ သပြေခက်ကို စိုက်ထူကြ၍ "အကြင်သူသည် ငါတို့၏ အယူဝါဒအပေါ်မှာ အပြစ်တင်ခြင်းငှါ စွမ်းနိုင်၏၊ ထိုသူသည် ဤသပြေခက်ကို နင်းနယ်ချေဖျက်လော့"ဟု ပြောဆိုမှာကြား၍ မြို့တွင်းရွာတွင်းသို့ ဝင်သွားလေ့ရှိကြကုန်၏။

ဤသို့လျှင် တရွာမှတရွာ တမြို့မှတမြို့သို့ လှည့်လည်ကြကုန်သည်ရှိသော် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ မြို့တံခါးဝ၌ သပြေခက်ကို စိုက်ထူကြပြီးလျှင် "လူဖြစ်စေ, ရဟန်းဖြစ်စေ ငါတို့၏ အယူဝါဒအပေါ်မှာ အပြစ်တင်ပြနိုင်စွမ်းသောသူသည် ဤမြေပုံ

http://www.dhammadownload.com



ကို ခြေဖြင့်ကန်ကျောက်ပြန့်ကြဲအောင်ပြု၍ ခြေဖြင့်ပင်လျှင် သဲပြခက်ကို နင်းနယ်ချေဖျက်စေသတည်း”ဟု အနီးအနားသို့ ရောက်ရှိလာသော ကလေးသူငယ်တို့အား မှာကြားပြောဆိုခဲ့ပြီးလျှင် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ကြလေကုန်၏။

**အရှင်သာရိပုတ္တရာ၏ စွမ်းရည်တော်**

ထိုအခါ မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဇေတဝန်ကျောင်းတိုက်တော်အတွင်း တံမြက်မလှည်းရသေးသော အရပ်များကို တံမြက်လှည်းတော်မူပြီးလျှင် ရေမရှိသော အိုးများ၌ သောက်ရေ သုံးဆောင် ရေကို အပြည့် တည်ထားလျက် မမာမကျန်းသော ရဟန်းများကိုလည်း ပြုစု လုပ်ကျွေးတော်မူခဲ့၍ အလွန်နေမြင့်မှ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ရန် ကြွလာတော်မူလတ်သော် မြို့တံခါးဝ၌ စိုက်ထားသော ထို သဲပြခက်ကို မြင်တော်မူ၍ ကလေးသူငယ်များကို ထိုသဲပြခက်အကြောင်းကို မေးမြန်း တော်မူလေ၏။ ကလေး သူငယ် တို့ သည် လည်း ထို အကြောင်းကို အပြည့်အစုံ ပြန်ကြားလျှောက်ထားကြလေကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကလေးသူငယ်တို့ကို “သူငယ်တို့····ထိုသို့ဖြစ်လျှင် ထိုသဲပြခက်ကို နင်းနယ်ချေဖျက်ကြကုန်လော့”ဟူ၍ မိန့်တော်မူ၏၊ သူငယ်တို့သည်“အရှင်ဘုရား····မနင်းနယ်မချေဖျက်ဝံ့ကြပါ၊ကြောက်ပါကုန်၏”ဟုဆိုကြလေ၏။-“သူငယ်တို့····မကြောက်ကြလင့်၊ ‘အဘယ်သူက ငါတို့၏ သဲပြခက်ကို ချေဖျက်စေအပ်သနည်း’ ဟု မောင်တို့ကိုမေးလျှင် ‘မြတ်စွာဘုရား၏ တပည့် သာဝကကြီး ဖြစ်သော သာရိပုတ္တရာ မထေရ်က နင်းနယ်ချေဖျက်စေအပ်သည်၊ ပရိဗိုဇ်မတို့ အယူဝါဒ ယှဉ်ပြိုင်လိုကြလျှင် ဇေတဝန်ကျောင်းတိုက်တော်၌ နေထိုင်တော်မူသော မထေရ်မြတ်၏အထံသို့ သွားကြလော့’ ဟု (ရဲရဲဝံ့ဝံ့သာ) အမောင်တို့ပြောလိုက်ကြ”ဟူ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်က ပြောဆိုတော်မူလတ်သော် သူငယ်တို့သည် မထေရ်၏စကားကို

http://www.dhammadownload.com



ကြားကြလေလျှင် (အားတက်သရော ဖြစ်ရှိကြကာ) သပြေခက်ကို နင်းနယ်ချေဖျက်၍ စွန့်ပစ်လိုက်ကြလေကုန်၏။ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ဇေတဝန် ကျောင်းတိုက်တော်သို့ ပြန်ကြွတော်မူလေ၏။

ပရိဗိုဇ်မ လေးယောက်တို့သည်လည်း မြို့မှထွက်ခဲ့ကြ၍ ကလေး များကို "မောင်တို့ကို အဘယ်သူက ငါတို့၏ သပြေခက်ကို ချေဖျက်စေအပ်သနည်း" ဟူ၍ မေးကြကုန်၏၊ သူငယ်တို့သည် ထိုအကြောင်းကို ပြန်ကြားပြောဆိုကြလေကုန်၏။

ပရိဗိုဇ်မ လေးယောက်တို့သည် မြို့တွင်းသို့ တဖန် ပြန်ဝင် သွားကြပြီးလျှင် တယောက်လျှင် တလမ်းကျစီ တာဝန်ယူကြ၍ "မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော သာရိပုတ္တမည်သော သူသည် ငါတို့နှင့် ဝါဒယှဉ်ပြိုင်မှုကို ပြုလုပ်မည်တဲ့၊ နားထောင် လိုသူ မြို့သူမြို့သားတို့သည် ထွက်ကြကုန်လော့" ဟု ကြွေးကြော် ပြောကြားကြလေကုန်၏၊ မြို့နေလူအပေါင်းသည် အုတ်အုတ် ကျက်ကျက် ထွက်ခဲ့လေပြီ၊ ထိုလူအပေါင်းနှင့် အတူတကွ ပရိဗိုဇ်မ လေးယောက်တို့သည် ဇေတဝန်ကျောင်းတိုက်သို့ သွားကြလေ ကုန်၏။

သာရိပုတ္တရာမထေရ်မြတ်သည် "ငါတို့၏ နေရာဌာနဖြစ်သော မာတု- ဂါမ၏ လာရောက်ခြင်းမည်သည် မချမ်းသာချေ" ဟု ဆင်ခြင် တော်မူကာ ကျောင်းတိုက်အလယ်၌ အသင့်နေတော်မူနှင့်၏။ ပရိဗိုဇ်မတို့သည် သွားရောက်ကြ၍ သာရိပုတ္တရာမထေရ်မြတ်ကို "သင်တို့သည် ငါတို့၏သပြေခက်ကို ချေဖျက်စေအပ်သလော" ဟု မေးကြကုန်၏။ "အိမ်း.... ငါသည် ချေဖျက်စေအပ်သည်" ဟူ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်က မိန့်တော်မူလတ်သော် ပရိဗိုဇ်မ တို့သည် "ငါတို့သည် သင်တို့နှင့် ဝါဒယှဉ်ပြိုင်မှု ပြုကြကုန်အံ့" ဟု ပြောဆိုကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က "ကောင်းပြီ ဝါဒယှဉ်ပြိုင်မှုကို ပြုကြကုန်လော့၊ အဘယ်သူက (ပဌမ) မေး၍ အဘယ်သူက ဖြေဆိုစေလိုသနည်း" ဟု မေးတော် မူလေလျှင် ပရိဗိုဇ်မတို့သည် "အမေးပုစ္ဆာမည်သည် ငါတို့အား

http://www.dhammadownload.com



ရောက်၏" ဟူ၍ ဆိုကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ် မြတ်သည် "သင်တို့ကား မာတုဂါမများ ဖြစ်ကြသည်၊ ရှေးဦးစွာ သင်တို့ မေးကြကုန်လော့" ဟူ၍ မိန့်တော်မူလေ၏။

ပရိဗိုဇ်မ လေးယောက်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ ရပ်တည်ကြ၍ မိဖတို့၏အထံ၌ သင်ကြားအပ်ခဲ့သော ဝါဒ (၁၀၀၀) တထောင်ကို မေးကြလေကုန်၏။ မထေရ်မြတ်သည် သန်လျက်ဖြင့် ကြာရိုးကို တိကနဲပြတ်အောင် ဖြတ်သကဲ့သို့ မေးတိုင်း မေးတိုင်းသော ပြဿနာကို အရှုပ်အထွေး အဖုအထစ် မရှိအောင် ဖြေကြားတော်မူလေ၏။ ထိုသို့ ဖြေကြားတော်မူပြီးလျှင် "နောက်ကဖန် မေးကြဦးလော့" ဟု ဖိတ်မန်စကား ထပ်၍ မိန့်ကြားတော်မူလေသည်။ ထိုအခါ ပရိဗိုဇ်မ လေးယောက်တို့ သည်(မာန်မာနကျိုးနှိမ်ကြကာ) "အရှင်ဘုရား····အကျွန်ုပ်တို့သည် ဤမျှသာ သိကြပါကုန်၏" ဟူ၍ လျှောက်ထားကြလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည်"ပရိဗိုဇ်မတို့···· သင်တို့ မေးမြန်းအပ်သော ဝါဒ(၁၀၀၀)တထောင်ကို ငါဖြေဆို အပ်ပြီးပြီ၊ ငါကား သင်တို့ကို ပြဿနာတခုကိုသာလျှင် မေးပေအံ့၊ ထိုပြဿနာကို သင်တို့ ဖြေဆိုကြမည်လော" ဟူ၍ မိန့်တော်မူလေ လျှင် ပရိဗိုဇ်မလေးယောက်တို့သည် မထေရ်၏အရာကို မြင်ကြ၍ "မေးကြပါကုန် အရှင်ဘုရားတို့····၊ တပည့်တော်မ-တို့ ဖြေကြား ကြပါမည်" ဟု ရဲရဲဝံ့ဝံ့ မလျှောက်ထားဝံ့ကြပဲ "ဆိုတော်မူကြပါ ကုန် အရှင်ဘုရားတို့····တပည့်တော်မတို့ သိကြပါကုန်မူ ဖြေ ကြားကြပါမည်" ဟုသာ လျှော့၍ လျှောက်ထားကြလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် "ပရိဗိုဇ်မတို့···· ဤယခု ငါမေးမည့်ပြဿနာသည်(အထက်တန်းစား ပြဿနာကြီး မဟုတ်သေးချေ) မောင်ရှင်သာမဏေလောင်း အမျိုးကောင်း သားကလေးများကို ရှင်ပြုပြီးလျှင် အစဆုံး သင်ကြားပေးအပ် သော ပြဿနာဖြစ်သည်"ဟု စကားပလ္လင်ခံတော်မူပြီးလျှင်"ဧကံ နာမ ကိံ = တခုသော တရားမည်သည် အဘယ် တရားဖြစ် သနည်း" ဟူ၍ မိန့်ကြားမေးမြန်းတော်မူလေ၏။

http://www.dhammadownload.com



ပရိဗိုဇ်မ လေးယောက်တို့သည် မထေရ်မြတ် မေးသော ပြဿနာ၏ အဖြေကို အစွန်းအစမျှ မမြင်ကြပဲ ရှိကြလေသည်၊ မထေရ်မြတ်သည် "ပရိဗိုဇ်မတို့....ဖြေကြလော့" ဟူ၍ မိန့်တော်မူပြန်လေ၏။ "အရှင်ဘုရား....တပည့်တော်မတို့သည် ထိုပြဿနာ၏ အဖြေကို အစွန်းအစမျှ မမြင်ကြပါကုန်" ဟူ၍ ပရိဗိုဇ်မတို့က ဝန်ခံစကား လျှောက်ထားကြလေသော် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် "သင်တို့ မေးအပ်သော ဝါဒ တထောင်ကို ငါကား ဖြေဆိုအပ်ပြီ၊ သင်တို့ကား ငါ၏ အမေးပုစ္ဆာ ပြဿနာ တခုကိုမျှ မဖြေဆိုနိုင်ကြကုန်၊ ဤသို့ဖြစ်ခဲ့လျှင် အဘယ်သူက နိုင်၍ အဘယ်သူက ရှုံးသနည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား.... အရှင်ဘုရားတို့က အောင်နိုင်၍ တပည့်တော်မတို့က ရှုံးနိမ့်ခြင်း ဖြစ်ပါသည်ဘုရား"ဟူ၍ ပရိဗိုဇ်မတို့က ပြန်ကြား လျှောက်ထား ကြလေသော် "ထိုသို့ဖြစ်လျှင် ယခုအခါ သင်တို့သည် အဘယ်သို့ ပြုကြမည်နည်း"ဟု မထေရ်မြတ်က မေးမြန်းတော်မူလေ၏။ ပရိဗိုဇ်မတို့သည်(ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း)မိဖတို့က မှာကြားအပ်သည့် ဩဝါဒစကားကို မထေရ်မြတ်အား လျှောက်ထားကြ၍ "အရှင်မြတ်တို့၏ အထံ၌ ရှင်ရဟန်းမ-ပြုကြပါကုန်အံ့ဘုရား"ဟူ၍ ပြန်ကြား လျှောက်ထားကြလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် "သင်တို့ မာတုဂါမများမည်သည် ငါတို့အထံ၌ ရှင်ရဟန်းမ-ပြုရန် မအပ်စပ်၊ စင်စစ်သော်ကား ငါတို့၏ အမှာသတင်းစကားကို ယူဆောင်၍ ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်ကြပြီးလျှင် ရှင်ရဟန်းမ ပြုကြကုန်လော့"ဟု မိန့်တော်မူလေ၏။ ပရိဗိုဇ်မ လေးယောက်တို့သည် "ကောင်းပါပြီ"ဟု ဝန်ခံကြ၍ မထေရ်မြတ်၏ အမှာသတင်းစကားကို ယူဆောင်ကြပြီးသော် ဘိက္ခုနီသံဃာအထံသို့ သွားရောက်ကြပြီးလျှင် ရှင်ရဟန်းမ-ပြုကြလေကုန်၏။(ဇာတ်အဋ္ဌကထာအလို ဥပ္ပလဝဏ်ထေရီမ၏ အထံ၌ ရှင်ရဟန်းမ-ပြုကြလေကုန်၏)။ ရှင်ရဟန်းမ-ပြုလုပ်ကြပြီးသော် မမေ့မလျော့ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ကြသဖြင့် မကြာမြင့်မီပင်

http://www.dhammadownload.com



အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏။ (ဤအကြောင်းရပ် အဋ္ဌုပ္ပတ်၌ မြတ်စွာဘုရားသည် စတုက္ကနိပါတ်လာ စူဠကာလိင်္ဂဇာတ်ကို ဟောတော်မူသည်။ ထိုဇာတ်ကို ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု၌ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

(မှာထားချက်။ ။ဤပရိဗိုဇ်မ လေးယောက်တို့၏ အဋ္ဌုပ္ပတ်ဖြစ်ရပ်ကား မြတ်စွာဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံး နေတော်မူစဉ် မိထွေးတော် မဟာပဇာပတိ ဂေါတမီ တောင်းပန်ချက်အရ ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူပြီးသည့် နောက်တချိန်ဝယ် မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါ ဖြစ်ပေါ်သော အဋ္ဌုပ္ပတ်ဖြစ်လေသည်။ သို့သော် သစ္စကပရိဗိုဇ်၏ အကြောင်းအရာနှင့် စကားဆက်စပ် နေသဖြင့်သာ ဤနေရာ၌ ရေးသားဖော်ပြခြင်းဖြစ်သည်)။

### သစ္စကပရိဗိုဇ် အကြောင်း

ဆိုအပ်ပြီးသည့် ပရိဗိုဇ်မ လေးယောက်တို့၏ မောင်အငယ်ဖြစ်သော သစ္စက ပရိဗိုဇ်သည်ကား (ရှေး၌ဆိုအပ်ပြီးသောအတိုင်း) ဝေသာလီပြည်ဝယ် မင်းညီမင်းသားတို့ကို အတတ်ပညာ သင်ကြားပြသလျက် အကြီးတော် (=မင်းဆရာ) တဦးအနေဖြင့် ဝေသာလီပြည်၌ပင် နေထိုင်လေသည်။

မြတ်စွာဘုရားရှင်သည် ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ဝေသာလီပြည် မဟာဝုန်တောအတွင်း ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူဆဲ အချိန်ဖြစ်လေသည်။ ထိုအခါ နိဂဏ္ဌ= တက္ကတွန်း၏ သားဖြစ်၍ စကားပြိုင်ဆိုင်ပြောဆိုတတ်သော, ငါသည် ပညာရှင်တယောက် ဖြစ်သည်ဟု ပြောဆိုတတ်သော,လူအပေါင်းကလည်း သူတော်ကောင်းဟု သမုတ်အပ်သော သစ္စကပရိဗိုဇ်သည် ဝေသာလီပြည် ပရိသတ်၌—

"ဝါဒလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုလျှင် မတုန်မလှုပ် မယိမ်းယိုင်မည့် လက်ကတီးကြား (ချိုင်းကြား)တို့မှ ချွေး မထွက်မည့် ရဟန်းအပေါင်းရှိသူ ဂိုဏ်းရှိသူ ဂိုဏ်းဆရာ

http://www.dhammadownload.com



ဖြစ်သူ သမဏဗြာဟ္မဏဟု ဝန်ခံသူကိုဎင်း, အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဟု ဝန်ခံသူ ဘုရားကိုဎင်း ငါမတွေ့မမြင်ချေ။ စိတ်စေတနာမရှိသော တုံးတိုင်ကိုသော်လည်း ဝါဒလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုလျှင် ထိုတုံးတိုင်သော်မှလည်း တုန်လှုပ်ယိမ်းယိုင်လေရာ၏၊ လူဖြစ်သော သူမှာကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း"—

ဟူ၍ ကြီးဝါးစကား ပြောကြားလေသည်။ (သစ္စကပရိဗိုဇ်ကား "ငါသည် ရဟန်းဂေါတမ၏ အယူဝါဒကို အပြစ်တင်ဆိုမည်" ဟု ကြံစည်ကာ လှည့်လည်နေသူတယောက် ဖြစ်လေသည်။) ထိုအခါ အရှင်အဿဇိမထေရ်သူမြတ် နံနက်အခါဝေသာလီပြည်အတွင်း ဆွမ်းခံကြွဝင်တော်မူလာသည်ကို အဉ္စောင်းပြေလမ်းလျှောက်လှည့်လည်လာသော သစ္စကပရိဗိုဇ်သည် အဝေးကပင် မြင်လတ်၍—

"ငါကား ရဟန်းဂေါတမ၏ အယူဝါဒအပေါ်ဝယ် အပြစ်တင်ဆိုမည်ဟု ကြံစည်ကာ လှည့်လည်နေသူ တယောက်ဖြစ်လေသည်။ သို့သော် 'ထိုရဟန်းဂေါတမ၏ အယူဝါဒကို ငါမသိရသေး' ဟု စဉ်းစားမိကာ အပြစ်တင်ဆိုမှု မပြုခဲ့သေးချေ။ မှန်၏—သူတပါး၏ အယူဝါဒကို မိမိကိုယ်တိုင် သိရှိပြီးမှ တင်အပ်သော အပြစ်သည်သာ ကောင်းစွာ တင်အပ်သောအပြစ် ဖြစ်နိုင်ချေသည်။ ငါယခုမြင်ရသော ဤသူသည်ကား ရဟန်းဂေါတမ၏ တပည့်ဖြစ်သူ အဿဇိမထေရ်ဟု ထင်ရှားသူဖြစ်သည့်ပြင် မိမိ၏ဆရာ (ရဟန်းဂေါတမ) ၏ အယူဝါဒလမ်းစဉ်၌ လိမ္မာသူတယောက် ဖြစ်လေသည်၊ ငါသည် ဤအဿဇိမထေရ်ကို မေးမြန်း၍ (ချင်းတို့၏) အယူဝါဒစကားကို ခိုင်မြဲစွာ တည်စေပြီးမှ ရဟန်းဂေါတမ၏အပေါ်၌ အယူဝါဒနှင့် စပ်၍ အပြစ်တင်စကား ပြောကြားအံ့"—

ဟုကြံစည်၍ အရှင်အဿဇိထံချဉ်းကပ်ပြီးနောက် ဝမ်းမြောက်ဖွယ်စကား ပြောကြားပြီးဆုံးစေပြီးလျှင် သင့်တင့်လျှောက်ပတ်သော

http://www.dhammadownload.com



အရပ်၌ ရပ်တည်လျက် သစ္စကပရိဗိုဇ်သည် အရှင်အဿဇိမထေရ်ကို "အို အဿဇိ.... ရဟန်းဂေါတမသည် တပည့်သာဝကတို့ကို အဘယ်သို့ ဆုံးမသနည်း၊ တပည့်သာဝကတို့အပေါ်၌ ရဟန်းဂေါတမ၏ အဘယ်သို့ အစိတ်အပိုင်းရှိသော ညွှန်ကြားချက် (=အနုသာသနီ) သည် များစွာဖြစ်သနည်း" ဟူ၍ မေးမြန်းလေ၏။

ထိုအခါ အရှင်အဿဇိမထေရ်မြတ်သည် သစ္စကပရိဗိုဇ်ကို—

အို အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်.... မြတ်စွာဘုရားသည် တပည့်သာဝကတို့ကို ဤသို့ ဆုံးမ၏၊ မြတ်စွာဘုရား၏ တပည့်သာဝကတို့အပေါ်၌ ဤဆိုလတ္တံ့သော အစိတ်အပိုင်းရှိသည့် ညွှန်ကြားချက် (=အနုသာသနီ) သည် များစွာဖြစ်၏—

"ရဟန်းတို့.... ရုပ်သည် အမြဲမရှိ၊ ဝေဒနာသည် အမြဲမရှိ၊ သညာသည် အမြဲမရှိ၊ သင်္ခါရတို့သည် အမြဲမရှိကုန်၊ ဝိညာဏ်ခြောက်ပါးသည် အမြဲမရှိ။ ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည်, သညာသည်, သင်္ခါရတို့သည်, ဝိညာဏ်ခြောက်ပါးသည် အတ္တမဟုတ်။ အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန်၊ အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်"။

အို အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်.... မြတ်စွာဘုရားသည် တပည့်သာဝကတို့ကို ဤသို့ ဆုံးမတော်မူ၏၊ မြတ်စွာဘုရား၏ တပည့်သာဝကတို့အပေါ်၌ ဤဆိုအပ်ပြီးသော အစိတ်အပိုင်းရှိသည့် ညွှန်ကြားချက် (=အနုသာသနီ) သည် များစွာဖြစ်၏—

ဖြေကြားတော်မူလေသည်။

**[အထူးမှတ်သားဖွယ်။ ။ဤ၌ အရှင်အဿဇိမထေရ်သည် သစ္စကပရိဗိုဇ်အား အနိစ္စအချက်နှင့် အနတ္တအချက်ကိုသာ ဖြေကြားတော်**

http://www.dhammadownload.com



မူသည်၊ ဒုက္ခအချက်ကိုကား ဖြေကြားတော်မမူ၊ (အဖြေကို ပြန်၍ ဖတ်ကြည့်ပါ)။ ထိုသို့ ဒုက္ခအချက်ကို ချန်လှပ်၍ ဖြေကြားခြင်း၏ အကြောင်းကို အဋ္ဌကထာ၌ ဤဆိုလတ္တံ့သောအတိုင်း ထင်ရှားစွာ ဖွင့်ပြထားလေသည်—

အရှင်အဿဇိမထေရ်သည် "ရုပ်သည် ဒုက္ခ၊ ဝေဒနာသည်၊သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်ခြောက်ပါးသည် ဒုက္ခ" ဟူ၍ ဟောဆိုကြောင်းပြောကြားခဲ့လျှင် စွပ်စွဲဖွယ်အခွင့် ရသွားမည်ဖြစ်၏၊ မဂ်ဖိုလ်တို့သည်လည်း သင်္ခါရဒုက္ခ အနေအားဖြင့် ဒုက္ခဟူ၍ လာသော အရာတို့လည်း ရှိကုန်၏၊ဤသစ္စကပရိဗိုဇ်သည်လည်း ဒုက္ခဟူ၍ ဖြေကြားခဲ့လျှင် (=ဒုက္ခအချက်ကိုပါ ထည့်သွင်းဖြေကြားခဲ့လျှင်) အရှင်အဿဇိ မထေရ်ကို "အိုအဿဇိ.... သင်တို့သည် အဘယ် အကျိုးငှါ ရဟန်း ပြုကြကုန်သနည်း"ဟူ၍ မေးလေရာ၏။ ထိုအခါ အရှင်အဿဇိ မထေရ်က "မဂ်ဖိုလ်အလို့ငှါ ရဟန်းပြုကြကုန်၏"ဟူ၍ ဖြေဆိုခဲ့သော်"အိုအဿဇိ.... သင်တို့၏ ဤသာသနာသည် (သံသရာဝဋ်မှ ကျွတ်လွတ်စေတတ်သည့်) သာသနာမဟုတ်၊ စင်စစ်သော်ကား ဤသင်တို့၏ သာသနာဆိုသောအရာသည် အကြီးအကျယ်သတ်ဖြတ်နှိပ်စက်ရာ ဌာနသာဖြစ်ချေ၏၊ ဤသင်တို့၏ သာသနာဆိုသောအရာသည် ဥဿဒငရဲတမျိုးသာဖြစ်ချေ၏၊ (သို့ရကား) သင်တို့၏ စိတ်သန္တာန်ဝယ် သုခကို လိုလားတောင့်တမှု မည်သည် မရှိတော့ချေ၊သင်တို့သည် ထကြွလုံ့လ ကြောင့်ကြစိုက်ထုတ်ကြကာ ဒုက္ခကိုသာ ခံစားကုန်လျက် လှည့်လည်ကြပါကုန်တကား" ဟူ၍ အပြစ်တင်စကား ပြောကြားလေရာ၏။ ထို့ကြောင့် သာသနာပြင်ပ အယူဝါဒရှိသူ ဤသစ္စကပရိဗိုဇ်အား"ပရိယာယ ကထာစကားကို ဟောကြားခြင်းငှါ မသင့်ချေ၊ချင်းအား(အပြစ်တင်စကား ပြောကြားရန်အတွက် ထောက်တည်ရာမရနိုင်အောင်)နိပ္ပရိယာယ=မုချဖြစ်သော တရားစကားကိုသာ ဟောကြားပေအံ့"ဟု ကြံတော်မူ၍ "ရူပံ ဘိက္ခဝေ အနိစ္စံ"အစရှိသည်ဖြင့် အနိစ္စအချက်နှင့်အနတ္တအချက်ကိုသာ ဖြေကြားတော်မူလေသည်။(မဋ္ဌ၊ ၂၊ ၁၇၂-၃၊ မှ)။]

ထိုအခါ သစ္စကပရိဗိုဇ်သည် အရှင်အဿဇိမထေရ်ကို "အိုအဿဇိ····ကြားဖို့ရန် မသင့်လျော်သောစကားကို ကြားရကုန်ပြီတကား၊ ငါတို့သည် ရဟန်းဂေါတမကို ဤသို့ ဟောပြောလေ့ရှိသည်ကို ကြားရကုန်၏။ ငါတို့သည် တချိန်ချိန်၌ ထိုအရှင် ဂေါ-တမနှင့် တွေ့ဆုံကောင်း တွေ့ဆုံတန်ရာ၏၊တစုံတရာသော စကား

http://www.dhammadownload.com



အပြန်အလှန်ပြောဆိုခြင်းသည် ဖြစ်ကောင်း ဖြစ်တန်ရာ၏၊ (ထိုသို့ တွေ့ဆုံ ပြောဆိုကြသော အခါမှာ) ထိုယုတ်ညံ့သော မိစ္ဆာအယူမှ ကင်းဆိတ်ခစနိုင်ကောင်းတန်ရာ၏" ဟု (တင်စီးစကား) ပြောကြားလေ၏။

ထိုအခါ လိစ္ဆဝီမင်း ငါးရာတို့သည် ဆွေးနွေး တိုင်ပင်ရာ လွှတ်ရုံး(=မင်းကွန်း မိုလ်တဲ)၌ ကိစ္စတခုဖြင့် စည်းဝေးနေကြဆဲ ဖြစ်ကုန်၏။ ထိုအခါ သစ္စကပရိဗိုဇ်သည် "ငါကား ရှေးအခါက (ရဟန်းဂေါတမ၏)အယူဝါဒကို မသိသေးသည့်အတွက် ရဟန်း ဂေါတမ၏ အပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်စကား မပြော ကြားခဲ့သေးချေ၊ ယခုမူ သူ၏ မဟာသာဝကကြီး ဖြစ်သူ (ရှင် အဿဇိ)ရဟန်းက ပြောကြားအပ်သည့် အတွက် သူ၏ အယူ ဝါဒကို ကောင်းစွာသိရလေပြီ။ ငါ၏ တပည့်များဖြစ်ကြသည့် ဤလိစ္ဆဝီမင်း ငါးရာတို့သည်လည်း လွှတ်ရုံး၌ စည်းဝေးနေကြ ကုန်ပြီ၊ ထိုငါ့တပည့် လိစ္ဆဝီမင်း ငါးရာတို့နှင့်တကွ သွားရောက်၍ ရဟန်းဂေါတမ၏ အပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်စကား ပြောကြားပေအံ့" ဟူ၍ ကြံစည်ကာ လိစ္ဆဝီမင်း ငါးရာတို့ စည်း ဝေးရာ လွှတ်ရုံးသို့ သွားရောက်ပြီးလျှင် ထိုလိစ္ဆဝီမင်းများကို—

> "အို လိစ္ဆဝီမင်းတို့···· ထွက်ကြကုန်လော့၊ အို လိစ္ဆဝီ မင်းတို့···· ထွက်ကြကုန်လော့။ ယနေ့ ရဟန်းဂေါတမနှင့် ငါ၏ ဝါဒစကား အချေအတင် ပြောကြားခြင်း (ပွဲကြီး ပွဲကောင်း) ဖြစ်လိမ့်မည်။ ထင်ရှားသော ပဉ္စဝဂ္ဂီ ရဟန်း ငါးဦးတို့အနက် တပါးအပါအဝင်ဖြစ်သည့် ရဟန်း ဂေါတမ၏တပည့် အဿဇိရဟန်း ငါ့အား (အနိစ္စ, အနတ္တ ဟု) ဝန်ခံသည့်အတိုင်း ရဟန်းဂေါတမသည် ငါ့အား (အနိစ္စ, အနတ္တ ဟု) ဝန်ခံခဲ့လျှင်—
>
> (၁) အားကောင်းသော ယောကျ်ားသည် အမွေး ရှည်ရှိသော သိုးကို အမွေးကဆွဲကိုင်၍ ငင်လည်းငင်, တွန်းလည်းတွန်းသကဲ့သို့ ဤအတူပင် ငါသည် ရဟန်း

http://www.dhammadownload.com



ဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်ကိုတင်ဆို၍ ငင်လည်း ငင်ပေအံ့, တွန်းလည်းတွန်းပေအံ့, ငင်လိုက် တွန်းလိုက် လည်း ပြုလုပ်ပေအံ့။

(၂) သေတင်းကုပ် (=အရက်ဆိုင်) ၌နေသူ အားကောင်းသော အလုပ်သမားသည် သေတင်းကုပ် (=အရက်ဆိုင်) ၌ ခင်းထားအပ်သည့် ဖျာကြမ်းကြီးကို နက်စွာသောရေအိုင်၌ ပစ်ချကာ အနားစွန်းကဆွဲကိုင်၍ ငင်လည်းငင်, တွန်းလည်းတွန်းသကဲ့သို့ ဤအတူပင် ငါသည် ရဟန်းဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်ကို တင်ဆို၍ ငင်လည်းငင်ပေအံ့, တွန်းလည်းတွန်းပေအံ့, ငင်လိုက် တွန်းလိုက်လည်း ပြုပေအံ့။

(၃) အားကောင်းသော သေသောက်ကြူး ယောကျာ်းသည် သေရည်စစ်သောအိတ်(တနည်း—သေ ပေါင်းအိုး) ကို ဆေးကြောသုတ်သင်လိုသည်ဖြစ်၍ အနား စွန်းက ကိုင်ပြီးလျှင် မှောက်၍ခါ, လှန်၍ခါ, အကြိမ်ကြိမ် လှုပ်၍ ခါသကဲ့သို့ ဤအတူပင် ငါသည် ရဟန်းဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်ကိုတင်ဆို၍ မှောက်၍လည်း ခါပေအံ့, လှန်၍လည်း ခါပေအံ့, အကြိမ်ကြိမ်လည်းလှုပ်၍ ခါပေအံ့။

(၄) အနှစ်ခြောက်ဆယ်ရှိမှ အားအင်ဗလ ယုတ် လျော့လေ့ရှိသော ဆင်ပြောင်ကြီးသည် နက်စွာသော ရေကန်အတွင်းသို့ သက်ဆင်း၍ ပိုက်ဆံချည်မျှင် ဖွပ်လျှော် သည်နှင့်တူသော ကစားခြင်းမျိုးကို ကစားသကဲ့သို့ ဤအတူပင် ငါသည် ရဟန်းဂေါတမကို "ပိုက်ဆံချည်မျှင် ဖွပ်လျှော်သည်နှင့်တူသော ကစားခြင်းမျိုး" ကို ကစား ပေအံ့။

(**အမှာ**။ ။ဤ၌ လူများသည် ပိုက်ဆံချည်မျှင်ပြုလုပ်ရန် ပိုက်ဆံ ပင် ရိုးတံတို့ကို အဆုပ်အဆုပ် (အစည်း) ဖွဲ့ပြီးလျှင် ရေ၌ စိမ်၍

http://www.dhammadownload.com



ထားကုန်၏၊ သုံးရက်ရှိသောအခါ ထိုပိုက်ဆံပင်ရိုးတို့သည် ကောင်းစွာ ရေနူးကြကုန်၏၊ ထိုအခါ လူများသည် ယာဂုချဉ် သေရည်အရက် စသော စားဖွယ်သောက်ဖွယ်တို့ကို ယူဆောင်ကြ၍ ထိုအရပ်သို့ သွားကြကာ ပိုက်ဆံပင်ရိုး အဆုပ် (အစည်း) တို့ကို မြဲစွာကိုင်ကြ၍ လကျာ်ဖက်, လက်ဝဲဖက်, ရှေ့တည့်တည့် သုံးဌာနတို့၌ အသင့်ထားရှိပြီးသော ပျဉ်ချပ်သုံးခုတို့အနက် လကျာ်ပျဉ်ချပ်၌တကြိမ်, လက်ဝဲပျဉ်ချပ်၌ တကြိမ်, ရှေ့တည့်တည့်ပျဉ်ချပ်၌တကြိမ် ပြောင်းကာလှည့်ကာ ရိုက်နှက် ပုတ်ခတ်လျက် ယာဂုချဉ် သေရည်အရက်စသည်တို့ကို တပျော်တပါး စားသောက်ကြကာ ဖွပ်လျှော်ကြကုန်၏၊ ထိုအခါ ထိုလူများအဖို့ရာ ကြီးစွာသော မွှေးထူးပျော်ပါး ကစားခြင်းဖြစ်လေသည်။

မင်း၏ဆင်ပြောင်ကြီးသည် ထိုကစားမှုကို မြင်ရ၍ အားကျအတု ယူကာ နက်စွာသော ရေအတွင်းသို့ သက်ဆင်းပြီးလျှင် နှာမောင်းဖြင့် ရေကို ယူ၍ ဦးကင်း၌တကြိမ်,ကျောက်ကုန်း၌တကြိမ်,နံပါးနှစ်ဖက်တို့၌ တကြိမ်, ပေါင်ကြား၌တကြိမ် ပြောင်းကာလှည့်ကာ ပက်ဖျန်း၍ ကစားလေသည်၊ ထိုကို အစွဲပြု၍ ထိုကဲ့သို့သော ကစားခြင်းမျိုးကို "သာဏ-ဓောဝိက=ပိုက်ဆံချည်မျှင် ဖွပ်လျှော်သည်နှင့် တူသော ကစားခြင်း မျိုး"ဟူ၍ ခေါ်ဆိုအပ်၏)။

> အိုလိစ္ဆဝီမင်းတို့ .... ထွက်ကြကုန်လော့၊ အိုလိစ္ဆဝီ မင်းတို့....ထွက်ကြကုန်လော့၊ ယနေ့ ရဟန်းဂေါတမနှင့် ငါ၏ ဝါဒစကား အချေအတင် ပြောကြားခြင်း(ပွဲကြီး ပွဲကောင်း) ဖြစ်လိမ့်မည်"—

ဟူ၍ ပြောဆို ခေါ်ငင်လေ၏။

ထိုသို့ ပြောဆိုအခေါ်ခံရသော လိစ္ဆဝီမင်းတို့အနက်(၁)အချို့ သော ပညာမဲ့သူ လိစ္ဆဝီမင်းတို့သည် "ရဟန်း ဂေါတမသည် သစ္စကပရိဗိုဇ်၏ အပေါ်၌ ဝါဒနှင့်စပ်၍ အဘယ်မှာ အပြစ်တင် နိုင်လိမ့်မည်နည်း၊ သစ္စက ပရိဗိုဇ်ကသာ ရဟန်း ဂေါတမ၏ အပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်ကို တင်ဆိုနိုင်ပေလိမ့်မည်" ဟူ၍ ပြောဆိုကြလေကုန်၏။(၂)အချို့သော ပညာရှိသူ လိစ္ဆဝီမင်းတို့ သည်ကား "သစ္စကပရိဗိုဇ်သည် ဘယ်လိုလူစားဖြစ်၍ မြတ်စွာ ဘုရား၏ အပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်ကို တင်ဆိုနိုင်ချိမ့်မည်

http://www.dhammadownload.com



နည်း၊ စင်စစ်သော်ကား မြတ်စွာဘုရားကသာလျှင် သစ္စကပရိဗိုဇ်၏ အပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်ကို တင်ဆိုတော်မူနိုင်လိမ့်မည်" ဟူ၍ ပြောဆိုကြကုန်၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် လိစ္ဆဝီမင်း ငါးရာတို့ ခြံရံလျက် မဟာဝုန်တောအတွင်း ကူဋာဂါရ ကျောင်းတိုက်ရှိရာ အရပ်သို့ သွားရောက်လေ၏။ ထိုအချိန်ကား မွန်းတည့်ရှိန်ရှိန် အချိန် ဖြစ်လေသည်။ ထိုအချိန်၌ များစွာသော ရဟန်းတို့သည် ပဏီတ ဘောဇဉ်ကို စားသုံးရသည့်ဖြစ်၍ ထိုဘောဇဉ်ကြောင့် ဖြစ်ပေါ်မည့် ထိနမိဒ္ဓတရားကို ပယ်ရှားဖျောက်လွင့်ရန် စင်္ကြံကြွနေတော်မူကြဆဲ ဖြစ်ကုန်၏။ (တနည်းကား—တိုရဟန်းတို့သည် နေ့အခါ ပဓာနအလုပ်ကို အားထုတ်တော်မူကြသည့် (= ဒိဝါပဓာနိက) ရဟန်းတို့ ဖြစ်ကြ၏၊ထိုကဲ့သို့သော ဒိဝါပဓာနိကရဟန်းတို့ အဖို့ရာ နေလွဲအခါ၌ စင်္ကြံလျှောက်၍ ရေချိုးပြီးလျှင် မိမိကိုယ်ကို အပူငွေ့ ရအောင် ပြုလုပ်ပြီးနောက် ထိုင်နေကြကာ ရဟန်းတရားအားထုတ်ကုန်သည်ရှိသော် အလွန်စိတ်တည်ကြည်မှု ဖြစ်နိုင်သည်၊ ထို့ကြောင့် ထိုဒိဝါပဓာနိကရဟန်းတို့သည် နေမွန်းတည့်ရှိန်ရှိန် အချိန်ကြီး၌ ဟင်းလင်းအပြင် လွင်တီးခေါင်ဝယ် စင်္ကြံကြွနေတော်မူကြလေသည်)။

ထိုအခါ သစ္စကပရိဗိုဇ်သည် ထို ရဟန်းတို့ ရှိရာအရပ်သို့ သွားရောက်ပြီးလျှင် "အချင်းတို့····ယခုအခါ ထို အရှင်ဂေါတမသည် အဘယ်အရပ်၌ နေသနည်း၊ ငါတို့သည် ထိုအရှင်ဂေါတမကို တွေ့မြင်လိုကြပါကုန်၏" ဟူ၍ ရဟန်းတို့ကို မေးမြန်းပြောဆိုလေသည်။

ထိုနေ့အဖို့ရာ မြတ်စွာဘုရားသည် မိုးသောက်အခါ၌ မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူပြီးနောက် စကြဝဠာပေါင်း တိုက်တသောင်း၌ သဗ္ဗညုတ ရွှေညာဏ်တော် ကွန်ရက်ကို ဖြန့်တော်မူ၍ ကျွတ်ထိုက်သော သတ္တဝါဝေနေယျကို ကြည့်ရှုတော်မူလေလျှင် "နက်ဖြန် သစ္စကပရိဗိုဇ် သည် များစွာသော လိစ္ဆဝီမင်းပရိသတ်ကို

http://www.dhammadownload.com



ခေါ်ဆောင်၍ ငါဘုရား၏အပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်ပြောဆိုလို၍ လာလိမ့်မည်”ဟု မြင်တော်မူပြီး ဖြစ်လေသည်။ ထို့ကြောင့် စောစောကပင် ကိုယ်လက် သုတ်သင်မှု ပြုတော်မူ၍ ရဟန်းအပေါင်းခြံရံကာ ဝေသာ-လီ ပြည်၌ ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းခံရာမှ ပြန်တော်မူလတ်၍ “ငါဘုရားသည် ပရိသတ်အများ ထိုင်နေရန် ချမ်းသာမည့်အရပ်၌ ယနေ့နေအံ့”ဟု ကြံတော်မူ၍ ဂန္ဓကုဋီတိုက်တော်သို့မဝင်ပဲ မဟာဝုန်တောအတွင်း အရိပ်ကောင်းသော သစ်ပင်ရင်းတခု၌ နေ့သန့်နေထိုင် တော်မူလေသည်။

ယခု သစ္စကပရိဗိုဇ် အမေးခံရသော ပံသုကူစုတင် ဆောင် ဒိဝါပဓာနိကရဟန်းတို့ကား မြတ်စွာဘုရားအား ဝတ်ပြု၍ ပြန်ရောက်ခါစသာ ဖြစ်ကြသေးသည်၊ ထို့ကြောင့် သစ္စကပရိဗိုဇ်က မေးလျှောက်လိုက်လျှင်ပင် အဝေး၌ နေတော်မူသော မြတ်စွာဘုရားကို ဘုရားရှိတော်မူရာ ဖက်သို့ လက်အုပ်မြှောက်ချီ ညွှန်ပြကြကုန်လျက် “အဂ္ဂိ-ဝေဿနအန္ဓယ်၌ဖြစ်သော အိုသစ္စကပရိဗိုဇ်....ဘုန်းတော် ကြီးသော ထိုမြတ်စွာဘုရားသည် မဟာဝုန်တောသို့ ဝင်တော်မူ၍ တခုသောသစ်ပင်ရင်း၌ နေ့သန့်နေထိုင် တော်မူလျက်ရှိသည်”—

ဟူ၍ သစ္စကပရိဗိုဇ်အား ပြန်ကြားပြောဆိုတော်မူကြလေသည်။

ထိုအခါ သစ္စကပရိဗိုဇ်သည် အပိုင်းအခြားမရှိ များပြားလှစွာ သော လိစ္ဆဝီပရိသတ် (မင်းနှင့်တကွသော ဝေသာလီပြည်သူ လူပရိသတ်ကြီး) နှင့် အတူတကွ မဟာဝုန်တော အတွင်းသို့ သက်ဝင်ပြီးသော် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သစ်ပင် အနီးသို့ သွားရောက်၍ ဝမ်းမြောက်ဝမ်းသာစကား ပြောကြား ပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေလေ၏။ ။ (ရှေးက လိစ္ဆဝီမင်းငါးရာဟု ဆိုခဲ့လေသည်၊ ထိုလိစ္ဆဝီမင်းငါးရာ တို့ကား သစ္စက၏ တပည့်များဖြစ်ကြလေသည်၊ အထူးအားဖြင့်

http://www.dhammadownload.com



ဝေသာလီပြည်အတွင်း၌ "သစ္စကသည် လိစ္ဆဝီမင်းငါးရာတို့ကို ခေါ်ဆောင်၍ ဝါဒပြိုင်ဆိုင်လိုသည့်အတွက် မြတ်စွာဘုရားထံသို့ သွားရောက်ပြီ"ဟု သတင်းစကား ကြားသိရ၍ "ပညာရှင်ကြီး နှစ်ဦးတို့၏ ဝါဒအချေအတင်စကား ပြောကြားအပ်သည်ကို နားထောင်ကြကုန်အံ့"ဟု ကြံစည်ကြကာ များသောအားဖြင့် ဝေသာလီပြည်သူပြည်သား လူအပေါင်းတို့သည် သစ္စကနှင့် အတူ ဘက္ကွ ထွက်၍လိုက်ပါခဲ့ကြလေကုန်သည်၊ ဤသို့လျှင် ထိုပရိသတ် ကား အပိုင်းအခြားမရှိ များပြားလှလေသည်)။

ထို ( သစ္စကနှင့်အတူပါလာကြသူ) ပရိသတ်တို့အနက် (၁) အချို့တို့သည် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးကြ၍ အပြစ် ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ (၂) အချို့ တို့သည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ တသက်ပတ်လုံး အောက်မေ့ထိုက်သော စကားကို ပြောကြားပြီးလျှင် အပြစ် ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ (၃) အချို့တို့ သည် မြတ်စွာဘုရားရှိတော်မူရာဖက်သို့ လက်အုပ်ကို ညွတ်ကိုင်း ပြီးလျှင် အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ (၄) အချို့တို့သည် မြတ်စွာဘုရား၏အထံ၌ မိမိ၏ အမည်အနွယ်ကို လျှောက်ထား ပြောကြားကြပြီးလျှင် အပြစ်ခြောက်ပါး ကင်း စင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ (၅) အချို့တို့ကား စကား မပြော ဟုဏိဘောသာ နေထိုင်ကြကုန်၏။ (ထိုလူ ၅-စုတို့၏ သဘောထား အထူးအပြားကို အောက် "ဗိမ္ဗိသာရမင်းတရား ဘုရားထံမှောက်သို့ သွားရောက်ဖူးမြော်သောအခဏ်း"(မဟာ- ဗုဒ္ဓဝင်၊ ဒု၊၅၇၁,၅၇၂ )၌ ပြဆိုခဲ့ပြီ)။

သစ္စကပရိဗိုဇ်သည် အပြစ်ခြောက်ပါးလွတ်၍သင့်တင့်လျောက် ပတ်သောနေရာ၌ ထိုင်လျက် "အကယ်၍ အရှင်ဂေါတမက အကျွန်ုပ်အား ပြဿနာကို မေးမြန်းလျှောက်ဆိုရန် အခွင့်ပြုပါမူ အကျွန်ုပ်သည် အရှင်ဂေါတမကို တစုံတခုသော အကြောင်းကို မေးလိုပါ၏"ဟု မြတ်စွာဘုရားကို လျှောက်ထားလေ၏။ မြတ်စွာ ဘုရားရှင်သည် "အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....

http://www.dhammadownload.com



သင်အလိုရှိအစ်ရာကိုပင် မေးလေလော့”ဟူ၍(ပစ္စေကဗုဒ္ဓါ သာ-ကဝတို့နှင့် မဆက်ဆံသော)သဗ္ဗညူမြတ်စွာဘုရားတို့၏ ဖိတ်ကြားခြင်းဖြင့် ဖိတ်ကြားတော်မူလေ၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် “အရှင်ဂေါတမသည် တပည့်သာဝကတို့ကို အဘယ်သို့ ဆုံးမသနည်း၊ တပည့်သာဝကတို့အပေါ်၌ အရှင်ဂေါတမ၏ အဘယ်သို့ အစိတ်အပိုင်းရှိသော ညွှန်ကြားချက်(=အနုသာသနီ)သည် များစွာ ဖြစ်သနည်း”ဟူ၍ မေးမြန်းလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် သစ္စကပရိ-ဗိုဇ်ကို —

> အိုအဂ္ဂိဝေဿန အနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ် .... ငါသည် တပည့်သာဝကတို့ကို ဤသို့ ဆုံးမ၏၊ ငါ၏ တပည့် သာဝကတို့အပေါ်၌ ဤဆိုလတ္တံ့သော အစိတ်အပိုင်းရှိသည့် ညွှန်ကြားချက် (=အနုသာသနီ) သည် များစွာဖြစ်၏—
>
> “ရဟန်းတို့....ရုပ်သည် အမြဲမရှိ၊ ဝေဒနာသည် အမြဲမရှိ၊ သညာသည် အမြဲမရှိ၊ သင်္ခါရတို့သည် အမြဲမရှိကုန်၊ ဝိညာဏ်ခြောက်ပါးသည် အမြဲမရှိ။ ရဟန်းတို့....ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်ခြောက်ပါးသည် အတ္တမဟုတ်။ အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန်။ အလုံးစုံသော သင်္ခါရတို့သည် အတ္တမဟုတ်ကုန်”။
>
> အိုအဂ္ဂိဝေဿန အနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်.... ငါသည် တပည့်သာဝကတို့ကို ဤသို့ ဆုံးမ၏၊ ငါ၏ တပည့်သာဝကတို့အပေါ်၌ ဤဆိုအပ်ပြီးသော အစိတ်အပိုင်းရှိသည့် ညွှန်ကြားချက် (=အနုသာသနီ) သည် များစွာဖြစ်၏—

ဟူ၍ မိန့်တော်မူလေ၏။

http://www.dhammadownload.com



ထိုအခါ သစ္စကပရိဗိုဇ်သည် "အိုအရှင်ဂေါတမ···· ကျွန်ုပ်၏ ဉာဏ်၌ ဥပမာတခု ထင်လာပါ၏"ဟူ၍ ဆိုလေသော် မြတ်စွာဘုရားက "အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော သစ္စကပရိဗိုဇ် ···· သင်၏ဉာဏ်၌ ထင်လာသော ဥပမာကို ထင်ရှားပါစေ (=ထို ဥပမာကို ရဲရဲဝံ့ဝံ့ ထုတ်ဆောင်လော့)"ဟူ၍ အခွင့် ပြုလတ်သည်တွင် သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားကို—

"အို အရှင်ဂေါတမ ···· ဥပမာ အားဖြင့် မျိုးစေ့ အပေါင်း သစ်ပင်အပေါင်းတို့သည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြမည်ဆိုလျှင် မြေကြီးကိုမှီ၍ မြေကြီး၌ တည်၍သာလျှင် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြကုန်သကဲ့သို့ရှင်း၊ ဥပမာ တနည်း သော်ကား လက်ရုံးအားဖြင့် ပြုလုပ်ရမည့် အမှုခပ်သိမ်းတို့ကို ပြုလုပ်ကြမည်ဆိုလျှင် မြေကြီးကို မှီ၍ မြေကြီး၌ တည်၍သာလျှင် ပြုလုပ်အပ်ကုန်သကဲ့သို့ရှင်း၊ အိုအရှင် ဂေါတမ···· ဤ အတူပင်လျှင် ရုပ်တည်းဟူသော အတ္တရှိသော (=ရုပ်ကို အတ္တဟူ၍ စွဲယူသော) ဤသတ္တဝါ ပုဂ္ဂိုလ်သည် ရုပ်၌ တည်၍ ကုသိုလ် အကုသိုလ် နှစ်ပါးကို ဖြစ်ပွါးစေ၏။ ဝေဒနာ တည်းဟူသော အတ္တရှိသော (=ဝေဒနာကို အတ္တဟူ၍ စွဲယူသော)ဤသတ္တဝါ ပုဂ္ဂိုလ်သည် ဝေဒနာ၌ တည်၍ ကုသိုလ် အကုသိုလ် နှစ်ပါးကို ဖြစ်ပွါးစေ၏။ သညာတည်းဟူသော အတ္တရှိသော(=သညာကို အတ္တ ဟူ၍ စွဲယူသော)ဤသတ္တဝါပုဂ္ဂိုလ်သည် သညာ၌တည်၍ ကုသိုလ် အကုသိုလ် နှစ်ပါးကို ဖြစ်ပွါးစေ၏။ သင်္ခါရ တည်းဟူသော အတ္တရှိသော(=သင်္ခါရတို့ကို အတ္တ ဟူ၍ စွဲယူသော) ဤသတ္တဝါ ပုဂ္ဂိုလ်သည် သင်္ခါရတို့၌ တည်၍ ကုသိုလ် အကုသိုလ် နှစ်ပါးကို ဖြစ်ပွါးစေ၏။ ဝိညာဏ် ခေါက်ပါး တည်းဟူသော အတ္တရှိသော (=ဝိညာဏ် ခေါက်ပါးတို့ကို အတ္တ ဟူ၍ စွဲယူသော) ဤ သတ္တဝါ

http://www.dhammadownload.com



ပုဂ္ဂိုလ်သည် ဝိညာဏ် ခြောက်ပါး၌ တည်၍ ကုသိုလ် အကုသိုလ်နှစ်ပါးကို ဖြစ်ပွါးစေ၏"—

ဟူ၍ မိမိ၏ အတ္တဝါဒကို ဥပမာနှင့်တကွ ပြောဆိုလေသည်။ (ဤစကားရပ်ဖြင့် သစ္စကပရိဗိုဇ်သည် "ဤခန္ဓာငါးပါးတို့သည် ဤသတ္တဝါတို့အတွက် မြေကြီးကဲ့သို့ တည်ရာဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် ဤခန္ဓာငါးပါးတို့၌ တည်ကြ၍ ကုသိုလ် အကုသိုလ်ကံ နှစ်ပါးကို အားထုတ်ကြကုန်၏၊အရှင်ဂေါတမတို့သည် ဤသို့သော လောကမျက်မြင် အလွန်ထင်ရှားရှိသည့် အတ္တကို ပယ်မြစ်ကြလျက် အနတ္တဟူ၍ ပြကုန်ဘိ ပြောကုန်ဘိ၏" ဟူ၍ လွန်လွန်မင်းမင်း အကြောင်းခိုင်လုံအောင်ပြု၍ ဥပမာကို ထုတ်ဆောင်ခြင်း ဖြစ်လေသည်)။

ဤသစ္စကပရိဗိုဇ် ထုတ်ဆောင်အပ်သော ဥပမာကား မှတ်လောက်သားလောက် ခိုင်မြဲလှဘိ၏၊ သူ၏ စကားကို သဗ္ဗညုမြတ်စွာဘုရားမှတပါး အခြားသူ တဦးတယောက်သည် ဖြတ်တောက်ဖျက်ဆီး၍ သူ၏ ဝါဒ၌ အပြစ်ဒေါသကို တင်ဆိုနိုင်မည်မဟုတ်ချေ။ မှန်၏—ပုဂ္ဂိုလ်တို့သည် (၁) ဗုဒ္ဓဝေနေယျ = မြတ်စွာဘုရားရှင် ဆုံးမရမည့် ပုဂ္ဂိုလ်၊ (၂)သာဝကဝေနေယျ = တပည့်သာဝကတို့ ဆုံးမရမည့် ပုဂ္ဂိုလ် ဟူ၍ နှစ်မျိုးရှိသည်တွင် ၂-အမှတ်ပါ သာဝက-ဝေနေယျ ပုဂ္ဂိုလ်တို့ကို သာဝကတို့သည်၎င်း, ဘုရားရှင်တို့သည်၎င်း အသိမှန်ရအောင် ဆုံးမနိုင်ကုန်၏။ ၁-အမှတ်ပါ ဗုဒ္ဓဝေနေယျ ပုဂ္ဂိုလ်တို့ကား တပည့်သာဝကတို့သည် အသိမှန်ရအောင် မဆုံးမနိုင်ကုန်၊ မြတ်စွာဘုရားရှင်တို့သည်သာလျှင် ဆုံးမတော်မူနိုင်ကုန်၏။ ဤသစ္စကပရိဗိုဇ်သည်ကား ဗုဒ္ဓဝေနေယျပုဂ္ဂိုလ် ဖြစ်လေသည်။ ထို့ကြောင့် သူ၏ဝါဒကိုဖြတ်တောက်၍ မြတ်စွာဘုရားမှတပါး အခြားမည်သူတဦးတယောက်မျှ အပြစ်ကို တင်ဆိုခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ကိုယ်တော်တိုင်ပင် သစ္စက၏ဝါဒ၌ အပြစ်ကိုပြဆိုရန်—

http://www.dhammadownload.com



"အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်…. 'ရုပ်သည် ငါ၏ ကိုယ်အတ္တတည်း၊ ဝေဒနာသည် ငါ၏ ကိုယ်အတ္တတည်း၊ သညာသည် ငါ၏ ကိုယ်အတ္တတည်း၊ သင်္ခါရတို့သည် ငါ၏ ကိုယ်အတ္တတို့တည်း၊ ဝိညာဏ်ခြောက်ပါးသည် ငါ၏ ကိုယ်အတ္တတည်း'ဟု သင် ဤသို့ ဆိုသလော"ဟု မေးတော်မူလေ၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် "ရဟန်းဂေါတမသည် ငါ၏ (အတ္တ)ဝါဒကို အလွန်အမင်း (မတိမ်းမရှောင်နိုင်အောင်) ပရိသတ်ဘောင်ဝယ် ပြောဆိုစေ, တည့်တံ့စေ, ဝန်ခံစေ၏၊ အကယ်၍ အထက်မှာ အပြစ်တစုံတရာ ဖြစ်ပေါ်လာလျှင် ငါတဦးတည်းကိုသာလျှင် ဖိနှိပ်ပေလိမ့်မည်၊ ယခုအခါ ငါသည် ဤ (အတ္တ)ဝါဒကို ဝေသာလီပြည်သူ လူများအပေါင်း၏ ခေါင်းပေါ်၌လည်း ပစ်ချပေအံ့"ဟု ကြံစည်ပြီးလျှင်—

"အို အရှင်ဂေါတမ…. 'ရုပ်သည် ငါ၏ ကိုယ်အတ္တတည်း၊ ဝေဒနာသည် ငါ၏ ကိုယ်အတ္တတည်း၊ သညာသည် ငါ၏ ကိုယ်အတ္တတည်း၊ သင်္ခါရတို့သည် ငါ၏ ကိုယ်အတ္တတို့တည်း၊ ဝိညာဏ်ခြောက်ပါးသည် ငါ၏ ကိုယ်အတ္တတည်း'ဟု အကျွန်ုပ်လည်း ဤသို့ဆိုပါ၏၊ ဤများလှစွာသော ဝေသာလီပြည်သူ လူအပေါင်းကလည်း ဤသို့ပင် ဆိုပါ၏"—

ဟူ၍ (သူ့ခိုးသေဖော်ညှိသည် ဟူ၏သို့) လူအပေါင်းကိုလည်း သိမ်းသွင်း၍ ပြောဆိုလေ၏။ မြတ်စွာဘုရားသည်ကား သစ္စကပရိဗိုဇ်ထက် အပြန်အရာ အပြန်အထောင် အပြန်အသိန်းအားဖြင့် ဝါဒအရာ၌ သာလွန်လိမ္မာပါးနပ်သူ မြတ်သူဖြစ်ပေ၏၊ ထို့ကြောင့် "ဤသစ္စကပရိဗိုဇ်သည် မိမိကိုယ်ကိုလွတ်၍ လူများအပေါင်း၏ ဦးခေါင်းပေါ်၌ အပြစ်ကို ပစ်ချလိုဘိ၏၊ ထိုသစ္စကပရိဗိုဇ်အား မိမိကိုယ်ကိုလွတ်ခြင်းငှါ (= ကိုယ်လွတ်ရုန်းခြင်းငှါ) ဘယ်နည်းဖြင့်မျှ ငါအခွင့်မပေး၊ လူများအပေါင်းမှ အသီးအခြားထုတ်၍

http://www.dhammadownload.com



ထို သစ္စကပရိဗိုဇ် တယောက်တည်းကိုသာ နှိမ်နင်းအံ့" ဟူ၍ ကြံစည်တော်မူပြီးလျှင်—

"အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်…. များစွာသော လူအပေါင်းသည် သင်၏အဖို့ရာ အဘယ်သို့ ပြုလတ္တံ့နည်း၊ ငါ တိုက်တွန်းပါ၏၊ အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော သစ္စကပရိဗိုဇ်…. မိမိဝါဒကိုသာလျှင် သင် ဖြေရှင်းလော့"—

ဟူ၍ မိန့်တော်မူလေ၏။ (အဓိပ္ပါယ်ကား….ဤလူအပေါင်းသည် ငါ့အပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်တင်ပြပြောဆိုရန် လာကြသည် မဟုတ်၊ သင်သည်သာလျှင် ဝေသာလီပြည်အလုံးရှိ လူများကို စုရုံး၍ ငါဘုရား၏အပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်တင်ဆိုရန် လာရောက်သူဖြစ်သည်၊ သို့ရကား သင်သည် မိမိဝါဒကိုသာလျှင် ဖြေရှင်းလော့၊ မဆိုင်သူ လူများအပေါင်း၏ ခေါင်းပေါ်၌ အပြစ်ကို ပုံမချလင့် ဟူ၍ ဆိုလိုသည်)။ ထိုအခါမှ သစ္စကပရိဗိုဇ် သည် မလွှဲမရှောင်နိုင်တော့ပဲ—

"အို အရှင်ဂေါတမ…. 'ရုပ်သည် ငါ၏ ကိုယ်အတ္တ တည်း၊ ဝေဒနာသည် ငါ၏ကိုယ်အတ္တတည်း၊ သညာသည် ငါ၏ ကိုယ်အတ္တတည်း၊ သင်္ခါရတို့သည် ငါ၏ ကိုယ်အတ္တ တို့တည်း၊ ဝိညာဏ်ခြောက်ပါးသည် ငါ၏ ကိုယ်အတ္တ တည်း' ဟု အကျွန်ုပ်သည် ဤသို့ ပြောဆိုပါ၏"—

ဟူ၍ ဖြောင့်ဖြောင့်ဝန်ခံလေ၏။ (ဤမှနောက်၌ သစ္စကပရိဗိုဇ် ဟူ၍သာ ရေးတော့အံ့)။

ဤသို့လျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်၏ မိမိဝါဒကို ဝန်ခံစေပြီးလျှင်—

"သစ္စကပရိဗိုဇ်….ထိုသို့ သင်ခန္ဓာငါးပါးကို အတ္တဟု ဝန်ခံသောကြောင့် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးဦးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို သင်ဖြေဆိုရာ၏၊

http://www.dhammadownload.com



သစ္စကပရိဗိုဇ်.... ယခုငါဘုရားမေးမည့် အချက်ကို သင် အဘယ်သို့ ထင်မှတ် (သဘောကျ) သနည်း၊ ပသေနဒီ-ကောသလမင်းကဲ့သို့ (သို့မဟုတ်) မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ (မိဖုရား)၏ သား အဇာတသတ်မင်းကဲ့သို့ အဘိသိက် သွန်းပြီးသော ရေမြေရှင်မင်း၏ (အဖို့ရာ) မိမိနိုင်ငံ၌ သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲစေရန်၎င်း, ဥစ္စာဆုံးရှုံးစေထိုက်သူကို ဥစ္စာဆုံးရှုံးစေရန်၎င်း, (တိုင်းပြည်မှ) နှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန်၎င်း အာဏာဖြစ်နိုင်ရာ၏လော"—

ဟူ၍ မေးတော်မူ၏။ ထိုအခါ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားကို—

"အိုအရှင်ဂေါတမ.... ပသေနဒီကောသလမင်းကဲ့သို့ (သို့မဟုတ်) မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ (မိဖုရား)၏သား အဇာတသတ်မင်းကဲ့သို့ အဘိသိက် သွန်းပြီးသော ရေမြေရှင်မင်း၏ (အဖို့ရာ) မိမိနိုင်ငံ၌ သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲစေရန်၎င်း, ဥစ္စာဆုံးရှုံးစေထိုက်သူကို ဥစ္စာဆုံးရှုံးစေရန်၎င်း, (တိုင်းပြည်မှ) နှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန်၎င်း အာဏာသည် ဖြစ်နိုင်ရာပါ၏။

မှန်ပါသည်— အိုအရှင်ဂေါတမ.... ဤ အစည်းအရုံး အဖွဲ့ကြီးတခုဖြစ်ကြသည့် ဝဇ္ဇီတိုင်းအစိုးရ,မလ္လတိုင်းအစိုးရ တို့၏သော်မှ မိမိနိုင်ငံ၌ သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲစေရန်၎င်း, ဥစ္စာဆုံးရှုံးစေထိုက်သူကို ဥစ္စာဆုံးရှုံးစေရန်၎င်း, (တိုင်းပြည်မှ) နှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန်၎င်း အာဏာသည် ဖြစ်နိုင်တုံသေး၏၊ ပသေနဒီကောသလမင်းကဲ့သို့ (သို့မဟုတ်) မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ (မိဖုရား)၏သား အဇာတသတ်မင်းကဲ့သို့သော အဘိသိက်သွန်းပြီးသော ရေမြေရှင်မင်း၏ (အဖို့ရာ)မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ အာဏာ

http://www.dhammadownload.com



ဖြစ်နိုင်ရာပါ၏၊ အိုအရှင်ဂေါတမ....အာဃာတဖြစ်ရန်လည်း ထိုက်တန်ပါ၏"—

ဟူ၍ ပြန်ကြားဖြေဆိုလေ၏။ (ဤ၌ မြတ်စွာဘုရားသည် သစ္စကဏ၏ (အတ္တ) ဝါဒအယူကို ပြင်းထန်စွာ နှိမ်နင်းရန် ဤအကြောင်းကို စကားပလ္လင်ခံခြင်း,ထုတ်ဆောင်ခြင်းဖြစ်သည်၊သစ္စကပရိဗိုဇ်ကား မလိမ္မာသူ ဖြစ်သည့်အတွက် မိမိဝါဒကို ဖြိုဖျက်ရန် ထုတ်ဆောင်အပ်သော အကြောင်းကိုပင် "မိမိကို သတ်ဖို့ရန် စီမံအပ်သည့် လက်နက်ကို ထက်မြက်အောင် သွေးသော သူကဲ့သို့" ဝဇ္ဇီတိုင်း အစိုးရ, မလ္လတိုင်း အစိုးရများနှင့် ထောက်ထားသက်သေထူကာ (အာဃာတဖြစ်ရန်လည်း ထိုက်တန်ပါ၏) ဟူ၍ပင် အထူးပြု၍ ပြဆိုလိုက်သေးသည်)။

ထိုအခါ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

"သစ္စကပရိဗိုဇ်····ယခု ငါဘုရား မေးမည့် အချက်ကို သင်အဘယ်သို့ မှတ်ထင်(သဘောကျ)သနည်း၊ အကြင် ရုပ်ကို "ရုပ်သည် ငါ၏ ကိုယ်အတ္တတည်း"ဟု သင် ဤသို့ ဆို၏၊ ထိုရုပ်၌ "ငါ၏ ရုပ်သည် ဤသို့ ဖြစ်စေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဟု သင်၏ (အဖို့ရာ) အာဏာထားနိုင်သလော"—

ဟူ၍ အချက်ပိုင်ပိုင် မေးမြန်းတော်မူလိုက်လေ၏။ဤသို့ မေးတော်မူအပ်သည်ရှိသော် သစ္စကပရိဗိုဇ်သည် အဖြေမပေးပဲ ဆိတ်ဆိတ်သာ နေလေ၏။

(ဤ၌။ ။သစ္စကပရိဗိုဇ်သည် ဤနေရာ၌ မှားယွင်းကြောင်းကို သိ၍"ရဟန်းဂေါတမသည် ငါ၏ ဝါဒကို ချိုးဖျက်ရန် အကြောင်းကို ဆောင်ခဲ့လေသည်၊ ငါကား မလိမ္မာသူ ဖြစ်သည့်အတွက် ထို ရဟန်း ဂေါတမ ထုတ်ဆောင်အပ်သော အကြောင်းကိုပင် အထူးပြုကာ ပြဆိုမိလေပြီ။ ယခုမူ ငါကား ပျက်စီးခြင်းမလှ ပျက်စီးခဲ့လေပြီ။ ငါသည် အကယ်၍"ရုပ်ပေါ်မှာ အာဏာထားနိုင်ပါ၏" ဟု ဖြေကြားလျှင် ဤလိစ္ဆဝီမင်းများသည် ထ၍ "ဤသစ္စကပရိဗိုဇ်....သင်သည် 'ငါ၏ရုပ်ပေါ်မှာ အာဏာထားနိုင်ပါ၏' ဟု ဖြေဆို၏။ အကယ်၍ သင်၏ အဖို့ရာ မိမိ

http://www.dhammadownload.com



ရှပ်ပေါ် မှာ အာဏာထားနိုင်ခဲ့ပါလျှင် ဤလိစ္ဆဝီမင်းတို့သည် တာဝတိံသာနတ်နှင့်တူသော ကိုယ်ခန္ဓာအတ္တဘောတို့ဖြင့် အဆင်းလည်းလှကြ ကြည်ညိုဖွယ်လည်းရှိကြကာ လွန်စွာတင့်တယ်ကုန်သကဲ့သို့ ဤအတူပင် သင်သည် အဘယ့်ကြောင့်မတင့်တယ်ပါသနည်း''ဟူ၍ အပြစ်တင်စကား ပြောကြားကြပေလိမ့်မည်။ ငါသည် အကယ်၍''ရှပ်ပေါ် မှာ အာဏာမထားနိုင်ပါ''ဟု ဖြေကြားလျှင်လည်း ရဟန်းဂေါတမက ထပ်၍ ''အိုသစ္စကပရိဗိုဇ်....သင်သည် ရှေးအခါက 'ငါ၏အဖို့ရာ ရုပ်ပေါ် မှာအာဏာထားနိုင်ပါ၏' ဟု ပြောဆိုပြီးမှ ယခုအခါ၌ ပယ်ရှားဘိ၏''ဟု ပြောဆိုကာ အပြစ်တင်ချေတော့မည်။ဤသို့လျှင်''အာဏာထားနိုင်၏''ဟုပြောဆိုလျှင်လည်း အပြစ်တခု ရောက်ချေမည်၊ ''အာဏာ မထားနိုင်ပါ''ဟု ပြောဆိုလျှင်လည်း အပြစ်တခု ရောက်ချေမည် ဟူ၍ ကြံစည်စဉ်းစားမိကာ အဖြေမပေးပဲ ဆိတ်ဆိတ်သာ နေလေ၏)။

မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း သစ္စကပရိဗိုဇ်ကို—

> ''သစ္စကပရိဗိုဇ်····ယခု ငါဘုရားမေးမည့် အချက်ကို သင်အဘယ်သို့ မှတ်ထင် (သဘောကျ)သနည်း၊ အကြင်ချင်ကို 'ရုပ်သည် ငါ၏ ကိုယ်အတ္တတည်း' ဟု သင် ဤသို့ဆို၏၊ ထိုရုပ်၌ 'ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့်' ဟု သင်၏ အဖို့ရာ အာဏာထားနိုင်သလော''—

ဟူ၍ မေးတော်မူပြန်လေသည်။ ထို ဒုတိယအကြိမ် မေးအပ်သော အခါမှာလည်း သစ္စကပရိဗိုဇ်သည် အဖြေမပေးပဲ ဆိတ်ဆိတ်သာ နေလေ၏။

အထူးအားဖြင့် မြတ်စွာဘုရားရှင်က သုံးကြိမ်တိုင်တိုင် မေးမြန်းအပ်ပါလျက် မဖြေကြားခဲ့လျှင် (အကြောင်းနှင့်တကွ မေးမြန်းအပ်ပါလျက် မဖြေကြားခြင်းဖြင့် မြတ်စွာဘုရားအား ညှဉ်းပန်းမှုကို ပြုအပ်သည်မည်သောကြောင့် ဓမ္မနိယာမ၏ အစွမ်းအားဖြင့်) မဖြေကြားသူ (ညှဉ်းပန်းသူ) ၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲနိုင်၏၊ ဘုရားတို့မည်သည်လည်း သတ္တဝါတို့ အကျိုးရှိရန်သာလျှင်

http://www.dhammadownload.com



လေးအသင်္ချေ ကမ္ဘာတသိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူအပ်ပြီးဖြစ်သောကြောင့် သတ္တဝါတို့အပေါ်၌ အလွန်အမင်း အားကြီးသော ကရုဏာရှင်ကြီးများသာ ဖြစ်တော်မူကြကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် သုံးကြိမ်မြောက်အောင် မေးတော်မမူပဲ စကားအကြောင်းအရာ တမျိုးပြောင်းလဲ၍—

"သစ္စကပရိဗိုဇ်…. သင်သည် ယခုပင် ဖြေကြားလော့၊ သင့်အဖို့ရာ ယခု ဆိတ်ဆိတ်နေရန် အခါမဟုတ်တော့ပေ၊ သစ္စကပရိဗိုဇ်…. မြတ်စွာဘုရားက သုံးကြိမ်တိုင်အောင် အကြောင်းအား လျော်ကန်သော ပြဿနာကို မေးအပ်ပါလျက် အကြင်တစုံတယောက်သောသူသည် မဖြေကြားငြားအံ့၊ ထိုသူ၏ဦးခေါင်းသည် ဤနေရာ၌ပင် ခုနစ်စိတ်ကွဲနိုင်၏"—

ဟူ၍ မိန့်တော်မူလေ၏။

ထိုစဉ်အခါ သိကြားမင်းသည် ဘီလူးအသွင်ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးအလျှံရှိသည့် သံဝဇိရစိန်လက်နက်ကို စွဲကိုင်၍ "ဤသစ္စကသည် သုံးကြိမ်တိုင်တိုင် အကြောင်းအား လျော်ကန်သော ပြဿနာကို မြတ်စွာဘုရားက မေးအပ်ပါလျက် အကယ်၍ မဖြေကြားပဲနေခဲ့လျှင် ဤနေရာ၌ပင် ထိုသစ္စက၏ဦးခေါင်းကို ခုနစ်စိတ်ခွဲအံ့" ဟု ပြောဆိုခြိမ်းချောက်သည့်ပမာ သစ္စက၏အထက် ကောင်းကင်၌ ရပ်တည်လျက်နေ၏။ ထိုဘီလူးအသွင်ရှိသည့် ဝဇိရစိန်လက်နက် လက်စွဲသော သိကြားမင်းကို မြတ်စွာဘုရားနှင့် သစ္စကတို့သာ မြင်ကြရ၏။ (အခြားပရိသတ် တဦးတယောက်မျှ မမြင်ကြချေ)။

[မှတ်သားဖွယ်။ ။သိကြားမင်းသည် ဝဇိရစိန်လက်နက်ကို လက်စွဲကာ အဘယ့်ကြောင့် လာရောက်ရပ်တည်သနည်းဟူမူ မြတ်စွာဘုရားရှင်ကဲ့သို့ပင် သစ္စက၏အပေါ်၌ သနားခြင်းကရုဏာ ရှိသည်ဖြစ်၍ "ကြောက်မက်ဖွယ်သော ရုပ်အဆင်းကို ဖန်ဆင်းပြသ ခြိမ်းချောက်ကာ ဤသစ္စကကို မိစ္ဆာအယူကို စွန့်စေအံ့" ဟု ကြံစည်၍ သစ္စက၏

http://www.dhammadownload.com



ရှေ့တည့်တည့် ကောင်းကင်၌ ရပ်တည်လာလေသည်၊ ဦးခေါင်းကို ခွဲစိတ်လိုသည်ဖြစ်၍ ရပ်တည်လာခြင်းမဟုတ်။ မှန်၏ – မြတ်စွာဘုရား၏ မျက်မှောက်ရှေ့တော်၌ တစုံတယောက်သောသူ၏မျှ အကျိုးမဲ့မည်သည် ဖြစ်ရိုးမရှိ။ (မ ဋ္ဌ၊ ၂၊ ၂၀၆-မှ)။

သိကြားမင်းသည် ဘီလူးအသွင်ဖြင့် အဘယ့်ကြောင့်လာသနည်း ဟူမူ သစ္စကပရိဗိုဇ်ကို မှားသောအယူကိုစွန့်စေရန် လာခြင်းဖြစ်သည်။ (တနည်းသော်ကား) သဟမ္ပတိဗြဟ္မာမင်း တရားဟောရန် တောင်းပန်ဖို့အတွက် မြတ်စွာဘုရားထံသို့ လာရောက်စဉ်ကပင် သိကြားမင်းသည် သဟမ္ပတိဗြဟ္မာကြီးနှင့် အတူတကွ လိုက်ပါခဲ့၍ "မြတ်စွာဘုရား ...အရှင်ဘုရားတို့သည် တရားကို ဟောတော်မူကြပါကုန်လော့။ အရှင်ဘုရားတို့၏ အာဏာ၌ မလိုက်ပါ မနာယူသောသူတို့ကို တပည့်တော်တို့ လိုက်ပါနာယူစေကြပါမည်၊ အရှင်ဘုရားတို့၏ ဖက်မှ ဓမ္မစက်သည် ဖြစ်ပါစေ၊ တပည့်တော်တို့၏ဖက်မှ အာဏာစက် ဖြစ်ပါစေမည်" ဟူ၍ ဝန်ခံခဲ့လေသည်။ ထို့ကြောင့် ယနေ့ သစ္စကပရိဗိုဇ်ကို ခြောက်လှန့်၍ ပြဿနာကို ဖြေစေအံ့ဟု ကြံစည်ကာ လာရောက်ခြင်း ဖြစ်လေသည်။ (မ ဋ္ဌ၊ ၂၊ ၁၇၉-မှ)။]

ဘီလူးအသွင် ဖန်ဆင်းအပ်သော သိကြားမင်းကို မြင်ရလေလျှင် သစ္စက၏ တကိုယ်လုံးမှ ချွေးသီးချွေးပေါက်ကြီးများ ထွက်၍လာကုန်၏၊ ဝမ်းဗိုက်အတွင်းတခုလုံးသည် ပတ်ပတ်လည်လျက်ကြီးစွာသောအသံကို မြည်လေ၏။ သစ္စကသည် "အခြားသူများလည်း မြင်ကြသလော" ဟု ကြည့်ရှုလတ်သော် တဦးတယောက်၏ ကြက်သီးမွေးညှင်းထခြင်းကိုမျှ မမြင်ရချေ။ ထိုအခါ "ဤလူများ အပေါင်းသည် ဘီလူးကို မမြင်ကြရချေ၊ သို့ရကား ဤကြောက်ခြင်းသည် ငါတဦးတည်း၏ သန္တာန်မှာသာ ဖြစ်ချေသည်။ ငါသည် အကယ်၍ 'ဘီလူးကြီး' ဟု ပြောချေက 'သင့်အားသာလျှင် မျက်လုံးတို့ရှိကြသလော၊ သင်သာလျှင် ဘီလူးကို မြင်ဘိ၏။ အစက ဘီလူးကို မမြင်ရပဲ ရဟန်းဂေါတမနှင့် ဝါဒပြိုင်ပွဲ ဆင်နွှဲမှသာလျှင် ဘီလူးကို မြင်ဘိ၏' ဟု ပြောကြကုန်လေရာ၏" ဟု ဆင်ခြင်စဉ်းစားမိပြီးလျှင် "ဤနေရာ၌ ယခုအခါ ရဟန်းဂေါတမကိုထား၍ အခြား ကိုးကွယ်ရာဖြင့် မရှိတော့ပြီ" ဟု ကြံစည်အောက်မေ့ကာ သစ္စကပရိဗိုဇ်သည် ကြောက်ရွံ့ ထိတ်လန့် ကြက်သီးမွေးညှင်း ထလျက်

http://www.dhammadownload.com



မြတ်စွာဘုရားကိုသာလျှင် မှီခိုရာ ပုန်းအောင်းရာ ကိုးကွယ်ရာဟု ရှာမှီးလျက် မြတ်စွာဘုရားရှင်ကို "အရှင်ဂေါတမသည် အကျွန်ုပ်ကို မေးပါလော့၊ ဖြေကြားပါအံ့" ဟူ၍ လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို—

> "သစ္စကပရိဗိုဇ်.... ယခုငါဘုရား မေးမည့် အချက်ကို သင်အဘယ်သို့ မှတ်ထင် (သဘောကျ)သနည်း၊ အကြင် ရုပ်ကို 'ရုပ်သည် ငါ၏ ကိုယ်အတ္တတည်း' ဟု သင် ဤသို့ ဆို၏။ ထိုရုပ်၌ 'ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်' ဟု သင်၏အဖို့ရာ အာဏာထားနိုင် သလော"—

ဟု မေးတော်မူ၏။ "အရှင်ဂေါတမ....အာဏာမထားနိုင်ပါ" ဟူ၍ သစ္စကသည် ပြန်ကြားလျှောက်ထားလေ၏။ "သစ္စကပရိဗိုဇ်.... ဆင်ခြင်စဉ်းစားလော့၊ ဆင်ခြင်စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း, နောက်စကားနှင့် ရှေ့ စကားသည်၎င်း အချင်းချင်း မဆက်စပ်ပါတကား" ဟု မိန့်တော် မူပြီးလျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

> "သစ္စကပရိဗိုဇ်.... ယခု ငါဘုရားမေးမည့်အချက်ကို သင် အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ အကြင် ဝေဒနာကို 'ဝေဒနာသည် ငါ၏ကိုယ် အတ္တတည်း' ဟု သင် ဤသို့ဆို၏၊ ထိုဝေဒနာ၌ 'ငါ၏ဝေဒနာသည် ဤသို့ ဖြစ်စေ၊ ငါ၏ဝေဒနာသည် ဤသို့ မဖြစ်စေလင့်' ဟု သင်၏ အဖို့ရာ အာဏာထားနိုင်သလော"—

ဟု မေးတော်မူ၏။ "အရှင်ဂေါတမ.... အာဏာမထားနိုင်ပါ" ဟူ၍ သစ္စကသည် ပြန်ကြားလျှောက်ထားလေ၏။ "သစ္စက ပရိဗိုဇ်.... ဆင်ခြင်စဉ်းစားလော့၊ ဆင်ခြင်စဉ်းစား၍ ဖြေကြား လော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း, နောက် စကားနှင့် ရှေ့စကားသည်၎င်း အချင်းချင်း မဆက်စပ်ပါတကား" ဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

http://www.dhammadownload.com



"သစ္စကပရိဗိုဇ်···· ယခု ငါဘုရားမေးမည့်အချက်ကို သင် အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ အကြင် သညာကို 'သညာသည် ငါ၏ကိုယ် အတ္တတည်း' ဟု သင် ဤသို့ဆို၏၊ ထိုသညာ၌ 'ငါ၏သညာသည် ဤသို့ဖြစ်စေ၊ ငါ၏သညာသည် ဤသို့ မဖြစ်စေလင့်' ဟု သင်၏အဖို့ရာ အာဏာထားနိုင်သလော"—

ဟု မေးတော်မူ၏။ "အရှင်ဂေါတမ···· အာဏာမထားနိုင်ပါ" ဟူ၍ သစ္စကသည် ပြန်ကြားလျှောက်ထားလေ၏။ "သစ္စက ပရိဗိုဇ်···· ဆင်ခြင်စဉ်းစားလော့၊ ဆင်ခြင်စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း, နောက် စကားနှင့် ရှေ့စကားသည်၎င်း အချင်းချင်း မဆက်စပ်ပါတကား" ဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

"သစ္စကပရိဗိုဇ်···· ယခု ငါဘုရားမေးမည့်အချက်ကို သင် အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ အကြင် သင်္ခါရတို့ကို 'သင်္ခါရတို့သည် ငါ၏ကိုယ် အတ္တတည်း' ဟု သင် ဤသို့ဆို၏၊ ထိုသင်္ခါရတို့၌ 'ငါ၏ သင်္ခါရတို့သည် ဤသို့ ဖြစ်စေကုန်၊ ငါ၏သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်လင့်" ဟု သင်၏အဖို့ရာ အာဏာထားနိုင်သလော"—

ဟု မေးတော်မူ၏။ "အရှင်ဂေါတမ···· အာဏာမထားနိုင်ပါ" ဟူ၍ သစ္စကသည် ပြန်ကြားလျှောက်ထားလေ၏။ "သစ္စက ပရိဗိုဇ်···· ဆင်ခြင်စဉ်းစားလော့၊ ဆင်ခြင်စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း, နောက် စကားနှင့် ရှေ့စကားသည်၎င်း အချင်းချင်း မဆက်စပ်ပါတကား" ဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

"သစ္စကပရိဗိုဇ်···· ယခု ငါဘုရားမေးမည့်အချက်ကို သင် အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ အကြင် ဝိညာဏ်ခြောက်ပါးကို 'ဝိညာဏ်ခြောက်ပါးသည် ငါ၏ ကိုယ် အတ္တတည်း' ဟု သင် ဤသို့ဆို၏၊ ထိုဝိညာဏ်

http://www.dhammadownload.com



ခြောက်ပါး၌ 'ငါ၏ ဝိညာဏ်ခြောက်ပါးသည် ဤသို့ ဖြစ်စေ၊ ငါ၏ ဝိညာဏ်ခြောက်ပါးသည် ဤသို့ မဖြစ်စေလင့်' ဟု သင်၏အဖို့ရာ အာဏာထားနိုင်သလော"—

ဟု မေးတော်မူ၏။ "အရှင်ဂေါတမ···· အာဏာမထားနိုင်ပါ" ဟူ၍ သစ္စကသည် ပြန်ကြားလျှောက်ထားလေ၏။ "သစ္စကပရိဗိုဇ်···· ဆင်ခြင်စဉ်းစားလော့၊ ဆင်ခြင်စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း, နောက်စကားနှင့် ရှေ့စကားသည်၎င်း အချင်းချင်း မဆက်စပ်ပါတကား" ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူလေ၏။

ထိုနောင်မှ မြတ်စွာဘုရားသည် "တေပရိဝဋ္ဋဓမ္မဒေသနာ = တရားတခုတခုအတွက် သုံးပြန်ကျော့၍ မေးမြန်းဖြေကြား ဟောကြားအပ်သည့် တရားဒေသနာဖြင့်" သစ္စကပရိဗိုဇ်ကို ဆုံးမတော်မူလိုသဖြင့်—

(က) "သစ္စကပရိဗိုဇ်....ယခုငါဘုရားမေးမည့်အချက်ကို သင်အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော"—

ဟု မေးတော်မူလေသော် သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ···· မမြဲပါ"ဟု ဖြေကြားလျှောက်ထားလေ၏။ (၊)

"မမြဲသောအရာသည် ဆင်းရဲမှုဖြစ်လေသလော၊ ချမ်းသာမှု ဖြစ်လေသလော"—

ဟု မြတ်စွာဘုရားက မေးတော်မူသောအခါ သစ္စကပရိဗိုဇ်သည် "အရှင် ဂေါတမ···· ဆင်းရဲမှု ဖြစ်ပါ၏"ဟု ဖြေကြားလျှောက်ထားလေ၏။(၊၊)

"မမြဲခြင်း, ဆင်းရဲခြင်း, ဖောက်ပြန်ခြင်းသဘောရှိသော ထိုရုပ်ကို 'ဤရုပ်သည် ငါ၏ ဥစ္စာဖြစ်၏ (ဟု တဏှာဖြင့်၎င်း)၊ ဤရုပ်သည် ငါဖြစ်၏ (ဟု မာနဖြင့်၎င်း)၊ ဤရုပ်သည် ငါ၏ ကိုယ်အတ္တဖြစ်၏ (ဟု ဒိဋ္ဌိဖြင့်၎င်း)' အလွဲလွဲ ရှုခြင်းငှါ လျော်ကန်မည်လော"—

http://www.dhammadownload.com



ဟု မြတ်စွာဘုရားက မေးတော်မူသောအခါ သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ···· မလျော်ကန်ပါ" ဟု ဖြေကြားလျှောက်ထား လေ၏။ (၊၊၊)

(ခ-ဂ-ဃ) သစ္စကပရိဗိုဇ်···· ယခုငါဘုရားမေးမည့် အချက်ကို သင်အဘယ်သို့ မှတ်ထင်(သဘောကျ)သနည်း၊ ခံစားမှု = ဝေဒနာသည်(ပ)၊ မှတ်သားမှု = သညာသည် (ပ)၊ ပြုပြင်စီရင်မှု = သင်္ခါရတို့သည် (ပ)၊

(င) "သစ္စကပရိဗိုဇ်.... ယခုငါဘုရားမေးမည့် အချက် ကို သင်အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိမှု, သိမှုတည်းဟူသော ဝိညာဏ်ခြောက်ပါးသည် မြဲသလော၊ မမြဲသလော"—

ဟု မေးတော်မူလေသော် သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ.... မမြဲပါ" ဟု ဖြေကြား လျှောက်ထားလေ၏။ ( ၊ )

"မမြဲသောအရာသည် ဆင်းရဲမှု ဖြစ်သလော၊ ချမ်း သာမှုဖြစ်သလော"—

ဟု မြတ်စွာဘုရားက မေးတော်မူသောအခါ သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ···· ဆင်းရဲမှု ဖြစ်ပါ၏" ဟု ဖြေကြား လျှောက် ထားလေ၏။ (၊၊)

"မမြဲခြင်း, ဆင်းရဲခြင်း,ဖောက်ပြန်ခြင်းသဘောရှိသော ထိုဝိညာဏ်ခြောက်ပါးကို 'ဤဝိညာဏ်သည် ငါ၏ ဥစ္စာ ဖြစ်၏ (ဟု တဏှာဖြင့်ဝင်း)၊ ဤဝိညာဏ်သည် ငါဖြစ် ၏ (ဟု မာနဖြင့်ငင်း)၊ ဤဝိညာဏ်သည် ငါ၏ ကိုယ် အတ္တဖြစ်၏ (ဟု ဒိဋ္ဌိဖြင့်ငင်း)' အလွဲလွဲ ရှုခြင်းငှါ လျော် ကန်မည်လော"—

ဟု မြတ်စွာဘုရားက မေးတော်မူသောအခါ သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ····မလျော်ကန်ပါ" ဟု ဖြေကြားလျှောက်ထား လေ၏။

http://www.dhammadownload.com



ဤသို့လျှင် မြတ်စွာဘုရားသည် ဥပမာအားဖြင့် လိမ္မာလှသော အလမ္မာယ်ဆရာ(မြွေဆေးကု ဆရာ)သည် ထိုထို မြွေကိုက် ခံရသူတို့၏ မြွေကိုက်ရာ ခန္ဓာ အစိတ် အပိုင်း၌ ကျရောက် တည်ရှိနေသော မြွေဆိပ်ကို ထိုကိုက်သော မြွေကိုပင်လျှင် ထဖန်စုပ်ယူစေသကဲ့သို့၊ဤ အတူ ထိုလိစ္ဆဝီ ပရိသတ်အလယ်၌ပင် သစ္စကပရိဗိုဇ်ကို "ခန္ဓာ ငါးပါး တို့သည် နိစ္စ, သုခ, အတ္တတည်း" ဟူ၍ ပြောဆိုခဲ့သော သူ၏ ခံတွင်းဖြင့်ပင် "ခန္ဓာငါးပါးတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ကုန်၏" ဟူ၍ ဝန်ခံစေတော်မူ၏။ (သစ္စက၏ ခံတွင်းမှ နှုတ်မြွက်ထွက်ပေါ်လာသည့် "အတ္တ"ဝါဒ တည်း ဟူသော အဆိပ်ကို သစ္စက၏ ခံတွင်းဖြင့်ပင် ပရိသတ် အလယ်၌"အနတ္တ"ဟု နှုတ်မြွက်ဝန်ခံစေ ထုတ်ယူစေတော်မူ၏)။

ဤမျှသော စကားအစဉ်ဖြင့် မြတ်စွာဘုရားသည် သစ္စကပရိ-ဗိုဇ်ကို ပရိသတ်၏ အလယ်၌ပင် "ခန္ဓာ ငါးပါးတို့သည် အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ကုန်၏"ဟု အတိအလင်း နှုတ်မြွက်ဝန်ခံစေတော် မူပြီး၍ ယခုအခါ သစ္စကပရိဗိုဇ်ကို ဦးခေါင်းငိုက်စိုက်ကျ မျက်နှာကို အောက်ချအောင် ဆုံးမနှိမ်နင်းတော်မူလိုသည်ဖြစ်၍ ဤဆိုလတ္တံ့ သောအတိုင်း မေးမြန်းတော်မူပြန်လေသည်—

"သစ္စကပရိဗိုဇ်····ယခု ငါဘုရားမေးမည့် အချက်ကို သင် အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ အကြင် သူသည် ဆင်းရဲဒုက္ခကို တွယ်တာလျက် ဆင်းရဲဒုက္ခသို့ ကပ်ရောက်လျက် ဆင်းရဲဒုက္ခသို့ သက်ဝင်လျက် ဆင်းရဲ ဒုက္ခ (=ခန္ဓာငါးပါး) ကိုပင် 'ဤဆင်းရဲဒုက္ခသည် ငါ၏ ဥစ္စာဖြစ်၏ (ဟု တဏှာဖြင့်ငှင်း)၊ ဤဆင်းရဲ ဒုက္ခသည် ငါဖြစ်၏ (ဟု မာနဖြင့်ငှင်း)၊ဤဆင်းရဲဒုက္ခသည် ငါ၏ ကိုယ်အတ္တဖြစ်၏ (ဟု ဒိဋ္ဌိဖြင့်ငှင်း)'အလွဲလွဲရှု၏၊ စင်စစ် သော်ကား ထိုသူသည် ကိုယ်တိုင်ဆင်းရဲဒုက္ခကို ပိုင်းခြား၍ (ပရိညာသုံးပါးဖြင့်) သိနိုင်ပါမည်လော၊ ခန္ဓာငါးပါး

http://www.dhammadownload.com



တည်းဟူသော ဆင်းရဲဒုက္ခကို ကုန်ခန်းစေ၍သော်မှုလည်း နေနိုင်ပါမည်လော"—

ဟူ၍ မေးတော်မူ၏။ သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ .... ဤအချက်သည် အဘယ်မှာ ဖြစ်နိုင်ရာပါအံ့နည်း၊ အရှင်ဂေါတမ.... ဤအချက်သည် မဖြစ်နိုင်ရာသည်သာတည်း" ဟူ၍ ဖြေကြားလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို တဖန်ဆက်၍—

"သစ္စကပရိဗိုဇ်.... ယခု ငါဘုရားမေးမည့်အချက်ကို သင် အဘယ်သို့ မှတ်ထင် (သဘောကျ) သနည်း၊ ဤသို့ ဖြစ်သော် သင်သည် (ခန္ဓာငါးပါးတည်းဟူသော) ဆင်းရဲဒုက္ခကို တွယ်တာနေသူဖြစ်၍ (ခန္ဓာငါးပါး တည်းဟူသော) ဆင်းရဲဒုက္ခသို့ ကပ်ရောက်နေသူဖြစ်၍ (ခန္ဓာငါးပါးတည်းဟူသော) ဆင်းရဲဒုက္ခသို့ သက်ဝင်နေသူဖြစ်၍ ထို (ခန္ဓာငါးပါးတည်းဟူသော) ဆင်းရဲဒုက္ခကိုပင် 'ဤဆင်းရဲဒုက္ခသည် ငါ၏ဥစ္စာဖြစ်၏ (ဟု တဏှာဖြင့်ငင်း)၊ ဤဆင်းရဲဒုက္ခသည် ငါဖြစ်၏ (ဟု မာနဖြင့်ငင်း)၊ ဤဆင်းရဲဒုက္ခသည် ငါ၏ကိုယ် အတ္တဖြစ်၏ (ဟု ဒိဋ္ဌိဖြင့်ငင်း)' အလွဲလွဲ ရှုရာရောက်သည် မဟုတ်လော"—

ဟူ၍ မေးမြန်းတော်မူလေသော် သစ္စကပရိဗိုဇ်သည် "အရှင်ဂေါတမ.... အဘယ်မှာ မရောက်ပဲ ရှိပါအံ့နည်း၊ အို အရှင်ဂေါတမ.... ရှုရာရောက်ပါ၏" ဟု ဝန်ခံဖြေကြားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

"သစ္စကပရိဗိုဇ်.... ဥပမာအားဖြင့် အနှစ်ကိုအလိုရှိ၍ အနှစ်ကို ရှာမှီးသော ယောက်ျားသည် အနှစ်ရှာရန် လှည့်လည်လတ်သော် ထက်လှသော ဓားမကို ယူ၍ တောသို့ ဝင်လေရာ၏။ ထိုယောက်ျားသည် ထိုတော၌ နှ၍ အတွင်း၌ ဖူးတံမရှိသော ဖြောင့်ဖြူးသည့် ငှက်ပျောတုံးကို တွေ့မြင်လေရာ ထိုငှက်ပျောတုံးကို အရင်း အဖျား

http://www.dhammadownload.com



ဖြတ်ပြီးသော် ၄က်ပျောပင်ရစ်ကို ခွါလေရာ၏။ ထိုသို့ ခွါသည်ရှိသော် အကာကိုသော်မှလည်း မရနိုင်လေရာ၊ အနှစ်ကိုမူ အဘယ်မှာ ရနိုင်အံ့နည်း။

သစ္စကပရိဗိုဇ်···· ဤအတူပင် သင့်ကို မိမိဝါဒ၌ ငါဘုရားက စိစစ်အပ်သည်ရှိသော်, မေးမြန်းအပ်သည်ရှိသော်, အပြန်အလှန် မေးမြန်းအပ်သည်ရှိသော် သင်သည် အနှစ် တုံး၍ အသုံးမကျပဲ အကြီးအကျယ် ကျရှုံးသူ ဖြစ်လေပြီ။

သစ္စကပရိဗိုဇ်···· သင်သည် ဝေသာလီပြည် ပရိသတ်၌ 'ဝါဒလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုလျှင် မတုန်မလှုပ် မယိမ်းယိုင်မည့် လက်ကတီးကြား (=ချိုင်းကြား) တို့မှ ချွေးမထွက်မည့် ရဟန်းအပေါင်းရှိသူ, ဂိုဏ်းရှိသူ, ဂိုဏ်းဆရာဖြစ်သူ သမဏ ဗြာဟ္မဏ ဟု ဝန်ခံသူကိုငင်း၊ အရဟံ ဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဟု ဝန်ခံသူ ဘုရားကိုငင်း ငါ မတွေ့မမြင်ချေ။ စိတ်စေတနာမရှိသော တုံးတိုင်ကို သော်လည်း ဝါဒလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုလျှင် ထိုတုံးတိုင်သော်မှလည်း တုန်လှုပ် ယိမ်းယိုင် လေရာ၏၊ လူဖြစ်သောသူမှာကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း' ဟု ဆိုခဲ့၏။ သစ္စကပရိဗိုဇ်···· ယခုမူ သင့်မှာသာလျှင် နဖူးမှကျကုန်သော ချွေးသီးချွေးပေါက် အချို့တို့သည် အပေါ်ရုံကိုဖောက်၍ မြေကြီး၌တည်ကုန်၏။ သစ္စကပရိဗိုဇ်···· ငါ့မှာမူကား ယခု ကိုယ်၌ ချွေးမရှိ"—

ဟူ၍ မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ထိုပရိသတ်၌ ရွှေအဆင်းရှိသော ကိုယ်တော်ကို ဖွင့်လှစ်၍ ပြတော်မူ၏။

[မှတ်ဖွယ်။ ။ဤ၌ ဥပါဒိန္နကကိုယ်ခန္ဓာဝယ် ချွေးမည်သည် မရှိ ဟူ၍ မဆိုနိုင်၊ ထို့ကြောင့် အချိန်ဖြင့်ပိုင်း၍ (ယခု ကိုယ်၌ ချွေးမရှိ) ဟု မိန့်ဆိုတော်မူခြင်း ဖြစ်လေသည်။

(ရွှေအဆင်းရှိသော ကိုယ်တော်ကို ဖွင့်လှစ်၍ ပြတော်မူ၏) ဟူသော စကားရပ်၌ မြတ်စွာဘုရားသည် ကိုယ်တော်တခုလုံးကို ဖွင့်၍

http://www.dhammadownload.com



ပြတော်မူသည်မဟုတ်၊ ဘုရားရှင်တို့မည်သည် ကမွတ်သီးကို ကမွတ်ကွင်း၌ တပ်ဆင်၍ဖုံးလွှမ်းအပ်သော ကိုယ်တော်ရှိကုန်လျက် ပရိသတ်၌ တရားဟောတော်မူကြမြဲဖြစ်ကုန်၏။ ထိုအချိန်၌ကား မြတ်စွာဘုရားသည် ရေမျိုတော်နှင့်ရွှေတည့်တည့်အရပ်၌ သင်္ကန်းတော်ကို ကိုင်တော်မူ၍ လက်လေးသစ်ခန့်ဖွင့်လှစ်၍ အောက်သို့ချလိုက်လေသည်။ သင်္ကန်းတော်ကို လက်လေးသစ်ခန့် အောက်သို့ လျှောချလိုက်လျှင်ပင် ရွှေရောင်အဆင်းရှိသော ပီတရောင်ခြည်တော်တို့သည် အစုလိုက် အစုလိုက်ဖြစ်ကြကာ ရွှေအိုးမှထွက်လာသော ရွှေနီဖလံရည်အယဉ်ကဲ့သို့၎င်း၊ နီမြန်းသောတိမ်တိုက်မှထွက်ကွန့်သော လျှပ်စစ်နွယ်ကဲ့သို့၎င်း ထွက်ကြွကွန့်မြူးတော်မူကြ၍ ရွှေမုရိုးစည်နှင့်တူသော ဦးခေါင်းတော်မြတ်ကို လကျာရစ်လည်ကြ၍ ကောင်းကင်သို့ ပျံတက်၍ သွားကြလေကုန်သည်။

မြတ်စွာဘုရားသည် အဘယ့်ကြောင့် ဤသို့ ပြတော်မူသနည်းဟူမူ လူများအပေါင်း၏ ယုံမှားသံသယကို ပယ်ဖျောက်ရန် ဤသို့ ပြတော်မူခြင်းဖြစ်သည်။ ချဲ့ဦးအံ့.... လူများအပေါင်းသည် အကယ်၍ မြတ်စွာဘုရားက ထိုကဲ့သို့ ဖွင့်လှစ်၍ပြတော်မမူလျှင် "ရဟန်းဂေါတမသည် ငါ့မှာ ချွေးမရှိ" ဟု ဆို၏၊ သစ္စက၏ကိုယ်မှ ချွေးသီးချွေးပေါက်များ ထွက်ကြသည်ကိုကား ငါတို့မျက်မြင်ပင် ဖြစ်ကြ၏၊ ရဟန်းဂေါတမသည်ကား ထူထဲသော နှစ်ထပ်သင်္ကန်းကြီးကို ရုံလျက်နေပေ၏၊ သင်္ကန်းအတွင်း၌ ချွေးရှိသည် မရှိသည်ကို အဘယ်နည်းဖြင့် သိနိုင်အံ့နည်း"ဟူ၍ ယုံမှားလေရာ၏၊ ထိုလူများအပေါင်း၏ ယုံမှားသံသယကို ပယ်ဖျောက်ရန် ဤသို့ ပြတော်မူခြင်းဖြစ်သည်။]

ဤသို့ မြတ်စွာဘုရားက မိန့်တော်မူအပ်သည်ရှိသော် သစ္စကပရိဗိုဇ်သည် နှုတ်ဆိတ်၍ မျက်နှာမသာယာပဲ လည်ပင်းငိုက်စိုက်ကျကာ မျက်နှာကိုအောက်ချပြီး မှိုင်တွေချလျက် ကြံရာမရပဲ ထိုင်နေလေ၏။

## ဒုမ္မုခလိစ္ဆဝီမင်းသား ပြောပုံ

ထိုအခါ ဒုမ္မုခ-မည်သော လိစ္ဆဝီမင်းသားသည် သစ္စကပရိဗိုဇ်ကို နှုတ်ဆိတ်၍ မျက်နှာမသာယာပဲ လည်ပင်း ငိုက်စိုက်ကျကာ မျက်နှာကိုအောက်ချပြီး မှိုင်တွေချလျက် ကြံရာမရပဲ ထိုင်နေသည်ကို သိ၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· တပည့်တော်၏ ဉာဏ်မှာ ဥပမာတခု ထင်လာပါသည်" ဟူ၍ မြတ်စွာ

http://www.dhammadownload.com



ဘုရားအား လျှောက်ထားလေသော် "ဒုမ္မုခ....ထိုဥပမာကို သင်၏ ဉာဏ်၌ ထင်စေလော့"ဟု မြတ်စွာဘုရားက မိန့်တော်မူလေ၏။ ထိုအခါ ဒုမ္မုခ-လိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားရှင်ကို—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဥပမာအားဖြင့် ရွာ၏ အနီး၌ဖြစ်စေ, နိဂုံး၏အနီး၌ဖြစ်စေ ရေကန်သည် ရှိ၏၊ ထိုရေကန်၌ ပုဇွန်လုံးသည် ရှိရာပါ၏။ ထိုအခါ များစွာသော သူငယ် သူငယ်မတို့သည် ထိုရွာ ထိုနိဂုံးမှ ထွက်၍ ထိုရေကန်ရှိရာသို့ ချဉ်းကပ်ကြပြီးလျှင် ရေကန်တွင်းသို့ သက် ဆင်း ကြ ၍ ထို ပု ဇွန် လုံး ကို ရေမှ ထုတ်ဆောင်ကြကာ ကုန်း၌ တည်စေကုန်ရာ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ထွက်လာတိုင်း ထွက်လာတိုင်းသော ထိုပုဇွန်လုံး၏ ခြေချောင်းလက်ချောင်း ဟူသမျှကိုပင် ထိုသူငယ် သူငယ်မတို့သည် ထင်းချောင်းဖြင့်ဖြစ်စေ, အိုးခြမ်းကွဲဖြင့်ဖြစ်စေ ဖြတ်ကုန်ရာ၏၊ ချိုးကုန်ရာ၏၊ ထက်ဝန်းကျင် ချိုးကုန်ရာ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ဤသို့လျှင် ထို ပုဇွန်လုံးသည် ခြေချောင်းအားလုံး လက်ချောင်းအားလုံး အဖြတ်ခံရ အချိုးခံရ ထက်ဝန်းကျင် အချိုးခံရသဖြင့် ထိုရေကန်သို့ ရှေးကကဲ့သို့ ပြန် လည် သက် ဆင်း ရန် မဖြစ်နိုင်တော့ သကဲ့သို့၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား....ဤအတူပင်လျှင် သစ္စက၏ ထောင်-ထ-လှုပ်ရှားနေသော အယူဝါဒ ခြေချောင်း လက်ချောင်း အားလုံးတို့ကို မြတ်စွာဘုရားသည် ဖြတ်ထားအပ်ပါကုန်ပြီ၊ ချိုးထား အပ်ပါ ကုန်ပြီ၊ထက်ဝန်းကျင် ချိုးထားအပ်ပါကုန်ပြီ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား···· ယခုအခါ သစ္စကသည် မြတ်စွာဘုရားထံသို့ အယူဝါဒ ယှဉ်ပြိုင်လိုသည်ဖြစ်၍ ပြန်လည် ချဉ်းကပ်ရန် မဖြစ်နိုင်တော့ပါ"—

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ သစ္စကပရိဗိုဇ်သည် ဒုမ္မုခ လိစ္ဆဝီမင်းသားကို "ဒုမ္မုခ···· သင်သည် ရပ်ဆိုင်းဦးလော့၊

http://www.dhammadownload.com



ဒုမ္မုခ····သင်သည် ရပ်ဆိုင်းဦးလော့ (ဒုမ္မုခ····သင်ကား နှုတ်ကြမ်းသူတယောက်ဖြစ်ချေသည်။ သျှာ၊ ကံ)။ငါတို့သည် သင်နှင့် မပြောဆိုကြ မတိုင်ပင်ကြကုန်၊ ငါတို့သည် အရှင်ဂေါတမနှင့်သာ အတူတကွ ပြောဆိုကြ တိုင်ပင်ကြကုန်၏”ဟု တားမြစ် စကား ပြောကြားလေသည်။

(ဤ၌။ ။ဒုမ္မုခ-လိစ္ဆဝီမင်းသားက ဥပမာကို ထုတ်ဆောင်ကာ မြတ်စွာဘုရားအား ကြားလျှောက် နေစဉ်အခါ ကြွင်းကျန်သော လိစ္ဆဝီမင်းသားတို့သည်လည်း “ဤတက္ကတွန်းကြီးသည် အတတ်ပညာ သင်ကြားသောအခါ၌ ငါတို့ အပေါ် မထီမဲ့မြင်မှု ပြုခဲ့သည်မှာ ကြာလှလေပြီ၊ ယခုအချိန်ကား ရန်သူ၏ ကျောက်ကုန်းကို ကြည့်ရှုရအံ့ သောအခါပေတည်း။ ငါတို့သည်လည်း တယောက်လျှင် ဥပမာတခုစီ ဆောင်ကြ၍ လက်သီးဖြင့်ထိုးသဖြင့် လဲကျနေသောသူကို ကျည်ပွေ့ဖြင့် ထပ်၍ ရိုက်ဘိသကဲ့သို့ နောက် ထပ် တဖန် ပရိသတ် အလယ်၌ ဦးခေါင်း မထောင်ဝံ့အောင် ထိုသစ္စကပရိဗိုဇ်ကို ငါတို့ ပြုကြကုန်အံ့” ဟု ကိုယ်စီကိုယ်င ကြံစည်ကြပြီးလျှင် ဥပမာတို့ကို အသီးအသီး စဉ်းစားထားကြ၍ ဒုမ္မုခလိစ္ဆဝီမင်းသား၏ စကား ပြီးဆုံးချိန်ကို စောင့်ဆိုင်းငံ့လင့်၍ နေထိုင်ကြကုန်၏။ သစ္စကသည် ထိုမင်းသားတို့၏ အလိုဆန္ဒကို ရိပ်မိသိရှိ၍ “ဤ လိစ္ဆဝီမင်းသား အားလုံးတို့သည်ပင် (ငါ့ကိုနှိပ်ရန်) ဦးခေါင်း တထောင်ထောင် နှုတ်ခမ်း တလှုပ်လှုပ်ဖြင့် အခွင့်ကို စောင့်မျှော်တည်နေကြကုန်၏။ အကယ်၍ ဤမင်းသားများ ကိုယ်စီ ကိုယ်င ဥပမာတို့ကို ထုတ်ဆောင်ပြောကြားခွင့်ကို ရကြကုန် လျှင် ငါသည် နောက်ထပ်တဖန် ပရိသတ်အလယ်၌ ဦးခေါင်းထောင်နိုင် တော့မည်မဟုတ်ချေ။ငါသည် ယခုပင် ဒုမ္မုခလိစ္ဆဝီ မင်းသားကို မောင်းမဲပြောဆိုပြီးလျှင် အခြားသူတပါး စကားပြောဆိုခွင့် မရနိုင်အောင် စကားဆက်ကိုဖြတ်၍ ရဟန်းဂေါတမကို ပြဿနာမေးလျှောက်အံ့ ”ဟူ၍ ကြံစည်ပြီး လျှင် ဆို အပ် ခဲ့ သော အ တိုင်း ဒုမ္မု ခလိ စ္ဆ ဝီ မင်း သား ကို မောင်းမဲတားမြစ်စကား ပြောကြားခြင်းဖြစ်သည်)။

ထိုနောင်မှ သစ္စကပရိဗိုဇ်သည် အခြားသူတို့၏ အကြား စကား မဝင်နိုင်အောင် စကားဆက်ကိုဖြတ်၍ မြတ်စွာဘုရားရှင်ကို—

“အရှင်ဂေါတမ···· အကျွန်ုပ်တို့နှင့် အခြားများစွာ သော သမဏ ဗြာဟ္မဏတို့၏စကားသည် တည်ရှိပါစေ၊

http://www.dhammadownload.com



(ထားလိုက်ပါ)။ (ထိုစကားအားလုံးသည်) ဆိုမြည် ယောင်ယမ်းသကဲ့သို့ ပြောမိပြောရာ ပြောဆိုကြသော စကားများသာ ဖြစ်ပါသည်။ အဘယ်မျှလောက်သော (အသိဉာဏ်) အတိုင်းအရှည်ဖြင့် အရှင်ဂေါတမ၏ တပည့်သာဝကသည် အဆုံးအမကိုလိုက်နာသူ ဩွါဒကြွေးချက်ကို လိုက်နာသူ ဖြစ်ပါသနည်း၊ ယုံမှားခြင်းကို လွန်မြောက်လျက်, သို့လော သို့လော တွေးတောခြင်းကင်းလျက်, ရဲရင့်ခြင်း (ဉာဏ်အမြင်) သို့ရောက်လျက် သူတပါးကို ယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ နေပါသနည်း"—

ဟူ၍ လျှောက်ထားမေးမြန်းလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို—

"သစ္စကပရိဗိုဇ်···· ဤသာသနာတော်၌ ငါ၏ တပည့်သာဝကသည် ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲ, အတွင်း, အပ, အကြမ်း, အနု, အညံ့, အကောင်း, အဝေး, အနီး = ဤသို့အားဖြင့် တဆယ့်တမျိုးပြားသော ရုပ်တရားအားလုံးကို 'ဤ ရုပ် အ စု သည် ငါ၏ ဥ စ္စာ မ ဟုတ်၊ ဤ ရုပ် အ စု သည် ငါမဟုတ်၊ ဤရုပ်အစုသည် ငါ၏ကိုယ် အတ္တမဟုတ်' ဟု ဤသို့ ဤရုပ်ကို အမှန်အတိုင်း ကောင်းသော ဝိပဿနာဉာဏ်ပညာ မဂ်ပညာဖြင့် ရှုမြင်၏။ ခံစားခြင်း = ဝေဒနာကို (ပ)၊ မှတ်သားခြင်း = သညာကို (ပ)၊ ပြုပြင်စီရင်ခြင်း = သ င်္ခါ ရ တို့ ကို (ပ)၊ ဖြစ် ပြီး, ဖြစ် လ တ္တံ့, ဖြစ် ဆဲ, အတွင်း, အပ, အကြမ်း, အနု, အညံ့, အကောင်း, အဝေး, အနီး = ဤသို့အားဖြင့် တဆယ့်တမျိုးပြားသော ဝိညာဏ်ခြောက်ပါး တရားအားလုံးကို 'ဤဝိညာဏ်အစုသည် ငါ၏ ဥစ္စာမဟုတ်၊ ဤဝိညာဏ်အစုသည် ငါမဟုတ်၊ ဤဝိညာဏ်အစုသည် ငါ၏ကိုယ် အတ္တမဟုတ်' ဟု ဤသို့ ဤဝိညာဏ်ခြောက်ပါး တရားအစုကို အမှန်အတိုင်း ဝိပဿနာဉာဏ်ပညာ မဂ်ပညာဖြင့် ရှုမြင်၏။

http://www.dhammadownload.com



သစ္စကပရိဗိုဇ်… ဤမျှသော အသိဉာဏ် အတိုင်းအရှည်ဖြင့် ငါဘုရား၏ တပည့်သာဝကသည် အဆုံးအမကို လိုက်နာသူ ညွှန်ကြားချက်ကို လိုက်နာသူဖြစ်၏၊ ယုံမှားခြင်းကို လွန်မြောက်လျက်, သို့လော သို့လော တွေးတောခြင်းကင်းလျက်, ရဲရင့်ခြင်း (ဉာဏ်အမြင်) သို့ရောက်လျက် သူတပါးကို ယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ နေ၏”—

ဟူ၍ ဖြေကြားမိန့်ဆိုတော်မူ၏။

(သာသနာဝေါဟာရ= သာသနာသုံး ဝေါဟာရအားဖြင့် လောကုတ္တရာ အောက်ဖိုလ်သုံးပါးကို သေက္ခဘူမိ= သေက္ခ အရိယာပုဂ္ဂိုလ်တို့၏ ဖြစ်ပွါးနေထိုင်ရာဟူ၍ ခေါ်သည်။ အရဟတ္တဖိုလ်ကို အသေက္ခဘူမိ= ရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ပွါးနေထိုင်ရာဟူ၍ ခေါ်သည်။ မှန်၏–ဖိုလ်လေးပါးကို အရိယဘူမိ= အရိယာပုဂ္ဂိုလ်တို့၏ နေထိုင်ရာဟူ၍ ခေါ်သည်။ ဆိုခဲ့ပြီးသော စကားရပ်ဖြင့် “ရှုမြင်၏”ဟု ရှုမြင်မှုကြိယာ မပြီးဆုံးသေးသည်ကို ပြဆိုသဖြင့် သေက္ခဘူမိကို ဟောတော်မူသည်၊ ယခုအခါ အသေက္ခဘူမိကို မေးလိုသဖြင့် သစ္စကသည် ဤဆိုလတ္တံ့သော အမေးကို မေးလျှောက်၍ မြတ်စွာဘုရားက ဖြေဆိုတော်မူခြင်း ဖြစ်လေသည်။ ဤဆိုလတ္တံ့သော အမေးအဖြေ၌ သစ္စကပရိဗိုဇ်အနေအားဖြင့် သေက္ခဘူမိ, အသေက္ခဘူမိတည်းဟူသော သာသနာသုံး ဝေါဟာရကို နားမလည်ချေ၊ သို့သော် “ရှုမြင်၏= ရှုမြင်ဆဲ” ဟု ရှုမြင်ခြင်းကြိယာ မပြီးဆုံးသေးသည်ကို ဟောဆိုအပ်သော့ကြောင့် “ဤမျှသော အသိဉာဏ်အတိုင်းအရှည်ဖြင့်တော့ ရဟန်းတို့၏ အလုပ်ကိစ္စ မပြီးဆုံးသေး”ဟူ၍ ရိပ်မိသိရှိလေသည်၊ ထို့ကြောင့် တဖန်ဆက်၍ ဤဆိုလတ္တံ့သော အတိုင်း အသေက္ခဘူမိကို မေးလျှောက်ပြန်လေသည်)။

“အရှင်ဂေါတမ .... အဘယ်မျှသော (အသိဉာဏ်) အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသူ မဂ်အကျင့်ကိုကျင့်သုံးပြီးသူ ပြုဖွယ်ကိစ္စကိုပြုကျင့်ပြီးသူ (ခန္ဓာ, ကိလေသာ,အဘိသင်္ခါရ = တည်းဟူသော) ဝန်ထုပ်သုံးမျိုးကို ချထားပြီးသူ မိမိ၏ (အရဟတ္တဖိုလ်) အကျိုးစီးပွါးသို့ ရောက်ပြီးသူ ဘဝ အနှောင်အဖွဲ့ သံယောဇဉ်ကုန်ခန်း

မဟာဗုဒ္ဓဝင် ၃-၃၀

http://www.dhammadownload.com



ပြီးသူ ကောင်းစွာသိ၍လွတ်မြောက်ပြီးသူ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပါသနည်း"—

ဟူ၍ လျှောက်ထား မေးမြန်းလေသည်။ ထိုအခါ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို—

"သစ္စကပရိဗိုဇ်····ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲ, အတွင်း, အပ, အကြမ်း, အနု, အညံ့, အကောင်း, အဝေး, အနီး = ဤသို့အားဖြင့် တဆယ့်တမျိုးပြားသော ရုပ်တရားအားလုံးကို 'ဤရုပ်အစုသည် ငါ၏ ဥစ္စာမဟုတ်၊ ဤရုပ်အစုသည် ငါမဟုတ်၊ ဤရုပ်အစုသည် ငါ၏ ကိုယ်အတ္တမဟုတ်' ဟု ဤသို့ ဤရုပ်ကို အမှန်အတိုင်း ကောင်းသော ဝိပဿနာပညာ မဂ်ပညာဖြင့် ရှုမြင်ပြီး၍ မစွဲလမ်းပဲ လွတ်မြောက်ပြီ။ ခံစားခြင်း = ဝေဒနာကို (ပ)၊ မှတ်သားခြင်း = သညာကို (ပ)၊ ပြုပြင်စီရင်ခြင်း = သင်္ခါရတို့ကို (ပ)။ ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲ, အတွင်း, အပ, အကြမ်း, အနု, အညံ့, အကောင်း, အဝေး, အနီး = ဤသို့ အားဖြင့် တဆယ့် တမျိုးပြားသော ဝိညာဏ်ခြောက်ပါး တရားအားလုံးကို 'ဤဝိညာဏ်အစုသည် ငါ၏ ဥစ္စာမဟုတ်၊ ဤဝိညာဏ်အစုသည် ငါမဟုတ်၊ ဤဝိညာဏ်အစုသည် ငါ၏ ကိုယ်အတ္တမဟုတ်' ဟု ဤသို့ ဤဝိညာဏ် ခြောက်ပါး တရားအစုကို အမှန် အတိုင်း ဝိပဿနာဉာဏ်ပညာ မဂ်ပညာဖြင့် ရှုမြင်ပြီးလျှင် မစွဲလမ်းပဲ လွတ်မြောက်ပြီ။

သစ္စကပရိဗိုဇ်····ဤမျှသော (အသိဉာဏ်) အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသူ မဂ်အကျင့်ကို ကျင့်သုံးပြီးသူ ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသူ (ခန္ဓာ, ကိလေသာ, အဘိသင်္ခါရ = တည်းဟူသော) ဝန်ထုပ်သုံးမျိုးကို ချထားပြီးသူ မိမိ၏ (အရဟတ္တဖိုလ်) အကျိုးစီးပွါးသို့ရောက်ပြီးသူ ဘဝ အနှောင်အဖွဲ့ သံယောဇဉ်

http://www.dhammadownload.com



ကုန်ခန်းပြီးသူ ကောင်းစွာသိ၍ လွတ်မြောက် ပြီးသူ = ရဟန္တာပုဂ္ဂိုလ်ဖြစ်ပေ၏"—

ဟူ၍ ဖြေကြားတော်မူပြီးနောက် ထို ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို တဖန်ဆက်၍—

"သစ္စကပရိဗိုဇ်....ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသော ရဟန်းသည် အသိဉာဏ်အမြင်ထူးခြားခြင်း, အကျင့်ပဋိပဒါထူးခြားခြင်း, လွတ်မြောက်မှု ထူးခြားခြင်းဟူသော = ထူးခြားခြင်း သုံးပါးတို့နှင့် ပြည့်စုံ၏။ သစ္စကပရိဗိုဇ်.... ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသော (ရဟန္တာ) ရဟန်းသည်—

'ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါး တရားကို ထိုးထွင်း သိမြင်တော်မူပြီးဖြစ်၍ ဝေနေယျကြွာ သတ္တဝါတို့အားလည်း သစ္စာလေးပါး တရားကို သိစေခြင်းငှါ တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍ ဝေနေယျကြွာ သတ္တဝါတို့အားလည်း ယဉ်ကျေးစေခြင်းငှါ တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိလေသာခပ်သိမ်း ငြိမ်းတော်မူပြီးဖြစ်၍ ဝေနေယျကြွာ သတ္တဝါတို့အားလည်း ကိလေသာခပ်သိမ်း ငြိမ်းစေခြင်းငှါ တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဩဃလေးပါးကို ကူးမြောက်တော်မူပြီးဖြစ်၍ ဝေနေယျကြွာ သတ္တဝါတို့အားလည်း ဩဃလေးပါးကို ကူးမြောက်နိုင်ကြစေရန် တရားကို ဟောကြားတော်မူ၏။

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင်က ကိလေသပရိနိဗ္ဗာန် ဝင်စံအေးငြိမ်းတော်မူပြီးဖြစ်၍ ဝေ-

http://www.dhammadownload.com



နေယျကြာ သတ္တဝါတို့အားလည်း ကိလေသပရိနိဗ္ဗာန် ဝင်စံ အေးငြိမ်းကြစေရန် တရားကို ဟောကြားတော်မူ၏'—

ဟု မြတ်စွာဘုရားကိုသာလျှင် ရှိသေလေးနာ မြတ်နိုးပူဇော်မှုကို ပြုလေ၏"—

ဟူ၍ မိန့်တော်မူ၏။

ဗုဒ္ဓေါ ဗောဓာယ ဒေသေသိ၊
ဒန္တော ယော ဒမထာယ စ။
သမထာယ သန္တော ဓမ္မံ၊
တိဏ္ဏောဝ တရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္ထာယ၊
ကံ လောကသရဏံ နမေ။

ဗုဒ္ဓေါ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား ငါတို့ မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ = သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသည်ဖြစ်၍။ ဗောဓာယ စ = ကျွတ်ထိုက် သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း သိကြစေခြင်းငှါငှါငှါ ဒန္တော = ကိုယ်တိုင်ကပင် ယဉ်ကျေးတော်မူပြီးဖြစ်၍။ ဒမထာယ စ = ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူ မယွင်း ယဉ်ကျေးကြစေခြင်းငှါငှါ ။ သန္တော = ကိလေ-သာ ခပ်သိမ်း ကိုယ်တော်တိုင် ငြိမ်းတော်မူပြီးဖြစ်၍။ သမ-ထာယ စ = ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူ မယွင်း ငြိမ်းကြစေခြင်းငှါ ။ တိဏ္ဏောဝ = သြဃ လေးခဏ်း ရေပြင်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ် တော်တိုင် လွန်မြောက်ပြီးဖြစ်၍သာလျှင်။ တရဏာယ စ = ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြစေခြင်းငှါ ။ နိဗ္ဗုတော = ကိလေသ ပရိနိဗ္ဗာန် ဝင်စံအေးငြိမ်းတော်မူပြီးဖြစ်၍။ နိဗ္ဗာနတ္ထာယ

http://www.dhammadownload.com



စ = ကျွတ်ထိုက်သူ မိုလ်မိုလ်လူတို့ ကိုယ်တူမယှဉ်း အေးငြိမ်းကြစေခြင်းငှါငှင်း။ ဓမ္မံ = သစ္စာလေးချက် တရားနက်ကို။ ဒေသေသိ = ကရုဏာရှေးရှု ဟောကြားတော်မူခဲ့လေပြီ။ လောကသရဏံ = လောကသုံးပါး၏ ကိုးစားမှီခိုရာတဆူ ဖြစ်တော်မူထသော။ တံ ဗုဒ္ဓံ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား ထိုမြတ်စွာဘုရားကို။ နမေ—နမာမိ = ကိုယ်, နှုတ်, နှလုံး = သုံးပါး ပျောင်းပျော့ မာနကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား····။

### မြတ်စွာဘုရားကို ဆွမ်းစားပင့်ခြင်း

ဤသို့ မြတ်စွာဘုရားရှင်က အရဟတ္တဖိုလ် အထွတ်တပ်၍ **ဟောကြားမိန့်ဆိုတော်မူအပ်လေသော်** သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားကို—

"အို အရှင်ဂေါတမ···· အကျွန်ုပ်တို့သည် အရှင်ဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ထိုက်၏ဟု ထင်မှားမိခဲ့ပါကုန်ပြီ၊ (သို့ရကား) အကျွန်ုပ်တို့သည်သာလျှင် ဂုဏ်ကိုချေဖျက်သူများ ဖြစ်ကြပါကုန်၏၊ အကျွန်ုပ်တို့သည် နှုတ်ထွက်ကြမ်းကာ စကားမောက်မာသူများ ဖြစ်ကြပါကုန်၏။

အို အရှင်ဂေါတမ···· ဥပမာဆောင် ထင်အောင်ဖော်ပြရပါမူ အမုန်ယစ်သောဆင်ကို ပုတ်ခတ်ထိပါး၍ ယောကျ်ားမှာ ချမ်းသာခြင်းဖြစ်သော်မူ ဖြစ်ရာပါသေး၏၊ အရှင်ဂေါတမကို ပုတ်ခတ်ထိပါး၍ကား ယောကျ်ားမှာ ချမ်းသာခြင်းသည် အလျှင်းပင် မဖြစ်နိုင်သည်သာတည်း။ (၁)

**အို အရှင်ဂေါတမ····**အလျှံတပြောင်ပြောင် တောက်လောင်၍နေသော မီးပုံကြီးကို ပုတ်ခတ်ထိပါး၍ ယောကျ်ားမှာ ချမ်းသာခြင်းဖြစ်သော်မူ ဖြစ်ရာပါသေး၏၊

http://www.dhammadownload.com



အရှင်ဂေါတမကို ပုတ်ခတ်ထိပါး၍ကား ယောက်ျားမှာ ချမ်းသာခြင်းသည် အလျှင်းပင် မဖြစ်နိုင်သည်သာ တည်း။ (၂)

အိုအရှင်ဂေါတမ…… လျှင်သော အဆိပ်ရှိသောမြွေ၊ ကြမ်းသော အဆိပ်ရှိသောမြွေကို ပုတ်ခတ်ထိပါး၍ ယောက်ျားမှာ ချမ်းသာခြင်းဖြစ်သော်မှ ဖြစ်ရာပါသေး၏၊ အရှင်ဂေါတမကို ပုတ်ခတ်ထိပါး၍ကား ယောက်ျားမှာ ချမ်းသာခြင်းသည် အလျှင်းပင် မဖြစ်နိုင်သည်သာ တည်း။ (၃)

အိုအရှင်ဂေါတမ……အကျွန်ုပ်တို့သည် အရှင်ဂေါတမ ကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ထိုက်၏ဟု ထင်မှားမိခဲ့ပါကုန်ပြီ၊(သို့ရကား) အကျွန်ုပ်တို့သည်သာလျှင် ဂုဏ်ကို ချေဖျက်သူများ ဖြစ်ကြပါကုန်၏၊ အကျွန်ုပ်တို့သည် နှုတ်ထွက်ကြမ်းကာ စကားမောက်မာသူများ ဖြစ်ကြပါ ကုန်၏"—

ဟူ၍ လျှောက်ထားလေသည်။

[**မှတ်ချက်။** ။ဤ၌ (အရှင်ဂေါတမကို ပုတ်ခတ် ထိပါး၍ကား ယောက်ျားမှာ ချမ်းသာခြင်းသည် အလျှင်းပင် မဖြစ်နိုင်သည်သာ တည်း) ဟူသော စကားရပ်ဖြင့် "အရှင်ဂေါတမကို ဝါဒပြိုင်ဆိုင်ပုတ် ခတ်ထိပါး၍ တဦးတယောက်သောသူမှာမှ ဖရိုဖရဲမကြဲသော မိမိ၏ဝါဒ ကို မူလရင်းအတိုင်း အပြည့်အစုံယူ၍ ဖဲသွားနိုင်စွမ်းမည်သည် မရှိ၊ မိမိ၏ဝါဒ ဖရိုဖရဲကြဲပြန့်ပျက်စီး၍သာ ပြန်သွားကြရသည်" ဟူသော အဓိပ္ပါယ်ကို ဖော်ပြသည်။မှန်၏—မြတ်စွာဘုရားသည် ဆင်ပြောင်ကြီး၊ မီးပုံကြီး၊ မြွေဆိုးကြီး များကဲ့သို့ တဦးတယောက်သောသူ၏မျှ အသက် အန္တရာယ်ကို ပြုတော်မမူ။

အထူးအားဖြင့် ဤသစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားကို ချီးပင့်လို၍ ဤဥပမာသုံးပါးကို ဆောင်သည်မဟုတ်၊ စင်စစ်သော်ကား မိမိကိုယ်ကို ချီးပင့်လို၍သာလျှင် ထုတ်ဆောင်လေသည်။ (ဥပမာအားဖြင့်) မင်း သည် ရန်သူတဦးတယောက်ကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ပြီးလျှင် ထို သတ်ဖြတ်အပ်သော ရန်သူကို "ထိုယောက်ျားကား ဤသို့စဉ် ရဲရင့်သူ

http://www.dhammadownload.com



ဤသို့စဉ် အစွမ်းသတ္တိနှင့်ပြည့်စုံသူ ဖြစ်ဘိ၏" ဟူ၍ ရန်သူကို ချီးမွမ်းသော်လည်း တဖက်လှည့်အားဖြင့် မိမိကိုယ်ကိုသာလျှင် ချီးမွမ်းသကဲ့သို့၊ ဤအတူပင်လျှင် သစ္စကပရိဗိုဇ်သည်လည်း ဥပမာသုံးရပ်ဖြင့် မြတ်စွာဘုရားကို ချီးပင့်သော်လည်း "ဤသို့စဉ် အမုန်ယစ်သောဆင်ပြောင်ကြီးကဲ့သို့ရင်း, ရဲရဲပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကဲ့သို့ရင်း, ပါးပျဉ်းထောင်လျက်ရှိသော အဆိပ်ထန်သည့် မြွေကြီးကဲ့သို့ရင်း လူသာမန်တို့ချဉ်းကပ်ရန် ခဲယဉ်းစွာသော မြတ်စွာဘုရားရှင်ကို ငါတို့သည် အယူဝါဒ ပြိုင်ဆိုင်လိုကြသည်ဖြစ်၍ ချဉ်းကပ်ခဲ့ကြကုန်ပြီ၊ (သို့ရကား) လောက၌ ငါတို့သာလျှင် ရဲရင့်သူများ ပညာရှိသူများ အကြားအမြင်များသူများ ဖြစ်ကြကုန်၏" ဟူ၍ တဖက်လှည့်အားဖြင့် မိမိကိုယ်ကိုသာလျှင် ချီးပင့်ခြင်းဖြစ်လေသည်။ ။ဤကား အထူးမှတ်ဖွယ်တည်း]။

ဤသို့ သစ္စကပရိဗိုဇ်သည် တဖက်လှည့်အားဖြင့် မိမိကိုယ်ကို ချီးပင့်ပြီးလျှင် မြတ်စွာဘုရားရှင်ကို "အရှင်ဂေါတမသည် နက်ဖြန် ကောင်းမှု ကုသိုလ်အလို့ငှါ အကျွန်ုပ်၏ (ပင့်ဖိတ်အပ်သော) ဆွမ်းကို ရဟန်းသံဃာနှင့်အတူ ခံယူတော်မူပါ"ဟူ၍ ပင့်ဖိတ်လျှောက်ထားလေသော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ထိုသစ္စက ပရိဗိုဇ်၏ ပင့်ဖိတ်လျှောက်ထားချက်ကို လက်ခံတော်မူလေ၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ လိစ္ဆဝီမင်းတို့ကို "အမောင်လိစ္ဆဝီမင်းတို့···ငါ၏ စကားကို နားထောင်ကြကုန်လော့၊ ငါသည် ရဟန်းဂေါတမကို ရဟန်းသံဃာနှင့်အတူ နက်ဖြန်ကောင်းမှုကုသိုလ်အလို့ငှါ ပင့်ဖိတ်အပ်ပြီးပြီ၊ ရဟန်းဂေါတမအား လျောက်ပတ်၏ဟု(အမောင်တို့) ထင်မှတ်ကြသော ဝတ္ထုကို ငါ့ထံသို့ ရှေးရှု ဆောင်ယူခဲ့ကြကုန်လော့"ဟူ၍ ပြောဆိုလေ၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည် ထိုညဉ့်ကုန်လွန်လတ်သော် သစ္စကပရိဗိုဇ်၏ အထံသို့ ပို့ဆွမ်း ဆွမ်းအိုး ငါးရာမျှကို ပို့သကြလေကုန်၏။ ထိုအခါ သစ္စကပရိဗိုဇ်သည် မိမိ၏ အရံ၌ မွန်မြတ်သော ခဲဖွယ် စားဖွယ်များကို စီရင်စေ၍ မြတ်စွာဘုရားအား "အရှင်ဂေါတမ ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်း ပြင်၍ ပြီးပါပြီ"ဟု အချိန်တန်ကြောင်းကို ကြားလျှောက်စေလေ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်တော်မူကာ သစ္စကပရိဗိုဇ်၏ အရံရှိရာအရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်း ထား အပ်သောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအခါ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သောခဲဖွယ်စားဖွယ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင် ပြုစုလုပ်ကျွေးလေ၏။

ထိုအခါ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား ဆွမ်းစားတော်မူပြီးသည်ကို သိ၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားကို—

> "အို အရှင်ဂေါတမ ···· ဤ အလှူဒါန၌ ကောင်းမှု၏ အကျိုးရင်း( = အနာဂတ် ဝိပါက်ခန္ဓာများ)နှင့် ကြီးမြတ်သော ကောင်းမှု၏ အကျိုးဆက် အကျိုးများ (မင်းမြောက်တန်းဆာငါးပါး စသည်) များသည် အလှူ့ဒါယကာ (လိစ္ဆဝီမင်း) တို့၏ ချမ်းသာခြင်းငှါ ဖြစ်ပါစေ"—

ဟူ၍ လျှောက်ထားလေ၏၊ (ဤစကားရပ်ကို သစ္စကပရိဗိုဇ်သည် "ငါကား လိစ္ဆဝီမင်းများ ပို့သအပ်သော ခဲဖွယ် စားဖွယ်ဖြင့် ရဟန်းဂေါတမကို တပည့်သံဃာနှင့်တကွ ပြုစုလုပ်ကျွေး အပ်လေပြီ၊ထိုကြောင့် ထိုကောင်းမှုသည် လိစ္ဆဝီမင်းတို့၏ ကောင်းမှုသာလျှင် ဖြစ်၏"ဟု စဉ်းစားဆင်ခြင်ကာ လျှောက်ဆိုခြင်း ဖြစ်သည်)။ သို့သော်လည်း မြတ်စွာဘုရားအားရင်း, ရဟန်းသံဃာအားရင်း, သစ္စကပရိဗိုဇ်က ဆွမ်းအလှူကို ပေးလှူအပ်လေသည်၊ လိစ္ဆဝီမင်းတို့က ပေးလှူအပ်သည်မဟုတ်၊ (လိစ္ဆဝီမင်းတို့ကား သစ္စကအား ပေးအပ်သော ဆွမ်းဖြစ်သည်၊ သစ္စကကမူတဆင့် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူအပ်သော ဆွမ်းဖြစ်သည်)။ထို့ကြောင့် မြတ်စွာဘုရားသည် သစ္စက၏ အယူအဆ စဉ်းစားဆင်ခြင်ချက်ကို အမှန်သို့ ရောက်အောင် ပြောင်းလဲစေတော်မူပြီးလျှင်—

> "သစ္စက ပရိဗိုဇ်····သင်ကဲ့သို့ ရာဂ, ဒေါသ, မောဟ မကင်းသေးသူ အလှူခံပုဂ္ဂိုလ်ကို စွဲ၍ (လိစ္ဆဝီမင်းတို့)

http://www.dhammadownload.com



ပေးလှူသော ဒါန်မှုသည် ပေးလှူသူ (လိစ္ဆဝီမင်း) တို့ အတွက် ဖြစ်ပေလိမ့်မည်။

သစ္စကပရိဗိုဇ်....ငါကဲ့သို့ ရာဂ, ဒေါသ, မောဟ ကင်းပြီးသူ အလှူခံ ပုဂ္ဂိုလ်ကို စွဲ၍ (သင်က) ပေးလှူသော ဒါနမှုသည်ကား ပေးလှူသူ (သင်)၏ အတွက် ဖြစ်ပေလိမ့်မည်"——

ဟု (သစ္စကအဖို့ရာ အနာဂတ်၌ ကောင်းမှု ကုသိုလ် ဝါသနာ အထုံရစေရန်) မိန့်ဆိုတော်မူလေ၏။

## မဟာသစ္စကသုတ္တန်ကို ဟောကြားတော်မူခြင်း

ဤဆိုအပ်ခဲ့ပြီးသည်ကား စူဠသစ္စကသုတ္တန်ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်အား ဤ စူဠသစ္စကသုတ္တန်ကိုသာ ဟောကြားတော်မူသည်မဟုတ်၊ မဟာသစ္စကသုတ္တန်ကိုလည်း နောက်တချိန်၌ ဟောကြားတော်မူသည်။ ထို မဟာသစ္စကသုတ္တန်၌ကား ကာယဘာဝနာ စိတ္တဘာဝနာ နှစ်ပါးတို့ကိုဂုဏ်း, သမ္မုဠ္ဌ ပုဂ္ဂိုလ် အသမ္မုဠ္ဌပုဂ္ဂိုလ်တို့ကိုဂုဏ်း အကျယ်ဝေဘန်၍ ဟောကြားတော်မူသည်။ ထိုမဟာသစ္စကသုတ္တန်ကိုမူ မူလပဏ္ဏာသပါဠိတော် ပိဋကတ် မြန်မာပြန် (စာမျက်နှာ ၃၀၀-မှ စ၍) အကျယ်ကို ကြည့်ရှုမှတ်သားရာ၏။

## သစ္စကာ၏ ဝါသနာအာဂိယအကျိုး

မြတ်စွာဘုရားသည် ဤသစ္စကပရိဗိုဇ်အား စူဠသစ္စကသုတ်, မဟာသစ္စကသုတ် ဤနှစ်သုတ်တို့ကို ဟောကြားတော်မူအပ်၏၊ စူဠသစ္စကသုတ်ကား တဘာဏဝါရရှိ၏၊ (သံဂါယနာတင်သော အခါ တကြိမ်ရွတ်စာရှိ၏)။ မဟာသစ္စကသုတ်ကား တဘာဏ-ဝါရခွဲရှိ၏၊ (သံဂါယနာတင်သောအခါ တကြိမ်ခွဲရွတ်စာရှိ၏)။ ဤသို့လျှင် နှစ်ဘာဏဝါရခွဲရှိသည့် များလှစွာသော တရားတို့ကို ကြားနာ၍လည်း ဤသစ္စကသည် မဂ်ဖိုလ်သို့လည်း မရောက်၊ ရဟန်းလည်းမပြု၊ (အယုတ်သဖြင့်) သရဏဂုံတို့၌သော်မှလည်း

http://www.dhammadownload.com



မတည်ချေ။ ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် ဤသစ္စက ပရိဗိုဇ်အား အဘယ့်ကြောင့် ဤမျှများပြားသော တရားတို့ကို ဟောကြားတော်မူပါသနည်းဟူ၍ မေးဖွယ်ရှိ၏။

အဖြေကား····နောင်အနာဂတ်ကာလ၌ တရားအထုံဝါသနာ ရပါစိမ့်သောငှါ ဟောကြားတော်မူသည်။ (ဤကား အဖြေ အကျဉ်းတည်း)။ အကျယ်အဖြေကား···· မြတ်စွာဘုရားရှင်သည် "ဤသစ္စကပရိဗိုဇ်မှာ ယခု ငါဘုရားလက်ထက်၌ မဂ်ဖိုလ်ရနိုင် လောက်သည့် ဉပနိဿယည်း ပစ္စည်းအကြောင်း မရှိချေ၊ အထူး အားဖြင့် ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးနောက် နှစ်ပေါင်း (၂၀၀) နှစ်ရာ ကျော်လွန်သောအခါ၌ သီဟိုဠ်ကျွန်းဝယ် သာသနာ တည်ထွန်းလိမ့်မည်၊ ထိုအခါ ဤသစ္စကပရိဗိုဇ်သည် သီဟိုဠ်ကျွန်း ဝယ် အမတ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ရဟန်းပြုပြီးလျှင် ပိဋကသုံးပုံတို့ကို သင်ကြားတတ်မြောက်၍ ဝိပဿနာတရား ပွါးများပြီးလျှင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တ- ဖိုလ်သို့ရောက်၍ ကာဠဗုဒ္ဓရက္ခိတ အမည်ရှိသော ရဟန္တာမထေရ် မြတ်ကြီး ဖြစ်လိမ့်မည်" ဟူ၍ အနာဂတံသဉာဏ်တော်ဖြင့် သိမြင် တော်မူလေသည်။ ဤအနာဂတ်အကြောင်းကို မြင်တော်မူ၍ နောက်အခါ၌ တရားအထုံဝါသနာ ရပါစိမ့်သောငှါ မြတ်စွာ ဘုရားသည် သစ္စကပရိဗိုဇ်အား နှစ်ဘာဏဝါရခွဲစာ ကျယ်ဝန်း စွာသောတရားကို ဟောကြားတော်မူလေသည်။

သစ္စကပရိဗိုဇ်သည်လည်း သီဟိုဠ်ကျွန်း၌ သာသနာနေဝန်း တည်ထွန်းလတ်သောအခါ နတ်ပြည်မှ စုတေခဲ့၍ ဒက္ခိဏာဂိရိ ကျောင်းတိုက်ကြီး၏ ဂေါစရဂံရွာဝယ် အမတ်မျိုး၌ဖြစ်၍ ရှင်ရဟန်းပြုနိုင်လောက်သောအရွယ်၌ ရှင်ရဟန်းပြုပြီးလျှင် ပိဋက သုံးပုံတည်းဟူသော ဘုရားစကားကို သင်ကြားတတ်မြောက်ပြီး၍ ဂိုဏ်းဦးစီးပုဂ္ဂိုလ်ကြီးဖြစ်ကာ များစွာသော တပည့်ရဟန်း အပေါင်းခြံရံလျက် ဉပဇ္ဈာယ်ဆရာတော်ကို ဖူးမြော်ကန်တော့ရန် သွားရောက်လေ၏။

http://www.dhammadownload.com



ထိုအခါ ထိုကာဠဗုဒ္ဓရက္ခိတ ဂိုဏ်းဆရာမထေရ်၏ ဥပဇ္ဈာယ် ဆရာတော်သည် မိမိ၏ သဒ္ဓိဝိဟာရိကတပည့်ကို အမြစ်တင်ဆိုဖွံ့ ဟု ကြံစည်တော်မူကာ ပိဋကသုံးပုံတည်းဟူသော ဘုရားစကား ကို သင်ကြားတတ်မြောက်ပြီး လာရောက်သူ ထိုကာဠဗုဒ္ဓရက္ခိတ ဂိုဏ်းဆရာမထေရ် (မိမိ၏ သဒ္ဓိဝိဟာရိကတပည့်) နှင့် မျက်နှာ ချင်းဆိုင်၍ စကားပြောဆိုမှုကိုမျှ မပြုပဲနေတော်မူလေသည်။

ကာဠဗုဒ္ဓရက္ခိတမထေရ်သည် မိုးသောက်အခါ၌ ထ၍ ဥပဇ္ဈာယ်ဆရာ မဟာထေရ်မြတ်၏အထံသို့ သွားရောက်၍ "အရှင် တို့ဘုရား....အရှင်ဘုရားတို့သည် ကျမ်းဂန်သင်ကြားမှု ပြီးလျှင် အရှင်တို့ထံမှောက် တပည့်တော်လာရောက်သည်ကို မျက်နှာချင်း ဆိုင်၍ စကားပြောဆိုမှုကိုမျှ ပြုတော်မမူကြကုန်၊ တပည့်တော်မှာ အဘယ်သို့သောအပြစ် ရှိပါသနည်း" ဟူ၍ မေးမြန်းလေ၏။ ထို အခါ ဥပဇ္ဈာယ်ဆရာ မဟာထေရ်မြတ်သည် "ဗုဒ္ဓရက္ခိတ...သင် သည် နိကာယ်ငါးရပ် ပိဋကသုံးပုံတည်း ဟူသော ဘုရားစကား တော်ကို သင်ကြားတတ်မြောက်ရုံမျှဖြင့် 'ငါ့မှာ ရဟန်းကိစ္စအထွတ် အထိပ်သို့ ရောက်ပြီ'ဟု အမှတ်ပြုသလော"ဟူ၍ မေးမြန်းတော်မူ လေသည်။ "အရှင်ဘုရား.... ထိုသို့ဖြစ်လျှင် တပည့်တော်သည် အဘယ်အမှုပြုရပါမည်နည်း"ဟု ဗုဒ္ဓရက္ခိတ(=သဒ္ဓိဝိဟာရိက) တပည့်က မေးလတ်သည်တွင် ဥပဇ္ဈာယ် မဟာထေရ်မြတ်သည် "သင်သည် ဂဏပလိဗောဓကို ဖြတ်တောက်ပြီးလျှင် ကြွင်းကျန် သောကိလေသာစု အကျယ်ချဲ့မှုကိုလည်း ပယ်ဖျောက်၍ စေတိယ တောင်ကျောင်းသို့ သွားရောက်၍ ရဟန်းတရားကို အားထုတ် လော့"ဟူ၍ မိန့်ဆိုတော်မူလေ၏။

ကာဠဗုဒ္ဓရက္ခိတ မထေရ်သည် ဥပဇ္ဈာယ်ဆရာ မဟာထေရ် မြတ်၏ အဆုံးအမ၌ တည်၍ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်သဖြင့် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ မင်းအပူဇော်ခံ ဘုန်းကံကြီးမား ထင်ရှားသော ပုဂ္ဂိုလ်တပါးဖြစ်၍ များစွာသော ရဟန်းအပေါင်း ခြံရံလျက် စေတိယတောင်ကျောင်း၌ပင် နေထိုင် သီတင်းသုံးတော်မူလေ၏။

http://www.dhammadownload.com



**တိဿမင်းကြီး တရားနာယူခြင်း အကြောင်း**

ထိုအခါ၌ တိဿမင်းကြီးသည် ဥပုသ် စောင့်သုံးမှု ပြုလျက် စေတိယတောင် ရာဇ-အမည်ရှိသော လိုဏ်ဂူ၌ နေ ဆဲ ဖြစ်၏။ မင်းကြီးသည် ကာဠဗုဒ္ဓရက္ခိတမထေရ်၏ အလုပ်အကျွေးဖြစ်သော ရဟန်းအား "အရှင်ဘုရား.... တပည့်တော်၏ အရှင်ကာဠဗုဒ္ဓ-ရက္ခိတမထေရ်သူမြတ် ပြဿနာကို ဖြေကြားလျှင်ဖြစ်စေ, တရားကို ဟောကြားလျှင်ဖြစ်စေ ထိုအခါ တပည့်တော်အား အသိပေးကြပါကုန်" ဟူ၍ မှာကြားထားလေသည်။ ကာဠဗုဒ္ဓရက္ခိတမထေရ်သည်လည်း တရားပွဲကျင်းပမည့်ဇနေ့တနေ့၌ များစွာသောရဟန်းအပေါင်းခြံရံလျက် "ကဏ္ဍက"မည်သော စေတီယင်ပြင်သို့ တက်ရောက်ကာ စေတီတော်ကို ရှိခိုးပြီးလျှင် တခုသော တည်နက်ပင်အရင်း၌ ရပ်တည်နေတော်မူ၏။

ထိုအခါ ကာဠဗုဒ္ဓရက္ခိတမထေရ်ကို ပိဏ္ဍပါတ်ဓုတင်ဆောင်မထေရ်တပါးက (အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်လာ) ကာဠ-ကာရာမသုတ်၌ ပြဿနာကို မေးမြန်းလေ၏။ ထိုအခါ ကာဠ-ဗုဒ္ဓရက္ခိတမထေရ်သည် ပိဏ္ဍပါတ်ဓုတင်ဆောင် မထေရ်ကို "ငါ့ရှင်....ယနေ့ကား တရားနာရာနေ့(=တရားပွဲကျင်းပရမည့်နေ့) မဟုတ်လော"ဟု မေးတော်မူလျှင် ပိဏ္ဍပါတ်ဓုတင်ဆောင်မထေရ်က ဟုတ်မှန်ကြောင်း ပြန်ကြားပြောဆိုလေ၏။ ထိုအခါ ကာဠဗုဒ္ဓရက္ခိတမထေရ်သည် "ငါ့ရှင်တို့....ထိုသို့ ဖြစ်လျှင် အင်းပျဉ်ငယ်=တရားဟောပလ္လင်ကို ဆောင်ယူခဲ့ကြကုန်လော့၊ ဤနေရာ၌ပင် နေထိုင်လျက် တရားနာမှု ပြုကြကုန်စို့=တရားပွဲသဘင် ဆင်ယင်ကျင်းပကြစို့" ဟူ၍ ပြောကြားမိန့်ဆိုလေသည်။ ထိုအခါ ကာဠဗုဒ္ဓရက္ခိတမထေရ်မြတ်အား တည်နက်ပင်အရင်း၌ပင် ဓမ္မာသနပလ္လင်ကို ခင်း၍ ပေးကြလေကုန်၏။

ကာဠဗုဒ္ဓရက္ခိတမထေရ်သည် ရှေ့ပိုင်း တရား နိဒါန်း ဂါထာတို့ကို ရွတ်ဆိုပြီးလျှင် စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ လာသော ကာဠကာရာမသုတ္တန်ကို စတင်၍ တရားဟောတော်မူလေ၏၊ မထေရ်၏ အလုပ်အကျွေး ဖြစ်သော ရဟန်းငယ်သည်

http://www.dhammadownload.com



လည်း မင်းကြီးမှာထားချက်အတိုင်း မင်းကြီးအား အသိပေးစေလေ၏။

တိဿမင်းကြီးသည် ရွှေပိုင်း တရားနိဒါန်း ဂါထာများကို ရွတ်ဆို၍မပြီးမီပင် တရားပွဲကျင်းပရာအရပ်သို့ ရောက်လာလေ၏။ ရောက်လာပြီးနောက် မထင်ရှားသော သူတယောက်၏ အသွင်ဖြင့်ပင် ပရိသတ် အစွန်အဖျားဌ တည်နေ၍ ညဥ့်သုံးယံပတ်လုံး ရပ်လျက်ပင် တရားကို နာယူ၍ ကာဠဗုဒ္ဓရက္ခိတ မထေရ်မြတ် တရားသိမ်းသောအခါ ကောင်းချီးနုမော် သာဓု ခေါ်လေ၏။ ကာဠဗုဒ္ဓရက္ခိတမထေရ်သည် မင်းကြီးမှန်းသိ၍ "အဘယ်အချိန်က လာရောက်သနည်း မင်းကြီး…." ဟူ၍ မေးလေ၏၊ "ရွှေပိုင်း တရား နိဒါန်းဂါထာတို့ကို ရွတ်ဆိုတော်မူစကပင် ရောက်လာပါကုန်သည် အရှင်ဘုရား…." ဟူ၍ မင်းကြီးက လျှောက်ဆိုလေလျှင် "မြတ်သောမင်းကြီး….သင်မင်းကြီးသည်ပြုနိုင်ခဲသည်ကို ပြုအပ်စွာ့တကား" ဟူ၍ ကာဠဗုဒ္ဓရက္ခိတ မထေရ်မြတ်က မိန့်တော်မူသောအခါ တိဿမင်းကြီးသည် "အရှင်ဘုရား….ဤ(တညဥ့်လုံးရပ်၍ တရားနာခြင်း) အမှုသည် ပြုနိုင်ခဲသောအမှု မဟုတ်ပါ၊ စင်စစ်သော်ကား အရှင်သူမြတ် တရားစ၍ ဟောကြားသည်မှ အစပြုကာ တပည့်တော်မှာ တပုဒ် တပဒမျှလောက်၌ သော်လည်း အာရုံတပါးသို့ စိတ်လွင့်ပါးခြင်းမရှိခဲ့ပါ၊ အကယ်၍ ရှိခဲ့ပြားအံ့၊ တပည့်တော်မှာ ဤ သီဟိုဠ် ကျွန်းဝယ် နှင်တံ တထောက်တို့လောက်ရုံမျှသော အရပ်၌လည်း အစိုးရခြင်း မည်သည် မဖြစ်ရပါစေသား" ဟူ၍ ကျိန်စာဆိုမှုကို ရဲရဲတောက် ပြုလေသည်။

### ဘုရားရှင်၏ ဂုဏ်တော်များ အသင်္ချေယျဖြစ်ကြောင်း

ထိုကာဠကာရာမသုတ်၌ကား မြတ်စွာဘုရား၏ဂုဏ်တော်များကို ဟောကြားပြသအပ်ကုန်၏၊ ထို့ကြောင့် တိဿမင်းကြီးသည် ကာဠဗုဒ္ဓရက္ခိတမထေရ်ကို "အရှင်ဘုရား….မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် ဤမျှသာလျှင် ရှိပါကုန်သလော၊ သို့မဟုတ် အခြားတပါးသော မြတ်စွာဘုရား၏ ဂုဏ်တော်များလည်း ရှိပါကုန်သေးသလော" ဟူ၍ မေးလျှောက်လေ၏။ "မြတ်သောမင်းကြီး….

http://www.dhammadownload.com



ငါယခု ထုတ်ဖော် ဟောကြားအပ်သော ဘုရားဂုဏ်တော်များ ထက် မဟောကြားရသေးသောဂုဏ်တော်များကသာ **မန္တိုင်းယှဉ်** နိုင်လောက်အောင် များလှပေ၏” ဟူ၍ ကာဠုဒါယီမထေရ်က ဖြေဆိုတော်မူလေသည်။

ထိုအခါ မင်းကြီးက “အရှင်ဘုရား.... ဥပမာကို ပြုတော်မူပါ” ဟူ၍ လျှောက်ထားလေသော် ကာဠုဒါယီမထေရ်မြတ်သည် “မြတ်သောမင်းကြီး....မင်းသုံးပယ်တာထောင်ခန့် ကျယ်ပြန့်သော သလေးစပါးခင်းကြီး၌ သလေးစပါးနှံတခုမှာပါရှိသော သလေး စပါးစေ့များထက် ကြွင်းကျန်ကြသည့် သလေးစပါးစေ့တို့ကသာ များကုန်သကဲ့သို့ ဤအတူ ငါယခု ထုတ်ဖော်ဟောကြားအပ်သော ဘုရားဂုဏ်တော်များကား (သလေးနှံတခု၌ပါရှိသည့် စပါးစေ့ များပမာ) အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ **ကြွင်းကျန်သော** ဂုဏ်တော်များကသာ (ကြွင်းကျန်သော သလေး**ခင်းတခုလုံး၌** ရှိသည့် သလေးစပါးစေ့များပမာ) များလှစွာကုန်၏”ဟူ၍ မိန့်ဆို တော်မူလေ၏။ (၁)

တဖန်ထပ်၍ တိသမင်းကြီးက “အရှင်ဘုရား.... အရှင်တို့ သည် ထိုမှတပါး အခြားဥပမာတခုကိုလည်း ပြုတော်မူကြပါဦး” ဟူ၍ လျှောက်ထားပြန်လေသော် ကာဠုဒါယီမထေရ်မြတ် သည် “မြတ်သောမင်းကြီး.... ရေအယဉ် တသွင်သွင်စီးဆင်း ပြည့်လျှံလျက်ရှိသော ဂင်္ဂါမြစ်ကြီးအတွင်း၌ အပ်နဖားပေါက်ကို ရေအယဉ်နှင့် တည့်တည့်ချိုက်ထားလျှင် အပ်နဖားတွင်းဖြင့် စီးဆင်း၍သွားသောရေကား အနည်းငယ်သာဖြစ်၍ ကြွင်းကျန် သော ရေအယဉ်ကသာ များပြားလှသကဲ့သို့ ဤအတူပင် ငါယခု ထုတ် ဖော် ဟော ကြား အပ် သော ဘု ရား ဂုဏ် တော် များ ကား (အပ်နဖားတွင်းမှ စီးသွားသော ရေပမာ) အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ ကြွင်းကျန်သော ဂုဏ်တော်များကသာ (ကြွင်းကျန် သည့် ဂင်္ဂါမြစ်ကြီးတခုလုံး၌ စီးဆင်းသွားသည့် ရေများပမာ) များလှစွာကုန်၏” ဟူ၍ မိန့်ဆိုတော်မူလေ၏။ (၂)

http://www.dhammadownload.com



ထိုနောက်တဖန် မင်းကြီးက "အရှင်ဘုရား.... အခြားဥပမာ တခုကိုလည်း ပြုတော်မူကြပါဦး" ဟူ၍ လျှောက်ထားပြန်လေသော် ကာဠဗုဒ္ဓရက္ခိတမထေရ်မြတ်သည် "မြတ်သော မင်းကြီး.... ဤလောက၌ မိုးစာငှက် (တနည်း ပျံလွှားငှက်)ခေါ်သော ငှက်ကလေးများသည် ကောင်းကင်၌ မြူးထူးပျော်ပါး ပျံသွားသည့်လည်းကြပေသည်၊ ထိုငှက်မျိုးကား အလွန်သေးငယ်လှ၏၊ အသို့နည်း ထိုငှက်ကလေး၏ ကောင်းကင်၌ အတောင်ဖြန့်ရာ အရပ်က များသလော၊ ကြွင်းကျန်သော ကောင်းကင်အရပ်က နည်းပါးသလော မင်းကြီး...." ဟူ၍ မေးတော်မူလေ၏။ မင်းကြီးက "အရှင်ဘုရား.... အရှင်တို့သည် ဘယ့်နှယ်ပြောလိုက်ကြသနည်း၊ ထိုငှက်ငယ်၏ အတောင်ဖြန့်ရာ ကောင်းကင်အရပ်ကား မပြောပလောက် နည်းလှစွာ၏၊ ကြွင်းကျန်သော ကောင်းကင်အရပ်ကသာ များလှစွာ၏" ဟူ၍ လျှောက်ဆိုလေသော် ကာဠဗုဒ္ဓရက္ခိတမထေရ်မြတ်သည် "မြတ်သောမင်းကြီး.... ဤအတူပင် ငါယခု ထုတ်ဖော်ဟောကြားအပ်သော ဘုရားဂုဏ်တော်များကား (မိုးစာငှက် တနည်း ပျံလွှားငှက်ကလေး အတောင်ဖြန့်ရာကောင်းကင်ပမာ)အနည်းငယ်မျှသာဖြစ်ကုန်၏၊ ကြွင်းကျန်သော ဂုဏ်တော်များကသာ (ကြွင်းကျန်သည့် ကောင်းကင်ကြီးပမာ) များလှစွာကုန်၏" ဟူ၍ မိန့်ဆိုတော်မူလေ၏။ (၃)

ထိုအခါ တိဿမင်းကြီးသည် "အရှင်ဘုရား.... အရှင်ဘုရားတို့သည် အဆုံး အပိုင်း အခြားမရှိသော ဘုရားဂုဏ်တော်တို့ကို အဆုံး အပိုင်း အခြားမရှိသော ကောင်းကင်ကြီးဖြင့် နှိုင်းယှဉ်အပ်ကုန်ရကား ကောင်းစွာဟောကြားအပ်ပါပေ၏။ ဘပည့်တော်တို့သည် အရှင်မြတ်အား ကြည်ညိုလှပါကုန်၏၊ သို့သော်လည်း အရှင်တို့နှင့် သင့်လျော်လျောက်ပတ်အောင် ပူဇော်မှုကို ပြုခြင်းငှါ မစွမ်းနိုင်ကြပါကုန်။ ဤသီဟိုဠ်ကျွန်း၌ ယူဇနာသုံးရာအဝန်းရှိသော မင်းအဖြစ်ကို အရှင်မြတ်အား အကျွန်ုပ်တို့သည် လှူဒါန်းပါကုန်၏၊ ဤ အလှူဝတ္ထုသည်ကား အကျွန်ုပ်၏ ဆင်းရဲသားလက်ဆောင်

http://www.dhammadownload.com



ဖြစ်ပါသည်ဘုရား" ဟူ၍ လျှောက်ထားလေ၏။ ။(ဤ၌ တိဿမင်းကြီး၏ မင်းအဖြစ် = မင်းစည်းစိမ်ကား ပဒေသရာဇ်မင်းအဖြစ် = မင်းစည်းစိမ်ဖြစ်လေသည်၊ အရှင်ကာဠုဒါယီ ရက္ခိတ မထေရ်မြတ် ဟောကြားအပ်သော ဘုရားဂုဏ်တော်တို့နှင့် စပ်သည့် တရားစကားကား အဖိုးမပြတ်နိုင်အောင် ထိုက်တန်လှလေသည်၊ ထို့ကြောင့် မင်းကြီးသည် မိမိ၏ မင်းအဖြစ် = မင်းစည်းစိမ်ကို "ဆင်းရဲသားလက်ဆောင် ဖြစ်ပါသည်ဘုရား" ဟူ၍ လျှောက်ထားလေသည်)။

ကာဠုဒါယီ ရက္ခိတ မထေရ်မြတ်သည်လည်း "မြတ်သောမင်းကြီး.... သင်မင်းကြီးသည် မိမိ၏ သဒ္ဓါကြည်ညိုသော အပြုအမူကို ပြုအပ်ခဲ့လေပြီ၊ ငါတို့သည်ကား ငါတို့အား သင်မင်းကြီးလှူဒါန်းအပ်သည့် မင်းအဖြစ် = မင်းစည်းစိမ်ကို သင်မင်းကြီးတို့အား သာလျှင် တဖန်ပြန်၍ ပေးပါကုန်၏၊ တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ပါလော့" ဟူ၍ မိန့်တော်မူကာ မင်းစည်းစိမ်ကို တိဿမင်းကြီးအားပင် တဖန်ပြန်၍ ပေးအပ်တော်မူလေ၏။

(ဓမ္မပဒေသ။ ။ဤကာဠုဒါယီရက္ခိတရဟန္တာ မထေရ်မြတ်၏ကျင့်ထုံးကို နှလုံးမူသောအားဖြင့် ရဟန်းတော်အရှင်မြတ်များအား တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သောသူတို့က တရားနှင့်စပ်၍ သဒ္ဓါတရားကြီးမားလှသဖြင့် ရဟန်းတော်များနှင့် မသင့်လျော်သော လူ့အသုံးအဆောင် မင်းအသုံးအဆောင် မင်းစည်းစိမ်များကို လှူဒါန်းခဲ့သော် ထိုအလှူဝတ္ထုများကို အလှူရှင်ဒါယကာ မင်းများအားသာလျှင်တဖန်ပြန်၍ ပေးအပ်ဆောင်နှင်းရာ၏။

မှာထားချက်။ ။ဤ ပဌမဝါကပ်ဆိုတော်မူသောအခန်း၌ မြတ်စွာဘုရားရှင်သည် သီဟိုဠ်ကျွန်းသို့ နှစ်ကြိမ်မြောက် ကြွရောက်တော်မူ၍ စူဠောဒရ,မဟောဒရ နဂါးမင်း တူအရီးတို့အား တရားဟောတော်မူကြောင်း ရေးသားရန်ဖြစ်သော်လည်း သီဟိုဠ်ကျွန်းသို့ မြတ်စွာဘုရား သုံးကြိမ် (၃-ခေါက်)ကြွရောက်တော်မူကြောင်းကို တပေါင်းတစုတည်း ဖော်ပြလိုသဖြင့် ဤ၌ မရေးသားသေးပဲ အဋ္ဌမဝါကပ်တော်မူသော အခန်းသို့ ရောက်မှ အကြောင်းအရာသုံးရပ်ကို ပေါင်း၍ ပြဆိုပေအံ့)။

ဤတွင် အခန်း ၂၃-ပြီး၏။

http://www.dhammadownload.com



## အခန်း-၂၄

### မြတ်စွာဘုရားရှင် ခြောက်ခုမြောက် ဝါကို မကုဋ္ဌတောင်၌ ဝါဆိုတော်မူခြင်း

မြတ်စွာဘုရားရှင်သည် (ဆိုအပ် ခဲ့ပြီးသော အတိုင်း) ငါးခုမြောက် (=ပဉ္စမ) ဝါကို ဝေသာလီပြည် မဟာဝုန်တော၌ ဝါကပ်ဆိုတော်မူ၍ ထိုဝါတွင်းဝယ် ကျွတ်ထိုက်သသူ နတ်လူမြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၍ ထိုပဉ္စမဝါ ကျွတ်သောအခါ သတ္တလောကကို ချီးမြှောက်ရန် အလို့ငှါ သာဝတ္ထိ, ရာဇဂြိုဟ်အစရှိသော ထိုထို မြို့ရွာအရပ်တို့သို့ ခရီးဒေသစာရီ ကြွချီတော်မူ၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေသည်။

### ဒေသစာရီ နှစ်မျိုး

မြတ်စွာဘုရား၏ ခရီးဒေသစာရီ ကြွချီတော်မူခြင်းသည် (၁)တုရိတစာရိကာ = အဆောတလျင် ကြွချီတော်မူခြင်း၊ (၂)အတုရိတစာရိကာ = မြို့စဉ်ရွာစဉ်အတိုင်း နေ့စဉ်မှန်မှန် တယူဇနာ နှစ်ယူဇနာစသည်ဖြင့် ခရီးဒေသစာရီ ကြွချီတော်မူခြင်း ဟူ၍ နှစ်ပါးရှိ၏။

ထိုတွင် ခရီးယူဇနာ ဝေးကွာသော အရပ်၌သော်လည်း ချွေချွတ်ထိုက်သော ပုဂ္ဂိုလ်ကို မြင်တော်မူလျှင် ထိုပုဂ္ဂိုလ်ကို ချွေချွတ်ရန် အဆောတလျင် ခရီးယာယီ ကြွချီတော်မူခြင်းမျိုးကို "တုရိတစာရိကာ" ဟူ၍ ခေါ်သည်။ ထိုတုရိတစာရိကာ ခေါ်သော ဒေသစာရီ ကြွချီတော်မူခြင်းကို အရှင်မဟာကဿပကို ခရီးကြိုကြွရောက်တော်မူခြင်း စသောအရာ၌ သိမှတ်အပ်၏။ မှန်၏— မြတ်စွာဘုရားသည် မဟာကဿပမထေရ်ကို ခရီးကြိုကြွရောက်တော်မူသောအခါ တမုဟုတ်အတွင်းမှာပင် သုံးဂါဝုတ် ဝေးကွာသော ခရီးသို့ ကြွရောက်စောင့်ကြိုတော်မူလေသည်။ အာဠဝက ဘီလူးကို ချွေချွတ်တော်မူရန်အတွက်

http://www.dhammadownload.com



ယူဇနာသုံးဆယ်ဝေးကွာသော ခရီးကို တမုဟုတ် အတွင်းမှာပင် အရောက်ကြွသွားတော်မူလေသည်။ အင်္ဂုလိမာလ ခိုးသားကို ချေချွတ်ရန်အတွက်လည်း ဤနည်းပင်။ ပက္ကုသာတိမင်း(ရဟန်းပြု၍လာသည်) ကို ချေချွတ်ရန် အတွက်ကား လေးဆယ့်ငါးယူဇနာ ဝေးကွာသောခရီးကို တမုဟုတ်အတွင်းမှာပင် အရောက်ကြွသွားတော်မူလေသည်။ မဟာကပ္ပိနမင်းကို ချေချွတ်တော်မူရန် ယူဇနာ တရာ့နှစ်ဆယ် ဝေးကွာသောခရီးကို တမုဟုတ် အတွင်းမှာပင် အရောက်ကြွသွားတော်မူလေသည်။ ခနိယ န္တားသူဌေး ဇနီးမောင်နှံတို့ကို ချေချွတ်ရန် အတွက်ကား ယူဇနာ ခုနစ်ရာ ဝေးကွာသော ခရီးကို တမုဟုတ် အတွင်း အရောက်ကြွသွားတော်မူလေသည်။ ဤသို့ အစရှိသော အဆောတလျင် ခရီးဒေသစာရီ ကြွချီတော်မူခြင်းမျိုးကို တုရိတစာရိကာ ဟူ၍ ခေါ်၏။

မြတ်စွာဘုရားသည် ထိုထိုမြို့ရွာ၌ ဝါကပ်ဆိုတော်မူ၍ ဝါကျွတ်သောအခါ ဝါကပ်ဆိုရာ ထိုထိုမြို့ရွာမှ ထွက်တော်မူ၍ ရွာနိဂုံးအစဉ်အတိုင်း တနေ့လျှင် တယူဇနာ နှစ်ယူဇနာ ကြွတော်မူကာ ထိုထိုရွာနိဂုံးတို့၌ ဆွမ်းခံလှည့်လည်တော်မူခြင်း, တရားဟောခြင်းဖြင့် လူအပေါင်းကို ချီးမြှောက်တော်မူလေသည်။ ထိုသို့ ချီးမြှောက် ကြွသွားတော်မူခြင်းကို အတုရိတစာရိကာ ဟူ၍ ခေါ်၏။

### ခရီး အဝန်း သုံးမျိုး

ဤအတုရိတ ဒေသစာရီကို ကြွချီတော်မူသော မြတ်စွာဘုရားသည်···· (၁) မဟာမဏ္ဍလ = အကျယ်ဝန်းဆုံးသော ခရီးအဝန်း၊ (၂) မဇ္ဈိမမဏ္ဍလ = အလယ်အလတ်ဖြစ်သော ခရီးအဝန်း၊ (၃) အန္တောမဏ္ဍလ = အငယ်ဆုံး အနည်းဆုံးသော ခရီးအဝန်း၊ ဤခရီးအဝန်း သုံးမျိုးတို့ အနက် တပါးပါးသော ခရီးအဝန်း၌ ကြွချီတော်မူလေသည်။

http://www.dhammadownload.com



ထိုခရီးအဝန်း သုံးမျိုးတို့တွင် (၁) မဟာမဏ္ဍလ ခရီးအဝန်းသည် ယူဇနာ (၉၀၀) ကိုးရာရှိ၏၊ (၂) မဇ္ဈိမမဏ္ဍလ ခရီးအဝန်းသည် ယူဇနာ (၆၀၀) ခြောက်ရာရှိ၏၊ (၃) အန္တောမဏ္ဍလ ခရီးအဝန်းသည် ယူဇနာ (၃၀၀) သုံးရာရှိ၏။

(၁) ထင်ရှားစေဦးအံ့.... မြတ်စွာဘုရားရှင်သည် ထိုထိုမြို့ရွာ၌ ဝါကပ်ဆိုတော်မူ၍ ဝါကျွတ်သောအခါ ထိုဝါဆိုရာမြို့ရွာ၌ ကျွတ်ထိုက်သော သတ္တဝါတို့အတွက် စောင့်ဆိုင်းရန် အကြောင်းထူးမရှိလျှင် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးနောက် လပြည့်ကျော်တရက်နေ့၌ များစွာသော ရဟန်းအပေါင်းခြံရံလျက် ခရီးဒေသစာရီ တနေ့လျှင် တယူဇနာ နှစ်ယူဇနာ ကြွချီတော်မူလေသည်၊ နောက်နှစ် ဝါဆိုလပြည့်တိုင်အောင် ဒေသစာရီ ကြွချီတော်မူခြင်းဖြစ်၍ လပေါင်း (၉) ကိုးလကြာသည်။

ထိုသို့ ခရီးဒေသစာရီ ကြွချီတော်မူသောအခါ မြတ်စွာဘုရားရှင် ရောက်တော်မူရာ မြို့ရွာနိဂုံးကို အလယ်ဗဟိုထား၍ ရွှေနောက်ဝဲယာ ထက်ဝန်းကျင် လေးမျက်နှာမှ ယူဇနာ တရာတိုင်တိုင် တခဲနက် အုတ်အုတ်ကျက်ကျက် ဖြစ်လျက်ရှိ၏၊ အလျင်လက်ဦး ရောက်လာသော ပုဂ္ဂိုလ်များသာလျှင် မြတ်စွာဘုရားကို ပင့်ဖိတ်နိုင်ခွင့် ရကုန်၏၊ ကျန်သော အဝန်းနှစ်ပါး၌ ပူဇော်သက္ကာရသည် ဤမဟာမဏ္ဍလ အဝန်း၌ သက်ရောက်လေသည်။ ထိုမဟာမဏ္ဍလ ခရီးအဝန်း၌ မြတ်စွာဘုရားသည် ထိုထိုရွာနိဂုံးတို့၌ တရက်နှစ်ရက် နေတော်မူကာ လူများအပေါင်းကို ဆွမ်းစသော အာမိသကို ခံယူတော်မူခြင်းဖြင့် ချီးမြှောက်တော်မူလျက်ငင်း, တရားဟောခြင်းဖြင့် ထိုလူအပေါင်း၏ ဝိဝဋ္ဋနိဿိတ ကုသိုလ်တရားကို တိုးပွါးစေလျက်ငင်း ကိုးလကြာအချိန်ကာလဖြင့် ဒေသစာရီ ကြွချီမှုကို ပြီးဆုံးစေတော်မူ၏

http://www.dhammadownload.com



(= ကိုးလကြာအောင် ဒေသစာရီ ကြွချီတော်မူသည်ဟု ဆိုလိုသည်)။

ထို (၉) ကိုးလကြာကြွသော ခရီးအဖြောင့်မှာ ယူဇနာ (၃၀၀) သုံးရာတိတိ ရှိလေသည်၊ ပေါက်ရောက်လေသည်၊ ထိုယူဇနာသုံးရာကို အလယ်ဗဟိုထား၍ လက်ဝဲမှ ယူဇနာသုံးရာ, လက်ျာမှ ယူဇနာသုံးရာအတွင်းရှိ လူများအပေါင်းသည် မြတ်စွာဘုရားအား ဆွမ်းစသော အာမိသကို လှူဒါန်းခြင်း, မြတ်စွာဘုရား ဟောကြားအပ်သည့် တရားကို နာကြားခြင်း ကောင်းမှုကို ပြုလုပ်ကြရသဖြင့် ထိုလက်ဝဲမှ ယူဇနာသုံးရာ, လက်ျာမှ ယူဇနာသုံးရာ ခရီးအရပ်သို့လည်း ဒေသစာရီ ကြွချီတော်မူပြီးသား ဖြစ်လေသည်၊ ထို့ကြောင့် "(၁) မဟာမဏ္ဍလခရီးအဝန်းသည် ယူဇနာ(၉၀၀) ကိုးရာရှိ၏" ဟူ၍ ရှေး၌ဆိုအပ်လေသည်။

(၂) ဝါကပ်ဆိုတော်မူရာ ဝါတွင်းကာလ၌ ရဟန်းတော်တို့၏ သမထနှင့်ဝိပဿနာ = သမာဓိနှင့်ပညာတို့ အကယ်၍ မရင့်ကျက်ကြသေးလျှင် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုတော်မမူသေးပဲ ပဝါရဏာကို တန်ဆောင်မုန်းလပြည့်နေ့တိုင် ငင်တော်မူ၍ထိုတန်ဆောင်မုန်းလပြည့်နေ့ကျမှ ပဝါရဏာပြုပြီးလျှင် ထိုလပြည့်ကျော်(၁) ထရက်နေ့၌ ရဟန်းအပေါင်းခြံရံလျက် ခရီးဒေသစာရီ ထွက်တော်မူကာ မဇ္ဈိမမဏ္ဍလခရီးအဝန်း၌ သက်တော်မူ၏။ အခြားတပါးသော အကြောင်းကြောင့်လည်း မဇ္ဈိမမဏ္ဍလခရီး အဝန်း၌ ဒေသစာရီ ကြွချီတော်မူလိုသော မြတ်စွာဘုရားသည် ဝါဆိုတော်မူရာ ထိုထို ရွာနိဂုံးတို့၌ (တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်) လေးလပတ်လုံး နေတော်မူပြီးမှသာ ခရီးယာယီ ထွက်ချီကြွမြန်းတော်မူလေသည်။ ဆိုအပ်ပြီးသောအတိုင်း ကျန်ခရီး အဝန်း နှစ်ပါး၌ဖြစ်သော ပုဗ္ဗဇော်သဏ္ဍာရသည် မဇ္ဈိမမဏ္ဍလခရီး အဝန်း၌ သက်လေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ရှေးနည်းအတူ လောက(=လူအပေါင်း) ကို ချီးမြှောက်တော်မူလျက် ရှစ်လကြာ အချိန်ကာလဖြင့် ဒေသစာရီ ကြွချီမှုကို ပြီးဆုံးစေတော်မူ၏ (=ရှစ်လကြာအောင် ဒေသစာရီ ကြွချီတော်မူသည်ဟု ဆိုလိုသည်)။

ထိုသို့ ရှစ်လကြာ ကြွသောခရီး အဖြောင့်မှာ ယူဇနာ (၂၀၀) နှစ်ရာတိတိ ရှိလေသည်၊ ပေါက်ရောက်လေသည်၊ ထိုယူဇနာနှစ်ရာကို အလယ်ဗဟိုထား၍ လက်ဝဲမှ ယူဇနာနှစ်ရာ, လက်ျာမှ ယူဇနာနှစ်ရာအတွင်းရှိ လူများအပေါင်းသည် အာမိသကို လှူဒါန်းရခြင်း, တရားတော်ကို နာကြားရခြင်း ကောင်းမှုကို ပြုလုပ်ကြရသဖြင့် ထိုလက်ဝဲလက်ျာ ယူဇနာနှစ်ရာစီသောခရီးအရပ်သို့လည်း ဒေသစာရီကြွချီတော်မူပြီးသား ဖြစ်လေသည်၊ ထို့ကြောင့် "(၂) မဇ္ဈိမမဏ္ဍလ ခရီးအဝန်းသည် ယူဇနာ (၆၀၀) ခြောက်ရာ ရှိ၏"ဟူ၍ ရှေး၌ ဆိုအပ်လေသည်။

(၃) မိုးလေးလပတ်လုံး (တန်ဆောင်မုန်းလပြည့်နေ့တိုင်) မြတ်စွာဘုရားရှင် ဝါကပ်သီတင်းသုံးနေထိုင်တော်မူသော်လည်း ထိုထိုဝါကပ်ဆိုရာ မြို့ရွာနိဂုံး၌ ချွတ်ချရမည့် သတ္တဝါတို့ အကယ်၍ ဉာဏ်နုံ မရင့်ကျက်သေးလျှင်ယင်း ဉာဏ်နုံရင့်ကျက်ချိန်ကို စောင့်ဆိုင်းငံ့လင့်တော်မူကာ နောက်ထပ်ဆက်၍ (နတ်တော်လပြည့်တိုင်အောင်) တလသော်၎င်း, (ပြာသိုလပြည့်တိုင်အောင်) နှစ်လသော်၎င်း, (တပို့တွဲလပြည့်တိုင်အောင်) သုံးလသော်၎င်း, (တပေါင်းလပြည့်တိုင်အောင်) လေးလသော်၎င်း ထိုဝါကပ်ဆိုရာ မြို့ရွာနိဂုံး၌ပင် နေတော်မူပြီးမှ များစွာသော ရဟန်းအပေါင်း ခြံရံလျက် (အန္တောမဏ္ဍလခရီးအဝန်း၌) ခရီးယာယီ ထွက်ချီကြွမြန်းတော်မူလေသည်။ ဆိုအပ်ပြီးသော အဘိုင်းကျန်ခရီးအဝန်း နှစ်ပါး၌ဖြစ်သော ပူဇော်သက္ကာရသည် အန္တောမဏ္ဍလ ခရီးအဝန်း၌ သက်လေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ရှေးနည်းအတူ လောက (=လူအပေါင်း)ကို ချီးမြှောက်တော်မူလျက် ခုနစ်လ (သို့မဟုတ်) ခြောက်လ (သို့မဟုတ်) ငါးလ (သို့မဟုတ်) လေးလကြာ အချိန်ကာလဖြင့် ဒေသစာရီ ကြွချီမှုကို ပြီးဆုံးစေတော်မူ၏ (= ခုနစ်လ (သို့မဟုတ်)ခြောက်လ, ငါးလ, လေးလကြာအောင် ဒေသစာရီ ကြွချီတော်မူသည်ဟု ဆိုလိုသည်)။

ထိုသို့ ခုနစ်လကြာ (သို့မဟုတ်) ခြောက်လ, ငါးလ, လေးလကြာကြွသော ခရီးအဖြောင့်မှာ အချိန်ကာလနည်းလှသဖြင့် ယူဇနာ ၁၀၀-ရှိလေသည်၊ ရှေးနည်းအတူ လက်ဝဲလကျာ ယူဇနာတရာစီသော ခရီးအရပ်သို့လည်း ဒေသစာရီ ကြွချီတော်မူပြီးသား ဖြစ်လေသောကြောင့် "(၃) အန္တောမဏ္ဍလ ခရီးအဝန်းသည် ယူဇနာ (၃၀၀) သုံးရာရှိ၏" ဟူ၍ ရှေး၌ ဆိုအပ်လေသည်။

ဤသို့လျှင် ဤအဝန်းသုံးပါးတို့အနက် တပါးပါး၌ ခရီးဒေသစာရီကြွချီတော်မူသော မြတ်စွာဘုရားသည် သင်္ကန်း, ဆွမ်း,ကျောင်း,ဆေး(=ပစ္စည်းလေးပါး)တို့ကို ရဖို့ရန် ကြွချီတော်မူသည်မဟုတ်၊ စင်စစ်သော်ကား "ဆင်းရဲသောသူ, မသိမလိမ္မာသောသူ, အိုမင်းသောသူ, မမာမကျန်းသောသူတို့သည် ငါဘုရားထံမှောက်သို့ လာရောက်ကြကာ ဘယ်အခါမှာမှ ဖူးမြော်နိုင်ကြမည်မဟုတ်၊ ငါဘုရားဒေသစာရီ ကြွချီလျှင်ကား ဖော်ပြရာပါ လူများအပေါင်းသည် မြတ်စွာဘုရားကို ဖူးမြော်ခွင့် ရကြလိမ့်မည်၊ ထိုလူများအနက် အချို့လူများသည် ငါဘုရား၌ စိတ်ကို ကြည်လင်စေကြလိမ့်မည်၊ အချို့ကား ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြလိမ့်မည်၊ အချို့ကား တယောက်မ-မျှသော ဆွမ်းကို လှူဒါန်းကြလိမ့်မည်၊ အချို့ကား မိစ္ဆာအယူကို ပယ်ဖျောက်စွန့်ပစ်၍ သမ္မာဒိဋ္ဌိ အယူရှိသူတို့ ဖြစ်ကြလိမ့်မည်၊ ထိုသို့ဖြစ်ခြင်းသည် ထိုလူများအဖို့ရာ ကာလရှည်ကြာ စီးပွါး

http://www.dhammadownload.com



ချမ်းသာတရား တိုးပွါးရန် ဖြစ်ပေလိမ့်မည်” ဟူ၍ ဆင်ခြင် ကြံစည်တော်မူကာ လူများအပေါင်းကို သနား စောင့် ရှောက်ရန်အတွက်သာ ခရီးဒေသစာရီ ကြွချီတော်မူလေ သည်။ (ဒီ ဋ္ဌ၊ ၁၊ ၂၁၆-မှ)။

မြတ်စွာဘုရားသည် ငါးခုမြောက်ဝါကို ဝေသာလီပြည် မဟာ-ဝုန်တောဌ် ဝါကပ်ဆိုတော်မူပြီးနောက် ဝါကျွတ်သောအခါ သတ္တလောကကို ချီးမြှောက်ရန်အလို့ငှါ သာဝတ္ထိ, ရာဇဂြိုဟ် ထိုထိုမြို့ရွာနိဂုံးတို့သို့ (ဖော်ပြရာပါ ခရီးအဝန်းသုံးပါးတို့အနက် တပါးပါးသော ခရီးအဝန်းဖြင့်) ခရီးဒေသစာရီ ကြွချီတော်မူ၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် ခြောက်ခုမြောက်ဖြစ်သော ဆဋ္ဌဝါကို သမုဒြာ၏အနီးဝယ် ချယား တော တံတိုင်းအရာမ်ရှိသည့် မကုဋ္ဌတောင်ကျောင်း၌ ဝါကပ်ဆို တော်မူ၍ ကျွတ်ထိုက်သသူ နတ်လူမြဟ္မာ သတ္တဝါတို့ကို တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးနေထိုင်တော်မူ၏။

## ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ် အကြောင်း

မြတ်စွာဘုရားရှင်သည် မကုဋ္ဌတောင်ကျောင်း၌ ဆဋ္ဌဝါ ဆိုတော်မူပြီးနောက် ထိုဝါမှ ထတော်မူ၍ အစဉ်သဖြင့် ခရီးဒေသ စာရီ ကြွချီတော်မူလတ်ရာ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ဝေဠုဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးနေထိုင်တော်မူ၏။

ယင်းသို့ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း တိုက်၌ သီတင်းသုံးနေထိုင်တော်မူစဉ် တနေ့သ၌ ရာဇဂြိုဟ် သူဌေး သည် ဂင်္ဂါမြစ်၌ ရေကစားလိုရကား မိမိရေကစားမည့်နေရာ ဌာန၏ အထက်အောက် ဂင်္ဂါမြစ်အတွင်း၌ ဘေးရန်ကင်းစိမ့် သောငှါလည်း, မတော်တဆ မေ့လျော့သဖြင့် လျှောပြုတ် လွှက် ကျွတ်ကျသော အဆင်တန်းဆာတို့ မဆုံးရှုံးအောင် စောင့်ရှောက် ရန်အလို့ငှါလည်း ပခြုပ်ကြုတ်ပုံဟန် လေးမျက်နှာဝန်းရံ၍ ပိုက်ကွန် တို့ကို ချထားပြီးလျှင် ဂင်္ဂါမြစ်အတွင်း၌ လွတ်လပ်စွာ မိမိ၏ အခြီအရံများနှင့်တကွ ရေကစား၍ နေလေ၏။

http://www.dhammadownload.com



ထိုအခါ ဂင်္ဂါမြစ်ညာ အထက်ကမ်းနား၌ ပေါက်ရောက်သော စန္ဒကူးနီပင်တပင်၏ အမြစ်ကို ဂင်္ဂါရေတိုက်စားသဖြင့် အမြစ်ပါ တိမ်းလည်း၍ မျောပါလာခဲ့ရာ လမ်းခရီးအကြား ထိုထိုရေပြင် ကျောက်ဆောင်ကျောက်စွန်းတို့၌ တိုက်ခိုက်သဖြင့်ကျိုးပဲ့ပွန်းပြတ် ကာ ဖရိုဖရဲ ကစဉ့်ကရဲ အပိုင်းပိုင်းဖြစ်ခဲ့ရာမှ ရေအိုး ပမာဏရှိ သော စန္ဒကူးနီနှစ်တုံးတခုသည် ကျောက်ဆောင် ကျောက်စွန်း တို့၌ တိုက်ခိုက်ထိပါးလျက် ရေလှိုင်းတံပိုး အမျိုးမျိုးတို့ဖြင့် ပုတ်ခတ် အပ်ပြန်သည်ဖြစ်၍ ချောမွတ်ပြေပြစ်သော အသားတုံးဖြစ်ကာ အစဉ်သဖြင့် မျောလာခဲ့ရာမှ မှော်ညှင်းမှော်သေးများ မြှေးယှက် ကာ ထိုရာဇဂြိုဟ်သူဌေး ရေချိုးရာအရပ်၌ ဝန်းရံဆည်းကာလျက် ထားအပ်သော ပိုက်ကွန်ဝယ် ငြိတွယ်တန့်ရပ်လေ၏။ သူဌေး၏ အချို့ အရံ အစေ အပါး ယောကျ်ားတို့သည် ထိုစန္ဒကူးနီနံ့သာ တုံးကို ယူဆောင်ခဲ့ကြ၍ သူဌေးအား ပေးဆက်ကြကုန်၏။

ထိုအချိန်၌ ရာဇဂြိုဟ်သူဌေးကား သမ္မာဒိဋ္ဌိအယူရှိသူလည်း မဟုတ်၊ မိစ္ဆာ ဒိဋ္ဌိအယူရှိသူလည်း မဟုတ်၊ ဘာသာရေးလက်လွှတ် နေသည့် အလယ် အလတ်သဘောရှိသော သူတယောက်သာ ဖြစ်၏။ သို့ရကား ထိုသူဌေးသည် ထိုစန္ဒကူးတုံးကို အိမ်သို့ ယူ ဆောင်ခဲ့စေ၍ ပဲခွပ်သွားအဖျားဖြင့် ခုတ်ထစ်ရွှေစေလတ်သည်တွင် ချိတ်ရည်အဆင်း သင်းပျံ့မွှေးကြူသော ရနံ့ရှိသည့် စန္ဒကူးနံ့ သာနီဖြစ်ကြောင်း ကောင်းစွာသိရှိပြီးသော် "ငါ့အိမ်မှာ စန္ဒကူး နံ့သာမျိုးကား များလှပေ၏၊ ဤယခုရရှိသော စန္ဒကူးတုံးဖြင့် အဘယ်သို့သော အသုံး အဆောင်ကို ပြုလုပ်ရပါမည်နည်း" ဟု ကြံစည် စဉ်းစားမိပြီးနောက် တဖန်ဆက်၍ ဤသို့ အကြံဖြစ်ပြန် လေသည်—

"ဤလောက၌ 'ငါတို့သည် ရဟန္တာဖြစ်ကုန်၏၊ ငါတို့ သည် ရဟန္တာဖြစ်ကုန်၏' ဟု ပြောဆိုဝန်ခံသူတို့ကား များ လှကုန်၏၊ ငါကား တဦးတယောက်သော သူကိုမျှလည်း ရဟန္တာစင်စစ် ဖြစ်သည် ဟုတ်သည်ကို ဝေဘန်ပိုင်းခြား၍ မသိချေ၊ ငါ၏အိမ်၌ ပွတ်ခုံကို ဆင်စေပြီးလျှင် ဤစန္ဒကူးနီ

http://www.dhammadownload.com



နံ့သာတုံးကို သပိတ်ဖြစ်အောင် ပွတ်ခံစေမည်၊ (ပွတ်စာကို ငါသုံး၍ သပိတ်ကိုကား ငါလှူဒါန်းမည်)။ ယင်းစန္ဒကူးနံ့သာနီသပိတ်ကို ဆိုင်း၌ ထည့်ပြီးနောက် ဝါးအဆင့်ဆင့် အဆက်ဆက် စပ်ဆက်စိုက်ထောင်ကာ အတောင် (၆၀) ခြောက်ဆယ်ခန့်မျှ မြင့်မားသော ကောင်းကင်၌ တွဲလျား ဆွဲထားစေပြီးသော် 'ရဟန္တာစင်စစ် အမှန်ဖြစ်သော ပုဂ္ဂိုလ်သည် ကောင်းကင်ခရီးဖြင့် ကြွလာကာ (=ချာန်ပျံကာ) ဤစန္ဒကူးသပိတ်ကို ယူဆောင်စေသတည်း' ဟု ကျေညာပြောဆိုအံ့။ ဤစန္ဒကူးသပိတ်ကို (ငါကျေညာပြောဆိုသည့်အတိုင်း)ကောင်းကင်ခရီး ချာန်ယာဉ်စီး၍ ပျံကြွယူဆောင်နိုင်သော ရဟန္တာပုဂ္ဂိုလ်အား ငါသည် သားမယားနှင့်တကွ ကိုးကွယ်အံ့"—

ဤကဲ့သို့ အကြံဖြစ်လေသည်။ ထို သူဌေးသည် မိမိကြံစည်သောအတိုင်း စန္ဒကူးနီနှစ်တုံးကို ပွတ်ခုံသို့တင်ကာ သပိတ်ထွင်းစေပြီးနောက် ထိုသပိတ်ကို ဆိုင်း၌ ထည့်ပြီးလျှင် ဝါးလုံးအဆင့်ဆင့်စိုက်ထောင်ကာ အတောင်ခြောက်ဆယ် မြင့်မားသော ကောင်းကင်၌ သပိတ်ကို တွဲလျားချိတ်ထားစေ၍ "ဤလောက၌ ရဟန္တာစင်စစ် ဖြစ်သောသူသည် ကောင်းကင်ခရီးဖြင့် ကြွလာကာ ဤသပိတ်ကို ယူစေသတည်း"ဟူ၍ ကျေညာ ပြောဆိုလေသည်။

## တိတ္ထိဆရာကြီး ခြောက်ဦး

ထိုအချိန်၌ ရာဇဂြိုဟ်ပြည်ဝယ် တိတ္ထိဆရာကြီး ခြောက်ဦးတို့ကား မိမိတို့ကိုယ်ကို ရဟန္တာဟူ၍ ဝန်ခံပြောဆိုကာ ဂိုဏ်းဆရာကြီးများအဖြစ် နေထိုင်သောအခါ ဖြစ်လေသည်၊ ထိုတိတ္ထိဆရာကြီး ခြောက်ဦးတို့မှာ—

(၁) **ပူရဏကဿပဆရာကြီး** = အမည် ရင်းကား ပူရဏဟူ၍ ဖြစ်သည်၊ သူ၏ အနွယ်ကား ကဿပအနွယ်ဖြစ်သည်၊ အမည်နှင့်အနွယ် နှစ်မျိုးစပ်၍ ထိုဆရာကြီးကို ပူရဏကဿပဆရာကြီး ဟူ၍ ခေါ်သည်။

http://www.dhammadownload.com



ထိုဆရာကြီး၏ အကြောင်းအရာအကျဉ်းချုပ်ကား.... သူဌေးတဦးမှာ အိမ်ပေါက်ကျွန် (၉၉) ကိုးဆယ့်ကိုးယောက် ရှိနေရာမှ သူကား (၁၀၀) တရာမြောက်၌ ဖွားမြောက်သူဖြစ်သည်၊ ထိုကြောင့် သူ၏ အမည်ကို ပူရဏ ဟူ၍ မှည့်ခေါ်ကြသည် (=ရာပြည့်ကျွန် မောင်ရာပြည့် ဟူလို၏)။အထူးအားဖြင့် သူကား မင်္ဂလာကျွန် ဖြစ်သောကြောင့် အလုပ်ကို မကောင်းသဖြင့် ပြုလုပ်သည်ကိုလည်း ထိုအကြောင်းကို ပြောဆိုမည့်သူ မရှိချေ၊ အလုပ်မလုပ်လျှင်လည်း အလုပ်မလုပ်ဟူ၍ မည်သူမျှ ပြောဆိုသူ မရှိချေ။

သို့စေကာမူ သူသည် "ငါ ဤသူဌေးအိမ်မှာ ဘာ့ကြောင့် နေရမည်နည်း" ဟု ရောင့်တက်ကာ ထွက်ပြေးလေသော် သူခိုးတို့သည် ထိုသူ၏ အဝတ်တို့ကို လုယက်ကြလေ၏။ သူသည် သစ်ရွက်ဖြင့်ဖြစ်စေ, မြက်ဖြင့်ဖြစ်စေ ဖုံးလွှမ်းရမည်ကိုမျှ နားမလည်သူ မသိသူဖြစ်ရကား မိမွေးတိုင်းအသွင်ဖြင့်ပင် (အဝတ်မပါပဲ) ရွာတခုသို့ ဝင်လေသည်။ ရွာနေလူတို့သည် သူ့ကို မြင်ကြ၍ အကြည်ညို များကြကာ "ဤရဟန်းကား ရဟန္တာတည်း၊ အလိုနည်းသူတည်း၊ ဤရဟန်းနှင့် တူသောသူ မရှိ" ဟူ၍ ချီးမွမ်းပြောဆိုကြကာ မုံ့ဆွမ်းစသည်တို့ကို ယူခဲ့ကြ၍ သူ၏အထံသို့ ချဉ်းကပ် လာရောက်ကြလေ၏။ သူသည် "ငါ့မှာ အဝတ် မဝတ်သောကြောင့် ဤလာဘ်လာဘများ ဖြစ်သည်" ဟု ကြံစည်မိကာ ထိုအခါမှစ၍ အဝတ်ပုဆိုးကို ရသော်လည်း လုံးဝ မဝတ်တော့ချေ။ ထို အဝတ် မဝတ်ခြင်းကိုပင် ပူရဏသည် ရဟန်းအဖြစ် ဟူ၍ စွဲယူလေတော့သည်၊ ထို ပူရဏ၏အထံ၌ အခြားအခြားသော လူငါးရာတို့သည်လည်း တပည့်ခံကြကာ အဝတ်မဝတ်ခြင်း တည်းဟူသော ရဟန်းအဖြစ်ကို ခံယူကြလေကုန်၏။ ဤသို့လျှင် ဤ ပူရဏကဿပသည် ဂိုဏ်းဆရာကြီးဖြစ်ကာ လောက၌ ဆရာကြီး

http://www.dhammadownload.com



တဦး ဘုရားကြီးတဆူအနေဖြင့် ထင်ရှား ကျော်ကြားလေတော့၏။

(**မှတ်ချက်။** ။ဤပူရဏကဿပဆရာကြီး၏ ဖြစ်ရပ်အကျဉ်းကို **စိစစ်ဝေဘန်ကြည့်လျှင်** မူလပဌမ၌ သူပြုလိုရာပြုပြီး ခိုးသူဘေးနှင့်တွေ့သဖြင့် အဝတ်မဝတ်ရခြင်းဖြစ်သည်၊ ထိုအဝတ်မဝတ်ခြင်းကိုပင် ပညာဉာဏ်နုံ့နဲ့သူ လူများက အထင်ကြီးကြကာ ရဟန္တာဟူ၍ သမုတ်ကြခြင်း ဖြစ်လေသည်။ လူအများက ဝိုင်းဝန်း၍ ရဟန္တာဟု သမုတ်ကြသောအခါ ပူရဏကဿပသည်လည်း မိမိ၌ အကျင့်ကောင်း တစုံတခုမျှ မရှိပါပဲလျက် လူအများသမုတ်သည့်အတိုင်း မိမိကိုယ်ကိုဆရာကြီးတဆူ ဘုရားကြီးတဆူအနေဖြင့် စွဲယူလေတော့သည်။ ထိုအခါဂိုဏ်းဆရာဖြစ်သည့်အလျောက် ကိုယ်ပိုင်ဝါဒတခုရှိဖို့ရန် လိုလာပြန်သောကြောင့် ကြံမိကြံရာ အလွဲလွဲအချော်ချော် ဝါဒအသစ် စိတ်ကူးရရာထွင်လေတော့သည်။ ကျန်သော ဂိုဏ်းဆရာကြီး ငါးဦးတို့လည်း ဤနည်းအတူပင်တည်း။ ထိုဂိုဏ်းဆရာကြီး ခြောက်ဦးတို့၏ စိတ်ကူးရရာတီထွင်ကြသော ဝါဒခြောက်မျိုးတို့ကို သုတ်သီလက္ခန် ပါဠိတော်၂-သာမညဖလသုတ်မှ ထုတ်နုတ်မှတ်ယူရာ၏။)

(၂) **မက္ခလိဂေါသာလ ဆရာကြီး** = သူ၏ အမည်ရင်းကား မက္ခလိဟူ၍ဖြစ်သည်။ ဂေါသာလမည်သောရွာ၌ (တနည်း မိုးဥတုအခါ နွားအုပ်ကို လှောင်ထားရာစရပ်၌) မွေးဖွားသောကြောင့် ဂေါသာလဟူ၍ ဒုတိယအမည်တခု တွင်ပြန်သည်၊ အမည်နှစ်ရပ် ပေါင်းစပ်၍ "မက္ခလိဂေါသာလ" ဟူ၍ ခေါ်ဆိုသည်။

သူ၏ အကြောင်းအရာ အကျဉ်းချုပ်ကား သူသည်လည်း ပူရဏကဲ့သို့ပင် ကျွန်တဦးဖြစ်လေသည်၊ တနေ့သ၌ ရွှံ့ညွန်ထူထပ်သော မြေအရပ်ဝယ် ဆီအိုးကိုထမ်းယူ၍သွားရသော ထိုကျွန်ကို အရှင်သခင်ဖြစ်သူက "တာတ မာ ခလိ = အမောင်···· မချော်လဲစေနှင့် (သတိပြု)" ဟု ပြောဆိုသတိပေးနေရင်းကပင် သူသည် မေ့လျော့သဖြင့် ချွတ်ချော်တိမ်းလဲကာ အရှင်သခင်ဖြစ်သူကို ကြောက်လန့်သဖြင့် အလွတ်ပြေးရန် စီမံအားထုတ်လေသည်။

http://www.dhammadownload.com



အရှင်သခင်ဖြစ်သူက သူ၏အနီးသို့ ပြေးလာ၍ ပုဆိုးစွန်း၌ ဆွဲကိုင်ထားလေသော် သူသည် ပုဆိုးကိုချွတ်၍ အဝတ်မပါ လွတ်ရာထွက်ပြေးလေတော့၏။ (ကြွင်းကျန်သော ဖြစ်ရပ်မှာ ပူရဏကဿပ၏ ဖြစ်ရပ်နှင့် တူ၏)။

(၃) **အဇိတကေသကမ္ဗလဆရာကြီး** = သူသည်လည်း ဂိုဏ်းဆရာကြီး တဦးပင်ဖြစ်သည်၊ သူ၏ အမည်ရင်းမှာ အဇိတဟူ၍ ဖြစ်သည်။ သူကား လူ့ဆံပင်ဖြင့် ရက်လုပ်အပ်သော ကမ္ဗလာ အဝတ်ကို ဝတ်ဆင်သောကြောင့် ကေသကမ္ဗလဟု တွင်ပြန့်သည်၊ အမည်နှစ်ရပ်ပေါင်းစပ်ပြီးလျှင် ထိုဂိုဏ်းဆရာကြီးကို "အဇိတကေသ-ကမ္ဗလဆရာကြီး" ဟူ၍ ခေါ်ဆိုလေသည်။

(၄) **ပကုဓကစ္စာယနဆရာကြီး** = သူသည်လည်း ဂိုဏ်းဆရာကြီး တဦးပင်ဖြစ်သည်၊ သူ၏ အမည်ရင်းမှာ ပကုဓဟူ၍ ဖြစ်သည်။ အနွယ်ကား ကစ္စာယနအနွယ်ဖြစ်သည်၊ ဤသို့ အမည်နှင့်အနွယ် နှစ်ရပ်ပေါင်းစပ်၍ ထိုဆရာကြီးကို "ပကုဓကစ္စာယနဆရာကြီး" ဟူ၍ ခေါ်ဆိုအပ်လေသည်။ သူကား ရေအေးကို လုံးဝစွန့်ပယ်သောသူဖြစ်သည်၊ ကျင်ကြီးစွန့်ပြီးသော အခါမှာသော်၎င်း, အစာစားပြီးသော အခါမှာသော်၎င်း, တစုံတခု အညစ်အကြေးလူးလည်းသော အခါမှာသော်၎င်း သူသည် ရေအေးဖြင့် ဆေးကြောသုတ်သင်မှုကို မပြုချေ၊ ရေနွေးကိုဖြစ်စေ, ပုန်းရည်ကိုဖြစ်စေ ရမှသာ ဆေးကြောသုတ်သင်မှုကို ပြုလေသည်။မြစ်ချောင်းကိုဖြစ်စေ,လမ်းခရီး၌ ရေကိုဖြစ်စေ ကူးမိကျော်မိလျှင် "ငါ၏ သီလကား ပျက်လေပြီ"ဟု အောက်မေ့မှတ်ယူလျက် သဲပုံအစုကို ပြုလုပ်ကာ သီလကို ဆောက်တည်၍ သွားလေ့ရှိ၏။

(၅) **သဉ္စယဗေလဋ္ဌပုတ္တဆရာကြီး** = သူသည်လည်း ဂိုဏ်းဆရာကြီး တဦးပင်ဖြစ်သည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ပရိဗိုဇ်အဖြစ်ဖြင့် နေခဲ့စဉ်က ထို

http://www.dhammadownload.com



ဆရာကြီးနှင့် အတူနေခဲ့လေသည်။ သူ၏ အမည်ရင်းကား သဉ္စယ (= သိဉ္စည်း)ဖြစ်၍ ဗေလဋ္ဌမည်သောသူ၏ သား ဖြစ်သောကြောင့် အမည်နှစ်ရပ်ပေါင်းစပ်ကာ "သဉ္စယ-ဗေလဋ္ဌပုတ္တဆရာကြီး" ဟူ၍ ခေါ်တွင်လေသည်။

(၆) **နိဂဏ္ဌနာဋပုတ္တဆရာကြီး** = သူသည်လည်း ဂိုဏ်းဆရာကြီး တဦးပင်ဖြစ်သည်၊ "ငါတို့မှာ ထုံးဖွဲ့နှောက်ယှက်တတ်သော ကိလေသာဟူ၍ မရှိ၊ ငါတို့သည် ကိလေသာတည်းဟူသော အထုံးအဖွဲ့ အနှောက်အယှက်မှ ကင်းစင်သူများ ဖြစ်ကြသည်" ဟူ၍ သူ၏ ထင်ရာမြင်ရာ အယူဝါဒ အတိုင်း ပြောဆိုလေ့ ရှိသောကြောင့် နိဂဏ္ဌဟူ၍ တွင်လေသည်၊ (တကယ်စင်စစ် ကိလေသာ အထုံး အဖွဲ့ အနှောက် အယှက်မှ ကင်းစင်သူကား မဟုတ်ချေ)။သူ၏ ဖခင်ကား နာဋ-အမည်ရှိလေသည်၊ ဤသို့ နာဋ၏သား ဖြစ်သောကြောင့် သူ့ကို အဖနှင့်စပ်၍ နာဋပုတ္တ-ဟု ခေါ်ဆိုပြန်လေသည်။ အမည်နှစ်ရပ် ပေါင်းစပ်ပြီးလျှင် ထိုဆရာကြီးကို "နိဂဏ္ဌနာဋပုတ္တ ဆရာကြီး"ဟူ၍ ခေါ်တွင်လေသည်။

(ဤကား သီလက္ခန်အဋ္ဌကထာ စာမျက်နှာ ၁၃၀, ၁၃၁-နှင့် ဝိနည်းသာရတ္ထဒီပနီဋီကာ တတိယအုပ် စာမျက်နှာ ၃၈၂, ၃၈၃-တို့မှ ထုတ်ဆောင်ဖော်ပြချက် ဖြစ်သည်)။

ထိုသို့ ရာဇဂြိုဟ်သူဌေးက စန္ဒကူးသပိတ်ကို ဝါးလုံးအဆင့်ဆင့် အတောင်ခြောက်ဆယ်မြင့်သော ကောင်းကင်၌ ချိတ်ဆွဲစေပြီးလျှင် "လောက၌ ရဟန္တာစင်စစ် ဖြစ်သောသူသည် ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီး၍ကြွလာကာ ဤသပိတ်ကို ယူစေသတည်း" ဟူ၍ ကျေညာပြောဆိုသောအခါ ရှေးဦးစွာ ပူရဏကဿပ ဆရာကြီးသည် ရာဇဂြိုဟ်သူဌေးထံ လာရောက်၍ "သူဌေး.... ငါသည် ရဟန္တာလည်း ဟုတ်ပေ၏၊ တန်ခိုးရှိသူလည်း ဟုတ်ပေ၏၊ ငါ့အား သပိတ်ကိုပေးလော့" ဟူ၍ အသားလွှတ် ပြောဆိုလေသော် ရာဇဂြိုဟ်သူဌေးသည် "အရှင်ဘုရား.... အရှင်ဘုရားသည်

http://www.dhammadownload.com



ရဟန္တာလည်း ဟုတ်, တန်ခိုးရှိသူလည်း ဟုတ်ပါမူ တပည့်တော်၏ သပိတ်ကို ရဟန္တာ တန်ခိုးရှင်အား လှူပြီးဖြစ်ပါသည်၊ တန်ခိုးဖြင့် သာ ချယူတော်မူပါလော့” ဟူ၍ ပါးနပ်လိမ္မာစွာ ဖြေကြား ပြောဆိုလေ၏။ (ပူရဏကဿပ ဆရာကြီးကား ရဟန္တာလည်း မဟုတ်, တန်ခိုးရှင်လည်း မဟုတ်သောကြောင့် ထိုသပိတ်ကို မချယူ နိုင်ဝဲ လက်လျှော့ကာ ပြန်သွားလေ၏)။

ဒုတိယနေ့၌ မက္ခလိဂေါသာလ ဆရာကြီး, တတိယနေ့၌ အဇိတကေသကမ္ဗလ ဆရာကြီး, စတုတ္ထနေ့၌ ပကုဓကစ္စာယန ဆရာကြီး, ပဉ္စမနေ့၌ သဉ္စယဗေလဋ္ဌပုတ္တ ဆရာကြီးတို့ အစဉ် အတိုင်း လာရောက်၍ ရှေးပူရဏကဿပ ဆရာကြီးနည်းတူ ပြောဆိုကြလေသော် ရာဇဂြိုဟ်သူဌေးသည်လည်း ရှေးနည်း အတူပင် ပါးနပ်လိမ္မာစွာ ဖြေကြားပြောဆိုသဖြင့် ထိုဆရာကြီးတို့ လည်း ရှေးနည်းအတူ သပိတ်ကို မချယူနိုင်ဝဲ လက်လျှော့ကာ ပြန်သွားကြလေ၏။

ခြောက်ရက်မြောက်သောနေ့ (= ဆဋ္ဌနေ့)၌ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် မိမိတပည့်များကို “အမောင်တို့....သွားကြလော့၊ ရာဇဂြိုဟ်သူဌေးကို ‘ဤသပိတ်ကား ငါတို့၏ ဆရာကြီးအားသာ လျော်လျောက်ပတ်သော သပိတ်ဖြစ်သည်၊ အနည်းငယ်မျှ မပြောပ လောက်သည့် သစ်သားသပိတ်ကလေးဟူသော အကြောင်း ကြောင့် ငါတို့ဆရာကြီး ကောင်းကင်ခရီးဖြင့် လာရောက်ခြင်းကို မပြုပါစေလင့်၊ သင်၏သပိတ်ကို ငါတို့ဆရာကြီးအား ပေးလှူပါ လော့တဲ့’ ဟု ပြောဆိုကြခလ”၊ ဤကဲ့သို့ မှာကြားပြီးလျှင် မိမိ တပည့်များကို ရာဇဂြိုဟ်သူဌေးထံသို့ စေလွှတ်လိုက်လေ၏။

တပည့်များသည် သွားကြ၍ သူဌေးကို ဆရာကြီး မှာကြား လိုက်သည့်အတိုင်း ပြောကြားကြလေသော် ရာဇဂြိုဟ်သူဌေးသည် “ကောင်းကင်ခရီးဖြင့် ကြွလာ၍ ယူစွမ်းနိုင်သောသူသည်သာလျှင် ယူစေသတည်း” ဟူ၍ တင်းတင်းပင် ပြောဆိုလေ၏။ နာဋပုတ္တ ဆရာကြီးသည် ကိုယ်တိုင်ပင် သွားလိုရကား တပည့်များအား ဤဆိုလတ္တံ့သောအတိုင်း အမှတ်အချက် ပေးထားလေသည်—

http://www.dhammadownload.com



"ငါသည် လက်တဖက် ခြေတဖက်ကို မြှောက်၍ ကောင်းကင်သို့ ပျံတက်တော့မည့်ကဲ့သို့ ဟန်ပြုမည်၊ သင်တို့က 'ဆရာကြီး···· ဘာလုပ်ကြမလို့နည်း၊ သစ်သား သပိတ်ဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သည့် အရဟတ္တဖိုလ် ကျေးဇူးကို လူများအား မပြကြပါကုန်လင့်' ဟု ပြောဆိုကြကာ ငါ့ကို လက်ခြေတို့၌ ဆွဲငင်ကြလျက် မြေကြီး၌ တိမ်းလည်းအောင် ပြုကြကုန်လော့"—

ဟူ၍ အမှတ်အချက် ပေးထားလေသည်။

နာဋပုတ္တဆရာကြီးသည် ထိုကဲ့သို့ အချက် အမှတ် ပေးပြီးလျှင် သူဋ္ဌေးထံသို့ သွားရောက်၍ သူဋ္ဌေးကို "သူဋ္ဌေးကြီး····ဤသပိတ်သည် အခြားသူတို့အား လားလားမျှမသင့်လျော်၊ သင်သူဋ္ဌေးကြီးသည် အနည်းငယ်မျှ မပြောပလောက်သည့် သစ်သားသပိတ် ဟူသော အကြောင်းကြောင့် ငါ၏ ကောင်းကင်သို့ ပျံတက်မှုကို မနှစ်သက်ပါလင့် (=မပြောပလောက်သည့် သစ်သားသပိတ်ကလေးကြောင့် ငါ့ကို ကောင်းကင်သို့ မပျံတက်စေချင်ပါနှင့်ဟု ဆိုလိုသည်)၊ ငါ့အား သပိတ်ကို ပေးပါလော့"ဟူ၍ ပြောဆိုလေသော် ရာဇဂြိုဟ်သူဋ္ဌေးသည် "အရှင်ဘုရား···· ကောင်းကင်သို့ ပျံတက်၍သာ ယူတော်မူကြပါ"ဟု တိုတိုတင်းတင်း ကျဉ်းကျဉ်းပင် ပြောဆိုလေ၏။

ထိုအခါ နာဋပုတ္တဆရာကြီးသည် "ထိုသို့ဖြစ်လျှင် ဖယ်ကြ ဖယ်ကြ"ဟု မိမိ၏ တပည့်များကို ဖယ်ရှားစေပြီးလျှင် "ကောင်းကင်သို့ ပျံတက်အံ့"ဟု လက်တဖက် ခြေတဖက်ကို မြှောက်ချီလေ၏၊ ထိုအခါ သူ၏ တပည့်များက "အိုဆရာကြီး···· ဘယ်လို အလုပ်တွေကို ပြုလုပ်နေကြဘိသနည်း၊ အဖိုးမတန်သည့် သစ်သားသပိတ်ဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သည့် အရဟတ္တဖိုလ် ကျေးဇူးကို လူများအားပြသဖြင့်ဆရာကြီးတို့မှာ ဘာအကျိုးရှိမည်နည်း"ဟူ၍ (နဂိုရ်က အချက်ပေးထားသည့်အတိုင်း) ပြောကြားကြပြီးလျှင် သူတို့၏ဆရာကြီးကို လက်ခြေတို့၌ ဆွဲငင်ကြကာ မြေ၌ တိမ်းလည်းစေကုန်၏။ နာဋပုတ္တဆရာကြီးသည် တိမ်းလည်းနေ

http://www.dhammadownload.com



ရာမှပင် ရာဇဂြိုဟ်သူဌေးကို "အိုသူဌေးကြီး.... ဤတပည့်များက ငါ့အား ကောင်းကင်သို့ ပျံတက်ခွင့်ကို မပေးကြပါ၊ (သင်အမြင်၌)၊ ငါ့အား သပိတ်ကို ပေးသာပေးပါလော့" ဟူ၍ ပြောဆိုလေသော် သူဌေးသည် ဇွန်မြေမပျက်ပင် "ကောင်းကင်သို့တက်၍သာ ယူတော်မူကြပါဘုရား" ဟု လျှောက်ထားပြောဆိုလေသည်။

ဤသို့လျှင် တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ခြောက်ရက် တိုင်တိုင် အားထုတ်ကြသော်လည်း သပိတ်ကို မရရှိကြလေကုန်။

### အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလ

ထို့နောက် ခုနစ်ရက်မြောက်သောနေ့၌ အရှင်မဟာမောဂ္ဂ-လာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်မြတ်နှစ်ပါးတို့ "ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံဝင်ကြကုန်အံ့" ဟု ဝေဠုဝန် ကျောင်းတိုက်မှ ထွက်ကြွတော်မူခဲ့ကြ၍ ရာဇဂြိုဟ်ပြည်၏အနီး တခုသောကျောက်ဖျာအပြင်၌သက်န်းရုံနေတော်မူကြသောအခါ သေသောက်ကြူး (=ထန်းရေသမား) တို့သည် ဤသို့သော စကား ထိပါးပြောဆိုကြကုန်၏—

> "အချင်းတို့.... ရှေးအခါက တိတ္ထိဆရာကြီးခြောက်ဦး တို့သည် 'ငါတို့ကား ရဟန္တာများ ဖြစ်ကြကုန်၏' ဟုပြော ဆိုလှည့်လည်ခဲ့ကြလေပြီ၊ 'အကယ်၍ ရဟန္တာရှိခဲ့လျှင် ကောင်းကင်ခရီးဖြင့် လာလတ်၍ ယူစေသတည်း' ဟု ပြောဆိုကာ ရာဇဂြိုဟ် သူဌေးမင်း ဝါး အဆင့်ဆင့် အတောင်ခြောက်ဆယ်မြင့်အောင် စိုက်ထူကာ စန္ဒကူး သပိတ်ကို ထားခဲ့သည်မှာ ယနေ့ခုနစ်ရက်မြောက် ရောက် ခဲ့လေပြီ၊ တဦးတယောက်မျှ 'ငါ ရဟန္တာ' ဟု ပြောဆိုဝန်ခံ ကာ ကောင်းကင်သို့ ပျံတက်နိုင်သူမရှိချေ၊ ယနေ့မှ ငါ တို့သည် လောက၌ ရဟန္တာများ မရှိကြောင်း ကောင်း ကောင်းသိရပေပြီ"—

ဟူ၍ ပွတ်ချုပ်ထိပါး ပြောကြားကြလေကုန်၏။ ထိုစကားကို ကြား၍ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် အရှင်ပိဏ္ဍောလ-ဘာရဒွါဇမထေရ်ကို "ငါ့ရှင်ဘာရဒွါဇ.... ဤသေသောက်ကြူး

http://www.dhammadownload.com



(=ထန်းရေသမား) တို့ ပြောသော စကားကို ကြားရဲ့လား၊ ဤသေသောက်ကြူး ထန်းရေမူးတို့သည် မြတ်စွာဘုရားရှင်၏ သာသနာတော်ကိုပါ သိမ်းကျုံးယှဉ်ကြသည့်ပမာ ထိပါးစကား ပြောကြားကြကုန်၏၊ ငါ့ရှင်သည်လည်း တန်ခိုးရှင် အာနုဘော်ရှင် ဖြစ်ပေသည်၊ သွားပါလော့ ထိုစန္ဒကူးသပိတ်ကို ကောင်းကင် ခရီးဖြင့်ပင် သွားရောက်ကာ ယူဆောင်ခဲ့ပါလော့" ဟူ၍ တိုက်တွန်းစကား မိန့်ကြားတော်မူလေ၏။

အရှင်ပိဏ္ဍောလ ဘာရဒ္ဒါဇမထေရ်မြတ်သည် အရှင်မဟာမောဂ္ဂလာန်ကို "ငါ့ရှင် မောဂ္ဂလာန်....ငါ့ရှင်သည် တန်ခိုးရှင် တို့အနက် အသာဆုံးအမြတ်ဆုံး ဟူ၍ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူး ထင်ပေါ် ကျော်စောသူ ဖြစ်ပါသည်၊ ငါ့ရှင်ပင် ထိုသပိတ်ကို ယူစေချင်ပါသည်၊ငါ့ရှင် မယူမှသာ ငါယူပါမည်"ဟူ၍ ပြန်ကြား ပြောဆိုလေသည်၊ (ထိုသို့ ပြောဆိုခြင်းမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဦးစားပေး အရေး ထားသော အားဖြင့် ပြောဆို ခြင်းဖြစ်လေသည်)။ ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က "ငါ့ရှင်ပင် ယူဆောင်လော့" ဟူ၍ ကြည်ဖြူစွာ ခွင့်ပြု စကား မိန့်ကြားတော်မူလေ၏။

### အရှင်ပိဏ္ဍောလဘာရဒ္ဒါဇမထေရ် တန်ခိုးဖြင့် စန္ဒကူးသပိတ်ကို ယူဆောင်တော်မူခြင်း

ထိုသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်သူမြတ်က ခွင့်ပြုစကား မိန့်ကြားတော်မူလတ်သော် အရှင်ပိဏ္ဍောလ ဘာရဒ္ဒါဇ မထေရ်သည် အဘိညာဉ်၏အခြေပါဒဖြစ်သောစတုတ္ထဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထပြီးလျှင် အဘိညာဉ်ဇောဝီထိဖြင့် အစွန်းအနား သားနားသပ်ယပ် တိတိဖြတ်အပ်သော လဲဝါစိုင်ပမာ (ထို) သုံးဂါဝုတ်မျှ ပမာဏရှိသော (မိမိတို့သက်နိုးရုံနေရာ)ကျောက်ဖျာ ကြီးကို ကောင်းကင်၌ တက်စေကာ ရာဇဂြိုဟ်မြို့၏ အထက်၌ ခုနစ်ကြိမ် ခုနစ်ပတ် လှည့်လည်စေတော်မူ၏။ ထိုကျောက်ဖျာ ကြီးသည် သုံးဂါဝုတ် ပမာဏရှိသော ရာဇဂြိုဟ်မြို့ကြီး၏ အပိတ် အဖုံးကြီးကဲ့သို့ ထင်ရလေသည်။

http://www.dhammadownload.com



မြို့နေလူအပေါင်းတို့သည် “ကျောက်ဖျာကြီးကား ငါတို့အပေါ် လွှမ်းမိုးခဲ့လေပြီ”ဟု ကြောက်ရွံ့ထိတ်လန့်ကြကာ မုန်းစကော စသည်တို့ကို ဦးခေါင်း၌ ဆောင်းကြ၍ ဦးတည်မိရာ ထိုထိုအရပ်၌ ပုန်းအောင်းကြလေသည်။ သတ္တမအကြိမ်၌ အရှင် ပိဏ္ဍောလ-ဘာရဒ္ဒါဇမထေရ်သည် ကျောက်ဖျာကို ခွဲ၍ ကိုယ်ထင် ပြတော်မူလေ၏။ လူများအပေါင်းသည် မထေရ်ကို မြင်လတ်၍ “အိုပိဏ္ဍော-လဘာရဒ္ဒါဇ အရှင်မြတ်ဘုရား.... အရှင်ဘုရား၏ ကျောက်ဖျာကြီးကို မြဲမြံစွာ ကိုင်ထားတော်မူပါ၊ တပည့်တော်တို့ လူအလုံးကို မပျက်ပြုန်းပါစေလင့်”ဟူ၍ လျှောက်ထားကြလေ၏။ မထေရ်သည် (လူအများကြည့်နေစဉ်ပင်) ကျောက်ဖျာကို ခြေစွန်းဖြင့် တွန်းကန်ပစ်လွှင့်လိုက်လေသည်။ ကျောက်ဖျာသည် သွားလတ်၍ မူလနေရာ၌ပင် တည်လေ၏။

အရှင်ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်သည် သူဌေး၏ အိမ်အထက်ကောင်းကင်၌ ရပ်တည်တော်မူလေလျှင် ရာဇဂြိုဟ်သူဌေးသည် မထေရ်ကို မြင်လတ်၍ ရင်ဖြင့် မြေ၌ တွားဝပ်ပြီးလျှင် “သက်ဆင်းတော်မူပါ အရှင်ဘုရား....”ဟု လျှောက်ထားကာ ကောင်းကင်မှ သက်ဆင်းလာသော မထေရ်ကို မိမိအိမ်၌ ထိုင်နေစေပြီးနောက် သပိတ်ကို ကောင်းကင်မှချ၍ စတုမဓု အပြည့်ထည့်ပြီးလျှင် ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်အား ဆက်ကပ်လှူဒါန်းလေ၏။

## လူအများ စုရုံး လိုက်ပါလာကြခြင်း

အရှင် ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်သည် သပိတ်ကို ခံယူ၍ ဝေဠုဝန်ကျောင်းတိုက်တော်သို့ ရှေးရှု ကြွတော်မူလေလျှင် မထေရ်မြတ် တန်ခိုးပြာဋိဟာ ပြတော်မူစဉ် ယာတော လယ်တောသို့ ခရီးလွန်နေသဖြင့် ပြာဋိဟာကို မမြင်လိုက်ရသော လူအလုံးတို့ စုရုံးစည်းဝေးကြ၍ “အရှင်ဘုရား.... တပည့်တော်တို့အားလည်း တန်ခိုးပြာဋိဟာကို ပြတော်မူပါဦး”ဟူ၍ လျှောက်ဆိုကြကာ မထေရ်နောက်သို့ ကောက်ကောက် လိုက်ပါလာကြကုန်၏။ မထေရ်မြတ်သည် ထိုထို လိုက်ပါလာသူတို့အားလည်း တန်ခိုး

http://www.dhammadownload.com



ပြာဋိဟာကို ပြတော်မူလျက် ဝေဠုဝန်ကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူလာလေ၏။

## တန်ခိုးပြာဋိဟာ မပြရန် သိက္ခာပုဒ် ပညတ်တော်မူခြင်း

မြတ်စွာဘုရားသည် အုတ်ကျက်ဆူညံ ထိုလူတို့၏အသံကို ကြားတော်မူ၍ အရှင်အာနန္ဒာမထေရ်ကို "ချစ်သား အာနန္ဒာ…. အုတ်ကျက်စီညံ ယခုအသံကား အဘယ်သူ၏ အသံနည်း" ဟု မေးတော်မူ၍ အရှင်အာနန္ဒာ မထေရ်မြတ်က "ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. ပိဏ္ဍောလဘာရဒွါဇ မထေရ်သည် ကောင်းကင်သို့ပျံတက်၍ ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို ချယူအပ်ခဲ့ပါပြီ၊ ထိုသတင်းစကားကို လူအများကြား၍ အရှင်ပိဏ္ဍောလဘာရဒွါဇ၏နောက်သို့ လူအများ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပါပြီ၊ ယခုအသံကား ထိုလူများ၏ အုတ်ကျက်စီညံ ပြောဆိုကြသော အသံပါတည်း" ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုအကြောင်းနှံဒါန်း၍ ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်ကို "ချစ်သား ဘာရဒွါဇ….သင်ချစ်သားသည် ရာဇဂြိုဟ်သူဌေး၏ သပိတ်ကို ဣဒ္ဓိပြာဋိဟာဖြင့် ချယူအပ်ပြီဟူသည် မှန်သလော" ဟု မေးမြန်းတော်မူ၍ မှန်ကန်ကြောင်း ပြန်ကြားလျှောက်ထားလေသော် များစွာသောအကြောင်းဖြင့် အရှင်ပိဏ္ဍောလဘာရဒွါဇကို ကဲ့ရဲ့တော်မူပြီးနောက် တရားစကား ဟောကြားတော်မူပြီးလျှင် "န ဘိက္ခဝေ ဣဒ္ဓိပါဋိဟာရိယံ ဒဿေတဗ္ဗံ၊ ယော ဒဿေယျ၊ အာပတ္တိ ဒုက္ကဋဿ = ရဟန်းတို့…. တန်ခိုးပြာဋိဟာကို မပြအပ်၊ ပြသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ" ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် "ရဟန်းတို့….ထိုစန္ဒကူးသစ်သားသပိတ်ကို အစိတ်စိတ် အမြွာမြွာ ခွဲကြကုန်လော့၊ ခွဲကြပြီးလျှင် မျက်စဉ်းကြိတ်ဖို့ရန် ရဟန်းတို့အား ခွဲဝေပေးကြလော့။ "ရဟန်းတို့…. သစ်သားသပိတ်ကို မဆောင်ယူအပ် မသုံးစွဲအပ်၊ ဆောင်ယူသုံးစွဲ

http://www.dhammadownload.com



သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ" ဟူ၍ တဖန်ဆက်ကာ သိက္ခာပုဒ် ပညတ်တော်မူပြန်လေ၏။

### တိတ္ထိတို့ ထောင်ထား ထကြွကေား ပြောကြခြင်း

တိတ္ထိတို့သည် "မြတ်စွာဘုရားက တပည့်ရဟန်းများအား တန်ခိုးပြာဋိဟာ ပြသမှု မပြုရန် သိက္ခာပုဒ်ကို ပညတ်အပ်ပြီ" ဟူသော သတင်းစကားကို ကြားသိကြလေလျှင် "ရဟန်းဂေါတမ၏ တပည့်များသည် ရဟန်းဂေါတမက ပညတ်အပ်သော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်ပင်သော်လည်း မလွန်ကျူးကြကုန်၊ ယခုအခါ ငါတို့သည် အခွင့်ကောင်းကို ရအပ်ချေပြီ" ဟု ကြံစည်တိုင်ပင်ကြပြီးလျှင် မြို့တွင်း လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၌ "ငါတို့သည် ရှေးအခါက မိမိ၏ ဂုဏ်ကို စောင့်ထိန်းသောအားဖြင့် သစ်သားသပိတ်ကို အကြောင်းပြုကာ မိမိ၏ တန်ခိုး ဈာန်ပါဒကျေးဇူးဂုဏ်ကို လူအများအား မပြခဲ့ကြပေ၊ ရဟန်းဂေါတမ၏ တပည့်များကသာ (အရှက်မရှိကြပဲ)ပြသခဲ့ကြလေကုန်သည်၊ ရဟန်းဂေါတမကား ကိုယ်တိုင်က ပညာရှိသူဖြစ်သောကြောင့် ထိုသပိတ်ကို (အစပျောက်အောင်) **အစိတ်စိတ်** အမွှာမွှာခွဲစေပြီးလျှင် သူ့တပည့်ရဟန်းများအား သိက္ခာပုဒ်ကို ပညတ်အပ်ပြီတဲ့၊ ယခုအခါ ငါတို့သည် ရဟန်းဂေါတမနှင့် တန်ခိုးပြာဋိဟာကို ပြိုင်ဆိုင်ပြသကြကုန်အံ့" ဟူ၍ လှည့်လည်ဝါကြွားပြောကြားကြလေကုန်၏။

### တန်ခိုးပြာဋိဟာ ပြရန် ဘုရားရှင် မိန့်ကြားတော်မူခြင်း

ထိုအကြောင်းကို မိမ္ဗိသာရမင်းတရား ကြားသိလေသော် မြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်၍ အပြန်အလှန် မေးမြန်းလျှောက်ထား ဖြေဆိုတော်မူကြသည်မှာ—

(ဗိမ္ဗိသာရမင်း) ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အရှင်ဘုရားများသည် တန်ခိုးပြာဋိဟာ မပြဖို့ရန် တပည့်သာဝကများအား သိက္ခာပုဒ်ပညတ်အပ်ပါသလော။

http://www.dhammadownload.com



(မြတ်စွာဘုရား) အိမ်း····ပညတ်အပ်ပေသည် မြတ်သောမင်းကြီး····။

(မင်း) ယခုအခါ တိတ္ထိတို့သည် အရှင်မြတ်ဘုရားတို့နှင့်ပင် တန်ခိုးပြာဋိဟာကို ပြိုင်ဆိုင်ပြသကုန်အံ့ဟူ၍ လှည့်လည်ဝါကြွားပြောကြားနေကြပါကုန်ပြီ၊ယခု အဘယ်သို့ ပြုလုပ်ကြမည်နည်းဘုရား။

(မြတ်စွာ) ထိုတိတ္ထိတို့က တန်ခိုးပြာဋိဟာပြမှု ပြုကြမည်ဆိုလျှင် ငါဘုရားသည် တန်ခိုးပြာဋိဟာပြမှု ပြုပေအံ့ (=ပြုဒါပ)။

(မင်း) အရှင်မြတ်ဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်ထားအပ်ပြီ မဟုတ်ပါလော။

(မြတ်စွာ) မြတ်သောမင်းကြီး ····ငါဘုရားသည် မိမိအတွက် သိက္ခာပုဒ်ကို မပညတ်၊ သာဝကတို့အတွက်သာ သိက္ခာပုဒ်ကို ပညတ် အပ်ပေသည်။

(မင်း) အရှင်မြတ်ဘုရားတို့ကို ဖယ်ရှား၍ အခြားသူတပါး တပည့်သာဝကများအတွက်သာ(ကွက်၍) သိက္ခာပုဒ်ကို ပညတ်မှု ဖြစ်နိုင်ပါသလော။

(မြတ်စွာ) မြတ်သော မင်းကြီး····ထိုသို့ ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် တဖန် ငါပြန်၍မေးအံ့၊ သင်၏ ဥယျာဉ်၌ သရက်ပင် သရက်သီးများ ရှိသည်မဟုတ်လော။

(မင်း) ရှိပါသည် မြတ်စွာဘုရား····။

(မြတ်စွာ)မြတ်သောမင်းကြီး····ထို ဥယျာဉ်တော်မှာ ရှိသော သရက်သီးကို အခြားလူများ ဆွတ်ခူးစားခဲ့သော် အဘယ်သို့ ပြုမည်နည်း။

(မင်း) မင်းပြစ်စိုးဒဏ် ခတ်ရပါမည်ဘုရား။

(မြတ်စွာ) သင်မင်းကြီး ကိုယ်တိုင်ကတော့ ထိုသရက်သီးကို စားနိုင်ခွင့် ရပါသလော။

http://www.dhammadownload.com



(မင်း) ရပါသည် အရှင်ဘုရား....၊ တပည့်တော်အား ဒဏ်ခတ်ရန်မလိုပါ၊ တပည့်တော်သည် မိမိ၏ ပစ္စည်းဥစ္စာကိုသာ ခဲစားမည်ဖြစ်ပါသည်။

(မြတ်စွာ) မြတ်သော မင်းကြီး....ယူဇနာ သုံးရာ ကျယ်ဝန်းသော ဤပြည်အဝန်း၌ သင်မင်းကြီး၏ အာဏာ စက် ပြန့်နှံ့ ဖြစ်ထွန်း သကဲ့သို့ ထိုအတူပင် ငါဘုရား၏ အာဏာသည်လည်း (အာဏာခေတ်) စကြဝဠာ ကုဋေ တသိန်း၌ ပြန့်နှံ့ဖြစ်ထွန်းသည်၊ ငါဘုရားအတွက် သိက္ခာပုဒ်ပညတ်မှု မရှိ၊ အခြားတပည့် သာဝကများ အတွက် သိက္ခာပုဒ်ပညတ်မှု ရှိသည်။ ငါဘုရားသည် တန်ခိုးပြာဋိဟာပြသမှုကို ပြုပေအံ့။

(မင်း) ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အဘယ်အခါ၌ တန်ခိုးပြာဋိဟာပြသမှုကို ပြုတော်မူကြမည်နည်း။

(မြတ်စွာ) မြတ်သော မင်းကြီး....ယနေ့မှ နောက် လေးလလွန်မြောက်သောအခါ ဝါဆိုလပြည့်နေ့၌ တန်ခိုးပြာဋိဟာပြသမှုကို ပြုပေအံ့။

(မင်း) ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အဘယ်အရပ်၌ ပြုတော်မူကြမည်နည်း။

(မြတ်စွာ) မြတ်သောမင်းကြီး....သာဝတ္ထိ ပြည်ဝယ် ကဏ္ဍမ္ဗသစ်ပင်အနီး၌ ပြုတော်မူမည်။

(ကဏ္ဍမ္ဗသဒ္ဒါသည် ရိုးရိုးအနေအားဖြင့် သရက်ဖြူပင် ဟူ၍ အနက်ထွက်သည်၊ မြတ်စွာဘုရားရှင် မိန့်တော်မူသည့် ကဏ္ဍမ္ဗရုက္ခ ဟူသည်မှာ ကဏ္ဍ မည်သော ဉယျာဉ်မှူး စိုက်ပျိုးသည့် သရက်ပင်ကို ဆိုတော်မူလိုရင်းဖြစ်သည်။ ဤ၌။ ။ သာဝတ္ထိပြည် အရပ်မှာ ဘုရားရှင်တိုင်း၏ တန်ခိုးပြာဋိဟာ ပြတော်မူရာဌာန ဖြစ်သောကြောင့်ရင်း, လူများများ စည်းဝေး နိုင်စေ လိုသောကြောင့်ရင်း အချိန်ဝေးကြာ လေးလကွာနှင့် ခရီးဝေးကွာ ၄၅-ယူဇနာအရပ်ကို မြတ်စွာဘုရား ညွှန်ပြတော်မူသည်ဟု အထူးမှတ်ရာ၏)။

http://www.dhammadownload.com



## တိတ္ထိတို့၏ ဟန်ဆောင်မှု ပြုမူချက်များ

ထိုသို့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဗိမ္ဗိသာရမင်းတရားအား (ယနေ့မှနောက် လေးလမြောက် ဝါဆိုလပြည့်နေ့ဝယ် သာဝတ္ထိပြည် ကဏ္ဍသရက်ပင်အနီး၌ တန်ခိုးပြာဋိဟာပြမှုကို ပြုလုပ်မည်ဟူသော) ရဲရဲတောက်စကား မိန့်ကြားတော်မူချက်ကို တိတ္ထိများ ကြားသိကြလေသော် “ငါတို့ကား ယခုအခါ ပျက်ခြင်းမလှ ပျက်စီးကြလေပြီ၊ သို့သော်လည်း (ဟန်အမူအရာ မပျက်ပဲ) သာဝတ္ထိပြည်သို့ သွားရောက်သော ရဟန်းဂေါတမနောက်သို့ မျက်ခြေမပျောက် ကောက်ကောက်လိုက်ကြကုန်အံ့။ ထိုအခါ လူများက ငါတို့ကိုမြင်၍ ‘ဤသို့ပြုမူခြင်းသည် အဘယ့်ကြောင့်နည်း’ဟု မေးကြလိမ့်မည်၊ ထိုအခါ ထိုလူများကို ‘ငါတို့က ရဟန်းဂေါတမနှင့် တန်ခိုးပြာဋိဟာကို ပြိုင်ဆိုင်ပြသမှု ပြုကုန်အံ့’ ဟူ၍ ပြောခဲ့ကြသည်၊ ရဟန်းဂေါတမသည် (ယခုအခါ ငါတို့မှ ကြောက်၍) ထွက်ပြေးလေသည်၊ ငါတို့သည် သူ့အား ထွက်ပြေးခွင့်မပေးပဲ မျက်ခြေမပျောက် ကောက်ကောက်လိုက်ကြသည်ဟူ၍ ပြောဆိုကြကုန်အံ့၊ ဤသို့ ပြုမူပြောဆိုသည်ရှိသော် ငါတို့အား များစွာသော လာဘ်ပူဇော်သက္ကာရသည် ဖြစ်ပေလိမ့်မည်” ဟူ၍ တိုင်ပင် ပြောဆိုကြလေကုန်၏။

## မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိသို့ ကြွတော်မူခြင်း

ထိုသို့ တန်ခိုးပြာဋိဟာ ပြသဖို့ရန် ပြဿနာ ပေါ်ပေါက်လာသော အချိန်မှာ မဟာသက္ကရာဇ် (၁၀၈) ဇာရဝ္စရှစ်ခုနှစ် တပေါင်းလပြည့် နေ့ လောက် မှာ ဖြစ် သည်။ ထို တ ပေါင်း လ ပြည့် ကျော် ၁-ရက်နေ့လောက် အချိန်မှာ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံလှည့်လည်တော်မူပြီး ထိုပြည်မှထွက်ခဲ့၍ ရဟန်းအပေါင်းခြံရံကာ သာဝတ္ထိပြည်ဖက်သို့ ခရီးဒေသစာရီ ကြွချီတော်မူခဲ့လေသည်။

တိတ္ထိတို့သည်လည်း မြတ်စွာဘုရား၏နောက်မှ တပါတည်း ထွက်ခဲ့ကြ၍ မြတ်စွာဘုရား ဆွမ်းကိစ္စပြုသောနေရာ၌ သူတို့လည်း

http://www.dhammadownload.com



ဆွမ်းကိစ္စပြုကြလေသည်၊ မြတ်စွာဘုရား ခရီးဆက်ကြွလျှင် သူတို့လည်း ခရီးဆက်ကြလေသည်၊ မြတ်စွာဘုရားရှင် ညဉ့်ကျိန်းစက်သော နေရာ၌ သူတို့လည်း အိပ်စက်ကြ၍ နောက်တနေ့ နံနက်စာစားပြီး အတူတကွ ခရီးထွက်ကြလေသည်။ လမ်းခရီးအကြား လူအများက "ဤကဲ့သို့ ဘုရားရှင်နောက်က ကောက်ကောက်လိုက်နေခြင်းသည် အဘယ့်ကြောင့်နည်း" ဟု မေးမြန်းအပ်ကုန်သည်ရှိသော် ရှေးဖော်ပြရာပါ ကြံစည်တိုင်ပင်ကြသည့်အတိုင်း ဟန်ဆောင်မှုစကား ပြောကြားကြလေသည်။ များစွာသော လူအပေါင်းတို့သည် "တန်ခိုးပြာဋိဟာကို ဖူးမြော်ကြကုန်အံ့" ဟု အစဉ်တစိုက် လိုက်ပါလာကြကုန်၏။

### သာဝတ္ထိပြည်၌ နှစ်ဖက်မှ အစီအမံများ

မြတ်စွာဘုရားရှင်သည်လည်း အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူခဲ့ရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်သို့ ဆိုက်ရောက် သီတင်းသုံး နေတော်မူ၏။ တိတ္ထိတို့သည်ကား မြတ်စွာဘုရားနှင့် အတူတကွ လိုက်ပါခဲ့ကြ၍ သာဝတ္ထိပြည်သို့ ရောက်ကြလေလျှင် မိမိတို့ဆိုင်ရာ ဒကာဒကမများကို ပြောဆိုဟောကြား အလှူခံကြ၍ တသိန်းသော အသပြာကို ရကြလေသော် ထိုအသပြာ တသိန်းကို အရင်းအနှီးပြုကာ ရှားနှစ်သားတိုင်တို့ဖြင့် မဏ္ဍပ်ဆောက်လုပ်ကြပြီးလျှင် ထိုမိမိတို့မဏ္ဍပ်ကို ကြာညှိပန်းတို့ဖြင့် အဆန်းတကြယ် ခြယ်လယ်ဖုံးလွှမ်းကြ၍ "ဤမဏ္ဍပ်၌ ငါတို့သည် တန်ခိုးပြာဋိဟာကို ပြသကြကုန်အံ့" ဟု ဝါကြွားပလွှားပြောဆိုကြကာ နေထိုင်ကြလေကုန်၏။

ပသေနဒီ ကောသလမင်းတရားသည် မြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တိတ္ထိတို့သည် ပြာဋိဟာမဏ္ဍပ်ကို ဆောက်စေအပ်ပါပြီ၊ တပည့်တော်သည်လည်း အရှင်မြတ်ဘုရားတို့အတွက် ပြာဋိဟာမဏ္ဍပ်ကို ဆောက်လုပ်ပါရစေဘုရား" ဟူ၍ လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "မြတ်သောမင်းကြီး.... သင်မဆောက်လေလင့်၊ ငါဘုရားအတွက် မဏ္ဍပ်ဆောက်လှူမည့်

http://www.dhammadownload.com



ဒါယကာ အသင့်ရှိသည်”ဟူ၍ မိန့်တော်မူလေ၏။ “ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. တပည့်တော်ကိုထား၍ အခြားအဘယ်သူသည် ရှင်တော်ဘုရားအတွက်တာ မဏ္ဍပ်ဆောက်လုပ်ရန် စွမ်းနိုင်ပါမည်နည်း”ဟူ၍ ပသေနဒီကောသလမင်းတရားက လျှောက်ထားလေလျှင် “မြတ်သောမင်းကြီး…. သိကြားနတ်မင်းဆောက်လုပ်လိမ့်မည်”ဟူ၍ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူလေ၏။ “အဘယ်အရပ်၌ တန်ခိုးပြာဋိဟာပြသမှုကို ပြုတော်မူကြမည်နည်း” ဟူ၍ မင်းကြီးက မေးလျှောက်သောအခါ မြတ်စွာဘုရားရှင်က “မြတ်သောမင်းကြီး…. ကဏ္ဍာမ္ဗသရက်ဖြူပင်အနီး၌ ပြသကြကုန်အံ့”ဟူ၍ မိန့်ကြားတော်မူလေ၏။

တိတ္ထိတို့သည် “သရက်ပင်၏အနီး၌ မြတ်စွာဘုရားရှင်သည် တန်ခိုးပြာဋိဟာပြသမှုကို ပြုတော်မူလိမ့်မည်တဲ့”ဟူသော သတင်းစကားကို ကြားကြလျှင်ပင် အလွန်ကြောက်ရွံ့ တုန်လှုပ်ကြကာ မိမိတို့၏ အလုပ်အကျွေး ဒကာများအား ပြောကြားတိုင်ပင်ကြ၍ သာဝတ္ထိပြည်၏ ပတ်ဝန်းကျင် တယူဇနာအတွင်းဝယ် သရက်ပင်ရှိသမျှကို အရဝယ်ယူကာ ခုတ်လှည်းကြကုန်၏၊ အယုတ်သဖြင့် ထိုနေ့မှ ပေါက်သစ်စ ဖြစ်သော သရက်ပင် ပေါက် ကိုပင် သော်လည်း နုတ်ပယ်၍ ပစ်ကြလေကုန်၏။

### ကဏ္ဍာမ္ဗသရက်ဖြူပင်အကြောင်း

ထိုအခါ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ ရဟန်းအပေါင်း ခြံရံတော်မူကာ သာဝတ္ထိပြည်အတွင်းသို့ ဆွမ်းခံဝင်ရန် ဇေတဝန်ကျောင်းတော်မှ ထွက်ကြွတော်မူခဲ့လေ၏။

ကောသလမင်းကြီး၏ ဥယျာဉ်မှူးကား ကဏ္ဍ-အမည်ရှိလေသည်၊ ထိုဥယျာဉ်မှူး မောင်ကဏ္ဍသည် မင်း၏ဥယျာဉ်တော်အတွင်း သရက်ပင်တပင်၌ ခါချဉ်ထုပ်ဟောင်းအတွင်း ရွက်အုပ်သီး ကြီးစွာသော သရက်သီးမှည့်တလုံးကိုတွေ့မြင်ရ၍ ထိုသရက်သီး၏ အနံ့အရသာ လောဘဖြင့် တသောသော ကျရောက်နေသော ကျီးများကို ခြောက်လှန့်ပြေးစေပြီး ထိုသရက်သီးကို

http://www.dhammadownload.com



မင်းကြီးအား ဆက်သမည်ဟူသော အကြံဖြင့် ခူးဆွတ်ယူဆောင်၍ လာခဲ့ရာ လမ်းခရီးအကြား၌ မြတ်စွာဘုရားကို ဖူးတွေ့ရ၍—

"မင်းကြီးသည် ဤသရက်သီးကို ပွဲတော်စာတည်ရလျှင် (=စားသုံးရလျှင်) ငါ့အား ရှစ်ကျပ် (သို့မဟုတ် အများဆုံး တဆယ့်ခြောက်ကျပ်)သော ဆုလာဘ် ငွေအသပြာကို ပေးလေရာ၏၊ ထိုမင်းကြီးပေးသောဆုလာဘ် ငွေအသပြာ ရှစ်ကျပ် (သို့မဟုတ် တဆယ့် ခြောက်ကျပ်) သည် ငါ့အတွက်တာ တသက်စာ စားသုံးလောက်မည်မဟုတ်ချေ။ ငါသည် ဤ သရက်သီးကို မြတ်စွာဘုရားအား လှူဒါန်း ဆက်ကပ်လိုက်လျှင် ငါ့ အတွက်တာ အပိုင်းအခြား မရှိသော ဘဝသံသရာ ကာလပတ်လုံး စီးပွါးချမ်းသာကို ရွက်ဆောင်နိုင်ပေလိမ့်မည်"—

ဟု သဒ္ဓါဦးတည် ကြံစည်စဉ်းစားပြီးလျှင် ထို သရက်သီးကို လမ်းခရီးအကြားမှာပင် မြတ်စွာဘုရားအား လှူဒါန်းဆက်ကပ်လေ၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို ကြည့်တော်မူလေလျှင် အရှင်အာနန္ဒာသည် မျက်ရိပ်မျက်ကဲ နားလည်ပါးနပ်သူဖြစ်ရကား စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ လှူဒါန်းအပ်သည့် ကျောက်သပိတ်ကို မြတ်စွာဘုရားအား ပေးကပ်လိုက်လေသည်။ မြတ်စွာဘုရားရှင်သည် ထိုကျောက်သပိတ်ကို ညွှတ်၍ ဥယျာဉ်မှူး မောင်ကဏ္ဍ လှူဒါန်းသည့် သရက်သီးကို ခံယူတော်မူပြီးလျှင် ထိုနေရာ၌ပင် ထိုင်အံ့သော အခြင်းအရာကို ပြတော်မူ၏။

အရှင် အာနန္ဒာ မထေရ်သည် သင်္ကန်းကို ခင်း၍ ပေး၏။ ထို့နောက် ထိုသင်္ကန်းအခင်း၌ ထိုင်နေတော်မူပြီးသော မြတ်စွာဘုရားအား အရှင်အာနန္ဒာမထေရ်သည် ထိုသရက်သီးကို အဖျော်ယမကာပြုလုပ်၍ ဆက်ကပ်လေသည်။ မြတ်စွာဘုရားရှင်သည် သရက်သီးဖျော်ရည်ကို သောက်သုံးတော်မူပြီးလျှင် ကဏ္ဍဥယျာဉ်မှူးကို "ဒကာကဏ္ဍ ဤသရက်သီးစေ့ကို ဤနေရာ၌ပင် မြေကို ယက်၍ စိုက်ပျိုးလော့"ဟု မိန့်တော်မူ၏။ ကဏ္ဍဥယျာဉ်မှူးသည်

http://www.dhammadownload.com



မြတ်စွာ ဘုရား မိန့်တော်မူတိုင်း ပြုလေ၏။ မြတ်စွာဘုရားသည် ထိုသရက်စေ့၏ အထက်၌ လက်တော်ကို ဆေးကြောလေ၏။

**ခဏအတွင်း သရက်ပင်ကြီး ပေါက်လာခြင်း**

မြတ်စွာဘုရားရှင် လက်တော်ကို ဆေးပြီးလျှင် ပြီးခြင်းပင် လွန်တုံးဦးခန့် ပမာဏ ပင်စည်ရိုးတံရှိသော သရက်ပင် ဩော်ကြီး မြေမှ တမုဟုတ်အတွင်း ပေါ်တက်လာလေသည်။ ကြည့်စဉ်ကြည့်စဉ်ပင် တရိပ်ရိပ်ကြီးထွားကာ အတောင် ငါးဆယ် အမြင့်အစောက် ရှိသော သရက်ပင်ကြီး ဖြစ်၍လာလေသည်။ အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာ၌ အကိုင်းကြီး လေးကိုင်း အထက်၌ အကိုင်းကြီး တကိုင်း ဤသို့ အားဖြင့် ခက်မငါးဖြာ အကိုင်းကြီး ငါးကိုင်းတို့သည် အတောင်ငါးဆယ် စီပင် ရှိကြကုန်၏။ ထို သရက်ပင်ကြီးသည် ထို ခဏမှာပင် အပွင့်အသီးများ တရိပ်ရိပ် ပွင့်သီးဖုံးလွှမ်းကာ သရက်သီးမှည့် အခိုင်တို့ဖြင့် တပင်လုံး ပြည့်နှက်လျက်ရှိလေ၏။

နောက်မှလာသော ရဟန်းတို့သည် ထိုသရက်ပင်မှ သရက်သီးမှည့်တို့ကို စားသုံးလိုက်ပါလာကြရကုန်၏၊ (သို့စေကာ သရက်သီးတို့ကား မကုန်နိုင်)။ ပသေနဒီကောသလမင်းကြီးသည် "ဤသို့ အံ့ဖွယ်သရဲ ထူးကဲသော သဘောရှိသည့် သရက်ပင်ကြီး ငြိးငြိး ထွန်းတောက် ပေါက်ရောက်လာပြီ" ဟူသော သတင်းစကားကို ကြားသိတော်မူ၍ "ထိုသရက်ပင်ကို မည်သူ တဦးတယောက်မျှ မခုတ်ဖြတ်ရ" ဟု မင်းမိန့်ထုတ်ဆင့်ကာ အစောင့်အနေ ချထား စေတော်မူ၏။

ထိုသရက်ပင်ကြီးကား ကဏ္ဍမည်သော ဥယျာဉ်မှူး စိုက်ပျိုး အပ်သောကြောင့် "ကဏ္ဍမ္ဗရက္ခ = ဥယျာဉ်မှူး မောင်ကဏ္ဍ စိုက်ပျိုးအပ်သည့် သရက်ပင်" ဟူ၍ ထင်ရှား လေသည်။ ထိုသရက်ပင်ကို ရည်ရွယ်တော်မူ၍ပင် မြတ်စွာဘုရားရှင်သည် ဗိမ္ဗိသာရမင်းတရား, ပသေနဒီ-ကောသလမင်းတရားတို့ မေးလျှောက်သောအခါ၌

http://www.dhammadownload.com



"ကဏ္ဍမ္ဗ သရက်ပင်အနီး၌ တန်ခိုးပြာဋိဟာ ပြသတော်မူမည်" ဟု မိန့်တော်မူခြင်းဖြစ်သည်။ တိတ္ထိတို့ကား ထိုအကြောင်းကို မသိကြသောကြောင့် သာဝတ္ထိပြည် ပတ်ဝန်းကျင် တယူဇနာအတွင်းရှိ သရက်ပင်တို့ကို အညွှာက်မျှမကျန် မြတ်စွာဘုရား တန်ခိုးပြာဋိဟာ မပြနိုင်ရန် ဝယ်ယူလှည်းခုတ် နုတ်ပစ်ကြလေသည်။

ထိုနောင်မှ သေသောက်ကြူးတို့သည်လည်း ကဏ္ဍဥယျာဉ်မှူး စိုက်ပျိုးအပ်သော ထိုသရက်ပင်မှ သရက်သီးမှည့်ကို နှစ်သက်အားရမ်း စားသုံးကြပြီးလျှင် "ဟယ် တိတ္ထိပျက်တို့.... 'ရဟန်းဂေါတမသည် ကဏ္ဍမ္ဗသရက်ပင်အနီး၌ တန်ခိုးပြာဋိဟာ ပြသမှုပြုလိမ့်မည်' ဟု စိုးရိမ်ကြကာ သင်တို့သည် သာဝတ္ထိပြည်၏ ပတ်ဝန်းကျင် တယူဇနာအတွင်း၌ ထိုနေ့ပေါက်သည့် သရက်ပင်ညွှာက်ကိုမျှမချန် သရက်ပင်မှန်သမျှကို မြေလှန်နုတ်ပယ်အပ်ခဲ့လေပြီ၊ မြတ်စွာဘုရားမိန့်ကြားတော်မူသည့် ကဏ္ဍမ္ဗသရက်ပင်ဟူသည်မှာ (သင်တို့ထင်သည့် သရက်ဖြူပင်မဟုတ်) ဤယခု ကဏ္ဍဥယျာဉ်မှူး စိုက်ပျိုးအပ်သည့် သရက်ပင်ပင် ဖြစ်လေသည်" ဟု ရေရွတ်စကားပြောဆိုကြကာ ထိုတိတ္ထိတို့ကို မိမိတို့စားသုံးပြီးသော သရက်စေ့တို့ဖြင့် ဝိုင်းဝန်းပစ်ခတ်ကြလေကုန်၏။

**တိတ္ထိတို့၏ မဏ္ဍပ်ကို လေနတ်သား တိုက်ခတ်ဖျက်ဆီး၍ တိတ္ထိတို့ ရှုံးနိမ့်ပျက်စီးကြခြင်း**

သိကြားမင်းသည် လေနတ်သားကို "တိတ္ထိတို့၏ မဏ္ဍပ်ကို လေဖြင့်တိုက်ဖော့ တိုင်ပေါက်ျွတ်စေ၍ မသန့်ပြန့်သော မြေအရပ်၌ ပစ်ချလေလော့" ဟူ၍ စေခိုင်းလေ၏၊ လေနတ်သားသည် သိကြားမင်း စေခိုင်းသောအတိုင်း ပြုလုပ်လေ၏။

တဖန် သိကြားမင်းသည် နေနတ်သားကို "နေဗိမာန်အဝန်းကို အောက်သို့နှိမ့်ချလျက် ပူလောင်စေလေလော့" ဟု စေခိုင်းပြန်၏၊ နေနတ်သားသည်လည်း သိကြားမင်းစေခိုင်းသောအတိုင်း ပြုလုပ်လေ၏။

http://www.dhammadownload.com



တဖန် သိကြားမင်းသည် လေနတ်သားကို "လေဗွေကို ထစေလျက် သွားလော့ = တိတ္ထိတို့၏ မဏ္ဍပ်နေရာ၌ ကွက်၍ လေဗွေတိုက်ခတ်လော့" ဟု စေခိုင်းပြန်လေ၏၊ လေနတ်သားသည်လည်း သိကြားမင်း စေခိုင်းသောအတိုင်း ပြုလုပ်လေရကား တိတ္ထိတို့၏ ချွေးပေါက်ချွေးသီး တဒီးဒီး ယိုစီးကျသော ကိုယ်အလုံးမှာ မြူမှုန်ဖုံလုံးတို့ လွှမ်းဖုံးစွဲကပ်လျက် ရှိချေ၏၊ ထိုအခါ တိတ္ထိတို့သည် တောင်ပို့နီကြီးများနှင့်တူ၍ နေကုန်၏။

ထိုနောင်မှ သိကြားမင်းသည် မိုးနတ်သားကို "အလွန်ကြီးသည့် မိုးသီးမိုးပေါက်များကို ပြိုးပြိုးပြောက်ပြောက် ရွာသွန်းလော့" ဟု စေခိုင်းပြန်၏၊ မိုးနတ်သားသည်လည်း သိကြားမင်း စေခိုင်းသောအတိုင်း ပြုလုပ်လေ၏။ ထိုအခါ တိတ္ထိတို့၏ ကိုယ်အလုံးသည် နွားနီကျားနှင့်တူ၍ နေလေ၏။

တိတ္ထိအပေါင်းတို့သည် မဏ္ဍပ်ကလည်းပျက်ခဲ့ချေ, နေကလည်း ပူလှ, လေဗွေကလည်း အလွန်ထ, မိုးသီးကလည်း တဖြောက်ဖြောက်ရွာသဖြင့် ကိုးကွယ်ရာမရ မာန်မာန လျှော့ကျကြကာ ဦးတည့်ရာရာအရပ်သို့ ထွက်ပြေးကြလေကုန်၏။

### ပူရဏကဿပဆရာကြီး လည်ပင်း ကြိုးကွင်းတပ်လျက် ရေ၌ ဆင်း၍သေခြင်း

ထိုသို့ တိတ္ထိဆရာကြီး ခြောက်ဦးတို့ ဦးတည့်ရာရာ အရပ်သို့ ပြေးသွားကြသည့်အနက် ပူရဏကဿပ ဆရာကြီး၏ အလုပ်အကျွေး တပည့်ဒါယကာ လယ်သမား တယောက်သည် "ယခုအခါ၌ ငါတို့အရှင်မြတ်များ တန်ခိုးပြာဋိဟာ ပြသရန် အချိန်တန်လေပြီ၊ ငါသွားရောက်၍ တန်ခိုးပြာဋိဟာကို ကြည့်ဦးအံ့" ဟု ကြံစည်ပြီးလျှင် နွားများကို ထွန်မှချွတ် လွှတ်ခဲ့၍ နံနက်စောစောက ယာဂုထည့်၍ ယူခဲ့သောအိုး,ကြိုး,နှင့်တံတို့ကို ယူဆောင်ခဲ့၍ ပြာဋိဟာပွဲသို့ လာရောက်လေသော် ပူရဏကဿပဆရာကြီး ရေးကြီးသုတ်ပြာ ပြေးသွားနေသည်ကို မြင်ရ၍ "အရှင်ဘုရား....တပည့်တော်သည် အရှင်မြတ်တို့၏ တန်ခိုးပြာဋိဟာကို ဖူးမြော်အံ့ဟူ၍

http://www.dhammadownload.com



လာခဲ့ပါသည်၊ အရှင်ဘုရားတို့ ယခု အဘယ်အရပ်သို့ ကြွကြမည်နည်း”ဟု မေးလေ၏။ ပူရဏကဿပဆရာကြီးသည် “သင့် (မင့်) ပြာဋိဟာဖြင့် ဘာအကျိုးရှိမည်နည်း၊ သင့်လက်ထဲမှာ ယူဆောင်လာသည့် ဤအိုးနှင့်ကြိုးကိုသာ ငါ့အားပေးလော့”ဟု ပြောဆိုလေ၏၊ ထိုဆရာကြီးသည် ထိုတပည့် လယ်သမားပေးလိုက်သည့် အိုးနှင့်ကြိုးကို ယူဆောင်ကာ ရေစီးသော ချောင်းကမ်းထိပ်သို့ သွားရောက်၍ အိုးကိုသဲအပြည့်ထည့်ပြီးလျှင် ယူဆောင်ခဲ့သော ကြိုးဖြင့် မိမိလည်ပင်း၌ဖွဲ့၍ ရေစီးသန်သော ချောင်းရေအိုင်အတွင်း ခုန်ဆင်းကာ ရေမြှုပ်တို့ကို တစီစီထစေလျက် စုတိပြတ်ကြွေ သေလွန်ပြီးသော် မဟာအဝီစိငရဲ၌ ပဋိသန္ဓေတည်နေဖြစ်ပွါးလေတော့၏။

ယတ္တကံ ဒုက္ခမုပ္ပဇ္ဇိ၊
ဗာလာနံ အဝိဇာနတံ။
သတံ သုခံ တတ္တကံဝ၊
သာယံ လောကဿ ဓမ္မတာ။

အာသိအလိမ္မာ၊ ဉာဏ်ပညာတို့၊ လွန်စွာခေါင်းပါး၊ သူတို့အားလျှင်၊ ရှည်လျား ဒုက္ခ၊ ရောက်သမျှပင်၊ ပညာ့တံခွန်၊ ဉာဏ်ရည်ချွန်သည့်၊ သူမွန်မြတ်ဖျား၊ ရှင်တို့အားမူ၊ တရားလက်ကိုင်၊ ကျေးဇူးထိုင်၍၊ ဖြိုင်ဖြိုင်သုခ၊ ကောင်းကျိုးရသည်၊ ၊လောက ဓမ္မတာ တကား။

**ပြာဋိဟာပွဲ၌ မြတ်စွာဘုရားရှင်ကို တပည့်များ လျှောက်ထားကြပုံ**

လူနတ်တို့၏ဆရာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညူမြတ်စွာဘုရား၏ အတွက်သော်ကား သိကြား နတ်မင်းသည် ညနေချမ်းကာလဝယ် ဆင်ခြင် စဉ်းစား လတ်သော် “မြတ်စွာဘုရား၏အတွက် ရတနာမဏ္ဍပ် ဆောက်လုပ်ရန်ကား ငါတို့၏တာဝန်ပေတည်း”ဟု သိ၍ ဝိသုကြုံနတ်သားကို စေလွှတ်ပြီးလျှင် တဆယ့်နှစ်ယူဇနာ ကျယ်ဝန်းလျက် ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်းအပ်သော ရတနာ့ခုနစ်ပါးဖြင့်ပြီးသည့် မဏ္ဍပ်ကြီးကို ဖန်ဆင်းစေလေသည်၊ ယင်းမဏ္ဍပ်၌ မြတ်စွာဘုရား၏ တပည့်ရဟန်းရှင်လူများတို့ စည်းဝေးညီမူကြလေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်သည် မွန်းလွဲပြီးနောက် ညနေပိုင်း အချိန်သို့ ရောက်သောအခါ တန်ခိုးပြာဋိဟာပြသမှု ပြုတော်မူရန် ဂန္ဓကုဋီကျောင်းတော်မှ ထွက်ကြွတော်မူ၍ ဝိသုကြာ ဖန်ဆင်းအပ်သည့် ရတနာမဏ္ဍပ်အတွင်း တယူဇနာ ပမာဏရှိသော ရတနာ ပလ္လင်တော်၌ သုံးယူဇနာပမာဏရှိသော နတ်ထီးဖြူဆောင်းမိုး လျက် သီတင်းသုံး နေတော်မူလေ၏။

လွန်ခဲ့သော တပေါင်းလပြည့်နေ့ကပင် "ဤနေ့မှနောက် လေးလလွန်မြောက် ဝါဆို လပြည့်နေ့သို့ ရောက်သော အခါ သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်အနီး၌ တန်ခိုးပြာဋိဟာကို ပြသ မည်" ဟု ဗိမ္ဗိသာရ မင်းတရားအား မိန့်ကြားတော် မူခဲ့သော မြတ်စွာဘုရား၏ စကားတော်ကို အဆင့်ဆင့် သတင်းကြားကြ၍ ယမိုက်ပြာဋိဟာကို ဖူးမြော်လိုကြသောကြောင့် သာဝတ္ထိပြည်သို့ ပေါင်းဆုံ စုဝေးမိကြသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာ = ဤလူဇာတ် ပရိသတ်လေးပါးတို့ကား မြတ်စွာဘုရားကို အလယ်ဗဟိုထား၍ ရှေ့, နောက်, ဝဲ, ယာ = လေးမျက်နှာတို့၌ (၁၂) တဆယ့်နှစ်ယူဇနာစီ ရှိကုန်၏။ တဖက် သော ပရိသတ်အစွန်းမှ အခြားတဖက်သော ပရိသတ်အစွန်းသို့ တိုင်အောင် (၂၄) နှစ်ဆယ့်လေးယူဇနာရှိကုန်၏။အဝန်းအဝိုင်း အားဖြင့် (၇၂) ခုနစ်ဆယ့်နှစ်ယူဇနာ ရှိကုန်၏။ ဇာတိခေတ် စကြဝဠာပေါင်း တိုက်တသောင်းတို့၌ နေထိုင်ကြသော နတ် မြဟ္မာအပေါင်းတို့သည် တပြိုင်နက်တည်း စည်းဝေးပေါင်းစုကြ လေကုန်၏။

## ဿရဏီ အမျိုးသမီး လျှောက်ထားပုံ

ထိုအစည်းအဝေး၌ "ဿရဏီ" အမည်ရှိသော တန်ခိုးကြီးမြတ် သည့် အနာဂါမ်တည် ဥပါသိကာ ဒါယိကာမ သည် မြတ်စွာဘုရား ၏ရှေ့တော်မှောက်၌ ရပ်တည်လျက် လက်အုပ်ချီမိုး ရှိခိုးလျှောက် ထားသည်မှာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ···· တပည့် တော်မကဲ့သို့သော သမီးတော်တယောက် ထင်ရှားရှိပါလျက် ရှင်တော်ဘုရားတို့ အပင်ပန်းခံ ပြုလုပ်ရန် ကိစ္စ မရှိပါ။ တပည့်

http://www.dhammadownload.com



တော်မသည် တန်ခိုးပြာဋိဟာပြသမှုကို ပြုပါရစေ”ဟူ၍ လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်က “ချစ်သမီး ဿရဏီ.... သင်ချစ်သမီးသည် အဘယ်သို့သော ပုံပန်းဖြင့် တန်ခိုးပြာဋိဟာပြသမှုကို ပြုမည်နည်း” ဟူ၍ မေးမြန်းလေသော် ဿရဏီ မည်သော အနာဂါမ်တည် ဥပါသိကာ ဒါယိကာမက—

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်မသည် ဤစကြဝဠာတိုက်အတွင်း၌ ရှိရင်းစွဲ ပထဝီမြေကြီးကို ရေပြုလုပ်ကာ စကြဝဠာတတိုက်လုံး ရေတပြင်တည်းဖြစ်အောင် ဖန်ဆင်းပြီးနောက် ရေကြက်မကဲ့သို့ ရေ၌ ငုပ်လျှိုးပြီးလျှင် အရှေ့ စကြဝဠာ အနားရေး၌ မိမိကိုယ်ကို ဖော်ပြပါမည်၊ ထိုအတူ အနောက်စကြဝဠာ အနားရေး, မြောက်စကြဝဠာအနားရေး, တောင်စကြဝဠာ အနားရေးတို့၌လည်း မိမိကိုယ်ကို ဖော်ပြပါမည်၊ ထိုအတူ အလယ်၌လည်း မိမိကိုယ်ကို ဖော်ပြပါမည်။

(ထိုအခါ) ‘ဤ သူ မ ကား အ ဘယ် မည် သော သူနည်း’ ဟု တဦး တယောက်က မေးမြန်း လတ်သော် အခြား သူများက ‘ဤ သူမကား ဿရဏီ အမည်ရှိသော (မြတ်စွာ ဘုရား၏ သမီးတော်) အနာဂါမ်တည် ဥပါသိကာ ဒါယိကာမဖြစ်ပေသည်’ဟု ပြောဆိုကြပါလိမ့်မည်၊ (ထိုအခါ တွေ့မြင်သူ ပရိသတ်အားလုံးကပင်)‘ဤအာနုဘော်ကား ပွဲဦးအစ (မြတ်စွာဘုရားသမီးတော်) မိန်းကလေးတဦး၏ အာနုဘော်သာဖြစ်သေး၏။ ဘုရားရှင်၏ အာနုဘော်တော်မှာမူ အဘယ်သို့ ဖြစ်လိမ့်မည် မမှန်းဆနိုင်အောင် ရှိတော့သည်’ဟူ၍ ပြောဆိုကြပါလိမ့်မည်။ ဤသို့ဖြစ်သည်ရှိသော် တိတ္ထိတို့သည် အရှင်မြတ်ဘုရားတို့ကို ပြန်စောင်းမျှ မကြည့်ဝံ့ပဲ ရှောင်လွှဲတိမ်းသွေ ပြေးကြပါကုန်လိမ့်မည်”—

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် “ချစ်သမီးဿရဏီ····သင်ချစ်သမီး ဤသို့သဘောရှိသော တန်ခိုး

http://www.dhammadownload.com



ပြာဋိဟာပြသမှု ပြုစွမ်းနိုင်ကြောင်းကို ငါဘုရား ကောင်းစွာသိပေ၏။ သို့သော်လည်း ဤပန်းထုပ် (မုန်းတိုင် ပန်းစည်း)ကား သင်ချစ်သမီးအတွက် ဖွဲ့ချည်ယားအပ်သည်မဟုတ်”ဟူ၍ မိန့်ဆိုပယ်မြစ်တော်မူလေသော် ဿရဏိဥပါသိကာမသည် “ငါ့အား မြတ်စွာဘုရားသည် ခွင့်ပြုတော်မမူ၊ ငါ့ထက် သာလွန်မြင့်မြတ်သော တန်ခိုးပြာဋိဟာပြသမှုကို ပြုနိုင်စွမ်းသူ အခြားသူတဦးတယောက်ရှိပေလိမ့်မည်”ဟု ကြံစည် ဆင်ခြင်မိကာ သင့်လျှောက်ပတ်ရာ အရပ်၌ တည်နေလေ၏။

မြတ်စွာဘုရားရှင်သည် “ဤ ငါ၏သားတော် သမီးတော်များသည် ငါဘုရားကမေးလျှင် ဤနည်းဤပုံဖြင့် နှစ်ဆယ့်လေး ယူဇနာ အလျားအနံရှိသော ပရိသတ်၏အလယ်၌ စံပယ်ရဲရင့်စွာ ခြင်္သေ့မင်းပမာ လျှမ်းလျှမ်းတောက်စကား လျှောက်ထားကြပေလိမ့်မည်၊ ဤနည်းဖြင့် ထိုငါ့သားတော် သမီးတော်တို့၏ ဂုဏ်ကျေးဇူးကား ထင်ရှားပေလိမ့်မည်”ဟုကြံစည်ဆင်ခြင်တော်မူကာ အခြားသော သာဝက သာဝိကာတို့ကိုလည်း အသီးအသီး “သင်တို့သည် အဘယ်သို့ တန်ခိုးပြာဋိဟာပြသမှုကို ပြုကြမည်နည်း” ဟု မေးတော်မူ၏၊ ထိုတပည့်သာဝက သာဝိကာတို့သည် ဤသို့ ဤသို့ ပြုကြပါမည်ဘုရားဟူ၍ အသီးအသီး အမျိုးမျိုး အဖုံဖုံ လျှောက်ထားကြကာ မြတ်စွာဘုရား ရှေ့တော်မှောက်၌ ရဲရဲ တောက်စကား လျှောက်ထားကြလေကုန်၏။

### စူဠအနာထပိဏ် လျှောက်ထားပုံ

ထိုသို့ ရဲရဲတောက် လျှောက်ထားကြသော တပည့်သား သာဝက,တပည့်မ သာဝိကာတို့အနက် စူဠအနာထပိဏ်ဒါယကာသည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား····တပည့်တော်ကဲ့သို့သော အနာဂါမ်တည် ဥပါသကာသားကောင်းတယောက် ထင်ရှားရှိပါလျက် ရှင်တော်ဘုရားတို့ အပင်ပန်းခံ ပြုလုပ်ရန်ကိစ္စ မရှိပါ၊ တပည့်တော်သည် တန်ခိုးပြာဋိဟာ ပြသမှုကို ပြုပါရစေ”ဟူ၍

မဟာဗုဒ္ဓဝင် ၃–၄၄·

http://www.dhammadownload.com



လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်က "ချစ်သား အနာထပိဏ်....သင်ချစ်သားသည် အဘယ်သို့သောပုံပန်းဖြင့် တန်ခိုးပြာဋိဟာပြသမှုကိုပြုမည်နည်း"ဟု မေးတော်မူ၍ အနာဂါမ်တည် ဥပါသကာ စူဠအနာထပိဏ်က—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့်တော်သည် (၁၂) တဆယ့်နှစ်ယူဇနာ ရှိသော မြဟ္မာမင်း၏ ကိုယ်သဏ္ဌာန် အတ္တဘောကို ဖန်ဆင်းပြီးလျှင် ဤပရိသတ်၏အလယ်၌ မိုးကြီးထစ်ချုန်း မြည်ဟည်းသံနှင့်မခြား ကြီးမားပြင်းထန်သော အသံဖြင့် မြဟ္မာ၏လက်ပမ်းပေါက် (= လက်ခမောင်း)ခတ်ခြင်းမည်သော လက်ပမ်းပေါက် (= လက်ခမောင်း)ခတ်မှုကို ပြုပါမည်။

ထိုအခါ လူများအပေါင်းက "ဤအသံကား အဘယ်မည်သောအသံနည်း"ဟု မေးမြန်းလတ်သော် (ပရိသတ်တို့က) "မြတ်စွာဘုရား၏ သားတော် အနာဂါမ်တည် ဥပါသကာ စူဠအနာထပိဏ်သူဌေးကလေး၏ မြဟ္မာ့အဟန် လက်ပမ်းပေါက် (= လက်ခမောင်း) ခတ်သံတည်း"ဟု ဖြေကြားပြောဆိုကြပါလိမ့်မည်၊ ထိုအခါ တိတ္ထိတို့သည် "ဤအာနုဘော်ကား ပွဲဦးအစ ဘုရားသားတော် ဒါယကာကလေးတဦး၏ အာနုဘော်မျှသာ ရှိသေးသည်၊ မြတ်စွာဘုရား၏ အာနုဘော်မှာမူ အဘယ်သို့ ဖြစ်လိမ့်မည် မမှန်းဆနိုင်အောင် ရှိတော့သည်"ဟူ၍ ပြောဆိုကြောက်ရွံ့ကြကာ အရှင်မြတ်ဘုရားတို့ကို ပြန်စောင်းမျှ မကြည့်ဝံ့ကြပဲ ရှောင်လွှဲတိမ်းသွေ့ ပြေးကြပါကုန်လိမ့်မည်"—

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် "ချစ်သားအနာထပိဏ်....ငါဘုရားသည် သင်ချစ်သား၏ ဤသို့သဘောရှိသော အာနုဘော်ကို သိပေ၏၊ သင်ချစ်သားသည် ရပ်တည်ဦးလော့"ဟု မိန့်တော်မူကာ ခွင့်ပြုတော်မမူချေ။

http://www.dhammadownload.com



### ခုနစ်နှစ်အရွယ်"စိရာ"သာမဏေရီမလေး လျှောက်ထားပုံ

ထိုနောက် တယောက်သော ပဋိသန္ဓိဒါဉာဏ်ရှင် ခုနစ်နှစ်အရွယ်"စိရာ"မည်သော သာမဏေရီငယ်မသည် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်မ တန်ခိုးပြာဋိဟာပြသမှုကို ပြုပါရစေ" ဟူ၍ လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်က "ချစ်သမီးစိရာ....သင် ချစ်သမီးသည် အဘယ်သို့သောပုံပန်းဖြင့် တန်ခိုးပြာဋိဟာပြသမှုကို ပြုမည်နည်း" ဟူ၍ မေးတော်မူလေလျှင် စိရာသာမဏေရီငယ်မက—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့်တော်မသည် မြင်းမိုရ်တောင်, စကြဝဠာတောင်, ဟိမဝန္တာတောင်ဤ တောင်ကြီးသုံးလုံးတို့ကို တန်ခိုးအာနုဘော်ဖြင့် ယူဆောင်ခဲ့၍ ဤပြာဋိဟာပွဲသဘင် ယင်ရာဌာနဥ္ဇ အစဥ်လိုက် အတန်းလိုက် ချထားပါမည်၊ ယင်းသို့ တန်းထားပြီးနောက် တပည့်တော်မသည် ဟင်္သာငှက်မငယ်ကလေး ကဲ့သို့ ထိုထိုတောင်ကြီးသုံးလုံးတို့မှ ထွက်ခဲ့ကာ မငြိမကပ် လွတ်လပ်စွာ ပျံသန်းသွားလာမှုကို ပြုပါမည်။

လူများအပေါင်းသည် တပည့်တော်မကို မြင်ကြ၍ "ဤသူမကလေးကား အဘယ်သူနည်း"ဟု မေးကြသောအခါ ( ပရိသတ်တို့က ) "ဤသူမကလေးကား 'စိရာ'မည်သော သာမဏေရီငယ်မကလေးဖြစ်သည်" ဟု ဖြေကြားပြောဆိုကြပါလိမ့်မည်။ ထိုစကားကိုကြားရ၍ တိတ္ထိတို့သည် "ဤအာနုဘော်ကား ပွဲဦးအစ ခုနစ်နှစ်ရွယ် သာမဏေရီငယ်မကလေး၏ အာနုဘော်သာ ဖြစ်ချေသေးသည်၊ မြတ်စွာဘုရား၏ အာနုဘော်ကား အဘယ်သို့ဖြစ်လိမ့်မည် မမှန်းဆနိုင်အောင်ပင် ရှိမှာတာသည်"ဟူ၍ ပြောဆိုကြောက်ရွံ့ကြကာ အရှင်မြတ်ဘုရားတို့ကို ပြန်စောင်းမျှ မကြည့်ဝံ့ကြပဲ ရှောင်လွှတိမ်းသွေ ပြေးကြပါကုန်လိမ့်မည်"—

http://www.dhammadownload.com



ဟူ၍ လျှောက်ထားလေ၏။ (ဤမှ နောက်၌ တပည့်သာဝကတို့ ပြန်ကြားလျှောက်ထားကြသည့် ဤစကားမျိုးကို ဤနည်းအတူပင် မှတ်ယူရာ၏၊ အကျယ်မရေးတော့ပြီ၊ ထူးရာကိုသာ ရေးသာ ဖော်ပြတော့အံ့)။ ထို"စိရာ"မည်သော သာမဏေရီမလေးအား လည်း မြတ်စွာဘုရားသည် "ချစ်သမီး၏ အာနုဘော်ကို ငါဘုရား သိပေ၏"ဟု မိန့်တော်မူပြီးလျှင် ရှေးနည်းအတူပင် တန်ခိုး ပြာဋိဟာ ပြသခွင့်ကို ပြုတော်မမူချေ။

### ခုနစ်နှစ်အရွယ် "စုန္ဒ"မည်သော ရဟန္တာသာမဏေယ်လေး လျှောက်ထားပုံ

ထိုနောက် တပါးသော ပဋိသမ္ဘိဒါဉာဏ်ရှင် ခုနစ်နှစ်အရွယ် "စုန္ဒ"မည်သောသာမဏေယ်သည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား··· အကျွန်ုပ်သည် တန်ခိုး ပြာဋိဟာပြသမှုကို ပြုပါရစေ"ဟု လျှောက်ထားလေ၏။ မြတ်စွာ ဘုရားရှင်က "ချစ်သား စုန္ဒ··· သင်ချစ်သားသည် အဘယ်သို့ သော ပုံပန်းဖြင့် တန်ခိုးပြာဋိဟာ ပြသမှုကို ပြုမည်နည်း"ဟူ၍ မေးတော်မူလေလျှင် စုန္ဒသာမဏေယ်က—

> "ဘုန်းတော်ကြီးသော မြတ်စွာဘုရား··· တပည့်တော် သည် ဇမ္ဗူဒိပ်ကျွန်း၏ အောင်လံတံခွန်သဖွယ်ဖြစ်သော ဇမ္ဗူသပြေပင်ကြီးကို ပင်စည်မှ ကိုင်၍လှုပ်ကာ ဇမ္ဗူသပြေ သီးတို့ကို ယူဆောင်ခဲ့ပြီးလျှင် ဤယခုစည်းဝေးနေကြသည့် ပရိသတ်ကို ကျွေးပါမည်၊ တာဝတိံသာ နတ်ပြည် ရှိ ပင်လယ်ကသစ်ပွင့်တို့ကို ယူဆောင်ခဲ့ပြီးလျှင် ဤပရိသတ် အား ပေးပါမည်"—

ဟူ၍ လျှောက်ထားလေ၏။ ထိုစုန္ဒသာမဏေယ်ကို လည်း မြတ်စွာဘုရားရှင်သည် ရှေးနည်းအတူ မိန့်ကြား၍ ခွင့်ပြုတော် မမူချေ။

http://www.dhammadownload.com



### ဥပ္ပလဝဏ်ထေရီမ လျှောက်ထားပုံ

ထို့နောက် ဥပ္ပလဝဏ်ထေရီမသည် မြတ်စွာဘုရားကို ရှိသေ မြတ်နိုး ရှိခိုး၍ (ရှေးနည်းအတူ) မိမိ တန်ခိုးပြာဋိဟာ ပြသရန် ခွင့်ပန်စကား လျှောက်ထားသဖြင့် မြတ်စွာဘုရားက "အဘယ်သို့ ပြသမည်နည်း" ဟု မေးတော်မူ၍ ဥပ္ပလဝဏ်ထေရီမက—

> "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····တပည့်တော်မသည် (၁၂) တဆယ့်နှစ်ယူဇနာ အတိုင်းအရှည်ရှိသော ပရိသတ်ကို ဖန်ဆင်းယူဆောင်၍ (၃၆) သုံးဆယ့်ခြောက်ယူဇနာ အဝန်းအဝိုင်းရှိသော စကြဝတေးမင်း၏ ပရိသတ်ဖြင့် ခြံရံအပ်လျက် စကြာမင်းအသွင် ဖန်ဆင်းလာရောက်၍ အရှင်မြတ်ဘုရားတို့ကို ရှိခိုးပါမည်"—

ဟူ၍ လျှောက် ထား လေ၏။ ထို ဥ ပ္ပ လ ဝဏ် ထေ ရီ မ ကို လည်း မြတ်စွာဘုရားရှင်သည် "သင်ချစ်သမီး၏ အာနုဘော်ကို ငါဘုရား သိပေ၏" ဟု မိန့်တော်မူပြီးလျှင် ရှေးနည်းအတူမင် တန်ခိုး ပြာဋိဟာ ပြသခွင့်ကို ပြုတော်မမူချေ။

### အရှင်မဟာမောဂ္ဂလာန် မထေရ်သူမြတ် လျှောက်ထားပုံ

ထို့နောက် အရှင်မဟာမောဂ္ဂလာန်မထေရ်သူမြတ်နှင့် မြတ်စွာ ဘုရားရှင်တို့ တန်ခိုးပြာဋိဟာ ပြသရန်နှင့်စပ်၍ အပြန်အလှန် လျှောက်ထားမေးဖြေတော်မူကြပုံမှာ—

> **(အရှင်မောဂ္ဂလာန်)** ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား···· တပည့်တော်သည် တန်ခိုးပြာဋိဟာ ပြသမှုကို ပြုပါရစေဘုရား။
>
> **(မြတ်စွာဘုရား)** ချစ်သားမောဂ္ဂလာန် ····သင်ချစ်သားသည် တန်ခိုးပြာဋိဟာပြသမှုကို အဘယ်သို့ ပြုမည်နည်း။
>
> **(အရှင်မောဂ်)** ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်သည် မြင်းမိုရ်တောင်မင်းကို သွားကြား၌

http://www.dhammadownload.com



ထားပြီးလျှင် မုံညင်းစေ့ကလေးသဖွယ် ပရိသတ်အလယ်၌ စားဝါး၍ ပြပါမည်ဘုရား။

(**မြတ်စွာ**) အခြား ဘယ်လိုများ တန်ခိုးပြသမှု ပြုဦးမည်နည်း။

(**အရှင်မောဂ်**) ဤ မဟာပထဝီမြေကြီးကို သင်ဖြူာကလေးကဲ့သို့ ခေါက်လိပ်ပြီးလျှင် လက်ချောင်းကြား၌ ထား၍ ပြပါမည်ဘုရား။

(**မြတ်စွာ**) အခြား ဘယ်လိုများ တန်ခိုးပြသမှု ပြုဦးမည်နည်း။

(**အရှင်မောဂ်**) မဟာပထဝီ ဤမြေကြီးကို အိုးထိန်းစက် ( = အိုးဖုတ်သမားတို့၏ မြေကြိတ်သော ယန္တရားဘီး) ကဲ့သို့ အထက်အောက်လည်အောင် ပြုပြီးလျှင် လူများအပေါင်းကို ဤမြေကြီး၏ အောက်အပြင်၌ ရှိသော မြေဆီမြေလွှာ မြေဩဇာကို စားပါစေမည် ( = ကျွေးပါမည်) ဘုရား။

(**မြတ်စွာ**) အခြား ဘယ်လိုများ တန်ခိုးပြသမှု ပြုဦးမည်နည်း။

(**အရှင်မောဂ်**) မဟာပထဝီ ဤမြေကြီးကို လက်ဝဲလက်ဖဝါးပေါ်၌ ထားပြီးလျှင် ဤသတ္တဝါများကိုမူ အခြားကျွန်း၌ထား၍ ပြပါမည်ဘုရား။

(**မြတ်စွာ**) အခြား ဘယ်လိုများ တန်ခိုးပြသမှု ပြုဦးမည်နည်း။

(**အရှင်မောဂ်**) ဘုန်းတော်ကြီးသော မြတ်စွာဘုရား····တပည့်တော်သည် မြင်းမိုရ်တောင်ကို ထီးရိုးသဖွယ်ပြုလုပ်ပြီးလျှင် မဟာပထဝီမြေကြီးကို ထီးရွက်ပမာအထက်သို့ မြှောက်ချီကာ မြင်းမိုရ်တောင်၏ ဦးထိပ်၌ထားပြီးလျှင် ထီးလက်စွဲသော ရဟန်းတပါးကဲ့သို့ လက်

http://www.dhammadownload.com



တဖက်တည်းဖြင့် စွဲကိုင်၍ ကောင်းကင်၌ လူးလာတုံ့
ခေါက် စင်္ကြံလျှောက်၍ ပြပါမည်ဘုရား။

မြတ်စွာဘုရားရှင်သည် "ချစ်သား မောဂ္ဂလာန် .... သင်ချစ်သား၏ အာနုဘော်ကို ငါဘုရားသိပေ၏"ဟု မိန့်တော်မူပြီးလျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်အားလည်း တန်ခိုးပြာဋိဟာ ပြသရန် ခွင့်ပြုတော်မမူချေ။ အရှင် မဟာမောဂ္ဂလာန် မထေရ်သည်လည်း "မြတ်စွာဘုရားရှင်သည် ဤပရိသတ်၌ ငါ့ထက်သာလွန်မြင့်မြတ်သည့် တန်ခိုးပြာဋိဟာ ပြသမှုပြုဖို့ရန် သိမြင်တော်မူလေယောင်တကား"ဟု စဉ်းစားဆင်ခြင်တော်မူပြီးလျှင် သင့်လျောက်ပတ်ရာ အရပ်၌ ရပ်တည်နေတော်မူလေ၏။

ထို့နောင်မှ မြတ်စွာဘုရားရှင်သည် အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်ကို "ချစ်သားမောဂ္ဂလာန်.... ဤပန်းထုပ် (မုန်းတိုင်) ကား သင်ချစ်သားအတွက် ဖွဲ့ထားအပ်သော ပန်းထုပ်မဟုတ်၊ မှန်၏ — ငါဘုရားကား သူမတူတန် ဝန်ကိုဆောင်နိုင်သူ ဖြစ်သည်၊ ငါဘုရား၏ဝန်ကို အခြား ဆောင်စွမ်းနိုင်မည့်သူ မရှိချေ၊ ယခု ဘုရားဖြစ်သောအခါ ငါဘုရား၏ ဝန်ကို အခြား ဆောင်နိုင်မည့်သူမရှိခြင်းကား မအံ့ဩလောက်သေးပါပေ၊ ပါရမီနုစဉ် အဟိတ်တိရစ္ဆာန်မျိုး၌ ငါဘုရား ဖြစ်သောအခါ၌သော်မှလည်း ငါဘုရား၏ဝန်ကို ဆောင်နိုင်သူမည်သည် မရှိခဲ့ချေ" ဟူ၍ မိန့်တော်မူပြီးလျှင် အရှင်မောဂ္ဂလာန်မထေရ် တောင်းပန်အပ်သည် ဖြစ်၍ (ကေကနိပါတ်၊ ၃-ကုရုဂ်ဝဂ်၊ ၉-ခုနမြောက်၊ ဇာတ်ဋ္ဌ ၁၊ မျက်နှာ ၂၀၉-လာ) ကဏှဥသဘဇာတ်ကို အကျယ် ဟောကြားတော်မူလေ၏။

### ရတနာစင်္ကြံ ဖန်ဆင်းတော်မူခြင်း

ကဏှဥသဘဇာတ်ကို ဟောကြားတော်မူပြီးလျှင် အရှေ့နှင့် အနောက် စကြဝဠာတိုက်ပေါင်း တသောင်း အလျားရှိသော ရတနာစကြံကို ဖန်ဆင်းတော်မူလေ၏။ ဖန်ဆင်းတော်မူပုံမှာ.... အရှေ့ အနောက် တန်းလျက် စကြဝဠာ တိုက်တသောင်းတို့၌

http://www.dhammadownload.com



ရှိသော မြင်းမိုရ် တောင်ပေါင်း တသောင်း တို့ကို အစဉ် လိုက် အတန်းလိုက် ထုစိုက်အပ်သော ရတနာစကြံတိုင်ကြီးများ အဖြစ် ထားလျက် စင်္ကြဝဠာတိုက်တသောင်း အလျားရှိသော ရတနာ စင်္ကြံကြီးကို ဖန်ဆင်းတော်မူ၏။ ထိုရတနာစင်္ကြံကြီး၏ အရှေ့ ဖက်အစွန်းမှာ (စကြဝဠာ တိုက်တသောင်းအနက်) အရှေ့ဆုံး စကြဝဠာတိုက်၏ အနားရေး၌ ခိုက်လျက်တည်၏၊အနောက်ဖက် အစွန်းမှာ အနောက်ဖျားဆုံး စကြဝဠာတိုက်၏ အနားရေး၌ ခိုက်လျက်တည်၏။ ထိုရတနာစင်္ကြံကြီး၏ အနံ့ပမာဏမှာ (၁၂) တဆယ့်နှစ်ယူဇနာ ပြန့်ကျယ်သေသည်။ ဝဲယာ (တောင်ဖက် မြောက်ဖက်)နံပါးနှစ်ဖက်တို့၌ အလွန်မွေ့လျော်ဖွယ်ကောင်းသော စင်္ကြံတော် အပိုင်းအခြား ရွှေသားမြေကို ဖန်ဆင်းတော်မူ၏။ ထို၏အလယ်၌ ရတနာဆယ်ပါးဖြင့်ပြီးသော ထုပ်-လျောက်-ဒိုင်း-မြားတို့၏အပေါ်ဝယ် ရွှေပျဉ်ချပ်အမိုးများကို ဖန်ဆင်းတော်မူ၏။ စင်္ကြံ၌ရှိသော ပွတ်လုံးများကား ရွှေအတိပြီး၏။ ပတ္တမြား ပုလဲ တို့ကို ရတနာ စင်္ကြံတော်အတွင်း သဲအဖြစ်ဖြင့် ခင်းထားအပ် ကုန်၏။

ထိုအခါ ရှေ့နောက်ဝဲယာ လေးမျက်နှာတို့၌ ပရိသတ်(လူများ) ကား ဆယ့်နှစ်ယူဇနာစီ ရှိလေသည်၊ အဖြောင့်အားဖြင့် နှစ်ဆယ့် လေးယူဇနာရှိ၏။ နတ်မြဟ္မာ ပရိသတ်ကား အပိုင်းအခြားမရှိ များလှဘိ၏။ ထိုမျှများစွာသော လူနတ်မြဟ္မာ ပရိသတ်တို့၏ အလယ်၌ မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာကို ပြတော်မူ၏။ ထိုရတနာစင်္ကြံ၌ မြတ်စွာဘုရားရှင် ယမိုက်ပြာဋိဟာပြတော်မူပုံကို ဖော်ပြသည့် ပါဠိတော်မှ သိသာရုံ ထုတ်ဆောင်ပြဦးအံ့—

(၁) အထက်ပိုင်း ကိုယ်တော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ အောက်ပိုင်း ကိုယ်တော်မှ ရေအယဉ် တသွင်သွင် စီးလျက် ရှိ၏။ (နောက် တမျိုး ပြောင်းလဲ၍) အောက် ပိုင်း ကိုယ်တော်မှ မီး အ လျှံ များ တ ဖွား ဖွား ထွက် ၍ အ ထက် ပိုင်း ကိုယ်တော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

http://www.dhammadownload.com



(၂) ရှေ့ပိုင်းကိုယ်တော်မှ မီးအလျှံများ တဖွားဖွားထွက်၍ နောက်ပိုင်း ကိုယ်တော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက်တမျိုး ပြောင်းလဲ၍) နောက်ပိုင်းကိုယ်တော်မှ မီးအလျှံများ တဖွားဖွားထွက်၍ ရှေ့ပိုင်းကိုယ်တော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၃) လက်ျာမျက်လုံးတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ဝဲမျက်လုံးတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက်တမျိုး ပြောင်းလဲ၍) လက်ဝဲမျက်လုံးတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ျာမျက်လုံးတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၄) လက်ျာနားတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ဝဲနားတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (တဖန် မျက်စိမှိတ်၍ ကြည့်လိုက်သောအခါ တမျိုးပြောင်းလဲ၍) လက်ဝဲ နားတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ျာနားတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၅) လက်ျာနှာခေါင်းတော်မှ မီးအလျှံများ တဖွားဖွားထွက် ၍ လက်ဝဲနှာခေါင်းတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက်တမျိုး ပြောင်းလဲ၍) လက်ဝဲနှာခေါင်းတော်မှ မီးအလျှံ များ တဖွားဖွားထွက်၍ လက်ျာနှာခေါင်းတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၆) လက်ျာပခုံးစွန်းတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ဝဲပခုံးစွန်းတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက်တမျိုးပြောင်းလဲ၍) လက်ဝဲပခုံးစွန်းတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ျာပခုံးစွန်းတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၇) လက်ျာလက်တော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ဝဲလက်တော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက် တမျိုးပြောင်းလဲ၍) လက်ဝဲလက်တော်မှ မီးအလျှံများ တဖွားဖွား

http://www.dhammadownload.com



ထွက်၍ လက်ျာလက်တော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၈) လက်ျာနံပါးတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ဝဲ နံပါးတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက်တမျိုးပြောင်းလဲ၍) လက်ဝဲနံပါးတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ျာနံပါးတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၉) လက်ျာခြေတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ဝဲခြေတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက်တမျိုးပြောင်းလဲ၍) လက်ဝဲခြေတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ျာခြေတော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၁၀) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူဆယ်ဆူတို့မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူဆယ်ဆူတို့၏ အကြားအကြားမှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ (နောက်တမျိုး ပြောင်းလဲ၍)လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူဆယ်ဆူတို့၏ အကြား အကြားမှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၁၁) မွေးညှင်းတော် တဆူတဆူမှ မီးအလျှံများ တဖွားဖွား ထွက်၍ အခြားအခြားသော မွေးညှင်းတော်တဆူတဆူမှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၁၂) မွေးညှင်းတွင်း တတွင်း တတွင်းမှ မီးအလျှံများ တဖွားဖွားထွက်၍ အခြားအခြားသော မွေးညှင်းတွင်း တတွင်းတတွင်းမှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

ထိုထို ဆိုင်ရာဆိုင်ရာ ကိုယ်တော်အစိတ်အပိုင်းမှ နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇေဋ္ဌ, ပဘဿရတည်းဟူသော = ရောင်ခြည်တော် ခြောက်သွယ်တို့သည် အစုံလိုက် အစုံလိုက်

http://www.dhammadownload.com



အသွယ်လိုက် အသွယ်လိုက် အစုလိုက် အစုလိုက် ကွန့်မြူးထွက်ပေါ်ကြလေသည်။

[ဤ၌ အထူးမှတ်ရန်ကား။ ။မြတ်စွာဘုရား ကိုယ်တော်မြတ်မှာ တေဇောကသိဏချာန် (=တေဇောကသိုဏ်းကို အာရုံပြုသောဈာန်) သမာပတ်အစွမ်းကြောင့် အထက်ပိုင်းကိုယ်တော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ အာပေါကသိဏချာန် (=အာပေါကသိုဏ်းကို အာရုံပြုသောဈာန်) သမာပတ်အစွမ်းကြောင့် အောက်ပိုင်းကိုယ်တော်မှ ရေအယဉ် တသွင်သွင်စီး၍ထွက်သည်၊ (ဆိုလိုရင်းမှာ မီးအလျှံထွက်ဖို့ရန် တေဇောကသိဏချာန် သမာပတ်ကို ဝင်စားတော်မူရ၍ ရေအယဉ် တသွင်သွင်စီးထွက်ဖို့ရန် အာပေါကသိဏချာန် သမာပတ်ကို ဝင်စားတော်မူရသည်ဟု ဆိုလိုသည်)။ပြောင်းလဲ၍ ဖန်ဆင်းရာ၌လည်း ထိုနည်း အတူပင်တည်း။

ဤ၌ မီးအလျှံများသည် ရေအယဉ်နှင့် မရောနှောကုန်၊ ရေအယဉ်သည်လည်း မီးအလျှံများနှင့် မရောနှောချေ၊ သန့်လျက်သန့်လျက်ပင် တည်နေကြကုန်၏။ တချိန်တည်း၌ စိတ်နှစ်မျိုး တပြိုင်နက် မဖြစ်နိုင်သောကြောင့် မီးအလျှံကို ဖန်ဆင်းသည်ကား တကာလ၊ ရေအယဉ်ကို ဖန်ဆင်းသည်ကား တကာလ ဖြစ်၏။ ဤသို့ ကာလခြားကွာသော်လည်း မြတ်စွာဘုရားမှာ တဝီထိနှင့် တဝီထိအကြား ဘဝင်ခြားမှု နည်းပါးသောကြောင့်ရင်း, စိတ်တရား၏ ဖြစ်ပွါးမှု လျင်မြန်သောကြောင့်ရင်း, ဝသီဘော်ငါးပါး အထွတ်အထိပ်သို့ ရောက်တော်မူသောကြောင့်ရင်း, ဖူးမြင်ရသောဝေနေယျတို့၏ စိတ်သန္တာန်၌ မီးအလျှံနှင့် ရေအယဉ်တို့ တချိန်တည်း တခဏတည်း တပြိုင်နက်တည်းဖြစ်သည်ဟု ထင်မှတ်ကြရသည်၊ သို့စဉ်ကလောက် လျင်မြန်လှပေ၏။

ထို မီးအလျှံနှင့်ရေအယဉ် အစုံတို့သည် မြတ်စွာဘုရားကိုယ်တော်မှ ထွက်ပြီးလျှင် ဘဝဂ်တိုင်အောင် ပျံတက်၍ ဇာတိခေတ် စကြဝဠာတိုက် တသောင်းတို့တွင် အစွန်းအဖျားဖြစ်သောစကြဝဠာတိုက်များ၏အနားရေး၌ သက်ဆင်းကျရောက်လေကုန်သည်။]

### လောကဝိဝရဏ တန်ခိုးပြခြင်း

ထိုသို့ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြုတော်မူသော မြတ်စွာဘုရားသည် လောကဝိဝရဏ ပြာဋိဟာကိုလည်း ပြုတော်မူ၏၊ ပြုတော်မူပုံမှာ.... ဩဒါတကသိုဏ်းလျှင် အာရုံရှိသော

http://www.dhammadownload.com



ရူပါဝစရကိရိယာ စတုတ္ထဈာန်ကို ဝင်စားတော်မူပြီးလျှင် "စကြာဝဠာပေါင်း တိုက်တသောင်းတို့၌ အလင်းရောင်အတိ ဖြစ်စေသတည်း" ဟူ၍ အဓိဋ္ဌာန်တော်မူလေသည်၊ ယင်းသို့ အဓိဋ္ဌာန်တော်မူသည်နှင့် တပြိုင်နက်ပင်လျှင် မဟာပထဝီ မြေကြီးမှစ၍ (မြေကြီးပါအပါအဝင်) အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် တပြင်တည်း အလင်းရောင်အတိ ဖြစ်လေတော့သည်။

ထိုအခါ လူ့ပြည်လူသား လူအများတို့သည် မိမိတို့ နေရင်းဌာန၌ ရပ်တည်ရင်း ထိုင်နေရင်းကပင် စတုမဟာရာဇ်နတ်ပြည်မှအစ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် အလုံးစုံသော နတ်ဗြဟ္မာတို့ကို ရှုမြင်ကြရကုန်၏။ မြင်ကြရပုံမှာ.... အမျိုးမျိုးသော နတ်ဗြဟ္မာတို့ မိမိ မိမိတို့၏ အထူးထူး အပြားပြား များလှစွာသော ဘုံပြည်နေရပ် ပြာသာဒ်ဗိမာန် ရေကန်ဥယျာဉ် ပလ္လင်ညောင်စောင်း ယာဉ်ကောင်း အဆောင်အယောင် စသည်တို့၌ အသီးအသီး တည်နေသွားလာ လှည့်ပတ်ကြကုန်လျက် နှစ်သက်ကြည်နူး မြူးထူးပျော်ပါး ကစားရွှင်လန်း နေကြသည်တို့ကိုရင်း, မိမိ မိမိတို့၏ နတ်အာနုဘော်တို့ဖြင့် ရတနာဘုံပျံ ဗိမာန်ကိုယ်ရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပ ရှိနေကြသည်တို့ကိုရင်း, ကြီးစွာသော နတ်စည်းစိမ်ကို မြိန်ရှက်စွာ ခံစားသုံးဆောင် နေကြသည်တို့ကိုရင်း,

ရူပါဝစရ ဗြဟ္မာ့ပြည် တဆယ့်ခြောက်ဌာနဝယ် ရှိကြသော ဗြဟ္မာတို့အနက် အချို့အချို့သော ဗြဟ္မာတို့ ရတနာအစုကို သွန်းထုပြုလုပ်အပ်သည့် ရတနာရုပ်တုပမာ ငြိမ်သက်တည်ကြည်စွာ သမာပတ်ချမ်းသာကို ခံစား၍ နေကြသည်တို့ကိုရင်း, အချို့အချို့သော ဗြဟ္မာတို့ သဘောတူရာ ပေါင်းစုကြလျက် သုခုမသဏှာ ဓမ္မအရာ ပြဿနာအရေးရေးကို ဆွေးနွေးတိုင်ပင် နေကြသည်တို့ကိုရင်း မြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ပကတိသော မျက်စိဖြင့်ပင် ထင်ရှားစွာ ရှုမြင်ကြရကုန်၏။

ထိုအတူ အောက်မဟာပထဝီမြေအတွင်း တည်ရှိကြသည့် ငရဲကြီးရှစ်ထပ်တို့၌ရင်း, တထပ်တထပ်၏ လေးမျက်နှာဝယ်

http://www.dhammadownload.com



ပတ်ကာဝန်းလည် တည်ရှိကြသော ဥဿဒငရဲငယ် တဆယ့်ခြောက်စီတို့၌၎င်း, စကြဝဠာတိုက် သုံးခုသုံးခုတို့၏ အကြားအကြား၌ တည်ရှိကြသည့် မှောင်အတိသာလျှင် ဖြစ်၍နေသော လောကန္တရိက် ငရဲတို့၌၎င်း ဘုံအလိုက် ကံအလိုက် ထိုက်သင့်ရာရာ ကြီးမား လှစွာသော ငရဲဒုက္ခ ခံစား၍ နေကြရသည့် ငရဲသူ ငရဲသား ငရဲသတ္တဝါများကိုလည်း လူတို့သည် ပကတိမျက်စိဖြင့်ပင် မြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ထင်ရှား စွာ ရှုမြင်ကြရကုန်၏။

ထို့ပြင် ဇာတိခေတ်ပေါင်း စကြဝဠာတိုက်တသောင်း၌ နေထိုင်ကြသည့် နတ်မြဟ္မာအပေါင်းတို့သည် ကြီးစွာသော နတ်မြဟ္မာတို့၏ အာနုဘော်ဖြင့် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ ချဉ်းကပ်ရောက်ရှိကြပြီးလျှင် အလွန်အံ့ဩဖွယ်စိတ် ကြည်ညိုစိတ်ဖြစ်ရှိကြကာ လက်အုပ်အဉ္ဇလီ တင်ချီထိပ်မိုး ဦးညွတ်ကျိုးလျက် ရှိခိုးပူဇော်ကြကုန်၏။ ဘုရားဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်သော ဂါထာဗန္ဓတို့ကို ဖွဲ့ဆိုကျူးရင့်ကြကာ ချီးမွမ်းကြ လက်ပမ်းပေါက်ခတ်ကြ( = လက်ခမောင်းခတ်ကြ) မြူးထူး ရယ်ရွှင်ကြ နှစ်သက်ဝမ်းမြောက်စကား ပြောကြားကြလေသည်။

ထိုအလုံးစုံနှင့်တကွ ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာ ရောင်ခြည်တော်ခြောက်သွယ် အံ့ဩဖွယ်တို့ကိုပါ လူအများ ကြည်ညိုစွာ ဖူးမြင်ကြရလေကုန်၏။

## ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးခြင်း

(၁) **နီလရောင်ခြည်တော်၊** ၊ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြုတော်မူသော မြတ်စွာဘုရား၏ ယမကပါဋိဟာရိယ ဉာဏ်တော် အစွမ်းအာနုဘော်ကြောင့် ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးထွက်ပေါ်ကြရာ ဆံတော် မုတ်ဆိတ်တော်ပေါက်ရာနေရာနှင့် မျက်နက်တော်တို့မှ နီလရောင်ခြည်တော်များ ကွန့်မြူး ထွက်ပေါ်ကြလေသည်၊ ယင်း နီလရောင်ခြည်တော်တို့၏ အစွမ်း သတ္တိကြောင့် ကောင်းကင်တပြင်လုံး မျက်စဉ်းခတ်ကျောက်ညို

http://www.dhammadownload.com



မှုန်ဖြင့် ကြဲဖျန်း၍ ထားအပ်သကဲ့သို့ငင်း, အောင်မဲညိုပန်းကြာညို ပန်းတို့ဖြင့်ဖုံးလွှမ်း၍ ထားအပ်သကဲ့သို့ငင်း, တလွှဲလွှဲယပ်အပ်သည့် ပတ္တမြားယပ်ညိုဝန်းကဲ့သို့ငင်း နီလာရောင်တို့ဖြင့် ဖုံးအုပ်လျက် ရှိလေသည်။

(၂) **ပီတရောင်ခြည်တော်၊** ၊အရေတော်နှင့် မျက်လုံးတော်အတွင်း ဝါဝင်းရာရာအရပ်တော်တို့မှ ပီတရောင်ခြည်တော် (=ရွှေသောအဆင်းရှိသည့် ရောင်ခြည်တော်) ဘို့ ကွန့်မြူးထွက် ပေါ်ကြလေသည်၊ ယင်းပီတရောင်ခြည်တော်တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်ခြိ အလုံးစုံသော အရပ်မျက်နှာတို့သည် ရွှေရည်ဖြင့်လောင်း၍ ထားအပ်ကုန်သကဲ့သို့ငင်း, ရွှေပုဆိုးဖြင့် ဖြန့်ခင်းအပ်ကုန်သကဲ့သို့ငင်း, ကုက်ုံမံမှုန့် မဟာလှေကားပန်းတို့ဖြင့် ကြဲဖျန်း၍ထားအပ်ကုန်သကဲ့သို့ငင်း ရွှေရောင်လွှမ်းလျက် အဆန်းတကြယ် တင့်တယ်ကြလေကုန်သည်။

(၃) **လောဟိတရောင်ခြည်တော်၊** ၊အသားတော်အသွေးတော်တို့နှင့် မျက်လုံးတော်အတွင်း နီမြန်းရာရာအရပ်တို့မှ လောဟိတ ရောင်ခြည်တော် (=နီသော ရောင်ခြည်တော်)တို့ ကွန့်မြူးထွက် ပေါ်ကြလေသည်၊ ယင်း လောဟိတရောင်ခြည်တော်တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်ခြိ အလုံးစုံသော အရပ်မျက်နှာတို့သည် ဆုန်းမှုန့် (=ဟင်္သပြဒါးမှုန့်) တို့ဖြင့် တစ်ဆိုး၍ထားအပ်ကုန်သကဲ့သို့ငင်း, ကောင်းစွာကျက်သော ချိပ်ရည်တို့ဖြင့် သွန်းလောင်း၍ ထားအပ်ကုန်သကဲ့သို့ငင်း, ကမ္ဗလာနီ အလွှာထည်တို့ဖြင့် ထက်ဝန်းကျင်ဝန်းရံ၍ရံ၍ ထားအပ်ကုန်သကဲ့သို့ငင်း, မိုးစွေပန်း ကသစ်ပန်း လယ်ခေါင်ရန်းပန်းတို့ဖြင့် ကြဲဖျန်း၍ထားအပ်ကုန်သကဲ့သို့ငင်း အဆန်းတကြယ် တင့်တယ်ကြလေကုန်သည်။

(၄) **ဩဒါတရောင်ခြည်တော်၊** ၊အရိုးတော် သွားတော် စွယ်တော် မျက်ဖြူတော်တို့မှ ဩဒါတရောင်ခြည်တော် (=ဖြူသော အဆင်းရှိသော ရောင်ခြည်တော်)တို့ ကွန့်မြူး ထွက်ပေါ်ကြလေသည်။ ယင်းဩဒါတရောင်ခြည်တော်တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်ခြိ အလုံးစုံသော အရပ်မျက်နှာတို့သည် ငွေအိုးတို့မှ

http://www.dhammadownload.com



နှီရည်အဆယ်ဥ်ကို တသွင်သွင် သွန်းလောင်း ကြဲဖျန်းအပ်ကုန်သကဲ့သို့ရင်း, ငွေမျက်နှာကြက် ငွေရှက် ငွေပြား ငွေလွှာများကို အလွှားအလွှား ဖြန့်ထားသိုင်းခြုံအပ်သကဲ့သို့ရင်း, ငွေယပ်ဝန်းကို တလွှဲလွှဲခပ်အပ်ကုန်သကဲ့သို့ရင်း, သင်းခွေပန်း ကုမုဒြာကြာဖြူပန်း ရေညှန့်ပန်း မုလေးပန်း ကြက်ရိုးပန်း (စပယ်ပန်း) အစရှိသော ပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားအပ်သကဲ့သို့ရင်း အဆန်းတကြယ် တင့်တယ်ကြလေကုန်သည်။

(၅) **မဉ္ဇေဋ္ဌရောင်ခြည်တော်၊** ၊လက်ဖဝါးအပြင် ခြေဖဝါးအပြင် အစရှိသော စဉ်းငယ်နီမြန်းရာ အရပ်တော်တို့မှ မဉ္ဇေဋ္ဌရောင်ခြည်တော် (＝မှည့်မောင်းသော ရောင်ခြည်တော်)တို့ ကွန့်မြူးထွက်ပေါ်ကြလေသည်၊ ယင်းမဉ္ဇေဋ္ဌ ရောင်ခြည်တော်တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်ခြုံ အလုံးစုံသော အရပ်မျက်နှာတို့သည် သန္တာကွန်ရက် ဖြန့်ကြက်၍ ထားအပ်ကုန်သကဲ့သို့ရင်း, လိပ်ဆူးရွှေ (＝လိပ်စရွှေဟု ခေါ်ကြသည့်) အနီပန်းတို့ဖြင့် ကြဲဖျန်း၍ ထားအပ်ကုန်သကဲ့သို့ရင်း အဆန်းတကြယ် တင့်တယ်ကြလေကုန်သည်။

(၆) **ပဘဿရ ရောင်ခြည်တော်၊** ၊ဥဏ္ဏာလုံ မွေးရှင်တော် လက်သည်း ခြေသည်းတော်အစရှိသော အရောင် တလက်လက် ထွက်ရာအရပ်တို့မှ ပဘဿရရောင်ခြည်တော်(＝ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပသော ရောင်ခြည်တော်) တို့ ကွန့်မြူး ထွက်ပေါ်ကြလေသည်၊ ယင်း ပဘဿရ ရောင်ခြည်တော်တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်ခြုံ အလုံးစုံသော အရပ်မျက်နှာတို့သည် သောက်ရှူးကြယ်အစုတို့ဖြင့် ပြည့်၍ နေကုန်သကဲ့သို့ရင်း, လျှပ်စစ် လျှပ်စီးလွှာ စသည်တို့ဖြင့် ပြည့်၍ နေကုန်သကဲ့သို့ရင်း အဆန်းတကြယ် တင့်တယ်ကြလေကုန်သည်။　။ (ဤရောင်ခြည်တော် ခြောက်ပါးအကြောင်းကို ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ဒုတိယအုပ်၊ စာမျက်နှာ ၁၃-မှ ထုတ်နုတ်ဖော်ပြပါသည်)။

ဖော်ပြရာပါ ရောင်ခြည်တော် ခြောက်ပါးတို့သည် ယန္တရားပြွန်ဝမှ ရွှေရည် ငွေရည် ပတ္တမြားရည်အဆယ်ဥ်တို့ တသွင်သွင်

http://www.dhammadownload.com



ထွက်ကြသကဲ့သို့ စင်္ကြံဝဋ္ဋာတိုက်မှသည် အထက်သို့ ပျံတက်ကြကာ ဘဝဂ်ဘုံကိုခိုက်ပြီးမှ တဖန်ပြန်နစ်၍ စင်္ကြံဝဋ္ဋာတိုက်အနားရေးသို့ ကျရောက်ကြလေကုန်သည်၊ သို့ရကား စင်္ကြံဝဋ္ဋာတိုက်အလုံးသည် ရတနာ ဒိုင်းမြွှားတို့ဖြင့် သားနားဆန်းကြယ် အလွန် တင့်တယ်သော ရွှေအိမ်ကြီးသဖွယ် ဖြစ်ရှိကာ အရောင်အဝါ တစပ်တည်း လင်းလျက်ရှိပေ၏။

**စင်္ကြံတော်ကြွရင်းက တရားဟောတော်မူခြင်း**

•ထိုနေ့အဖို့ရာ မြတ်စွာဘုရားရှင်သည် အရှေ့ အနောက် စင်္ကြံဝဋ္ဋာ တိုက်တသောင်း ပေါက်အောင် အလျားရှည်သော ထို ရတနာစင်္ကြံတော်၌ စင်္ကြံကြွတော်မူကာ ရေမီး အစုံအစုံ တန်ခိုး ပြာဋိဟာကို ပြတော်မူရင်းကပင် အကြား အကြား၌ လူများ အပေါင်းအား စရိုက်နှင့်လျော်ရာ တရားကိုလည်း ဟောတော်မူသည်။ ယင်းသို့ တရားဟောတော်မူလိုလတ်သော် မြတ်စွာဘုရားသည် လူများအပေါင်းအား အနားပေးသောအနေ တန်ခိုးတော်ကို ခေတ္တမျှ ရပ်စဲတော်မူလေသည်၊ ထိုခဏ၌ လူများအပေါင်းကား သာဓုကောင်းချီးပေးလေသည်။ ထိုလူအပေါင်းတို့ သာဓုကောင်းချီးပေးနေသောအခါ၌ မြတ်စွာဘုရားသည် ထိုမျှများပြားလှသော ပရိသတ်၏ စိတ်ဖြစ်ပုံကို ကြည့်ရှုဆင်ခြင်တော်မူလေသည်။ ကြည့်ရှုဆင်ခြင်တော်မူသည်မှာ တယောက်တယောက်သောသူ၏ စိတ်ဖြစ်ပုံကို (စိတ္တာနုပဿနာ ဒေသနာ၌ လာသည့်အတိုင်း) တဆယ့်ခြောက်ပါးသော အခြင်းအရာ၏ အစွမ်းဖြင့် ကြည့်ရှု ဆင်ခြင်တော်မူလေသည်။ မြတ်စွာဘုရားရှင်တို့၏ စိတ်တော်ကား သို့စဉ်ကလောက် လျင်မြန်သော အပြန်ရှိပေ၏။

ထိုသို့ လူအများ၏ စိတ်ဖြစ်ပုံကို ကောင်းစွာကြည့်ရှု ဆင်ခြင်တော်မူပြီးမှ ထိုထို လူပရိသတ်၏ နှစ်သက်ကြည်ညိုအပ်သော တန်ခိုးပြာဋိဟာနှင့် ထိုထို လူပရိသတ်၏ အလိုအဇ္ဈာသယခေတ်နှင့် လိုက်လျောသင့်လျော်သော တရားဆင်ပုံ ဆင်နည်းကို ကောင်းစွာသိရှိတော်မူ၍ ထိုထိုလူပရိသတ်တို့ ကြည်ညိုအပ်သည့် တန်ခိုးပြာဋိဟာကိုလည်း တဖန်ပြတော်မူပြန်လေသည်။ ထိုထို

http://www.dhammadownload.com



လူ့ပရိသတ်တို့၏ အလိုအဇ္ဈာသယဓာတ်နှင့်လိုက်လျောသင့်လျော်သော တရားဒေသနာကိုလည်း ဟောတော်မူလေသည်။ ဤကဲ့သို့ သတ္တဝါတို့၏ အလိုအကြိုက် အဇ္ဈာသယဓာတ်သဘောနှင့် လိုက်လျောသင့်လျော်သည့် တရားဒေသနာကို ဟောတော်မူအပ်သော်ငြင်း, တန်ခိုးပြာဋိဟာကို ပြတော်မူအပ်သော်ငြင်း များစွာသော သတ္တဝါအပေါင်းတို့၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြခြင်းတည်းဟူသော ဓမ္မာဘိသမယအောင်ပွဲကြီး အကြီးအကျယ် ဖြစ်လေတော့သည်။

**ကိုယ်တော်ပွါး နိမ္မိတဘုရားတို့ကို ဖန်ဆင်းတော်မူခြင်း**

မြတ်စွာဘုရားသည် ထိုမျှ များပြားသော ပရိသတ် အစည်းအဝေးကြီး၌ ကိုယ်တော်မြတ်၏ စိတ်အလိုကို ရယူကာ ပြဿနာမေးလျှောက်မည့် ပုဂ္ဂိုလ်ကို ဆင်ခြင်ကြည့်ရှုတော်မူသည့်တွင် ထိုသို့မေးနိုင်မည့်ပုဂ္ဂိုလ် တဦးတယောက်ကိုမျှ မတွေ့ရ၍ နိမ္မိတဘုရား ကိုယ်တော်ပွါးတို့ကို ဖန်ဆင်းတော်မူလေသည်။ ဖန်ဆင်းတော်မူသည်ရှိသော် တဆူ နှစ်ဆူ သုံးဆူ လေးဆူစသည်ဖြင့် အစဉ်အတိုင်း တိုးပွါးစေကာ အရာမက များစွာသော နိမ္မိတရုပ်ပွါး မြတ်စွာဘုရားတို့ကို ဖန်ဆင်းတော်မူလေ၏။

ထိုနိမ္မိတရုပ်ပွါး မြတ်စွာဘုရားတို့က မေးအပ်သောပြဿနာကို ပကတိဓာတ်သား ရှင်တော်ဘုရားက ဖြေကြားတော်မူ၍ ပကတိဓာတ်သား ရှင်တော်ဘုရားက မေးအပ်သောပြဿနာကို နိမ္မိတရုပ်ပွါး မြတ်စွာဘုရားက ဖြေကြားတော်မူလေသည်။ ဣရိယာပုထ်အနေအားဖြင့်လည်း နိမ္မိတရုပ်ပွါး မြတ်စွာဘုရားတို့မှာ အချို့ကား ရပ်တော်မူကြကုန်လျက်, အချို့ကား စင်္ကြံကြွတော်မူကြကုန်လျက်, အချို့ကား လျောင်းစက်တော်မူကြကုန်လျက်, အချို့ကား ထိုင်တော်မူကြကုန်လျက် ဣရိယာပုထ်လေးပါးလုံးပင် နိမ္မိတဘုရားပေါင်း များစွာ တည်ရှိကြလေကုန်သည်။

ထိုအခါ ပကတိဓာတ်သား ကိုယ်တော်ဘုရား၏ ရောင်ခြည်တော် ခြောက်သွယ်တို့သည်ငြင်း, နိမ္မိတရုပ်ပွါးမြတ်စွာဘုရားတို့၏

http://www.dhammadownload.com



ရောင်ခြည်တော် ခြောက်သွယ်တို့သည်၎င်း, မီးအလျှံ ရေအယဉ်တို့သည်၎င်း, နိမ္မိတရုပ်ပွါး အရာမကသော မြတ်စွာဘုရားတို့သည်၎င်း ကောင်းကင် တပြင်လုံး ရောထွေးပြွမ်းယှက်ကြကာ သာဝကတို့နှင့် မဆက်ဆံ နှိုင်းစံဖွယ်ရာ မရှိအောင် ပြုကုန်၍ ကောင်းကင်အပြင်ကို လွန်စွာ တင့်တယ်စေကြလေကုန်၏။

များစွာသော ဗြဟ္မာ နတ် လူတို့သည်လည်း ကောင်းချီးစကား မြွက်ကြားပြောဆိုကြလေကုန်၏၊ ကောင်းကင်တပြင်လုံး၌ နတ်တို့၏ သီချင်းသံတို့ ဖုံးလွှမ်းလျက်ရှိကုန်၏၊ နတ်ဗြဟ္မာတို့သည် နတ်ပန်းမိုးကို ဖြိုးဖြိုးရွာသွန်းကြကုန်၏၊ နတ်၌ဖြစ်သော တူရိယာ လူ၌ဖြစ်သောတူရိယာ ထောင်ပေါင်းများစွာတို့ဖြင့် တခဲနက် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ တခုတည်းသော ပွဲလမ်းသဘင်ကို ဆင်ယင်ကျင်းပသကဲ့သို့ ဖြစ်၍နေပေ၏။

### ဗြဟ္မာနတ်လူ ကုဋေနှစ်ဆယ် ကျွတ်တမ်းဝင်ကြခြင်း

ဤကဲ့သို့ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံ ယမကပါဋိဟာရိယ=ခေါ်သော အသာဓာရဏ ရွှေဉာဏ်တော်မြတ်ဖြင့် မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာကိုပြ၍ အကြားအကြား၌ စရိုက်နှင့်လျော်စွာ တရားဒေသနာကို ဟောကြားတော်မူသော အခါ တန်ခိုးပြာဋိဟာကို ဖူးမြော်ရ,တရားတော်ကိုလည်း ကြားနာရသဖြင့် ထို "ယမိုက်ပြာဋိဟာပွဲသဘင်" အစည်းအဝေးကြီး၌ ကုဋေ နှစ်ဆယ်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေကုန်၏။

ဤအရာ၌ အခွင့်သင့်သဖြင့် သဒ္ဓါတရား ကြီးမားထက်သန်ကြသည့် ရှင်လူတို့အလို့ငှါ မဟာနမက္ကာရကျမ်းလာ "ယမကပါဋိဟာရိယဝန္ဒနာ"ဘုရားရှိခိုးဂါထာ ပါဠိအနက်ကို အကြားညှပ်၍ ရေးသားပြဆိုဦးအံ့—

http://www.dhammadownload.com



## ယမကပါဠိမဟာနိယဝန္ဒနာ ဘုရားရှိခိုးဂါထာ ပါဠိအနက်

ကဏ္ဍမ္ဗမူလေ ပရဟိတကရော ယော မုနိန္ဒော နိသိန္နော၊
အစ္ဆေရံ ဒီဃံ နယနသုဘဂံ အာကုလန္တဂ္ဂိဇာလံ။

ဒုဋ္ဌာလဒ္ဓံသံ မုနိဘိဇဟိတံ ပါဋိဟေရံ အကာသိ၊
ဝန္ဒေ တံ သေဋ္ဌံ ပရမရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။

(၁၀-လုံးဖွဲ့ ကုသုမိတလတာဝေလ္လိတာဂါထာ)

ပရဟိတကရော = ဝေနေယျများ သူတပါးတို့ စီးပွါး ချမ်းသာ ဖြစ်စိမ့်ငှါလျှင် ဝါလေးဆယ့်ငါး ကာလလျှား အောင်ဘုရားတို့ပြမ်း ကိစ္စတော်ငါးခန်းကို ကြိုးပမ်းမယုတ် ပြုလုပ်ပြီးပြေတော်မူစေတတ်ထသော။ ယော မုနိန္ဒော = အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံး လူ့ဆွေဖြစ်တော်မူသော အကြင် မြတ်စွာဘုရားသည်။ ကဏ္ဍမ္ဗမူလေ = ကဏ္ဍဟူသည် လူအမည်ဖြင့် ဂဏ်ရည် လျှံညီး သရက်ပင်၏အနီး၌။ နိသိန္နော = တိတ္ထိတဝေး ရန်အလေးကို ဝေးရပ်ထိုဈ် ပြေးစိမ့်မည်ဟု မျှညီယာပိုက် နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးနေတော်မူလျက်။ အစ္ဆေရံ = မကြိုစဘူး မမြင်ဘူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ ကောင်းတင်းပြောလျက် မြဟ္မာမဟာဂ္ဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်ပြောဟည်း လက်ဖျစ်တီး၍ အံ့ချီး ခြင်းငှါ ထိုက်တန်စွာထသော။ ဒီဃံ = ရေအယဉ်ကို ဖန်ဆင်းသည်ကား တကာလ, မီးအလျှံကို ဖန်ဆင်းသည် ကား တကာလ ဤသို့လျှင် ကာလခြားကွာ ဖြစ်တုံပါ လည်း မြဟ္မာနတ်လူ ဖူးမြင်သူတို့ စွဲယူမှတ်သား "တချိန် တည်း တခဏတည်းဖြစ်သည်" ဟု အထင်မှားရအောင် လျှင်လျှားလည်း လျှင်လျှားစွာထသော။ နယန သုဘဂံ = နတ်လူရှိရှိ ဖူးကြသူမျက်စိဝယ် ပီတိဟုန်ဆင့်လွှမ်းအောင် အဆန်းတကြယ် တင့်တယ်သပ္ပါယ်စွာထသော။ ဒုဋ္ဌာ- လဒ္ဓံသံ = နိယျာနိက သာသနာမှလျှင် ပြင်ပဗာဟီ ဝိတဏ္ဍီ

http://www.dhammadownload.com



တို့ ထိုဉ်မြွေးယှက် မိစ္ဆာအယူတည်းဟူသော ကွန်ရက်ကို ချိုးဖျက်ခြင်းငှါ စွမ်းနိုင်စွာထသော။ မုနိဘိ = ကဿပ မြတ်စွာ အစဖြာသား မဟာပရမေ ပွင့်တော်မူကြပြီးသော သုံးလူ့ဆွေတို့သည်။ အဇဟိတံ = ဤနေရာ ဤဌာနဝယ် ပြမ်ပြမ် မှန်မလွဲသဖြင့် မစွန့်ပဲအပ်သော တရားတမျိုးလည်း ဖြစ်ပေထသော။ အာကုလန္တဂ္ဂဇာလံ ပါဋိဟေရံ = ရောယှက်ထွေးအုံ ရေမီးအစုံအစုံတည်းဟူသော တန်ခိုး ပြာဋိဟာကို။ (ဝါ) အာကုလန္တဂ္ဂဇာလံ ပါဋိဟေရံ =

(၁) အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်။ (တဖန်) အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်။

(၂) ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်။ (တဖန်) နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်။

(၃) လက်ျာမျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲမျက်လုံးတော်မှ မီးအလျှံ၊ လက်ျာမျက်လုံးတော်မှ ရေအယဉ်။

(၄) လက်ျာနားတွင်းတော်မှ မီးအလျှံ၊ လက်ဝဲနားတွင်းတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲနားတွင်းတော်မှ မီးအလျှံ၊ လက်ျာနားတွင်းတော်မှ ရေအယဉ်။

(၅) လက်ျာနှာခေါင်းတော်မှ မီးအလျှံ၊ လက်ဝဲနှာခေါင်းတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲနှာခေါင်းတော်မှ မီးအလျှံ၊ လက်ျာနှာခေါင်းတော်မှ ရေအယဉ်။

(၆) လက်ျာပခုံးတော်မှ မီးအလျှံ၊ လက်ဝဲပခုံးတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲပခုံးတော်မှ မီးအလျှံ၊ လက်ျာပခုံးတော်မှ ရေအယဉ်။

http://www.dhammadownload.com



(၇) လက်ျာလက်တော်မှ မီးအလျှံ၊ လက်ဝဲ လက်တော်မှ ရေအယဉ်။ (တဖန်)လက်ဝဲလက်တော်မှ မီးအလျှံ၊ လက်ျာလက်တော်မှ ရေအယဉ်။

(၈) လက်ျာနံပါးတော်မှ မီးအလျှံ၊ လက်ဝဲနံပါးတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲနံပါးတော်မှ မီးအလျှံ၊ လက်ျာနံပါးတော်မှ ရေအယဉ်။

(၉) လက်ျာခြေတော်မှ မီးအလျှံ၊ လက်ဝဲခြေတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲခြေတော်မှ မီးအလျှံ၊ လက်ျာခြေတော်မှ ရေအယဉ်။

(၁၀) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြား အကြားမှ မီးအလျှံ၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ်။ (တဖန်) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြား အကြားမှ ရေအယဉ်။

(၁၁) တခုတခုသော မွေးညှင်းတွင်းတော်မှ မီးအလျှံ၊ အခြား တခုတခုသော မွေးညှင်းတွင်းတော်မှရေအယဉ်။

(၁၂) တဆူ တဆူသော မွေးညှင်းတော်မှ မီးအလျှံ၊ အခြား တဆူ တဆူသော မွေးညှင်းတော်မှ ရေအယဉ်—

တသွင်သွင် ပြောင်းလဲ ဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍ မကုန် ရောင်ခြည်တော်ခြောက်ပိုတို့နှင့် တကွ အစုံအစုံသော ရေမီးတန်ခိုးပြာဋိဟာကို။ အကာသိ = တိတ္တိတဝန်း တက္ကတွန်းတို့ ဦးစွန်းဖွေလျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် မာန်မတင်း

http://www.dhammadownload.com



ဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ။ သေဋ္ဌံ = ချီးမွမ်းအပ်သူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆလွန်ကြူး အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူထသော။ ပရမ-ရတိဇံ = နှလုံးအာရုံ စွဲမြဲထုံက ဘုံနန်းသိဝ နိဗ္ဗူကျအောင် ဖလကျေးဇူး လွန်ပွဲ့ပျူးသဖြင့် အထူး နှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတဆူ ဖြစ်တော်မူထသော။ ဇုတ္ဒိမဇ္ဈေဟိ = ဇုတ္ဒိအစိန္တေယျ ဓမ္မကျေးဇူး ဂုဏ်အထူးတို့နှင့်။ ဥပေတံ = လောကကုံလုံ ပြည့်စုံတော်မူထသော။ တံ မုနိန္ဒံ = အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ ဝန္ဒေ—ဝန္ဒာမိ = ယမကပါဋိဟာရိယာ ရွှေဘွဲ့သာသည့် အသာခေရဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုးသဒ္ဒါပြိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

## တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ယမိုက်ပြာဋိဟာကို ပြုတော်မူစဉ်ပင် "ရှေးရှေးနောင်တော် နောင်တော် ဘုရားရှင်တို့သည် ယမိုက်ပြာဋိဟာကို ပြုတော်မူပြီးသောအခါ အဘယ်အရပ်၌ ဝါကပ်တော်မူကြကုန်သနည်း"ဟူ၍ ဆင်ခြင်တော်မူသည်ရှိသော် "တာဝတိံ-သာနတ်ပြည်၌ ဝါကပ်တော်မူကြ၍ မယ်တော်နတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူကြမြဲ ဖြစ်ကုန်၏"ဟု သိမြင်တော်မူလတ်၍ လကျ်ာခြေတော်ကို ချီမြှောက်၍ ယုဂန္ဓိုရ်တောင်ထိပ်၌ ချထားအံ့ဟူ၍ ကြံစည်တော်မူလေ၏၊ ထိုခဏ၌ ယူဇနာပေါင်း လေးသောင်းနှစ်ထောင် အမြင့်ဆောင်သော ယုဂန္ဓိုရ်တောင်သည် ဖဝါးတော်အောက် အလိုလိုလာရောက်၍ လကျ်ာခြေတော်ကို ခံလင့်လေ၏။ ထို့နောက် လက်ဝဲခြေတော်ကို ချီမြှောက်တော်မူသည်ရှိသော် မြေအပြင်မှသည် ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အမြင့်ဆောင်သည့် မြင်းမိုရ်တောင်ထိပ်သည် ဖဝါးတော်အောက် အလိုလိုလာရောက်၍ လက်ဝဲခြေတော်ကို ခံလင့်လေ၏။

http://www.dhammadownload.com



(ဤ၌။ ။ယုဂန္ဓိုရ်တောင်,မြင်းမိုရ်တောင်တို့ မပါးတော်အောက်သို့ ညွတ်လာကိုင်းလာသည်ကိုလည်း တဦးတယောက်မျှ မမြင်ရချေ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အဖို့ရာမှာလည်း ထိုမျှ ခရီးယူနေရာ ဝေးကွာလှသောအရပ်သို့ ခြေတော်ကို အမြင့်မတော်အောင် ကျုံကျုံကြီး ကြွလှမ်းမှုဟူ၍လည်း မရှိချေ၊ ဤအရာအမျိုးကား တန်ခိုး၏အရာသာ ဖြစ်သည်၊ မကြံအပ် မကြံစည်ကောင်းပေ)။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ခြေလှမ်း နှစ်လှမ်းတည်းဖြင့်ပင် လူ့ပြည်မှသည် တာဝတိံသာ နတ်ပြည်သို့ ရောက်တော်မူလေသည်။ (တာဝတိံသာ နတ်ပြည်ကား မြင်းမိုရ်တောင်ထိပ်၌ တည်ရှိ၍ မြင်းမိုရ်တောင်ထိပ်သို့ ရောက်လျှင် တာဝတိံသာ နတ်ပြည်သို့ ရောက်လေတော့၏)။

## သိကြားမင်း အကြံမှားခြင်း

သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရလျှင်ပင်—

"မြတ်စွာဘုရားရှင်သည် ဤတာဝတိံသာ နတ်ပြည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဤယခုဝါကို ဆိုတော်မူလိမ့်မည်ထင်၏၊များစွာသော နတ်ဗြဟ္မာတို့အား ဥပကာရ ကျေးဇူး အထူးများပေလိမ့်မည်။ အထူးအားဖြင့် ဤပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဝါတွင်းသုံးလပတ်လုံး မြတ်စွာဘုရား ဝါဆိုသီတင်းသုံး နေတော်မူခဲ့သော် အခြားတဦးတယောက်သော နတ်ဗြဟ္မာမျှ လက်ကိုပင် တင်ထားနိုင်စွမ်းသောသူ မည်သည် မရှိချေ။ ဤပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကား အလျားယူဇနာ ခြောက်ဆယ်, အနံအပြန့်ယူဇနာငါးဆယ်, အမြင့်ယူဇနာ တဆယ့်ငါး ရှိ၍ ကြီးမားလှဘိ၏၊ မြတ်စွာဘုရားရှင် ထို ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌(ဝါလပတ်လုံး)သီတင်းသုံးထိုင်နေတော်မူသော်လည်း ဗန်းကြီး(စကောကြီး) အလယ်၌ စာဝတီး ငှက်ငယ် နားနေသည့်ပမာ အသုံးဝင်သော နေရာကား အနည်းအပါး အသုံးမဝင်သောနေရာကသာ များသဖြင့် အချည်းနှီးကဲ့သို့ ဖြစ်ချေတော့မည်တကား"—

http://www.dhammadownload.com



ဟူ၍ ဆင်ခြင်စဉ်းစား အကြံမှားလေသည်။ မြတ်စွာဘုရားရှင်သည် သိကြားမင်း၏ စိတ်အလိုအကြံကို သိတော်မူ၍ ကိုယ်တော်မြတ်၏ နှစ်ထပ်သက်န်းကြီးကို ကျောက်ဖျာတခုလုံး ဖုံးအုပ် ခင်းထား လိုက် လေ သည်။ သိ ကြား မင်း သည် "သ င်္ကန်း တော် ကို ကျောက်ဖျာတခုလုံး ဖုံးအုပ်၍ ချထားနိုင်သည် ရှိဦးတော့၊ မြတ်စွာဘုရားကိုယ်တော်တိုင်ကမူ အနည်းငယ်မျှသော နေရာ၌သာ ထိုင်နေတော်မူပေလိမ့်မည်" ဟူ၍ ရိုးရိုးပင် ကြံစည်စဉ်းစား ပြန်လေသည်။ မြတ်စွာဘုရားရှင်သည် သိကြားမင်း၏ စိတ်အလိုအကြံကို သိတော်မူ၍ အင်းပျဉ်ငယ် (ထိုင်ခုံငယ်)၌ ပံသုကူစုတင်ဆောင်မထေရ်ကြီးတပါး ထိုင်နေတော်မူသည့်ပမာ ပဏ္ဍုကမ္ဗလာကျောက်ဖျာကြီးတခုလုံးကို တင်ပလ္လင်ခွေ၏ အတွင်း၌သာပြု၍ ထိုင်နေတော်မူလိုက်လေ၏။

ထိုအခါ သိကြားမင်းသည် မိမိအပြစ်ကို သိမြင်လာကာ "ကိုယ့်ပမာဏကို မသိခြင်းကား ကြီးစွာသော အကျိုးမဲ့ကြီးပါတကား၊ မြတ်စွာ ဘုရားရှင် မည်သည် အဘယ်သို့သော ပုဂ္ဂိုလ် ဖြစ်သည် ဟူ၍ အကုန် အစင် ငါတို့သည် မသိ မြင် နိုင် ကုန်စွ တကား၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့သည် အဘယ်မျှ အတိုင်းအရှည်ရှိကုန်၏ဟူ၍ အကုန်အစင် ငါတို့သည် မသိမြင်နိုင်ကုန်စွတကား၊ ဤသို့လျှင် မကြံအပ် မကြံစည်နိုင်သော ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်အားပင်သော်မှ အကျွန်ုပ်သည် ဤကဲ့သို့ အကြံမှား အထင်မှားခဲ့လေပြီတကား" ဟု မိမိ၏ အပြစ်ဒေါသကို ထင်စွာပြု၍ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးကန်တော့လေသည်။

### လူအများ ဘုရားရှင်ကို မမြင်ကြရ၍ ငိုကြွေး မြည်တမ်းကြခြင်း စသည်

ထိုစဉ်အခါ လူ့ပြည်လောက၌ "ငါတို့သည် ယမိုက်ပြာဋိဟာကို ဖူးမြော်ကြကုန်အံ့" ဟူ၍ ကြည့်ရှုဖူးမြော်ကြကုန်စဉ် လူများအပေါင်းသည် တခဏအတွင်း မြတ်စွာဘုရားရှင်ကို မမြင်ကြရ၍

http://www.dhammadownload.com



လအထောင် နေအထောင်တို့ ကွယ်ဝင်သောအခါကဲ့သို့ ဖြစ်လေ၏။ "အကြောင်း အသို့နည်း"ဟု အချင်းချင်း ပြောဆိုကြကာ—

ဂတော နု စိတ္တကူဋံ ဝါ၊ ကေလာသံ ဝါ ယုဂန္ဓရံ။
န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။

နော = ငါတို့သည်။ လောကဇေဋ္ဌံ = လောကသုံးပါး၏ ရှေ့သွား ခေါင်းဆောင်ဖြစ်တော်မူပေထသော။ နရာသဘံ = လူမြတ်ထွတ်မျှား ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူပေထသော။ သမ္ဗုဒ္ဓံ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားကို။ န ဒက္ခေမု = ဖူးမြော်နေစဉ် ယခုပင် မမြင်ကြရကုန်တော့ချေ။ သော သမ္ဗုဒ္ဓေါ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား ထိုမြတ်စွာ ဘုရားသည်။ စိတ္တကူဋံ ဝါ = စိတ္တကုဋ်တောင်သို့မူလည်း။ ဂတော နု = သောသောကြွက်ဆူ ဤမျှလောက်ပြောထူသည့် လူတို့နှင့်မနီး ဝေးရပ်ကို ငါခိုမှီးမည်ဟု ခရီးယာယီ ကြွချီတော်မူလေရော့သလား။ ကေလာသံ ဝါ = ကေလာသ ငွေတောင်သို့မူလည်း။ ဂတော နု = ခရီးယာယီ ကြွချီတော်မူလေရော့သလား။ ယုဂန္ဓရံ ဝါ = ယုဂန္ဓိုရ်တောင်သို့မူလည်း။ ဂတော နု = သောသောကြွက်ဆူ ဤမျှလောက်ပြောထူသည့် လူတို့နှင့်မနီး ဝေးရပ်ကို ငါခိုမှီးမည်ဟု ခရီးယာယီ ကြွချီတော်မူလေရော့သလား။—

ဟူသော ဤဂါထာကို ရွတ်ဆိုကြကာ လူတို့သည် ငိုကြွေးကြကုန်၏။

အခြားတပါးသော လူအချို့တို့ကမူ "မြတ်စွာဘုရားမည်သည် ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော်မူ၏။ ထိုမြတ်စွာဘုရားသည် 'ငါကား ဆိတ်ငြိမ်ရာ၌ မွေ့လျော်သူ ဖြစ်ပါလျက် ဤမျှ များပြားသော ပရိသတ်ဝယ် ဤသို့စဉ် ဆန်းကြယ်သော တန်ခိုးပြာဋိဟာပြသမှုကို ပြုမိလေပြီတကား' ဟု အရှက်အားကြီးကာ လူမမြင်ရာ အရပ်တပါးသို့ ကြွသွားတော်မူသည်

http://www.dhammadownload.com



ဖြစ်လိမ့်မည်၊ ယခု ငါတို့သည် ထိုမြတ်စွာဘုရားကို မဖူးမြော်ရတော့ကုန်"ဟု ပြောဆိုကြကာ—

ပရိဝေကရတော မိရော၊ နယိမံ လောကံ ပုနေဟိတိ။
န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။

မိရော = သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ပရိဝေကရတော = အာရုံငါးထပ် ဆိတ်ငြိမ်ရာအရပ်၌သာ ချဉ်းကပ်မွေ့လျော် ပျော်ပိုက်တော်မူသည် ဖြစ်၍။ ဣမံ လော ကံ = အာရုံငါးချက် စုံပြည့်နှက်၍ အေးကွက်မရ ပူပြင်းလှသား လောကဘုံပြင် ဤလူ့ ခွင်သို့။ န ပုန ဧဟိတိ = နောက်ထပ်၍သော် ကြွလာတော်မူတော့မည် မဟုတ်ချေ။ နော = ငါတို့သည်။ လောကဇေဋ္ဌံ = လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူပေထသော။ နရာသဘံ = လူမြတ်ထွတ်မျှး ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူပေထသော။ သမ္ဗုဒ္ဓံ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားကို။ န ဒက္ခေမု = ဖူးမြော်နေစဉ် ယခုပင် မမြင်ကြရကုန်တော့ချေ။—

ဟူသော ဂါထာကို ရွတ်ဆိုငိုကြွေးကြလေကုန်၏။

လူများအပေါင်းသည် အရှင်မဟာမောဂ္ဂလာန် မထေရ်ကို "အရှင်ဘုရား···· ယခုအခါ မြတ်စွာဘုရားရှင်သည် အဘယ်အရပ်၌ ရှိတော်မူပါသနည်း" ဟု မေးမြန်းကြလေသည်။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ကိုယ်တိုင်က (ဘုရားရှင်တာဝတိံသာ နတ်ပြည်၌ ရှိတော်မူနေသည်ကို) သိသော်လည်း "သူတပါးတို့၏ ဂုဏ်ကျေးဇူးများ ထင်ရှားကြပါစေ" ဟု နှလုံးပိုက်တော်မူကာ "အရှင်အနုရုဒ္ဓါကို မေးကြလော့" ဟူ၍ မိန့်ဆိုတော်မူလေ၏။ လူများအပေါင်းက အရှင်အနုရုဒ္ဓါကို မေးမြန်းကြသဖြင့် အရှင်အနုရုဒ္ဓါသည် "တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဝါကပ်တော်မူ၍ မယ်တော်မိနတ်သား အမျှး

http://www.dhammadownload.com



ပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာပိဋကကို ဟောကြားတော်မူရန် ကြွသွားတော်မူသည်”ဟု ဖြေကြားတော်မူ၏။ “အဘယ်အခါ၌ ပြန်ကြွတော်မူလာမည်နည်း”ဟု လူများအပေါင်းက မေးသဖြင့် အရှင်အနုရုဒ္ဓါမထေရ်သူမြတ်သည် “ဝါတွင်းသုံးလတို့ပတ်လုံး အဘိဓမ္မာ တရားတော်ကို ဟောကြားတော်မူပြီးမှ သီတင်းကျွတ်လပြည့် = မဟာပဝါရဏာနေ့၌ ပြန်ကြွတော်မူလာလိမ့်မည်”ဟူ၍ ဖြေကြားတော်မူလေ၏။

လူအပေါင်းတို့သည် “မြတ်စွာဘုရားကို မဖူးမြော်ကြရပဲ ငါတို့ကား မသွားကြကုန်”ဟု ကြံစည်တိုင်ပင်ကြကာ ထိုအရပ်မှာပင် သစ်ခက်တဲ (= ယာယီမဏ္ဍပ်) ဆောက်လုပ်ကြလေကုန်သည်။ ကောင်းကင်ကြီးကပင် ထိုလူများအဖို့ရာ အမိုးကြီးဖြစ်၍ နေတော့၏၊ မဟာပထဝီမြေကြီးကပင် ထိုလူများအပေါင်းတို့ စွန့်ပစ်သမျှသော ကိုယ်၏အညစ်အကြေးများကို သူ့အလိုလို မျိုပစ်သဖြင့် ထိုမျှ များပြားစွာသော ပရိသတ်၏ ကိုယ်၏အညစ်အကြေးဟူ၍ မတွေ့ရချေ၊ နေရာတိုင်းမှာပင် မြေအပြင်သည် စင်ကြယ်လျက် ရှိချေ၏။

မြတ်စွာဘုရားရှင်သည်လည်း ပဌမရှေးဦးကပင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို “သင်ချစ်သားသည် ဤပရိသတ်အား တရားဟောရစ်ရမည်၊ စူဠအနာထပိဏ်ဒါယကာက ထိုပရိသတ်အား အစာအာဟာရ ပေးလှူလိမ့်မည်”ဟူ၍ မိန့်ဆိုတော်မူပြီး ဖြစ်လေသည်၊ ထို့ကြောင့် ထိုဝါတွင်းသုံးလပတ်လုံး စူဠအနာထပိဏ် ဒါယကာသည် ထိုပရိသတ်အား စောစောပင်လျှင် ယာဂု, ဆွမ်း, ခဲဖွယ်, စားဖွယ်, ကွမ်း, ဆေး, လဖက်, နံ့သာ, ပန်းမာလ်, အဆင်တန်ဆာ အစရှိသော လူ့အသုံးအဆောင်များကို လိုလေသေးမရှိရအောင် စေ့ငစုံလင်စွာ ပေးလှူလေသည်။ မြတ်စွာဘုရားရှင်၏ ရှေးဦးပဌမကြိုတင်မိန့်မှာတော်မူချက်အတိုင်း အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ထိုပရိသတ်အား ဝါတွင်းသုံးလပတ်လုံး တရားဟောတော်မူလေသည်။

http://www.dhammadownload.com



### စကြဝဠာတိုက်တသောင်းမှ
### နတ်ဗြဟ္မာအပေါင်းတို့ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ရောက်ရှိကြခြင်း

အဘိဓမ္မာတရားကို ဟောကြားတော်မူဖို့ရန် တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဝါကပ်တော်မူသော မြတ်စွာဘုရားထံမှောက်သို့ ဇာတ်ခေတ် စကြဝဠာပေါင်း တိုက်တသောင်းတို့မှ နတ်ဗြဟ္မာ အပေါင်းတို့သည် အဘိဓမ္မာတရားကို နာယူကြရန် ဝန်းရံဆည်း ကပ်ကြလေကုန်သည်။ ထိုမျှများစွာ နတ်ဗြဟ္မာတို့အနက် တဦး တယောက်သော နတ်ဗြဟ္မာမျှ ရုပ်ရည်အဆင်းအားဖြင့် မြတ်စွာ ဘုရားထက် သာလွန်၍ မတင့်တယ်နိုင်ချေ၊ စင်စစ်ကား မြတ်စွာ ဘုရားကသာလျှင် ခပ်သိမ်းသော နတ်ဗြဟ္မာတို့ကို လွှမ်းမိုးသာ လွန် တင့်တယ်တော်မူလေသည်။

ဤသို့လျှင် ခပ်သိမ်းသော နတ်ဗြဟ္မာတို့ကို ကိုယ်တော်မြတ်၏ ကိုယ်တော်ရောင်ဖြင့် လွှမ်းမိုးတင့်တယ်ကာ မြတ်စွာဘုရားသခင် ထိုင်နေတော်မူပြီးလတ်သော် မယ်တော်ဖြစ်ခဲ့ဘူးသော သန္တု- သိတ နတ်သားသည် မိမိ၏စံရာ တုသိတာဘုံမှ ဆင်းသက်လာ လတ်၍ မြတ်စွာဘုရားရှင်၏ရှေ့တော်ဝယ် လက်ျာနံပါး၌ ရှိသေစွာ ထိုင်နေလာ၏။

### အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏ အကြောင်း

မယ်တော်မိနတ်သား ထိုင်နေပြီးသောအခါ ဣန္ဒကနတ်သား သည်လည်း မြတ်စွာဘုရားထံမှောက်သို့ လာရောက်၍ လက်ျာ နံပါးဖက်၌ပင် ထိုင်နေလေသည်။ အင်္ကုရနတ်သားသည် လက်ဝဲ ဖက်နံပါး၌ ထိုင်နေလေသည်။ ထိုအင်္ကုရနတ်သားသည် တန်ခိုး ကြီးသော နတ်ဗြဟ္မာတို့ လာတိုင်းလာတိုင်း နောက်သို့ ဆုတ်၍ ဆုတ်၍ နေရာပေးရသဖြင့် မြတ်စွာဘုရားမှ (၁၂) တဆယ့်နှစ်ယူ ဇနာ ဝေးကွာသော အရပ်၌ နေရာကို ရလေသည်။ ဣန္ဒက နတ်သားမူကား မူလရင်း နေရာ၌ပင် မရွှေ့မပြောင်းရပဲ နေမြဲ နေထိုင်ရလေသည်။

http://www.dhammadownload.com



## အကဲ့ရနတ်သား အကြောင်း အကျဉ်းချုပ်

အကဲ့ရနတ်သား ဟူသည်မှာ.... သာသနာပြင်ပ ဗာဟိရကအခါ (ကဿပ မြတ်စွာ သာသနာ ကွယ်ပြီးသည့်နောက်အခါ) ဥတ္တရမဓုရာဇ်ပြည့်ရှင် မဟာသာဂရမင်းကြီး၏ သားတော် ဥပသာဂရမင်းသားနှင့် ဥတ္တရာပထတိုင်း၀ယ် ကံသမင်း၏ စားကျေးမြို့ဖြစ်သော အသိတဉ္ဇနမြို့၌ မဟာကံသမင်းကြီး၏ သမီးတော် ဒေ၀ဂဗ္ဘာ မင်းသမီးတို့ သင့်မြတ်ကြရာ သမီးတော် အဉ္ဇနဒေဝီမင်းသမီးတပါး သားတော် ဝါသုဒေဝမင်းသား စသော မင်းသားတကျိပ်အားဖြင့် သားတော်သမီးတော် တကျိပ်တပါး ထွန်းကားခဲ့ရာတွင် သားတော်အငယ်ဆုံးကား အကဲ့ရမင်းသား အမည်ရှိလေသည်။

ထိုအကဲ့ရမင်းသားသည် အရွယ်သို့ ရောက်လတ်သောအခါ (နောင်တော်ဝါသုဒေဝစသော မင်းသားတို့ စက်လက်နက်ဖြင့် ဇမ္ဗူဒိပ်တကျွန်းလုံးကို တိုက်ခိုက်သိမ်းယူကြပြီးနောက်) မိမိအတွက် ဝေပုံကျရရှိသော မြို့စားမင်းအဖြစ်ကို အစ်မကြီးဖြစ်သူ အဉ္ဇနဒေဝီ မင်းသမီးအား ပေးစေ၍ မိမိကိုယ်တိုင်ကမူ နောင်တော် အစ်မတော်တို့၏ စိုးပိုင်ရာ မြို့နယ်အတွင်း၌ အကောက်အခွန် လွတ်ငြိမ်းခွင့်ကိုသာ တောင်းယူပြီးလျှင် အရောင်းအဝယ် ကုန်သွယ်ခြင်းအလုပ်ဖြင့်သာ ချမ်းသာစွာ နေထိုင်ခဲ့လေသည်။

နောက်တချိန်၌ အကဲ့ရမင်းသားသည် လှည်းအစီးငါးရာဖြင့် ကုန်ရောင်း သွားရာ သဲကန္တာရ အတွင်း၌ မျက်စိလည် လမ်းမှား၍ စားနပ်ရိက္ခာ ပြတ်သဖြင့် ဒုက္ခကြီးစွာ ရောက်ရှိလေသည်။ ထို သဲကန္တာရ၌ လက်ျာ လက်တဖက်တည်းမှ လိုသမျှ အသုံးအဆောင်ခပ်သိမ်းကို ပေးစွမ်းနိုင်သော ညောင်စောင့်နတ်တဦး ရှိလေသည်။ ထိုညောင်စောင့်နတ်သည် ရှေး လူဖြစ်စဉ် ဘ၀က အကဲ့ရမင်းသား ပြုစု စောင့်ရှောက် ခဲ့ ဘူး သော ကျေး ဇူး ကို

http://www.dhammadownload.com



သိမြင်သူ ကတညူ ပုဂ္ဂိုလ်ဖြစ်ရကား မင်းသားနှင့်တကွ ပရိသတ်အား လိုသမျှသော အသုံးအဆောင်ကို လက်ျာဖက် လက်တချောင်းတည်းဖြင့် ညွှန်ပြပေးလှူလတ်သည်တွင် အင်္ကုရမင်းသားက ရှေးကောင်းမှုကို မေးသဖြင့် ဩောင်စောင့်နတ်မင်းသည် "မိမိ ရှေး လူဖြစ်စဉ်ဘဝက ရောရုဝမြို့၌ အသယှသူဌေး၏ အိမ်အနီး ဆင်းရဲသား အပ်ချုပ်သမားဖြစ်ခဲ့၍ အသယှသူဌေး အလှူကြီးပေးသော အခါ ရောက်လာ ရောက်လာသော အလှူခံ ပုဂ္ဂိုလ်တို့အား ဝမ်းမြောက် ကြည်ညိုစွာ လက်ျာ လက်ကို ဆန့်တန်း၍ အလှူမဏ္ဍပ်ရှိရာဌာနကို ညွှန်ပြခဲ့သော ကောင်းမှုကြောင့် ဤကဲ့သို့ လက်ျာလက်မှ အလိုရှိအပ်သမျှသော လူ့အသုံးအဆောင် စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် အစရှိသည်တို့ တသွင်သွင် ယိုစီး၍ကျနေကြောင်းဖြင့်" ဖြေကြား ခဲ့လေသည်။

ထိုဩောင်စောင့်နတ်မင်းကို အားကျ၍ အင်္ကုရ မင်းသားသည် ဒွါရာဝတီ နေပြည်တော်သို့ ရောက်သောအခါ ကြီးစွာသော အလှူကြီး ဇမ္ဗူဒိပ်ဘက္ကျွန်းလုံး ထွန်တုံးပိတ် ပေးလှူသဖြင့် မင်းများ အခွန်အတုတ်မရရှိ၍ နောင်တော်မင်းတို့က အင်္ကုရညီတော်မင်းသားကို တိုင်းတိုင်းရှည်ရှည် လှူဖို့ရန် မေတ္တာရပ်ခံသောကြောင့် အင်္ကုရမင်းသားသည် ဒက္ခိဏာပထတိုင်းသို့ ပြောင်းရွှေ့သွားရောက်ကာ ဒမိဠနိုင်ငံ၌ သမုဒ္ဒြာအနီးဝယ် ဆယ့်နှစ်ယူဇနာပေါက် မြေတလျှောက်၌ ခုံလောက်ချင်းဆက်ကာ အနှစ်တသောင်းကြာ ကြီးစွာသော အလှူဒါနကို ပေး၍ ထို ဘဝမှ စုတေလတ်သော် တာဝတိံသာ နတ်ပြည်၌ အင်္ကုရ ဟူသော ရှေးအမည်ရင်းဖြင့် နတ်သားဖြစ်လေသည်။

အင်္ကုရ မင်းသားသည် ထိုမျှကြီးစွာ အခါရှည်မြင့် လှူဒါန်းရသော်လည်း သာသနာပြင်ပဖြစ်၍ ဒုဿီလ အလှူခံများကိုသာ လှူဒါန်းခဲ့ရကား မြေညံ့၌ စိုက်ပျိုးအပ်သော

http://www.dhammadownload.com



မျိုးစေ့ကဲ့သို့ အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းပဲ ရှိရလေသည်။ ။(ဤကား အင်္ကုရနတ်သား၏အကြောင်း အရာ အကျဉ်းချုပ်တည်း။ အကျယ်ကိုအလိုရှိမူ ပိဋကတ်တော် မြန်မာပြန် ပေတဝတ္ထု ပါဠိတော်၊ ၂-ဥဗ္ဗရိဝဂ်၊ ၉-အင်္ကုရ ပေတဝတ္ထုမှ မှတ်ယူရာ၏)။

### ဇာလန္ဓကနတ်သားအကြောင်း အကျဉ်းချုပ်

ဇာလန္ဓကနတ်သား အကြောင်းကား····ဤဆိုအပ်ခဲ့သည့် အတိုင်း အင်္ကုရနတ်သားသည် တာဝတိံသာနတ်ပြည်၌ ဖြစ်၍ နတ်စည်းစိမ်ကို ခံစားနေစဉ် ငါတို့၏မြတ်စွာဘုရား လက်ထက်တော်အခါ၌ ဇာလန္ဓကအမည်ရှိသော လုလင်သည် ဆွမ်းခံကြွလာတော်မူသော အရှင်အနုရုဒ္ဓါ မထေရ်အား သဒ္ဓါကြည်ညိုသော စိတ်ရှိလျက် တယောက်ချိမျှသော ဆွမ်းကို လှူဒါန်းခဲ့လေသည်။

ဇာလန္ဓကလုလင်သည် နောက်အခါစုတိပြတ်ကြွေ သေလွန်ခဲ့၍ သာသနာတော်တည်းဟူသော လယ်မြေကောင်း၌ ဆွမ်းတယောက်ချိ အလှူဒါနတည်းဟူသော ကောင်းမှု မျိုးစေ့ကို စိုက်ပျိုးခဲ့သော အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်၌ တန်ခိုးအာနုဘော်ကြီးသော ဇာလန္ဓကအမည် ရှိသော နတ်သားဖြစ်ပြီးလျှင် နတ်၌ဖြစ်သော (၁)သုံးဆောင် ဖွယ်ရာ အဆင်းအာရုံ (၂)အသံအာရုံ (၃)အနံ့ အာရုံ (၄)အရသာအာရုံ (၅)အတွေ့အထိအာရုံတို့နှင့် တကွ (၆)အသက်ရှည်ခြင်း (၇)အခြံအရံများခြင်း (၈)ပုံပန်းသဏ္ဌာန်တင့်တယ်ခြင်း (၉)ချမ်းသာကြီးခြင်း (၁၀)အစိုးရခြင်း ဤဆယ်ရပ်သော ဂုဏ်ကျေးဇူးတို့ဖြင့် အင်္ကုရနတ်သားကို လွှမ်းမိုးသာလွန် တင့်တယ်လေသည်။

ထိုကြောင့် ဤယခု အဘိဓမ္မာအစည်းအဝေး၌ အင်္ကုရ နတ်သားမှာ တန်ခိုးအာနုဘော်မကြီးမားလှသောကြောင့် တန်ခိုးကြီးသည့် နတ်ဗြဟ္မာတို့ လာတိုင်းလာတိုင်း နေရာ

http://www.dhammadownload.com



ဖယ်ရှားပေးရသဖြင့် မြတ်စွာဘုရားမှဝေးကွာသည့် (၁၂) တဆယ့်နှစ်ယူဇနာအရပ်၌ နေရာကို ရလေသည်။ ဇူန္ဓက နတ်သားမူကား တန်ခိုးကြီးသူဖြစ်၍ မြတ်စွာဘုရား၏ အနီးမှာပင် ပဥ္စမယူအပ်သော နေရာ၌(အခြားသို့ မရွှေ့ မပြောင်းရပဲ)နေနိုင်ခွင့်ကို ရရှိလေသည်။

မြတ်စွာဘုရားရှင်သည် ထိုအင်္ကုရနတ်သားနှင့်ဇူန္ဓကနတ်သား နှစ်ဦးသားတို့ကို ကြည့်ရှုတော်မူ၍ ကိုယ်တော်မြတ်၏ သာသနာ၌ မြတ်သောအလှူခံပုဂ္ဂိုလ်တို့အား လှူအပ်သော အလှူဒါန၏ အကျိုး ကြီးမြတ်ကြောင်းကို သိစေတော်မူလိုသည်ဖြစ်၍ "အင်္ကုရ....သင် သည် အနှစ်တသောင်းကြာ အခါကာလတို့ပတ်လုံး ဆယ့်နှစ် ယူဇနာတလျှောက် ခံလောက်ချင်းဆက်ကာ ကြီးစွာသောအလှူ ဒါနကို ပေးလှူအပ်ခဲ့ပါလျက် ယခုအခါ ငါဘုရား၏ အဘိမုခ်မှာ တရားသဘင် အစည်းအဝေးသို့ လာရောက်ပြီးလျှင် ဆယ့်နှစ် ယူဇနာ ဝေးကွာသောအရပ်၌ အဘယ့်ကြောင့် နေထိုင်ခွင့်ကို ရသနည်း"ဟု မေးတော်မူလိုရကား—

မဟာဒါနံ တယာ ဒိန္နံ၊ အင်္ကုရ ဒီဃမန္တရေ။
အတိဒူရေ နိသိန္နောသိ၊ အာဂစ္ဆ မမ သန္တိကေ။

အင်္ကုရ = အင်္ကုရဟု နာမထင်ရှား အိုဒါယကာနတ် သား....။တယာ = သင်သည်။ ဒီဃမန္တရေ = အနှစ် တသောင်း ရှည်ညောင်းမြင့်ကြာ အခါအတွင်း၌။ မဟာ- ဒါနံ = ဆယ့်နှစ်ယူဇနာပေါက် မြေတလျှောက်ဝယ် ခံ လောက်ချင်းဆက်ကာ ကြီးစွာသောအလှူဒါနကို။ ဒိန္နံ = သဒ္ဓါရှေး၍ ပေးလှူအပ်ခဲ့လေပြီ။ (ဇူဒါနိ = အဘိမုခ်မှာ ဒေသနာနက်လေး ဤယခုအစည်းအဝေး၌)။ အတိဒူရေ= ငါဘုရားနှင့် ဝေးခြားလှစွာ ဆယ့်နှစ်ယူဇနာ အရပ်၌။ (ကသ္မာ = အဘယ့်ကြောင့်)။ နိသိန္နော = တန်ခိုးကြီးစွာ နတ်မြဟ္မာတို့ ရောက်လာတိုင်းနောက်သို့ဆုတ်၍ ပြောင်း ရွှေ့နေထိုင်သည်။ အသိ = ဖြစ်သနည်း။ မမ သန္တိကေ = ငါဘုရား၏ ထံပါးမျက်မှောက် စက်ရိပ်အောက်သို့။ အာ-

http://www.dhammadownload.com



ဂစ္ဆ—အာဂစ္ဆာဟိ = သော့လျှင်မကြာ သင်လာရောက်ပါတော့လော့။

ဤဂါထာကို မိန့်ဆိုမြွက်ကြားတော်မူလေသည်။ (ထိုသို့ မြတ်စွာဘုရားက အက်ုရနတ်သားကို မေးမြန်းမြွက်ဆိုသောအသံသည် အောက်မြေအပြင်သို့ ဆိုက်ရောက်လေသည်၊ ထိုအသံကို လူ့ရပ်လူ့ပြည်၌ရှိသော ပရိသတ်များ ကြားရလေသည်။ ဓမ္မပဒ ၄-၂၊ ၁၄၃-မှ)

ဤသို့ မြတ်စွာဘုရားရှင် မေးမြန်းအပ်သည်ရှိသော် အက်ုရနတ်သား ပြန်လည်ဖြေကြား လျှောက်ဆိုသော တဂါထာနှဲ့ (ဖြ-ပါဒ)နှင့်တကွ သင်္ဂီတိကာရကမထေရ်တို့ ဖြည့်စွက်ဟောကြားအပ်သည့် ဂါထာဝက်ပါ(၂)နှစ်ဂါထာကို ပါဠိတော်၌ ဤသို့ သံဂါယနာတင်၍ ထားအပ်လေသည်—

စောဒိတော ဘာဝိတတ္တေန၊ အင်္ကုရော တေဒမြဝိ။
ကိံ မယှံ တေန ဒါနေန၊ ဒက္ခိဏေယျေန သုညတံ။

အယံ သော ဣန္ဒကော ယက္ခော၊ ဒဇ္ဇာ ဒါနံ ပရိတ္တကံ။
အတိရောစတိ အမှေဟိ၊ စန္ဒော တာရာဂဏေ ယထာ။

ဘာဝိတတ္တေန = ကာယစိတ္တာ ဘာဝနာနှစ်ပါး ပွါးများတော်မူပြီးသော မြတ်စွာဘုရားသည်။ စောဒိတော= စောဒနာစစ်ဆေး မေးမြန်းအပ်သည်ဖြစ်၍။ အင်္ကုရော = သာသနာပြင်ပ ဗာဟိရဝယ် ဒါနပြုပွါး အက်ုရနတ်သားသည်။ တံ = ဤဆိုလတ္တံ့သော အဖြေစကားကို။ အဗြ-ဝိ = လက်အုပ်ချီမိုး ရှိခိုးလျှောက်ဆိုလေပြီ။ (ဘန္တေ = ဘုန်းတော်ကြီးသောမြတ်စွာဘုရား....)။ ဒက္ခိဏေယျေန= သီလဝန္တခေါ်ဆို မြတ်သောအလှူခံပုဂ္ဂိုလ်မှ။ သုညတံ = မပါလုံးလုံး ကင်းဆိတ်သုဉ်းသော။ ယံ ဒါနံ = သာသနာပြင်ပ ဗာဟိရဝယ် လှုံ့လဆည်းစု အကြင်ဒါန ကောင်းမှုသည်။ အတ္ထိ = ရှိ၏။ မယှံ = အကျွန်ုပ်၏။ တေန ဒါနေ-န = သာသနာပြင်ပ ဗာဟိရဝယ် ကာလရှည်လျား

http://www.dhammadownload.com



ပွါးများအားထုတ်ခဲ့သော ထိုဒါနကောင်းမှုဖြင့်။ ကိံ = အဘယ်မှာစအံ့နည်း။

အယံ သော ဇူန္ဒကော ယက္ခော = ရှင်တော်ထံပါး၌ ဇူန္ဒကနတ်သားသည်။ ပရိတ္တကံ ဒါနံ = ဆွမ်းတယောက်ချိုမျှ အနည်းငယ်သော အလှူဒါနကို။ ဒတွာ = အနုရုဒ္ဓါထေရ်မဟာအား သဒ္ဓါထိန်လင်း ပေးလှူခဲ့ခြင်းကြောင့်။ စန္ဒော = ပြာသာဒ်ငွေသား လ-ရထားသည်။ တာရာဂဏေ = နက္ခတ်များစွာ ကြယ်တာရာ အပေါင်းတို့ကို။ အတိရောစတိ ယထာ = အရောင်ဖြိုးဖြိုး လွှမ်းမိုးတင့်တယ်သကဲ့သို့။ အမှေဟိ—အမှေ = သာသနာပြင်ပ ဗာဟိရ ဝယ် ဒါနမျိုးချယ် တန်ခိုးငယ်သော အကျွန်ုပ်တို့ကို။ အတိရောစတိ = ဌာနဆယ်မျိုး နတ်တန်ခိုးဖြင့် လွှမ်းမိုးမြင့်ကယ် တင့်တယ်ထွန်းပပါပေ၏။

ဤသို့ အင်္ကုရနတ်သားက လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဇူန္ဒကနတ်သားကို "ဇူန္ဒက···· သင်သည် ငါဘုရား၏ လက်ျာနံပါး၌ မရွေ့မရှား ထိုင်နေ၏၊ အဘယ့်ကြောင့် (တန်ခိုးကြီးသည့်နတ်များ လာရောက်ကြသောအခါ) မဖယ်မရှားရပဲ ထိုင်မြဲထိုင်နေနိုင်သနည်း" ဟူ၍ မေးတော်မူ၏။ ဇူန္ဒကနတ်သားသည်လည်း "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····တပည့်တော်သည် လယ်မြေကောင်း၌ မျိုးစေ့အနည်းငယ်ကို စိုက်ပျိုးသော လယ်သမားကဲ့သို့ အလှူခံပုဂ္ဂိုလ်တည်းဟူသော လယ်မြေကောင်း၏ ပြည့်စုံခြင်းကို ရရှိခဲ့သူဖြစ်ပါသည်" ဟူ၍ လျှောက်ဆိုပြီးလျှင် မြတ်သောအလှူခံပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို ထင်ရှားပြလိုသည်ဖြစ်၍—

ဥဿရေ ယထာ ခေတ္တေ၊
ဗီဇံ ဗဟုမ္ပိ ရောပိတံ။
န ဖလံ ဝိပုလံ ဟောတိ၊
နပိ တောသေတိ ကဿကံ။

http://www.dhammadownload.com



တထေဝ ဒါနံ ဗဟုကံ၊
ဒုဿီလေသု ပတိဋ္ဌိတံ။
န ဖလံ ဝိပုလံ ဟောတိ၊
နပိ တောသေတိ ဒါယကံ။

(ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား····)။ ဉဇ္ဇင်္ဂလေ ခေတ္တေ=ညြဇာခေတ်ဆီ မသီဝေးလွှင့် ဆပ်ပျာ ပွင့်သား ကုန်းမြင့်ခေါင်ဗွေ ကျတ်တီးမြေ၌။ ရောပိတံ = လုံ့လအားကြီး စိုက်ပျိုးကြဲချအပ်သော။ ဗီဇံ = မျိုးစေ့ သည်။ ဗဟုမ္ပိ = အရေအတွက်အား များပြားလှသော် လည်း။ ဝိပုလံ ဖလံ = ပြန့်ပြောခိုင်ဖြိုး အသီးကို သီးနိုင် သည်။ န ဟောတိ ယထာ = မဖြစ်သကဲ့သို့။ ကဿကံ = ထွန်ယက်လုပ်စား လယ်သမားကို။ နပိ တောသေတိ ယထာ = ပီတိဝှန်တက် မနှစ်သက်လည်း မနှစ်သက်စေနိုင် သကဲ့သို့။

တထေဝ = ထိုအတူပင်လျှင်။ ဒုဿီလေသု = ဒုဿီလ ခေါ်ဆို အလှူခံပုဂ္ဂိုလ်တို့၌။ ပတိဋ္ဌိတံ = လှူဒါန်းသော အား စိုက်ပျိုးတည်ထားအပ်သော။ ဒါနံ = သာသနာ ပြင်ပ ဗာဟိရအလှူမျိုးသည်။ ဗဟုကံ—ဗဟုကမ္ပိ = သချာဆပွါး မည်မျှပင်များသော်လည်း။ ဝိပုလံ ဖလံ = ပြန့်ပြောဝှန်ဖြိုး များမြတ်သောအကျိုးရှိသည်။ န ဟောတိ= မဖြစ်နိုင်။ ဒါယကံ = ပေးလှူတတ်စွာ ဒါယကာကို။ နပိ တောသေတိ = ပီတိဝှန်တက် မနှစ်သက်လည်း မနှစ် သက်စေနိုင်ပါဘုရား။

ယထာပိ ဘဒ္ဒကေ ခေတ္တေ၊
ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တေ၊
ဖလံ တောသေတိ ကဿကံ။

http://www.dhammadownload.com



တထေဝ သီလဝန္တေသု၊
ဂုဏဝန္တေသု တာဒိသု။
အပ္ပကမ္ပိ ကတံ ကာရံ၊
ပုညံ ဟောတိ မဟပ္ဖလံ။

(ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား....)။ ဘဒ္ဒကေ ခေတ္တေ = ခဝတ်ဆီဩဇာ ရသာပြည့်ညှောင်း လယ်မြေကောင်း၌။ ရောပိတံ = လုံ့လအားကြိုး စိုက်ပျိုးကြဲချအပ်သော။ ဗီဇံ=မျိုးစေ့သည်။အပ္ပမ္ပိ= အနည်းငယ်မျှ မပြေပလောက်သော်လည်း။ ခေရံ = မိုးရေအယဉ်ကို။ သမ္မာ = ကောင်းမွန် မှန်ကန်စွာ။ ပဝေစ္ဆန္တေ = (မြေကောင်းဖြစ်က) ဆယ့်ငါးရက် တကြိမ် (မြေအလတ်စားဖြစ်က ဆယ်ရက်တကြိမ် (ထိုအောက်ညံ့သောမြေဖြစ်က) ငါးရက်တကြိမ် အချိန်သင့်နိုး ရွာသွန်ဖြိုးသည်ရှိသော်။ ဖလံ = အောင်မြင်နိုင်ဖြိုး ပြည့်စုံသည့် အသီးသည်။ကဿကံ = ထွန်ယက်လုပ်စား လယ်သမားကို။ တောသေတိ ယထာပိ = ပီတိဝှန်တက် နှစ်သက်အားရစေသကဲ့သို့။

တထေဝ = ထိုအတူသာလျှင်။သီလဝန္တေသု = သီလကျေးဇူး အထူးကုံလုံ ပြည့်စုံတော်မူကြကုန်သော။ ဂုဏဝန္တေသု = သမာဓိဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သော။ တာဒိသု=တာဒိဂုဏ်ရှင် အရိယာသခင်တို့၌။ ကတံ = ပေးလှူဆက်ကပ် ပြုလုပ်အပ်သော။ ကာရံ ပုညံ = ဥပကာရကျေးဇူး ကောင်းမှုအဟူးသည်။ မဟပ္ဖလံ = ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်။ ဟောတိ = ဩဇာဝှန်ဖြိုး လယ်မြေမျိုးဝယ် စိုက်ပျိုးအပ်ပြီး မျိုးစေ့အလားလျှင် ထင်ရှား ဖြစ်နိုင်ပါ၏ ဘုရား။

ဤ(၄) လေးဂါထာတို့ကို ရွတ်ဆိုလျှောက်ထားလေသည်။ ဤသို့ ဇုန္ဒကနတ်သား လျှောက်ထားအပ်သည်ရှိသော် မြတ်စွာဘုရားသည် အင်္ကုရနတ်သားကို "အင်္ကုရ....အလှူ ဒါနမည်သည်ကို လှူဖွယ်ဝတ္ထုကောင်း, အလှူခံပုဂ္ဂိုလ်ကောင်း = ဤနှစ်ရပ်ကို ရွေး

http://www.dhammadownload.com



ချယ်စိစစ်၍ လှူဒါန်းမှ သင့်လျော်လျောက်ပတ်ပေ၏၊ ဤသို့ ရွေးချယ်စိစစ်၍ လှူသည်ရှိသော် ထိုဒါနသည် လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိနိုင်သည်။ သင့်မှာမူကား (သာသနာပြင်ပ ကာလဝိပတ္တိနှင့်ကြုံကြိုက်သဖြင့်) ထိုကဲ့သို့ စိစိစစ်စစ်လှူဒါန်းမှုကို မပြုနိုင်ခဲ့ချေ၊ ထို့ကြောင့် သင်၏ အလှူဒါနသည် (ဇာနုဿကနတ်သား၏ အလှူလောက်) အကျိုးမကြီးပဲ ဖြစ်ရလေသည်" ဟူ၍ မိန့်တော်မူပြီးလျှင် ထိုအနက်သဘောကို ထင်ရှားစေတော်မူလိုသဖြင့်—

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊
ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတွာန၊
သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

ဝိစေယျ ဒါနံ သုဂတပ္ပသဋ္ဌံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

အင်္ကုရ = အင်္ကုရဟု နာမထင်ရှား အိုဒါယကာ နတ်သား....။ ယတ္ထ— ယေသု = သီလဝန္တခေါ်ဆို အကြင်အလှူခံပုဂ္ဂိုလ်တို့၌။ ဒိန္နံ = သဒ္ဓါရှေး၍ ပေးလှူအပ်သော အလှူဒါနသည်။ မဟပ္ဖလံ = များမြတ်သော အကျိုးရှိ၏။ (တေ=ထိုသီလဝန္တခေါ်ဆို အလှူခံပုဂ္ဂိုလ်တို့ကို)။ ဝိစေယျ = ရွေးချယ်စိစစ်၍။ ဒါနံ = အလှူဒါနကို။ ဒါတဗ္ဗံ = သဒ္ဓါရှေး၍ ပေးလှူသင့်ပေ၏။ ဝိစေယျ = ရွေးချယ် စိစစ်၍။ ဒါနံ = အလှူဒါနကို။ ဒတွာန = သဒ္ဓါရှေး၍ ပေးလှူခြင်းကြောင့်။ ဒါယကာ = အလှူဒါယကာတို့သည်။ သဂ္ဂံ = နတ်ရွာသို့။ ဂစ္ဆန္တိ = လားရောက်ရကုန်၏။

ဝိစေယျ = လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ် ဤနှစ်ပါးတို့ကို ကောင်းနိုးရာရာ ရွေးချယ်စိစစ်၍။ ဒါနံ = သဒ္ဓါရှေး၍

http://www.dhammadownload.com



ပေးလှူခြင်းကို။ သုဂတပ္ပသဋ္ဌံ = အဆူဆူသော မြတ်စွာဘုရားတို့သည် ချီးမွမ်းအပ်ပေ၏။ ဣဓ ဇီဝလောကေ = အသက်ရှည်တွေ့ တည်နေပါကြ ဤလောက၌။ ယေ ဒက္ခိဏေယျာ = သီလဝန္တ ခေါ်ဆို အကြင် မြတ်သော အလှူခံ ပုဂ္ဂိုလ်တို့သည်။ သန္တိ = ရှိကုန်၏။ တေသု = သီလဝန္တခေါ်ဆို ထိုမြတ်သော အလှူခံပုဂ္ဂိုလ်တို့၌။ ဒိန္နာ-နိ = သဒ္ဓါရှေး၍ ပေးလှူအပ်သော အလှူဒါနတို့သည်။ သုခေတ္တေ = ဩဇာပြည့်ညှောင်း လယ်မြေကောင်း၌။ ဝုတ္တာနိ = ကြဲချစိုက်ပျိုးအပ်ကုန်သော။ဗီဇာနိ ယထာ = မျိုးစေ့ငါးတန် ဗီဇဂံတို့ကဲ့သို့။ မဟပ္ဖလာနိ = လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးရှိကုန်၏။

ဤကဲ့သို့ မိန့်ကြားတော်မူပြီးလျှင် ထိုမှအထက် တဆင့်တက်၍ မဂ်ရောက်ဖိုလ်တည်ဖြစ်စေရန် တရားဒေသနာကို တိုး၍ဟောတော်မူလိုရကား ဤဆိုလတ္တံ့သောလေးဂါထာတို့ကို ဆက်လက်ဟောကြားတော်မူလေသည်—

> တိဏဒေါသာနိ ခေတ္တာနိ၊
> ရာဂဒေါသာ အယံ ပဇာ။
> တသ္မာ ဟိ ဝီတရာဂေသု၊
> ဒိန္နံ ဟောတိ မဟပ္ဖလံ။

ခေတ္တာနိ = ဗီဇဂံငါးမျိုး စိုက်ပျိုးကြဲချရာ လယ်မြေယာတို့သည်။ တိဏဒေါသာနိ = ပေါင်းမြက်ဟူသော အပြစ်ပေါကြပေကုန်၏။ အယံ ပဇာ = လူနတ်မြဟ္မာ ဤသတ္တဝါ အပေါင်းသည်။ ရာဂဒေါသာ = ရာဂဟူသော အပြစ်ပေါကြပေ၏။ တသ္မာ ဟိ = ထို့ကြောင့် သာလျှင်။ ဝီတရာ-ဂေသု = ရာဂမအောင်း အရိယာသူတော်ကောင်းတို့၌။ ဒိန္နံ = သဒ္ဓါရှေး၍ ပေးလှူအပ်သော အလှူဒါနသည်။ မဟပ္ဖလံ = လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးရှိသည်။ ဟောတိ = ဖြစ်ပေ၏။

http://www.dhammadownload.com



တိဏာဒေါသာနိ ခေတ္တာနိ၊
ဒေါသဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတဒေါသေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။

ခေတ္တာနိ = ဗီဇင်္ဂါးမျိုး စိုက်ပျိုးကြဲချရာ လယ်မြေယာတို့သည်။ တိဏာဒေါသာနိ = ပေါင်းမြက်ဟူသော အပြစ်ပေါ်ကြပေကုန်၏။ အယံ ပဇာ = လူနတ်ဗြဟ္မာ ဤသတ္တဝါ အပေါင်းသည်။ ဒေါသဒေါသာ = ဒေါသ ဟူသော အပြစ်ပေါ်ကြပေ၏။ တသ္မာ ဟိ = ထို့ကြောင့် သာလျှင်။ ဝီတဒေါသေသု = ဒေါသမအောင်း အရိယာ သူတော်ကောင်းတို့၌။ ဒိန္နံ = သဒ္ဓါရှေး၍ ပေးလှူ အပ်သော အလှူဒါနသည်။ မဟပ္ဖလံ = လူ့ရပ် နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးရှိသည်။ ဟောတိ = ဖြစ်ပေ၏။

တိဏာဒေါသာနိ ခေတ္တာနိ၊
မောဟဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတမောဟေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။

ခေတ္တာနိ = ဗီဇင်္ဂါးမျိုး စိုက်ပျိုးကြဲချရာ လယ်မြေယာတို့သည်။ တိဏာဒေါသာနိ = ပေါင်းမြက်ဟူသော အပြစ်ပေါ်ကြပေကုန်၏။ အယံ ပဇာ = လူ နတ် ဗြဟ္မာ ဤသတ္တဝါအပေါင်းသည်။ မောဟဒေါသာ = မောဟ ဟူသော အပြစ်ပေါ်ကြပေ၏။ တသ္မာ ဟိ = ထို့ကြောင့် သာလျှင်။ ဝီတမောဟေသု = မောဟမအောင်း အရိယာ သူတော်ကောင်းတို့၌။ ဒိန္နံ = သဒ္ဓါရှေး၍ ပေးလှူအပ် သော အလှူဒါနသည်။ မဟပ္ဖလံ = လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်။ ဟောတိ = ဖြစ်ပေ၏။

http://www.dhammadownload.com



တိဏဒေါသာနိ ခေတ္တာနိ၊
ဇုဗ္ဗာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိဂတဒ္ဒေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။

ခေတ္တာနိ = ဗီဇဂံငါးမျိုး စိုက်ပျိုးကြဲချရာ လယ်မြေယာတို့သည်။ တိဏဒေါသာနိ = ပေါင်းမြက်ဟူသော အပြစ်ပေါ်ကြပေကုန်၏။ အယံ ပဇာ = လူ နတ် ဗြဟ္မာ ဤသတ္တဝါအပေါင်းသည်။ ဇုဗ္ဗာဒေါသာ = ငါးပါး အာရုံ ကာမဂုဏ်ကို ခုံမင်နှစ်သက် တပ်မက်တတ်စွာ ဇုဗ္ဗာဟူသော အပြစ်ပေါ်ကြပေ၏။ တသ္မာ ဟိ = ထို့ကြောင့်သာလျှင်။ ဝိဂတဒ္ဒေသု = ဇုဗ္ဗာမအောင်း အရိယာသူတော်ကောင်းတို့၌။ ဒိန္နံ = သဒ္ဓါရှေး၍ ပေးလှူအပ်သော အလှူဒါနသည်။ မဟပ္ဖလံ = လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးရှိသည်။ ဟောတိ = ဖြစ်ပေ၏။

ဤဒေသနာနိဂုံး ဆုံးလတ်သောအခါ အင်္ကုရနတ်သားနှင့် ဇုန္ဒကနတ်သားတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။ များစွာသော နတ်ဗြဟ္မာအပေါင်း၏အတွက်လည်း အကျိုးရသော တရားဒေသနာ ဖြစ်လေသည်။

(ဤကား အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏ အကြောင်းတည်း။)

ဤတွင် အခန်း ၂၄-ပြီး၏။

http://www.dhammadownload.com



## အခန်း-၂၅

### တာဝတိံသာ နတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ အဘိဓမ္မာတရား ဟောကြားတော်မူခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် အင်္ကုရနတ်သားနှင့် ဣန္ဒက နတ်သားတို့ကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူပြီး လျှင် သတ္တမမြောက်ဝါကို ထိုတာဝတိံသာနတ်ပြည်၌ပင် ကပ်တော်မူကာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် မယ်တော်မိနတ်သား (＝သန္တုသိတနတ်သား) အမှူးပြုသည့် ဇာတိခေတ် စကြဝဠာပေါင်း တိုက်တသောင်းတို့မှ ခညောင်းရောက်ရှိလာကြသည့် နတ်ဗြဟ္မာပရိသတ်၏ အလယ်၌ "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" အစ ရှိသောနည်းဖြင့် ကောင်းကင်မြစ်ကြီး တသွင်သွင်ယိုစီးသည့် အလား အဘိဓမ္မာ တရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နွေညမစဲ ဟောကြားတော်မူလေသည်။

(ဤ၌ အထူးမှတ်ရန်ကား—ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူသောအခါမှာပင်သော်လည်း အတန်ငယ်တိုး၍ အနုမောဒနာ တရား ဟောကြားတော်မူကြသော မြတ်စွာဘုရားရှင်တို့၏ တရားဒေသနာတော်သည် ဒီဃနိကာယ်,မဇ္ဈိမနိကာယ်ခန့် ပမာဏရှိပေ၏။ နေလွဲအခါ ရောက်ဆိုက်လာသော ပရိသတ်အား တရားဟောတော်မူကုန်သော မြတ်စွာဘုရားရှင်တို့၏ တရားဒေသနာတော်သည် သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်တည်းဟူသော နိကာယ်ကြီးနှစ်ရပ်ခန့် ပမာဏရှိပေ၏။ အကြောင်းသော်ကား မြတ်စွာဘုရားရှင်တို့မှာ တဝီထိ နှင့် တဝီထိ အကြား ဘဝင်စိတ်အခြားကား နည်းပါးလှပေ၏ (ဘဝင်စိတ်နှစ်ကြိမ်ခန့်သာခြားသည် )၊ နှုတ်ခမ်းတော်ကား အလွန်ပင် စေ့စပ်လှ၏ (ကောင်းစွာထိ၏)၊ နှုတ်ခမ်းတော်လှုပ်ခြင်းသည် (တနည်း–နှုတ်လျှာတော်သည်) ပြေပြစ်စေ့စပ်လှပေ၏၊ လျှာတော်ကလည်း အလွန်နူးညံ့ ပါးလျှရှည်သွယ်လှ၏၊ အသံတော်ကလည်း အင်္ဂါရှစ်ပါးရှိ၍ နာချင်စဖွယ် အလွန်ချိုမြိန်လှ၏၊ သို့ရကား စကား(＝အသံ)တော်သည်—

**"တရာ့တပါး၊ လူမျိုးများတို့၊ စကားတခွန်း၊ မြွက်ဆိုညွှန်းက၊ ရှစ်ခွန်းအာနန်၊ မိန့်လျှင်မြန်၏၊ အာနန်ထေရ်ကျော်၊ တခွန်းသော်မူ၊ ရှင်**

http://www.dhammadownload.com



**တော်ဘုရား၊ လျင်လျှားတုမဲ့၊ တဆဲ့ခြောက်လီ၊ ခွန်းထပ်မှီး၍၊ လောကီလူများ၊ တခွန်းအားမူ၊ ဘုရားလူ့ဘ၊ မုနိန္ဒလျှင်၊ တရာ့နှစ်ဆယ်၊ ရှစ်ခွန်းကယ်၏။"—**

ဟူသောအတိုင်း လျင်မြန်လှပေ၏။ သို့ရကား ထိုဆွမ်းအနုမောဒနာတရား ဟောကြားသောအခါ၊ မွန်းလွဲအခါ ရောက်ဆိုက်လာသော ပရိသတ်အား ဟောကြားသော အခါတို့၌ တရားဒေသနာပမာဏသည် ဖော်ပြအပ်ပြီးအတိုင်း နိကာယ်ကြီးနှစ်ရပ်ခန့် ရှိလေသည်၊ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူအပ်သော အဘိဓမ္မာတရားတော်မြတ်ကား အဆုံးမထင်နိုင် မနှိုင်းယှဉ်နိုင်လောက်အောင်ပင် ရှိပေ၏။)

## အဘိဓမ္မာတရား ဟောကြားတော်မူသောအခါ ကိုယ်တော်ကို မျှတစေတော်မူပုံ

ဤ၌ "ဝါတွင်းသုံးလပတ်လုံး အကြားမလပ် အဘိဓမ္မာတရားကို ဟောကြားတော်မူသော မြတ်စွာဘုရားရှင်၏ ဆွမ်းခဲဖွယ်ဘောဇဉ်နှင့်စပ်၍သာ(=ဆွမ်းခဲဖွယ်ဘောဇဉ်ကို မှီဝဲသုံးဆောင်ရမှသာ) သန္တာန်ဆက်စည် တည်နိုင်သော ဥပါဒိန္နက(=သက်ရှိခန္ဓာ) ကိုယ်တော်သည် အဘယ်သို့ မျှတသနည်း" ဟူ၍ မေးခဲ့သော် "ဆွမ်းခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးမွေးမြူသဖြင့်သာလျှင် မျှတ၏" ဟူ၍ အကျဉ်းဖြေဆိုရာ၏။ အကျယ်အဖြေသော်ကား—

မြတ်စွာဘုရားရှင်တို့အဖို့မှာ ထိုထို အချိန် ကာလများကား ကောင်းစွာပိုင်းခြား မှတ်သားအပ်ပြီး မျက်မှောက် ပြုအပ်ပြီးသာ ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရား ဟောကြားတော်မူရင်းကပင် လူ့ပြည်လောက၌ ရောက်ဆိုက်နေသည့် အချိန်ကာလကို ဆင်ခြင် ကြည့်ရှုတော်မူ၏။ ယင်းသို့ဆင်ခြင်ကြည့်ရှုတော်မူ၍ မြတ်စွာဘုရားသည် ဆွမ်းခံချိန် ကျရောက်လတ်သောအခါ နိမ္မိတရုပ်ပွါး ကိုယ်တော်စားကို ဖန်ဆင်းတော်မူ၍ "ဤနိမ္မိတရုပ်ပွါး ငါ့ကိုယ်စား၏ သင်္ကန်းကိုင်ပုံ သပိတ်ကိုင်ပုံ အသံပြုပုံ အသွင်အပြင် အလုံးစုံသည် ငါဘုရားနှင့် ထပ်မျှတူညီ ဤသို့သဘောရှိသည့် ဖြစ်စေသား။ ဤမျှ အတိုင်းအရှည်ရှိသော တရားကို ငါ၏ကိုယ်စား ဟောကြားရစ်စေသား" ဟူ၍ အဓိဋ္ဌာန်တော်မူ

http://www.dhammadownload.com



ပြီးလျှင် သပိတ် သက်နိုးကို ယူဆောင်တော်မူကာ အနေ့ာတတ် အိုင်သို့ ကြွတော်မူလေ၏။

အနေ့ာတတ်အိုင်၌ မြတ်စွာဘုရားရှင်အား နတ်များက ကွမ်း ရိုးဒန်ပူကို ဆက်ကပ်ကြလေသည်၊ ထိုဒန်ပူကို ဝါးသုံးတော်မူပြီး လျှင် အနေ့ာတတ်အိုင်၌ ရေချိုးသန့်စင် ကိုယ်တော်ကို သုတ်သင် ပြီးသော် ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ရပ်တော်မူကာ ကောင်းစွာ တပ်ဆိုးအပ်သည့် နှစ်ထပ်သက်နိုးကို ဝတ်ရုံတော်မူ လျက် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ (သတ္တဌာနစံတော် မူစဉ် သတ္တမသတ္တာဟ=လင်းလွန်းပင်ရင်းတုန်းက) လှူဒါန်းဆက် ကပ်အပ်သည့် အနားလေးရစ် (တလုံးတည်းဖြစ်ရှိသည့်) ကျောက် ညိုသပိတ်ကို ယူတော်မူ၍ ဥတ္တရကုရု (=မြောက်ကျွန်း) သို့ ဆွမ်းခံကြွတော်မူလေသည်။ ထိုမြောက်ကျွန်းမှ ဆွမ်းကို ခံယူတော် မူခဲ့ပြီးနောက် အနေ့ာတတ်အိုင်၏ ဆိပ်ကမ်းသာဝယ် သပ္ပါယ်စွာ ထိုင်နေလျက် ထို ဆွမ်းကို ဘုဉ်းပေးပြီးလျှင် နေ့သန့်တော်မူရန် စန္ဒကူးတောသို့ ကြွတော်မူလေသည်။

တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ် သည်လည်း ထိုစန္ဒကူးတောသို့ သွားရောက်၍ မြတ်စွာဘုရားအား ဝတ်ကြီး ဝတ်ငယ် ပြုပြီးလျှင် အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်နေတော်မူလေသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင် သာရိပုတ္တရာမထေရ်အား "ချစ်သား သာရိပုတ္တရာ ....ငါ ဘုရား သည် ဤမျှသော တရားကို ဟောကြား အပ်ခဲ့ပြီ"ဟု နည်းပေး ကာ အကျဉ်းချုပ် ညွှန်ပြ ဟောကြားတော်မူလေသည်။ ဤသို့ မြတ်စွာဘုရားရှင်က နည်းပေးတော်မူ လတ်သည်ရှိသော် ပဋိ- သမ္ဘိဒါဉာဏ်လေးပါးသို့ ရောက်တော်မူပြီးသော အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်အဖို့မှာ ကမ်းနား၌ ရပ်တည်၍ လက်ကို ဆန့်တန်းကာ မဟာသမုဒ္ဒရာကြီးကို ပြအပ် သကဲ့သို့ နည်းရတော်မူလေသည်။ သို့ရကား မထေရ်မြတ် အဖို့မှာလည်း နည်းပေါင်း အရာအထောင် အသိန်းဖြင့် မြတ်စွာဘုရား ဟော

http://www.dhammadownload.com



ကြားအပ်သည့် တရားတော်များ ထင်လင်းလေတော့၏။ အကျယ်ဖြန့်ချိ၍ သိတော်မူလေ၏။

( မြတ်စွာဘုရား ရှင်သည် စန္ဒကူးတောဥ် နေ့သန့် နေတော်မူပြီး နောက် အဘိဓမ္မာတရား ဟောကြားတော် မူဖို့ရန် (မွန်းလွဲပြီးနောက် တရားနာ လာရောက်ကြသည့် သာဝတ္ထိပြည်သူပြည်သား လူများ အပေါင်းအား တရားဟောသောအချိန်၌) တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလေသည်။ ပကတိစေတ်သား မြတ်စွာဘုရားနှင့် နိမ္မိတရုပ်ပွါး ရှင်တော်ဘုရားတို့မှာ ရောင်ခြည်တော်ချင်း အသံတော်ချင်း စကား မြွက်ဆိုတော်မူပုံချင်းစသည့် အမူအရာတို့ ခွဲမရအောင်ပင် တူနေသော ကြောင့် ပကတိစေတ်သား မြတ်စွာဘုရားကို လူ့ပြည်သို့ကြွသွားတော် မူသည်ကိုရင်း, လူ့ပြည်မှ ပြန်ကြွတော်မူ၍ နိမ္မိတရုပ်ပွါးနှင့် လဲလှယ် လိုက်သည်ကိုရင်း တန်ခိုးကြီးသော နတ်ဗြဟ္မာတို့သာ သိကုန်၏၊တန်ခိုး သေးငယ်သော နတ်ဗြဟ္မာတို့ကား မသိကြကုန်)။

### အရှင်သာရိပုတ္တရာထေရ်သည် လင်းနို့သား ဖြစ်ဘူးသော ရဟန်းငါးရာတို့အား တဖန်ပြန်၍ အဘိဓမ္မာတရား ဟောကြားတော်မူခြင်း

အရှင်သာရိပုတ္တရာမထေရ်မြတ်သည်လည်း မြတ်စွာဘုရားရှင် (အကျဉ်းဆုံးနည်းဖြင့်) နေ့စဉ် နေ့စဉ် ဟောကြားလိုက်သော အဘိဓမ္မာတရားတော်ကို ဆောင်တော်မူခဲ့၍ မိမိ၏သဒ္ဓိဝိဟာရိက (=ဥပဇ္ဈာယ်ယူ အတူနေ)တပည့်ရဟန်းငါးရာတို့အား(မကျဉ်း မကျယ် အလယ်အလတ်ဖြစ်သောနည်းဖြင့်) တဖန်ပြန်၍ ဟော ကြားတော်မူလေသည်။

ထိုရဟန်းငါးရာတို့၏ ရှေးကောင်းမှု အကြောင်းကား···'ထို ရဟန်းငါးရာတို့သည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တော် အခါက လင်းနို့ငယ်မျိုး၌ ဖြစ်ကြ၍ တခုသောလိုဏ်ခေါင်းဝယ် တွဲလျား ဆွဲကာ နေကုန်ကြစဉ် အဘိဓမ္မာ ပိဋကကို ရွတ်ဖတ် သရဇ္ဈာယ်ကြသော အဘိဓမ္မာဆောင်ရဟန်းနှစ်ပါးတို့၏ အဘိ-ဓမ္မာတရားသံ၌ အာရုံနိမိတ်ကို ယူကြ၍(လဆန်းပက္ခ,လဆုတ်ပက္ခ ဟူသည်ကိုမျှ မသိကြသော်လည်း) အဘိဓမ္မာတရားသံ၌ အာရုံ နိမိတ်ယူခြင်းမျှဖြင့် စုတိပြုတ်ကြွေ သေလွန်ခဲ့ကြပြီးသော် နတ်ပြည်၌

http://www.dhammadownload.com



ဖြစ်ကြလေကုန်၏။ ။(ထိုလင်းနို့ငယ်ငါးရာတို့သည် အဘိဓမ္မာတရားတော်ဟူ၍လည်း မသိကြ၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဟူ၍လည်း မသိကြ၊ လာဆန်းပက္ခ, လဆုတ်ပက္ခဟူသည်မျှကိုသော်လည်း မသိကြချေ၊ သို့သော် ကြားရသော အဘိဓမ္မာတရားသံက အလွန်ကောင်းမြတ်သော ကမ္မနိမိတ်ဖြစ်သဖြင့် သေခါနီးကာလဝယ် ထိုအဘိဓမ္မာ တရားသံတည်းဟူသော ကမ္မနိမိတ် အာရုံကောင်းကို အာရုံပြုကြရသဖြင့် နတ်ပြည်၌ ဖြစ်ကြလေသည်ဟု ဆိုလိုသည်)။

ထိုလင်းနို့သားဖြစ်ဘူးသည့် နတ်သားငါးရာတို့သည် ကဿပမြတ်စွာဘုရားရှင်နှင့် ဤဘုရားရှင်တို့အကြား တခုသောဗုဒ္ဓန္တရအသင်္ချေယျကာလပတ်လုံး အပါယ်သို့ မလားရောက်ကြပဲ နတ်ပြည်၌ ဘဝတခုပြီးတခု ဖြစ်ရှိကာ နေခဲ့ကြ၍ ဤဘုရားရှင်လက်ထက်တော်အခါ၌ လူ့ပြည်၌ ဖြစ်ကြပြီးသော် ယမိုက်ပြာဋိဟာပွဲ၌ ကြည်ညိုသဒ္ဓါ ဖြစ်ပွါးကြကာ အရှင်သာရိပုတ္တရာ မထေရ်၏ အထံ၌ ရှင်ရဟန်း ပြုကြလေသည်။ အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရား ဟောတိုင်း ဟောတိုင်းသော အဘိဓမ္မာတရားကို နေ့စဉ် ဆောင်ယူတော်မူခဲ့၍ ထိုလင်းနို့သား ဖြစ်ခဲ့ဘူးသည့် မိမိ၏သဒ္ဓိဝိဟာရိက (=ဥပဇ္ဈာယ်ယူ အတူနေ) တပည့်ရဟန်းငါးရာတို့အား (မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သောနည်းဖြင့်) နေ့စဉ် နေ့စဉ် ဟောကြားပို့ချ ပြသတော်မူလေသည်။

မြတ်စွာဘုရားရှင်၏ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးခြင်းနှင့် လူ့ပြည်၌ ထိုရဟန်းငါးရာတို့၏ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံ အဘိဓမ္မာခုနစ်ကျမ်း အပြည့်အစုံ နာယူသင်ကြားမှု ပြီးဆုံးခြင်း ဤနှစ်ရပ်ပင် တပြိုင်နက် တချိန်တည်း၌ ဖြစ်လေ၏။

မြတ်စွာဘုရားရှင်သည် နေ့စဉ် နေ့စဉ်ပင် ရှေး၌ဆိုအပ်ပြီးသော အတိုင်း စန္ဒကူးတော၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးမသာအခါ

http://www.dhammadownload.com



အရှင်သာရိပုတ္တရာမထေရ်အား "ချစ်သားသာရိပုတ္တရာ····ယနေ့ငါဘုရားသည် ဤသို့ ဤသို့သော အခြင်းအရာဖြင့် ဤမျှအတိုင်းအရှည်ရှိသော အဘိဓမ္မာတရားတော်ကို ဟောကြားအပ်ပြီ၊ နိမ္မိတရုပ်ပွါးက ဤမျှအတိုင်းအရှည်ရှိသော အဘိဓမ္မာတရားတော်ကို ဟောကြားအပ်ပြီ၊ သင်ချစ်သားသည် မိမိ၏ တပည့်ရဟန်းငါးရာတို့အား ပို့ချလေလော့"ဟူ၍ အကျဉ်းချုပ် မိန့်တော်မူပြီးနောက် ကိုယ်တော်တိုင်ကမူ တာဝတိံသာနတ်ပြည်သို့ ကြွသွား၍ နိမ္မိတရုပ်ပွါးတော်မြတ် ဟောကြားအပ်ပြီးသောဌာနမှ အစဉ်မပြတ် ဆက်လက်၍ ကိုယ်တော်တိုင် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူလေသည်။

ဤနည်းဖြင့် ဝါတွင်းသုံးလပြည့်မြောက်သော သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရား ဟောကြား၍ ပြီးဆုံးလေသည်။ ထိုအခါ ကုဋေပေါင်း ရှစ်သောင်းသောနတ်ဗြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်၊ မယ်တော်မိနတ်သား( =သန္တုသိတနတ်သား)သည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

### သာဝတ္ထိပြည်မှ လူပရိသတ်များ သင်္ကဿမြို့သို့ ပြောင်းရွှေ့စုဝေးကြခြင်း

သာဝတ္ထိပြည်၌ စုဝေးတည်ရှိရင်းဖြစ်သော သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိသည့် ထိုလူပရိသတ်သည်လည်း သီတင်းကျွတ်လဆန်း ကိုးရက်နေ့၌ အရှင်မဟာမောဂ္ဂလာန် မထေရ်ထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား····မြတ်စွာဘုရားရှင်၏ လူ့ပြည်သို့ သက်ဆင်းတော်မူမည့်ရက်နေ့ကို သိအောင်ပြုမှ သင့်ပါမည်၊ မှန်ပါသည်— တပည့်တော်တို့ကား မြတ်စွာဘုရားကို မဖူးမြော်ရလျှင် ပြန်ကြမည်မဟုတ်ပါကုန်၊ ဖူးမြော်ရပြီးကြမှသာ ပြန်ကြမည်ဖြစ်ပါသည်"ဟူ၍ လျှောက်ထားလေသည်။ အရှင်မောဂ္ဂလာန်မထေရ်သည် ထိုစကားကို ကြားတော်မူ၍"ကောင်းပြီ ဒါယကာတို့····"ဟူ၍ မိန့်တော်မူပြီးလျှင် ထိုနေရာ၌ပင် မြေကြီးအတွင်းသို့ ငုပ်လျှိုးဝင်တော်မူကာ မြင်းမိုရ်တောင်ခြေအရောက် ကြွသွား

http://www.dhammadownload.com



တော်မူ၍ "မြင်းမိုရ်တောင်အတွင်းမှ တာဝတိံသာနတ်ပြည်သို့ တက်ရောက်သော ငါ့ကို ပရိသတ်သည် မြင်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူပြီးနောက် ပတ္တမြားရတနာ၏ အတွင်း၌ထည့် သွင်းကုံးဖွဲ့၍ ထားအပ်သည့် ကမ္ဗလာချည်ကြိုးကဲ့သို့ လူအများ မျက်ဝါးထင်ထင်မြင်ရသော အဆင်းရှိတော်မူလျက် မြင်းမိုရ် တောင် အလယ်ချက်မှ တာဝတိံသာနတ်ပြည်သို့ တက်တော် မူလေ၏။

လူအပေါင်းတို့သည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို "ယခု တယူဇနာ တက်ရောက်မိပြီ၊ ယခု နှစ်ယူဇနာ တက်ရောက်မိပြီ" အစရှိသည်ဖြင့် မျက်ဝါးထင်ထင် မြင်ကြရလေသည်။ မထေရ် သည်လည်း မြတ်စွာဘုရား၏ ခြေတော်အစုံတို့ကို ဦးခေါင်းဖြင့် ချီရွက်သောသူကဲ့သို့ တာဝတိံသာနတ်ပြည်သို့ တက်ရောက်တော် မူ၍ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် "ဘုန်းတော် ကြီးသော မြတ်စွာဘုရား····လူပရိသတ်အပေါင်းသည် ရှင်တော် ဘုရားတို့ကို ဖူးမြော်ပြီးမှသာ မိမိတို့နေရပ်ဌာနသို့ ပြန်သွားလိုကြ ပါကုန်၏၊ အဘယ်အခါ၌ လူ့ပြည်သို့ သက်ဆင်းတော်မူပါမည် နည်းဘုရား"ဟူ၍ လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "ချစ်သားမောဂ္ဂလာန်····သင်၏ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာသည် ယခုအခါ အဘယ်အရပ်၌ ရှိနေသနည်း"ဟု မေးတော်မူ၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က "ဘုန်း တော်ကြီးသော မြတ်စွာဘုရား····အရှင်သာရိပုတ္တရာ မထေရ် သည် သင်္ကဿမြို့၌ ဝါကပ်ဆိုပါသည်ဘုရား" ဟူ၍ ပြန်ကြား လျှောက်ထားလတ်သော် မြတ်စွာဘုရားရှင်သည်—

"ချစ်သားမောဂ္ဂလာန်····ငါဘုရားသည် ယနေ့မှ နောက် ခုနစ်ရက်မြောက်ဖြစ်သော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ဝယ် သင်္ကဿမြို့တံခါး၌ သက်ဆင်း ပေအံ့၊ ငါဘုရားကို ဖူးမြော်လိုသူတို့သည် ထိုအရပ်သို့ လာ ရောက်ကြစေကုန်၊ သာဝတ္ထိပြည်မှ သင်္ကဿမြို့တံခါးတိုင် အောင် ယူဇနာသုံးဆယ် ဝေးကွာ၏၊ ဤမျှလောက် ရှည်

http://www.dhammadownload.com



လျားသော ခရီး၌ လမ်းခရီးရိက္ခာ ယူဆောင်ရန်ကိစ္စ လုံးဝမရှိ၊ ဥပုသ်နေ့၌ ဥပုသ်ဆောက်တည်ကြပြီးလျှင် မြို့ဦးကျောင်း ရွာဦးကျောင်းသို့ တရားနာရန် သွားရောက်ကြသကဲ့သို့ ရိက္ခာမပါပဲ လာရောက်ကြကုန်ဟူ၍ သင်ချစ်သားသည် ထိုလူများအား ပြောကြားလေလော့"—

ဟူ၍ မိန့်တော်မူလေ၏။ မထေရ်မြတ်သည် "ကောင်းပါပြီ ရှင်တော်ဘုရား····"ဟူ၍ ဝန်ခံစကား လျှောက်ထားပြီးလျှင် သာဝတ္ထိပြည်သို့ တဖန်ပြန်၍ လူများအား မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သည့်အတိုင်း ပြန်ကြားမိန့်ဆိုတော်မူလေ၏။

### စောင်းတန်းသုံးသွယ်ဖြင့် သင်္ကဿမြို့တံခါးသို့ သက်ဆင်းတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဝါကျွတ်လတ်သော် သီတင်းကျွတ်လပြည့်နေ့၌ သိကြားမင်းအား "ဒါယကာသိကြားမင်း ···· ငါဘုရားသည် လူ့ပြည်ခရီးသို့ ပြန်ကြွပေတော့အံ့"ဟူ၍ ခွင့်ပန်စကားမိန့်ကြားတော်မူလေ၏။ သိကြားမင်းသည် ရွှေစောင်းတန်း, ပတ္တမြားစောင်းတန်း, ငွေစောင်းတန်းဟူသော = စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းလေ၏၊ ထိုစောင်းတန်း သုံးသွယ်တို့၏ အခြေတို့ကား သင်္ကဿမြို့တံခါး၌ တည်ကုန်၏၊ စောင်းတန်းဦးများကား မြင်းမိုရ်တောင်ထိပ်၌ တည်ကုန်၏။ ထိုစောင်းတန်းသုံးသွယ်တို့အနက်(၁)လက်ျာဖက်မှ ရွှေစောင်းတန်းကား နတ်များအတွက် ဖြစ်လေသည်၊(၂)လက်ဝဲဖက်မှ ငွေစောင်းတန်းကား မြဟ္မာကြီးများအတွက် ဖြစ်လေသည်၊ (၃)အလယ်မှ ပတ္တမြားစောင်းတန်းကား မြတ်စွာဘုရားရှင်အတွက် ဖြစ်လေသည်။

မြတ်စွာဘုရားရှင်သည်လည်း မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူအံ့သောအခါ၌ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြုတော်မူပြီးလျှင် အထက်ကောင်းကင်သို့ ကြည့်တော်မူလေ၏။ ထိုအခါ အကနိဋ္ဌမြဟ္မာ့ပြည်တိုင်အောင်သောအရပ်မှာ အပိတ်အပင်အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တပြင်တည်းသာလျှင် ဖြစ်လေ၏။ ထို့နောက် အောက်

http://www.dhammadownload.com



အရပ်ကို ကြည့်တော်မူပြန်လေလျှင် အဝီစိငရဲကြီးတိုင်အောင်သောအရပ်မှာ အပိတ်အပင်အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တပြင်တည်းသာလျှင် ဖြစ်လေ၏။ ထို့နောက် တူရူအရပ် အထောင့်အရပ်တို့ကို ကြည့်တော်မူပြန်လေလျှင် ပတ်ဝန်းကျင်မှ စကြဝဠာတိုက်ပေါင်း အထောင်များစွာတို့သည် အပိတ်အပင် အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တပြင်တည်းသာလျှင် ဖြစ်လေကုန်၏။ သို့ရကား နတ်ဗြဟ္မာတို့ကလည်း လူတို့ကို မြင်ကြရကုန်၏၊ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရကုန်၏။

မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်တော်မူ၏။ ထိုသို့ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူသောနေ့၌ မြတ်စွာဘုရား၏အသရေတော်ကို ဖူးမြော်ကြရ၍ သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်၌ တဦးသောသူမျှလည်း ဘုရားအဖြစ်ကို မတောင့်တသောမည်သည် မရှိချေ။

လက်ျာဖက်ရွှေစောင်းတန်းဖြင့် နတ်များသက်ဆင်းလိုက်ပါကြလေသည်။ လက်ဝဲဖက်ငွေစောင်းတန်းဖြင့် ဗြဟ္မာကြီးများ သက်ဆင်း လိုက်ပါကြလေသည်။ အလယ်ဗဟို ပတ္တမြားစောင်းတန်းဖြင့် မြတ်စွာဘုရားသည် ကိုယ်တိုင်သက်ဆင်း ကြွမြန်းတော်မူလေသည်။ ပဉ္စသိခနတ်သားသည် ဗေဠုဝစောင်းကို ပိုက်လျက်လက်ျာနံပါး၌ ရပ်တည်ကာ မြတ်စွာဘုရားရှင်အား စောင်းတီး၍ပူဇော်မှုပြုလျက် သက်ဆင်းလိုက်ပါလေသည်။ သုယာမနတ်မင်းသည် စမရီသားမြီးယပ်ကိုခပ်လျက် လက်ျာဖက်မှပင် ပူဇော်ကာ သက်ဆင်းလိုက်ပါလေသည်။ သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို တလွှဲလွှဲခပ်လျက် ထိုအတူ လက်ျာဖက်မှ ပူဇော်လိုက်ပါလေသည်။ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက် ထိုအတူ လက်ျာဖက်မှ ပူဇော်လိုက်ပါလေသည်။ ဤနည်းအတူ ကြွင်းသောစကြဝဠာတိုက်တို့၌ နေကြသော နတ်တို့သည်လည်း အထူးထူးသောပူဇော်မှုကို ပြုကြလျက် သက်ဆင်း

http://www.dhammadownload.com



လိုက်ပါကြလေသည်။ လက်ဝဲဖက် ငွေစောင်းတန်းမှလည်း မဟာမြဟ္မာကြီးသည် မြဟ္မာ့ထီးဖြူကြီးကို ဆောင်းမိုးပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။

မြတ်စွာဘုရားရှင်သည် ဤဆိုအပ်ပြီးသည့် နတ်မြဟ္မာပရိသတ် အခြံအရံဖြင့် သက်ဆင်းတော်မူ၍ သင်္ကဿနိဂုံတံခါးဝ၌ ရပ်တည်တော်မူလေ၏။ သာဝတ္ထိပြည်၌ စည်းဝေးရောက်ရှိ နေကြသည့် ထိုမျှများပြားသော ပရိသတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ နံနက်စာစားပြီးကြလျှင်ပင် "ယနေ့ မြတ်စွာဘုရားကို သင်္ကဿနိဂုံတံခါး၌ ဖူးမြော်ကြရကုန်တော့အံ့" ဟု ထွက်ခဲ့ကြရာ ရွာဦးကျောင်းသို့ဝင်ကြသည့်အလား အချိန်အနည်းငယ်အတွင်းမှာပင် မပင်မပန်းပဲ သင်္ကဿနိဂုံတံခါးသို့ဆိုက်ရောက်ကြလေကုန်၏။

### သာရိပုတ္တသုတ္တန်ကို ဟောကြားတော်မူခြင်း

တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့ အရောက် စောင်းတန်းဦး၌ လက်ျာခြေတော်ကို ချမိလျှင်ပင် မြတ်စွာဘုရားရှင်ကို အရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာ ရှိခိုးဖူးမြော် ပူဇော်လေသည်။ ထိုနောင်မှ ကျန်သောပရိသတ်တို့ မြတ်စွာဘုရားကို ရှိခိုးဖူးမြော် ပူဇော်ကြလေသည်။ ထိုသင်္ကဿနိဂုံတံခါးဝ၌ စောင်းတန်းမှ သက်ဆင်းတော်မူ၍ ပဌမဦးဆုံး လက်ျာခြေတော်ချရာ အရပ်သည် "အစလစေတိယဌာန" ဟူ၍ နောက်အချိန်၌ အမည်ထင်ရှားလေသည်။

ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြသတော်မူပြီးနောက် တာဝတိံသာနတ်ပြည်၌ ဝါကပ်ဆိုတော်မူ၍ အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီးလျှင် စောင်းတန်းသုံးသွယ်ဖြင့် သင်္ကဿနိဂုံတံခါးဝသို့ သက်ဆင်းကြွရောက်တော်မူ၍ လက်ျာခြေတော်ကို ပဌမဦးဆုံး ချရာဌာနသည် ခပ်သိမ်းသော ဘုရားရှင်တို့၏ မစွန့်အပ်သော အဝိဇဟိတဌာန တပါး အပါအဝင်ဖြစ်၏။ (=ဘုရားရှင်တိုင်း ဘုရားရှင်တိုင်းပင် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရား ဟောကြား၍အပြီး လူ့ပြည်

http://www.dhammadownload.com



သို့ စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းတော်မူသောအခါ ယခု သက်သမြို့တံခါးဝနေရာ၌ စောင်းတန်းဦးကျ၍ ပဌမဆုံး လက်ျာခြေတော်ကို ချတော်မူကြမြဲဖြစ်သည်ဟု ဆိုလိုသည်)။

### အဝိဇဟိတဌာန လေးပါး

ဤအရာ၌ စကားအလျဉ်းသင့်၍ အထူးမှတ်သားဖွယ်ရာ အဝိဇဟိတဌာန လေးပါးကို အကျဉ်းအားဖြင့် ဤသို့မှတ်ယူရာ၏။

ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်ပစ်အပ်ပဲ မြဲသောအရပ်ဌာနကို "အဝိဇဟိတဌာန" ဟူ၍ ခေါ် ဆိုသည်၊ ထိုအဝိဇဟိတဌာနကား လေးမျိုးတို့ ရှိကုန်သည်၊ လေးမျိုးတို့ဟူသည်မှာ—

(၁) ခပ်သိမ်းသော ဘုရားရှင်တို့၏ မာရ်ငါးပါးကို အောင်မြင်ရာ မဟာဗောဓိပင် အပရာဇိတပလ္လင်တော် ပေါက်ရာဌာနသည်လည်း တပါး၊ (ယခု အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင်အတွက် အပရာဇိတပလ္လင်တော် ပေါက်ရာဌာန၌ပင် ခပ်သိမ်းသော ဘုရားရှင်တို့၏ အပရာဇိတပလ္လင် တော်များ ပေါက်လေသည်၊ နေရာ အပြောင်းအလဲမရှိဟု ဆိုလိုသည်)။

(၂) ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာ တရားဦးကို ဟော တော်မူရာဌာနလည်း တပါး၊ (ဘုရားရှင်တိုင်းပင် ယခု အကျွန်ုပ်တို့၏ မြတ်စွာဘုရား ဓမ္မစကြာ တရားဦး ဟောတော်မူရာ ဣသိပတန မိဂဒါဝုန် တောနေရာမှာပင် ဓမ္မစကြာ တရားဦးကို ဟောတော်မူကြသည်၊ အခြား နေရာတပါး၌ မဟောကုန်ဟု ဆိုလိုသည်)။

(၃) အဘိဓမ္မာတရား ဟောကြားတော်မူပြီး၍ တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူသောအခါ ယခု သင်္ကဿ မြို့တံခါးဝ၌ ပဌမဆုံး လက်ျာခြေတော်ချရာ အရပ်လည်း တပါး၊ (ထိုနေရာ၌ပင် ဘုရားရှင်တိုင်း အဘိဓမ္မာတရား ဟောကြားတော်မူကြ ပြီးနောက် တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူကြ သောအခါ ပဌမအဦးဆုံး လက်ျာခြေတော်ကို ချတော်မူကြမြဲ ဖြစ်သည်ဟု ဆိုလိုသည်)။

(၄) ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋိကျောင်းတော်အတွင်း မြတ်စွာဘုရားရှင်၏ အသုံးအဆောင် ညောင်စောင်းတော် အခြေလေးခု တို့၏ တည်ရာဌာနလည်း တပါး၊ (ဤအကျွန်ုပ်တို့ မြတ်စွာဘုရားရှင်၏

http://www.dhammadownload.com



အသုံးအဆောင် ညောင်စောင်းတော် အခြေလေးခုတို့၏ တည်ရာဌာနနှင့်ပင် ခပ်သိမ်းသော ဘုရားရှင်တို့၏ အသုံးအဆောင် ညောင်စောင်းတော် အခြေလေးခုတို့ တည်ကြကုန်၏၊ နေရာအပြောင်းအလဲမရှိဟု ဆိုလိုသည်)။

ကျောင်းတိုက်တော်နေရာကား ခေတ်အခါအလိုက် ကျယ်မှုကျဉ်းမှု ရှိလေသည်။ ထင်ရှားစေဦးအံ့—

(က) **ဝိပဿီ** မြတ်စွာဘုရားရှင်အတွက် ပုနဗ္ဗသုမိတ္တ မည်သော သူဌေးသည် တယူဇနာကျယ်ပြန့်သောမြေကို ရွှေအုတ်ချပ်အပြည့်ခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းတိုက်ကြီး တည်ဆောက်လေသည်။

(ခ) **သိခီ** မြတ်စွာဘုရားရှင်အတွက် သိရိဝစ္ဆသူဌေးသည် သုံးဂါဝုတ်ကျယ်ပြန့်သောမြေကို ရွှေတောင်ဝှေး (=ရွှေချောင်း) အပြည့်ခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းတိုက်ကြီး တည်ဆောက်လေသည်။

(ဂ) **ဝေဿဘူ** မြတ်စွာဘုရားရှင်အတွက် သောတ္ထိဇသူဌေးသည် ယူဇနာဝက်(=နှစ်ဂါဝုတ်)ကျယ်ပြန့်သောမြေကို ရွှေထွန်သွား(ထနည်း ရွှေခွက်) အပြည့်ခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းတိုက်ကြီး တည်ဆောက်လေသည်။

(ဃ) **ကကုသန်** မြတ်စွာဘုရားရှင်အတွက် အစ္စုတ သူဌေးသည် တဂါဝုတ်ကျယ်ပြန့်သောမြေကို ဆင်ခွါသဏ္ဌာန်သွန်းလုပ်အပ်သည့် ရွှေတုံး အပြည့်ခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းတိုက်ကြီး တည်ဆောက်လေသည်။

(င) **ကောဏာဂုံ** မြတ်စွာဘုရားရှင်အတွက် ဥဂ္ဂသူဌေးသည် ဂါဝုတ်ဝက် (=ဥသဘလေးဆယ်) ကျယ်ပြန့်သောမြေကို ရွှေအုတ်ချပ် အပြည့်ခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းတိုက်ကြီး တည်ဆောက်လေသည်။

(စ) **ကဿပ** မြတ်စွာဘုရားရှင် အတွက် သုမင်္ဂလ သူဌေးသည် ဥသဘနှစ်ဆယ် ကျယ်ပြန့်သောမြေကို ရွှေလိပ်ရုပ်အပြည့်ခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းတိုက်ကြီး တည်ဆောက်လေသည်။

(ဆ) အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင်အတွက် သုဒတ္တ (=အနာထပိဏ်) သူဌေးသည် ရှစ်မင်းပယ် ကျယ်ပြန့်သောမြေကို ရွှေဒင်္ဂါး ဒေါ်လာအပြည့်ခင်း၍ ဝယ်ယူပြီးလျှင် ဇေတဝန်ကျောင်းတိုက်ကြီး တည်ဆောက်လေသည်။

http://www.dhammadownload.com



ဤဆိုအပ်ပြီးသော စကားရပ်စုကား ဗုဒ္ဓဝံသအဋ္ဌကထာ စာမျက်နှာ ၃၅၁-နှင့် ဝိနည်း စူဠဝဂ္ဂ အဋ္ဌကထာ (ဝိဋ္ဌ ၄-၆၃ မျက်နှာ) တို့မှ ထုတ်နုတ်ဖော်ပြအပ်သော စကားရပ်များ ဖြစ်သည်။

ဇေတဝန် ကျောင်းတိုက်ရာ မြေနေရာမှာ ဆိုခဲ့ပြီးသည့် အတိုင်း ခေတ်အခါအလိုက် ကျယ်မှုကျဉ်းမှုရှိသော်လည်း ဂန္ဓကုဋီကျောင်းတော် ရာမှာမူ အပြောင်းအလဲ မရှိချေ၊ တနေရာတည်းမှာပင် တည်ဆောက်ကြလေသည်။

(ဤကား အဝိဇဟိတဋ္ဌာနလေးပါးအကြောင်း မှတ်ဖွယ်တည်း။)

**မြတ်စွာဘုရားရှင်တို့အား နတ်လူတို့ ချစ်ခင်နှစ်သက်ကြကြောင်း**

ရှေး၌ ဆိုအပ်ပြီးသောအတိုင်း စောင်းတန်းဦး၌ လက်ျာ ခြေတော်ကို ပဌမဦးစွာချ၍ ရပ်တည်တော်မူသော မြတ်စွာဘုရား အား အရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာ ဖူးမြော် ပူဇော်ကန်တော့ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ယနေ့ ခပ်သိမ်းသော လူနတ်တို့သည် အရှင်ဘုရားတို့အား ချစ်ခင် နှစ်သက် မြတ်နိုးကြပါကုန်၏၊ ဘုရားဆုကို ပန်ဆင်တောင့်တကြပါကုန်၏"ဟူ၍ လျှောက်ထားလေလျှင် မြတ်စွာ ဘုရား ရှင်သည် အရှင်သာရိပုတ္တရာမထေရ်ကို "ချစ်သား သာရိပုတ္တရာ .... ဤသို့ သဘောရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကုန်သော မြတ်စွာဘုရားရှင်တို့ကို မြဟ္မာနတ်လူ ခပ်သိမ်းသော သူတို့သည် ကြည်ဖြူလေးမြတ် ချစ်ခင်နှစ်သက်အပ်ကုန်သည်သာ ဖြစ်ပေ၏" ဟူ၍ မိန့်တော်မူပြီးလျှင် တရားဟောတော်မူလိုသည့်အတွက်—

ယေ ဈာနပ္ပသုတာ ဓီရာ၊
နေက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊
သမ္ဗုဒ္ဓါနံ သတီမတံ။

သာရိပုတ္တ = ချစ်သား သာရိပုတ္တရာ....။ယေ ဓီရာ = သဗ္ဗညုတဉာဏ်ရှင် အကြင်ဘုရားသခင်တို့သည်။ ဈာနပ္ပသုတာ = အာရမ္မဏူ လက္ခဏူပ နှစ်ဆူသောဈာန်တရား

http://www.dhammadownload.com



တို့၌ ငါးရပ်သော ဝသီဘော်တို့ဖြင့် မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်ကြိုးကုတ် အားထုတ်လေ့လာတော်မူကြကုန်၏။ နေက္ခမ္မူပသမေ = ဒုက္ခခပ်သိမ်းမှ လွတ်ငြိမ်းရာ ကေန်နိဗ္ဗာန်ပရမတ်၌။ ရတာ = ဖလသမာပတ် ဝင်စံလတ်၍ မပြတ်ရှင်ပျော် မွေ့လျော်တော်မူကြကုန်၏။ သတီမတံ = အမြဲယှဉ်လတ် မပြတ်သတိ ရှိတော်မူကြကုန်သော။ တေသံ သမ္ဗုဒ္ဓါနံ = သဗ္ဗညုတဉာဏ်ရှင် ထို ဘုရားသခင်တို့အား။ ဒေဝါပိ = အထက်ရပ်ရွာ နတ်ဗြဟ္မာတို့သော်မှလည်း။ ပိဟယန္တိ = "ကြိုးခဲ့ကြိုးလာ တို့ သူငါသည် မြတ်စွာဗုဒ္ဓ ဖြစ်ကုန်ကြမူ ကောင်းစွ့တကား" နှုတ်မြွက်ကြား၍ အားရအင်တက် နှစ်သက်မြတ်နိုးကြကုန်၏။—

ဟူသော ဤဂါထာကို ဟောကြားတော်မူလေသည်။ (ဓမ္မပဒအဋ္ဌကထာအဆိုမှာ ဤဂါထာအဆုံး၌ ကုဋေသုံးဆယ်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ကျွတ်တမ်းဝင်ကြ၍ အရှင်သာရိပုတ္တရာ၏တပည့် ရဟန်းငါးရာတို့ အရဟတ္တဖိုလ်၌ တည်ကြသောဟု ဖွင့်ဆို၏။ သုတ္တနိပါတ် အဋ္ဌကထာနှင့် မညီလေ)။ သုတ္တနိပါတ်အဋ္ဌကထာ အဆိုမှာ—

## မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးကို ထင်ရှားစေတော်မူခြင်း

ထိုစောင်းတန်းဦး၌ ရပ်တည်တော်မူရင်းပင် မြတ်စွာဘုရားရှင်သည် ဤသို့ ကြံစည်စဉ်းစား ဆင်ခြင်တော်မူလေသည်၊ ဆင်ခြင်တော်မူပုံမှာ —

"ဤပရိသတ်အစည်းအဝေး၌ မောဂ္ဂလာန်မထေရ်သည် တန်ခိုးဣဒ္ဓိပါဒ်အားဖြင့် အမြတ်ဆုံးအသာဆုံးဟု ထင်ရှား၏၊ အနုရုဒ္ဓါထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်အားဖြင့် အမြတ်ဆုံး အသာဆုံးဟု ထင်ရှား၏၊ ပုဏ္ဏထေရ်သည် ဓမ္မကထိကအဖြစ်ဖြင့် ထင်ရှား၏၊ သာရိပုတ္တရာထေရ်ကိုကား ဤပရိသတ်သည် တစုံတခုသောဂုဏ်ကျေးဇူးဖြင့် ဤကဲ့သို့ သာလွန်မြင့်မြတ်သူဟူ၍ မသိသေးပေ၊ ငါ

http://www.dhammadownload.com



ဘုရားသည် သာရိပုတ္တရာထေရ်ကို ပညာဂုဏ်အားဖြင့် ထင်ရှား သိသာစေရမူ ကောင်းလေစွ....”ဟူ၍ ဆင်ခြင်စဉ်းစားတော်မူပြီးနောက် အရှင်သာရိပုတ္တရာမထေရ်ကို ပုထုဇဉ်တို့နှင့်သက်ဆိုင်သောပြဿနာ,သေက္ခခေါ်ဆို အောက်အရိယာပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သောပြဿနာ, အသေက္ခခေါ်ဆို ရဟန္တာပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သောပြဿနာ = ဤပြဿနာ အဆင့်ဆင့်ကို မေးမြန်းတော်မူလေ၏။ မထေရ်သည် မြတ်စွာဘုရားရှင်မေးတော်မူတိုင်းသော ပုထုဇ္ဇနပြဿနာ,သေက္ခပြဿနာ,အသေက္ခပြဿနာ အလုံးစုံတို့ကို ဖြေကြားတော်မူလေ၏။ ထိုအခါ၌ လူများအပေါင်းသည် အရှင်သာရိပုတ္တရာကို“ပညာဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သောပုဂ္ဂိုလ်”ဟူ၍ အထင်အရှား သိရှိကြလေသည်။

### ပရောသဟဿဇာတ်ကို ဟောကြားတော်မူခြင်း

ထိုနောင်မှ မြတ်စွာဘုရားရှင်သည် “သာရိပုတ္တရာကား ယခုအခါ၌သာ ပညာဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူ ဖြစ်သည် မဟုတ်သေး၊ အတိတ်ရှေးအခါ၌လည်း ပညာဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူ ဖြစ်ခဲ့လေပြီ”ဟု မိန့်တော်မူပြီးလျှင် (ဧကကနိပါတ်၊၁၀-လိတ္တဝဂ်၊ ၉-ခုမြောက်၊ ဇာတ္ထ ၁၊၄၃၀-မျက်နှာလာ) ပရောသဟဿဇာတ်ကို ထုတ်ဆောင် ဟောကြားတော်မူလေသည်။ ထိုပရောသဟဿဇာတ်အကျဉ်းချုပ်ကား—

လွန်လေပြီးသောအခါ တထောင်ကျော်သော ရသေ့သူမြတ်တို့သည် တောသစ်မြစ် သစ်ဥ သစ်သီးတို့ကိုသာ စားသောက်ကြကုန်လျက် တခုသောတောင်ခြေ၌ နေကြကုန်၏။ ထိုရသေ့တို့၏ ဆရာရသေ့မှာ အနာရောဂါ စွဲကပ်လာသဖြင့် ဝိုင်းဝန်းပြုစုကြသော တပည့်ရသေ့တို့အနက် အကြီးဆုံးသော တပည့်ရသေ့သည် ကျန်သောရသေ့တို့ကို“ငါသည်ဆရာရသေ့နှင့်သင့်လျော်လျောက်ပတ်မည့်ဆေးကို ရှာဖွေယူဆောင်ခဲ့မည်၊သင်တို့သည် ငါမရောက်မီအတွင်း ဆရာရသေ့ကို မမေ့မလျော့ ပြုစုရစ်ကြ”ဟု မှာကြားပြောဆိုခဲ့ကာ ဆေးရှာရန်အတွက် လူတို့လမ်းသို့ သွားခဲ့လေသည်။

http://www.dhammadownload.com



ထိုတပည့်ကြီး မရောက်လာမီပင် ဆရာရသေ့ကား စုတိပြုတ် ကြွေ ကွယ်လွန်ခဲ့လေသည်။ ဆရာရသေ့ကြီး မကွယ်လွန်မီ သေခါနီးကာလ၌ တပည့်ရသေ့များက ဈာန်သမာပတ်နှင့် ပတ်သက်၍ မေးမြန်းကြသည်တွင် ဆရာရသေ့ကြီးက အာကိဉ္စညာယတန (=တတိယအရူပ)ဈာန်ကို ရည်ရွယ်၍ နတ္ထိ ကိဉ္စိ(=တစုံးတစိမျှမရှိ) ဟူ၍ ဖြေဆိုလေသည်။ (အာကိဉ္စညာယတနဈာန် = တတိယအရူပဈာန်ကို ဝင်စားလိုလျှင် ပဌမအရူပဈာန်၏ တစိုးတစိမျှမရှိခြင်း နတ္ထိဘာဝပညတ်ကို အာရုံပြု၍ "နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ"ဟူ၍ ထပ်တလဲလဲ စီးဖြန်းမှု ပရိကံကို ပြုရသည်။ ထိုအချက်ကို ရည်စူး၍ ဆရာကြီးက"နတ္ထိ ကိဉ္စိ"ဟူ၍ ဖြေဆိုခြင်းဖြစ်လေသည်)။

တပည့်များကား ဆရာကြီး၏ ရည်ရွယ်ချက်ကို နားမလည်မသိရှိကြသဖြင့် "ငါတို့၏ ဆရာကြီးမှာ ဈာန်သမာပတ်တရားကို ရခြင်းလုံးဝမရှိ"ဟု အထင်အမှတ် လွဲမှားကြကာ သုသာန်သင်းချိုင်း၌ ဆရာကြီး၏ ဥတုဇရုပ်ကလာပ်ကို ပူဇော်ပသ သက္ကာရမှု မပြုကြပဲ ပေါ့ပေါ့ဆဆ နေထိုင်ကြလေသည်။

**(ဤ၌ မှတ်ရန်အထူးကား။** ။အာကိဉ္စညာယတနဈာန်=တတိယအရူပဈာန်ကို ရရှိသော အလောင်းတော်ဆရာကြီးသည် တပည့်များက မေးသောအခါ "နတ္ထိ ကိဉ္စိ"ဟု ဖြေကြားတော်မူပြီးလျှင် အာဘဿရဗြဟ္မာ့ပြည်=ရူပါဝစရ ဒုတိယဈာန်ဘုံ၌ ဖြစ်တော်မူလေသည်။ **မှန်၏** — အလောင်းတော်ကြီးများသည် အရူပဈာန်သမာပတ်ကို ရတော်မူကြကုန်သော်လည်း အရူပလေးဘုံမှာ အဘဗ္ဗဋ္ဌာန = ဘုရားအလောင်းတော်တို့ဖြစ်ရာ ဌာနမဟုတ်သောဘုံမျိုး ဖြစ်သောကြောင့် ထိုအရူပဘုံ၌ ဖြစ်တော်မမူကြလေကုန်။)

ထို့နောက်မှ တပည့်ကြီးရသေ့သည် သပ္ပါယဖြစ်သောဆေးကို ယူဆောင်၍လာလတ်သော် ဆရာရသေ့ကြီး ကွယ်လွန်ပြီး ဖြစ်နေသည်ကို တွေ့ရှိရ၍ "ဆရာကြီးကို တစုံတခု မေးမြန်းလိုက်ကြ၏လော"ဟု တပည့်ရသေ့များကို မေးလေသည်။ တပည့်ရသေ့များက "အိမ်း····မေးလိုက်ကြပါ၏၊ ဆရာကြီးသည် 'နတ္ထိ ကိဉ္စိ = တစိုးတစိ မရှိ'ဟု ဖြေကြားသွားပါသည်၊ ငါတို့ဆရာကြီးသည်

http://www.dhammadownload.com



ဘစ်ုတခုသောဈာန်ကိုမျှ ရ၍မသွားရှာချေ”ဟူ၍ မိမိတို့ အယူအဆ အတိုင်း ပြောဆိုကြလေသည်။

တပည့်ကြီးရသေ့သည် ထိုသူတို့ ပြောသောစကားကို ကြားရလေလျှင် “သင်တို့သည် ဆရာကြီးပြောဆိုခဲ့သည့် စကား၏ အနက်အဓိပ္ပါယ်ကို လုံးဝမသိကြကုန်၊ ငါတို့ဆရာကြီးကား အာကိဉ္စညာယတနဈာန် = တတိယအရူပဈာန်ကို ရရှိသူဖြစ်သည်” ဟူ၍ အမှန်အတိုင်း ဖြေကြားပြောဆိုလေသည်။

တပည့်ကြီးရသေ့ကား အဖန်ဖန် အမှန်ကို ဖြေကြားပြောဆိုပါသော်လည်း ထိုရသေ့တို့က မယုံကြည်နိုင်ပဲ ရှိကြသဖြင့် ဘုရားအလောင်းတော် အာဘဿရဗြဟ္မာမင်းသည် ထိုအကြောင်းကို သိရှိကာ “ပညာအန္ဓ လူ့ဗာလတို့သည် ငါ့တပည့်ကြီး၏ စကားကို မယုံကြည်ကြကုန်၊ ဤအကြောင်းကို ထိုပညာအန္ဓ လူ့ဗာလတို့အား ထင်ရှားစွာ ငါပြပေအံ့”ဟု ကြံစည်တော်မူပြီးလျှင် အာဘဿရဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ လာရောက်၍ သိမ်းကျောင်းအရာမ်ထိပ် ကောင်းကင်အပြင်ဝယ် ကြီးစွာသော အာနုဘော်ဖြင့် ရပ်ကည်ကာ တပည့်ကြီးရသေ့၏ ပညာအာနုဘော်ကို ချီးမွမ်းလို၍—

> ပရောသဟဿမ္ပိ သမာဂတာနံ၊
> ကန္ဒေယျုံ တေ ဝဿသတံ အပညာ။
> ဧကောဝ သေယျော ပုရိသော သပညော၊
> ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။

ပညာမဲ့သော ထိုသူတို့သည် အနှစ် တရာ ပတ်လုံး ငိုကြွေး မြည်တမ်းကြကုန်စေကာမူ (ဆရာ့ စကား၏ အကျိုးအကြောင်းကို ကေန်ပင် မသိနိုင်ကုန်လေရာ) ထို ပညာမဲ့သူ လူပေါင်းတထောင်ကျော် စည်းဝေးကြသော ထက် ဆရာ့စကား၏ အနက်အဓိပ္ပါယ်ကို ပိုင်းခြား၍ သိသော ပညာရှိယောက်ျား တယောက်သည်သာလျှင်

http://www.dhammadownload.com



ဟူသော ဤဂါထာကို ရွတ်ဆိုလာလေသည်။ ဤသို့လျှင် အလောင်းတော်သူမြတ်သည် ကောင်းကင်၌ ရပ်တည်လျက်ပင် တရားကိုဟော၍ ရသေ့အပေါင်းကို သိစေပြီးလျှင် မြဟ္မာ့ပြည်သို့ သာလျှင် ပြန်သွားတော်မူလေ၏။ ထိုရသေ့တို့သည်လည်း စျာန်သမာပတ်များ ရရှိကြ၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားရောက်ကြလေကုန်၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ထုတ်ဆောင် ဟောကြားတော်မူပြီးလျှင် "ယခုအခါ သာရိပုတ္တရာသည် ထိုစဉ်အခါ တပည့်ကြီးရသေ့ ဖြစ်ခဲ့လေပြီ၊ ယခုအခါ ငါဘုရားသည်ပင် ထိုစဉ်အခါ အာဘဿရဘုံသား ဗြဟ္မာကြီး ဖြစ်ခဲ့လေပြီ" ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

(ဤကား ပရောသဟဿဇာတ် အကျဉ်းချုပ်တည်း၊ အကျယ်ကို အလိုရှိပါမူ ကေကနိပါတ် ဇာတ်ဝတ္ထုမှ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

**သာရိပုတ္တသုတ္တန်ကို ဟောကြားတော်မူခြင်း**

မြတ်စွာဘုရားရှင်သည် ဤပရောသဟဿဇာတ်ကို ဟောကြား တော်မူအပ်ပြီးလတ်သော် အရှင်သာရိပုတ္တရာမထေရ်သည် မိမိ၏ သဒ္ဓိဝိဟာရိက (=ဥပဇ္ဈာယ်ယူ အတူနေ) တပည့်ရဟန်း ငါးရာ တို့၏ အကျိုးငှါ သပ္ပါယဖြစ်မည့် နေရာ, ကျက်စားရာ, အလေ့, အကျင့် စသည်တို့ကို မေးမြန်းအံ့သောငှါ "န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ" အစရှိသော ဤထုတိဂါထာကို အစပြု၍ ရှစ်ဂါထာတို့ကို ရွတ်ဆိုလျှောက်ထား မေးမြန်းလေသည်။ ထိုမေးမြန်းချက်ကို ဖြေကြားတော်မူလို၍ မြတ်စွာဘုရားရှင်သည် "ဝိဇိဂုစ္ဆမာနဿ ယဒိဒံ ဖာသု" အစရှိသော တဆယ့်သုံးဂါထာတို့ကို ဟောကြား တော်မူလေသည် *။

---

* ထိုသာရိပုတ္တသုတ္တန်ကား သုတ္တနိပါတ်ပါဠိတော်၊ ခု ၁၊ မျက်နှာ ၄၂၆-၌ လာသည်။ ဂါထာပေါင်း ၂၁-ဂါထာရှိ၏၊ ထိုသုတ္တန်တခုလုံး၏ ပါဠိမြန်မာပြန် နှစ်ရပ်လုံးကို ဖော်ပြနေပါက ကျယ်ဝန်းမည်စိုး၍

http://www.dhammadownload.com



## သာရိပုတ္တသုတ္တန် အကျဉ်းချုပ်

အကျွန်ုပ် (သာရိပုတ္တရာ) သည် ဤအခါမှ ရှေးအခါတုန်းက တုသိတာနတ်ပြည်မှ မယ်တော်ဝမ်းတိုက်သို့ ကြွရောက်တော်မူလာသည့် သာယာသောစကားကို မိန့်ကြားတော်မူတတ်သော ဂိုဏ်း၏ဆရာ မြတ်စွာဘုရားကို ဤကဲ့သို့ အံ့ဖွယ်သရဲ ထူးကဲသော ပြာဋိဟာမှ ကျေးဇူးအစုနှင့် တင့်တယ်၍ နေတော်မူသည်ကို ကိုယ်တိုင်လည်း မမြင်ရစဘူး၊ တဦးတယောက်သောသူ၏ အထံမှလည်း သတင်းစကား မကြားရစဘူး။ (၁)

"အလုံးစုံသော မောဟကို ပယ်ဖျောက်၍ အတုမရှိ တဆူတည်းသာ ဖြစ်တော်မူလျက် ဈာန်၌ မွေ့လျော်ခြင်း, နိဗ္ဗာန်၌ မွေ့လျော်ခြင်းကို ရတော်မူပြီ" ဟူ၍ စက္ခုငါးပါး ရှိတော်မူသော ရှင်ပင်မြတ်ဘုရားကို မြဟ္မာနတ်လူ သုံးဘုံသူတို့သည် အမှန်အတိုင်း မြင်အပ်ပါ၏။ (၂)

တဏှာဒိဋ္ဌိ အမှီနှစ်ပါး မရှိသော, လောကဓံကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျှင်းမရှိသော, လိမ်လည်လှည့်ဖြားဖွယ်အမှု ပြုတော်မမူသော, ဂိုဏ်း၏ဆရာ ဖြစ်တော်မူသော, ဤသက်သမ္မိတံခါးဝသို့ ကြွရောက်တော်မူလာသော မြတ်စွာဘုရားကို များစွာသောတပည့်တို့အတွက် ပြဿနာစောယောက် မေးလျှောက်လိုပါ၍ တပည့်တော် (သာရိပုတ္တရာ) သည် ဤအရပ်သို့ လာရောက်ခြင်းဖြစ်ပါသည်။ (၃)

ဇာတိဘေးစသည်တို့မှ စက်ဆုပ်ငြီးငွေ့လျက် သစ်ပင်ရင်းကိုဖြစ်စေ, သုသာန်ကိုဖြစ်စေ, တောင်လိုဏ်တို့ဝယ် လူတိတ်ဆိတ်သော ညောင်စောင်း အင်းပျဉ်နေရာကိုဖြစ်စေ မှီဝဲဆည်းကပ် ကိန်းဝပ်စံနေသောရဟန်း၏အတွက် လူသံဆိတ်သော ထိုအိပ်ရာနေရာစု၌ ရဟန်းသည် မတုန်မလှုပ် မကြောက်ရွံ့ရမည့် အာရုံများ ရှိလေရာ ကောင်းကောင်းဆိုးဆိုး ထိုအိပ်ရာနေရာ အမျိုးမျိုးတို့၌ (ရဟန်းသူမြတ် မတုန်လှုပ်ရမည့်) ကြောက်ဖွယ်ကောင်းသော အာရုံတို့ကား အဘယ်မျှရှိပါကုန်သနည်း (က)။ (၄-၅)

http://www.dhammadownload.com



တကြိမ်တခါက် မရောက်ဘူးလတ် နိဗ္ဗာန်အရပ်သို့ အရောက် ချီမြန်းသော ရဟန်းသူမြတ်အတွက် မြို့စွန်ရွာဖျား ဆိတ်ငြိမ်ရာ တောကျောင်း အိပ်ရာနေရာများ၌ ရဟန်းသူမြတ်က အနိုင်လွှမ်းမိုးရမည့် ဘေးရန်များရှိလေရာ ထိုဘေးရန်များကား အဘယ်မျှရှိပါကုန်သနည်း (ခ)။ (၆)

ထိုရဟန်းသူမြတ်၏ ပြောဆိုရမည့်စကားတို့ကား အဘယ်တို့ပါနည်း (ဂ)။ ဤလောက၌ ထိုရဟန်းမြတ်၏ ကျက်စားရမည့် အရာဌာန (စားကျက်) တို့ကား အဘယ်တို့ပါနည်း (ဃ)။ ကမ္မဋ္ဌာန်း အလုပ်အတွင်းသို့ အပြင်းစေလွှတ်အပ်သည့် စိတ်ရှိသော (= ကမ္မဋ္ဌာန်းအလုပ် အပြင်းအထန်အားထုတ်သော) ထိုရဟန်းသူမြတ်၏ လိုက်နာကျင့်သုံးရမည့်အလေ့အကျင့်များကား အဘယ်တို့ပါနည်း (င)။ (၇)

ထိုရဟန်းသူမြတ်သည် အဘယ်မည်သောသိက္ခာကို ကောင်းစွာ ဆောက်တည်၍ တည်ကြည်သောစိတ်ရှိလျက် ရင့်ကျက်သော ပညာရှိကာ ထင်စွာသောသတိနှင့် ပြည့်စုံလတ်၍ ရွှေပန်းထိမ်သည် ရွှေ၏အညစ်အကြေးကို မှုတ်လွှင့်ပယ်ရှားသကဲ့သို့ မိမိ၏ ကိလေသာ အညစ်အကြေးများကို ပယ်ရှားမှုတ်လွှင့်နိုင်ပါမည်နည်းဘုရား (စ)။ (၈)

(ဤသို့ အရှင်သာရိပုတ္တရာသည် သုံးဂါထာတို့ဖြင့် မြတ်စွာဘုရားကို ချီးမွမ်း၍ ငါးဂါထာတို့ဖြင့် တပည့်ရဟန်းငါးရာတို့၏ အကျိုးငှါ သပ္ပါယဖြစ်သောနေရာ, ကျက်စားရာ, အလေ့, အကျင့် စသည်တို့ကိုမေးလျှောက်လေသည်။ မြတ်စွာဘုရားရှင်သည် ဤဆိုလတ္တံ့သော တဆယ့်သုံးဂါထာတို့ဖြင့် ဖြေကြားတော်မူသည်)။

ချစ်သား သာရိပုတ္တရာ···· ဇာတိဘေးစသည်တို့မှ စက်ဆုပ်ကြောက်ရွံ့လျက် ဆိတ်ငြိမ်ရာ အိပ်ရာနေရာကျောင်းကို ကိန်းအောင်းမှီခိုသော မဂ်ဉာဏ်လိုလားသည့် အမျိုးကောင်းသားရဟန်းအတွက် ချမ်းသာစွာ နေထိုင်ကြောင်းတရားနှင့် ကျင့်ကြံရမည့်တရား ဤနှစ်ပါးကို (စမ်းတဝ္ပါးဝါး အနုမာနမဟုတ်ပဲ)

http://www.dhammadownload.com



ကိုယ်တိုင်ထင်ထင် သိမြင်သည့်အတိုင်း ငါဘုရားသည် သင်ချစ်သားအား ဟောကြားပေအံ့။ (၁)

ချစ်သားသာရိပုတ္တရာ … ပညာလည်းရှိ၍ သတိလည်းထင်လင်းလျက် (သီ, ဇွန်, ဘော, ဇ၁) = လေးဖြာသောအပိုင်းအခြားတရားတို့၌ ကျင့်ကြံသောရဟန်းသည် (၁)မှက်ခြင် ယင်ရိုင်းတို့၏ အတွေ့အထိဘေး၊ (၂) မြွေကင်းသန်းတို့၏ အတွေ့အထိဘေး၊ (၃) လူဆိုး သူဆိုးတို့ လွှမ်းမိုးနှိပ်စက်သည့်ဘေး၊ (၄) အခြေလေးချောင်းရှိသည့် ခြင်္သေ့သစ်ကျားအစရှိသည့်သားရဲတို့၏ဘေး၊ (၅)သာသနာပြင်ပ ဗာဟိရကအယူရှိကြသည့် ရတနာသုံးပါး၌ မကြည်ညိုကြသူတို့၏ ဆန့်ကျင်ဘက် မေးမြန်းပြောဆို ညှဉ်းပန်းနှိပ်စက်လာသည့်ဘေး = ဤ ဖော်ပြရာပါ ဘေးငါးမျိုးတို့ကို မကြောက်မရွံ့ရာ၊ ထိုဖော်ပြရာပါငါးမျိုးတို့၏ ကြောက်မက်ဖွယ်ရာအာရုံအမျိုးမျိုးတို့ကို တွေ့ရကြုံရသော်လည်း မလန့်မထိတ်ရာ။

> (ဤတဂါထာဝက်ဖြင့် (က)အမှတ်ပါ "ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သော ရဟန်းသူမြတ်၏ မတုန်မလှုပ်ရမည့် ကြောက်ဖွယ်ကောင်းသော အာရုံတို့ကား အဘယ်မျှရှိပါကုန်သနည်း" ဟူသော အမေးအတွက် မတုန်မလှုပ် မကြောက်မရွံ့ မထိတ်မလန့်ရမည့် ကြောက်ဖွယ်ကောင်းသော အာရုံ(=ဘေး)တို့ကား မှက်ခြင်ယင်ရိုင်းဘေး, မြွေကင်းသန်းဘေး, လူဆိုး သူဆိုးဘေး, သားရဲတိရစ္ဆာန်ဘေး, သာသနာပြင်ပ ဗာဟိရကအယူရှိသူတို့ဘေး=ဤသို့ ဘေးငါးပါးရှိကြောင်းကို ဖြေကြားတော်မူသည်)။

ထိုမှတပါး နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သည့် အပြစ်မရှိသောသမ္မာပဋိပတ်ကို လေ့လာရှာမှီးဆည်းပူးအားထုတ်သော ရဟန်းသူမြတ်သည် (ဖော်ပြရာပါ) ဘေးငါးမျိုးမှတပါး (ဖော်ပြလတ္တံ့သော) အတွင်းရန်များကိုလည်း မိမိက နိုင်နင်းအောင်လွှမ်းမိုးကျင့်ကြံရာ၏၊ ထိုအတွင်းရန်တို့မှာ—(၂-၃)

(၁) အနာရောဂါ၏အတွေ့အထိ၊ (၂)ဆာလောင်မွတ်သိပ်မှုအတွေ့အထိ၊ (၃)အဇ္ဈတ္တဗဟိဒ္ဓ(ဖောက်ပြန်သော)အအေးဥတုအတွေ့အထိ၊ (၄)ထို့အတူ အပူဥတုအတွေ့အထိတို့ဖြင့် တွေ့ထိ

http://www.dhammadownload.com



နှိပ်စက်အပ်သော်လည်း သည်းခံရမည်။ ထိုရဟန်းသူမြတ်သည် ထိုအတွင်းရန်အတွေ့အထိလေးမျိုးတို့ဖြင့် အမျိုးမျိုးတွေ့ထိနှိပ်စက် အပ်သော်လည်း (၅) ဒုစရိုက်ဆယ်ပါး အကျဉ်းချုပ်အားဖြင့် အကုသိုလ်တရားအစုတည်းဟူသော အတွင်းအကျဆုံး ရန်များ ကို မဖြစ်ပွါးစေပဲ မြိမြိခိုင်ကြံ့သော သမ္မပ္ပဓာန်လုံ့လဝီရိယကိုသာ စွဲမြဲပြုလုပ် အားထုတ်ရမည်။ (၄)

(ဤ တဂါထာဝက်ဖြင့်(ခ)အမှတ်ပါ"ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သော ရဟန်းသူမြတ်က အနိုင်လွှမ်းမိုးရမည့် အတွင်းရန်များကား အဘယ်မျှ ရှိပါကုန်သနည်း"ဟူသော အမေးအတွက် အနာရောဂါ၏အတွေ့အထိ, ဆာလောင်မွတ်သိပ်မှု အတွေ့အထိ, သီတဥတုအတွေ့အထိ, ဥဏှဥတု အတွေ့အထိ=တည်းဟူသော အတွင်းရန်လေးပါးနှင့်တကွ ထိုလေးပါး ကြောင့် ဖြစ်ပေါ်တတ်သည့် ဒုစရိုက်ဆယ်ပါး အကျဉ်းအားဖြင့် အကုသိုလ်တရားအစုတည်းဟူသော အတွင်းရန်=ဤအတွင်းရန် ငါး ပါးကို အနိုင်လွှမ်းမိုးရမည်ဟူ၍ ဖြေကြားတော်မူခြင်းဖြစ်သည်။

ဤသို့ (က)မှတ်ပါ (ခ)မှတ်ပါ ပြဿနာတို့၏အဖြေကို ဖြေကြား တော်မူပြီးလျှင် ကျန်သော (ဂ) (ဃ) (င) (စ)အမှတ်ပါ ပြဿနာ တို့၏အဖြေကို ဤဆိုလတ္တံ့သောအတိုင်း (၉)ကိုးဂါထာတို့ဖြင့် စုပေါင်း ၍ ဖြေကြားတော်မူသည်)။

ရဟန်းသူမြတ်သည် ခိုးမှုကို ဘယ်နည်းဖြင့်မျှ မပြုရာ။ မုသား စကားကို ဘယ်နည်းဖြင့်မျှ မပြောရာ။ တဏှာမကင်းသေးသော (=တသ) သတ္တဝါ, တဏှာကင်းပြီးသော (=ထာဝရ) သတ္တဝါတို့ကို အမြဲမပြတ် မေတ္တာတရား ဖြန့်ပွါးရာ၏။ စိတ်၏ နောက်ကျုကြောင်းဖြစ်သည့် ဒုစရိုက်ဆယ်ပါး အကျဉ်းချုပ် အားဖြင့် အကုသိုလ်တရားအစုကို "ဤတရားစုကား မာရ်မင်း၏ အပင်းအသင်းဖြစ်သည်"ဟု ဆင်ခြင်သိရှိကာ ပယ်ရှားရာ၏။(၅)

(ဤဂါထာဖြင့် မခိုးရ၊ မုသားမပြောရ၊ မေတ္တာတရား ပွါးများ ရမည်၊ အကုသိုလ်တရားတို့ကို ပယ်ရှားရမည် ဟူ၍ ကျင့်ဝတ်လေးပါးကို ဟောကြားတော်မူ၏)။

အမျက်ထွက်ခြင်း = ကောဓတရား, မာန်မူခြင်း = အတိမာန တရားတို့၏ အလိုသို့ မလိုက်ပါရာ။ ထိုကောဓ, အတိမာနတရား

http://www.dhammadownload.com



တို့၏ အခြေခံ အကြောင်းရင်းဖြစ်သည့် (အဝိဇ္ဇာ, အယောနိသော မနသိကာရ, အသ္မိမာန, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ တည်းဟူသော) = တရား ၆-မျိုးတို့ကို အမြစ်မကျန် ပယ်လှန်တူးဖြိုရာ၏။ ထိုမှတပါး ချစ်ဖွယ်အာရုံ, မုန်းဖွယ်အာရုံနှစ်မျိုးကို လွှမ်းမိုးနိုင်အောင် လွှမ်းမိုးရာ၏။ (= ချစ်ဖွယ်အာရုံ, မုန်းဖွယ်အာရုံဟူ၍ မရှိအောင် နေထိုင်ရမည်ဟူလို)။ (၆)

(ဤဂါထာဖြင့် အမျက်မထွက်ရ၊ မာန်မာန မကြီးရ၊ ထိုနှစ်မျိုး၏ အခြေခံအကြောင်းရင်းတရား ခြောက်မျိုးကို အမြစ်မကျန် ပယ်လှန်တူးဖြိုရမည်။ ချစ်ဖွယ်အာရုံ, မုန်းဖွယ်အာရုံဟူ၍ မရှိစေရ၊ ဤကျင့်ဝတ်လေးပါးကို ဟောကြားတော်မူ၏)။

ရဟန်းသူမြတ်သည် သမ္မဇဉ်ပညာကို ရှေ့သွားပြုပြီးလျှင် အနုဿတိဆယ်ပါး ပွါးများ၍ရရှိသော ပီတိတရားကို လက်ကိုင်ထား၍ ဖေ့ဖော်ပြရာပါ အတွင်းရန် အပြင်ရန်များကို ခွါပစ်ရမည်။

(ဤစကားရပ်ဖြင့် (က) (ခ) အမေး၏အဖြေ ဘေးငါးပါး (=အပြင်ရန်ငါးမျိုး) နှင့် ရန်ငါးပါး (=အတွင်းရန်ငါးမျိုး) တို့ကို သမ္မဇဉ်ပညာကို ရှေ့သွားပြု၍ အနုဿတိဘာဝနာကို ပွါးပြီးလျှင် ထိုဘာဝနာကြောင့် ရရှိသော ပီတိဖြင့် သည်းခံရမည်၊ မိမိက အနိုင်လွှမ်းမိုးရမည်ဟူ၍ ဥပါယ်ကောင်းကို ညွှန်ပြတော်မူသည်)။

ထိုဖော်ပြရာပါ ဥပါယ်ကောင်းဖြင့်ပင် ဆိတ်ငြိမ်ရာအရပ်တောကျောင်း၌ မမွေ့လျော်ခြင်း, ဘာဝနာကောင်းမှုကုသိုလ်တို့၌ မမွေ့လျော်ခြင်းတို့ကို မိမိက နိုင်နင်းအောင် လွှမ်းမိုးရမည်။ ဖော်ပြလတ္တံ့သော ငိုကြွေးကြောင်းတရား လေးမျိုးတို့ကိုလည်း မိမိက နိုင်နင်းအောင် လွှမ်းမိုးရမည်။ (၇)

### ငိုကြွေးကြောင်း တရားလေးပါး

(၁) ငါသည် ယနေ့ အဘယ်အစာကိုများ စားရပါမည်နည်း (= ထမင်းကိုပင် စားရမည်လော၊ မုယောမုံ့ကိုပင် စားရမည်လော၊ မုံ့လုံးကိုပင် စားရမည်လော၊ ငါးကိုပင် စားရမည်လော၊ အမဲကိုပင် စားရမည်လော) ဟူ၍ ကြံစည်တွေးတောခြင်း၊

http://www.dhammadownload.com



(၂) ငါသည် ယနေ့ အဘယ်အရပ်၌များ စားရပါမည်နည်း (=မင်းအိမ်၌ပင် စားရမည်လော၊ ပုဏ္ဏားအိမ်၌ပင် စားရမည်လော၊ သူဌေးသူကြွယ်ကုန်သည်အိမ်၌ပင် စားရမည်လော၊ ဆင်းရဲသားအိမ်၌ပင် စားရမည်လော) ဟူ၍ ကြံစည်တွေးတောခြင်း၊ (၃) ငါသည် လွန်ခဲ့သောညဥ့်က ဆင်းရဲပင်ပန်းစွာ အိပ်ခဲ့ရပြီ(=ပျဥ်ချပ်၌ အိပ်ခဲ့ရပြီ၊သို့မဟုတ် ကပ်ကျစ်အခင်း၌ အိပ်ခဲ့ရပြီ၊ သို့မဟုတ် သားရေပိုင်းကလေး၌ အိပ်ခဲ့ရပြီ၊ သို့မဟုတ် မြက်အခင်း သစ်ရွက်အခင်း ကောက်ရိုးအခင်း၌ အိပ်ခဲ့ရပြီ) ဟူ၍ ကြံစည်တွေးတောခြင်း၊ (၄) လာမည့်ညဥ့်ဝယ် အဘယ်၌ ချမ်းသာစွာ အိပ်ရပါမည်နည်း(=ညောင်စောင်း၌တည်း ချမ်းသာစွာ အိပ်ရမည်လော၊ အင်းပျဥ်၌တည်း ချမ်းသာစွာ အိပ်ရမည်လော-စသည်ဖြင့်) ကြံစည်တွေးတောခြင်း= ဤအကြံအစည်လေးမျိုး တွေးတောပူပန်မှုလေးမျိုးကို ငိုကြွေးကြောင်း တရားလေးပါး ဟူ၍ ခေါ်၏၊ သိက္ခာသုံးပါး ကျင့်တရားကို ပွါးများအားထုတ်သော ရဟန်းသူမြတ်သည် ကုလဂဏ အာဝါသနှင့် ပစ္စယလေးဖြာဝယ် တွယ်တာတပ်မက် နှောက်ယှက်ပိတ်ဆို့မှု ပလိဗောခေပ်သိမ်း ကင်းငြိမ်းသည်ဖြစ်၍ ထိုဖော်ပြရာပါ အစားအစာနှင့်ပတ်သက်၍ တွေးတောကြံစည် ပူပန်မှုနှစ်ပါး, အနေအထိုင်နှင့် ပတ်သက်၍ တွေးတော ကြံစည် ပူပန်မှုနှစ်ပါး= ဤငိုကြွေးကြောင်း တရားလေးပါးတို့ကို ပယ်ရှားရာ၏။ (ဂ)

(ဖော်ပြရာပါ တွေးတောကြံစည် ပူပန်မှုလေးမျိုးရှိလျှင် စိတ်အားလျော့ကာ ငိုကြွေးမိတတ်သည်၊ ထိုတွေးတောကြံစည် ပူပန်မှုလေးမျိုးတည်းဟူသော ငိုကြွေးကြောင်းတရားလေးမျိုးကို ရဟန်းသူမြတ်သည် အမျိုးဒါယကာ ဂိုဏ်းသံဃာ နေရာအာဝါသ ပစ္စည်းလေးဝတ္ထု၌ တွယ်တာတပ်မက် နှောက်ယှက်ပိတ်ဆို့မှု=ပလိဗောခေပ်သိမ်းကို မဖြစ်စေသောအားဖြင့် ပယ်ရှားရမည်။ ငိုကြွေးကြောင်းတရားလေးပါး မဖြစ်ပွါးအောင် ပလိဗောကို ဖြတ်ရမည်ဟု ဆိုလိုရင်းဖြစ်သည်)။

ဤသာသနာတော်၌ ရဟန်းသူမြတ်သည် ဆွမ်းချိန်၌ ဆွမ်းကို သင်္ကန်းချိန်၌ သင်္ကန်းကို တရားနှင့်အညီ ရရှိလတ်သော် သန္တောသ

http://www.dhammadownload.com



တရား တိုးပွါးစိမ့်သောငှါ ခံယူခြင်း သုံးဆောင်ခြင်း၌ အတိုင်း အရှည်ကို သိရာ၏။

(ခံယူခြင်း၌ အတိုင်းအရှည်ကို သိမှုဟူသည်မှာ — အလှူဝတ္ထု အနည်းအများပမာဏ, လှူသူဒါယကာ၏ လှူလိုသော ကုသိုလ်ဆန္ဒ ပမာဏ, မိမိ၏ပမာဏ ဤသုံးပါးကို နှိုင်းချိန်၍ ခံယူခြင်းတည်း၊ (က) အလှူဝတ္ထုကများ၍ ဒါယကာ၏ လှူလိုသော ကုသိုလ်ဆန္ဒက နည်း နေလျှင် ဒါယကာ၏ လှူလိုသော ကုသိုလ်ဆန္ဒကိုငဲ့၍ နည်းနည်းပင် အလှူခံယူမှု၊ (ခ) အလှူဝတ္ထုကနည်း၍ ဒါယကာ၏ လှူလိုသော ကုသိုလ်ဆန္ဒက များနေလျှင် အလှူဝတ္ထု နည်းပါးသည်ကိုငဲ့၍ နည်း နည်းပင် အလှူခံမှု၊ (ဂ) အလှူဝတ္ထုကလည်းများ၍ ဒါယကာ၏ လှူလိုသော ကုသိုလ်ဆန္ဒကလည်း များနေလျှင် မိမိ၏ပမာဏကိုသိ၍ မျှတရုံသာ ခံယူမှု=ဤခံယူမှုသုံးမျိုးကို "ပဋိဂ္ဂဟဏမတ္တညုတာ=ခံယူ ခြင်း၌ အတိုင်းအရှည်ကိုသိမှု" ဟူ၍ ခေါ်၏။ ။ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးဆောင်ခြင်းကို "ပရိဘောဂမတ္တ- ညုတာ=သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကို သိမှု"ဟူ၍ ခေါ်၏)။

ထို ရဟန်းသူမြတ်သည် ပစ္စည်းလေးရပ်တို့၌ (ဆိုခဲ့ပြီးသော မတ္တညုတာ ဂုဏ်နှစ်ပါးဖြင့် အကုသိုလ်မှုတို့မှ) လုံခြုံစေပြီးလျှင် မြို့တွင်း ရွာတွင်း၌ ဇာရိယာပုထ်လေးပါးတို့ကို ထိန်းချုပ် စောင့် ရှောက်လျက် (လူအများက) ပုတ်ခတ်ထိပါး ပြောကြားအပ်စေ ကာမူ မိမိက ကြမ်းကြုတ်သောစကားကို မပြောကြားရာ။ (၉)

(တရားနှင့်အညီ ရရှိသောပစ္စည်းလေးပါးတို့ကို မတ္တညုတာနှစ်ပါးနှင့် အညီ ခံယူသုံးစွဲရမည်။ မြို့ရွာအတွင်း၌ ဣရိယာပုထ်လေးပါးတို့ကို ထိန်း ချုပ်စောင့်စည်းလျက်သာ နေရမည်။ လူအများက မိမိကို ပုတ်ခတ် ထိပါး ပြောကြားကြစေကာမူ မိမိက တဖန်ပြန်၍ ကြမ်းကြုတ်သော စကားကို မပြောကြားရ ဟု ဆိုလိုသည်)။

ရဟန်းသူမြတ်သည် ချအပ်သော မျက်လွှာရှိသူ ဖြစ်ရမည်၊ (=ဟိုကြည့် ဒီကြည့် မကြည့်ရ)။ ခြေလျှပ်ပေါ် လော်လည်သူ မဖြစ်ရာ၊(=ဟိုသွားဒီသွား ခရီးမများရ)။ မရသေးသော ဈာန်တို့ ကို ရရှိဖို့ရန်, ရရှိပြီးသောဈာန်တို့ကို ဝသီဘော်ငါးတန် နိုင်နင်းရန် လွေလာကြိုးကုတ် အားထုတ်ရမည်။ များစွာနိုးချပ်သူ ဖြစ်ရမည်၊

http://www.dhammadownload.com



(တနေ့နှင့် တညဥ့်အတွက်တာ မဇ္ဈိမယံ ၄-နာရီ အချိန်ခန့်သာ သတိရှိရှိအိပ်စက်၍ ကျန်သောအချိန်၌ စင်္ကြံသွားခြင်း, ထိုင်ခြင်း ဣရိယာပုထ်နှစ်ပါးဖြင့် ရဟန်းတရား ပွါးများအားထုတ်ရမည်)။ (ယင်းသို့ အားထုတ်သဖြင့်) စတုတ္ထဈာန် ဥပေက္ခာကို ဖြစ်စေ၍ အလွန်တည်ကြည်သော စိတ်ရှိသူဖြစ်ပြီးလျှင် ကာမဝိတက် အစ ရှိသော ဝိတက်များ, ကာမသညာအစရှိသော ထို ဝိတက်တို့၏ တည်ရာတရားများ, လက်လှုပ်ခြင်း ခြေလှုပ်ခြင်း အစရှိသော ကုက္ကုစ္စတရားများကို ပယ်ရှားဖြတ်တောက်ရမည်။ (၁၀)

ရဟန်းသူမြတ်သည် ဆရာဉပဇ္ဈာယ် အစရှိသော အကျိုးကို လိုလားသူများက "ငါ့ရှင်....သင်၏ ဤအမှုသည် မသင့်လျော်"အစ ရှိသည်ဖြင့် အပြစ်တင်စကား ပြောကြားဆုံးမအပ်သည်ရှိသော် သတိရွှေထား၍ ထိုဆရာဉပဇ္ဈာယ်တို့၏ အပေါ်၌ နှစ်သက်အားရ ရှိရမည်။ သီတင်းသုံးဖော်တို့အပေါ်၌ ပြောင့်တံသင်းအလား ထိပါးသောစိတ်ရှိမှုကို အလျှင်းပင် မပြုရာ၊ ဖျက်ဆီးပစ်ရမည်။ အပြစ်ကင်းသော စကားကိုသာ ပြောကြားရမည်၊ သိက္ခာပုဒ် အပိုင်းအခြား = စည်းကမ်း အချိန်ကာလ အပိုင်းအခြားကို လွန်၍ မပြောဆိုရ၊ လူရှင်အပေါင်းတို့ စွပ်စွဲစကား ပြောကြားဖို့ရန် စိတ် ဖြင့်မျှ မကြံစည်ရ။ (သီလပျက်လျှင် အကျင့်ပျက်လျှင် အယူပျက်လျှင် အသက်မွေးမှု ဖောက်ပြန်ပျက်စီးလျှင် လူရှင်အပေါင်းတို့ စွပ်စွဲ စကား ကဲ့ရဲ့စကား ရှုတ်ချစကား ပြောကြား ကြပေလိမ့်မည်၊ ထို့ကြောင့် လူ ရှင်အပေါင်းတို့ စွပ်စွဲကဲ့ရဲ့ ရှုတ်ချခံရမည့် သီလ ပျက်ရန်အမှုများ, အကျင့်ပျက်ရန် အမှုများ, အယူပျက်ရန်အမှုများ, အသက်မွေးမှုပျက်ရန် အမှုများကို ပြုလုပ်ရန်ကိုထား စိတ်ဖြင့်မျှ မကြံမိစေရ ဟု ဆိုလိုသည်)။ (၁၁)

ချစ်သားသာရိပုတ္တရာ····ထိုမှ တပါး လောက၌ ရူပါရုံတို့၌ တပ်မက်ခြင်း = ရူပရာဂ, သဒ္ဒါရုံတို့၌ တပ်မက်ခြင်း = သဒ္ဒရာဂ, ဂန္ဓာရုံတို့၌ တပ်မက်ခြင်း = ဂန္ဓရာဂ,ရသာရုံတို့၌တပ်မက်ခြင်း = ရသရာဂ, ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်မက်ခြင်း = ဖောဋ္ဌဗ္ဗရာဂ ဟူ၍ = ရာဂ ငါးပါး = မြူမှုန်ငါးပါးတို့ရှိကြသည်။ယင်းမြူမှုန်ငါးပါးတို့ကို

http://www.dhammadownload.com



ပယ်ရှားဖို့ရန် ရဟန်းသူမြတ်သည် ထင်လင်းသော သတိရှိလျက် သိက္ခာသုံးပါး ပွါးများ ကျင့်ကြံရမည်။ ဤသို့ ကျင့်ကြံသည် ရှိသော် ရဟန်းသူမြတ်သည် ထိုရာဂငါးပါး＝မြူမှုန်ငါးပါးတို့ကို လွှမ်းမိုးနိုင်နင်းရာ၏။ (၁၂)

(ရာဂငါးပါး＝မြူငါးမျိုးတို့ကို ပယ်ရှားဖို့ရန် သိက္ခာ သုံးပါးကို ကျင့်ကြံအားထုတ်ရမည်၊ထိုသို့ အားထုတ်သော သူသည်သာ မြူငါးမျိုးတို့ကို လွှမ်းမိုး နိုင်နင်းနိုင်သည်၊ အခြားသူများတို့ မနိုင်နင်းနိုင်ကုန်ဟု ဆိုလို၏)။

(ရာဂငါးပါး＝မြူမှုန်ငါးပါးတို့ကို ပယ်ရှားဖို့ရန် သိက္ခာသုံးပါးကို ပွါးများကျင့်ကြံသော ထိုရဟန်းသည် အစဉ်အတိုင်း)ဤ အာရုံငါးပါးတို့၌ ဆန္ဒရာဂကို ပယ်ဖျောက်နိုင်ရာ၏။ ထင်လင်းသော သတိရှိလျက် နိဝရဏစသည်တို့မှ ကျွတ်လွတ်သောစိတ်ရှိသည့် ထိုရဟန်းသည် သင့်လျော်သောအခါ၌ သင်္ခတတရားအစုကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု မဖောက်မပြန် အမှန်ထင်ထင် စူးစမ်းဆင်ခြင်လျက် တည်ကြည်သောစိတ်နှလုံးရှိသူ ဖြစ်ပြီးလျှင် ကိလေသာ တိုက် မှောင် အမိုက် ကို လောင် မြိုက် ပယ် ရှား နိုင် လေရာ၏။ (၁၃)

ဤသို့ မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာ မေးလျှောက်ချက်ကို အရဟတ္တဖိုလ်အထွတ်တပ်ကာ ဖြေဆိုဟောကြားတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးလတ်သောအခါ၌ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာတို့ အရဟတ္တဖိုလ်သို့ရောက်ကြ၍ ကုဋေသုံးဆယ်သော နတ်လူတို့၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြခြင်း ဖြစ်လေသည်။

**အထူးမှတ်ထားချက်**

ဤသာရိပုတ္တသုတ္တန်ကို မဟောကြားမီ အရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာကြီးမြင့်ကြောင်း ဂုဏ်ကျေးဇူးကို ထင်ရှားစေသောအခဏ်း၌ ဓမ္မပဒအဋ္ဌကထာ ၂၊စာမျက်နှာ ၁၄၇- ၌ရှင်း, ဇာတကအဋ္ဌကထာ ၄၊စာမျက်နှာ ၂၆၇၊ သရဘမိဂဇာတ်အဖွင့်၌ရှင်း—

http://www.dhammadownload.com



**ယေ စ သင်္ခါတဓမ္မာသေ၊**
**ယေ စ သေခါ ပုထူ ဣဓ။**
**တေသံ မေ နိပကော ဣရိယံ၊**
**ပုဋ္ဌော ပဗြူဟိ မာရိသ။**

ဟူသော အကျဉ်းဂါထာ၏ အကျယ်ဖြစ်သော အနက်အဓိပ္ပါယ်ကို ဖြေကြားရန် မြတ်စွာဘုရားရှင်က မေးမြန်းသောအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ပြဿနာ၌ ယုံမှားမရှိသော်လည်း မြတ်စွာဘုရား၏အလိုတော်၌ ယုံမှားရှိ၍ မြတ်စွာဘုရားရှင်က နည်းပေးတော်မူသောအခါမှ ခန္ဓာ၏အစွမ်းဖြင့် ဖြေကြားကြောင်း စသည်လာရှိ၏။

ထိုစကားရပ်ကို အဋ္ဌကထာရှင်တို့ ဖော်ပြတော်မူခြင်းမှာ ဗုဒ္ဓဝိသယ ပြဿနာကို အဂ္ဂသာဝကတို့ မဖြေနိုင်ကြကြောင်းကို သိသာစေလို၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (သံ၊၁၊၂၈၁)ဘူတသုတ်ကို ထုတ်ဖော်ပြခြင်းဖြစ်သည်။

စောင်းတန်းဦး၌ ရပ်တည်တော်မူသော ထိုအခါ၌ ထိုဂါထာ၏ အနက်အဓိပ္ပါယ်ကို အကျယ်ဖြေကြားရန် မြတ်စွာဘုရားရှင်က မေးမြန်းတော်မူခြင်းကို ပြလို၍မဟုတ်။မှန်၏–ထိုဘူတသုတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူသည်။

ထို့ကြောင့် စာဖတ်သူတို့ အသိဉာဏ်မရှုပ်ထွေးစေရန် ဤကျမ်း၌ (စောင်းတန်းဦး၌ ရပ်တည်သောအခဏ်းဝယ်) ထိုအကြောင်းအရာကို မဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့်ပင် သုတ္တနိပါတအဋ္ဌကထာ သာရိပုတ္တသုတ်အဖွင့်၌လည်း(အသိဉာဏ်မရှုပ်ထွေးကြစေရန်) ထိုအကြောင်းကို မဖော်ပြခဲ့ချေ)။

(ဤကား အထူးမှာထားချက်တည်း။)

### မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူစဉ် စိဉ္စမာဏဝိကာ စွပ်စွဲလာခြင်း အကြောင်း

ရှေး၌ ဆိုအပ်ခဲ့ပြီးသော အတိုင်း မြတ်စွာဘုရားရှင်သည် သင်္ကဿနဂိုရ်တံခါးအရပ်၌ များစွာသော တရားဒေသနာတို့ကို ဟောကြားတော်မူ၍ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ၄၀၀ ရာတို့နှင့်တကွ ကုဋေသုံးဆယ်သော နတ်လူတို့အား သစ္စာလေးပါး

http://www.dhammadownload.com



တရားသိမြင် ကျွတ်တမ်းဝင်စေတော်မူပြီးနောက် ထိုသက်သာမြို့မှသည် သာဝတ္ထိပြည်အရပ်သို့ ခရီးဒေသစာရီ ကြွချီတော်မူခဲ့၍ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် နေထိုင်တော်မူကာ ရောက်ဆိုက်လာသော ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဝေငှတော်မူလျက် ရှိသတည်း။

ထိုသို့ နေထိုင်တော်မူသောအခါ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမယုတ် ပရိဗိုဇ်မ၏ မြတ်စွာဘုရားရှင်အပေါ်၌ မလျော်မလျောက်ပတ် စွပ်စွဲသောအမှုကြီး ဖြစ်ပေါ်လာလေသည်၊ ဖြစ်ပေါ်လာပုံ အကြောင်းအရာ အကျယ်မှာ—

ပဌမဗောဓိခေါ်သော ဝါတော်နှစ်ဆယ်အတွင်း၌ မြတ်စွာဘုရားရှင်၏ တပည့်သာဝကများ ဒီရေအလား တနေ့တခြား တိုးပွါးဖြစ်ထွန်း၍ လာကြလေသည်၊ တိုးပွါးဖြစ်ထွန်းလာကြသည့် အလျောက်ပင် မနှိုင်းယှဉ်နိုင်လောက်အောင် မြားမြောက်လှစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ အရိယာဘုံ (= ဗိုလ်လေးပါး) သို့ ပါရမီ ကောင်းမှုကုသိုလ်အလျောက် ဆိုက်ရောက်ကြလေသည်၊ သို့ရကား မြတ်စွာဘုရားရှင်၏ အရဟံ အစရှိသော ကျေးဇူးတော်ဂုဏ်တော်တို့ ဘဝဂ်မဆံ့ နှံ့၍တက်ပြီးလျှင် မြတ်စွာဘုရားရှင် အမှူးပြုသော သံဃာတော်အရှင်မြတ်တို့အတွက် တာ ကြီးစွာသော လာဘ်ပူဇော်သက္ကာရ သည် ဖြစ်လေ၏။ တိတ္ထိတို့သည် ကား နေစက်ဝန်း ထွန်းတက်သောအခါ ပိုးစုန်းကြူးများပမာ တန်ခိုး အရှိန်အဝါ လာဘ်ပူဇော်သက္ကာရများ တနေ့တခြား ခေါင်းပါး ခေါင်းပါး၍ လာလေကုန်၏။

ထိုတိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာရများ ဖြစ်ပွါးပေါ်ပေါက်ရန် ရည်သန်တောင့်တကြ၍ လမ်းခရီးအကြား၌ ရပ်တည်ကြပြီးလျှင် လူများအပေါင်းကို—

"ဒါယကာတို့.... ရဟန်းဂေါတမသာ ဘုရားစင်စစ် ဖြစ်သလော၊ ငါတို့သည်လည်း ဘုရားစင်စစ် ဖြစ်ပါကုန်၏။

http://www.dhammadownload.com



> ရဟန်းဂေါတမအား လှူအပ်သော အလှူသည်သာလျှင် အကျိုးကြီးသလော၊ ငါတို့အား လှူအပ်သော အလှူသည်လည်း အကျိုးကြီးပါ၏။ (ထို့ကြောင့်) ငါတို့အားလည်း လှူဒါန်းကြလော့၊ ကုသိုလ်ကောင်းမှု ပြုကြလော့"—

ဟူ၍ တောင်းခံစကား ပြောကြားကြသော်လည်း ပစ္စည်းလေးဖြာ လာဘ်ပူဇော်သက္ကာရကို မရရှိကြကုန်သဖြင့် လူဆိတ်ကွယ်ရာ အရပ်၌ စည်းဝေးကြပြီးလျှင် "ငါတို့သည် အဘယ်သို့သော နည်းလမ်းဥပါယ်ဖြင့် လူတို့၏ အတွင်း(စိတ်)၌ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ (=မကောင်းသတင်း) ကို ဖြစ်စေကြ၍ ရဟန်း ဂေါတမ၏ လာဘ်ပူဇော်သက္ကာရကို ပျက်ပြားစေကြရပါမည် နည်း" ဟူ၍ တိုင်ပင် ဆွေးနွေးကြလေသည်။

ထိုအခါဝယ် သာဝတ္ထိပြည်၌ စိဉ္စမာဏဝိကာ အမည်ရှိသော ပရိဗိုဇ်မတယောက် ရှိလေသည်၊ ထို သူမကား မန်ကျည်းပင်၌ သံသေဒဇပဋိသန္ဓေ စွဲနေသူဖြစ်၍ စိဉ္စမာဏဝိကာ(=မန်ကျည်း ပင် သန္ဓေသူ မိန်းမပျို) ဟု အမည်တွင်၍* နတ်သမီး တမျှ မြတ် သော အဆင်းကိုဆောင်ကာ တင့်တယ်ခြင်း ကြက်သရေ မင်္ဂလာ အစုသို့ ရောက်သူဖြစ်လေသည်၊ ထိုသူမ၏ကိုယ်မှ အရောင်များ လည်း တဖျတ်ဖျတ် ထွက်ပေါ်ကွန့်မြူးလျက် ရှိကုန်၏။

ထိုသို့ တိတ္ထိများ ဆွေးနွေးတိုင်ပင်ကြသောအခါ၌ ရက်စက် ညစ်ညမ်း ကြမ်းကြုတ်သော အကြံအစည်ရှိသည့် တိတ္ထိတဦးက "စိဉ္စမာဏဝိကာ ပရိဗိုဇ်မကို အစွဲပြုကာ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ (=မကောင်းသတင်း)ကို ဖြစ်ပေါ်စေပြီးလျှင် ထို ရဟန်းဂေါတမ၏ လာဘ်ပူဇော်သက္ကာရကို ပျက်ပြား စေကြကုန် စို့" ဟူ၍ အကြံပေး တိုင်ပင်စကား ပြောကြားလတ်သည် ရှိသော် ကြွင်းကျန်သော တိတ္ထိအားလုံးတို့က "ဤနည်းလမ်း ဥပါယ်ကား ရဟန်းဂေါတမ၏ လာဘ်လာဘ ပျက်ပြားကြောင်း

---

* စိဉ္စမာဏဝိကန္တိ စိဉ္စရုက္ခေ သံသေဒဇဝသေန သဉ္ဇာတတ္တာ ဧဝံနာမိကာ ပရိဗ္ဗာဇိကာ။ ။ဇာတ်ဋီကာ မဟာပဒုမဇာတ်အဖွင့်။

http://www.dhammadownload.com



နည်းလမ်းဥပါယ်ကောင်း ဖြစ်ပေသည်” ဟု တညီတညွတ်တည်း သဘောတူလက်ခံကြလေကုန်၏။

ထိုနောက် စိဥ္စမာဏဝိကာ ပရိဗိုဇ်မသည် တိတ္ထိ များ၏ အရာမ်သို့ သွားရောက်ကာ ရှိခိုးဝတ်ပြု ရပ်တည်သော်လည်း တိတ္ထိတို့က စကားမပြောပဲ နေကြလေကုန်သည်။ စိဥ္စမာဏဝိကာသည် “ငါ့မှာ ဘယ်လိုအပြစ်များ ရှိပါလိမ့်”ဟု အောက်မေ့ကာ“အရှင်ကောင်းတို့····အရှင်တို့ကို ရှိသေမြတ်နိုး ရှိခိုးပါ၏” ဟု သုံးကြိမ်တိုင်အောင် ပြောဆိုပြီးလျှင် “အရှင်ကောင်းတို့···· တပည့်တော်မမှာ မည်သို့သောအပြစ် ရှိပါသနည်း၊ အဘယ့်ကြောင့် (= ဘယ်လိုအပြစ်ရှိသောကြောင့်) အရှင်ကောင်းများသည် တပည့်တော်မနှင့် စကားမပြောပဲ နေကြပါသနည်း”ဟု တိုက်ရိုက်ပင် မေးမြန်းလေတော့၏။

တိတ္ထိတို့က “နှမစိဥ္စမာန် ···· ငါတို့ကို ရဟန်းဂေါတမက နှိပ်စက်ညှဉ်းပန်းကာ လာဘ်လာဘ ခေါင်းပါးအောင် ပြုလုပ်ပြီးလျှင် လှည့်လည် ကျက်စား သွားလာနေသည်ကို သင်မသိသလော”ဟု အပြစ်တင်စကား ပြောကြားကြလတ်သော် စိဥ္စ-မာဏဝိကာသည်“အရှင်ကောင်းတို့····ထို အကြောင်းကို တပည့်တော်မ မသိရပါ၊ဤကိစ္စ၌ တပည့်တော်မသည် အဘယ်သို့သော အမှုအလုပ်ကို ပြုလုပ်ရွက်ဆောင်ရမည်နည်း” ဟု မေးမြန်းလေ၏။ တိတ္ထိတို့သည်“နှမစိဥ္စမာန်····သင်သည် ငါတို့၏ ချမ်းသာရေးကို အလိုရှိပါလျှင် မိမိကိုယ်ကို အစွဲပြု၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ (= မကောင်းသတင်း)ကို ဖြစ်စေပြီးလျှင် ချင်း၏ လာဘ်ပူဇော်သက္ကာရကို ပျက်ပြားစေလော့”ဟု ပြောဆိုကာ တာဝန်ပေးကြလေကုန်၏။

### စိဥ္စမာန်၏ နည်းပရိယာယ်

စိဥ္စမာန်သည်“ကောင်းပါပြီ အရှင်ကောင်းတို့····ဤသို့ ပြုလုပ်ရန်အတွက် တပည့်တော်မ၏ တာဝန်ထားလိုက်ပါ၊ အရှင်ကောင်းတို့သည် ထွေရာလေးပါး အကြံများ၍ မနေကြပါကုန်

http://www.dhammadownload.com



လင့်”ဟု ရဲရဲတောက် တာဝန်ယူစကား ပြောကြားပြီးလျှင် ထို တိတ္ထိတို့၏ အရာမ်မှ ဖဲခွါခဲ့၍ မိန်းမမာယာတို့၌ လိမ္မာ ပါးနပ်သူ ဖြစ်ရကား ထိုအချိန်မှစ၍ သာဝတ္ထိပြည်သူ လူအပေါင်းတို့ တရား နာပြီး၍ ဇေတဝန်ကျောင်းတိုက်မှ ထွက်ကြသောအချိန်၌ ပိုးပရံ အသွေး နီတွေးသောအဆင်းရှိသောအဝတ်ကို ဝတ်ရုံကာ နံ့သာ ပန်းစသည်လက်စွဲလျက် ဇေတဝန်ကျောင်းတိုက်သို့ ရှေးရှုသွား လေသည်တွင်(လမ်း၌တွေ့သူ လူအများက) “အိုစိဉ္စမာန်····သင် သည် ဤယခု မိုးချုပ်ခါနီးအချိန်၌ အဘယ်အရပ်သို့ သွားမည် နည်း”ဟူ၍ မေးကြလေသော် စိဉ္စမာန်သည် “အကျွန်ုပ်(=ကျွန် တော်မ)သွားမည့်အရပ်ကို သိသဖြင့် သင်တို့အား အဘယ်အကျိုး ရှိမည်နည်း”ဟု ထင်မှားဖွယ်ရာစကားကို ပြောကြား၍ ဇေတဝန် ကျောင်းတိုက်၏အနီး တိတ္ထိတို့အရာမ်၌ ညဥ့်အိပ် နေပြီးလျှင် စောစီးစွာပင် “မြတ်စွာဘုရားရှင်ကို အလျှင်လက်ဦး ဖူးမြော်ကုန် အံ့”ဟူ၍ သာဝတ္ထိမြို့မှ ဥပါသကာ ဒါယကာတို့ ထွက်လတ်သော အချိန်၌ ဇေတဝန်ကျောင်းတိုက်ဝယ် ညဥ့်အိပ်နေခဲ့သည့်ပုံဟန် သဏ္ဌာန်ပြု၍ သာဝတ္ထိမြို့တွင်းသို့ ဝင်လေ၏။ (လမ်း၌တွေ့သူ လူ အပေါင်းတို့က) “အိုစိဉ္စမာန်····သင်သည် အဘယ်အရပ်၌ ညဥ့် အိပ်နေခဲ့သနည်း”ဟု မေးကြသောအခါ “ကျွန်တော်မအိပ်ခဲ့သည့် နေရာကို သိသဖြင့် သင်တို့အား အဘယ်အကျိုးရှိမည်နည်း= ကျွန်မအိပ်ခဲ့သည့် နေရာကို သိသော်လဲ ရှင်တို့မှာ ဘာ အကျိုးမှ မရှိပါဘူး၊ မသိချင်ကြပါနှင့်”ဟူ၍ပင် ထင်မှားဖွယ်ရာစကားကို ပြောကြားလေသည်။

ဤနည်းနှင်နှင် နေ့စဉ်သွားလာ ပြောဆို၍ လခွဲတလခန့်လွန် သောအခါ လမ်း၌တွေ့သူ လူများက ရှေးနည်းအတူ မေးမြန်းအပ် သည်ရှိသော် စိဉ္စမာန်သည်“ကျွန်တော်မကား ဇေတဝန်ကျောင်း တိုက်အတွင်းဝယ် ရဟန်းဂေါတမနှင့်အတူတကွ ဂန္ဓကုဋီကျောင်း တခုတည်း၌ ညဥ့်အိပ်နေခဲ့ရပါသည်”ဟု စွပ်စွဲစကား ပြောကြား စ-ပြုလာလေ၏။ ထိုသို့ပြောဆိုခြင်းဖြင့် ထိုစကားကို ကြားရသူ ပုထုဇန် လူသာမန်တို့၏စိတ်ဝယ် “ဤအကြောင်းသည် မှန်များ

http://www.dhammadownload.com



မှန်လေသလော၊ မမှန်ပဲများရှိလေသလော”ဟု ယုံမှားတွေးတော ခြင်းကိုဖြစ်စေ၍ သုံးလလေးလလွန်သောအခါ၌မူ ပုဆိုးကြမ်း(= အနှီးစ)တို့ဖြင့် ရင်ကိုရစ်ပတ်ကာ မိမိကိုယ်ကို ကိုယ်ဝန်ဆောင် သော မိန်းမအသွင်ကိုပြ၍ ထို၏အပေါ်က နီမြန်းသောအဝတ်ကို ဝတ်ရုံကာ “ရဟန်းဂေါတမကို အစွဲပြု၍ ကျွန်တော်မသည် ကိုယ် ဝန်ကို ရအပ်ခဲ့ပါပြီ”ဟု ဉာဏ်ပညာမဲ့သူ လူအပေါင်းကို စွပ်စွဲ ပြောကြား အယူမှားစေခဲ့လေသည်။

### ပရိသတ်လေးပါးအလယ်၌ အကြီးအကျယ် စွပ်စွဲလာခြင်း

ဤနည်းဖြင့် ရှစ်လကိုးလ လွန်သောအခါ၌ စိဉ္စမာန်သည် တကယ့်ကိုယ်ဝန်အရင့်အမာပုံဟန် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်း ကို ရင်၌ဖွဲ့ချည်ပြီးလျှင် ထို၏အထက်၌ နီမြန်းသော အဝတ်ကိုဝတ် ရုံကာ လက်ဖမိုးခြေဖမိုးတို့ကို နွားမေးရိုးဖြင့် ထုနှက်၍ခြေလက်များ (မွေးဖွားခါနီး၍) အမ်းနေသည့်အဟန် တူစွာဖန်ပြီးလျှင် မျက်စိ နားနာ ဣန္ဒြေများ ပင်ပန်းနွမ်းနယ်နေသည့်အဟန်ဖြင့် ညနေချမ်း အခါဝယ် မြတ်စွာဘုရားရှင် ဗုဒ္ဓါသနဓမ္မပလ္လင်၌ ထိုင်နေတော် မူကာ ပရိသတ်လေးပါးအား တရားဟောနေတော်မူစဉ် တရား သဘင် ဆင်ယင်ကျင်းပရာနေရာသို့ သွားရောက်ပြီးလျှင် မြတ်စွာ ဘုရားရှင်၏ ရှေ့တည့်တည့်မှရပ်၍ စိဉ္စမာန်သည်—

> “ရဟန်းကြီး···· သင်သည် လူများအပေါင်းအား တရားဟောကာ နေဘိ၏၊ သင်၏ နှုတ်ခမ်းများကား စေ့စပ်လှဘိ၏၊ ကျွန်တော်မမှာတော့ သင်ရဟန်းကြီးကို စွဲ၍ ကိုယ်ဝန်ကိုရရှိကာ ယခုအခါ ရင့်ကျက်သော ကိုယ်ဝန် ရှိသူ ဖြစ်ရလေပြီ၊ သင်ရဟန်းကြီးကား ကျွန်တော်မ အတွက်တာ သားဖွားရန် အိမ်ကိုလည်း မစဉ်းစား၊ ထောပတ်ဆီ စသည်များကိုလည်း မစဉ်းစား၊ နေအား ဘိ၏။ ထိုကိစ္စများကို ကိုယ်တိုင်မပြုလျှင်လည်း မိမိ၏ အလုပ်အကျွေး ဒါယကာ ဒါယိကာမများအနက် ကောသလမင်းကိုဖြစ်စေ, အနာထပိဏ်သူဌေးကိုဖြစ်စေ,

http://www.dhammadownload.com



ဝိသာခါကျောင်းအမကိုဖြစ်စေ တဦးဦးကို "ဤစိဉ္စမာန် အတွက် ပြုလုပ်သင့်သည်ကို ပြုလုပ်စောင့်ရှောက်လိုက်ပါ" ဟူ၍ အပ်နှင်းပြောဆိုသင့်၏၊ ထိုသို့လည်း မပြောကြားခဲ့။ သင်ရဟန်းကြီးကား မွေ့လျော်ပျော်ပါးဖို့ရန်သာ စဉ်းစား၍ ကိုယ်ဝန်သားကို စောင့်ရှောက်ရန်ကိုကား မစဉ်းစားသူ ဖြစ်၏"—

ဟူ၍ မစင်တုံးကို စွဲကိုင်ကာ လဗိမာန်ဝန်းကို ဖျက်ဆီးရန် အားထုတ်သော မိန်းမကဲ့သို့ မြတ်စွာဘုရားရှင်ကို ပရိသတ်လေးပါးအလယ်၌ အကြီးအကျယ် စွပ်စွဲဆဲရေးစကား ပြောကြားလေတော့သည်။ မြတ်စွာဘုရားရှင်သည် ဟောနေရင်းစွဲ တရားစကားကို ခေတ္တရပ်နား၍ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောအသံကို ဖြစ်စေလျက်—

"နှမ စိဉ္စမာန်.... သင် ယခု ပြောကြားအပ်သော စကား၏ မှန်သောအဖြစ်, မမှန်သောအဖြစ်ကို သင်နှင့် ငါတို့သာ သိကြကုန်၏"—

ဟူ၍ မိန့်ဆိုတော်မူလေ၏။ စိဉ္စမာန်သည်လည်း အလျှော့မပေးပဲ "ဟုတ်ပေသည် ရဟန်းကြီး.... သင်နှင့်ငါတို့ နှစ်ဦးသာ သိကြသောကြောင့်ပင် ယခုလို ကိုယ်ဝန်ရင့်မာမှု ဖြစ်ရလေသည်" ဟူ၍ တဖန်ထပ်၍ စွပ်စွဲပြန်လေသည်။

### သိကြားဆင်း၍ ပြဿနာကို ဖြေရှင်းပေးခြင်း

ထိုခဏ၌ သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူနွေးသော အခြင်းအရာကို ပြလေ၏။ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လတ်သည်ရှိသော် "စိဉ္စမာန်မိန်းမယုတ်သည် မြတ်စွာဘုရားရှင်ကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲဆဲရေးဘိ၏" ဟု သိရှိ၍ "ဤအကြောင်းဝတ္ထုကို လူမိုလ်ထု ပရိသတ်အလယ်၌ စင်ကြယ်အောင် ငါဖြေရှင်းမည်" ဟု ကြံစည်ဆင်ခြင်ကာ နတ်သားလေးယောက်တို့နှင့် အတူတကွ မြတ်စွာဘုရားရှင် တရားဟောရာဌာနသို့ လာရောက်လေ၏။

http://www.dhammadownload.com



နတ်သားလေးယောက်တို့သည် ကြွက်ငယ်အယောင် ဆောင်ကြ၍ စိဉ္စမာန်ဖွဲ့ချည်ထားသော သစ်သားဝန်း၏ ကြိုးများကို တပြိုင်နက် ကိုက်ဖြတ်လေကုန်၏။ စိဉ္စမာန်ဝတ်ရုံထားသော အဝတ်ကိုလည်း လေသည် အထက်သို့ တိုက်လွှင့်လေ၏။ သစ်သားဝန်း (ဖွဲ့ချည်ထားသည့်) ကြိုးများပြုတ်၍ ကျသောအခါ စိဉ္စမာန်၏ ခြေဖမိုးထက်၌ ကျသဖြင့် ခြေဖျားနှစ်ဖက်ကို သွန်သွန်ကျိုးလေကုန်၏။

## စိဉ္စမာန်ကို မြေမျိုခြင်း

တရားနာသူ လူအပေါင်းတို့သည် "ထွီ.... ဟယ် အယုတ်တမာမ....နင်ကား မြတ်စွာဘုရားကို စွပ်စွဲဆဲရေးဘိ၏"ဟု ပြောဆိုကြကာ ဝိုင်း၍ ဦးခေါင်း၌ တံတွေးထွေးကြပြီးလျှင် ခဲ ဒုတ်လှင်ကန်စသည်လက်စွဲကုန်လျက် စိဉ္စမာန်ကို ဇေတဝန်ကျောင်းတိုက်အတွင်းမှ ဆွဲထုတ်ကြလေကုန်၏။ ထိုအခါ စိဉ္စမာန်အား မြတ်စွာဘုရားရှင်မြင်လောက်သောအရပ်ကို လွန်လျှင်ပင် မဟာပထဝီ ဤမြေကြီးကား ကွဲ၍ အပေါက်ကို ပေးလေသည်၊ ထိုအပေါက်ထဲမှ အဝီစိငရဲမီးလျှံကြီး တက်၍လာလေသည်၊ စိဉ္စမာန်သည် ဆွေမျိုးတို့က မေတ္တာလက်ဆောင်ပေးအပ်သည့် ကမ္ဗလာနီကို ခြုံရုံသည့်အလား ကြောက်ဖွယ်ကောင်းသည့် အဝီစိမီးလျှံဖြင့် ဝန်းရံဖုံးလွှမ်းအပ်ကာ ထိုအပေါက်မှ သွားလေ၍ မဟာအဝီစိငရဲကြီး၌ ဖြစ်လေတော့၏။

ထိုအခါမှစ၍ တိတ္ထိတို့၏ ယုတ်မာကြောင်းကို လူများအပေါင်းသိရှိကြသဖြင့် တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာရသည် ရှေးကထက် တိုး၍ လျော့ပါးဆုတ်ယုတ်လေ၏၊ မြတ်စွာဘုရား ရှင်အားကား လာဘ်ပူဇော်သက္ကာရသည် ရှေးကထက်တိုး၍ အတိုင်းမသိပွါးစီးလေတော့၏။

## မဟာပဒုမဇာတ်ကို ဟောကြားတော်မူခြင်း

နောက်တနေ့၌ မဗ္ဗသဘင် ဆင်ယင်ကျင်းပရာ မဗ္ဗာရုံ တန်ဆောင်းဝန်းဝယ် ရဟန်းအပေါင်းတို့သည် "ငါ့ရှင်တို့....စိဉ္စမာန်

http://www.dhammadownload.com



သည် ဤသို့စဥ် ပြန့်ပြောကြီးမြတ်သည့် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူ၍ မြတ်သောအလှူကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားရှင်ကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲဆဲရေး၍ ကြီးစွာသော ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရလေပြီ" ဟူ၍ စိဉ္စမာန်၏ အကြောင်းအရာ စကားကို ပြောကြားဖြစ်စေကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုအရပ်သို့ ကြွလာတော်မူ၍ "ရဟန်းတို့….သင်တို့သည် ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးညီမူ၍ နေကြကုန်သနည်း"ဟု မေးတော်မူလတ်သော် ရဟန်းတို့က "ဤအမည်ရှိသောစကား( = စိဉ္စမာန်၏အကြောင်းအရာစကား)ဖြင့် စည်းဝေးညီမူ၍ နေကြကြောင်း" ပြန်ကြား လျှောက်ထားသဖြင့် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့….စိဉ္စမာန်သည် ယခုအခါမှာသာ မဟုတ်သေး၊ ရှေးအခါကလည်း ငါ့ကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲဆဲရေး၍ ပျက်စီးခြင်းသို့ ရောက်ဘူးလေပြီ" ဟူ၍ မိန့်ဆိုတော်မူကာ ဒွါဒသနိပါတ် မဟာပဒုမဇာတ်ကို အကျယ် ဟောကြားတော်မူလေ၏။

### ဒွါဒသနိပါတ် မဟာပဒုမဇာတ်တော်

ရဟန်းတို့….ရှေးလွန်လေပြီးသောအခါဝယ် ဗာရာဏသီပြည်အရပ်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းတော်သည် ထိုမင်း၏ မိဖုရားခေါင်ကြီးဝမ်း၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူ၍ ဖွားမြင်လတ်သောအခါ ပွင့်သစ်စ ပဒုမာကြာပန်းအတူ တင့်တယ်သော မျက်နှာရှိတော်မူသောကြောင့်"မဟာပဒုမမင်းသား" ဟူ၍ အမည်မှည့်ခေါ်ကြလေကုန်၏။

ဘုရားအလောင်းတော် မဟာပဒုမမင်းသားသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွားရောက်၍ ခပ်သိမ်းသော အတတ်ပညာများကို သင်ကြားတတ်မြောက်၍ ပြန်လည်ရောက်ရှိလာသောအခါ မယ်တော်မိဖုရားခေါင်ကြီးသည် နတ်ရွာစံလေသည်။ ခမည်းတော်ဗြဟ္မဒတ်မင်းကြီးသည် အခြားတယောက်သော မိန်းမကို မိဖုရားကြီးတင်မြှောက်၍ သားတော်ကြီး မဟာ-

http://www.dhammadownload.com



ပဒုမမင်းသားအား အိမ်ရှေ့မင်းရာထူးကို နှင်းအပ်တော်မူလေသည်။

နောက်တချိန်၌ တိုင်းစွန်ပြည်နား ထကြွသောင်းကျန်းသည်ကို နှိမ်နင်းငြိမ်းသတ်ရန် သွားလိုရကား မင်းကြီးသည် မိဖုရားခေါင်ကြီးကို "အဘယ်မိဖုရားခေါင်ကြီး....သင်သည် ဤရွှေနန်းတော်မှာပင် ချမ်းသာစွာ စံရစ်ပါလော့၊ ငါကား တိုင်းစွန်ပြည်နားထကြွသောင်းကျန်းသည်ကို နှိမ်နင်းငြိမ်းသတ်ရန် သွားဦးအံ့"ဟူ၍ ပြောဆိုလေသော် မိဖုရားခေါင်ကြီးသည် "ကျွန်တော်မသည် ဤရွှေနန်းတော်မှာ မနေရစ်လိုပါ၊ ကျွန်တော်မလည်း အတူတကွ လိုက်ပါပါမည်"ဟူ၍ ပြောဆိုလေသည်။ မင်းကြီးသည် စစ်မြေအရပ်၏ အပြစ်များကို ပြောကြားပြီးလျှင် "အဘယ်မိဖုရားခေါင်ကြီး....သင်သည် ငါပြန်လာသည်တိုင်အောင် ဤရွှေနန်းတော်မှာပင် မပျင်းမရိ စံနေရစ်ပါ၊ ငါသည် သားတော်မဟာပဒုမအိမ်ရှေ့မင်းကို သင့်အပေါ်၌ ပြုလုပ်စောင့်ရှောက်ရန်ကိစ္စ အဝဝတို့၌ မမေ့မလျော့အောင် အာဏာထား မှာကြား၍ သွားပါမည်"ဟု အားပေးစကား ပြောကြားပြီးလျှင် ပြောကြားသည့်အတိုင်း စီမံ၍ တိုင်းစွန်ပြည်နားသို့သွားရောက်ကာ သူပုန်ရန်လှေးတို့ကို ဝေးရာသို့ ပြေးစေပြီးနောက် တိုက်နယ်အလုံးကို ဝပြောစည်ပင်အောင် ပြုလုပ်စီမံပြီးမှ ရွှေမြို့တော်သို့တဖန် ပြန်လာ၍ မြို့ပြင်ပဝယ် သစ်ခက်တဲနန်း(=ယာယီနန်း) တည်ဆောက်ကာ ခေတ္တစံနေတော်မူလေ၏။

ဘုရားအလောင်းတော် မဟာပဒုမအိမ်ရှေ့မင်းသည် ခမည်းတော် မင်းတရား ပြန်လာသောအကြောင်းကိုသိ၍ မြို့အလုံးကို တန်းဆာဆင်စေပြီးလျှင် ရွှေနန်းတော်ကို ရှင်းလင်းသုတ်သင် ပြင်ဆင်စေပြီးနောက် တယောက်အထီးတည်း မိဖုရားခေါင်ကြီး၏ အထံသို့သွားရောက်တော်မူလေ၏။ မိဖုရားခေါင်ကြီးသည် အလောင်းတော်မဟာပဒုမမင်းသား၏ရုပ်ရည်အဆင်းတင့်တယ်ခြင်းကိုမြင်၍ တိမ်းညွတ်သောစိတ်ရှိလေသည်။ ဘုရားအလောင်းသည် မိဖုရားခေါင်ကြီးကို ရှိခိုးပြီးလျှင် "အိုမယ်တော်....အဘယ်

http://www.dhammadownload.com



အမှုကို သားတော်တို့ ပြုရပါမည်နည်း"ဟု မေးမြန်းပြောဆိုလေ၏။ ထိုအခါ မိဖုရားကြီးသည် အလောင်းတော်အိမ်ရှေ့မင်းကို "ငါ့ကိုမယ်တော်ဟု မခေါ်လင့်"ဟု ပြောဆိုကာနေရာမှထတည့်၍ အလောင်းတော်၏လက်ကို ဆွဲပြီးလျှင် "အိပ်ရာပေါ်သို့ တက်လော့"ဟု အမိန့်ပေးစကား ပြောကြားလေ၏။ အလောင်းတော် အိမ်ရှေ့မင်းက "အဘယ်အကြောင်းကြောင့်နည်း"ဟု မေးလတ်သော် မိဖုရားခေါင်ကြီးက "မင်းကြီးမလာမီ ငါတို့ နှစ်ဦး ကိလေသာ အပျော်အမြူးဖြင့် ပျော်မြူးကြကုန်အံ့"ဟု (ကြိုက်မရှက်စကား) ပြောကြားလေတော့၏။

ထိုအခါ အလောင်းတော် မဟာပဒုမအိမ်ရှေ့မင်းသားသည် တရားစောင့်သူပီပီ—

"အိုမိခင်မိဖုရားကြီး....သင်ကား (မယ်တော်ဘုရား မရှိသည့်နောက်)ကျွန်ုပ်၏ မယ်တော်လည်း ဟုတ်ပါသည်၊ ကာမပိုင် အရှင်ရှိသူလည်း ဟုတ်ပါသည်။ ကျွန်ုပ်သည် သိမ်းဆည်းစိုးပိုင်သူ ကာမပိုင်အရှင်ရှိသော မာတုဂါမများကို ကိလေသာအလိုလိုက်ကာ ဇန္ဒြေတို့ကိုဖောက်ဖျက်၍ ကြည့်ဘူးသူပင် မဟုတ်ပါ၊ ထိုသို့စဉ် ဇန္ဒြေကို စောင့်စည်းထိန်းချုပ်သူ အကျွန်ုပ်သည် အသင်မိဖုရားကြီးနှင့် ဤသို့သဘောရှိသည့် ယုတ်မာညစ်ညမ်းသော အမှုကို အဘယ်မှာလျှင် ပြုနိုင်မည်နည်း"—

ဟူ၍ ငြင်းပယ်စကား တင်းတင်းကြီး ပြောကြားလေ၏။ ထိုအခါ မိဖုရားကြီးသည် နှစ်ကြိမ်သုံးကြိမ်ပြောဆို၍ အလောင်းတော် အိမ်ရှေ့မင်းသား မိမိအလိုသို့ မလိုက်ပါသောအခါ "သင် ငါ့စကားကို မလိုက်နာဘူးလား"ဟူ၍ အာဏာသံဖြင့်မေးလေသည်။ အလောင်းတော်အိမ်ရှေ့မင်းသားကလည်း "အိမ်း....မလိုက်နာဘူး"ဟူ၍ပင် ရဲရဲတောက် ဖြေကြားလေသည်။ မိဖုရားကြီးက "ထိုသို့တပြီးကား( = ဒါဖြင့်လျှင်) ငါကား မင်းကြီးအား ဂုံးချောစကား ပြောကြား၍ သင့်ဦးခေါင်းကို တောင်းလောင်းပြတ်ကြွေ ဖြတ်စေမည်"ဟူ၍ ခြိမ်းချောက်စကား ပြောကြားလေသော်

http://www.dhammadownload.com



အလောင်းတော်အိမ်ရှေ့မင်းသားကလည်း "သင်၏အလိုအတိုင်း မင်းကြီးထံ၌ ဂုံးချောမှု ပြုလိုတိုင်း ပြုလေ၊ (ငါကား သင့်အလို အကြိုက် မလိုက်သည်သာ)"ဟု ပြောဆိုကာ ထိုမိဖုရားကြီးကို အရှက်ရစေ၍ ဖဲခွါသွားလေ၏။

မိဖုရားကြီးသည် ကြောက်လန့်ပြီးလျှင် "အကယ်၍များ အိမ်ရှေ့မင်းသားက သူ့ခမည်းတော်ဘုရားအား ထိုအကြောင်းကို အလျှင်လက်ဦး လျှောက်ထားပြောကြားလျှင် ငါ့အသက်ကား ရှိတော့မည်မဟုတ်ချေ၊ ငါကပင် အလျှင်လက်ဦးအောင် ဂုံးချော စကားပြောကြားမည်"ဟုကြံစည်၍ အစာကိုမစားတော့ပဲ အဝတ် ညစ်များကို ဝတ်ဆင်ကာ မိမိကိုယ်ပေါ်နေရာအနှံ့အပြား လက် သည်းဖြင့် ခြစ်ရာများကိုပြု၍ "မင်းကြီးက မိဖုရားကြီး အဘယ်မှာ နည်းဟု မေးလျှင် မကျန်းမာဘူးဟူ၍ တင်လျှောက်ကြလော့"ဟု ရံရွေတော်များအား အချက်အမှတ်ပေးပြီးလျှင် နာကျဉ်ပြုကာ (= မကျန်းမမာယောင် ဆောင်ကာ) အိပ်ရာ ညောင်စောင်း၌ လျောင်း၍ နေလေ၏။

မင်းကြီးသည် မြို့ကို လက်ျာရစ်လှည့်လည်ပြီး ရွှေနန်းတော်သို့ တက်ရောက်၍ မိဖုရားကြီးကို မမြင်လတ်သော် "မိဖုရားကြီး အဘယ်မှာနည်း" ဟူ၍ ရံရွေတော်များကို မေး၍ ရံရွေတော် များက "မကျန်းမာပါဘုရား" ဟု ပြန်ကြားလျှောက်ထားချက် စကားကို ကြားရသောအခါ မိဖုရားကြီးနေထိုင်ရာ ကြက်သရေ တိုက်ခန်းသို့ ဝင်ရောက်၍ "အဘယ်မိဖုရားကြီး.... သင့်အား အဘယ်သို့သော မကျန်းမာမှုဖြစ်သနည်း"ဟု မေးလေလျှင် မိဖုရား ကြီးသည် မင်းကြီးမေးသောစကားကို မကြားကျဉ်ပြု၍ (= မကြား ယောင် ဟန်ဆောင်၍) နှစ်ကြိမ် သုံးကြိမ် ထပ်၍ မေးလတ် သောအခါကျမှ "အရှင်မင်းကြီး.... အဘယ့်ကြောင့် မရမနေ အတင်းအကြပ် ပြောဆိုမေးမြန်းဘိသနည်း၊ (ရှက်လှပါသည်)၊ တိတ်တိတ်နေတော်မူပါ၊ ကာမပိုင်အရှင်သခင် လင်ယောက်ျားရှိ ကြသည့် အခြားမိန်းမများမှာ ကျွန်တော်မကဲ့သို့ မဟုတ်ကြပါ" ဟု စောင်းပါး ရိပ်ခြည်စကား ပြောကြားသဖြင့် မင်းကြီးက "သင့်ကို

http://www.dhammadownload.com



အဘယ်သူက နှိပ်စက်အပ်သနည်း၊ ငါ့အား လျင်မြန်စွာ လျှောက်ထားလော့၊ သင့်ကိုနှိပ်စက်သည့် ထိုသူ၏ ဦးခေါင်းကို တောင်းလောင်းပြတ်ကြွေ ငါကားဖြတ်ချွေမည်" ဟု ရာဇမာန်စကား ပြောကြားလေလျှင် မိဖုရားကြီးသည် "အရှင်မင်းကြီး....သင်သည် အဘယ်သူ့ကို မြို့စောင့်ထား၍ သွားတော်မူသနည်း" ဟု ဂုံးချောစကား စ–လေသည်။ မင်းကြီးက "သားတော်မဟာပဒုမ အိမ်ရှေ့မင်းကို မြို့စောင့်ထား၍ ငါသွားသည်" ဟု ဆိုလတ်သော် မိဖုရားကြီးသည် "အရှင်မင်းကြီး.... သင်မင်းကြီးကိုးစား၍ မြို့စောင့်ထားခဲ့သည့် ထိုသားတော် မဟာ ပဒုမ အိမ်ရှေ့မင်းသည် ကျွန်တော်မ၏ အိပ်ရာတိုက်ခန်းသို့ လာရောက်ပြီးလျှင် ကျွန်တော်မက 'ချစ်သား....ဤသို့ မပြုပါလင့်၊ ငါကား သင်ချစ်သား၏ မယ်တော်ဖြစ်ပါသည်'ဟု သာယာနူးညွတ် တောင်းပန်ပြောဆိုအပ်ပါသော်လည်း မရရှိပဲ 'ငါ့ကိုဖယ်ရှား အပထား၍ အခြားမင်းဟူ၍ မရှိ၊ ငါသည် သင့်ကို အိမ်၌ထားပြီးလျှင် ကိလေသာ အပျော်အမြူးဖြင့် ပျော်မြူးမွေ့လျော်ပေအံ့' ဟု အနိုင့်အထက် ပြောဆို၍ ကျွန်တော်မကို ဆံပင်တို့၌ ဆွဲကိုင်ပြီးလျှင် ထိုမှဤမှ တွန်းဆွဲကာ သူ့စကားကိုမလိုက်နာသည့်နောက်ဆုံး၌ ကျွန်တော်မကို တွန်းလှဲပြီးလျှင် အလိုရှိတိုင်း ထောင်းထုရိုက်နှက်ပုတ်ခတ်၍ သွားခဲ့ချေပြီ" ဟု ဂုံးချောစကား အစွမ်းကုန်ပြောကြားလေ၏။

### မင်းကြီး အမျက်မာန်ရှ၍ မဟာပဒုမမင်းသားကို သတ်ဖို့ရန် အမိန့်ပေးခြင်း

မင်းကြီးသည် မစူးမစမ်း မဆင်ခြင်ပဲ အဆိပ်ယန်သော မြွေဆိုး မြွေဟောက်ပမာ ပြင်းစွာအမျက်ထွက်၍ အာဏာပါးကွက်သားတို့ကို ခေါ်စေပြီးလျှင် "အချင်းတို့....သွားကြကုန်၊ ပဒုမမင်းသားကို ဖမ်းဆီးဖွဲ့နှောင်၍ ဆောင်ခဲ့ကြကုန်" ဟု အမိန့်အာဏာထားလေ၏။ အာဏာပါးကွက်သားတို့သည် မြို့အလုံးကို လွှမ်းဖုံးဖိစီးကြသည့်အလား အိမ်ရှေ့မင်းသား၏ အိမ်တော်သို့ သွားပြီးလျှင် အိမ်ရှေ့မင်းသားကို ဖမ်းဆီးရိုက်နှက်၍ လက်ပြန်ကြိုးကို တင်းကြပ်စွာ ဖွဲ့ချည်ပြီးနောက် ကုလားဇလပ်ပန်းနီကုံးကို လည်ပင်း၌

http://www.dhammadownload.com



စွပ်ကြ၍ အသတ်ခံရမည့်သူတယောက်အနေ ပြုလုပ်ကြကာ ဆွဲဆောင်လာကြလေ၏။

အလောင်းတော် အိမ်ရှေ့မင်းသည် "ဤအမှုကား မိဖုရား၏အမှုဖြစ်သည်"ဟု ကောင်းစွာ ရိပ်မိသိရှိတော်မူ၍ "အို အာဏာပါးကွက်သား အချင်းယောက်ျားတို့....ငါသည် မင်းကြီး၏အပေါ်မှာ တစုံတခု အပြစ်ရှိသောအမှုကို ပြုလုပ်သူမဟုတ်ပါ၊ ငါကား အပြစ်ကင်းသော သူတယောက်သာ ဖြစ်ပါ၏"ဟု ပြောဆိုမြည်တမ်းကာ လိုက်ပါလာလေ၏။ တမြို့လုံး ချောက်ချားပြီးလျှင် "မင်းကြီးသည် မိန်းမ၏စကားကို နာယူမှတ်မှားကာ မဟာပဒုမအိမ်ရှေ့မင်းသားကို သတ်စေတော့မည်တဲ့"ဟု အချင်းချင်းပြောကြားစည်းဝေးကြကာ မြို့သူမြို့သားတို့သည် အလောင်းတော် အိမ်ရှေ့မင်း၏ ခြေတော်ရင်း၌ ဝပ်စင်းကြ၍ "အိုအရှင် အိမ်ရှေ့မင်း....ဤရာဇဝတ် အပြစ်ဒဏ်ကား အရှင်အိမ်ရှေ့မင်းနှင့် အလျှင်းပင်မတော်မလျော် မလျောက်ပတ်ပါဘုရား"ဟု ပြောဆိုကြကာ ကျယ်စွာသောအသံဖြင့် ငိုကြွေးကြလေကုန်၏။

ထိုနောက် မင်းချင်း ယောက်ျား အာဏာ ပါးကွက်သားတို့သည် အိမ်ရှေ့မင်းသားကို မင်းကြီးထံ ခေါ်ဆောင်၍ မင်းကြီးအား ပြသကြလေကုန်၏။ မင်းကြီးသည် မြင်လျှင် မြင်ခြင်း စိတ်ကို မထိန်းချုပ်နိုင်တော့ပဲ "ဤပဒုမမင်းသားကား မင်းမဟုတ်ပဲလျက် မင်းပုံမင်းဟန် စံပယ်မှုကို ပြုသူဖြစ်လေသည်။ ငါ၏ သားတော်ဖြစ်ပါလျက် မယ်တော်မိဖုရားကြီးအား ပြစ်မှားသူ ဖြစ်လေသည်၊ သွားကြကုန်၊ ချင်း(=ပဒုမမင်းသား)ကို စောရပပါတ(=ခိုးသူများကို ပစ်ချရာ) ချောက်၌ ဦးစိုက်ဇွမ်းပြန် ပစ်ချကြကာ အသက်ကုန်ဆုံး ပျက်ပြုန်းခြင်းသို့ ရောက်စေကြကုန်"ဟူ၍ တချက်လွှတ်အာဏာစကား မိန့်ကြားတော်မူလေ၏။ အလောင်းတော် အိမ်ရှေ့မင်းသားက "ခမည်းတော်ဘုရား.... သားတော်မှာ ဤအပြစ်မျိုး တစိုးတစိ မရှိကေန် မှန်ပါသည်၊ မိန်းမ၏ စကားကို နာယူမှတ်မှား၍ အကျွန်ုပ်(=သားတော်)ကို မဖျက်ဆီး မသတ်ဖြတ်တော်မူပါလင့်"ဟု ခမည်းတော် မင်းကြီးကို တောင်းပန်

http://www.dhammadownload.com



စကား ပြောကြားပါသော်လည်း မင်းကြီးသည် သားတော် အိမ်ရှေ့မင်း၏ စကားကို လုံးဝ နာယူတော်မမူတော့ချေ။

ထိုနောက် တသောင်းခြောက်ထောင်သော နန်းတွင်းသူတို့ သည်"ချစ်သား မဟာပဒုမ....မိမိအား မလျော်ကန် ဤ ရာဇဝတ် အပြစ်ဒဏ်ကို ခံရလေခြင်း····"ဟု သည်းစွာ ဟစ်အော် ငိုကြွေး မြည်တမ်းကြလေကုန်၏။ ခပ်သိမ်းသော မင်းညီမင်းသား မှူးမတ် များနှင့် ပုဏ္ဏားသူဌေး အစရှိသောသူတို့သည် "အရှင်မင်းကြီး···· မဟာပဒုမမင်းသားသည် ကောင်းသော ကိုယ်ကျင့်တရားရှိသူ ဖြစ်ပါသည်၊ ရာဇဝင်အနွယ်အဆက် မပျက်အောင် စောင့်ရှောက် လျက် ထီးမွေနန်းရံ ခံစံမည့်သူ ဖြစ်ပါသည်။ ထီးညွန့် နန်းလျာ ထိုမဟာပဒုမ မင်းသားကို မိန်းမ၏ စကား ယုံစားတော်မူ၍ မစဉ်းစားမဆင်ခြင်ပဲ မဖျက်ဆီး မသတ်ဖြတ်သင့်ပါ၊ မင်းဟူသည် မှာ စူးစူး စမ်းစမ်း ဆင်ဆင် ခြင်ခြင် ပြုလုပ်သူဖြစ်ရပါမည်" ဟု ကြောင်းကျိုးဖော်ပြ လျှောက်ထားကြကာ ဤဆိုလတ္တံ့သော ၇-ဂါထာတို့ကို ရွတ်ဆိုတင်လျှောက်ကြလေကုန်၏—

(၁) နာဒဋ္ဌာ ပရတော ဒေါသံ၊
အဏုံထူလာနိ သဗ္ဗသော။
ဣဿရော ပဏယေ ဒဏ္ဍံ၊
သာမံ အပ္ပဋိဝေက္ခိယ။

(မဟာရာဇ = မြတ်သောမင်းကြီး····)။ဣဿရော = တိုင်းပြည် စိုးအုပ် မင်းပြုလုပ်သောသူသည်။ ပရတော = သူတပါး၏။ ဒေါသံ = အပြစ်ကို။ အဒဋ္ဌာ = ကိုယ်တိုင် ကိုယ်ကျ မတွေ့မြင်ရပဲ။ သဗ္ဗသော—သဗ္ဗာနိ = ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော။ အဏုံထူလာနိ = ငယ်ငယ် ကြီးကြီး အပြစ်အသီးသီးတို့ကို။ သာမံ အပ္ပဋိဝေက္ခိယ = ကိုယ်တိုင် မထောက်လှမ်း မစူးစမ်းပဲ။ ဒဏ္ဍံ = လက်ဖြတ် ခြေဖြတ် အသေသတ်သည့် မင်းပြစ်ဒဏ်ကို။ န ပဏယေ = အမျက်မာန်ပွါး အာဏာမထားရာ။

http://www.dhammadownload.com



(မဟာသမ္မတမင်းလက်ထက်၌ ငွေတရာမှအထက် ငွေဒဏ်တပ်သော ဟူ၍ မရှိခဲ့ချေ။ ကြိမ်ဒဏ် ကဲ့ရဲ့ဒဏ် ပြည်နှင်ဒဏ်မှ အထက် လက်ဖြတ် ခြေဖြတ် အသက်ကိုသတ်ခြင်းဒဏ်ဟူ၍ လုံးဝမရှိခဲ့ချေ။ နောက်အခါ ကြမ်းကြုတ်ရက်စက်သည့် မင်းများ၏လက်ထက်မှသာလျှင် ထိုအပြစ် ဒဏ်များ ဖြစ်ပွါးလာလေသည်။ ထိုအပြစ်ဒဏ်များကို ရည်စူး၍ အမတ်များသည် ထိုကဲ့သို့ လျှောက်ထားခြင်းဖြစ်သည်။)

(၂)　ယော စ အပ္ပဋိဝေက္ခိတ္ဝာ၊
ဒဏ္ဍံ ကုဗ္ဗတိ ခတ္တိယော။
သကဏ္ဋကံ သော ဂိလတိ၊
ဇစ္စန္ဓောဝ သမက္ခိကံ။

ယော စ ခတ္တိယော = အကြင် ရေမြေသခင် ပြည့်ရှင် မင်းသည်။ အပ္ပဋိဝေက္ခိတ္ဝာ = မထောက်မလှမ်း မစူးစမ်း မူ၍။ ဒဏ္ဍံ = လက်ဖြတ် ခြေဖြတ် အသေသတ်သည့်ဒဏ် မျိုးကို။ ကုဗ္ဗတိ = မစဉ်းမစား ပြုမိငြားအံ့။ သော ခတ္တိ-ယော = ထိုရေမြေသခင် ပြည့်ရှင်မင်းသည်။ "ဇစ္စန္ဓော = ဝမ်းတွင်းကန်းသည်။ သမက္ခိကံ = ယင်နှင့်ရောလျှင်း စက် ဆုပ်ဖွယ်သော အစာထမင်းကို။ ဂိလတိ ဣဝ = စားမျိုမိသကဲ့သို့"။ သကဏ္ဋကံ = ဒုက္ခဖြစ်ကြောင်း မကောင်း ဒုစရိုက် အမှုမိုက်တည်းဟူသော ဆူးနှင့်ရောလျှင်း အစာ ထမင်းကို။ ဂိလတိ—ဂိလတိ နာမ = ပြုမှား ပြောမှား ကြံစည်မှား၍ စားမျိုမိသည် စင်စစ်မည်၏။

(၃)　အဒဏ္ဍိယံ ဒဏ္ဍယတိ၊
ဒဏ္ဍိယဉ္စ အဒဏ္ဍိယံ။
အန္ဓောဝ ဝိသမံ မဂ္ဂံ၊
န ဇာနာတိ သမာသမံ။

ယော = အကြင် ရေမြေသခင် ပြည့်ရှင်မင်းသည်။ အဒဏ္ဍိယံ = ဒဏ်မထားသင့်သူကို။ ဒဏ္ဍယတိ = လွဲချော် ချွတ်မှား ဒဏ်ထားမိ၏။ ဒဏ္ဍိယဉ္စ = ဒဏ်ထားသင့်သူ

http://www.dhammadownload.com



ကိုကား။ အဒဏ္ဍိယံ—(ကရောတိ) = ဒဏ်မထားလျှင်း "ငါကား မင်း"ဟု စိတ်တွင်းမာန်လိုက် ကိုယ့်အကြိုက်ကို သာ ပြုလုပ်၏။ သော=ထိုရေမြေ့သခင် ပြည့်ရှင်မင်းသည်။ "ဝိသမံ မဂ္ဂံ = မညီမညွတ် ခရွတ်ခရော် ကြမ်းထော်သော လမ်းကို။ ပဋိပန္နော = အသွားလွဲ၍ ဆင်းရဲဒုက္ခ ရောက်ရှိ ရသော။ အန္ဓောဝ = ဝမ်းတွင်းကန်းကဲ့သို့"။ သမာသမံ= သုစရိုက်ဆယ်ခဏ်း ညီညွတ်သောလမ်းနှင့် ဒုစရိုက်ဆယ် ခဏ်း မညီညွတ်သောလမ်းကို။ န ဇာနာတိ = စိတ်ဖြာ ဝေခွဲ မသိနဲကြောင့် လမ်းလွဲလိုက်ကာ ပါယ်လေးရွာ၌ ကြီးစွာဒုက္ခ ရောက်ရှိရလေ၏။

(၄) ယော စ တောနိ ဌာနာနိ၊
အဏုံထူလာနိ သဗ္ဗသော။
သုဒိဋ္ဌမနုသာသေယျ၊
သ ဝေ ဝေါဟာရိတုမရဟတိ။

ယော စ = အကြင်ရေမြေ့သခင် ပြည့်ရှင်မင်းသည် ကား။ တောနိ ဌာနာနိ = ဒဏ်မထားသင့်, ဒဏ်ထား သင့်သည့် အခွင့်များစွာ ထိုအကြောင်းအရာတို့ကိုဂုဏ်း။ (ဒဏ္ဍိယေသုပိ = ဒဏ်ထား သင့်သည့် အခွင့် များစွာ အကြောင်းအရာတို့၌လည်း။) သဗ္ဗသော—သဗ္ဗာနိ = ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ အဏုံထူလာနိ = ငယ်ငယ်ကြီးကြီး အမှုအသီးသီးတို့ကိုဂုဏ်း။ သုဒိဋ္ဌံ = ကောင်းစွာဆင်ခြင် ဉာဏ်ဖြင့်မြင်သည်ကို။ (ကတွာ = ပညာစက္ခု မြော်ထောက်ရှုကာ ပြုလုပ်ပြီးမှ။) အနုသာ- သေယျ = အမှားမကပ် တရားဆုံးဖြတ်ငြားအံ့။ သ— သော = ပညာထိန်လင်း ထိုသည့်မင်းသည်။ဝေ=စင်စစ်။ ဝေါဟာရိတုံ = တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ခြင်းငှါ။အရ- ဟတိ = ကြောင်းကျိုးလျော်ကန် ထိုက်တန်လှပေ၏။

http://www.dhammadownload.com



(၅) နေကန္တမုဒုနာ သက္ကာ၊
ကေန္တတိခိဏေန ဝါ။
အတ္တံ မဟန္တေ ဌပေတုံ၊
တသ္မာ ဥဘယမာစရေ။

(မဟာရာဇ = မြတ်သောမင်းကြီး····)။ကေန္တမုဒုနာ ဝါ = သိမ်မွေ့နုလျှင်း တဖက်သတ် ကျင့်ခြင်းဖြင့်ငှင်း။ ကေန္တတိခိဏေန ဝါ = အကြမ်းဖက်လျှင်း တဖက်သတ် ကျင့်ခြင်းဖြင့်ငှင်း။ အတ္တံ = မိမိကိုယ်ကို။ မဟန္တေ = ကြီးကျယ်စွာလှ အစိုးရခြင်း တည်းဟူ သော ရာထူးဌာနန္တရ၌။ ဌပေတုံ = မြဲမြံခိုင်ကျည် တည်စိမ့်သောငှါ။ န သက္ကာ = မတတ်နိုင်။ တသ္မာ = ထို့ကြောင့်။ဥဘယံ = အနုအကြမ်း ထိုနှစ်ခဏ်းကို။ (ရာဇာ = တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သောသူသည်)။အာစရေ—အာစရေယျ = နုတန်လျှင်နု ကြမ်းတန်လျှင်ကြမ်း ဉာဏ် ရည် စွမ်း ဖြင့် ခွဲခြမ်း စိတ်ဖြာ ကျင့်ကြံပြုလုပ်ရာ၏။

(၆) ပရိဘူတော မုဒု ဟောတိ၊
အတိတိက္ခော စ ဝေရဝါ။
ဧတဉ္စ ဥဘယံ ဉတွာ၊
အနုမဇ္ဈံ သမာစရေ။

(မဟာရာဇ = မြတ်သောမင်းကြီး ····)။မုဒု = နူးညံ့ စိတ်ရင်း(တဖက်သတ် တသမတ်တည်း) သိမ်မွေ့နေသော မင်းကို။ ပရိဘူတော = တိုင်းနေပြည်နေ လူမိုလ်ခြေတို့ မထေမဲ့နိုး လွှမ်းမိုးဖိစီးအပ်သည်။ ဟောတိ = ဖြစ်၏။ အတိတိက္ခော စ = မျက်မာန်ကြမ်းခက် ထက်လွန်းသော မင်းသည်ကား။ ဝေရဝါ = တတိုင်း ပြည်လုံး ရွံမုန်း စိတ်ထား ရန်ပေါ်များသည်။ ဟောတိ = ဖြစ်၏။ ဧတဉ္စ ဥဘယံ = နုလွန်းလျှင် မထေလေးစား, ကြမ်းလွန်းလျှင် ရန်ပေါ်များသည့် နှစ်ပါးသော ထို အချက်ကို။ ဉတွာ = ခွဲခြမ်းစိတ်တွင် သိမြင်၍။ အနုမဇ္ဈံ = ကြမ်းနုနှစ်သွယ်တို့၏

http://www.dhammadownload.com



အလယ်ဖြစ်သောအကျင့်ကို။ (ဝါ) မနုမကြမ်း အလယ်လမ်းကို။ သမာစရေ — သမာစရေယျ = ကျင့်ကြံပြုလုပ်ရာ၏။

(၇) ဗဟုမ္ပိ ရတ္တော ဘာသေယျ၊
ဒုဋ္ဌောပိ ဗဟု ဘာသတိ။
န ဇုတ္တိကာရဏာ ရာဇ၊
ပုတ္တံ ဃာတေတုမရဟတိ။

ရာဇ = သမ္မုတိနတ် အိုမင်းမြတ်….။ရတ္တောပိ = ပြင်းစွာတပ်မက်လောဘနှိပ်စက်သောသူသည်လည်း။ဗဟုံ = ထွေရာလေးပါး များစွာသောစကားကို။ ဘာသေယျ = လောဘ တိုက်တွန်း သဖြင့် မြွက်ညွှန်းပြောဆိုရာ၏။ ဒုဋ္ဌောပိ = ဒေါသအမျက် ခြောင်းခြောင်း ထွက်သောသူသည်လည်း။ဗဟု = ထွေရာလေးပါးများစွာသော စကားကို။ ဘာသတိ=ဒေါသတိုက်တွန်းသဖြင့် မြွက်ညွှန်းပြောဆိုတတ်ပေ၏။ (တသ္မာ = ထိုသို့ လောဘဒေါသ နှိပ်စက်ကလျှင် ဓမ္မတာထွာ လူတကာတို့ ထွေရာလေးပါး စကားများတတ်သောကြောင့်)။ ဇုတ္တိကာရဏာ = လောဘဒေါသ ပြွမ်းပြွမ်းထ၍ ဝက်ဝုတ်ဉာဏ် အကျင့်တန်သည့် ဖောက်ပြန်ထွေပြား မိဖုရားဟူသော အကြောင်းကြောင့်။ ပုတ္တံ = ထီးညွှန့်နန်းလျာ မဟာပဒုမ နာမတွင်ငြား အိမ်ရှေ့မင်းသားကို။ ဃာတေတုံ = မဆင်မခြင် အသက်ဆုံးစီရင်ခြင်းငှါ။န အရဟတိ = အမှုမလျော်ကန် မထိုက်တန်ပါဘုရား။

ဤသို့ ကြောင်းကျိုးဖော်ပြ အထူးထူး ပြောဆိုကြသော်လည်း အမတ်များသည် မိမိတို့၏ စကားကို မင်းကြီးအား နာယူစေခြင်းငှါ မတတ်နိုင်ပဲ ရှိကြကုန်၏။ ဘုရား အလောင်းတော် မဟာပဒုမ အိမ်ရှေ့မင်းသားသည်လည်း အထူးထူး အထွေထွေ တောင်းပန် စကား ပြောကြားပါသော်လည်း ခမည်းတော် မင်းကြီးအား မိမိစကားကို နာယူစေခြင်းငှါ မတတ်နိုင်ပဲ

http://www.dhammadownload.com



ရှိလေ၏။ မသိမိုက်ကန်း အန္ဓဗာလဖြစ်သော မင်းသည်ကား "သွားကြကုန်၊ ချင်း(=ပဒုမမင်းသား)ကို စောရပပါတချောက်၌ ယခုပင် ပစ်ချကြကုန်"ဟု အတင်းအကြပ် အာဏာတားလို ရကား—

(၈) သဗ္ဗောဝ လောကော ဧကတော၊
ဣတ္ထီ စ အယမေကိကာ။
တေနာဟံ ပဋိပဇ္ဇိဿံ၊
ဂစ္ဆထ ပက္ခိပထေဝ တံ။

သဗ္ဗောဝ လောကော = တိုင်းသားပြည်သူ ဗိုလ်လူ အားလုံးသည်ပင်။ ဧကတော— (ဋ္ဌိတော) = အိမ်ရှေ့ အကြိုက် မျက်နှာကြီးလိုက်ကာ တဖက်သတ်ရပ်တည်လာ ချေ၏။ အယံ စ ဣတ္ထီ = အဂ္ဂမဟေသီ ဤမိဖုရားသည် ကား။ ဧကိကာ = မျက်နှာငယ်ကာ တယောက်ထီးဖြစ် ရရှာ၏။ တေန = ထိုသို့ ဗိုလ်လူခပင်း မျက်နှာလိုက်ကြ ခြင်းကြောင့်။ အဟံ = ပြည့်ကြီးဥက္ကဋ္ဌ ငါသမ္မုတိနတ် သည်။ ပဋိပဇ္ဇိဿံ = မိဖုရား၏စကားကိုသာ လိုက်နာကျင့် သုံးပေတော့အံ့။ ဂစ္ဆထ = သွားကြကုန်။ တံ = ထိုသစ္စာ ဖောက်ပြား ပဒုမမင်းသားကို။ ပက္ခိပထေဝ =စောရ ပပါတချောက်ကမ်းပါးသို့ လျင်လျားခဏ ယခုပင်ပစ်ချ ကြကုန်လော့။—

ဟူသော ဤရှစ်ခုမြောက် အမိန့်ပေးဂါထာကို ရွတ်ဆိုလေ၏။

ဤသို့ ပြည့်ရှင်မင်းကြီးက တချက်လွှတ် အာဏာထုတ်ဆင့် သောအခါ မင်းမိန်းမပေါင်း တသောင်းခြောက်ထောင်တို့အနက် တဦးတယောက်မျှ ပကတိအနေဖြင့် မတည်နိုင်ကြကုန်၊ သည်း ထန်စွာ ငိုကြွေးကြကုန်၏။ မြို့နေသူ လူအားလုံးတို့သည် လက်ရုံး လက်မောင်းကိုမြှောက်ချီကြကာ အထူးထူးအထွေထွေ မြည်တမ်း ကြ၍ ဆံပင်တို့ကို ဖရိုဖရဲ ကြဲဖြန့်ကြလျက် ငိုကြွေးလိုက်ပါကြလေ ကုန်၏။ မင်းမိုက်သည် "ဤလူများကား ဤမင်းသားကို ချောက်

http://www.dhammadownload.com



ကမ်းပါး၌ ပစ်ချခြင်းအမှုကို တားမြစ်ကောင်း တားမြစ်ကြလိမ့်မည်"ဟု ကြံစည်အောက်မေ့ကာ ကိုယ်တိုင်ပင် အခြံအရံများနှင့်တကွ ထွက်ချီ၍ လူများအပေါင်း ဝိုင်းကြွေးကြစဉ်ပင် အလောင်းတော် အိမ်ရှေ့မင်းသားကို ဦးခေါင်းကိုအောက် ခြေထောက်ကိုအထက် (ဦးစိုက်ထွမ်းပြန်)ပြုလုပ်ကာ ကိုင်စေပြီးမှ စောရပပါတချောက်ကမ်းပါး၌ ရက်စက်စွာ ပစ်ချစေလေ၏။

**အလောင်းတော်၏ မေတ္တာတန်ခိုး**

ထိုအခါ အလောင်းတော်၏ မေတ္တာတန်ခိုးကြောင့် တောင်စောင့်နတ်သည် ကိုယ်ထင်ပြကာ"မဟာပဒုမ··· သင် မကြောက်လင့်"ဟု အလောင်းတော်ကို အားပေးစကားပြောကြားသက်သာစေပြီးလျှင် လက်နှစ်ဖက်တို့ဖြင့် ပွေ့ပိုက်ကာ ရင်၌အပ်၍ နတ်၏အတွေ့ကို အလောင်းတော်တကိုယ်လုံး နှံ့စေပြီးနောက် တောင်အောက်သို့သက်၍ တောင်ခြေ၌နေသော နဂါးမင်း၏ ပါးပျဉ်းထက်၌ အလောင်းတော်ကို ထားလေ၏။

နဂါးမင်းသည် ဘုရားအလောင်းတော် မဟာပဒုမမင်းသားကို နဂါးပြည်သို့ယူဆောင်၍ မိမိ၏စည်းစိမ်တဝက်ကို အလောင်းတော် မင်းသားအား ခွဲဝေပေးလေ၏။ ဘုရားအလောင်းတော်သည် နဂါးပြည်၌ တနှစ်ပတ်လုံး ချမ်းသာစွာနေပြီးသော် နဂါးမင်းကို "လူ့ရပ်ခရီးသို့ သွားတော့အံ့" ဟု ခွင့်ပန်စကားပြောကြား၍ နဂါးမင်းက "အဘယ်အရပ်သို့ သွားလိုသနည်း"ဟု မေးသဖြင့် အလောင်းတော်သူမြတ်သည် "ဟိမဝန္တာသို့ သွား၍ရဟန်းပြုပေအံ့" ဟူ၍ မိန့်ဆိုတော်မူလေ၏။ နဂါးမင်းသည် "ကောင်းပြီ"ဟု ဝန်ခံကာ ဘုရားအလောင်းတော်ကို ယူဆောင်ခဲ့၍ လူ့ရပ်လူ့ရွာ ဟိမဝန္တာ၌ ထားပြီးလျှင် ဘုရားအလောင်းတော်အား ရသေ့ရဟန်း ပရိက္ခရာအသုံးအဆောင်များကို ပေးခဲ့ပြီး မိမိ၏နေရာ နဂါးပြည်သို့ ပြန်သွားလေ၏။ ဘုရားအလောင်းမဟာပဒုမ မင်းသားသည်လည်း ဟိမဝန္တာတောသို့ ဝင်ပြီးလျှင်ရသေ့ ရဟန်း ပြုလုပ်ပြီးနောက် ဈာန်အဘိညာဏ်တရားများကို

http://www.dhammadownload.com



ဖြစ်ပွါးစေပြီးလျှင် တောသစ်မြစ် သစ်သီး အစာအာဟာရတို့ဖြင့် မျှတတော်မူကာ ဟိမဝန္တာ၌ ချမ်းသာစွာ နေထိုင်တော်မူလေ၏။

ထိုနောက် တနေ့သ၌ ဗာရာဏသီပြည်သား မုဆိုးတယောက်သည် ဘုရားအလောင်းတော်၏ နေရာဌာနသို့ ရောက်ရှိပြီးကာ ဘုရားအလောင်းတော်ကို မှတ်မိ၍ "အို မင်းမြတ်…· အရှင်သည် မဟာပဒုမ မင်းသား မဟုတ်လော" ဟု မေး၍ "အိမ်း…· ဟုတ်သည် အချင်း" ဟု ဖြေဆိုလတ်သော် မုဆိုးသည် ဘုရားအလောင်းတော် မဟာပဒုမ ရသေ့သူမြတ်ကို ရှိခိုး၍ နှစ်ရက် သုံးရက်ခန့် ထိုအရပ်၌ နေပြီးနောက် ဗာရာဏသီပြည်သို့ ပြန်လာ၍ မင်းကြီးအား "အို အရှင်မင်းမြတ်…·အရှင်မင်းမြတ်၏သားတော် မဟာပဒုမ မင်းသားသည် ဟိမဝန္တာအရပ်၌ ရသေ့ ရဟန်း ပြုလုပ်၍ သခ်မ်း ကျောင်း ၌ နေ ထိုင် လျက် ရှိ ပါ သည်၊ အ ကျွန်ုပ် သည် ထို မဟာပဒုမ မင်းသား၏ အထံ၌ နှစ်ရက် သုံးရက်ခန့် နေပြီးမှ ယခု ပြန်လာခဲ့ပါသည်" ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးက "သင်ကိုယ်တိုင် မြင်အပ်ခဲ့သလော" ဟု မေး၍ "အိမ်း…·မြင်အပ်ခဲ့ပါသည် အရှင်မင်းကြီး…·" ဟူ၍ ပြန်ကြားလျှောက်ထားလေ၏။

မင်းကြီးသည် များစွာသော စစ်သည်ဗိုလ်ပါ ရဲမက်အပေါင်း ခြံရံလျက် ထိုအရပ်သို့ သွားရောက်၍ တောစွန်၌ သစ်ခက် (ယာယီ) တဲနန်း ဆောက်လုပ်ကာ တပ်စခန်းချပြီးလျှင် အမတ်အပေါင်း ခြံရံလျက် သခ်မ်းကျောင်းသို့ သွားလေလျှင် သခ်မ်းကျောင်းတံခါးဝ၌ ရွှေစင်ရုပ်တုအတူ ထိုင်နေတော်မူသော ဘုရားအလောင်းတော်ကို ပက်ပင်းပါ တွေ့မြင်၍ ရှိခိုးပြီးလျှင် သင့်လျှောက်ပတ်ရာ နေရာ၌ ထိုင်နေလေ၏။ အမတ်တို့သည်လည်း အစေ့အစပ်စကား ပြောကြားပြီးလျှင် ထိုင်နေကြကုန်၏။ ဘုရားအလောင်းတော်သည်လည်း မင်းကြီးကို (မိမိ၌ရှိသော သစ်သီးစမ်းရေတို့ဖြင့်) ဖိတ်မန်ပန်ကြားမှု ပြုပြီးလျှင် အစေ့အစပ်စကား ပြောကြားတော်မူလေ၏။

ထို့ နောင် မှ　မင်း ကြီး သည်　ဘု ရား အ လောင်း တော် ကို "ချစ်သား…·ငါသည် သင့်ကို အလွှန်နက်လှသော စောရပပါတ

http://www.dhammadownload.com



ချောက်၌ ဦးစိုက်ငွမ်းပြန် ပစ်ချစေအပ်ပါလျက် သင်ချစ်သားသည် ဘယ်ပုံဘယ်နည်းဖြင့် အသက်ရှင်လျက် ရှိနေပါသနည်း" ဟု မေးမြန်းလိုရကား—

(၉) အနေကတာလေ နရကေ၊
ဂန္တိရေ စ သုဒုတ္တရေ။
ပါတိတော ဂိရိဒုဂ္ဂသ္မိံ၊
ကေန တွံ တတ္ထ နာမရိ။

တာတ = ချစ်သား····။ အနေကတာလေ = ထန်းအဆက်များစွာ ပမာဏရှိသော။ ဂန္တိရေ စ = ကြောက်မက်ဖွယ်ရာ နက်လည်း နက်စွာထသော။ သုဒုတ္တရေ = ကူးမြောက်ခြင်းငှါ ခဲယဉ်းစွာထသော။ နရကေ ဂိရိဒုဂ္ဂသ္မိံ = စောရပပါတ အမည်ရသား အသွားရခက် လွတ်ထွက်ဖို့ခဲ ချောက်ကမ်းပါးထဲ၌။ ပါတိတော = ဦးစိုက်ငွမ်းပြန် အပစ်အချခံရပါလျက်။ တွံ = သင်ချစ်သားသည်။ ကေန = ဘယ်သို့ဖန်တောင်း ဘယ်အကြောင်းကြောင့်။ တတ္ထ = ထိုကြောက်ဖွယ်လွန်ကဲ နရက်ချောက်ထဲ၌။ နာမရိ = အသက်မသေ ရှင်၍နေရပါသနည်း။—

ဟူသော ၉- ခုမြောက်ဂါထာကို ရွတ်ဆိုလေသည်။ ထိုနောက် သားတော်နှင့် ခမည်းတော်တို့ ဤဆိုလတ္တံ့သောအတိုင်း မြေကြမေးကြလေသည်—

(၁၀) နာဂေါ ဇာတဖဏော တတ္ထ၊
ထာမဝါ ဂိရိသာနုဇော။
ပစ္စဂ္ဂဟိ မံ ဘောဂေဟိ၊
တေနာဟံ တတ္ထ နာမရိံ။

တာတ = ခမည်းတော်မြတ် သောင်းလုံးနတ်····။ တတ္ထ = ထိုကြောက်ဖွယ်လွန်ကဲ နရက်ချောက်ထဲ၌။ ထာမဝါ = အားအစွမ်းနှင့် ခိုင်ကျန်းလောက်လုံ ပြည့်စုံစွာသော။ ဂိရိသာနုဇော = တောင်ယဉ်တောင်ဖွမ်း၌ ဖြစ်ထွန်းသန္ဓေ ပေါက်ပွါးပေထသော။ နာဂေါ = နဂါးမင်း

http://www.dhammadownload.com



သည်။ ဇာတတဖဏော = တန်ခိုးဇွဲဒ္ဓိ ကြီးစွာဖန်ဆင်းအပ်သော ပါးပျဉ်းရှိသည်ဖြစ်လျက်။ မံ = အကျွန်ုပ် (သား တော်)ကို။ ပစ္စဂ္ဂဟိ = တောင်စောင့် နတ်မင်းလက်မှ ဆက်၍တဖန် ခံယူခဲ့လေပြီ။ တေန = ထိုသို့ဖန်တောင်း ထိုအကြောင်းကြောင့်။ အဟံ = အကျွန်ုပ် (သားတော်) သည်။ တတ္ထ = ထိုကြောက်ဖွယ်လွန်ကဲ နရက်ချောက် ထဲ၌။ နာမရိ = အသက်မသေ ရှင်၍နေပါ၏။

(ဤကား သားတော် ဖြေကြားအပ်သော ဂါထာတည်း)။

ဤသို့ အလောင်းတော်မဟာပဒုမရှင်ရသေ့က ဖြေကြားအပ်သောအခါ ခမည်းတော်မင်းကြီးသည် အလွန်ဝမ်းမြောက် နှစ်သက်ခြင်းသို့ ရောက်လျက် "ချစ်သား ···· ငါကား ပညာအန္ဓလူ့ဗာလဖြစ်သောကြောင့် မိန်းမ၏စကားကို နာယူမှတ်မှားကာ ဤကဲ့သို့ ကိုယ်ကျင့်တရားနှင့် ပြည့်စုံသော သင်ချစ်သားအပေါ်၌ ချွတ်ချော်တိမ်းပါး ပြုမှားခဲ့ပါပြီ၊ ခမည်းတော်၏ မတော်ချွတ်မှား အပြစ်များကို သနားရှေးရှု သည်းခံတော်မူပါ"ဟု တော်းပန်ဝန်ချစကား ပြောကြားကာ ဘုရားအလောင်းတော်၏ ခြေတော်တို့၌ တုံ့ဝပ်ဦးခိုက်လတ်သော် ဘုရားအလောင်းတော် မဟာပဒုမရှင်ရသေ့က"မြတ်သောမင်းကြီး····ထတော်မူပါ၊ သင်၏အပြစ်ကို ငါသည်းခံပါ၏၊ ဤအခါမှ နောက်ကာလ၌မူ နောက်ထပ်တဖန် ဤကဲ့သို့ မစူးမစမ်း မဆင်မခြင် ပြုလုပ်သူ မဖြစ်ပါလေလင့်" ဟု ခွင့်ပြုကျေနပ်သည့်စကား ပြောကြားတော်မူလေလျှင် ခမည်းတော်မင်းကြီးသည် "ချစ်သား····သင်ချစ်သားသည် တိုင်းပြည်သို့ ပြန်တော်မူကာ အဖ၏အရိုက်အရာ မင်းစည်းစိမ်ကို လက်ခံ၍ ထီးဖြူစိုက်ဆောက် မင်းပြုလုပ်မှသာလျှင် ဖခမည်းတော်အပေါ် သည်းခံတော်မူရာရောက်ပါမည်"ဟု ပြောဆိုလိုရကား—

(၁၁) ဧဟိ တံ ပဋိနေဿာမိ၊
ရာဇပုတ္တ သကံ ဃရံ။
ရဇ္ဇံ ကာရေဟိ ဘဒ္ဒန္တေ၊
ကိံ အရညေ ကရိဿသိ။

http://www.dhammadownload.com



ရာဇပုတ္တ = မဟာနွယ်ဖွား အို (သားတော်) ပဒုမမင်းသား….။ ဧဟိ = လာပါလော့။ တံ = သင်ချစ်သားကို။ သကံ ဃရံ = မွေးဖရိုက်ရာ ကိုယ့်ဥစ္စာတည်ဲ နိမ္မာနှုန်းလျော် ဗာရာဏသီရွှေနန်းတော်သို့။ ပဋိနေဿာမိ = ဖြူထီးလှစ်ဖွင့် ဆောင်ပင့်ပေတော့အံ့။ တေ = သင်ချစ်သား၏။ ဘဒ္ဒံ = ကောင်းခြင်းမင်္ဂလာသည်။ ဟောတု = ဖြစ်ပါစေသတည်း။ ရဇ္ဇံ = ဗာရာဏသီ ပြည်ပူရိဝယ် ဘုန်းရည်လျှံသစ် မင်းအဖြစ်ကို။ ကာရေဟိ = ပြုတော်မူပါလော့။ အရညေ = လူသူမနီး ဤတောကြီး၌။ ကိံ ကရိဿသိ = တိုင်းသားပြည်သူ ဗိုလ်လူမျိုးနွယ် ကောင်းကျိုးကြွယ်အောင် အဘယ်အမှု ပြုနိုင်ချိမ့်မည်နည်း။—

ဟူသော ဤဂါထာဖြင့် တိုင်းတော်ပြည်တော်သို့ပြန်၍ မင်းပြုလုပ်ရန် တောင်းပန်ပင့်ဖိတ်လေသည်။ ထိုအခါ အလောင်းတော်သူမြတ်က—

(၁၂) ယထာ ဂိလိတွာ ဗဠိသံ၊
ဥဒ္ဓရေယျ သလောဟိတံ။
ဥဒ္ဓရိတွာ သုခီ အဿ၊
ဧဝံ ပဿာမိ အတ္တနံ။

တာတ = ခမည်းတော်မြတ် အို သမ္ဘုနတ်….။ ပုရိသော = အမှတ်မထား ယောကျ်ား တယောက် ယောက်သည်။ ဗဠိသံ = ငါးမျှားချိတ်ကို။ ဂိလိတွာ = သတိမထား အမှတ်မဲ့မျိုမှားမိ၍။ သလောဟိတံ = အလျှံနီတွေး သွေးနှင့်တကွ။ ဥဒ္ဓရေယျ = နှလုံးအညှို- စသည်သို့မရောက်ခင် အလျင်အမြန် ထွေးအန်ထုတ်ဆောင်လေရာ၏။ ဥဒ္ဓရိတွာ = အလျင် အမြန် ထွေးအန် ထုတ်ဆောင်ပြီးလတ်သော်။ သုခီ = ကိုယ်စိတ် နှစ် ဖြာ ချမ်း သာ ခြင်း ရှိသည်။ အဿ ယထာ = ကေန်စင်စစ် ဖြစ်လေရာ၏သို့။ ဧဝံ = ဤအတူ။ (အဟံ = မဟာပဒုမ နာမသမုတ် သားတော် အကျွန်ုပ်သည်)။ အတ္တာနံ = မိမိကိုယ်ကို။ ပဿာမိ =

http://www.dhammadownload.com



ငါးမျှားချိတ်ကိုမျိုမှား ထိုယောက်ျားသည် လျှင်လျှား မကြာ ထွေးအန်ကာဖြင့် ချမ်းသာမျက်မှောက် ရောက်သည့်အသွင် ဉာဏ်ဖြင့် မြင်နေပါ၏။—

ဟူ၍ ဖြေကြားတော်မူလေလျှင် တဖန်ထပ်၍ မင်းကြီးသည်—

(၁၃) ကိံ နု တွံ ဗဠိသံ ဗြူသိ၊
ကိံ တွံ ဗြူသိ သလောဟိတံ။
ကိံ နု တွံ ဥဗ္ဘတံ ဗြူသိ၊
တံ မေ အက္ခာဟိ ပုစ္ဆိတော။

တာတ = ချစ်သား....။တွံ = သင်ချစ်သားသည်။ကိံ နု = အဘယ် အရာကို။ ဗဠိသံ = ငါးမျှားချိတ် ဟူ၍။ ဗြူသိ = ပညာမောက်မို သူ့ထက်ပို၍ ဆိုလိုတော်မူပါသနည်း။ ကိံ = အဘယ်အရာကို။ သလောဟိတံ = အလျှံနီတွေး သွေးနှင့်တကွဟူ၍။ ဗြူသိ = ပညာမောက်မို သူ့ထက်ပို၍ ဆိုလိုတော်မူပါသနည်း။တွံ = သင်ချစ်သားသည်။ ကိံ နု = အဘယ်အရာကို။ ဥဗ္ဘတံ = အလျင်အမြန် ထွေးအန်ထုတ်ဆောင်ခြင်းဟူ၍။ ဗြူသိ = ပညာမောက်မို သူ့ထက်ပို၍ ဆိုလိုတော်မူပါသနည်း။ ပုစ္ဆိတော = ပြဿနာနက်လေး သိလိုရေးဖြင့် မေးအပ်ပေငြား သင်ချစ်သားသည်။ တံ = ထိုအကြောင်းကို။ မေ = ငါ့အား။ အက္ခာဟိ = အဖြေစကား ပြန်ကြားပါလော့။—

ဟူ၍ မေးမြန်းတော်မူလေ၏။ ထိုအခါ အလောင်းတော် မဟာပဒုမရှင်ရသေ့သည်—

(၁၄) ကာမာဟံ ဗဠိသံ ဗြူမိ၊
ဟတ္ထိအဿံ သလောဟိတံ။
စတ္တာဟံ ဥဗ္ဘတံ ဗြူမိ၊
ဧဝံ ဇာနာဟိ ခတ္တိယ။

http://www.dhammadownload.com



ခတ္တိယ = ရေမြေသနင်း အိုခမည်းတော်မင်း....။ အဟံ = မဟာပဒုမ နာမသမုတ် သားတော်အကျွန်ုပ်သည်။ ကာမေ = ငါးပါးအာရုံ ကာမဂုဏ်တို့ကို။ ဗဠ္ဌိသံ = စူးဝင်သတ်နှိပ် ငါးမျှားချိတ်ဟူ၍။ မြူမိ = ပညာကသိဏ်း ဉာဏ်မြင့်နှိုင်း၍ မှန်တိုင်းနှစ်လို မြွက်ဆိုပါ၏။ ဟတ္တိ-အဿံ = ဆင်မြင်းရထား စရှိပြားသည့် များလှဂုဏ်သိရ် အထွေထွေသောစည်းစိမ်အစုကို။ သလောဟိတံ = အလျှံနီတွေး သွေးနှင့်တကွဟူ၍။ မြူမိ = ပညာကသိဏ်း ဉာဏ်မြင့်နှိုင်း၍ မှန်တိုင်းနှစ်လို အကျွန်ုပ်မြွက်ဆိုပါ၏။ အဟံ = သားတော်အကျွန်ုပ်သည်။ စတ္တံ = အာရုံငါးသင်း စွန့်ပယ်ရခြင်းကို။ ဥဏှတံ = အလျှင်အမြန် ထွေးအန်ထုတ်ဆောင်ရခြင်းဟူ၍။ မြူမိ=ပညာကသိဏ်း ဉာဏ်မြင့်နှိုင်း၍ မှန်တိုင်းနှစ်လို မြွက်ဆိုပါ၏။ ဧဝံ = ဤသို့။ (တွံ = သင်ခမည်းတော်မြတ် သောင်းလုံးနတ်သည်)။ ဇာနာဟိ = နက်နဲဝိတ္ထာ အမိပ္ပါယ်ကို စိတ်ဖြာခွဲယူ ပညာဖြင့်သိတော်မူပါလော့။—

ဟူ၍ မင်းကြီး၏အမေးကို ရှင်းလင်းဖြေကြားတော်မူပြီးလျှင် "မြတ်သောမင်းကြီး .... ဤဆိုအပ်ပြီးသောအတိုင်း ငါ့အဖို့ရာ ဗာရာဏသီမင်း အဖြစ်ဖြင့် ပြုဖွယ်ကိစ္စ လုံးဝမရှိ ဖြစ်ချေသည်၊ အထူးမှာကြားလိုသည်မှာ သင်ခမည်းတော်မင်းကြီးသည် ရာဇဓိဆယ်ပါး မင်းကျင့်တရားတို့ကို မပျက်ပြားစေပဲ အဂတိလေးပါးပယ်ရှားပြီးလျှင် တရားသဖြင့် မင်းပြုတော်မူပါလော့" ဟူ၍ ခမည်းတော် မင်းကြီးအား အဆုံးအမ ဩဝါဒကို ပေးတော်မူလေ၏။

**မင်းကြီး ပြည်တော်ပြန်၍ မိဖုရားအား အပြစ်ပေးခြင်း**

ခမည်းတော်မင်းကြီးသည် သားတော်ကို အကြိမ်ကြိမ် ရွှေနန်းတော်သို့ ပင့်ခေါ်ပါသော်လည်း မရရှိပဲ ငိုကြွေးမြည်တမ်းကာ မြို့တော်သို့ ပြန်လေသော် လမ်းခရီးအကြား၌ မှူးမတ်များကို "မှူးမတ်တို့....ငါသည် အဘယ်သူ့ကို အမှီပြု၍ ဤသို့သော ဂုဏ်ကျေးဇူး အထူးရှိသည့် သားတော်နှင့် ကွေကွင်းခြင်းသို့ ရောက်ရ

http://www.dhammadownload.com



သနည်း”ဟု မေးမြန်းလေ၏။ မှူးမတ်တို့က “အရှင်မင်းကြီး…. အဂ္ဂမဟေသီ မိဖုရားကြီးကို အမှီပြု၍ ဤသို့သော ဂုဏ်ကျေးဇူး အထူးရှိသည့် သားတော်နှင့် ကွေကွင်း ကွဲကွာခြင်းသို့ ရောက်ရ ပါသည်”ဟု တညီတညွတ်တည်း တင်လျှောက်ကြ၍ တိုင်းပြည်သို့ ရောက်သောအခါ မိဖုရားကြီးကို ဦးစိုက်ဈွမ်းပြန် ကိုင်ယူစေကာ စောရပပါတချောက်၌ ပစ်ချစေ၍ မြို့သို့ဝင်ပြီးလျှင် တရားသဖြင့် မင်းပြုတော်မူလေသည်။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ထုတ်ဆောင်ဟော ပြတော်မူ၍ “ရဟန်းတို့….ဤသို့လျှင် ဤစိဉ္စမာန်သည် ရှေးအခါ တုန်းကလည်း ငါ့ကို ဆဲရေးပြစ်မှား ဂုံးတိုက်စကား ပြောခဲ့၍ ကြီးစွာပျက်စီးခြင်းသို့ ရောက်ခဲ့ရလေပြီ”ဟု ဟောတော်မူ၍—

(၁၅) စိဉ္စမာဏဝိကာ မာတာ၊
ဒေဝဒတ္တော စ မေ ပိတာ။
အာနန္ဒော ပဏ္ဍိတော နာဂေါ၊
သာရိပုတ္တော စ ဒေဝတာ။
ရာဇပုတ္တော အဟံ အာသိံ၊
ဧဝံ ဓာရေထ ဇာတကံ။

ရဟန်းတို့…. ယခုအခါ၌ စိဉ္စမာန်သည် ထိုစဉ်အခါ၌ မိထွေး မိဖုရား ဖြစ်ခဲ့ပြီ၊ ယခုအခါ ယောက်ဖတော် ဒေဝဒတ်သည် ထိုစဉ်အခါ ခမည်းတော်မင်းကြီး ဖြစ်ခဲ့ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုစဉ်အခါ ပညာရှိ နဂါးမင်း ဖြစ်ခဲ့ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုစဉ်အခါ မတောင်စောင့်နတ်မင်း ဖြစ်ခဲ့ပြီ၊ ယခုအခါ ငါဘုရားသည် ထိုစဉ်အခါ မဟာပဒုမ မင်းသား ဖြစ်ခဲ့ပြီ၊ ဤသို့ ဤ မဟာ-ပဒုမဇာတ်ကို မှတ်ယူကြကုန်လော့—

ဟူသော ဤနောက်ဆုံးဂါထာဖြင့် ဇာတ်တော်ကို ပေါင်းတော် မူလေ၏။ ။(ဤကား မဟာပဒုမဇာတ်တော်တည်း)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဖော်ပြရာပါ ဤမဟာပဒုမဇာတ်အကြောင်းအရာကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူပြီးလျှင် "ရဟန်းတို့.... အမှန်စကား ပြောကြားခြင်း တရားတခုကို ပယ်စွန့်၍ မဟုတ်စကား ပြောကြားခြင်း မုသာဝါဒ၌ တည်ကြလျက် တမလွန်လောက၌ ရရှိခံစားကြရမည့် လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာတရားကို ကျော်လွှားစွန့်ပယ်ပြီး ဖြစ်ကြသည့် မုသာဝါဒသမားတို့၏အဖို့မှာ သူတို့မပြုဝံ့သော မကောင်းမှုဟူ၍ မရှိတော့ပြီ" ဟု မိန့်ဆိုတော်မူ၍—

ဧကံ ဓမ္မံ အတီတဿ၊
မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊
နတ္ထိ ပါပံ အကာရိယံ။

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားတို့....။ ဧကံ ဓမ္မံ = သစ္စာစကား တခုသောတရားကို။ အတီတဿ = ကျူးကျော်ဖောက်ဖျက်လျက်။ မုသာဝါဒိဿ = မမှန်စကား ပြောကြားလေ့ရှိသော။ (ဝါ = ပြောကြားလေ့ရှိသောကြောင့်)။ ဝိတိဏ္ဏပရလောကဿ = တမလွန်လောကဟိုဘဝဝယ် သုခသုံးပါး ချမ်းသာများကို ပယ်ရှားလွန်မြောက်ပြီးဖြစ်၍နေသော။ ဇန္တုနော = လူ့အပေါင်းစာ သတ္တဝါ၏ (အဖို့မှာ)။ အကာရိယံ ပါပံ = ချင်းမပြုဝံ့သည့် ဒုစရိုက်အမှုသည်။ နတ္ထိ = တစိုးတစိ မရှိတော့ချေ။ (မုသာဝါဒ ဒုစရိုက်မှုကို ပြုဝံ့သူသည် မည်သည့်ဒုစရိုက်မှုမျိုးကိုမဆို ပြုဝံ့တော့သည်သာ ဟု ဆိုလို၏)—

ဟူသော ဤတရားဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာနိဂုံး ဆုံးလတ်သောအခါ များစွာသော တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။

(ဤကား စိဉ္စမာဏဝိကာ မိန်းမယုတ် စွပ်စွဲလာသော အကြောင်းအရာ အကျယ်စကားရပ်ထည်း)။

http://www.dhammadownload.com



**စိဉ္စမာဏဝိကာမိန်းမယုတ်က ဤကဲ့သို့ မဟုတ်မတရား အစွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်း**

ဤသို့ စိဉ္စမာဏဝိကာ မိန်းမယုတ်က မဟုတ်မတရား အစွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်းကား—

လေးအသင်္ချေကမ္ဘာတသိန်းကာလ၏ ဟိုဘက် (နိယတဗျာဒိတ်မခံရမီ) တခုသော ဘဝဝယ် ဘုရားအလောင်းတော်သည် မကောင်းသောပါပမိတ်တို့နှင့် ပေါင်းသင်းဆက်ဆံမှု ပြုလုပ်ကာ အယောနိသော မနသိကာရ ပြောများသူတယောက်ဖြစ်ခဲ့၍ ထိုအခါ၌ ပွင့်ထွန်းတော်မူသော "သဗ္ဗာဘိဘူ" အမည်တော်ရှိသော မြတ်စွာဘုရား၏ တပည့်သာဝက "နန္ဒ" အမည်ရှိသော ရဟန္တာမထေရ်မြတ်ကို မာတုဂါမတဦးနှင့် မဟုတ်မတရား စွပ်စွဲပြောဆိုမှု အရိယူပဝါဒအကုသိုလ်ကံကြီးကို ပြုမှားခဲ့လေသည်။

ထိုအကုသိုလ် ကံကြောင့် ငရဲ၌ နှစ်ပေါင်း များစွာ ရှည်ကြာဆင်းရဲကြီးစွာ ခံစားခဲ့ရပြီးနောက် လူ့ဘဝပေါင်း များစွာတို့၌လည်း မဟုတ်မတရား အစွပ်အစွဲခံရ၍ ထိုအကုသိုလ်ကံကြွင်းကြောင့်ပင် ဤနောက်ဆုံး ပစ္ဆိမ ဘုရားဖြစ်သောဘဝ၌လည်း ပရိသတ် လေးပါးတို့၏ အလယ်၌ ရှက်ဖွယ်လိလိ စိဉ္စမာဏဝိကာ မိန်းမယုတ်၏ မဟုတ်မတရား ဤကဲ့သို့ အစွပ်အစွဲကို ခံတော်မူရလေသည်။

ဤအကြောင်းကို အပဒါန်ပါဠိတော် ပဌမအုပ် (စာမျက်နှာ ၃၄၆+၇)၊ ၃၉-အဝဋ္ဋဖလဝဂ်၊ ၁၀-ပုဗ္ဗကမ္မပိလောတိကဗုဒ္ဓအပဒါန်၌—

> သဗ္ဗာဘိဘုဿ ဗုဒ္ဓဿ၊
> နန္ဒော နာမာသိ သာဝကော။
> တံ အဗ္ဘက္ခာယ နိရယေ၊
> စိရံ သံသရိတံ မယာ။—

http://www.dhammadownload.com



အစရှိသည်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့လေသည်။ ပါဠိနှင့် မြန်မာ အပြည့်အစုံကို ထိုပါဠိတော်နှင့် ဇင်္ဂကတ်မြန်မာပြန်မှ ထုတ်ယူမှတ်သားကုန်ရာ၏။

(ဤကား စိဉ္စမာဏဝိကာမိန်းမယုတ်က မဟုတ်မတရား အစွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်းတည်း။)

### သုန္ဒရီပရိဗိုဇ်မဖြင့် စွပ်စွဲလာခြင်းအကြောင်း

ရှေး၌ ဆိုအပ်ပြီးသောအတိုင်း သာသနာပြင်ပ ဗာဟိရက အယူရှိကြသော တိတ္ထိတို့သည် မိမိတို့၏ လာဘ်ပူဇော်သက္ကာရ ခေါင်းပါးမှုကို အကြောင်းပြု၍ မိစ္ဆာ ပယောဂ အလုပ်ကို အားထုတ်သောအားဖြင့် စိဉ္စမာဏဝိကာ မည်သော မိန်းမယုတ် ပရိဗိုဇ်မဖြင့် မဟုတ်မတရား မြတ်စွာဘုရားရှင်ကို အရှက်တကွဲ အကျိုးနဲအောင် စွပ်စွဲကြသကဲ့သို့ပင် အခါတပါး၌ မြတ်စွာဘုရားရှင်ကို သာဝတ္ထိပြည်၌ နေတော်မူစဉ်ပင် သုန္ဒရီမည်သော ပရိဗိုဇ်မဖြင့်လည်း အရှက်တကွဲ အကျိုးနဲအောင် စွပ်စွဲကြလေသည်။ ထိုအကြောင်းအရာကို (ဥဒါန်းပါဠိတော်၊ ၄-မေဃိယဝဂ်၊ ၈-သုန္ဒရီသုတ် ပါဠိ အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း) ဤ၌ ဆက်၍ ဖော်ပြဦးအံ့။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ မြတ်စွာဘုရားရှင်နှင့် တကွ ရဟန်းသံဃာအပေါင်းမှာ လူနတ်တို့က အရိုအသေပြုအပ် အလေးအမြတ်ပြုအပ် မြတ်နိုးအပ် ပူဇော်အပ် လေးနာအပ်လျက် သင်္ကန်း, ဆွမ်း,ကျောင်း,ဆေး = ပစ္စည်းလေးပါးတို့ကို ရလွယ်တော်မူကြသလောက်ပင်(တဖက်သော ချိန်ခွင်ပေါင်ကဲ့သို့) သာသနာပြင်ပ ဗာဟိရက အယူရှိကြသော တိတ္ထိတို့မှာ ပစ္စည်းလေးပါး ခေါင်းပါးကြလေကုန်သည်။ (မြတ်စွာဘုရားရှင်နှင့် ရဟန်း သံဃာအပေါင်းမှာ ရှေးကောင်းမှု အားကြီးလှသော ကြောင့်ရင်း,ဤပစ္စုပ္ပန်ဘဝ၌ အကျင့်မှန်သောကြောင့်ရင်း မြစ်ကြီးနှစ်သွယ်မှ စုံပေါင်းစီးဆင်း၍ကျလာသော ရေအယဉ်ကြီးပမာ

http://www.dhammadownload.com



ပစ္စည်းလေးဖြာ လာဘ်လာဘ မန္ကိုင်းယှဉ်နိုင်လောက်အောင်ပင် ပေါများလှလေသည်။ တိတ္ထိတို့မှာကား ရှေးကောင်းမှုကုသိုလ်ကံ မရှိကြသောကြောင့်ငင်း, ပစ္စုပ္ပန်ဘဝ၌ အကျင့်မမှန်သောကြောင့်ငင်း ပစ္စည်းလေးဖြာ လာဘ်ပူဇော်သက္ကာရတို့ ခေါင်းပါးကြခြင်း ဖြစ်လေသည်)။

ထိုအချိန်၌ သာဝတ္ထိပြည်ဝယ် သုန္ဒရီ မည်သော ပရိဗိုဇ်မသည် ပရိဗိုဇ်မတကာတို့ထက် အဆင်း ပြည့်ကြွယ် ရှုချင်ဖွယ် အဆစ်အချိုး ပြေပြစ်သူဖြစ်လျက် အရွယ်အားဖြင့်လည်း လှပတင့်တယ်သည့် အရွယ်မှာပင် တည်ရှိသူ ဖြစ်လေသည်။ ထိုသို့ အလွန်တင့်တယ်သူဖြစ်၍လည်း ထိုပရိဗိုဇ်မကို သုန္ဒရီ ဟူ၍ ခေါ်ဆိုကြလေသည်။ ထိုပရိဗိုဇ်မကား အဆင်းလှသလောက် အကျင့်တန်သူ ကိုယ်နှုတ် နှလုံး မစောင့်သုံး မထိန်းချုပ်သူ ဖြစ်လေသည်။

တိတ္ထိတို့သည် မြတ်စွာဘုရားရှင်နှင့် တကွ ရဟန်း သံဃာအပေါင်း၏ ပစ္စည်းလေးဖြာ လာဘ်လာဘပေါများမှုကို မရှုစိမ့် မနာလိုကြပဲ ဤဆိုလတ္တံ့သောအတိုင်း စည်းဝေး တိုင်ပင်ကြလေသည်—

> ငါတို့သည် ရဟန်းဂေါတမ ဖြစ်ပေါ်လာသည့်အချိန်က စ၍ ပျက်စီးခြင်း မလှ ပျက်စီးကြ၍ လာဘ်လာဘများ တနေ့ထက် တနေ့ ခေါင်းပါး လာကြရုံမျှ မက ငါတို့ကို ရှိသေး၏ဟုပင် တဦးတယောက်ကမျှ အသိအမှတ်မပြု တော့ပေ။ အဘယ်ကို အမှီပြု၍ လူအပေါင်းက ရဟန်း ဂေါတမ၌ အလွန်အမင်း ကြည်ညိုပြီးလျှင် အလွန်ကောင်း မြတ်သော ပူဇော်သက္ကာရမှုကို ပြုလေသနည်း—

ဟူ၍ မြတ်စွာဘုရားရှင်၏ ပစ္စည်းလေးဖြာ လာဘ်လာဘ ပေါများမှု၌ အခြေခံမူလ အကြောင်းရင်းကို စဉ်းစားဆင်ခြင် တိုင်ပင် ဆွေးနွေးကြရာ ထိုအစည်းအဝေး၌ တိတ္ထိဆရာတဦးက—

> အရှင်တို့····ရဟန်းဂေါတမသည် မဟာသမ္မတအနွယ် အဆက်မှ ဆင်းသက်တော်မူကာ အသင္တိန္န ခတ္တိယနွယ်ရိုး

http://www.dhammadownload.com



မြတ်သော သာကီဝင်မင်းမျိုး၌ ဖြစ်ပွါးလာသူ ဖြစ်လေသည်၊ ထို့ကြောင့် လူအပေါင်းက ဤမျှကြီးစွာ ပူဇော်သက္ကာရမှုကို ပြုကြခြင်းဖြစ်သည်—

ဟု မိမိ၏ အယူအဆကို တင်ပြပြောဆိုသောအခါ အခြားတိတ္ထိ ဆရာတဦးကလည်း—

ရဟန်းဂေါတမ မွေးဖွားစဉ်ကာလ၌ များစွာသော အံ့ဖွယ်သရဲများ ထူးခြားစွာ ဖြစ်ပေါ်ခြင်းကြောင့် လူအပေါင်းက ဤမျှကြီးစွာ ပူဇော်သက္ကာရမှုကို ပြုကြခြင်း ဖြစ်သည်—

ဟု မိမိ၏အယူအဆကို တင်ပြပြောဆိုလေသည်။ ထိုအတူပင်—

ဖွားမြင်ပြီးစ ဒေဝိလရှင်ရသေ့ကို ရှိခိုးစေရန် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက လက်နှစ်ဖက်ကို ယှက်ကာ ဒေဝိလရှင်ရသေ့ဖက်သို့ ဆောင်လတ်သည်တွင် အံ့ဩဖွယ်ရာ အလိုလိုပင် ခြေတော်များက ပျံတက်ကာ ဒေဝိလရှင်ရသေ့၏ ဦးခေါင်းဆံကျစ်တို့၌ တည်သောကြောင့် ဟူ၍ဎင်း,

လယ်ထွန်မင်္ဂလာပြုသောအခါ သပြေပင်ရိပ်၌ အလောင်းတော်သူမြတ်ကို သိပ်၍ထားရာ အခြားသစ်ပင်များ နေသွားအလိုက် အရိပ်ပြောင်းလည်းသော်လည်း အလောင်းတော် သူမြတ်ကို သိပ်ထားရာ သပြေပင်ရိပ်မှာ မွန်းလွဲသော်လည်း မူလအတိုင်း အရိပ်မပြောင်းပဲ တည်နေသောကြောင့် ဟူ၍ဎင်း,

အလွန်အမင်း အဆင်းလှသောကြောင့် ဟူ၍ဎင်း,

နိမိတ်ကြီးလေးပါးကို တွေ့မြင်ကာ သံဝေဂကြီးစွာ ရလျက် လက်တော်သို့ ရောက်အံ့ဆဲဆဲသော စကြာမင်း စည်းစိမ်ကိုစွန့်၍ ရဟန်းပြုသောကြောင့် လူအပေါင်းက ဤမျှကြီးစွာ ပူဇော်သက္ကာရမှုကို ပြုကြခြင်းဖြစ်သည် ဟူ၍ဎင်း—

http://www.dhammadownload.com



ဤသို့လျှင် တိတ္ထိဆရာကြီး အသီးသီးတို့သည် မြတ်စွာဘုရား၏ သူမတူတန်သော ပါရမီစာဂ စရိယာဂုဏ်ကျေးဇူးများကို မသိကြရကား မိမိတို့ ထင်ရာ မြင်ရာ မြတ်စွာဘုရားရှင်အား လူများအပေါင်းက မြတ်နိုး ပူဇော်ကြခြင်း၏ အကြောင်းများကို (တယောက်တပေါက်) ပြောဆိုကြပြီးလျှင် မြတ်စွာဘုရားရှင်၏ အပေါ်၌ လူအများ အကြည်ညိုမဲ့မည့် အကြောင်းအချက်များကို စဉ်းစားရှာကြံကြသောအခါ တစုံတခုသော အကြောင်းအချက်ကိုမျှ မတွေ့ရှိကြရကား "ငါတို့သည် အဘယ်သို့သောအကြောင်းဖြင့် ရဟန်းဂေါတမ၏ ကျေးဇူးမဲ့(=မကောင်းသတင်း)ကို ဖြစ်စေကြပြီးလျှင် ထိုရဟန်းဂေါတမ၏ လာဘ်ပူဇော်သက္ကာရကို ဘယ်လိုနည်းဖြင့် ပျက်စီးစေရပါမည်နည်း"ဟူ၍ အကြံယူတိုင်ပင်ကြလေသည်။ ထိုတိတ္ထိဆရာတို့အနက် ရက်စက် ကြမ်းကြုတ်ယုတ်ညစ်သော အကြံရှိသူ တိတ္ထိဆရာတဦးက—

> "အိုအရှင်တို့....ဤလောက၌ မာတုဂါမနှင့် စပ်သော ချမ်းသာဝယ် မငြိတွယ်မတပ်မက်သောသူဟူ၍တလူမျှမရှိ၊ ဤရဟန်းဂေါတမကား နတ်နှယ်တမျှ ရုပ်အဆင်းလှသူ ပျိုနုသူ ဖြစ်ချေသည်၊ မိမိနှင့် အလှဂုဏ်တူညီသော ရုပ်အဆင်းရှိသည့် မာတုဂါမကို ရရှိသော် ဧကန် တပ်မက်ငြိတွယ်ပေလိမ့်မည်။ အကယ်၍ မတပ်မက် မငြိတွယ်လျှင်လည်း လူအပေါင်းက ယုံမှားအပ်သူ ဖြစ်ပေလိမ့်မည်၊ ကိုင်း... ငါတို့သည် သုန္ဒရီပရိဗိုဇ်မကို ရဟန်းဂေါတမ၏ မကောင်းသတင်း မြေတဝှမ်းလုံး ပြန့်နှံ့အောင် ရဟန်းဂေါတမထံ လွှတ်ကြကုန်စို့"—

ဟူ၍ အကြံပေးစကား ပြောကြားတင်ပြလေသည်။

ထို တိတ္ထိဆရာ၏ အကြံပေး တင်ပြပြောဆိုသော စကားကို ကြားကြရလေလျှင် ကျန်သော တိတ္ထိအားလုံးတို့က "သင် ကြံစည်စဉ်းစားမိသော ဤအချက်သည် အလွန်ကောင်းသော အချက်ဖြစ်ပေသည်၊ ဤအကြံပေးချက်အတိုင်း ပြုလုပ်အပ်သည်ရှိသော် ရဟန်းဂေါတမသည် ကျေးဇူးမဲ့ (=မကောင်းသတင်း) ဖြင့်

http://www.dhammadownload.com



နှိပ်စက်အပ်ရကား ဦးခေါင်းကိုပင် မထောင်နိုင်တော့ပဲ ဟူးဟူး ဖြားဖြား (ဦးတည်မိရာ) အရပ်တပါးသို့ ထွက်ပြေးသွားလိမ့်မည်" ဟု သဘောဆန္ဒ တူမျှကြကာ ထိုတိတ္ထိဆရာ အကြံပေးချက်အတိုင်း သုန္ဒရီပရိဗိုဇ်မကို လွှတ်ဖို့ရန် ထိုပရိဗိုဇ်မ၏အထံသို့ တစုတရုံး တည်း သွားရောက်ကြလေကုန်သည်။

သုန္ဒရီပရိဗိုဇ်မသည် ထိုတိတ္ထိတို့ကို မြင်လေလျှင် "အဘယ့် ကြောင့် အရှင်ဘုရားတို့သည် တပေါင်းတည်း စုဝေး၍ လာကြ သနည်း" ဟု မေးမြန်းလေ၏။ တိတ္ထိတို့သည် အဖြေစကား တခွန်း တပါဒမျှ မပြောကြပဲ အရာမ်၏ အစွန်အဖျား ဖုံးကွယ်ရာအရပ်၌ စုဝေးထိုင်နေကြလေကုန်၏။ သုန္ဒရီပရိဗိုဇ်မသည် ထိုအရပ်သို့ သွား၍ အဖန်ဖန် ခေါ်ဆိုမေးမြန်း ပြောဆိုပါသော်လည်း စကား တုံ့ကို မရရှိ၍ "အရှင်တို့၏အပေါ် တပည့်တော်မမှာ ဘယ်လို အပြစ်ရှိပါသနည်း၊ အဘယ့်ကြောင့် တပည့်တော်မအား စကား တုံ့ကို မပေးကြသနည်း" ဟု မေးမြန်းလေသော် "ငါတို့ အနှိပ်စက် ခံနေရသည်တို့ကို သင်က လျစ်လျူရှု၍ နေသောကြောင့် စကား တုံ့ကို မပေးကြခြင်းဖြစ်သည်" ဟု တိတ္ထိတို့က ပြောဆိုကြလေ သည်။ သုန္ဒရီပရိဗိုဇ်မက "အဘယ်သူသည် အရှင်ဘုရားတို့ကို ညှဉ်းဆဲနှိပ်စက်သနည်း" ဟူ၍ မေးလေလျှင် တိတ္ထိတို့သည် "ငါတို့ကို ညှဉ်းပန်းနှိပ်စက်၍ လာဘ်ပူဇော်သက္ကာရ ပျက်စီး ခေါင်းပါးအောင် ပြုလုပ်ကာ လှည့်လည်ကျက်စား သွားနေသော ရဟန်းဂေါတမကို သင်မမြင်သလော" ဟု အပြစ်တင်စကား ဖွင့်ဟပြောကြားကြကုန်၏။ သုန္ဒရီပရိဗိုဇ်မက "ထိုအရေးကိစ္စ၌ တပည့်တော်မသည် ဘယ်လိုကူညီမှုကို ပြုလုပ်ရမည်နည်း" ဟု ပွင့်ပွင့်လင်းလင်း မေးမြန်းလေလျှင် တိတ္ထိတို့သည် "နှမ···· သင်သည် ဆွေမျိုးဖြစ်သော ငါတို့၏ အကျိုးကို တကယ် သည်ပိုး ရွက်ဆောင် ပြုလုပ်နိုင်ပါမည်လော" ဟု အခိုင်အမာ ဖွဲ့ချည်စကား ပြောကြားကြလေကုန်၏။

(ဤ၌။ ။အိမ်ရာမထောင် လူ့ဘောင်၌ မနေခြင်း အဆက်အစပ် မျှဖြင့် ပရိဗိုဇ်မကို မြှောက်ပင့်ကာ ဆွေမျိုးရင်းချာအနေဖြင့် ပြောဆို ကြခြင်း ဖြစ်သည်၊ အလင်္ကာကြောက်ဖွယ်ကောင်းစွ)။

http://www.dhammadownload.com



ထိုအခါ သုန္ဒရီပရိဗိုဇ်မသည်လည်း စိတ်အားတက်ကြွကာ "အရှင်တို့…. တပည့်တော်မသည် ဘယ်အမှုကို ပြုရမည်နည်း၊ ဘယ်အမှုကို တပည့်တော်မသည် မပြုနိုင်ပဲ ရှိအံ့နည်း၊ ဆွေမျိုးဖြစ်သော အရှင်ဘုရားတို့အတွက် အကျိုးရမည့် အမှုကိစ္စဖြစ်ပါက တပည့်တော်မ၏ အသက်ကိုပင် စွန့်ထားပြီး ဖြစ်ပါသည်"ဟု အဆုံးစကား ပြောကြားလေ၏။ (ထိုသုန္ဒရီပရိဗိုဇ်မသည် ခြေခွနှယ်ငြိသောသမင်ကဲ့သို့ မိမိ၏ ပြောစကားအရ မည်သည့်နည်းနှင့်မျှ ရုန်းထွက်၍မရနိုင်တော့ချေ)။ ထိုအခါ တိတ္ထိတို့သည် "နှမ.... သင်သည် 'အရှင်ဘုရားတို့အတွက် အကျိုးရမည့်အမှုကိစ္စဖြစ်ပါက တပည့်တော်မ၏ အသက်ကိုပင် စွန့်ထားပြီးဖြစ်ပါသည်' ဟူ၍လည်း ရဲရဲတောက် အကျိုးလိုသည့်စကား ပြောကြားပါပေ၏၊ သင်နှမသည်လည်း ပဥ္စမအရွယ်၌ တည်သူဖြစ်၍ အလွန်လှပတင့်တယ်ခြင်း ကြက်သရေအစုသို့ ရောက်နေသူဖြစ်ပါ၏၊ သို့ရကား သင့်ကို အကြောင်းပြု၍ ရဟန်းဂေါတမ၏ ဂုဏ်ကျေးဇူးမဲ့ဖြစ်အောင် သင်နှမ တတ်နိုင်သလိုသာ ကြံဆောင်ပြုလုပ်ပါလော့"ဟု မြွက်ပင့်စကား မှာထားပြောဆိုပြီးလျှင် "ဇေတဝန်ကျောင်းတိုက်သို့ အမြဲမပြတ် ဝင်ထွက်သွားလာလော့"ဟု နည်းပေးစကား ပြောကြား၍ လွှတ်လိုက်ကြလေကုန်၏။

သုန္ဒရီပရိဗိုဇ် အမိုက်မသည်လည်း လှသွားပေါ်၌ ပန်းကုံးကစားလိုသူကဲ့သို့ရင်း, အမှန်ယစ်သောဆင်ကြမ်းကို နှာမောင်းမှဆုပ်ကိုင်ဖမ်းယူလိုသူကဲ့သို့ရင်း, သေမင်းကို နဖူးဖြင့် ခံယူလိုသူကဲ့သို့ရင်း တိတ္ထိတို့ပြောစကားကို "ကောင်းပါပြီ အရှင်ဘုရားတို့…." ဟု ဝန်ခံခဲ့၍ ပန်းနံ့သာလိမ်းကျံခြယ်လယ်ကာ အာခံတွင်း ကြိုင်မွှေးမည့် ကွမ်းအထုံဆေးတို့ကို စားဝါး၍ လူအများ မြတ်စွာဘုရားရှင်၏ တရားဒေသနာကိုကြားနာပြီး မြို့တွင်းသို့ ပြန်ကြဝင်ကြသောအချိန်၌ အခွင့်ကောင်းယူကာ ဇေတဝန်ကျောင်းတိုက်သို့ ရှေးရှု၍သွားလေ၏၊ လမ်း၌တွေ့သူ လူအပေါင်းတို့က "အဘယ်အရပ်သို့သွားမည်နည်း" ဟု မေးအပ်သည်ရှိသော်— "ရဟန်းဂေါတမထံသို့ သွားရပါမည်၊ ငါသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋီ

http://www.dhammadownload.com



တတိုက်တည်း၌ နေရသူဖြစ်ပေ၏" ဟု စွန်းငြိထိပါး ပြောကြား ခဲ့ပြီးနောက် ဇေတဝန်ကျောင်းတိုက်အနီးသို့ ရောက်သောအခါ၌ ကျောင်းတိုက်အတွင်းသို့ မဝင်ဝံ့ပဲ အခြားတပါးသော တိတ္ထိ အရာမ်၌သာ ညဉ့်အိပ်နေ၍ စောစောပင်လျှင် ဇေတဝန်ကျောင်း တော်လမ်းခရီးသို့ သက်ဆင်း၍ သာဝတ္ထိပြည်ဖက်သို့ ရှေးရှုလာ လတ်သော် လမ်းခရီးအကြား တွေ့မြင်သူလူအများက"သုန္ဒရီပရိ-ဗိုဇ်မလေး.... ဘယ်နှာလဲ၊သင် ဘယ်သွားနေသလဲ" ဟု မေးမြန်း ကြလေလျှင် ကျွန်တော်မသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိ တတိုက်တည်း၌ နေထိုင်ပြီး ထိုရဟန်းဂေါတမကို ကိလေသာ အပျော်ထူးဖြင့် ပျော်မြူးမွေ့လျော်စေ၍ ပြန်လာခဲ့ပါသည်"ဟု စွပ်စွဲ စကား ပြောကြားလေတော့၏။

တိတ္ထိတို့သည်လည်း နှစ်ရက်သုံးရက်လွန်မြောက်၍ သုန္ဒရီပရိ-ဗိုဇ်မ ဇေတဝန်ကျောင်းတိုက်သို့ အမြဲမပြတ် ခဏခဏ သွားသည် ကို လူအများမြင် အထင်လွဲလောက်သောအခါ၌ သေသောက် ကြူး (=အရက်သမား)တို့အား ငွေပေး၍"သွားကြလော့၊ သုန္ဒရီ ကို သတ်ပြီးလျှင် ရဟန်းဂေါတမ၏ ဂန္ဓကုဋိကျောင်းအနီး ပန်း ဟောင်းအမှိုက်တို့၏အကြား မြောင်းထဲ၌ ပစ်ထားခဲ့ပြီး ပြန်ခဲ့ကြ လော့" ဟု ပြောဆိုကြကုန်၏။ သေသောက်ကြူး (=အရက် သမား) တို့သည်လည်း တိတ္ထိတို့ ပြောဆို မှာကြားလိုက်သည့် အတိုင်း ပြုလုပ်ကြလေကုန်၏။ ထို့နောင်မှ တိတ္ထိတို့သည် "ငါ တို့၏ တပည့်မကလေး သုန္ဒရီကို မတွေ့ရ" ဟု အုတ်အုတ်ကျက် ကျက် ပြောဆိုပြုလုပ်ကြကာ ကောသလမင်းကြီးထံသို့ သွားရောက် ကြပြီးလျှင် "မြတ်သောမင်းကြီး....ငါတို့၏ တပည့်မကလေး သုန္ဒရီ ပရိဗိုဇ်မကလေး ပျောက်ခြင်းမလှ ပျောက်၍ နေပါသည်၊ ရှာ၍ မတွေ့ပါ" ဟု တိုင်တမ်း ပြော ဆို ကြ လေ သည်။ မင်းကြီးက "အဘယ်အရပ်၌ သင်တို့သည် ယုံမှားသက်ာ ရှိကြသနည်း" ဟု မေးမြန်းသောအခါ တိတ္ထိတို့က"မြတ်သောမင်းကြီး....ဇေတဝန် ကျောင်းတိုက်၌ငါတို့သည် ယုံမှားသက်ာ ရှိကြပါသည်"ဟု ပြော ဆိုကြသဖြင့် မင်းကြီးသည်လည်း "ထိုသို့ဖြစ်လျှင် ဇေတဝန်

http://www.dhammadownload.com



ကျောင်းတိုက်ကို ရှာကြကုန်လော့”ဟု အခွင့်ပြုစကား ပြောကြား လိုက်လေသည်။

ထိုအခါ တိတ္ထိတို့သည် မိမိတို့၏ တပည့်ဒကာများကို ခေါ် ဆောင်ကြပြီးလျှင် ဇေတဝန်ကျောင်းတိုက်သို့ သွားရောက်ကြ၍ သုန္ဒရီပရိဗိုဇ်မကို ရှာဖွေကြသည့်အဟန်ဖြင့် ပန်းအမှိုက်များကို ဖယ်ရှားကြပြီး မိမိတို့ မှူလထားရှိရင်းဖြစ်သည့် သုန္ဒရီပရိဗိုဇ်မ၏ ဥတုဇရုပ်အလောင်းကို မြောင်းထဲမှ ထုတ်ယူကြပြီးလျှင် ခရှင် ညောင်စောင်းထက်သို့ တင်၍ မြို့တွင်းသို့ သွင်းယူခဲ့ကြပြီးနောက် “ရဟန်းဂေါတမ၏တပည့်များသည် သူတို့ဆရာပြုသည့်မကောင်း မှုကို ဖုံးလွှမ်းကုန်အံ့ဟု ကြံစည်ကြကာ သုန္ဒရီပရိဗိုဇ်မကလေးကို သတ်ပြီးလျှင် ပန်းအမှိုက်ပုံကြား၌ ပစ်၍ထားကြပါကုန်သည်”ဟု ကောသလမင်းကြီးအား ယုံကြည်လောက်အောင် ပြောကြား ကြလေကုန်၏။ မင်းကြီးသည်လည်း“ထိုသို့ဖြစ်လျှင် သွားကြလော့၊ တမြို့လုံး အနှံ့ကြားအောင် လှည့်လည် ကြွေးကြော်ကြလော့”ဟု မဆင်မခြင်ပဲ တချက်လွှတ် အမိန့်ထုတ်ပြန်လိုက်လေ၏။

တိတ္ထိတို့သည်လည်း မင်းကြီး၏ မစူးမစမ်း မဆင်မခြင်ပဲ အမိန့် ထုတ်ပြန်ချက်အရ အားတက်ကြပြီးလျှင် သုန္ဒရီ၏ရုပ်အလောင်းကို ညောင်စောင်းခရှင်ငယ်၌တင်ကြ၍ သာဝတ္ထိပြည်အတွင်း လမ်းမ တခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ထမ်းဆောင် သွားရောက်ကြပြီးလျှင် လူများအပေါင်းတို့ကို—

> “အမောင်တို့ အမိတို့....သာကီဝင်မင်းသား ရဟန်း များ၏အမှု (=လုပ်ပုံ)ကို ရှုကြလော့၊ ဤသာကီဝင် မင်းသား ရဟန်းတို့သည် အရှက်မရှိကြကုန်၊ သီလမရှိကြ ကုန်၊ ယုတ်မာသောသဘော ရှိကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောကြားလေ့ရှိကြကုန်၏၊ မမြတ်သော (= မေထုန်)အကျင့်ကို ကျင့်လေ့ရှိကြကုန်၏၊ သို့စင်လျက် ဤ ရဟန်းများကား (မိမိတို့ကိုယ်ကို သူတော်ကောင်း အ ယောင် ဆောင်ကြကာ) ငါတို့ကား တရားကျင့်ကြသူ, ကိုယ်ကျင့်ကောင်းကြသူ, မြတ်သောအကျင့်ကို ကျင့်ကြသူ,

http://www.dhammadownload.com



သစ္စာစကားပြောကြားကြသူ, သီလရှိကြသူ,ကောင်းသော သဘောရှိကြသူများဟူ၍ (အရှက်မရှိ) ဝန်ခံကုန်ဘိ၏။ ဤရဟန်းတို့အဖို့ရာ ရဟန်းအကျင့်သည် လုံးဝမရှိ၊ မြတ်သော အကျင့်သည် လုံးဝမရှိ။ ဤရဟန်းတို့အဖို့ရာ ရဟန်း အကျင့်ကား ပျောက်ခဲ့လေပြီ၊ မြတ်သော အကျင့်ကား ပျောက်ခဲ့လေပြီ။ ဤရဟန်းတို့၏ သန္တာန်မှာ ရဟန်း အကျင့်သည် အဘယ်မှာရှိအံ့နည်း၊မြတ်သောအကျင့်သည် အဘယ်မှာရှိအံ့နည်း။ ဤရဟန်းတို့သည် ရဟန်းအကျင့်မှ ကင်းကုန်၏၊ မြတ်သောအကျင့်မှ ကင်းကုန်၏။ အဘယ့် ကြောင့်လျှင် ယောကျ်ားသည် ယောကျ်ား၏ ကိစ္စကို ပြု လုပ်ပြီးလျှင် မိန်းမကို သတ်ပစ်ရဘိသနည်း( = ဘယ့်နှယ် ဗျာ....ယောကျ်ားက ယောကျ်ားကိစ္စကိုပြုလုပ်ပြီး အားနွဲ့သူ မိန်းမကို သတ်ပစ်ရဟယ်လို့ မတော်လိုက်လေ)"—

ဟူ၍ ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြစေကုန်၏။

ထိုအခါ၌ သာဝတ္ထိပြည်သူ ပြည်သား လူအများတို့သည် ရဟန်းတို့ကို မြင်ကြလျှင် တိတ္ထိတို့ သင်ကြားပြောဆို ဝါဒဖြန့် ထားသည့်အတိုင်း—

"ဤသာကီဝင်မင်းသား ရဟန်းတို့သည် အရှက်မရှိ ကြကုန်၊ သီလမရှိကြကုန်၊ ယုတ်မာသောသဘော ရှိကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောကြားလေ့ ရှိကြကုန်၏၊ မမြတ်သော( = မေထုန်)အကျင့်ကို ကျင့်လေ့ရှိကြကုန်၏။ သို့စင်လျက် ဤရဟန်းများကား (မိမိတို့ကိုယ်ကို သူတော် ကောင်းအယောင် ဆောင်ကြကာ) ငါတို့ကား တရား ကျင့်ကြသူ, ကိုယ်ကျင့်ကောင်းကြသူ, မြတ်သောအကျင့်ကို ကျင့်ကြသူ, သစ္စာစကား ပြောကြားကြသူ, သီလရှိကြသူ, ကောင်းသောသဘော ရှိကြသူများဟူ၍ (အရှက်မရှိ) ဝန်ခံကုန်ဘိ၏။ ဤရဟန်းတို့အဖို့ရာ ရဟန်းအကျင့်သည် လုံးဝမရှိ၊ မြတ်သောအကျင့်သည် လုံးဝမရှိ။ ဤရဟန်းတို့ အဖို့ရာ ရဟန်းအကျင့်ကား ပျောက်ခဲ့လေပြီ၊ မြတ်သော

http://www.dhammadownload.com



အကျင့်ကား ပျောက်ခဲ့လေပြီ။ ဤရဟန်းတို့၏ သန္တာန်မှာ ရဟန်းအကျင့်သည် အဘယ်မှာရှိအံ့နည်း၊ မြတ်သော အကျင့်သည် အဘယ်မှာရှိအံ့နည်း။ ဤရဟန်းတို့သည် ရဟန်းအကျင့်မှ ကင်းကုန်၏၊ မြတ်သောအကျင့်မှ ကင်းကုန်၏။ အဘယ့်ကြောင့်လျှင် ယောကျ်ားသည် ယောကျ်ား၏ကိစ္စကို ပြုလုပ်ပြီးလျှင် မိန်းမကို သတ်ပစ်ရဘိ သနည်း"—

ဟူ၍ သူတော်ကောင်းတို့၏နားနှင့် လားလားမျှ မသင့်လျော် ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေးကြ,ရေရွတ်ကြ,ချုတ်ချယ်ကြ, ညှဉ်းပန်းကြလေကုန်၏။

ထိုအခါ များစွာသော ရဟန်းတို့သည် သာဝတ္ထိပြည်အတွင်း ဆွမ်းခံရာမှအပြန် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက် ဝပ်လျိုး ရှိခိုးဦးညွတ်ကြပြီးကာ သင့်လျော်ပတ်ရာ အရပ်၌ ထိုင်နေကြကုန်လျက်—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ယခုအခါ သာဝတ္ထိပြည်သူပြည်သား လူအများတို့သည် ရဟန်းတို့ကို မြင်ကြလျှင် 'ဤသာကီဝင်မင်းသား ရဟန်းတို့သည် အရှက် မရှိကြကုန်၊ သီလမရှိကြကုန်၊ ယုတ်မာသောသဘော ရှိကုန်၏၊ မဟုတ်မမှန်သောစကားကို ပြောကြားလေ့ ရှိကြကုန်၏၊ မမြတ်သော (=မေထုန်) အကျင့်ကို ကျင့်လေ့ ရှိကြကုန်၏။ သို့စင်လျက် ဤရဟန်းများက (မိမိတို့ကိုယ်ကို သူတော်ကောင်းအယောင် ဆောင်ကြကာ) ငါတို့ကား တရားကျင့်ကြသူ, ကိုယ်ကျင့်ကောင်းကြသူ, မြတ်သော အကျင့်ကို ကျင့်ကြသူ, သစ္စာစကား ပြောကြားကြသူ, သီလရှိကြသူ, ကောင်းသောသဘော ရှိကြသူများဟူ၍ (အရှက်မရှိ) ဝန်ခံကုန်ဘိ၏။ ဤရဟန်းတို့အဖို့ရာ ရဟန်း အကျင့်သည် လုံးဝမရှိ၊ မြတ်သောအကျင့်သည် လုံးဝမရှိ။ ဤရဟန်းတို့အဖို့ရာ ရဟန်းအကျင့်ကား ပျောက်ခဲ့လေပြီ၊ မြတ်သောအကျင့်ကား ပျောက်ခဲ့လေပြီ။ ဤရဟန်းတို့၏

http://www.dhammadownload.com



သန္တာန်မှာ ရဟန်းအကျင့်သည် အဘယ်မှာရှိအံ့နည်း၊ မြတ်သောအကျင့်သည် အဘယ်မှာရှိအံ့နည်း။ ဤရဟန်းတို့သည် ရဟန်းအကျင့်မှ ကင်းကုန်၏၊ မြတ်သောအကျင့်မှ ကင်းကုန်၏။ အဘယ့်ကြောင့်လျှင် ယောကျ်ားသည် ယောကျ်ား၏ကိစ္စကို ပြုလုပ်ပြီးလျှင် မိန်းမကို သတ်ပစ်ရဘိသနည်း' ဟူ၍ သူတော်ကောင်းတို့၏နားနှင့် လားလားမျှမသင့်လျော် ကြမ်းတမ်းသော စကားတို့ဖြင့် ဆဲရေးကြ၊ ရေရွတ်ကြ၊ ချုတ်ချယ်ကြ၊ ညှဉ်းပန်းကြပါကုန်သည် ဘုရား"—

ဟူ၍ မြတ်စွာဘုရားရှင်ကို လျှောက်ထားကြလေသော် မြတ်စွာဘုရားရှင်က—

"ရဟန်းတို့.... ဤယခု ကျွဲရှဲသောအသံသည် ကြာမြင့်စွာ ဖြစ်လိမ့်မည်မဟုတ်၊ ခုနစ်ရက်သာလျှင် ဖြစ်ပြီးနောက် ခုနစ်ရက် လွန်မြောက်သော အခါ၌ ကွယ်ပျောက်၍ သွားလိမ့်မည်။ ရဟန်းတို့.... ထိုသို့ဖြစ်လျှင် ရဟန်းတို့ကိုမြင်က သူတော်ကောင်းတို့၏နားနှင့် လားလားမျှမသင့်လျော် ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေး ရေရွတ် ချုတ်ချယ် ညှဉ်းပန်းကြသည့် ထိုလူများကို—

အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာ န ကရောမိ စာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

(မိမိ မမြင်, မကြား, မတွေ့, မသိပါဘဲလျက် မြင်၏, ကြား၏, တွေ့၏, သိ၏-စသည်ဖြင့်) မဟုတ်မမှန် ပြောလေ့ရှိသူသည် ငရဲသို့ ကျရောက်ရ၏။ မကောင်းမှုကို ပြုပြီးလျှင် ငါမပြုဟု ပြောဆိုသောသူသည်လည်း ငရဲသို့ ကျရောက်ရ၏။ ယုတ်မာသော အမှုရှိကြသည့် ထိုသူ နှစ်ဦးသားတို့သည် ဤဘဝမှ စုတေလတ်သော် တမလွန်လောက၌

http://www.dhammadownload.com



(နိရယဂတိ၀ယ်) တူမျှစွာ ဖြစ်ကြရကုန်၏ ဟု ဤဂါထာဖြင့် ပြန်လည်ချေပ ပြောဆိုကြကုန်လေ၌"—

ဟူ၍ မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားရှင် အထံတော်၌ ဤဂါထာကို သင်ယူကြပြီးလျှင် ရဟန်းတို့ကိုမြင်က သူတော်ကောင်းတို့၏ နားနှင့် လားလားမျှ မသင့်လျော် ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေး ရေရွတ် ချုတ်ချယ် ညှဉ်းပန်းကြသည့် ထိုလူများကို မြတ်စွာဘုရားရှင် သင်ကြားပေးတော်မူသည့်အတိုင်း—

အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာ န ကရောမိ စာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

(မိမိ မမြင်, မကြား, မတွေ့, မသိပါပဲလျက် မြင်၏, ကြား၏, တွေ့၏, သိ၏-စသည်ဖြင့်) မဟုတ်မမှန်ပြောလေ့ရှိသူသည် ငရဲသို့ ကျရောက်ရ၏။ မကောင်းမှုကို ပြုပြီးလျှင် ငါမပြုဟု ပြောဆိုသောသူသည်လည်း ငရဲသို့ ကျရောက်ရ၏။ ယုတ်မာသော အမှုရှိကြသည့် ထိုသူ နှစ်ဦးသားတို့သည် ဤဘဝမှ စုတေလတ်သော် တမလွန်လောက၌ (နိရယဂတိ၀ယ်) တူမျှစွာ ဖြစ်ကြရကုန်၏"—

ဟူ၍ ဤအချေအပ ဂါထာဖြင့် ပြန်လည်ချေပ ပြောဆိုကြကုန်၏။

### လူအများ အသိမှန် ရရှိကြခြင်း

ထိုကဲ့သို့ ရဟန်းတော်များ ပြန်လည်ချေပ ပြောဆိုကြသည့် တရား ဂါထာကို ကြားသိကြသောအခါ လူအများ၏ စိတ်သန္တာန်၌—

"သာသနာပြင်ပ မာဟိရအယူရှိကြသည့် တိတ္ထိများ ဟစ်အော် ကြွေးကြော်ကြကာ တမြို့လုံးအနှံ့ လှည့်လည်ဝါဒဖြန့်ကြသည့် ထိုလူသတ်မှုကို သာကီဝင် မင်းသား

http://www.dhammadownload.com



ရဟန်းတော်များသည်ကေန်ပင်မပြုအပ်ပေ။အကြောင်းကို သေချာစွာ စဉ်းစားကြည့်လျှင် ဤရဟန်းတော်များသည် ငါတို့က သူတော်ကောင်းများ နားမချမ်းဖွယ် ကြမ်းတမ်းသော စကားတို့ဖြင့် စွပ်စွဲပြောကြားကြသော်လည်း တစုံတခု ဖောက်ပြန်မှုကို မပြရှုံသာမက မိမိတို့၏ သည်းခံခြင်း = ခန္တိဂုဏ်, ကုသိုလ်ကောင်းမှု၌သာ မွေ့လျော်ခြင်း = သောရစ္စဂုဏ် နှစ်ပါးကို လုံးဝ စွန့်ပစ်တော်မမူကြပဲ သည်းခံတော်မူကြကုန်၏၊ မိမိတို့ ပြုကျင့်မြဲဖြစ်သည့် ကုသိုလ်မှု၌သာ မွေ့လျော်တော်မူကြကုန်၏။ အထူးအားဖြင့်ကား ဤသာကီဝင်မင်းသား ရဟန်းတော်များသည် မစူးမစမ်း မဆင်မခြင် စွပ်စွဲကြသည့် ငါတို့ကို 'အဘူတဝါဒီ နိရယံ ဥပေတိ = ပဟုတ်မမှန် ပြောလေ့ရှိသူသည် ငရဲသို့ ကျရောက်ရ၏' —— အစရှိသည်ဖြင့် တရားကိုသာ ဟောဆိုကြကာ ယုံပါစေလို ကျိမ်စာဆိုကြကုန်၏။ မိမိတို့ အပြစ်မရှိကြောင်း ငါတို့တတွေ ကောင်းကောင်း သိကြရန်သာ 'မကောင်းမှုကို ပြုပြီးလျှင် ငါမပြုဟု ပြောဆိုသော သူသည်လည်း ငရဲသို့ ကျရောက်ရ၏'ဟု ပြောဆိုတော်မူကြကာ ဤရဟန်းတော်များသည် ငါတို့ကို ယုံပါစေလို ကျိမ်စာဆိုကြပေကုန်၏"——

ဟူ၍ အသိမှန် အမြင်မှန် ဆင်ခြင်ဉာဏ်တရား ဖြစ်ပွါးလာလေသည်။မှန်၏-မြတ်စွာဘုရား ဟောကြားသင်ပြအပ်သော ထိုဂါထာကို ကြားနာကြရသည်၏ အခြားမဲ့မှာပင် ထိုလူများ၏စိတ်သန္တာန်၌"ဤအမှုကို ငါတို့သည် မျက်ဝါးထင်ထင် မမြင်အပ်ချေ၊ကြားအပ်သော အရာမည်သည်လည်း ကြားတိုင်း ဟုတ်သည်လည်း ရှိ၏၊ မဟုတ်သည်လည်း ရှိ၏၊ အထူးစဉ်းစားသင့်သည်မှာ ထိုတိတ္ထိတို့သည် ရဟန်းတော်တို့၏ အပေါ်၌ အကျိုးမဲ့ကိုသာ လိုလားကြသူများဖြစ်သည်၊ အစီးအပွါးမဲ့ကိုသာ လိုလားကြသူများ ဖြစ်သည်၊သို့ရကား ထိုတိတ္ထိများကိုယုံစား၍ ငါတို့သည်ဤအကြောင်းကို တဖက်သတ် မပြောကြားသင့်ချေ၊ မှန်ပေသည်—— ရဟန်း

http://www.dhammadownload.com



တို့သည် သိနိုင်ခဲကုန်၏”ဟူ၍ ရှုံ့ရှားခြင်း သဘော သက်ဝင် လာလေသည်၊ ထိတ်လန့်မှု(=သံဝေဂ)တရား ဖြစ်ပွါးလာလေသည်။ ထို့ကြောင့် ထိုကဲ့ရဲ့သံသည် ကြာမြင့်စွာ မဖြစ်ပဲ ခုနစ်ရက်သာ ဖြစ်ပြီးလျှင် ခုနစ်ရက်လွန်မြောက်သောအခါ ပျောက်ကွယ်၍သွားလေတော့၏။

### တိတ္ထိတို့၏ လူသတ်မှုကြီး အပြည့်အစုံ ပေါ်လွင်လာခြင်း

ကောသလမင်းကြီးသည်လည်း သုန္ဒရိပရိဗိုဇ်မကို လုပ်ကြံသတ်ဖြတ်ကြသည့် လူသတ်သမားများကို ထင်ရှား ပေါ်လွင်အောင် စုံစမ်းရန် မင်းချင်းယောကျ်ား စုံထောက်များကို သာဝတ္ထိပြည် အတွင်း နေရာ အနှံ့ အပြား စေ လွှတ်၍ ထား လေ သည်။ ထိုအခါ လူသတ်သမား ထိုသေသောက်ကြူးများသည် တိတ္ထိတို့ထံမှ လူသတ်ခ ရရှိသော ငွေများဖြင့် သေအရက်သောက်ကြလေသော် အရက်မူးလွန်သဖြင့် တဦးနှင့်တဦး ခိုက်ရန်ဖြစ်ကြလေကုန်၏၊ လူသတ်သမား သေသောက်ကြူးတယောက်က အခြားလူသတ်သမား သေသောက်ကြူးတယောက်ကို “ထန်းရေမူးသော်ကျွဲခိုးပေါ်”ဟူသော စကားပုံကဲ့သို့ “မင်းက သုန္ဒရိပရိဗိုဇ်မကို တချက်တည်းဖြင့် အပြီးရိုက်သတ်ကာ ပန်းအမှိုက်ပုံကြား ပစ်ထားခဲ့ကာ လူသတ်ခ ရရှိသောငွေများဖြင့် အရက်သောက်ထာပ၊ ရှိစေဦး ရှိစေဦး”ဟူ၍ ခိုက်ရန်စကား ပြောကြားလေသည်။ မင်းချင်း ယောကျ်ား စုံထောက်များသည် ငိုစကားကိုကြားကြလျှင် သေသောက်ကြူး လူသတ်သမားတို့ကို ဖမ်း၍ ပသေနဒီကောသလမင်းကြီးအား ပြကြလေကုန်၏။

မင်းကြီးက “မောင်မင်းတို့သည် သုန္ဒရိပရိဗိုဇ်မကို သတ်အပ်သလော”ဟု စစ်ဆေးမေးမြန်းသည်တွင် လူသတ်သမား သေသောက်ကြူးများသည် “မှန်ပါသည် အရှင်မင်းကြီး....”ဟု ပြန်ကြား လျှောက်ထားကြလေကုန်၏။ တဖန်မင်းကြီးက “မောင်မင်းတို့ကို အဘယ်သူတို့က အသတ်ခိုင်းသနည်း”ဟု မေးစစ်သောအခါ “သာသနာပြင်ပ တိတ္ထိများက အသတ်ခိုင်းပါသည် အရှင်

http://www.dhammadownload.com



မင်းကြီး....”ဟူ၍ အမှန်အတိုင်း ပြန်ကြားလျှောက်ထားကြလေသည်။ မင်းကြီးသည် တိတ္ထိများကို ရှေ့တော်မှောက်သို့ ခေါ်ဆောင်စေပြီးလျှင် စစ်ဆေးမေးမြန်း၍ ထိုအကြောင်းကို အမှန်အတိုင်း ဝန်ခံစေပြီးနောက်—

> “သုန္ဒရီပရိဗိုဇ်မကို ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ = အပြစ်ကို တင်ဆိုလိုသည့်အတွက် တမင်သက်သက် ငါတို့သည် လူသတ်သမားများကို အသတ်ခိုင်းအပ်သည်၊ ရဟန်းဂေါတမ၏ အပြစ်လည်း လုံးဝမရှိ၊ ရဟန်းဂေါတမ၏ တပည့်များ၏ အပြစ်လည်း လုံးဝမရှိ ဖြစ်သည်၊ ဤသုန္ဒရီပရိဗိုဇ်မကို သတ်ဖြတ်သည့်ကိစ္စ၌ လုံးဝ ငါတို့၏အပြစ်သာလျှင် ဖြစ်သည်ဟု ပြောဆိုကြကာ အသင်တိတ္ထိများသည် မြို့တွင်းသို့ လှည့်လည်ကြရမည်”—

ဟူ၍ အမိန့်တော်မြတ် သတ်မှတ်ပြဋ္ဌာန်းလေ၏။ တိတ္ထိများသည် မင်းကြီး၏ အမိန့်အတိုင်း လိုက်နာပြုလုပ်ကြရကုန်၏။ ထိုအခါ လူများအပေါင်းသည် ရှေးကထက်တိုး၍ မြတ်စွာဘုရားနှင့်တပည့်သား သံဃာတော်တို့အပေါ်၌ ယုံကြည်လာကြ၏။ တိတ္ထိတို့၏ အပေါ်၌မူ ထွီဆိုမှု = စက်ဆုပ်ရွံရှာမှုကို တိုး၍ပြုကြလေ၏။ တိတ္ထိတို့သည် လူသတ်မှုအပြစ်ဒဏ်ကို ခံကြရလေကုန်၏။ ထိုအခါမှစ၍ မြတ်စွာဘုရားအားရင်း, ရဟန်းသံဃာအားရင်း အတိုင်းထက်အလွန် ပူဇော်သက္ကာရမှု မြတ်နိုးတနာပြုမှုသည် ကြီးကျယ်စွာ ဖြစ်လေတော့၏။

### မြတ်စွာဘုရားရှင် ဥဒါန်းကျူးရင့်တော်မူခြင်း

ထိုနောက် များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိသေစွာရှိခိုးကြ၍ သင့်လျော်ပတ်ရာအရပ်၌ ထိုင်နေကြကုန်လျက် မြတ်စွာဘုရားရှင်ကို—

> “ဘုန်းတော်ကြီးသော မြတ်စွာဘုရား....လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ၊ မဖြစ်စဖူး အထူးဖြစ်ပါပေစွ၊

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ဘုန်းတော်သခင် ရှင်ပင်ဘုရားသည် 'ရဟန်းတို့····ဤအသံသည် ကြာမြင့်စွာ ဖြစ်လိမ့်မည်မဟုတ်၊ ခုနစ်ရက်မျှသာ ဖြစ်လိမ့်မည်၊ ခုနစ်ရက် လွန်မြောက်သောအခါ ဤအသံသည် ပျောက်ကွယ်သွား လိမ့်မည်' ဟူသော ဤစကားကို အလွန့်အလွန် မှန်ကန် ကောင်းမွန်စွာ ဆိုအပ်ပါပေ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား···· ယခုအခါ ထိုအသံသည် ကွယ်ပျောက်၍ သွားပါပြီဘုရား"—

ဟု မြတ်စွာဘုရားကို လျှောက်ထားကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် "သည်းခံခြင်း ခွန်အားနှင့် ပြည့်စုံသော ပညာရှိ သူတော်ကောင်း၏အဖို့ရာ လူမိုက်များက အလွန့်အလွန် မခံသာအောင် စွပ်စွဲဆဲရေးစကား ပြောကြားလာစေကာမူ သည်းခံနိုင်ခက်သောမည်သည် မရှိစွာတကား" ဟူသော ဤအကြောင်းကို ကောင်းစွာသိတော်မူ၍ ထိုအခါ၌ အလွန် နှစ်သက်ခြင်း ပီတိတရားတို့ ထပ်ကာထပ်ကာ ဖြစ်ပွါးလာရကား ထိုပီတိတရား၏ အရှိန်အဟုန်တို့သည် ဝမ်းတွင်းမဆံ့ အပြင်သို့ အန်ထွက်လာသကဲ့သို့—

> တုဒန္တိ ဝါစာယ ဇနာ အသညတာ၊
> သရေဟိ သင်္ဂါမဂတံဝ ကုဉ္ဇရံ။
> သုတွာန ဝါကျံ ဖရုသံ ဥဒီရိတံ၊
> အဓိဝါသယေ ဘိက္ခု အဒုဋ္ဌစိတ္တော။

သင်္ဂါမဂတံ = စစ်မြေပြင်သို့ သက်ဝင်ရောက်ရှိနေ သော။ ကုဉ္ဇရံ = ပွဲတိုင်းအောင်မြင် စစ်ဆင်ကြီးကို။ (ပဋိ- ယောဓာ = မျက်မာန်ခြောင်းခြောင်း တဖက်ရန်သူ သူရဲ ကောင်းတို့သည်။ ထည့်)။ သရေဟိ = မြှားတို့ဖြင့်။ တုဒန္တိ ဣဝ = ချွန်ချွန်ရှတ်ရှတ် ပစ်ခတ်ကုန်သကဲ့သို့။ အသည- တာ = ကိုယ်,နှုတ်,နှလုံး စောင့်သုံးထိန်းချုပ်ခြင်း အလျှင်း မရှိကုန်သော။ ဇနာ = မလိမ္မာ မယဉ်ကျေး လူလေး လူမွား လူမိုက်များတို့သည်။ ဘိက္ခု = သံသာရာဘေး

http://www.dhammadownload.com



ထောက်တွေးဆင်ခြင် ပညာရှိသူတော်စင်ကို။ ဝါစာယ = မဟုတ်မမှန် လုပ်ကြံပြောကြား စကားတည်းဟူသော လှံကန်ဖြင့်။ တုဒန္တိ = အကျိုးမရ ထိုးဆွကြကုန်၏။ (တေဟိ = ထိုလူလျှေးလူမွှား လူမိုက်များတို့သည်။ ထည့်)။ ဥဒီရိတံ = မဟုတ်မတရား ပြောကြားအပ်သော။ ဖရုသံ ဝါကျံ = လှံသွားပမာ ကြမ်းတမ်းစွာသည့် တိုင်းထွာဆဲရေးသောစကားကို။ သုတွာန = ကြားရသည်ရှိသော်။ ဘိက္ခု = သံသရာဘေး ထောက်တွေးဆင်ခြင် ပညာရှိသူတော်စင်သည်။ အဒုဋ္ဌစိတ္တော = ကကစူပမ ဩဝါဒကို နိစ္စကြံပွါး နှလုံးထား၍ ပြစ်မှားသောစိတ် ကင်းကွာဆိတ်လျက်။ အဓိဝါသယေ = သည်းခံနှလုံး ကျင့်သုံးပွါးများရာ၏။ ။(ကကစူပမ ဩဝါဒ ဟူသည်မှာ နှစ်ဖက်အရိုးတပ်သော လွှသွား (= ငမန်း) ကြီးဖြင့် ရန်သူတို့က မိမိကို တိုက်ဖြတ်ကြစေကာမူ အမျက်မထွက်ပဲ သည်းခံရမည်ဟူ၍ မူလပဏ္ဏာသပါဠိတော် ကကစူပမသုတ်၌ ဟောတော်မူအပ်သော ဩဝါဒဖြစ်သည်)—

ဤဥဒါန်းဂါထာကို ကျူးရင့်တော်မူလေသည်။

### သုန္ဒရီပရိဗိုဇ်မဖြင့် စွပ်စွဲခံရခြင်း၏ ရှေးကံအကြောင်း

ဤသုန္ဒရီပရိဗိုဇ်မဖြင့် စွပ်စွဲခံရခြင်း၌ "မြတ်စွာဘုရားသည် တိတ္ထိတို့ ထိုကဲ့သို့ ကြံစည်ပြုလုပ်ကြသည်ကို သိတော်မူပါလျက် အဘယ့်ကြောင့် 'ဤသုန္ဒရီပရိဗိုဇ်မကို သတ်မှုကား တိတ္ထိတို့၏ အမှုဖြစ်သည်'ဟု ရဟန်းတို့အား ပြောကြားတော်မမူသနည်း"ဟု မေးဖွယ်ရှိ၏။ အဖြေကား—

အရိယာပုဂ္ဂိုလ်တို့အား ထိုသို့ ပြောကြားခြင်းဖြင့် အကျိုးမရှိချေ၊ (အရိယာပုဂ္ဂိုလ်တို့မှာ ထိုကိစ္စအတွက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့အပေါ်၌ မူလကပင် ယုံမှားခြင်း အလျှင်းမရှိသောကြောင့်တည်း)။ ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင်မူ မြတ်စွာဘုရားက ထိုဝတ္ထု၊ အကြောင်းမှန်ကို ပြောကြားတော်မူခဲ့လျှင် မယုံကြည်ကြ

http://www.dhammadownload.com



သော ပုထုဇဉ်ပုဂ္ဂိုလ်တို့အဖို့မှာ အကုသိုလ်တရားသာ တိုးပွါး၍ ကာလရှည်လျားစွာ အစီးအပွါးမဲ့ရုံသာ ဆင်းရဲရုံသာ ဖြစ်လေရာ သောကြောင့် စေ့စေ့စီးစီးက ဖြေကြားပြောဆိုမှု ပြုတော်မမူခြင်း ဖြစ်သည်ဟု ဖြေရာ၏။

တနည်းကား မရောက်လာသေးသော ဤကဲ့သို့သော အကြောင်းဝတ္ထုများကို ကြိုတင်၍ ပြောကြားခြင်းသည် ဘုရားရှင်တို့၏ ဓမ္မတာအာစိဏ္ဏ = အလေ့ အကျက်တော် မဟုတ်ချေ။ မြတ်စွာဘုရားရှင်သည် အကုသိုလ်ရာဇဝတ်မှုနှင့် စပ်သော အမှုကိစ္စမျိုးအတွက် တရားခံပုဂ္ဂိုလ် (လက်သည် ပုဂ္ဂိုလ်)ကို ညွှန်ပြခြင်း မရှိပဲ ဓမ္မာဓိဋ္ဌာန်ကျကျသာလျှင် ဟောပြတော်မူလေ့ရှိ၏။ (အချေအပ ဂါထာကို ပြန်လည်စဉ်းစားကြည့်ပါလေ)။ ကိုယ်တော်မြတ်အတွက်တာ မကောင်းကျိုးပေးခွင့်ရရှိလာသော အကုသိုလ်ကံကိုလည်း ဘယ်နည်းနှင့်မှ မတားမြစ်နိုင်ချေ။ ထို့ကြောင့် ကိုယ်တော်မြတ်နှင့်တကွ တပည့်သံဃာတို့ အပေါ်၌ လူအများ စွပ်စွဲကြခြင်းကိုဂ္ဂင်း, ထိုသို့စွပ်စွဲခြင်း၏ အကြောင်း နိမိတ်ဖြစ်သည့် သုန္ဒရီပရိဗိုဇ်မ အသတ်ခံရမှုကိုဂ္ဂင်း လျစ်လျူရှုလျက် နေတော်မူလေသည်။

ဒလေးအသင်ချေ ကမ္ဘာတသိန်းကြာ ကာလပတ်လုံး များစွာသော ကောင်းမှုကုသိုလ် အဆောက်အဦတို့ကို ရှိသေစွာ ဖြည့်ကျင့်တော်မူခဲ့သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အတွက်တာ ဤမျှ ရုန့်ရင်း ကြမ်းတမ်းစွာ အစွပ် အစွဲ ခံတော်မူရခြင်း၏ ရှေးမကောင်းမှု အကုသိုလ်ကံကား အဘယ်နည်းဟု မေးဖွယ်ရှိပြန်၏။ အဖြေကား—

မြတ်စွာဘုရားသည် ဘုရားအလောင်းတော်ဖြစ်စဉ် အတိတ်တခုသော ဘဝ၌ မုနာဠိမည်သော သေသောက်ကြူး ဖြစ်ခဲ့၍ ယုတ်မာသော သူတို့ကိုသာ မှီဝဲပေါင်းသင်းလျက် မသင့်မလျော်သော နှလုံးသွင်းခြင်း (=အယောနိသော မနသိကာရ) ပြောများသူဖြစ်ကာ လှည့်လည်ခဲ့လေသည်။ တနေ့သ၌ မုနာဠိ သေသောက်ကြူးသည် မြို့တွင်းသို့ ဆွမ်းခံဝင်ရန် သက်နှန်းရုံနေဆဲ

http://www.dhammadownload.com



သော သုရဘိမည်သော ပစ္စေကဗုဒ္ဓါသခင်ကို တွေ့မြင်ရလေ၏။ ထိုအခိုက် မိန်းမတယောက်သည်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အနီးမှ ခရီးဖြတ်၍သွားလေသည်။ မုနာဠိသေသောက်ကြူးသည် အယောနိသောမနသိကာရ ပြောများသူဖြစ်ရကား "ဤရဟန်းသည် မမြတ်သော မေထုန် အကျင့်ကို ကျင့်လေ့ရှိ၏"ဟု မဟုတ်မတရား စွပ်စွဲခဲ့လေသည်။

သူသည် ထိုမကောင်းမှု အကုသိုလ်ကံကြောင့် နှစ်ပရိစ္ဆေဒ သိန်းပေါင်းများစွာ ကာလတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့ပြီးလျှင် ထို စွပ်စွဲခဲ့သည့် မကောင်းမှု အကုသိုလ်ကံ၏ အကျိုး = ဝိပါက်ကြွင်း အနေအားဖြင့် ယခုနောက်ဆုံး ပစ္ဆိမဘဝ၌ မြတ်စွာဘုရားဖြစ်ပြီး ၍လည်း သုန္ဒရီပရိဗိုဇ်မဟူသော အကြောင်းကြောင့် လူအပေါင်း တို့၏ မဟုတ်မမှန် စွပ်စွဲခြင်းကို ခံတော်မူရလေသည်။

ရှေးမကောင်းမှု အကုသိုလ်ကံကြောင့် ဤကဲ့သို့ မဟုတ်မမှန် အစွပ်စွဲခံရသကဲ့သို့ ထိုအတူ စိဉ္စမာန် အစရှိသော ဖောက်ပြန်သူ မိန်းမညစ်တို့၏ မြတ်စွာဘုရားရှင်အပေါ် မဟုတ်မမှန် အစွပ်စွဲ ခံရခြင်း—အစရှိသော ရောက်ဆိုက်သမျှ ဆင်းရဲဒုက္ခ အလုံးစုံ တို့သည် (ဝဋ်တော်ဆယ့်နှစ်ပါးကို ဆိုလိုသည်) ရှေးကပြုမှားခဲ့ သော မကောင်းမှု အကုသိုလ်ကံ၏ အကျိုး = ဝိပါက်ကြွင်းတို့ ဖြစ်ကုန်၏။ ယင်း အကုသိုလ်ကံတို့ကို အပဒါန်ပါဠိတော် (ပဥ္စမ အုပ်၊ ခု-၃၊ ၃၄၆-မျက်နှာ) ၌ "ကမ္မပိလောတိက = ကြမ်းတမ်း သော အကုသိုလ်ကံများ "ဟူ၍ (အရပ်သုံးအားဖြင့် "ဝဋ်တော် ဆယ့်နှစ်ပါး" ဟူ၍) ခေါ်ဆိုအပ်ကုန်၏။

(ဤဆိုအပ်ပြီးသည်ကား သုန္ဒရီပရိဗိုဇ်မဖြင့် စွပ်စွဲခံရခြင်း၏ ရှေးကံ အကြောင်းတည်း)။

ဤတွင် အခဏ်း ၂၅-ပြီး၏။

http://www.dhammadownload.com



## အခန်း—၂၆

### အင်္ဂမဝါကို သုသုမာရဂိရမြို့၌ ကပ်ဆိုတော်မူခြင်း

မြတ်စွာဘုရားသခင်သည် (ဆိုအပ်ခဲ့ပြီးသောအတိုင်း) ခုနစ်ခုမြောက်(=သတ္တမ)ဝါကို တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကပ်ဆိုတော်မူကာ အဘိဓမ္မာတရား ဟောကြားတော်မူ၍ ထိုဝါကျွတ်သောအခါ သင်္ကဿမြို့တံခါးသို့ စောင်းတန်းသုံးသွယ်ဖြင့် လူ့ပြည်သို့ သက်ဆင်းတော်မူပြီးလျှင် စောင်းတန်းဦး၌ သာရိပုတ္တသုတ္တန် အစရှိသော တိုထိုတရားဒေသနာတော်များကို ဟောကြားဆုံးမလျက် များလှစွာသော ကျွတ်ထိုက်သသူ နတ်လူမြဟ္မာ သတ္တဝါတို့ကို ဓမ္မာဘိသမယ တရားထူးကို ရစေပြီးနောက် သာဝတ္ထိပြည်အရပ်သို့ ကြွရောက်တော်မူကာ ဓမ္မ-ဒေသနာသဘင် အမြိုက်ပွဲကြီး ယင်တော်မူပြီး၍ ရှစ်ခုမြောက်ဖြစ်သော အင္ဂမဝါကို ဘဂ္ဂတိုင်းအဝင်အပါ သုသုမာရဂိရမြို့၏ အနီး ဘေသကဠာမည်သော တောအုပ်ကြီး၌ ခိုမှီးဝါကပ် သီတင်းသုံး နေထိုင်တော်မူလတ်သတည်း။

(ဤယခု မြတ်စွာဘုရားသခင် ရှစ်ခုမြောက်=အင္ဂမဝါ ကပ်ဆိုရာ တိုင်းကား မဇ္ဈိမဒေသရှိ တိုင်းကြီး ၁၆-တိုင်းတွင် သမိုင်းအပါအဝင် ထင်ရှားသော ဘဂ္ဂတိုင်းဖြစ်လေသည်။ ထိုဘဂ္ဂတိုင်း၏ မြို့တော်ဖြစ်သော သုသုမာရဂိရမြို့ကား ထိုမြို့ကို စတင်ဖန်တီးတည်ထောင်သော အခါ မြို့ရာ၏အနီး မြစ်အတွင်းမှ မိကျောင်း အသံပြုသည်ကို နိမိတ်တခု အစွဲပြုကာ မြို့အမည်မှာ "သုသုမာရဂိရ"မြို့ဟု တွင်လေသည်။ ထိုမြို့၏ အနီး ယခု မြတ်စွာဘုရားသခင် ဝါကပ်တော်မူရာ တောအုပ်ကြီးမှာ ဘေသကဠာမည်သော ဘီလူးမ စိုးအုပ်ရာဖြစ်သောကြောင့် (ဌာနီ ဖြစ်သော ဘီလူးမ၏ ဘေသကဠာဟူသော အမည်ကို ဌာနဖြစ်သော တောအုပ်၌ တင်စား၍ ဌာန္ယူပစာရအားဖြင့်) "ဘေသကဠာ" တော အုပ်ဟူ၍ အမည်တွင်လေသည်။ ထိုတောအုပ်ကား သားကောင်တို့အား ဘေးမဲ့ပေးရာ ဘေးမဲ့တောအုပ်ကြီးဖြစ်သည်။)

http://www.dhammadownload.com



## နကုလပိတုသူကြွယ် ဇနီးမောင်နှံတို့ သောတာပန် တည်ကြခြင်းအကြောင်း

ထိုသို့ မြတ်စွာဘုရားသခင် ရဟန်းအပေါင်းခြံရံလျက် သုသုမာရဂိရမြို့ ဘေသကဠာတောအုပ်ကြီး၌ သီတင်းသုံးနေထိုင်တော်မူသောအခါ နကုလပိတုသူကြွယ်နှင့် နကုလမာတုသူကြွယ်မ ဇနီးမောင်နှံတို့သည်လည်း သုသုမာရဂိရမြို့သူမြို့သားတို့နှင့်အတူတကွ မြတ်စွာဘုရားထံတော်မှောက်သို့ တရားနာ အဖူးအမြော် လာရောက်ကြလေသော် မြတ်စွာဘုရားရှင်ကို ပဌမအကြိမ်ဖူးတွေ့လိုက်ရလျှင်ပင် "ဤသူကား ငါတို့၏သားတည်း"ဟူ၍ သားဟူသော အမှတ်ကို ဇနီးမောင်နှံ နှစ်ဦးလုံးပင် ဖြစ်စေကြပြီးလျှင် မြတ်စွာဘုရားရှင်၏ ခြေတော်တို့၌ တံ့ဝပ်ကြ၍ "ချစ်သား....သင်ချစ်သားသည် ဤမျှကာလကြာအောင် ငါတို့မိဖနှစ်ပါးကို စွန့်ပစ်ထားပြီး အဘယ်အရပ်သို့များ လှည့်လည်ကျက်စား သွားလာနေသနည်း" ဟူ၍ (ဤဘဝ၌ပင် တကယ်စင်စစ် ကွဲကွာနေသော သားကြီးပြန်ရသကို ပြောကြားသကဲ့သို့) ချစ်လည်းချစ်ခင် အပြစ်လည်းတင်သည့်စကားကို ပြောကြားကြလေကုန်၏။

(အထူးမှတ်ရန်။ ။နကုလပိတုသူကြွယ်ကား ရှေးအခါ၌ ဘဝငါးရာတိုင်အောင် မြတ်စွာဘုရား၏ ဖခင်အရင်းဖြစ်ခဲ့ဘူးလေသည်၊ ဖထွေးဖြစ်ခဲ့ဘူးသည်ကား ဘဝငါးရာ, ဖကြီးဖြစ်ခဲ့ဘူးသည်ကား ဘဝငါးရာ, ဦးကြီး (=အမေ့မောင်) ဖြစ်ခဲ့ဘူးသည်ကား ဘဝငါးရာ၊ နကုလမာတုသူကြွယ်မသည်လည်း ဘဝငါးရာ အမိဖြစ်ခဲ့ဘူး၍ ဘဝငါးရာ မိထွေး (=အမေ့ညီမ), ဘဝငါးရာ မိကြီး (=အမေ့အစ်မ), ဘဝငါးရာ အရီး (=အဖေ့နှမ) ဖြစ်ခဲ့ဘူးလေသည်။ ဤသို့လျှင် ရှည်လျားလှစွာ သံသရာကပင် ချစ်ခင်ခြင်း=မေတ္တာသိနေဟာဓာတ် အစဉ်တစိုက် ငုပ်ကိန်း လိုက်ပါလာသောကြောင့် နှစ်ဦးလုံးပင် မြတ်စွာဘုရားရှင်ကို မြင်ကြရလျှင် သားဟူသော အမှတ်သညာကို ပြုလုပ်ကြကာ ပကတိအနေဖြင့် တည်နေခြင်းငှါ မစွမ်းနိုင်ပဲ ရှိကြလေကုန်တော့သည်။)

မြတ်စွာဘုရားရှင်သည် သူကြွယ်မောင်နှံ နှစ်ဦး စိတ်အလိုဆန္ဒပြည့်ဝကာ သတိရလာကြသော အခါ၌ မမုန်းမချစ် လျစ်လျူ အလယ်အလတ် စိတ်နှလုံးရှိကြသော ထိုသူကြွယ်မောင်နှံ နှစ်ဦး

http://www.dhammadownload.com



တို့အား တရားဟောတော်မူလေသည်။ ဒေသနာနိဂုံး ဆုံးသော အခါ၌ နှစ်ဦးလုံးပင် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏*။ အံ့ဌ ၁၊၃၀၇-၈-၉-မှ)

**မောဓိမင်းသားအကြောင်း**

ဤ မောဓိမင်းသား အကြောင်းအရာကား မဇ္ဈိမပဏ္ဏာသ-အဋ္ဌကထာ မောဓိရာဇကုမာရ သုတ်အဖွင့် (စာမျက်နှာ ၂၂၂-စသည်)၌၎င်း, ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ်၊ ၁၂-အတ္တဝဂ်၊ မောဓိရာဇကုမာရဝတ္ထုအဖွင့် (မျက်နှာ ၇၅-စသည်)၌၎င်း လာရှိသည်။ ထိုကျမ်းတို့ကို နှီးနှော၍ ဤမဟာဗုဒ္ဓဝင်၌ ရေးသားပေအံ့—

ဤမောဓိမင်းသားကား ဥဒေနမင်း၏ သားတော်ဖြစ်သည်၊ ခမည်းတော် ဥဒေနမင်း၏ အထံမှ သင်ကြား၍ ဆင်အတတ်ချွန်းကိုင်အတတ်၌ တဖက်ကမ်းရောက် တတ်မြောက်သူ ဖြစ်လေသည်။ (ဥဒေနမင်း၏ အကြောင်းအရာ အကျယ်ကို အရှင်စန္ဒ-ဇောတိမထေရ် မြန်မာပြန်ဆိုအပ်သော ဓမ္မပဒအဋ္ဌကထာ ပိဋ္ဌ-ကတ် မြန်မာပြန်ကျမ်းမှ မှတ်ယူကုန်ရာ၏။ ဤ၌မူ အကျဉ်းမျှသာ ရေးသား ဖော်ပြပေအံ့)။

ကောသမ္ဗီပြည်၌ ပရန္တပမင်း မင်းပြုတော်မူစဉ် မိဖုရားကြီးသည် ကိုယ်ဝန်သား အရင့်အမာရှိလျက် ဟင်းလင်းအပြင် (လသာဆောင်)၌ မင်းနှင့်အတူတကွ နေစာလှုံနေသောအခါ ကမ္ဗလာနီကို ခြုံရုံလျက် ထိုင်နေလေသည်။ ငှက်ဆင်တကောင်သည် သားတစ်ဟု မှတ်ထင်ကာ မိဖုရားကြီးကို သုတ်ယူ၍ ကောင်းကင်သို့ ပျံတက်လေသည်။ မိဖုရားကြီးကား "ယခုအချိန် အသံပြုလျှင် ငါ့ကို စွန့်ပစ်ချလေရာ၏"ဟု စဉ်းစားဆင်ခြင်မိကာ အသံမပြုပဲ တိတ်တိတ်လိုက်ပါသွားလေသည်။

---

* ဤ နကုလပိတုသူကြွယ် ဇနီးမောင်နှံတို့၏ အကြောင်းကို သံဃရတနာ အခန်း၌လည်း ရေးသား ဖော်ပြပါဦးမည်။

http://www.dhammadownload.com



ငှက်ဆင်သည် မိမိ အစာစားနေကျ နေရာဖြစ်သည့် တောင်ခြေရင်းတခုဝယ် သစ်ပင်ခွကြား၌ မိဖုရားကြီးကို ချထားလေ၏၊ မိဖုရားကြီးသည် လက်ခုပ်တီး၍ ကြီးစွာသောအသံကို ပြုလေသော် ငှက်ဆင်သည် ကြောက်လန့်၍ ပျံသန်းပြေးသွားလေတော့သည်။ ထိုသစ်ပင်ခွကြား၌ပင် မိဖုရားကြီး၏ ကိုယ်ဝန်သား ဖွားသန့်မှု ဖြစ်လေ၏၊ မိဖုရားသည် ညဉ့်သုံးယံပတ်လုံး မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ကမ္ဗလာကို ခြုံလျက်သာ ထိုင်နေရရှာ၏။

ထိုသစ်ပင်မှ မနီးမဝေးအရပ်၌ ရသေ့တဦးသည် နေထိုင်၏၊ ထိုရသေ့သည် မိဖုရား၏အသံကို ကြားရသဖြင့် အရုဏ်တက်သောအခါ သစ်ပင်ရင်းသို့လာ၍ အမျိုးဇာတ်ကို မေးပြီးသော် ရင်းထောင် (= လှေကား) ပြုလုပ်၍ မိဖုရားကို သစ်ပင်ထက်မှ ဆင်းသက်စေပြီးလျှင် မိမိ၏နေရာ သခ်မ်းကျောင်းသို့ ယူဆောင်ခဲ့၍ ယာဂုကို တိုက်ကျွေးလေသည်။ သူငယ်၏အမည်ကို မိုးဥတုနှင့် တောင်ခွေတို့ကို စွဲယူကာ ဖွားမြောက်ရသောကြောင့် "ဥဒေန" ဟူ၍ အမည်မှည့်ခေါ်လေသည်။

တနေ့သ၌ မိဖုရားသည် ရှင်ရသေ့ တောမှပြန်လာသောအခါ ခရီးဦးကြိုဆို၍ (အနာဂတ် နေထိုင်ရေး စိတ်မအေးနိုင်ရကား) မိန်းမတို့၏ အမူအရာကိုပြကာ ရှင်ရသေ့ကို သီလပျက်ခြင်းသို့ ရောက်စေခဲ့လေ၏။ ထိုသူနှစ်ဦးတို့ အတူတကွ ပေါင်းသင်း နေထိုင်ကြစဉ် ကာလလွန်လတ်သော် ကောသမ္ဗီပြည်၌ ပရန္တပ မင်းသည် နတ်ရွာစံလေ၏။ ရသေ့သည် ညဉ့်အခါ ကောင်းကင် နက္ခတ်ကိုကြည့်၍ ပရန္တပမင်း နတ်ရွာစံကြောင်း သိရှိပြီးလျှင် မိဖုရားကို "သင်၏မင်းသည် နတ်ရွာစံလေပြီ၊ သင်၏သားကို ဤတောအရပ်၌ပင် နေစေလိုသလော၊ သို့မဟုတ် ခမည်းတော်၏ ဥစ္စာဖြစ်သော ကောသမ္ဗီပြည်၌ ထီးဖြူစိုးအုပ် မင်းပြုလုပ်သည်ကို အလိုရှိသလော" ဟု မေးလေ၏။ မိဖုရားသည် သားတော်အား အစမှစ၍ ဖြစ်ကြောင်းကုန်စင် ပြောကြားတိုင်ပင်လတ်သည်တွင် ထီးဖြူစိုးအုပ် မင်းပြုလုပ်လိုသည့် သားတော်၏ အလိုဆန္ဒကို သိရှိရကာ ရသေ့အား ပြန်ကြားပြောဆိုလေ၏။

http://www.dhammadownload.com



ရှင်ရသေ့ကား ဆင်ကြန်မန္တာန်ကို ကောင်းစွာ တတ်သိသူ ဖြစ်သည်။ ဤရသေ့သည် အဘယ်သူ့ထံမှ ထိုအတတ်ကို ရအပ်သနည်းဟူမူ သိကြားမင်းထံမှ ရအပ်၏။ ထင်ရှားစေဦးအံ့.... ရှေးအခါက သိကြားမင်းသည် ထိုရသေ့ထံသို့ ဆည်းကပ်လာရောက်၍ "အရှင်ဘုရားတို့သည် အဘယ်ဖြင့် ပင်ပန်းခွမ်းနယ်ကုန်သနည်း" ဟု မေး၍ ဆင်ဘေးရန်ရှိကြောင်း ပြန်ကြားပြောဆိုလတ်သည်တွင် သိကြားမင်းသည် ရှင်ရသေ့အား ဆင်ကြန်မန္တာန်နှင့် စောင်းကို ပေးအပ်ပြီးလျှင် "ဆင်များ ပြေးစေလိုလျှင် ဤစောင်းညှို့ကိုတီး၍ ဤမန္တာန်ကို ရွတ်ကြကုန်၊ ဆင်များကို ခေါ်လိုသော် ဤမန္တာန်ကို ရွတ်ဆိုကြကုန်လော့" ဟု မှာကြားပေးအပ်သွားလေသည်။ ရသေ့သည် ထိုမန္တာန်အတတ်ကို မင်းသားအားပေးလေသော် မင်းသားသည် တခုသော ညောင်ပင်သို့တက်၍ ဆင်များလာကြလေလျှင် စောင်းညှို့ကိုတီး၍ ဆင်ကြောက်သည့်မန္တာန်ကို ရွတ်ဆိုလေ၏၊ ဆင်တို့သည် ကြောက်လန့်၍ ပြေးလေကုန်၏။

မင်းသားသည် မန္တာန်အတတ်၏ အာနုဘော်ကို လက်တွေ့သိရှိပြီးလျှင် နောက်တနေ့၌ ဆင်ခေါ်သော မန္တာန်ကို ရွတ်ဆိုလေသော် အကြီးဆုံးဆင်မင်းသည် လာလတ်၍ မင်းသားစီးရန် ပခုံးကို ညွတ်၍ခံလေ၏။ မင်းသားသည် ထိုဆင်မင်း၏ ပခုံးထက်တည်နေလျက် စစ်ထိုးနိုင်စွမ်းသော ဆင်သန် ဆင်ပျိုများကို ရွေးကောက်ပြီးနောက် (သက်သေအဖြစ်) မယ်တော်ရှိသော ကမ္ဗလာနှင့် လက်စွပ်တို့ကို မယ်တော့်ထံမှ တောင်းယူ၍ မိဖနှစ်ပါးတို့ကို ရှိခိုးပြီးနောက် တောမှထွက်ခဲ့ပြီးလျှင် အစဉ်သဖြင့် ထိုထိုရွာနိဂုံးသို့ ဝင်၍ "ငါသည် ပရန္တပမင်း၏ သားတည်း၊ စည်းစိမ်ကိုအလိုရှိသူတို့သည် ငါ့ထံမှောက်သို့ လာရောက်ကြကုန်လော့"ဟု လူသူဗိုလ်ပါအင်အား စုရုံးပြီးနောက် မြို့ကို စစ်တပ်ကြီးဖြင့် ဝန်းရံ၍ "ငါသည် နတ်ရွာစံ ပရန္တပမင်း၏ သားတော်ဖြစ်သည်၊ ငါ့အား ခမည်းတော်၏ အမွေ ထီးနန်းကို ပေးကြလော့"ဟု ပြောဆိုကာ မယုံကြည်သူတို့အား မယ်တော်၏ ကမ္ဗလာနှင့်

http://www.dhammadownload.com



လက်စွပ်ကိုပြ၍ မင်းသားဟု ယုံကြည်စေပြီးလျှင် ထီးနန်းစိုးအုပ် အလွယ်တကူဖြင့်ပင် မင်းပြုလုပ်ရလေသည်။ ထိုဥဒေနမင်းသည် ဆင်ဖမ်းကျူးသူ (ဆင်ဖမ်းဝါသနာ အလွန်ကြီးသူ) ဖြစ်ရကား "ဤမည်သောအရပ်၌ ဆင်ကောင်းရှိသည်"ဟူ၍ ပြောဆိုလျှောက်ထားလျှင် အချိန်ကို မဆွဲပဲ လျင်မြန်စွာ သွား၍ ဖမ်းယူလေ့ရှိပေ၏။

စဏ္ဍပဇ္ဇောတမင်းသည် "ထိုဥဒေနမင်း၏အထံ၌ ဆင်အဘတ်ကို သင်ယူအံ့"ဟု ကြံစည်ပြီးလျှင် သစ်သားဆင်ရုပ်ကြီး ပြုလုပ်ကာ ထိုဆင်ရုပ်ကြီးအတွင်း၌ စစ်သား သူရဲကောင်းတို့ကို အသင့်ထိုင်နေစေ၍ ဆင်ဖမ်းရန် ထွက်လာသော ဥဒေနမင်းကို ဖမ်းယူပြီး ထိုဥဒေနမင်း၏ အထံ၌ ဆင်မန္တာန်အတတ်ကို သင်ယူရန် သမီးတော် (= ဝါသုလဒတ္တာ)ကို စေလွှတ်လေသည်။ နောက်တချိန်၌ ဥဒေနမင်းသည် ထိုစဏ္ဍပဇ္ဇောတမင်း၏ သမီးတော်ဝါသုလ-ဒတ္တာနှင့် မေတ္တာရည်ငံ ဆက်ဆံပေါင်းသင်း၍ ထိုသမီးတော်ကို ခိုးယူကာ မိမိ၏မြို့သို့ သွားရောက်ပေါင်းသင်းနေလေသည်။ ထိုဝါသုလဒတ္တာ မိဖုရားမှ သားတော်ဗောဓိမင်းသား ထွန်းကားခဲ့လေသည်။ ဗောဓိမင်းသားသည် ခမည်းတော် ဥဒေနမင်း၏ အထံ၌ ဆင်ကြိန်မန္တာန်အတတ်ကို သင်ကြား၍ ဆင်အတတ်ဝယ် တဖက်ကမ်းခတ် တတ်မြောက်သူဖြစ်၍ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့၌ နေထိုင်လေသည်။

### ဗောဓိမင်းသား ကောကနုဒပြာသာဒ်ကို ဆောက်လုပ်စေခြင်း အကြောင်း

ဗောဓိမင်းသားသည် မြေအပြင်တွင် အခြားပြာသာဒ်တို့နှင့် မတူ တမူထူးခြား ကောင်းကင်သို့ ပျံတက်လုမတတ် ဆန်းပြားလှစွာသော "ကောကနုဒ" မည်သော ပြာသာဒ်ကို ဆောက်လုပ်စေ၍ လက်သမားဆရာကြီးကို "သင်သည် အခြားအရပ်၌လည်း ဤပြာသာဒ်မျိုးကို ဆောက်လုပ်အပ်ဘူးသလော၊ သို့မဟုတ် ဤယခုလက်မှုအတတ်သည် သင့်အဖို့ရာ ရှေးဦးစွာသော လက်ရာလေ

http://www.dhammadownload.com



လော”ဟု မေးမြန်းလေ၏။ လက်သမားဆရာကြီးက “အရှင်မင်းမြတ်....အကျွန်ုပ်၏အဖို့ရာ ရှေးဦးစွာသောလက်ရာ ဖြစ်ပါသည် ဘုရား” ဟု လျှောက်ထားလေသော် မဟောဓိမင်းသားသည် “အကယ်၍များ ဤလက်သမားဆရာကြီးသည် အခြားသူတဦးဦး အတွက်လည်း ဤကဲ့သို့သော ပြာသာဒ်မျိုးကို ဆောက်လုပ်ခဲ့လျှင် ဤငါ၏ ကောကနုဒပြာသာဒ်သည် လူအပေါင်းတို့ စိတ်သဝ်ရှင်မော အံ့သြချီးမွမ်းဖွယ် ဖြစ်တော့မည်မဟုတ်ချေ၊ သို့ရကား ငါသည် ဤလက်သမားဆရာကြီးကို ကွပ်မျက်သတ်ဖြတ်မှု (သို့မဟုတ်) လက်ခြေတို့ကိုဖြတ်မှု (သို့မဟုတ်) မျက်စိနှစ်လုံးတို့ကို ဖောက်ထုတ်မှု သင့်လျော်ပေမည်၊ ဤသို့ပြုမှသာ အခြားသူတပါး အတွက် ဤပြာသာဒ်မျိုးကို မဆောက်လုပ်နိုင်ချေမည်”ဟူ၍ ရက်စက် ကြမ်းကြုတ်သော အကြံကို ကြံစည်မိလေ၏။

မဟောဓိမင်းသားသည် ထိုမိမိ၏ ရက်စက် ကြမ်းကြုတ်သော အကြံအစည် အကြောင်းအရာများကို မိမိ၏ အလွန်ရင်းနှီးသည့် သူငယ်ချင်းဖြစ်သူ သဉ္ဇိကာပုတ္တအမည်ရှိသော လုလင်အား ဖွင့်ဟ ပြောကြားလေသည်။ သဉ္ဇိကာပုတ္တလုလင်သည် ဆင်ခြင် စဉ်းစား သနားညှာတာတတ်သူဖြစ်ရကား “ဤမင်းသားသည် ယုံမှားဖွယ် မရှိ၊ ကေန္တပင် လက်သမားဆရာကြီးကို ဖျောက်ဖျက်ပစ်ပေလိမ့်မည်၊ ပညာရှင်ကြီးကား အဖိုးအတိုင်းမသိ ထိုက်တန်သူ ဖြစ်ပေသည်၊ ထို အဖိုးအတိုင်းမသိ ထိုက်တန်သော ပညာရှင်ကြီး တယောက်သည် ငါမြင်စဉ် မပျက်စီးပါစေလင့်၊ ထိုပညာရှင်ကြီး အား ငါသည် အမှတ်အချက် အသိပေးဦးမှပဲ”ဟု ဆင်ခြင် ကြံစည်ပြီးလျှင် လက်သမားဆရာကြီးထံသို့ သွားရောက်၍ “ပြာသာဒ်၌ ဆရာကြီး၏ လုပ်ငန်းစဉ် ပြီးဆုံးပြီလော၊ မပြီးဆုံးသေးဘူးလော” ဟူ၍ မေးလေ၏။ လက်သမားဆရာကြီးက “ပြီးဆုံးပါပြီ” ဟု ပြောဆိုလေသော် “ဆရာကြီး....မဟောဓိမင်းသားသည် ဆရာကြီးကို ဖျောက်ဖျက်ပစ်လိုပါသည်၊ မိမိကိုယ်ကို သတိထား၍ စောင့်ရှောက်ပါလေ”ဟူ၍ သဉ္ဇိကာပုတ္တလုလင်သည် သတိပေးစကား ပြောကြားလေ၏။

http://www.dhammadownload.com



လက်သမားဆရာကြီးသည်လည်း "အိုအရှင် .... အရှင်သည် အကျွန်ုပ်အား ထိုအကြောင်းကို ပြောကြားသည်မှာ အလွန် ကောင်းမြတ်သော အလုပ်ကို ပြုလုပ်အပ်ပါပေသည်၊ ဤအရာ၌ အကျွန်ုပ်သည် ပြုလုပ်ဆောင်ရွက်ဖွယ် ရှိသမျှကို သတိထား စဉ်းစား၍ ဆောင်ရွက်ပါမည်"ဟူ၍ ပြောဆိုပြီးနောက် "အချင်းလက်သမားသရာကြီး....အသို့နည်း(=ဘယ့်နှယ်တုန်း)ငါတို့၏ကော-ကနဒပြာသာဒ်၌ လုပ်ဆောင်ဖွယ်အလုပ်များ ပြီးစီးပါပြီလော"ဟု မဟောဓမင်းသားက မေးသောအခါ "အရှင်မင်းမြတ်....မပြီးဆုံးသေးပါ၊ ရွက်ဆောင်ဖွယ် အမှုများ အများကြီး ကျန်ရှိပါသေးသည်"ဟု ဖြေကြားလေသည်။ မင်းသားက "ဘယ်လို အလုပ်တွေများ ကျန်ရှိနေသေးပါသနည်း"ဟု မေးအပ်လေသော် "အရှင်မင်းမြက် .... နောက်မှပဲ လျှောက်ထားပါမည်၊ သစ်သားများကိုသာ အမြန်ပို့စေတော်မူပါ"ဟူ၍ လိမ္မာပါးနပ်စွာ လျှောက်ထားလေသည်။ "ဘယ်လို သစ်သားမျိုးတွေကို ပို့စေလိုသနည်း" ဟု မင်းသားက မေးသော အခါ "ရမနေသား—စသည်တို့ကဲ့သို့ ပေါ့ပါး ခြောက်သွေ့သည့်အသားများကို ပို့စေလိုပါသည် အရှင်မင်းမြတ်...."ဟူ၍ ဖြေကြား လျှောက်ထားသဖြင့် မင်းသားသည် ယုံကြည်ကာ ထိုပေါ့ပါး ခြောက်သွေ့သည့် အသားများကို ပို့စေလေသည်။

ထို့နောင်မှ လက်သမား ဆရာကြီးသည် မဟောဓမင်းသားကို "အရှင်မင်းမြတ်....အရှင်မင်းမြတ်သည် ဤအချိန်မှစ၍ ကျွန်ုပ်ထံသို့ ကြွလာတော်မမူပါလင့်၊ အဘယ့်ကြောင့်ဆိုသော် အလွန်သိမ်မွေ့သော လက်သမားအလုပ်ကို ပြုလုပ်ရတော့မည့် အကျွန်ုပ်၏ အဖို့ရာ အခြားသူတဦးနှင့် စကားပြောဆိုနေရလျှင် အလုပ်ဖင့်နွဲ့ အလွဲလွဲဖြစ်နိုင်ပါသည်၊ အတူးအားဖြင့် ထမင်းစားချိန်မှာအကျွန်ုပ်၏မယား (=လက်သမားကတော်) သည်ပင် အစာထမင်းကို ဆောင်ကြဉ်း ပို့လာပါလိမ့်မည် " ဟု ယုံကြည်လောက်အောင် စကားပြောကြားလေသော် မင်းသားသည်လည်း " ကောင်းပြီ" ဟူ၍ ဝန်ခံလေ၏။

http://www.dhammadownload.com



လက်သမားဆရာကြီးသည်လည်း တိုက်ခန်းတခု၌ နေထိုင်ကာ ထိုပေါ့ပါးသော သစ်သားများကို သူ့အတိုင်းနှင့်သူ လွှီးဖြတ်ခုတ်ရွေ၍ မိမိ၏သားမယားတစု အတွင်း၌ နေထိုင်နိုင်လောက်အောင် ဂဠုန်ငှက်ရုပ်သဏ္ဌာန်"ယာဉ်ပျံကြီး" တည်ဆောက်ပြီးလျှင် ထမင်းစားချိန် ရောက်သောကာလ၌ ထမင်းပို့ လာသူ ဇနီးသယ်(= လက်သမားကတော်)ကို "အိမ်မှာရှိသမျှ အလုံးစုံကို ရောင်းချပြီးလျှင် ရွှေငွေများကို ယူခဲ့လော့"ဟု မှာကြားပြောဆိုလိုက်လေသည်။ မဟောမိမင်းသားသည်လည်း လက်သမားဆရာကြီး ထွက်မပြေးနိုင်ရန် ကောကနုဒပြာသာဒ်ကိုဝန်းရံ၍ အစောင့်အနေများချထားလေ၏။ လက်သမားဆရာကြီးသည်လည်း ဂဠုန်ငှက်ရုပ်သဏ္ဌာန်"ယာဉ်ပျံကြီး"ပြီးလတ်သောအခါ"ယနေ့သားသမီးတွေအကုန် ခေါ်ဆောင်၍ လာခဲ့"ဟု ဇနီးသယ်ကို မှာကြားလိုက်၍ နံနက်စာ စားပြီးသောအခါ သားမယားများကို ဂဠုန်ငှက်ရုပ်ဝမ်း၌ ထိုင်နေစေ၍ လေသာပြူတင်းပေါက်မှ ငှက်ရုပ်ယာဉ်ပျံကြီးကို မောင်းနှင်ကာ ထွက်ပြေးလေတော့၏။ ထိုလက်သမားဆရာကြီးသည် မဟောမိမင်းသား ချထားသည့် အစောင့်အနေများက"အိုအရှင်မင်းမြတ်····လက်သမားသည် ထွက်ပြေးလေပြီ"ဟု မြည်တမ်းပြောဆိုကြစဉ်ပင် ကောင်းကင်ခရီးဖြင့် သွားလတ်၍ ဟိမဝန္တာ၌ သက်ဆင်းပြီးလျှင် မြို့သစ်တခု ဖန်ဆင်းတည်ထောင်၍ မင်းပြုလတ်သည်တွင် "ကဋ္ဌဝါဟနမင်း"ဟူ၍ ထင်ရှားဖြစ်ပွါးလေတော့သည်။

### မဟောမိမင်းသား ပြာသာဒ်တက်မင်္ဂလာပွဲ၌ ဘုရားအမူးရှိသော သံဃာတော်ကို ပင့်ဖိတ်ခြင်း

မဟောမိမင်းသားသည်လည်း "ပြာသာဒ်တက်မင်္ဂလာပွဲသဘင်ဆင်ယင်ကျင်းပအံ့"ဟု ကြံစည်စီမံကာ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ကောကနုဒပြာသာဒ်၌ နံ့သာမျိုးလေးပါးတို့ဖြင့် အပြေအပြစ်လိမ်းကျံ မွမ်းမံခြယ်လယ်၍ အောက်မြေအပြင် ပဌမလှေခါးထစ်မှ အစပြုကာ ခြေနင်းဖွယ်ရာ ပိတ်ဖြူလွှာကြီးကို ခင်း၍ထားလေသည်။ (မင်းသားကား သားသမီး မဖွားနိုင်သူဖြစ်သည်၊

http://www.dhammadownload.com



ထို့ကြောင့် "ငါသည် အကယ်၍ သားကိုဖြစ်စေ, သမီးကိုဖြစ်စေ ရလိမ့်မည်မှန်ပါက မြတ်စွာဘုရားသည် ဤပိတ်ဖြူအခင်းကို နင်းတော်မူလိမ့်မည်" ဟု ကြံစည်အောက်မေ့ကာ ခင်းထားလေသည်)။

မင်းသားသည် မြတ်စွာဘုရားရှင် ကြွလာတော်မူသောအခါ ဘည်ခြင်းငါးမျိုးဖြင့် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ သပိတ်တော်ကို ဆီးကြိုယူငင်ပြီးလျှင် "ဝင်တော်မူပါ မြတ်စွာဘုရား...."ဟူ၍ ခလျှောက်ထားလေသည်။ မြတ်စွာဘုရားကား ဝင်တော်မမူချေ။ မင်းသားသည် နှစ်ကြိမ်မြောက်၎င်း,သုံးကြိမ်မြောက်၎င်း တောင်းပန်လေသည်။ မြတ်စွာဘုရားရှင်သည် ဝင်တော်မမူပဲ သုံးကြိမ်ခမြောက် တောင်းပန်အပ်သောအခါ၌ အရှင်အာနန္ဒာကို ကြည့်တော်မူလေသည်။ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင် ကြည့်ရှုတော်မူသော အမှတ်ဖြင့်ပင် ပိတ်ဖြူအခင်းကို နင်းတော်မူလိမ့်မည်မဟုတ်ကြောင်း ကောင်းစွာသိတော်မူ၍ မင်းသားကို "မင်းသား....ပိတ်ဖြူအခင်းများကို ရုပ်သိမ်းစေလော့၊ မြတ်စွာဘုရားသည် ပိတ်ဖြူအခင်းကို နင်းတော်မူလိမ့်မည်မဟုတ်၊ နောင်လာမည့်နောက်သားကို မြတ်စွာဘုရားသည် ငဲ့ကွက်တော်မူသည်" ဟု မိန့်တော်မူ၍ ပိတ်ဖြူ အခင်းများကို ရုပ်သိမ်းစေလေ၏။

(ဤအရာဝယ် ဗောဓိမင်းသား၏ ရည်ရွယ်ချက်နှင့် ဒွေးကာ် အကြောင်းကို၎င်း, မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ ပိတ်ဖြူအခင်းကို နင်းတော်မမူခြင်း အကြောင်းကို၎င်း (မ ဋ္ဌ၊ ၃၊ မျက်နှာ ၂၂၂-၃-တို့မှ ထုတ်ဆောင်၍) အကျဉ်းမျှ ပြဆိုဦးအံ့—

**မင်းသား၏ ရည်ရွယ်ချက်။** ။ဗောဓိ မင်းသား ကား သားသမီး မထွန်းကားသူဖြစ်သည်၊ သူသည်"မြတ်စွာဘုရားတို့အား အဓိကာရ(= အထိကရ) ကောင်းမှုကုသိုလ်ကို ပြုလုပ်သည်ရှိသော် စိတ်အလိုရှိအပ်ရာ ကို ရနိုင်၏"ဟူ၍လည်း သတင်းကြားဘူးလေသည်။ သို့ရကား မင်းသား သည် "အကယ်၍ ငါသည် သားသမီးကို ရနိုင်မည့်သူ ဖြစ်ပါက မြတ်စွာဘုရားသည် ငါ၏ ပိတ်ဖြူအခင်းကို နင်းတော်မူလိမ့်မည်၊ အကယ်၍ သားသမီးကို မရနိုင်မည့်သူ ဖြစ်ပါက နင်းတော်မူလိမ့် မည်မဟုတ်"ဟု ရည်ရွယ်ချက် ပြုကာ ပိတ်ဖြူ အခင်းကို ခင်းစေလေ

http://www.dhammadownload.com



သည်။ ထိုအခါ မြတ်စွာဘုရားသည်“ဤမင်းသား၏ အဖို့ရာ သားသမီး များ ဖြစ်ထွန်းမည်လော”ဟု ဆင်ခြင်ကြည့်ရှုတော်မူလေသော် “ဖြစ်ထွန်းလိမ့်မည်မဟုတ်”ဟူ၍ မြင်တော်မူလေသည်။

**မင်းသား၏ ရှေးကံအကြောင်း။** ။ထိုဗေဝဓိမင်းသားကား ရှေးအတိတ်က တခုသောဘဝဝယ် ကျွန်းငယ်တခု၌နေစဉ် အကုသိုလ်ဆန္ဒချင်း တူညီသည့် ဇနီးသယ်နှင့် သဘောတူ ငှက်ငယ်များကို သတ်ဖြတ်၍ စားခဲ့ဘူးလေသည်။ အကယ်၍ ယခုဘဝ၌ ထိုမင်းသား၏ ဇနီးသယ်(=မိဖုရား)သည် ထိုအတိတ်ဘဝ ဇနီးသယ်မှ အခြားတပါးသူ ဖြစ်ခဲ့လျှင် သားသမီးကို ရနိုင်လေရာ၏။ ယခုမှာမူ မင်းသားရော မိဖုရားပါ နှစ်ဦးလုံးပင် ထိုအတိတ်ဘဝက အကုသိုလ်ဆန္ဒ တူညီမျှကြ၍ ငှက်ငယ်တို့ကို သတ်ဖြတ်စားသောက်ခြင်း(=ပါဏာတိပါတ)မကောင်းမှုကို ပြုအပ်ခဲ့လေသည်။ ထို့ကြောင့် ထိုမင်းသား၏ အဖို့ရာ သားသမီး ဖြစ်ထွန်းနိုင်လိမ့်မည်မဟုတ် ဟူ၍ မြတ်စွာဘုရားရှင် ထင်လင်းစွာ သိမြင်တော်မူလေသည်။

**နင်းတော်မမူခြင်း အကြောင်း။** ။(၁) ဖော်ပြရာပါ မင်းသား၏ ရှေးအကုသိုလ်ကံအကြောင်းကြောင့် မြတ်စွာဘုရားရှင် ပိတ်ဖြူအခင်းကို နင်းတော်မူစေကာမူ သားသမီး မထွန်းကားနိုင်ချေ၊ သို့ပါလျက် အကယ်၍ မြတ်စွာဘုရားရှင်သည် ပိတ်ဖြူအခင်းကို နင်းတော်မူခဲ့သော် “မြတ်စွာဘုရားတို့အား အဓိကာရကောင်းမှု ပြုလုပ်ကြသည် ရှိသော် တောင့်တတိုင်း တောင့်တတိုင်းသောအကျိုးကို ရနိုင်ကုန်၏ဟု လောက၌ သတင်းစကား ကျော်ကြားနေ၏၊ ငါကား မြတ်စွာဘုရားအား ကြီးစွာသောကောင်းမှုကို ပြုအပ်ပေ၏၊ သို့စေကာမူ သားသမီးကို မရချေ၊ လောက၌ ကျော်ကြားနေသော ဤစကားသည် အလကား အချည်းနှီးသာတည်း”ဟု မင်းသားသည် မှားယွင်းသောမိစ္ဆာအယူကို ယူလေရာ၏။ (ဤကား အကြောင်းတပါး)။ ။(၂) တိတ္ထိများကလည်း “ရဟန်းတို့သည် ပိတ်ဖြူအခင်းကို နင်းကြကာ လှည့်လည်ကျက်စား တလွှားလွှား သွားလာနေကြ၏၊ ၎င်းရဟန်းတို့၏ အဖို့ရာ မပြုလုပ်ဝံ့သော အရာဟူ၍ ဘာမျှမရှိ”ဟု ကဲ့ရဲ့စကား ပြောကြားကြကုန်လေရာ၏။ (ဤကား အကြောင်းတပါး)။ ။(၃) ယခု မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ပိတ်ဖြူအခင်းကို နင်းကြရမည့် ရဟန်းတို့အနက် သူတပါး၏ စိတ်ဖြစ်ဟန်ကို ကောင်းစွာသိမြင်ကြသည့် အဘိညာဏ်ရ ရဟန်းတို့သည် များစွာရှိကြကုန်၏၊ ထိုအဘိညာဏ်ရ ရဟန်းတို့သည် နင်းထိုက်သည်ကိုသိကြ၍ နင်းကြလိမ့်မည်၊ မနင်းထိုက်

http://www.dhammadownload.com



သည်ကို သိကြ၍ မနင်းကြလိမ့်မည့် အမှန်ပင် ဖြစ်သော်လည်း မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး နောက်အနာဂတ်ကာလ၌ကား သတ္တဝါတို့မှာ မဂ်ဖိုလ်ရကြောင်း ကောင်းမှုအထူးတည်းဟူသော ဥပနိဿယကား နုံ့နှေးပေလိမ့်မည်၊ ထို့ကြောင့် အနာဂတ်ဖြစ်မည့် အရေးကို သိကြလိမ့်မည် မဟုတ်ကုန်၊ ထိုသို့ ဥပနိဿယ အားနည်း နုံ့နှေး၍ အနာဂတ်ဖြစ်မည့်အရေးကို မသိကြမည့် နောက်အနာဂတ်ကာလ ရဟန်းတို့သည် ပိတ်ဖြူအခင်းကို နင်းကြသည်ရှိသော် (အခင်းရှင် ပုဂ္ဂိုလ်တို့) တောင့်တသည့်အတိုင်း ပြည့်စုံလျှင် ကောင်းပါ၏၊ မပြည့်စုံခဲ့ချေသော် "ဘုရားမြတ်စွာ လက်ထက်တော် ရှေးအခါက ရဟန်းသံဃာအား ကုသိုလ်ပြု၍ လိုရာဆုကိုတောင်းလျှင် လိုတိုင်းလိုတိုင်းကို ရရှိကြကုန်၏၊ ယခုအခါ၌ကား ထိုကဲ့သို့ လိုရာဆုကိုတောင်း၍ မရတော့ကုန်၊ ထိုဘုရားမြတ်စွာ လက်ထက်တော်အခါက ရဟန်းတို့သည်သာလျှင် အကျင့်ပဋိပတ်ကို ဖြည့်ကျင့်ကြကုန်သည် ထင်ပါ၏၊ ဤယခု ငါတို့လက်ထက် ရဟန်းတို့ကား အကျင့်ပဋိပတ်ကို မဖြည့်စွမ်းနိုင်ကြကုန်" ဟူ၍ (အနာဂတ်) လူအပေါင်းတို့သည် နှလုံးမသာမယာ ဖြစ်ကြပေလိမ့်မည်။ (ဤကား အကြောင်းတပါး)။

မြတ်စွာဘုရားရှင်သည် ဖော်ပြရာပါ အကြောင်းသုံးပါးကြောင့် နင်းတော်မမူပဲ ဆိတ်ဆိတ်နေတော်မူခြင်းဖြစ်သည်။ အရှင်အာနန္ဒာ မထေရ်မြတ်သည်ကား ဆိုအပ်ပြီးသော အကြောင်းသုံးပါးတို့တွင် တတိယအကြောင်းကို ရည်ရွယ်တော်မူ၍ "နောင်လာမည့် နောက်သားကို မြတ်စွာဘုရားသည် ငဲ့ကွက်တော်မူသည်" ဟု မိန့်ဆိုတော်မူလေသည်)။

မင်းသားသည် ပိတ်ဖြူအခင်းများကို ရုပ်သိမ်းစေ၍ မြတ်စွာဘုရားရှင်ကို ပြာသာဒ်တွင်းသို့ ပင့်ဆောင်ခဲ့ပြီးလျှင် ယာဂုဆွမ်း, ခဲဖွယ်ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီးနောက် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်၏ စိတ်သန္တာန်ဝယ် 'ချမ်းသာသုခကို လွယ်လွယ်နှင့် ရနိုင်သည်မဟုတ်၊ စင်စစ်ကား ချမ်းသာသုခကို အဆင်းရဲခံမှသာ ရနိုင်သည်' ဟု အကြံဖြစ်ပါသည်ဘုရား" ဟူ၍ လျှောက်ထားလေသော် မြတ်စွာဘုရားရှင်သည် "မင်းသား.... ငါဘုရား၏ စိတ်သန္တာန်မှာလည်း ဘုရားမဖြစ်မီ အလောင်းတော်ဖြစ်စဉ်ကပင် ဤနည်းအတူ အကြံ

http://www.dhammadownload.com



ဖြစ်ခဲ့သည်" ဟူ၍ မိန့်တော်မူပြီးလျှင် ကိုယ်တော်မြတ်၏ ဒုက္ကရစရိယာ ကျင့်တော်မူပုံကအစ ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့အား အနတ္တလက္ခဏသုတ္တန်*ကို ဟောကြား၍ အရဟတ္တဖိုလ်၌ တည်စေသည်တိုင်အောင် အကြောင်းအရာများကို အကျယ်တဝင့် ဟောကြားတော်မူလေသည်။

**ဗောဓိမင်းသား သရဏဂုံ ခံယူခြင်းအကြောင်း**

ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့ အရဟတ္တဖိုလ်၌ တည်ကြသည့် အကြောင်း ဟောကြားတော်မူသောအခါ ဗောဓိမင်းသားသည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ရှေ့သွားခေါင်းဆောင် (ဆုံးမမည့်သူ)ကို ရရှိခဲ့သော် အချိန်မည်မျှကြာ ကာလအတွင်း၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ချမ်းသာစွာ နေနိုင်ပါသနည်း" ဟု မေးမြန်းလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် "မင်းသား.... ထိုသို့ဖြစ်ခဲ့လျှင် ဤအရာ၌ သင့်ကိုပင် ငါဘုရားသည် တဖန်ပြန်၍ မေးပေအံ့၊ သင်မင်းသား နှစ်သက်သဘောကျသည့် အတိုင်း ဖြေဆိုနိုင်ခွင့်ရှိသည်။ မင်းသား.... ယခု ငါဘုရား မေးမည့် စကားကို သင်မင်းသား မည်သို့မှတ်ယူသဘောကျသနည်း၊ သင်မင်းသားသည် ဆင်စီးချွန်းကိုင် အတတ်၌ တတ်သိလိမ္မာသည်မဟုတ်လော" ဟု မေးတော်မူ၏။ မင်းသားသည်လည်း "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်ကား ဆင်စီးချွန်းကိုင်အတတ်၌ တတ်သိလိမ္မာသူ မှန်ပါ၏ ဘုရား" ဟု ပြန်ကြားလျှောက်ထားလေသည်။

တဖန် မြတ်စွာဘုရားက—

"မင်းသား.... ယခု ငါဘုရားမေးမည့်စကားကို သင်မင်းသား မည်သို့ မှတ်ယူသဘောကျသနည်း၊ ဤလောက၌

---

* ထိုသုတ္တန်မှာ "ဗောဓိရာဇကုမာရသုတ္တန်" ဟု အမည်တွင်၍ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ (၄) ရာဇဝဂ်၊ (၅) ဗောဓိရာဇကုမာရသုတ်၊ ပါဠိတော် မျက်နှာ ၂၇၇-မှစ၍ လာရှိသည်။ အကျယ်ကို ပိဋကတ်မြန်မာပြန်မှ ကြည့်ရှုမှတ်ယူကုန်ရာ၏။

http://www.dhammadownload.com



တဦးသောယောက်ျားသည် 'ဗောဓိမင်းသားကား ဆင်စီး ချွန်းကိုင် အတတ်ကို တတ်သိလိမ္မာ၏၊ ထိုမင်းသား၏ အထံ၌ ငါသည် ဆင်စီးချွန်းကိုင် အတတ်ကို သင်ယူပေအံ့'ဟု လာရောက်လေရာ၏၊ အထူးအားဖြင့် ထိုယောက်ျားသည်—

(၁) ယုံကြည်မှု = သဒ္ဓါတရားမရှိသူ = ရောက်သင့်သောအရာသို့ မရောက်နိုင်လောက်အောင်ပင် သဒ္ဓါတရားနည်းပါးသူ၊

(၂) အနာရောဂါမကင်းသူ= ရောက်သင့်သောအရာသို့မရောက်နိုင်လောက်အောင်ပင် အနာရောဂါထူပြောသူ၊

(၃) ဟန်ဆောင်တတ်သူ မာယာများသူ = ရောက်သင့်သောအရာသို့ မရောက်နိုင်လောက်အောင်ပင် ဟန်ဆောင်တတ်သူ မာယာများသူ၊

(၄) ထက်သန်သောလုံ့လမရှိသူ=ရောက်သင့်သောအရာသို့ မရောက်နိုင်လောက်အောင်ပင် လုံ့လဝီရိယ ညှိုးဖျင်း ပျင်းရိသူ၊

(၅) ပညာမရှိသူ=ရောက်သင့်သောအရာသို့မရောက်နိုင်လောက်အောင်ပင် ဉာဏ်ပညာနည်းပါးသူ—

ဖြစ်ခဲ့လျှင် ထိုယောက်ျားသည် သင်၏အထံ၌ ဆင်စီး ချွန်းကိုင် အတတ်ကို တတ်သိလိမ္မာအောင် သင်ကြားနိုင်ပါမည်လော"—

'ဟူ၍ မေးမြန်းတော်မူသော အခါ ဗောဓိမင်းသားသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... (ဖော်ပြရာပါ အင်္ဂါငါးပါးတို့တွင်) တပါးပါးသောအင်္ဂါနှင့် ပြည့်စုံလျှင်ပင် ထိုယောက်ျားသည် အကျွန်ုပ်၏အထံ၌ ဆင်စီးချွန်းကိုင် အတတ်ကို တတ်သိလိမ္မာအောင် သင်ကြားနိုင်မည်မဟုတ်ပါ၊ အင်္ဂါငါးပါးလုံးနှင့် ပြည့်စုံသူ ဖြစ်ဘိမူကား အဘယ်ဆိုဖွယ်ရှိအံ့နည်း = ကေန်ပင်

http://www.dhammadownload.com



မသင်ကြားနိုင်လေရာပါ ဘုရား” ဟူ၍ ဖြေကြား လျှောက်ထား လေ၏။

ထိုအခါ မြတ်စွာဘုရားက တဖန်ပြောင်းလဲ၍—

“မင်းသား…. ယခု ငါဘုရားမေးမည့်စကားကို သင် မင်းသား မည်သို့မှတ်ယူသဘောကျသနည်း၊ ဤလောက၌ တဦးသောယောက်ျားသည် ‘မဟောဓိမင်းသားကား ဆင်စီး ချွန်းကိုင် အတတ်ကို တတ်သိလိမ္မာ၏၊ ထိုမင်းသား၏ အထံ၌ ငါသည် ဆင်စီးချွန်းကိုင် အတတ်ကို သင်ယူပေ အံ့’ဟု လာရောက်လေရာ၏၊ အထူးအားဖြင့် ထို ယောက်ျားသည်—

(၁) ယုံကြည်မှု = သဒ္ဓါကရားရှိသူ = ရောက်သင့် သောအရာသို့ ရောက်နိုင်လောက်အောင်ပင် သဒ္ဓါတရား ကြီးမားသူ၊

(၂) အနာရောဂါကင်းသူ = ရောက်သင့်သောအရာ သို့ရောက်နိုင်လောက်အောင်ပင် အနာရောဂါ ကင်းရှင်း ကျန်းမာရေးပြည့်တင်းသူ၊

(၃) ဟန်မဆောင်တတ်သူ မာယာမများသူ=ရောက် သင့်သောအရာသို့ ရောက်နိုင်လောက်အောင်ပင် ဟန် မဆောင်သူ မာယာမများသူ ရိုးသားဖြောင့်မတ်သူ၊

(၄) ထက်သန်သောလုံ့လရှိသူ = ရောက်သင့်သော အရာသို့ ရောက်နိုင်လောက်အောင်ပင် ဇွဲလုံ့လဝီရိယ ကြီးမားသူ၊

(၅) ပညာရှိသူ = ရောက်သင့်သောအရာသို့ ရောက် နိုင်လောက်အောင်ပင် ဉာဏ်ပညာကြီးမားသူ—

ဖြစ်ခဲ့လျှင် ထိုယောက်ျားသည် သင်၏အထံ၌ ဆင်စီး ချွန်း ကိုင် အတတ်ကို တတ်သိလိမ္မာအောင် သင်ကြားနိုင်ပါ မည်လော”—

http://www.dhammadownload.com



ဟူ၍ မေးမြန်းတော်မူသောအခါ ဗောဓိမင်းသားသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား….(ဖော်ပြရာပါ အင်္ဂါငါးပါးတို့တွင်)တပါးပါးနှင့်ပြည့်စုံလျှင်ပင် ထိုယောက်ျားသည် အကျွန်ုပ်၏အထံ၌ ဆင်စီးချွန်းကိုင် အတတ်ကို တတ်သိလိမ္မာအောင် သင်ကြားနိုင်ရာပါ၏၊ အင်္ဂါငါးပါးလုံးနှင့် ပြည့်စုံသူဖြစ်ပါမူကား အဘယ်မှာ ဆိုဖွယ်ရှိအံ့နည်း = ကေန်ပင် သင်ကြားနိုင်ရာပါ၏ဘုရား" ဟူ၍ ဖြေကြားလျှောက်ထားလေ၏။

**ပဓာနိယင်္ဂတရား=ကမ္မဋ္ဌာန်းအလုပ် အားထုတ်သူ၏ အင်္ဂါ တရားငါးပါး**

ထိုအခါ မြတ်စွာဘုရားရှင်သည်—

မင်းသား….ဤအတူပင်လျှင် ကမ္မဋ္ဌာန်းအလုပ် အားထုတ်သူ၏ (ကမ္မဋ္ဌာန်းအလုပ် ထမြောက် အောင်မြင်စေရန်) အကြောင်းတရားတို့ကား ငါးပါးတို့ ရှိကုန်၏၊ ငါးပါးတို့ဟူသည်မှာ—

(၁) မင်းသား….ဤငါ့ဘုရား၏သာသနာ၌ ရဟန်းသည် ယုံကြည်မှု = သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်၏၊ (= ထိုမြတ်စွာဘုရားသည် ဤအကြောင်း ဤအကြောင်းကြောင့် အရဟံဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။ (ပေယျာလ) ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ ဟူ၍ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ယုံကြည်၏)။

(၂) အနာကင်းသူ, ဆင်းရဲကင်းသူ ဖြစ်၏၊ မအေးလွန်း, မပူလွန်းပဲ အလယ်အလတ်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်အားထုတ်ရန်ခံ့သော အညီအညွတ် ကျက်စေတတ်သော ပါစက ဝမ်းမီးနှင့် ပြည့်စုံသူဖြစ်၏။

(၃) ဟန်ဆောင်လှည့်ပတ်ခြင်း ကင်းသူ ဖြစ်၏၊ မြတ်စွာဘုရား အထံ၌သော်၎င်း, ပညာရှင် သီတင်း

http://www.dhammadownload.com



သုံးဖော်တို့ အထံ၌သော်၎င်း အမှန်အတိုင်း မိမိကိုယ်ကို ထင်စွာပြုတတ်၏။

(၄) အကုသိုလ်တရားတို့ကို ပယ်ရှားဖို့ရန်, ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် အားထုတ်အပ်သော ဝီရိယ ရှိသူဖြစ်၍ နေ၏၊ အားအစွမ်း ရှိ၏၊ မြဲမြံစွာ အားထုတ်မှု ရှိ၏၊ အပြစ်ကင်းသော ကုသိုလ်တရားတို့၌ မဆုတ်နစ်သော လုံ့လဝီရိယရှိသူ ဖြစ်၏။

(၅) ပညာရှိသူဖြစ်၏၊ စင်ကြယ်သန့်ရှင်း ကိလေသာတို့ကို ဖောက်ထွင်းနိုင်လျက် နည်းမှန်လမ်းကျ ဝဋ္ဋကိလေသာ နှစ်ဖြာသောဒုက္ခကို ကုန်ခန်းစေကာ ဖြစ်တတ်စွာသည့် ဥဒယဗ္ဗယဉာဏ် (= ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိစွမ်းနိုင်သော ဉာဏ်ပညာ) နှင့် ပြည့်စုံသူဖြစ်၏။

မင်းသား.... ဤဆိုအပ်ပြီးသည့် (သဒ္ဓါတရားနှင့် ပြည့်စုံခြင်း, အနာရောဂါ ကင်းရှင်းခြင်း, ဟန်မဆောင် မလှည့်ပတ် ဖြောင့်မတ်ရိုးသားခြင်း, ထက်သန်သော ဝီရိယရှိခြင်း, ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း) တရားတို့သည် ကမ္မဋ္ဌာန်းအလုပ် အားထုတ်သူ၏ (ကမ္မဋ္ဌာန်းအလုပ် ထမြောက်အောင်မြင်စေရန်) အကြောင်းတရား ငါးပါးတို့ ဖြစ်ကုန်၏၊ (ပဓာနိယင်္ဂတရား ငါးပါးတို့ ဖြစ်ကုန်၏)။ မင်းသား.... ဤပဓာနိယင်္ဂတရား ငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ရှေ့သွားခေါင်းဆောင် (ဆုံးမညွှန်သူ) ကို ရရှိခဲ့သော် ခုနစ်နှစ်ကြာ ကာလအတွင်း၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ချမ်းသာစွာ နေနိုင်ပေ၏။

မင်းသား.... ခုနစ်နှစ်ဆိုသည်မှာ ကြာလွန်းလှ၏၊ ထားဘိဦးလေ့၊ ဤပဓာနိယင်္ဂတရား ငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ရှေ့သွားခေါင်းဆောင် (ဆုံးမညွှန်သူ) ကို ရရှိခဲ့သော်

http://www.dhammadownload.com



ခြောက်နှစ်ကြာ ကာလအတွင်း၌ပင် (ပေယျာလ) ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်ကြာ ကာလအတွင်း၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ချမ်းသာစွာ နေနိုင်၏။

မင်းသား···· တနှစ်ဆိုသည်မှာ ကြာလွန်းလှ၏၊ ထားဘိဦးလော့၊ ဤပဓာနိယင်္ဂတရား ငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ရှေ့သွားခေါင်းဆောင် (ဆုံးမည့်သူ) ကို ရရှိခဲ့သော် ခုနစ်လကြာ ကာလအတွင်း၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ချမ်းသာစွာ နေနိုင်၏။

မင်းသား····ခုနစ်လဆိုသည်မှာ ကြာလွန်းလှ၏၊ ထားဘိဦးလော့၊ ဤပဓာနိယင်္ဂတရား ငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရား တည်းဟူသော ရှေ့သွားခေါင်းဆောင် (ဆုံးမည့်သူ)ကို ရရှိခဲ့သော် ခြောက်လကြာ ကာလအတွင်း၌ပင် (ပေယျာလ) ငါးလ, လေးလ, သုံးလ, နှစ်လ, တလ, လဝက် ( = ၁၅-ရက်) ကြာ ကာလအတွင်း၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ချမ်းသာစွာ နေနိုင်၏။

မင်းသား····လဝက် ( = ၁၅-ရက်) ဆိုသည်မှာ ကြာလွန်းလှ၏၊ ထားဘိဦးလော့၊ ဤပဓာနိယင်္ဂတရား ငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ရှေ့သွားခေါင်းဆောင် (ဆုံးမည့်သူ)ကို ရရှိခဲ့သော် ခုနစ်ရက်ကြာ ကာလအတွင်း၌ပင် (ပေယျာလ) ခြောက်ရက်, ငါးရက်, လေးရက်, သုံးရက်, နှစ်ရက်, တရက်ကြာ ကာလအတွင်း၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ချမ်းသာစွာ နေနိုင်၏။

မင်းသား····တရက်ဆိုသည်မှာ ကြာလွန်းလှ၏၊ ထားဘိဦးလော့၊ ဤပဓာနိယင်္ဂတရား ငါးပါးတို့နှင့် ပြည့်စုံ

http://www.dhammadownload.com



သော ရဟန်းသည် မြတ်စွာဘုရား တည်းဟူသော ရွှေသွားခေါင်းဆောင် (ဆုံးမမည့်သူ)ကို ရရှိခဲ့သော် ညချမ်းအခါ၌ ဆုံးမအပ်မူ နံနက်အခါ၌ တရားထူး(＝မဂ်ဖိုလ်)ကို ရပေလိမ့်မည်၊ နံနက်အခါ၌ ဆုံးမအပ်မူ ညချမ်းအခါ၌ တရားထူး (＝မဂ်ဖိုလ်)ကို ရပေလိမ့်မည်"—

ဟူ၍ မိန့်ကြား ဖြေဆိုတော်မူလေ၏။

(ဤ၌။ ။ပဓာနိယင်္ဂတရား ငါးပါးတို့နှင့်စပ်၍—

"ယုံကြည်, ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်သိမြင်၊ ဤငါးအင်၊ မဂ်လျှင်ရကြောင်းတည်း"—

ဟူသော လယ်တီဆရာတော်၏ အချုပ်လင်္ကာကို နှုတ်ရဆောင်ရာ၏။ ။ ဤတရားငါးပါးလုံးတို့ပင် လောကီတရားတို့ ဖြစ်ကုန်၏၊ ထိုတွင် သဒ္ဓါတရားရှိခြင်း ဟူရာ၌ သဒ္ဓါသည် (၁) အာဂမသဒ္ဓါ၊ (၂) အဓိဂမသဒ္ဓါ၊ (၃) ဩကပ္ပနသဒ္ဓါ၊ (၄) ပသာဒသဒ္ဓါ ဟူ၍ လေးပါးရှိ၏၊ ထိုလေးပါးတို့တွင်—

(၁) သဗ္ဗညုဘုရားအလောင်းတော်တို့၏ သဒ္ဓါတရားသည် ဘုရားဆုပန်သည်မှ စ၍ မပျက်မစီး လာခဲ့သောကြောင့် အာဂမသဒ္ဓါမည်၏။

(၂) အရိယာသာဝကတို့၏ သဒ္ဓါတရားသည် မဂ်ဉာဏ်ကို ရသည်မှစ၍ မပျက်မစီး ရအပ်သောကြောင့် အဓိဂမသဒ္ဓါမည်၏။

(၃) ဘုရား, တရား, သံဃာဟူ၍ ပြောဆိုအပ်သည်ရှိသော် တစုံတယောက်သောသူမျှ တုန်လှုပ်ချောက်ချားစေခြင်းငှါ မတတ်နိုင်လောက်အောင် "မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူပေ၏၊ တရားတော်သည် သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပေ၏၊ သံဃာတော်သည် သုပ္ပဋိပန္နတာဂုဏ်နှင့် ပြည့်စုံပေ၏" ဟု ရတနာသုံးပါးဂုဏ်၌ သက်ဝင်၍ ယုံကြည်ခြင်းသည် ဩကပ္ပနသဒ္ဓါမည်၏။

(၄) ရတနာသုံးပါး၌ ကြည်ညိုခြင်းမျှသည် ပသာဒသဒ္ဓါမည်၏။

ဤ ယခု ပဓာနိယင်္ဂ တရားငါးပါး အပါအဝင် သဒ္ဓါတရား အရကို "ဩကပ္ပနသဒ္ဓါ" တရားကို အလိုရှိအပ်၏။ ဤမှတ်ဖွယ်အထူးကိုလည်း သိရှိရာ၏)။

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရားရှင်က လက်တွေ့ ကိုယ်တွေ့တရား ဟောကြားအပ်သည်ရှိသော် ဗောဓိမင်းသားသည် မြတ်စွာဘုရားကို "ညချမ်းအခါ၌ ဆုံးမအပ်သည်ရှိသော် နံနက်အခါ၌ တရားထူး (= မဂ်ဖိုလ်)ကို ရစွမ်းနိုင်, နံနက်အခါ၌ ဆုံးမအပ်သည်ရှိသော် ညချမ်းအခါ၌ မဂ်ဖိုလ်တရားထူးကို ရစွမ်းနိုင်ရကား မြတ်စွာဘုရားသည် အံ့ဩဖွယ်ကောင်းလှပါ၏၊ တရားတော်သည် အံ့ဩဖွယ်ကောင်းလှပါ၏၊ တရားတော်၏ စ,လယ်,အဆုံး = သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားထားအပ်သည်၏ အဖြစ်သည် အံ့ဩဖွယ်ကောင်းလှပါ၏"ဟူ၍ သဒ္ဓါကြည်ညိုစကား ချီးမွမ်းလျှောက်ထားလေ၏။

ဤသို့ ဗောဓိမင်းသားက မြတ်စွာဘုရားကို သဒ္ဓါကြည်ညိုစကား ချီးမွမ်းလျှောက်ထားလတ်သော် သဉ္ဇိကာပုတ္တလုလင်သည် ဗောဓိမင်းသားကို"ဤအရှင်ဗောဓိမင်းသားသည် 'မြတ်စွာဘုရားသည် အံ့ဩဖွယ်ကောင်းလှပါ၏၊ တရားတော်သည် အံ့ဩဖွယ်ကောင်းလှပါ၏၊တရားတော်၏ စ, လယ်, အဆုံး = သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြား ထားအပ်သည်၏ အဖြစ်သည် အံ့ဩဖွယ်ကောင်းလှပါ၏' ဟူ၍ ဤသို့သာလျှင် ချီးမွမ်းစကား လျှောက်ထား၏၊ ထိုသို့ပင် လျှောက်ထားငြားသော်လည်း ထိုအရှင်ရဟန်းဂေါတမကိုဋ်း,တရားတော်ကိုဋ်း, ရဟန်းသံဃာကိုဋ်း ကိုးကွယ်ရာဟူ၍ကား မဆည်းကပ်ဘိချေ" ဟူ၍ ကဲ့ရဲ့ပြစ်တင်စကား ပြောကြားလေ၏။ ထိုအခါ ဗောဓိမင်းသားသည်——

"အချင်းသဉ္ဇိကာပုတ္တ···· ဤသို့ မပြောဆိုပါလင့်၊ အချင်းသဉ္ဇိကာပုတ္တ···· ဤသို့ မပြောဆိုပါလင့်၊ အချင်းသဉ္ဇိကာပုတ္တ····ငါသည် ဤ ဆိုလတ္တံ့သော အကြောင်းအရာ စကားကို မယ်တော်၏ မျက်မှောက်မှ ကြားနာမှတ်သား ခံယူထားအပ်ဘူးပါသည်——

အချင်းသဉ္ဇိကာပုတ္တ···· အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတိုက်၌

http://www.dhammadownload.com



သီတင်းသုံးနေတော်မူ၍၊ ထိုအခါ ငါ၏ မယ်တော်သည် ငါ့ကို ကိုယ်ဝန်ဆောင်ရှိနေစဉ် မြတ်စွာဘုရားထံတော် မှောက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးထိုင်နေပြီးလျှင် မြတ်စွာဘုရားကို 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်၏ ဝမ်းတိုက်၌ တည်ရှိသော ဤသတို့သားသည် (သို့မဟုတ်) ဤ သတို့သမီးသည် မြတ်စွာဘုရားကိုဇင်း၊ တရားတော်ကိုဇင်း၊ ရဟန်းသံဃာကိုဇင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ထို သတို့သား (သို့မဟုတ်) သတို့သမီးကို ယနေ့ကစ၍ အသက်ရှည်သမျှကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာ, ဥပါသိကာ ဟူ၍ မှတ်တော်မူပါဘုရား' ဟု လျှောက်ခဲ့လေပြီ။

အချင်းသဉ္ဇိကာပုတ္တ....အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း အဝင်အပါ ဤသုသုမာရဂိရမြို့မှာပင် သားတို့အား ဘေးမဲ့ပေးရာ ဘေသကဠာ တောအုပ်၌ သီတင်းသုံးနေတော်မူစဉ် အထိန်းတော်သည် ငါ့ကို ရင်ခွင်ဖြင့် ပိုက်ချီ၍ မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ဝပ်လျှိုး ရှိခိုးရပ်တည်ပြီးလျှင် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဤမောဓိမင်းသားသည် မြတ်စွာဘုရားကိုဇင်း၊ တရားတော်ကိုဇင်း၊ ရဟန်းသံဃာကိုဇင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ထိုမောဓိမင်းသားကို ယနေ့ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာ ဒါယကာဟူ၍ မှတ်တော်မူပါဘုရား' ဟု လျှောက်ထားခဲ့လေပြီ။

အချင်း သဉ္ဇိကာပုတ္တ....(မယ်တော်နှင့် အထိန်းတော်တို့ ငါ၏ကိုယ်စား နှစ်ကြိမ်တိုင်တိုင် အသီးအသီး သရဏဂုံ ခံယူခဲ့ပြီးသော) ထိုငါသည် ယခုအခါ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကိုဇင်း၊ တရားတော်ကိုဇင်း၊

http://www.dhammadownload.com



ရဟန်း သံဃာကိုငှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံ တည်သူ ဥပါသကာ ဒါယကာ ဟူ၍ မှတ်တော်မူပါ ဘုရား"——

ဟူ၍ သဋ္ဌိကာပုတ္တလုလင်ကို တိုင်တည်ကာ မြတ်စွာဘုရား အထံ တော်၌ သရဏဂုံ ခံယူလေ၏။

(အထူးမှတ်ရန်။ ။ဤဗောဓိမင်းသား၏ သရဏဂုံ ခံယူမှုနှင့်စပ်၍ မင်းသား၏ မယ်တော် အထိန်းတော်တို့က ဖော်ပြရာပါအတိုင်း လျှောက် ထားရုံမျှဖြင့် ဗောဓိမင်းသားအဖို့ရာ သရဏဂုံ ခံယူပြီးဖြစ်နိုင်ပါသလော-ဟု မေးမြန်းဖွယ်ရှိ၏။ အဖြေကား....အစိတ္တကသရဏဂုံ=စိတ်စေတနာ မပါပဲ ခံယူဆောက်တည်အပ်သည့် သရဏဂုံဟူ၍ မရှိသောကြောင့် ဗောဓိမင်းသားအဖို့ရာ သရဏဂုံ ခံယူပြီး မဖြစ်နိုင်ပါ။

ထိုသို့ဖြစ်လျှင် မယ်တော်နှင့် အထိန်းတော်တို့၏ ဗောဓိမင်းသား အတွက် နှုတ်မြွက်၍ခံယူအပ်သော သရဏဂုံသည် အချည်းနှီး အကျိုး မပြီး ဖြစ်သလော-ဟူငြားအံ့။ အကျိုးမပြီး အချည်းနှီး မဖြစ်ပါ၊ မယ်တော်နှင့် အထိန်းတော်တို့ ထိုကဲ့သို့ မင်းသားအတွက် နှုတ်မြွက် ဆောက်တည်အပ်သော သရဏဂုံသည် ထိုဗောဓိမင်းသား အဖို့ရာ အစောင့်အနေ ချထားအပ်ပြီးမည်လေသည်။ သို့ရကား ထိုဗောဓိ မင်းသားကို မွေးဖွားပြီးနောက် သိကြားလိမ္မာသည့်အရွယ်သို့ ရောက် သောအခါ၌ မိဖတို့က"ချစ်သား....မောင့်ကို ငါတို့သည် ဝမ်းတိုက်၌ တည်ရှိစဉ်ကပင် သရဏဂုံကို ခံယူစေခဲ့ကြပြီး"ဟူ၍ မိမိတို့မြင်သမျှ စွမ်း သမျှ ရတနာသုံးပါး၏ကျေးဇူးဂုဏ်ကို ထုတ်ဖော်ပြောကြား၍သတိရစေ အောက်မေ့စေကြသောအခါ ထိုဗောဓိမင်းသားကလည်း မိဖတို့ပြော စကား၏ အနက်ကို ဆင်ခြင်စဉ်းစားပြီးလျှင် "ငါကား သရဏဂုံတည်သူ ဥပါသကာ ဒါယကာတယောက်ဖြစ်သည်"ဟူ၍သတိကို ဖြစ်စေသည်နှင့် တပြိုင်နက် သရဏဂုံခံယူပြီးသား ဖြစ်လေတော့၏။ အကြောင်းကား....

ထိုသို့ "ငါကား သရဏဂုံတည်သူ ဥပါသကာ ဒါယကာတယောက် ဖြစ်သည်"ဟူ၍ အောက်မေ့သတိရသောအခါ ထိုမင်းသား၏ သန္တာန်၌ ရတနာသုံးပါး၏ ကိုးကွယ်ရာအဖြစ်ကို မှတ်ယူခြင်းလျှင် ရှေ့သွားရှိသော

http://www.dhammadownload.com



ထိုရတနာသုံးပါး၌ ညွတ်ကိုင်းသောစိတ် ထင်ရှားဖြစ်ခြင်းကြောင့်တည်း။ ဤကား အထူးမှတ်ရန်တည်း။

ဤဆိုခဲ့ပြီးသော ဗောဓိမင်းသား၏ အကြောင်းအရာစုကား မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ် ပါဠိအဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်ဖော်ပြချက်များ ဖြစ်သည်)။

**ဗောဓိမင်းသား သောတာပန်တည်ခြင်း**

ထိုနောက် ဗောဓိမင်းသားသည် အပြစ်ခြောက်ပါး ကင်းလွတ်ရာ အရပ်၌ ထိုင်နေပြီးကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးဦးချ၍—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား….အကျွန်ုပ်သည် အရှင်မြတ်ဘုရားတို့၏ ဒါယကာတဦး ဖြစ်ပါသည်၊ အမိဝမ်းတွင်း၌ တည်ရှိစဉ် တကြိမ်, ကလေးသူငယ် လူမမယ်ဖြစ်စဉ် တကြိမ်, ယခု သိကြားလိမ္မာသော အရွယ်သို့ရောက်သောအခါ တကြိမ် = ဤသို့ သုံးကြိမ်တိုင်တိုင် သရဏဂုံ ခံယူခဲ့သူ ဖြစ်ပါသည်၊ ထိုသို့ ဥပါသကာ ဒါယကာရင်းတယောက် ဖြစ်ပါလျက် အဘယ့်ကြောင့် အကျွန်ုပ်၏ ပိတ်ဖြူအခင်းကို နင်းတော်မမူကြပါသနည်း—

ဟူ၍ လျှောက်ထားမေးမြန်းလေ၏။ ထိုအခါ မြတ်စွာဘုရားက "မင်းသား….သင်သည် အဘယ်ကို ကြံစည်တောင့်တ၍ ပိတ်ဖြူအခင်းများကို ခင်းထားသနည်း"ဟု မေးတော်မူသည်တွင် မင်းသားသည် "ငါသည် သားကိုဖြစ်စေ, သမီးကိုဖြစ်စေ အကယ်၍ ရနိုင်မည့်သူ ဖြစ်ခဲ့လျှင် မြတ်စွာဘုရားရှင်သည် ငါ၏ ပိတ်ဖြူအခင်းကို နင်းကြွတော်မူလိမ့်မည်ဟု ကြံစည်တောင့်တကာ ခင်းထားပါ၏ဘုရား"ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက "မင်းသား….ထိုသို့ ကြံစည်တောင့်တ၍ ခင်းသောကြောင့်ပင် ငါဘုရားသည် ထို ပိတ်ဖြူအခင်းကို မနင်းခြင်းဖြစ်သည်"ဟု မိန့်ဆိုတော်မူလေသော် တဖန် ဗောဓိမင်းသားက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား….အကျွန်ုပ်

http://www.dhammadownload.com



သည် သားကိုဖြစ်စေ, သမီးကိုဖြစ်စေ မရနိုင်မည့်သူ ဖြစ်ပါသလော”ဟု လျှောက်ထားမေးမြန်းပြန်သည်တွင် မြတ်စွာဘုရားရှင်သည် “အိမ်း····ဟုတ်ပေသည် မင်းသား····”ဟူ၍ မိန့်ကြားတော်မူလေ၏။

တဖန်ဆက်၍ ဗောဓိမင်းသားက “အဘယ်အကြောင်းကြောင့် အကျွန်ုပ်သည် သားသမီးကို မရနိုင်ပါသနည်း”ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် “မင်းသား····သင်သည် ရှေးကိုယ်၏အဖြစ် (=ဘဝ) တုန်းက ဇနီးမယားနှင့်တကွ အာရုံငါးပါး လိုက်စားမွေ့လျော်ခဲ့သောကြောင့် သားသမီးကို မရနိုင်”ဟူ၍ အရိပ်အမြွက်မျှ မိန့်ကြားဖြေဆိုတော်မူလေ၏။ ဗောဓိမင်းသားက “ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အဘယ်ကာလ အဘယ်ဘဝတုန်းက အကျွန်ုပ်သည် ဇနီးမယားနှင့်တကွ အာရုံငါးပါး လိုက်စားမွေ့လျော်ခဲ့ပါသနည်း”ဟု လျှောက်ထားမေးမြန်းသောအခါ မြတ်စွာဘုရားရှင်သည် ဤဆိုလတ္တံ့သော အတိုင်း ဗောဓိမင်းသား၏ အတိတ်ဖြစ်ရပ် အဌုပ္ပတ်ကို ထုတ်ဖော်ဟောပြတော်မူလေသည်—

မင်းသား···· ရှေးလွန်လေပြီးသောအခါ ရာပေါင်းများစွာသော လူတို့သည် ကြီးစွာသောလှေဖြင့် သမုဒ္ဒရာကို ကူးသွားကြသည့်တွင် လှေကြီးသည် သမုဒ္ဒရာအလယ်၌ ပေါက်ကွဲ နစ်မြုပ်ခဲ့လေသည်။ ထိုလူများအပေါင်းမှ ဇနီးမောင်နှံ နှစ်ဦးတို့သည် ပျဉ်ချပ်တချပ်ကို မှီတွယ်ကြ၍ ရေလယ်ကျွန်းတခုသို့ ဆိုက်ရောက်ကြလေကုန်၏။ ကြွင်းကျန်သော လူအပေါင်းတို့သည် ကားထိုသမုဒ္ဒရာ အတွင်းမှာပင် အသက်ဆုံးရှုံးကြလေသည်။

ထိုရေလယ်ကျွန်း၌ များစွာသော ငှက်အပေါင်းသည် နေထိုင်လျက်ရှိ၏၊ ထိုဇနီးမောင်နှံတို့သည် အခြားတပါး စားဖွယ်ရာကို မတွေ့ရကား အလွန်ဆာလောင်သည်ဖြစ်ကြ၍ ငှက်ဥများကို နှိုက်ယူကြပြီးလျှင် မီးကျီး၌ဖုတ်၍ စားကြလေကုန်၏။ ငှက်ဥများဖြင့် မလောက်မငမဝကြသောအခါ ငှက်ငယ်များကို ဖမ်းလျက် ဖုတ်ကင်၍ စားကြလေကုန်၏။ ဤနည်းဖြင့် ပဌမအရွယ်, မဇ္ဈိမ

http://www.dhammadownload.com



အရွယ်, ပစ္ဆိမအရွယ် = ဤအရွယ်သုံးပါးလုံး၌ပင် ငှက်ဥများ, ငှက်ယင်များကို နှိုက်ယူဖုတ်ကင်၍ စားကြလေကုန်၏၊ အရွယ်သုံးပါးတွင် တခုသော အရွယ်၌မျှ မမေ့မလျော့ခြင်းသို့ မရောက်ကြပဲ နှစ်ဦးလုံးပင် ရသတဏှာ ကာမဂုဏ်ကို လိုက်စား၍ ပျော်ပါး မေ့လျော့ခဲ့ကြလေသည်။

ဤသို့ မြတ်စွာဘုရားရှင်သည် မဟောဓိမင်းသား၏ ဤ ရှေး အတိတ် မကောင်းမှု အကုသိုလ်ကံကို ဖော်ပြတော်မူ၍—

"မင်းသား.... သင်သည် ထိုစဉ်အခါ အရွယ်သုံးပါး တွင် တပါးပါးသောအရွယ်၌ ဇနီးမယားနှင့်တကွ မမေ့ မလျော့ခြင်းသို့ အကယ်၍ ရောက်ခဲ့လျှင် ထိုမမေ့မလျော့ သော အရွယ်၌ ယခုဘဝဝယ် သားသော်၎င်း, သမီး သော်၎င်း ဖြစ်ထွန်းလေရာ၏။

ထိုသို့မဟုတ် သင်တို့နှစ်ဦးတွင် တဦးဦးက အကယ်၍ မမေ့မလျော့ခဲ့လျှင် ထိုမမေ့မလျော့သူကို အစွဲအကြောင်း ပြု၍ သားသော်၎င်း, သမီးသော်၎င်း ဖြစ်ထွန်းလေရာ၏။

မင်းသား.... မှန်၏၊ မိမိကိုယ်ကို ချစ်အပ်သောသူဟူ၍ သိသောသူသည် (=ကိုယ့်ကိုယ်ကို ကိုယ်ချစ်လျှင်-ဟု ဆိုလိုသည်) အရွယ်သုံးပါးတို့၌ပင် ကုသိုလ်တရားတို့၌ မမေ့မလျော့ပဲ မိမိကိုယ်ကို စောင့်ရှောက်သင့်လှ၏။ ဤသို့ အရွယ်သုံးပါးလုံး၌ စောင့်ရှောက်ရန် မစွမ်းနိုင်လျှင် တပါးပါးသော အရွယ်၌မူလည်း ကေန်ပင် မိမိကိုယ်ကို စောင့်ရှောက်သင့်လှ၏"—

ဟူ၍ မိန့်ဆိုတော်မူပြီးလျှင်—

အတ္တာနဉ္စေ ပိယံ ဇညာ၊
ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊
ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

http://www.dhammadownload.com



ရာဇကုမာရ = မောဓိမည်ငြား ဒါယကာမင်းသား....။ ပဏ္ဍိတော = ရွှေနောက်အရေး ထောက်တွေးဆင်ခြင် ပညာရှင်သည်။ အတ္တာနံ = မိမိကိုယ်ကို။ပိယံ = လောကတခွင် ဘုံအပြင်ဝယ် ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးအပ်သူ ဟူ၍။ စေ ဇညာ = အကယ်ထင်ထင် သိမြင်ငြားအံ့။ နံ = ထိုမိမိကိုယ်ကို။ သုရက္ခိတံ = ပစ္စုပ္ပန်တမလွန် နှစ်တန်ကြီးမြောက် ဘေးမရောက်အောင် ကောင်းစွာစောင့်ရှောက်အပ်သည်ကို။ ကတွာ = ပြု၍။ ရက္ခေယျ = စောင့်ရှောက်ရာ၏။ တိဏ္ဏံ = ပဌမဒုတိယ တတိယအား အရွယ်သုံးပါးတို့တွင်။ အညတရံ ယာမံ = အမှတ်မထား တပါးပါးသောအရွယ်၌။ ပဋိဇဂ္ဂေယျ = ဒုစရိုက်ဆယ်အင် မြူမတင်အောင် သုတ်သင်ရှင်းလင်းရာ၏။"—

ဟူသော ဤဂါထာကို ဟောကြားတော်မူလေ၏။

(ဤဂါထာ၀ယ် "ပညာရှင်သည် မိမိကိုယ်ကို ချစ်အပ်သူဟူ၍ သိလျှင် ထိုမိမိကိုယ်ကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်ရာ၏" ဟူသော စကားရပ်၌–လူဝတ်ကြောင်ဖြစ်သောသူသည် "မိမိကိုယ်ကိုစောင့်ရှောက်အံ့ "ဟု ကြံစည်ပြီးလျှင် ပြာသာဒ်မအထက်အပြင် (=အထက်ထပ်)၌ အလွန်လုံခြုံသော အခန်းအတွင်းသို့ ဝင်ရောက်ပြီးလျှင် အစောင့်အနေများကို ပြည့်စုံစွာ ချထားစေကာမူ မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်ချေ။ ထို့အတူပင် ရဟန်းဖြစ်သောသူသည်လည်း အလွန်လုံခြုံသော လိုဏ်အတွင်းဝယ် လေသာပြူတင်းများကို ပိတ်ဆို့၍ နေစေကာမူ မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်ချေ။

စင်စစ်သော်ကား လူဖြစ်သောသူသည် စွမ်းအားရှိသမျှ ဒါနသီလ အစရှိသော ကောင်းမှုတို့ကို ပြုလုပ်အားထုတ်လျှင်ရင်း, ရဟန်းဖြစ်သော သူသည် ဝတ်ကြီး ဝတ်ငယ်တို့ကို ဖြည့်ကျင့်ခြင်း ပရိယတ်ကို သင်ကြားခြင်း ကမ္မဋ္ဌာန်းတရားကို နှလုံးသွင်းခြင်းတည်းဟူသော ရဟန်းကိစ္စတို့၌ ကြောင့်ကြစိုက်ထုတ် ကြိုးအားကုတ်လျှင်ရင်း မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၏။

"အရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်၌ မိမိကိုယ်ကို သုတ်သင် စင်ကြယ်စေရာ၏" ဟူသော စကားရပ်၌–လူဖြစ်စေ,ရဟန်းဖြစ်စေ

http://www.dhammadownload.com



ဆိုခဲ့ပြီးသောအတိုင်း အရွယ်သုံးပါးလုံး၌ပင် မိမိတို့ဆိုင်ရာ ကုသိုလ်ကောင်းမှု ရဟန်းအလုပ်ကိစ္စတို့ကို အားထုတ်ရမည်။ အရွယ်သုံးပါးလုံး၌ ဆိုခဲ့ပြီးသော အတိုင်း အားမထုတ်နိုင်လျှင် အရွယ်သုံးပါးတို့အနက် တပါးပါးသော အရွယ်၌ကား မချွတ်ပင် အားထုတ်သုတ်သင်ရမည်။ ထင်ရှားစေဦးအံ့—

လူဖြစ်သောသူသည် ပဌမအရွယ်၌ လူငယ်တို့ဘာဝ မြူးထူးပျော်ပါး အချိန်ကုန်သွားသောကြောင့် ကုသိုလ်မှုကို မပြုနိုင်ခဲ့သော် မဇ္ဈိမအရွယ်၌ မမေ့မလျော့သူဖြစ်ကာ ကုသိုလ်မှုကို ပြုရမည်။ မဇ္ဈိမ အရွယ်၌လည်း သား မယားကို ပြုစုလုပ်ကျွေးနေရသဖြင့် ကုသိုလ်မှုကို မပြုနိုင်ခဲ့သော် ပစ္ဆိမ အရွယ်၌ကား ကုသိုလ်မှုကို ကေန်ပြုရမည်သာတည်း၊ ဤသို့ ပြုသော သူမှုသာလျှင် မိမိကိုယ်ကို သုတ်သင်စင်ကြယ်စေသည်မည်၏။ ဤသို့ မပြုသောသူ၏ အဖို့မှာမူ မိမိကိုယ်ကို ချစ်အပ်သည်မမည်၊ မိမိကိုယ်ကို အပါယ်သို့ လည်းလျှောင်းရာရှိအောင်သာ ပြုသည်မည်၏။

ရဟန်းဖြစ်သော သူသည်လည်း ပဌမအရွယ်၌ စာပေသင်အံ့ပို့ချ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ဆောင်ရွက်နေရသဖြင့် ရဟန်းတရား ကမ္မဋ္ဌာန်းတရားကို အားထုတ်ခွင့်မရရှိခဲ့သော် မဇ္ဈိမအရွယ်၌ မမေ့မလျော့ ရဟန်းတရား ကမ္မဋ္ဌာန်းတရားကို အားထုတ်ရမည်။ အကယ်၍ ပဌမအရွယ်တုန်းက သင်ကြားခဲ့သည့် ပရိယတ်၏ အနက်သဘော အဓိပ္ပါယ် အဆုံးအဖြတ် အကြောင်း ဟုတ် မဟုတ်ကို မေးမြန်းဆွေးနွေး နေရသဖြင့် မဇ္ဈိမအရွယ်၌ ရဟန်းတရား ကမ္မဋ္ဌာန်းတရားကို အားထုတ်ခွင့်မရရှိခဲ့သော် ပစ္ဆိမအရွယ်၌ မမေ့မလျော့ ရဟန်းတရား ကမ္မဋ္ဌာန်းတရားကို ကေန်ပင် အားထုတ်ရမည်။ ဤသို့ပြုသော ရဟန်းသည် မိမိကိုယ်ကို သုတ်သင်စင်ကြယ်စေသည်မည်၏။ ဤသို့မပြုသောသူ၏ အဖို့မှာမူ မိမိကိုယ်ကို ချစ်အပ်သည်မမည်၊ မိမိကိုယ်ကိုနောင်ထတတဖန် ပူပန်ရခြင်းဖြင့်သာလျှင် ပူပန်စေသည်မည်၏။ ဤအထူးမှတ်ဖွယ် အနက်အဓိပ္ပါယ်ကို သိမှတ်ရာ၏။)

ဒေသနာနိဂုံး ဆုံးလတ်သောအခါ၌ မဟောဓိမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်ဆိုက်လာသော ပရိသတ်အဖို့ရာမှာလည်း အကျိုးရသော တရားဒေသနာ ဖြစ်လေသတည်း။

(ဤကား မဟောဓိမင်းသားအကြောင်းတည်း။)

http://www.dhammadownload.com



### အရှင်မဟာမောဂ္ဂလာန်၏ဝမ်း၌ မာရ်နတ်ဝင်ခြင်းအကြောင်း

အခါတပါး၌ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာမည်သော ဘေးမဲ့တောကျောင်း၌ သီတင်းသုံးနေထိုင်တော်မူဆဲဖြစ်၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဟင်းလင်းအပြင် လွင်တီးခေါင်၌ စင်္ကြံ ကြွနေလျက်ရှိ၏၊ ထိုအခါ ယုတ်မာစွာသော မာရ်နတ်သည် အရှင်မဟာမောဂ္ဂလာန်၏ ဝမ်းတွင်းသို့ ပူးဝင်ကာ အူများ၏အတွင်း အစာဟောင်းအိမ်ထက်၌ ထိုင်နေလေ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်၏ စိတ်သန္တာန်ဝယ် "အသို့ ဖြစ်ပါသနည်း (= ဘယ်လို ဖြစ်ပါလိမ့်)၊ ငါ၏ ဝမ်းသည် ကျောက်ပုံအလား လေးလံလှဘိတကား၊ ပဲထမင်းကို စားသောသူ၏ဝမ်း, ပဲအပြည့် ထည့်ထားသောအိတ်, စိုစွတ်ဖောင်းပွသော ပဲတို့ကဲ့သို့ ဖြစ်နေဘိ တကား"ဟူ၍ အကြံအစည် ဖြစ်လေ၏။ ထို့နောက် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် "ဤ ယခု ငါ၏ဝမ်းဗိုက်လေးလံမှုသည် အကယ်၍ အာဟာရဒေါသ (= အစာမကြေခြင်း)ကြောင့် ဖြစ်ခဲ့သော် ဟင်းလင်းအပြင် လွင်တီးခေါင်၌ စင်္ကြံလျှောက်၍ မသင့် လျော်ချေ"ဟု ဆင်ခြင်တော်မူပြီးလျှင် စင်္ကြံမှ သက်ဆင်း၍ သခ်မ်း ကျောင်းတွင်းသို့ ဝင်ပြီးနောက် ပကတိ ခင်းထားရင်းရှိသော နေရာ၌ ထိုင်နေတော်မူလေ၏။

ထိုသို့ ထိုင်နေပြီးသော် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် "အဘယ့်ကြောင့် ဤသို့ ဖြစ်သနည်း"ဟူ၍ မိမိကိုယ်ကို အသင့် အားဖြင့် နှလုံးသွင်း ဆင်ခြင်တော်မူလေ၏။ (မထေရ်သူမြတ် သည် မိမိ၏ စင်ကြယ်သော သီလကို ဆင်ခြင်ပြီးလျှင် "ယမန် နေ့ကသော်၎င်း, ထို၏ ရှေးနေ့များကသော်၎င်း စားခဲ့ပြီးသည့် မကြေမကျက်သော အစာအာဟာရများ ရှိလျှင်သော်၎င်း, မညီ မညွတ်သည့် သလိပ်, သည်းခြေ, လေဒေါသများ ရှိလျှင်သော် ၎င်း ထိုအလုံးစုံသည် ကြေကျက်ပါစေသတည်း၊ ချမ်းသာနေသာမှု ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုကာ မိမိလက်ဖြင့် ဝမ်းဗိုက်ကို အကယ်၍ သုံးသပ်လိုက်လျှင် မာရ်နတ်ယုတ်သည် အမှုန့်အမှုန့်

http://www.dhammadownload.com



ကြေမွ၍ သွားလေရာ၏။ မထေရ်မြတ်ကား ထိုကဲ့သို့ ပြုတော်မမူပဲ အသင့်အားဖြင့် (= ရိုးရိုးသာ) နှလုံးသွင်း ဆင်ခြင်တော်မူလေသည်။)

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မာရ်နတ်ယုတ်ဝမ်းတွင်း၌ ဝင်ရောက်ကာ အူအတွင်း အစာဟောင်းအိမ်ထက်၌ (သေးငယ်သော ခန္ဓာကိုယ်ကို ဖန်ဆင်း၍) ထိုင်နေသည်ကို မြင်တော်မူ၍ မာရ်နတ်ယုတ်ကို "ဟယ် မာရ်ယုတ်....ထွက်လော့၊ ဟယ် မာရ်ယုတ် .... ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အတွက်တာ ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ရန် ဆင်းရဲရန် မဖြစ်စေလင့်"ဟူ၍ မိန့်တော်မူ၏။ (သားသမီးကို ညှဉ်းပန်းလျှင် အမိအဖတို့ကို ညှဉ်းပန်းအပ်သည် မည်သကဲ့သို့ရင်း, တပည့်တို့ကို ညှဉ်းပန်းအပ်လျှင် ဆရာဥပဇ္ဈာယ်တို့ကို ညှဉ်းပန်းအပ်သည် မည်သကဲ့သို့ရင်း, ဇနပုဒ်ကို ညှဉ်းပန်းအပ်လျှင် မင်းကို ညှဉ်းပန်းအပ်သည် မည်သကဲ့သို့ရင်း ထို့အတူ မြတ်စွာဘုရား၏ တပည့်သာဝကကို ညှဉ်းပန်းအပ်လျှင် မြတ်စွာဘုရားကို ညှဉ်းပန်းအပ်သည်သာ မည်၏၊ ထို့ကြောင့် မထေရ်မြတ်က "မြတ်စွာဘုရားကို မညှဉ်းဆဲလင့်"ဟူ၍ မိန့်တော်မူလေသည်)။

ထိုအခါ မာရ်နတ်ယုတ်၏ စိတ်သန္တာန်ဝယ် "ဤရဟန်းသည် ငါ့ကို မသိမမြင်ပဲလျက်သာလျှင် 'ဟယ် မာရ်ယုတ်.... ထွက်လော့၊ ဟယ် မာရ်ယုတ်.... ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အတွက်တာ ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ရန်, ဆင်းရဲရန် မဖြစ်စေလင့်'ဟု ဆို၏။ ထိုရဟန်း၏ဆရာ မြတ်စွာဘုရားသော်မှလည်း ငါ့ကို လျင်မြန်စွာ မသိနိုင်လေရာ၊ တပည့်သာဝကဖြစ်သော ဤရဟန်းကား ငါ့ကို အဘယ်မှာ သိနိုင်လိမ့်မည်နည်း"ဟု အကြံအစည် ဖြစ်လေ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မာရ်နတ်ယုတ်ကို "ဟယ် မာရ်ယုတ် ဤဆိုလတ္တံ့သော အခြင်းအရာဖြင့်လည်း သင့်ကို ငါသိ၏၊ ဤရဟန်းသည် ငါ့ကို မသိ

ဟူ၍ သင် မမှတ်လင့်။ ဟယ် မာရ်ယုတ်···· သင်ကား မာရ်နတ်ဖြစ်၏၊ ဟယ် မာရ်ယုတ်···· သင်၏ စိတ်သန္တာန်ဝယ် 'ဤရဟန်းသည် ငါ့ကို မသိမမြင်ပဲလျက်သာလျှင် 'ဟယ် မာရ်ယုတ်···· ထွက်လော့၊ ဟယ် မာရ်ယုတ်···· ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အတွက်တာ ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါး မဲ့ရန်, ဆင်းရဲရန် မဖြစ်စေလင့်' ဟု ဆို၏။ ထိုရဟန်း၏ဆရာ မြတ်စွာဘုရားသော်မှလည်း ငါ့ကို လျင်မြန်စွာ မသိနိုင်လေရာ၊ တပည့်သာဝကဖြစ်သော ဤရဟန်းကား ငါ့ကို အဘယ်မှာ သိနိုင်လိမ့်မည်နည်း' ဟု ဤသို့ အကြံအစည် ဖြစ်ဘိ၏" ဟူ၍ မိန့်ဆိုတော်မူ၏။

ထိုအခါ မာရ်နတ်ယုတ်၏ စိတ်သန္တာန်ဝယ် "ဤရဟန်းသည် ငါ့ကို တကယ်ဖြင် သိမြင်၍သာလျှင် 'ဟယ် မာရ်ယုတ်···· ထွက်လော့၊ ဟယ် မာရ်ယုတ်···· ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အတွက်တာ ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါး မဲ့ရန်, ဆင်းရဲရန် မဖြစ်စေလင့်' ဟု ပြောဆိုခြင်း ဖြစ်လေသည်" ဟူ၍ အကြံအစည်ဖြစ်ပြီးလျှင် မာရ်နတ်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်၏ ခံတွင်းမှ ထွက်၍ တံခါးရွက်၏ အပြင်ဖက်၌ ရပ်တည်ကာ နေလေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တံခါးရွက်၏ အပြင်ဖက်၌ ရပ်တည်ကာနေသော မာရ်နတ်ကို မြင်တော်မူ၍ ထိုမာရ်နတ်ကို "ဟယ် မာရ်ယုတ်···· ဤနေရာ၌လည်း သင့်ကို ငါမြင်၏၊ 'ဤရဟန်းသည် ငါ့ကို မမြင်' ဟု သင် မမှတ်လင့်။ ဟယ် မာရ်ယုတ်···· ထိုသင်သည်ကား ယခုအခါ တံခါးရွက်၏ အပြင်ဖက်၌ ရပ်တည်ကာ နေ၏" ဟူ၍ မိန့်ဆိုတော်မူပြီးလျှင် မထေရ်မြတ်၏ စိတ်သန္တာန်ဝယ်—

"လူတို့၏ ကိုယ်အနံ့သည် ယူဇနာတရာ ဝေးကွာသော အရပ်၌ တည်နေကြသော အာကာသဗိုဝ်းနတ်တို့အား

http://www.dhammadownload.com



ဆင်းရဲဒုက္ခကို ဖြစ်စေ၏။ (ဒီ၊ ၂၊ ၂၆၀-၌ ကြည့်လေ)။ သို့စေကာမူ ဤမာရ်နတ်သည် ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ကြီးသား အလွန်နုနယ် စင်ကြယ်လှပြား တန်ခိုးအာနုဘော် ကြီးမားသည့် နတ်မင်းတဦးဖြစ်ပါလျက် ငါ၏ဝမ်းသို့ ဝင်ပြီးလျှင် အူတို့၏အတွင်း အစာဟောင်းအိမ်ထက်၌ ထိုင်နေသည်မှာ ငါ့အပေါ်၌ အလွန့်အလွန်ဖြစ်မှားမည့်သူ, ဖျက်ဆီးမည့်သူ ဖြစ်ပေလိမ့်မည်။ သို့စင်မျှစက်ဆုပ်ရွံရှာဖွယ်ရာ အရပ်သို့ ဝင်ရောက်၍ ထိုင်နေနိုင်သော ထိုမာရ်နတ်၏ အဖို့ရာ အခြားမပြုဝံ့သော အရာဟူ၍ အဘယ်မှာ ရှိချိမ့်မည် နည်း၊ အခြားသူတယောက်ကို အဘယ်မှာရက်နိုးချိမ့်မည်နည်း (= မည်သည့်အမှုကိုမဆို ပြုဝံ့လိမ့်မည်သာဖြစ်၏၊ မည်သူ့ကိုမျှ ရက်နိုးလိမ့်မည် မဟုတ်)။ ဤလောက၌ "သင်ကား ငါ့ဆွေမျိုးဖြစ်သည်" ဟူ၍ ပြောဆိုအပ်သည်ရှိသော် နူးညံ့ခြင်းသို့ မရောက်သောသူမည်သည် မရှိ။ သို့ရကား ငါသည် ထိုမာရ်နတ်အား ယခုအခါ ဆွေမျိုးအဖို့အစုကို သိစေပြီးလျှင် နူးညံ့သိမ်မွေ့သော ဥပါယ်တမျဉ်ဖြင့်သာလျှင် ထိုမာရ်နတ်ကို လွှတ်စေတော့မည်"—

ဟူ၍ အကြံအစည်ဖြစ်လေ၏။ ထိုသို့ အကြံအစည်ဖြစ်ပြီးနောက် မိမိ၏ ရှေးကံအကြောင်း မကောင်းမှုကို ဖော်ပြတော်မူလျက် ဤဆိုလတ္တံ့သော အတိုင်း မာရ်နတ်အား မိမိ၏ တူတယောက်ဖြစ်ကြောင်း ဆွေမျိုးစပ်တရား ဟောကြားတော်မူလေ၏—

### အရှင်မဟာမောဂ္ဂလာန်၏ ရှေးမကောင်းမှု

ဟယ်မာရ်ယုတ်....ရှေး(ကကုသန်ဘုရားလက်ထက်)၌ဖြစ်ဘူးအကြောင်းထူး တခုရှိသည်။ ငါသည် ထိုကကုသန်မြတ်စွာဘုရားလက်ထက်တော်အခါက ဒူသီ-မည်သော မာရ်နတ် ဖြစ်ခဲ့ဘူးပြီ။ ထိုအခါ ငါ၏ နှမကား ကာဠီအမည်ရှိ၏၊ သင်ကား ထိုငါ၏နှမ ကာဠီ၏သား ဖြစ်သည်၊ (သို့ရကား) သင်သည် ငါ၏တူ (နှမ၏သား) ဖြစ်ခဲ့လေပြီ။

http://www.dhammadownload.com



(ဤစကားရပ်ကို အရှင်မဟာမောဂ္ဂလာန်မထေရ်သူမြတ်သည် ဆွေမျိုး အစဉ်အဆက် = ပဝေဏီအစွမ်းအားဖြင့် မိန့်ဆိုတော်မူအပ်လေသည်။ အနည်းငယ် ထင်ရှားစေဦးအံ့.... (လူ့ပြည်လောကဌ် ခမည်းတော်၏ အနွယ်အစဉ်, ဘိုးတော်၏ အနွယ်အစဉ် ရာဇဝံသဖြစ်သောသူသည် ခမည်းတော်, ဘိုးတော်၏ အရိုက်အရာ မင်းအဖြစ်ကို ခံယူကာ မင်းပြုသကဲ့သို့) နတ်ပြည်လောကဌ် ရာဇဝင် အစဉ်အဆက်အားဖြင့် မင်းပြုသောဟူ၍ မရှိချေ။ စင်စစ်သော်ကား နတ်မင်းဖြစ်ထိုက်သော ကောင်းမှု ကုသိုလ်ရှင်ဖြစ်သောသူသည် မိမိပြုအပ်သော ကောင်းမှု၏ အစွမ်းဖြင့် နတ်ပြည်၌ နတ်မင်းဖြစ်၍ အသက်ထက်ဆုံး တည်ပြီးလျှင် နတ်သက်ကြွေ စုတေလေ၏၊ ထိုနတ်မင်း စုတေပြီးနောက် အခြားနတ်မင်းဖြစ်ထိုက်သည့် ကောင်းမှု ကုသိုလ်ရှင် သတ္တဝါတယောက်သည် မိမိပြုအပ်သော ကောင်းမှု ကုသိုလ်ကံကြောင့် ထိုနတ်မင်း၏ နေရာ၌ နတ်မင်း ဖြစ်လာလေသည်။ ဤနည်းဖြင့် ယခု ဝသဝတ္တီမာရ်နတ်မင်းသည်လည်း ထိုစဉ်အခါ ဒူသီမာရ်နတ်မင်း၏ တူဖြစ်ခဲ့၍ ထိုဘဝမှ စုတေပြီးလျှင် တဖန် ကုသိုလ်ကောင်းမှုကို ပြု၍ ယခုအခါ ထိုမာရ်နတ်မင်းနေရာ၌ ဖြစ်လာသူ ဖြစ်လေသည်။ ထိုစဉ်က ဒူသီမာရ်နတ်မင်း၏ တူ ဖြစ်သောနတ်က ယခုအချိန်တိုင် နတ်သက်မကြွေ မစုတေပဲ တည်နေသည် မဟုတ်)။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဤကဲ့သို့ မာရ်နတ်ကို ထိုစဉ်အခါက မိမိ၏ (နှမ၏သား) တူ ဖြစ်ခဲ့ကြောင်း ဆွေမျိုးစပ်စကား ဟောကြားတော်မူပြီးနောက် တဖန်ဆက်၍ မိမိသည် ထိုစဉ်အခါက ဒူသီမာရ်နတ်ဖြစ်ကာ အလွန်ကြီးလေးသော မကောင်းမှု အကုသိုလ်ကံကို ပြုမှားခဲ့၍ ငရဲ၌ ကျရောက်ကာ လွန်စွာဆင်းရဲခဲ့ရကြောင်း မာရ်နတ်အား အကျယ်တဝင့် ဟောကြားတော်မူလေသည်၊ ထိုအကျယ်ဖြစ်သော စကားရပ်ကို ပိဋကတ်မြန်မာပြန် မူလပဏ္ဏာသပါဠိ စာမျက်နှာ ၄၂၁-မှ စ၍ ကြည့်ရှုမှတ်သားရာ၏၊ ဤ၌ကား အကျဉ်းမျှ ဖော်ပြပေအံ့—

ဟာယ် မာရ်ယုတ်.... ထိုသို့ ငါဒူသီမာရ်နတ် ဖြစ်စဉ်အခါ လောက၌ ကကုသန် မြတ်စွာဘုရားသည် ပွင့်တော်မူဆဲဖြစ်၏၊ ကကုသန် မြတ်စွာဘုရားမှာ ဝိဓုရမထေရ်နှင့် သဉ္ဇီဝမထေရ် ဟူ၍ အဂ္ဂသာဝကအစုံ ရှိခဲ့လေသည်။

http://www.dhammadownload.com



### ဝိဓုရ မည်ခြင်း အကြောင်း

ဟယ်မာရ်ယုတ်····ကကုသန်မြတ်စွာဘုရား၏တပည့်သာဝက အများအပြား ရှိကြသည့်အနက် ဝိဓုရမထေရ်သည် ဓမ္မဒေသနာ ပညာအားဖြင့် အသာဆုံး အမြတ်ဆုံးဖြစ်လေသည်၊ ထို့ကြောင့်ပင် ထိုမထေရ်၏ အမည်သည် "ဝိဓုရ" မထေရ်ဟု မည်တွင်လေသည်။ (ဝိဓုရ = ပညာရှိသောမထေရ်ဟု ဆိုလိုသည်)။

### သဉ္ဇီဝမထေရ် မည်ခြင်း အကြောင်း

ဟယ်မာရ်ယုတ်····အရှင်သဉ္ဇီဝမထေရ်သည် တောသို့နေသည် ဖြစ်စေ, သစ်ပင်ရင်း၌ ချဉ်းကပ် နေထိုင်သည်ဖြစ်စေ, ဆိတ်ငြိမ်ရာ အရပ်၌ ကပ်ရောက်နေထိုင်သည် ဖြစ်စေ မငြိုမငြင် မပင်မပန်း အလွယ်တကူ နိရောဓသမာပတ်ကို ဝင်စားလေ့ ရှိတော်မူ၏။ တချိန်က သဉ္ဇီဝမထေရ်သည် သစ်ပင်ရင်းတခု၌ နိရောဓသမာပတ် ကို ဝင်စားလျက် ထိုင်နေတော်မူသောအခါ နွားကျောင်းသား ဆိတ်ကျောင်းသား လယ်သမား ခရီးသွား လူအများတို့ မြင်ကြ သဖြင့် "အချင်းတို့···· အံ့ဩဖွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူး ဖြစ်ပါပေစွ၊ ဤရဟန်းသည် ထိုင်လျက်သာ ကွယ်လွန်လေပြီ၊ ကိုင်း····ထိုရဟန်း၏ ဥတုဇရုပ်အလောင်းကို ငါတို့ မီးသဂြိုဟ်ကြ ကုန်စို့"ဟု ကြံစည်တိုင်ပင်ကြပြီးလျှင် မြက်,ထင်း,နွားချေးခြောက် များကို ရသမျှ စုရုံးသယ်ယူခဲ့ကြ၍ အရှင်သဉ္ဇီဝ၏ ကိုယ်ပေါ်၌ စုပုံပြီးလျှင် မီးတိုက်၍ ဖဲသွားကြလေကုန်၏။

(နိရောဓသမာပတ် ဝင်စားသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့မှာ သမာပတ် မဝင်စားမီကပင် ကြိုတင်၍ အဓိဋ္ဌာန် ပြုထားချက် အရ (၁) မိမိကိုယ်မှ အသီးအခြားဖြစ်၍နေသော မိမိပိုင် အသုံးအဆောင် များကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ကြကုန်။ (၂) သမာပတ် ဝင်စားစဉ်အတွင်း မြတ်စွာဘုရားရှင်က အလိုတော်ရှိ၍ တမန်ရဟန်းကို စေလွှတ်ကာ ခေါ်တော်မူလျှင် ထိုတမန်ရဟန်း မိမိထံရောက်သို့ မရောက်မီပင် ကြိုတင်၍ သမာပတ်မှ ထ-နှင့်တော်မူကြသည်။ မြတ်စွာ ဘုရား၌ အလွန်ရှိသေမှုဖြစ်သည်၊ (၃) သံဃာတော်က တစ်စုံတခုသော သံဃကံအတွက် မိမိကို အလိုရှိ၍ အမန်ရဟန်းလွှတ်ကာ ခေါ်ငင်လျှင်

http://www.dhammadownload.com



ထိုတမန်ရဟန်း မိမိထံမှောက်သို့ လာရောက်၍ မခေါ်မီပင် ကြိုတင်၍ သမာပတ်မှ ထ-နှင့်တော်မူကြသည်၊ သံဃာတော်၌ အလွန်ရှိသေမှု ဖြစ်သည်။ (၄) သမာပတ်မဝင်စားမီ ကြိုတင်၍ မိမိ၏အာယုသင်္ခါရ= ဇီဝိတသန္တာန် အစဉ်ကို ဆင်ခြင် ကြည့်ရှုပြီးမှ အာယုသင်္ခါရ= ဇီဝိတ သန္တာန်အစဉ် မပြတ်စဲမီ အချိန်ကိုပိုင်း၍ သမာပတ် ဝင်စားတော်မူကြ သောကြောင့် သမာပတ် ဝင်စားစဉ်အတွင်း၌ ပရိနိဗ္ဗာန် ဝင်စံခြင်း ကွယ်လွန်ခြင်း အလျင်းပင် မရှိကြချေ။မိမိကိုယ်၌ ကပ်ငြိ တည်နေသော ပရိက္ခရာတို့ကိုထား၍ အခြေခံမှ သိမ်းဆည်း၍မပြုရပဲ သမာပတ်၏ တန်ခိုး ကြောင့် ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်ကြချေ၊ ထို့ကြောင့် ယခု အရှင်သဉ္ဇီဝမထေရ်ကို နွားကျောင်းသား ဆိတ်ကျောင်းသား လယ် သမား ခရီးသွား လူအများတို့က မီးရှို့ကြသော်လည်း သင်္ကန်းတော် ချည်မျှင် တမျှင်ကိုမျှ မီးမလောင်ကျွမ်းနိုင်ချေ။)

ဒါယိကာယုတ်....ထိုအခါ အရှင်သဉ္ဇီဝမထေရ်သည် ထိုည၌ လွန်မြောက် နောက်တနေ့နံနက်ရောက်သောအခါ နိရောဓသမာ ပတ်မှ ထတော်မူ၍ ပေါက်ပွင့်အဆင်း အဆိုးကင်းသည့် ခြင်းခြင်း နီသောမီးကျီး၌ နင်းကြွတော်မူကာ သင်္ကန်းတို့ကို ခါပြီးလျှင် နံနက်ခင်းအခါ ရွာတွင်းသို့ ဆွမ်းခံဝင်ကြွတော်မူလေသည်။ ဒါယ မာရ်ယုတ်....ယမန်နေ့က မီးရှို့ခဲ့ကြသော နွားကျောင်းသား ဆိတ် ကျောင်းသား လယ်သမားခရီးသွား ထိုလူများသည် အရှင်သဉ္ဇီဝ မထေရ် ဆွမ်းခံကြွဝင်လာသည်ကို မြင်ကြ၍ တအံ့တသြ ဖြစ်ရှိ ကြကာ“အချင်းတို့....အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါ ပေစွ၊ ဤရဟန်းသည် ထိုင်လျက်ပင် ကွယ်လွန်တော်မူခဲ့ပြီးဖြစ် ပါလျက် ယခုတဖန် အသက်ရှင်၍လာပြန်ချေပြီ”ဟု ချီးမွမ်းစကား ပြောကြားကြလေသည်။ ဒါယိမာရ်ယုတ်....ဤကဲ့သို့ လူအပေါင်း တို့က“ဖဋိသဉ္ဇီဝိတော =အသက်တဖန်ပြန်၍ရှင်လာပြန်ချေပြီ”ဟု ပြောဆိုကြခြင်း အကြောင်းရင်းကြောင့် ထိုမထေရ်၏အမည်သည် “သဉ္ဇီဝမထေရ်”ဟု မည်တွင်လေသည်။ (သဉ္ဇီဝ = တဖန်ပြန်၍ အသက်ရှင်လာသော မထေရ်-ဟု ဆိုလိုသည်။)

http://www.dhammadownload.com



### ဒူသီမာရ်နတ်၏ ယှက်ညှိသော အကြံအစည်နှင့် ထုပ်ကိုင်ဆောင်ရွက်ချက်များ

ဟာဆီမာရ်ပွတ်…ထိုအခါ ဒူသီမာရ်နတ်၏ စိတ်သန္တာန်ဝယ် “ငါသည် သီလရှိသူ, ကောင်းသောသဘောရှိသူ ဤရဟန်းတို့၏ (ဝဋ္ဋိသန္ဓေနှင့်စပ်၍) လာရာအရပ်ကိုငင်း,(စုတိနှင့်စပ်၍)သွားရာ အရပ်ကိုငင်း မသိရချေ။ ငါသည် ပုဏ္ဏားသူကြွယ်တို့ကို ‘အမောင်တို့…လာကြလော့၊ သင်တို့သည် သီလရှိသူ, ကောင်းသောသဘောရှိသူ ရဟန်းတို့ကို ဆဲရေးကြကုန်လော့၊ ရေရွတ်ကြကုန်လော့၊ ချုတ်ချယ်ကြကုန်လော့၊ ညှဉ်းပန်းကြကုန်လော့၊ အမောင်တို့က ဆဲရေး ရေရွတ် ချုတ်ချယ် ညှဉ်းပန်းအပ်ကုန်သည်ရှိသော် ထိုရဟန်းတို့၏ စိတ်ဖောက်ပြန်ခြင်းသည် ဖြစ်လေရာ၏၊ ယင်းစိတ်ဖောက်ပြန်ခြင်းဟူသော အကြောင်းကြောင့် ဒူသီမာရ်နတ်သည် မငဲ့မထောက် ရန်ပြုရန် အခွင့်အပေါက်ကို ရတန်လေရာ၏” ဟူသော ရည်ရွယ်ချက်ဖြင့် အထင်မှားအောင် လှည့်ပတ်ရမူ ကောင်းလေစွ” ဟူ၍ အကြံအစည် ဖြစ်လေသည်။

(ဤ၌။ ။ဒူသီမာရ်နတ်၏ အကြံအစည်ဖြစ်ပုံကို ပါဠိတော်ရှိတိုင်း ပိဋကတ်မြန်မာပြန်လာတိုင်း ဖော်ပြခဲ့ခြင်းဖြစ်သည်၊ မထင်ရှားလှချေ။ စင်စစ်သော်ကား “ငါသည် သီလရှိသူ, ကောင်းသော သဘောရှိသူ ဤရဟန်းတို့၏ လာရာအရပ်ကိုငင်း, သွားရာအရပ်ကိုငင်း မသိရချေ၊ ငါသည် ပုဏ္ဏားသူကြွယ်တို့ကို အချင်းချင်း “အမောင်တို့…. လာကြလော့၊ သင်တို့သည် သီလရှိသူ, ကောင်းသော သဘောရှိသူဟု အများက ခေါ်ဆိုကြသည့် ဤရဟန်းတို့ကို ဆဲရေးကြလော့၊ ရေရွတ်ကြလော့၊ ချုတ်ချယ်ကြလော့၊ ညှဉ်းပန်းကြလော့” ဟု ပြောကြားကြလေအောင် ပြောကြားကြသည့်အတိုင်းလည်း ဆဲရေးစကား ရေရွတ်စကား ချုတ်ချယ်စကား ညှဉ်းပန်းစကား ပြောကြားကြလေအောင် လှည့်ပတ်ဖြားယောင်းရမူ ကောင်းလေစွ၊ ထိုသို့ လှည့်ပတ်ဖြားယောင်းအပ်သဖြင့် ထိုပုဏ္ဏားသူကြွယ်တို့က ဆဲရေးစကား ရေရွတ်စကား ချုတ်ချယ်စကား ညှဉ်းပန်းစကား ပြောကြားအပ်ကုန်သည်ရှိသော် ထို ရဟန်းတို့၏ စိတ်ဖောက်ပြန်ခြင်းသည် ဖြစ်လေရာ၏၊ ယင်းစိတ်ဖောက်ပြန်မှုဟူသော အကြောင်းကြောင့် ဒူသီမာရ်နတ်သည် ရန်ပြုနိုင်ရန် အခွင့်

http://www.dhammadownload.com



အပေါက်ကို ရလေရာ၏" ဟူ၍ အကြံအစည် ဖြစ်လေသည်။ ။ဤကဲ့သို့ ဆိုမှ တကာယ် ဖြစ်ရပ်နှင့် သင့်ထင့်လျောက်ပတ်နိုင်ပေမည်)။

ဟယ်မာရ်ယုတ်….ထိုသို့အကြံအစည်ဖြစ်ပြီးနောက် ဒူသီမာရ်နတ်သည် မိမိ ကြံစည်သည့်အတိုင်း ပုဏ္ဏားသူကြွယ်တို့ အထင်မှားအောင် လှည့်ပတ်ဖြားယောင်းမှုကို ပြုလေတော့၏။ (လှည့်ပတ်ပုံအကျယ် နောက်၌ ထင်ရှားလတ္တံ့)။ ဟယ်မာရ်ယုတ်….ထိုအခါ ထိုပုဏ္ဏားသူကြွယ်တို့သည် ဒူသီမာရ်နတ် အလှည့်ပတ်ခံရကုန်သည်ဖြစ်၍ သီလရှိသူ,ကောင်းသောသဘောရှိသူ ရဟန်းတို့ကို (ဤဆိုလတ္တံ့သောအတိုင်း)ဆဲရေးစကား ရေရွတ်စကားချုတ်ချယ်စကား ညှဉ်းပန်းစကား ပြောကြားကြလေကုန်၏။ ပြောကြားကြပုံမှာ—

"အောက်တန်းစား အသက်မွေးမှု ရှိကုန်သော မည်းညစ်သော ဇာတ်သဘောရှိကုန်သော ဗြဟ္မာမင်း၏ခြေဖမိုးမှ ဖြစ်ကုန်သော ဤဦးပြည်းယုတ် ရဟန်းယုတ်တို့သည် 'ငါတို့ကား ဈာန်ဝင်စားသူတို့ ဖြစ်ကုန်၏၊ ငါတို့ကား ဈာန်ဝင်စားသူတို့ ဖြစ်ကုန်၏'ဟု လည်ပင်းငိုက်ဆိုက် မျက်နှာအောက် ချ ကာ ပျင်း ရိ လေး လံ ထိုင်း မှိုင်း ကြ ကုန် လျက် ကြံမှိုင်၍သာ နေကြကုန်၏။

ဥပမာသော်ကား …. ခင်ပုပ်ငှက်သည် သစ်ခက်အကြား၌ ကြွက်ကို ရှာမှီးလျက် ကြံမှိုင်၍ နေဘိသကဲ့သို့ ၎င်း,မြေခွေးသည် မြစ်ကမ်း၌ ငါးတို့ကို ရှာမှီးစောင့်စားလျက် ကြံမှိုင်၍နေဘိသကဲ့သို့၎င်း, ကြောင်သည် အိမ်ခြီစပ်မစင်အညစ်အကြေးထွက်ရာမြောင်း အမှိုက်စွန့်ရာ အရပ်၌ ကြွက်ကို ရှာမှီးစောင့်စားလျက် ကြံမှိုင်၍ နေဘိသကဲ့သို့၎င်း, မြည်း (=လား)သည် ကျောက်ကုန်းပေါက်သော် အိမ်ခြီစပ် မစင် အညစ် အကြေး ထွက်ရာမြောင်း အမှိုက်စွန့်ရာအရပ်၌ ကြံမှိုင်၍ နေဘိသကဲ့သို့၎င်း ဤအတူပင် အောက်တန်းစား အသက်မွေးမှုရှိကုန်သော မည်းညစ်သော ဇာတ်သဘောရှိကုန်သော ဗြဟ္မာမင်း၏ ခြေ

http://www.dhammadownload.com



ဖမိုးမှ ဖြစ်ကုန်သော ဤဦးပြည်းယုတ် ရဟန်းယုတ်တို့သည် 'ငါတို့ကား ရွာနံထံစားသူတို့ ဖြစ်ကုန်၏၊ ငါတို့ကား ရွာနံဝင်စားသူတို့ ဖြစ်ကုန်၏' ဟု ဃည်ပင်းမိုက်ဆိုက် မျက်နှာ အောသံချကာ ပျင်းရိလေးလံ ထိုင်းမှိုင်းကြကုန် လျက် ကြံမှိုင်၍သာ နေကြကုန်၏"—

ဟူ၍ ဆဲရေးစကား ရေရွတ်စကား ချုတ်ချယ်စကား ညှဥ်းပန်း စကား ပြောကြားကြလေကုန်၏။

ဟယ်မာရ်ယုတ်····ထိုအခါ သေသောလူတို့သည် များသော အားဖြင့် ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် = အပါယ်လေးဘုံသို့ ဘဝ ပဋိသန္ဓေ ကပ်ရောက်ရလေကုန်၏။

[ဤအရာဝယ် လူအများ အပါယ်လေးဘုံသို့ ကပ်ရောက်ရလေကုန် ၏ဟု ဆိုရာ၌ မှတ်ဖွယ်အထူးကား—

ဒူသီမာရ်နတ်သည် အကယ်၍ လူတို့၏ကိုယ်၌ ပူးဝင်၍ ဆဲရေး ရေရွတ် ချုတ်ချယ် ညှဥ်းပန်းမှုကို ပြုခဲ့သည်ရှိသော် (လူတို့မှာ ထိုသို့ ဆဲရေးစကား ပြောကြားလိုသော အလိုဆန္ဒ လုံးဝမရှိသောကြောင့်) လူတို့မှာ အကုသိုလ် မဖြစ်လေရာ၊ ဒူသီမာရ်နတ်မှာသာ အကုသိုလ်ဖြစ် လေရာ၏။ (လူတို့မှာ အကုသိုလ်မဖြစ်ခဲ့သော် အပါယ်သို့ မကျနိုင်လေ ရာ)။

စင်စစ်သော်ကား ထိုစဥ်အခါ ဒူသီမာရ်နတ်သည် လူတို့၏ကိုယ်၌ မပူးဝင်ပဲ မြင်ကြသူတို့ စိတ်နှလုံးမသာမယာဖြစ်လေအောင် ရဟန်းတို့၏ အနီး၌ မိန်းမပုံပန်းသဏ္ဍာန်ကိုဋ္ဌင်း, ရဟန်းမတို့၏အနီး၌ ယောကျ်ား ပုံပန်းသဏ္ဍာန်ကိုဋ္ဌင်း ထိုမှတပါး ရဟန်းတို့နှင့် မလျော်ကန်ပတ်သည့် ဝိသဘာဂအာရုံအမျိုးမျိုးကို ပြုလေသည်။ ပြုပုံမှာ....ထိုစဥ်အခါ ဒူသီ- မာရ်နတ်သည် ဆောင်းကိုကိုင်၍ ရဟန်းများ ငါးဖမ်းနေသည့်ပုံဟန်, ပိုက်ကွန်ကို ပစ်၍ ရဟန်းများ ငါးဖမ်းနေသည့်ပုံဟန်, နှဲကော*ကိုစိုက်၍ ရဟန်းများ ငှက်ထောင်နေကြသည့်ပုံဟန်, ခွေးအုပ်ကြီးဖြင့် တော အရပ်၌ ရဟန်းများ သားကောင်လိုက်၍ နေကြသည့်ပုံဟန်, မာတုဂါမ များကို ခေါ်ဆောင်ကာ သေတင်းကုပ်(=ထန်းရေဆိုင် အရက်ဆိုင်)၌

---

*နှဲကော=ညောင်စေးစသည်သုတ်၍ ငှက်ထောင်သော ဒုတ်ချောင်းတမျိုး။

http://www.dhammadownload.com



ရဟန်းများ ထိုင်နေကြသည့်ပုံဟန်, က-ခုန်နေကြသည့်ပုံဟန်, သီချင်းသီဆိုနေကြသည့်ပုံဟန်, ရဟန်းမတို့၏ ညှဉ့်သန့်ရာ နေ့သန့်ရာ အရပ်ထို့၌ ယောကျ်ားပျိုများ ထိုင်နေကြသည့်ပုံဟန်,ရပ်နေကြသည့်ပုံဟန်များကို ပြု၍ ပြလေသည်။ (ဤကား ဒုသီမာရ်နတ်၏ လှည့်ပတ်ဖြားယောင်းပုံတည်း)။

လူတို့သည် တောသို့ သွားကြကုန်သော်ငြား, ဥယျာဉ်သို့ သွားကြကုန်သော်ငြား, ကျောင်းသို့ သွားကြကုန်သော်ငြား နှလုံးမသာယာဖွယ် ထိုအာရုံများကို မြင်ကြရ၍ အိမ်သို့ပြန်လာပြီးလျှင် အခြားထပါးသော လူများအား "အမောင်တို့....ရဟန်းတို့သည် ဤသို့ သဘောရှိသော ရဟန်းတို့မလုပ်ရမည့် မလျောက်ပတ်သော အမှုကို ပြုလုပ်ကြကုန်၏၊ ထိုသူတို့အား ပေးအပ်သည်ရှိသော် အဘယ်မှာလျှင် ကောင်းကျိုးဖြစ်နိုင်အံ့နည်း၊ ထိုရဟန်းတို့အား တစုံတခုကိုမျှ မပေးကြကုန်လင့်" ဟု ပြောဆိုကြကုန်၏။

ဤသို့လျှင် ထိုလူများသည် ရဟန်းတို့ကို မြင်တိုင်း မြင်တိုင်းသော အရပ်ဌာန၌ ဆဲရေးစကား ပြောကြားကြကာ အကုသိုလ်တရားကို ပွါးစေကြ၍ အပါယ်လေးဘုံသို့ ဘဝပဋိသန္ဓေ ကပ်ရောက်ကြရလေသည်။

ဟယ် မာရ်ယုတ်.... ထိုသို့ ဒူသီမာရ်နတ် (အကြည်ညိုမဲ့အောင်) လှည့်ပတ်ဖြားယောင်းအပ်သောအခါ ကကုသန်မြတ်စွာဘုရားရှင်သည် တပည့်ရဟန်းအပေါင်းကို ဒူသီမာရ်နတ် လှည့်ပတ်ဖြားယောင်းအပ်သဖြင့် ပုဏ္ဏားသူကြွယ်တို့ ဆဲရေးရေရွတ်စကား ပြောကြားကြခြင်းဖြစ်ကြောင်းကို မိန့်တော်မူပြီးလျှင် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မဝိဟာရချာန်လေးပါးကို ပွါးများနေထိုင်ကြရန် အဆုံးအမ ဩဝါဒ ပေးတော်မူသဖြင့် ရဟန်းခတော်တို့သည် မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒအတိုင်း ဗြဟ္မဝိဟာရ ဈာန်လေးပါးကို ပွါးများနေထိုင်ကြလေကုန်၏။

ဟယ် မာရ်ယုတ်....ထိုအခါ ဒူသီမာရ်နတ်၏ စိတ်သန္တာန်ဝယ် "ငါသည် ဤနည်းဖြင့်ပြုသော်လည်း ရဟန်းတို့၏ လာရာအရပ် သွားရာအရပ်ကို မသိနိုင်ချေ၊ ငါသည် ပုဏ္ဏားသူကြွယ်တို့ကို ရဟန်းများအား ရှိသေလေးမြတ် ကော်ရော်ပူဇော်မှု ပြုလုပ်ကြအောင် လှည့်ပတ်ဖြားယောင်းရမူ ကောင်းလေစွာ့၊ ယင်းသို့

http://www.dhammadownload.com



လှည့်ပတ်ဖြားယောင်းအပ်သဖြင့် ပုဏ္ဏားသူကြွယ်တို့က ရှိသေလေးမြတ် ကော်ရော်ပူဇော်မှု ပြုအပ်သည်ရှိသော် ထိုရဟန်းတို့၏ စိတ်ဖောက်ပြန်ခြင်းသည် ဖြစ်လေရာ၏၊ ယင်းအကြောင်းကြောင့် ဒူသီမာရ်နတ်သည် ရန်ပြုနိုင်ရန် အခွင့်အပေါက်ကို ရလေရာ၏”ဟု အကြံအစည်ဖြစ်ပြီးလျှင် ထိုသို့ကြံစည်သည့်အတိုင်း ရဟန်းများအား ပုဏ္ဏားသူကြွယ်တို့က ရှိသေလေးမြတ် ကော်ရော်ပူဇော်မှု ပြုလုပ်လာကြအောင် လှည့်ပတ်ဖြားယောင်းလေ၏။ (လှည့်ပတ်ပုံ နောက်၌ ထင်ရှားလတ္တံ့)။

ဟယ် မာရ်ယုတ်.... ထိုသို့ ဒူသီမာရ်နတ် လှည့်ပတ်ဖြားယောင်းသောအခါ ထိုပုဏ္ဏားသူကြွယ်တို့သည် ရဟန်းတို့ကို ရှိသေမှု, လေးနာမှု, မြတ်နိုးမှု, ပူဇော်မှုကို ပြုကြလေကုန်၏။

ဟယ် မာရ်ယုတ်···· သေသောလူတို့သည် များသောအားဖြင့် နတ်ရွာသုဂတိသို့ ဘဝပဋိသန္ဓေ ကပ်ရောက်ရလေကုန်၏။

[ ဤအရာဝယ် လူအများ သုဂတိဘုံသို့ ကပ်ရောက်ရကုန်၏-ဟု ဆိုရာ၌ မှတ်ဖွယ်အထူးကား—

ရှေး (အကြည်ညိုမဲ့အောင် ပြုလုပ်သောအခဏ်း) ၌ ဆိုအပ်ခဲ့သည့်အတိုင်း ဒူသီမာရ်နတ်သည် လူအများ နှလုံးမသာယာမှုကို ပြုလုပ်တတ်သော အာရုံအမျိုးမျိုးကို ဖန်ဆင်း၍ ပြသကဲ့သို့ ဤ (ကြည်ညိုအောင် ပြုလုပ်သော အခဏ်း) ၌လည်း ကြည်ညိုဖွယ်ဖြစ်အောင် ပြုလုပ်တတ်သော အာရုံအမျိုးမျိုးကို ဖန်ဆင်းပြုလုပ်၍ ပြလေသည်၊ ပြပုံမှာ—

ဒူသီမာရ်နတ်သည် ထိုအခါ၌ လူအများ မြင်လောက်သော အရပ်၌ ကောင်းကင်၌ ရဟန်းများ ပျံသွားကြသည့်ပုံဟန်, ရပ်တည်ကြသည့်ပုံဟန်, ထက်ဝယ် (=တင်ပလ္လင်) ဖွဲ့ခွေ ထိုင်နေကြသည့်ပုံဟန်, ကောင်းကင်၌ ရဟန်းများ သက်နှုန်းချုပ်၍ နေကြသည့်ပုံဟန်, စာပေပိချ၍ နေကြသည့်ပုံဟန်, ကောင်းကင်၌ သင်္ကန်းကိုဖြန့်၍ မိမိကိုယ်ကို ဥတုအနွေ့ ယူနေကြသည့်ပုံဟန်, ရဟန်းပြုသစ်စပုဂ္ဂိုလ်များ ကောင်းကင်ခရီးဖြင့် ကြွသွားကြသည့်ပုံဟန်, ကိုရင်ငယ်ကလေးများ ကောင်းကင်၌ ရပ်တည်ကြကာ ပန်းများကို ဆွတ်ခူးနေကြသည့်ပုံဟန်

http://www.dhammadownload.com



စသည်များကို ဖန်ဆင်းပြုလုပ်၍ ပြသလေသည်။ (ဤကား ဒူသီမာရ်နတ်၏ လှည့်ပတ်ဖြားယောင်းပုံတည်း)။

လူတို့သည် တောသို့သွားကြကုန်သော်၎င်း, ဥယျာဉ်သို့သွားကြကုန်သော်၎င်း, ကျောင်းသို့သွားကြကုန်သော်၎င်း ရဟန်းတို့၏ ထိုအကျင့်ပဋိပတ်ကို မြင်ကြရ၍ အိမ်သို့ ပြန်လာပြီးလျှင် အခြားတပါးသော လူများအား "အမောင်တို့.... ရဟန်းတို့တွင် အယုတ်သဖြင့် သာမဏေငယ်များသော်မှလည်း ဤသို့ ဤသို့ တန်ခိုးအာနုဘော် ကြီးမြတ်ကြကုန်၏၊ ထိုရဟန်းတို့အား လှူဒါန်းအပ်သော အလှူဒါနသည် အကျိုးကြီးမြတ်လှဘိ၏၊ ထိုရဟန်းတို့အား လှူကြကုန်လော့၊ ရိုသေမှုပြုကြကုန်လော့" ဟု ပြောဆိုကြကုန်၏။

ထိုအခါ၌ လူတို့သည် ရဟန်းသံဃာကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး= ပစ္စည်းလေးပါးတို့ဖြင့် ရိုသေကော်ရော် ပူဇော်ကြကုန်လျက် များစွာသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြပြီးလျှင် နတ်ရွာသုဂတိဘုံသို့ ဘဝပဋိသန္ဓေ ကပ်ရောက်ကြရလေသည်]။

ဟယ်မာရ်ယုတ်···· ထိုသို့ ဒူသီမာရ်နတ် (လူအများကြည်ညိုအောင်) လှည့်ပတ်ဖြားယောင်းအပ်သောအခါ ကကုသန်မြတ်စွာဘုရားရှင်သည် တပည့်ရဟန်းအပေါင်းကို ဒူသီမာရ်နတ် လှည့်ပတ် ဖြားယောင်းအပ်သဖြင့် ပုဏ္ဏားသူကြွယ်တို့ ရဟန်းများကို ပစ္စည်းလေးပါးတို့ဖြင့် ရိုသေကော်ရော် ပူဇော်ကြခြင်းဖြစ်ကြောင်းကို မိန့်တော်မူပြီးလျှင် "ရဟန်းတို့····လာကြလော့၊ သင်တို့သည် ကိုယ်၌ မတင့်တယ်မှု(= အသုဘ) သဘောကို အကြိမ်ကြိမ်ရှုကုန်လျက်၎င်း, အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိကုန်လျက်၎င်း, အလုံးစုံသောလောက၌ မွေ့လျော်ဖွယ်မရှိဟု အမှတ်ရှိကုန်လျက်၎င်း, အလုံးစုံသော တေဘူမက သင်္ခါရတရားတို့၌ မမြဲခြင်းကို အကြိမ်ကြိမ်ရှုကုန်လျက်၎င်း နေကုန်လော့" ဟူ၍ အဆုံးအမ ဩဝါဒစကားကို မိန့်ကြားတော်မူလေ၏။

ဟယ်မာရ်ယုတ်···· ထိုအခါ ရဟန်းတို့သည် ကကုသန်မြတ်စွာဘုရားရှင် ဆုံးမဩဝါဒ ပေးအပ်သည့်အတိုင်း တောသို့ကပ်ကုန်လျက်၎င်း, သစ်ပင်ရင်းသို့ ကပ်ကုန်လျက်၎င်း, ဆိတ်ငြိမ်ရာသို့ကပ်ကုန်လျက်၎င်း အသုဘကမ္မဋ္ဌာန်း, အာဟာရေပဋိကူလကမ္မဋ္ဌာန်း

http://www.dhammadownload.com



သဗ္ဗလောကေအနဘိရတိကမ္မဋ္ဌာန်း, အနိစ္စကမ္မဋ္ဌာန်းတို့ကို စီးဖြန်း အားထုတ်လျက် နေကြကုန်၏။

(ဤ၌။ ။ကကုသန်မြတ်စွာဘုရားရှင်သည် ထိုစဉ်အခါ ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်လည်တော်မူလျက် အယုတ်သဖြင့် ရဟန်းနှစ်ပါး သုံးပါးတို့ နေထိုင်ရာအရပ်သို့သော်လည်း ကြွရောက်တော်မူပြီးလျှင် (အံ ၂၊၄၃၃, ၄၃၄-လာအတိုင်း) အကျိုးတရား အသီးသီးကို ဖြ၍ ရဟန်းတို့အား ဖော်ပြရာပါ ကမ္မဋ္ဌာန်း ၄-မျိုးကို ဟောကြားတော်မူသည်။ ထိုရဟန်းတို့သည်လည်း ထိုကမ္မဋ္ဌာန်းလေးမျိုးတို့၌ ပဓာနအလုပ် အားထုတ်ကြကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းကြ၍ အရဟတ္တဖိုလ်၌ တည်ကြလေကုန်သည်)။

ဟယ်မာရ်ယုတ်....ထိုမှနောက် အခါတပါး၌ ကကုသန်မြတ်စွာဘုရားရှင်သည် အရှင်ဝိဓုရ(လက်ျာရံ)မထေရ်ကို နောက်လိုက်ရဟန်းပြု၍ ရွာတွင်းသို့ ဆွမ်းခံ ကြွဝင်တော်မူလေသည်။ ထိုအခါ ဒူသီမာရ်နတ်သည် (ပုဏ္ဏားသူကြွယ်တို့က ရဟန်းတို့ကို ဆဲရေးအောင်ပြုလုပ်၍ငြင်း,ကြည်ညိုအောင်ပြုလုပ်၍ငြင်း လှည့်ပတ်အပ်သော်လည်း ရန်ပြုရန် အခွင့်အပေါက်ကို မရနိုင်ရကား ယခုအခါမှာမူ ကိုယ်တိုင်ပင် လုံ့လကြိုးကုတ် အားထုတ်ကာ ဖျက်ဆီးလိုသဖြင့်) သူငယ်တယောက်၏ ကိုယ်တွင်းသို့ ပူးဝင်ပြီးလျှင် လက်တွင်းတဆုပ်ရှိသော ကျောက်ခဲကို ကောက်ယူကာ အရှင်ဝိဓုရမထေရ်၏ ဦးခေါင်း၌ ပစ်ခတ်မှုကို ကိုယ်တိုင် ကိုယ်ကျတိုက်ရိုက်ပင် ပြုလေတော့၏။ ထိုအခါ အရှင်ဝိဓုရမထေရ်မြတ်၏ ဦးခေါင်းသည် ဦးခေါင်းခွံသို့ ခိုက်ရောက်အောင် ကွဲလေတော့၏။

ဟယ်မာရ်ယုတ်.... ထိုအခါ အရှင်ဝိဓုရ မထေရ်မြတ်သည် ဦးခေါင်းကွဲအက် သွေးတတွေတွေ ယိုစီးကျလျက်ပင်လျှင် (ဒုန္ဒြေမပျက်) ကကုသန် မြတ်စွာဘုရားရှင် နောက်သို့ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါတော်မူလေသည်။ ထိုအခါ ကကုသန် မြတ်စွာဘုရားရှင်သည် ဆင်ဒွန်ဆင်မင်း၏ ကြည့်ခြင်းကဲ့သို့သော ကြည့်ခြင်းမျိုးဖြင့် ကိုယ်တော်အလုံး လှည့်လည်ကာ ကြည့်တော်မူပြီးလျှင် "ဤဒူသီမာရ်နတ်သည် မိမိ၏ အတိုင်းအရှည်ကို မသိစွာဘကား" ဟု မိန့်ကြားတော်မူလေသည်။ ဟယ်မာရ်ယုတ်....

http://www.dhammadownload.com



ကကုသန်မြတ်စွာဘုရားရှင် ပြန်လှည့်၍ ကြည့်တော်မူသော ခဏ မှာပင် ဒုဿီမာရ်နတ်သည် ထိုတည်ရာနတ်လောကမှ လျှောကျ စုတေလေတော့၏၊ ငရဲကြီးသို့လည်း ရောက်ရလေတော့၏။

[ကြံ့ခိုင်။ ။ဆင်ပြောင်၏ ကြည့်ခြင်းကဲ့သို့ ကြည့်တော်မူ၏-ဟူရာဝယ် ဆင်ပြောင်ကြီးသည် ဤမှ ထိုမှ ပြန်လည်ကြည့်ရှုလိုလတ်တော် လည်ပင်း ချည်းသက်သက် မလှည့်ပဲ တကိုယ်လုံးလှည့်၍ ကြည့်သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားသည်လည်း တကိုယ်လုံးလှည့်၍ ကြည့်တော်မူလေသည်။ ထင်ရှားစေဦးအံ့—

ပကတိလူများအပေါင်း၏ အရိုးများသည် အစွန်းချင်းတေ့ဆက်ကာ တည်ကြလျက် ပစ္စေကဗုဒ္ဓါတို့၏ အရိုးများမှာ ချိတ်ဆက် ဆက်၍ တည်ကြသကဲ့သို့ မြတ်စွာဘုရားရှင်တို့၏ အရိုးများမှာမူ ထိုကဲ့သို့ မဟုတ် ကုန်ချေ၊ မြတ်စွာဘုရားရှင်တို့၏ အရိုးများကား ကွင်းဆက် ဆက်၍ တည်ကြကုန်၏၊ ထို့ကြောင့် နောက်သို့ ပြန်၍ ကြည့်သောအခါ၌ လည်ပင်းချည်းသက်သက် မလှည့်နိုင်ပဲ ဆင်ပြောင်ကြီးကဲ့သို့ တကိုယ်လုံး လှည့်၍ကြည့်တော်မူကြရလေသည်။ ထို့ကြောင့် ကကုသန်မြတ်စွာဘုရား ရှင်သည် ယန္တရားစက်ခလုတ်ဖြင့် လှည့်အပ်သော ရွှေရုပ်တုကဲ့သို့ တကိုယ်လုံး လှည့်၍ကြည့်တော်မူလေသည်။ ထိုသို့ကြည့်တော်မူပြီးလျှင် ရပ်တည်တော်မူလျက်ပင် "ဤဒုဿီမာရ်နတ်သည် မကောင်းမှုကို ပြုသည် ရှိသော် အတိုင်းအရှည်ကို မသိလေ၊ (အတိုင်းအရှည်ထက် လွန်သော မကောင်းမှုကို ပြုဘိ၏)" ဟူ၍ မိန့်တော်မူလေ၏။

"ကကုသန် မြတ်စွာဘုရားရှင် ပြန်လှည့်၍ ကြည့်တော်မူသော ခဏ မှာပင် ဒုဿီမာရ်နတ်သည် နတ်လောကမှ လျှောကျစုတေလေတော့၏" ဟူသော စကားရပ်၌ ကကုသန်မြတ်စွာဘုရားရှင် ပြန်လှည့်၍ ကြည့်တော် မူရာ လူ့ပြည်လောက ထိုအရပ်ဌာန၌ပင် စုတေသည်ဟူ၍ မမှတ်ယူရာ၊ မှန်၏—နတ်သက်ကြွေ၍ စုတေသောနတ်သည် (မိမိ နတ်ဘုံမှ တပါး) ဟူးဟူးငြားငြားအရပ်၌ တည်၍ စုတေရိုးထုံးတမ်းမရှိ၊ ထို့ကြောင့် ဒုဿီမာရ်နတ်သည် မိမိစံရာ ဝသဝတ္တိနတ်ပြည်သို့ ပြန်လာ၍ ထိုနတ် ပြည်မှ နတ်သက်ကြွေ စုတေသည်ဟူ၍ မှတ်ယူရာ၏။

ထိုသို့ နတ်သက်ကြွေ စုတေရာမှာလည်း ကကုသန် မြတ်စွာဘုရားရှင် က ပြန်လှည့်၍ ကြည့်တော်မူခြင်းကြောင့် စုတေသည်ဟူ၍ မမှတ်ယူရာ၊ မှန်၏ "ကကုသန်မြတ်စွာဘုရားရှင် ပြန်လှည့်၍ ကြည့်တော်မူသော ခဏ

http://www.dhammadownload.com



မှာပင်”ဟူသော စကားသည် ဒွိသီမာရ်နတ်၏ စုတေရာကာလကိုမျှသာ ပြသော စကားရပ်ဖြစ်သည်၊ (ကြည့်တော်မူခြင်းကြောင့် စုတေသည်ဟူ ပြသောစကားရပ် မဟုတ်)။ စင်စစ်သော်ကား အလွန်ပြင်းပြောကြီးမြတ်သည့် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော လောကျံခရံ အဂ္ဂသာဝက မထေရ်မြတ်၌ ပြစ်မှားအပ်လေသောကြောင့် ထိုဒူသီမာရ်နတ်၏ အသက်သည် ပဲခွပ်(=မောမ)ကြီးဖြင့် ဖြတ်လိုက်သည့်ပမာ ထိုနေရာမှာပင် ပြတ်၍ သွားလေတော့သည်ဟု သထိချပ်ကာ မှတ်ယူရာ၏]။

ဟာယ်မာရ်ယုတ် ····ထို(ဒူသီမာရ်နတ်ကျရောက်ရာ) ငရဲကြီး၏ အမည်တို့ကား ဆဖဿာယတနိကဟူ၍၎င်း, သင်္ကုသမာဟတ ဟူ၍၎င်း, ပစ္စတ္တဝေဒနိယဟူ၍၎င်း သုံးမျိုးတို့ ဖြစ်ကုန်၏။

[ဤ၌။ ။ထိုငရဲကြီးသို့ ကျရောက်သော ငရဲသား သတ္တဝါတို့မှာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, ရင်ဝ = ဤခြောက်ဌာန (=ဖဿာယတန ခြောက်ပါးတို့၌ ဆင်းရဲဒုက္ခဝေဒနာကို မခံသာအောင် ဖြစ်စေနိုင်သည့် သံတံကျင်များ အသီးအသီး စိုက်လျက်စိုက်လျက် ရှိရလေသည်၊ ထို့ကြောင့် ထိုငရဲသား သတ္တဝါတို့မှာ မျက်စိကလည်းဆင်းရဲ, နားကလည်း ဆင်းရဲ, နှာကလည်း ဆင်းရဲ, လျှာကလည်း ဆင်းရဲ, ကိုယ်ကလည်း ဆင်းရဲ, ရင်ဝကလည်း ဆင်းရဲ=ဤခြောက်ပါးသော ဆင်းရဲကို အလူးအလဲ ခံကြရလေသည်။ ထိုဆင်းရဲခြောက်မျိုးကို“ဆဖဿာယတနဒုက္ခ”ဟု ခေါ်သည်၊ ထို ဆဖဿာယတနဒုက္ခရှိရာ ဘုံဖြစ်သောကြောင့် ထိုငရဲကို “ဆဖဿာယတနိက ငရဲကြီး” ဟူ၍ ခေါ်ဆို အပ်လေသည်။ ။သင်္ကု=သံတံကျင်+သမာဟတ=ထိုးဆွနှိပ်စက်တတ်သည်။ ထိုးဆွနှိပ်စက်တတ်သည့် သံတံကျင်ပေါင်း ရာပေါင်းများစွာ ရှိရာဖြစ်သောကြောင့် ထိုငရဲကို “သင်္ကုသမာဟတငရဲကြီး” ဟူ၍လည်း ခေါ်ဆိုအပ်လေသည်။ ။ပစ္စတ္တ=သူ့ပင်ကိုယ်ကပင်လျှင်+ဝေဒနိယ=ဆင်းရဲဒုက္ခကို ဖြစ်စေနိုင်သည်။ ကမ္မကာရဏကို ပြုလုပ်သူ (=ငရဲထိန်းများ) နှင့် ကင်း၍လည်း သူ့ပင်ကိုယ်ကပင် ဆင်းရဲဒုက္ခဝေဒနာကို ဖြစ်စေနိုင်သောကြောင့် ထိုငရဲကို“ပစ္စတ္တဝေဒနိယငရဲကြီး”ဟူ၍လည်း ခေါ်ဆို အပ်လေသည်]။

ဟာယ်မာရ်ယုတ်····ထို (ငရဲကြီးသို့ ကျရောက်သော) အခါ ငရဲထိန်းတို့သည် ငါ့ထံသို့ ချဉ်းကပ်ကြ၍ “အချင်း ··· သင့်နှလုံး၌ သံတံကျင်တခုနှင့် သံတံကျင်တခုတို့ ပေါင်းဆုံမိသော အခါ

http://www.dhammadownload.com



ငရဲ၌ ကျက်ရသော ငါ့အဖို့ရာ အနှစ်တထောင် ရှိပြီ ဟု သင်သိလော့”ဟူ၍ ဆိုကုန်၏။

[ဤ၌။ ။“သင့်နှလုံးရင်ဝ၌ သံတံကျင်တခုနှင့် သံတံကျင်တခုတို့ ပေါင်းဆုံမိသောအခါ”ဟူသော စကားရပ်ဝယ် သိမှတ်ဖွယ်ကား.... ထိုငရဲကြီး၌ ကျရောက်သူတို့၏ အတ္တဘောသည် သုံးဂါဝုတ်ပမာဏရှိ၏၊ ဒူသီမာရ်နတ်၏ အတ္တဘောသည်လည်း ထိုငရဲ၌ သုံးဂါဝုတ်ပမာဏပင် ရှိလေသည်။ ဒူသီမာရ်နတ် ထိုငရဲသို့ ကျရောက်သောအခါ ငရဲထိန်းတို့သည် အလျှံတပြောင်ပြောင် တောက်လောင်ကုန်သော ထန်းလုံးခန့် ပမာဏရှိသည့် သံတံကျင်တို့ကို ကိုယ်တိုင်စွဲကိုင်ကြပြီးလျှင် “ဤနေရာ ဌာနဖြင့် သင်သည် ကြံစည်ပြီးလျှင် မကောင်းမှုကို ပြုအပ်ခဲ့လေပြီ”ဟု ပြောဆိုကြကာ အပြန်ပြန်အလှန်လှန် မုံ့စကျင်း၌ မုံ့ကို ထောင်းကြိတ်သကဲ့သို့ ရင်ဝနှလုံးကို သံတံကျင်တို့ဖြင့် ထိုးကြပြီးလျှင် ငါးကျိပ်သော ငရဲထိန်းတို့သည် ခြေဖက်သို့ ရှေးရှု, ငါးကျိပ်သော ငရဲထိန်းတို့သည် ဦးခေါင်းဖက်သို့ရှေးရှု ထိုး၍ ထိုး၍ သွားကြလေသည်၊ ထိုသို့သွားကြရာ နှစ်ပေါင်းငါးရာကြာမှ ခြေအစွန်း အဖျား ဦးခေါင်းအစွန်းအဖျားသို့ ရောက်ကြလေသည်။

တဖန် ထိုခြေဖျား ဦးခေါင်းဖျားမှ ရှေးနည်းအတူ ပြန်နစ်၍ သံတံကျင်တို့ဖြင့် ထိုးလာခဲ့ကြရာ နှစ်ပေါင်း ငါးရာ ကြာမှ နှလုံးရင်ဝသို့ ရောက်ကြ ဆုံကြလေသည်။ (နှစ်ရပ်ပေါင်းသော် နှစ်ပေါင်းတထောင် ကြာမှ နှလုံးရင်ဝ၌ သံတံကျင်ချင်း ပေါင်းဆုံမိကြလေသည်၊ ထိုအနက် အဓိပ္ပါယ်ကို ရည်ရွယ်၍ “သင့်နှလုံးရင်ဝ၌ သံတံကျင်တခုနှင့် သံတံကျင် တခုတို့ ပေါင်းဆုံမိကြသောအခါ”ဟူ၍ ဆိုကြခြင်းဖြစ်သည်]။

ဟယ်မာရ်ယုတ်....ထိုငါသည် မရေမတွက်နိုင်အောင် များလှစွာသည့် နှစ်အရာအထောင်တို့ကာလပတ်လုံး ထိုငရဲကြီး၌ ဆင်းရဲကြီးစွာ ကျက်ခဲ့ရလေပြီ။ (ဤမျှနှင့်လည်း မပြီးသေးချေ) ထိုငရဲကြီး၏အရံ ဥဿဒငရဲ၌သာလျှင် နှစ်ပေါင်း တသောင်းကြာ ကာလပတ်လုံး နောက်ဆုံးဖြစ်သော ခံစားရခြင်းမည်သည်ကို ခံစားလျက်(=နောက်ဆုံး ဒုက္ခခံရသောအနေဖြင့်-ဟုဆိုလိုသည်) ကျက်ခဲ့ရလေပြီ။ (ငရဲကြီး၌ မရေမတွက်နိုင်အောင် နှစ်ပေါင်း များစွာ ဒုက္ခဝေဒနာကို ခံရပြီးနောက် ထိုမျှဖြင့်လည်း မပြီးသေးပဲ ထိုငရဲကြီးမှ ထသောအခါ လွတ်သောအခါ ထိုငရဲကြီး၏အရံ

http://www.dhammadownload.com



ဥဿဒငရဲ၌ နှစ်ပေါင်းတသောင်းကြာ ဆင်းရဲဒုက္ခဝေဒနာကို ခံရပြန်လေသည်၊ ထိုဥဿဒငရဲဒုက္ခကား ငရဲကြီးဒုက္ခထက် သာလွန်လှသတဲ့။)

ဟယ်မာရ်ယုတ်....ထိုငရဲ၌ ကျက်ရသော ငါ၏အဖို့ရာ ကိုယ်သည် လူ၏ကိုယ်ကဲ့သို့ဖြစ်၍ ဦးခေါင်းမှာမူ ငါး၏ဦးခေါင်းကဲ့သို့ ဖြစ်လေသည်။ (လူ၏ဦးခေါင်းမှာ လုံးဝန်းသဖြင့် သံတံကျင်ဖြင့် ထိုးသောအခါ ချွတ်ချော်၍ သွားနိုင်၏၊ ငါး၏ဦးခေါင်းမှာမူ အလျားရှည် အနံ့ပြန့်သောကြောင့် သံတံကျင်ဖြင့် ထိုးသောအခါ မချွတ်လွဲနိုင်ချေ၊ ထို့ကြောင့် ငါးဦးခေါင်းကဲ့သို့သော ဦးခေါင်း ဖြစ်ရှိလေသည်။)

**အရှင်မဟာမောဂ္ဂလာန် မထေရ်သူဖြတ်သည် ဆိုအစ်ပြီးသောအတိုင်း အတိတ်ဖြစ်ရပ်ကို ဟောကြားတော်မူပြီးနောက် မာရ်နတ်အား ထိတ်လန့် သံဝေဂရစိမ့်သောငှါ ဂါထာပေါင်း ၂၁-ဂါထာတို့ဖြင့် ဤဆိုလတ္တံ့သောအတိုင်း ဆုံးမဟောကြားတော်မူလေသည်—**

**ဒူသီမာရ်နတ်သည် တပည့်သာဝက ဝိဓုရ ရဟန္တာကိုင်း, ကကုသန်မြတ်စွာဘုရားကိုင်း ထိပါးနှိပ်စက်၍ ကျက်ရာဖြစ်သော ငရဲသည် အဘယ်သို့ သဘောရှိသော ငရဲဖြစ်သနည်းဟူမူ....**

ဒူသီမာရ်နတ်သည် တပည့်သာဝက ဝိဓုရ ရဟန္တာကိုင်း, ကကုသန်မြတ်စွာဘုရားကိုင်း ထိပါးနှိပ်စက်၍ ကျက်ရာဖြစ်သော ငရဲသည် အရာသော သံတံကျင်တို့ဖြင့် လျှိုသတ်နှိပ်စက်ခြင်းရှိ၏၊ ထိုအလုံးစုံသော သံတံကျင်တို့သည် ကမ္မကာရဏာပြုသူ (=ငရဲထိန်း) တို့နှင့် ကင်း၍လည်း မိမိပင်ကိုယ်သဘောအားဖြင့် ဆင်းရဲဒုက္ခဝေဒနာကို ဖြစ်စေနိုင်ကုန်၏။ ဒူသီမာရ်နတ် ကျရောက်ရာ ငရဲကြီးသည် ဤသို့သဘောရှိ၏။

ဟယ် မာရ်နတ်....သင်ကား ဤကံ, ကံ၏အကျိုးကို မျက်မှောက်ထင်ထင် သိမြင်သည့် မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းကို ထိပါးနှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။(က)

မဟာမူဠွစ် ၃-၄၃

http://www.dhammadownload.com



ကမ္ဗာပတ်လုံး တည်ကုန်သော ဗိမာန်တို့သည် သမုဒ္ဒြာ အလယ်၌ တည်ရှိကြကုန်၏၊ ကြောင်မျက်ရွဲအဆင်း ရှိကုန်လျက် နှစ်သက်ဖွယ်ရှိကုန်၏၊ အလျှံပြိုးပြက် တလက်လက် ထွက်ကုန်၏၊ ထိုဗိမာန်တို့၌ အဆင်းအမျိုးမျိုး ရှိကြသည့် များလှစွာသော နတ်သမီးတို့သည် က-ခုန်-သီဆိုကြကုန်၏။

ဟယ် မာရ်နတ်····သင်ကား ဤဗိမာန်တို့၏ အကြောင်းအရာ, နတ်သမီးတို့၏ စည်းစိမ်, ထိုစည်းစိမ်တို့၏ အကြောင်းတရား ဤသုံးပါးကို မျက်မှောက်ထင်ထင် ဉာဏ်ဖြင့် သိမြင်သည့် မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းကို ထိပါးနှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။ (ခ)

အကြင်ရဟန်းသည် စင်စစ် မြတ်စွာဘုရား မိန့်ကြားတိုက်တွန်းတော်မူချက်အရ ရဟန်းသံဃာအပေါင်း ကြည့်ရှုစဉ်ပင် မိဂါရသူဌေး၏အမိ ဝိသာခါ၏ (ပုဗ္ဗာရုံ) ကျောင်းပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေခဲ့ပြီ။

ဟယ် မာရ်နတ်···· သင်ကား ဤပြာသာဒ်ကို တုန်လှုပ်စေနိုင်သည့် အဘိညာဉ် အသိဉာဏ်ရှင်ဖြစ်သော မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းကို ထိပါးနှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။ (ဂ)

အကြင်ရဟန်းသည် တန်ခိုးစွမ်းအားဖြင့် ထောက်ပံ့အပ်သည် ဖြစ်၍ သိကြားမင်း၏စံရာ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေခဲ့ပြီ၊ နတ်အပေါင်းကိုလည်း ထိတ်လန့်စေခဲ့ပြီ။

ဟယ် မာရ်နတ်···· သင်ကား ဤဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေနိုင်သည့် အဘိညာဉ် အသိဉာဏ်ရှင်ဖြစ်သော မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းကို ထိပါးနှိပ်စက်ခြင်း ကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။ (ဃ)

အကြင်ရဟန်းသည် သိကြားမင်းစံရာ ဝေဇယန္တာပြာသာဒ်၌ သိကြားမင်းကို "သိကြားမင်း····တဏှာကုန်ရာ လွတ်မြောက်ခြင်းတို့ကို သင်သိသလော" ဟု မေးမြန်း၏၊ ပြဿနာအမေးခံရ

http://www.dhammadownload.com



သော သိကြားမင်းသည် အမှန်အတိုင်း ထိုရဟန်းအား ပြန်ကြား ဖြေဆို၏။

ဟယ်မာရ်နတ်....သင်ကား ဤသို့ ပြဿနာကို မေးနိုင်လောက်သည့် ဗုဒ္ဓ သခင် အဘိညာဉ် အသိဉာဏ်ရှင်ဖြစ်သော မြတ်စွာဘုရား၏ တပည့်သာဝကရဟန်းကို ထိပါး နှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။ (င)

အကြင်ရဟန်းသည်(ဗြဟ္မာ့ပြည်၌တည်ရှိသည့်) သုဓမ္မာဓမ္မာရုံ အနီး၌ ဗြဟ္မာကို "ငါ့ရှင်.... သင်၏ သန္တာန်၌ 'ဤဗြဟ္မာ့ပြည်သို့ လာရောက်နိုင်သည့် ကြီးမြတ်သော တန်ခိုးရှင်ဖြစ်သော ရဟန်း ပုဂ္ဂိုလ်အား တဦးတယောက်မျှ မရှိ'ဟူ၍ ရှေးကဖြစ်သော မိစ္ဆာအယူသည် ယခုလည်း ဖြစ်သေးသလော၊ ဗြဟ္မာ့ပြည်၌ (ရှိကြသည့် ဗြဟ္မာတို့၏ ကိုယ်ရောင် ဗိမာန်ရောင် အဆင်တန်းဆာရောင် စသည်တို့ကို)လွှမ်းမြောက်လျက် ပြိုးပြိုးပြက် တလက်လက်တောက် ပသော (မြတ်စွာဘုရားရှင်၏) ကိုယ်တော်ရောင်ကို မြင်၏လော" ဟု မေးမြန်း၏။

အမေးခံရသော ဗြဟ္မာသည် "အရှင်မြတ်.... ငါ၏သန္တာန်၌ ရှေးကဖြစ်သော မိစ္ဆာအယူသည် မဖြစ်တော့ပြီ၊ ဗြဟ္မာ့ပြည်၌ (ရှိကြသည့်ဗြဟ္မာတို့၏ ကိုယ်ရောင် ဗိမာန်ရောင် အဆင်တန်းဆာရောင်-စသည်တို့ကို) လွှမ်းမြောက်လျက် ပြိုးပြိုးပြက် တလက်လက် တောက်ပသော (မြတ်စွာဘုရားရှင်၏) ကိုယ်တော်ရောင်ကို မြင်ရပါ၏။ ထိုငါသည် ယခုအခါ 'ငါကား မြဲ၏၊ အခါခပ်သိမ်း ဖြစ်၏' ဟု အဘယ်မှာလျှင် ပြောဆိုတော့အံ့နည်း" ဟူ၍ ထိုရဟန်းအား အစဉ်အတိုင်း ဟုတ်မှန်သည့်အတိုင်း ဖြေကြားလျှောက်ထား၏။

ဟယ်မာရ်နတ်.... သင်ကား ဤသို့ ပြဿနာကို မေးနိုင်လောက်သည့် ဗုဒ္ဓသခင် အဘိညာဉ် အသိဉာဏ်ရှင်ဖြစ်သော မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းကို ထိပါး နှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။(စ)

http://www.dhammadownload.com



အကြွင်ရဟန်းသည် (နန္ဒောပနန္ဒ နဂါးမင်းကို နှိမ်နင်းဆုံးမသောအခါ) မြင်းမိုရ်တောင်ကြီး၏ အထွတ်ကိုငင်း, တောင်ကျွန်းအရှေ့ကျွန်း အနောက်ကျွန်း မြောက်ကျွန်းတည်းဟူသော ကျွန်းကြီးလေးကျွန်းကိုငင်း ဝိမောက္ခဗျာန်လျှင် အခြေခံ အကြောင်းရင်းရှိသော အဘိညာဉ်အသိဉာဏ်ဖြင့် တွေ့ထိခဲ့လေပြီ။ (နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမသောအခါ မြင်းမိုရ်တောင်ထွတ်နှင့်တကွ ကျွန်းကြီး လေးကျွန်းလုံးကို နိမ္မိတနဂါးမင်းရုပ်ကိုယ်ဖြင့် ဖုံးအုပ်တွေ့ထိခဲ့သည်ကို ဆိုတော်မူခြင်းဖြစ်သည်)။

ဟယ်မာရ်နတ်····သင်ကား ဤသို့စဉ် ကြီးမြတ်သော အဘိညာဉ် အသိဉာဏ်ရှင်ဖြစ်သော မြတ်စွာဘုရား၏ တပည့်သာဝကရဟန်းကို ထိပါးနှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။(ဆ)

(ဤဠ္ဌ။ ။ အရှင်မဟာမောဂ္ဂလာန်သည် ကိုယ်တော်မြတ်ကိုပင် အခြားရဟန်းတပါးကဲ့သို့ ပြုလုပ်ကာ တောကြားတော်မူခြင်းဖြစ်သည်။ ထိုနည်းမျိုးကို ကျမ်းဂန်တို့၌ "အညာပဒေသနည်း=မိမိကိုယ်ကို သူတပါးကဲ့သို့ ညွှန်ကြားပြောဆိုသောနည်း" ဟူ၍ ခေါ်၏။

ဤယခုဖော်ပြခဲ့ပြီးသည့် (က)မှ (ဆ)တိုင် အကြောင်းအရာ ခုနစ်ချက်တို့ကို အရှင်မဟာမောဂ္ဂလာန်သည် မိမိ၏ ဂုဏ်ရှိရှင်ဖြစ်ကြောင်းကို ကောင်းစွာဖော်ပြလျက် မာရ်နတ်အား ဆုံးမတော်မူခြင်း ဖြစ်သည်။ ထိုခုနစ်ချက်တို့တွင်—

(က) အချက်ကား– ယခု ရေးသားဖော်ပြနေဆဲဖြစ်သည့် မူလပဏ္ဏာသပါဠိတော် မာရတဇ္ဇနီယသုတ္တန်ကို ရည်ညွှန်း၍ မိန့်ကြားတော်မူခြင်းဖြစ်သည်။ (ခ) အချက်ကား– ဝိမာနဝတ္ထု, ပေတဝတ္ထုတို့၌ လာရှိသည့် ကိုယ်တော်မြတ်၏ ဒေဝစာရီ လှည့်လည်ဟောကြားနိုင်သည့် အဘိညာဉ်ဉာဏ်ကို ရည်ညွှန်း၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ (ဂ) အချက်ကား–မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ စာမျက်နှာ ၂၃၅-လာ မောဂ္ဂလ္လာနသုတ္တန်ကို ရည်ညွှန်း၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ (ဃ) နှင့် (င) အချက်တို့ကိုကား– မူလပဏ္ဏာသပါဠိတော် မျက်နှာ ၃၂၀၊ စူဠတဏှာသင်္ခယသုတ္တန်ကို ရည်ညွှန်း၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ (စ) အချက်ကိုကား – သဂါထာဝဂ္ဂသံယုတ်ပါဠိတော်

http://www.dhammadownload.com



စာမျက်နှာ ၁၄၆၊ အညတရပြဟ္မသုတ္တန်ကို ရည်ညွှန်း၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ (ဆ) အချက်ကိုကား–ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ်၊ စာမျက်နှာ ၂၇၊ ဒသကဏ္ဍိကထာ၌ လာရှိသည့် နန္ဒောပနန္ဒနဂါးမင်းအား ဆုံးမသည့်အခန်းကို ရည်ညွှန်း၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ။ဤကား အမှာစကားရပ်တည်း။)

မီးသည် စင်စစ် "လူမိုက်ကိုသာ ငါလောင်မည်"ဟု အားမထုတ်ချေ၊ လူမိုက်သည်သာ တောက်လောင်နေသော မီးကို ထိပါးပုတ်ခတ်ခြင်းကြောင့် မီးသည် လူမိုက်ကို လောင်လေသည်။ ဟယ်မာရ်နတ်.... ဤအတူပင်လျှင် သင်သည် မြတ်စွာဘုရားကို ထိပါးနှိပ်စက်ခြင်းကြောင့် မီးကို ထိတွေ့သော လူမိုက်ကဲ့သို့ မိမိကိုယ်ကို မိမိသည်ပင် လောင်ကျွမ်းစေလိမ့်မည်။ (ဇ)

မာရ်နတ်သည် မြတ်စွာဘုရားကို ထိပါး နှိပ်စက်ခြင်းကြောင့် အကုသိုလ်တရားကို ပွါးစေခဲ့လေပြီ။ ဟယ်မာရ်ယုတ်.... အသို့နည်း သင်သည် "ငါ့အား မကောင်းမှုသည် အကျိုးမပေး"ဟုများ မှတ်ထင်ဘိသလော။ (ဈ)

ဟယ်မာရ်ယုတ်.... မကောင်းမှုကို ပြုသောသူ၏ အဖို့မှာ မကောင်းမှု အကုသိုလ်သည် ကာလကြာမြင့်လေလေ ပွါးစီးလေလေဖြစ်၏။ ဟယ်မာရ်နတ်....မြတ်စွာဘုရားကို ထိပါးနှိပ်စက်ခြင်းမှ ငြီးငွေ့လော့။ (ရှေးအခါ ရဟန်းတို့အား ညှဉ်းဆဲလိုသော သင်၏ဦးရီး ဒုသီမာရ်နတ်၏ အလိုအာသာကဲ့သို့ ဤယခုအခါ သင်၏ ရဟန်းတို့အား ညှဉ်းဆဲလိုသော အလိုအာသာသည်လည်း ကာလရှည်မြင့်စွာ ငရဲဒုက္ခခံရခြင်း၏အကြောင်း ဖြစ်လေသည်၊ ထို့ကြောင့်) ရဟန်းတို့၌ ညှဉ်းပန်းလိုသော အလိုအာသာကို သင်မပြုလင့်။ (ည)

ဤသို့လျှင် အရှင်မဟာမောဂ္ဂလာန်မထေရ် သူမြတ်သည် ဘေသကဠာမည်သော အေးမြဲတောအုပ်အတွင်း၌ မာရ်နတ်ကို ထိတ်လန့်လောက်အောင် ဩဝါဒစကားမိန့်ကြားတော်မူလေ၏။

http://www.dhammadownload.com



ထိုအခါ မာရ်နတ်သည် နှလုံးမသာမယာ ဖြစ်ရှိကာ ထိုနေရာ၌ပင် ရှုတ်ခြည်း ကွယ်ပျောက်လေတော့သတည်း*။

**ပဉ္စဂ္ဂဒါယကာပုဏ္ဏားအကြောင်း**

မြတ်စွာဘုရားရှင်သည် သုသုမာရဂိရမြို့ ဘေသကဠာမည်သော ဘေးမဲ့တော၌ အဋ္ဌမဝါ ကပ်ဆိုတော်မူ၍ ဗောဓိရာဇကုမာရသုတ္တန်အစရှိသော ထိုထိုတရားဒေသနာတို့ဖြင့် ကျွတ်ထိုက်သူ ဝေနေယျသတ္တဝါတို့ကို ချွတ်တော်မူပြီးလျှင် ခရီးဒေသစာရီ ကြွချီတော်မူကာ တရားရေအေး အမြိုက်ဆေးကို လူနတ်တို့အား တိုက်ကျွေးတော်မူလေရာ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူခိုက်ဖြစ်သတည်း။

သာဝတ္ထိပြည်၌ ပဉ္စဂ္ဂဒါယကာ မည်သော ပုဏ္ဏားတဦးရှိလေသည်၊ ထိုပုဏ္ဏားကား လယ်ဦး, စပါးပုံဦး, ကျီဦး, အိုးဦး, စားဦး အားဖြင့် = ၅ အဦးငါးပါးတို့ကို လှူဒါန်းလေ့ ရှိသောကြောင့် ပဉ္စဂ္ဂဒါယကဟု အမည်တွင်လေသည်။ (ပဉ္စဂ္ဂ = အဦးငါးပါးတို့ကို+ဒါယက = ပေးလှူလေ့ရှိသူ)။ထိုအဦးငါးပါး လှူပုံမှာ—

(၁) မိမိစိုက်ပျိုးသော လယ်မြေမှ ရှေးဦးစွာ မှည့်ရင့်ကြသည့် သလေးနှံ မုယောနှံ နတ်ကောက်နှံတို့ကို ယူဆောင်စေ၍ ယာဂု နို့ဃနာ မုံ့ဆန်းစသည် စီရင်ပြီးလျှင်"အဦးအဖျားကို ပေးလှူသော ပညာရှိသည် ဦးဦးဖျားဖျား အကျိုးများကို ရနိုင်၏"ဟု အယူရှိကာ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အား ဖော်ပြရာပါ ယာဂု နို့ဃနာ မုံ့ဆန်း-စသော အလှူဒါနကို ပေးလှူလေသည်။ ဤကား ထိုပုဏ္ဏား၏ လယ်ဦးအလှူတည်း။

(၂) ကောက်စပါးများ မှည့်ကုန်ရင့်ကုန်၍ ရိတ်ပြီး နယ်ပြီးကုန်လတ်သော် ထိုနယ်ပြီးသော စပါးပုံထဲမှ အဦး အဖျားကို ယူဆောင်၍ ထိုအတူပင် မြတ်စွာဘုရားအမှူးပြုသော သံဃာ

---

* ဤစကားရပ်စုကို မူလပဏ္ဏာသပါဠိတော် မာရတဇ္ဇနီယသုတ် ပါဠိ အဋ္ဌကထာ ဋီကာတို့မှ ထုတ်ဆောင် ရေးသားအပ်ပါသည်။

http://www.dhammadownload.com



တော်အား အလှူဒါနကို ပေးလှူလေသည်။ ဤကား ထိုပုဏ္ဏား၏ စပါးပုံဦးအလှူတည်း။

(၃) ထို စပါးများကို ကျီအလုံးလုံး အပြည့် ထည့်ပြီး လျှင် ပဌမကျီကို ဖွင့်သော အခါ၌ ရှေးဦး ထုတ်ယူအပ်သော စပါး များကို သီးခြားယူထားပြီးလျှင် ထိုအတူ အလှူဒါနကို ပေးလှူ လေသည်။ ဤကား ထိုပုဏ္ဏား၏ ကျီဦးအလှူတည်း။

(၄) ထိုပုဏ္ဏားသည် မိမိအိမ်၌ ချက်တိုင်း ချက်တိုင်းသော ထမင်းအိုး ယာဂုအိုး စသည်တို့မှ အဦးအဖျား ခူးခပ်ယူ၍ ရဟန်းတို့အား လှူလေသည်။ ထိုသို့ မလှူရသေးလျှင် ကလေးများ အားသော်မှ ခူးခပ်၍ မကျွေးပေ။ ဤကား ထိုပုဏ္ဏား၏ အိုးဦး အလှူတည်း။

(၅) တဖန် မိမိ ထမင်း စားမည် ရှိသော အခါ ရှေးဦးစွာ ယူဆောင်အပ်သော ဘောဇဉ်ကို နံနက်အခါဖြစ်လျှင် သံဃာ တော်အား လှူပြီးမှ စားလေ့ရှိ၏၊ နေလွဲအခါဖြစ်လျှင် မိမိ အိမ် မှောက် ရောက်လာသော သူတောင်းစားတို့အား (ထိုသူတောင်း စားများမှ မရှိခဲ့လျှင် အယုတ်သဖြင့် ခွေးတို့အား) ပေးပြီးမှ စားလေ့ရှိ၏၊ (မပေးပဲ စားလေ့မရှိ)။ ဤကား ထိုပုဏ္ဏား၏ စားဦး အလှူတည်း။

ဤသို့လျှင် ထိုပုဏ္ဏားသည် အဦးငါးပါးကို လှူဒါန်းလေ့ရှိ သောကြောင့် ပဥ္စင်္ဂဒါယကာပုဏ္ဏားဟူ၍ ထင်ရှားလေသည်။

တနေ့သ၌ မြတ်စွာဘုရားသည် နံနက်မိုးသောက်အခါ အာသ- ယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်တည်းဟူသော ဗုဒ္ဓ- စက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ထိုပဥ္စင်္ဂ- ဒါယကာပုဏ္ဏား ဇနီးမောင်နှံတို့၏ သောတာပတ္တိမဂ်ကို ရရှိ ကြောင်း အားကောင်းသော ဥပနိဿယ ရှေးကောင်းမှုကို မြင် တော်မူ၍ ကိုယ်လက်သုတ်သင်မှုကို ပြုပြီးလျှင် စောစောစီးစီးပင် ဂန္ဓကုဋီကျောင်းတော်တွင်းသို့ ဝင်တော်မူလေ၏။

http://www.dhammadownload.com



(မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတိုက်၌ နံနက်ဆွမ်း ခံချိန်သို့ ရောက်သောအခါ ကျောင်းတိုက်တွင်ရှိ ရဟန်းအားလုံးပင် ဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်းတော်သို့ စုရုံးကြရလေ သည်။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းများနှင့်အတူတကွ ဆွမ်းခံဝင် တော်မူလိုလျှင် ဂန္ဓကုဋိကျောင်းတော်မှ (မည်သူတဦးတယောက်ကမျှ မပင့်ရပဲ) ထွက်ကြွတော်မူလာသည်။

မြတ်စွာဘုရားတပါးတည်းသာ ဆွမ်းခံကြွတော်မူလိုလျှင် ကျောင်း တော်မှ မြတ်စွာဘုရား ထွက်ကြွတော်မမူလာပဲ ဂန္ဓကုဋိကျောင်းတော် တံခါး ပိတ်မြဲပိတ်လျက်ရှိလေသည်။ ထိုအခါ ရဟန်းများသည် မြတ်စွာ ဘုရားကား အကြောင်းထူးရှိ၍ တပါးတည်းသာ ဆွမ်းခံကြွတော်မူလို သည်ဟု သိရှိကြကာ ရဟန်းများချည်း မြို့တွင်းရွာတွင်းသို့ ဆွမ်းခံ ဝင်ကြလေသည်။)

ထိုနေ့၌ ရဟန်းတော်များသည် ဆွမ်းခံချိန်ရောက်၍ ဂန္ဓကုဋိ ကျောင်းတော်အနီးသို့ စုရုံးရောက်ရှိကြသည်တွင် (မြတ်စွာဘုရား ရှင် ထွက်ကြွတော်မမူလာပဲ)ဂန္ဓကုဋိကျောင်းတော်တံခါး ပိတ်မြဲ ပိတ်လျက်ရှိသည်ကို မြင်ကြ၍ "ယနေ့ မြတ်စွာဘုရားသည် တပါး တည်းသာ မြို့တွင်းသို့ ဝင်ကြွတော်မူလိုသည်"ဟု သိရှိကြကာ ဆွမ်းခံဝင်ချိန်၌ ဂန္ဓကုဋိကျောင်းတော်ကို လက်ျာရစ်လှည့်၍ မြို့တွင်းသို့ ဆွမ်းခံဝင်ကြလေကုန်၏။

မြတ်စွာဘုရားသည် ပဉ္စဂ္ဂပုဏ္ဏား ထမင်းစားချိန်သို့ ရောက် သောအခါ ကျောင်းတော်မှ ထွက်ကြွတော်မူ၍ သာဝတ္ထိပြည်သို့ ဝင်တော်မူလေ၏။ လူတို့သည်လည်း မြတ်စွာဘုရားတပါးတည်း မြို့တွင်းသို့ ကြွဝင်လာသည်ကို မြင်ကြလျှင်ပင် "ယနေ့ ကေန်ပင် မြတ်စွာဘုရားသခင် ချီးမြှောက်တော်မူရမည့် သတ္တဝါတဦးတော့ ရှိလေပြီ၊ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် တပါးတည်းသာ မြို့တွင်းသို့ ကြွဝင်တော်မူလာခြင်းဖြစ်သည်"ဟု သိရှိကြပြီးလျှင် မြတ်စွာဘုရားကို ပင့်ဖို့ရန် တဦးတယောက်မျှ မလာရောက်ကြ ချေ။

http://www.dhammadownload.com



**မြတ်စွာဘုရားသည်လည်း** အစဉ်သဖြင့်ကြွချီတော်မူခဲ့ရာ ပဉ္စဂ္ဂဒါယကပုဏ္ဏား၏ အိမ်တံခါးဝသို့ ရောက်၍ ရပ်လျက်နေတော်မူလေ၏။ ထိုအချိန်၌ကား ပုဏ္ဏားကြီးသည် စားဖွယ် ဘောဇဉ်ကို ကိုင်ယူလျက် ထိုင်နေဆဲဖြစ်၏။ ပုဏ္ဏေးမကြီးကား ပုဏ္ဏားကြီးအား ယပ်ခပ်ပေးရန် ယပ်ကို ကိုင်လျက် ရပ်တည်နေဆဲ ဖြစ်၏။ ပုဏ္ဏေးမကြီးသည် မြတ်စွာဘုရားကို မြင်လေလျှင် "ဤပုဏ္ဏားကြီး မြတ်စွာဘုရားကို အကယ်၍ မြင်ချေသော် ထမင်းခွက်ကို ယူဆောင်၍ အလုံးစုံသော စားဖွယ် ဘောဇဉ်ကို လှူလိမ့်မည်၊ ထိုသို့လှူလိုက်သော် ငါတဖန် ပြန်၍ ချက်ရပေလိမ့်မည်" ဟု ကြံစည်စဉ်းစားကာ မကြည်ညိုခြင်း, ဝန်တိုခြင်း တရားနှစ်ပါးကို ဖြစ်ပွါးစေလျက် ပုဏ္ဏားကြီး မြတ်စွာဘုရားကို မမြင်နိုင်အောင် ထန်းရွက်ယပ်ဝန်းဖြင့် ကွယ်၍ထားလေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ကိုယ်တော်ရောင်ကို လွှတ်တော်မူလေ၏၊ ပဉ္စဂ္ဂပုဏ္ဏားကြီးသည် မြတ်စွာဘုရားသခင် လွှတ်လိုက်သည့် ပီတာရောင်ခြည်တော်ကို မြင်၍ "ဤအရာကား အဘယ်နည်း"ဟု မော့၍ကြည့်လေလျှင် မိမိ၏ အိမ်တံခါးဝ၌ မြတ်စွာဘုရားရှင် ရပ်တည်တော်မူနေသည်ကို မြင်လေ၏။

ပုဏ္ဏေးမကြီးသည်လည်း "ဤပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို မြင်အပ်လေပြီ"ဟု ကြံစည်ကာ ထိုခဏမှာပင် ထန်းရွက်ယပ်ဝန်းကို ပစ်ချထားခဲ့၍ (ပုဏ္ဏားကြီး၏ အလျှင်လက်ဦးပင်) မြတ်စွာဘုရားထံသို့ သွားရောက်လျက် ထိခြင်းငါးပါးဖြင့် ရှိခိုးလေ၏။ ရှိခိုးပြီးလျှင် နေရာမှ ထဆဲဖြစ်သော ထိုပုဏ္ဏေးမကြီးအား လျှောက်ပတ်သည်ကို သိတော်မူ၍ မြတ်စွာဘုရားသည်—

**သဗ္ဗသော** နာမရူပသ္မိံ၊
**ယဿ** နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊
သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

ယဿ = အမှတ်မထင် အကြင်သူ၏သန္တာန်၌။ သဗ္ဗသော = ခပ်သိမ်းဉဿုံ အလုံးစုံသော။ နာမရူပသ္မိံ =

http://www.dhammadownload.com



**နခမ်ရုပ်တရား နှစ်ပါး၌**။ မမာယိတံ = ငါ, ငါ့ဥစ္စာ ဟူ၍ **တဏှာဒိဋ္ဌိ အစွဲအငြိသည်**။ နတ္ထိ = တစိုးတစိ မရှိချေ။ အသတာ စ = နာမ်ရုပ် နှစ်ပါး ချုပ်ပျောက်သွား၍ ထင်ရှားမရှိခြင်းကြောင့်လည်း။ န သောစတိ = စိုးရိမ် ပူဆွေးခြင်း အလျှင်းမရှိချေ။ သ—သော = ထိုသူကို။ ဝေ = စင်စစ်။ ဘိက္ခုတိ = ကိလေသာမဲ မှောင်ထုခဲကို ဖြိုခွဲနိုင်မှု အကြောင်းပြုလျက် ဘိက္ခု ခေါ်တွင် သူတော်စင် ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။—

ဟူသော ဤတရားဂါထာကို ဟောကြားတော်မူလေ၏။ ပုဏ္ဏားမ ကြီးသည် တရားဂါထာအဆုံး ဝယ် သောတာပတ္တိ ဖိုလ်၌ တည်လေ၏။

ပုဏ္ဏားကြီးသည်လည်း မြတ်စွာဘုရားရှင်ကို အိမ်တွင်းသို့ ပင့်သွင်းကာ မြတ်သောနေရာ၌ ထိုင်နေတော်မူစေပြီးလျှင် အလှူ ရေစက်ကို လှူဒါန်းချသွန်း၍ မိမိအတွက် ပြင်ဆင်ထားအပ်သော ဘောဇဥ်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အရှင်ဘုရား တို့သည် နတ်နှင့်တကွသော လောကဌ် အမြတ်ဆုံးသော အလှူခံ ပုဂ္ဂိုလ် ဖြစ်တော်မူကြပါကုန်၏၊ တောင်းပန်ပါသည်ဘုရား···· တပည့်တော်၏ ဤယခုဆွမ်းကို ကိုယ်တော်မြတ်၏ သပိတ်၌ တည်စေတော်မူပါကုန်ဘုရား" ဟု လျှောက်ထားကာ မြတ်စွာ ဘုရားအား ဆက်ကပ်လှူဒါန်းလေ၏။ မြတ်စွာဘုရားသည် ပုဏ္ဏား ကြီးအား ချီးမြှောက်တော်မူရန် ထိုဆွမ်းကို ခံယူ၍ ဘုဉ်းပေး သုံးဆောင်တော်မူလေ၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ပုဏ္ဏားကြီး အား လျှောက်ပတ်သည်ကို သိတော်မူ၍—

ယဒဂ္ဂတော မဇ္ဈတော သေသတော ဝါ၊
ပိဏ္ဍံ လဘေထ ပရဒတ္တူပဇီဝိ။
နာလံ ထုတုံ နောပိ နိပစ္စဝါဒီ၊
တံ ဝါပိ ဓီရာ မုနိ ဝေဒယန္တိ။

http://www.dhammadownload.com



ပရဒတ္တူပဇီဝိ = သူတပါး လှူ ကပ် ပစ္စည်း ရပ် ဖြင့် အသက်ရှည်ထွေ တည်နေရသော ရဟန်းသည်။ အဂ္ဂတော = အဦးအဖျားမှ။ ယံ ပိဏ္ဍံ ဝါ = အကြွင်းဆွမ်းကိုငြင်း။ မဇ္ဈတော = အလယ်မှ။ ယံ ပိဏ္ဍံ ဝါ = အကြွင်းဆွမ်းကိုငြင်း။ သေသတော = အိုးအတွင်းဝယ် အနည်းငယ်ကျန်လျှင်း ကြွင်းသောဆွမ်းအစုမှ။ ယံ ပိဏ္ဍံ ဝါ = အကြွင်းဆွမ်းကိုငြင်း။ လဘေထ = ကြည်ဖြူသဒ္ဓါ သူလှူသဖြင့် ရရာ၏။ (ယော = ရဟန္တာသခင် အကြွင်ပုဂ္ဂိုလ်မြတ်သည်။ ထည့်)။ တံ = ထိုဒါယကာတို့ သဒ္ဓါပြင္ဗာန်းလှူဒါန်း၍ ရအပ်သောဆွမ်းကို။ ထုတုံ = ဆွမ်းဦးကိုမှ ငါလျှင်ရ-ဟု အားရရွှင်လန်း ချီးမွမ်းခြင်းငှါ။ နာလံ = အနုနယ လောဘတရား ပယ်စွန့်ရှားသဖြင့် လားလားမျှ မထိုက်တော့ချေ။ (ဆွမ်းဦးကိုရ၍လည်း မချီးမွမ်း-ဟု ဆိုလိုသည်)။ နောပိ နိပစ္စဝါဒီ = ဆွမ်းကျန်ဆွမ်းကြွင်း ရတုံလျှင်းလည်း ဝမ်းတွင်းမသာ ဒါယကာကို "ငါစင်ရဟန်း၌ဆွမ်းကြမ်းကို လှူဒါန်းဘိသော် မသင့်လျော်"ဟု ပျက်ချော်မာန မျက်ကောဓဖြင့် ရှုတ်ချစကား ပြောကြားခြင်းလည်း မရှိချေ။ တံပိ = ထိုချစ်မှုမုန်းမှု နှစ်ခုတရား ပယ်ရှားပြီးဖြစ်သော ပုဂ္ဂိုလ်ကို။ ဓီရာဝ = ဘုရားအစ များလှတုံဘိ ပညာရှိတို့သည်သာလျှင်။ မုနိံ = အာသဝေါကုန်ခန်း ခီဏာသဝ ရဟန်းဟူ၍။ ဝေဒယန္တိ = ပိုင်းခြားထင်ထင် သိမြင်တော်မူကြကုန်၏။—

ဟူသော ဤတရားဂါထာကို ဟောကြားတော်မူလေ၏။ တရားဂါထာအဆုံး၌ ပဉ္စဂ္ဂဒါယကာပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**(ဤကား ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားအကြောင်းတည်း။ ဤပဉ္စဂ္ဂဒါယကာ ပုဏ္ဏား အကြောင်းကို သုတ္တနိပါတ်အဋ္ဌကထာ မုနိသုတ်အဖွင့် (ပဌမအုပ်၊ စာမျက်နှာ၊ ၂၅၆)မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။ ဓမ္မပဒအဋ္ဌကထာနှင့် ဖွင့်ဆိုပုံချင်း မတူချေ။)**

http://www.dhammadownload.com



## မြတ်စွာဘုရားရှင် သီဟိုဠ်ကျွန်းသို့ သုံးကြိမ်တိုင်တိုင် ကြွတော်မူခြင်းအကြောင်း

၌မြတ်စွာဘုရားရှင် သီဟိုဠ်ကျွန်းသို့ သုံးကြိမ်တိုင်တိုင် ကြွတော်မူခြင်း အကြောင်းအရာကို မဟာဝံသကျမ်း ပဌမ ပိုင်းမှ ထုတ်နုတ်၍ အကျဉ်းချုပ် ရေးသား ဖော်ပြပါ မည်—

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဌ် ပဌမဝါကျွတ်တော်မူခဲ့၍ ထိုမှသည် ဥရုဝေလတောအုပ်သို့ ကြွရောက်တော်မူကာ ဥရုဝေလကဿပ ရသေ့အား တန်ခိုးပြာဋိဟာ ပြတော်မူရာအခါ၌ ဥရုဝေလ-ကဿပရသေ့ဆရာကြီးအတွက် အင်္ဂတိုင်း, မဂဓတိုင်း နှစ်တိုင်း တို့မှ လူအပေါင်းတို့ အလှူပွဲကြီးသဘင် နောက်တနေ့၌ ယင်လု လတ်သော် ဥရုဝေလကဿပရသေ့ဆရာကြီး၏ စိတ်သန္တာန်၌ မိမိ၏ အလှူပွဲကြီးသို့ မြတ်စွာဘုရားရှင် မကြွလာစေချင်သော အလိုဆန္ဒကို သိမြင်တော်မူကာ ထိုအလှူပွဲကြီးသဘင် ဆင်ယင် ကျင်းပသောနေ့၌ မြတ်စွာဘုရားရှင်သည် ဥတ္တရကုရုကျွန်းသို့ ကြွရောက်၍ ဆွမ်းခံတော်မူခဲ့ပြီးလျှင် အနောတတ်အိုင်၌ ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် ထိုနေ့ညဉ့်အချိန်သို့ ရောက်လတ်သော် (ဘုရားဖြစ်ပြီးနောက် ကိုးလမြောက်၌)သီဟိုဠ်ကျွန်းသို့ ကြွရောက် တော်မူလေသည်။

ထိုအချိန်၌ သီဟိုဠ်ကျွန်း၏ အလယ် မြစ်ကမ်း၏ အနီး သုံး ယူဇနာအလျားကျယ်လျက် တယူဇနာ အနံပြန့်သော အရပ်ဝယ် ယခုအခါ မဟာနာဂဝန်ဥယျာဉ်နေရာ၌ သီဟိုဠ်ကျွန်းရှိ ဘီလူး တို့၏ အစည်းအဝေးကြီး ကျင်းပဆဲဖြစ်သည်။ မြတ်စွာဘုရားရှင် သည် ထိုဘီလူးများ စည်းဝေးရာသို့ ကြွသွားတော်မူ၍ စည်းဝေး ရာအရပ်၏အလယ် ယခုအခါ မဟိယင်္ဂဏစေတီတော်တည်ရာ ဌာန၏ အထက်ကောင်းကင်၌ ရပ်တည်တော်မူလျက် မိုးရွာခြင်း, လေပြင်း တိုက်ခြင်း, မှောင်အတိကျခြင်းတို့ဖြင့် ထိုဘီလူးတို့ကို ထိတ်လန့်ကြောက်ရွံ့စေတော်မူလေသည်။

http://www.dhammadownload.com



ထိုအခါ ဘီလူးတို့သည် အလွန်ကြောက်လန့်ကုန်သည် ဖြစ်၍ မြတ်စွာဘုရားရှင်ကို ဘေးမဲ့ပေးရန် လျှောက်ထား တောင်းပန်ကြလေသော် မြတ်စွာဘုရားရှင်သည် "ဘီလူးတို့.... သင်တို့၏ ကြောက်လန့်ခြင်းကိုရင်း, ဆင်းရဲဒုက္ခကိုရင်း ငါဘုရားသည် ပယ်ရှားပေးပေအံ့၊ သင်တို့သည် ငါ့အား ဤကျွန်း၌ နေထိုင်ရာ အရပ်ကို ပေးကြလော့" ဟု မိန့်တော်မူလေသည်။ ဘီလူးတို့သည် မြတ်စွာဘုရားကို "ဆင်းရဲခပ်သိမ်း ငြိမ်းတော်မူသော အရှင်မြတ်ဘုရား... အရှင်ဘုရားအား ဤနေရာကို အကျွန်ုပ်တို့ ပေးပါကုန်၏၊ အရှင်ဘုရားသည် ဤသီဟိုဠ်ကျွန်းတကျွန်းလုံးရှိ အကျွန်ုပ် ဘီလူးအပေါင်းတို့အား ဘေးမဲ့ကိုသာ ပေးတော်မူပါ" ဟူ၍ လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် မိုးရွာခြင်း, လေပြင်းတိုက်ခြင်း, မှောင်အတိကျခြင်းတည်းဟူသော တန်ခိုးအစီအရင်ကို ရုပ်သိမ်းတော်မူသဖြင့် ထိုဘီလူးတို့၏ ကြောက်လန့်ခြင်း ငြိမ်းအေးသောအခါ ကောင်းကင်မှ သက်ဆင်းတော်မူ၍ ဘီလူးတို့ပေးသော နေရာသို့ ကြွတော်မူပြီးလျှင် စမ္မခဏ် (= သားရေပိုင်း) ကိုခင်း၍ မြတ်စွာဘုရားရှင်သည် ထိုင်နေတော်မူလေ၏။ ထို့နောက်မှ မြတ်စွာဘုရားသည် အလျှံတပြောင်ပြောင် တောက်လောင်နေသော ထိုသားရေပိုင်းကို ထက်ဝန်းကျင်မှ ဖြန့်ခင်းတော်မူလေသော် ဘီလူးတို့သည် ပူလောင်ခြင်းဖြင့် ပြင်းစွာနှိပ်စက်အပ်ကုန်ရကား ကြောက်လန့်ကြပြီးလျှင် ကျွန်း၏အစွန်းအနား ထက်ဝန်းကျင်၌ မှိဟွယ်ရပ်တည်၍ နေကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဂိရိဒီပကျွန်းကို ဤသီဟိုဠ်အရပ်သို့ တန်ခိုးတော်ဖြင့် ဆောင်ယူတော်မူပြီးသော် ဘီလူးများ ထိုကျွန်းသို့ အလုံးစုံဝင်မိကြလျှင် ထို ဂိရိဒီပကျွန်းကို မူလနေရာ၌ တန်ခိုးတော်ဖြင့် ပြန်၍ထားတော်မူလေ၏။

ဤနည်းဖြင့် သီဟိုဠ်ကျွန်းနေရာမှ ဘီလူးတို့ ရှင်း၍သွားသော အခါ မြတ်စွာဘုရားသည် အလျှံတပြောင်ပြောင် တောက်လောင်နေသည့် ထိုစမ္မခဏ်(= သားရေပိုင်းအခင်း)ကို ရုပ်သိမ်းတော်မူလေ၏။ ထိုအခါ များစွာသော သမ္မာဒေဝနတ်တို့သည် သီဟိုဠ်

http://www.dhammadownload.com



ကျွန်းသို့ လာရောက်စည်းဝေးကြလေကုန်၏၊ ထိုအစည်းအဝေး၌ မြတ်စွာဘုရားသည် နတ်တို့အား တရားဓမ္မကို ဟောကြားတော်မူလေသော် ကုဋေများစွာ သတ္တဝါတို့ ဓမ္မာဘိသမယ တရားထူးကို ရကြလေသည်။ မရေမတွက်နိုင်သော နတ်တို့သည် သရဏဂုံသီလ၌ တည်ကြလေကုန်၏။

**မဟာသုမနနတ်မင်းတောင်းပန်၍ ဆံတော်ဓာတ်ကို ပေးအပ်တော်မူခြင်း**

သုမနကူဋတောင်၌ နေသော မဟာသုမနနတ်မင်းသည် ထိုတရားပွဲ၌ သောတာပန်တည်ပြီးနောက် မြတ်စွာဘုရားကို ပူဇော်ဖွယ်ဝတ္ထု တခုခုပေးသနားရန် တောင်းပန်လေသည်၊ မြတ်စွာဘုရားရှင်သည် ဦးခေါင်းတော်ကို သုံးသပ်၍ လက်တွင်းခန့်ပမာဏရှိသော ဆံတော်ဓာတ်တို့ကို မဟာသုမနနတ်မင်းအား ပေးအပ်တော်မူပြီးလျှင် ဥရုဝေလ တောအုပ်သို့ ပြန်ကြွတော်မူလေ၏။

မဟာသုမနနတ်မင်းသည် ထိုဆံတော်ဓာတ်တို့ကို ရွှေပန်းတောင်းဖြင့် ယူဆောင်ခဲ့၍ (ယခုအခါ မဟိယင်္ဂဏစေတီတော်တည်ရာအရပ်ဝယ်) ရတနာအမျိုးမျိုးတို့ဖြင့် စီခင်းအပ်သော နေရာ၌ ဆံတော်ဓာတ်တို့ကို တည်ထားပြီးလျှင် ဣန္ဒနီလာကျောက်စေတီဖြင့် ပိတ်ဖုံး၍ ကိုးကွယ်ပူဇော်လေသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသော အခါ၊ စန္ဒကူးထင်းပုံထက်မှ လည်ပင်းတော်အရိုးဓာတ်ကို အရှင်သာရိပုတ္တရာမထေရ်၏တပည့် အရှင်သရဘုမထေရ်သည် တန်ခိုးဖြင့် ပင့်ဆောင်ခဲ့၍ ထို ကျောက်စေတီနေရာ၌ ထည့်သွင်းတည်ထားပြီးလျှင် ရဟန်း အပေါင်း ခြံရံကာ ကျောက်နီတို့ဖြင့် ဖုံးအုပ်စေကာ စေတီတော်ကို တဆယ့်နှစ်တောင်အမြင့်ရှိအောင် ပြုပြင်၍ ပြန်သွားလေသည်။

ထို့နောက် ဒေဝါနံပိယတိဿမင်း၏ညီတော် ဥဒ္ဓစူဠာဘယမင်းသားသည် ထိုစေတီဟောင်းကို ငုံ၍ အတောင်

http://www.dhammadownload.com



သုံးဆယ် ဉာဏ်တော်အမြင့်ရှိအောင် ပြုပြင်ပြန်လေသည်။ တဖန် ဒုဋ္ဌဂါမဏိမင်းသည် ထိုစေတီဟောင်းကို ငုံ၍ အတောင်ရှစ်ဆယ် ဉာဏ်တော် အမြင့်ရှိအောင် ပြုပြင်ပြန်လေသည်။ ဤသို့လျှင် မဟိယင်္ဂဏစေတီတော်ကို အဆက်ဆက် ဉာဏ်တော်အဆင့်ဆင့် မြင့်အောင် တည်ထားအပ်လေသည်။

(ဤကား မြတ်စွာဘုရားရှင် သီဟိုဠ်ကျွန်းသို့ ပဌမအကြိမ် ကြွရောက်တော်မူခြင်းတည်း)

## နာဂဒီပကျွန်းသို့ ကြွရောက်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ငါးဝါမြောက်၌ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူဆဲအခါ သီဟိုဠ်ကျွန်း နာဂဒီပကျွန်းငယ်၌ ဦးရီးတော် မဟောဒရနဂါးမင်းနှင့် တူတော်စူဠောဒရနဂါးမင်းတို့ ပတ္တမြားပလ္လင်ကို အကြောင်းပြု၍ နှစ်ဖက်မှပင် နဂါးစစ်တပ်ကြီးချီ၍ စစ်ပွဲကြီး ကြီးစွာဆင်နွှဲလျက်ရှိကြသည်ကို မြင်တော်မူ၍ မြတ်စွာဘုရားသည် တန်ခူးလကွယ်နေ့ နံနက်စောစောအခါ သပိတ်သက်န်းကို ယူဆောင်တော်မူကာ နဂါးတို့အား သနားစောင့်ရှောက်ရန် နာဂဒီပကျွန်းသို့ ကြွရောက်တော်မူလေ၏။

မဟောဒရနဂါးမင်းဟူသည်မှာ ထိုစဉ်အခါ၌ မဟာသမုဒ္ဒရာအတွင်း ယူဇနာငါးရာ အကျယ်အဝန်းရှိသော နဂါးပြည်၌ အစိုးရသည့် တန်ခိုးကြီးမားသော နဂါးမင်း ဖြစ်လေသည်။

ထို မဟောဒရနဂါးမင်း၏ နှမဖြစ်သော ကဏှာမည်သော နဂါးမကို ဝဍ္ဎမာနတောင်၌ အစိုးရသော နဂါးမင်းအား ပေးအပ်လေသည်၊ ထိုဝဍ္ဎမာနတောင်၌ အစိုးရနေထိုင်သော နဂါးမင်းနှင့် ကဏှာနဂါးမိဖုရားတို့မှ စူဠောဒရအမည်ရှိသော သားကို ဖွားမြင်လေသည်။ သို့ဖြစ်၍ စူဠောဒရနဂါးမင်းနှင့် မဟောဒရနဂါးမင်းတို့သည် တူဝရီးတော်စပ်ကြလေသည်။

http://www.dhammadownload.com



စုဠောဒရနဂါးမင်း၏အဖွား (အမေ့မိခင်) သည် စုဠောဒရနဂါးမင်း၏ မယ်တော် ကဏှာနဂါးမိဖုရားအား ပတ္တမြားပလ္လင်ကို ပေး၍ စုတေ ကွယ်လွန်ခဲ့လေရာ ထိုပတ္တမြားပလ္လင်ကို အကြောင်းပြု၍ သူရထိုက် ငါရထိုက် အငြင်း ပွါးကြရာမှအစ ဦးရီးတော် မဟောဒရနဂါးမင်းနှင့် တူတော် စုဠောဒရနဂါးမင်းတို့ စစ်ပွဲကြီးဖြစ်လာလေသည်။ တောင်၌ နေကြသည့် စုဠောဒရနဂါးမင်းနှင့်တကွ စစ်သည်ဗိုလ်ပါတို့သည်လည်း တန်ခိုးကြီးသော နဂါးများပင် ဖြစ်လေသည်။

ထိုအခါ ဇေတဝန်ကျောင်းတိုက် တံခါးမုခ်အနီး လင်းလွန်းပင်၌ နေသော သမိဒ္ဓိသုမန–မည်သော ရုက္ခစိုးနတ်မင်းသည် မိမိ၏ ဘုံဗိမာန် ဖြစ်သည့် လင်းလွန်းပင်ကို ယူဆောင်ခဲ့ကာ မြတ်စွာဘုရားရှင်၏ ခွင့်ပြုတော်မူချက်အရ ထီးဝန်းသဖွယ် မြတ်စွာဘုရား၏ ဦးခေါင်းတော်ထက်၌ လင်းလွန်းပင်ကို မိုးအုပ်လျက် ရှေးက မိမိနေခဲ့ဘူးသည့် ထိုနာဂဒီပကျွန်းသို့ ကပ်ရောက် လာလေသည်။

ထင်ရှားစေဦးအံ့····ထိုသမိဒ္ဓိသုမန နတ်မင်းသည် အခြားမဲ့လွန်ခဲ့သော ဘဝက နာဂဒီပကျွန်း၌ လူဖြစ်ခဲ့၍ ယခုအခါ ရာဇာ-ယတနစေတီတော်(=လင်းလွန်းပင်စေတီတော်) တည်ရာအရပ်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ဆွမ်းဘုဉ်းပေးနေတော်မူကြသည်ကို ဖူးတွေ့ရ၍ သဒ္ဓါကြည်ညိုခြင်း ပြင်းစွာ ဖြစ်ပွါးလျက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား သပိတ်ကို သုတ်သင်ပွတ်တိုက်ရန် သစ်ခက်များကို လှူဒါန်းခဲ့လေသည်။

ထိုကောင်းမှုကြောင့် ထိုလူသည် စုတေသောအခါ သာဝတ္ထိပြည် ဇေတမင်းသား၏ ဉယျာဉ်တော် တံခါးမုခ်အနီး လင်းလွန်းပင်၌ သမိဒ္ဓိသုမန မည်သော ရုက္ခစိုးနတ်မင်း ဖြစ်လာလေသည်။ ထိုလင်းလွန်းပင်သည် နောက်အခါ ဇေတဝန်ကျောင်းတိုက်ကြီး တည်ဆောက်သောအခါဝယ် ကျောင်းတိုက်၏အပြင်ပသို့ ရောက်ရှိနေလေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်သည် သမိဒ္ဓိသုမနနတ်မင်း၏ အရှည်သဖြင့် ကြီးပွါးရေးနှင့် နာဂဒီပကျွန်း၏ အစီးအပွါး ဖြစ်ရှိရေးတို့ကို ရှုဆင်ခြင်တော်မူကာ ထိုသမိဒ္ဓိသုမနနတ်မင်းကို လင်းလွန်းပင်နှင့်တကွ နာဂဒီပကျွန်းသို့ ခေါ်ဆောင်တော်မူခဲ့လေသည်။

မြတ်စွာဘုရားရှင်သည် နဂါးမင်းနှစ်ဦးတို့၏ စစ်ပွဲအလယ် ကောင်းကင်၌ ထိုင်နေတော်မူလျက် ထိုနဂါးတို့အား ကြောက်ရွံ့ကြစေရန် အမိုက်မှောင်ကြီးကို ဖန်ဆင်းတော်မူလေ၏။ နဂါးတို့ အလွန်အမင်း ကြောက်ရွံ့လတ်သည်ရှိသော် မြတ်စွာဘုရားရှင်သည် ထိုနဂါးတို့ကို သက်သာစေလျက် အလင်းရောင်ကို တဖန် ပြတော်မူပြန်လေသည်။ နဂါးတို့သည် မြတ်စွာဘုရားရှင်ကို မြင်ကြ၍ လွန်စွာအားရမ်း ဝမ်းမြောက်ကြကာ မြတ်စွာဘုရား၏ ခြေတော်အစုံတို့ကို ရှိသေမြတ်နိုး ရှိခိုးကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုနဂါးတို့အား ညီညွတ်ရေးတရားကို ဟောကြားတော်မူလေလျှင် နဂါးမင်း နှစ်ဦးလုံးပင် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြလျက် ထိုပတ္တမြားပလ္လင်ကို မြတ်စွာဘုရားအား လှူဒါန်းကြလေကုန်၏။ မြတ်စွာဘုရားရှင်သည် မြေအပြင်သို့ သက်ဆင်းကြွရောက်တော်မူလျက် ပတ္တမြားပလ္လင်၌ ထိုင်နေတော်မူလျက် ထိုနဂါးမင်းနှစ်ဦးတို့ လှူကပ်အပ်သော နတ်၌ ဖြစ်သည့် ဆွမ်းအဖျော်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ကုန်းနေ ရေနေ ကုဋေရှစ်ဆယ်သော ထိုနဂါးတို့ကို တရားဓမ္မ ဟောပြတော်မူကာ သရဏဂုံသီလတို့၌ တည်စေတော်မူလေ၏။

### မဏိအက္ခိကနဂါးမင်း တောင်းပန်ခြင်း

မဟောဒရနဂါးမင်း၏ ဦးရီးတော် (အမေ့မောင်) ဖြစ်သော ကလျာဏီအရပ်၌ စိုးအုပ်နေထိုင်သော မဏိအက္ခိကနဂါးမင်းသည်လည်း စစ်ထိုးရန် ထိုနာဂဒီပကျွန်းအရပ်သို့ ရောက်ရှိလာလေသည်။ ထိုနဂါးမင်းကား မြတ်စွာဘုရားရှင် ပဌမအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွတော်မူစဉ်ကပင် တရားနာရ၍ သရဏဂုံသီလတို့၌ တည်သူဖြစ်လေသည်။ မဏိအက္ခိကနဂါးမင်းသည် ထိုနာဂ-

မဟာဝံ့ဝင် ၁-၅၄·

http://www.dhammadownload.com



ဒီပကျွန်း၌ မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား····အရှင်ဘုရား သည် အကျွန်ုပ်တို့အား အလွန်ကြီးမားလှသည့် ဤသနား စောင့်ရှောက်မှုကို ပြုအပ်ခဲ့ပါပြီ၊ အရှင်ဘုရား မကြွလာသည် ရှိသော် တပည့်တော်တို့အားလုံး ပြာအတိ ဖြစ်ကြရပါမည်။ မြတ်စွာဘုရား···· တပည့်တော်၏အပေါ်၌ အရှင်ဘုရား၏ ငဲ့ညှာ ထောက်ထား အသီးအခြား သနားစောင့်ရှောက်မှုလည်း ဖြစ်စေ ချင်ပါသည်၊ နောက်တကြိမ် ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်တော် မူသောအခါ အကျွန်ုပ်၏နေထိုင်ရာ ကလျာဏီအရပ်သို့လည်း ကြွရောက် ချီးမြှောက်တော်မူစေချင်ပါသည်ဘုရား" ဟူ၍ လျှောက်ထား တောင်းပန်လေသည်။

မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူသဖြင့် သီဟိုဠ် ကျွန်းသို့ နောက်တကြိမ် ကြွရောက်တော်မူရန် လက်ခံ သာဓုခေါ် တော်မူပြီးလျှင် ထိုနေရာ၌ပင် ရာဇာယတန စေတီတော် (= လင်းလွန်းပင်စေတီတော်) ကို တည်ထားစေတော်မူ၍ လင်းလွန်းပင်ကိုရင်း, ပတ္တမြားပလ္လင်ကိုရင်း နဂါးမင်းတို့အား ရှိသေမြတ်နိုး ရှိခိုးကြရန် အပ်နှင်းတော်မူပြီးနောက်—

> နဂါးမင်းတို့····သင်တို့သည် ငါဘုရား၏ ပရိဘောဂ စေတီတော်ဖြစ်သည့် လင်းလွန်းပင်နှင့် ပတ္တမြားပလ္လင်ကို ရှိသေမြတ်နိုး ရှိခိုးကြလော့၊ ထိုသို့ ရှိခိုးခြင်းသည် သင်တို့ အဖို့ရာ အထူးထူး အပြားပြား စီးပွါးချမ်းသာရန် ဖြစ်လိမ့်မည်—

ဤသို့ အစရှိသည်ဖြင့် နဂါးတို့အား အဆုံးအမ ဩဝါဒစကား မိန့်ကြားတော်မူပြီးလျှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် သို့ပင် ပြန်ကြွတော်မူလေ၏။

(ဤကား မြတ်စွာဘုရားရှင် သီဟိုဠ်ကျွန်းသို့ ဒုတိယအကြိမ် ကြွရောက်တော်မူခြင်းတည်း)။

http://www.dhammadownload.com



### တတိယအကြိမ် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ ထိုထိုအရပ်တို့၌ သမာပတ် ဝင်စားတော်မူခြင်း အကြောင်း

ထိုနောက် သုံးနှစ်မြောက် ရောက်သောအခါ မဏိအက္ခိက နဂါးမင်းသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူသော မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ရဟန်းသံဃာ တို့နှင့်တကွ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူပါရန် တဖန် ပင့်လျှောက်ပြန်လေသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ရှစ်နှစ်မြောက်၌ ဇေတဝန်ကျောင်းတိုက်ဝယ် သီတင်းသုံး နေထိုင်တော်မူစဉ် မဏိအက္ခိကနဂါးမင်း ပင့်လျှောက်သည့်နေ့မှ နောက်တနေ့ (ကဆုန်လပြည့်နေ့) ဝယ် ဆွမ်းဘုဉ်းပေးရန် အချိန်တန်ကြောင်း လျှောက်ထားအပ်သည်ရှိသော် ရဟန်းငါးရာ ခြံရံတော်မူလျက် ဇေတဝန်ကျောင်း၌ပင် သက်နိုးရုံတော်မူကာ သီဟိုဠ်ကျွန်း ကလျာဏီအရပ် မဏိအက္ခိကနဂါးမင်း၏ ဘုံဗိမာန်သို့ ကြွရောက် တော်မူလေသည်။

မဏိအက္ခိကနဂါးမင်းသည် အခြံအရံ နဂါးတို့နှင့်တကွ, အခြံ အရံ သံဃာတော် ငါးရာတို့နှင့် တကွဖြစ်သော မြတ်စွာဘုရား တရားမင်းကို (ယခုအခါ) ကလျာဏီစေတီတော်တည်ရာ အရပ် ဝယ် ဆောက်လုပ်အပ်သော ရတနာမဏ္ဍပ်အတွင်း ခင်းထား အပ်သော ရတနာပလ္လင်၌ နတ်ဖြစ် ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုစု လုပ်ကျွေးလေသည်။

မြတ်စွာဘုရားရှင်သည် ထိုကလျာဏီစေတီတော်တည်ရာ နေ ရာမဏ္ဍပ်၌ မဏိအက္ခိကနဂါးမင်း အမှူးပြုသော နတ်နဂါးပရိ- သတ်အပေါင်းအား တရားဟောတော်မူပြီးလျှင် ထိုအရပ်မှ ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့၍ သုမနတောင်ထိပ်၌ ခြေ တော်ရာ (=ပဒစေတီ) တဆူ ချထားတော်မူလေသည်။ ထို သုမနတောင်ခြေရင်း၌ မြတ်စွာဘုရားသည် တပည့်ရဟန်း ငါးရာ

http://www.dhammadownload.com



တို့နှင့်တကွ နေ့သန့် နေထိုင်တော်မူပြီးနောက် ဒီဃဝါပီအရပ်သို့ တဖန် ကြွတော်မူပြန်လေသည်။

မြတ်စွာဘုရား ရှင်သည် ထို ဒီဃဝါပီ စေတီတော် တည်ရာ အရပ်၌ တပည့် ရဟန်းငါးရာတို့နှင့်တကွ ထိုင်နေတော်မူပြီးလျှင် (နောက်အခါ ထိုဌာနကို ရှင်လူတို့ အလေးအမြတ် ပြုကြစေခြင်း ငှါ) ဖလသမာပတ်ကို ဝင်စားတော်မူလေသည်။ မြတ်စွာဘုရား ရှင်သည် သမာပတ်မှ ထပြီးသော် ထိုအရပ်မှတဖန် မဟာမေဃဝန် ဥယျာဉ်သို့ ကြွတော်မူပြန်လေသည်။

မဟာမေဃဝန်ဥယျာဉ်သို့ ရောက်သောအခါ မြတ်စွာဘုရား သည် တပည့်ရဟန်း ငါးရာတို့နှင့်တကွ ယခုအခါ မဟာဗောဓိ ပင် တည်ရာအရပ်၌ ထိုင်နေတော်မူကာ ဖလသမာပတ်ကို ဝင် စားတော်မူပြန်လေသည်။

ထိုမှတဖန် မဟာစေတီတည်ရာ အရပ်သို့ ကြွသွားတော်မူ၍ ရဟန်းငါးရာတို့နှင့်တကွ ဖလသမာပတ် ဝင်စားတော်မူပြီးလျှင် သမာပတ်မှ ထသောအခါ ယခုအခါ ထူပါရုံစေတီတော်တည်ရာ အရပ်၌ ထိုအတူပင် တပည့်ရဟန်းငါးရာတို့နှင့်တကွ ဖလသမာ ပတ်ကို ဝင်စားတော်မူပြန်လေသည်။

ဖလသမာပတ်မှ ထသောအခါ မြတ်စွာဘုရားရှင်သည် ယခု အခါ ကျောက်စေတီတည်ရာဌာနသို့ တပည့်ရဟန်းငါးရာတို့နှင့် တကွ ကြွတော်မူပြီးလျှင် ထိုအစည်းအဝေးသို့ ရောက်လာညီမူ ကြသော နတ်အပေါင်းတို့ကို အဆုံးအမ ဩဝါဒတရား ဟော ကြားတော်မူပြီးလျှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက် တော်သို့ တဖန် ပြန်ကြွတော်မူလေ၏။

(ဤကား မြတ်စွာဘုရားရှင် သီဟိုဠ်ကျွန်းသို့ ထတိယအကြိမ် ကြွ ရောက်တော်မူခြင်းတည်း။

ဤကား မြတ်စွာဘုရားရှင် သီဟိုဠ်ကျွန်းသို့ သုံးကြိမ်တိုင်တိုင် ကြွ တော်မူခြင်း အကြောင်းအရာတည်း။)

ဤတွင် အခန်း ၂၆-ပြီး၏။

http://www.dhammadownload.com



## အခန်း-၂၇

### ကောသမ္ဗီပြည် ဃောသကသူဌေးကြီးအကြောင်း

( ဤ ဃောသကသူဌေးကြီး အကြောင်းကို ဓမ္မပဒ အဋ္ဌကထာ ပဌမအုပ်နှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် တို့၌ ကျယ်ဝန်းစွာ ရေးသား ဖွင့်ပြထားလေသည်၊ ဤ မဟာဗုဒ္ဓဝင်ကျမ်း၌ကား ချုံးနိုင်သမျှ ချုံး၍ ရေးသား ပြဆိုပေအံ့)—

ငါတို့မြတ်စွာဘုရား ပွင့်တော်မမူမီအချိန်၌ အလ္လကပ္ပတိုင်းဝယ် အဟိဝါတက (ယဉ်းနာ)ဟု ခေါ်သော ရောဂါတမျိုးဖြစ်ပွါးလေ သည်၊ ထိုရောဂါဖြစ်သဖြင့် တအိမ်တအိမ်၌ တပြိုင်နက်တည်းပင် လူတကျိပ် နှစ်ကျိပ် သုံးကျိပ်တို့ သေကြလေသည်။ တိုင်းတပါးသို့ ထွက်ပြေး တိမ်းရှောင်သော သူတို့သည်ကား အသက်ရှင်မှုကို ရကြကုန်၏။ ထိုအကြောင်းကို သိ၍ ယောကျ်ားတယောက်သည် မိမိ၏သားမယားကို ခေါ်ယူကာ "တိုင်းတပါးသို့ ငါသွားအံ့"ဟု ကြံစည်၍ ထို အလ္လကပ္ပတိုင်းမှ ထွက်ခဲ့လေ၏။ ထိုအခါ ထိုယောကျ်ား၏ အိမ်မှ ယူခဲ့သော စားနပ်ရိက္ခာသည် လမ်းခရီး အကြားဝယ် ကန္တာရ( = ခရီးခဲ)ကို မလွန်မီပင် ကုန်ခဲ့လေ၏၊ ထို့ကြောင့် ထိုသူတို့၏ ကိုယ်အားသည် လျော့ပါးဆုတ်ယုတ်သဖြင့် သားငယ်ကို အမိတလှည့် အဖတလှည့် ပွေ့ချီခဲ့ရလေသည်။

ထိုအခါ ဖခင်ဖြစ်သူ၏ စိတ်သန္တာန်ဝယ် "ငါတို့၏ ကိုယ်အား ကား လျော့ပါးခဲ့လေပြီ၊ သားကို ချီ၍ သွားကြရလျှင် ခရီးခဲကို လွန်မြောက်နိုင်လိမ့်မည်မဟုတ်"ဟု အကြံအစည်ဖြစ်ရှိ၍ ဖခင်သည် သူငယ်၏အမိကို မသိစေပဲ ရေကိစ္စရှိ၍ နောက်ချန်ရစ်သည့်ဟန် ပြုလုပ်ကာ သားကလေးကို လမ်း၌အထိုင်ခိုင်းပြီးလျှင် တယောက် တည်း ခရီးဆက်၍ သွားလေ၏၊ ထိုအခါ ဇနီးဖြစ်သူသည် လင် ဖြစ်သူ၏ အလာကို စောင့်မျှော် ကြည့်ရှုရင်းက လင်၏လက်၌ သားငယ်ကို မမြင်ရ၍ ငိုကြွေးမြည်တမ်းလျက် လင့်ထံသို့ သွားပြီး လျှင် " အရှင်···· ကျွန်တော်မ၏သား အဘယ်မှာနည်း" ဟု

http://www.dhammadownload.com



မေးလေ၏။ လင်ဖြစ်သူက "သင့်သားဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ငါတို့အသက်ရှင်ကြလျှင် သားကို ရနိုင်ကြပါသည်"ဟု ပြောဆိုလေသော် ဇနီးဖြစ်သူသည် "ဤယောကျ်ားကား အလွန် ရက်စက်စွာတကား" ဟု ပြောဆို၍ "သင် သွားလော့၊ ငါသည် သင်ကဲ့သို့ ရက်စက်ကြမ်းကြုတ်သူနှင့် အတူတကွ မသွားတော့အံ့" ဟု ရန်တွေ့စကား ပြောကြားလေ၏။ လင်ဖြစ်သူသည် "ရှင်မ···· ငါသည် မစဉ်းမစား ပြုမှားမိခဲ့ပါပြီ၊ ထိုငါ့အပြစ်ကို သင်သည်းခံ ပါ" ဟု ပြော၍ သားငယ်ကို တဖန်ပွေ့ချီ၍ သွားလေသည်။ (ဤ၌ ဖခင်ဖြစ်သူ၏ မကောင်းမှုကို အထူး သတိပြု မှတ်သား ထားပါလေ)။

ဇနီးမောင်နှံ သားအဖသုံးယောက်တို့သည် ထိုခရီးခဲကို လွန်မြောက်၍ ညနေချမ်းအချိန်၌ နွားကျောင်းသားတဲ တခုသို့ ရောက်ကြလေကုန်၏၊ ထိုနေ့ကား နွားကျောင်းသားတဲနေသူတို့ ရေမရောသော နို့ဃနာကို ချက်ထားသောနေ့ ဖြစ်လေသည်၊ တဲနေလူတို့သည် သားအဖသုံးယောက်တို့ကို မြင်ကြလျှင် "ဤ သားအဖသုံးယောက်တို့ကား အလွန့်အလွန် ဆာလောင်လာကြ သူတို့ဖြစ်သည်" ဟု အိုးကြီးအပြည့် နို့ဃနာကို ထည့်ပြီးလျှင် ယောက်ချိုနှင့် အပြည့် ထောပတ်ကို လောင်းထည့်၍ ပေးကြ လေကုန်၏။

ဇနီးမောင်နှံနှစ်ဦးတို့ နို့ဃနာကို စားကြရာတွင် ဇနီးဖြစ်သူ သည် အတိုင်းအရှည်ဖြင့်ပင် (မျှတရုံ) စားလေသည်။ လင်ဖြစ်သူ သည်ကား အတိုင်းအရှည် (မျှတရုံ) ထက် ပိုလွန်အောင် စား၍ အစာမကြေနိုင်ပဲ တညဉ့်လွန်လျှင်ပင် အစာမကြေသော ရောဂါ ဖြင့် သေလေ၏၊ ထိုသူသည် သေခါနီးဝယ် နွားကျောင်းတဲ နေသူ လူတို့၌ တွယ်တာတပ်မက်ခြင်းကြောင့် နွားကျောင်းတဲရှိ ခွေးမ၏ဝမ်း၌ ပဋိသန္ဓေ ယူနေလေ၏။

ခွေးမသည် မကြာမီပင် သားကို ဖွားလေ၏။ နွားကျောင်း သားသည် ရှုချင်စဖွယ် ဇီခွေးငယ်ကို မြင်၍ ထမင်းလုပ်ဖြင့် ဖြား

http://www.dhammadownload.com



ယောင်း ကျွေးမွေးပြီးလျှင် မိမိအပေါ်၌ ချစ်ခင်၍နေသော ထိုခွေး ကလေးကို ခေါ်ယူကာ အတူတကွ သွားလာ၏။

တနေ့သ၌ ပစ္စေကဗုဒ္ဓါတဆူသည် ဆွမ်းခံချိန်၌ နွားကျောင်း သား၏ အိမ်တံခါးဝသို့ ဆွမ်းခံကြွရောက်လာလေသည်၊ နွား ကျောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးမြင်ရလေသော် ဆွမ်းကပ်လှူဒါန်းပြီးနောက် မိမိကို အမှီပြု၍ နေထိုင်တော်မူရန် ဝန်ခံချက်ကို တောင်းခံလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နွားကျောင်းသားတဲနှင့် မနီးမဝေး တောအုပ်တခု၌ သီတင်းသုံး နေထိုင်တော်မူလေ၏။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံသို့သွားလျှင် ထိုခွေးငယ်ကို ခေါ်ဆောင်၍သာလျှင် သွားလေ၏။ လမ်းခရီးအကြား၌လည်း ခြသေ့ သစ်ကျား သားရဲ တို့ရှိရာအရပ်၌ ထိုသားရဲတို့ ရှောင်ရှားပြေးသွားကြစေရန် သစ်ပင် ချုံပုပ်များ ကျောက်တုံးများကို ပုတ်ခတ်ရိုက်နှက်၍ သွား၏၊ ထိုခွေးငယ်သည်လည်း မိမိ၏သခင် နွားကျောင်းသားပြုလုပ်ပုံ အစီအရင်ကို မှတ်သား၍ထားလေသည်။

တနေ့သ၌ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အထံ၌ နေထိုင်၍"အရှင်ဘုရား····တပည့်တော်များ အရှင်တို့ထံ နေ့တိုင်းလာနိုင်မည်မဟုတ်ပါ၊ ဤခွေးကလေးကား ခွေးလိမ္မာ ကလေးဖြစ်ပါသည်၊ ဤခွေးကလေး၏ အရှင်မြတ်ထံတော်သို့ လာရောက်ခြင်းအမှတ်ဖြင့် တပည့်တော်များ၏အိမ်သို့ဆွမ်းအလှူခံ ကြွတော်မူပါကုန်ဘုရား"ဟူ၍ လျှောက်ထားခဲ့လေသည်။

နွားကျောင်းသားသည် တနေ့သ၌ ခွေးလိမ္မာကလေးကို "ချစ်သား····ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို သွားရောက်ပင့်ဆောင်၍ လာခဲ့ပါလေ"ဟု ပြောဆိုကာ အပင့်လွှတ်လိုက်လေသည်၊ ခွေး လိမ္မာကလေးသည် သခင်၏စကားကိုကြားလေလျှင် ဆွမ်းခံချိန်၌ သွားရောက်ပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ခြေရင်း၌ ရင်ဖြင့် ဝပ်၍ နေလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်"ဤခွေးလိမ္မာ ကလေးသည် ငါ့ထံမှောက်သို့ အပင့်ရောက်လာလေသည်"ဟု သိရှိတော်မူကာ သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ဆွမ်းခံ

http://www.dhammadownload.com



ခရီးသို့ ထွက်ကြွတော်မူခဲ့လေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ခွေးလိမ္မာကလေးကို စုံစမ်းတော်မူဟိုသဖြင့် လမ်းလွဲ၍ ကြွသွား တော်မူလေသော် ခွေးလိမ္မာကလေးသည် အရှင်မြတ်၏ ရှေ့မှ တားဆီးရပ်တည်၍ ပစ္စေကဗုဒ္ဓါအရှင်သူမြတ် နွားကျောင်းသား တဲရှိရာလမ်းသို့ ကြွသွားတော်မူမှ ဖယ်ရှားလေသည်၊ သူ၏သခင် နွားကျောင်းသား ခြသေ့ သစ်ကျား သားရဲများကို ဖယ်ရှားတိမ်း ရှောင်စေရန် သစ်ပင်ချုံပုပ်ကျောက်တုံးများကို ပုတ်ခတ်ရိုက်နှက် သော နေရာသို့ ရောက်လေလျှင် ထိုခွေးလိမ္မာကလေးသည် ကြောက်မက်ဖွယ်ရာ ကျယ်စွာသောအသံဖြင့် ဟောင်လေသည်၊ ထိုခွေးလိမ္မာ၏ ဟိန်းဟောင်သောအသံကြောင့် ခြသေ့ သစ်ကျား သားရဲများသည် ရှောင်ရှားပြေးသွားကြလေ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း နွားကျောင်းသားတဲဝယ် ဆွမ်းဘုဉ်းပေးတော်မူသောအခါ ထိုခွေးလိမ္မာကလေးအား ဆွမ်း လုပ်ကြီး တလုပ်တလုပ် ပေးကမ်းကျွေးမွေးလေသည်၊ ခွေး လိမ္မာသည် ဆွမ်းလုပ်ကြီး တလုပ်တလုပ်ရသဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ ရေးကထက်တိုး၍ ခင်မင်လာလေ၏။

နွားကျောင်းသားသည် ဝါကျွတ်သောအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား တိစီဝရိက်(သင်္ကန်းသုံးထည်) ချုပ်လောက်သော သင်္ကန်းလျာအဝတ်အထည်ကို ဆက်ကပ်လှူဒါန်းပြီးလျှင် "အရှင် ဘုရား····အလိုတော်ရှိလျှင် ဤအရပ်၌ပင် ဆက်လက်၍ သီတင်း သုံးတော်မူပါ၊ အရပ်တပါးသို့ ကြွသွားတော်မူလိုလျှင်လည်း ကြွသွားတော်မူနိုင်ပါသည်"ဟု လျှောက်ထားလေ၏။ ပစ္စေက- ဗုဒ္ဓါ အရှင်မြတ်သည် အရပ်တပါးသို့ ကြွသွားတော်မူအံ့သော အခြင်းအရာကိုပြတော်မူလေ၏။ နွားကျောင်းသားသည် ပစ္စေက- ဗုဒ္ဓါ အရှင်မြတ်ကို လိုက်၍ ပို့ပြီးလျှင် ပြန်လာသောအခါ ခွေး လိမ္မာသည် ပစ္စေကဗုဒ္ဓါအရှင်သူမြတ် အရပ်တပါးသို့ အပြီးကြွ သွားတော်မူခြင်းကို ရိပ်မိသိရှိ၍ အလွန်ချစ်ခင်ခြင်းကြောင့် စိုးရိမ် ပူဆွေးခြင်း ပြင်းစွာဖြစ်ရှိကာ နှလုံးကွဲ၍ သေပြီးလျှင် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေ၏။

http://www.dhammadownload.com



ထိုအခါ လူ့ပြည်ဌာနဝ္ခ ခွေးလိမ္မာဖြစ်ခဲ့စဉ်ကာလက ပစ္စေက-ဗုဒ္ဓါအရှင်မြတ်နှင့် အတူတကွ သွားသောအခါ ကြောက်မက်ဖွယ်ကျယ်စွာသော အသံကိုပြု၍ ခြင်္သေ့ သစ်ကျား သားရဲများကို ရှောင်ရှားပြေးသွားအောင် ဟောင်ခဲ့သော ကောင်းမှုကုသိုလ်ကံကြောင့် တာဝတိံသာနတ်ပြည်ဝယ် အခြားနတ်များနှင့် စကားနီးနှော ပြောဆိုလတ်သော် ထိုနတ်သား၏အသံသည် နတ်ပြည်အလုံးကို လွှမ်းဖုံး၍ တည်လေ၏၊ ထိုကြောင့်ပင် ထိုနတ်သားသည် "ဃောသကနတ်သား"ဟူသော အမည်ကို ရရှိလေသည်။

ဃောသကနတ်သားသည် တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစား၍ နေစဉ်ပင် လူ့ပြည်လူ့ဌာနဝယ် ကောသမ္ဗီပြည်အရပ်၌ ဥဒေနမင်းတရား မင်းပြုလေသည်။ ( ဥဒေနမင်းအကြောင်းကို အောက်က ရေးခဲ့ပြီ)။

ကောသမ္ဗီပြည်၌ ဥဒေနမင်း မင်းပြုစဉ် ဃောသကနတ်သားသည် နတ်သက်ကြွေ စုတေခဲ့၍ ကောသမ္ဗီပြည်ဝယ် ပြည့်တန်ဆာမတယောက်၏ ပမ်း၌ ပဋိသန္ဓေ တည်နေဖွားမြင်လတ်သော် မိခင်ပြည့်တန်ဆာမသည် သားဖြစ်မှန်းသိ၍ အမှိုက်ပုံ၌ စွန့်ပစ်စေလေ၏။

ထိုအခါ ကောသမ္ဗီသူဌေးကြီး၏ အလုပ်သမားမှူးတဦးသည် နံနက်စောစော သူဌေးအိမ်သို့ သွားလေသော် ကျီးတသောသော ဝိုင်းအုံဝန်းရံနေသော ထိုကလေးကို တွေ့မြင်ရ၍ "ဤကလေးကား ဘုန်းရှင်ကံရှင် ဖြစ်လိမ့်မည်"ဟု ဆင်ခြင်စဉ်းစားကာ အခြားယောကျ်ားတယောက်၏ လက်၌ ကလေးကိုအပ်၍ မိမိအိမ်သို့ ပို့စေပြီးလျှင် သူဌေးအိမ်သို့ သွားလေ၏။

ကောသမ္ဗီသူဌေးကြီးသည်လည်း မင်းထံခစားရန် အချိန်တန်သောအခါ ရွှေနန်းတော်သို့ သွားလေသော် လမ်းခရီးအကြား၌ ပုရောဟိတ်ကို တွေ့၍ "ဆရာ····ယနေ့ နက္ခတ်အနေအသွား အဘယ်သို့ရှိသနည်း" ဟု မေးလေသော် ပုရောဟိတ်သည် ထိုအရပ်၌ပင် ရပ်လျက် နက္ခတ်အနေ အသွားကို စစ်ဆေးတွက်ချက်

http://www.dhammadownload.com



ပြီးလျှင် "သူဌေးကြီး····ဤမည်သောနက္ခတ်ဖြစ်သည်၊ ယနေ့ ဤနက္ခတ်နှင့် ( ယှဉ်လျက် ) မွေးဖွားလာသော သူငယ်သည် ဤကောသမ္ဗီပြည်၌ သူဌေးကြီးရာထူးကို ရပေလိမ့်မည်"ဟူ၍ ဟောဆိုလေ၏။

သူဌေးကြီးသည် ပုရောဟိတ်၏ ဟောဆိုချက်ကို ကြားရ၍ မိမိ၏ အခြွေအရံများကို"အမောင်တို့····ဤပုရောဟိတ်ဆရာကြီး၏ ဟောကြားချက်သည် နှစ်မျိုးဟူ၍ ဘယ်သောအခါမှ မရှိ၊ (တမျိုးတည်းသာ ဖြစ်သည်)၊ ငါ၏ အိမ့်ရှင် သူဌေးကတော်သည်လည်း လေးလံသော ကိုယ်ဝန်ရှိသူ ဖြစ်လေသည်၊ အမောင်တို့ သွားရောက်၍ ထိုအိမ့်ရှင်မ သူဌေးကတော်ကြီး သားဖွားသည် မဖွားသည်ကို သိအောင်စုံစမ်းကြလော့"ဟု ပြောဆိုကာ လျင်မြန်စွာ အိမ်သို့ စေလွှတ်လိုက်လေ၏။အခြွေအရံများသည် အိမ်သို့သွားကြ၍ စုံစမ်းပြီးလျှင် "အရှင်သူဌေးမင်း···· သူဌေးကတော်ကြီးကား သားမဖွားသေးပါ"ဟု ပြန်ကြားပြောဆိုကြလေ၏။ သူဌေးကြီးသည် "အမောင်တို့···· ထိုသို့ဖြစ်လျှင် သွားကြလော့၊ ဤမြို့၌ ယနေ့ဖွားသော သူငယ်ကို ရှာကြလော့"ဟူ၍ တဖန် စေခိုင်းပြန်လေသည်။

အခြွေအရံတို့သည် ယနေ့ မွေးဖွားသော ကလေးကို ရှာကြလေသော် သူဌေးကြီး၏ အလုပ်သမားမှူးအိမ်၌ ထိုသူငယ်ကို တွေ့မြင်ကြ၍ သူဌေးကြီးအား ပြန်ကြား ပြောဆိုကြလေကုန်၏။ သူဌေးကြီးသည် "အမောင်တို့···· ထိုသို့ဖြစ်လျှင် ထိုအလုပ်သမားမှူးကို ငါ့ထံသို့ ခေါ်ခဲ့ကြလော့"ဟု စေခိုင်း၍ အလုပ်သမားမှူး မိမိထံသို့ ရောက်သောအခါ—

**(သူဌေး)** အမောင့်အိမ်၌ ယနေ့ မွေးဖွားသော သူငယ် ရှိသည်ဆိုသည်မှာ မှန်ပါသလော။

**(အလုပ်သမား)** မှန်ပါသည် အရှင်သူဌေးမင်း····။

**(သူဌေး)** ထိုကလေးကို ငါတို့အား ပေးပါလော့။

**(အလုပ်သမား)** မပေးနိုင်ပါ အရှင်သူဌေးမင်း····။

http://www.dhammadownload.com



(သူဌေး) ကိုင်း…. ဒါဖြင့်လျှင် ငွေတထောင်ကို
အမောင်ယူ၍ ထိုကလေးကို ငါ့အား ပေးပါလော့—

ဤကဲ့သို့ ပြောဆိုသောအခါ အလုပ်သမားရှူးသည် "ဤကလေးသည် အသက်ရှင်ချင်လျှင်လည်း ရှင်ပေမည်၊ သေချင်လျှင်လည်း သေပေမည်၊ ရှင်မည် သေမည်ကို သိနိုင်ရန် ခဲယဉ်း၏"ဟု ကြံစည်ကာ ငွေတထောင်ကို လက်ခံယူလိုက်၍ ကလေးကို သူဌေးကြီးအား ပေးလိုက်လေ၏။

## ကောသမ္ဗီသူဌေးကြီး၏ အကြံ

ကောသမ္ဗီသူဌေးကြီးသည် "ငါ၏ သူဌေးကတော်ကြီးသည် အကယ်၍ သမီးကို မွေးဖွားလျှင် ဤသူငယ်ကိုပင် သားပြုကာ မွေးမြူမည်၊ အကယ်၍ သားယောကျ်ားကို မွေးဖွားခဲ့လျှင် ဤသူငယ်ကို သတ်ပစ်မည်"ဟု ကြံစည်၍ မိမိအိမ်၌ ထိုသူငယ်ကို မွေးကျွေးထားလေ၏။ ထိုနောက် နှစ်ရက်, သုံးရက် လွန်မြောက်သောအခါ သူဌေးကတော်ကြီးသည် သားယောကျ်ားကလေးကို ဖွားမြင်လေ၏။

## ကောသမ္ဗီသူဌေးကြီး၏ ရက်စက်ကြမ်းကြုတ်မှုများ

(၁) ထိုသို့ သူဌေးကတော်ကြီးမှ သားယောကျ်ားကလေး ဖွားမြင်ပြီးလတ်သောအခါ ကောသမ္ဗီသူဌေးကြီးသည် "ဤနည်းဖြင့် ထို (ပြည့်တန်ဆာမ၏သား) ဃောသကသူငယ်ကို နွားတို့သည် နင်း၍ သတ်ကြလိမ့်မည်"ဟု အကြံပြုကာ "ဤဃောသကသူငယ်ကို နွားခြံတံခါးဝ၌ သိပ်ထားကြကုန်လော့"ဟူ၍ အခြံအရံ အစေခံတို့ကို စေခိုင်းပြောဆိုလေ၏။ အခြံအရံ အစေခံတို့သည်လည်း သူဌေးကြီးစေခိုင်းချက်အတိုင်း ဃောသကသူငယ်ကို နွားခြံတံခါးဝ၌ သိပ်ထားကြလေကုန်၏။

ထိုအခါ အုပ်ထိန်းဖြစ်သော နွားလားဥသဘသည် ခြံတံခါးဝမှ ရှေးဦးစွာ ထွက်လာလေသော် ထိုသူငယ်ကို မြင်၍ "ဤနည်းဖြင့် ထိုသူငယ်ကို အခြားနွားတို့သည် မနင်းနိုင်ကြလတ္တံ့"ဟု ကြံ

http://www.dhammadownload.com



စည်ကာ ခြေလေးဖက်တို့၏ အကြား၌ ထား၍ရပ်တည်လေ၏။ ထိုအခါ ထိုဃောသကသူငယ်ကို နွားကျောင်းသားတို့သည် တွေ့မြင်ကြ၍ "ဤသူငယ်သည် ဘုန်းကံကြီးမားသူ ဖြစ်ပေလိမ့်မည်၊ တိရစ္ဆာန်များကသော်မှလည်း ယင်းသူငယ်၏ ဂုဏ်ကျေးဇူးကို သိကြကုန်၏၊ (သို့ရကား) ငါတို့သည် ထိုသူငယ်ကို ကျွေးမွေးပြုစုကြကုန်စို့"ဟု တိုင်ပင်ညီညွတ်ကြကာ မိမိတို့နေအိမ်သို့ယူဆောင်၍ သွားကြလေကုန်၏။

(၂) ကောသမ္ဗီ သူဌေးကြီးသည်လည်း ထိုသူငယ်၏ သေ,မသေ အကြောင်းကို စုံစမ်းထောက်လှမ်းလတ်သည်ရှိသော် "နွားကျောင်းသားများ ယူဆောင်သွားကြသည်" ဟူသော သတင်းကို ကြား၍ တဖန် ငွေတထောင်ပေး၍ ရွေးယူခဲ့ပြီးလျှင် မိမိ၏ အခြံအရံများကို အာဏာထားကာ သုသာန်၌ စွန့်ပစ်စေပြန်လေ၏။

ထိုအခါ သူဌေး၏ ဆိတ်ကျောင်းသားသည် သုသာန်ကို အမှီပြု၍ ဆိတ်မတို့ကို ကျောင်းနေဆဲ ဖြစ်လေသည်။ ထိုအခါ နို့စားဆိတ်မတကောင်သည် သူငယ်၏ ကောင်းမှု ကုသိုလ်ကံကြောင့် ခရီးမမှ ဖဲ၍ သူငယ်ရှိရာသို့ သွားရောက်ပြီးလျှင် သူငယ်အား နို့တိုက်ပြီးမှ အစာစားရန် သွားလေ၏၊ ထိုသုသာန်မှ ပြန်နစ်လာသောအခါမှာလည်း ထိုအတူပင် သူငယ်ရှိရာသို့ သွားရောက်၍ နို့တိုက်ပြန်လေသည်။ ဆိတ်ကျောင်းသားသည် "ဤဆိတ် မကြီးကား နံနက်တုန်းကလည်း ဤနေရာမှပင် ဖဲ၍ သွားလေသည်၊ ဤသို့သွားခြင်းသည် အကြောင်း အသို့ရှိသနည်း"ဟု ကြံစည်စဉ်းစား၍ သွားရောက် ကြည့်ရှုလတ်သော် ထို ဃောသကသူငယ်ကို တွေ့မြင်ရ၍ "ဤသူငယ်သည် ဘုန်းကံကြီးမားသူ ဖြစ်ချေသည်၊ တိရစ္ဆာန်များကသော်မှလည်း ထိုသူငယ်၏ ဂုဏ်ကျေးဇူးကို သိကြကုန်၏၊ ငါသည် ထိုသူငယ်ကို ကျွေးမွေးပြုစုပေအံ့"ဟု ကြံစည်ကောက်ယူကာ မိမိအိမ်သို့ သွားလေ၏။

(၃) နောက်တနေ့၌ သူဌေးကြီးသည် "ဃောသကသူငယ်သည် သေပြီလော၊ မသေပဲရှိသေးသလော"ဟု လူလွှတ်၍ ကြည့်စေလတ်သော် ဆိတ်ကျောင်းသား ယူဆောင်သွားသည့် သတင်း

http://www.dhammadownload.com



ကို ကြားသိရ၍ ရှေးနည်းအတူပင် ငွေတထောင်ပေး၍ ရွေးယူခဲ့ပြီးလျှင် မိမိ၏ အခြံအရံများကို အာဏာထား (အမိန့်ပေး)ကာ "နက်ဖြန်ခါ ဤကောသမ္ဗီမြို့ အတွင်းသို့ လှည်းကုန်သည်သားတဦး ဝင်ရောက်လာလိမ့်မည်၊ ဤသူငယ်ကို ယူဆောင်သွားကြပြီးလျှင် လှည်းဘီးလမ်း၌ ပစ်ထားခဲ့ကြကုန်လော့၊ ဤနည်းဖြင့် ထိုသူငယ်ကို လှည်းဘီးဖြတ်၍ နင်းသတ်သွားလိမ့်မည်" ဟု ပြောဆိုစေခိုင်းပြန် လေ၏။

သူဌေးကြီး၏ အမိန့်ပေး စေခိုင်းချက်အရ အခြံအရံ လူများ လှည်းဘီးလမ်း၌ ပစ်ချထားအပ်သော ထိုသူငယ်ကို လှည်းကုန်သည်သား၏ ရှေ့ဆုံးလှည်း၌ က-သော နွားတို့သည် မြင်ကြ၍ ခြေလေးချောင်းတို့ကို တိုင်ကြီး လေးတိုင် စိုက်ထားသည့်ပမာ မတုန်မလှုပ် ရပ်တည်ကာ နေကြလေကုန်၏။ လှည်းကုန်သည်မှူးသည် အကြောင်းကို စုံစမ်းကြည့်ရှုလတ်သော် သူငယ်ကို မြင်၍ "ဤသူငယ်ကား ဘုန်းကံကြီးမားသူ ဖြစ်၏၊ ကျွေးမွေးပြုစုမှ သင့်ချေ တော့မည်"ဟု ကြံစည်ကောက်ယူကာ သွားလေ၏။

(၄) သူဌေးသည်လည်း ဃောသက သူငယ်၏ လှည်းဘီးလမ်းဝယ် သေ, မသေ အကြောင်းကို ထောက်လှမ်းကြည့်ရှုစေပြန်သော် လှည်းကုန်သည်မှူး ကောက်ယူသွားသော အဖြစ်ကို သိရ၍ လှည်းကုန်သည်မှူးအားလည်း ငွေတထောင်ပေး၍ ကလေးကို ရွေးယူစေပြီးလျှင် တဖန် အာဏာထား (အမိန့်ပေး) ကာ မိမိ၏ အခြံအရံတပည့်များကို မြို့မှ မနီးမဝေးသော ချောက်ကမ်းပါး၌ သူငယ်ကို ပစ်ချစေပြန်လေ၏။

ဃောသကသူငယ်သည် ချောက်ကမ်းပါး၌ ဦးစိုက် ထွမ်းပြန် ကျရောက်လေသော် ကျူထရံသည်တို့၏ အလုပ်လုပ်ရာဌာန၌ တဲတခုပေါ်သို့ ကျရောက်လေသည်၊ ထိုအလုပ်တဲသည် သူငယ်၏ ကောင်းမှုကုသိုလ်အာနုဘော်ကြောင့် အကြိမ်တရာဖပ်အပ်သော ဝါဂွမ်းစိုင်ကဲ့သို့ နူးညံ့သောအတွေ့ရှိလေသည်။ ထိုအခါ ကျူထရံသည်မှူးသည် "ဤသူငယ်ကား ဘုန်းကံကြီးမားသူဖြစ်၏၊ ကျွေးမွေး

http://www.dhammadownload.com



ပြုစုမှ သင့်ချေတော့မည်”ဟု ကြံစည်ကောက်ယူကာ မိမိ၏အိမ်သို့ သွားလေ၏။

(၅) သူဌေးသည်လည်း ရှေးနည်းအတူ ထောက်လှမ်းကြည့်ရှုစေပြန်သော် ကျူထရံသည်မှူး ယူဆောင်သွားသော အကြောင်းကို ကြားသိရ၍ ကျူထရံသည်မှူးအား ငွေတထောင်ပေး၍ ကလေးကို ရွေးယူစေပြီးလျှင် မိမိအိမ်သို့ ပြန်လည်ယူဆောင်ခဲ့ရန် စေခိုင်းလိုက်ပြန်လေ၏။

နောက်အဖို့၌ သူဌေး၏သားရင်းသည်ငင်း,ဃောသကသူငယ်သည်ငင်း နှစ်ဦးလုံးပင် အရွယ်သို့ ရောက်ရှိကြလေကုန်သည်။ ကောသမ္ဗီသူဌေးကြီးသည် တဖန် ဃောသကသူငယ်၏ သေကြောင်းကို ကြံစည်လျက် မိမိ၏လူ အိုးထိန်းသည် (= အိုးဖုတ်သမား) ၏ အိမ်သို့ သွားရောက်၍ “အမောင်…ငါ၏အိမ်မှာ ဤသို့သဘောရှိသော သားယုတ်မာ သူငယ်တယောက် ရှိလေသည်၊ ထိုသူငယ်ကို တနည်းနည်းပြုလုပ်ကာ လျှို့ဝှက်စွာ သတ်မှ သင့်တော်မည်”ဟု တိုင်ပင်စကား ပြောကြားလေသည်၊ အိုးထိန်းသည် သည် နားနှစ်ဖက်တို့ကို ပိတ်၍ “အရှင်သူဌေးမင်း…ဤသို့သဘောရှိသည့် ဝန်လေးသော စကား အပြစ်ကြီးလေးသော စကားကို ပြောဆိုရန် မသင့်ပါ”ဟူ၍ ပြန်ကြား ပြောဆို တားမြစ်လေ၏။

ထိုအခါ သူဌေးသည် “ဤ အိုးထိန်းသည်ကား အချည်းနှီး အလကား(= အဖိုးအခမရပဲသာဖြင့်)ပြုလိမ့်မည်မဟုတ်”ဟုကြံပြီးလျှင် “အိုအမောင်....ငွေတထောင်ကိုယူလော့၊ ဤငွေတထောင်ကို ယူပြီးလျှင် ဤအလုပ်ကို ပြီးမြောက်အောင်သာ သုပ်ဆောင်လေလော့”ဟူ၍ ငွေတထောင်ပေးကာ စေခိုင်းပြောဆိုပြန်လေ၏။ လက်ဆောင်တံစိုးမည်သည် စိတ်ဝမ်းမကွဲသူကိုပင်သော်လည်း ကွဲအောင် ပြုလုပ်တတ်၏၊ သို့ရကား အိုးထိန်းသည်သည် ငွေတယောင် လက်ဆောင်တံစိုးကို ရရှိ၍ လက်ခံပြီးလျှင် “အရှင်သူဌေးမင်း…အကျွန်ုပ်သည် ဤမည်သော နေ့၌ အိုးဖိုကို မီးတိုက်

http://www.dhammadownload.com



ပါမည်၊ ထိုအခါ ထိုသူငယ်ကို ဤမည်သော အချိန်၌ စေလွှတ်လိုက်ပါ"ဟူ၍ သဘောတူစကား ပြောကြားလေ၏။

သူဌေးသည်လည်း အိုးထိန်းသည်၏စကားကို လက်ခံပြီးလျှင် ထိုနေ့မှစ၍ နေ့ရက်များကို ရေတွက်၍လာခဲ့ရာ အိုးထိန်းသည် ပြောဆိုသော နေ့သို့ ရောက်တော့မည်ကို သိရှိ၍ ဃောသက သူငယ်ကို ခေါ်စေပြီးလျှင်"ချစ်သား....ငါတို့အား ဤမည်သော နေ့၌ များစွာသောအိုးတို့ဖြင့် အလိုရှိသည်၊ သင်ချစ်သားသည် ငါတို့၏ အိုးထိန်းသည်ထံသို့ သွားရောက်ပြီးလျှင် 'ကျွန်ုပ်၏ ဖခင်က အသင်အိုးထိန်းသည်တို့အား ပြောဆိုမှာကြားထားအပ်သော အကြောင်းကိစ္စတခု ရှိပါသတဲ့၊ ထိုကိစ္စကို ယနေ့ပင် ပြီးမြောက်အောင် လုပ်ဆောင်လေလော့'ဟု သင်ချစ်သား ပြောကြားလေလော့"ဟူ၍ ပြောဆိုစေလွှတ်လိုက်လေသည်။ ဃောသက သူငယ်သည်"ကောင်းပါပြီ"ဟု သူဌေး၏စကားကို ဝန်ခံပြီးလျှင် အိမ်မှ ထွက်ခဲ့လေ၏။

### သူတပါးကို မနာလိုက ကိုယ်သာဒုက္ခ ဆင်းရဲရ၏၊

ထိုအခါ ဃောသကသူငယ်ကို သူဌေး၏ သားအရင်းသူငယ်သည် ဂေါ်လီလုံးကစားရင်းက မြင်လတ်၍ ပြေးလာပြီးလျှင် "နောင်တော်....ကျွန်ုပ်သည် ကလေးတို့နှင့် ကစားရာဂေါ်လီလုံး ဤမျှ ရှုံး၍နေပါသည်၊ထိုဂေါ်လီလုံးများကို ကျွန်ုပ်အား နိုင်အောင် ပြုလုပ်ပေးပါ"ဟူ၍ အကူအညီ တောင်းခံစကား ပြောကြားလာလေ၏။ ဃောသကသူငယ်က"ငါ့မှာ ယခု လောလောဆယ် ကစားပေးနိုင်ခွင့်မရှိ၊ အကြောင်းမှာ ဖခင်သူဌေးကြီးက ငါ့ကို အရေးကြီးသော ကိစ္စတခုဖြင့် အိုးထိန်းသည်ထံသို့ လွှတ်လိုက်ခြင်း ဖြစ်သည်" ဟူ၍ ပြောကြားလေသော် သူဌေးသား အရင်းသူငယ်သည်"နောင်တော် .... အိုးထိန်းသည်ထံသို့ ကျွန်ုပ်သွားပါမည်၊ နောင်တော်ကသာ ဤကောင်ကလေးများနှင့် ကစား၍ ကျွန်ုပ် ရှုံးပြီးသော ဂေါ်လီလုံးများကို နိုင်အောင်ပြုလုပ်ပေးပါ" ဟူ၍ တာဝန်ယူစကား ပြောကြားလေ၏။

http://www.dhammadownload.com



ထိုအခါ ဃောသကသူငယ်သည် "ထိုသို့ ဖြစ်လျှင် ငါညီ သွားလော့"ဟု သဘောတူညီကာ မိမိအား ဖခင်သူဌေးကြီး မှာကြားပြောဆိုလိုက်သော အကြောင်းအရာကို ထို သားအရင်း သူငယ်အား အပြည့်အစုံ ပြောကြားလိုက်၍ ကလေးသူငယ်များနှင့် အတူတကွ ဂေါ်လီလုံးကစားလျက် နေရစ်ခဲ့လေ၏။

သားအရင်း သူငယ်သည်လည်း အိုးထိန်းသည်ထံသို့ သွား ရောက်ပြီးလျှင် ဖခင်သူဌေးကြီး မှာကြားလိုက်သော သတင်း စကားကို အပြည့်အစုံ ပြောကြားလေ၏။ အိုးထိန်းသည်သည် "ကောင်းပြီ အမောင် .... ပြီးမြောက်အောင် လုပ်ဆောင်ပါ မည်"ဟု ပြော၍ ထိုသားအရင်းသူငယ်ကို အိမ်ခန်းအတွင်းသို့ သွင်း၍ ပျောင်ထားပြီးလျှင် ထက်လှစွာသော ဓါးငယ်ဖြင့် အပိုင်း အပိုင်း ဖြတ်တောက်၍ အိုးစရည်း၌ ထည့်ပြီးသော် ထိုအိုးစရည်း ဝကို ပိတ်ဆို့၍ အိုးစိမ်းတို့၏ အကြား၌ ထည့်ထားကာ အိုးဖိုကို မီးတိုက်လေတော့၏။

ဃောသကသူငယ်သည် ဂေါ်လီလုံး အများအပြား နိုင်၍ ညီငယ်အလာကို စောင့်မျှော်ကာ ထိုင်နေပါသော်လည်း ထိုညီ ငယ် မလာတည့်နိုင်၍ "အဘယ့်ကြောင့် ငါ့ညီသည် ကြာနေရပါ သနည်း"ဟု စဉ်းစားဆင်ခြင်ကာ အိုးထိန်းသည်၏အိမ်အနီးသို့ သွားရောက်၍ ညီငယ်ကို ရှာပါသော်လည်း တစုံတခုသောနေရာ ၌မျှ ညီငယ်ကို မမြင်ရ မတွေ့ရ၍ "အိမ်သို့ပြန်သွားသည် ဖြစ်လိမ့် မည်"ဟု အောက်မေ့ကာ အိမ်သို့ တယောက်တည်း ပြန်လာခဲ့ လေသည်။

သူဌေးကြီးသည် ဃောသကသူငယ်ပြန်လာသည်ကို အဝေးမှ ပင် မြင်လတ်၍ "ဘယ်လိုအကြောင်းများ ဖြစ်ပါလိမ့်မည်နည်း၊ ငါကား ဤဃောသကသူငယ်ကို သတ်ဖို့ရန် အိုးထိန်းသည်ထံသို့ စေလွှတ်လိုက်၏၊ သူကား ယခုတဖန် အိမ်သို့ပြန်လာ၏"ဟု စဉ်း စားဆင်ခြင်ကာ (ဃောသကသူငယ် ထိုင်သည့်တိုင်အောင်ပင် မစောင့်နိုင်ပဲ) ဃောသကသူငယ်ကို လာနေတုန်းပင်"အသို့နည်း ချစ်သား....သင်သည် အိုးထိန်းသည်ထံသို့ မသွားခဲ့ဘူးလော"ဟု

http://www.dhammadownload.com



မေးလေသော် ဃောသကသူငယ်က "ဟုတ်ပါသည် ခင်....ကျွန်တော် မသွားခဲ့ပါ"ဟု ဖြေကြားလေသည်။ "အဘယ့်ကြောင့် ချစ်သား မသွားခဲ့သနည်း"ဟု တဖန်မေးမြန်းလတ်သော် ဃောသကသူငယ်သည် မိမိပြန်လာခြင်းအကြောင်းကိုရင်း, ညီငယ်၏ အိုးထိန်းသည် ထံ သွားရောက်ကြောင်းကို ရင်း အပြည့်အစုံ ပြန်ကြားပြောဆိုလေသည်။

သူဌေးကြီးသည် ဃောသကသူငယ် ပြောသော စကားကို ကြားသောအချိန်မှစ၍ မဟာပထဝီမြေကြီးဖြင့် အဖိအနှိပ်ခံရသူကဲ့သို့ ဖြစ်ပြီးလျှင် "ချစ်သားသည် ဘယ်လိုစကားမျိုး ပြောလိုက်သနည်း"ဟု မြည်တွန်တောက်တီးကာ တလျှပ်လျှပ်တုန်လှုပ်သော စိတ်ရှိလျက် အိုးထိန်းသည်ထံ လျင်မြန်စွာ သွားရောက်ပြီးလျှင် သူတပါးတို့အထံ၌ မပြောထိုက်သောစကားမပြောဝံ့သောစကားဖြစ်ခြင်းကြောင့် "ကြည့်ပါဦး အမောင်....ကြည့်ပါဦး အမောင်...." ဟုရွှေသာ အိုးထိန်းသည်ကို လျှို့ဝှက်စကား ပြောကြားလေ၏။ အိုးထိန်းသည်က "သူဌေးမင်း....သင်သည် (ယခုမှ) အဘယ်အရာကို ကြည့်စေဘိသနည်း၊ အလုပ်ကိစ္စကား ပြီးမြောက်ခဲ့လေပြီ" ဟု စကားပြတ်ပြောဆိုသောအခါ သူဌေးကြီးသည် ထိုနေရာမှပင် ပြန်နစ်၍ အိမ်သို့ သွားလေတော့၏။ ထိုအခါမှအစပြု၍ ထိုသူဌေးကြီးမှာ စိတ္တဇရောဂါ အကြီးအကျယ် စွဲကပ်လေတော့၏။

(၆) ကောသမ္ဗီသူဌေးကြီးသည် ထိုအခါမှစ၍ ဃောသကသူငယ်နှင့် အတူတကွ ထမင်းမစားတော့ပဲ "ဘာစုံတခုသော နည်းလမ်းဥပါယ်ဖြင့် ငါ့သား၏ရန်သူ ဤဃောသကသူငယ်၏ သေဖို့ရန် အခွင့်အပေါက်ကိုသာလျှင် ကြည့်ရှုသင့်သည်"ဟု ကြံစည်၍ သဝဏ်လွှာတစောင်ကို ရေးသားပြီးလျှင် ဃောသကသူငယ်ကို ခေါ်၍ "သင်သည် ဤသဝဏ်လွှာကို ယူဆောင်သွားပြီးလျှင် ဤမည်သောရွာ၌ ငါတို့၏အလုပ်သမားမှူးရှိသည်၊ ထိုအလုပ်သမားမှူးထံသို့ သွားရောက်၍ ဤသဝဏ်လွှာကို နှင်းအပ်ပြီးလျှင် 'ဤသဝဏ်လွှာပါ အကြောင်းအရာကိစ္စကို လျင်မြန်စွာ ပြုလုပ်လော့' ဟု ပြောဆိုရမည်။ လမ်းခရီးအကြား၌ ငါတို့၏သူငယ်ချင်းဖြစ်သည့်

http://www.dhammadownload.com



ဂါမကသေဋ္ဌိ ( ＝ ရွာငယ်သူဌေး) မည်သော သူဌေးတဦး ရှိလေသည်၊ ထိုသူဌေး၏အိမ်သို့ ဝင်သွား၍ ထမင်းစားပြီးလျှင် အလုပ်သမားမှူးထံသို့ အရောက်သွားရမည်"ဟူ၍လည်း နှုတ်က မှာတမ်းလိုက်လေသည်။ ထိုအချိန်မှာ ဃောသကသူငယ်ကား လုလင်ပျိုအရွယ်သို့ ရောက်ရှိလေပြီ။

ဃောသကလုလင်ပျိုသည် သူဌေးကြီးကို ရှိသေစွာ ရှိခိုး၍ သဝဏ်လွှာကို ယူဆောင်ခဲ့ပြီးလျှင် ခရီးထွက်ခဲ့လေသော် လမ်းခရီးအကြား၌ ဂါမကသူဌေး၏ နေရာအရပ်သို့ ရောက်၍ သူဌေးအိမ်ကို မေးပြီးလျှင် တံခါးမုခ်ပြင်ပ၌ ထိုင်၍ မုတ်ဆိတ်ကြင်စွယ်ပြုပြင်နေသော ဂါမကသူဌေးကို ရှိခိုး၍ ရပ်နေလေ၏။ "အမောင်···· သင်သည် အဘယ်က လာခဲ့သနည်း"ဟု ဂါမကသူဌေးက မေးမြန်းလတ်သော် "အို ဖခင်···· အကျွန်ုပ်ကား ကောသမ္ဗီသူဌေးကြီး၏ သားဖြစ်ပါသည်"ဟု ဖြေကြားသဖြင့် ဂါမကသူဌေးသည် "ငါတို့၏ သူငယ်ချင်း ကောသမ္ဗီသူဌေးကြီး၏ သားတည်း"ဟု အလွန်လျှင် နှစ်သက်ဝမ်းမြောက်လေ၏။

ထိုခဏ၌ ဂါမကသူဌေးသမီး၏ ကျွန်မတယောက်သည် သူဌေးသမီးအတွက် ပန်းများကို ယူဆောင်ရန် သွားအံ့ဆဲဆဲ ဖြစ်လေသည်။ ထိုအခါ ဂါမကသူဌေးသည် ထိုကျွန်မကို "အမိ···· သင်သည် ထိုပန်းဆောင်ခြင်းအလုပ်ကို ခေတ္တရပ်နားထား၍ ဃောသကလုလင်ပျို၏ ခြေများကို ဆေးကြောပြီးလျှင် အိပ်ရာနေရာများကို ခင်း၍ပေးလိုက်လော့"ဟူ၍ အမိန့်ပေးစကားပြောကြားလေ၏။ ကျွန်မသည် ဂါမကသူဌေးမင်း ပြောဆိုသည့်အတိုင်း လုပ်ဆောင်ပြီးလျှင် ဈေးသို့သွား၍ သူဌေးသမီးအတွက် ပန်းများကို ဝယ်ဆောင်ကာ အိမ်သို့ ပြန်လာလေ၏။

သူဌေးသမီးသည် ကျွန်မကိုမြင်လေလျှင် "သင်သည် ယနေ့အပြင်၌ အချိန်လေးတွဲ့ အကျယ်ချဲ၍ နေ၏"ဟု ကျွန်မအားအမျက်ထွက်၍ "သင်သည် ဤမျှရှည်ကြာ အခါကာလပတ်လုံးအပြင်အပ၌ အဘယ်အလုပ်တွေကို ပြုလုပ်နေသနည်း"ဟု ကြိမ်းမောင်းပြောဆိုလေ၏။ ထိုအခါ ကျွန်မသည်—

http://www.dhammadownload.com



"မပြောပါနှင့် အရှင်မ···· ကျွန်တော်မသည် ဤမျှ လှပသော လုလင်ကို ရှေးက မမြင်ဘူးပါ၊ အရှင်မ ဖခင်၏ သူငယ်ချင်းသူဌေး၏ သားတယောက်တဲ့၊ သူ၏ ရုပ်ရည် အဆင်း တင့်တယ်လှပ ပြည့်စုံခြင်းကို ကုန်စင်အောင် ပြောမပြနိုင်ပါ၊ သူဌေးမင်းက ကျွန်မကို ပန်းဝယ်ရန် အသွား 'ထိုလုလင်၏ ခြေများကို ဆေးကြောပြီးလျှင် အိပ်ရာနေရာများကို ခင်း၍ပေးလိုက်လော့' ဟု စေခိုင်း ပြောဆိုပါသည်၊ ထို့ကြောင့် ကျွန်မသည် အပြင်အပ၌ ဤမျှ အချိန်လေးတွဲ့ အကျယ်ချဲ့၍ နေရပါသည်"—

ဟူ၍ ပြန်ကြားပြောဆိုလေ၏။ (ထိုဂါမကသူဌေး၏ သမီးကား လွန်ခဲ့သော လေးခုမြောက်ဘဝက ယခု ဃောသကလုလင်ပျို၏ အိမ့်ရှင်မ (= ကလေးမိခင်) ဖြစ်ခဲ့သူဖြစ်၏)။ သို့ရကား ထိုကျွန်မ ပြောစကားကို ကြားရသောအခါမှစ၍ အချစ်စိတ်ဖုံးလွှမ်းကာ မိမိ၏ ထိုင်နေသောအဖြစ်, ရပ်နေသောအဖြစ်ကိုမျှ မသိတော့ချေ၊ (ထိုင်ရမှန်း, ရပ်ရမှန်း မသိ ဟု ဆိုလိုသည်)။

သူဌေးသမီးသည် ကျွန်မကိုခေါ်၍ ဃောသကလုလင်ပျို လျောင်းစက်ရာအရပ် (= အိပ်ခန်း) သို့ သွားလေသော် အိပ်ပျော် နေသော ဃောသကလုလင်ပျိုကို ကြည့်ရှု၍ ပုဆိုးစွန်း၌ သဝဏ် လွှာကို မြင်သဖြင့် "ဤသဝဏ်လွှာကား အဘယ်သို့သော သဝဏ် လွှာ ဖြစ်လေသနည်း" ဟု လုလင်ပျိုကို မနိုးစေပဲ သဝဏ်လွှာကို အသာယူ၍ ဖတ်ကြည့်ပြီးလျှင် "ဤလုလင်ပျိုသည် မိမိ၏ သေမိန့် လွှာကို ကိုယ်တိုင်ပင် ယူဆောင်၍ လာခဲ့ဘိတကား" ဟု နှလုံး ပိုက်၍ ထိုသဝဏ်လွှာကို ဆုတ်ဖြဲပစ်ပြီးလျှင် ဃောသကလုလင်ပျို အိပ်ရာမှ မနိုးမီပင်—

"အမောင်အလုပ်သမားမှူး···· ငါ့သားကို သင့်ထံသို့ လွှတ်လိုက်ပါသည်၊ ငါ၏သူငယ်ချင်း ဂါမကသူဌေးမှာ အရွယ်သို့ ရောက်ပြီဖြစ်သော သတို့သမီး ရှိပါသည်၊ အမောင်သည် အလျင်အမြန် ငါတို့၏ အာဏာပြန့်နှံ့ရာ အရပ်၌ဖြစ်သော ဥစ္စာများကို စုဆောင်းယူပြီးလျှင် ပစ္စည်း

http://www.dhammadownload.com



တိုင်း ပစ္စည်းတိုင်း တရာစီ တရာစီဖြင့် ငါ့သား အတွက် ဂါမကသူဌေး၏ သမီးကို တောင်းယူ၍ ထိမ်းမြားမင်္ဂလာမှုကို ငါ၏ကိုယ်စား ပြုလုပ်ပေးလိုက်စေလိုပါသည်။

ထိမ်းမြား မင်္ဂလာမှု ပြုပြီးသောအခါမှာလည်း ဤမည် ဤမည်သော အခမ်းအနား အစီအမံဖြင့် မင်္ဂလာဆောင်မှု ပြုလုပ်ပြီးစီးကြောင်းကို ငါ့ထံသို့ စာရင်းနှင့်တကွ သတင်း အကျယ် ပေးပို့စေလိုပါသည်။

ငါသည် ဤ ( သားကို မင်္ဂလာဆောင်မှု ) ၌ သင့်အတွက်တာ ပြုလုပ်သင့်သည့် ကျေးဇူးတုံ့ပြန်မှုကို သိရှိပါမည်။

ကောသမ္ဗီသူဌေးကြီး
ကောသမ္ဗီပြည်

ဤကဲ့သို့ သဝဏ်လွှာကို အသစ်တဖန် ပြင်ဆင်ရေးသား၍ တံဆိပ်တူရိုက်နှိပ်ပြီးလျှင် ရှေးဖွဲ့ချည်သောနည်း အတိုင်း လက်ရာ ခြေရာမပျက် ပုဆိုးစွန်း၌ ပြန်၍ ဖွဲ့ချည်ကာ ထားလေ၏။

ဃောသက လုလင်ပျိုသည်လည်း ထိုနေ့အဖို့ရာ ထိုဂါမကသူဌေးအိမ်မှာပင် နေထိုင်၍ နောက်တနေ့၌ ဂါမကသူဌေးကို ပန်ကြားပြီးလျှင် အလုပ်သမားမှူး၏ရွာသို့ သွားရောက်၍ သဝဏ်လွှာကို ပေးအပ်လေ၏။ အလုပ်သမားမှူးသည် သဝဏ်လွှာကို ဖတ်ကြည့်ပြီးလျှင် ရွာသူရွာသားတို့ကို စည်းဝေးစေ၍ "မောင်တို့ ကသာ ငါ့ကို ဂဏန်းမထားကြခြင်းဖြစ်သည်၊ ငါ့အရှင် ကောသမ္ဗီသူဌေးကြီးက မိမိသားကြီး (ကိုဃောသက) အတွက် ပစ္စည်းမျိုးစုံ တရာစီတရာစီဖြင့် ဂါမကသူဌေးသမီးကို မင်္ဂလာ ဆောင်ယူရန် ငါ့ထံသို့ စေလွှတ်လိုက်သည်၊ (သို့ရကား) အလျှင်အမြန် ဤအရပ်၌ ဖြစ်သော ဥစ္စာများကို ဖုဆောင်းပေးအပ်ကြလော့"ဟု ပြောဆိုကာ မင်္ဂလာဆောင်ဖွယ် အသွယ်သွယ်သော အမှုကိစ္စတို့ကို ပြုလုပ်စီမံပြီးသော် ဂါမကသူဌေးထံသို့ သတင်းစကား ပေးပို့လျက် ဝန်ခံချက်ကို ရယူပြီးလျှင် ပစ္စည်းမျိုးစုံ တရာစီ တရာစီဖြင့် ကြီးကျယ်

http://www.dhammadownload.com



ခမ်းနားစွာ မင်္ဂလာဆောင်မှု ပြုလုပ်ပြီးနောက် ကောသမ္ဗီသူဌေးကြီး အထံသို့ "အကျွန်ုပ်သည် အရှင်သူဌေးမင်းတို့ ပေးပို့လိုက်သော သဝဏ်လွှာပါ အကြောင်းအရာများကို ကြားသိရပါ၍ ဤမည် ဤမည်သော အလုပ်များကို ပြီးပြေအောင် ရွက်ဆောင်အပ်ခဲ့ပါပြီ"ဟု စာရင်းအကျယ်နှင့်တကွ သဝဏ်လွှာကို ပေးပို့လေ၏။

ကောသမ္ဗီသူဌေးကြီးသည် ထိုသတင်းစကားကို ကြားသိရလေလျှင် မီးလောင်သောသူကဲ့သို့ "ဩ····ယခုအခါ ငါကား ပျက်စီးခြင်းမလှ ပျက်စီးရလေပြီတကား"ဟု တွေးတောပူပန်မှု အားကြီးသဖြင့် သွေးဝမ်းသွန်သော ရောဂါ စွဲကပ်၍ (အကြံလက်မလျှော့သေးပဲ) "ငါသည် သင်း (ဃောသက) ကို တနည်းနည်းဖြင့် ခေါ်ယူပြီးလျှင် ငါ့ဥစ္စာများကို မပိုင်ဆိုင်အောင် ပြုလုပ်မည်"ဟု အတွင်းကောက်ကြံစည်ကာ "မင်္ဂလာဆောင်မှု ပြုလုပ်ပြီးသောအခါမှစ၍ အဘယ့်ကြောင့် ငါ့သားသည် အပြင်မှာ ကြာမြင့်စွာ နေထိုင်ဘိသနည်း၊ အလျှင်အမြန် ဖခင်ထံသို့ ပြန်ခဲ့လော့"ဟူ၍ သတင်းစကား ပေးပို့စေလေ၏။

သတင်းစကားကိုကြားသိရ၍ (ရိုးသားရှာသော) ဃောသကလုလင်သည် ဖခင်ထံ ပြန်ရန် အားထုတ်လတ်သော် ဂါမက သူဌေးသမီးသည် "ဤဃောသက လူရိုး လူအ-ကား ငါ့ကို အမှီပြု၍ ဤစည်းစိမ်ကို ရပါတကားဟု မသိရှာချေ၊ တစုံတခု ဥပါယ်ပြု၍ ဤဃောသက ပြန်မသွားရအောင် ကြံဆောင်မှု သင့်တော့မည်"ဟု ကြံစည်ပြီးလျှင် "အမောင်···· အလွန်လည်း အရေးမကြီးပါလင့်၊ ဆွေမျိုးရွာသို့သွားသူမည်သည် မိမိ၏အတွက် ပတ်ဝန်းကျင် စီမံဖွယ် အသွယ်သွယ်ကို ပြုလုပ် စီမံပြီးမှသာ သွားသင့်ပါသည်"ဟု ပြောဆို၍ အချိန်ကို ဆွဲထားလေသည်။

ကောသမ္ဗီသူဌေးကြီးသည်လည်း ဃောသကလုလင် ကြာမြင့်နေသည်ကို သိရှိ၍ "အဘယ့်ကြောင့် ငါ့သားသည် ကြာမြင့်နေရသနည်း၊ ငါ့ဖခင်သည် သွေးဝမ်းသွန်သော ရောဂါသို့ ရှော်လင့်ဖွယ်မရှိအောင် ရောက်ရှိနေချေပြီ၊ ငါ့သားသည် ငါ့ကို အသက်ရှင်စဉ်ပင် လာရောက်ကြည့်ရှုရန် သင့်ပေ၏"ဟု တဖန် သတင်း

http://www.dhammadownload.com



စကားကို ပို့စေပြန်လေ၏။ ထိုအကြိမ်၌ကား သူဌေးသမီးသည် ဃောသကလုလင်ကို အတိအလင်း ဖွင့်ထုတ်၍ "အမောင်···· ကောသမ္ဗီသူဌေးကြီးသည် အမောင်၏ဖခင်မဟုတ်၊ အမောင်ကား ဖခင်ရင်းဟု မှတ်ထင်နေလေသည်၊ ထိုကောသမ္ဗီသူဌေးကြီးသည် အမောင့်ကို သတ်ဖို့ရန် အလုပ်သမားမှူးထံသို့ သဝဏ်လွှာ ပို့စေခြင်းဖြစ်သည်၊ ကျွန်တော်မသည် ထိုသတ်မိန့်လွှာကို ဆုတ်ဖွဲ့ပယ်ရှားပြီးမှ အခြား(မင်္ဂလာဆောင်ရန်) သတင်းစကားကောင်းကို ပြောင်းလွဲရေးသား၍ အမောင့်အား ဤသူဌေးစည်းစိမ်ကို ရအောင် ကြံဆောင်ခဲ့ရပါသည်၊ ထိုကောသမ္ဗီသူဌေးကြီးသည် အမောင့်ကို (ရှုံးသားစွာ ခေါ်ငင်ခြင်းမဟုတ်)၊ သားမဟုတ်ကြောင်းကို ထင်ရှားအောင်ပြုလုပ်မည်ဟူသော အကြံဖြင့် ခေါ်ငင်ခြင်းဖြစ်သည်၊ ထိုသူဌေးကြီး သေသည်တိုင်အောင် ဆိုင်းငံ့ပါဦးလော့"ဟူ၍ ပြောကြားတားမြစ်လေ၏။

ထို့နောက် ကောသမ္ဗီသူဌေးကြီး မသေသေးပဲ သေပြီဟူသော သတင်းစကားကိုကြားရ၍ ဃောသကတို့ ဇနီးမောင်နှံသည် နောက်ပါ အခြံ အရံများနှင့်တကွ ကောသမ္ဗီပြည်သို့ သွားကြလေ၏၊ သူဌေးသမီးသည် (ဆင်ခြင်ဉာဏ်ရှိသူပီပီ) ဃောသကလုလင်အား အိမ့်အပြင်ကပင် "အမောင် အိမ်ထဲဝင်လျှင် တအိမ်လုံး အမောင့်အတွက် အစောင့်အနေ ချထားပြီးမှ ဝင်ပါလေ" ဟု အမှတ် (သတိ) ပေးပြီးလျှင် မိမိကိုယ်တိုင်လည်း သူဌေးသားနှင့် အတူတကွပင် အိမ်တွင်းသို့ဝင်၍ လက်နှစ်ဖက်တို့ကို မြှောက်ချီပြီး ငိုဟန်ပြု၍ မှောင်ထဲ၌ လျောင်းနေသော ကောသမ္ဗီသူဌေးကြီး ထံသို့ ချဉ်းကပ်ပြီးလျှင် ဦးခေါင်းဖြင့် သူဌေးကြီး၏ ရင်ဝကို တအား ဆောင့်လိုက်လေ၏၊ သူဌေးကြီးသည် ပင်ကိုယ်ကပင် အားနည်းနေသူဖြစ်ရကား ထိုသို့ သူဌေးသမီးက ဦးခေါင်းဖြင့် ရင်ဝကို တအားဆောင့်လိုက်သော ဒဏ်ချက်ကြောင့်ပင် စုတိ ပြတ်ကြွေ သေလွန်လေ၏။

http://www.dhammadownload.com



### အိမ်တွင်းလူများကို သိမ်းသွင်းခြင်း

ဃောသကလုလင်သည်လည်း ဖခင်သူဌေးကြီး၏ သရီရဗျာပန ကိစ္စကို ပြုလုပ်ပြီးလျှင်"အမောင်တို့အမိတို့သည် ငါ့ကို သူဌေးကြီး၏ သားအရင်းဟူ၍ ပြောကြပါ"ဟု အတွင်းကြိတ်စကား ပြောကြားပြီးလျှင် ကောသမ္ဗီသူဌေးကြီး၏ အတွင်း နေသူများအား စိတ်ကျေနပ် လောက် အောင် လက်ဆောင် တံစိုး ပေးကမ်း၍ ထားလေ၏။

### သူဌေးကြီးရာထူးကို ရရှိခြင်း

ထိုနောက် ခုနစ်ရက်မြောက်သော နေ့၌ ကောသမ္ဗီပြည့်ရှင် ဘုရင်ဥဒေနမင်းတရားသည်"သူဌေးရာထူးနှင့် ထိုက်တန်သူတဦး ဦးကို ရမှသင့်လျော်မည်"ဟု ကြံစည်ဆင်ခြင်ပြီးလျှင် မင်းမှုထမ်းတို့ကို"အချင်းတို့....သင်တို့သည် ကွယ်လွန်သူ ကောသမ္ဗီသူဌေးကြီးမှာ သားရှိ,မရှိ သိအောင်စုံစမ်းရမည်"ဟု အမိန့်တော် ထုတ်ဆင့်ကာ သူဌေးကြီးအိမ်သို့ စုံစမ်းရေး စေလွှတ်လေ၏။ ကောသမ္ဗီသူဌေးကြီး၏ အတွင်းနေလူတို့သည် ဥဒေနမင်းအား သူဌေးကြီးမှာ ဃောသကမည်သော သားအရင်းရှိပါကြောင်း တညီတညွတ်တည်း လျှောက်ထားပြောကြားကြလေသည်။

ဥဒေနမင်းသည်"ကောင်းပြီ"ဟု ဝန်ခံ၍ ဃောသကလုလင်အား သူဌေးရာထူးကို အဆောင်အယောင်နှင့် တကွ ပေးအပ်ခန့်ထားလေ၏၊ထိုအခါမှစ၍ ဃောသကလုလင်သည်"ဃောသက သူဌေးကြီး"ဟူ၍ အမည်ထင်ရှားလေ၏။

### နေ့စဉ် တထောင်ကုန် အလှူဝတ် တည်ထားခြင်း

ထိသို့ သူဌေးကြီး ဖြစ်လာသောအခါ အိမ့်ရှင်မ အလိမ္မာ ကြွယ်သူ သူဌေးကတော်ကလေးသည်"အိုအရှင့်သား....ကျွန်မတို့ နှစ်ဦးလုံးပင် မျိုးရိုး ဇာတိ ညံ့ဖျင်း ကြသူများ ဖြစ် သော် လည်း ရှေးကပြုဘူး ကုသိုလ်ထူးကြောင့် ဤသို့ ခမ်းနားကြီးကျယ်သော သူဌေးကြီးစည်းစိမ်ကို ရရှိကြလေသည်၊ ယခုအခါလည်း မမေ့မလျော့ ကုသိုလ်ကောင်းမှုကို အကျွန်ုပ်တို့သည် ပြုကြပါစို့" ဟူ၍

http://www.dhammadownload.com



သတိပေးစကား ပြောကြားလေသည်။ ဃောသကသူဌေးကြီးသည်လည်း "ကောင်းလှပါပြီ ရှင်မ" ဟု သူဌေးကတော်ကလေး၏ သတိပေးချက်ကို လက်ခံသဘောတူပြီးလျှင် နေ့တိုင်းနေ့တိုင်း အသပြာထောင် တထောင်ကို စွန့်လွှတ်၍ နိဗဒ္ဓဒါနဝတ်ကို တည်ထား ဖြစ်စေလေ၏*။

(ဤကား ကောသမ္ဗီပြည် ဃောသကသူဌေးကြီး အကြောင်းတည်း)။

### ကောသမ္ဗီပြည်၌ဖြစ်ပေါ် ကပ်တော်မူခြင်း

ထိုအခါ၌ ကောသမ္ဗီပြည်ဝယ် ဃောသကသူဌေး, ကုက္ကုဋသူဌေး,ပါဝါရိကသူဌေးဟူ၍ သူငယ်ချင်းသူဌေးသုံးဦးတို့ ထင်ရှားဖြစ်ကြလေကုန်သည်။ သူငယ်ချင်းသူဌေးကြီး သုံးဦးလုံးပင်(ဘုရားမပွင့်သေးမီအချိန်ဖြစ်၍) ရသေ့ငါးရာတို့ကို ပြုစုလှူဒါန်းကျွေးမွေးကြလေကုန်သည်။ ရသေ့တို့သည်လည်း မိုးလေးလပတ်လုံး ထိုသူဌေးသုံးဦးတို့၏ အထံ (ကောသမ္ဗီပြည်)၌ နေကြ၍ ဆောင်းလေးလ,နွေလေးလ = ရှစ်လတို့ပတ်လုံး ဟိမဝန္တာ၌ နေကြမြဲ ဖြစ်ကုန်၏။

ဤသို့ နှစ်ပေါင်းများစွာ မနေထိုင်ခဲ့ကြရာ တနေ့သ၌ ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့ အစဉ်သဖြင့်လာကြသည်တွင် ကန္တာရ-ခရီးခဲကြီးထဲ၌ ရေမွတ်သိပ် ပင်ပန်းကြကုန်လျက် လာခဲ့ကြရာ ခရီးခဲ-ကန္တာရ၏အဆုံး၌ ပညောင်ပင်ကြီးတပင်ကို တွေ့မြင်ကြ၍ "ဤပညောင်ပင်ကြီး၏ အခြေအနေကိုတွေ့မြင်ရသည်မှာ ဧကန်ပင် ဤပညောင်ပင်ကြီး၌ တန်ခိုးကြီးမားသော ရုက္ခစိုးနတ် ရှိလိမ့်မည်၊ ထို ညောင်စောင့်နတ်မင်းသည် ငါတို့အား အကယ်၍ သောက်ရေသုံးဆောင်ရေကို ပေးပါမူကောင်းလေစွ"ဟု ကြံစည်မိကြလေကုန်သည်။

ညောင်စောင့်နတ်မင်းသည် ရသေ့တို့၏အလိုအကြံကို သိရှိ၍ "ဤရသေ့တို့အား သင့်ြပ်ချီးမြှောက်မှုပြုပေအံ့"ဟု ကြံစည်ပြီးလျှင်

* ဤ ဃောသကသူဌေးကြီးအကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၃၂၁-မှစ၍ ထုတ်နုတ်ရေးသားအပ်ပါသည်။

http://www.dhammadownload.com



မိမိအာနုဘော်ဖြင့် ညောင်ပင်ခွကြားမှ ထမ်းပိုးဦးပမာဏရှိသော ရေအယဉ်ကို ယိုစီးစေလေ၏။ ရသေ့အပေါင်းသည် ငွေတိုးနှင့်တူသော ရေလုံးကြီးကို မြင်ကြရ၍ မိမိတို့၏ခွက်တို့ဖြင့် ရေကိုခံယူသုံးဆောင်ကြ၍ "ညောင်စောင့်နတ်သည် ငါတို့အား သုံးစွဲရန် ရေကို ပေးအပ်လေပြီ၊ ဤအရပ်ကား ရွာနှင့်မနီး တောကြီးဖြစ်၏၊ ညောင်စောင့်နတ်သည် ငါတို့အား အကယ်၍ အစာအာဟာရကိုလည်း ပေးလှူပါမူ ကောင်းလေစွ"ဟူ၍ ကြံစည်ကြလေသည်။ ညောင်စောင့်နတ်သည် ရသေ့တို့အား ထိုက်တန် လျောက်ပတ်သော ဒိဗ္ဗယာဂု ခဲဖွယ်စသည်တို့ကို လှူဒါန်းဆက်ကပ်လေ၏။

တဖန် ရသေ့တို့သည် "ညောင်စောင့်နတ်ကား ငါတို့အား သုံးစွဲရန် ရေနှင့်ဘောဇဉ်ကို လှူအပ်လေပြီ၊ ငါတို့အား ညောင်စောင့်နတ်သည် ကိုယ်ထင်ပြမူ ကောင်းလေစွ"ဟူ၍ ကြံစည်ကြပြန်လေသည်။ ညောင်စောင့်နတ်သည် ရသေ့တို့၏အလိုဆန္ဒကို သိ၍ ကိုယ်ထက်ဝက် (အထက်ပိုင်း) ကို ပြလေ၏။ "အိုနတ်…. သင်၏စည်းစိမ်ကား ကြီးကျယ်လှဘိ၏၊အဘယ်ကောင်းမှု အသင် ပြု၍ ဤစည်းစိမ်ကို ရအပ်သနည်း"ဟု ရသေ့တို့က မေးလေသော် ညောင်စောင့်နတ်သည် "မကြီး မကျယ် အနည်းငယ်သော ကောင်းမှုကို ပြု၍ ဤစည်းစိမ်ကို ရအပ်ပါသည်"ဟူ၍ ဖြေကြားလေ၏။ မှန်၏—ညောင်စောင့်နတ်သည် လူ့ပြည် တုန်းက နေ့ထက်ဝက်မျှ ဥပုသ်စောင့်သုံးခဲ့သော ကောင်းမှုကို အကြောင်းပြု၍ ဤစည်းစိမ်ကို ရအပ်လေသည်။

ရှေးဦးအံ့…. ဤညောင်စောင့်နတ်ကား ရှေးဘဝက အနာထပိဏ် သူဌေးအိမ်၌ အလုပ်သမားတယောက် ဖြစ်ခဲ့လေသည်၊ သူဌေးအိမ်၌ ဥပုသ်နေ့များဝယ် အယုတ်သဖြင့် ကျွန်များ အလုပ်သမားများကိုအစပြု၍ လူအလုံးပင် ဥပုသ်စောင့်သုံးကြလေသည်။ ဤအလုပ်သမားသည် တနေ့သော(ဥပုသ်)နေ့၌ တယောက်တည်း စောစောထ၍ အလုပ်လုပ်ရာဌာနသို့ သွားရောက်လုပ်ကိုင်လေ၏။ အနာထပိဏ်သူဌေးကြီးသည် စားနပ်ရိက္ခာကို ရရှိသောလူများကို မှတ်သား စာရင်းကောက်ယူသည်ရှိသော် ထိုအလုပ်သမား

http://www.dhammadownload.com



တယောက်တည်းသာ တောသို့ သွားကြောင်း သိရ၍ ထိုအလုပ်သမား၏ ညစာအတွက် စားနပ်ရိက္ခာကို ပေးလေ၏။ ထမင်းချက်သောကျွန်မသည် တယောက်စာသာ ထမင်းချက်၍ ထိုအလုပ်သမား တောမှ ပြန်လာသောအခါ ထမင်းခူး၍ ပေးလေ၏။

အလုပ်သမားသည် "အခြားနေ့များ၌ ဤထမင်းစားချိန်မှာ တအိမ်လုံး ဆူညံလျက်ရှိ၏၊ ယနေ့မူ အလွန်ပင် တိတ်ဆိတ်လှဘိ၏၊ ဤသို့ ဖြစ်ရခြင်းသည် အကြောင်းအဘယ်သို့နည်း"ဟု ကြံစည်မိကာ ထမင်းချက်ကျွန်မကို မေးမြန်းလေသည်။ ထမင်းချက်ကျွန်မသည် ထိုအလုပ်သမားအား "ယနေ့ ဤအိမ်၌ လူအားလုံးပင် ဥပုသ်စောင့်သုံးကြသည်၊ သူဌေးကြီးသည် အမောင်တယောက်အားသာ စားနပ်ရိက္ခာ ပေးလေသည်"ဟူ၍ အကြောင်းကို ပြန်ကြားပြောဆိုသောအခါ အလုပ်သမားသည် "အမိ…. ဤအတိုင်း ဟုတ်ပါသလော"ဟု မေးမြန်းလေ၏။ ထမင်းချက်ကျွန်မက "ဟုတ်ပါသည် အရှင်…."ဟု ပြန်ကြားသောအခါ အလုပ်သမားသည် "ဤယခု ညချမ်းအခါ၌ ဥပုသ်ကို ဆောက်တည်သောသူ့အဖို့ ဥပုသ်ကျင့်သုံးမှု ဖြစ်နိုင် မဖြစ်နိုင် သူဌေးကြီးကို မေးပေးစမ်းပါ အမိ…."ဟူ၍ တိုက်တွန်းစကား ပြောကြားလေသည်။

ထမင်းချက်ကျွန်မက သွားရောက်မေးမြန်းသောအခါ "တရက်လုံး ဥပုသ်ကျင့်သုံးမှုတော့ မဖြစ်နိုင်၊ နေ့ဝက်ဥပုသ် ကျင့်သုံးမှုကား ဖြစ်နိုင်ပါ၏၊ (ယင်းသို့ နေ့ဝက်ဥပုသ်ကျင့်သုံးလျှင်လည်း) ဥပုသ်ကျင့်သုံးသည်သာ မည်ပါ၏"ဟူ၍ သူဌေးကြီးက ပြန်လည် ဖြေကြားလေသည်။

အလုပ်သမားသည် (သူဌေးကြီး၏ ဖြေကြားချက်ကို ကြားရသောအခါ) ထမင်း မစားတော့ပဲ လုပ်ကျင်း၍ ဥပုသ်အင်္ဂါများကို ဆောက်တည်ခံယူပြီးလျှင် မိမိနေရာကို ယူ၍ အိပ်လေတော့၏။ ထိုအလုပ်သမား၏ ကိုယ်ခန္ဓာမှာ အစာအာဟာရ လုံးဝမရှိရကား ညဉ့်အခါ လေပျက်၍ နံနက်မိုးသောက်ထအခါ စုတိပြတ်ကြွေ သေလွန်ပြီးလျှင် နေ့ထက်ဝက် ဥပုသ် ကျင့်သုံးခဲ့သောတောင်းမှု၏ အကျိုးဆက်ကြောင့် လမ်းမကြီးအနီး တောအုပ်ကြီး

http://www.dhammadownload.com



၏ အဝဝသ် ယခု ဖော်ပြရာပါ ပဉ္စောင်ပင်စောင့်နတ်သား ဖြစ်လာလေသည်။

ဉ္စောင်စောင့်နတ်မင်းသည် ဖော်ပြရာပါ အကြောင်းအရာ အားလုံးကို ရသေ့တို့အား ပြန်ကြားလျှောက်ထားလေသည်။ ရသေ့များက "သင် ဉ္စောင်စောင့်နတ်မင်းတို့သည် ငါတို့ကို ဘုရား,တရား,သံဃာဟူသည့် ရှေးက မကြားဘူးသော စကားကို ပြောကြားအပ်ပါကုန်ပြီ၊ လောက၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေပါသလော" ဟု မေးမြန်းသောအခါ ဉ္စောင်စောင့်နတ်က ဟုတ်မှန်ကြောင်း ပြန်ကြားလျှောက်ထားလေသည်။ တဖန် ရသေ့များက "ယခုအခါ မြတ်စွာဘုရားရှင်သည် အဘယ်အရပ်မှာ သီတင်းသုံး နေထိုင်တော်မူပါသနည်း" ဟု မေးပြန်သောအခါ "သာဝတ္ထိပြည်ကို အမှီဂေါစရဂံပြု၍ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူပါသည်"ဟု ပြန်ကြားလျှောက်ထား လေသည်။

ထိုအခါ ရသေ့တို့သည် "အသင် ဉ္စောင်စောင့်နတ်မင်းတို့.... နေရစ်ကြကုန်လော့၊ ငါတို့ ဘုရားဖူးရန် သွားကြကုန်တော့အံ့"ဟု ပြောဆိုကြကာ ဝမ်းမြောက်ဝမ်းသာ ထိုတောအုပ်မှ ထွက်ခဲ့ကြ၍ အစဉ်သဖြင့် ခရီးချီခဲ့ကြရာ ကောသမ္ဗီပြည်သို့ ဆိုက်ရောက်ကြလေကုန်၏။ သူဌေးကြီးသုံးဦးတို့သည် "ရသေ့များ ကြွလာကြပြီ" ဟု ခရီးဦး ကြိုဆိုကြပြီးလျှင် "နက်ဖြန် တပည့်တော်များ၏ဆွမ်းကို ခံ ယူ တော် မူ ကြ ပါ ကုန် ဘု ရား"ဟု လျှောက် ထား ပင့် ဖိတ် ကြ ၍ နောက်တနေ့၌ ရသေ့အပေါင်းအား ကြီးစွာသော အလှူဒါနကို ပေးလှူကြလေကုန်၏။

ရသေ့တို့သည် ဆွမ်းစားပြီးလျှင်ပြီးခြင်း "ငါတို့ သွားကြတော့မည်" ဟု ပန်ကြားကြလေသော် သူဌေးသုံးဦးတို့က "အရှင်ဘုရားတို့....အရှင်ဘုရားတို့သည် ရှေးရှေးကြွရောက်လာသော အခေါက်များက တလ, နှစ်လ, သုံးလ, လေးလ နေထိုင်ကြပြီးမှ အရပ်တပါးသို့ ကြွသွားကြပါသည်၊ ဤအခေါက်မှာမူ ယမန်နေ့ကပင် လာရောက်၍ ယနေ့ပင် သွားကြတော့မည်ဟု မိန့်တော်မူကြ

http://www.dhammadownload.com



ကုန်၏၊ ဤသို့ မိန့်တော်မူကြခြင်းမှာ အဘယ့်ကြောင့်ပါနည်း"ဟု လျှောက်ထားမေးမြန်းကြလေကုန်၏။ "ဟုတ်ပါသည် သူဌေးတို့....၊ လောကဉ္စ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေပြီ၊ အသက်အန္တရာယ်ကို မသိနိုင်ပါ၊ ထိုကြောင့် ငါတို့သည် အဆောတလျင် သွားလိုကြခြင်း ဖြစ်ပါသည်"ဟု ရသေ့တို့က ပြန်လည်မိန့်ကြားကြသောအခါ သူဌေးသုံးဦးတို့သည် "အရှင်ဘုရားတို့.... ထိုသို့ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေလျှင် အကျွန်ုပ်တို့လည်း လိုက်ကြပါမည်၊ အကျွန်ုပ်တို့နှင့် အတူတကွသာလျှင် ကြွတော်မူကြပါ"ဟူ၍ လျှောက်ထားကြလေကုန်၏။

ထိုအခါ ရသေ့တို့သည် "သင်တို့လူများမည်သည် အလုပ်ကိစ္စ အလွန်ရှုပ်ထွေး များပြားလှ၏၊ သင်တို့သည် နေရစ်ခဲ့ကြဦး၊ (နောက်မှ တဖြည်းဖြည်း လိုက်ခဲ့ကြလော့)၊ ငါတို့သည် အလျင်လက်ဦး သွားနှင့်ကြကုန်အံ့"ဟု ပြောဆိုကြ၍ ကောသမ္ဗီပြည်မှ ထွက်ခဲ့ကြပြီးလျှင် တနေရာ တနေရာမှာ နှစ်ရက်မနေကြပဲ အဆောတလျင်သွားရောက်ခြင်းဖြင့် သာဝတ္ထိပြည်သို့ ရောက်ကြ၍ ဇေတဝန်ကျောင်းတိုက်တော် မြတ်စွာဘုရားရှင် ထံမှောက်သို့သာလျှင် တောက်လျှောက် သွားရောက်ဆည်းကပ်ကြလေကုန်၏။ မြတ်စွာဘုရားရှင်၏ ထံတော်မှောက်၌ ချိုမြိန်သော တရားစကားကို ကြားနာကြရ၍ ရသေ့ငါးရာလုံးပင် ရှင်ရဟန်းပြုကြပြီးလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏။

### သူဌေးသုံးဦး သောတာပန်တည်ကြခြင်း

သူဌေးသုံးဦးတို့သည် ရသေ့များ သွားပြီးသည့်နောက်မှလည်း အစီး ငါးရာစီ လှည်းဖွယ်ဝတ္ထု အပြည့်တင်ဆောင်ကြ၍ ကောသမ္ဗီပြည်မှ ထွက်ခဲ့ကြပြီးလျှင် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်ကြ၍ ဇေတဝန်ကျောင်းတိုက်၏အနီး၌ လှည်းဝန်းဖွဲ့ကာ ယာယီမဏ္ဍပ်များ ဆောက်လုပ်ကြပြီးလျှင် မြတ်စွာဘုရားထံသို့ သွားရောက်ကြ၍ ထိခြင်းငါးမျိုးဖြင့် ရှိသေစွာ ရှိခိုးကြလျက် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေကြလေ၏။ မြတ်စွာဘုရားရှင်သည်

http://www.dhammadownload.com



ထိုသူဌေးသုံးဦးတို့အား စရိုက်နှင့်လျော်စွာ တရားဒေသနာကို ဟောကြားတော်မူလေ၏၊ ဒေသနာနိဂုံး ဆုံးသောအခါ သူဌေးသုံးဦးလုံးပင် သောတာပတ္တိဖိုလ်၌ တည်ကြ၍ နက်ဖြန်အလို့ငှါ ပင့်ဖိတ်ကြပြီးလျှင် နောက်တနေ့၌ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ကြီးစွာသော အလှူဒါနကို ပေးလှူကြလေသည်။ ထိုနည်းဖြင့်ပင် လခွဲ (= တဆယ့်ငါးရက်) ပတ်လုံး "ယာယီမဏ္ဍပ် ဆွမ်း" မည်သည်ကို ဆက်ကပ်လှူဒါန်းကြ၍ မြတ်စွာဘုရားရှင်ကို မိမိတို့၏ ကောသမ္ဗီပြည်သို့ ကြွရောက်ချီးမြှောက်တော်မူရန် တောင်းပန် လျှောက်ထားကြလေသော် မြတ်စွာဘုရားရှင်သည် "ဒါယကာသူဌေးတို့… မြတ်စွာဘုရားရှင်တို့သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်တော်မူကြကုန်သည်"ဟု မိန့်ကြားတော်မူလေ၏။

သူဌေးသုံးဦးတို့သည် "သိပါပြီ မြတ်စွာဘုရား…"ဟု လျှောက်ထားကြ၍ "အရှင်မြတ်ဘုရားတို့သည် တပည့်တော်များ သတင်းစကားပို့ရောက်ပင့်ဖိတ်သောအခါ ကြွတော်မူပါကုန်ဘုရား"ဟု လျှောက်ထားကြပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးဦးညွှတ် လက်ျာရစ်သုံးပတ် လှည့်လည်ကြ၍ သာဝတ္ထိပြည်မှ ထွက်ခွါကြကာ လမ်းခရီးအကြား တယူဇနာ တယူဇနာလျှင် စံကျောင်းတော် တဆောင်တဆောင် ဆောက်လုပ်စေကြ၍ အစဉ်သဖြင့် ကောသမ္ဗီပြည်သို့ ရောက်သည်ရှိသော်"လောက၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာပြီ"ဟု ကျေညာ ကြွေးကြော်စကား ပြောကြားကြပြီးလျှင် သူဌေးသုံးဦးလုံးပင် မိမိ မိမိတို့၏ ဥယျာဉ် အသီးသီး၌ များစွာသော ဥစ္စာကို စွန့်ကြ၍ မြတ်စွာဘုရားရှင်အတွက် ကျောင်းတိုက်ကြီးများ တည်ဆောက်ကြလေသည်။

ထိုကျောင်းတိုက်ကြီး သုံးတိုက်တို့အနက် ဃောသကသူဌေး ဆောက်လုပ်သော ကျောင်းတိုက်ကြီးသည် "ဃောသိတာရုံ" ကျောင်းတိုက်ဟု အမည်တွင်လေသည်။ ကုက္ကုဋသူဌေး ဆောက်လုပ်သော ကျောင်းတိုက်ကြီးသည်"ကုက္ကုဋာရုံ"ကျောင်းတိုက်ဟု အမည်တွင်၍ ပါဝါရိကသူဌေး မိမိ၏ သရက်ဥယျာဉ် အတွင်း

http://www.dhammadownload.com



ဆောက်လုပ်အပ်သော ကျောင်းတိုက်ကြီးကား "ပါဝါရိကမ္ဗဝန" ဟု အမည်တွင်လေသည်။

ထိုသူဌေးသုံးဦးတို့သည် ကျောင်းတိုက်ကြီးများ ဆောက်လုပ်ပြီးစီးသောအခါ "မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချီးမြှောက်တော်မူပါရန် ဤအကျွန်ုပ်တို့နေရာ ကောသမ္ဗီပြည်သို့ ကြွတော်မူပါဘုရား" ဟု မြတ်စွာဘုရား ထံတော်မှောက်သို့ တမန်စေလွှတ်၍ ပင့်ကြလေကုန်၏။

**ထမ်းခရီးအကြား မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ကို ချေချွတ်တော်မူခြင်း**

မြတ်စွာဘုရားရှင်သည် "ကောသမ္ဗီပြည်သို့ ကြွချီအံ့" ဟု များစွာသော ရဟန်းအပေါင်း ခြံရံလျက် ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် လမ်းခရီးအကြား၌ မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့၏ အရဟတ္တဖိုလ်ရကြောင်း ရှေးကောင်းမှု ဥပနိဿယည်းကို မြင်တော်မူရကား သွားမြဲသော ခရီးအစဉ်ကို ဖြတ်၍ ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးသို့ ကြွတော်မူလေ၏။

ထိုအခါ မာဂဏ္ဍီပုဏ္ဏားကြီးသည် တညဉ့်လုံး ရွာပြင်ပ၌ မီးပူဇော်မှုပြု၍ စောစောပင် ရွာတွင်းသို့ ဝင်လာဆဲဖြစ်၏။ မြတ်စွာဘုရားရှင်သည်လည်း နောက်တနေ့၌ ရွာတွင်းသို့ ဆွမ်းခံဝင်တော်မူလတ်သော် ခရီးရင်ဆိုင်၌ မာဂဏ္ဍီပုဏ္ဏားကြီးအား ကိုယ်တော်မြတ်ကို မြင်စေလေ၏။ ပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ကို မြင်လေလျှင် "ငါသည် ဤမျှရှည်ကြာ အခါပတ်လုံး ငါ့သမီး (မာဂဏ္ဍီ)နှင့် ရုပ်ရည်အဆင်း တင့်တယ်ခြင်းတူညီသော သတို့သားကို ဖွေရှာလျက် လှည့်လည်ခဲ့၏၊ ရုပ်ရည်အဆင်း တင့်တယ်ခြင်း တူညီသော်လည်း ရဟန်းအသွင်ကို ယူသော သတို့သားကိုသာ ငါတောင့်တခဲ့ပြီ၊ ဤရဟန်းသည်ကား အဆင်းလှသူ ဖြစ်၏၊ ရှုချင်ဖွယ်လည်းရှိ၏၊ ငါ့သမီးနှင့်သာ သင့်လျော် လျောက်ပတ်သောသူ ဖြစ်လေသည်" ဟု ကြံစည်ပြီးလျှင် အိမ်သို့ အလျင်အမြန် ပြန်ခဲ့လေသည်။

http://www.dhammadownload.com



(ထိုမာဂဏ္ဍီပုဏ္ဏားကြီး၏ အနွယ်အဆက်မှာ ရှေးက ရဟန်း အနွယ်အဆက်တခု ပါရှိခဲ့လေသည်၊ ထို့ကြောင့် ရဟန်းကိုမြင်လျှင်ပင် ပုဏ္ဏား၏ စိတ်သည် သမီးကို ပေးအပ်ရန် ညွတ်ခဲ့လေသည်)။

မာဂဏ္ဍီပုဏ္ဏားကြီးသည် အိမ့်ရှင်မ(=မာဂဏ္ဍီပုဏ္ဏေးမကြီး)ကို"အိုရှင်မ....ငါသည် ဤလိုရဟန်းမျိုးကို ရှေးကမမြင်အပ်စဘူး၊ (ငါ ယခုမြင်ခဲ့သော ရဟန်းသည်) ရွှေရောင်အဆင်းရှိ၏၊ မြဟ္မာမင်းကဲ့သို့သော အဆင်းရှိ၏၊ ငါ့သမီးနှင့်သာ သင့်လျော်လျောက်ပတ်သူဖြစ်၏၊ ငါ့သမီးကို လျင်မြန်စွာ တန်းဆာဆင်ပါလော့"ဟု ပြောဆိုလေ၏။ ပုဏ္ဏေးမကြီး သမီးကို တန်းဆာဆင်နေစဉ်ပင် မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ် ရပ်တည်ရာအရပ်၌ ခြေတော်ရာ(=ပါဒစေတီ) တို့ကို ချထား၍ မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလေ၏။

(အထူးမှတ်ဖွယ်။ ။မြတ်စွာဘုရားရှင်တို့၏ ခြေတော်ရာသည် အဓိဋ္ဌာန်၍ နင်းတော်မူရာ အရပ်၌သာလျှင် ထင်၏၊ အခြားအရပ်၌ မထင်။ အကြင်သူများအတွက် အဓိဋ္ဌာန်အပ်၏၊ ထိုသူများသာ ခြေတော်ရာကို မြင်ကြရကုန်၏။ ထိုသူများ မမြင်ရန် ဆင်စသောသတ္တဝါတို့ကမူလည်း နင်းကြစေကာမူ, မိုးကြီးမူလည်း သည်းထန်စွာ ရွာသွန်းစေကာမူ, ဝေရမ္ဘလေကြီးများကမူလည်း တိုက်ခတ်ကုန်စေကာမူ ထိုခြေတော်ရာကို တဦးတယောက် တခုခုကမှ ချေဖျက်ရန် မစွမ်းနိုင်ချေ။ ဓမ္မပဒ-ဋ္ဌ၊ ၁၊ ၁၂၉-မှ)။

ထို့နောက် ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီးနှင့် အတူတကွ သမီးကို ခေါ်ဆောင်၍ ထိုအရပ်သို့ လာလတ်သော် ဘုရားရှင် ရွာတွင်းသို့ ဝင်တော်မူပြီးမှ ထိုနေရာသို့ ရောက်သောကြောင့် ထိုမှ ဤမှ ကြည့်ရှု၍ မြတ်စွာဘုရားရှင်ကို မမြင်ရလေလျှင် ပုဏ္ဏေးမကြီးကို "ရှင်မ ပြုသမျှသည် ကောင်းသည်ဟူ၍ကို မရှိ၊ ရှင်မ အကျယ်ချဲ့လွန်း၍ ထိုရဟန်းသည် ထွက်ခွါ၍သွားခဲ့လေပြီ"ဟု မကျေမချမ်း ရေရွတ်စကား ပြောကြားလေ၏။ ပုဏ္ဏေးမကြီးက "အိုပုဏ္ဏား.... ထွက်ကြွသွားသည် ရှိပါစေတော့၊ အဘယ်အရပ် မျက်နှာအဖို့ဖြင့် ထွက်ကြွသွားပါသနည်း" ဟု မေးလေသော် ပုဏ္ဏားကြီးသည်

http://www.dhammadownload.com



"ဤအရပ်မျက်နှာအဖို့ဖြင့် ကြွသွားဒါပဲ"ဟု ပြောဆိုကာ မြတ်စွာဘုရား ကြွသွားတော်မူရာအရပ်ကို ကြည့်ရှုစဉ်ပင် ခြေတော်ရာ (=ပါဒစေတီတော်)တို့ကိုမြင်ရ၍ "အိုရှင်မ....ဤခြေရာတို့ကား ထိုယောကျ်ား၏ ခြေရာတို့တည်း၊ ဤအရပ်မှ ကြွသွားသည် ဖြစ်ပါလိမ့်မည်"ဟူ၍ ပြောဆိုလေ၏။

ထိုအခါ ပုဏ္ဏေးမကြီးသည် မြတ်စွာဘုရားရှင်၏ ခြေတော်ရာ (=ပါဒစေတီတော်)တို့ကို ဖူးတွေ့ရ၍ "ဤပုဏ္ဏားကား မလိမ္မာစွာ့တကား၊ မိမိ၏ ဆိုင်ရာ ဝေဒကျမ်း၏ အနက်မျှကိုပင် မသိစွာ့တကား"ဟု ကြံစည်ပြီးလျှင် ပုဏ္ဏားကြီးနှင့် ပြက်ရယ်မှု ပြုလိုသည် ဖြစ်၍ "အိုပုဏ္ဏား....သင်ကား အလွန်ပင် မလိမ္မာသူ ဖြစ်ဘိ၏၊ ဤသို့သဘောရှိသော ယောကျ်ားမြတ်အား သမီးကို ပေးအံ့ဟု ပြောမှ ပြောရက်ပလေ၊ ရာဂ, ဒေါသ, မောဟ မကင်းသော ယောကျ်ား၏ ခြေရာသည် ဤကဲ့သို့ မဟုတ်ချေ၊ စင်စစ်သော်ကား လောက၌ ကိလေသာ တည်းဟူသော အမိုးကို ဖျက်ချိုးဖွင့်လှစ်ပြီးသော သဗ္ဗညုမြတ်စွာဘုရား၏ ဤခြေတော်ရာကို သေသေချာချာကြည့်စမ်း ပုဏ္ဏား....

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊
ဒုဋ္ဌဿ ဟောတိ အဝကဍ္ဎိတံ ပဒံ။
မူဠ္ဟဿ ဟောတိ သဟသာနုပီဠိတံ။
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

**ရာဂများသူ၏ ခြေရာသည် အထယ်က မထိပဲ ရှိတတ်၏။**

**ဒေါသများသူ၏ ခြေရာသည် နောက်သို့ ငင်သကဲ့သို့ ရှိ၏။**

**မောဟများသူ၏ ခြေရာသည် ခြေဖျားဖနောင့်တို့ဖြင့် ဖိ၍ နင်းသကဲ့သို့ ရှိ၏။**

**ယခု တွေ့မြင်ရသော ဤခြေရာကား ကိလေသာ အမိုး ဖျက်ချိုးဖွင့်လှစ်ပြီးသူ သဗ္ဗညုမြတ်စွာဘုရား၏ ခြေတော်ရာသာဖြစ်၏—**

http://www.dhammadownload.com



ဟူ၍ ပြောဆိုလေ၏။ ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီးက ဤမျှ လေးနက်စွာ ပြောဆိုပါလျက်လည်း နားမဝင်ပဲ "ရှင်မသည် ရှုန် ရင်းလှဘိ၏၊ နှုတ်ထွက်ကြမ်းလှဘိ၏"ဟူ၍ ပြောဆိုလေ၏။ ထို ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အချင်းချင်း ငြင်းခုံစကား ပြောကြား နေကြစဉ် မြတ်စွာဘုရားရှင်သည် ဆွမ်းခံလှည့်လည်တော်မူ၍ ရဟန်းအပေါင်းနှင့်တကွ ဆွမ်းစားခြင်းကိစ္စ ပြုပြီးလတ်သော် မာဂဏ္ဍီပုဏ္ဏားကြီး၏ မြင်နိုင်လောက်ရာ ဥပစာအရပ်ဖြင့်ပင် ထွက်ကြွလာတော်မူလေ၏။

မာဂဏ္ဍီပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင် ကြွလာတော်မူ သည်ကို အဝေးမှပင် မြင်လတ်၍ ပုဏ္ဏေးမကြီးကို မောင်းမဲငေါက် ငမ်းပြီးလျှင် "ငါပြောသည့် ထိုယောကျ်ားကား ဤသူပင်တည်း" ဟု နှစ်သက်အားရမ်း ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားရှင်၏ ရှေ့တည့်တည့်မှ ရပ်တည်၍—

"အိုရဟန်း....ငါသည် သင့်ကို အစောကြီးကပင် ရှာ ဖွေလှည့်လည် နေပါသည်။ ဤဇမ္ဗူဒီပါကျွန်းအပြင်၌ ငါ့ သမီး နှင့် ရုပ်ရည်အဆင်း တူညီသော မိန်းမ ဟူ၍ တယောက်မျှ မရှိ၊ သင်နှင့် ရုပ်ရည်အဆင်း တူညီသော ယောကျ်ားလည်း ဤဇမ္ဗူဒီပါကျွန်းအပြင်၌ မရှိချေ။ ငါ့သမီးကို သင့်အား လုပ်ကျွေးပြုစု ယုယရန် ပေးလိုပါ၏၊ ထိုငါ့သမီးကို သင်ယူပါလော့"—

ဟူ၍ တိုက်ရိုက်တွဲတိုး ရိုးရိုးပင် ပြောလေတော့၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် မာဂဏ္ဍီပုဏ္ဏားကြီးကို—

"အိုပုဏ္ဏားကြီး....ငါဘုရားသည် ငါ့ကိုဖြားယောင်း ရန် လာရောက်ကြကာ အနီး၌ရပ်တည်ကြလျက် အထူးထူး အပြားပြား ချစ်တင်းစကား ပြောကြားကြသည့် ဝသဝတ္တီ မိုးရပ်နေ မြတ်သောအဆင်းကိုဆောင်ကြသည့် မာရ်နတ် မင်းသမီး သုံးယောက်တို့ကိုသော်မှလည်း အလိုမရှိခဲ့ချေ၊

မဟာဗုဒ္ဓဝင် ၃-၅၆

http://www.dhammadownload.com



ဤသင့်သမီး မာဂဏ္ဍီကိုကား အဘယ်မှာလျှင် ငါယူလို အံ့နည်း(=မယူလိုသည်သာတည်း)”—

ဟု မိန့်တော်မူ၍—

ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊
နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။
ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။

တဏှဉ္စ = တဏှာမည်သော မာရ်နတ်မင်းသမီးကို၎င်း။ အရတိဉ္စ = အရတိမည်သော မာရ်နတ်မင်းသမီးကို၎င်း။ ရဂဉ္စ = ရဂါမည်သော မာရ်နတ်မင်းသမီးကို၎င်း။ ဒိသွာန = အဇပါလမည်လျှင်း ပညောင်ရင်းဝယ် ရုပ်ဆင်းတန်တန် ပြုလုပ်ဖန်၍ ငါ့ထံနီးမှောက် (အပိုင်စီးမည်ဟု)လာရောက်သည်ကို မျက်မှောက်ထင်ထင် တွေ့မြင်ရပါလျက်။ မေထုနသ္မိံ = အလိုတူသူ ထိုနှစ်လူတို့ ကြည်ဖြူယုယ ပြုလုပ်ကြသား မေထုနခေါ်မှန်း အကျင့်သွမ်း၌။ ဆန္ဒော အပိ = ကာယကံမြောက် ကျင့်ဆောက်ဖို့ကား မဆိုထားဘိ လိုလားတောင့်တ တဏှာဆန္ဒမျှပင်သော်လည်း။ (မေ = ဘုရားဘုန်း၃န် ငါ့သန္တာန်၌။ ထည့်)။ နာဟောသိ = တစိုးတစိ ဥပါဒ်ဖြစ်ပွါးခြင်း မရှိခဲ့ချေ။ မုတ္တကရီသပုဏ္ဏံ = ကျင်ငယ်ကျင်ကြီး ရွံစဖွယ်အသီးသီးတို့ ယိုစီးမလောက်ပေ ပြည့်လျှမ်း၍နေသော။ ဣဒံ = ဤမာဂဏ္ဍီသူငယ်မ၏ ဝဏ္ဏမည်လျှင်း ရုပ်အဆင်းကို။ ဒိသွာ-န = မြင်ရ၍ကား။ ဆန္ဒော = လိုချင်တောင့်တ တဏှာဆန္ဒသည်။ ကိမေဝ အဟောသိ = အဘယ်မှာလျှင် အာသာစွန်းငြိ ဖြစ်တုံဘိလိမ့်နည်း။ နံ = ထိုမာဂဏ္ဍီယသူငယ်မကို။ ပါဒါပိ = ခြေဖြင့်လည်း။ သမ္ဖုသိတုံ = ပေါင်းဖက်ရန်ဝေး ထိရုံကလေးမျှ ထိခြင်းငှါ။ န ဣစ္ဆေ = ဗုဒ္ဓါနှင့်ကိလေသာ နှစ်ဖြာသောကာမ ငါ့သန္တာန်ဝယ် ကင်းပသဖြင့် မတောင့်တကေန် အလိုမရှိမှန်လှပေ၏။—

http://www.dhammadownload.com



ဟူသော ဤဂါထာကို မာဂဏ္ဍီပုဏ္ဏားကြီးအား ပြောကြားသည့် အနေမဟုတ်ပဲ အခြားသူတဦးတယောက်နှင့် ပြောကြားသကဲ့သို့ ရွတ်ဆိုဟောကြားတော်မူလေ၏။

### မာဂဏ္ဍီသူငယ်မ ရန်ငြိုးဖွဲ့ခြင်း

မာဂဏ္ဍီပုဏ္ဏေးသမီးသည် "ငါ့ကို အလိုမရှိလျှင် 'မလိုချင်' ဟူ၍သာ ရိုးသားစွာ ပြောဆိုသင့်၏၊ ယခုမူကား ဤရဟန်းဂေါတမသည် ငါ့ကိုယ်ကို ကျင်ကြီးကျင်ငယ် ရွံ့စဖွယ်အပြည့် ရှိနေသည်ကို ဖွင့်ဟပြောဆိုကာ'ခြေဖြင့်သော်မှလည်း မတို့ထိလို' ဟု ရက်ရက်စက်စက် ပစ်ပစ်ခါခါ ပြောဆိုဘိ၏၊ ရှိစေဦး၊ ငါ အထွတ်အထိပ်သို့ ရောက်ရှိလျှင် ဤရဟန်းဂေါတမ၏ သေဖို့ရန် အခွင့်အပေါက်ကိုသာ ရှာကြံကြည့်ရှုမည်"ဟူ၍ အကြံမှားကာ မြတ်စွာဘုရားရှင်အပေါ်၌ အာဃာတ( = ရန်ငြိုး)ဖွဲ့ထားလေတော့၏။

### မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အနာဂါမ်တည်ပြီးနောက် ရဟန္တာဖြစ်ကြခြင်း

မြတ်စွာဘုရားရှင်သည် မာဂဏ္ဍီသူငယ်မ၏ ရန်ငြိုးဖွဲ့မှုကို ဂရုမမူပဲ စရိုက်အားသင့်လျော်သည်ကို ချင့်မြော်ထောက်ထား၍ မာဂဏ္ဍီပုဏ္ဏားကြီးအား တရားဟောတော်မူလေ၏။ (မာဂဏ္ဍီပုဏ္ဏားကြီးအား ဟောကြားအပ်သော တရားတော်ကို သုတ္တနိပါတ် ပါဠိတော် ပိဋကတ်မြန်မာပြန် မာဂဏ္ဍိယသုတ်မှ ထုတ်ဆောင်မှတ်သားရာ၏)။ မာဂဏ္ဍိယသုတ္တန် ဒေသနာနိဂုံးဆုံးလတ်သောအခါ မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံ နှစ်ဦးလုံးပင် အနာဂါမိဖိုလ်၌ တည်ကြပြီးလျှင် ( = အနာဂါမ်အရိယာဖြစ်ကြပြီးလျှင်) "ယခုအခါ ငါတို့၏အဖို့ရာ အိမ်ရာတည်ထောင်လူ့ဘောင်၌ နေခြင်းဖြင့် အကျိုးမရှိတော့ပြီ" ဟု ဆင်ခြင်စဉ်းစားကြကာ မိမိတို့၏သမီး မာဂဏ္ဍီသူငယ်မကို ဖထွေး (=အဖေ၏ညီ) ဖြစ်သူ မာဂဏ္ဍီထံ အပ်နှံကြ၍ နှစ်ဦးလုံးပင် ရဟန်းပြုကြပြီး ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ကြသဖြင့် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြလေသတည်း။

http://www.dhammadownload.com



## ကောသမ္ဗီပြည် ကျောင်းတိုက်ကြီး သုံးတိုက်ကို အလှူခံတော်မူခြင်း

မြတ်စွာဘုရားရှင်သည်လည်း မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ကို ချေချွတ်တော်မူပြီးနောက် အစဉ်သဖြင့် ခရီးဒေသစာရီကြွချီတော်မူခဲ့ရာ များစွာသော ရဟန်းအပေါင်း ခြံရံလျက် ကောသမ္ဗီပြည်သို့ ရောက်တော်မူလေ၏။

သူဌေးသုံးဦးတို့သည် မြတ်စွာဘုရားရှင် ကြွလာတော်မူကြောင်း သတင်းကောင်းစကား ကြားသိကြရလေသော် ကြီးကျယ်ခမ်းနားစွာ မြတ်စွာဘုရားရှင် အမှူးပြုသော သံဃာတော်ကို ခရီးဦး ကြိုဆိုကြကာ ကျောင်းတိုက်သို့ အရောက်ပင့်ဆောင်ကြပြီးလျှင် ကျောင်းတိုက်သို့ ရောက်သောကာလ ထိခြင်းငါးမျိုးဖြင့် ရိုသေမြတ်နိုး ရှိခိုးကြလျက် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေကြပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်များသည် ဤကျောင်းတိုက်ကြီး သုံးတိုက်တို့ကို အရှင်ဘုရားတို့ကို ရည်ညွှန်း၍ ဆောက်လုပ်အပ်ပါကုန်ပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... စတုဒ္ဒိသာ သံဃာအား ချီးမြှောက်ခြင်းအကျိုးငှါ ထိုကျောင်းတိုက်ကြီး သုံးတိုက်တို့ကို ကရုဏာရှေးရှု အလှူခံတော်မူပါကုန်ဘုရား" ဟူ၍ လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုသူဌေးသုံးဦးတို့ လျှောက်ထားတောင်းပန်ချက်အရ ထိုကျောင်းတိုက်ကြီး သုံးတိုက်ကို အလှူခံတော်မူလေ၏။ သူဌေးတို့သည်လည်း မြတ်စွာဘုရားရှင်ကို နက်ဖြန်ကောင်းမှုကုသိုလ်အလို့ငှါ ပင့်ဖိတ်ကြ၍ ရိုသေမြတ်နိုး ရှိခိုးကြပြီးလျှင် မိမိတို့အိမ်သို့ ပြန်ကြလေကုန်၏။

(ဤမှနောက်၌ ရှင်မခုဇ္ဇုတ္တရာ, သာမာဝတီမိဖုရား, မာဂဏ္ဍီမိဖုရားတို့အကြောင်းကို ဆက်လက်ရေးသားရန်ဖြစ်သော်လည်း ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့အကြောင်းကို သံဃာရတနာအခန်းသို့ရောက်မှ ရေးသားပါမည်။ မာဂဏ္ဍီမိဖုရားအကြောင်းကိုကား ဓမ္မပဒအဋ္ဌကထာမြန်မာပြန်မှ ထုတ်နုတ်မှတ်သားကုန်ရာ၏။ ဤကျမ်း ဤအခန်း၌ကား မရေးလျှင် မထင်ရှားမည့် အချက်မျှကိုသာ အကျဉ်းဖော်ပြပါအံ့)။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်သည် ဖော်ပြရာပါအတိုင်း သူဌေးသုံးဦးတို့ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းတိုက်ကြီး သုံးတိုက်ကို အလှူခံတော်မူပြီးလျှင် နဝမမြောက်ဝါကို ထိုကောသမ္ဗီပြည်၌ပင် ကပ်ဆိုသီတင်းသုံးတော်မူလေသည်။

### မာဂဏ္ဍီမိဖုရား၏ မကောင်းမှု

ထိုသို့ မြတ်စွာဘုရားရှင် ကောသမ္ဗီပြည်၌ ဝါကပ်ဆိုတော်မူသော အချိန်တွင် မာဂဏ္ဍီသူငယ်မကား ဥဒေနမင်း၏ မိဖုရားကြီး တဦး ဖြစ်ရှိနေလေပြီ၊ ထင်ရှားစေဦးအံ့....မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ သမီးမာဂဏ္ဍီသူငယ်မကို ဖထွေးဖြစ်သူ စူဠမာဂဏ္ဍီပုဏ္ဏားထံ အပ်နှံ၍ ရဟန်းပြုသွားကြပြီးနောက် ဥဒေနမင်းသည် စူဠမာဂဏ္ဍီပုဏ္ဏားနှင့် တိုင်ပင်ပြောဆို၍ မာဂဏ္ဍီသူငယ်မကို မင်း၏ အာနုဘော်ဖြင့် ရွှေနန်းတော်သို့ ဆောင်ယူကာ အဘိသိက်သွန်းဖျန်း၍ မောင်းမ ငါးရာနှင့်တကွ ထိုမာဂဏ္ဍီမိဖုရားအား အသီးအခြား နေထိုင်ရန် အဆောင်တော်ပြာသာဒ်ကို ပေးအပ်လေသည်၊ သို့ဖြစ်၍ မာဂဏ္ဍီသူငယ်မသည် မြတ်စွာဘုရားရှင် ကောသမ္ဗီပြည်၌ နဝမဝါကပ်ဆိုတော်မူသော အချိန်တွင် ဥဒေနမင်း၏ မိဖုရားကြီးတဦး ဖြစ်ရှိနေလေပြီ။

ထိုမာဂဏ္ဍီမိဖုရားသည် မြတ်စွာဘုရားရှင် ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူလာပြီဖြစ်ကြောင်း သတင်းစကား ကြားသိရလျှင်ပင် ရှေးက ရန်ငြိုးဖွဲ့ခဲ့သည့် အတိုင်း အစုတ်စုတ် အပြတ်ပြတ် အငတ်ငတ်အမူးမူး သေသောက်ကြူးများကို ခေါ်စေပြီးလျှင် ထိုသူတို့အား တံစိုးလက်ဆောင်ပေး၍ "သင်တို့သည် ရဟန်းဂေါတမကို ဤနည်း ဤနည်းဖြင့် ဆဲရေးကြလော့"ဟု သင်ကြားပြောဆိုကာ လွှတ်လိုက်လေ၏။

သူဌေးသုံးဦးတို့ ပင့်ဖိတ်လျှောက်ထားချက်အရ မြတ်စွာဘုရားရှင် သံဃာတော်အပေါင်း ခြံရံတော်မူလျက် ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူသောအခါ မာဂဏ္ဍီမိဖုရား ခိုင်းစေထားသည့် သေသောက်ကြူးတို့သည် အခြံအရံ ရဟန်းသံဃာ

http://www.dhammadownload.com



နှင့် တကွသော မြတ်စွာဘုရားရှင်ကို အထူးထူး အပြားပြား ဆဲရေးစကား ပြောကြားကြလေကုန်၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဤသို့သဘောရှိသော အဆဲရေးခံရသည့် မြို့၌ မနေကြပါနှင့်စို့၊ အခြားတမြို့သို့ သွားကြပါကုန်စို့" ဟူ၍ လျှောက်ထားလေသော် မြတ်စွာဘုရားရှင်သည် "ချစ်သား အာနန္ဒာ....မြတ်စွာဘုရားတို့မည်သည် လောကဓံ ရှစ်ပါးတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျှင်းမရှိကြကုန်၊ ဤယခု ဆဲရေးသော အသံသည်လည်း ခုနစ်ရက်ကို မလွန်နိုင်လတ္တံ့၊ ဆဲရေးသူတို့ အပေါ်မှာသာ ကျရောက်ပေလိမ့်မည်၊ သင်ချစ်သားသည် ထွေရာလေးပါး အကြံများ၍ မနေပါလင့်"ဟု မိန့်တော်မူလေ၏။ (ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၏ အကျဉ်း ဖွင့်ပြချက်တည်း။ ထိုအကြောင်းအရာ အကျယ်ကို ဓမ္မပဒအဋ္ဌကထာ၊ ၂၊ ၂၃-နာဂဝဂ်၊ အတ္တဒဏ္ဍဝတ္ထုအဖွင့် စာမျက်နှာ ၃၀၇-မှ ထုတ်နုတ်မှတ်သားကုန်ရာ၏)။

### သူဌေးသုံးဦးတို့၏ ထူးချွန်သော စေတနာ

ကောသမ္ဗီပြည် သူဌေးသုံးဦးတို့သည် ကြီးစွာသော ပူဇော်သက္ကာရမှုဖြင့် မြတ်စွာဘုရားရှင်ကို မြို့တွင်းသို့ ပင့်ဆောင်ကြပြီးလျှင် ကြီးစွာသော အလှူဒါနကို ပေးလှူကြလေကုန်၏။ (မြတ်စွာဘုရားရှင်သည် သူဌေးသုံးဦးတို့ ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းတိုက်ကြီး သုံးတိုက်တို့၌ အလှည့်အလည် သီတင်းသုံးနေထိုင်တော်မူလေသည်၊ ယနေ့ ဃောသိတာရုံကျောင်းတိုက်၌ သီတင်းသုံးလျှင် နောက် တ နေ့ ၌ ဃော သ က သူ ဌေး အိမ် သို့ ဆွမ်းစားကြွတော်မူသည်။ ယနေ့ ကုက္ကုဋာရုံကျောင်း၌ သီတင်းသုံး နေထိုင်တော်မူလျှင် နောက်တနေ့ ကုက္ကုဋသူဌေးအိမ်သို့ ဆွမ်းစားကြွတော်မူသည်။ ယနေ့ ပါဝါရိကမ္ဗဝနကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူလျှင် နောက်တနေ့ ပါဝါရိကသူဌေးအိမ်သို့ ဆွမ်းစားကြွတော်မူသည်။ ။(ဓမ္မပဒ-ဋ္ဌ၊ ၁၊ ၁၃၃-မှ)။

http://www.dhammadownload.com



သူဌေးသုံးဦးတို့ တဦးလျှင် တလှည့်စီ အလှူကြီး ပေးလှူကြ၍ တလလွန်မြောက်သောအခါ သူဌေးသုံးဦးတို့၏ စိတ်သန္တာန် ဝယ်—

"ဘုရားရှင်တို့မည်သည် အလုံးစုံသော လူအပေါင်းကို သနားစောင့်ရှောက် ချီးမြှောက်တော်မူကြရန် ပွင့်ထွန်း တော်မူကြခြင်း ဖြစ်သည်၊ အခြားလူများအားလည်း ကုသိုလ်ကောင်းမှု ပြုလုပ်ကြရန် အခွင့်ပေးကြကုန်အံ့"—

ဟူ၍ အကြံအစည် ဖြစ်ရှိလာလေသည်။ ထိုနောက် သူဌေးသုံးဦး တို့သည် ကောသမ္ဗီ ပြည်သူ ပြည်သားတို့အားလည်း ကုသိုလ် ကောင်းမှုပြုလုပ်ကြရန် အခွင့်ပေးကြလေကုန်၏။ ထိုအချိန်မှစ၍ မြို့သူမြို့သား လူအများတို့သည်လည်း ယပ်အလိုက် ရပ်ကွက် အလိုက် အသင်းအဖွဲ့အလိုက် ကြီးစွာသော အလှူဒါနကို ပေးလှူ ကြလေကုန်၏။

## သံဃဝိဝါဒါဓိကရုဏ်း ကြီးစွာဖြစ်ခြင်း

မြတ်စွာဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း တိုက်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး နေထိုင်တော်မူသော အခါ ဝိနည်းဆောင်ရဟန်း, သုတ္တန်ဆောင်ရဟန်း ဤရဟန်း နှစ်ပါးတို့သည် တခုသောကျောင်း၌ နေထိုင်ကြကုန်၏။ ထိုရဟန်း နှစ်ပါးတို့အနက် သုတ္တန်ဆောင်ရဟန်းသည် တနေ့သ၌ဝစ္စကုဋီသို့ ဝင်ပြီးသော် သန့်သက်ရေခွက်၌ ရေကြွင်းရေကျန်ကို ထား၍ အမှတ်တမဲ့ ထွက်ခဲ့လေ၏။ ဝိနည်းဆောင်ရဟန်းသည် နောက်မှ ဝစ္စကုဋီသို့ ဝင်လတ်သော် ထိုရေကြွင်းရေကျန်ကို တွေ့မြင်ရ၍ ဝစ္စကုဋီမှ ထွက်ခဲ့ပြီးလျှင် သုတ္တန်ဆောင် ရဟန်းကို "ငါ့ရှင်.... ဤသန့်သက်ရေကြွင်းကို သင်ထားခဲ့သလော" ဟု မေးလေ၏၊ "အိမ်း ဟုတ်ပေသည် ငါ့ရှင်...."ဟု သုတ္တန်ဆောင် ရဟန်းက ရိုးသားစွာ ဝန်ခံလတ်သည်တွင် ဝိနည်းဆောင် ရဟန်းသည် "အသျှင်နည်း ငါ့ရှင်သည် ဤသန့်သက်ရေကြွင်းကို ထားရာ၌ အာပတ်သင့်သည်ကို မသိဘူးလော"ဟု မေးလေ၏။ "အိမ်း

http://www.dhammadownload.com



မသိပါ ငါ့ရှင်….”ဟု သုတ္တန်ဆောင်ရဟန်းက ဆိုလေသော် ဝိနည်းဆောင်ရဟန်းသည် “ငါ့ရှင်…. ဤသို့ သန့်သက်ရေကြွင်းကို ခွက်အတွင်း ထားခဲ့ရာ၌ အာပတ်သင့်၏” ဟု ပြောဆိုလေ၏။ “အာပတ်သင့်လျှင် ဒေသနာကြားပါမည် ငါ့ရှင်….”ဟု သုတ္တန် ဆောင် ရဟန်းက ဆိုလေသော် ဝိနည်းဆောင် ရဟန်းသည် “ငါ့ရှင်…. အကယ်၍ သင်သည် စေတနာမရှိပဲ မေ့လျော့သဖြင့် ပြုမိခဲ့လျှင် အာပတ်မသင့်ပါ”ဟူ၍ ပြောဆိုလေ၏။ ထိုသို့ ပြောဆို သည့်အတွက် သုတ္တန်ဆောင် ရဟန်းသည် သန့်သက်ရေကြွင်း ထားခဲ့ခြင်းကြောင့် သင့်ရောက်သော ဒုက္ကဋ်အာပတ်၌ အာပတ် မသင့်ဟု အယူရှိလေတော့၏။

(ဤ၌။ ။ဝိနည်းဆောင် ရဟန်းက “စေတနာမရှိ သတိမေ့၍ သန့်သက်ရေကြွင်း ထားရာ၌ အာပတ်မသင့်မှု တဖက်လည်း ဖြစ်သင့် သည်”ဟု ယူဆမှတ်ထင်ကာ“အာပတ်မသင့်ပါ”ဟူ၍ ပြောဆိုလေသည်။ စင်စစ်မူ စေတနာရှိ၍ဖြစ်စေ, မရှိမူ၍ဖြစ်စေ သန့်သက်ရေကြွင်း ထားရှိ ခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်သည်သာ ဖြစ်၏)။

ဝိနည်းဆောင်ရဟန်းသည်လည်း မိမိ၏ တပည့်များကို “ဤ သုတ္တန်ဆောင် ရဟန်းသည် အာပတ်သင့်လျက်လည်း ဘာမှ မသိ”ဟူ၍ ရှုတ်ချစကား ပြောကြားလေ၏၊ ထို ဝိနည်းဆောင် ရဟန်း၏ တပည့်တို့သည် သုတ္တန်ဆောင်ရဟန်း၏ တပည့်များကို တွေ့မြင်လျှင်“သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အာပတ်သင့်၍လည်း အာပတ်သင့်မှန်း မသိ” ဟု ကဲ့ရဲ့စကား ပြောကြားကြလေကုန်၏။ သုတ္တန်ဆောင်ရဟန်း၏ တပည့်များက မိမိတို့ဆရာထံ သွား ရောက်၍ ထို အကြောင်းကို လျှောက်ထားကြလေကုန်သော် သုတ္တန်ဆောင် ရဟန်းသည် “ဤဝိနည်းဆောင်ရဟန်းကား ရှေး တုန်းကတော့ အာပတ်မသင့်ဟု ပြောပြီးမှ ယခု အာပတ်သင့်၏ ဟု ပြောပြန်၏၊ ဤ ဝိနည်းဆောင် ရဟန်းသည် မုသားစကား ပြောကြားဘိ၏”ဟု ပြန်လည်ချေပသည့်စကား ပြောကြားလေ၏။

သုတ္တန်ဆောင်ရဟန်း၏ တပည့်များသည် သွားကြ၍ “သင် တို့၏ ဥပဇ္ဈာယ်ဆရာ = ဝိနည်းဆောင်ရဟန်းသည် မုသားစကား

http://www.dhammadownload.com



ပြောကြားသူ ဖြစ်၏”ဟု ပြောကြကာ ဤနည်းဖြင့် အချင်းချင်း အငြင်းစကား တိုးပွါးစေကြလေကုန်၏။ ထို့နောက် ဝိနည်းဆောင် ရဟန်းသည် အပင်းအသင်း အခွင့်အပေါက်ကိုရ၍ သုတ္တန်ဆောင် ရဟန်းအား“အာပတ္တိယာ အဒဿနေ ဥက္ခေပနီယကံ = အာ-ပတ်သင့်သည်ကို အာပတ်သင့်၏ဟု မရှုခြင်းကြောင့် သံဃာက စွန့်ပယ်သော ဝိနည်းကံကို” ပြုလေတော့၏။

ဥက္ခေပနီယကံ အပြုခံရသော သုတ္တန်ဆောင် ရဟန်းသည် လည်း ဗဟုသုတ–စသော ဂုဏ်နှင့် ပြည့်စုံသူဖြစ်ရကား အဆွေ ခင်ပွန်း ချစ်ကျွမ်းဝင်သောရဟန်းတို့ထံ ချဉ်းကပ်ပြီးလျှင် “ငါ့ရှင် တို့….ထိုအမှုကား အာပတ်မသင့်သောအမှုသာ ဖြစ်၏၊ အာပတ် သင့်သောအမှု မဟုတ်ပါ။ ငါလည်း အာပတ်မသင့်သူသာ ဖြစ်၏၊ အာပတ်သင့်သူ မဟုတ်။ (ငါ့ကို သူတို့က ဥက္ခေပနီယကံ ပြုကြ သော်လည်း စင်စစ်မှာ)ဥက္ခေပနီယကံ ပြုအပ်သူမမည်ချေ၊အဓမ္မ မှုဖြင့် ဥက္ခေပနီယကံ အပြုခံရခြင်းဖြစ်သည်၊ အရှင်တို့သည် တပည့် တော်၏ ဓမ္မဝိနယအပင်းအသင်းများ ဖြစ်ကြပါကုန်” ဟု ပြောဆို သောကြောင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရဟန်း အပင်း အသင်းကို ရရှိလေသည်၊ ဇနပုဒ်ကျေးလက် နယ်ပယ်၌နေကြသည့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရဟန်းတို့ထံသို့လည်း ထိုအတူပင် တမန်စေလွှတ်ကာ ပြောကြားသောကြောင့် ဇနပုဒ် ကျေးလက် နယ်ပယ်၌ နေကြသည့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရဟန်း အပင်းအသင်းကိုလည်း ရရှိပြန်လေ၏။

ထို့နောက် ဥက္ခိတ္တာနုဝတ္တကရဟန်း ( = ဥက္ခေပနီယကံ အပြုခံရသည့် သုတ္တန်ဆောင်ရဟန်း၏ နောက်လိုက် တပည့် ရဟန်း) များသည် ဥက္ခေပကရဟန်း ( = ဥက္ခေပနီယကံ ပြုကြသော ရဟန်း) များထံ သွားရောက်ကြ၍ ဥက္ခေပက ရဟန်းတို့ကို “ငါ့ရှင်တို့ …. ထိုအမှုကား အာပတ် မသင့်သော အမှုသာ ဖြစ်၏။ အာပတ်သင့်သော အမှု မဟုတ်ပါ။ ဤ သုတ္တန် ဆောင် ရဟန်းသည်လည်း အာပတ်မသင့်သူသာ ဖြစ်၏။ အာ-ပတ်သင့်သူ မဟုတ်ပါ။ (ငါတို့ဆရာကို ငါ့ရှင်တို့က ဥက္ခေပနီယကံ

http://www.dhammadownload.com



ပြုကြသော်လည်း စင်စစ်မှာ) ဥက္ခေပနီယကံ ပြုအပ်သူမမည်ချေ၊ အဓမ္မမှုဖြင့် ဥက္ခေပနီယကံ အပြုခံရခြင်းသာ ဖြစ်၏”ဟူ၍ ချေပ ပြောဆိုကြလေသည်။

ထိုအခါ ဥက္ခေပကရဟန်းတို့သည် ဥက္ခိတ္တာနုဝတ္တကရဟန်း တို့ကို “ငါ့ရှင်တို့ ···· ထိုအမှုကား အာပတ်သင့်သောအမှုသာ ဖြစ်၏၊ အာပတ်မသင့်သောအမှု မဟုတ်။ ထိုသုတ္တန်ဆောင် ရဟန်းသည်လည်း အာပတ်သင့်သူသာ ဖြစ်၏၊ အာပတ်မသင့်သူ မဟုတ်။ ထိုသုတ္တန်ဆောင်ရဟန်းသည် ဥက္ခေပနီယကံပြုအပ်သူ မည်သည်သာ ဖြစ်၏၊ ပြုအပ်သူ မမည်သည် မဟုတ်။ ဓမ္မမှုဖြင့် ဥက္ခေပနီယကံ အပြုခံရခြင်း ဖြစ်သည်။ အရှင်တို့····အရှင်တို့သည် ထိုဥက္ခိတ္တကရဟန်းကို အတုလိုက်ကာ မကျင့်ကြပါလင့်၊ ထို ရဟန်းနောက် ကောက်ကောက်လိုက်ကာ မခြီရံကြပါကုန်လင့်” ဟူ၍ ပြောဆိုကြကုန်၏။ ထိုသို့ ပြောဆိုအပ်ကုန်ပါသော်လည်း ထို ဥက္ခိတ္တာနုဝတ္တကရဟန်းတို့သည် ရှေးနည်းအတူပင် သုတ္တန် ဆောင် ဥက္ခိတ္တကရဟန်းကို အတုလိုက်ကာ ကျင့်မြဲကျင့်ကြကုန်၏၊ အစဉ်တစိုက် နောက်ကလိုက်ကာ ခြီရံမြဲ ခြီရံကြလေကုန်၏။

### မြတ်စွာဘုရားရှင် နှစ်ဖက်သို့ပင် ကြွရောက်၍ တရားဟောတော်မူခြင်း

ထိုအခါ မထင်မရှား ရဟန်းတပါးသည် မြတ်စွာဘုရားရှင်ထံ မှောက်သို့ သွားရောက်ဆည်းကပ်ကာ ရိုသေစွာ ရှိခိုးပြီးနောက် သင့်လျော်ပတ်ရာ၌ ထိုင်နေပြီးသော် ရှေးဖော်ပြရာပါ အကြောင်းအရာ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထား လေလျှင် မြတ်စွာဘုရားရှင်သည် “ရဟန်းသံဃာကား ကွဲပြား လေပြီ၊ ရဟန်းသံဃာကား ကွဲပြားလေပြီ”ဟု အရေးကြီးသည့် စကား နှစ်ကြိမ်တိုင် မိန့်ကြားတော်မူပြီးလျှင် နေရာတော်မှ ထ၍ ဥက္ခေပကရဟန်းတို့ထံ ကြွရောက်တော်မူကာ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူလေ၏။

(**“ရဟန်းသံဃာကား ကွဲပြားလေပြီ၊ ရဟန်းသံဃာကား ကွဲပြား လေပြီ”ဟူသော ဤစကားရပ်၌ ထိုအချိန်ဝယ် သံဃာကား ကွဲပြားပြီး**

http://www.dhammadownload.com



မဟုတ်သေးချေ၊ ထိုသို့ ဖြစ်သော်လည်း ဥပမာအားဖြင့် မိုးရွာသော အခါ ကောက်စပါးများ ကေန်ပင် မှည့်ကြရင့်ကြမည်ဖြစ်သည်ကို အစွဲ ပြု၍ "ယခုအခါ ကောက်စပါးများ မှည့်ကြရင့်ကြပြီ"ဟု ပြောဆို သကဲ့သို့ ထို့အတူပင် ဤယခု အငြင်းပွါးမှုဟူသော အကြောင်းကြောင့် နောက်အချိန်၌ သံဃာသင်းကွဲမည်ကို အစွဲပြု၍ "ရဟန်းသံဃာကား ကွဲပြားလေပြီ၊ ရဟန်းသံဃာကား ကွဲပြားလေပြီ"ဟု မိန့်ဆိုတော်မူခြင်း ဖြစ်သည်။)

ထိုင်နေတော်မူပြီးလျှင် မြတ်စွာဘုရားရှင်သည် ဥက္ခေပက ရဟန်းတို့ကို—

"ရဟန်းတို့....သင်တို့သည် 'ငါသိသည် ငါတတ်သည်' ဟု အထင်ကြီးကာ သာမန်အကြောင်း ဝတ္ထုကြောင့် အခြားရဟန်းတပါးကို ဥက္ခေပနီယကံပြုထိုက်သည် (= နှင်ထုတ်ထိုက်သည်)ဟူ၍ မမှတ်ကြကုန်လင့်၊

ရဟန်းတို့....ရဟန်းတပါးပါးသည် အာပတ်သင့်လျက် ထိုအာပတ်၌ အာပတ်မဟုတ်ဟု အယူရှိ၏။ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်သင့်၏ဟု အယူ ရှိကုန်၏။ ရဟန်းတို့....ထိုအာပတ်သင့်၏ဟု အယူရှိသော ရဟန်းတို့သည် အာပတ်မဟုတ်ဟု အယူရှိသော ထိုရဟန်း ကို'ဤအရှင်သည် အကြားအမြင်များသူ ပါဠိတော်ကို နှုတ်တက်ရသူ ဓမ္မဝိနယနှင့် ပါတိမောက်ကို ဆောင်သူ ပညာရှိသူ ကျွမ်းကျင်လိမ္မာသူ ရှက်တတ်သူ သံသယ ကုက္ကုစ္စရှိသူ သိက္ခာသုံးပါးကို လိုလားသူဖြစ်သည်၊ ငါတို့ သည် ဤရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်မှု တည်းဟူသော ဥက္ခေပနီယကံကို ပြုလုပ်၍ (၁)ဤရဟန်း နှင့်အတူ ဥပုသ်မပြုပဲ ဤရဟန်းနှင့်ကင်း၍(ခွဲ၍)သာ ဥပုသ် ပြုခဲ့လျှင် သံဃာ၏ မျက်မှောက်မျက်ကွယ် ငြင်းခုံခြင်း ထိပါး နှောက်ယှက် ဆန့်ကျင်ဖက်စကား ပြောကြားခြင်း သံဃာ ၏ ကွဲပြားခြင်း ကွဲပြားအံ့သောအရေးအခင်း ဖြစ်ပေါ်ခြင်း သံဃာ၏ ခြားနားခြင်း သီးခြားပြုခြင်းများ ဖြစ်ပေါ်လာ လိမ့်မည်'ဟု အကယ်၍ သိကုန်ငြားအံ့၊ ရဟန်းတို့....

http://www.dhammadownload.com



သံဃာကွဲပြားအံ့သည်ကို အလေးဂရုပြုကြသော ရဟန်းတို့သည် ထိုအာပတ်မဟုတ်(=အာပတ်မသင့်)ဟုအယူရှိသောရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်မှုတည်းဟူသော ဥက္ခေပနီယကံကို မပြုလုပ်သင့်။

ရဟန်းတို့....ရဟန်းတပါးပါးသည် အာပတ်သင့်လျက် ထိုအာပတ်၌ အာပတ်မဟုတ် (=အာပတ်မသင့်) ဟု အယူရှိ၏၊ အခြားသောရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်ဟုတ်၏ (=အာပတ်သင့်၏)ဟု အယူရှိကုန်၏။ ရဟန်းတို့....ထိုအာပတ်သင့်၏ဟု အယူရှိသော ရဟန်းတို့သည် အာပတ်မဟုတ်ဟု အယူရှိသော ထိုရဟန်းကို 'ဤအရှင်သည် အကြားအမြင်များသူ ပါဠိတော်ကို နှုတ်တက်ရသူ ဓမ္မဝိနယနှင့် ပါတိမောက်ကို ဆောင်သူ ပညာရှိသူ ကျွမ်းကျင်လိမ္မာသူ ရှက်တတ်သူ သံသယကုက္ကုစ္စရှိသူ သိက္ခာသုံးပါးကို လိုလားသူဖြစ်သည်။ ငါတို့သည် ဤရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်မှုတည်းဟူသော ဥက္ခေပနီယကံကို ပြုလုပ်၍ (၂)ဤရဟန်းနှင့်အတူ ပဝါရဏာမပြုကြပဲ ဤရဟန်းနှင့် ကင်း၍(ခွဲ၍)သာ ပဝါရဏာပြုကြလျှင်၊ (ပေယျာလ)၊

(၃) ဤရဟန်းနှင့်အတူ သံဃကံကိုမပြုကြပဲ ဤရဟန်းနှင့် ကင်း၍(ခွဲ၍)သာ သံဃကံကို ပြုကြလျှင်—

(၄) ဤရဟန်းနှင့်အတူ နေရာ၌ မထိုင်ကြပဲ ဤရဟန်းနှင့် ကင်း၍(ခွဲ၍)သာ နေရာ၌ ထိုင်ကြလျှင်—

(၅) ဤရဟန်းနှင့်အတူ ယာဂုသောက်ရာ၌ မထိုင်ကြပဲ ဤရဟန်းနှင့် ကင်း၍(ခွဲ၍)သာ ယာဂုသောက်ရာ၌ ထိုင်ကြလျှင်—

(၆) ဤရဟန်းနှင့်အတူ ဆွမ်းစားစရပ်၌ မထိုင်ကြပဲ ဤရဟန်းနှင့် ကင်း၍(ခွဲ၍)သာ ဆွမ်းစားစရပ်၌ ထိုင်ကြလျှင်—

http://www.dhammadownload.com



(၇) ဤရဟန်းနှင့်အတူ တမိုးတရံတည်းသော ကျောင်း၌မနေကြပဲ ဤရဟန်းနှင့် ကင်း၍(ခွဲ၍)သာ တမိုး တရံတည်းသောကျောင်း၌ နေကြလျှင်—

(၈) ငါတို့သည် ဤရဟန်းနှင့်အတူ ထေရ်စဉ်ဝါ လိုက် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရို အသေပေးခြင်းကို မပြုကြပဲ ဤရဟန်းနှင့် ကင်း၍ (ခွဲ၍)သာ ထေရ်စဉ်ဝါလိုက် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပေးခြင်းကို ပြုကြလျှင် သံဃာ၏ မျက်မှောက်မျက်ကွယ် ငြင်းခုံခြင်း ထိပါးနှောက် ယှက် ဆန့်ကျင်ဖက်စကား ပြောကြားခြင်း သံဃာ၏ကွဲပြား ခြင်း ကွဲပြားအံ့သော အရေးအခင်း ဖြစ်ပေါ်ခြင်း သံဃာ၏ ခြားနားခြင်း သီးခြားပြုခြင်းများ ဖြစ်ပေါ်လာလိမ့်မည်’ ဟု အကယ်၍ သိကုန်ငြားအံ့၊ ရဟန်းတို့····သံဃာကွဲပြား အံ့သည်ကို အလေးဂရုပြုကြသော ရဟန်းတို့သည် ထို အာပတ်မဟုတ် (= အာပတ်မသင့်)ဟု အယူရှိသော ရဟန်းကို အာပတ်ကိုမရှုခြင်းကြောင့် နှင်ထုတ်မှုတည်းဟူ သော ဥက္ခေပနီယကံကို မပြုလုပ်သင့်”—

ဟူ၍ သံဃညီညွတ်ရေးတရား ဟောကြားမတော်မူလေသည်။ ထို့ နောက် မြတ်စွာဘုရားရှင်သည် ဥက္ခေပက ရဟန်းတို့အား ဤ အကြောင်းကို ဟောကြားတော်မူပြီးလျှင် နေရာတော်မှ ထ၍ ဥက္ခိတ္တာနုဝတ္တကရဟန်း (ကံပြုခံရသော သုတ္တန်ဆောင်ရဟန်း၏ နောက်လိုက်ရဟန်း) များထံသို့ ကြွရောက်တော်မူကာ ခင်းထား အပ်သော နေရာ၌ ထိုင်နေတော်မူပြီးလျှင် ထိုကံပြုခံရသော ရဟန်း၏တပည့် နောက်လိုက်ရဟန်းတို့ကို—

“ရဟန်းတို့····သင်တို့သည် အာပတ်သင့်ပါလျက် ‘ငါ တို့ အာပတ်မသင့်ကြ၊ ငါတို့ အာပတ်မသင့်ကြ’ ဟု နှလုံး သွင်းကြကာ အာပတ်ကို မကုစားရဟု မမှတ်ကြကုန်လင့်၊

http://www.dhammadownload.com



ရဟန်းတို့....ရဟန်းတပါးပါးသည် အာပတ်သင့်လျက် ထိုအာပတ်၌ အာပတ်မဟုတ်( = အာပတ်မသင့်)ဟုအယူ ရှိ၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာ-ပတ်ဟုတ်၏( = အာပတ်သင့်၏)ဟုအယူရှိကုန်၏။ရဟန်း တို့.... အာပတ်မသင့်ဟု အယူရှိသော ထိုရဟန်းသည် အာပတ်သင့်၏ ဟု အယူရှိသော ထိုရဟန်းတို့ကို 'ဤ အရှင်တို့သည် အကြား အမြင်များသူများ ပါဠိတော်ကို နှုတ်တက်ရသူများ ဓမ္မဝိနယနှင့် ပါတိမောက်ကို ဆောင် သူများ ပညာရှိသူများ ကျွမ်းကျင်လိမ္မာသူများ ရှက်တတ် သူများ သံသယကုက္ကုစ္စရှိသူများ သိက္ခာသုံးပါးကို လို လားသူများ ဖြစ်ကြသည်။ ငါ့အတွက်ကြောင့်ဖြစ်စေ သူ တပါးတို့အတွက်ကြောင့်ဖြစ်စေ ချစ်ခြင်း,မုန်းခြင်း,ကြောက် ခြင်း,မသိခြင်းများကြောင့် မလားအပ်သည့်သို့ လားခြင်းငှါ ( = အဂတိလေးပါး လိုက်စားခြင်းငှါ) မထိုက်ကြချေ၊ ငါ့ကို ဤရဟန်းတို့သည် အာပတ်ကို မရှုခြင်းကြောင့် နှင် ထုတ်မှု တည်းဟူသော ဥက္ခေပနီယကံကို ပြုလုပ်ကြ၍—

(၁) ငါနှင့်အတူ ဥပုသ်မပြုကြပဲ ငါနှင့် ကင်း၍(ခွဲ၍) သာ ဥပုသ်ပြုကြလျှင်၊ (ပေယျာလ)၊

(၂) ငါနှင့်အတူ ပဝါရဏာမပြုကြပဲ ငါနှင့်ကင်း၍ (ခွဲ၍) သာ ပဝါရဏာ ပြုကြလျှင်—

(၃) ငါနှင့်အတူ သံဃကံကို မပြုကြပဲ ငါနှင့်ကင်း၍ (ခွဲ၍) သာ သံဃကံကို ပြုကြလျှင်—

(၄) ငါနှင့်အတူ နေရာ၌ မထိုင်ကြပဲ ငါနှင့်ကင်း၍ (ခွဲ၍) သာ နေရာ၌ ထိုင်ကြလျှင်—

(၅) ငါနှင့်အတူ ယာဂုသောက်ရာ၌ မထိုင်ကြပဲ ငါ နှင့် ကင်း၍(ခွဲ၍)သာ ယာဂုသောက်ရာ၌ ထိုင်ကြလျှင်—

(၆) ငါနှင့်အတူ ဆွမ်းစားစရပ်၌ မထိုင်ကြပဲ ငါနှင့် ကင်း၍ (ခွဲ၍) သာ ဆွမ်းစားစရပ်၌ ထိုင်ကြလျှင်—

http://www.dhammadownload.com



(၇) ငါနှင့်အတူ တမိုးတရံတည်းသော ကျောင်း၌ မနေကြပဲ ငါနှင့် ကင်း၍(ခွဲ၍)သာ တမိုးတရံတည်းသော ကျောင်း၌ နေကြလျှင်—

(၈) ဤရဟန်းတို့သည် ငါနှင့်အတူ ထေရ်စဉ်ဝါလိုက် ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေ ပေးခြင်းကို မပြုကြပဲ ငါနှင့်ကင်း၍(ခွဲ၍)သာ ထေရ်စဉ် ဝါလိုက် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရို အသေပေးခြင်းကို ပြုကြလျှင်—

သံဃာ၏ မျက်မှောက် မျက်ကွယ် ငြင်းခုံခြင်း ထိပါး နှောက်ယှက် ဆန့်ကျင်ဖက်စကား ပြောကြားခြင်း သံဃာ ၏ကွဲပြားခြင်း ကွဲပြားအံ့သော အရေးအခင်း ဖြစ်ပေါ်ခြင်း သံဃာ၏ ခြားနားခြင်း သီးခြားပြုခြင်းများ ဖြစ်ပေါ်လာ လိမ့်မည်' ဟု အကယ်၍ သိငြားအံ့။ ရဟန်းတို့....သံဃာ ကွဲပြားအံ့သည်ကို အလေးပြုသော ရဟန်းသည် တပါး သော ရဟန်းတို့ကို ယုံကြည်သောအားဖြင့်လည်း အာ- ပတ်ကို ဒေသနာကြားရမည်"—

ဟူ၍ သံဃညီညွတ်ရေးတရား ဟောကြားတော်မူပြီးလျှင် နေရာ တော်မှ ထ၍ ဖဲကြွတော်မူလေ၏။

(ဤ၌ အထူးမှတ်ဖွယ်ကား.... သုတ္တန်ဆောင်ရဟန်းသည် ရှေ့ပိုင်း၌ ဝိနည်းဆောင်ရဟန်း ပြောကြားချက်အရ"အကယ်၍ အာပတ်သင့်လျှင် ဒေသနာကြားပါမည်"ဟု ရိုးသားစွာပင် ဝန်ခံခဲ့လေသည်၊ နောက်ပိုင်း မှာလည်း "စေတနာမရှိ သတိမေ့၍ ပြုလုပ်ခြင်း ဖြစ်သည့်အတွက် အာပတ်မသင့်" ဟု ဝိနည်းဆောင်ရဟန်း ပြောကြားချက် အရပင် "စေတနာမရှိ သတိမေ့၍ ငါပြုလုပ်မိခြင်းဖြစ်သည်၊ သို့အတွက် ဝိနည်း ဆောင်ရဟန်း ပြောကြားသည့်အတိုင်း ငါ့မှာ အာပတ်မသင့်" ဟု ရိုးသားစွာပင် မှတ်ထင်ရှာခြင်းဖြစ်လေသည်။ ထို့ကြောင့်(ရိုးသားစွာပင် ဝန်ခံခြင်း ရိုးသားစွာပင် အာပတ်မသင့်ဟု မှတ်ထင်ရှာခြင်းကြောင့်) ဥက္ခေပနီယကံ(=နှင်ထုတ်သည့်ကံ)ပြုသောရဟန်းများကို"သင်တို့သည် အကြောင်းမလုံလောက်ပဲ ထိုသုတ္တန်ဆောင်ရဟန်းကို ဥက္ခေပနီယကံ ပြုအပ်ချေပြီ" ဟူ၍ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူခဲ့လျှင် ထိုက်

http://www.dhammadownload.com



ပြုသော ရဟန်းတို့သည် မြတ်စွာဘုရားအပေါ်၌ "မြတ်စွာဘုရားရှင်သည် ထိုသုတ္တန်ဆောင်ရဟန်းတို့၏ အပင်းအသင်းဖြစ်သည်"ဟု ရန်ငြိုးဖွဲ့ကာ အကုသိုလ်ပွါး အပါယ်သို့ လားရောက်ကုန်လေရာ၏။

တဖန် ကံအပြုခံရသော ရဟန်းတို့ဖက်အတွက်လည်း သုတ္တန်ဆောင် ရဟန်းသည် ဆန့်သက်ရေကြွင်း ထားရှိခြင်းတည်းဟူသော ဝတ္ထုကို သိ၍သာ ပြုလုပ်ခြင်းဖြစ်၍ ဒုက္ကဋ်အာပတ် သင့်ရောက်လေသည်၊ ထိုသို့ သင့်ရောက်ပါလျက် ထိုသုတ္တန်ဆောင်ရဟန်း၏ တပည့်များက အဓမ္မကံဖြစ်သည်ဟူ၍ ပြောဆိုကြခြင်းမှာလည်း မိမိတို့၏ ဆရာအပေါ်မှာ ဆန္ဒာဂတိလိုက်၍သာ ပြောကြားနေကြခြင်း ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က ထိုကံပြုခံရသော (သုတ္တန်ဆောင် ရဟန်းနှင့် ၎င်း၏တပည့်) ရဟန်းများကို "သင်တို့၏ ဆရာသည် အာပတ်သင့်သူ ဖြစ်သည်၊ သင်တို့သည်လည်း ဆန္ဒာဂတိသို့ လိုက်စားနေကြသည်" ဟူ၍ မိန့်ကြားတော်မူခဲ့လျှင်လည်း ထိုကံအပြုခံရသော ရဟန်းတို့သည် မြတ်စွာဘုရားရှင်အပေါ်၌ "မြတ်စွာဘုရားရှင်သည် ထိုဝိနည်းဆောင် ရဟန်းတို့၏ အပင်းအသင်းဖြစ်သည်"ဟု ရန်ငြိုးဖွဲ့ကာ အကုသိုလ်ပွါး အပါယ်သို့ လားရောက်ကုန်လေရာ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် နှစ်ပက္ခရှိရဟန်းတို့ကို အပြစ်တင်ပြ စကား မဟောကြားပဲ ဖော်ပြရာပါအတိုင်း သံဃညီညွတ်ရေးတရားကိုသာ နှစ်ဖက်သော ရဟန်းတို့အား ဟောကြားတော်မူပြီးလျှင် နေရာတော်မှ ထ၍ ကြွသွားတော်မူသည်ဟု အထူးမှတ်ယူရာ၏)။

### နာနာသံဝါသ ၂-မျိုးနှင့် သမာနသံဝါသ ၂-မျိုးတို့ကို ဟောကြားတော်မူခြင်း

ထိုအခါ၌ ဥက္ခိတ္တာနုဝတ္တက ရဟန်းတို့သည် ထိုကျောင်း၌ပင် သိမ်အတွင်း၌ ဥပုသ်ပြုကြကုန်၏၊ သံဃကံကို ပြုကြကုန်၏။ ဥက္ခေပကရဟန်း (=ဥက္ခေပနီယကံပြုကြသောရဟန်း)တို့ကား သိမ်အပသို့ သွားရောက်၍ ဥပုသ်ပြုကြကုန်၏၊ သံဃကံကို ပြုကြကုန်၏။

ထိုအခါ ဥက္ခေပကရဟန်းတို့အသင်းထဲမှ ရဟန်းတပါးသည် မြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်ချဉ်းကပ်ကာ မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးပြီးနောက် သင့်လျော်ပတ်ရာ အရပ်၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားရှင်ကို—

.http://www.dhammadownload.com



"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုဥက္ခိတ္တာနုဝတ္တကရဟန်း (=ကံအပြုခံရသော ရဟန်း) တို့သည် ထို ကျောင်း၌ပင် သိမ်အတွင်း၌ ဥပုသ် ပြုကြပါကုန်၏၊ အခြားသံဃကံကို ပြုကြပါကုန်၏။ တပည့်တော်တို့ ဥက္ခေပကရဟန်းများကား သိမ်အပသို့ သွားရောက်၍ ဥပုသ် ပြုကြပါကုန်၏၊ အခြားသံဃကံကို ပြုကြပါကုန်၏"—

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းကို—

"ချစ်သား ရဟန်း···· ထိုဥက္ခိတ္တာနုဝတ္တကရဟန်းတို့သည် ငါဘုရား ပညတ်ဟောကြားအပ်သည့် ဉတ်ကမ္မဝါ အတိုင်း ထိုကျောင်း၌ပင် သိမ်အတွင်း၌ ဥပုသ်ပြုကြကုန်ငြားအံ့၊ အခြားသော သံဃကံကို ပြုကြကုန်ငြားအံ့၊ ထိုရဟန်းတို့ ပြုအပ်သော ထိုကံများသည် ဓမ္မိကကံများသာ ဖြစ်ကုန်လိမ့်မည်။

ချစ်သားရဟန်း ·· သင်ချစ်သားတို့ (ဥက္ခေပကရဟန်းများ)သည် ထိုကျောင်း၌ပင် သိမ်အတွင်း၌ ဥပုသ်ပြုကြကုန်ငြားအံ့၊ အခြားသော သံဃကံကို ပြုကြကုန်ငြားအံ့၊ သင်ချစ်သားတို့ ပြုအပ်သော ထိုကံများသည်လည်း ဓမ္မိကကံများသာ ဖြစ်ကုန်လိမ့်မည်။

ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်း ကြောင့်နည်း ဟူမူကား ထိုဥက္ခိတ္တာနုဝတ္တကရဟန်းတို့သည် သင်တို့နှင့် ပေါင်းသင်းမှု (=သံဝါသ) မတူကြပဲ သင်တို့ကလည်း ထိုဥက္ခိတ္တာနုဝတ္တကရဟန်းတို့နှင့် ပေါင်းသင်းမှု (=သံဝါသ) မတူကြသောကြောင့် ဖြစ်သည်။

**နာနာသံဝါသကထေရ ၂-မျိုး**

ချစ်သားရဟန်း····နာနာသံဝါသက (=ပေါင်းသင်း မှု မတူကြသူများ) ဖြစ်အံ့သောအရာတို့ကား (၁)မိမိသည်

http://www.dhammadownload.com



ပင် မိမိကိုယ်ကို ပေါင်းသင်းမှု မတူသူဖြစ်အောင်(နာနာ-သံဝါသကပုဂ္ဂိုလ်ဖြစ်အောင်) ပြုလုပ်ခြင်း၊ (၂) ညီညွတ်သော သံဃာတော်က ထိုရဟန်းကို အာပတ်ကို မရှုခြင်းကြောင့်ဖြစ်စေ, အာပတ်ကို မကုစားခြင်းကြောင့်ဖြစ်စေ, မိစ္ဆာအယူကို မစွန့်ခြင်းကြောင့်ဖြစ်စေ နှင်ထုတ်မှု (=ဥက္ခေပနီယ)ကံ အပြုခံရခြင်း ဤ ၂-ပါးတို့ ဖြစ်သည်။

**သမာနသံဝါသကတရား ၂-မျိုး**

ချစ်သားရဟန်း···· သမာနသံဝါသက (=ပေါင်းသင်းမှု တူကြသူများ) ဖြစ်အံ့သောအရာတို့ကား (၁) မိမိသည်ပင် မိမိကိုယ်ကို ပေါင်းသင်းမှုတူသူ ဖြစ်အောင် (သမာနသံဝါသကပုဂ္ဂိုလ်ဖြစ်အောင်)ပြုလုပ်ခြင်း၊(၂) ညီညွတ်သောသံဃာတော်က ထိုပြုလုပ်ပြီးသော နှင်ထုတ်မှု (=ဥက္ခေပနီယ)ကံကို ငြိမ်းစေ၍ သံဃာ့ဘောင်သို့ ထိုရဟန်းကို တဖန်ပြန်၍သွင်းသည့် (ဩသာရဏီယ)ကံကို ပြုလုပ်ခြင်း ဤ ၂-ပါးတို့ဖြစ်သည်—

ဟူ၍ နာနာသံဝါသကတရား ၂-မျိုး, သမာနသံဝါသကတရား ၂-မျိုးတို့ကို ဟောကြားတော်မူလေ၏။

(ဤ၌။ ။မိမိသည်ပင် မိမိကိုယ်ကို နာနာသံဝါသကပုဂ္ဂိုလ် ဖြစ်အောင် ပြုလုပ်ခြင်း, သမာနသံဝါသကပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်ခြင်း ဟူသည်မှာ... နှင်ထုတ်မှု=ဥက္ခေပနီယကံပြုသော ဓမ္မဝါဒီရဟန်းတို့၏ အပင်းအသင်း, ကံအပြုခံရသော အဓမ္မဝါဒီရဟန်းတို့၏အပင်းအသင်း ဟူ၍ နှစ်သင်း နှစ်ပက္ခရှိရာ အကြင်ရဟန်းသည် အဓမ္မဝါဒီရဟန်းတို့၏ အပင်းအသင်း၌ နေထိုင်လျက်ဖြစ်စေ, ဓမ္မဝါဒီရဟန်းတို့၏ အပင်းအသင်း၌ နေထိုင်လျက်ဖြစ်စေ နှစ်သင်းနှစ်ပက္ခ၌ရှိကြသော ရဟန်းတို့၏ အယူဝါဒကို ကြားနာပြီးလျှင် ဤကံပြုခံရသော ရဟန်းတို့ကား အဓမ္မဝါဒီရဟန်းတို့ဖြစ်သည်။ ကံပြုသောရဟန်းတို့ကား ဓမ္မဝါဒီရဟန်းတို့ဖြစ်သည်ဟု စိတ်ကို ဖြစ်စေလျှင် ထိုရဟန်းသည် မိမိသည်ပင် မိမိကိုယ်ကို (အဓမ္မဝါဒီရဟန်းတို့နှင့်) နာနာသံဝါသက ပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်သည်မည်၍ (ဓမ္မဝါဒီရဟန်းတို့နှင့်ကား) သမာနသံဝါသကပုဂ္ဂိုလ် ဖြစ်အောင် ပြုလုပ်သည်မည်၏။ ။ဝိ-ဋ္ဌ ၃၊မျက်နှာ ၄၃၂-မှ)။

http://www.dhammadownload.com



### သံဃာချင်း စိတ်ဝမ်းကွဲပြားရာ၌ နေထိုင်ပုံကို ဟောတော်မူခြင်း

ထိုအခါ ရဟန်းတို့သည် ရွာတွင်း ဆွမ်းစားစရပ်၌ ငြင်းခုံမှု ခိုက်ရန်မှု ဆန့်ကျင်ဖက်စကား ပြောကြားမှုကို ပြုကြကုန်၏၊ အချင်းချင်း မသင့်လျော်သော ကာယကံမှု ဝစီကံမှုများကို ပြုကုန်၏၊ လက်ရောက်ကျူးလွန်မှုကိုလည်း ပြုကြကုန်၏။ လူတို့က ကဲ့ရဲ့ ရှုတ်ချ၍ လဇ္ဇီရဟန်းကောင်းတို့က ထိုအကြောင်းကို မြတ်စွာ ဘုရားရှင်အား လျှောက်ထားကြသဖြင့် မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ကို ခေါ်ယူစစ်ဆေး မေးမြန်းတော်မူပြီးနောက် ထို ရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် ထို အခါအားလျော်ပတ်သော တရားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

"ချစ်သားရဟန်းတို့ ···· သံဃာချင်း စိတ်ဝမ်းကွဲ၍ မတရားသောအမှုကိုပြုလုပ်ကာ ညီညွတ်မှု မဖြစ်လတ်သော် 'ဤမျှဆိုလျှင် အချင်းချင်း မလျော်သော ကာယကံမှု ဝစီကံမှုတို့ကို ပြုနိုင်လိမ့်မည်မဟုတ်၊ လက်ရောက်ကျူးလွန်မှုကိုလည်း ပြုနိုင်လိမ့်မည်မဟုတ်'ဟု နေရာ၌ ထိုင်နေရမည်။ (＝သံဃာချင်း စိတ်ဝမ်းလည်းကွဲ မတရားမှုများကိုလည်း အပြိုင်အဆိုင်ပြု၍ လုံးဝညီညွတ်မှုကို မရနိုင်ခဲ့သော် သံဃာအစဉ်အတန်း နှစ်တန်းပြုလုပ်၍ တဖက်နှင့် တဖက် မလျော်သောကာယကံမှု မပြုနိုင်လောက်အောင် မလျော်သောဝစီကံမှု မပြောဆိုနိုင်လောက်အောင် လက်ရောက်ကျူးလွန်မှု မပြုနိုင်လောက်အောင်ပင် ဥပစာကို လွတ်၍(＝ဝေးခြား၍)နေထိုင်ရမည်ဟု ဆိုလိုသည်။)

ချစ်သားရဟန်းတို့ ···· သံဃာချင်း စိတ်ဝမ်းကွဲသော်လည်း တရားသောအမှုကိုပြုလုပ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်လတ်သော် တနေရာခြား ထိုင်နေရမည်"—

ဟူ၍ သံဃာချင်း စိတ်ဝမ်းကွဲပြားရာ၌ နေထိုင်ပုံကို ဟောကြားတော်မူ၏။

http://www.dhammadownload.com



### ဗီဿာဝုဝတ္ထုကို ဟောတော်မူခြင်း

ထိုအခါ ရဟန်းတို့သည် သံဃာ့အလယ်၌ ငြင်းခုံမှု ခိုက်ရန်မှု ထိပါးနှောက်ယှက် ဆန့်ကျင်ဖက်စကား ပြောကြားမှုကို ပြုလုပ်ကြကာ အချင်းချင်း နှုတ်လှန်ထိုးလျက် နေကြကုန်၏၊ ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ငြိမ်းစေရန် မတတ်နိုင်ပဲ ရှိကုန်၏။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ သွား ရောက်ချဉ်းကပ်ကာ မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးပြီး နောက် သင့်လျောက်ပတ်ရာအရပ်၌ ထိုင်နေပြီးလျှင် မြတ်စွာ ဘုရားရှင်ကို ထိုအကြောင်း လျှောက်ထား၍ ထိုရဟန်းများထံ ကြွရောက်တော်မူရန် တောင်းပန်လျှောက်ထားသဖြင့် ဘုရားကိုယ် တိုင် ကြွရောက်တော်မူကာ ခင်းထားအပ်သော နေရာ၌ ထိုင်နေ တော်မူလျက် ထိုရဟန်းတို့ကို—

> "ချစ်သားရဟန်းတို့····မသင့်လျော်ဘူး = မတော်ဘူး၊ ငြင်းခုံမှုကို မပြုကြကုန်လင့်၊ ခိုက်ရန်မှုကို မပြုကြကုန်လင့်၊ ထိပါးနှောက်ယှက် ဆန့်ကျင်ဖက်စကား ပြောကြားမှုကို မပြုကြကုန်လင့်"—

ဟူ၍ မိန့်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်၏ အကျိုးကို လိုလားသော ဥက္ကိတ္တာနုဝတ္တက အဓမ္မဝါဒီရဟန်းတပါးသည် မြတ်စွာဘုရားရှင်ကို—

> "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ···· တရားရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါ လော့၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား···· အရှင်မြတ် ဘုရားသည် မျက်မှောက်ချမ်းသာရေးကိုသာ အားထုတ် တော်မူကာ ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ်တို့ သည် ထိုငြင်းခုံခြင်း ခိုက်ရန်ပြုခြင်း ထိပါးနှောက်ယှက် ဆန့်ကျင်ဖက်စကား ပြောခြင်းဖြင့် ထင်ရှားကြပါလိမ့် မည်"—

ဟူ၍ လျှောက်ထားလေ၏။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်သည် နှစ်ကြိမ်မြောက်လည်း ထိုရဟန်းတို့ကို ရှေးနည်းအတူ မိန့်တော်မူ၏၊ ဥက္ခိတ္တာနုဝတ္တက အဓမ္မဝါဒီရဟန်း ကလည်း ထိုအတူပင် နှစ်ကြိမ်မြောက် တားမြစ်လျှောက်ထား ပြန်၏။

(ဤ၌။ ။ဥက္ခိတ္တာနုဝတ္တက အဓမ္မဝါဒီရဟန်းသည် မြတ်စွာဘုရားရှင် အပေါ်၌ အကျိုးလိုလားသူ ဖြစ်၏၊ ထိုရဟန်း၏အလိုမှာ "ဤနှစ်ပက္ခရှိ ရဟန်းတို့သည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကြသဖြင့် မြတ်စွာ ဘုရားရှင်၏ စကားတော်ကို နာယူကြလိမ့်မည် မဟုတ်ကုန်၊ မြတ်စွာ ဘုရားရှင်သည် ဤရဟန်းတို့ကို ဆုံးမလျက် ပင်ပန်းတော်မမူပါစေလင့်" ဟူ၍ ဖြစ်လေသည်၊ ထို့ကြောင့်ပင် နှစ်ကြိမ်တိုင်တိုင် တောင်းပန် မြစ်တားလေသည်။

မြတ်စွာဘုရားရှင်သည်ကား "ထိုနှစ်ပက္ခရှိ ရဟန်းများသည် ယခု အချိန်တွင် ဒေါသအမျက် ခြောင်းခြောင်းထွက်နေကြသဖြင့် မနာယူ ကြသော်လည်း နောက်အခါ၌မူ အမှတ်ရ၍ ခိုက်ရန်ငြင်းခုံမှုမှ ရှောင်ကြဉ် ကြလိမ့်မည်" ဟု သိမြင်ဆင်ခြင်တော်မူကာ ထိုရဟန်းများကို သနား တော်မူသဖြင့် အတိတ်ဖြစ်ရပ် ဒီဃာဝုဝတ္ထုဇာတ်ကို ဟောကြားတော် မူလေသည်)။

**ဒီဃာဝုဝတ္ထု**

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့.... ရှေး၌ဖြစ်ဘူး အကြောင်းထူးကား....ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော ကာသိမင်းသည် ကြွယ်ဝ၍ များသော ဥစ္စာစည်းစိမ် ရှိ၏၊ ရဲမက်ဗိုလ်ပါ ဆင်မြင်းရထား များလှ၏၊ ကျယ်ပြန့်သော တိုင်းနိုင်ငံ ပြည့်လျှံသော ဘဏ္ဍာတိုက်ကျီကြရှိသူလည်း ဖြစ်၏။ ဒီဃီတိ အမည်ရှိသော ကောသလမင်းသည်ကား ဆင်းရဲ၍ နည်းပါးသော ဥစ္စာစည်းစိမ်ရှိ၏၊ ရဲမက်ဗိုလ်ပါ ဆင်မြင်းရထား နည်းပါးလှ၏၊ ငယ်သောတိုင်းနိုင်ငံ မပြည့်လျှံသော ဘဏ္ဍာတိုက် ကျီကြရှိသူလည်း ဖြစ်၏။

ရဟန်းတို့.... ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ဆင်, မြင်း, ရထား, ခြေသည် အားဖြင့် အင်္ဂါလေးပါးရှိသော

http://www.dhammadownload.com



စစ်တပ်ကြီးကို ပြင်ဆင်၍ ဒီဃီတိ ကောသလမင်းထံသို့ ရှေးရှုချီတက်လာလေ၏။

## အားမတန် မာန်ကိုလျှော့

ရဟန်းတို့···· ဒီဃီတိ ကောသလမင်းသည် ထိုသတင်းကို ကြားသိလေလျှင် "ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ကြွယ်ဝ၍ များသော ဥစ္စာစည်းစိမ်ရှိ၏၊ ရဲမက်ဗိုလ်ပါ ဆင်မြင်း ရထား များလှ၏၊ ကျယ်ပြန့်သော တိုင်းနိုင်ငံ ပြည့်လျှံသော ဘဏ္ဍာတိုက် ကျီကြရှိသူလည်း ဖြစ်၏၊ ငါတမူကား ဆင်းရဲ၍ နည်းပါးသော ဥစ္စာစည်းစိမ်ရှိ၏၊ ရဲမက်ဗိုလ်ပါ ဆင်မြင်းရထား နည်းပါးလှ၏၊ ငယ်သောတိုင်းနိုင်ငံ မပြည့်လျှံသော ဘဏ္ဍာတိုက် ကျီကြရှိသူလည်း ဖြစ်၏၊ ငါသည် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ် မင်းက တကြိမ်မျှ စစ်ထိုးသည်ကိုပင် ခံနိုင်စွမ်းမရှိချေ၊ ငါသည် စောစောကပင် မြို့မှ ထွက်ပြေးနှင့်ရမူ ကောင်းလေစွ"ဟု ကြံစည်ပြီးလျှင် မိဖုရားကြီးကို ခေါ်ယူ၍ စောစောကပင် မြို့တော်မှ ထွက်ပြေးနှင့်လေ၏။

ရဟန်းတို့....ထိုအခါ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ဒီဃီတိကောသလမင်း၏ ရဲမက်ဗိုလ်ပါ ဆင် မြင်း ရထားနှင့် ဇနပုဒ်ကိုရင်း,ဘဏ္ဍာတိုက်နှင့် ကျီကြကိုရင်း အလွယ်ဖြင့် အောင်မြင် သိမ်းပိုက်ကာ စိုးမိုးအုပ်ချုပ် မင်းပြုလုပ်နေလေ၏။ ရဟန်းတို့···· ထိုအခါ ဒီဃီတိကောသလမင်းသည် မိဖုရားကြီးနှင့်တကွ ဗာရာဏသီပြည်ဖက်သို့ ထွက်ခဲ့ကြ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်လေလျှင် မြို့တော်၏ အစွန်အဖျား အိုးထိန်းသည်၏အိမ် (=အိုးဖုတ်သည့်တဲ)၌ မထင်ရှားသော အသွင်ဖြင့် ပရိဗိုဇ် ရဟန်း၏ အဝတ်ကို ဝတ်လျက် နေလေ၏။

## ဒီဃာဝုကိုယ်ဝန်ရှိ၍ ချင်ခြင်းတပ်ခြင်း

ရဟန်းတို့.... ထိုနောက်အခါ ဒီဃီတိကောသလမင်း၏ မိဖုရားကြီးသည် မကြာမီပင် ကိုယ်ဝန်ရှိ၍ ထိုမိဖုရားကြီးအား "(၁) နေထွက်ချိန်တွင် အင်္ဂါ လေးပါးရှိသော စစ်တပ်ကြီး စစ်ဝတ်တန်း

http://www.dhammadownload.com



ဆာ အပြည့်အစုံဆင်ယင်ကာ ညီညွတ်သော မြေအပြင်၌ ရပ်တည်နေသည်ကို ကြည့်ရှုရန်အလိုရှိခြင်း (=ကြည့်လိုခြင်း)၊ (၂) သန်လျက်ဆေးသော ရေကို သောက်မျိုရန် အလိုရှိခြင်း (=သောက်လိုခြင်း) ဤချင်ခြင်း ၂-ပါး ဖြစ်ပွါးလာလေသည်။ ရဟန်းတို့····ထိုအခါ မိဖုရားကြီးသည် ဒီဃီတိကောသလမင်းကို မိမိမှာ ကိုယ်ဝန် ရှိကြောင်းနှင့် ဖော်ပြရာပါ ချင်ခြင်းနှစ်ပါး ဖြစ်ပွါးကြောင်းကို လျှောက်ထားလေလျှင် ဒီဃီတိကောသလမင်းသည် "ဒေဝီမိဖုရား····ဆင်းရဲနေကြသော ငါတို့အဖို့ရာ သင်မိဖုရား ကြည့်လို သောက်သုံးလိုသည့် စစ်တပ်ကြီးနှင့် သန်လျက်ဆေးသော ရေသည် အဘယ်မှ ရနိုင်မည်နည်း" ဟူ၍ ပြောဆိုလေ၏။ မိဖုရားကြီးသည် "အရှင်မင်းကြီး···· ကျွန်တော်မသည် ဖော်ပြရာပါ စစ်တပ်ကြီးနှင့် သန်လျက်ဆေးသောရေကို မမြင်ရ မသောက်သုံးရပါလျှင် သေရပါလိမ့်မည်"ဟူ၍ လျှောက်ထားလေ၏။

### အမြော်အမြင်ကြီးမားသည့် ပုရောဟိတ်မိတ်စစ်ကြီး

ထိုအချိန်၌ကား ဒီဃီတိကောသလမင်း၏ သူငယ်ချင်းသည် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားကြီးဖြစ်၍ နေလေသည်။ ရဟန်းတို့ ···· ထိုအခါ ဒီဃီတိ ကောသလမင်းသည် မိမိ၏ သူငယ်ချင်း ထိုပုရောဟိတ်ပုဏ္ဏားကြီးထံသို့ သွားရောက်ပြီးလျှင်"အိုအဆွေ····သင်၏ မိတ်ဆွေမ- မိဖုရားကြီးသည် ကိုယ်ဝန်ရှိပါ၏၊ ထိုမိဖုရားကြီးအား (၁) နေထွက်ချိန်တွင် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီး စစ်ဝတ်တန်းဆာ အပြည့်အစုံဆင်ယင်ကာ ညီညွတ်သော မြေအပြင်၌ ရပ်တည်နေသည်ကို ကြည့်ရှုလိုခြင်း၊ (၂) သန်လျက်ဆေးသောရေကို သောက်သုံးလိုခြင်း ဤချင်ခြင်း ၂-ပါး ဖြစ်ပွါးလာလေသည်" ဟု ပြောဆိုလေသော် ပုရောဟိတ် ပုဏ္ဏားကြီးသည် "အရှင်မင်းမြတ်···· ထိုသို့ဖြစ်လျှင် အကျွန်ုပ်တို့သည်လည်း မိဖုရားကြီးကို ကြည့်ရှုလိုပါကုန်၏" ဟု ပြန်ကြားပြောဆိုလေ၏။

ရဟန်းတို့···· ထိုအခါ ဒီဃီတိကောသလမင်း၏ မိဖုရားကြီးသည်(ပုရောဟိတ်ပုဏ္ဏားကြီး လိုလားတောင့်တချက်အရ) ပုရော-

http://www.dhammadownload.com



ဟိတ်ပုဏ္ဏားကြီးအထံသို့ သွားရောက်လေ၏။ ပုရောဟိတ်ပုဏ္ဏား ကြီးသည် မိဖုရားကြီး လာနေသည်ကို အဝေးကပင် မြင်၍ နေရာမှ ထပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံကို စံပယ်တင်ကာ မိဖုရားကြီးရှိရာဖက်သို့ လက်အုပ်ချီလျက် "အချင်းတို့....ကောသလတိုင်းရှင် ဘုရင်မင်းမြတ်သည် မယ်တော်ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေလေပြီတကား၊ အချင်းတို့.... ကောသလတိုင်းရှင် ဘုရင်မင်းမြတ်သည် မယ်တော်ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေလေပြီတကား" ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ပြီးလျှင်– "ရှင်မိဖုရားကြီး.... ဝမ်းမြောက်တော်မူပါလော့၊ နေထွက်ချိန်တွင် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီး စစ်ဝတ်တန်းဆာ အပြည့်အစုံ ဆင်ယင်ကာ ညီညွတ်သောမြေအပြင်၌ ရပ်တည်နေသည်ကို ကြည့်ရှုရပါလိမ့်မည်၊ သန့်လျက်ဆေးသော ရေကိုလည်း သောက်ရပါလိမ့်မည်"ဟူ၍ ဝန်ခံစကား ပြောကြားလေ၏။

ရဟန်းတို့....ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးသည် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်မင်းကြီး.... လျှောက်တင်လတ္တံ့သော အတိုင်း နိမိတ်တို့သည် ထင်လာပါကုန်၏၊ နက်ဖြန် နေထွက်သော အချိန်တွင် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးသည် စစ်ဝတ်တန်းဆာ အပြည့်အစုံ ဆင်ယင်ကာ ညီညွတ်သော မြေအပြင်၌ ရပ်တည်ပါစေလော့၊ သန့်လျက်တို့ကိုလည်း ဆေးကြောပါကုန်စေလော့"ဟူ၍ လျှောက်ထားလေသော် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည်"အချင်းတို့....ပုရောဟိတ်ပုဏ္ဏားကြီး လျှောက်ထား ပြောဆိုသည့်အတိုင်း ရွက်ဆောင်ပြုလုပ်ကြရမည်"ဟူ၍ မင်းချင်းများကို မိန့်ကြားစေခိုင်းလေ၏။

ရဟန်းတို့.... ဒီဃီတိကောသလမင်း၏ မိဖုရားကြီးသည် (ပုရောဟိတ်ပုဏ္ဏားကြီး စီစဉ်ပေးချက်အရ) နေထွက်ချိန်တွင် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီး စစ်ဝတ်တန်းဆာ အပြည့်အစုံ ဆင်ယင်ကာ ညီညွတ်သော မြေအပြင်၌ ရပ်တည်နေသည်ကို ကြည့်ရှုရလေပြီ၊ သန့်လျက်ဆေးသော ရေကိုလည်း သောက်သုံးရလေပြီ။ ရဟန်းတို့.... ထိုအခါ ဒီဃီတိကောသလမင်း၏ မိဖုရား

http://www.dhammadownload.com



ကြီးသည့် ကိုယ်ဝန်ရင့်ခြင်းသို့ရောက်ရှိကာ သားကိုဖွားမြင်လေ၏၊ ထိုမင်းသား၏ အမည်ကို "ဒီဃာဝု" ဟူ၍ မှည့်ခေါ်ကြလေကုန်၏။

ရဟန်းတို့.... ဒီဃာဝုမင်းသား သိကြားလိမ္မာသော အရွယ်သို့ ရောက်သောအခါ ဒီဃီတိကောသလမင်း၏ စိတ်သန္တာန်ဝယ် "ဤကာသိတိုင်းရှင် ဗြဟ္မဒတ်မင်းသည် ငါတို့၏ အပေါ်မှာ များစွာသော အကျိုးမဲ့ကို ပြုလုပ်သူဖြစ်ချေသည်၊ ဤမင်းသည် ငါတို့၏ ရဲမက်ဗိုလ်ပါ ဆင်မြင်းရထားနှင့် ဇနပုဒ်ကိုင်း, ဘဏ္ဍာတိုက်နှင့် ကျီကြကိုင်း တိုက်ဖျက်လုယက်အပ်လေပြီ၊ ဤမင်းသည် အကယ်၍ ငါတို့ကို သိသွားလျှင် ငါတို့သုံးယောက်လုံးကိုပင် သတ်စေလိမ့်မည်၊ ငါသည် သားတော် ဒီဃာဝုကို (ငါတို့နှင့်ခွဲကာ) မြို့ပြင်၌ နေစေရမူ ကောင်းလေစွ" ဟု အကြံအစည် ဖြစ်ပြီးလျှင် သားတော်ဒီဃာဝုကို (မိမိတို့နှင့်ခွဲကာ) မြို့ပြင်၌ နေစေလေသည်။ ရဟန်းတို့.... ထိုအခါ ဒီဃာဝုမင်းသားသည် မြို့ပြင်၌ နေလျက် မကြာမြင့်မီပင် ခပ်သိမ်းသော အတတ်ပညာများကို သင်ကြားတတ်မြောက်လေ၏။

### ကျေးဇူးကန်းသော ဆေတ္တာသည်

ရဟန်းတို့.... ထိုအခါ ဒီဃီတိကောသလမင်း၏ ဆေတ္တာသည်သည် ကာသိတိုင်းရှင် ဗြဟ္မဒတ်မင်းထံ၌ ဝင်ထွက်ခစား သွားလာနေထိုင်ဆဲ ဖြစ်၏။ ရဟန်းတို့....ဒီဃီတိကောသလမင်း၏ ထိုဆေတ္တာသည်(ဟောင်း)သည် ဗာရာဏသီပြည်၏အစွန်အဖျား အိုးထိန်းသည့်၏အိမ် (= အိုးဖုတ်သည့်တဲ) ၌ မထင်မရှားသော အသွင်အပြင်ဖြင့် ပရိဗိုဇ်ရဟန်း၏ အဝတ်ကို ဝတ်ဆင်လျက်နေသော မိဖုရားကြီးနှင့်တကွ ဒီဃီတိကောသလမင်းကို မြင်လေလျှင် ကာသိတိုင်းရှင် ဗြဟ္မဒတ်မင်းထံသို့ သွားရောက်၍ "အရှင်မင်းကြီး.... ဒီဃီတိကောသလမင်းသည် မိဖုရားနှင့်တကွ ဤဗာရာဏသီပြည်၏ အစွန်အဖျား အိုးထိန်းသည်၏ အိမ် (= အိုးဖုတ်သည့်တဲ)၌ မထင်မရှားသော အသွင်ဖြင့် ပရိဗိုဇ်ရဟန်း၏ အဝတ်ကို ဝတ်ဆင်လျက် နေပါ၏" ဟူ၍ လျှောက်ထားလေ၏။

http://www.dhammadownload.com



ရဟန်းတို့····ထိုအခါ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် "အချင်းတို့····ထိုသို့ဖြစ်လျှင် ဒီဃီတိကောသလမင်းကို မိဖုရားနှင့်တကွ (ရှေ့တော်မှောက်သို့) ခေါ်ဆောင်ခဲ့ကြလော့" ဟု မင်းချင်းတို့အား အမိန့်ပေးသဖြင့် မင်းချင်းများသည်လည်း (ဗြဟ္မဒတ်မင်း၏ အမိန့်အတိုင်း) ဒီဃီတိကောသလမင်းကို မိဖုရားကြီးနှင့်တကွ ဗြဟ္မဒတ်မင်းထံသို့ ခေါ်ဆောင်ခဲ့ကြလေကုန်၏။

ရဟန်းတို့····ထိုအခါ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် မင်းချင်းတို့ကို "အချင်းတို့····ထိုသို့ဖြစ်လျှင် ဒီဃီတိကောသလမင်းကို မိဖုရားနှင့်တကွ မြဲမြံသော ကြိုးဖြင့် လက်ပြန် အတင်းအကြပ် တုပ်နှောင်၍ သင်ဓုန်းဖြင့် ခေါင်းတုံးရိတ်ပြီးလျှင် အသံကျယ်အက်ပြင်းထန်သော ထက်စည်ကို တီးကာ လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ လှည့်လည်ယူဆောင်လျက် တောင်တံခါးဖြင့် ထွက်စေ၍ (ထုတ်ဆောင်၍) မြို့၏ တောင်မျက်နှာ၌ လေးပိုင်းဖြတ်၍ ခုတ်သတ်ပြီးလျှင် အသားစုတို့ကို အရပ်လေးမျက်နှာတို့၌ ပစ်ကုန်လော့"ဟူ၍ အမိန့်ပေး အာဏာထားလေသည်။ ရဟန်းတို့····ထိုမင်းချင်းယောကျ်ားတို့သည် ဗြဟ္မဒတ်မင်း၏ အမိန့်ကို နာခံကြ၍ မိဖုရားကြီးနှင့်တကွ ဒီဃီတိကောသလမင်းကို မြဲမြံသောကြိုးဖြင့် လက်ပြန် အတင်းအကြပ် တုပ်နှောင်၍ သင်ဓုန်းဖြင့် ခေါင်းတုံးရိတ်ပြီးလျှင် အသံကျယ်အက်ပြင်းထန်သော ထက်စည်ကို တီးကာ လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ (ရိုက်နှက်ပုတ်ခတ်ကြကာ) လှည့်လည်ယူဆောင်ကြလေကုန်၏။

### ကောသလမင်း၏ ရန်ငြိမ်းကြောင်း ဩဝါဒစကား

ရဟန်းတို့····ထိုအခါ ဒီဃာဝုမင်းသားသည် "ငါကား မယ်တော် ခမည်းတော်တို့ကို မဖူးမြော်ရသည်မှာ ကြာလှပြီ၊ ငါသည် မယ်တော်ခမည်းတော်တို့ကို ဖူးမြော်ရမှ ကောင်းလေစွ" ဟု ကြံစည်၍ ဗာရာဏသီပြည်အတွင်းသို့ ဝင်သည်ရှိသော် မယ်တော် ခမည်းတော် မင်းနှစ်ဖော်တို့ကို မင်းချင်းယောကျ်ားများက မြဲမြံ

http://www.dhammadownload.com



သော ကြိုးဖြင့် လက်ပြန် အတင်းအကြပ်တုပ်နှောင်၍ သင်ခုန်းဖြင့် ခေါင်းတုံးရိတ်ပြီးလျှင် အသံကွဲအက် ပြင်းထန်သော ထက်စည်ကို တီးကြကာ လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ (ရိုက်နှက်ပုတ်ခတ်ကြကာ) လှည့်လည် ယူဆောင်ကြသည်တို့ကို ပက်ပင်းပါတွေ့မြင်ရ၍ သောကကို အောင့်အည်း ချုပ်တီးကာ မယ်တော် ခမည်းတော်တို့ရှိရာသို့ ချဉ်းကပ်လာရောက်လေ၏။

ရဟန်းတို့····ဒီဃီတိကောသလ မင်းသည် ဒီဃာဝုမင်းသား လာလတ်သည်ကို အဝေးမှပင် မြင်လေလျှင် ဒီဃာဝုမင်းသားကို ပါဠိနပ်လိမ္မာစွာ—

**"ချစ်သား ဒီဃာဝု.... သင်သည် အရှည်ကိုလည်း မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်။**

**ချစ်သား ဒီဃာဝု....ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်။**

**ချစ်သား ဒီဃာဝု....ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏"—**

ဟူ၍ အဆုံးအမ ရန်ငြိမ်းကြောင်း ဩဝါဒစကား လေးခွန်းကို မြွက်ညွှန်းမိန့်ဆိုလေ၏။ ရဟန်းတို့····ဤကဲ့သို့ (ဒီဃီတိကောသလမင်းက ဩဝါဒစကား) ပြောကြားအပ်သည်ရှိသော် မင်းချင်း ယောကျ်ား ထိုလူများသည် ဒီဃီတိကောသလမင်းကို—

"ဤ ဒီဃီတိကောသလမင်းသည် ရူးသွပ်၍ ယောင်ယမ်းပြောဆို၏၊ ဤကောသလမင်း၏သား ဒီဃာဝုကား အဘယ်သူနည်း၊ ဤဒီဃီတိကောသလမင်းသည် အဘယ်သူ့ကိုများ'ချစ်သားဒီဃာဝု····သင်သည် အရှည်ကိုလည်း မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊ချစ်သားဒီဃာဝု.... ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်၊ ချစ်သား ဒီဃာဝု····ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏'ဟူ၍ ပြောဆိုဘိသနည်း"—

ဟူ၍ အထင်လွဲစကား ပြောကြားကြလေကုန်၏။ ထိုအခါ ဒီဃီတိ ကောသလမင်းသည် မင်းချင်းယောကျ်ား ထိုလူများကို—

http://www.dhammadownload.com



"အချင်းတို့····ငါသည် ရှုးသွပ်၍ ယောင်ယမ်းပြောဆိုသည်မဟုတ်ပါ၊ စင်စစ်သော်ကား ပညာရှိသူသည် ငါ့စကား၏ အနက်အဓိပ္ပါယ်ကို သိပေလိမ့်မည်"—

ဟူ၍ ဖြေရှင်းပြောဆိုလေ၏။

ရဟန်းတို့····နှစ်ကြိမ်မြောက်လည်း ဒီဃီတိ ကောသလမင်းသည် သားတော် ဒီဃာဝုကို ရည်ညွှန်း၍ ရှေးနည်းအတူ ဩဝါဒစကား မြွက်ကြားသောအခါမှာလည်း မင်းချင်းယောက်ျားတို့သည် ထိုအတူပင် အထင်လွဲစကား ပြောကြားကြသဖြင့် ဤနည်းအတူပင် ဖြေရှင်း ပြောဆိုလေသည်။ သုံးကြိမ်မြောက်လည်း ဒီဃီတိကောသလမင်းသည် သားတော် ဒီဃာဝုကို ရည်ညွှန်း၍ ရှေးနည်းအတူ ဩဝါဒစကား မြွက်ကြားသောအခါမှာလည်း မင်းချင်းယောက်ျားတို့သည် ထိုအတူပင် အထင်လွဲစကား ပြောကြားကြသဖြင့် ဤနည်းအတူပင် ဖြေရှင်းပြောဆိုရလေသည်။

ရဟန်းတို့····ထိုအခါ မင်းချင်းယောက်ျား ထိုလူများသည် မိဖုရားကြီးနှင့်တကွ ဒီဃီတိကောသလမင်းကို လမ်းတခုမှ လမ်းတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ (ရိုက်နှက်ပုတ်ခတ်ကြကာ) လှည့်လည် ယူဆောင်ကြ၍ တောင်တံခါးဖြင့် ထွက်စေ၍ (= ထုတ်ဆောင်၍) မြို့၏ တောင်မျက်နှာ၌ လေးပိုင်းဖြတ်၍ ခုတ်သတ်ပြီးလျှင် အသားစုတို့ကို အရပ်လေးမျက်နှာတို့၌ စွန့်ပစ်ကြကာ အစောင့်အနေချထား၍ မြို့တွင်းသို့ ပြန်လည်ဖဲသွားကြလေကုန်၏။

**ဒီဃာဝုမင်းသား၏ ထိမ္မာသောအစီအမံ**

ရဟန်းတို့····ထိုအခါ ဒီဃာဝုမင်းသားသည် ဗာရာဏသီပြည်တွင်းသို့ ဝင်ပြီးလျှင် သေအရက်ကို ယူဆောင်ခဲ့၍ အစောင့်လူများကို တိုက်ကျွေးလေသည်။ အစောင့်လူများ မူးယစ်၍ တိမ်းလဲသောအခါ ဒီဃာဝုမင်းသားသည် ထင်းများကို စုရုံး၍ ထင်းပုံပြုပြီးလျှင် မယ်တော်ခမည်းတော်တို့၏ (အပိုင်းပိုင်းပြတ်နေသော) ဥတုဇရုပ်ကလာပ်ကို ထင်းပုံထက်သို့ တင်ကာ မီးသငြိုဟ်ပြီးလျှင်

http://www.dhammadownload.com



လက်အုပ်ချီမိုးလျက် ထင်းပုံကို သုံးကြိမ်(=သုံးပတ်) လက်ျာရစ် လှည့်လေ၏။

### ဗြဟ္မဒတ်မင်း ပြင်းစွာထိတ်လန့်ခြင်း

ထိုအချိန်၌ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ရွှေနန်းတော်ပြာသာဒ် အထက်ထပ်၌ နေထိုင်ရင်းက ဒီဃာဝုမင်းသား လက်အုပ်ချီမိုးလျက် ထင်းပုံကို သုံးကြိမ် (=သုံးပတ်) လက်ျာရစ် လှည့်နေသည်ကို မြင်လတ်၍ "ထိုလူသည်ကား ဒီဃီတိကောသလ မင်း၏ မိဆွေဖမျိုးသော်ငြင်း, သားချင်းသော်ငြင်း ဧကန်စင်စစ် ဖြစ်ပေလိမ့်မည်၊ဩ····ထိုသူကား ငါ့အား အကျိုးမဲ့ကို ပေးမည့် သူပေတကား၊ငါ့အား မည်သူတဦးတယောက်ကမျှ လာရောက်၍ မလျှောက်မထား နေအားဘိပေ၏"ဟူ၍ ကြီစည်စဉ်းစားမိကာ ပြင်းထန်စွာ ထိတ်လန့်လေ၏။

### ဒီဃာဝုမင်းသား ဆင်ထိန်းအမှုထမ်းခြင်း

ရဟန်းတို့....ထို့နောက် ဒီဃာဝုမင်းသားသည် တောသို့ သွားပြီးလျှင် အလိုရှိတိုင်း (=အားရအောင်) ငိုကြွေးမြည်တမ်းပြီးနောက် မျက်ရည်ကို သုတ်သိမ်း၍ ဗာရာဏသီပြည်တွင်းသို့ ဝင်ရောက်ကာ နန်းတော်၏အနီး ဆင်တင်းကုပ်သို့ သွား၍ ဆင်ဆရာကို "ဆရာ····အကျွန်ုပ်သည် ဆင်အတတ်ကို သင်လိုပါသည်" ဟု ပြောဆိုတောင်းပန်လေ၏၊ ဆင်ဆရာသည်လည်း "အမောင်····ထိုသို့ ဆင်အတတ်ကို သင်ယူလိုလျှင် သင်ယူလော့" ဟု ပြောဆိုခွင့်ပြုလေ၏။

ရဟန်းတို့....ထိုအခါ ဒီဃာဝုမင်းသားသည် ညဥ့်မိုးသောက်ယံ အခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ (ထိုင်နေကာ) သာယာသောအသံဖြင့် သီချင်းကို သီဆိုလေ၏၊စောင်းကိုလည်း တီးလေ၏။ ရဟန်းတို့····ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ညဥ့်မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာစွာ သောအသံဖြင့်(ဒီဃာဝုမင်းသား၏)သီချင်းဆိုသောအသံ,စောင်း တီးသောအသံကို ကြားရ၍ မင်းချင်းယောက်ျား လူအများကို

http://www.dhammadownload.com



"အချင်းတို့····ညဥ့်မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ နေထိုင်ကာ သာယာသောအသံဖြင့် သီချင်းကိုလည်း သီဆို စောင်းကိုလည်း တီးခတ်သူကား အဘယ်သူနည်း"ဟု မေးလေ၏။ မင်းချင်းယောကျ်ား လူအများက "အရှင်မင်းကြီး ···· ညဥ့်မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ နေထိုင်ကာ သာယာစွာသောအသံဖြင့် သီချင်းကိုလည်း သီဆို စောင်းကိုလည်း တီးခတ်သူကား ဤအမည်ရှိသော ဆင်ဆရာ၏တပည့် လုလင်ပျို ဖြစ်ပါသည်"ဟု လျှောက်ထားကြလေသော် ဗြဟ္မဒတ်မင်းသည် "အချင်းတို့ ···· ထိုသို့ဖြစ်လျှင် ထိုလုလင်ပျိုကို (ငါ့ထံသို့) ခေါ်ဆောင်ခဲ့ကြကုန်လော့"ဟု မိန့်ကြားစေခိုင်းလေ၏။

**ဒီဃာဝုမင်းသား အတွင်းတော်အမှုထမ်းဖြစ်ခြင်း**

ရဟန်းတို့····မင်းချင်းယောကျ်ား ထိုလူများသည် "ကောင်းပါပြီ အရှင်မင်းကြီး ···" ဟု ဝန်ခံစကား လျှောက်ထားကြ၍ ဒီဃာဝုမင်းသားကို ဗြဟ္မဒတ်မင်းထံသို့ ခေါ်ဆောင်ကြလေကုန်၏။ မင်းကြီးသည် ဒီဃာဝုမင်းသားကို "အမောင်လုလင်ပျို···· ညဥ့်မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာစွာသော အသံဖြင့် သီချင်းလည်း သီဆို စောင်းကိုလည်း တီးခတ်သူသည် အမောင်ပင် ဖြစ်သလော"ဟု မေးတော်မူ၍ ဒီဃာဝုမင်းသားက ဟုတ်မှန်ကြောင်း ဝန်ခံလေလျှင် မင်းကြီးသည် "အမောင်လုလင်ပျို···· ထိုသို့ဖြစ်လျှင် အမောင်သည် သီချင်းကို သီဆိုလော့၊ စောင်းကိုလည်း တီးခတ်လော့"ဟု တဖန် စေခိုင်းတော်မူပြန်လေ၏။

ရဟန်းတို့···· ထိုအခါ ဒီဃာဝုမင်းသားသည် "ကောင်းပါပြီ အရှင်မင်းကြီး····"ဟု ဝန်ခံစကား ပြောကြား၍ ဗြဟ္မဒတ်မင်းကြီး နှစ်သက်အားရလောက်အောင် သာယာစွာသော အသံဖြင့် သီချင်းကိုလည်း သီဆို၏၊ စောင်းကိုလည်း တီးခတ်လေ၏။ မင်းကြီးသည် အလွန်နှစ်သက်အားရလှသဖြင့် "အမောင်လုလင်ပျို··· အမောင်သည် ငါ့ကို လုပ်ကျွေးခစားလော့"ဟု ဆိုလေသော် ဒီဃာဝုမင်းသားသည် "ကောင်းပါပြီ အရှင်

http://www.dhammadownload.com



မင်းကြီး....”ဟု ဝန်ခံစကား ပြောကြားပြီးနောက် (၁) ရှေးဦး ထခြင်း၊ (၂) နောက်မှအိပ်ခြင်း၊ (၃) အဘယ်အမှုကို ပြုရပါ မည်နည်းဟု အမြဲတစေ နာယူလျက်ရှိနေခြင်း၊ (၄) မင်းကြီး နှစ်လိုဖွယ်ကို ပြုလေ့ရှိခြင်း၊ (၅) ချစ်ဖွယ်စကား ပြောကြားလေ့ ရှိခြင်း＝ဤအင်္ဂါ ၅-ချက်နှင့် ပြည့်စုံစွာ ဗြဟ္မဒတ်မင်းကြီးအား ခစားပြုစု လုပ်ကျွေးသဖြင့် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီး သည် မကြာမြင့်မီပင် ဒီဃာဝုမင်းသားကို အတွင်းလူယုံတော် ရာထူး၌(＝သက်တော်စောင့်ရာထူး၌)နှင်းအပ်ခန့်ထားလေ၏။

**ဒီဃာဝုမင်းသား ခမည်းတော်၏စကားကို**
**လေးစားလိုက်နာခြင်း**

ရဟန်းတို့....ထိုမှနောက် တနေ့သောအခါ၌ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသားကို “အမောင် လုလင်ပျို.... ရထားကို က-လော့၊ သမင်တောသို့ သွားကုန်အံ့” ဟု ဆိုလေ၏။ ဒီဃာဝုမင်းသားသည် “ကောင်းပါပြီ အရှင် မင်းကြီး....”ဟု ဝန်ခံကာ ရထားကို က-ပြီးလျှင် “အရှင် မင်းကြီး.... အရှင်မင်းကြီး၏ (အတွက်) ရထားကို က-ပြီးပါပြီ၊ ယခုအခါ သွားရန် အချိန်ကို အရှင်မင်းကြီးသည် သိတော်မူပါ၏ (＝သွားရန်မှာ အရှင်မင်းကြီး၏ အလိုအတိုင်းပင် ဖြစ်ပါသည်)” ဟု လျှောက်ထားလေသော် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ် မင်းကြီးသည် ရထားကို စီးနင်းကာ စစ်တပ်အခြံအရံဖြင့် တောကစားရန် ထွက်ကြွတော်မူခဲ့လေ၏။

ဒီဃာဝုမင်းသားသည် မင်းကြီးစီးနင်းလိုက်ပါလာသော ရထားကို စစ်တပ်နှင့် ကွဲကွာသွားအောင် မောင်းနှင်လေ၏။ ရဟန်းတို့.... ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် အဝေးသို့ ရောက်သောအခါ ဒီဃာဝုမင်းသားကို “အမောင်လုလင်ပျို.... ထိုသို့ စစ်တပ်နှင့်ငါတို့ ဝေးကွာခဲ့ရကား ရထားကို ချွတ်လော့၊ ငါသည် ပင်ပန်းလှ၏၊ လျောင်းစက်ဦးအံ့”ဟု ဆိုလေလျှင် ဒီဃာဝုမင်းသားသည် မင်းကြီး၏ အမိန့်အတိုင်း ရထားကို

http://www.dhammadownload.com



ချွတ်ပြီးလျှင် မြေအပြင်၌ ထက်ဝယ်(=တင်ပလ္လင်) ဖွဲ့ခွေ ထိုင်နေလေ၏။ ရဟန်းတို့.... ထိုအခါ ကာသိတိုင်းရှင် ဘုရင်မြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသား၏ ရင်ခွင်ထက်၌ ဦးခေါင်းကို ချ၍ အိပ်လေသော် အလွန်ပင်ပန်း နွမ်းနယ်လှရကား ခဏအတွင်းမှာပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ရဟန်းတို့....ထိုသို့ မင်းကြီး အိပ်ပျော်သောအခါ ဒီဃာဝုမင်းသား၏ စိတ်သန္တာန်ဝယ်—

"ဤကာသိတိုင်းရှင် ဘုရင်မြဟ္မဒတ်မင်းသည်ကား ငါတို့၏ အပေါ်မှာ များစွာသော အကျိုးမဲ့ကို ပြုလုပ်ခဲ့သူဖြစ်ချေသည်၊ ဤမင်းသည် ငါတို့၏ ရဲမက်ဗိုလ်ပါ ဆင်မြင်း ရထားနှင့် နေပုဒ်ကိုင်း, ဘဏ္ဍာတိုက်နှင့် ကျီကြကိုငင်း တိုက်ဖျက်လုယက်အပ်လေပြီ၊ ဤမင်းသည်ပင် ငါ၏ မယ်တော် ခမည်းတော်တို့ကိုလည်း သတ်အပ်ခဲ့ကုန်ပြီ၊ ဤအခါကား ငါရန်တုံ့မှု (=လက်စားချေ) ရမည့်အခါပေတည်း"—

ဟု အကြံအစည် ဖြစ်ရှိကာ သန်လျက်အိမ်မှ သန်လျက်ကို ဆွဲထုတ်လေ၏။ ရဟန်းတို့....ထိုအခါ ဒီဃာဝုမင်းသား၏ စိတ်သန္တာန်ဝယ် ဆက်၍တဖန် အကြံဖြစ်ပြန်သည်မှာ—

"ခမည်းတော်မင်းတရားသည် သေခါနီးအခါ၌ ငါ့ကို 'ချစ်သား ဒီဃာဝု.... သင်သည် အရှည်ကိုလည်း မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊ ချစ်သား ဒီဃာဝု....ရန်တုံ့မှုသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်၊ ချစ်သားဒီဃာဝု ... ရန်တုံ့မမှုမှသာ ရန်တို့သည် ငြိမ်းကုန်၏'ဟု ပြောဆိုမှာထားတော်မူခဲ့လေသည်၊ ငါသည် ခမည်းတော်၏ စကားကို လွန်ဆန်ခြင်းငှါ မသင့်လျော်ချေ"—

ဟု ကြံစည်ပြီးလျှင် သန်လျက်အိမ်အတွင်းသို့ သန်လျက်ကို တဖန်ပြန်၍ သွင်းလိုက်လေ၏။

http://www.dhammadownload.com



ရဟန်းတို့.... နှစ်ကြိမ်မြောက်ဝင်း, သုံးကြိမ်မြောက်ဝင်း ရှေးနည်းအတူ ရန်တုံ့မူရန် အကြံဖြစ်ပေါ်၍ သန်လျက်အိမ်မှ သန်လျက်ကို ထုတ်ပြီးလျှင် ထိုအတူပင် ခမည်းတော်မင်းတရား မှာထားတော်မူခဲ့သည်ကို သတိရ၍ တဖန် သန်လျက်အိမ် အတွင်းသို့ သန်လျက်ကို သွင်းပြန်လေသည်။

ရဟန်းတို့....ထိုအခါ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့်ပဲ တဖျပ်ဖျပ် တုန်လှုပ်လျက် အဆောတလျင် အိပ်ရာမှ ထလေ၏။ ရဟန်းတို့.... ထိုအခါ ဒီဃာဝု မင်းသားသည် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းကို "အရှင်မင်းကြီး····သင်မင်းကြီးသည် အဘယ့်ကြောင့် ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့်ပဲ တဖျပ်ဖျပ် တုန်လှုပ်လျက် အဆောတလျင် အိပ်ရာမှ ထဘိသနည်း''ဟု မေးမြန်းလေသော် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် "အမောင်လုလင်ပျို ယခုအခါ အိပ်မက်ထဲ၌ ငါ့ကို ဒီဃီတိကောသလမင်း၏ သားဖြစ်သော ဒီဃာဝု မင်းသားက သန်လျက်ဖြင့် လိုက်သောကြောင့် ငါသည် ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့်ပဲ တဖျပ်ဖျပ် တုန်လှုပ်လျက် အဆောတလျင် အိပ်ရာမှ ထပေ၏"ဟု ဖြေကြားပြောဆိုလေ၏။

ရဟန်းတို့····ထိုအခါ ဒီဃာဝုမင်းသားသည် လက်ဝဲလက်ဖြင့် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်း၏ ဦးခေါင်းကို ဆွဲကိုင်၍ လက်ျာလက်ဖြင့် သန်လျက်ကို အိမ်မှ ဆွဲထုတ်ကာ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းကို "အရှင်မင်းကြီး.... ဒီဃီတိကောသလမင်း၏ သားဖြစ်သော ဒီဃာဝုမင်းသားဟူသည်မှာ (အခြားသူမဟုတ်) အကျွန်ုပ်ပင်တည်း၊ သင်မင်းကြီးသည် အကျွန်ုပ်တို့၏(အပေါ်မှာ) များစွာသော အကျိုးမဲ့ကို ပြုခဲ့သူဖြစ်ချေသည်၊ သင်မင်းကြီးသည် ငါတို့၏ ရဲမက်မိုလ်ပါဆင်မြင်း ရထားနှင့် ဇနပုဒ်ကိုဝင်း, ဘဏ္ဍာတိုက်နှင့် ကျီကြကိုဝင်း တိုက်ဖျက် လုယက်အပ်လေပြီ၊ သင်မင်းကြီးသည်ပင် ငါ၏ မယ်တော် ခမည်းတော်တို့ကိုလည်း သတ်အပ်ခဲ့ကုန်ပြီ၊ ဤအခါကား ငါရန်တုံ့မူ (= လက်စားချေ) ရမည့် အခါပေတည်း" ဟူ၍ ပြောဆိုလေ၏။

မထာဘူဒွင် ၃-၃၇

http://www.dhammadownload.com



ရဟန်းတို့.... ထိုအခါ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသား၏ ခြေတို့၌ ဦးခိုက်၍ ဒီဃာဝု မင်းသားကို "ချစ်သားဒီဃာဝု····ငါ့အား အသက်ကို(ချမ်းသာ)ပေးပါလော့၊ ချစ်သားဒီဃာဝု····ငါ့အား အသက်ကို (ချမ်းသာ)ပေးပါလော့" ဟု ပြောဆိုလေ၏။ ထိုအခါ ဒီဃာဝုမင်းသားက "အကျွန်ုပ်သည် အရှင်မင်းကြီး၏ အသက်ကို (ချမ်းသာ) ပေးခြင်းငှါ အဘယ်မှာ တတ်နိုင်ပါအံ့နည်း၊ အရှင်မင်းကြီးကသာလျှင် အကျွန်ုပ်အား အသက်ကို (ချမ်းသာ) ပေးနိုင်ရာပါ၏" ဟု ပြောဆိုလေသော် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် "ချစ်သားဒီဃာဝု···· ထိုသို့ ဖြစ်လျှင် သင်ချစ်သားကလည်း ငါ့အား အသက်ကို (ချမ်းသာ)ပေးပါလော့၊ ငါကလည်း သင်ချစ်သားအား အသက်ကို (ချမ်းသာ) ပေးပါ၏"ဟု ပြောဆိုလေ၏။ ရဟန်းတို့····ထိုအခါ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းနှင့် ဒီဃာဝုမင်းသားတို့သည် အချင်းချင်း(တယောက်သည်တယောက်)အား အသက်ကို (ချမ်းသာ) ပေးကြလေကုန်၏၊ လက်ကိုလည်း ဆွဲကိုင်ကြကာ ချစ်ကြည်မှုကို ပြုကြလေကုန်၏၊ (အချင်းချင်း)မပြစ်မှားရန် ကတိသစ္စာ ကျိန်ဆိုမှုကိုလည်း ပြုကြလေကုန်၏။

ရဟန်းတို့....ထိုသို့ မင်းနှင့်မင်းသား နှစ်ဦးသားတို့ တယောက်သည် တယောက်အား အသက် (ချမ်းသာရေး) ပေးကြလျက် လက်ကို ဆွဲကိုင်ကြကာ ကတိသစ္စာ ကျိန်ဆိုမှု ပြုပြီးသော အခါ၌ ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ဒီဃာဝု မင်းသားကို "ချစ်သားဒီဃာဝု····ထိုသို့ဖြစ်လျှင် ရထားကို က-လော့၊ ပြန်ကြကုန်အံ့"ဟု ဆိုလေသော် ဒီဃာဝုမင်းသားသည် "ကောင်းပါပြီ အရှင်မင်းကြီး····"ဟု မင်းကြီး၏ စကားကို ဝန်ခံ၍ ရထားကို က-ပြီးလျှင် "အရှင်မင်းကြီး····အရှင်မင်းကြီး၏ ( အတွက် ) ရထားကို က-ပြီးပါပြီ၊ ယခုအခါ သွားရန်အချိန်ကို အရှင်မင်းကြီး သည် သိတော်မူပါ၏ (=သွားရန်မှာ အရှင်မင်းကြီး၏ အလို အတိုင်းပင် ဖြစ်ပါသည်)"ဟု လျှောက်ဆိုလေ၏။

http://www.dhammadownload.com



## မြည်တော်သို့ ပြန်ဝင်ခြင်း

ရဟန်းတို့.... ကာသိတိုင်းရှင် ဘုရင်မြဟ္မဒတ်မင်းသည် ရထား ထက်သို့ တက်ရောက်စီးနင်းမိသည်ရှိသော် ဒီဃာဝုမင်းသားသည် ရထားကို မကြာမီပင် စစ်တပ်နှင့် ပေါင်းဆုံမိအောင် မောင်းနှင် လေ၏။ ရဟန်းတို့....ထိုအခါ ကာသိတိုင်းရှင် ဘုရင်မြဟ္မဒတ် မင်းသည် စစ်တပ်ကြီးခြီရံကာ ဗာရာဏသီပြည်သို့ ဝင်၍ အမတ် ပရိသတ်တို့ကို စည်းဝေးစေပြီးလျှင် (ညီလာခံသဘင်၌) "အချင်းတို့....ဒီဃီတိကောသလမင်း၏ သားဖြစ်သူ ဒီဃာဝုမင်း သားကို ယခုအခါ တွေ့ရှိကြလျှင် အဘယ်သို့ ပြုကြမည်နည်း" ဟု မေးမြန်းလေ၏။

(ထိုအခါ) အချို့သောအမတ်တို့က "အရှင်မင်းကြီး....အကျွန်ုပ် တို့သည် လက်တို့ကို ဖြတ်ပါကုန်အံ့၊ (အချို့ကမူ) အရှင်မင်းကြီး.... အကျွန်ုပ်တို့သည် ခြေတို့ကို ဖြတ်ပါကုန်အံ့၊ (အချို့ကမူ) အရှင် မင်းကြီး....အကျွန်ုပ်တို့သည် လက်ခြေတို့ကို ဖြတ်ပါကုန်အံ့၊ (အချို့ ကမူ) အရှင်မင်းကြီး....အကျွန်ုပ်တို့သည် နားတို့ကို ဖြတ်ပါကုန်အံ့၊ (အချို့ကမူ) အရှင်မင်းကြီး....အကျွန်ုပ်တို့သည် နှာခေါင်းကို ဖြတ် ပါကုန်အံ့၊ (အချို့ကမူ) အရှင်မင်းကြီး....အကျွန်ုပ်တို့သည် နား နှာခေါင်းကို ဖြတ်ပါကုန်အံ့၊ (အချို့ကမူ) အရှင်မင်းကြီး....အကျွန်ုပ် တို့သည် ဦးခေါင်းကို ဖြတ်ပါကုန်အံ့" ဟူ၍ (အသီးအသီး) မင်းလို လိုက် မင်းကြိုက်စကား ပြောကြားကြလေကုန်၏။ ထိုအခါ ကာသိတိုင်းရှင် ဘုရင်မြဟ္မဒတ်မင်းတရားသည်—

> "အချင်းတို့.... ဒီဃီတိကောသလမင်း၏ သားဖြစ်သူ ဒီဃာဝုမင်းသား ဟူသည်မှာ ဤသူပင် ဖြစ်တော့သည် (မင်းသားကို လက်ဖြင့်ညွှန်း၍ ပြောသည်)၊ ဤဒီဃာဝု မင်းသားကို တစုံတခုသော အမှုကိုမျှ ပြုရန် မရတော့ပြီ၊ ဤဒီဃာဝုမင်းသားကလည်း ငါ့အား အသက်ကို (ချမ်း သာ)ပေးအပ်ပြီ၊ ငါကလည်း ဤဒီဃာဝုမင်းသားအား အသက်ကို(ချမ်းသာ)ပေးအပ်ပြီ"—

ဟူ၍ ကျေညာပြောဆိုလေ၏။

http://www.dhammadownload.com



### ဒီဃာဝုမင်းသား ရန်ငြိမ်းကြောင်းတရားကို ဟောကြားရှင်းပြခြင်း

ရဟန်းတို့....ထိုနောက် ကာသိတိုင်းရှင် ဘုရင်ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသားကို—

"ချစ်သားဒီဃာဝု .... သင်၏ ဖခမည်းတော်သည် သေခါနီးအခါ၌ '(၁)ချစ်သားဒီဃာဝု....သင်သည် အရှည်ကိုလည်း မကြည့်လင့်၊ (၂) အတိုကိုလည်း မကြည့်လင့်၊ (၃) ချစ်သားဒီဃာဝု....ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်၊ (၄) ချစ်သားဒီဃာဝု.... ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းနိုင်ကုန်၏'ဟု မှာထားခဲ့၏၊ သင်၏ ဖခမည်းတော်သည် အဘယ်ကို ရည်၍ မှာထားခဲ့ပါသနည်း"—

ဟု မေးမြန်းလေ၏။ ထိုအခါ ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မင်းကြီးကို—

(၁) အရှင်မင်းကြီး.... အကျွန်ုပ်၏ ဖခမည်းတော်သည် သေခါနီးအခါ၌"အရှည်ကို မကြည့်လင့်"ဟု ပြောဆိုမှာထားခဲ့သည်မှာ"ရှည်မြင့်စွာ ရန်ကို မပြုလင့်"ဟု ပြောဆို မှာထားခဲ့ခြင်း ဖြစ်ပါသည်၊ အရှင်မင်းကြီး....၍ အဓိပ္ပါယ်ကို ရည်၍ အကျွန်ုပ်၏ ဖခမည်းတော်သည် သေခါနီးအခါ၌ "အရှည်ကို မကြည့်လင့်"ဟု ပြောဆို မှာထားခဲ့ပါ၏။

(၂) အရှင်မင်းကြီး.... အကျွန်ုပ်၏ ဖခမည်းတော်သည် သေခါနီးအခါ၌ "အတိုကိုလည်း မကြည့်လင့်"ဟု ပြောဆို မှာထားခဲ့သည်မှာ "အဆွေခင်ပွန်းတို့နှင့် အချိန်တိုတောင်း လျင်မြန်စွာ မိတ်မပျက်စေလင့်"ဟု ပြောဆို မှာထားခဲ့ခြင်း ဖြစ်ပါသည်၊ အရှင်မင်းကြီး....၍အဓိပ္ပါယ်ကို ရည်၍ အကျွန်ုပ်၏ ဖခမည်းတော်သည် သေခါနီးအခါ၌ "အတိုကိုလည်း မကြည့်လင့်" ဟု ပြောဆို မှာထားခဲ့ပါ၏။

http://www.dhammadownload.com



(၃-၄) အရှင်မင်းကြီး ...... အကျွန်ုပ်၏ ဖခမည်းတော်သည် သေခါနီးအခါ၌ "ချစ်သားဒီဃာဝု .... ရန်တို့မှုသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်၊ ချစ်သားဒီဃာဝု.... ရန်တို့မမှုမှသာ ရန်တို့သည် ငြိမ်းကုန်၏" ဟု ပြောဆိုမှာထားခဲ့သည်ကား "အရှင်မင်းကြီးသည် အကျွန်ုပ်၏ မယ်တော် ခမည်းတော်တို့ကို သတ်သူဖြစ်သည်ဟု အောက်မေ့ကာ အကျွန်ုပ်က အရှင်မင်းကြီးကို အကယ်၍ သတ်ဖြတ်ခဲ့လျှင် အရှင်မင်းကြီး၏ အကျိုးကို လိုလားသောသူတို့က အကျွန်ုပ်ကို သတ်ဖြတ်ကုန်လေရာ၏၊ (တဖန်) အကျွန်ုပ်၏ အကျိုးကို လိုလားသော သူတို့က ထိုသူတို့ကို သတ်ဖြတ်ကုန်ပြန်ရာ၏။ ဤသို့ အပြန်အလှန်လက်စားချေ သတ်ဖြတ်နေကြလျှင် ထိုရန်သည် အဘယ်နည်းဖြင့်မျှ မငြိမ်းနိုင်ရာ။

ယခုအခါ၌မူ အရှင်မင်းကြီးက အကျွန်ုပ်အား အသက်ကို (ချမ်းသာ) ပေးအပ်ပါပြီ၊ အကျွန်ုပ်ကလည်း အရှင်မင်းကြီးအား အသက်ကို (ချမ်းသာ) ပေးအပ်ပါပြီ၊ ဤသို့ အချင်းချင်း အသက်ကို ချမ်းသာပေးကြကာ ရန်တို့မမှုသဖြင့် ထိုရန်သည် အပြီးတိုင် ငြိမ်းအေးသွားပါပြီ။ အရှင်မင်းကြီး.... ဤအဓိပ္ပါယ်ကို ရည်၍ အကျွန်ုပ်၏ ဖခမည်းတော်သည် သေခါနီးအခါ၌ "ချစ်သားဒီဃာဝု....ရန်တို့မှုသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်၊ ချစ်သားဒီဃာဝု.... ရန်တို့မမှုမှသာ ရန်တို့သည် ငြိမ်းကုန်၏"ဟု ပြောဆိုမှာထားခဲ့ပါ၏—

ဟူ၍ ခမည်းတော် မှာထားခဲ့သည့် ရန်ငြိမ်းကြောင်းတရားကို ဟောကြားရှင်းပြလေ၏။

(ဤတရားသဘောကို ရည်ရွယ်၍ ဈေးပညာရှိသူတော်ကောင်းတို့သည်—

၁။ ရန်စကို မရှည်စေလင့်၊

၂။ မိတ်စကို မတိုစေလင့်၊

http://www.dhammadownload.com



၃။ ရန်မမူလိုမှ ရန်မြဲသည်၊
၄။ ရန်လိုလျှင် ရန်ပိုတတ်သည်—

ဟူ၍ **စမ္မုပစေသ**စကား ထားခဲ့ကြလေသည်။)

**ဒီဃာဝုမင်းသား ဖခမည်းတော်၏ ထိုးနန်းအမွေကို တဖန်ပြန်၍ ရရှိခြင်း**

ရဟန်းတို့··· ထိုသို့ ဒီဃာဝုမင်းသား ရန်ငြိမ်းကြောင်းတရားကို ဟောကြားရှင်းပြသောအခါ ကာသိတိုင်းရှင် ဘုရင်မြဟ္မဒတ်မင်းသည် "အချင်းတို့····အံ့ဖွယ်ရှိစွာ့တကား၊ အချင်းတို့····မဖြစ်စဘူး အထူးဖြစ်စွာ့တကား၊ အကျဉ်းချုပ်အားဖြင့် ဖခမည်းတော်မှာထားခဲ့သော စကား၏ အဓိပ္ပါယ်ကို အကျယ်ဖြန့်၍ သိသူဖြစ်ရကား ဤဒီဃာဝုမင်းသားသည် အလွန်လျှင်ပညာရှိစွာ့တကား"ဟု ချီးမွမ်းစကား ပြောကြားပြီးလျှင် (ဒီဃာဝု၏ဖခင် ဘုရင်ဒီဃီတိကောသလမင်း၏)ဥစ္စာဖြစ်သည့် ရဲမက်ဗိုလ်ပါ ဆင်မြင်းရထားနှင့် ဇနပုဒ်ကိုငင်း,ဘဏ္ဍာတိုက်နှင့် ကျီကြကိုငင်း ဒီဃာဝုမင်းသားအား ပြန်၍ ပေးအပ်သည့်ပြင် အရွယ်သို့ ရောက်ပြီးသောသမီးကိုလည်း ပေးလေ၏။

**ဗုဒ္ဓ၏ ဩဝါဒတော်**

ရဟန်းတို့...., တုတ်ဓားလက်နက်ကို ဆောင်ယူကြကုန်သော ထိုမင်းတို့အားသော်မှလည်း ဤသို့သဘောရှိသော သည်းခံခြင်း, နှစ်သက်ကျေနပ်ခြင်းသည် ဖြစ်တုံဘိသေး၏၊ ရဟန်းတို့.... သင်တို့သည် ဤသို့ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံထင်ရှား ဟောကြားအပ်သည့် တရားသဖြင့် ဆုံးမရာ ဤငါဘုရားသာသနာ၌ ရဟန်းအဖြစ်သို့ ကပ်ရောက်ကြသူများဖြစ်လျက် သည်းမခံကြလျှင် မနှစ်သက် မကျေနပ်ကြလျှင် ထိုသို့(အချင်းချင်း) သည်းမခံခြင်း, မနှစ်သက် မကျေနပ်ခြင်းသည် ဤသာသနာတော်၌ တင့်တယ်နိုင်ပါမည်လော၊ (=မတင့်တယ်နိုင်သည်သာ) ဟု မြတ်စွာဘုရားရှင်သည် လေးနက်သော ဩဝါဒစကား မိန့်ကြားတော်မူပြီးလျှင် တတိယအကြိမ်မြောက်လည်း—

http://www.dhammadownload.com



"ချစ်သား ရဟန်းတို့.... မသင့်လျော်ဘူး = မတော်ဘူး၊ ငြင်းခုံမှုကို မပြုကြကုန်လင့်၊ ခိုက်ရန်မှုကို မပြုကြကုန်လင့်၊ ထိပါးနှောက်ယှက် ဆန့်ကျင်ဖက်စကား ပြောကြားမှုကို မပြုကြကုန်လင့်"—

ဟူ၍ နောက်ဆုံးအကြိမ် မိန့်တော်မူသောအခါမှာလည်း ရှေးဖော်ပြရာပါ ဥက္ကိဋ္ဌာနုဝတ္တက အဓမ္မဝါဒီရဟန်းသည် မြတ်စွာဘုရားရှင်ကို—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တရားရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အရှင်မြတ်ဘုရားသည် မျက်မှောက်ချမ်းသာရေးကိုသာ အားထုတ်တော်မူကာ ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း, ခိုက်ရန်ပြုခြင်း, ထိပါးနှောက်ယှက် ဆန့်ကျင်ဖက်စကား ပြောကြားခြင်းဖြင့် ထင်ရှားကြပါလိမ့်မည်"—

ဟူ၍ ရှေးနည်းအတူပင် တောင်းပန်မြစ်တား လျှောက်ထားပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ဤယောကျ်ား(သတ္တဝါ)တို့သည် ကုန်ခန်းသော သဘောရှိကုန်၏၊ (= ဆုံးမ၍ မရတော့ကုန်ဟု ဆိုလိုသည်)။ ဤရဟန်းတို့ကို သိစေရန် (= အသိတရား ရစေဖို့ရန်) မလွယ်ကုန်"ဟု နှလုံးပိုက်တော်မူလျက် နေရာမှထကာ ဖဲခွါကြွသွားတော်မူလေ၏။

ဒီဃာဝုဝတ္ထု ပြီး၏။

(အမှာ။ ။ဤဒီဃာဝုဝတ္ထုကို ဝိနည်းမဟာဝါပါဠိတော် ကောသမ္ဗကက္ခန္ဓကမှ ထုတ်နုတ်ရေးသားအပ်ပါသည်။ ဤဒီဃာဝုဝတ္ထုကား ပဉ္စကနိပါတ် ဒီဃီတိကောသလဇာတ်၌၎င်း, နဝကနိပါတ် ကောသမ္ဗိယဇာတ်၌၎င်း ဂါထာပိုဒ်တို့ဖြင့် လာရှိသေး၏၊ အလိုရှိသော သူတော်

http://www.dhammadownload.com



ပုဂ္ဂိုလ်မြတ်တို့သည် ထိုနိပါတ် ထိုဇာတ်တို့ကိုလည်း ကြည့်ရှုမှတ်သားကုန်ရာ၏)။

**ဂါထာဒသက ဩဝါဒဒေသနာ**

ထိုနောက် မြတ်စွာဘုရားရှင် နံနက်အချိန်၌ ကောသမ္ဗီပြည်အတွင်းသို့ ဆွမ်းခံကြွဝင်တော်မူ၍ ဆွမ်းကိစ္စ ပြီးဆုံးလတ်သောအခါ ဆွမ်းခံရာမှ ဖဲကြွတော်မူခဲ့၍ အိပ်ရာနေရာကို သိမ်းမွေးသိမ်းဆည်းတော်မူပြီးလျှင် ကိုယ်တော်တိုင်ပင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ (ခရီးသွားအံ့ဆဲဆဲ) သံဃာ့အလယ်၌ ရပ်တည်တော်မူလျက်သာလျှင် ဤဆိုလတ္တံ့သော ဆယ်ဂါထာ ဩဝါဒဒေသနာကို ဟောကြားတော်မူလေသည်။

ပုထုသဒ္ဒေါ သမဇနော၊
န ဗာလော ကောစိ မညထ။
သံဃသ္မိံ ဘိဇ္ဇမာနသ္မိံ၊
နာညံ ဘိယျော အမညရုံ။ (၁)

(အယံ ဘိက္ခုဂဏော = ကိုယ်ကြမ်းနှုတ်ကြမ်း ဤရဟန်းအပေါင်းသည်။ထည့်)။ ပုထုသဒ္ဒေါ = နှုတ်တဖောင်ဖောင် ကျယ်လောင်သောအသံရှိ၏။ သမဇနော = စိတ်ထားမဖြူ တူသောသူချည်းသာလျှင်ဖြစ်၏။ (တတ္ထ = ထိုရဟန်းအပေါင်း၌။ ထည့်)။ ကောစိ = တပါးမျှလည်း။ ဗာလော = အသိဉာဏ်ခေါင်းပါး ငါမိုက်စွာ့တကားဟူ၍။ န မညထ = မသိမမြင် မထင်ဘိချေ။ ဘိယျော = ထိုပြင်လည်း။ သံဃသ္မိံ = သံဃာတော်သည်။ဘိဇ္ဇမာနသ္မိံ = မကျေမချမ်း စိတ်ဝမ်းကွဲပြားသည်ရှိသော်။ အညံ = ငါ့ကြောင့်သံဃာ ကွဲခဲ့စွာဟု တဖြာထပ်လောင်း အခြားအကြောင်းကိုလည်း။ န အမညရုံ = မသိမမြင် မထင်ကြကုန်။

ပရိမုဋ္ဌာ ပဏ္ဍိတာဘာသာ၊
ဝါစာဂေါစရဘာဏိနော။
ယာဝိစ္ဆန္တိ မုခါယာမံ၊
ယေန နီတာ န တံ ဝိဒူ။ (၂)

http://www.dhammadownload.com



(ဇုမေဘိက္ခူ = ကိုယ်ကြမ်း နှုတ်ကြမ်း ဤရဟန်း တို့သည်။ ထည့်)။ ပရိမုဋ္ဌာ = သတိလွတ်ကင်း မေ့လျော့ခြင်းကြီး မေ့လျော့ကြကုန်လျက်။ ပဏ္ဍိတာဘာသာ = ပညာရှိယောင် တူစွာဆောင်ကြကုန်သည်ဖြစ်၍။ ဝါစာဂေါစရာ = ခိုက်ရန်ဖြစ်ပွါး ထိုစကားလျှင် ကျက်စားရာအာရုံ ရှိကြကုန်၏။ (ကမ္မဋ္ဌာန်းအာရုံ မရှိကြကုန်ဟု ဆိုလိုသည်)။ ယာဝ ဣစ္ဆန္တိ = မရှက်မကြောက် အလိုရှိကြသလောက်ပင်။ မုခါယာမံ = ခံတွင်းကိုဖွင့်ကြ၍။ ဘာဏိ-နော = ရန်တွေ့စကား ပြောကြားကြကုန်၏။ (ရဟန်းတပါးမျှ သံဃာကို ရိုသေသောအားဖြင့် နှုတ်ပိတ်မှုကို မပြုချေဟု ဆိုလိုသည်)။ ယေန ကလဟေန = ခိုက်ရန်ငြင်းပွါး အကြင်ဒေါသတရားသည်။ နီတာ = အရှက်မဲ့သူအဖြစ်သို့ရောက်အောင် (ထိုရဟန်းတို့ကို) ဆောင်အပ်ကုန်၏။ တံ ကလဟံ = ခိုက်ရန်ငြင်းပွါး ထိုဒေါသတရားကို။ န ဝိဒူ = "ဤသို့လျှင်တိ အပြစ်ရှိ"ဟု မသိမြင်ကြကုန်။

အက္ကောစ္ဆိ မံ အဝဓိ မံ၊
အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊
ဝေရံ တေသံ န သမ္မတိ။ (၃)

ယေ စ = အမှတ်မထင် အကြင်သူတို့သည်လည်း။"(အယံ = ဤသူသည်)။ မံ = ငါ့ကို။ အက္ကောစ္ဆိ = ဆဲရေးစကား ပြောကြားခဲ့ဘူးပြီး။ (အယံ = ဤသူသည်)။ မံ = ငါ့ကို။ အဝဓိ = နှိပ်စက်ကလူ ပြုမှုဘူးပြီး။ (အယံ = ဤသူသည်)။ မံ = ငါ့ကို။ အဇိနိ = လွှမ်းမိုးသဖြင့် အနိုင်ကျင့်ဘူးလေပြီ။ (အယံ = ဤသူသည်)။ မေ = ငါ၏။ (ဓနံ = ဥစ္စာကို)။ အဟာသိ = ခိုးဆောင်ဘူးလေပြီ"။ (ဣတိ = ဤသို့နှလုံးပိုက်၍)။ တံ = ထိုခိုက်ရန်ဖြစ်ပွါး ဒေါသတရားကို။ ဥပနယှန္တိ = မပြေနိုင်ပဲ ထပ်တလဲလဲဖွဲ့၍ နေကုန်၏။ တေသံ = ထိုသူတို့၏။ ဝေရံ = ရန်သည်။ န သမ္မတိ = ကမ္ဘာဆုံးတိုင် မငြိမ်းအေးနိုင်။

http://www.dhammadownload.com



အက္ကောစ္ဆိ မံ အဝဓိ မံ၊
အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယှန္တိ၊
ဝေရံ တေသူပသမ္မတိ။ (၄)

ယေ စ = အမှတ်မထင် အကြင်သူတော်စင်တို့သည်ကား။ "(အယံ = ဤသူသည်)။ မံ = ငါ့ကို။ အက္ကောစ္ဆိ = ဆဲရေးစကား ပြောကြားခဲ့ဘူးပြီ။ (အယံ = ဤသူသည်)။ မံ = ငါ့ကို။ အဝဓိ = နှိပ်စက်ကလူ ပြုမူဘူးပြီ။ (အယံ = ဤသူသည်)။ မံ = ငါ့ကို။ အဇိနိ = လွှမ်းမိုးသဖြင့် အနိုင်ကျင့်ဘူးလေပြီ။ (အယံ = ဤသူသည်)။ မေ = ငါ၏။ (ဓနံ = ဥစ္စာကို)။ အဟာသိ = ခိုးဆောင်ဘူးလေပြီ"။ (ဣတိ = ဤသို့ နှလုံးပိုက်၍)။ တံ = ထိုခိုက်ရန်ဖြစ်ပွါး ဒေါသတရားကို။ နုပနယှန္တိ = ကံကို ဆင်ခြင်, စိတ်မဝင်စား, သတိမထားပဲ ထပ်ပွါး၍မဖွဲ့ကြကုန်။ တေသု = နှလုံးကြည်လင် ထိုသူတော်စင်တို့၌။ ဝေရံ = ကျိုးမဲ့လိုလားရန်တရားသည်။ ဥပသမ္မတိ = လောင်စာကင်းမဲ့ မီး၏နဲလျှင် ငြိမ်းစဲပျောက်ပြယ်လေ၏။

န ဟိ ဝေရေန ဝေရာနိ၊
သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊
ဧသ ဓမ္မော သနန္တနော။ (၅)

ဣဓ = ဤလောက၌။ ဝေရာနိ = ကျိုးမဲ့လိုလား ရန်တရားတို့သည်။ ဝေရေန = ကျိုးမဲ့လိုမှု ရန်တုံ့ပြုသဖြင့်။ ကုဒါစနံ = ကာလသုံးတန် တရံတခါမျှ။ န ဟိ သမ္မန္တိ = မစင်ဖြင့် မစင်ကို ဆေးသကဲ့သို့ ငြိမ်းအေးခြင်းသဘောမရှိကုန်။ အဝေရေန စ = ရန်တုံ့မပွါး ခန္တီမေတ္တာတရားဖြင့်သာလျှင်။ သမ္မန္တိ = ရေကြည်ဖြင့် မစင်ကို ဆေးသကဲ့သို့ ငြိမ်းအေးပျောက်ပြယ်ကြကုန်၏။ ဧသ— ဧသော ဓမ္မော = ဤ ခန္တီမေတ္တာ နှစ်ပါးဖြင့် ရန်တရား၏ ငြိမ်းအေးမှုသဘောသည်။ သနန္တနော=ရှေး၌ဖြစ်သော။ ဓမ္မော=

http://www.dhammadownload.com



ဘုရားမြတ်စွာ ပစ္စေကာတို့သွားရာလမ်းကြောင်း တရားကောင်း ပေတည်း။

ပရေ စ န ဝိဇာနန္တိ၊
မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊
တတော သမ္မန္တိ မေဓဂါ။ (၆)

ဧတ္ထ = ဤပရိသတ်များကြွယ် သံဃာ့အလယ်၌။ ပရေ စ = ပညာခေါင်းပါး ခိုက်ရန်မှု ပြုကြသော ရဟန်းများတို့သည်။ "မယံ = ငါတို့သည်။ ယမာမသေ = သေမင်းထံပါး အချိန်တိုင်း သွား၍ နေရကုန်၏"ဟု။ န ဝိဇာနန္တိ = ပညာမျက်စိ ပိတ်မရှိ၍ မသိမြင်ကြကုန်။ တတ္ထ = ထိုပရိသတ်များကြွယ် သံဃာ့အလယ်၌။ ယေ စ = အကြင်ဉာဏ်ရည်တောက်လျှမ်း ပညာရှိရဟန်းတို့သည် ကား။ ဝိဇာနန္တိ = သေမင်းထံပါး ငါတို့သည် အချိန်တိုင်း သွား ရကုန်၏ဟု ပိုင်းခြားထင်ထင် မရဏာဿတိဝင်၍ သိမြင်ကြကုန်၏။ တတော = ထိုသို့ သိခြင်းကြောင့်။ မေဓဂါ = ခိုက်ရန်အတင်း ငြင်းခုံခြင်းတို့သည်။ သမ္မန္တိ = သမ္မာပဋိပတ် ကျင့်ကြံလတ်သဖြင့် ကင်းပြတ်ချုပ်ငြိမ်းကြလေကုန်၏။

အဋ္ဌိစ္ဆိန္နာ ပါဏဟရာ၊
ဂဝါဿဓနဟာရိနော။
ရဋ္ဌံ ဝိလုမ္ပမာနာနံ၊
တေသံပိ ဟောတိ သင်္ဂတိ။
ကသ္မာ တုမှာက နော သိယာ။ (၇)

ယေ = အကြင်မင်းတို့သည်။ အဋ္ဌိစ္ဆိန္နာ = မိဖတို့၏ အရိုးကို ရိုက်ချိုး ဖြတ်တောက်ကြကုန်၏။ ပါဏဟရာ = ဒေါသမာန်ဝင် အသက်ဆုံး စီရင်ကြကုန်၏။ ဂဝါဿဓနဟာရိနော = နွား မြင်း ဥစ္စာ ရတနာကို မညှာလုယက် တိုက်ဖျက်ယူငင်ကြကုန်၏။ ရဋ္ဌံ = ခမည်းတော်ပိုင်စံ တိုင်းနိုင်ငံကို။ ဝိလုမ္ပမာနာနံ = အနိုင်အထက် လုယက်ကြကုန်သော။တေသံပိ = ရန်သူမှန်လျှင်း ထိုမင်းတို့အား

http://www.dhammadownload.com



သော်မှလည်း။ သင်္ဂတိ = စေ့စပ်ပေါင်းသင်း ငြိမ်းချမ်းခြင်းသည်။ ဟောတိ = ဖြစ်နိုင်တုံသေး၏။ တုမှာကံ = ငါဘုရား၏ တရားရင်နှစ် ဖွားမြင်လစ်သည့် သားချစ်မှန်တောင်း သင်ရဟန်းအပေါင်းတို့အား။ သင်္ဂတိ = စေ့စပ်ပေါင်းသင်း ငြိမ်းချမ်းခြင်းသည်။ ကသ္မာ = အဘယ့်ကြောင့်။ နေ၁ သိယာ = မဖြစ်နိုင်ပဲရှိအံ့နည်း။ သိယာ ဧဝ = ကေန်စင်စစ် ဖြစ်နိုင်သည်သာတည်း။

သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံစရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေနတ္တမနော သတီမာ။ (၁)

**သတိမာ** = သတိရှိသောသူသည်။ သဒ္ဓိံစရံ = အတူတကွ ဓမ္မမိတ်တော် တရားကျင့်ဖော်ဖြစ်သော။ သာဓုဝိဟာရိံ = သုံးပါးသိက္ခာ ကျင့်သမ္မာဖြင့် ကောင်းစွာနေလေ့ရှိသော။ ဓီရံ = မြဲမြံနိုင်ခံ့ တည်တံ့သော သမာဓိရှိသော။ နိပကံ = လျင်မြန်ထက်မြက် ရင့်ကျက်သောပညာရှိသော။ သဟာယံ = သွားဖက်လာဖော် အဆွေတော်ကို။ သစေ လဘေထ = အကယ်၍ ရငြားအံ့။ တေန = ထိုတရားကျင့်ဖော် အဆွေတော်နှင့်။ အတ္တမနော = နှစ်လိုအားရမ်း ဝမ်းမြောက်သောစိတ်နှလုံးရှိသည်ဖြစ်၍။ သဗ္ဗာနိ ပရိဿယာနိ = ခြင်္သေ့သစ်ကျားအစရှိသောအပြင်ရန်, လောဘ ဒေါသ မောဟအစရှိသော အတွင်းရန် အတန်တန်တို့ကို။ အဘိဘုယျ=လွှမ်းမိုးနှိပ်စက်၍။ စရေယျ=လှည့်လည်ကျက်စား တရားအားထုတ်ရာ၏။

နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံစရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂရညေဝ နာဂေါ။ (၉)

(သတိမာ = သတိရှိသောသူသည်။ လိုက်စေ)။ သဒ္ဓိံစရံ = အတူတကွ ဓမ္မမိတ်တော် တရားကျင့်ဖော်ဖြစ်သော။ သာဓုဝိဟာ-

http://www.dhammadownload.com



ရိံ = သုံးပါးသိက္ခာ ကျင့်သမ္ဘာဖြင့် ကောင်းစွာ နေလေ့ရှိသော။ ဓိရံ = မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိရှိသော။နိပကံ = လျင်မြန်ထက်မြက် ရင့်ကျက်သောပညာရှိသော။ သဟာယံ = သွားဖက်လာဖော် အဆွေတော်ကို။ နော စေ လဘေထ = အကယ်၍ မရငြားအံ့။ ရဋ္ဌံ ဝိဇိတံ = မိမိပိုင်စံ တိုင်းနိုင်ငံကို။ ပဟာယ = ပယ်စွန့်၍။ ပဇ္ဇဟိတော = ရှင်ရဟန်းပြုသော။ ရာဇာဝ = မဟာဇနကမင်း, အရိန္ဒမမင်းကဲ့သို့ငင်း။ မာတင်္ဂေါ = မာတင်အမျိုးဖြစ်သော။ နာဂေါဝ = အားအန်နိုင်ဖြိုး ဆင်ပြောင်ကြီးကဲ့သို့ ငင်း။ ဧကော = အဖော်မဖိုး တကိုယ်ထီးဖြစ်၍။ အရညေ = လူသူမနီး တောမြိုင်ကြီး၌။ စရေ—စရေယျ = လှည့်လည် ကျက်စား တရားအားထုတ်ရာ၏။

ဧကဿ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ န စ ပါပါနိ ကယိရာ။
အပ္ပေါဿုက္ကော မာတင်္ဂရညေဝ နာဂေါ။ (၁၀)

ဧကဿ = အဖော်မဖိုး တကိုယ်ထီး။ စရိတံ = လှည့်လည်ကျက်စား တရားအလုပ် အားထုတ်ရခြင်းသည်။ သေယျော = ချီးမွမ်းအပ် မြတ်လှပေ၏။ ဗာလေ = သူမိုက်၌။ သဟာယတာ = သူငယ်ချင်းဟူ၍ အသိဉာဏ်သဒ္ဒါနှစ်ပါးတို့ဖြစ်ကြောင်း ကောင်းမြတ်သော သီလ သမာဓိ ပညာ သိက္ခာတရားအစုသည်။ နတ္ထိ = တစိုးတစိ မရှိချေ။ မာတင်္ဂေါ = မာတင်အမျိုးဖြစ်သော။ နာဂေါ = အားအန်နိုင်ဖြိုး ဆင်ပြောင်ကြီးသည်။ အရညေ = လူသူမနီး တောမြိုင်ကြီး၌။ အပ္ပေါဿုက္ကော = ကြောင့်ကြမဲ့။ စရေ—စရတိ ဣဝ = လှည့်လည်ကျက်စား သွားလာနေထိုင်၏ သို့။ ဧကော = အဖော်မဖိုး တကိုယ်ထီး။ စရေ—စရေယျ = လှည့်လည်ကျက်စား တရားအလုပ် အားထုတ်နေထိုင်ရာ၏။ ပါပါနိ = ယုတ်မာညစ်ကျု မကောင်းမှုတို့ကို။ န စ ကယိရာ = မပြုကျင့်ရာ။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်သည် သံဃာ့အလယ်၌ ရပ်တော်မူရင်းကပင် ဤဆယ်ဂါထာ တရားဒေသနာတို့ကို ဟောတော်မူ၍ အဖော်မပါ ကိုယ်တော်မြတ်တပါးတည်းသာ "မာလကလောဏက" ရွာသို့ ကြွသွားတော်မူလေ၏။

ဤတွင် အခဏ်း ၂၇-ပြီး၏။

**ဤတွင်ရွှေ့ထား မဟာဗုဒ္ဓဝင် တတိယတွဲတည်း။**

http://www.dhammadownload.com

# မဟာဗုဒ္ဓဝင်

## မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အကုံနုတ်သား အကြောင်း အကျဉ်းချုပ် ၅၄၁

အကုံရနုတ်သား ဘုရားရှင်အား ပြန်လည်လျှောက်ထားခြင်း ၅၄၅

အဂ္ဂသာဝက နှစ်ပါးတို့၏ ပဋိပဒါ အထူး ၁၇

အဂ္ဂသာဝက ပါရမီဉာဏ် ၁၂

အဂ္ဂသာဝကရာထူး အပ်နှင်းသော နေ့ရက် ၁၇၊၁၈

အင်္ဂုလိမာလ? — 

အင်္ဂိဒတ္တ စသော ရသေ့ တထောင်တို့အား ဆုံးမခြင်းအကြောင်း ၂၅၄

အင်္ဂိဒတ္တ ဆရာကြီး၏ လွဲမှားသောတရား ၂၅၅၊၂၅၆

အင်္ဂိဒတ္တရသေ့ကြီးအား ဘုရားရှင် တရား ဟောတော်မူပုံ ၂၆၂

အင်္ဂိဒတ္တရသေ့ကြီး ဘုရားရှင် ဒေသနာ အဆုံး၌ အရဟတ္တဖိုလ် ရောက်၍ ဧဟိဘိက္ခုဖြစ်ပုံ ၂၆၅

အင်္ဂိဒတ္တရသေ့ကို ရှင်မောဂ္ဂလာန်အား ဆုံးမရန် တိုက်တွန်းပုံ ၂၅၆

အင်္ဂိဒတ္တဟု ငယ်နာမည်ခေါ်သဖြင့် မာန်မာနခက်ထန်ပုံ ၂၅၇

[ အ ]

အင်္ဂါငါးချက်နှင့် ပြည့်စုံသော ကျောင်းတော်ရာ ရှာဖွေပုံ ၃၉၇

အင်္ဂါ ငါးပါးနှင့် ပြည့်စုံလျှင် (အလို ရှိသော အကျိုး ပြီးနိုင်ပုံ) ၆၄၂

အင်္ဂတိုင်း မာဂဓတိုင်း ကုရုတိုင်း သူတို့၏ ယုံမှားသံသယကို အင်္ဂိဒတ္တမထေရ် ပယ်ဖျောက်ပုံ ၂၆၆

အင်္ဂါလေးပါး ရှိသော သာဝကသန္နိပါတအကြောင်း (အကျယ်) ၁၇

အဆူဆူသော ဘုရား ရှင်တို့ ချီးမွမ်းအပ်သောတရား ၃၆၀

အဆင်းငါးမျိုးရှိသော ပန်းတို့ကို စန္ဒကူး မှုန့်ဖြင့် ရော၍ ကြဲဖြန်း ပူဇော်ပုံ ၈၄

အဇိတကေသကမ္ဗလဆရာကြီး အကြောင်း ၄၉၂

အဋ္ဌမဝါကို သုသုမာရဂိရမြို့၌ ကပ်ဆိုတော်မူခြင်း ၆၂၉

အတ္တဒဏ္ဍသုတ်ကို ဟောတော်မူခြင်း ၄၇၇

အတ္တဝါဒအရေးကြီးပုံ (သစ္စကပရိဗိုဇ်၏အယူ) ၄၄၅

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ အ ]

- အတ္တဝါဒကို ဘုရားရှင် ဖျက်ဆီးပုံ — ၄၄၉၊၄၅၀
- အဓိဂမသဒ္ဓါ (အရိယာတို့၏ ယုံကြည်မှု) — ၆၄၇
- အနန္တလောကဓာတ်၌(ဘုရားနှစ်ဆူ မပွင့်ပုံ) — ၄၀၁
- အနာထပိဏ်သူဌေးအကြောင်း — ၁၈၀
- အနာထပိဏ်သူဌေး၏ ငယ်နာမည် သုဒတ္တခေါ်ပုံ — ၁၉၀
- အနာထပိဏ်သူဌေး ဘုရားရှင်ကြိုဆိုရာ၌(စီစဉ်ပုံ) — ၂၁၆
- အနာထပိဏ်သူဌေးက ရာဇဂြိုဟ်သူဌေးအားမေးမြန်းပုံ — ၁၈၂၊၁၈၃
- အနာထပိဏ်သူဌေး ကောသလမင်းကြီးထံ သုမနာ မင်းသမီးအား ဘုရားရှင်အကြို လွှတ်ရန်လျှောက်ထားပုံ — ၂၁၅
- အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတိုက် တည်ဆောက်ခြင်းအကြောင်း — ၂၀၀
- အနာထပိဏ်သူဌေး ဇေတဝန်ကျောင်း နေရာကို ရှာဖွေဝယ်ယူပုံ — ၁၉၇
- အနာထပိဏ်သူဌေး ဘုရားအသံ ကြားသဖြင့် ပီတိ ၅-မျိုးဖြစ်ပုံ — ၁၈၃၊၁၈၄
- အနာထပိဏ်သူဌေး ဘုရားဖူးသွားပုံ — ၁၈၆
- အနာထပိဏ်သူဌေး ဘုရားရှင်အား ဆွမ်းဖြင့် ဖိတ်ပုံ — ၁၉၃

[ အ ]

- အနာထပိဏ်သူဌေး ဘုရားရှင်အား သာဝတ္ထိပြည်၌ သီတင်းသုံးရန်လျှောက်ထားပုံ — ၁၉၅
- အနာထပိဏ်သူဌေး ဘုရားအာရုံ ရှိသော သတိဖြင့် အိပ်ပျော်ပုံ — ၁၈၅
- အနာထပိဏ်သူဌေး သောတာပန် တည်ပုံ — ၁၉၃
- အနာထပိဏ်သူဌေး အမည်ဖြစ်ပုံ(အကြောင်း) — ၁၉၀
- အနာရောဂါကင်းရှင်းခြင်း — ၆၄၅
- အနာရောဂါကင်းလျှင်(လိုအပ်သော အကျိုးပြီးနိုင်ပုံ) — ၆၄၃
- အနုရုဒ္ဓမင်းသား — ၁၄၅
- အနုရုဒ္ဓမင်းသားကို မဟာနာမ်မင်းသားက လူမှုအလုပ်များကိုသင်ကြားပုံ — ၁၅၀၊၁၅၂
- အနုရုဒ္ဓမင်းသားတို့ ထမင်းဖြစ်ရာကို ပြောကြပုံ — ၁၅၀၊၁၅၁
- အနုရုဒ္ဓမင်းသားနှင့်မဟာနာမ်မင်းသားတို့ ရဟန်းပြုရန် တိုင်ပင်ပုံ — ၁၄၆
- အနုရုဒ္ဓမင်းသား ဘဒ္ဒိယ မင်းသားနှင့် ရဟန်း ပြုရန် တိုင်ပင်ပုံ — ၁၅၄
- အနုရုဒ္ဓမင်းသား 'မရှိ'စကား မကြားပုံ အကြောင်း — ၁၄၆၊၁၄၇
- အနုရုဒ္ဓမင်းသား ရဟန်းပြုရန် မယ်တော်ထံ ခွင့်ပန်ပုံ — ၁၅၃
- အနုရုဒ္ဓမင်းသား လူ့ဘောင်၌ ငြီးငွေ့ခြင်း — ၁၅၁

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဖော်မမှီး တကိုယ်ထီး တရား အားထုတ်ပုံ ၇၆၅

အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ် (ရှင်ရာဟုလာ ၇-နှစ်အရွယ် ဟောသောသုတ်) ၁၇၀

အဘိဏှရာဟုလောဝါဒသုတ် (အမြဲမပြတ်ဆုံးမခြင်းငှါ ဟောကြားသောသုတ်) ၁၇၀

အဘိဓမ္မာ ဟောစဉ် ကိုယ်တော်ကို မျှထားစေပုံ ၅၅၄

အဘိဓမ္မာဟောကြားပြီးဆုံးသော အခါ နတ်ပြဟ္မာ ကုဋေ ရှစ်သောင်းကျွတ်တမ်းဝင်ပုံ ၅၅၈

အမှုထမ်းများ ကျင့်ဆောင်ရန် အင်္ဂါ ၅-ချက် ၇၅၁

အမျက်ထွက်ခြင်း၏ အကြောင်းရင်း ၆-ပါး ၅၇၅

အရသာကြောပေါင်း ခုနစ်ထောင်နှံ့သည့် နတ်မုန့် ၁၄၈

အရိယာ ဥစ္စာ (သူတော်ကောင်း ဥစ္စာ ရတနာ ခုနစ်ပါး) ၁၃၄

အရိယာ ပုဂ္ဂိုလ်တို့ လောကီရေးရာတို့၌ လျစ်လျူရှုပုံ ၂၇

အရှင်အဿဇိထေရ်ဟောသော 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' စသောတရားတော် ၅

အရှင်အဿဇိနှင့် သစ္စကပရိဗိုဇ်တို့ အမေး အဖြေ ၄၇၆

အရှင်အဿဇိမထေရ် ကြည်ညိုဖွယ် ဆောင်လျက် ရာဇဂြိုဟ်ပြည် ဆွမ်းခံဝင်ပုံ ၂၊၃

[ အ ]

အရှင်အနုရုဒ္ဓါ (ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ပုံ) ၁၆၅၊၁၆၆၊၁၆၇

အရှင်အာနန္ဒာမထေရ် ပရိတ်အရံ အတား ပြုတော်မူခြင်း ၁၀၃

အရှင်အာနန္ဒာ (သောတာပန် ဆိုက်ရောက်ပုံ) ၁၆၇

အရှင်ကာဠုဒါယီ ဆွေတော် မျိုးတော်များကို သဒ္ဓါ တရားဖြစ်ပွါးအောင်ပြုပုံ ၇၇

အရှင်ကာဠုဒါယီမထေရ်ကို ဧတဒဂ်ထားပုံ ၇၇၊၇၈

အရှင်ဒေဝဒတ် (လောကီသမာပတ် ရှစ်ပါး ရရှိကာ ပုထုဇဉ် သာဖြစ်ပုံ) ၁၆၈

အရှင်နန္ဒရဟန်း ရဟန္တာဖြစ်ပုံ ၂၂၉

အရှင်နန္ဒရဟန်း အသီတိသာဝက (ရှစ်ကျိပ်)တွင် ပါဝင်ပုံ ၂၂၉

အရှင်နန္ဒမထေရ် ရဟန္တာဖြစ် ကြောင်း ပြဟ္မာကြီးက လျှောက်ထားပုံ ၂၃၀

အရှင်နန္ဒထေရ် ဘုရားထံ ခံဝန် ချက်မှ လွတ်စေပုံ ၂၃၀၊၂၃၁

အရှင်နန္ဒထေရ်အတွက် ဘုရားရှင် ဥဒါန်းကျူးပုံ ၂၃၂

အရှင်နန္ဒက ဇနပဒကလျာဏီကို မျောက်အိုမနှင့် တူပုံ လျှောက်ထားခြင်း ၂၂၆၊၂၂၇

အရှင်ပိဏ္ဍောလဘာရဒွါဇ စန္ဒကူးသပိတ်ကို ယူခြင်း ၄၉၇

အရှင်ဘဒ္ဒိယ (ဒုတိယဝါတွင်း၌ တေဝိဇ္ဇ ရဟန္တာဖြစ်ပုံ) ၁၆၅

http://www.dhammadownload.com




အကွရာစဉ် စာမျက်နှာ

[ အ ]

အရှင်မဟာ မောဂ္ဂလာန်၏ ရှေးမကောင်းမှုကံ (အကြောင်း) ၆၅၉၊၆၆၀

အရှင်မဟာမောဂ္ဂလာန်က မာရ်နတ်အား ဩဝါဒ ၁၀-ပါးဖြင့် ဆုံးမပုံ ၆၇၃၊၆၇၅

အရှင်မဟာမောဂ္ဂလာန် မထေရ် ဆွေမျိုးစပ်သဖြင့် မာရ် နတ်စိတ်ကို နူးညံ့စေပုံ ၆၅၉

အရှင်မဟာမောဂ္ဂလာန်၏ ဝမ်းတွင်း မာရ်နတ်ဝင်ခြင်း အကြောင်း ၆၅၆

အရှင်မဟာမောဂ္ဂလာန် ဘုရား ရှင်အား လူ့ပြည်သို့ သက် ဆင်းချိန် လျှောက်ထားပုံ ၅၅၉

အရှင်မဟာမောဂ္ဂလာန်နှင့် အဟိ ဆတ္တနဂါးမင်းတို့ တန်းခိုး ပြိုင်ပုံ ၂၆၀

အရှင်မဟာမောဂ္ဂလာန် သာဝက ပါရမီဉာဏ် အထွတ် အထိပ် ရောက်ပုံ ၁၃

အရှင်မဟာမောဂ္ဂလာန် (ရဲရဲ တောက်)လျှောက်ထားပုံ ၅၁၇

အရှင်ရာဟုလာ၏ ဥပဇ္ဈာယ် ဆရာ, ပဗ္ဗဇ္ဇာစရိယဆရာ, ဩဝါဒါစရိယ ဆရာများ ၁၃၅

အရှင်သာရိပုတ္တရာ၏ ရဲရဲတောက် တရားသိမြင်ပုံ ၁၅၊၁၆

အရှင်သာရိပုတ္တရာ အိပ်ရာနေရာ မရရှိသဖြင့် သစ်ပင်ရင်း၌ နေထိုင်ရပုံ ၂၀၅

အကွရာစဉ် စာမျက်နှာ

[ အ ]

အရှင်သာရိပုတ္တရာနှင့် ပရိဗိုဇ်မ လေးယောက်(ဝါဒပြိုင်ခဏ်း)၄၃၁

အရှင်သာရိပုတ္တရာ ဘုရားရှင် အား ဗုဒ္ဓဝင် ဒေသနာ ဟောရန် လျှောက်ထားပုံ ဂ၅

အရှင်သာရိပုတ္တရာ တပည့်ရဟန်း ငါးရာတို့အား တဖန်ပြန်၍ အဘိဓမ္မာတရားဟောပုံ ၅၅၆

အရှင်သာရိ ပုတ္တရာ သာဝက ပါရမီဉာဏ် အထွတ်အထိပ် ရောက်ပုံ ၁၃

အရွယ်သုံးပါးတို့တွင် အရွယ် တပါးပါး၌ မိမိကိုယ်ကို သုတ် သင်စင်ကြယ်စေရာ၏ ဟူရာ၌ (အဓိပ္ပါယ်) ၆၅၄၊၆၅၅

အလျှုဒါနကို (ကောင်းနှစ်ရပ်) ရွေးချယ်၍ လှူဒါန်းရပုံ ၅၄ဂ

အလောင်းအလျာသုံးမျိုး (အဓိပ္ပါယ်) ၁၄

အလောင်းတော်၏ မေတ္တာ တန်းခိုး ၆၀၀

အလောင်းတော်က ကာမ ဂုဏ်ကို ငါးမျှားချိတ် ဥပမာ နှင့်တူပုံဆိုခြင်း ၆၀၅၊၆၀၆

အလောင်းတော်က မင်း စည်းစိမ်ကို သွေးနှင့် တူပုံပြောခြင်း ၆၀၅၊၆၀၆

အလောင်းတော်ကြီးများ အရှုပဘုံ၌ မဖြစ်ခြင်း အကြောင်း ၅၆ဂ

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ အ-အာ ]

အဝိဇ္ဇာဟိတဋ္ဌာန (မြဲသောအရပ်) လေးပါးနှင့် အဓိပ္ပါယ် ၅၆၃
အသင်္ချေယျတရားလေးပါး (အကျယ်) ၇၇
အဟိဆတ္တနဂါးခင်းကို အရှင်မောဂ္ဂလာန်မထေရ်ဆုံးမပုံ ၂၆၀
အာဂမသဒ္ဒါ (ဘုရားလောင်းတို့၏ မပျက်စီးသောသဒ္ဒါ) ၆၄၇
အာနန္ဒာနာဂ္ရိယသုတ်၏ အာဏာတန်းခိုးထက်မြက်ပုံ ၃၁၇
အာနန္ဒာနာဂ္ရိယသုတ် ရွတ်နည်းအစီ အစဉ် ၃၁၈
အာနန္ဒာနာဂ္ရိယသုတ် ရွတ်သူတို့ရှောင်ကြဉ်ဖွယ်များ ၃၁၈
အာဏာတန်းခိုး ထူးခြားထက်မြက်သောပရိတ်များ ၃၁၅
အာဏာပါတိမောက် ၂၀
အာနန္ဒမင်းသား ၁၄၅
အာဘိသမာစာရိကသီလဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ခြင်း ၃၂၇
အာဝါဟမင်္ဂလာ (လက်ထပ်ခြင်းမင်္ဂလာ) ၁၂၉
အာဝါဟမင်္ဂလာ (သူ့သမီးကို မိမိသားအတွက် ဆောင်ယူခြင်းမင်္ဂလာ) ၁၈၂
အာရုံ ငါးပါးကို စွန့်ပယ်ခြင်းအကြောင်း ၆၀၅၊ ၆၀၆
အာဠဝီပြည် အဂ္ဂါဠဝ နတ်ကွန်း၌ သောဠသမဝါကပ်ပုံ ၁၆၂
အားနည်းသူပင် အားကြီးသူကို နိုင်နိုင်ပုံ (ဝတ္ထု) ၃၆၁
အားမတန် မာန်ကိုလျှော့ပုံ ၇၄၂

[ ဣ ]

ဣစ္ဆာ (အရိယာသူတော်ကောင်း၌ လှူခြင်းသည် အကျိုးကြီးပုံ) ၅၂၂
ဣန္ဒကနတ်သားအကြောင်း (အကျဉ်းချုပ်) ၅၄၃
ဣန္ဒကနတ်သား ဘုရားရှင်အားလျှောက်ထားပုံ ၅၄၆
ဣန္ဒကနတ်သား (သာသနာတွင်း)ဆွမ်း တယောက်ချိုအလှူ ကြောင့် အကျိုး ၁၀-မျိုး လွှမ်းမိုးနိုင်ပုံ ၅၄၆

[ ဥ ]

ဥဂ္ဂသေန၏ ဈေးအတိတ်ကံအကြောင်း ၃၄၂
ဥဒယဗ္ဗယဉာဏ်နှင့်ပြည့်စုံခြင်း ၆၄၅
ဥဒေနမင်းအကြောင်း ၆၃၁၊ ၆၃၄
ဥပတိဿ, ကောလိတနှင့် တပည့်ပရိဗိုဇ်များ ဧဟိဘိက္ခုဖြစ်ပုံ ၁၁၊ ၁၂
ဥပတိဿပရိဗိုဇ် ဆရာသမားကို လေးစားခြင်း ၉
ဥပတိဿပရိဗိုဇ်က ဘုရားရှင် သီတင်းသုံးရာ အရပ်ကို မေးလျှောက်ပုံ ၇
ဥပတိဿပရိဗိုဇ်က အဿဇိမထေရ်ကို မြင်ရာ၌ လျှောက်ထားပုံနှင့်တရားထူးရပုံ ၃၊ ၄၊ ၅၊ ၆
ဥပတိဿနှင့် ကောလိတ ပရိဗိုဇ်အကျင့် ကျင့်ပုံ ၂

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ဥ ]

ဥပတိဿနှင့် ကောလိတ ပရိဗိုဇ်နှစ်ဦးတို့ ဘုရားထံ ရောက်ပုံအကြောင်း ၁
ဥပ္ပလဝဏ်ထေရီမ(ရဲရဲတောက်) လျှောက်ထားပုံ ၅၁၇
ဥပါလိဆေဋ္ဌာသည် ရှေးဦးစွာ ရဟန်းပြုပုံ ၁၅၉၊ ၁၆၀
ဥဗ္ဗေဂါပီတိ ၁၀၄

[ ဩ ]

ဩကပ္ပနသဒ္ဓါ(ရတနာသုံးပါး၌ သက်ဝင်ယုံကြည်သောသဒ္ဓါ) ၆၄၇
ဩက္ကန္တိကာပီတိ ၁၀၄
ဩဒါတ ရောင်ခြည်တော် (အကြောင်း) ၅၂၆
ဩဝါဒ ပါတိမောက် ၂၀
ဩဝါဒပါတိမောက်ကို သိက္ခာပုဒ် မပညတ်မီသာပြပုံ ၂၄
ဩဝါဒ ပါတိမောက် ဂါထာ ဒေသနာများ ၂၀၊ ၂၂၊ ၂၃၊ ၂၄
ဩဝါဒ ပါတိမောက် ရှေးဦးစွာ ပြပုံ နေ့ရက် ၁၇၊ ၁၈

[ က ]

ကကုသန်ဘုရားရှင်အတွက် ကျောင်းတိုက် တည်ပုံ ၅၆၄
ကကုသန်ဘုရားရှင် ဆံဒွန် ဆင်မင်းကဲ့သို့ ကြည့်ရာ၌ (အကျယ်အဓိပ္ပါယ်) ၆၆၉၊ ၆၇၀
ကခြေသည်ဖြစ်မည်ဟုရဟန္တာကို ပြောဆိုမိသဖြင့်အပြစ်ခံရပုံ ၃၃၄
ကဏ္ဍမ္ဗသရက်ဖြူပင်အကြောင်း ၅၀၅
ကပ္ပဋကုန်သည်နှင့် အရှင်နန္ဒ အလောင်း မြည်းဖို အကြောင်း ၂၃၉၊ ၂၄၀
ကပ္ပဋဇာတ်လာ မြည်းမနှင့်မြည်းဖို စကားပြောခန်း ၂၃၅၊ ၂၃၆
ကပိလဝတ်ပြည်နှင့် ဝေသာလီ အကွာ အဝေး ၄၁၇
ကပိလဝတ်ပြည်သား လယ်သမား များက ထိပါးပြောဆိုသော စကားများ ၃၄၇
ကမ္မဋ္ဌာန်း အားထုတ်သူ၏ အင်္ဂါ ၅-ပါး ၆၄၄
ကဿပဘုရားရှင် အတွက်ကျောင်းတိုက် တည်ဆောက်ပုံ ၅၆၄
ကာဠ ဗုဒ္ဓ ရက္ခိတ ရဟန္တာ အကြောင်း ၄၇၄၊ ၄၈၀
ကာဠုဒါယီမထေရ်မြတ် နေပြည်တော် ကြွရန် ဂါထာ ၆၀-ဖြင့် ဘုရားရှင်အား လျှောက်ထားပုံ ၂၉၊ ၇၂
ကိမိလမင်းသား ၁၄၆
ကုက္ကုဋာရုံကျောင်းတိုက် (အကြောင်း) ၇၁၇
ကုဏာလဇာတ်ကို ဟောခြင်း အကြောင်း ၃၇၉
ကုလမစ္ဆရိယ(အမျိုး၌ဝန်တိုမှု) ၂၆၈
ကောသဝိဿဇ္ဇန မင်္ဂလာ (ဦးသျှောင်း ဆံထုံးကို ဖြည်ခြင်း မင်္ဂလာ) ၁၂၉
ကွဲ့ရှဲ့ခုနစ်ရက် (ဟူသော စကားပုံ) ၆၂၀

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ က ]

ကောဏာဂုံဘုရားရှင်အတွက် ကျောင်း တည်ဆောက်ပုံ ၅၆၄
ကောလိတပရိဗိုဇ်တရားထူးရပုံ ၈
ကောလိယပြည်သား လယ်သမားများက ထိပါးပြောဆိုသော စကားများ ၃၄၇
ကောသလမင်းကြီး၏ ပုရောဟိတ် ပောင်း အဂ္ဂိဒတ္တစသော ရသေ့တထောင်အကြောင်း ၂၅၄
ကောသမ္ဗီပြည်ကျောင်းတိုက် သုံးတိုက်ကိုအလှူခံတော်မူခြင်း ၇၂၄
ကောသမ္ဗီပြည်ဃောသကသူဌေး အကြောင်း အကျယ် ၆၉၃
ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ နဝမဝါကပ်ပုံ ၁၆၂
ကောသမ္ဗီမြို့သို့ ဘုရားပင့်သည့် အခမ်းအနား ၇၁၇
ကောသမ္ဗီသူဌေးကြီး ကြံစည်ပုံ (အကြောင်း) ၆၉၉
ကောသမ္ဗီသူဌေးကြီး၏ရက်စက် ကြမ်းကြုတ်မှုများ ၇၀၀၊၇၀၁
ကျေးဇူးကန်းသော ဆေတ္တာသည်အကြောင်း ၇၄၅
ကျောင်းအနုမောဒနာ ၅-ဂါထာ ပါဠိအနက် ၂၁၉၊၂၂၂
ကျောင်းတော်ရာနှင့် စပ်လျဉ်း၍ သံဝေဂယူဖွယ် ၂၀၃
ကျောင်းထိုင်ဘုန်းကြီး၏ အင်္ဂါ ၅-ပါး ၂၂၁
ကိုးလကြာသည့် ဇေတဝန် ကျောင်းရေစက်ချ အောင်ပွဲကြီး အကြောင်း ၂၂၂

[ ဂ ]

ကြံစည်မှုလေးမျိုးကို ငိုကြွေး ကြောင်း လေးပါးခေါ်ပုံ (အဓိပ္ပါယ်) ၅၇၆
ကြီးကျယ်ခမ်းနားသော ဘုရား အသရေတော်ဖြင့် ဝေသာလီ ပြည်တွင်း ကြွဝင်တော်မူပုံ ၃၀၂
ကြို့ ပင်စောင့်နတ်နှင့် ဝက်ဝံတို့အကြောင်း ၃၅၁

[ ခ ]

ခံယူခြင်း၌ အတိုင်း အရှည် သုံးပါး ၅၇၇
ခံယူခြင်းအတိုင်းအရှည် သိမှု၌ မှတ်သားဖွယ် ၅၇၇
ခဏိကာပီတိ ၁၈၄
ခတ္တိယနွယ်ရိုး မင်းမျိုးသည် အဖိုးမဖြတ်ထိုက်ပုံ ၃၅၀
ခန္ဓသုတ်၏အာဏာတန်းခိုး ထက်မြက်ပုံ ၃၁၆
ခန္ဓာငါးပါးတို့၌ တပ်မက်မှုကို စွန့်သင့်ပုံ ၃၃၉
ခမည်းတော်က ဘုရားရှင်အား ရှိခိုးပုံလျှောက်ထားခြင်း ၈၁
ခမည်းတော် တောင်းပန်သဖြင့် ဘုရားရှင်သိက္ခာပုဒ် ပညတ်တော်မူပုံ ၁၃၈
ခရီးအဝန်းသုံးမျိုး ၄၈၂
ခုဒ္ဒိကာပီတိ ၁၈၄
ခုနစ်ဆူသောဘုရားရှင်တို့ ကျောင်းနေရာတော်များ ၂၀၁
ခိုက်ရန်ငြင်းပွါး အချင်းများ ခြင်း၌ သာယာဖွယ်မရှိပုံ ၃၅၁

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ ခ ]

ခိုက်ရန်ငြင်းပွါး အံချင်းများ သော် ဖေါင်းကသကဲ့သို့ ဖြစ်တတ်ပုံ ၃၅၉

ခိုက်ရန်ငြင်းခုံမှုပြုသောအခါ ကြီးစွာပျက်စီးတတ်ပုံ(ဝဋ္ဋက)၃၇၂

ချမ်းသာကြီးလိုလျှင် ချမ်းသာက လေးကိုစွန့်ရမည့်အကြောင်း ၃၃၁

ခြေတော်ရာ(ထင်,မထင်၊ပျက် မပျက် မှတ်ဖွယ်) ၇၁၉

ခြေရာကိုကြည့်၍(ရာဂ,ဒေါသ, မောဟ ရှိသူကိုခွဲခြား သိရန်နည်း) ၇၂၀

[ ဂ-ဃ ]

ဂရုစံရှစ်ပါးတရားကိုဟောခြင်း ၄၂၁

ဂါထာဒသက ဩဝါဒဒေသနာ ၇၆၀

‘ဂေါရသ’ငါးမျိုး ၂၉၂

ဂင်္ဂါမြစ်တွင်း၌ နဂါးမင်းများ ပူဇော်ပုံ ၃၀၀

ဂုဏ်တော်ပြဘုရားရှိခိုး ၄၆၈

ဂုဏ်ရှိသူတို့ ကျေးဇူးကို ဘုရားရှင်တို့သာထင်ရှား အောင်ပြုနိုင်ပုံ ၂၅၁

ဂျှမ်းသမား ဥဂ္ဂသေန အကြောင်း ၃၃၂

ဃရဏီအမျိုးသို့ (ရဲရဲတောက်) လျှောက်ထားပုံ ၅၁၁

ဃရပ္ပဝေသနမင်္ဂလာ(အိမ်ရွှေစံ နန်းတော်အပ်နှင်းပွဲမင်္ဂလာ)၁၂၉

ဃောသကနတ်သားဟုအမည် တွင်ပုံ အကြောင်း ၆၉၇

ဃောသိတာရုံကျောင်းတိုက် (အကြောင်း) ၇၁၇

အက္ခရာစဉ် စာမျက်နှာ

[ င ]

ငွေတောင် (ဟိမဝန္တာအရပ်၌) ရှိခြင်း ၃၈၁

ငိုကြွေးကြောင်းတရားလေးပါး ၅၇၅

ငိုကြွေးကြောင်း တရားလေးပါး ကို မဖြစ်ပွါးအောင် ပလိ ဗောဓကို ဖြတ်ရခြင်း ၅၇၆

[ စ ]

စန္ဒကူးသပိတ် အကြောင်း ၄၈၇

စရိုက်ခြောက်ပါးနှင့် မဟာ သမယသုတ် တွဲစပ်ပုံ ၃၉၈၊၃၉၉

စာလီယပြည် ဇန္တုရွာ စာလီယ တောင်ကျောင်း၌ ၁၃-၁၈ ၁၉-ဝါကပ်ပုံ ၁၆၂

စိဉ္စမာဏဝိကာ၏ စွပ်စွဲခံရခြင်း အကြောင်းကံ ၆၀၉

စိဉ္စမာန်၏ နည်းပရိယာယ် ၅၈၃

စိဉ္စမာန်ကို မြေမျိုခြင်း ၅၈၇

စိရာသာမဏေရီမ (ရဲရဲတောက်) လျှောက်ထားပုံ ၅၁၅

စုန္ဒသာမဏေ (ရဲရဲတောက်) လျှောက်ထားပုံ ၅၁၆

စုန္ဒီမင်းသမီး (ရထားငါးရာကိုယ်စီ ရှိသည့် သတို့သမီးငါးရာ အခြံအရံရှိသူ) ၂၁၅

စူဠအနာထပိဏ် (ရဲရဲတောက်) လျှောက်ထားပုံ ၃၁၃

စေတီကိုပန်းပူဇော်ခြင်း၏ အကျိုးတရား ၃၃၀

စေတီ၌ ထီး, တံခွန်လှူခြင်း၏ အကျိုးတရား ၃၃၀၊၃၃၁

ခစေတီယင်ပြင်၌ ရေဖျန်းခြင်း၏ အကျိုးတရား ၃၃၀

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ စ ]

စေတီယင်ပြင်၌ သဲဖြူခင်းသည့်
အကျိုးတရား ၃၃၀
စေတီယင်ပြင်၌ မြက်ကိုရှင်းသည့်
အကျိုးတရား ၃၃၀
စောင်းတန်းသုံးသွယ်ဖြင့်
သက်ဆင်းတော်မူခြင်း ၅၆၀
သင်္ကာသမြို့ တံခါးသို့

[ ဆ-ဇ ]

ဆတ္တုဿာဟမင်္ဂလာ (ထီးဖြူတော်
အပ်နှင်းခြင်းမင်္ဂလာ ) ၁၃ ၀
ဆဖဿာယတနိကရဲ
(အစိပ္ပါယ်) ၆၇၁
ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်များ
ကျောင်းအိပ်ရာနေရာ
ကောင်းများ ယူထားပုံ ၂၀၄
ဆဲရေးခြင်း လေးမျိုးဖြင့်
ဆဲရေးပုံ ၂၆၉
ဆိတ်ငြိမ်ရာသို့ ကပ်သောရဟန်း၏
အတွင်းရန်ငါးမျိုး ၅၇၃၊၅၇၄
ဆိတ်ငြိမ်ရာသို့ ကပ်သောရဟန်း၏
အပြင်ရန် ငါးမျိုး ၅၇၃
ဆွေတော်မျိုးတော်တို့ ဘုရားရှင်
ဖူးရန် အစီအစဉ်ပြုပုံ ၇၉
ဇမ္ဗုကရဟန်း အကြောင်း
အကျယ် ၂၆၇
ဇမ္ဗုကတက္ကတွန်းမစင်ကိုစားပုံ ၂၇၃
ဇမ္ဗုကတက္ကတွန်း ကျွတ်တမ်း
ဝင်ခြင်း ၂၇၆
ဇမ္ဗုကတက္ကတွန်း ပဋိသမ္ဘိဒါ
ပတ္တ ရဟန္တာဖြစ်ပုံ ၂၈၄

အက္ခရာစဉ် စာမျက်နှာ

[ ဇ ]

ဇမ္ဗုကတက္ကတွန်းနေရာ
ကျောက်ဖျာကို နတ်တို့
သန့်ရှင်းအောင် ပြုပုံ ၂၇၇၊၂၇၈
ဇမ္ဗုကကို တက္ကတွန်းကျောင်းမှ
နှင်ထုတ်ပုံ ၂၇၄
ဇမ္ဗုကကို တက္ကတွန်းကျောင်း
ပို့၍ ရှင်ပြုပေးပုံ ၂၇၂
ဇမ္ဗုက၏ ရှေးမကောင်းမှု
(အကြောင်း) ၂၆၇
ဇမ္ဗုက၏ ပစ္စုပ္ပန်ဝဋ်ဒုက္ခ ၂၇၁
ဇမ္ဗုက၏ အကုသိုလ်ဝဋ်ကျွေး
၄-မျိုး ၂၇၆
ဇမ္ဗုက အကျင့်ကို လိမ်လည်
လှည့်ဖျား၍ လူတို့အား
ပြောကြားပုံ ၂၇၄၊၂၇၅
ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ရထား
ငါးရာကိုယ်စီ စီးကြသည့်
သတို့သမီးသုံးယောက် ၂၁၅
ဇေတမင်းသား၏ ဉယျာဉ်ကို
တဆယ့်ရှစ်ကုဋေသော
ရွှေဒင်္ဂါးခေါ်လာတို့ဖြင့်
ဝယ်ယူခြင်း ၁၉၈
ဇေတမင်းသား၏ ဉယျာဉ်ကို
အသပြာခြင်း ထိအောင်
ခင်း၍ဝယ်ယူပုံ (အကျယ်) ၁၉၇
ဇေတမင်းသား မုခ်ဦးပြာသာဒ်
လှူဒါန်းခြင်းအကြောင်း ၁၉၉
ဇေတဝန်ကျောင်းတိုက်ကို စတုဒ္ဒိ
သာသံဃိက ရေစက်ချ၍
လှူခြင်း ၂၁၈

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ ဇ-ည ]

ဇေတဝန်ကျောင်းတိုက် မြေနေရာ ရှစ်မင်းပယ်ခန့် အကျယ် အဝန်းရှိပုံ ၂၀၀
ဇေတဝန် ကျောင်းတိုက်သို့ ပင့်ဆောင်ရန် အခမ်းအနား စီစဉ်ပုံ ၂၁၄
ဇေတဝန်ကျောင်းတော်ကို တဆယ့်ရှစ်ကုဋေသော ရွှေဒင်္ဂါး ဒေါ်လာတို့ဖြင့် အကုန်ခံ၍ ဆောက်လုပ်ပုံ ၂၀၀
ဇေတဝန်ကျောင်းတော်ရာဘုရား ရှင်တိုင်း၏ ကျောင်းတော်ရာ ဖြစ်ခဲ့ပုံ (အကျယ်) ၂၀၁
ဇာတ်,ဂုဏ်,အရွယ် ကြီးမြတ်ခြင်း သုံးပါးတွင် အရွယ်နှင့်ဂုဏ် ၂ ပါးကိုသာ ယူပုံ ၂၀၈
ညီညွတ်ခြင်း၏ အကျိုးကိုပြသော ဇာတ်များ ၃၆၈၊၇၇၂
ညီညွတ်ခဲ့သော် ရန်သူတို့ အခွင့်မရနိုင်ပုံ ၃၆၉
ညီညွတ်ရန်ကိုသာ ကျင့်ကြံ အားထုတ်သင့်ပုံ ၃၆၀
ညီတော်နန္ဒမင်းသား ရဟန်း ပြုခြင်းအကြောင်း ၁၂၉
ညီတော်နန္ဒရဟန်း သာသနာ မပျော်ပိုက်ကြောင်း ဘုရား ရှင်အားလျှောက်ထားခြင်း ၂၂၃၊ ၂၂၄
ညီတော်နန္ဒကို မျောက်အိုမ ပြလျက် တာဝတိံသာ နတ်ပြည်ခေါ်ပုံ ၂၂၅

အက္ခရာစဉ် စာမျက်နှာ

[ တ ]

တစုံတယောက်သောသူနှင့်မျှ ရန်မပြုသင့်ကြောင်း ၃၆၇၊၃၆၈
"တရား တ-ပါ" အစ ချီသော လင်္ကာ ၅၅၃၊၅၅၄
တရားပွဲကြီးသုံးကြိမ် (ပြခြင်း အကြောင်း) ၁၈၊၁၉
တရားဟောခြင်းလေးမျိုး ၃၉၉
တာဝတိံသာနတ်ပြည် ပင်လယ် ကသစ်ပင်ရင်း၌ သတ္တမ ဝါကပ်ပုံ ၀၆၁
တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်း ၅၃၄
တာဝတိံသာနတ်ပြည်၌ အဘိ ဓမ္မာတရားဟောကြားပုံ ၅၅၃
တိတ္ထိတို့၏ လူသတ်မှုကြီး ပေါ် လွင်လာပုံ ၆၂၃
တိတ္ထိဆရာကြီး ခြောက်ဦးတို့ (အကြောင်း) ၄၈၉
တိတ္ထိတို့ထောင်ထား ထကြွ စကားပြောပုံ ၅၀၀
တိတ္ထိတို့ရှုံးနိမ့်ပျက်စီးကြပုံ ၅၀၈
တန်းခိုးပြရန် မြတ်စွာဘုရား မိန့်ကြားခြင်း ၅၀၁
တန်းခိုးပြာဋိဟာမပြရန် သိက္ခာ ပုဒ်ပညတ်ခြင်း ၄၉၉
တွေးတောပူပန်မှုလေးမျိုး ၅၇၆
တိုင်းပြည်အုပ်ချုပ်မင်းပြုလုပ် ရန် (သိရမည့်အချက်များ) ၅၉၆

[ ထ ]

ထက်သန်သောဝီရိယရှိခြင်း ၆၄၅
ထက်သန်သောလုံ့လမရှိလျှင် လိုအပ်သောအကျင့်မပြီးနိုင်၆၄၂

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ ဒ ]


ဒါနဥပပါရမီ (အင်္ဂါကြီးငယ်ကို စွန့်လှူခြင်း ၉၆
ဒါနပရမတ္ထပါရမီ (မိမိအသက်ကို)စွန့်လှူခြင်း) ၉၆
ဒါနပါရမီ (အပြင်အပ ဥစ္စာများကိုစွန့်လှူခြင်း) ၉၆
ဒီဃနခပရိဗိုဇ် (အရှင်သာရိပုတ္တရာ၏တူ) ၁၃
ဒီဃာဝုမင်းသား အကြောင်း ၇၄၁
ဒီဃာဝုမင်းသား စကား ၄-မျိုးကို မေးမြန်းခြင်း
ဒီဃိတိကောသလမင်း အကြောင်း ၇၄၂
ဒုဒ္ဓုဘဇာတ်(အကျဉ်းချုပ်) ၃၆၀
ဒုမ္မုခလိစ္ဆဝီမင်းသား ဘုရားကို ချီးကျူးပုံ ၄၆၁
ဒူသီမာရ်နတ်၏ အကြံအစည်နှင့်လုပ်ကိုင် ဆောင်ရွက်ချက်များ ၆၆၃၊၆၆၈
ဒူသီမာရ်နတ် ငရဲအဆင့်ဆင့် ခံစားရပုံ ၆၇၂
ဒူသီမာရ်နတ် လှည့်ပတ်ခံရသော ပုဏ္ဏားသူကြွယ်များ၏ ဆဲရေးစကား ၆၆၄၊၆၆၅
ဒူသီမာရ်နတ် ကျရောက်ရာ ငရဲကြီး ၃-မျိုး(အကျယ်) ၆၇၁
ဒေဝဒတ္တမင်းသား ၁၄၆
ဒေသစာရီနှစ်မျိုး ၄၈
ဒေါသများသူ၏ ခြေရာသည် နောက်သို့ငင်သကဲ့သို့ရှိခြင်း ၇၂၀
ဒေါသထွက်သူသည် စကားများစွာပြောဆိုတတ်ခြင်း ၅၉၈


အက္ခရာစဉ် စာမျက်နှာ

[ ဒ-ဓ ]


ဒေါင်းကသကဲ့သို့ဖြစ်ပုံ(ဥပမာ) ၃၅၉
ဒွါဒသနိပါတ် မဟာပဒုမဇာတ်ကို ဟောတော်မူခြင်း ၅၈၈
ဓဇဂ္ဂသုတ်၏ အာဏာတန်းခိုး ထက်မြက်ပုံ ၁၁၆
ဓမ္မစကြာတရားဦး ဟောတော်မူရာဌာန ၅၆၃


[ န ]


နကုလပိတုသူကြွယ်ဇနီး မောင်နှံတို့ သောတာပန်တည်ပုံ ၆၁၀
နဂါးတို့က မြတ်စွာဘုရားကို ပူဇော်ပုံ ၃၂၂
နဂါးပြည်သို့ ဘုရားရှင်ကြွတော်မူခြင်း ၃၂၂
နတ်ဗြဟ္မာများစည်းဝေးကြပုံ ၃၀၉
နတ် ဗြဟ္မာများ လာရောက်ပူဇော်ရာ၌ ဘုရားနှင့်ဇမ္ဗူကမေးဖြေပုံ ၂၀၀၊၂၀၁၊၂၀၂
နတ်သမီး ငါးရာ သံဃာအား ခြေနယ် ဆီ ကောင်းမှုကြောင့် ခိုခြေအဆင်းရှိပုံ ၂၂၅
နန္ဒ မင်းသားအား ...မင်္ဂလာ ၅-ပါးဆောင်နှင်းခြင်း ၁၂၉
နန္ဒမင်းသားကို သပိတ်တော် ယူစေလျက် ကျောင်းတော်သို့ ပြန်ကြွပုံ ၁၃၀
နန္ဒမင်းသားသပိတ် ပိုက်လျက် ကြံစည်အောက်မေ့ပုံ ၁၃၀
နန္ဒရဟန်း၏ခန္ဓာကိုယ် အိမ်အမိုးနှင့်ထူပုံပါဠိ၌ဖွနက် ၂၃၃၊၂၃၄

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ န ]** | |
| နန္ဒရဟန်းကိုအကြောင်းပြု၍ ကပ္ပဋဇာတ်ကို ဟောတော်မူပုံ | ၂၃၅ |
| နန္ဒရဟန်းကို သာသနာတော်ဝယ် သူခစားပြောဆိုခြင်းဖြင့် ကဲ့ရဲ့စကားဆိုကြပုံ | ၂၂၈ |
| နန္ဒရဟန္တာကို စွပ်စွဲခြင်းအရိယူပဝါဒကံ၏ အကျိုး | ၆၀၉ |
| နရသီဟဂါထာပါဠိနိဿယ | ၁၁၆၊၁၂၂ |
| နာနာသံဝါသက (ပေါင်းသင်းမှုမတူသော)တရားနှစ်မျိုး | ၇၃၇ |
| နာနာသံဝါသ ၂-မျိုးနှင့် သမာနသံဝါသ ၂-မျိုးတို့ကို ဟောတော်မူပုံ | ၇၃၆ |
| နာဠမည်သော ပုဏ္ဏားရွာ နာဠိကာရုံကျောင်း၌ ၁၁-ဝါကပ်ပုံ | ၁၆၂ |
| နိကာယ်ငါးရပ်၏ တန်းခိုးအာနိသင်များ | ၃၂၀၊ ၃၂၁ |
| နိဂဏ္ဌနာဋပုတ္တဆရာကြီး (အကြောင်း) | ၄၉၃ |
| နိမ္မိတဘုရားကို ဖန်ဆင်းတော်မူခြင်း | ၅၂၉ |
| နိမ္မိတရုပ်ပွါးတော်ကို ဖန်ဆင်းတော်မူခြင်း | ၄၀၁ |
| နိရောဓသမာပတ် ဝင်စားခြင်းအကြောင်း | ၆၆၁ |
| နီလရောင်ခြည်တော် (အကြောင်း) | ၅၂၅ |
| နေ့ခင်းကြောင်တောင်အမှောင်ဖြစ်စေရန် မြတ်စွာဘုရားတန်ခိုးပြပုံ | ၃၄၉ |
| **[ န-ပ ]** | |
| နေ့ထက်ဝက်မျှ ဥပုသ်စောင့်သုံးခဲ့ရခြင်းအကျိုး | ၇၁၃ |
| နှဲကော(ညောင်စေးစသည်သုတ်၍ငှက်ထောင်သောဒုတ်ချောင်းတမျိုး) | ၆၆၅ |
| ပကတိခေတ်သား မြတ်စွာဘုရားလူ့ပြည်သို့ကြွသွားတော်မူသည်ကို တန်းခိုးကြီး နတ်, ဗြဟ္မာတို့သာ သိခြင်း | ၅၅၆ |
| ပကတိ သာဝက ပါရမီဉာဏ် | ၁၂ |
| ပကုဓ ကစ္စာယန ဆရာကြီး (အကြောင်း) | ၄၉၂ |
| ပစ္စတ္တဝေဒနီယငရဲ (အဝီစိမှါယ်) | ၆၇၁ |
| ပစ္စုပ္ပန်ဆဲဆဲ ခဏဝယ် (ဘုရားနှစ်ဆူပြိုင် မရှိနိုင်ပုံ) | ၃၉၈ |
| ပစ္စေကဗောဓိ အလောင်းအလျာ | ၁၄၊ ၁၅ |
| ပစ္စေကဗုဒ္ဓါတို့ ကမ္မဋ္ဌာန်းမပြနိုင်ပုံ | ၃၂၈ |
| ပစ္စေကဗုဒ္ဓါ၏ ဓာတ်တော်ကို စေတီ တည်ခြင်း | ၃၂၈ |
| ပဉ္စဂ္ဂဒါယကာပုဏ္ဏား(အဦး ၅-ဦးကို လှူသောကြောင့် ရသောအမည်) | ၆၇၈ |
| ပဉ္စဂ္ဂဒါယကာပုဏ္ဏား စားဖွယ် စားစဉ် ဘုရားရှင်ဆွမ်းရပ်ပုံ | ၆၈၁ |
| ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားနှင့်ပုဏ္ဏေးမတို့ဘုရားရှင်ဒေသနာအဆုံး၌ သောတာပန်တည်ပုံ | ၆၈၂၊ ၆၈၃ |
| ပညာမရှိလျှင် (အလိုရှိသော အကျိုးမပြီးနိုင်) | ၆၄၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပညာမဲ့ တထောင်ကျော်ထက် ပညာရှိတယောက်မြတ်ခြင်း အကြောင်း | ၅၆၉ |
| ပညာရှိစကားကို မနာယူသူတို့ ဆင်းရဲဒုက္ခရောက်တတ်ကြပုံ | ၃၇၁ |
| ပညာရှိလျှင် (လိုအပ်သော အကျိုးပြီးနိုင်ပုံ) | ၆၄၃ |
| ပညာသင်တို့ လိုက်နာရမည့် အစီအစဉ် (ရှေးဝေ့) | |
| ပရွမ္ဗန္ဓနမင်္ဂလာ (ရွှေပြား သင်းကျစ်တော်ကို နဖူး၌ တပ်ဆင်ခြင်း မင်္ဂလာ) | ၁၂၉ |
| ပတ္တမြားတောင် ဟိမဝန္တာ အရပ်၌ ရှိခြင်း | ၃၀၁ |
| ပဒုမာကြာပန်း | ၀၃ |
| ပဓာနိယင်္ဂတရားငါးပါးလက္ခဏာ | ၆၄၇ |
| ပဘာဿရ ရောင်ခြည်တော် (အကြောင်း) | ၅၂၇ |
| ပရိတ်၏အနက်အဓိပ္ပါယ် | ၃၀၇ |
| ပရိတ်နာယူသူ၏အင်္ဂါများ | ၃၁၂ |
| ပရိတ်နာယူသူ၏ ပျက်စီးခြင်း ၂-မျိုး | ၃၁၄ |
| ပရိတ်နာယူသူ၏ ပြည့်စုံခြင်း ၂-မျိုး | ၃၁၄ |
| ပရိတ်ရွတ်ခြင်း အစီအစဉ် | ၃၀၇ |
| ပရိတ်ရွတ်ဖတ်သူ၏ အင်္ဂါများ | ၃၀၈၊ ၃၀၉ |
| ပရိတ်ရွတ်ဖတ်သူ၏ ပျက်စီးခြင်း ၂-မျိုး | ၃၁၀ |
| ပရိတ်ရွတ်ဖတ်သူ၏ ပြည့်စုံခြင်း ၂-မျိုး | ၃၁၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပရောသဟဿ ဇာတ်ကို ဟောကြားတော်မူပုံ | ၅၆၇ |
| ပသာဒသဒ္ဒါ (ရတနာသုံးပါး၌ ကြည်ညိုခြင်းမျှသဒ္ဒါ) | ၆၄၇ |
| ပါဏာတိပါတကံကြောင့် သားသမီး မရနိုင်ပုံ | ၆၃၉ |
| ပါဏာတိပါတ ပြုသူသည် သားသမီး မဖြစ်ထွန်းနိုင် | ၆၃၉ |
| ပါတိမောက် ၂-ပါး အကြောင်း နှင့် ပါတိမောက်ခေါ်ပုံ | ၁၉၊ ၂၀ |
| ပါရမီ ၁၀-ပါးအကြောင်း | ၉၅ |
| ပါလိလေယျက တောအုပ်၌ ဒသမဝါကပ်ပုံ | ၁၆၂ |
| ပါဝါရိကမ္ဗဝနကျောင်းတိုက် (အကြောင်း) | ၇၁၀ |
| ပီတရောင်ခြည်တော် (အကြောင်း) | ၅၂၆ |
| ပုညလက္ခဏာဒေဝီ (အနာထပိဏ် သူဌေးကတော်) | ၂၁၇ |
| ပုထုဇန်ပုဂ္ဂိုလ်တို့ လောကီ ချမ်းသာပတ်ကို အားထုတ်မှုရနိုင်ပုံ | ၃၈၃ |
| ပူရဏကဿပဆရာကြီး (အကြောင်း) | ၄၀၉ |
| ပူရဏကဿပဆရာကြီး သေရပုံ | ၅၀၉ |
| ပေါက္ခရဝဿမိုးရွာသွန်းပုံ | ၁၁၂ |
| ပင်လယ်ကသစ်ပန်းအကြောင်း | ၀၃ |
| (ပယ်ဖွဲ့ရန်ပေါရာဏ လင်္ကာ) | ၂၀၀၊ ၂၀၁ |
| ပိုက်ဆံလျှော်ဖွပ် (သာဏ ခေါဝိက) ကစားနည်း | ၄၃၉ |
| ပြည်တော်သို့ပြန်ဝင်ခြင်း | ၇၅၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဖ ]** | |
| ဖန္ဒနဇာတ်ကိုဟောတော်မူခြင်း | ၃၅၁ |
| ဖရဏာပီတိ | ၁၈၄ |
| ဖြောင့်မတ်ရိုးသားခြင်း | ၆၄၅ |
| **[ ဗ ]** | |
| ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဌမဝါကပ်ခြင်း | ၁၆၁ |
| ဗိမ္ဗိသာရမင်းက မြတ်စွာဘုရားကိုပူဇော်ပုံ | ၃၂၃ |
| ဗိမ္ဗိသာရမင်းကြီး အခမ်းအနား စီမံပုံ | ၂၉၉၊၃၀၀ |
| ဗိမ္ဗိသာရမင်းကြီး သုမနပန်းသည်ကို ခေါ်၍မေးမြန်းပုံ | ၂၅၁ |
| ဗိမ္ဗိသာရမင်းကြီး သုမနပန်းသည် ဖြေကြားရာ၌ ဝမ်းမြောက်ပုံ | ၂၅၁ |
| ဗိမ္ဗိသာရမင်း လည်မျိုပမာဏ ရေထည်းဆင်း၍ပို့ဆောင်ပုံ | ၃၀၁ |
| ဗီလုံးငှက်မကလေးကပင် ဆင်ပြောင်ကြီး သတ်နိုင်ပုံ(ဝတ္ထု) | ၃၆၁ |
| ဗုဒ္ဓ၏ဩဝါဒတော် | ၇၅၈ |
| ဗုဒ္ဓဝီထိ(ဘုရားလမ်း) အကြောင်း | ၃၉၁ |
| ဗုဒ္ဓရတနာ | ၁ |
| ဗောဇ္ဈင်သုတ်၏အာဏာ တန်းခိုးထက်မြက်ပုံ | ၃၁၇ |
| ဗောဓိမင်းသားအကြောင်း | ၆၃၁ |
| ဗောဓိမင်းသား၏ ရည်ရွယ်ချက် | ၆၃၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဗ ]** | |
| ဗောဓိမင်းသား၏ပိတ်ဖြူအခင်းကို ဘုရားရှင်နင်းတော်မမူခြင်း(အကြောင်း) | ၆၃၉ |
| ဗောဓိမင်းသား၏ရှေးကံ အကြောင်း | ၆၃၉ |
| ဗောဓိမင်းသားက ဆုံးမည့်သူ ရခဲ့သော် ဖိုလ်ချမ်းသာကို အချိန်မည်မျှ အတွင်းရနိုင်သည်ကို လျှောက်ထားပုံ | ၆၄၁ |
| ဗောဓိမင်းသားက ကောကနဒ ပြာသာဒ်ကို ဆောက်လုပ်စေခြင်း | ၆၃၄ |
| ဗောဓိမင်းသား ပြာသာဒ်တက်ပွဲ၌ ဘုရားအမှူးရှိသောသံဃာ တော်ကို ပင့်ဖိတ်ခြင်း | ၆၃၇ |
| ဗောဓိမင်းသား မိမိခင်းထား သော အခင်းကို ဘုရားရှင် မနင်းရာ၌မေးမြန်း လျှောက်ထားပုံ | ၆၅၁ |
| ဗောဓိမင်းသား သရဏဂုံ ခံယူခြင်းအကြောင်း | ၆၄၁ |
| ဗောဓိမင်းသား သားသမီးမရ ခြင်းအကြောင်း ဘုရားရှင် မိန့်ကြားတော်မူပုံ | ၆၅၂ |
| ဗောဓိမင်းသား သောတာပန် တည်ခြင်း | ၆၅၁ |
| ဗြဟ္မာတို့ ချီးမွမ်းပုံအကျယ် | ၈၄ |
| ဗြဟ္မာ့ပြည်မှ ကျောက်တုံးခဲလျှင် လေးလကြာမှ မြေသို့ ရောက်ပုံ | ၃၈၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဘ ] | |
| ဘဒ္ဒိယမင်းသား | ၁၄၅ |
| ဘဒ္ဒိယမင်းသားက အနုရုဒ္ဓမင်းသားအား ရဟန်းပြုရန် အဆင့်ဆင့် ဆိုင်းငံ့စေပုံ | ၁၅၆ |
| ဘဂုမထေရ်နှင့် ကိမိလမထေရ် (အရဟတ္တဖိုလ်သို့ဆိုက်ရောက်ပုံ) | ၁၆၀ |
| ဘဂုမင်းသား | ၁၄၅ |
| ဘဂ္ဂတိုင်း သုသုမာရဂိရိပြည် ပဲစင်းငုံတော၌ အဋ္ဌမဝါကပ်ပုံ | ၁၆၁ |
| ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူခြင်း | ၄၁၅ |
| ဘုတ်,ပြိတ္တာ,နတ်ကြမ်း ဖမ်းသူကို ပရိတ်ဖြင့်ကုသနည်း | ၃၁၈၊၃၂၀ |
| ဘုန်းကံကြီးသော အမျိုးသမီးများ သားဖွားခြင်းဓမ္မတာ | ၂၀၉ |
| ဘုမ္မဇိုးနတ်တို့က ဘုရားရှင်ကို ပူဇော်ပုံ | ၃၂၂ |
| ဘုရားရှင်က အနာထပိဏ် သူဌေးကို တရားဟောပုံ | ၁၉၁ |
| ဘုရားရှင် ကပိလဝတ်နေပြည် တော်ဆွမ်းခံကြွရာ၌ ဆင်ခြင်ပုံ | ၁၁၃ |
| ဘုရားရှင်က ရွှေရှုလာနေ သောဥပတိဿနှင့်ကောလိတ တို့ကို မိန့်ကြားပုံ | ၁၁ |
| ဘုရားရှင်ကို မမြင်ကြ၍ လူအများငိုကြွေးပုံ | ၅၃၆၊၅၃၀ |
| ဘုရားရှင် ကိုယ်တော်ရောင် တောက်ပပုံ | ၁၀၉ |
| ဘုရားရှင်အတွက် ဇေတဝန်ကျောင်းတိုက် တည်ဆောက်ပုံ | ၅၆၄ |
| ဘုရားရှင်ဆွမ်းခံရာ၌ အနွယ်တော်ကို မိန့်ကြားပုံ | ၁၂၃ |
| ဘုရားရှင်ဆွမ်းခံရာ၌ ခမည်းတော်မင်းကြီး အထိတ်အလန့်ဖြစ်ပုံ | ၁၂၃ |
| ဘုရားရှင် ဆွမ်းရပ်ရာ၌ ပုဏ္ဏားမကြီး စိတ်ကြံပုံနှင့် အလျှင်ဦးအောင် ရှိခိုးပုံ | ၆၈၁ |
| ဘုရားရှင်က ဇမ္ဗုကအား တရားဟောတော်မူပုံ | ၂၈၃၊၂၈၄ |
| ဘုရားရှင်တို့ လွန်ပြီးသောဆုရှိပုံ ၁၃၇ | |
| ဘုရားရှင်တိုင်း ဩဝါဒပါတိမောက်ပြပုံ (အဓိပ္ပါယ်) | ၂၀၊၂၄ |
| ဘုရားရှင် အတုမရှိသော အသရေတော်ဖြင့် ဇေတဝန်ကျောင်းတိုက်သို့ ကြွဝင်ပုံ | ၂၁၇ |
| ဘုရားရှင်အား ယသောဓရာ မိဖုရားအကြောင်း ခမည်းတော်လျှောက်ထားခြင်း | ၁၂၇ |
| ဘုရားရှင်၏အရပ်တော် | ၁၀၉ |
| ဘုရားရှင်၏ အလုပ်အကျွေး ဒါယကာများ | ၁၀၀ |
| ဘုရားရှင်၏ အလုပ်အကျွေး ဒါယိကာမများ | ၁၀၀ |
| ဘုရားရှင်၏ အလုပ်အကျွေး ရဟန်းတော် | ၁၀၀ |
| ဘုရားရှင်၏ဂုဏ်တော်များ အသင်္ချေယျဖြစ်ကြောင်း | ၄၇၇ |

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ ဘ ]

ဘုရားရှင်၏ ညောင်စောင်းတော် အခြေ ၄-ခုတို့၏တည်ရာ ဌာန ၅၉၃
ဘုရားရှင်၏ လက်ဝဲ လက်ျာ ရဟန်းမိန်းမများ ၁၀၇
ဘုရားရှင်၏လက်ဝဲ လက်ျာ ရဟန်းယောကျ်ားများ ၁၀၇
ဘုရားရှင် နေပြည်တော်ကြွရာ ခရီးအကြား၌ ခမည်းတော် ဆွမ်းကိုပင် ဘုဉ်းပေးပုံ ၇၇
ဘုရားရှင်နေပြည်တော်သို့ကြွသည့် ခုနစ်, လ, ရက် ၇၅
ဘုရားရှင်နေပြည်တော်သို့ ရောက်သည့် ခုနစ်, လ, ရက် ၇၈
ဘုရားရှင်နေပြည်တော်သို့ မလျှင်မြန်လွန်းသော ဒေသ စာရီဖြင့် ကြွတော်မူပုံ ၇၅
ဘုရားရှင် နေရာထိုင်ခင်း အတွက် မွေ့သံဝေဂစိတ် ဖြစ်တော်မူပုံ ၂၀၅
ဘုရားရှင်နှင့် ဗောဓိမင်းသား ဖိုလ်ချမ်းသာနှင့် စပ်၍ မေးမြန်းဖြေဆိုပုံ ၆၄၁၊၆၄၂
ဘုရားရှင် ပွင့်ရာဗောဓိပင် ၁၀၉
ဘုရားရှင် ဗုဒ္ဓဝင်ဒေသနာကို အကျယ်ဟောပုံ ၈၇
ဘုရားရှင်ရွှေဉာဏ်တော်တွင်းသို့ အဂ္ဂိဗတ္တရသေဆရာတပည့် အားလုံးကျွတ်တန်းဝင်ရန် ထင်လာပုံ ၂၅၆
ဘုရားရှင် ရွှေပြည်ဝင်ရာ၌ ထင့်တယ်ပုံ အဖွင့်အကျယ် ၁၁၄

အက္ခရာစဉ် စာမျက်နှာ

[ ဘ ]

ဘုရားရှင် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် နေပြည်တော် ကြွတော်မူပုံ ၇၅
ဘုရားရှင်သာသနာတော်၌ သီတင်းကြီးရဟန်းသာ နေရာဦးစသည်ထိုက်ပုံ ၂၀၆
ဘုရားရှင်သက်တမ်း ၁၀၇
ဘုရားလောင်းပဋိသန္ဓေနေရာ၌ သတိသမ္ပဇဉ်ရှိပုံ ၉၀

[ မ ]

မကုဋဗ္ဗတောင် ချယားတော ကျောင်း၌ဆဋ္ဌမဝါကပ်ခြင်း ၁၆၁
မက္ခလိဂေါသာလဆရာကြီး (အကြောင်း) ၄၉၁
မဂ္ဂသိဒ္ဓစျာန်,အဘိညာဏ် အကြောင်း ၃၈၄
မင်္ဂလသုတ်၏အာဏာတန်ခိုး ထက်မြက်ပုံ ၃၁၅
မစူးစမ်းပဲ အပြစ်ဒဏ်ပေးခြင်း သည်ဝမ်းတွင်းကန်းနှင့်တူပုံ ၅၉၅
မစွမ်းရင်းကာလရှိ၊ ကဇွန်းခင်း ကလဲငြိ(စကားပုံ) ၃၇၉
မဇ္ဈေဋ္ဌရောင်ခြည်တော် (အကြောင်း) ၅၂၇
မဏိအက္ခနဂါးမင်းအကြောင်း ၆၇၉၊၆၉၀
မတ္ထညုတာ(အတိုင်းအရှည်ကို) သိမှုနှစ်ပါး ၅၇၇
မန္တာရဝနတ်ပန်း ၈၃
မလ္လတိုင်း အနုပိယသရက်ဥယျာဉ် (၌ သီတင်းသုံးတော်မူပုံ) ၁၄၄

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ မ ]

မဟာပဇာပတိဂေါတမီရဟန္တာ ဖြစ်ခြင်း ၄၂၆

မဟာပဒုမဇာတ်ကို ဟောတော်မူခြင်း ၅၀၇

မဟာဗောဓိပင် အပရာဇိတာ ပလ္လင်ပေါက်ရာဌာန ၅၆၃

မဟာဝုန်တောနှစ်မျိုး (ခွဲ ၆-ချက်) ၄၁၄

မဟာဓမ္မပါလဇာတ်ကိုနာရာ၌ ခမည်းတော်အနာဂါမ် တည်ပုံ ၁၃၉

မဟာဓမ္မပါလဇာတ်ကိုဟောခြင်း အကြောင်း ၁၃၈

မဟာနာမသာကီဝင်မင်း ၁၄၆

မဟာပဒုမဇာတ်ကို ဟောကြားတော်မူပုံ ၅၀၇

မဟာရာဟုလောဝါဒသုတ် (ရှင်ရာဟုလာ ၁၈-နှစ် အရွယ်တွင် ဟောကြားသော သုတ်) ၁၇၀

မဟာသမယသုတ်ကို နတ်တို့ ကြည်ညိုပုံ (ဝတ္ထု) ၄၀၆

မဟာသမယသုတ် ဟောရာ၌ ကျွတ်တမ်းဝင်သူတို့ အရေ အတွက် ၄၀၅

မဟာသမယ ခြောက်သုတ်နှင့် စရိုက်ခြောက်ပါး ၄၁၂

မဟာသမယသုတ်ကို ဟော ကြားသည့်အချိန် (သာယာပုံ) ၃၈၈

မဟာသာဝကပါရမီဉာဏ် ၁၂

အက္ခရာစဉ် စာမျက်နှာ

[ မ ]

မဟာသုမန နတ်မင်းတောင်း ပန်၍ ဆံတော်ခါတ်ပေး အပ်တော်မူခြင်း ၆၀၆

မဟောဒရနဂါးမင်းနှင့် စူဠော-ဒရနဂါးတူဝရီးတို့ စစ်ပွဲကြီး ဖြစ်လာပုံ ၆၈၈

မဟုတ်မမှန် ပြောလေ့ရှိသူသည် ငရဲသို့ကျရောက်ရခြင်း ၆၂၀

မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံ တို့ကို ချွတ်တော်မူခြင်း ၇၁၀

မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံ တို့ အနာဂါမ်တည်ပြီးနောက် ရဟန္တာဖြစ်ကြခြင်း ၇၂၃

မာဂဏ္ဍီမိဖုရား၏ မကောင်းမှု ၇၂၅

မာဂဏ္ဍီမျိုးဆက်၏ ထုံးစံ ၇၁၉

မာဂဏ္ဍီသူငယ်မ ရှန်ငိုးဖွဲ့ခြင်း ၇၂၃

မာတုဂါမများ (မင်ဖိုလ်ရ နိုင်ကြောင်း) ၄၂၀

မာန်မာနကြီးခြင်း၏ အခြေခံ အကြောင်းရင်း ၆-ပါး ၅၇၅

မိထွေးတော်ဂေါတမီ ကိုယ်တိုင် သက်န်းရက်လုပ်၍ ဘုရားရှင် အား လှူပုံ ၁၄၀

မိထွေးတော်ဂေါတမီ သင်္ကန်း လှူရာ၌ အထူးမှတ်ဖွယ် ၁၄၂

မိထွေးတော် ဂေါတမီ သင်္ကန်း ရက်လုပ်ပုံနှင့် လှူဒါန်းပုံ အစီအစဉ် ၁၄၁၊၁၄၂

မိထွေးတော် ဂေါတမီ သောတာပန်တည်ရာ၌ ဟောသော ဂါထာ ၁၂၅

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မိမိကိုယ်ကို ချစ်လျှင် မိမိကိုယ်ကို စောင့်ရှောက်သင့်ပုံ (အကြောင်း) | ၆၅၃ |
| မီးလောင်ရာလေပင့် (စကားပုံ) | ၃၇၉ |
| မုနိန္ဒ (မုနိ ၅-မျိုးအစိုးရခြင်း) | ၆၉ |
| မုသဝါဒ ပြုဝံ့သူသည် မည်သည့် ဒုစရိုက်မျိုးမဆို ပြုဝံ့ခြင်း | ၆၀၈ |
| မေတ္တသုတ်၏ အာဏာတန်းခိုး ထက်မြက်ပုံ | ၃၁၆ |
| မောဟများသူ၏ခြေရာ ခြေဖျား ဖနောင့် ဖိနင်းခြင်း | ၇၂၀ |
| မောဟမအောင်း အရိယာ သူတော်ကောင်းတို့၌ ပေးလှူခြင်းအကျိုး | ၅၅၁ |
| မင်းသား ရဟန်းခြောက်ဦးတို့ တရားထူးရရှိခြင်း | ၁၆၅ |
| မွှေလျော်ဖွယ်ကောင်းသော ဟိမဝန္တာအရပ် | ၃၈၁ |
| မိတ်စကို မတိုစေလင့် (စကားပုံ) | ၇၅၇ |
| မျက်စဉ်းတောင် ဟိမဝန္တာ အရပ်၌ရှိခြင်း | ၃၈၁ |
| မြေကြီးသည် အဖိုးအတိုင်းမသိ ထိုက်တန်ပုံ | ၃၅၀ |
| မြေတုန်လှုပ်ပုံ ၆-မျိုး | ၉၁ |
| မြတ်စွာဘုရားအား မင်းသား ၂၅၀-စီ လှူဒါန်း၍ ရဟန်း ပြုစေခြင်း | ၃၇၈ |
| မြတ်စွာဘုရား၏ ဝါဆိုစဉ် အကြောင်း | ၁၆၀ |
| မြတ်စွာဘုရား ဥဒါန်းကျူးပုံ (အကြောင်း) | ၆၂၄၊ ၆၂၅ |
| မြတ်စွာဘုရားကို အခမ်းအနား ဖြင့် ဇေတဝန်ကျောင်းသို့ ပင့်ဆောင်ခြင်း | ၂၁၃ |
| မြတ်စွာဘုရား ခြေသံ့ မင်းကဲ့သို့ ရဲတင်းသော အသံကို ဖြစ်စေပုံ | ၅၈၆ |
| မြတ်စွာဘုရားစကားတော်တို့၏ တန်းခိုးအာနိသင်များ | ၃၂၀၊၃၂၁ |
| မြတ်စွာဘုရား ဇမ္ဗုကာ၏ မနီး မဝေး တောင်ဝှမ်း၌ သီတင်းသုံးပုံ | ၂၇၉၊ ၂၈၀ |
| မြတ်စွာဘုရား ဇေတဝန် ကျောင်းတိုက်သို့ ရောက် သည့်နေ့ထိ ခရီးအကြား၌ သောတာပန်ပုဂ္ဂိုလ်ပေါင်း (၂၀၀၀) တည်ပုံ | ၂၁၆ |
| မြတ်စွာဘုရား နဝမြောက်ဝါကို ကောသမ္ဗီပြည်၌ ကပ်ဆို တော်မူခြင်း | ၇၂၅ |
| မြတ်စွာဘုရား ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံ ဝင်ပုံ | ၂၄၃ |
| မြတ်စွာဘုရား မြို့တွင်းဆွမ်းခံဝင် ရာ၌(ပြုတော်မူပုံအကျယ်) | ၂၄၃ |
| မြတ်စွာဘုရား၏ ရွှေညာက် တော်၌ ဇမ္ဗုကာ ထင်လာပုံ | ၂၇၇ |
| မြတ်စွာဘုရားသည် ခုနစ်ရက်တိုင်တိုင် ရတန သုတ်ကို ဟောခြင်း | ၃၀၆ |